ဓမ္မစေတီတော်

# ပဋ္ဌာန ပါဠိတော်မြန်မာပြန်

ကွယ်လွန်သူ မိဘနှစ်ပါး ဖြစ်သော
ဦးခအေး+ဒေါ်စန်းစန်းလွင်-နှင့်
ကွယ်လွန်သူ ညီအကိုဖြစ်သူ
မောင်မင်းချမ်းမြေ့ အေး - အသားရည်ရှုး၏
သားကြီး-ကိုဝင်းထွန်းလင်း +
မေအေးမြင့်သီတာ (ဓဂ္ဂု-ဂျပန်)
သားငယ် ကိုအောင်ပြည့်မိုးအေး (ဓဂ္ဂု-[illegible])
မိသားစု၊ ကောင်းမှု
၁၃၇၂-ခုနှစ်

ပဋ္ဌာန ပါဠိတော်မြန်မာပြန်

http://www.dhammadownload.com

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် ဝိနည်းပိဋကတ်

# စူဠဝဂ္ဂပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ- ၂၅၄၂ ကောဇာ- ၁၃၆၀ ၁၉၉၈

http://www.dhammadownload.com


## စုဋ္ဌဝဂ် မြန်မာပြန်

| အကြိမ် | အုပ်ရေ | ခုနှစ် |
|---|---|---|
| ပထမအကြိမ် | ၂၀၀၀ | ၁၉၅၉ |
| ဒုတိယအကြိမ် | ၂၀၀၀ | ၁၉၉၂ |
| တတိယအကြိမ် | ၃၀၀၀ | ၁၉၉၈ |

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
( မှတ်ပုံတင်အမှတ် - ၀၂၄၀၅/၀၂၅၂၇ ) က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# ကြိုတင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ 'အာကာရ' ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေက ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင်‧ ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

—— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြု လုပ်ရန်(ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

၁‧၂‧ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသောပုဒ် ၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်း အစဉ်အလိုက် ဖော်ပြထားသည်ဟု သိမှတ်ရန်။ * ဤကဲ့သို့ ချရားပွင့်ပြရာ၌လည်း ထို့အတူပင် မှတ်သားရန်ဖြစ်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

စူဠဝဂ်ပါဠိတော် မြန်မာပြန်

# မာတိကာ

---

အကြောင်းအရာ မျက်နှာအမှတ်

## ၁-ကမ္မက္ခန္ဓက


၁-တဇ္ဇနီယကံ .... .... .... .... .... ၁
မတရားသောကံ တဆယ့်နှစ်ပါး .... .... .... .... .... ၅
တရားသောကံ တဆယ့်နှစ်ပါး .... .... .... .... .... ၇
အလိုရှိက ပြုလုပ်ရသောကံ ခြောက်ပါး .... .... .... .... ၉
ငြိမ်းချောက်မှု 'တဇ္ဇနီယ'ကံ၌ ကျင့်ဝတ်တဆယ့်ရှစ်ပါး .... .... .... ၁၀
မငြိမ်းစေရမည့်အကြောင်း တဆယ့်ရှစ်ပါး .... .... .... .... ၁၀
တဇ္ဇနီယကံကို ငြိမ်းစေရမည့်အကြောင်း တဆယ့်ရှစ်ပါး .... .... .... ၁၁
၂-နိယဿကံ .... .... .... .... .... .... ၁၃
မတရားသောကံ တဆယ့်နှစ်ပါး .... .... .... .... .... ၁၅
တရားသောကံ တဆယ့်နှစ်ပါး .... .... .... .... .... ၁၆
အလိုရှိက ပြုလုပ်ရသောကံ ခြောက်ပါး .... .... .... .... ၁၇
နိယဿကံ၌ ကျင့်ဝတ်တဆယ့်ရှစ်ပါး .... .... .... .... ၁၈
နိယဿကံ ငြိမ်းခြင်း .... .... .... .... .... .... ၁၈
နိယဿကံ မငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး .... .... .... ၁၉
နိယဿကံ ငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး .... .... .... ၁၉
၃-ပဗ္ဗာဇနီယကံ .... .... .... .... .... .... ၂၀
မတရားသောကံ တဆယ့်နှစ်ပါး .... .... .... .... .... ၂၉
တရားသောကံ တဆယ့်နှစ်ပါး .... .... .... .... .... ၃၀
ပြုလိုက ပြုရသောကံ တဆယ့်လေးပါး .... .... .... .... ၃၀
ပဗ္ဗာဇနီယကံ၌ ကျင့်ဝတ်တဆယ့်ရှစ်ပါး .... .... .... .... ၃၂
မငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး .... .... .... ၃၄
ပဗ္ဗာဇနီယကံ၌ ငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး .... .... ၃၄
၄-ပဋိသာရဏီယကံ .... .... .... .... .... .... ၃၅
မတရားသောကံ တဆယ့်နှစ်ပါး .... .... .... .... .... ၃၉
တရားသောကံ တဆယ့်နှစ်ပါး .... .... .... .... .... ၄၀
ပြုလိုက ပြုရသောကံ လေးပါး .... .... .... .... .... ၄၀
ပဋိသာရဏီယကံ၌ ကျင့်ဝတ်တဆယ့်ရှစ်ပါး .... .... .... .... ၄၁

http://www.dhammadownload.com



# စူဠဝဂ်ပါဠိတော် မြန်မာပြန်


| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၁–ကမ္မက္ခန္ဓက** | |
| မငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး | ၄၃ |
| ငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး | ၄၃ |
| ၅-အာပတ်ကိုမရှုခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ | ၄၅ |
| မတရားသောကံ တဆယ့်နှစ်ပါး | ၄၆ |
| တရားသောကံ တဆယ့်နှစ်ပါး | ၄၇ |
| ပြုလိုက ပြုရသောကံ ခြောက်ပါး | ၄၈ |
| ကျင့်ဝတ်လေးဆယ့်သုံးပါး | ၄၉ |
| မငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး | ၅၀ |
| ငြိမ်းစေအပ်သော အကြောင်းလေးဆယ့်သုံးပါး | ၅၂ |
| ၆-အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ | ၅၅ |
| ဥက္ခေပနီယကံ၌ မတရားသောကံ တဆယ့်နှစ်ပါး | ၅၆ |
| တရားသောကံတဆယ့်နှစ်ပါး | ၅၇ |
| ဥက္ခေပနီယကံ၌ ပြုလိုက ပြုရသောကံခြောက်ပါး | ၅၇ |
| ကျင့်ဝတ်လေးဆယ့်သုံးပါး | ၅၉ |
| မငြိမ်းစေအပ်သော အကြောင်းလေးဆယ့်သုံးပါး | ၆၀ |
| ငြိမ်းစေအပ်သော အကြောင်းလေးဆယ့်သုံးပါး | ၆၁ |
| ၇-ယုတ်မာသောအယူကိုမစွန့်ခြင်းကြောင့် ပြုအပ်သောဥက္ခေပနီယကံ | ၆၃ |
| မတရားသောကံ တဆယ့်နှစ်ပါး | ၆၇ |
| တရားသောကံ တဆယ့်နှစ်ပါး | ၆၇ |
| ပြုလိုက ပြုရသောကံခြောက်ပါး | ၆၈ |
| ကျင့်ဝတ် လေးဆယ့်သုံးပါး | ၆၉ |
| မငြိမ်းစေအပ်သော အကြောင်းလေးဆယ့်သုံးပါး | ၇၀ |
| ငြိမ်းစေအပ်သော အကြောင်းလေးဆယ့်သုံးပါး | ၇၁ |
| **၂–ပါရိဝါသိကက္ခန္ဓက** | |
| ၁-ပရိဝါသ်ဆောက်တည်သော ရဟန်း၏ကျင့်ဝတ် | ၇၇ |
| ၂-အရင်းသို့ငင်ထိုက်သော ရဟန်းတို့၏ကျင့်ဝတ် | ၈၃ |
| ၃-မာနတ်ကျင့်ထိုက်သော ရဟန်းတို့၏ကျင့်ဝတ် | ၈၆ |
| ၄-မာနတ်ကျင့်ဆဲ ရဟန်း၏ကျင့်ဝတ် | ၉၀ |
| ၅-အဗ္ဘာန်သွင်းထိုက်သော ရဟန်း၏ကျင့်ဝတ် | ၉၄ |
| **၃–သမုစ္စယက္ခန္ဓက** | |
| ၁-သုက္ကဝိဿဋ္ဌိ—အပ္ပဋိစ္ဆန္နမာနတ် | ၉၉ |
| ဖုံးလွှမ်းခြင်းမရှိသောအဗ္ဘာန် | ၁၀၁ |

http://www.dhammadownload.com



အကြောင်းအရာ ... မျက်နှာအမှတ်

## ၃-သမုစ္စယကဏ္ဍက


တရက်ဖုံးလွှမ်းအပ်သော ပရိဝါသ် .... ၁၀၃
တရက်ဖုံးလွှမ်းအပ်သော မာနတ် .... ၁၀၅
တရက်ဖုံးလွှမ်းအပ်သော အဗ္ဘာန် .... ၁၀၆
ငါးရက်ဖုံးလွှမ်းအပ်သော ပရိဝါသ် .... ၁၀၈
ပရိဝါသ်ဆောက်တည်စဉ် အရင်းသို့ငင်ခြင်း .... ၁၀၉
မာနတ်ကျင့်ထိုက်စဉ် အရင်းသို့ငင်ခြင်း .... ၁၁၁
အာပတ်သုံးခုတို့၏ မာနတ် .... ၁၁၃
မာနတ်ကျင့်စဉ် အရင်းသို့ငင်ခြင်း .... ၁၁၄
အဗ္ဘာန်သွင်းထိုက်သော ရဟန်းကိုအရင်းသို့ငင်ခြင်း .... ၁၁၅
အရင်းသို့ငင်ထားသောရဟန်းအား အဗ္ဘာန်သွင်းခြင်း .... ၁၁၆
လခွဲဖုံးလွှမ်းအပ်သော ပရိဝါသ် .... ၁၁၉
လခွဲဖုံးလွှမ်းအပ်သော ပရိဝါသ်နေစဉ် အရင်းသို့ငင်ခြင်း .... ၁၂၀
သမောဓာနပရိဝါသ် .... ၁၂၂
မာနတ်ကျင့်ထိုက်သောရဟန်းကို အရင်းသို့ငင်ခြင်းစသည် .... ၁၂၃
အာပတ်သုံးမျိုးတို့၏ မာနတ် .... ၁၂၄
မာနတ်ကျင့်စဉ် အရင်းသို့ငင်ခြင်းစသည် .... ၁၂၅
အဗ္ဘာန်သွင်းထိုက်သော ရဟန်းအား အရင်းသို့ငင်ခြင်းစသည် .... ၁၂၆
ပက္ခပ္ပဋိစ္ဆန္နအဗ္ဘာန် .... ၁၂၆
၂-ပရိဝါသ် .... ၁၃၁
အဂ္ဃသမောဓာန ပရိဝါသ် .... ၁၃၁
သဗ္ဗစိရပ္ပဋိစ္ဆန္န အဂ္ဃသမောဓာန် .... ၁၃၂
နှစ်လပရိဝါသ် .... ၁၃၄
နှစ်လပရိဝါသ်နေရမည့် အစီအရင် .... ၁၃၇
သုဒ္ဓန္တပရိဝါသ် .... ၁၄၀
၃-စတ္တာလီသက(၄၀) .... ၁၅၁
၄-ဆတ္တိံသက(၃၆) .... ၁၅၄
၅-မာနတ္တသတ(၁၀၀) .... ၁၅၅
၆-သမူလာယသမောဓာနပရိဝါသ်(၄၀၀) .... ၁၅၉
၇-ပရိမာဏစသော ဝါရနှစ်ခု .... ၁၆၄
၈-ရဟန်းနှစ်ပါးတို့၏ဝါရတဆယ့်နှစ်မျိုး .... ၁၆၅
၉-မူလာယအဝိသုဒ္ဓိနဝက .... ၁၆၇
၁၀-ဒုတိယနဝက .... ၁၆၉
၁၁-တတိယနဝက .... ၁၇၂

http://www.dhammadownload.com



| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၄-သမထက္ခန္ဓက** | |
| ၁-သမ္မုခါဝိနယ | ၁၈၁ |
| ကဏှပက္ခနဝက | ၁၈၂ |
| သုက္ကပက္ခနဝက | ၁၈၃ |
| ၂-သတိဝိနည်း | ၁၈၅ |
| ၃-အမူဠှဝိနည်း | ၁၉၃ |
| ၄-ပဋိညာတကရဏ | ၁၉၀ |
| ၅-ယေဘုယျသိကာ | ၁၉၉ |
| ၆-တဿပါပိယသိကာ | ၂၀၁ |
| အဓမ္မကံတဆယ့်နှစ်မျိုး | ၂၀၂ |
| ဓမ္မကံတဆယ့်နှစ်မျိုး | ၂၀၂ |
| ပြုလိုက ပြုရာသောကံခြောက်မျိုး | ၂၀၂ |
| တဆယ့်ရှစ်ပါးသောကျင့်ဝတ် | ၂၀၃ |
| ၇-တိဏဝတ္ထာရက | ၂၀၃ |
| ၈-အဓိကရုဏ်း | ၂၀၇ |
| ၉-အဓိကရုဏ်း ငြိမ်းကြောင်းသမထသမ္မုခါဝိနည်း | ၂၁၆ |
| ဥဗ္ဗာဟိက ကမ္မဝါစာဖြင့်ငြိမ်းခြင်း | ၂၁၉ |
| ယေဘုယျသိကာဝိနည်း | ၂၂၂ |
| စာရေးတံမဲပေးခြင်းသုံးမျိုး | ၂၂၃ |
| သတိဝိနည်း | ၂၂၅ |
| အမူဠှဝိနည်း | ၂၂၇ |
| တဿပါပိယသိကာဝိနည်း | ၂၂၉ |
| ဝန်ခံသည့်အတိုင်းပြုခြင်း | ၂၃၁ |
| တိဏဝတ္ထာရက | ၂၃၃ |
| **၅-ခုဒ္ဒကဝတ္ထုက္ခန္ဓက** | |
| ခုဒ္ဒကဝတ္ထုများ | ၂၄၇ |
| သပိတ်မှောက်အင်္ဂါရှစ်ပါး | ၂၆၅ |
| သပိတ်လှန်အင်္ဂါရှစ်ပါး | ၂၆၆ |
| ဒန်ပူမစားခြင်းအပြစ် ၅-မျိုး | ၂၈၂ |
| ဒန်ပူစားခြင်းအကျိုး ၅-မျိုး | ၂၈၂ |

http://www.dhammadownload.com



အကြောင်းအရာ | မျက်နှာအမှတ်

## ၆-သေနာသနက္ခန္ဓက

### ၁-ပဌမအခန်း


ကျောင်းကိုခွင့်ပြုတော်မူခြင်း .... .... .... .... .... ၂၉၅
ညောင်စောင်းအင်းပျဉ်စသည်ကို ခွင့်ပြုတော်မူခြင်း .... .... .... ၂၉၈
ဆေးမှုန့်သုတ်ခြင်းစသည်ကို ခွင့်ပြုခြင်း .... .... .... .... ၃၀၁
ပန်းချီဆေးရေးရုပ်ကို ပယ်ခြင်း .... .... .... .... .... ၃၀၂
အုတ်စီမှုစသည်ကို ခွင့်ပြုခြင်း .... .... .... .... .... ၃၀၂
ဆွမ်းစားစရပ်ကို ခွင့်ပြုခြင်း .... .... .... .... .... ၃၀၃
တံတိုင်းစသည်ကို ခွင့်ပြုခြင်း .... .... .... .... .... ၃၀၄
အရံကိုကာရန် ခွင့်ပြုခြင်း .... .... .... .... .... ၃၀၅


### ၂-ဒုတိယအခန်း


အနာထပိဏ်ဝတ္ထု .... .... .... .... .... .... ၃၀၆
အမှုသစ်ကိုပေးခြင်း .... .... .... .... .... .... ၃၁၂
နေရာဦးစသည်ကို ခွင့်ပြုတော်မူခြင်း .... .... .... .... ၃၁၃
ရှိမခိုးထိုက်သော ပုဂ္ဂိုလ်စသည် .... .... .... .... .... ၃၁၆
နေရာတားမြစ်မှုကို ပယ်တော်မူခြင်း .... .... .... .... ၃၁၆
လူတို့၏ဥစ္စာကို ခွင့်ပြုတော်မူခြင်း .... .... .... .... .... ၃၁၇
ဇေတဝန်ကျောင်းလှူတော် အနုမောဒနာ .... .... .... .... ၃၁၇
နေရာကိုတားမြစ်ခြင်းစသည် .... .... .... .... .... ၃၁၈
ကျောင်းယူစေသူ ဟု သမ္မုတိပေးခြင်း .... .... .... .... ၃၂၁


### ၃-တတိယအခန်း


မစွန့်ထိုက်သောပစ္စည်းများ .... .... .... .... .... ၃၂၅
မခွဲဝေထိုက်သောပစ္စည်းများ .... .... .... .... .... ၃၂၆
အမှုသစ်ပေးရမည်ကိုပြခြင်း .... .... .... .... .... ၃၂၈
အခြားနေရာ၌သုံးဆောင်ခြင်းကို ပယ်မြစ်ခြင်း စသည် .... .... .... ၃၃၁
သံဃဘတ်စသည်ကို ခွင့်ပြုခြင်း .... .... .... .... .... ၃၃၃
ဆွမ်းညွှန်းရဟန်းအဖြစ် သမ္မုတိပေးခြင်း .... .... .... .... ၃၃၃
နေရာခင်းသူစသည်အဖြစ် သမ္မုတိပေးခြင်း .... .... .... .... ၃၃၄
ပရိက္ခရာအနည်းငယ်ကိုစွန့်သူအဖြစ် သမ္မုတိပေးခြင်း .... .... .... ၃၃၅
မိုးရေခံသင်္ကန်းပေးသူစသည်အဖြစ် သမ္မုတိပေးခြင်း .... .... .... ၃၃၆

http://www.dhammadownload.com



အကြောင်းအရာ | မျက်နှာအမှတ်

## ၇-သံဃဘေဒကက္ခန္ဓက

### ၁-ပဌမအခန်း


သာကီဝင်မင်းသားခြောက်ယောက် ရဟန်းပြုခြင်း .... .... .... ၃၄၁
ဒေဝဒတ်အကြောင်း .... .... .... .... .... .... ၃၄၆
ဆရာငါးဦးကိုပြခြင်း .... .... .... .... .... .... ၃၄၈


### ၂-ဒုတိယအခန်း


ပကာသနီယကံ .... .... .... .... .... .... ၃၅၁
အဇာတသတ်မင်းသားအကြောင်း .... .... .... .... .... ၃၅၅
လူသတ်သမားတို့ကို စေလွှတ်ခြင်း .... .... .... .... .... ၃၅၆
မြတ်စွာဘုရားကို သွေးစိမ်းတည်စေခြင်း .... .... .... .... ၃၅၉
နာဠာဂိရိဆင်ကို စေလွှတ်ခြင်း .... .... .... .... .... ၃၆၁
ဝတ္ထုငါးမျိုးကိုတောင်းဆိုခြင်း .... .... .... .... .... ၃၆၃


### ၃-တတိယအခန်း


သံဃဘေဒကထာ .... .... .... .... .... .... ၃၆၇
ဥပါလိ၏ အမေးပြဿနာ .... .... .... .... .... ၃၇၂


## ၈-ဝတ္ထက္ခန္ဓက


အာဂန္တုကဝတ်ကို ပြခြင်း .... .... .... .... .... ၃၇၉
အာဝါသိကဝတ်ကို ပြခြင်း .... .... .... .... .... ၃၈၂
ခရီးသွားရဟန်းကျင့်ဝတ် .... .... .... .... .... ၃၈၃
အနုမောဒနာပြုရမည့်ဝတ်ကို ပြဆိုခြင်း .... .... .... .... ၃၈၄
ဆွမ်းစားစရပ်၌ ပြုရမည့်ဝတ် .... .... .... .... .... ၃၈၅
ပိဏ္ဍစာရိကဝတ်ကို ပြခြင်း .... .... .... .... .... ၃၈၇
တောနေရဟန်းတို့ကျင့်ဝတ် .... .... .... .... .... ၃၈၉
ကျောင်းအိပ်ရာနေရာ၌ ကျင့်ဝတ် .... .... .... .... .... ၃၉၁
ဇန္တာဃရ်၌ ကျင့်ရမည့်ဝတ် .... .... .... .... .... ၃၉၃
ဝစ္စကုဋိ၌ ကျင့်ရမည့်ဝတ် .... .... .... .... .... ၃၉၄
ဥပဇ္ဈာယ်၌ ကျင့်ရမည့်ဝတ် .... .... .... .... .... ၃၉၆
အတူနေတပည့်တို့၌ ကျင့်ရမည့်ဝတ် .... .... .... .... ၄၀၀
အာစရိယဝတ်ကို ပြခြင်း .... .... .... .... .... ၄၀၃
အန္တေဝါသိကဝတ်ကို ပြခြင်း .... .... .... .... .... ၄၀၈

http://www.dhammadownload.com



အကြောင်းအရာ — မျက်နှာအမှတ်

## ၉–ပါတိမောက္ခဌပနက္ခန္ဓက


ပါတိမောက်ပြရန်တောင်းပန်ခြင်း .... ၄၁၉
မဟာသမုဒ္ဒရာ၌အံ့ဖွယ်ရှစ်ပါး .... ၄၂၀
ဤသာသနာတော်၌ အံ့ဖွယ်ရှစ်ပါး .... ၄၂၂
ပါတိမောက်ကိုကြားနာထိုက်သူ .... ၄၂၄
တရားနှင့်လျော် မလျော်သော ပါတိမောက်ထားခြင်း .... ၄၂၅
တရားနှင့်လျော်သော ပါတိမောက်ထားခြင်း .... ၄၃၀
ကိုယ်တိုင်ယူသော အစိကရုဏ်းအင်္ဂါ .... ၄၃၅
စောဒကပုဂ္ဂိုလ် ဆင်ခြင်ထိုက်သောတရား .... ၄၃၆
စောဒကပုဂ္ဂိုလ်သည် မိမိသန္တာန်၌ ဖြစ်စေရမည့်သဘောတရား .... ၄၃၇
စောဒက စုဒိတကတို့နှင့် သက်ဆိုင်ရာကိုပြခြင်း .... ၄၃၇


## ၁၀–ဘိက္ခုနိက္ခန္ဓက

### ၁–ပဌမအခန်း


မဟာပဇာပတိ ဂေါတမီဝတ္ထု .... ၄၄၃
ဂရုဓမ်ရှစ်ပါး .... ၄၄၅
ဘိက္ခုနီဥပသမ္ပဒါကို ခွင့်ပြုခြင်း .... ၄၄၇


### ၂–ဒုတိယအခန်း


ရဟန်းမိန်းမတို့ကို ညွှန်ရေဖြင့်လောင်းခြင်း .... ၄၅၃
ရဟန်းယောကျ်ားတို့ကို ညွှန်ရေဖြင့်လောင်းခြင်း .... ၄၅၄
ဆုံးမရာသို့မသွားခြင်း .... ၄၅၅
ဩဝါဒကိုမခံယူခြင်း .... ၄၅၆
ခါးပန်းကြိုးကိုခွင့်ပြုခြင်း .... ၄၅၇
ကွယ်လွန်သူဘိက္ခုနီမ၏ပရိက္ခရာ .... ၄၆၀
ကလေးအလေ်ာင်းကို သပိတ်၌ထည့်သော ဘိက္ခုနီမ .... ၄၆၀
ယောကျ်ားအင်္ဂါကို တစိမ်းစိမ်းကြည့်ခြင်း .... ၄၆၁


### ၃–တတိယအခန်း


အင်္ဂါဇာတ်မပါသော ဘိက္ခုနီမစသည် .... ၄၆၃
ဥပုသ်ကိုတန့်ထားခြင်း .... ၄၇၀
ကိုယ်ဝန်ရှိလျက် ရဟန်းပြုခြင်း .... ၄၇၄
တိတ္ထိကျောင်းသို့ ပြောင်းရွှေ့ခြင်း .... ၄၇၅
ဘိက္ခုနီမတို့ ရေချိုးခြင်းအမျိုးမျိုး ၄၇၆

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၁၁-ပဥ္စသတိကက္ခန္ဓက

### ၁-သင်္ဂါယနာနိဒါန်း


အသျှင်မဟာကဿပနှင့် ရဟန်းငါးရာတို့အကြောင်း ၄၈၁


### ၂-ခုဒ္ဒါနုခုဒ္ဒကသိက္ခာပဒကထာ


အသျှင်အာနန္ဒာနှင့်မထေရ်ကြီးများ .... .... .... .... ၄၈၅


### ၃-ဗြဟ္မဒဏ်


ဗြဟ္မဒဏ်နှင့်ပတ်သက်၍မေးဖြေပုံများ .... .... .... .... ၄၈၉


## ၁၂-သတ္တသတိကက္ခန္ဓက


ဝေသာလီပြည်ရဟန်းများ .... .... .... .... .... ၄၉၅
လနေတို့၏အညစ်အကြေးလေးပါး .... .... .... .... ၄၉၆
ရဟန်းတို့၏အညစ်အကြေးလေးပါး .... .... .... .... ၄၉၇
ရဟန်းတို့ရွှေငွေကိုခံယူကြခြင်း .... .... .... .... .... ၄၉၈
ဝဇ္ဇီတိုင်းသားရဟန်းများနှင့်အသျှင်ယသ .... .... .... .... ၅၀၅
အသျှင်ရေဝတနှင့်ဥတ္တရအမည်ရှိသောရဟန်း .... .... .... .... ၅၀၆
အဓိကရုဏ်းနှင့်သံဃာအစည်းအဝေး .... .... .... .... ၅၀၇
အဓမ္မဝတ္ထုဆယ်ပါးအမေးအဖြေ .... .... .... .... .... ၅၁၁


စူဠဝဂ်ပါဠိတော် မြန်မာပြန်

မာတိကာ ပြီး၏။

http://www.dhammadownload.com

## ဝိနည်းပိဋကတ်

# စူဠဝဂ်ပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁-ကမ္မက္ခန္ဓက ၁-တဇ္ဇနီယကံ

၁။ ထိုအခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပဏ္ဍုက လောဟိ တက[၁] ရဟန်းတို့သည် မိမိတို့ကိုယ်တိုင် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်း 'မငြိမ်သက်မှု'ကိုလည်း ပြုတတ်ကုန်၏။

မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိ ကရုဏ်းကို ပြုတတ်သော အခြားရဟန်းတို့ထံသို့လည်း ချဉ်းကပ်၍ —

"အသျှင်တို့ သင်တို့သည် ဤရဟန်းကို အရှုံးမပေးလင့်၊ အလွန်အားရှိသူကို ဆွေးနွေးတိုင်ပင်ကြ ကုန်လော့၊ ထိုသို့ ဆွေးနွေးတိုင်ပင်ခြင်းကြောင့် သင်တို့သည် သူ့ထက်ပညာရှိသူ သူ့ထက်လိမ္မာသူ သူ့ထက် အကြားအမြင်များသူ သူ့ထက်သာ၍ စွမ်းဆောင်နိုင်သူတို့ ဖြစ်ကြကုန်လတ္တံ့၊ ဤရဟန်း ကို မကြောက်ကြကုန်လင့်၊ အကျွန်ုပ်တို့သည်လည်း သင်တို့၏ အသင်းအပင်းများ ဖြစ်ကြပါကုန်အံ့" ဟု ပြောဆိုကုန်၏။

ထိုသို့ ပြောဆိုခြင်းကြောင့် မဖြစ်သေးသော ငြင်းခုံမှုတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်း ပိုမိုဆိုးရွား ရန်ကျယ်ပွါးခြင်းငှါ ဖြစ်လာကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ပဏ္ဍုက လောဟိတက ရဟန်းတို့သည် မိမိတို့ ကိုယ်တိုင် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍

---

၁။ ပဏ္ဍုကနှင့် လောဟိတက၊ ပဏ္ဍုက-သည် ရဟန်းတပါး၊ လောဟိတကသည် ရဟန်းတပါး၊ ပေါင်း နှစ်ပါးဖြစ်၍ ၎င်းတို့သည် ဆဗ္ဗဂ္ဂီခေါ် ခြောက်ပါးစုရဟန်းတို့တွင် တတွဲဖြစ်သည်။

http://www.dhammadownload.com



သံဃာ၌လည်း အစိကာရဏ်းကို ပြုကုန်ဘိသနည်း။ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရဏ်းကို ပြုတတ်သော အခြားရဟန်းတို့ထံသို့လည်း ချဉ်းကပ်၍ 'အသျှင်တို့ သင်တို့သည် ဤရဟန်းကို အရှုံးမပေးလင့်၊ အလွန်အားရှိသူကို ဆွေးနွေး တိုင်ပင်ကုန်လော့၊ ထိုသို့ဆွေးနွေးတိုင်ပင်ခြင်းကြောင့် သင်တို့သည် သူ့ထက်ပညာရှိသူ သူ့ထက် လိမ္မာသူ သူ့ထက် အကြားအမြင်များသူ သူ့ထက်သာ၍ စွမ်းဆောင်နိုင်သူတို့ ဖြစ်ကုန်လတ္တံ့၊ ဤရဟန်းကို မကြောက်ကြကုန်လင့်၊ အကျွန်ုပ်တို့သည်လည်း သင်တို့၏ အသင်း အပင်းများ ဖြစ်ကြ ပါကုန်အံ့' ဟု ပြောဆိုကြကုန်ဘိသနည်း။

ထိုသို့ ပြောဆိုခြင်းကြောင့် မဖြစ်သေးသော ငြင်းခုံမှုတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်း ပို၍ဆိုးရွား ရန်ကျယ်ပွါးခြင်းငှါ ဖြစ်လာကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

၂။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကိုစည်းဝေးစေ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ပဏ္ဍုက လောဟိတက ရဟန်းတို့သည် မိမိတို့ ကိုယ်တိုင် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရဏ်းကို ပြုတတ်ကုန်၏။

မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရဏ်းကို ပြုတတ်သော အခြားရဟန်းတို့ ထံသို့လည်း ချဉ်းကပ်၍—

'အသျှင်တို့ သင်တို့သည် ဤရဟန်းကို အရှုံးမပေးလင့်၊ အလွန်အားရှိသူကို ဆွေးနွေးတိုင်ပင် ကုန်လော့၊ ထိုသို့ ဆွေးနွေးတိုင်ပင်ခြင်းကြောင့် သင်တို့သည် သူ့ထက် ပညာရှိသူ သူ့ထက်လိမ္မာသူ သူ့ထက်အကြားအမြင်များသူ သူ့ထက်သာ၍ စွမ်းဆောင်နိုင်သူတို့ ဖြစ်ကုန်လတ္တံ့၊ ဤရဟန်းကို မကြောက်ကြကုန်လင့်၊ အကျွန်ုပ်တို့သည်လည်း သင်တို့၏ အသင်းအပင်းများ ဖြစ်ကြပါကုန်အံ့' ဟု ပြောဆိုကြကုန်၏။

ထိုသို့ ပြောဆိုခြင်းကြောင့် မဖြစ်သေးသော ငြင်းခုံမှုတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်း ပို၍ဆိုးရွား ရန်ကျယ်ပွါးခြင်းငှါ ဖြစ်လာကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ "ရဟန်းတို့ (မဂ်ဖိုလ်မှ)အချည်းနှီး ဖြစ်သော ထိုယောကျ်ားတို့အား မလျောက်ပတ် မလျော်ကန် မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူ မဟုတ်၊ မအပ်၊ မပြုသင့်။

ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် အဘယ့်ကြောင့် မိမိတို့ ကိုယ်တိုင် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရဏ်းကို ပြုကုန်ဘိသနည်း။ မျက်ကွယ်။ပ။ သံဃာ၌ အဓိကရဏ်းကို ပြုတတ်သော အခြား ရဟန်းတို့ ထံသို့လည်း ချဉ်းကပ်၍ 'အသျှင်တို့ သင်တို့သည် ဤရဟန်းကို အရှုံးမပေးလင့်၊ အလွန်အားရှိသူကို ဆွေးနွေးတိုင်ပင်ကုန်လော့၊ ထိုသို့ ဆွေးနွေး တိုင်ပင်ခြင်းကြောင့် သင်တို့သည် သူ့ထက် ပညာရှိသူ သူ့ထက်လိမ္မာသူ သူ့ထက် အကြားအမြင်

http://www.dhammadownload.com



များသူ သူ့ထက်သာ၍ စွမ်းဆောင်နိုင်သူတို့ ဖြစ်ကြကုန်လတ္တံ့၊ ဤရဟန်းကို မကြောက်ကြကုန်လင့်၊ အကျွန်ုပ်တို့သည်လည်း သင်တို့၏ အသင်းအပင်းများ ဖြစ်ကြပါကုန်အံ့’ဟု ပြောဆိုကုန်ဘိသနည်း။

ထိုသို့ ပြောဆိုခြင်းကြောင့် မဖြစ်သေးသော ငြင်းခုံမှုတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်း ပိုမိုဆိုးရွား ရန်ကျယ်ပွါးခြင်းငှါ ဖြစ်လာကုန်၏။

ရဟန်းတို့ ဤ (ရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါလည်း ကြည်ညိုပြီးသော သူတို့အားလည်း တိုး၍ ကြည်ညိုစေခြင်းငှါလည်း မဖြစ်နိုင်ပေ၊ ရဟန်းတို့ အမှန်စင်စစ် ဤအမှုသည် မကြည်ညိုသေးသော သူတို့အား မကြည်ညိုစေခြင်းငှါလည်း ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညိုပျက်စေခြင်းငှါလည်း ဖြစ်ပေ၏” ဟု (ကဲ့ရဲ့တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင် ပြုစု မွေးမြူရန် ခက်ခဲခြင်း သူတပါးတို့က ပြုစုမွေးမြူရန်ခက်ခဲခြင်း အလိုကြီးခြင်း မရောင့်ရဲနိုင်ခြင်း အပေါင်းအဖော်၌ မက်မောခြင်း ပျင်းရိခြင်းတို့၏ ကျေးဇူးမဲ့ (စကား)ကို မိန့်တော်မူပြီး၍ များစွာသော အကြောင်းဖြင့် ကိုယ်တိုင် ပြုစုမွေးမြူလွယ်ခြင်း သူတပါးတို့က ပြုစုမွေးမြူလွယ်ခြင်း အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ကိလေသာကို ခေါင်းပါးစေခြင်း ကိလေသာကို ခါထုတ်ခြင်း ကြည်ညိုဖွယ်ရှိခြင်း ကိလေသာကို မဆည်းပူးခြင်း ဝီရိယဖြင့် အားထုတ်ခြင်းတို့၏ ဂုဏ်ကျေးဇူးကို မိန့်တော်မူပြီးလျှင် ရဟန်းတို့အား ထိုအဖြစ်အပျက်နှင့် လျော်ကန်လျော်ညီသော တရားစကားကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့ကို မိန့်တော်မူ၏။

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား ခြိမ်းခြောက်မှု ‘တဇ္ဇနီယ’ကံ ကို ပြုလော့။

ရဟန်းတို့ ဤသို့ ပြုရမည်၊ ရှေးဦးစွာ ပဏ္ဍုက လောဟိတက ရဟန်းတို့ကို စောဒနာရမည်၊ စောဒနာပြီးနောက် အောက်မေ့စေရမည်၊ အောက်မေ့စေပြီးနောက် အာပတ်သို့ တင်ရမည်၊ အာပတ်သို့ တင်ပြီးနောက် ဝိနည်းသိက္ခာပုဒ်၌ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၃။ “အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤပဏ္ဍုက လောဟိတက ရဟန်းတို့သည် မိမိတို့ ကိုယ်တိုင် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်ကုန်၏၊ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော အခြားရဟန်းတို့ ထံသို့လည်း ချဉ်းကပ်၍—

‘အသျှင်ဘို့ သင်တို့သည် ဤရဟန်းကို အရှုံးမပေးလင့်၊ အလွန်အားရှိသူကို ဆွေးနွေးတိုင်ပင်ကုန်လော့၊ ထိုသို့ဆွေးနွေးတိုင်ပင်ခြင်းကြောင့် သင်တို့သည် သူ့ထက် ပညာရှိသူ သူ့ထက် လိမ္မာသူ သူ့ထက် အကြားအမြင်များသူ သူ့ထက်သာ၍ စွမ်းဆောင်နိုင်သူတို့ ဖြစ်ကြကုန်လတ္တံ့၊ ဤရဟန်းကို မကြောက်ကြကုန်လင့်၊ အကျွန်ုပ်တို့သည်လည်း သင်တို့၏ အသင်း အပင်းများ ဖြစ်ကြပါကုန်အံ့’ ဟု ပြောဆိုကုန်၏။

http://www.dhammadownload.com



ထိုသို့ ပြောဆိုခြင်းကြောင့် မဖြစ်သေးသော ငြင်းခုံမှုတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်း ပိုမိုဆိုးရွား ရန်ကျယ်ပွါးခြင်းငှါ ဖြစ်လာကုန်၏။

အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤပဏ္ဍုက လောဟိတက ရဟန်းတို့သည် မိမိတို့ ကိုယ်တိုင် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်ကုန်၏၊ မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော အခြား ရဟန်းတို့ ထံသို့လည်း ချဉ်းကပ်၍—

'အသျှင်တို့ သင်တို့သည် ဤရဟန်းကို အရှုံးမပေးလင့်၊ အလွန်အားရှိသူကို ဆွေးနွေးတိုင်ပင်ကြကုန်လော့၊ ထိုသို့ ဆွေးနွေးတိုင်ပင်ခြင်းကြောင့် သင်တို့သည် သူ့ထက်ပညာရှိသူ သူ့ထက် လိမ္မာသူ သူ့ထက် အကြားအမြင်များသူ သူ့ထက်သာ၍ စွမ်းဆောင်နိုင်သူတို့ ဖြစ်ကြကုန်လတ္တံ့၊ ဤရဟန်းကို မကြောက်ကြကုန်လင့်၊ အကျွန်ုပ်တို့သည်လည်း သင်တို့၏ အသင်းအပင်းများ ဖြစ်ကြပါကုန်အံ့' ဟု ပြောဆိုကုန်၏။

ထိုသို့ ပြောဆိုခြင်းကြောင့် မဖြစ်သေးသော ငြင်းခုံမှုတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်း ပိုမိုဆိုးရွား ရန်ကျယ်ပွါးခြင်းငှါ ဖြစ်လာကုန်၏။

သံဃာသည် ပဏ္ဍုက လောဟိတကမည်သော ရဟန်းတို့အား ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံကို ပြု၏၊ ပဏ္ဍုက လောဟိတက ရဟန်းတို့အား ခြိမ်းခြောက်မှု'တဇ္ဇနီယ'ကံ ပြုလုပ်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ပဏ္ဍုက လောဟိတက ရဟန်းတို့သည် မိမိတို့ ကိုယ်တိုင် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်ကုန်၏၊ မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်သော အခြား ရဟန်းတို့ထံသို့လည်း ချဉ်းကပ်၍—

'အသျှင်တို့ သင်တို့သည် ဤရဟန်းကို အရှုံးမပေးလင့်၊ အလွန်အားရှိသူကို ဆွေးနွေးတိုင်ပင်ကုန်လော့၊ ထိုသို့ ဆွေးနွေးတိုင်ပင်ခြင်းကြောင့် သင်တို့သည် သူ့ထက် ပညာရှိသူ သူ့ထက် လိမ္မာသူ သူ့ထက် အကြားအမြင်များသူ သူ့ထက်သာ၍ စွမ်းဆောင်နိုင်သူတို့ ဖြစ်ကြကုန်လတ္တံ့၊ ဤရဟန်းကို မကြောက်ကြကုန်လင့်၊ အကျွန်ုပ်တို့သည်လည်း သင်တို့၏ အသင်းအပင်းများ ဖြစ်ကြပါကုန်အံ့' ဟု ပြောဆိုကုန်၏။

ထိုသို့ ပြောဆိုခြင်းကြောင့် မဖြစ်သေးသော ငြင်းခုံမှုတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်း ပိုမိုဆိုးရွား ရန်ကျယ်ပွါးခြင်းငှါ ဖြစ်လာကုန်၏။

သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံကို ပြု၏။ ပဏ္ဍုက လောဟိတက ရဟန်းတို့အား ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံ ပြုခြင်းကို အကြင်အသျှင်

http://www.dhammadownload.com



အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤပဏ္ဍုက လောဟိတက ရဟန်းတို့သည် မိမိတို့ ကိုယ်တိုင် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပွားတတ်ကုန်၏၊ မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကို ပွားတတ်သော အခြား ရဟန်းတို့ ထံသို့လည်း ချဉ်းကပ်၍—

'အသျှင်တို့ သင်တို့သည် ဤရဟန်းကို အရှုံးမပေးလင့်၊ အလွန်အားရှိသူကို ဆွေးနွေးတိုင်ပင် ကုန်လော့၊ ထိုသို့ ဆွေးနွေးတိုင်ပင်ခြင်းကြောင့် သင်တို့သည် သူ့ထက်ပညာရှိသူ သူ့ထက် သိမ္မာသူ သူ့ထက်အကြားအမြင်များသူ သူ့ထက်သာ၍ ရှုပ်းဆောင်နိုင်သူတို့ ဖြစ်ကြကုန် လတ္တံ့၊ ဤရဟန်းကို မကြောက်ကြကုန်လင့်၊ အကျွန်ုပ်တို့သည်လည်း သင်တို့၏ အသင်းအပင်း များ ဖြစ်ကြပါကုန်အံ့' ဟု ပြောဆိုကုန်၏။

ထိုသို့ ပြောဆိုခြင်းကြောင့် မဖြစ်သေးသော ငြင်းခုံမှုတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်း ပိုမိုဆိုးရွား ရန်ကျယ်ပွါးခြင်းငှါ ဖြစ်လာကုန်၏။

သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံကို ပြုလုပ်၏။ ပဏ္ဍုက လောဟိတက ရဟန်းတို့အား ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံ ပြုလုပ်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထို အသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံကို ပြုလုပ် အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေ သဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## မတရားသောကံ တဆယ့်နှစ်ပါး

၄။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့်မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ ဝန်မခံပဲ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်း ခြောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေ ငြိမ်းသောကံဖြစ်၏။ (၁)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ အာပတ် မသင့်ပဲ ပြုလုပ်ခြင်း၊ ဒေသနာဂါမိ မဟုတ် 'ဒေသနာကြား၍ မစင်ကြယ်'သော အာပတ်ဖြင့် ပြုလုပ် ခြင်း၊ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ (၂)

http://www.dhammadownload.com



ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ မစောဒနာပဲ ပြုလုပ်ခြင်း၊မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း။ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ (၃)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ (၄)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ (၅)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ ဝန်မခံပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ (၆)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်မသင့်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ (၇)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ ဒေသနာဂါမိ မဟုတ် 'ဒေသနာကြား၍ မစင်ကြယ်'သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီ မညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ (၈)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းခြောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံဖြစ်၏။ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ

http://www.dhammadownload.com



ဖြစ်လျက် ပြုလုပ်ခြင်း ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ (၉)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ မစောဒနာပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ (၁၀)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ (၁၁)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း၊ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် မကောင်းသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ (၁၂)

မတရားသောကံ တဆယ့်နှစ်ပါး ပြီး၏။

---

## တရားသောကံ တဆယ့်နှစ်ပါး

၅။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံဖြစ်၏။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံ၍ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၁)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ' ကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာဂါမိဖြစ် 'ဒေသနာ ကြား၍ စင်ကြယ်'သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါ သုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၂)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ စောဒနာ၍

http://www.dhammadownload.com



ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါ သုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု'တဇ္ဇနီယ'ကံသည် တရားသော ကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၃)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'ဘဇ္ဇနီယ'ကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၄)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း တရားသောကံ ဝိနည်းနှင့်ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၅)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ' ကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သော ကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၆)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သော ကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၇)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ ဒေသနာဂါမိဖြစ် 'ဒေသနာကြား၍ စင်ကြယ်'သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၈)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ ဒေသနာ မကြား အပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၉)

http://www.dhammadownload.com



ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၁၀)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၁၁)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်သို့တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၁၂)

**တရားသောကံ တဆယ့်နှစ်ပါး ပြီး၏။**

---

## အလိုရှိက ပြုလုပ်ရာသောကံ ခြောက်ပါး

၆။ **ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား** သံဃာသည် ခြိမ်းချောက်မှု **'တဇ္ဇနီယ' ကံကို ပြုလိုက ပြုရာ၏။ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုလုပ်ခြင်း၊** မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိခြင်း၊ မလျော် မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့်ရောယှက်နေထိုင်ခြင်း။ **ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား** သံဃာသည် တဇ္ဇနီယ ကံကို ပြုလိုက **ပြုရာ၏။** (၁)

**ရဟန်းတို့ အခြားအင်္ဂါသုံးပါးနှင့်** ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးခြင်း မြင့်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီးခြင်း၊ မြင့်မြတ်သော အဓိပ္ပါယ် အရာ၌ အဓိပ္ပါယ် ပျက်စီးခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော **ရဟန်းအား** သံဃာသည် တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏။ (၂)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏။ **မြတ်စွာဘုရား၏** ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ **သံဃာတော်၏ ကျေးဇူးမဲ့ကို** ပြောဆိုခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏။ (၃)

**ရဟန်းတို့ ရဟန်းသုံးမျိုးတို့အား** သံဃာသည် တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏၊ ရဟန်း တမျိုးသည် **မျက်ကွယ် မျက်မှောက်** ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်၍ သံဃာ၌

http://www.dhammadownload.com



အဓိကရုဏ်းကို ပြုတတ်၏၊ ရဟန်းတမျိုးသည် မိုက်မဲမလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိသူ ဖြစ်၏၊ ရဟန်းတမျိုးသည် မလျော်မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက် နေထိုင်၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏။ (၄)

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မြင့်မြတ်သော သီလအရာ၌ သီလပျက်စီး၏၊ ရဟန်းတမျိုးသည် မြင့်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ ရဟန်းတမျိုးသည် မြင့်မြတ်သော အဓိသီလအရာ၌ အဓိသီလ ပျက် စီး၏။ ရဟန်းတို့ ဤရဟန်း သုံးမျိုးတို့အား သံဃာသည် တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏။ (၅)

ရဟန်းတို့ အခြား ရဟန်း သုံးမျိုးတို့အားလည်း သံဃာသည် တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏၊ ရဟန်းတမျိုးသည် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ရဟန်းတို့ ဤရဟန်း သုံးမျိုးတို့အား သံဃာသည် တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏။ (၆)

ပြုလိုက ပြုရာသောကံ ခြောက်ပါးပြီး၏။

---

## ငြိမ်းချောက်မှု 'တဇ္ဇနီယ'ကံ၌ ကျင့်ဝတ် တဆယ့်ရှစ်ပါး

၇။ ရဟန်းတို့ တဇ္ဇနီယကံ အပြုခံရသော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်—

ဤ(ဆိုလတ္တံ့သည်)ကား ထိုသို့ကျင့်ရာ၌ ကောင်းစွာပြုရသော ကျင့်ဝတ်တည်း—(ဥပဇ္ဈာယ် ဆရာ ပြုလုပ်၍) ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ၊ ရဟန်းမိန်းမ တို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရ၊ သမုတ်ခံရသော်လည်း ရဟန်းမိန်းမတို့ကို ဩဝါဒမပေးရ၊ တဇ္ဇနီယကံ ပြုထိုက်သော အာပတ်သို့ မရောက်ရ၊ ထိုနှင့် အလားတူ အခြား အာပတ် သို့ရင်း ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ရင်း မရောက်ရ၊ ကံကို မကဲ့ရဲ့ရ၊ ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရ၊ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍)မထားရ၊ ပဝါရဏာကိုလည်း (ဆိုင်းငံ့၍)မထားရ၊ ဆုံးမခြင်းကို မပြုရ၊ အကြီးအမှူးအရာ၌ မထားရ၊ ခွင့်မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ ပကတတ် ရဟန်းတို့နှင့် မရောယှက်ရ၊ (ဤသည်ကား ကောင်းစွာပြုကျင့်ရသော ကျင့်ဝတ်တည်း)။

ငြိမ်းချောက်မှု 'တဇ္ဇနီယ'ကံ၌ ကျင့်ဝတ်တဆယ့်ရှစ်ပါး ပြီး၏။

---

## မငြိမ်းစေရမည့် အကြောင်း တဆယ့်ရှစ်ပါး

၈။ ထိုအခါ သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား တဇ္ဇနီယကံကို ပြု၏။ သံဃာက တဇ္ဇနီယကံ ပြုထားသော ထိုရဟန်းတို့သည် ကောင်းစွာ ကျင့်ကုန်၏၊ (မာန် တည်းဟူသော)အမွေး ကို ချကုန်၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ကုန်၏၊ ရဟန်းတို့ထံသို့ ချဉ်းကပ်ကြ ပြီးလျှင်—

"ငါ့သျှင်တို့ သံဃာက တဇ္ဇနီယကံ ပြုသောကြောင့် အကျွန်ုပ်တို့သည် ကောင်းစွာကျင့်ပါ ကုန်၏၊ (မာန်တည်းဟူသော) အမွေးကို ချပါကုန်၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကိုကျင့်ပါ

http://www.dhammadownload.com



ကုန်၏၊ အကျွန်ုပ်တို့သည် မည်သို့ ကျင့်ထိုက်ပါသနည်း” ဟု မေးမြန်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား တဇ္ဇနီယကံကို ပြုလေ။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား တဇ္ဇနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည် ဥပဇ္ဈာယ်ဆရာပြုလုပ်၍) ပဉ္စင်းခံပေး၏၊ နိဿရည်း ပေး၏၊ သာမဏေကို လုပ်ကျွေးပြုစုစေ၏၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာ နှစ်သက်၏၊ သမုတ်ရ၍ ရဟန်းမိန်းမတို့ကို ဆုံးမ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား တဇ္ဇနီယကံကို မငြိမ်းစေရ။

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း တဇ္ဇနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်) တဇ္ဇနီယကံကို ပြုကြောင်းဖြစ်သော အာပတ်သို့ ရောက်၏၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထို့ထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ ရောက်၏၊ ကံကို ကဲ့ရဲ့၏၊ ကံပြုသော ရဟန်းတို့ကို ကဲ့ရဲ့၏။ ရဟန်းတို့ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား တဇ္ဇနီယကံကို မငြိမ်းစေရ။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းအား တဇ္ဇနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်) ပကတတ်ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍)ထား၏၊ ပဝါရဏာကို (ဆိုင်းငံ့၍) ထား၏၊ ဆုံးမခြင်းကို ပြု၏၊အကြီးအမှူးအရာကို ယူ၏၊ ခွင့်တောင်း၏၊ စောဒနာ၏၊အောက်မေ့စေ၏၊ ပကတတ်ရဟန်းတို့နှင့်ရောယှက်၏။ရဟန်းတို့ ဤ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား တဇ္ဇနီယကံကို မငြိမ်းစေရ။

တဇ္ဇနီယကံကို မငြိမ်းစေရမည့် အကြောင်း တဆယ့်ရှစ်ပါး ပြီး၏။

---

## တဇ္ဇနီယကံကို ငြိမ်းစေရမည့် အကြောင်း တဆယ့်ရှစ်ပါး

၉။ ရဟန်းတို့ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည် ဥပဇ္ဈာယ်ဆရာပြုလုပ်၍) ပဉ္စင်းခံမပေး၊ နိဿရည်းမပေး၊သာမဏေကို မလုပ်ကျွေး မပြုစုစေ၊ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်၊သမုတ်ခံရသော်လည်း ရဟန်းမိန်းမတို့ကို သြဝါဒမပေး။ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေရမည်။

ရဟန်းတို့ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်အားလည်း တဇ္ဇနီယကံကို ငြိမ်းစေရမည်။(ထိုရဟန်းသည်)တဇ္ဇနီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်၊အလားတူ အခြားအာပတ်သို့ဖြစ်စေ ထို့ထက်ယုတ်ကြမ်းသော အာပတ်သို့ဖြစ်စေ မရောက်၊ ကံကို မကဲ့ရဲ့၊ကံပြုသော ရဟန်းတို့ ကို မကဲ့ရဲ့။ ရဟန်းတို့ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေရမည်။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း တဇ္ဇနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည်)ပကတတ် ရဟန်း၏ ဥပုသ်ကို(ဆိုင်းငံ့၍)မထား၊ ပဝါရဏာကို(ဆိုင်းငံ့၍) မထား၊ ဆုံးမခြင်းကို မပြု၊ အကြီးအမှူးအရာကို မယူ၊ခွင့်မတောင်း၊ မစောဒနာ၊ မအောက်မေ့စေ၊ ပကတတ် ရဟန်းတို့နှင့် မရောယှက်။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား တဇ္ဇနီယကံကို ငြိမ်းစေရမည်။

တဇ္ဇနီယကံကို ငြိမ်းစေရမည့် အကြောင်းတဆယ့်ရှစ်ပါး ပြီး၏။

http://www.dhammadownload.com



၁၀။ ရဟန်းတို့ ဤသို့ ငြိမ်းစေရမည်။ ရဟန်းတို့ ထိုပဏ္ဍုက လောဟိတက ရဟန်းတို့သည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက်ပခုံးထက်၌ ကိုယ်ဝတ်ကိုစမွယ်တင်လျက် သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီးလျှင် ဤသို့ လျှောက်ရမည်—

“အသျှင်ဘုရားတို့ သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါကုန်၏၊ (မာန်တည်းဟူသော)အမွေးကို ချပါကုန်၏၊ ကံမှထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါကုန်၏၊ တဇ္ဇနီယကံ၏ ငြိမ်းခြင်းကို တောင်းပါကုန်၏” ဟု ဆိုရမည် ။ နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။

ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ဤ ပဏ္ဍုက လောဟိတက ရဟန်းတို့သည် ကောင်းစွာ ကျင့်ကုန်၏၊(မာန်တည်းဟူသော) အမွေးကို ချကုန်၏၊ကံမှထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ကုန်၏၊ တဇ္ဇနီယကံ၏ ငြိမ်းခြင်းကို တောင်းကုန်၏၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား တဇ္ဇနီယကံကို ငြိမ်းစေရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ ဤပဏ္ဍုက လောဟိတက ရဟန်းတို့သည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်ကုန်၏၊ (မာန်တည်းဟူသော) အမွေးကိုချကုန်၏၊ ကံမှထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ကုန်၏၊ တဇ္ဇနီယကံ၏ ငြိမ်းခြင်းကို တောင်းကုန်၏၊ သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား ဘဇ္ဇနီယကံကို ငြိမ်းစေ၏၊ ပဏ္ဍုက လောဟိတက ရဟန်းတို့အား တဇ္ဇနီယကံ ငြိမ်းခြင်အကို အကြောင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြောင် အသျှင်အားနှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤပဏ္ဍုက လောဟိက ရဟန်းတို့သည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်ကုန်၏၊ (မာန်တည်းဟူသော) အမွေးကို ချကုန်၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ကုန်၏၊ တဇ္ဇနီယကံ၏ ငြိမ်းခြင်းကို တောင်းကုန်၏၊ သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား တဇ္ဇနီယကံကို ငြိမ်းစေ၏၊ ပဏ္ဍုက လောဟိတက ရဟန်းတို့အား တဇ္ဇနီယကံ ငြိမ်းခြင်းကို အကြောင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြောင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည်ပြောဆိုရာ၏။

သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤပဏ္ဍုက လောဟိတက ရဟန်းတို့သည် သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် ကောင်းစွာ ကျင့်ကုန်၏၊ (မာန် တည်းဟူသော) အမွေးကို ချကုန်၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ကုန်၏၊ တဇ္ဇနီယကံ၏ ငြိမ်းခြင်းကို တောင်းကုန်၏၊ သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား တဇ္ဇနီယကံကိုငြိမ်းစေ၏၊ ပဏ္ဍုက လောဟိတက ရဟန်းတို့အား တဇ္ဇနီယကံ ငြိမ်းခြင်းကို အကြောင် အသျှင်အား နှစ်သက်

http://www.dhammadownload.com



ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထို အသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ပဏ္ဍုက လောဟိတက ရဟန်းတို့အား တဇ္ဇနီယကံကို ငြိမ်းစေအပ်ပြီ၊ သံဃာ အား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက် သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

ပဌမခြိမ်းချောက်မှု 'တဇ္ဇနီယ' ကံပြီး၏။

---

## ၂-နိယသက်

၁၁။ ထိုအခါ၌ အသျှင်သေယျသကသည် မိုက်မဲ၏၊ မလိမ္မာ၊ အာပတ်များပြား အပိုင်းအခြား မရှိသူ ဖြစ်၏၊ မလျော်မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့်ရောယှက်၍ နေထိုင်၏၊ ရဟန်း ဘိုသည် ပရိဝါသ်ပေးလျက် အရင်းသို့ ပြန်၍ငင်လျက် မာနတ်ပေးလျက် အဗ္ဘာန်သွင်းလျက် အမြဲမပြတ် ကြောင့်ကြစိုက်ကြရကုန်၏။ အလိုနည်းသော ရဟန်းတို့သည်—

"အသျှင်သေယျသကသည် အဘယ့်ကြောင့် မိုက်မဲ၍ မလိမ္မာသူ အာပတ်များပြား အပိုင်း အခြား မရှိသူ ဖြစ်ဘိသနည်း၊ မလျော်မလျောက်ပတ်သော လူသူ ဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်၍ နေထိုင်ဘိသနည်း။

ရဟန်းတို့သည် ပရိဝါသ် ပေးလျက် အရင်းသို့ငင်လျက် မာနတ်ပေးလျက် အဗ္ဘာန်သွင်းလျက် အမြဲမပြတ် ကြောင့်ကြစိုက်ရကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြ ကုန်၏။

ထိုရဟန်းတို့သည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာ ဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ကို—

"ရဟန်းတို့ သေယျသက ရဟန်းသည် မိုက်မဲ၏၊ မလိမ္မာ၊ အာပတ်များပြား အပိုင်းအခြား မရှိသူ ဖြစ်၏၊ မလျော်မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်၍ နေထိုင်၏။

ရဟန်းတို့သည် ပရိဝါသ် ပေးလျက် အရင်းသို့ ငင်လျက် မာနတ်ပေးလျက် အဗ္ဘာန်သွင်းလျက် အမြဲမပြတ် ကြောင့်ကြစိုက်ကြရကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ (မင်္ဂိုလ်မှ)အချည်းနှီးဖြစ်သော ထိုယောကျ်ားအား မလျောက်ပတ် မလျော်ကန် မသင့်တင့်၊ ရဟန်းတို့၏ အမှုအရာမဟုတ်၊ မအပ်၊ မပြုသင့်။ ရဟန်းတို့ ထို (မင်္ဂိုလ်မှ)အချည်းနှီး ဖြစ်သော ယောကျ်ားသည် အဘယ့်ကြောင့် မိုက်မဲ၍ မလိမ္မာသူ အာပတ်များပြား အပိုင်းအခြား မရှိသူ ဖြစ်ဘိသနည်း။ မလျော် မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့်ရောယှက်၍ နေထိုင်ဘိသနည်း၊ ရဟန်းဘိုသည် ပရိဝါသ်ပေးလျက် အရင်းသို့ ငင်လျက် မာနတ်ပေးလျက် အဗ္ဘာန်သွင်းလျက် အမြဲမပြတ် ကြောင့်ကြစိုက်ကြရကုန်ဘိသနည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤ (သေဃျသက ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၊ရင်း။ပ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူပြီး၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် "သင်သည် မှီခိုနေရမည်" ဟု သေယျသက ရဟန်းအား နိယဿကံ[၁] ကို ပြုလော့ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ပြုရမည်။ ရှေးဦးစွာ သေယျသက ရဟန်းကို စောဒနာရမည်၊ စောဒနာတင်ပြီးနောက် အောက်မေ့စေရမည်၊ အောက်မေ့စေပြီးနောက် အာပတ်သို့ တင်ရမည်၊ အာပတ်သို့ တင်ပြီးနောက် ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၂။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤ သေယျသက ရဟန်းသည် မိုက်မဲ၏၊ မလိမ္မာ၊ အာပတ်များပြား အပိုင်းအခြားမရှိသူ ဖြစ်၏။ မလျော် မလျောက်ပတ်သော လူသူ ဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်၍နေထိုင်၏၊ ရဟန်းတို့သည် ပရိဝါသ်ပေးလျက် အရင်းသို့ ငင်လျက် မာနတ်ပေးလျက် အဗ္ဘာန်သွင်းလျက် အမြဲမပြတ် ကြောင့်ကြစိုက်ကြရကုန်၏။

သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် 'သင်သည် မှီခိုနေရမည်' ဟု သေယျသက ရဟန်းအား နိယဿကံကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ သေယျသက ရဟန်းသည် မိုက်မဲ၏၊ မလိမ္မာ၊ အာပတ်များပြား အပိုင်းအခြားမရှိသူဖြစ်၏၊ မလျော် မလျောက်ပတ်သော လူသူ ဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်၍နေထိုင်၏၊ ရဟန်းတို့သည် ပရိဝါသ်ပေးလျက် အရင်းသို့ ငင်လျက် မာနတ် ပေးလျက် အဗ္ဘာန်သွင်းလျက် အမြဲမပြတ် ကြောင့်ကြစိုက်ကြရကုန်၏၊ သံဃာသည် 'သင်သည် မှီခိုနေရမည်' ဟု သေယျသက ရဟန်းအား နိယဿကံကိုပြု၏၊ သင်သည် မှီခိုနေရမည် ဟု သေယျသကရဟန်းအား နိယဿကံပြုခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤသေယျသက ရဟန်းသည် မိုက်မဲ၏၊မလိမ္မာ၊ အာပတ်များပြား အပိုင်းအခြား မရှိသူဖြစ်၏၊ မလျော် မလျောက်ပတ်သော လူသူ ဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်၍ နေထိုင်၏၊ ရဟန်းတို့သည် ပရိဝါသ်ပေးလျက် အရင်းသို့ ငင်လျက် မာနတ်ပေးလျက် အဗ္ဘာန်သွင်းလျက် အမြဲမပြတ် ကြောင့်ကြစိုက်ကြရကုန်၏။

သံဃာသည် 'သင်သည် မှီခိုနေရမည်' ဟု သေယျသက ရဟန်းအား နိယဿကံကို ပြု၏။ 'သင်သည် မှီခိုနေရမည်' ဟု သေယျသက ရဟန်းအား နိဿယကံ ပြုခြင်းကို အကြင်

---

၁။ နိယဿကံ-ကိုယ်စိုးကိုယ်ပိုင် နေခွင့်မရအောင် ပြုလုပ်မှုကို ဆိုလိုသည်။

http://www.dhammadownload.com



အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် 'သင်သည် မှိုခိုနေရမည်' ဟု သေယျသက ရဟန်းအား နိယဿကံကို ပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ် ဝိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## မတရားသောကံ တဆယ့်နှစ်ပါး

၁၃။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမြန်းပဲ ပြုလုပ်ခြင်း၊ ဝန်မခံပဲ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ (၁)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ် မသင့်ပဲ ပြုလုပ်ခြင်း၊ ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ (၂)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ မစောဒနာပဲ ပြုလုပ်ခြင်း၊ မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ (၃)

ရဟန်းတို့ အခြား။ပ။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၄)

ရဟန်းတို့ အခြား။ပ။ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၅)

ရဟန်းတို့ အခြား။ပ။ ဝန်မခံပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၆)

ရဟန်းတို့ အခြား။ပ။ အာပတ်မသင့်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၇)

ရဟန်းတို့ အခြား။ပ။ ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၈)

http://www.dhammadownload.com



ရဟန်းတို့ အခြား။ပ။ ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ။ပ။ (၉)

ရဟန်းတို့ အခြား။ပ။ မစောဒနာပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၁၀)

ရဟန်းတို့ အခြား။ပ။ မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၁၁)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ (၁၂)

မတရားသောကံ တဆယ့်နှစ်ပါး ပြီး၏။

---

## တရားသောကံ တဆယ့်နှစ်ပါး

၁၄။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံသဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၁)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာဂါမိ ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၂)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ စောဒနာ၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၃)

ရဟန်းတို့ အခြား။ပ။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၄)

ရဟန်းတို့ အခြား။ပ။ မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၅)

http://www.dhammadownload.com



ရဟန်းတို့ အခြား။ပ။ ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၆)

ရဟန်းတို့ အခြား။ပ။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း ။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၇)

ရဟန်းတို့ အခြား။ပ။ဒေသနာဂါမိ အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၈)

ရဟန်းတို့ အခြား။ပ။ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၉)

ရဟန်းတို့ အခြား။ပ။ စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၁၀)

ရဟန်းတို့ အခြား။ပ။ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ပ။ (၁၁)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော နိယဿကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ (၁၂)

**တရားသောကံ တဆယ့်နှစ်ပါး ပြီး၏။**

---

## အလိုရှိက ပြုလုပ်ရသောကံ ခြောက်ပါး

၁၅။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုလုပ်ခြင်း၊ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိခြင်း၊ မလျော်မလျောက်ပတ်သော လူသူ ဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နေထိုင်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။ (၁)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးခြင်း၊မြင့်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီးခြင်း၊ မြင့်မြတ်သော အဇ္ဈာစာရအရာ၌ အဇ္ဈာစာရပျက်စီးခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။ (၂)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကိုပြောဆိုခြင်း၊တရားတော်၏ ကျေးဇူးမဲ့ကိုပြောဆိုခြင်း၊

http://www.dhammadownload.com



သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း။ ရဟန်းတို့ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။ (၃)

ရဟန်းတို့ ရဟန်းသုံးမျိုးတို့အား သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုတတ်၏။

ရဟန်းတမျိုးသည် မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိသူ ဖြစ်၏၊ ရဟန်းတမျိုးသည် မလျော် မလျောက်ပတ်သော လူသူ ဆက်ဆံရေးဘို့ဖြင့် လူတို့နှင့် ရောယှက်နေထိုင်၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။ (၄)

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မြင့်မြတ်သော သီလအရာ၌ သီလပျက်စီး၏၊ ရဟန်းတမျိုးသည် မြင့်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ ရဟန်းတမျိုးသည် မြင့်မြတ်သော အယူဝါဒအရာ၌ အယူဝါဒ ပျက်စီး၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။ (၅)

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် တရားတော်၏ ကျေးဇူးမဲ့ကိုပြောဆို၏၊ ရဟန်းတမျိုးသည် သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ရဟန်းတို့ ဤရဟန်း သုံးမျိုးတို့အား သံဃာသည် နိယဿကံကို ပြုလိုက ပြုရာ၏။ (၆)

ပြုလိုက ပြုရသောကံ ခြောက်ပါး ပြီး၏။

---

## နိယဿကံ၌ ကျင့်ဝတ် တဆယ့်ရှစ်ပါး

၁၆။ ရဟန်းတို့ နိယဿကံ အပြုခံရသော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်—

ဤ(ဆိုလတ္တံ့သည်)ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ကျင့်ရသော ကျင့်ဝတ်တည်း။ (ဆရာပြုလုပ်၍)ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေး မပြုစုစေရ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရ၊ သမုတ်ခံရသော်လည်း ရဟန်းမိန်းမတို့ကို ဩဝါဒမပေးရ၊ နိယဿကံ ပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်ရ၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထို့ထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်ရ၊ ကံကို မကဲ့ရဲ့ရ၊ ကံပြုရဟန်းတို့ကို မကဲ့ရဲ့ရ၊ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍) မထားရ၊ ပဝါရဏာကို (ဆိုင်းငံ့၍) မထားရ၊ ဆုံးမခြင်းကို မပြုရ၊ အကြီးအမှူး အရာ၌ မနေရ၊ ခွင့်မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ ပကတတ် ရဟန်းတို့နှင့် မရောယှက်ရ ဟု (မိန့်တော်မူ၏)။

နိယဿကံ၌ ကျင့်ဝတ် တဆယ့်ရှစ်ပါး ပြီး၏။

---

## နိယဿကံ ငြိမ်းခြင်း

၁၇။ ထိုအခါ သံဃာသည်“သင်သည် မှီခိုနေရမည်”ဟု သေယျသက ရဟန်းအား နိယဿကံကို ပြုလေ၏။ သံဃာက နိယဿကံ ပြုထားသောကြောင့် ထိုသေယျသက ရဟန်းသည် အဆွေခင်ပွန်း

http://www.dhammadownload.com



ကောင်းတို့ကို မှိုဝဲဆည်းကပ် ခိုလှုံပြီးလျှင် သင်ယူ မေးမြန်းသည် ဖြစ်၍ အကြားအမြင်များ၏၊ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကိုလည်း ဆောင်၏၊ ပညာရှိ၏၊ ထက်မြက်လိမ္မာ၏၊ မကောင်းမှုကို ရှက်တတ်၏၊ သို့လော သို့လော တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိ၏၊ အကျင့်သိက္ခာကို လိုလား၏၊ ကောင်းစွာ ကျင့်သုံး၏၊ (မာန် တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ရဟန်းတို့သို့ ချဉ်းကပ်ပြီးလျှင် "အသျှင်တို့ သံဃာက နိယဿကံ ပြုထားသောကြောင့် အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန် တည်းဟူသော) အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ အကျွန်ုပ်သည် မည်သို့ ကျင့်ရပါမည်နည်း" ဟု ပြောဆို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် သေယျသက ရဟန်းအား နိယဿကံကို ငြိမ်းစေလော့။

## နိယဿကံကို မငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး

၁၈။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား နိယဿကံကို မငြိမ်းစေရ။

(ထိုရဟန်းသည် ဥပဇ္ဈာယ် ဆရာပြုလုပ်၍)ပဉ္စင်းခံပေး၏၊ နိဿရည်းပေး၏၊ သာမဏေကို လုပ်ကျွေးပြုစုစေ၏၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမ္မုတိ ပေးခြင်းကို သာယာနှစ်သက်၏၊ သမုတ်ခံရ၍လည်း ရဟန်းမိန်းမတို့ကို ဆုံးမ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား နိယဿကံကို မငြိမ်းစေရ။

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း နိယဿကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်) နိယဿကံ ပြုကြောင်း ဖြစ်သော အာပတ်သို့ ရောက်၏၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ ရောက်၏၊ ကံကို ကဲ့ရဲ့၏၊ ကံပြု ရဟန်းတို့ကို ကဲ့ရဲ့၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား နိယဿကံကို မငြိမ်းစေရ။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား နိယဿကံကို မငြိမ်းစေရ။

(ထိုရဟန်းသည်)ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍)ထား၏၊ ပဝါရဏာကို (ဆိုင်းငံ့၍) ထား၏။ ဆိုဆုံးမခြင်းကို ပြု၏၊ အကြီးအမှူးအရာကို ယူ၏၊ ခွင့်တောင်း၏၊ စောဒနာ၏၊ အောက်မေ့စေ၏၊ ပကတတ် ရဟန်းတို့နှင့် ရောယှက်၏။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား နိယဿကံကို မငြိမ်းစေရ။

နိယဿကံကို မငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး ပြီး၏။

---

## နိယဿကံကို ငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး

၁၉။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား နိယဿကံကို ငြိမ်းစေရမည်။

(ထိုရဟန်းသည် ဥပဇ္ဈာယ် ဆရာ ပြုလုပ်၍) ပဉ္စင်းခံမပေး၊ နိဿရည်း မပေး၊ သာမဏေကို မလုပ်ကျွေး မပြုစုစေ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်၊ သမုတ်ခံရ

http://www.dhammadownload.com



သော်လည်း ရဟန်းမိန်းမတို့ကို ဩဝါဒမပေး မဆုံးမ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား နိယဿကံကို ငြိမ်းစေရမည်။

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း နိယဿကံကို ငြိမ်းစေရမည်။

(ထိုရဟန်းသည်)နိယဿကံ ပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်၊ ကံကို မကဲ့ရဲ့၊ ကံပြုရဟန်းတို့ကို မကဲ့ရဲ့။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား နိယဿကံကို ငြိမ်းစေရမည်။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား နိယဿကံကို ငြိမ်းစေရမည်။

ထိုရဟန်းသည် ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍)မထား၊ ပဝါရဏာကို (ဆိုင်းငံ့၍) မထား၊ ဆုံးမခြင်းကို မပြု၊ အကြီးအမှူးအရာကို မယူ၊ ခွင့်မတောင်း၊ မစောဒနာ၊ မအောက်မေ့စေ၊ ပကတတ် ရဟန်းတို့နှင့် မရောယှက်။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား နိယဿကံကို ငြိမ်းစေရမည်။

နိယဿကံကို ငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး ပြီး၏။

---

၂၀။ ရဟန်းတို့ ဤသို့ ငြိမ်းစေရမည်၊ ရဟန်းတို့ ထိုသေယျသက ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်လျက် သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီးလျှင် "အသျှင်ဘုရားတို့ သံဃာက နိယဿကံ ပြုထားသောကြောင့် အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန် တည်းဟူသော)အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ နိယဿကံ ငြိမ်းမှုကို တောင်းပါ၏" ဟု လျှောက်ရမည်။ နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။

ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာက နိယဿကံ ပြုထားသောကြောင့် ဤသေယျသက ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန် တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ နိယဿကံ၏ ငြိမ်းခြင်းကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် သေယျသက ရဟန်းအား နိယဿကံကို ငြိမ်းစေရာ၏၊ ဤကား သိစေခြင်းတည်း။ ၄

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာက နိယဿကံ ပြုထားသောကြောင့် ဤသေယျသက ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ နိယဿကံ ငြိမ်းခြင်းကို တောင်း၏၊ သံဃာသည် သေယျသက ရဟန်းအား နိယဿကံကို ငြိမ်းစေ၏၊ သေယျသက ရဟန်းအား နိယဿကံ ငြိမ်းခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာက နိယဿကံ ပြုထားသောကြောင့် ဤသေယျသက ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ နိယဿကံ ငြိမ်းခြင်းကို တောင်း၏၊ သံဃာသည် သေယျသက ရဟန်းအား နိယဿကံကို ငြိမ်းစေ၏၊ သေယျသက ရဟန်းအား နိယဿကံ ငြိမ်းခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ် နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာက နိယဿကံ ပြုထားသောကြောင့် ဤ သေယျသက ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော)အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ နိယဿကံ ငြိမ်းခြင်းကို တောင်းပန်၏၊ သံဃာသည် သေယျသကရဟန်းအား နိယဿကံကို ငြိမ်းစေ၏၊ သေယျသက ရဟန်းအား နိယဿကံ ငြိမ်းခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ် နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် သေယျသက ရဟန်းအား နိယဿကံကိုငြိမ်းစေအပ်ပြီ၊သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်ဟု မိန့်တော်မူ၏)။

ဒုတိယ နိယဿကံ ပြီး၏။

## ၃-ပဗ္ဗာဇနီယကံ

၂၁။ ထိုအခါ အဿဇိပုနဗ္ဗသုက မည်သော အရှက်မရှိကြသော 'အလဇ္ဇီ'ရဟန်းယုတ်တို့သည် ကီဋာဂိရိဇနပုဒ်၌ ကျောင်းထိုင်ပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်၏၊ ထို (အဿဇိ ပုနဗ္ဗသုက)ရဟန်းတို့သည် ဤသို့ သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြကုန်၏၊ ပန်းပင်ငယ်ကို စိုက်ကုန်၏၊ စိုက်စေကုန်၏၊ ရေသွန်းလောင်းကုန်၏၊ ရေသွန်းလောင်းစေကုန်၏၊ ဆွတ်ခူးကုန်၏၊ ဆွတ်ခူးစေကုန်၏၊ သီကုံးကုန်၏၊ သီကုံးစေကုန်၏၊ ပွင့်ညှာတဖက်ဆိုင်ပန်းကုံးကို ပြုကုန်၏၊ ပြုစေကုန်၏၊ ပွင့်ညှာနှစ်ဖက်ဆိုင် ပန်းကုံးကို ပြုကုန်၏၊ ပြုစေကုန်၏၊ ပန်းတံကို ပြုကုန်၏၊ ပြုစေကုန်၏၊ ပန်းလက်ကောက်ကို ပြုကုန်၏၊ ပြုစေကုန်၏၊ ဦးဆောက်ပန်းကို ပြုကုန်၏၊ ပြုစေကုန်၏၊ နားသွယ်ပန်းကို ပြုကုန်၏၊ ပြုစေကုန်၏၊ ရင်လွှမ်းပန်းကို ပြုကုန်၏၊ ပြုစေကုန်၏။

ထို(အဿဇိပုနဗ္ဗသုက)ရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့၏ အကျိုးငှါ ပွင့်ညှာတဖက်ဆိုင်ပန်းကုံးကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏၊ ပွင့်ညှာ နှစ်ဖက်ဆိုင် ပန်းကုံးကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏၊ ပန်းတံကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏၊ ပန်းလက်ကောက်ကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏၊ ဦးဆောက်ပန်းကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏၊ နားသွယ်ပန်းကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏၊ ရင်လွှမ်းပန်းကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏။

http://www.dhammadownload.com



ထို(အဿဇိပုနဗ္ဗသုက)ရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့နှင့် အတူ တခုထည်းသော ခွက်၌လည်း စားကုန်၏၊ သောက်ရေခွက် တခုထည်း၌လည်း သောက်ကုန်၏၊ တနေရာထည်း၌လည်း ထိုင်ကုန်၏၊ တညောင်စောင်းထည်း၌လည်း အိပ်ကုန်၏၊ တခင်းထည်းလည်း အိပ်ကုန်၏၊ တခြုံထည်းလည်း အိပ်ကုန်၏၊ တခင်းတခြုံထည်းလည်း အိပ်ကုန်၏၊ အခါမဲ့၌လည်း စားကုန်၏၊သေကိုလည်း သောက်ကုန်၏၊ ပန်းနံ့သာ နံ့သာပျောင်းကိုလည်း ဆောင်ကုန်၏၊ ကလည်း ကကုန်၏၊ သီဆိုလည်း သီဆိုကုန်၏၊ တီးမှုတ်လည်း တီးမှုတ်ကုန်၏၊ မြူးထူးစမွယ်လည်း မြူးထူးစမွယ်ကုန်၏၊ ကချေသည်မ၏ အလိုက်လည်း ကကုန်၏၊ ကချေသည်မ၏ အလိုက်လည်း သီဆိုကုန်၏၊ ကချေသည်မ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ ကချေသည်မ၏ အလိုက်လည်း စမွယ်ကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း ကကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း သီဆိုကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း စမွယ်ကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း ကကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း သီဆိုကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း စမွယ်ကုန်၏၊ စမွယ်သော မိန်းမ၏ အလိုက်လည်း ကကုန်၏၊ စမွယ်သော မိန်းမ၏ အလိုက်လည်း သီဆိုကုန်၏၊ စမွယ်သော မိန်းမ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ စမွယ်သော မိန်းမ၏ အလိုက်လည်း စမွယ်ကုန်၏။

ရှစ်ကွက်ကျားကိုလည်း ကစားကုန်၏၊ ဆယ်ကွက်ကျားကိုလည်း ကစားကုန်၏၊ ကောင်းကင်ကျားကိုလည်း ကစားကုန်၏၊ ဖိုးလမင်းကျားကိုလည်း ကစားကုန်၏၊ ဇယ်တောက်ခြင်းဖြင့်လည်း ကစားကုန်၏၊ အန်စာဖြင့်လည်း ကစားကုန်၏၊ ကျည်းသားရိုက်ခြင်းဖြင့်လည်း ကစားကုန်၏၊ စုတ်ခတ်ရေးခြင်းဖြင့်လည်း ကစားကုန်၏၊ ဂေါ်လီကစားခြင်းဖြင့်လည်း ကစားကုန်၏၊ ပီပီမှုတ်သဖြင့်လည်း ကစားကုန်၏၊ ထွန်ငယ်ဖြင့်လည်း ကစားကုန်၏၊ ဂျွမ်းထိုးခြင်းဖြင့်လည်း ကစားကုန်၏၊ စကြာဖြင့်လည်း ကစားကုန်၏၊ ခြင်ခွက်ငယ်ဖြင့်လည်း ကစားကုန်၏၊ ရထားငယ်ဖြင့်လည်း ကစားကုန်၏၊ လေးငယ်ဖြင့်လည်း ကစားကုန်၏၊ အက္ခရာဝှက်ခြင်းဖြင့်လည်း ကစားကုန်၏၊ စိတ်အကြံဖော်ခြင်းဖြင့်လည်း ကစားကုန်၏၊ ကျိုးယောင် ကန်းယောင်ပြု၍လည်း ကစားကုန်၏၊ ဆင်ကြန်အတတ်ကိုလည်း သင်ကုန်၏၊ မြင်းကြန်အတတ်ကိုလည်း သင်ကုန်၏၊ ရထား အတတ်ကိုလည်း သင်ကုန်၏၊ လေးအတတ်ကိုလည်း သင်ကုန်၏၊ သန်လျက် အတတ်ကိုလည်း သင်ကုန်၏၊ဆင်၏ ရှေ့မှလည်း ပြေးကုန်၏၊ မြင်း၏ရှေ့မှလည်း ပြေးကုန်၏၊ ရထား၏ရှေ့မှလည်း ပြေးလွှားလမ်းသလားကုန်၏၊ လေလည်း ချွန်ကုန်၏၊ လက်ပန်းပေါက်လည်း ခတ်ကုန်၏၊ လက်ပန်းလည်း လုံးကုန်၏၊ လက်ဝှေ့လည်း သတ်ကုန်၏။

ကပွဲ၏ အလယ်၌ ဒုကုဋ်ကို ဖြန့်ခင်း၍ ကချေသည်မကို “နှမ ဤနေရာ၌ ကလော့” ဟု ဆိုကုန်၏၊ ကောင်းစွ ကောင်းစွ ငါ့နှမ ဟု ကောင်းချီးလည်း ပေးကုန်၏၊ ‘နဖူးတင်ထား လက်ချောင်းများကိုလည်း ပေးကုန်၏’၊ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကုန်၏။

၂၂။ ထိုအခါရဟန်းတပါးသည် ကာသိတိုင်းဇနပုဒ်၌ ဝါမှ ထပြီး၍ မြတ်စွာဘုရားကိုဖူးမြော်ရန် အလို့ငှါ သာဝတ္ထိပြည်သို့ သွားသည်ရှိသော် ကီဋာဂိရိသို့ ရောက်၏၊ ထိုအခါ နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ကြည်ညိုဖွယ်ကိုဆောင်သောရှေ့သို့ တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်းဖြင့် ချအပ်သော မျက်လွှာရှိသည်ဖြစ်၍ ဣရိယာပုထ်နှင့် ပြည့်စုံသော ထိုရဟန်းသည် ကီဋာဂိရိသို့ ဆွမ်းအလို့ငှါ

http://www.dhammadownload.com



ဝင်၏၊ လူတို့သည် ထိုရဟန်းကို မြင်၍ "ထုန့်ထိုင်းထိုင်း နုန့်နုန့် ဒေါသထွက်သကဲ့သို့ မျက်မှောင်ကုပ်၍ သွားသော ဤသူကား အသူနည်း၊ ချဉ်းကပ်သော ဤသူအား အဘယ်သူသည် ဆွမ်းကို လှူလတ္တံ့နည်း၊ ငါတို့၏ အသျှင် အဿဇိ ပုနဗ္ဗသုကတို့သည်ကား သိမ်မွေ့ကုန်၏၊ ပြေပြစ်ကုန်၏၊ နှုတ်ချိုကုန်၏၊ ပြုံးခြင်းလျှင် ရှေ့သွား ရှိကုန်၏၊ ကြွပါ ကြွပါ ဟု ဖော်ရွေစွာ ကြိုဆိုလေ့ရှိကုန်၏၊ ချိုသာကြည်လင် ပေါ်လွင်သော မျက်နှာရှိကုန်၏၊ ဦးစွာ ဆိုလေ့ရှိကုန်၏၊ ထိုအသျှင်တို့အားသာလျှင် ဆွမ်းကို လှူသင့်ပေ၏"ဟု ပြောဆိုကြကုန်၏။

ဥပါသကာ တယောက်သည် ကီဋာဂိရိ၌ ဆွမ်းအလို့ငှါ လှည့်လည်သော ထိုရဟန်းကို မြင်လတ်သော် ထိုရဟန်းအထံသို့ ချဉ်းကပ်ပြီးလျှင် ရိုသေစွာ ရှိခိုး၍ "အသျှင်ဘုရား ဆွမ်းကို ရခဲ့ပါ၏လော"ဟု လျှောက်၏။

ဒါယကာ ဆွမ်းကို မရခဲ့သေး ဟု (ပြန်ပြော၏)။

အသျှင်ဘုရား ကြွပါ အိမ်သို့ သွားပါကုန်အံ့ ဟု (လျှောက်၏)။

ထိုအခါ ဥပါသကာသည် ရဟန်းကို အိမ်သို့ပင့်ဆောင်၍ ဆွမ်းကျွေးပြီးလျှင်—

"အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်အရပ်သို့ ကြွပါမည်နည်း" ဟု လျှောက်၏။

ဒါယကာ ငါသည် မြတ်စွာဘုရားအား ဖူးမြော်ရန် အလို့ငှါ သာဝတ္ထိပြည်သို့ သွားမည်ဟု (ပြန်ပြော၏)။

အသျှင်ဘုရား သို့ဖြစ်လျှင် အကျွန်ုပ်၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးညွှတ်ရှိခိုးပါလော့၊ ဤသို့လည်း လျှောက်ပါလော့။

"အသျှင်ဘုရား ကီဋာဂိရိ၌ ကျောင်းတိုက်သည် ပျက်စီးပါပြီ၊ အဿဇိ ပုနဗ္ဗသုက မည်ကုန်သော အရှက်မရှိကြသော ရဟန်းယုတ်တို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်၊ ထိုရဟန်းတို့သည် ဤသို့ သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြပါသည်၊ ပန်းပင်ငယ်ကို စိုက်ကြပါသည်၊ စိုက်စေကြပါသည်၊ ရေသွန်းလောင်းကြပါသည်၊ ရေသွန်းလောင်းစေကြပါသည်၊ ဆွတ်ခူးကြပါသည်၊ ဆွတ်ခူးစေကြပါသည်၊ သီကုံးကြပါသည်၊ သီကုံးစေကြပါသည်၊ ပွင့်ညှာတဖက်ဆိုင် ပန်းကုံးကို ပြုကြပါသည်၊ ပြုစေကြပါသည်၊ ပွင့်ညှာ နှစ်ဖက်ဆိုင် ပန်းကုံးကို ပြုကြပါသည်၊ ပြုစေကြပါသည်၊ ပန်းတံကို ပြုကြပါသည်၊ ပြုစေကြပါသည်၊ ပန်းလက်ကောက်ကို ပြုကြပါသည်၊ ပြုစေကြပါသည်၊ ဦးဆောက်ပန်းကို ပြုကြပါသည်၊ ပြုစေကြပါသည်၊ နားသွယ်ပန်းကို ပြုကြပါသည်၊ ပြုစေကြပါသည်၊ ရင်လွှမ်းပန်းကို ပြုကြပါသည်၊ ပြုစေကြပါသည်။

ထို(အဿဇိပုနဗ္ဗသုက)ရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့၏ အကျိုးငှါ ပွင့်ညှာတဖက်ဆိုင် ပန်းကုံးကို ဆောင်ကြပါသည်၊ ဆောင်စေကြပါသည်၊ ပွင့်ညှာနှစ်ဖက်ဆိုင် ပန်းကုံးကို ဆောင်ကြပါသည်၊ ဆောင်စေကြပါသည်၊ ပန်းတံကို ဆောင်ကြပါသည်၊ ဆောင်စေကြပါသည်၊ ပန်းလက်ကောက်ကို ဆောင်ကြပါသည်၊ ဆောင်စေကြပါသည်၊ ဦးဆောက်ပန်းကို ဆောင်ကြပါသည်၊ ဆောင်စေကြပါသည်၊ နားသွယ်ပန်းကို ဆောင်ကြပါသည်၊ ဆောင်စေကြပါသည်၊ ရင်လွှမ်းပန်းကို ဆောင်ကြပါသည်၊ ဆောင်စေကြပါသည်။

http://www.dhammadownload.com



ထို (အဿဇိပုနဗ္ဗသုက)ရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့နှင့်အတူ တခုထည်းသော ခွက်၌လည်း စားကြပါသည်၊ သောက်ရေခွက်တခုထည်း၌လည်း သောက်ကြပါသည်၊ တနေရာထည်း၌လည်း ထိုင်ကြပါသည်၊ တညောင်စောင်းထည်း၌လည်း အိပ်ကြပါသည်၊ တခင်းထည်းလည်း အိပ်ကြပါသည်၊ တခြုံထည်းလည်းအိပ်ကြပါသည်၊ တခင်း တခြုံထည်းလည်း အိပ်ကြပါသည်၊ အခါမဲ့၌လည်း စားကြပါသည်၊ သေကိုလည်း သောက်ကြပါသည်၊ ပန်းနံ့သာ နံ့သာပျောင်းကိုလည်း ဆောင်ကြပါသည်၊ ကလည်း ကကြပါသည်၊ သီဆိုလည်း သီဆိုကြပါသည်၊ တီးမှုတ်လည်း တီးမှုတ်ကြပါသည်၊ မြူးထူးစမွယ်လည်း မြူးထူးစမွယ်ကြပါသည်၊ ကချေသည်မ၏အလိုက်လည်း ကကြပါသည်၊ ကချေသည်မ၏အလိုက်လည်း သီဆိုကြပါသည်၊ ကချေသည်မ၏ အလိုက်လည်း တီးမှုတ်ကြပါသည်၊ကချေသည်မ၏ အလိုက်လည်း စမွယ်ကြပါသည်၊ (စက်ႆ့ရမည်)။ စမွယ်သော မိန်းမ၏အလိုက်လည်းကကြပါသည်၊စမွယ်သောမိန်းမ၏ အလိုက်လည်း သီဆိုကြပါသည်၊ စမွယ်သော မိန်းမ၏ အလိုက်လည်း တီးမှုတ်ကြပါသည်၊ စမွယ်သော မိန်းမ၏ အလိုက်လည်း စမွယ်ကြပါသည်။

ရှစ်ကွက်ကျားကိုလည်း ကစားကြပါသည်၊ ဆယ်ကွက်ကျားကိုလည်း ကစားကြပါသည်၊ ကောင်းကင်ကျားကိုလည်း ကစားကြပါသည်၊ ဖိုးလမင်းကျားကိုလည်း ကစားကြပါသည်၊ ဇယ်တောက်ခြင်းဖြင့်လည်း ကစားကြပါသည်၊ အန်စာဖြင့်လည်း ကစားကြပါသည်၊ ကျည်းသားရိုက်ခြင်းဖြင့်လည်း ကစားကြပါသည်၊ စုတ်ခတ်ရေးခြင်းဖြင့်လည်း ကစားကြပါသည်၊ ဂေါ်လီကစားခြင်းဖြင့်လည်း ကစားကြပါသည်၊ ပီပီမှုတ်သဖြင့်လည်း ကစားကြပါသည်၊ ထွန်ငယ်ဖြင့်လည်း ကစားကြပါသည်၊ ဂျွမ်းထိုးခြင်းဖြင့်လည်း ကစားကြပါသည်၊ စကြာဖြင့်လည်း ကစားကြပါသည်၊ ခြင်ခွက်ငယ်ဖြင့်လည်း ကစားကြပါသည်၊ ရထားငယ်ဖြင့်လည်း ကစားကြပါသည်၊ လေးငယ်ဖြင့်လည်း ကစားကြပါသည်၊ အက္ခရာဖွက်ခြင်းဖြင့်လည်း ကစားကြပါသည်၊ စိတ်အကြံဖော်ခြင်းဖြင့်လည်း ကစားကြပါသည်၊ ကျိုးယောင်ကန်းယောင်ပြု၍လည်း ကစားကြပါသည်၊ ဆင်ကြန်အတတ်ကိုလည်း သင်ကြပါသည်၊ မြင်းကြန်အတတ်ကိုလည်း သင်ကြပါသည်၊ ရထားအတတ်ကိုလည်း သင်ကြပါသည်၊ လေးအတတ်ကိုလည်း သင်ကြပါသည်၊ သန်လျက်အတတ်ကိုလည်းသင်ကြပါသည်၊ဆင်၏ရှေ့မှလည်း ပြေးကြပါသည်၊ မြင်း၏ရှေ့မှလည်း ပြေးကြပါသည်၊ ရထား၏ရှေ့မှလည်း ပြေးလွှားလမ်းသလားကြပါသည်၊ လေလည်း ချွန်ကြပါသည်၊ လက်ပန်းပေါက်လည်းခတ်ကြပါသည်၊ လက်ပမ်းလည်း လုံးကြပါသည်၊ လက်ဝှေ့လည်း သတ်ကြပါသည်။

ကပွဲ၏ အလယ်၌ ဒုကုဋ်ကို ဖြန့်ခင်း၍ ကချေသည်မကို "နှမ ဤနေရာ၌ ကလော့"ဟု ဆိုကြပါသည်၊ ကောင်းစွ ကောင်းစွ ငါနှမဟု ကောင်းချီးလည်း ပေးကြပါသည်၊ 'နဖူးတင်ထား လက်ချောင်းများကိုလည်း ပေးကြပါသည်'၊ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကြပါသည်။

မြတ်စွာဘုရား ရှေးအခါ၌ (ရတနာသုံးပါးကို)ယုံကြည်ကြ ကြည်ညိုကြသော လူတို့သည်လည်း ယခုအခါ၌ (ရတနာသုံးပါးကို)မယုံကြည်ကြ မကြည်ညိုကြတော့ပါ၊ ရှေးအခါက သံဃာတော်၏ အလှူဝတ်ဘို့သည်လည်း ယခုအခါ၌ ပြတ်ပါကုန်၏၊ (သီလကို)ချစ်မြတ်နိုးသော ရဟန်းတို့သည် ဆိတ်သုဉ်းကြပါသည်၊ ယုတ်မာသော ရဟန်းတို့သည် နေကြပါကုန်၏။

မြတ်စွာဘုရား တောင်းပန်ပါသည်၊ မြတ်စွာဘုရားသည် ကီဋာဂိရိသို့ ရဟန်းတို့ကို စေလွှတ်တော်မူပါ၊ ယင်းသို့ (စေလွှတ်ခြင်း)ဖြင့် ကီဋာဂိရိ၌ ဤကျောင်းတိုက်သည် ကောင်းစွာ တည်ရာပါ၏" ဤသို့ (လျှောက်ပါလေ ဟု လျှောက်၏)။

http://www.dhammadownload.com



“ဒါယကာ ကောင်းပြီ” ဟု ထိုရဟန်းသည် ထိုဥပါသကာအား ဝန်ခံ၍ သာဝတ္ထိပြည်သို့ ဖဲသွား၏၊ အစဉ်သဖြင့် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်၏။

အာဂန္တုရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့အထပင် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား—

“ရဟန်း ကျန်းမာပါ၏လော၊ မျှတပါ၏လော၊ မပင်မပန်း ချမ်းသာစွာ ခရီးရှည် လာခဲ့ရပါ၏လော၊ ရဟန်း သင်သည် အဘယ်အရပ်မှ လာခဲ့သနည်း” ဟု မေးတော်မူ၏။

ကျန်းမာပါသည် မြတ်စွာဘုရား မျှတပါသည် မြတ်စွာဘုရား၊ အကျွန်ုပ်သည် မပင်မပန်း ချမ်းသာစွာ ခရီးရှည် လာခဲ့ရပါသည်၊ အသျှင်ဘုရား အကျွန်ုပ်သည် ကာသိတိုင်း ဇနပုဒ်၌ ဝါမှုထပြီး၍ မြတ်စွာဘုရားကို ဖူးမြော်ရန် အလို့ငှါ သာဝတ္ထိပြည်သို့ လာသည်ရှိသော် ကီဋာဂိရိသို့ ရောက်ပါ၏၊ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် နံနက် အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူဆောင်လျက် ကီဋာဂိရိသို့ ဆွမ်းအလို့ငှါ ဝင်ပါ၏။

အသျှင်ဘုရား ကီဋာဂိရိသို့ ဆွမ်းအလို့ငှါ လှည့်လည်သော အကျွန်ုပ်ကို ဥပါသကာ တယောက်သည် မြင်လတ်သော် အကျွန်ုပ်ထံသို့ ချဉ်းကပ်ပြီးနောက် အကျွန်ုပ်ကို ရှိခိုး၍—

“အသျှင်ဘုရား ဆွမ်းကို ရခဲ့ပါ၏လော” ဟု လျှောက်ပါသည်။

ဒါယကာ ဆွမ်းကို မရခဲ့သေး ဟု (ပြန်ပြောပါသည်)။

အသျှင်ဘုရား ကြွပါ အိမ်သို့ သွားပါကုန်အံ့ ဟု လျှောက်ပါသည်၊ အသျှင်ဘုရား ထိုအခါ ထိုဥပါသကာသည် အကျွန်ုပ်ကို အိမ်သို့ ပင့်ဆောင်၍ ဆွမ်းကျွေးပြီးနောက် အကျွန်ုပ်အား—

“အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်အရပ်သို့ ကြွပါမည်နည်း” ဟု လျှောက်ပါသည်။

ဒါယကာ ငါသည် မြတ်စွာဘုရားကို ဖူးမြော်ရန် အလို့ငှါ သာဝတ္ထိပြည်သို့ သွားမည် ဟု (ပြန်ပြောပါသည်)။

အသျှင်ဘုရား သို့ဖြစ်လျှင် အကျွန်ုပ်၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးညွှတ်ရှိခိုးပါလော့၊ ဤသို့လည်း လျှောက်ပါလော့—

“အသျှင်ဘုရား ကီဋာဂိရိ၌ ကျောင်းတိုက်သည် ပျက်စီးပါပြီ၊ အဿဇိပုနဗ္ဗသုက မည်သော အရှက်မရှိကြသော ရဟန်းယုတ်တို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်၊ ထို(အဿဇိပုနဗ္ဗသုက)ရဟန်းတို့သည် ဤသို့ သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြပါသည်၊ ပန်းပင်ငယ်ကို စိုက်ကြပါသည် စိုက်စေကြပါသည်။ပ။ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကြပါသည်။

အသျှင်ဘုရား ရှေးအခါ၌ (ရတနာသုံး၊ပါးကို)ယုံကြည်ကြ ကြည်ညိုကြသော လူတို့သည်လည်း ယခုအခါ၌ (ရတနာသုံးပါးကို)မယုံကြည်ကြ မကြည်ညိုကြတော့ပါ၊ ရှေးအခါက သံဃာတော်၏ အလှူဝတ်တို့သည်လည်း ယခုအခါ ၌ ပြတ်ပါကုန်ပြီ၊ (သီလကို)ချစ်မြတ်နိုးသော ရဟန်းတို့သည် ဆိတ်သုဉ်းကြပါ၏၊ ယုတ်မာသော ရဟန်းတို့သည် နေကြပါ၏။

http://www.dhammadownload.com



မြတ်စွာဘုရား တောင်းပန်ပါသည်၊ မြတ်စွာဘုရားသည် ကီဋာဂိရိသို့ ရဟန်းတို့ကို စေလွှတ်တော်မူပါ၊ ယင်းသို့ (စေလွှတ်ခြင်း)ဖြင့် ကီဋာဂိရိ၌ ဤကျောင်းတိုက်သည် ကောင်းစွာ တည်ရာပါ၏ ဟု လျှောက်ပါလော့" ဟု အကျွန်ုပ်အား လျှောက်ပါ၏။

မြတ်စွာဘုရား အကျွန်ုပ်သည် ထိုကီဋာဂိရိမှ လာခဲ့ပါသည် ဟု (လျှောက်၏)။

၂၃။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ အဿဇိပုနဗ္ဗသုက မည်သော အရှက်မရှိသော ယုတ်မာသော ရဟန်းတို့သည် ကီဋာဂိရိ၌ ကျောင်းထိုင် ဖြစ်ကုန်၏၊ ထိုရဟန်းတို့သည် ဤသို့ သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကုန်၏၊ ပန်းပင်ငယ်ကို စိုက်ကြကုန်၏။ပ။ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကြကုန်၏၊ ရဟန်းတို့ ရှေးအခါက (ရတနာသုံးပါးကို)ယုံကြည်ကြ ကြည်ညိုကြသော လူတို့သည်လည်း ယခုအခါ၌ (ရတနာသုံးပါးကို)မယုံကြည်ကြ မကြည်ညိုကြကုန်၊ ရှေးအခါ၌ရှိသော သံဃာတော်၏ အလှူဝတ်တို့သည်လည်း ယခုအခါ၌ ပြတ်စဲကုန်၏၊ (သီလကို)ချစ်မြတ်နိုးသော ရဟန်းတို့သည် ဆိတ်သုဉ်းကြကုန်၏၊ ယုတ်မာသော ရဟန်းတို့သည် နေကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ ထို(မဂ်ဖိုလ်မှ)အချည်းနှီး ဖြစ်သော ယောကျ်ားတို့သည် အဘယ့်ကြောင့် ဤသို့ သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြကုန်ဘိသနည်း၊ ပန်းပင်ငယ် စိုက်ကုန်ဘိသနည်း၊ စိုက်စေကုန်ဘိသနည်း၊ ရေသွန်းလောင်းကုန်ဘိသနည်း၊ သွန်းလောင်းစေကုန်ဘိသနည်း၊ ဆွတ်ခူးကုန်ဘိသနည်း ဆွတ်ခူးစေကုန်ဘိသနည်း၊ သီကုံးကုန်ဘိသနည်း၊ သီကုံးစေကုန်ဘိသနည်း၊ ပွင့်ညှာတဖက်ဆိုင်ပန်းကုံးကို ပြုကုန်ဘိသနည်း၊ ပြုစေကုန်ဘိသနည်း၊ ပွင့်ညှာနှစ်ဖက်ဆိုင် ပန်းကုံးကို ပြုကုန်ဘိသနည်း၊ ပြုစေကုန်ဘိသနည်း၊ ပန်းတံကို ပြုကုန်ဘိသနည်း၊ ပြုစေကုန်ဘိသနည်း၊ ပန်းလက်ကောက်ကို ပြုကုန်ဘိသနည်း၊ ပြုစေကုန်ဘိသနည်း၊ ဦးဆောက်ပန်းကို ပြုကုန်ဘိသနည်း၊ ပြုစေကုန်ဘိသနည်း၊ နားသွယ်ပန်းကို ပြုကုန်ဘိသနည်း၊ ပြုစေကုန်ဘိသနည်း၊ ရင်လွှမ်းပန်းကို ပြုကုန်ဘိသနည်း၊ ပြုစေကုန်ဘိသနည်း။

ထို(အဿဇိပုနဗ္ဗသုက)ရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့၏ အကျိုးငှါ ပွင့်ညှာတဖက်ဆိုင်ပန်းကုံးကို ဆောင်ကုန်ဘိသနည်း၊ ဆောင်စေကုန်ဘိသနည်း၊ ပွင့်ညှာနှစ်ဖက်ဆိုင် ပန်းကုံးကို ဆောင်ကုန်ဘိသနည်း၊ ဆောင်စေကုန်ဘိသနည်း၊ ပန်းတံကို ဆောင်ကုန်ဘိသနည်း၊ ဆောင်စေကုန်ဘိသနည်း၊ ပန်းလက်ကောက်ကို ဆောင်ကုန်ဘိသနည်း၊ဆောင်စေကုန်ဘိသနည်း၊ဦးဆောက်ပန်းကို ဆောင်ကုန်ဘိသနည်း ဆောင်စေကုန်ဘိသနည်း၊ နားသွယ်ပန်းကို ဆောင်ကုန်ဘိသနည်း၊ ဆောင်စေကုန်ဘိသနည်း၊ ရင်လွှမ်းပန်းကို ဆောင်ကုန်ဘိသနည်း၊ ဆောင်စေကုန်ဘိသနည်း။

ထိုရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့နှင့်အတူ တခုထည်းသော ခွက်၌လည်း စားကုန်ဘိသနည်း၊ သောက်ရေခွက် တခုထည်း၌လည်း သောက်ကုန်ဘိသနည်း၊ တနေရာထည်း၌လည်း နေကုန်ဘိသနည်း၊ တညောင်စောင်းထည်း၌လည်း

http://www.dhammadownload.com



အိပ်ကုန်ဘိသနည်း၊ တခင်းထည်းလည်း အိပ်ကုန်ဘိသနည်း၊ တခြုံထည်းလည်း အိပ်ကုန်ဘိသနည်း၊ တခင်းတခြုံထည်းလည်း အိပ်ကုန်ဘိသနည်း၊ အခါမဲ့၌လည်း စားကုန်ဘိသနည်း၊ သေကိုလည်း သောက်ကုန်ဘိသနည်း၊ ပန်း 'နံ့သာ' နံ့သာပျောင်းကိုလည်း ဆောင်ကုန်ဘိသနည်း၊ ကလည်း ကကုန်ဘိသနည်း၊ သီလည်း သီဆိုကုန်ဘိသနည်း၊ တီးမှုတ်လည်း တီးမှုတ်ကုန်ဘိသနည်း၊ မြူးထူး စမ္ပယ်လည်း မြူးထူးစမ္ပယ်ကုန်ဘိသနည်း၊ ကချေသည်မ၏ အလိုက်လည်း ကကုန်ဘိသနည်း၊ ကချေသည်မ၏ အလိုက်လည်း သီဆိုကုန်ဘိသနည်း၊ ကချေသည်မ၏ အလိုက်လည်း တီးမှုတ်ကုန်ဘိသနည်း၊ ကချေသည်မ၏ အလိုက်လည်း စမ္ပယ်ကုန်ဘိသနည်း၊ အဆိုသည်မ၏ အလိုက်လည်း ကကုန်ဘိသနည်း၊ အဆိုသည်မ၏ အလိုက်လည်း သီဆိုကုန်ဘိသနည်း၊ အဆိုသည်မ၏ အလိုက်လည်း တီးမှုတ်ကုန်ဘိသနည်း၊ အဆိုသည်မ၏ အလိုက်လည်း စမ္ပယ်ကုန်ဘိသနည်း၊ ဆိုင်းသမ၏ အလိုက်လည်း ကကုန်ဘိသနည်း၊ ဆိုင်းသမ၏ အလိုက်လည်း သီဆိုကုန်ဘိသနည်း၊ ဆိုင်းသမ၏ အလိုက်လည်း တီးမှုတ်ကုန်ဘိသနည်း၊ ဆိုင်းသမ၏ အလိုက်လည်း စမ္ပယ်ကုန်ဘိသနည်း၊ စမ္ပယ်သော မိန်းမ၏ အလိုက်လည်း ကကုန်ဘိသနည်း၊ စမ္ပယ်သော မိန်းမ၏ အလိုက်လည်း သီဆိုကုန်ဘိသနည်း၊ စမ္ပယ်သော မိန်းမ၏ အလိုက်လည်း တီးမှုတ်ကုန်ဘိသနည်း၊ စမ္ပယ်သော မိန်းမ၏ အလိုက်လည်း စမ္ပယ်ကုန်ဘိသနည်း။

ရှစ်ကွက်ကျားကိုလည်း ကစားကုန်ဘိသနည်း၊ ဆယ်ကွက်ကျားကိုလည်း ကစားကုန်ဘိသနည်း၊ ကောင်းကင်ကျားကိုလည်း ကစားကုန်ဘိသနည်း၊ ဖိုးလမင်းကျားကိုလည်း ကစားကုန်ဘိသနည်း၊ ဇယ်တောက်ခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ အန်စာဖြင့်လည်း ကစားကုန်ဘိသနည်း၊ ကျည်းသားရိုက်ခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ စုတ်ခတ်ရေးကစားခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ ဂေါ်လီကစားခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ ပီပီမှုတ်သဖြင့်လည်း ကစားကုန်ဘိသနည်း၊ ထွန်ယယ်ဖြင့်လည်း ကစားကုန်ဘိသနည်း၊ ဂျမ်းထိုးကစားခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ စကြာဖြင့်လည်း ကစားကုန်ဘိသနည်း၊ခြင်ခုက်ယယ်ဖြင့်လည်း ကစားကုန်ဘိသနည်း၊ ရထားယယ်ဖြင့်လည်း ကစားကုန်ဘိသနည်း၊ လေးယယ်ဖြင့်လည်း ကစားကုန်ဘိသနည်း၊ အက္ခရာဝှက်ကစားခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ စိတ်အကြံဖော်ခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ ကျိုးယောင် ကန်းယောင်ပြု၍လည်း ကစားကုန်ဘိသနည်း၊ ဆင်ကြန်အတတ်ကိုလည်း သင်ကုန်ဘိသနည်း၊ မြင်းကြန်အတတ်ကိုလည်း သင်ကုန်ဘိသနည်း၊ ရထားအတတ်ကိုလည်း သင်ကုန်ဘိသနည်း၊ လေးအတတ်ကိုလည်း သင်ကုန်ဘိသနည်း၊ သန်လျက်အတတ်ကိုလည်း သင်ကုန်ဘိသနည်း၊ ဆင်၏ ရှေ့မှလည်း ပြေးကုန်ဘိသနည်း၊ မြင်း၏ရှေ့မှလည်း ပြေးကုန်ဘိသနည်း၊ ရထား၏ ရှေ့မှလည်း ပြေးလွှား လမ်းသလားကုန်ဘိသနည်း၊ လေလည်း ချွန်ကုန်ဘိသနည်း၊ လက်ပန်းပေါက်လည်း ခတ်ကုန်ဘိသနည်း၊ လက်ပန်းလည်း လုံးကုန်ဘိသနည်း၊ လက်ဝှေ့လည်း သတ်ကုန်ဘိသနည်း။

ကပွဲ၏ အလယ်၌ ဒုကုဋ်ကို ဖြန့်ခင်း၍ ကချေသည်မကို "နှမ လာလော့၊ ဤနေရာ၌ ကလော့" ဟု ဆိုကုန်ဘိသနည်း၊ ကောင်းစွ ကောင်းစွ ငါ့နှမ ဟု ကောင်းချီးလည်း ပေးကုန်ဘိသနည်း၊ 'နဖူးတင်ထား လက်ချောင်းများကိုလည်း ပေးကုန်ဘိသနည်း'၊ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကုန်ဘိသနည်း၊ ရဟန်းတို့ ဤ(ရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ကဲ့ရဲ့တော်မူပြီး၍။ပ။ တရားစကားကို ဟောကြားတော်မူပြီးနောက် သာရိပုတြာ မောဂ္ဂလာန်တို့ကို—

http://www.dhammadownload.com



"သာရိပုတ္တာ မောဂ္ဂလာန်တို့ သင်တို့သည် သွားကြကုန်လော့၊ ကီဋာဂိရိသို့ သွား၍ အဿဇိပုနဗ္ဗသုက ရဟန်းတို့အား ကီဋာဂိရိမှ နှင်ထုတ်ခြင်းအမှု 'ပဗ္ဗာဇနီယကံ'ကို ပြုကုန်လော့၊ ထိုရဟန်းတို့သည် သင်တို့၏ အတူနေ တပည့်များ ဖြစ်ကြကုန်၏" ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား ထိုရဟန်းတို့သည် ကြမ်းတမ်းပါကုန်၏၊ ခက်ထန်ပါကုန်၏၊ အကျွန်ုပ်တို့သည် အဘယ်သို့လျှင် အဿဇိပုနဗ္ဗသုက ရဟန်းတို့အား ကီဋာဂိရိမှ နှင်ထုတ်ခြင်း အမှုကို ပြုရပါကုန်မည်နည်း ဟု (လျှောက်ကြကုန်၏)။

သာရိပုတ္တာ မောဂ္ဂလာန်တို့ သို့ဖြစ်လျှင် သင်တို့သည် များစွာသော ရဟန်းတို့နှင့် အတူ သွားကြကုန်လော့ ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု သာရိပုတ္တာနှင့် မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။

ရဟန်းတို့ ဤသို့ ပြုရမည်၊ ရှေးဦးစွာ အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို စောဒနာရမည်၊ ထိုနောက် အောက်မေ့စေရမည်၊ ထိုနောက် အာပတ်သို့ တင်ရမည်၊ ထိုနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၂၄။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤအဿဇိပုနဗ္ဗသုက ရဟန်းတို့သည် အမျိုးကို ဖျက်တတ်ကုန်၏၊ ယုတ်မာသော အကျင့်ရှိကုန်၏၊ ဤရဟန်းတို့၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ ဤရဟန်းတို့သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် ဖြစ်အံ့၊ သံဃာသည် အဿဇိပုနဗ္ဗသုက ရဟန်းတို့အား 'အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ' ဟု ကီဋာဂိရိမှ နှင်ထုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤအဿဇိပုနဗ္ဗသုက ရဟန်းတို့သည် အမျိုးကို ဖျက်တတ်ကုန်၏၊ ယုတ်မာသော အကျင့်ရှိကုန်၏၊ ဤရဟန်းတို့၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ ဤရဟန်းတို့သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ သံဃာသည် အဿဇိပုနဗ္ဗသုက ရဟန်းတို့အား 'အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ' ဟု ကီဋာဂိရိမှ နှင်ထုတ်ခြင်းအမှုကို ပြု၏၊ အဿဇိပုနဗ္ဗသုက ရဟန်းတို့အား 'အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ' ဟု ကီဋာဂိရိမှ နှင်ထုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့။ပ။ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



သံဃာသည် အဿဇိပုနဗ္ဗသုကရဟန်းတို့အား'အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ' ဟု ကီဋာဂိရိမှ နှင်ထုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်ဟု မိန့်တော်မူ၏)။

## မတရားသောကံ တဆယ့်နှစ်ပါး

၂၅။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဗ္ဗာဇနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ ဝန်မခံပဲ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဗ္ဗာဇနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဗ္ဗာဇနီယကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်မသင့်ပဲ ပြုလုပ်ခြင်း၊ ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဗ္ဗာဇနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

ရဟန်းတို့ အခြား။ပ။ မစောဒနာပဲ ပြုလုပ်ခြင်း၊ မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း။ပ။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊မတရားသဖြင့် ပြုလုပ်ခြင်း၊မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

ဝန်မခံပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

အာပတ်မသင့်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

မစောဒနာပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း။ပ။

အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း၊မတရားသဖြင့် ပြုလုပ်ခြင်း၊မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဗ္ဗာဇနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

မတရားသောကံ တဆယ့်နှစ်ပါး ပြီး၏။

http://www.dhammadownload.com



## တရားသောက် တဆယ့်နှစ်ပါး

၂၆။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဗ္ဗာဇနီယကံသည် တရားသောက် ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာပြေငြိမ်းသောကံ ဖြစ်၏။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံ၍ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဗ္ဗာဇနီယကံသည် တရားသော ကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဗ္ဗာဇနီယကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသော ကံဖြစ်၏။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာဂါမိ ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဗ္ဗာဇနီယကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ပ။

စောဒနာ၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း။ပ။

မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

ဝန်ခံ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

ဒေသနာဂါမိ ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဗ္ဗာဇနီယကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။

တရားသောကံ တဆယ့်နှစ်ပါး ပြီး၏။

---

## ပြုလိုကပြုရသောကံ တဆယ့်လေးပါး

၂၇။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ မျက်နှာယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုလုပ်ခြင်း၊ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိခြင်း မလျော်မလျောက်ပတ်သော လူသူ ဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နေထိုင်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၁)

http://www.dhammadownload.com



ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးခြင်း၊ မြင့်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီးခြင်း၊ မြင့်မြတ်သော အဓိသီလအရာ၌ အဓိသီလ ပျက်စီးခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၂)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ မြတ်စွာ ဘုရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၃)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ကိုယ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံခြင်း၊ နှုတ်၌ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံခြင်း၊ ကိုယ်နှုတ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၄)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ကိုယ်၌ ဖြစ်သော မကျင့်အပ်သည်နှင့် ပြည့်စုံခြင်း၊ နှုတ်၌ဖြစ်သော မကျင့်အပ်သည်နှင့် ပြည့်စုံခြင်း၊ ကိုယ်နှုတ်၌ဖြစ်သော မကျင့်အပ်သည်နှင့် ပြည့်စုံခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၅)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ကိုယ်၌ ဖြစ်သော ဖျက်ဆီးခြင်းနှင့် ပြည့်စုံခြင်း၊ နှုတ်၌ ဖြစ်သော ဖျက်ဆီးခြင်းနှင့် ပြည့်စုံခြင်း၊ ကိုယ်နှုတ်၌ ဖြစ်သော ဖျက်ဆီးခြင်းနှင့် ပြည့်စုံခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၆)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ကိုယ်၌ ဖြစ်သော ယုတ်မာသော အသက်မွေးခြင်းနှင့် ပြည့်စုံခြင်း၊ နှုတ်၌ ဖြစ်သော ယုတ်မာသော အသက်မွေးခြင်းနှင့် ပြည့်စုံခြင်း၊ ကိုယ်နှုတ်၌ ဖြစ်သော ယုတ်မာသော အသက်မွေးခြင်းနှင့် ပြည့်စုံခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၇)

ရဟန်းတို့ ရဟန်းသုံးမျိုးတို့အား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုလုပ်တတ်၏၊ ရဟန်းတမျိုးသည် မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိသူ ဖြစ်၏။ ရဟန်းတမျိုးသည် မလျော် မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက် နေထိုင်၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၈)

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မြင့်မြတ်သော သီလအရာ၌ သီလပျက်စီး၏၊ ရဟန်းတမျိုးသည် မြင့်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ ရဟန်းတမျိုးသည် မြင့်မြတ်သော အဓိသီလအရာ၌ အဓိသီလ ပျက်စီး၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၉)

http://www.dhammadownload.com



ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၁၀)

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် ကိုယ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံ၏၊ ရဟန်းတမျိုးသည် နှုတ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံ၏၊ ရဟန်းတမျိုးသည် ကိုယ်နှုတ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အားလည်း သံဃာသည်ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၁၁)

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် ကိုယ်၌ ဖြစ်သော မကျင့်အပ်သော အကျင့်နှင့် ပြည့်စုံ၏၊ ရဟန်းတမျိုးသည် နှုတ်၌ဖြစ်သော မကျင့်အပ်သော အကျင့်နှင့် ပြည့်စုံ၏၊ ရဟန်းတမျိုးသည် ကိုယ်နှုတ်၌ ဖြစ်သော မကျင့်အပ်သော အကျင့်နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၁၂)

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် ကိုယ်၌ ဖြစ်သော ဖျက်ဆီးခြင်းနှင့် ပြည့်စုံ၏၊ ရဟန်းတမျိုးသည် နှုတ်၌ဖြစ်သော ဖျက်ဆီးခြင်းနှင့် ပြည့်စုံ၏၊ ရဟန်းတမျိုးသည် ကိုယ်နှုတ်၌ ဖြစ်သော ဖျက်ဆီးခြင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အားလည်း သံဃာသည်ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၁၃)

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် ကိုယ်၌ ဖြစ်သော ယုတ်မာသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏၊ ရဟန်းတမျိုးသည် နှုတ်၌ဖြစ်သော ယုတ်မာသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏၊ ရဟန်းတမျိုးသည် ကိုယ်နှုတ်၌ ဖြစ်သော ယုတ်မာသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ပဗ္ဗာဇနီယကံကို ပြုလိုက ပြုရာ၏။ (၁၄)

ပြုလိုက ပြုရသောကံတဆယ့်လေးပါး ပြီး၏။

---

## ပဗ္ဗာဇနီယကံ၌ ကျင့်ဝတ် တဆယ့်ရှစ်ပါး

၂၈။ ရဟန်းတို့ ပဗ္ဗာဇနီယကံ အပြုခံရသော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်။ ဤ(ဆိုလတ္တံ့သည်)ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ပြုကျင့်ရသော ကျင့်ဝတ်တည်း၊ ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရ၊ သမုတိရသော်လည်း ရဟန်းမိန်းမတို့ကို ဩဝါဒ မပေးရ၊ ပဗ္ဗာဇနီယကံ ပြုကြောင်း ဖြစ်သော အာပတ်သို့ မရောက်ရ၊ အလားတူ အခြားအာပတ်သို့ ဖြစ်စေ ထို့ထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်ရ၊ ကံကို မကဲ့ရဲ့ရ၊ ကံပြုရဟန်းတို့ကို မကဲ့ရဲ့ရ၊ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍)မထားရ၊ ပဝါရဏာကို (ဆိုင်းငံ့၍)မထားရ၊ ဆုံးမခြင်းကို မပြုရ၊ အကြီးအမှူးအရာ၌ မနေရ၊ ခွင့် မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ ပကတတ် ရဟန်းများနှင့် မရောယှက်ရ။ ဤကား ကောင်းစွာ ပြုကျင့်ရသော ကျင့်ဝတ်တည်း။

ပဗ္ဗာဇနီယကံ၌ ကျင့်ဝတ်တဆယ့်ရှစ်ပါး ပြီး၏။

http://www.dhammadownload.com



၂၉။ ထိုအခါ သာရိပုတြာ မောဂ္ဂလ္လာန် အမှူးရှိသော ရဟန်းအပေါင်းသည် ကီဋာဂိရိသို့ သွားပြီးလျှင် "အဿဇိပုနဗ္ဗသုကရဟန်းတို့သည် ကီဋာဂိရိ၌မနေရ"ဟု အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို ကီဋာဂိရိမှ နှင်ထုတ်မှု 'ပဗ္ဗာဇနီယကံ'ကို ပြုလုပ်၏။ သံဃာက နှင်ထုတ်မှု 'ပဗ္ဗာဇနီယကံ' ပြုထားသော်လည်း ထို (အဿဇိပုနဗ္ဗသုက)ရဟန်းတို့သည် ကောင်းစွာ မကျင့်ကုန်၊ (မာန်တည်းဟူသော)အမွေးကို မချကုန်၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို မကျင့်ကုန်။ ရဟန်းတို့ကို သည်းမခံစေ (မကန်တော့)ကုန်၊ ဆဲရေးကုန်၏၊ ရေရွတ်ကုန်၏၊ ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိ လိုက်ခြင်းသို့ ရောက်စေကုန်၏၊ အရပ်တပါးသို့လည်း ဖဲသွားကုန်၏၊ လူလည်း ထွက်ကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "သံဃာက ပဗ္ဗာဇနီယကံ ပြုထားပါလျက် အဘယ့်ကြောင့် အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကောင်းစွာ မကျင့်ကုန်ဘိသနည်း၊ (မာန်တည်းဟူသော)အမွေးကို မချကုန်ဘိသနည်း၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို မကျင့်ကုန်ဘိသနည်း၊ ရဟန်းတို့ကို သည်းမခံစေ (မကန်တော့)ကုန်ဘိသနည်း၊ ဆဲရေးကုန်ဘိသနည်း၊ ရေရွတ်ကုန်ဘိသနည်း၊ ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိ လိုက်ခြင်းသို့ ရောက်စေကုန်ဘိသနည်း၊ အရပ်တပါးသို့လည်း ဖဲသွားကုန်ဘိသနည်း၊ လူလည်း ထွက်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။

ထိုရဟန်းတို့သည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ကို—

"ရဟန်းတို့ သံဃာက ပဗ္ဗာဇနီယကံ ပြုထားပါလျက် အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကောင်းစွာ မကျင့်ကုန်၊ (မာန်တည်းဟူသော)အမွေးကို မချကုန်၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို မကျင့်ကုန်၊ ရဟန်းတို့ကို သည်းမခံစေ (မကန်တော့)ကုန်၊ ဆဲရေးကုန်၏၊ ရေရွတ်ကုန်၏၊ ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိ လိုက်ခြင်းသို့ ရောက်စေကုန်၏၊ အရပ်တပါးသို့လည်း ဖဲသွားကုန်၏၊ လူလည်း ထွက်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ မလျှောက်ပတ်။ပ။ ရဟန်းတို့ သံဃာက ပဗ္ဗာဇနီယကံ ပြုထားပါလျက် ထို(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် အဘယ့်ကြောင့် ကောင်းစွာ မကျင့်ကုန်ဘိသနည်း၊ (မာန်တည်းဟူသော)အမွေးကို မချကုန်ဘိသနည်း၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို မကျင့်ကုန်ဘိသနည်း၊ ရဟန်းတို့ကို သည်းမခံစေ (မကန်တော့)ကုန်ဘိသနည်း၊ ဆဲရေးကုန်ဘိသနည်း၊ ရေရွတ်ကုန်ဘိသနည်း၊ ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိ လိုက်ခြင်းသို့ ရောက်စေကုန်ဘိသနည်း၊ အရပ်တပါးသို့လည်း ဖဲသွားကုန်ဘိသနည်း၊ လူလည်း ထွက်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ရဟန်းတို့ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ကဲ့ရဲ့တော်မူပြီးနောက်။ပ။ တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ပဗ္ဗာဇနီယကံကို မငြိမ်းစေလင့်။

http://www.dhammadownload.com



## မငြိမ်းစေအပ်သော အကြောင်းတဆယ့်ရှစ်ပါး

၃၀။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဗ္ဗာဇနီယကံကို မငြိမ်းစေရ။ (ဥပဇ္ဈာယ် ဆရာပြုလုပ်၍)ပဉ္စင်းခံပေး၏၊ နိဿရည်းပေး၏၊ သာမဏေကို လုပ်ကျွေးပြုစုစေ၏၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာနှစ်သက်၏ (လက်ခံ၏)၊ သမ္မုတိ ရ၍လည်း ရဟန်းမိန်းမတို့ကို ဆုံးမ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဗ္ဗာဇနီယကံကို မငြိမ်းစေရ။ ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ပဗ္ဗာဇနီယကံကို မငြိမ်းစေရ။ ပဗ္ဗာဇနီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ ရောက်၏၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ ရောက်၏၊ ကံကို ကဲ့ရဲ့၏၊ ကံပြုရဟန်းတို့ကို ကဲ့ရဲ့၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဗ္ဗာဇနီယကံကို မငြိမ်းစေရ။ ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား ပဗ္ဗာဇနီယကံကို မငြိမ်းစေရ။ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍) ထား၏၊ ပဝါရဏာကို (ဆိုင်းငံ့၍) ထား၏၊ ဆုံးမခြင်းကို ပြု၏၊ အကြီးအမှူးအရာကို ယူ၏၊ ခွင့်တောင်း၏၊ စောဒနာ (အပြစ်တင်)၏၊ အောက်မေ့စေ၏၊ ပကတတ် ရဟန်းနှင့် ရောယှက်၏။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား ပဗ္ဗာဇနီယကံကို မငြိမ်းစေရ။

ပဗ္ဗာဇနီယကံ၌ မငြိမ်းစေအပ်သော အကြောင်း တဆယ့်ရှစ်ပါး ပြီး၏။

---

## ပဗ္ဗာဇနီယကံ၌ ငြိမ်းစေအပ်သော အကြောင်း တဆယ့်ရှစ်ပါး

၃၁။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေရမည်။ (ဥပဇ္ဈာယ် ဆရာပြုလုပ်၍)ပဉ္စင်းခံမပေး၊ နိဿရည်း မပေး၊ သာမဏေကို မလုပ်ကျွေး မပြုစုစေ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက် (လက်မခံ)၊သမ္မုတိ ရသော်လည်း ရဟန်းမိန်းမတို့ ကို ဩဝါဒမပေး (မဆုံးမ)။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေရမည်။

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ပဗ္ဗာဇနီယကံကို ငြိမ်းစေရမည်။ ပဗ္ဗာဇနီယ ကံ ပြုကြောင်းဖြစ်သောအာပတ်သို့မရောက်၊ အလားတူ အခြားအာပတ်သို့ဖြစ်စေ ထိုထက်ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်၊ ကံကို မကဲ့ရဲ့၊ ကံပြု ရဟန်းတို့ကို မကဲ့ရဲ့။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ် စေရမည်။ ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေရမည်။ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍)မထား၊ ပဝါရဏာကို (ဆိုင်းငံ့၍)မထား၊ ဆုံးမခြင်းကို မပြု၊ အကြီးအမှူးအရာကို မယူ၊ ခွင့်မတောင်း၊ မစောဒနာ (အပြစ်မတင်)၊ မအောက်မေ့စေ၊ ပကတတ် ရဟန်းတို့နှင့် မရောယှက်။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေရမည်။

ပဗ္ဗာဇနီယကံ၌ ငြိမ်းစေအပ်သော အကြောင်း တဆယ့်ရှစ်ပါး ပြီး၏။

၃၂။ ရဟန်းတို့ ဤသို့ ငြိမ်းစေရမည်—

ရဟန်းတို့ ပဗ္ဗာဇနီယကံ အပြုခံရသော ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်လျက် သီတင်းကြီးရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့် ထိုင်ကာ လက်အုပ်ချီပြီးလျှင် ဤသို့ လျှောက်ရမည်။

http://www.dhammadownload.com



အသျှင်ဘုရားတို့ သံဃာက ပဗ္ဗာဇနီယကံ ပြုထားသောကြောင့် အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန်တည်းဟူသော)အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ ပဗ္ဗာဇနီယကံ ငြိမ်းမှုကို တောင်းပါ၏ဟု(လျှောက်ရမည်)။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာက ပဗ္ဗာဇနီယကံ ပြုထားသော ကြောင့် ဤမည်သော ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန် တည်းဟူသော)အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ပဗ္ဗာဇနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာအား လျော်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေရာ၏။ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာက ပဗ္ဗာဇနီယကံ ပြုထားသောကြောင့် ဤမည်သော ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန် တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ပဗ္ဗာဇနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေ၏၊ ဤမည်သော ရဟန်းအား ပဗ္ဗာဇနီယကံ ငြိမ်းမှုကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။အသျှင်ဘုရားတို့ သံဃာသည်အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာက ပဗ္ဗာဇနီယကံ ပြုထားသောကြောင့် ဤမည်သော ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော)အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ပဗ္ဗာဇနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေ၏၊ ဤမည်သော ရဟန်းအား ပဗ္ဗာဇနီယကံ ငြိမ်းမှုကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းအား ပဗ္ဗာဇနီယကံကို ငြိမ်းစေအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

တတိယ ပဗ္ဗာဇနီယကံ ပြီး၏။

---

## ၄-ပဋိသာရဏီယကံ

၃၃။ တရံရောအခါ အသျှင်သုဓမ္မသည် မစ္ဆိကာသဏ္ဍဇနပုဒ်၌ စိတ္တသူကြွယ်၏ ကျောင်းထိုင် ရဟန်း ဖြစ်၏၊ အမှုသစ်နှင့် ယှဉ်၏၊ မြဲသော ဆွမ်းဝတ်ရှိ၏။

http://www.dhammadownload.com



စိတ္တ သူကြွယ်သည် သံဃာကိုရင်း ဂိုဏ်းကိုရင်း ပုဂ္ဂိုလ်ကိုရင်း ပင့်ဖိတ်လိုသော အခါတိုင်း အသျှင်သုဓမ္မကို မပန်ကြားပဲ မပင့်ဖိတ် ။ ထိုအခါ၌ အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလ္လာန် အသျှင်မဟာကစ္စာန အသျှင်မဟာကောဋ္ဌိက အသျှင်မဟာကပ္ပိန အသျှင်မဟာစုန္ဒ အသျှင်အနုရုဒ္ဓါ အသျှင်ရေဝတ အသျှင်ဥပါလိ အသျှင် အာနန္ဒာ အသျှင်ရာဟုလာ ဟု ဆိုအပ်သော များစွာသော မထေရ်ကြီးတို့သည် ကာသိတိုင်းတို့၌ ဒေသစာရီ လှည့်လည်သည်ရှိသော် မစ္ဆိကာသဏ္ဍာဇနပုဒ်သို့ ရောက်လာကုန်၏၊ စိတ္တသူကြွယ်သည် "မစ္ဆိကာသဏ္ဍာဇနပုဒ်သို့ မထေရ်ကြီး ရဟန်းများ ရောက်လာကုန်သတတ်" ဟု ကြား၏။

ထိုအခါ မထေရ်ကြီး ရဟန်းတို့ထံသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေသော စိတ္တသူကြွယ်ကို အသျှင်သာရိပုတြာသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လမ်းစေတော်မူ၏။ ထိုအခါ စိတ္တသူကြွယ်သည် အသျှင်သာရိပုတြာက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် မထေရ်ကြီး ရဟန်းတို့ကို "အသျှင်ဘုရားတို့ မထေရ်ကြီးတို့သည် နက်ဖြန် အလို့ငှါ တပည့်တော်၏ အာဂန္တုကဘတ် 'ခရီးသွား ပုဂ္ဂိုလ်တို့အား လှူအပ်သော ဆွမ်း' ကို လက်ခံတော်မူပါကုန်လော့" ဟု လျှောက်၏။ မထေရ်ကြီး ရဟန်းတို့သည် ဆိတ်ဆိတ်နေသဖြင့် လက်ခံကုန်၏။

ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ကြီး ရဟန်းတို့၏ လက်ခံခြင်းကို သိ၍ နေရာမှ ထပြီးလျှင် မထေရ်ကြီး ရဟန်းတို့ကို ရှိခိုး၍ အရိုအသေပြုပြီးနောက် အသျှင်သုဓမ္မထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသော နေရာ၌ ရပ်တည်ကာ "အသျှင်ဘုရား အသျှင်ဘုရားသည် နက်ဖြန်အလို့ငှါ မထေရ်ကြီးတို့နှင့် အတူတကွ တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု အသျှင် သုဓမ္မကို လျှောက်၏။

ထိုအခါ အသျှင်သုဓမ္မသည် "ဤစိတ္တသူကြွယ်သည် သံဃာကိုရင်း ဂိုဏ်းကိုရင်း ပုဂ္ဂိုလ်ကိုရင်း ပင့်ဖိတ်လိုသော အခါတိုင်း ငါ့ကို မပန်ကြားပဲ ရှေးက မပင့်ဖိတ်ပဲ ယခုအခါ၌ ပင့်ဖိတ်ဘိ၏၊ ယခု ဤစိတ္တသူကြွယ်သည် ပျက်စီးပြီ၊ ငါ့အပေါ်၌ ငဲ့ကွက်ခြင်း သဘောမရှိ၊ ခင်မင်သော သဘောမရှိ" ဟု (နှလုံးသွင်း၍) "သူကြွယ် တန်ပြီ ငါ လက်မခံ" ဟု စိတ္တသူကြွယ်ကို (ဆို၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း စိတ္တသူကြွယ်သည် အသျှင်သုဓမ္မကို "အသျှင်ဘုရား အသျှင်ဘုရားသည် နက်ဖြန်အလို့ငှါ မထေရ်ကြီးတို့နှင့် အတူတကွ တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။ သူကြွယ် တန်ပြီ ငါ လက်မခံ ဟု ဆို၏။

ထိုအခါ စိတ္တသူကြွယ်သည် "အသျှင်သုဓမ္မသည် လက်ခံသည် ဖြစ်စေ လက်မခံသည် ဖြစ်စေ ငါ့အား အဘယ်သို့ ပြုလတ္တံ့နည်း" ဟု အသျှင်သုဓမ္မကိုရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

၃၄။ ထိုနောက် စိတ္တသူကြွယ်သည် ထိုညဉ့်လွန်သဖြင့် မထေရ်ကြီး ရဟန်းတို့အတွက် မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို စီမံစေ၏။ ထိုအခါ အသျှင်သုဓမ္မသည် "မထေရ်ကြီးတို့အတွက် စီမံထားသော စိတ္တသူကြွယ်၏ ဆွမ်းကို ကြည့်ရှုရမူ ကောင်းလေစွ" ဟု (နှလုံးသွင်း၍) နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူကာ စိတ္တသူကြွယ်၏ နေအိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်၏။ ထိုအခါ အသျှင်သုဓမ္မထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေသော စိတ္တသူကြွယ်ကို "သူကြွယ် သင်စီရင်ထားသော ဤ ခဲဖွယ်ဘောဇဉ်ကား များ၊ပြားလှပါ

http://www.dhammadownload.com



ပေ၏၊ သို့ရာတွင် ဤ (များပြားလှသော ခဲဖွယ်ဘောဇဉ်)၌ နှမ်းပျော့်မှုံ တခုကား မပါမရှိချေ” ဟု အသျှင်သုဓမ္မက ပြောဆို၏။

အသျှင်ဘုရား များစွာသော ဘုရားစကားတော် ဖြစ်သော ရတနာများ ရှိပါလျက် အသျှင်ဘုရားသည် နှမ်းပျစ်မှုံ ဟူသော ရှားပါးသော စကားကိုသာလျှင် ပြောဆိုဘိ၏။

အသျှင်ဘုရား ရှေးကဖြစ်ဘူးပါသည်၊ ဒက္ခိဏာပထတိုင်းသား ကုန်သည်တို့သည် အရှေ့ဇနပုဒ်သို့ ကုန်သွယ်ရန် သွားပါကုန်၏၊ ထို ဒက္ခိဏာပထတိုင်းသား ကုန်သည်တို့ အရှေ့ဇနပုဒ်မှ ဆောင်ယူလာအပ်သော ကြက်မသည် ကျီးနှင့် အတူ ပေါင်းဖော်၍ ကြက်ငယ်ကို မွေးဖွားပါသည်၊ အသျှင်ဘုရား ထိုကြက်ငယ်သည် ကျီးသံမြည်လိုသောအခါ အာအောက်ကလိ ဟု မြည်ပါ၏၊ ကြက်သံတွန်လိုသော အခါ အောက်ကလိအာ ဟု တွန်ပါ၏၊ အသျှင်ဘုရား ဤအတူပင် များစွာသော ဘုရားစကားတော် ဖြစ်သော ရတနာများ ရှိပါလျက် အသျှင်ဘုရားသည် နှမ်းပျစ်မှုံ ဟူသော ရှားပါးသော စကားကိုသာလျှင် ပြောဆိုဘိ၏ ဟု (လျှောက်၏)။

သူကြွယ် သင်သည် ငါ့ကို ဆဲရေး၏၊ သူကြွယ် သင်သည် ငါ့ကို ရေရွတ်၏၊ သူကြွယ် ဤကျောင်းသည် သင်၏ ကျောင်းတည်း၊ ငါဖဲသွားတော့အံ့ ဟု (ပြောဆို၏)။

အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်ဘုရားကို မဆဲရေးပါ၊ မရေရွတ်ပါ၊ အသျှင်ဘုရား အသျှင်ဘုရားသည် မစ္ဆိကာသဏ္ဍဇနပုဒ်အနီး ပျော်မွေ့ဖွယ်ကောင်းသော ဝေးပင် ဥယျာဉ်၌ သီတင်းသုံးနေတော်မူပါလော့၊ တပည့်တော်သည် အသျှင်ဘုရားအား သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးပစ္စည်း အသုံးအဆောင်တို့ဖြင့် အားထုတ်ပါအံ့ ဟု (လျှောက်၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်သုဓမ္မသည် စိတ္တသူကြွယ်ကို “သူကြွယ် သင်သည် ငါ့ကို ဆဲရေး၏၊ သူကြွယ် သင်သည် ငါ့ကို ရေရွတ်၏၊ သူကြွယ်ဤကျောင်းသည် သင်၏ ကျောင်းတည်း၊ ငါဖဲသွားတော့အံ့” ဟု ပြောဆို၏။

အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်အရပ်သို့ သွားမည် နည်းဟု (မေးလျှောက်၏)။

သူကြွယ် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့ ငါသွားမည် ဟု (ပြော၏)။

အသျှင်ဘုရား သို့ဖြစ်လျှင် အသျှင်ဘုရားနှင့် တပည့်တော် ပြောအပ်သမျှ စကား အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြားပါလော၊ အသျှင်ဘုရား အသျှင်ဘုရားသည် မစ္ဆိကာ သဏ္ဍဇနပုဒ်သို့ တဖန်ပြန်လာရသည်မှာ အံ့ဩဖွယ် မဟုတ်ပါ ဟု (လျှောက်၏)။

၃၅။ ထိုအခါ အသျှင်သုဓမ္မသည် ကျောင်းအိပ်ရာ နေရာကို သိုပ်းသိမ်းဆည်း၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဖဲသွားလေ၏၊ အစဉ်အတိုင်း သွားလေသော် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတော် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် တခုသော ဒနေရာ၌ ထိုင်နေကာ မိမိနှင့် စိတ္တသူကြွယ် ပြောအပ်သမျှ စကားအလုံးစုံကိုမြတ်စွာဘုရားအားလျှောက်၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မဂ်ဖိုလ်မှ)အချည်းနှီး ဖြစ်သော ယောကျ်ား မလျှောက်ပတ် မလျှော်ကန် မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူ မဟုတ်၊ မအပ် မပြုသင့်။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား သင်သည် သဒ္ဓါတရားရှိသော ကြည်ညိုသော လှူဒါန်း

http://www.dhammadownload.com



တတ်သော (ဝေယျာဝစ္စကို) ပြုလုပ်တတ်သော သံဃာကို လုပ်ကျွေးတတ်သော စိတ္တသူကြွယ်ကို ယုတ်မာသော စကားဖြင့် အဘယ့်ကြောင့် ဆဲရေးဘိသနည်း၊ ယုတ်မာသော စကားဖြင့် ရှုတ်ချဘိသနည်း၊ (မင်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသော အမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် သုဓမ္မရဟန်းအား "သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည်" ဟု ပဋိသာရဏီယကံကို ပြုလော့ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ပြုရမည်၊ သုဓမ္မရဟန်းကို ရှေးဦးစွာ စောဒနာရမည်၊ စောဒနာပြီးနောက် အောက်မေ့စေရမည်၊ အောက်မေ့စေပြီးနောက် အာပတ်သို့ တင်ရမည်၊ အာပတ်သို့ တင်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၃၆။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤသုဓမ္မရဟန်းသည် သဒ္ဓါတရားရှိသော ကြည်ညိုတတ်သော လှူဒါန်းတတ်သော (ဝေယျာဝစ္စကို) ပြုလုပ်တတ်သော သံဃာအား လုပ်ကျွေးတတ်သော စိတ္တသူကြွယ်ကို ယုတ်မာသော စကားဖြင့် ဆဲရေး၏၊ ယုတ်မာသော စကားဖြင့် ရှုတ်ချ၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် သုဓမ္မရဟန်းအား 'သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည်' ဟု ပဋိသာရဏီယကံကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤသုဓမ္မရဟန်းသည် သဒ္ဓါတရားရှိသော ကြည်ညိုသော လှူဒါန်းတတ်သော (ဝေယျာဝစ္စကို) ပြုလုပ်တတ်သော သံဃာအား လုပ်ကျွေးတတ်သော စိတ္တသူကြွယ်ကို ယုတ်မာသော စကားဖြင့် ဆဲရေး၏၊ ယုတ်မာသော စကားဖြင့် ရှုတ်ချ၏၊ သံဃာသည် သုဓမ္မရဟန်းအား 'သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည်' ဟု ပဋိသာရဏီယကံကို ပြုလုပ်၏၊ သုဓမ္မရဟန်းအား 'သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည်' ဟု ပဋိသာရဏီယကံ ပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏၊ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤသုဓမ္မရဟန်းသည် သဒ္ဓါတရားရှိသော ကြည်ညိုသော လှူဒါန်းတတ်သော (ဝေယျာဝစ္စကို) ပြုလုပ်တတ်သော သံဃာအား လုပ်ကျွေးတတ်သော စိတ္တသူကြွယ်ကို ယုတ်မာသော စကားဖြင့် ဆဲရေး၏၊ ယုတ်မာသော စကားဖြင့် ရှုတ်ချ၏၊ သံဃာသည် သုဓမ္မရဟန်းအား 'သင်သည် စိတ္တ သူကြွယ်ကို သည်းခံစေရမည်' ဟု ပဋိသာရဏီယကံကို ပြု၏။ သုဓမ္မရဟန်းအား 'သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည်' ဟု ပဋိသာရဏီယကံ ပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် သုဓမ္မရဟန်းအား 'သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည်' ဟု ပဋိသာရဏီယကံကို ပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## မတရားသောကံ တဆယ့်နှစ်ပါး

၃၇။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဋိသာရဏီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသော ကံဖြစ်၏။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ ဝန်မခံပဲ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဋိသာရဏီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသော ကံဖြစ်၏။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဋိသာရဏီယကံသည်လည်း မတရားသော ကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသော ကံဖြစ်၏။ အာပတ်မသင့်ပဲ ပြုလုပ်ခြင်း၊ ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ပ။

မစောဒနာပဲ ပြုလုပ်ခြင်း၊ မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း။ပ။

မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

ဝန်မခံပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း။ပ။

အာပတ် မသင့်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

မစောဒနာပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။

အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဋိသာရဏီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

ပဋိသာရဏီယကံ၌ မတရားသောကံ တဆယ့်နှစ်ပါး ပြီး၏။

http://www.dhammadownload.com



## တရားသောက် တဆယ့်နှစ်ပါး

၃၇။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဋိသာရဏီယကံသည် တရားသောက် ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာပြေငြိမ်းသောကံ ဖြစ်၏။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံ၍ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဋိသာရဏီယကံသည် တရားသောက် ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာပြေငြိမ်းသောကံ ဖြစ်၏။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဋိသာရဏီယကံသည်လည်း တရားသောက် ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာဂါမိဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ပ။

စောဒနာ၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း။ပ။
မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။
မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။
ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။
အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

ဒေသနာဂါမိ ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။
အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဋိသာရဏီယကံသည်လည်း တရားသောက် ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ပဋိသာရဏီယကံသည် တရားသောက် ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။

ပဋိသာရဏီယကံ၌ တရားသောက် တဆယ့်နှစ်ပါးပြီး၏။

---

## ပြုလိုက ပြုရသော ကံလေးပါး

၃၈။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဋိသာရဏီယကံကို ပြုလိုက ပြုရာ၏။ လူတို့အား လာဘ်မရအောင် လုံ့လပြု၏၊ လူတို့အား အကျိုးမဲ့ဖြစ်အောင် လုံ့လပြု၏၊ လူတို့အား နေရာမရအောင် လုံ့လပြု၏၊ လူကို ဆဲရေး၏၊ ရေရွတ်၏၊ လူလူချင်း ကွဲပြားစေ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဋိသာရဏီယကံကို ပြုလိုက ပြုရာ၏။ (၁)

http://www.dhammadownload.com



ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် ပဋိသာရဏီယကံကို ပြုလိုက ပြုရာ၏။ လူတို့အား မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ လူတို့အား တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ လူတို့အား သံဃာတော်၏ ကျေးဇူးမဲ့ ကို ပြောဆို၏၊ လူကို ယုတ်မာသောစကားဖြင့် ဆဲရေး၏၊ ယုတ်မာသော စကားဖြင့် ရှုတ်ချ၏၊ လူတို့အား တရားနှင့် လျော်သော ဝန်ခံချက်ကို မမှန်ကန်စေ 'ချွတ်ယွင်းစေ၏'။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ပဋိသာရဏီယကံကို ပြုလိုက ပြုရာ၏။ (၂)

ရဟန်းတို့ ရဟန်းငါးမျိုးတို့အား သံဃာသည် ပဋိသာရဏီယကံ ို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် လူတို့အား လာဘ်မရအောင် လုံ့လပြု၏၊ ရဟန်းတမျိုးသည် လူတို့အား အကျိုးမဲ့ဖြစ်အောင် လုံ့လပြု၏၊ ရဟန်းတမျိုးသည် လူတို့အား နေရာမရအောင် လုံ့လပြု၏၊ ရဟန်းတမျိုးသည် လူကို ဆဲရေး၏၊ ရေရှုတ်၏၊ ရဟန်းတမျိုးသည် လူလူချင်း ကွဲပြားစေ၏။ ရဟန်းတို့ ဤရဟန်းငါးမျိုးတို့အား သံဃာသည် ပဋိသာရဏီယကံကို လိုပြုက ပြုရာ၏။ (၃)

ရဟန်းတို့ အခြား ရဟန်းငါးမျိုးတို့အားလည်း သံဃာသည် ပဋိသာရဏီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် လူတို့အား မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် လူတို့အား တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် လူတို့အား သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် လူကို ယုတ်မာသော စကားဖြင့် ဆဲရေး၏၊ ရှုတ်ချ၏၊ ရဟန်းတမျိုးသည် တရားနှင့်လျော်သော ဝန်ခံချက်ကို ချွတ်ယွင်းစေ၏။ ရဟန်းတို့ ဤရဟန်းငါးမျိုးတို့အား သံဃာသည် ပဋိသာရဏီယကံကို ပြုလိုက ပြုရာ၏။ (၄)

ပြုလိုက ပြုရာသော ကံလေးပါး ပြီး၏။

---

## ပဋိသာရဏီကံ၌ ကျင့်ဝတ်တဆယ့်ရှစ်ပါး

၄၀။ ရဟန်းတို့ ပဋိသာရဏီယကံ အပြုခံရသော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်။ ဤ (ဆိုလတ္တံ့သည်)ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ကျင့်ရာသော ဝတ်တည်း၊ (ဥပဇ္ဈာယ် ဆရာ ပြုလုပ်၍)ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေး မပြုစုစေရ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာစေရ၊ သမ္မုတိရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမရ၊ ပဋိသာရဏီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်ရ၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ဖြစ်စေ မရောက်ရ၊ ကံကို မကဲ့ရဲ့ရ၊ ကံပြုသောရဟန်းတို့ကို မကဲ့ရဲ့ရ၊ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍) မထားရ၊ ပဝါရဏာကို (ဆိုင်းငံ့၍) မထားရ၊ ဆိုဆုံးမခြင်းကို မပြုရ၊ အကြီးအမှူးအရာကိုမယူရ၊ အခွင့်မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ (ပကတတ်) ရဟန်းတို့နှင့် မရောယှက်ရ၊ ဤကားကျင့်ဝတ်တည်း။

ပဋိသာရဏီယကံ၌ ကျင့်ဝတ်တဆယ့်ရှစ်ပါး ပြီး၏။

၄၁။ ထိုအခါ သံဃာသည် 'သင်သည် စိတ္တသူကြွယ်ကို သည်းခံစေရမည်' ဟု သုဓမ္မရဟန်းအား ပဋိသာရဏီယကံကို ပြုလုပ်၏။ သံဃာက ပဋိသာရဏီယကံကို ပြုထားသော ကိုသုဓမ္မ ရဟန်းသည် မစ္ဆိကာသဏ္ဍာနပုဒ်သို့ သွားပြီးလျှင် မျက်နှာမသာယာသည်ဖြစ်၍ စိတ္တသူကြွယ်ကို သည်းခံစေခြင်းငါ

http://www.dhammadownload.com



မတတ်နိုင်သဖြင့် သာဝတ္ထိပြည်သို့ တဖန် ပြန်လာ၏။ ရဟန်းတို့သည် "ငါ့သျှင် သုဓမ္မ သင်သည် စိတ္တသူကြွယ်ကို သည်းခံစေအပ်ပြီလော" ဟု မေးကုန်၏။

ငါ့သျှင်တို့ အကျွန်ုပ်သည် မစ္ဆိကာသဏ္ဍနေပုဒ်သို့ သွားပြီးလျှင် မျက်နှာမသာယာသည်ဖြစ်၍ စိတ္တသူကြွယ်ကို သည်းခံစေခြင်းငှါ မတတ်နိုင်ပါ ဟု ပြောဆို၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် သုဓမ္မရဟန်းအား စိတ္တသူကြွယ်ကို သည်းခံစေရန် အဖော်တမန် ရဟန်းကို ပေးလော့။ ရဟန်းတို့ ဤသို့ ပေးရမည်။

ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ဝိနည်းသိကျွမ်းပုဒ်ဉ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် စိတ္တသူကြွယ်ကို သည်းခံစေရန် ဤမည်သော ရဟန်းကို အဖော်တမန် ရဟန်းပြု၍ သုဓမ္မရဟန်းအား ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် သုဓမ္မရဟန်းအား စိတ္တသူကြွယ်ကို သည်းခံစေရန် ဤမည်သော ရဟန်းကို အဖော်တမန် ရဟန်း ပြု၍ပေး၏၊ သုဓမ္မရဟန်းအား စိတ္တသူကြွယ်ကို သည်းခံစေရန် ဤမည်သော ရဟန်းကို အဖော် တမန် ရဟန်းပြု၍ ပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် သုဓမ္မရဟန်းအား စိတ္တသူကြွယ်ကို သည်းခံစေရန် ဤမည်သော ရဟန်းကို အဖော်တမန် ရဟန်းပြု၍ ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ် နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေ ရမည်)။

၄၂။ ရဟန်းတို့ ဤသို့ဖြစ်လျှင် သုဓမ္မရဟန်းသည် အဖော်တမန် ရဟန်းနှင့် အတူ မစ္ဆိကာသဏ္ဍ နေပုဒ်သို့ သွား၍ "သူကြွယ် သည်းခံပါ၊ သင့်ကို ကြည်သာစေပါ၏" ဟု စိတ္တသူကြွယ်ကို သည်းခံစေ ရမည်။ ဤသို့ ပြောသဖြင့် အကယ်၍ သည်းခံငြားအံ့၊ ကောင်း၏။

အကယ်၍ သည်းမခံငြားအံ့၊ အဖော်တမန် ရဟန်းသည် "သူကြွယ် ဤရဟန်းအား သည်းခံပါ၊ သင့်ကို ကြည်သာစေပါ၏" ဟု ပြောဆိုရမည်။

ဤသို့ ပြောဆိုသဖြင့် အကယ်၍ သည်းခံငြားအံ့၊ ကောင်း၏၊ အကယ်၍ သည်းမခံငြားအံ့၊ အဖော်တမန် ရဟန်းသည် "သူကြွယ် ဤရဟန်းအား သည်းခံပါ၊ ငါသည် သင့်ကို ကြည်သာစေပါ၏" ဟု ပြောဆိုရမည်။

ဤသို့ ပြောဆိုသဖြင့် အကယ်၍ သည်းခံငြားအံ့၊ ကောင်း၏၊ အကယ်၍ သည်းမခံငြားအံ့၊ အဖော်တမန် ရဟန်းသည် "သူကြွယ် ဤရဟန်းအား သံဃာ၏ စကားဖြင့် သည်းခံပါ" ဟု ပြောဆို ရမည်။

ဤသို့ ပြောဆိုသဖြင့် အကယ်၍ သည်းခံငြားအံ့၊ ကောင်း၏၊ အကယ်၍ သည်းမခံငြားအံ့၊ အဖော်တမန် ရဟန်းသည် သုဓမ္မရဟန်းကို စိတ္တသူကြွယ်၏ မြင်လောက်ရာ အရပ်ကို မစွန့်စေပဲ

http://www.dhammadownload.com



ကြားလောက်ရာ အရပ်ကို မစွန့်စေပဲ လက်ဝဲတဖက် ပခုံးထက်၌ ကေသိကို စမွယ်တင်စေကာ၊ ဆောင့်ကြောင့်ထိုင်စေပြီးလျှင် လက်အုပ်ချီစေ၍ ထိုအာပတ်ကို ပြောကြားစေရမည် 'ဒေသနာ ကြားစေရမည်' ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်သုဓမ္မသည် အဖော်တမန် ရဟန်းနှင့် အတူ မစ္ဆိကာသဏ္ဍာဇနပုဒ်သို့ သွား၍ စိတ္တသူကြွယ်ကို သည်းခံစေ၏။

ထိုသုဓမ္မရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ရဟန်းတို့ ထံသို့ ချဉ်းကပ်၍ "ငါ့သျှင်တို့ သံဃာက ပဋိသာရဏီယကံ ပြုထားသောကြောင့် အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန် တည်းဟူသော) အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု မေးလျှောက်၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် သုဓမ္မရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေလော့။

## မငြိမ်းစေအပ်သော အကြောင်း တဆယ့်ရှစ်ပါး

၄၃။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဋိသာရဏီယကံကို မငြိမ်းစေရ၊ (ထိုရဟန်းသည် ဥပဇ္ဈာယ်ဆရာပြုလုပ်၍) ပဉ္စင်းခံပေး၏၊ နိဿရည်းပေး၏၊ သာမဏေကို လုပ်ကျွေးပြုစုစေ၏၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာ၏၊ သမ္မုတိရ၍လည်း ရဟန်းမိန်းမတို့ကို ဆုံးမ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဋိသာရဏီယကံကို မငြိမ်းစေရ။

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ပဋိသာရဏီယကံကို မငြိမ်းစေရ။ ပဋိသာရဏီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ ရောက်၏၊ အလားတူ အခြားအာပတ်သို့ ဖြစ်စေ ထို့ထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ ရောက်၏၊ ကံကို ကဲ့ရဲ့၏၊ ကံပြုသော ရဟန်းတို့ကို ကဲ့ရဲ့၏။ ရဟန်းတို့ ဤအင်္ဂါငါးပါး နှင့် ပြည့်စုံသော ရဟန်းအား ပဋိသာရဏီယကံကို မငြိမ်းစေရ။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား ပဋိသာရဏီယကံကို မငြိမ်းစေရ။ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍) ထား၏၊ ပဝါရဏာကို (ဆိုင်းငံ့၍) ထား၏၊ ဆိုဆုံးမခြင်းကို ပြုလုပ်၏၊ အကြီးအမှူးအရာကို ယူ၏၊ ခွင့်တောင်း၏၊ စောဒနာ၏၊ အောက်မေ့စေ၏၊ (ပကတတ်) ရဟန်းတို့နှင့် ရောယှက်၏။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား ပဋိသာရဏီယကံကို မငြိမ်းစေရ။

ပဋိသာရဏီယကံ၌ မငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး ပြီး၏။

---

## ငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး

၄၄။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေရမည်၊ (ဥပဇ္ဈာယ် ဆရာ ပြုလုပ်၍) ပဉ္စင်းခံ မပေး၊ နိဿရည်း မပေး၊ သာမဏေကို မလုပ်ကျွေး မပြုစုစေ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ၊ သမ္မုတိ ရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေရမည်။

http://www.dhammadownload.com



ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ပဋိသာရဏီယကံကို ငြိမ်းစေရမည်။ ပဋိသာရဏီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေထို့ထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်၊ ကံကို မကဲ့ရဲ့၊ ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပဋိသာရဏီယကံ ကို ငြိမ်းစေရမည်။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေရမည်။ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍)မထား၊ ပဝါရဏာကို (ဆိုင်းငံ့၍) မထား၊ ဆိုဆုံးမခြင်းကို မပြု၊ အကြီးအမှူးအရာကို မယူ၊ ခွင့်မတောင်း၊ မစောဒနာ၊ မအောက်မေ့စေ၊ (ပကတတ်)ရဟန်းတို့နှင့် မရောယှက်။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေရမည်။

ပဋိသာရဏီယကံ၌ ငြိမ်းစေအပ်သောအကြောင်း တဆယ့်ရှစ်ပါး ပြီး၏။

၄၅။ ရဟန်းတို့ ဤသို့ ငြိမ်းစေရမည်။

ရဟန်းတို့ ထိုသုဓမ္မရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသိကို စမွယ်ဘင်၍ သီတင်းကြီးရဟန်းတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် သောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီကာ "အသျှင်ဘုရားတို့ သံဃာက ပဋိသာရဏီယကံ ပြုထားသောကြောင့် အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန် တည်းဟူသော) အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ ပဋိသာရဏီယကံ ငြိမ်းမှုကို တောင်းပါ၏" ဟု ဆိုရမည်၊ နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

**"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာက ပဋိသာရဏီယကံ ပြုထားသောကြောင့် ဤသုဓမ္မရဟန်းသည် ကောင်းစွာ ကျင့်ပါ၏၊ (မာန် တည်းဟူသော) အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ ပဋိသာရဏီယကံ ငြိမ်းမှုကို တောင်းပါ၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် သုဓမ္မရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေရာ၏။ ဤကား သိစေခြင်းတည်း။**

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာက ပဋိသာရဏီယကံ ပြုထားသောကြောင့် ဤသုဓမ္မရဟန်းသည် ကောင်းစွာ ကျင့်ပါ၏၊ (မာန် တည်းဟူသော) အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ ပဋိသာရဏီယကံ ငြိမ်းမှုကို တောင်းပါ၏၊ သံဃာသည် သုဓမ္မရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေ၏၊ သုဓမ္မရဟန်းအား ပဋိသာရဏီယကံ ငြိမ်းမှုကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

**နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။**

http://www.dhammadownload.com



အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာက ပဋိသာရဏီယကံ ပြုထားသောကြောင့် ဤသုဓမ္မရဟန်းသည် ကောင်းစွာ ကျင့်ပါ၏၊ (မာန်ကည်းဟူသော) အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ ပဋိသာရဏီယကံ ငြိမ်းမှုကို တောင်းပါ၏၊ သံဃာသည် သုဓမ္မရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေ၏၊ သုဓမ္မရဟန်းအား ပဋိသာရဏီယကံ ငြိမ်းမှုကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် သုဓမ္မရဟန်းအား ပဋိသာရဏီယကံကို ငြိမ်းစေအပ်ပြီ။ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်ဟု မိန့်တော်မူ၏)။

စတုတ္ထ ပဋိသာရဏီယကံ ပြီး၏။

---

## ၅-အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ

၄၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသျှင်ဆန္နသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို မရှုလို။

အလိုနည်းသော ရဟန်းတို့သည် "အသျှင်ဆန္နသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို အဘယ့်ကြောင့် မရှုလိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေ၍—

"ရဟန်းတို့ ဆန္နရဟန်းသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို မရှုလို ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ မလျှောက်ပတ်။ပ။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ထိုယောကျ်ားသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို အဘယ့်ကြောင့် မရှုလိုဘိသနည်း။

ရဟန်းတို့ ဤ (ဆန္နပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၎င်း။ပ။ ကဲ့ရဲ့တော်မူပြီးနောက်။ပ။ တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုလော့ ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ဤသို့ ပြုရမည်။

ရှေးဦးစွာ ဆန္နရဟန်းကို စောဒနာရမည်၊ စောဒနာပြီးနောက် အောက်မေ့စေရမည်၊ အောက်မေ့စေပြီးနောက် အာပတ်သို့ တင်ရမည်၊ အာပတ်သို့ တင်ပြီးနောက် (သိက္ခာပုဒ်၌) ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

http://www.dhammadownload.com



၄၇။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဆန္နရဟန်းသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို မရှုလို၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဆန္နရဟန်းသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို မရှုလို၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြု၏၊ ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံ ပြုခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဆန္နရဟန်းသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို မရှုလို၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြု၏၊ ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်းမရှိသော ဥက္ခေပနီယကံ ပြုခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

"ရဟန်းတို့ ဆန္နရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုအပ်ပြီ" ဟု ကျောင်းတိုက် အဆက်ဆက်သို့လည်း ပြောကြားကြကုန်လော့ ဟု (မိန့်တော်မူ၏)။

## မတရားသောကံ တဆယ့်နှစ်ပါး

၄၈။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသော ကံဖြစ်၏။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ ဝန်မခံပဲ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ကေပနီယကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်မသင့်ပဲ ပြုလုပ်ခြင်း၊ ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ပ။ မစောဒနာပဲ ပြုလုပ်ခြင်း၊ မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း။ပ။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ ဝန်မခံပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ပ။ အာပတ်မသင့်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ မစောဒနာပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း။ပ။ မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ်တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ကေပနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

**အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ကေပနီယကံ၌**
**မတရားသောကံ တဆယ့်နှစ်ပါး ပြီး၏။**

---

## တရားသောကံ တဆယ့်နှစ်ပါး

၄၉။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ကေပနီယကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံသဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ကေပနီယကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာပြေငြိမ်းသောကံ ဖြစ်၏။

ရဟန်းတို့ အခြား။ပ။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာဂါမိ ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ပ။ စောဒနာ၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း။ပ။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ ဒေသနာဂါမိဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊

http://www.dhammadownload.com



ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာပြေငြိမ်းသောကံ ဖြစ်၏။

အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌
တရားသောကံ တဆယ့်နှစ်ပါး ပြီး၏။

---

## ပြုလိုက ပြုရာသောကံ ခြောက်ပါး

၅၀။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရဏ်းကို ပြုလုပ်တတ်၏၊ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိသူ ဖြစ်၏၊ မလျော်မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နေထိုင်၏။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီး၏၊ မြင့်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ မြင့်မြတ်သော အဇ္ဈာစာရအရာ၌ အဇ္ဈာစာရ ပျက်စီး၏။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ပ။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

ရဟန်းတို့ ရဟန်းသုံးမျိုးတို့အား သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုကပြုရာ၏။

ရဟန်းတမျိုးသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရဏ်းကို ပြုလုပ်တတ်၏။

ရဟန်းတမျိုးသည် မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိသူ ဖြစ်၏၊ ရဟန်းတမျိုးသည် မလျော်မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နေထိုင်၏။

ရဟန်းတို့ ဤရဟန်းသုံးမျိုး တို့အား သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အား သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကိုပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မြင့်မြတ်သော သီလအရာ၌ သီလပျက်စီး၏၊

http://www.dhammadownload.com



ရဟန်းတမျိုးသည် မြင့်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ ရဟန်းတမျိုးသည် မြင့်မြတ်သော အယူဝါဒအရာ၌ အယူဝါဒ ပျက်စီး၏။ ရဟန်းတို့ ဤရဟန်း သုံးမျိုးတို့အား သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ပ။ ရဟန်းတမျိုးသည် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌
ပြုလိုက ပြုရသောကံ ခြောက်ပါး ပြီး၏။

---

## ကျင့်ဝတ်လေးဆယ့်သုံးပါး

၅၁။ ရဟန်းတို့ အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံ ပြုထားသော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်။ ဤ(ဆိုလတ္တံ့သည်)ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ကျင့်ရသော ကျင့်ဝတ်တည်း၊ (ထိုရဟန်းသည် ဥပဇ္ဈာယ် ဆရာ ပြုလုပ်၍)ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေး မပြုစုစေရ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရ၊ သမုတ်ရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမရ၊ သံဃာက အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံ ပြုကြောင်း ဖြစ်သော အာပတ်သို့ မရောက်ရ၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်ရ၊ ကံကို မကဲ့ရဲ့ရ၊ ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရ၊ ပကတတ် ရဟန်း၏ ရှိခိုးခြင်းကို ခရီးဦး ကြိုဆိုခြင်းကို လက်အုပ်ချီခြင်းကို အရိုအသေပြုခြင်းကို နေရာကို ရွေးရှူဆောင်ခြင်းကို ‘နေရာခင်းခြင်းကို’ အိပ်ရာကို ရွေးရှူဆောင်ခြင်းကို ‘အိပ်ရာ ခင်းခြင်းကို’ ခြေဆေးရေကို ခြေဆေး အင်းပျဉ်ကို ခြေပွတ် အိုးခြမ်းကို သပိတ်သင်္ကန်း လှမ်းယူခြင်းကို ရေချိုးရာ၌ ကျောက်ကုန်း၌ ချေးပွတ်ခြင်းကို မသာယာရ၊ ပကတတ် ရဟန်းကို သီလပျက်စီးမှုဖြင့် မစွပ်စွဲရ၊ အကျင့်ပျက်စီးမှုဖြင့် မစွပ်စွဲရ၊ အယူပျက်စီးမှုဖြင့် မစွပ်စွဲရ၊ အသက်မွေးခြင်း ပျက်စီးမှုဖြင့် မစွပ်စွဲရ၊ ရဟန်း အချင်းချင်း ကွဲပြားအောင် မပြုရ၊ လူတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဆောင်ရ၊ တိတ္ထိတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဆောင်ရ၊ တိတ္ထိတို့ကို မမှီဝဲရ၊ ရဟန်းတို့ကို မှီဝဲရမည်၊ ရဟန်းကျင့်ဝတ်၌ ကျင့်ရမည်၊ ပကတတ် ရဟန်းနှင့် အတူ တမိုးထည်းသော ကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ တမိုးထည်းသော ကျောင်း၌ရှင်း စရပ် တန်ဆောင်း စသည်၌ရှင်း မနေရ၊ ပကတတ် ရဟန်းကို မြင်လျှင် နေရာမှ ထရမည်၊ ပကတတ် ရဟန်းကို ကျောင်းတွင်း၌ရှင်း ကျောင်းပြင်၌ရှင်း မချုတ်ချယ်ရ၊ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍)မထားရ၊ ပဝါရဏာကို (ဆိုင်းငံ့၍)မထားရ၊ ဆိုဆုံးမခြင်းကို မပြုရ၊ အကြီးအမှူးအရာကို မယူရ၊ ခွင့်မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ ပကတတ် ရဟန်းတို့နှင့် မရောယှက်ရ၊ ဤကား ကျင့်ဝတ်တည်း။

အာပတ်ကိုမရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌
ကျင့်ဝတ်လေးဆယ့်သုံးပါး ပြီး၏။

http://www.dhammadownload.com



၅၂။ ထိုအခါ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြု၏။ အာပတ်ကို မရှုခြင်းကြောင့်သံဃာက ဥက္ခေပနီယကံ ပြုထားသော ထို ဆန္နရဟန်းသည် ထိုကျောင်းတိုက်မှ အခြားကျောင်းတိုက်သို့ သွားလေ၏။

ထိုကျောင်းတိုက်ရှိ ရဟန်းတို့သည် ရှိမခိုးကုန်၊ ခရီးဦး မကြိုဆိုကုန်၊ လက်အုပ်ချီမှုကို မပြုကုန်၊ ရိုသေမှုကို မပြုကုန်၊ ကောင်းစွာ မပြုစုကုန်၊ မလေးစားကုန်၊ မမြတ်နိုးကုန်၊ မပူဇော်ကုန်။

ရဟန်းတို့က ကောင်းစွာ မပြုစု မလေးစား မမြတ်နိုး မပူဇော်ကြသောကြောင့် မရိုသေမှုသည် နှိပ်စက်အပ်သည် ဖြစ်၍ ထို ဆန္နရဟန်းသည် ထိုကျောင်းတိုက်မှလည်း အခြား ကျောင်းတိုက်သို့ သွားပြန်၏။

ထိုကျောင်းတိုက်ရှိ ရဟန်းတို့ကလည်း ရှိမခိုးကုန်၊ ခရီးဦးမကြိုဆိုကုန်၊ လက်အုပ်ချီမှုကို မပြုကုန်၊ ရိုသေမှုကို မပြုကုန်၊ ကောင်းစွာ မပြုစုကုန်၊ မလေးစားကုန်၊ မမြတ်နိုးကုန်၊ မပူဇော်ကုန်။

ရဟန်းတို့သည် ကောင်းစွာ မပြုစု မလေးစား မမြတ်နိုး မပူဇော်ကြသောကြောင့် မရိုသေမှုသည် နှိပ်စက်အပ်သည် ဖြစ်၍ ထိုဆန္နရဟန်းသည် ထိုကျောင်းတိုက်မှလည်း အခြားကျောင်းတိုက်သို့ သွားပြန်၏။

ထိုကျောင်းတိုက်ရှိ ရဟန်းတို့ကလည်း ရှိမခိုးကုန်၊ လက်အုပ်ချီမှုကို မပြုကုန်၊ ရိုသေမှုကို မပြုကုန်၊ ကောင်းစွာ မပြုစုကုန်၊ မလေးစားကုန်၊ မမြတ်နိုးကုန်၊ မပူဇော်ကုန်။

ရဟန်းတို့က ကောင်းစွာ မပြုစု မလေးစား မမြတ်နိုး မပူဇော်ကြသောကြောင့် မရိုသေမှုသည် နှိပ်စက်အပ်သည် ဖြစ်၍ ထိုဆန္နရဟန်းသည် ကောသမ္ဗီသို့ တဖန် ပြန်လာ၏။

ထို ဆန္န ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန် တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏။

ရဟန်းတို့ ထံသို့ ချဉ်းကပ်၍ "ငါ့သျှင်တို့ အာပတ်ကို မရှုခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန် တည်းဟူသော) အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း"ဟု လျှောက်၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို ငြိမ်းစေလော့။

## မငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး

၅၃။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။

(ထိုရဟန်းသည် ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍) ပဉ္စင်းခံပေး၏၊ နိဿရည်း ပေး၏၊ သာမဏေကို ပြုစုလုပ်ကျွေးစေ၏၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာနှစ်သက်၏၊ သမုတ်ရ၍

http://www.dhammadownload.com



လည်း ရဟန်းမိန်းမတို့ကို ဆုံးမ၏။ ရဟန်းတို့ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (၅)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်) သံဃာက အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံ ပြုကြောင်း ဖြစ်သော အာပတ်သို့ ရောက်၏၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ဖြစ်စေ ရောက်၏၊ ကံကို ကဲ့ရဲ့၏၊ ကံပြုသောရဟန်းတို့ကို ကဲ့ရဲ့၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (၁၀)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်) ပကတတ် ရဟန်း၏ ရှိခိုးခြင်းကို ခရီးဦး ကြိုဆိုခြင်းကို လက်အုပ်ချီခြင်းကို အရိုအသေ ပြုခြင်းကို နေရာခင်းခြင်းကို သာယာ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (၁၅)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်) ပကတတ် ရဟန်း၏ အိပ်ရာခင်းခြင်းကို ခြေဆေးရေ (တည်ထားခြင်း)ကို ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်း (ထားခြင်း)ကို သပိတ် သင်္ကန်း လှမ်းယူခြင်းကို ရေချိုးရာ၌ ကျောက်ကုန်း၌ ချေးပွတ်ခြင်းကို သာယာ၏။ ရဟန်းတို့ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (၂၀)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်) ပကတတ် ရဟန်းကို သီလပျက်စီးခြင်း ဖြင့် စွပ်စွဲ၏၊ အကျင့်ပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ အယူပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ အသက်မွေးမှု ပျက်စီး ခြင်းဖြင့် စွပ်စွဲ၏၊ ရဟန်းအချင်းချင်း ကွဲပြားစေ၏၊ ဂိုဏ်းတိုက်၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံ သော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (၂၅)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်) လူတို့၏ တံဆိပ်ဖြစ်သော အဝတ်ကို ဆောင်၏ 'ဝတ်၏'၊ တိတ္ထိတို့၏ တံဆိပ်ဖြစ်သော အဝတ်ကိုဆောင်၏ 'ဝတ်၏'၊ တိတ္ထိတို့ကို မှီဝဲ၏ 'ဆည်းကပ်၏'၊ ရဟန်းတို့ကို မမှီဝဲ 'မဆည်းကပ်'၊ ရဟန်းကျင့်ဝတ်၌ မကျင့်။ ရဟန်းတို့ ဤအင်္ဂါငါးပါး နှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်း စေရ။ (၃၀)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်)ပကတတ် ရဟန်းနှင့် အတူ တမိုးထည်း သော ကျောင်း၌ နေ၏၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ နေ၏၊ တမိုးထည်းသော ကျောင်း၌ရင်း စရပ်တန်ဆောင်း စသည်၌ရင်း နေ၏၊ ပကတတ် ရဟန်းကိုမြင်လျှင် နေရာမှမထ၊

http://www.dhammadownload.com



ပကတတ် ရဟန်းကို ကျောင်းတွင်း၌ဖြင့်ပဲ ကျောင်းပြင်၌ဖြင့်ပဲ ချုတ်ချယ်၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (၃၅)

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်) ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်း၍)ထား၏၊ ပဝါရဏာကို (ဆိုင်း၍) ထား၏၊ ဆိုဆုံးမခြင်းကို ပြု၏၊ အကြီးအမှူးအရာကို ယူ၏၊ ခွင့်တောင်း၏၊ စောဒနာ၏၊ အောက်မေ့စေ၏၊ ပကတတ် ရဟန်းတို့နှင့် ရောယှက်၏။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။ (၄၃)

အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌
မငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး ပြီး၏။

---

## ငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး

၅၄။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည် ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍) ပဉ္စင်းခံမပေး၊ နိဿရည်းမပေး၊ သာမဏေကို မလုပ်ကျွေး မပြုစုစေ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်၊ သမုတ်ရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (၅)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည်) အာပတ်ကို မရှုခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်၊ အလားတူ အခြား အာပတ်သို့ ဖြစ်ခဲ့ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်သော မရောက်၊ ကံကို မကဲ့ရဲ့၊ ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (၁၀)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည်) ပကတတ် ရဟန်း၏ ရှိခိုးခြင်းကို ခရီးဦး ကြိုဆိုခြင်းကို လက်အုပ်ချီခြင်းကို ရိုသေခြင်းကို နေရာခင်းခြင်းကို မသာယာ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (၁၅)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည်) ပကတတ် ရဟန်း၏ အိပ်ရာခင်းခြင်းကို ခြေဆေးရေ (တည်ထားခြင်း)ကို ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်း (ထားခြင်း)ကို

http://www.dhammadownload.com



သပိတ် သင်္ကန်း လှမ်းယူခြင်းကို ရေချိုးရာ၌ ကျောက်ကုန်း၌ ချေးပွတ်ခြင်းကို မသာယာ။ ရဟန်းတို့ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (၂၀)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည်) ပကတတ် ရဟန်းကို သီလပျက်စီးခြင်းဖြင့် မစွပ်စွဲ၊ အကျင့်ပျက်စီးခြင်းဖြင့် မစွပ်စွဲ၊ အယူပျက်စီးခြင်းဖြင့် မစွပ်စွဲ၊ အသက်မွေးမှု ပျက်စီးခြင်းဖြင့် မစွပ်စွဲ၊ ရဟန်းအချင်းချင်း မကွဲပြားစေ ဂိုဏ်းမတိုက်။ ရဟန်းတို့ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (၂၅)

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည်)လူတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဝတ်၊ တိတ္ထိ ဂိုဏ်း၏ တံခွန်ဖြစ်သော အဝတ်ကို မဝတ်၊ တိတ္ထိတို့ကို မမှီဝဲ မဆည်းကပ်၊ ရဟန်းတို့ကို မှီဝဲ၏ ဆည်းကပ်၏၊ ရဟန်းကျင့်ဝတ်၌ ကျင့်၏။ ရဟန်းတို့ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသောရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (၃၀)

ရဟန်းတို့ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည်) ပကတတ် ရဟန်းနှင့်အတူ တမိုးထည်းသောကျောင်း၌ မနေ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေ၊ တမိုးထည်း သောကျောင်း၌ရင်း စရပ် တန်ဆောင်း စသည်၌ရင်း မနေ၊ ပကတတ် ရဟန်းကိုမြင်လျှင် နေရာမှ ထ၏၊ ပကတတ် ရဟန်းကို ကျောင်းတွင်း၌ရင်း ကျောင်းပြင်၌ရင်း မချုတ်ချယ်။ ရဟန်းတို့ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (၃၅)

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံ ကို ငြိမ်းစေရမည်။ (ထိုရဟန်းသည်)ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍)မထား၊ ပဝါရဏာကို (ဆိုင်းငံ့၍) မထား၊ ဆိုဆုံးမခြင်းကို မပြု၊ အကြီးအမှူးအရာကို မယူ၊ ခွင့်မတောင်း၊ မစောဒနာ၊ မအောက်မေ့စေ၊ (ပကတတ်)ရဟန်းတို့နှင့် မရောယှက်။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေ ရမည်။ (၄၃)

အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌
ငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး ပြီး၏။

၅၅။ ရဟန်းတို့ ဤသို့ ငြိမ်းစေရမည်။

ရဟန်းတို့ ထိုဆန္နရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲဘက် ပခုံးထက်၌ ကိုယ်ကို စမှုယ်တင်ပြီးလျှင် သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ် ချီ၍—

http://www.dhammadownload.com



"အသျှင်ဘုရားတို့ အာပတ်ကို မရှုခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန်တည်းဟူသော)အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံ ငြိမ်းခြင်းကို တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အာပတ်ကို မရှုခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော ဤဆန္နရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အာပတ်ကို မရှုခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော ဤဆန္နရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော)အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေ၏၊ ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံ ငြိမ်းမှုကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အာပတ်ကို မရှုခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော ဤဆန္နရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေ၏၊ ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံ ငြိမ်းမှုကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ် နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်ဟု မိန့်တော်မူ၏)။

ပဌမမြောက် အာပတ်ကိုမရှုခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ ပြီး၏။

http://www.dhammadownload.com



## ၆-အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ

၂၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသျှင်ဆန္နသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို မကုစားလို။

အလိုနည်းသော ရဟန်းတို့သည် "အသျှင်ဆန္နသည် အာပတ်သို့ရောက်ပြီး၍ အာပတ်ကို အဘယ့်ကြောင့် မကုစားလိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍—

"ရဟန်းတို့ ဆန္နရဟန်းသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို မကုစားလို ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ မလျောက်ပတ်။ပ။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ထိုယောကျ်ားသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို အဘယ့်ကြောင့် မကုစားလိုဘိသနည်း။ရဟန်းတို့ ဤ(ဆန္နပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူပြီးနောက်။ပ။ တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) သံဃာနှင့်အတူ တကွ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုလော့။

ရဟန်းတို့ ဤသို့ ပြုရမည်၊ ရှေးဦးစွာ ဆန္နရဟန်းကို စောဒနာရမည်၊ စောဒနာပြီးနောက် အောက်မေ့စေရမည်၊ အောက်မေ့စေပြီးနောက် အာပတ်သို့ တင်ရမည်၊ အာပတ်သို့ တင်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဆန္နရဟန်းသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို မကုစားလို၊ သံဃာအား လျောက်ပတ်သော အခါ ရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော)သံဃာနှင့် အတူတကွ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဆန္နရဟန်းသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို မကုစားလို၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော)သံဃာနှင့် အတူပါကွ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြု၏။

ဆန္န ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) သံဃာနှင့်အတူတကွ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံ ပြုလုပ်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဆန္နရဟန်းသည် အာပတ်သို့ ရောက်ပြီး၍ အာပတ်ကို မကုစားလို၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) သံဃာနှင့် အတူတကွ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြု၏၊ ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) သံဃာနှင့် အတူတကွ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံ ပြုလုပ်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) သံဃာနှင့် အတူတကွ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်” ဟု (သိစေရမည်)။

ရဟန်းတို့ “ဆန္န ရဟန်းကို အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) သံဃာနှင့် အတူတကွ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုအပ်ပြီ” ဟု ကျောင်းတိုက် အဆက်ဆက်သို့လည်း ပြောကြားကုန်လော့ဟု (မိန့်တော်မူ၏)။

## ဥက္ခေပနီယကံ၌ မတရားသောကံ တဆယ့်နှစ်ပါး

၅၇။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ ဝန်မခံပဲ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော)ဥက္ခေပနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့်ပြည့်စုံသော အာပတ်ကို မကုစားခြင်းကြောင့်(ပြုအပ်သော) ဥက္ခေပနီယကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်မသင့်ပဲ ပြုလုပ်ခြင်း၊ ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ပ။ မစောဒနာပဲ ပြုလုပ်ခြင်း၊ မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း။ပ။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ ဝန်မခံပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ အာပတ်မသင့်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ မစောဒနာပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ မအောက်မေ့စေပဲ ပြုလုပ်ခြင်း

http://www.dhammadownload.com



မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ်တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ကေပနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော ဥက္ကေပနီယကံ၌
မတရားသောကံ တဆယ်နှစ်ပါး ပြီး၏။

---

## တရားသောကံ တဆယ့်နှစ်ပါး

၅၈။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ကေပနီယကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံသဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ကေပနီယကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့်ပြည့်စုံသော အာပတ်ကို မကုစားခြင်းကြောင့်(ပြုအပ်သော) ဥက္ကေပနီယကံသည်လည်း တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာဂါမိ ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ပ။ စောဒနာ၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း။ပ။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ ဒေသနာဂါမိ ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရား သဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ကေပနီယကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။

အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော ဥက္ကေပနီယကံ၌
တရားသောကံ တဆယ့်နှစ်ပါး ပြီး၏။

---

## ဥက္ကေပနီယကံ၌ ပြုလိုက ပြုရသောကံ ခြောက်ပါး

၅၉။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ကေပနီယကံကို ပြုလိုက ပြုရာ၏။ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက်

http://www.dhammadownload.com



ဆန့်ကျင်ဖက် ပြောကြား စကားများ၌ သံဃာ၌ အဓိကရုဏ်းကို ပြုလုပ်တတ်၏၊ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိသူ ဖြစ်၏၊ မလျော် မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နေထိုင်၏။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော)ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မကုစားခြင်းကြောင့်(ပြုအပ်သော)ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ လွန်မြတ်သော သီလအရာ၌ သီလပျက်စီး၏၊ လွန်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ လွန်မြတ်သော အယူဝါဒအရာ၌ အယူဝါဒ ပျက်စီး၏။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

ရဟန်းတို့ ရဟန်းသုံးမျိုးတို့အား သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၌ သံဃာ၌ အဓိကရုဏ်းကို ပြုလုပ်တတ်၏၊ ရဟန်းတမျိုးသည် မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိသူဖြစ်၏၊ ရဟန်းတမျိုးသည် မလျော် မလျောက်ပတ်သော လူသူ ဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နေထိုင်၏။ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် လွန်မြတ်သော သီလအရာ၌ သီလပျက်စီး၏၊ ရဟန်းတမျိုးသည် လွန်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ ရဟန်းတမျိုးသည် လွန်မြတ်သော အယူဝါဒအရာ၌ အယူဝါဒ ပျက်စီး၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မြတ်စွာဘုရာ ၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။

**အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌ ပြုလိုက ပြုရသောကံ ခြောက်ပါး ပြီး၏။**

http://www.dhammadownload.com



## ကျင့်ဝတ် လေးဆယ့်သုံးပါး

၆၀။ ရဟန်းတို့ အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခေပနီယကံ ပြုအပ်သော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်။ ဤ(ဆိုလတ္တံ့သည်) ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ကျင့်ရသော ကျင့်ဝတ်တည်း၊ (ထိုရဟန်းသည် ဥပဇ္ဈာယ် ဆရာပြုလုပ်၍) ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေး မပြုစုစေရ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရ၊ သမ္မုတိရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမရ၊ သံဃာက အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခေပနီယကံပြုကြောင်းဖြစ်သော အာပတ်သို့မရောက်ရ၊ အလားတူ အခြားအာပတ်သို့ ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်ရ၊ ကံကို မကဲ့ရဲ့ရ၊ ကံပြုသောရဟန်းတို့ကို မကဲ့ရဲ့ရ၊ ပကတတ်ရဟန်း၏ ရှိခိုးခြင်းကို ခရီးဦးကြိုဆိုခြင်းကို လက်အုပ်ချီခြင်းကို အရိုအသေပြုခြင်းကို နေရာကို ရွေးရှူဆောင်ခြင်းကို နေရာခင်းခြင်းကို အိပ်ရာကို ရွေးရှူဆောင်ခြင်းကို အိပ်ရာခင်းခြင်းကို ခြေဆေးရေကို ခြေဆေးအင်းပျဉ်ခြေပွတ်အိုးခြမ်းကို သပိတ် သင်္ကန်း လှမ်းယူခြင်းကို ရေချိုးရာ၌ ကျောက်ကုန်း၌ ချေးပွတ်ခြင်းကို မသာယာရ၊ ပကတတ်ရဟန်းကို သီလပျက်စီးမှုဖြင့် မစွပ်စွဲရ၊ အကျင့်ပျက်စီးမှုဖြင့် မစွပ်စွဲရ၊အယူဝါဒပျက်စီးမှုဖြင့် မစွပ်စွဲရ၊အသက်မွေးခြင်းပျက်စီးမှုဖြင့် မစွပ်စွဲရ၊ ရဟန်းအချင်းချင်း ကွဲပြားအောင် မပြုရ 'ဂိုဏ်းမတိုက်ရ၊ လူတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဆောင်ရ၊ တိတ္ထိတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဆောင်ရ၊ တိတ္ထိတို့ကိုမမှီဝဲရ၊ ရဟန်းတို့ကိုမှီဝဲရမည်၊ ရဟန်းကျင့်ဝတ်၌ ကျင့်ရမည်၊ ပကတတ် ရဟန်းနှင့် အတူ တမိုးထည်းသော ကျောင်း၌မနေရ၊ တမိုးထည်းသော စရပ်တန်ဆောင်းစသည်၌မနေရ၊ တမိုးထည်းသောကျောင်း၌ရင်း စရပ်တန်ဆောင်း စသည်၌ရင်း မနေရ၊ ပကတတ်ရဟန်းကို မြင်လျှင် နေရာမှထရမည်၊ ပကတတ်ရဟန်းကို ကျောင်းတွင်း၌ရင်း ကျောင်းပြင်၌ရင်း မချုတ်ချယ်ရ၊ ပကတတ်ရဟန်း၏ ဥပုသ်ကို (ဆိုင်း‌ငံ့၍) မထားရ၊ ပဝါရဏာကို (ဆိုင်းငံ့၍)မထားရ၊ ဆိုဆုံးမခြင်းကို မပြုရ၊ အကြီးအမှူးအရာကို မယူရ၊ ခွင့်မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ (ပကတတ်) ရဟန်းတို့နှင့် မရောယှက်ရ၊ (ဤကား ကျင့်ဝတ်တည်း)။

အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌
ကျင့်ဝတ်လေးဆယ့်သုံးပါး ပြီး၏။

၆၁။ ထိုအခါ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) သံဃာနှင့် အတူ သုံးဆောင်ခြင်းမရှိသော ဥက္ခေပနီယကံကို ပြု၏၊ အာပတ်ကို မကုစားခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော ထိုဆန္နရဟန်းသည် ထိုကျောင်းတိုက်မှ အခြားကျောင်းတိုက်သို့ သွား၏။

ထိုကျောင်းတိုက်ရှိ ရဟန်းတို့သည် ရှိမခိုးကုန်၊ ခရီးဦးမကြိုဆိုကုန်၊ လက်အုပ်ချီမှုကို မပြုကုန်၊ ရိုသေမှုကိုမပြုကုန်၊ ကောင်းစွာမပြုစု မလေးစားကုန်၊ မမြတ်နိုးကုန်၊ မပူဇော်ကုန်။

ရဟန်းတို့က ကောင်းစွာမပြုစု မလေးစားကြ မမြတ်နိုး မပူဇော်ကြသောကြောင့် မရိုသေမှုသည် နှိပ်စက်အပ်သည်ဖြစ်၍ ထိုဆန္နရဟန်းသည် ထိုကျောင်းတိုက်မှလည်း အခြားကျောင်းတိုက်သို့ သွားပြန်၏။

ထိုကျောင်းတိုက်ရှိ ရဟန်းတို့ကလည်း ရှိမခိုးကုန်၊ ခရီးဦးမကြိုဆိုကုန်၊ လက်အုပ်ချီမှုကို မပြုကုန်၊ ရိုသေမှုကို မပြုကုန်၊ ကောင်းစွာ မပြုစု မလေးစားကုန်၊ မမြတ်နိုးကုန် ၊မပူဇော်ကုန်။

http://www.dhammadownload.com



ရဟန်းတို့သည် ကောင်းစွာ မပြုစု မလေးစားကြ မမြတ်နိုးမပူဇော်ကြသောကြောင့် မရိုသေမှုသည် နိုပ်စက်အပ်သည်ဖြစ်၍ ထိုဆန္နရဟန်းသည် ထိုကျောင်းတိုက်မှလည်း အခြားကျောင်းတိုက်သို့ သွားပြန်၏။

ထိုကျောင်းတိုက်ရှိ ရဟန်းတို့ကလည်း ရှိမခိုးကုန်၊ ခရီးဦးမကြိုဆိုကုန်၊ လက်အုပ်ချီမှုကို မပြုကုန်၊ ရိုသေမှုကိုမပြုကုန်၊ ကောင်းစွာမပြုစုကုန်၊ မလေးစားကုန်၊ မမြတ်နိုးကုန်၊ မပူဇော်ကုန်။

ရဟန်းတို့က ကောင်းစွာ မပြုစု မလေးစားကြ မမြတ်နိုး မပူဇော်ကြသောကြောင့် မရိုသေမှုသည် နှိပ်စက်အပ်သည်ဖြစ်၍ ထိုဆန္နရဟန်းသည် ကောသမ္ဗီသို့ တဖန် ပြန်လာ၏။

ထိုဆန္နရဟန်းသည် ကောင်းစွာ ကျင့်၏ ၊(မာန်တည်းဟူသော)အမွေးကိုချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ရဟန်းတို့သို့ ချဉ်းကပ်၍—

"ငါ့သျှင်တို့ အာပတ်ကို မကုစားခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန်တည်းဟူသော)အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု မေး၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို ငြိမ်းစေလော့။

## မငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး

၆၂။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည် ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍) ပဉ္စင်းခံပေး၏၊ နိဿရည်းပေး၏၊ သာမဏေကို ပြုစုလုပ်ကျွေးစေ၏၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာနှစ်သက်၏၊ သမ္မုတိရ၍လည်း ရဟန်းမိန်းမတို့ကို ဆုံးမ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို မငြိမ်းစေရ။ ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို မငြိမ်းစေရ။ သံဃာက အာပတ်ကို မကုစားခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ ရောက်၏၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ ရောက်၏၊ ကံကို ကဲ့ရဲ့၏၊ ကံပြုသော ရဟန်းတို့ကို ကဲ့ရဲ့၏။ပ။ ပကတတ် ရဟန်း၏ ရှိခိုးခြင်းကို ခရီးဦး ကြိုဆိုခြင်းကို လက်အုပ်ချီခြင်းကို အရိုအသေပြုခြင်းကို နေရာခင်းခြင်းကို သာယာနှစ်သက်၏။ပ။ပကတတ်ရဟန်း၏ အိပ်ရာခင်းခြင်းကို ခြေဆေးရေ (တည်ထားခြင်း)ကို ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်းကို သပိတ် သင်္ကန်း လှမ်းယူခြင်းကို ရေချိုးရာ၌ ကျောက်ကုန်း၌ ချေးပွတ်မှုကို သာယာနှစ်သက်၏။ပ။ ပကတတ် ရဟန်းကို သီလပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ အကျင့်ပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ အယူပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ အသက်မွေးမှု ပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ ရဟန်း အချင်းချင်း ကွဲပြားစေ၏။ပ။ လူတို့၏ တံခွန်ဖြစ်သော အဝတ်ကို ဆောင်၏၊ တိတ္ထိတို့၏ တံခွန်ဖြစ်သော အဝတ်ကို ဆောင်၏၊ တိတ္ထိတို့ကို မှီဝဲဆည်းကပ်၏၊ ရဟန်းတို့ကို မမှီဝဲ မဆည်းကပ်၊ ရဟန်းကျင့်ဝတ်၌ မကျင့်။ပ။

http://www.dhammadownload.com



## ကျင့်ဝတ် လေးဆယ့်သုံးပါး

၆၀။ ရဟန်းတို့ အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခေပနီယကံ ပြုအပ်သော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်။ ဤ(ဆိုလတ္တံ့သည်) ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ကျင့်ရာသော ကျင့်ဝတ်တည်း၊ (ထိုရဟန်းသည် ဥပဇ္ဈာယ် ဆရာပြုလုပ်၍) ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေး မပြုစုစေရ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရ၊ သမ္မုတိရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမရ၊ သံဃာက အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခေပနီယကံပြုကြောင်းဖြစ်သော အာပတ်သို့မရောက်ရ၊ အလားတူ အခြားအာပတ်သို့ ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်ရ၊ ကံကို မကဲ့ရဲ့ရ၊ ကံပြုသောရဟန်းတို့ကို မကဲ့ရဲ့ရ၊ ပကတတ်ရဟန်း၏ ရှိခိုးခြင်းကို ခရီးဦးကြိုဆိုခြင်းကို လက်အုပ်ချီခြင်းကို အရိုအသေပြုခြင်းကို နေရာကို ရွေ့ရှုဆောင်ခြင်းကို နေရာခင်းခြင်းကို အိပ်ရာကို ရွေးရှုဆောင်ခြင်းကို အိပ်ရာခင်းခြင်းကို ခြေဆေးရေကို ခြေဆေးအင်းပျဉ်ခြေပွတ်အိုးခြမ်းကို သပိတ် သင်္ကန်း လှမ်းယူခြင်းကို ရေချိုးရာ၌ ကျောက်ကုန်း၌ ချေးပွတ်ခြင်းကို မသာယာရ၊ ပကတတ်ရဟန်းကို သီလပျက်စီးမှုဖြင့် မစွပ်စွဲရ၊ အကျင့်ပျက်စီးမှုဖြင့် မစွပ်စွဲရ၊အယူဝါဒပျက်စီးမှုဖြင့် မစွပ်စွဲရ၊အသက်မွေးခြင်းပျက်စီးမှုဖြင့် မစွပ်စွဲရ၊ ရဟန်းအချင်းချင်း ကွဲပြားအောင် မပြုရ ဂိုဏ်းမတိုက်ရ၊ လူတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဆောင်ရ၊ တိတ္ထိတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဆောင်ရ၊ တိတ္ထိတို့ကိုမမှီဝဲရ၊ ရဟန်းတို့ကိုမှီဝဲရမည်၊ ရဟန်းကျင့်ဝတ်၌ ကျင့်ရမည်၊ ပကတတ် ရဟန်းနှင့် အတူ တမိုးထည်းသော ကျောင်း၌မနေရ၊ တမိုးထည်းသော စရပ်တန်ဆောင်းစသည်၌မနေရ၊ တမိုးထည်းသောကျောင်း၌ရင်း စရပ်တန်ဆောင်း စသည်၌ရင်း မနေရ၊ ပကတတ်ရဟန်းကို မြင်လျှင် နေရာမှထရမည်၊ ပကတတ်ရဟန်းကို ကျောင်းတွင်း၌ရင်း ကျောင်းပြင်၌ရင်း မချုတ်ချယ်ရ၊ ပကတတ်ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍) မထားရ၊ ပဝါရဏာကို (ဆိုင်းငံ့၍)မထားရ၊ ဆိုဆုံးမခြင်းကို မပြုရ၊ အကြီးအမှူးအရာကို မယူရ၊ ခွင့်မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ (ပကတတ်) ရဟန်းတို့နှင့် မရောယှက်ရ၊ (ဤကား ကျင့်ဝတ်တည်း)။

**အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌**
**ကျင့်ဝတ်လေးဆယ့်သုံးပါး ပြီး၏။**

၆၁။ ထိုအခါ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) သံဃာနှင့် အတူ သုံးဆောင်ခြင်းမရှိသော ဥက္ခေပနီယကံကို ပြု၏၊ အာပတ်ကို မကုစားခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော ထိုဆန္နရဟန်းသည် ထိုကျောင်းတိုက်မှ အခြားကျောင်းတိုက်သို့ သွား၏။

ထိုကျောင်းတိုက်ရှိ ရဟန်းတို့သည် ရှိမခိုးကုန်၊ ခရီးဦးမကြိုဆိုကုန်၊ လက်အုပ်ချီမှုကို မပြုကုန်၊ ရိုသေမှုကိုမပြုကုန်၊ ကောင်းစွာမပြုစု မလေးစားကုန်၊ မမြတ်နိုးကုန်၊ မပူဇော်ကုန်။

ရဟန်းတို့က ကောင်းစွာမပြုစု မလေးစားကြ မမြတ်နိုး မပူဇော်ကြသောကြောင့် မရိုသေမှုသည် နှိပ်စက်အပ်သည်ဖြစ်၍ ထိုဆန္နရဟန်းသည် ထိုကျောင်းတိုက်မှလည်း အခြားကျောင်းတိုက်သို့ သွားပြန်၏။

ထိုကျောင်းတိုက်ရှိ ရဟန်းတို့ကလည်း ရှိမခိုးကုန်၊ ခရီးဦးမကြိုဆိုကုန်၊ လက်အုပ်ချီမှုကို မပြုကုန်၊ ရိုသေမှုကို မပြုကုန်၊ ကောင်းစွာ မပြုစု မလေးစားကုန်၊ မမြတ်နိုးကုန် ၊မပူဇော်ကုန်။

http://www.dhammadownload.com



ရဟန်းတို့သည် ကောင်းစွာ မပြုစု မလေးစားကြ မမြတ်နိုးမပူဇော်ကြသောကြောင့် မရိုသေမှုသည် နှိပ်စက်အပ်သည်ဖြစ်၍ ထိုဆန္နရဟန်းသည် ထိုကျောင်းတိုက်မှလည်း အခြားကျောင်းတိုက်သို့ သွားပြန်၏။

ထိုကျောင်းတိုက်ရှိ ရဟန်းတို့ကလည်း ရှိမခိုးကုန်၊ ခရီးဦးမကြိုဆိုကုန်၊ လက်အုပ်ချီမှုကို မပြုကုန်၊ ရိုသေမှုကိုမပြုကုန်၊ ကောင်းစွာမပြုစုကုန်၊ မလေးစားကုန်၊ မမြတ်နိုးကုန်၊ မပူဇော်ကုန်။

ရဟန်းတို့က ကောင်းစွာ မပြုစု မလေးစားကြ မမြတ်နိုး မပူဇော်ကြသောကြောင့် မရိုသေမှုသည် နှိပ်စက်အပ်သည်ဖြစ်၍ ထိုဆန္နရဟန်းသည် ကောသမ္ဗီသို့ တဖန် ပြန်လာ၏။

ထိုဆန္နရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ရဟန်းတို့သို့ ချဉ်းကပ်၍—

"ငါ့သျှင်တို့ အာပတ်ကို မကုစားခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန်တည်းဟူသော)အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု မေး၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို ငြိမ်းစေလော့။

## မငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး

၆၂။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည် ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍) ပဉ္စင်းခံပေး၏၊ နိဿရည်းပေး၏၊ သာမဏေကို ပြုစုလုပ်ကျွေးစေ၏၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာနှစ်သက်၏၊ သမ္မုတိရ၍လည်း ရဟန်းမိန်းမတို့ကို ဆုံးမ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို မငြိမ်းစေရ။ ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို မငြိမ်းစေရ။ သံဃာက အာပတ်ကို မကုစားခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ ရောက်၏၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ ရောက်၏၊ ကံကို ကဲ့ရဲ့၏၊ ကံပြုသော ရဟန်းတို့ကို ကဲ့ရဲ့၏။ပ။ ပကတတ် ရဟန်း၏ ရှိခိုးခြင်းကို ခရီးဦး ကြိုဆိုခြင်းကို လက်အုပ်ချီခြင်းကို အရိုအသေပြုခြင်းကို နေရာခင်းခြင်းကို သာယာနှစ်သက်၏။ပ။ပကတတ်ရဟန်း၏ အိပ်ရာခင်းခြင်းကို ခြေဆေးရေ (တည်ထားခြင်း)ကို ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်းကို သပိတ် သင်္ကန်း လှမ်းယူခြင်းကို ရေချိုးရာ၌ ကျောက်ကုန်း၌ ချေးပွတ်မှုကို သာယာနှစ်သက်၏။ပ။ ပကတတ် ရဟန်းကို သီလပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ အကျင့်ပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ အယူပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ အသက်မွေးမှု ပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ ရဟန်း အချင်းချင်း ကွဲပြားစေ၏။ပ။ လူတို့၏ တံခွန်ဖြစ်သော အဝတ်ကို ဆောင်၏၊ တိတ္ထိတို့၏ တံခွန်ဖြစ်သော အဝတ်ကို ဆောင်၏၊ တိတ္ထိတို့ကို မှီဝဲဆည်းကပ်၏၊ ရဟန်းတို့ကို မမှီဝဲ မဆည်းကပ်၊ ရဟန်းကျင့်ဝတ်၌ မကျင့်။ပ။

http://www.dhammadownload.com



ပကာတတ် ရဟန်းနှင့် အတူ တမိုးထည်းသော ကျောင်း၌ နေ၏၊ တမိုးထည်းသော စရပ်တန်ဆောင်း စသည်၌ နေ၏၊ တမိုးထည်းသော ကျောင်း၌ရှင်း စရပ် တန်ဆောင်း စသည်၌ရှင်း နေ၏၊ ပကာတတ် ရဟန်းကို မြင်၍ နေရာမှ မထ၊ ပကာတတ် ရဟန်းကို ကျောင်းတွင်း၌ရှင်း ကျောင်းပြင်၌ရှင်း ချုတ်ချယ်၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်း ကြောင့် ပြုထားသော ဥက္ခေပနီယကံကို မငြိမ်းစေရ။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထား သော) ဥက္ခေပနီယကံကို မငြိမ်းစေရ။ ပကာတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍) ထား၏၊ ပဝါ ရဏာကို (ဆိုင်းငံ့၍) ထား၏၊ ဆိုဆုံးမခြင်းကို ပြု၏၊ အကြီးအမှူးအရာကို ယူ၏၊ ခွင့်တောင်း၏၊ စောဒနာ၏၊ အောက်မေ့စေ၏၊ (ပကာတတ်) ရဟန်းတို့နှင့် ရောယှက်၏။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော)ဥက္ခေပနီယကံကို မငြိမ်း စေရ။

အာပတ်ကိုမကုစားခြင်းကြောင့် ပြုအပ်သောဥက္ခေပနီယကံ၌
မငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါးပြီး၏။

---

## ငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး

၆၃။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည် ဥပဇ္ဈာယ်ဆရာပြုလုပ်၍) ပဉ္စင်း ခံမပေး၊ နိဿရည်း မပေး၊ သာမဏေကို မလုပ်ကျွေး မပြုစုစေ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ် ခြင်းကိုလည်း မသာယာ မနှစ်သက်၊ သမုတ်ခံရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း အာပတ်ကို မကုစားခြင်း ကြောင့် (ပြုထားသော)ဥက္ခေပနီယကံ ကို ငြိမ်းစေရမည်။ အာပတ်ကို မကုစားခြင်းကြောင့် သံဃာက ပြုထားသော ဥက္ခေပနီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်၊ အလားတူ အခြား အာပတ် သို့ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ဖြစ်စေ မရောက်၊ကံကို မကဲ့ရဲ့၊ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့။ပ။ ပကာတတ် ရဟန်း၏ ရှိခိုးခြင်းကို ခရီးဦး ကြိုဆိုခြင်းကို လက်အုပ်ချီမှုကို ရိုသေမှုကို နေရာ ခင်းခြင်းကို မသာယာ ။ပ။ ပကာတတ် ရဟန်း၏ အိပ်ရာခင်းခြင်းကို ခြေဆေးရေ (တည်ထားခြင်း) ကို ခြေဆေး အင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်းကို သပိတ်သင်္ကန်း လှမ်းယူခြင်းကို ရေချိုးရာ၌ ကျောက်ကုန်း၌ ချေးပွတ်ခြင်းကို မသာယာ။ပ။ ပကာတတ် ရဟန်းကို သီလပျက်စီးခြင်းဖြင့် မစွပ်စွဲ၊ အကျင့်ပျက်စီးခြင်းဖြင့် မစွပ်စွဲ၊ အယူ ပျက်စီးခြင်းဖြင့် မစွပ်စွဲ၊ အသက်မွေးမှု ပျက်စီးခြင်းဖြင့် မစွပ်စွဲ၊ ရဟန်းအချင်းချင်း မကွဲပြားစေ။ပ။ လူတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဝတ်၊ တိတ္ထိတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဝတ်၊ တိတ္ထိတို့ကို မမှီဝဲ မဆည်းကပ်၊ ရဟန်းတို့ကို မှီဝဲ ဆည်းကပ်၏၊ ရဟန်း ကျင့်ဝတ်၌ ကျင့်၏။ပ။ ပကာတတ် ရဟန်းနှင့်အတူ တမိုးထည်းသောကျောင်း၌ မနေ၊ တမိုး ထည်းသော စရပ် တန်ဆောင်းစသည်၌မနေ၊ တမိုးထည်းသောကျောင်း၌ရှင်း စရပ် တန်ဆောင်း

http://www.dhammadownload.com



စသည်၌ရှင်း မနေ၊ ပကတတ် ရဟန်းကို မြင်လျှင် နေရာမှ ထ၏၊ ပကတတ် ရဟန်းကို ကျောင်းတွင်း၌ရှင်း ကျောင်းပြင်၌ရှင်း မချုတ်ချယ်။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို ငြိမ်းစေရမည်။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ ပကတတ် ရဟန်း၏ ဉပုသ်ကို (ဆိုင်းငံ့၍) မထား။ ပဝါရဏာကို (ဆိုင်းငံ့၍) မထား၊ ဆိုဆုံးမခြင်းကို မပြု၊ အကြီးအမှူးအရာကို မယူ၊ ခွင့်မတောင်း၊ မစောဒနာ၊ မအောက်မေ့စေ၊ (ပကတတ်) ရဟန်းတို့နှင့် မရောယှက်။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။

အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌
ငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး ပြီး၏။

၆၄။ ရဟန်းတို့ ဤသို့ ငြိမ်းစေရမည်။

ရဟန်းတို့ သို့ဖြစ်လျှင် ဆန္နရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသိကို စမ္ပယ်တင်ပြီးလျှင် သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီကာ—

"အသျှင်ဘုရားတို့ အာပတ်ကို မကုစားခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော အကျွန်ုပ်သည် ကောင်းစွာကျင့်ပါ၏၊ (မာန်တည်းဟူသော) အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်းပါ၏" ဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အာပတ်ကို မကုစားခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုအပ်သော ဤဆန္နရဟန်းသည် ကောင်းစွာကျင့်၏၊ (မာန် တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အာပတ်ကို မကုစားခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုအပ်သော ဤဆန္နရဟန်းသည် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော)ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေပနီယကံကို ငြိမ်းစေ၏၊ ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုထားသော) ဥက္ခေ

http://www.dhammadownload.com



ပနီယကံ ငြိမ်းမှုကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အာပတ်ကို မကုစားခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုအပ်သော ဤဆန္နရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကိုငြိမ်းစေ၏၊ ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံ ငြိမ်းမှုကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဆန္နရဟန်းအား အာပတ်ကို မကုစားခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ငြိမ်းစေအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်ဟု မိန့်တော်မူ၏)။

ဆဋ္ဌမြောက် အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော
ဥက္ခေပနီယကံ ပြီး၏။

---

## ၇။ ယုတ်မာသောအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ

၆၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌအမည်ရှိသော ရဟန်းအား“(ဈာန်မဂ်ဖိုလ်၏)အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ဈာန်မဂ်ဖိုလ်၏)အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်” ဟု ယုတ်မာသော မိစ္ဆာအယူသည် ဖြစ်၏။

များစွာသော ရဟန်းတို့သည် “လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌအမည်ရှိသော ရဟန်းအား ‘(ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်’ ဟု ယုတ်မာသော မိစ္ဆာအယူသည် ဖြစ်၏”ဟု ကြားကြသည်သာတည်း။

ထိုအခါ ထိုရဟန်းတို့သည် လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌ အမည်ရှိသော ရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌ အမည်ရှိသော ရဟန်းအား—

“ငါ့သျှင် အရိဋ္ဌ သင့်အား (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည်

http://www.dhammadownload.com



မှိုဝဲသောသူအား (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင် ဟု ယုတ်မာသော မိစ္ဆာအယူ ဖြစ်၏ ဟူသည် မှန်သလော” ဟု မေးကြကုန်၏။

“ငါ့သျှင်တို့ ကြားသည့်အတိုင်း မှန်ပေ၏၊ (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့် အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ဈာန်မဂ်ဖိုလ်၏)အ န္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ”ဟု (ဆို၏)။

ငါ့သျှင် အရိဋ္ဌ ဤသို့ မဆိုပါလင့်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ။

ငါ့သျှင် အရိဋ္ဌ များစွာသော အကြောင်းဖြင့် မြတ်စွာဘုရားသည် (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု ဟောတော်မူ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း။

မြတ်စွာဘုရားသည် ကာမဂုဏ်တို့ကို သာယာဖွယ် နည်းကုန်၏၊ ဆင်းရဲများကုန်၏၊ ပူဆွေးခြင်းများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောတော်မူ၏။ မြတ်စွာဘုရားသည် ကာမဂုဏ်တို့ကို အသားမကပ်သော အရိုးနှင့် တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပူဆွေးခြင်း များကုန်၏။ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောတော်မူ၏။ သားတစ်နှင့် တူကုန်၏ ဟူ၍ငြင်း။ပ။ မြက်မီးရှူးနှင့် တူကုန်၏ ဟူ၍ငြင်း။ မီးကျီးတွင်းနှင့် တူကုန်၏ ဟူ၍ငြင်း။အိပ်မက်နှင့် တူကုန်၏ ဟူ၍ငြင်း။ အငှါးပစ္စည်းနှင့် တူကုန်၏ ဟူ၍ငြင်း။ အသီးရှိသော အပင်နှင့် တူကုန်၏ ဟူ၍ငြင်း။ပ။ စဉ်းတီတုံးနှင့် တူကုန်၏ ဟူ၍ငြင်း။ လှံတံကျင်နှင့် တူကုန်၏ ဟူ၍ငြင်း။ မြွေဦးခေါင်းနှင့် တူကုန်၏ ဟူ၍ငြင်း။ ဟောတော်မူ၏။ မြတ်စွာဘုရားသည် ကာမဂုဏ်တို့ကို ဆင်းရဲများကုန်၏၊ ပူဆွေးခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောတော်မူ၏ ဟု (ပြောဆိုကုန်၏)။

လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းသည် ဤသို့ ထိုရဟန်းတို့က ပြောဆိုပါသော်လည်း—

“ငါ့သျှင်တို့ ကြားသည့်အတိုင်း မှန်ပေ၏၊ (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရားဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ” ဟု ထိုရှေးအတူသာလျှင် ထိုယုတ်မာသော မိစ္ဆာအယူကို အစွမ်းကုန် မှားသောအားဖြင့် သုံးသပ်ကာ စွဲစွဲမြဲမြဲ ပြောဆို၏။

ထိုရဟန်းတို့သည် လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား ယုတ်မာသော ထိုမိစ္ဆာအယူမှ လွတ်စေခြင်းငှါမတတ်နိုင်ကြသောအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေ၍ လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား “အရိဋ္ဌ သင့်အား(ဈာန်မဂ်ဖိုလ်၏)အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား(ဈာန်မဂ်ဖိုလ်၏)အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင် ဟု ယုတ်မာသော မိစ္ဆာအယူ ဖြစ်၏ ဟူသည် မှန်သလော” ဟု စိစစ်မေးမြန်းတော်မူ၏။

အသျှင်ဘုရား ကြားတော်မူသည့်အတိုင်း မှန်ပါ၏၊ (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း သိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ငါသည် အဘယ်သူအား ဤသို့ တရားဟောတော်မူသည်ကို သင်သိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟူ၍ ဟောတော်မူသည် မဟုတ်ပါလော၊ ထိုတရားတို့သည် မှီဝဲသော ရဟန်းအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း။

ငါသည် ကာမဂုဏ်တို့ကို သာယာဖွယ် နည်းကုန်၏၊ ဆင်းရဲများကုန်၏၊ ပူဆွေးခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောတော်မူ၏၊ ငါသည် ကာမဂုဏ်တို့ကို အသားမကပ်သော အရိုးနှင့် တူကုန်၏ ဟူ၍ရင်း။ပ။ သားတစ်နှင့် တူကုန်၏ ဟူ၍ရင်း။ပ။ မြက်မီးရှူးနှင့် တူကုန်၏ ဟူ၍ရင်း။ မီးကျီးတွင်းနှင့် တူကုန်၏ဟူ၍ရင်း။ အိပ်မက်နှင့် တူကုန်၏ ဟူ၍ရင်း။ အငှါးပစ္စည်းနှင့် တူကုန်၏ ဟူ၍ရင်း။ အသီးရှိသော အပင်နှင့် တူကုန်၏ ဟူ၍ရင်း။ စဉ်းတီးတုံးနှင့် တူကုန်၏ ဟူ၍ရင်း။ လှံတံကျင်နှင့် တူကုန်၏ ဟူ၍ရင်း။ မြွေဦးခေါင်းနှင့် တူကုန်၏ဟူ၍ရင်း ဟောတော်မူ၏၊ ငါသည် ကာမဂုဏ်တို့ကို သာယာဖွယ် နည်းကုန်၏၊ ဆင်းရဲများကုန်၏၊ ပူဆွေးခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောတော်မူသည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ ငါဟောထားပါလျက် သင်သည် မိမိ၏ မကောင်းသော စွဲယူခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲဘိ၏၊ မိမိကိုယ်ကိုလည်း တူးဖို့ဖျက်ဆီးဘိ၏၊ အကုသိုလ် တရားကိုလည်း များစွာ ပွါးစေဘိ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား သင့်အား ထိုယုတ်မာသော မိစ္ဆာအယူသည် ကာလရှည်မြင့်စွာ အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်လတ္တံ့။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ဟု ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့အား—

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် သံဃာနှင့်အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုလော့ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ပြုရမည်၊ ရှေးဦးစွာ အရိဋ္ဌရဟန်းကို စောဒနာရမည်၊ စောဒနာပြီးနောက် အောက်မေ့စေရမည်၊ အောက်မေ့စေပြီးနောက် အာပတ်သို့ တင်ရမည်၊ အာပတ်သို့ တင်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၆၆။ "အသျှင်ဘုရားပ္ပါ့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထို တရားတို့သည် မှီဝဲသော သူအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင် ဟု ယုတ်မာသော မိစ္ဆာအယူသည် ဖြစ်၏။

http://www.dhammadownload.com



ထိုအရိဋ္ဌ ရဟန်းသည် ထိုမိစ္ဆာအယူကို မစွန့်၊ သံဃာအား လျှောက်ပတ်သော အခါရှိသော ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်း အား ထိုမိစ္ဆာအယူကို မစွန့်သောကြောင့် သံဃာနှင့်အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေ-ပနီယကံကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား '(ချာန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရား တို့သည် မှီဝဲသောသူအား (ချာန်မင်ဖိုလ်၏) အန္တရာယ် ပြုခြင်းငှါ မစွမ်းနိုင်' ဟု ယုတ်မာသော မိစ္ဆာအယူသည် ဖြစ်၏။

ထိုအရိဋ္ဌရဟန်းသည် ထိုမိစ္ဆာအယူကို မစွန့်၊ သံဃာသည် လင်းတသတ် အမျိုး၌ ဖြစ်ဘူး သော အရိဋ္ဌရဟန်းအား ထိုယုတ်မာသော မိစ္ဆာအယူကို မစွန့်သောကြောင့် သံဃာနှင့်အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုရာ၏၊ လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌ ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်သောကြောင့် သံဃာနှင့်အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံ ပြုခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏၊ နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤ အကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား '(ချာန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရား တို့သည် မှီဝဲသောသူအား (ချာန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်' ဟု ယုတ်မာ သော မိစ္ဆာအယူသည် ဖြစ်၏၊ ထိုရဟန်းသည် ထိုမိစ္ဆာအယူကို မစွန့်၊ သံဃာသည် လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာနှင့်အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြု၏၊ လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား မိစ္ဆာအယူကို မစွန့်သောကြောင့် သံဃာနှင့် အတူ သုံးဆောင် ခြင်း မရှိသော ဥက္ခေပနီယကံ ပြုခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင် သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆို ရာ၏။

သံဃာသည် လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား ထိုမိစ္ဆာအယူကို မစွန့် သောကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်းမရှိသော ဥက္ခေပနီယကံကို ပြုအပ်ပြီ၊ သံဃာ အား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက် သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

ရဟန်းတို့ "လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာနှင့်အတူ သုံးဆောင်ခြင်း မရှိသော ဥက္ခေပနီယကံကို ပြုအပ်ပြီ" ဟု ကျောင်းတိုက်အဆက်ဆက်သို့လည်း ပြောကြားကုန်လော့ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## မတရားသောကံ တဆယ့်နှစ်ပါး

၆၇။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော)ဥက္ခေပနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ ဝန်မခံပဲ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံသည်လည်း မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ အာပတ်မသင့်ပဲ ပြုလုပ်ခြင်း။ ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ပ။ မစောဒနာပဲ ပြုလုပ်ခြင်း၊ မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း။ပ။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ ဝန်မခံပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ အာပတ်မသင့်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ ဒေသနာဂါမိ မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ မစောဒနာပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း။ပ။မအောက်မေ့စေပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ပ။ အာပတ်သို့ မတင်ပဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

ယုတ်မာသောအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌
မတရားသောကံ တဆယ့်နှစ်ပါး ပြီး၏။

---

## တရားသောကံ တဆယ့်နှစ်ပါး

၆၈။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံ၍ ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံသည် တရားသောကံ ဝိနည်းနှင့်ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယ ကံသည် တရားသောကံ ဝိနည်းနှင့်ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံဖြစ်၏။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာဂါမိ ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း။ပ။ စောဒနာ၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း။ပ။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ ဝန်ခံ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ ဒေသနာဂါမိ ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ပ။ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။

**ယုတ်မာသောအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌ တရားသောကံ တဆယ့်နှစ်ပါး ပြီး၏။**

---

## ပြုလိုက ပြုရာသောကံ ခြောက်ပါး

၆၉။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ (ထိုရဟန်းသည်) မျက်နှာချင်းဆိုင် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုလုပ်တတ်၏။ မိုက်မဲမလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိသူ ဖြစ်၏၊ မလျော်မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နေထိုင်၏။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ (၁)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ လွန်မြတ်သော သီလအရာ၌ သီလပျက်စီး၏၊ လွန်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ လွန်မြတ်သော အယူဝါဒအရာ၌ အယူဝါဒပျက်စီး၏။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ (၂)

ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ရဟန်း

http://www.dhammadownload.com



တို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ (၃)

ရဟန်းတို့ ရဟန်းသုံးမျိုးတို့အား သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုလုပ်တတ်၏၊ ရဟန်းတမျိုးသည် မိုက်မဲမလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိသူ ဖြစ်၏၊ ရဟန်းတမျိုးသည် မလျော်မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နေထိုင်၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ (၄)

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် လွန်မြတ်သော သီလအရာ၌ သီလပျက်စီး၏၊ ရဟန်းတမျိုးသည် လွန်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ ရဟန်းတမျိုးသည် လွန်မြတ်သော အယူဝါဒအရာ၌ အယူဝါဒပျက်စီး၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ (၅)

ရဟန်းတို့ အခြား ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံကို ပြုလိုက ပြုရာ၏။ (၆)

**ယုတ်မာသောအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌ ပြုလိုက ပြုရာသောကံ ခြောက်ပါး ပြီး၏။**

---

## ကျင့်ဝတ် လေးဆယ့်သုံးပါး

၇၀။ ရဟန်းတို့ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံ ပြုထားသော ရဟန်းသည် ကောင်းစွာ ကျင့်ရာသည်။ ဤ(ဆိုလတ္တံ့သည်)ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ကျင့်ရာသော ကျင့်ဝတ်တည်း၊ (ဥပဇ္ဈာယ် ဆရာ ပြုလုပ်၍) ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေး မပြုစုစေရ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရ၊ သမ္မုတိ ရသော်လည်း ရဟန်းမိန်းမတို့ ကို မဆုံးမရ၊ သံဃာက ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်ရ၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ ထိုဆက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်ရ၊ ကံကို မကဲ့ရဲ့ရ၊ ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရ။ပ။ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍) မထားရ၊ ပဝါရဏာကို (ဆိုင်းငံ့၍) မထားရ၊

http://www.dhammadownload.com



ဆုံးမခြင်းကို မပြုရ၊ အကြီးအမှူးအရာကို မယူရ၊ ခွင့်မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ (ပကတတ်) ရဟန်းတို့နှင့် မရောယှက်ရ၊ (ဤကား ကျင့်ဝတ်တည်း)။

ယုတ်မာသောအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌
ကျင့်ဝတ် လေးဆယ့်သုံးပါး ပြီး၏။

---

## မငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး

၇၁။ ထိုအခါ သံဃာသည် လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာနှင့် အတူ သုံးဆောင်ခြင်းမရှိသော ဥက္ခေပနီယကံကို ပြု၏။

ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော ထို အရိဋ္ဌရဟန်းသည် လူထွက်၏။

အလိုနည်းကုန်သော ရဟန်းတို့သည် "ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော လင်းတသတ် အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌ ရဟန်းသည် အဘယ့်ကြောင့် လူထွက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းသည် လူထွက်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီး^သော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ ရဟန်းတို့ မလျှောက်ပတ်။ပ။

ရဟန်းတို့ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော ထို(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျာ်းသည် အဘယ်ကြောင့် လူထွက်ဘိသနည်း။

ရဟန်းတို့ ဤ(အရိဋ္ဌရဟန်းပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ယုတ်မာသော မိစ္ဆာအယူကိုမစွန့်ခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံကို ငြိမ်းစေလော့" ဟု မိန့်တော်မူ၏။

## မငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး

၇၂။ ရဟန်းတို့ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို မငြိမ်းစေရ၊ (ထိုရဟန်းသည် ဥပဇ္ဈာယ်ဆရာပြုလုပ်၍)

http://www.dhammadownload.com



ပဋ္ဌင်းခံပေး၏၊နိဿရည်းပေး၏၊သာမဏေကို ပြုစုလုပ်ကျွေး၏၊ရဟန်းမိန်းမတို့အား ဆုံးမစေရန် သမုတ်ခြင်းကို သာယာ၏၊ သမ္မုတိရ၍ လည်း ရဟန်းမိန်းမတို့ကို ဆုံးမ၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော)ဥက္ခေပနီယကံကို မငြိမ်းစေရ။

ရဟန်းတို့ အခြားအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို မငြိမ်းစေရ။

(ထိုရဟန်းသည်)ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုကြောင်း ဖြစ်သော အာပတ်သို့ ရောက်၏၊ အလားတူ အခြားအာပတ်သို့ ဖြစ်စေ၊ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ဖြစ်စေ ရောက်၏၊ ကံကိုကဲ့ရဲ့၏၊ ကံပြုသော ရဟန်းတို့ကို ကဲ့ရဲ့၏။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို မငြိမ်းစေရ။ပ။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို မငြိမ်းစေရ။ (ထိုရဟန်းသည်) ပကတတ်ရဟန်း၏ ဥပုသ်ကို(ဆိုင်းငံ့၍) ထား၏၊ ပဝါရဏာကို (ဆိုင်းငံ့၍) ထား၏၊ ဆိုဆုံးမခြင်းကို ပြု၏၊ အကြီးအမှူး အရာကို ယူ၏၊ ခွင့်တောင်း၏၊ စောဒနာ၏၊ အောက်မေ့စေ၏၊ ပကတတ်ရဟန်းတို့နှင့် ရောယှက်၏။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော)ဥက္ခေပနီယကံကို မငြိမ်းစေရ။

**ယုတ်မာသောမိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံ၌ မငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး ပြီး၏။**

---

## ငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး

၇၃။ ရဟန်းတို့ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော)ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ (ထိုရဟန်းသည် ဥပဇ္ဈာယ်ဆရာပြုလုပ်၍) ပဋ္ဌင်းခံမပေး၊ နိဿရည်းမပေး၊ သာမဏေကို မပြုစုမလုပ်ကျွေးစေ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ၊ သမ္မုတိရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ငြိမ်းစေရမည်။

ရဟန်းတို့ အခြား အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းအားလည်း ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော)ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်၊ အလားတူ အခြားအာပတ်သို့ ဖြစ်စေ၊ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ဖြစ်စေ မရောက်၊ ကံကို မကဲ့ရဲ့၊ ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော)ဥက္ခေပနီယကံကို ငြိမ်းစေရမည်။ပ။

http://www.dhammadownload.com



ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို ငြိမ်းစေရမည်၊ (ထိုရဟန်းသည်)ပကတတ်ရဟန်း၏ ဥပုသ်ကို(ဆိုင်းငံ့၍) မထား၊ ပဝါရဏာကို (ဆိုင်းငံ့၍)မထား၊ ဆိုဆုံးမခြင်းကို မပြု၊ အကြီးအမှူးအရာကို မယူ၊ ခွင့်မတောင်း၊ မစောဒနာ၊ မအောက်မေ့စေ၊ ပကတတ်ရဟန်းတို့နှင့် မရောယှက်။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံကို ငြိမ်းစေရမည်။

ယုတ်မာသောမိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံ၌
ငြိမ်းစေအပ်သောအကြောင်း လေးဆယ့်သုံးပါး ပြီး၏။

၇၄။ ရဟန်းတို့ ဤသို့ ငြိမ်းစေရမည်—

ရဟန်းတို့ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံ ပြုထားသော ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက်ပခုံးထက်၌ ကေသီကို စမွယ်တင်ပြီးလျှင် သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်ဘုရားတို့ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုထားသော အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန်တည်းဟူသော) အမွေးကို ချပါ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုထားသော ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်းပါ၏" ဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်၊ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ယုတ်မာသော မိစ္ဆာအယူကိုမစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံပြုအပ်သော ဤမည်သော ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော)အမွေးကိုချ၏၊ ကံမှထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံငြိမ်းမှုကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံကို ငြိမ်းစေရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုအပ်သော ဤမည်သော ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံကို ငြိမ်းစေ၏၊ ဤမည်သော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ ငြိမ်းမှုကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုအပ်သော ဤမည်သော ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံကို ငြိမ်းစေ၏၊ ဤမည်သော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ ငြိမ်းမှုကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံကို ငြိမ်းစေအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

**ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့်**
**ပြုအပ်သော သတ္တမ ဥက္ခေပနီယကံ ပြီး၏။**
**ပဉ္စမကမ္မက္ခန္ဓက ပြီး၏။**

**ဤခန္ဓကၡ် ဝတ္ထုတို့ကား ခုနစ်ခုတို့တည်း။**

---

**ထို ကမ္မက္ခန္ဓက၏ အကျဉ်းချုပ်—**

ပဏ္ဍုက လောဟိတက ရဟန်းတို့သည် ကိုယ်တိုင်လည်း ငြင်းခုံခြင်းကို ပြုလုပ်ကုန်၏၊ ထိုသို့ သဘောရှိသော ရဟန်းများသို့ ချဉ်းကပ်ပြီးလျှင် ငြင်းခုံခြင်း၌လည်း အားထုတ်ကုန်၏။

မဖြစ်ဘူးကုန်သော ငြင်းခုံမှုတို့သည်လည်း ဖြစ်လာကုန်၏၊ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်းတိုးပွါးကုန်၏၊ အလိုဆန္ဒနည်း၍ သီလကို မြတ်နိုးကုန်သော ရဟန်းတို့သည် မျက်မြင်အားဖြင့် ကဲ့ရဲ့ကုန်၏။

သူတော်ကောင်းတို့၏ တရားကို တည်တံ့စေတတ်သော အလိုလိုဖြစ်သော မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူသောမြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ တဇ္ဇနီယကံ ကို ပြုလုပ်ရန် အမိန့်တော်သံထုတ်ပြန်လေပြီ၊ 'ပြုလုပ်ရန် စေခိုင်းတော်မူလေပြီ'။

မျက်မှောက် မဟုတ်ပဲ မမေးမမြန်းပဲ ဝန်မခံပဲ ပြုအပ်သော ကံသည်ရင်း အာပတ်မသင့်ပဲ ဒေသနာဂါမ် အာပတ်မဟုတ်ပဲ ဒေသနာကြားပြီးဖြစ်လျက် ပြုအပ်သော ကံသည်ရင်း။

http://www.dhammadownload.com



မစောဒနာပဲ မအောက်မေ့စေပဲ အာပတ်သို့ မတင်ပဲ ပြုအပ်သော ကံသည်ရင်း မျက်မှောက် မဟုတ်ပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း။

မမေးမမြန်းပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း ဝန်မခံပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း။

အာပတ် မသင့်ပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း ဒေသနာဂါမိ အာပတ် မဟုတ်ပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း။

နည်းတူပင် ဒေသနာကြားပြီးဖြစ်လျက် တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံ သည်ရင်း နည်းတူပင် မစောဒနာပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း။

နည်းတူပင် မအောက်မေ့စေပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သောကံသည်ရင်း နည်းတူပင် အာပတ်သို့ မတင်ပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း အဓမ္မကံ မည်၏။

အဓမ္မကံဝါရနည်းဖြင့်ပင် ဓမ္မကံဝါရကိုလည်း သိအပ်၏၊ သံဃာသည် အကြင် ရဟန်းအား တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏။

ငြင်းခုံသော ရဟန်းအားရင်း မိုက်မဲသော ရဟန်းအားရင်း လူတို့နှင့်ရောယှက်သော ရဟန်း အားရင်း လွန်မြတ်သော သီလပျက်စီးသော ရဟန်းအားရင်း လွန်မြတ်သော အကျင့်ပျက်စီး သော ရဟန်းအားရင်း လွန်မြတ်သော အယူဝါဒပျက်စီးသော ရဟန်းအားရင်း သံဃာသည် တဇ္ဇနီယကံကို ပြုရာ၏။

အကြင် ရဟန်းသည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကိုရင်း တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ ကိုရင်း သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ကိုရင်း ပြောဆို၏၊ ထိုရဟန်းသုံးပါးတို့အား သံဃာသည် တဇ္ဇနီယကံကို ပြုရာ၏။

အကြင် ရဟန်းတပါးသည် ငြင်းခုံခြင်းကို ပြု၏၊ မိုက်မဲ၏၊ လူတို့နှင့် ရောယှက်ခြင်းကို မိဝဲ၏၊ အကြင် ရဟန်းတပါးသည် လွန်မြတ်သော သီလ၌ရင်း လွန်မြတ်သော အကျင့်၌ရင်း လွန်မြတ် သော အယူဝါဒ၌ရင်း ပျက်စီး၏။

အကြင် ရဟန်းသည် ဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကိုရင်း တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကိုရင်း သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ ကိုရင်း ပြောဆိုရာ၏၊ ထိုရဟန်းသုံးပါးကို တဇ္ဇနီယကံ ပြုအပ်၏၊ ကောင်းသော ကျင့်ဝတ်အား ဤဆိုသတ္တံ့ အတိုင်းပေတည်း။

တဇ္ဇနီယကံ ပြုအပ်သော ရဟန်းသည် ဥပဇ္ဈာယ် ဆရာပြုလုပ်၍ ပဉ္စင်းခံပေးခြင်း နိဿရည်း ပေးခြင်း သာမဏေကို လုပ်ကျွေးပြုစုစေခြင်း ရဟန်းမိန်းမတို့ကို ဆုံးမရန် သမုတ်ခြင်း သမုတ် ရသော်လည်း ဆုံးမခြင်းကို သာယာခြင်းကို မပြုရာ။

တဇ္ဇနီယကံ ပြုအပ်သော ရဟန်းသည် တဇ္ဇနီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ ဖြစ်စေအလားတူ အာပတ်သို့ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ဖြစ်စေ မရောက်ရာ ကံကိုရင်း ကံပြုသော ရဟန်းတို့ကိုရင်း မကဲ့ရဲ့ရာ။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် သံဃာက ဥက္ခေပနီယကံ ပြုအပ်သော ဤမည်သော ရဟန်းသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကို ချ၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်၏၊ ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ ငြိမ်းမှုကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံကို ငြိမ်းစေ၏၊ ဤမည်သော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ ငြိမ်းမှုကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းအား ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံကို ငြိမ်းစေအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

**ယုတ်မာသော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့်**
**ပြုအပ်သော သတ္တမ ဥက္ခေပနီယကံ ပြီး၏။**

**ပဌမကမ္မက္ခန္ဓက ပြီး၏။**

**ဤခန္ဓက၌ ဝတ္ထုတို့ကား ခုနစ်ခုတို့တည်း။**

---

**ထို ကမ္မက္ခန္ဓက၏ အကျဉ်းချုပ်—**

ပဏ္ဍုက လောဟိတက ရဟန်းတို့သည် ကိုယ်တိုင်လည်း ငြင်းခုံခြင်းကို ပြုလုပ်ကုန်၏၊ ထိုသို့ သဘောရှိသော ရဟန်းများသို့ ချဉ်းကပ်ပြီးလျှင် ငြင်းခုံခြင်း၌လည်း အားထုတ်ကုန်၏။

မဖြစ်ဘူးကုန်သော ငြင်းခုံမှုတို့သည်လည်း ဖြစ်လာကုန်၏၊ ဖြစ်ပြီးသော ငြင်းခုံမှုတို့သည်လည်းတိုးပွါးကုန်၏၊ အလိုဆန္ဒနည်း၍ သီလကို မြတ်နိုးကုန်သော ရဟန်းတို့သည် မျက်မြင်အားဖြင့် ကဲ့ရဲ့ကုန်၏။

သူတော်ကောင်းတို့၏ တရားကို တည်တံ့စေတတ်သော အလိုလိုဖြစ်သော မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူသောမြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ တဇ္ဇနီယကံ ကို ပြုလုပ်ရန် အမိန့်တော်သံထုတ်ပြန်လေပြီ၊ 'ပြုလုပ်ရန် စေခိုင်းတော်မူလေပြီ' ။

မျက်မှောက် မဟုတ်ပဲ မမေးမမြန်းပဲ ဝန်မခံပဲ ပြုအပ်သော ကံသည်ရင်း အာပတ်မသင့်ပဲ ဒေသနာဂါမ် အာပတ်မဟုတ်ပဲ ဒေသနာကြားပြီးဖြစ်လျက် ပြုအပ်သော ကံသည်ရင်း။

မစောဒနာပဲ မအောက်မေ့စေပဲ အာပတ်သို့ မတင်ပဲ ပြုအပ်သော ကံသည်ရင်း မျက်မှောက် မဟုတ်ပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း။

မမေးမမြန်းပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း ဝန်မခံပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း။

အာပတ် မသင့်ပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း ဒေသနာဂါမိ အာပတ် မဟုတ်ပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း။

နည်းတူပင် ဒေသနာကြားပြီးဖြစ်လျက် တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း နည်းတူပင် မစောဒနာပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း။

နည်းတူပင် မအောက်မေ့စေပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သောကံသည်ရင်း နည်းတူပင် အာပတ်သို့ မတင်ပဲ တရားနှင့် မလျော်ပဲ မညီညွတ်ပဲ ပြုအပ်သော ကံသည်ရင်း အဓမ္မကံ မည်၏။

အဓမ္မကံဝါရနည်းဖြင့်ပင် ဓမ္မကံဝါရကိုလည်း သိအပ်၏၊ သံဃာသည် အကြင် ရဟန်းအား တဇ္ဇနီယကံကို ပြုလိုက ပြုရာ၏။

ငြင်းခုံသော ရဟန်းအားရင်း မိုက်မဲသော ရဟန်းအားရင်း လူတို့နှင့်ရောယှက်သော ရဟန်း အားရင်း လွန်မြတ်သော သီလပျက်စီးသော ရဟန်းအားရင်း လွန်မြတ်သော အကျင့်ပျက်စီး သော ရဟန်းအားရင်း လွန်မြတ်သော အဓိသီလ ပျက်စီးသော ရဟန်းအားရင်း သံဃာသည် တဇ္ဇနီယကံကို ပြုရာ၏။

အကြင် ရဟန်းသည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကိုရင်း တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ ကိုရင်း သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ကိုရင်း ပြောဆို၏၊ ထိုရဟန်းသုံးပါးတို့အား သံဃာသည် တဇ္ဇနီယကံကို ပြုရာ၏။

အကြင် ရဟန်းတပါးသည် ငြင်းခုံခြင်းကို ပြု၏၊ မိုက်မဲ၏၊ လူတို့နှင့် ရောယှက်ခြင်းကို မှီဝဲ၏၊ အကြင် ရဟန်းတပါးသည် လွန်မြတ်သော သီလ၌ရင်း လွန်မြတ်သော အကျင့်၌ရင်း လွန်မြတ် သော အဓိသီလ၌ရင်း ပျက်စီး၏။

အကြင် ရဟန်းသည် ဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကိုရင်း တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကိုရင်း သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ ကိုရင်း ပြောဆိုရာ၏၊ ထိုရဟန်းသုံးပါးကို တဇ္ဇနီယကံ ပြုအပ်၏၊ ကောင်းသော ကျင့်ဝတ်အား ဤဆိုသတ္တံ့ အတိုင်းပေတည်း။

တဇ္ဇနီယကံ ပြုအပ်သော ရဟန်းသည် ဥပဇ္ဈာယ် ဆရာပြုလုပ်၍ ပဉ္စင်းခံပေးခြင်း နိဿရည်း ပေးခြင်း သာမဏေကို လုပ်ကျွေးပြုစုစေခြင်း ရဟန်းမိန်းမတို့ကို ဆုံးမရန် သမုတ်ခြင်း သမုတ် ရသော်လည်း ဆုံးမခြင်းကို သာယာခြင်းကို မပြုရာ။



ဒဝါ အနာစာရ ဥပဃာတိ မိစ္ဆာဇီဝ-ဟူသော ဤပုဒ်တို့သည် ပဗ္ဗာဇနီယကံ၌ ပုဒ်လွန် ပုဒ်ပို တို့တည်း။

အလာဘပဥ္စက အဝဏ္ဏပဥ္စက နှစ်ပါး ပဥ္စက မည်သော ပဥ္စက နှစ်ပါး ဟူသော ဤပုဒ်တို့သည် ပဋိသာရဏီယကံ၌ ပုဒ်လွန် ပုဒ်ပိုတို့တည်း၊ တဇ္ဇနီယကံ နိယဿကံ နှစ်ပါးတို့၌ တူ၏။

http://www.dhammadownload.com



တဇ္ဇနီယကံ ပြုအပ်သော ရဟန်းသည် ပကတတ် ရဟန်း၏ ဥပုသ်ကိုင်း ပဝါရဏာကိုင်း (ဆိုင်းငံ့၍) မထားရာ၊ ဆိုဆုံးမခြင်းကိုင်း အကြီးအမှူးအရာ ယူခြင်းကိုင်း ခွင့်တောင်းခြင်းကိုင်း စောဒနာခြင်းကိုင်း အောက်မေ့စေခြင်းကိုင်း ရဟန်းတို့နှင့် ရောယှက်ခြင်းကိုင်း မပြုမလုပ်ရာ။

ဥပဇ္ဈာယ်ဆရာပြုလုပ်၍ ပဉ္စင်းခံပေးခြင်း နိဿရည်းပေးခြင်း သာမဏေကို ပြုစုလုပ်ကျွေးစေခြင်း ရဟန်းမိန်းမတို့ကို ဆိုဆုံးမရန် သမုတ်ခြင်း သမ္မုတိရသော်လည်း ဆုံးမခြင်းကို သာယာခြင်း ဤအင်္ဂါငါးပါးရှိသော ရဟန်းသည် မငြိမ်းနိုင်။

တဇ္ဇနီယကံ ပြုကြောင်းဖြစ်သော အာပတ်သို့ ဖြစ်စေ အလားတူ အာပတ်သို့ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ ရောက်၏၊ ကံကိုင်း ကံပြုသော ရဟန်းကိုင်း ကဲ့ရဲ့သော ရဟန်းသည် မငြိမ်းနိုင်။

ဥပုသ်ကို (ဆိုင်းငံ့၍)ထားခြင်း ပဝါရဏာကို (ဆိုင်းငံ့၍)ထားခြင်း ဆိုဆုံးမခြင်း အကြီးအမှူး ပြုလုပ်ခြင်း ခွင့်တောင်းခြင်း စောဒနာခြင်း အောက်မေ့စေခြင်း ရဟန်းတို့နှင့် ရောယှက်ခြင်း ဤအင်္ဂါရှစ်ပါးနှင့် ယှဉ်သော ရဟန်းသည် တဇ္ဇနီယကံမှ မငြိမ်းနိုင်။

အဓမ္မကံ ဝါရနည်းဖြင့်ပင် ဓမ္မကံဝါရကိုလည်း သိအပ်၏၊ သေယျသက ရဟန်းသည် မိုက်မဲ၏၊ အာပတ်များ၏၊ လူတို့နှင့် ရောယှက်၏၊ မြတ်သော မုနိဖြစ်တော်မူသော မြတ်စွာဘုရားသည် နိယဿကံကို (ပြုရန်) စေခိုင်းတော်မူ၏။

ကိဋာဂိရိ၌ အဿဇိပုနဗ္ဗသုက ရဟန်းနှစ်ပါးတို့သည် ကိုယ်နှုတ် နှစ်ပါးကို မစောင့်စည်းကုန်ပဲ အထူးထူးအပြားပြား မကျင့်အပ်သောအရာကို ကျင့်ကုန်၏၊ မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ပဗ္ဗာဇနီယကံကို (ပြုရန်) စေခိုင်းတော်မူ၏။

မစ္ဆိကာသဏ္ဍာနပုဒ်၌ သုဓမ္မရဟန်းသည် စိတ္တသူကြွယ်၏ ကျောင်းထိုင်ရဟန်း ဖြစ်၏၊ သုဓမ္မရဟန်းသည် စိတ္တသူကြွယ်ကို အမျိုးဇာတ်နှင့် ပတ်သက်သော စကားဖြင့် ဆဲရေး၏၊ မြတ်စွာဘုရားသည် ပဋိသာရဏီယကံကို (ပြုရန်) စေခိုင်းတော်မူ၏။

ကောသမ္ဗီပြည်၌ ဘုရားမြတ်သည် အာပတ်ကို မရှုလိုသော ဆန္နရဟန်းကို အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံ ပြုရန် စေခိုင်းတော်မူ၏၊ ဆန္နရဟန်းသည် ထိုအာပတ်ကိုပင် ကုစားရန် အလိုမရှိ၊ မြတ်စွာဘုရားသည် အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခေပနီယကံကို (ပြုရန်) စေခိုင်းတော်မူ၏။

အရိဋ္ဌ ရဟန်းအား တွေဝေမှု မောဟကို မှီသော ယုတ်မာသော မိစ္ဆာအယူဝါဒသည် ဖြစ်၏၊ အယူဝါဒကို မစွန့်ခြင်းကြောင့် (ပြုအပ်သော) ဥက္ခေပနီယကံကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

နည်းတူပင် နိယဿကံကိုင်း ပဗ္ဗာဇနီယကံကိုင်း ပဋိသာရဏီယကံကိုင်း အာပတ်ကို မရှုသော ကံကိုင်း အာပတ်ကို မကုစားသော ကံကိုင်း အယူကို မစွန့်သော ကံကိုင်း မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

http://www.dhammadownload.com



ဒဝါ အနာစာရ ဥပဃာတိ မိစ္ဆာဇီဝ-ဟူသော ဤပုဒ်တို့သည် ပဗ္ဗာဇနီယကံ၌ ပုဒ်လွန် ပုဒ်ပိုတို့တည်း။

အလာဘပဋ္ဌက အဝဏ္ဏပဋ္ဌက နှစ်ပါး ပဋ္ဌက မည်သော ပဋ္ဌက နှစ်ပါး ဟူသော ဤပုဒ်တို့သည် ပဋိသာရဏီယကံ၌ ပုဒ်လွန် ပုဒ်ပိုတို့တည်း၊ တဇ္ဇနီယကံ နိယဿကံ နှစ်ပါးတို့၌ တူ၏။

ပဗ္ဗာဇနီယကံ ပဋိသာရဏီယကံတို့၌လည်း ပုဒ်လွန် ပုဒ်ပိုတို့ ရှိကုန်၏၊ ထိုဥက္ခေပနီယကံ သုံးပါးတို့သည် ဝေဖန်ခြင်းအားဖြင့် တူကုန်၏၊ တဇ္ဇနီယကံ နည်းဖြင့်လည်း ကြွင်းသောကံကို သိရာ၏၊ ဤကား အကျဉ်းချုပ်တည်း။

**ကမ္မက္ခန္ဓက ပြီး၏။**

http://www.dhammadownload.com

# ၂-ပါရိဝါသိကက္ခန္ဓက

## ၁-ပရိဝါသ် ဆောက်တည်သော ရဟန်း၏ ကျင့်ဝတ်

၇၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ပရိဝါသ် ဆောက်တည်သော ရဟန်းတို့သည် ပကတတ် ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေ တည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်း ထားခြင်း သပိတ် သင်္ကန်း လှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို သာယာကုန်၏။

အလိုနည်းသော ရဟန်းတို့က "ပရိဝါသ် ဆောက်တည်သော ရဟန်းဘို့သည် ပကတတ် ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေ တည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်း ထားခြင်း သပိတ်သင်္ကန်း လှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းဘို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းတို့သည် ပကတတ် ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေ တည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်း သပိတ် သင်္ကန်း လှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်း ချေးပွတ်ခြင်းတို့ကို သာယာကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ မလျှောက်ပတ်။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းတို့သည် ပကတတ် ရဟန်းတို့၏ ရှိခိုးခြင်းကို ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေ တည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်း သပိတ်သင်္ကန်း လှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း။

ရဟန်းတို့ ဤ (ရဟန်းတို့ ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အားလည်း ကြည်ညိုစေခြင်းငှါ ငှါ မဟုတ်။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးနောက် ရဟန်းတို့ကို မိန့်တော်မူ၏။

http://www.dhammadownload.com



ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေ တည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်း သပိတ် သင်္ကန်း လှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို မသာယာအပ်၊ သာယာသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းတို့အား အချင်းချင်း သီတင်းကြီးစဉ်အတိုင်း ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေ တည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်း သပိတ်သင်္ကန်း လှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းတို့အား သီတင်းကြီးစဉ်အတိုင်း ဥပုသ်ကိုရင်း ပဝါရဏာကိုရင်း မိုးရေခံ သင်္ကန်းကိုရင်း ဆွမ်းဝတ်စွန့်ခြင်းကိုရင်း (သံဃာဘတ် စသော) ဘတ်ကိုရင်း ဤငါးပါးတို့ကို ခွင့်ပြုတော်မူ၏။

ရဟန်းတို့ သို့ဖြစ်လျှင် ပရိဝါသ်ဆောက်တည်သော ရဟန်းတို့၏ ကျင့်ဝတ်ကို ပညတ်တော်မူအံ့၊ ယင်းကျင့်ဝတ်အတိုင်း ပရိဝါသ်ဆောက်တည်သော ရဟန်းတို့သည် ကျင့်ရမည်။

၇၆။ ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်။ ဤအပြားထိုသို့ ကျင့်ရာ၌ ကောင်းစွာ ကျင့်ရသော ကျင့်ဝတ်တည်း၊ (ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍)ပဉ္စင်းခံမပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေး မပြုစုစေရ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာရ၊ သမ္မုတိရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမရ၊ သံဃာက ပရိဝါသ်ပေးကြောင်း ဖြစ်သော အာပတ်သို့မရောက်ရ၊ အလားတူ အခြားအာပတ်သို့ဖြစ်စေ ထိုထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်ရ၊ ကံကို မကဲ့ရဲ့ရ၊ ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရ၊ ပကတတ် ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍) မထားရ၊ ပဝါရဏာကို (ဆိုင်းငံ့၍)မထားရ၊ ဆိုဆုံးမခြင်းကို မပြုရ၊ အကြီးအမှူးအရာကို မယူရ၊ ခွင့်မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ (ပကတတ်) ရဟန်းတို့နှင့် မရောယှက်ရ။

၇၇။ ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ် ရဟန်း၏ ရှေ့မှ မသွားရ ရှေ့မှ မထိုင်ရ။

သံဃာ၏ အယုတ်ညံ့ဆုံး နေရာ အယုတ်ညံ့ဆုံး အိပ်ရာ အယုတ်ညံ့ဆုံး ကျောင်းကို ထိုရဟန်းအား ပေးရမည်၊ ထိုရဟန်းသည်လည်း ထိုနေရာ အိပ်ရာ ကျောင်းကို နှစ်သက်ရမည်။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ် ရဟန်းကို ရှေ့သွားပြု၍ရင်း နောက်လိုက်ပြု၍ရင်း ဒါယကာ၏ အိမ်တို့သို့ မချဉ်းကပ်ရ။

အရညကင် ဓုတင်ကို မဆောက်တည်ရ။

ပိဏ္ဍပါတ် ဓုတင်ကို မဆောက်တည်ရ။

"ငါ့ကို မသိပါစေကုန်လင့်" ဟု (နှလုံးသွင်း၍) ထိုပရိဝါသ် ဆောက်တည်ခြင်းဟူသော အကြောင်းကြောင့် ဆွမ်းကို မဆောင်စေရ။

http://www.dhammadownload.com



ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် အာဂန္တု (ဧည့်သည်)ဖြစ်၍လည်း ပြောကြားရမည်၊ (အာဝါသိကဖြစ်၍လည်း) အာဂန္တု ရဟန်းအား ပြောကြားရမည်၊ ဥပုသ်နေ့၌ ပြောကြားရမည်၊ ပဝါရဏာနေ့၌ ပြောကြားရမည်၊ မကျန်းမာသူဖြစ်မူ တမန်ဖြင့်လည်း ပြောကြားရမည်။

၇၈။ ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ ပကတတ် ရဟန်း မပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ရဟန်းရှိသောကျောင်းမှ ရဟန်းမရှိသော စရပ် တန်ဆောင်း စသည်သို့ ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ငြင်း စရပ် တန်ဆောင်းစသည်သို့ငြင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သောရဟန်းသည် ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ ရဟန်းမရှိသော ကျောင်းသို့ ပကတတ် ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ ရဟန်းမရှိသော စရပ် တန်ဆောင်း စသည်သို့ ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ ရဟန်းမရှိသော ကျောင်းသို့ငြင်း စရပ် တန်ဆောင်း စသည်သို့ငြင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှငြင်း စရပ် တန်ဆောင်း စသည်မှငြင်း ရဟန်းမရှိသောကျောင်းသို့ ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှငြင်း စရပ် တန်ဆောင်း စသည်မှ ငြင်း ရဟန်း မရှိသော စရပ် တန်ဆောင်းစသည်သို့ ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှငြင်း စရပ် တန်ဆောင်း စသည်မှငြင်း ရဟန်းမရှိသော ကျောင်းသို့ငြင်း စရပ် တန်ဆောင်းစသည်သို့ငြင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

၇၉။ ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ် ရဟန်းရှိသော ကျောင်းမှ နာနာသံဝါသက 'အပေါင်းအသင်း မတူသည့်' ရဟန်းများရှိသော ကျောင်းသို့ ပကတတ် ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ် ရဟန်းရှိသော ကျောင်းမှ နာနာသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့ ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

http://www.dhammadownload.com



ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ် ရဟန်းရှိသော ကျောင်းမှ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်းစသည်သို့ရင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော စရပ်တန်ဆောင်း စသည်မှ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ ပကတတ်ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပကတတ် ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ နာနာသံဝါသက ရဟန်းများရှိသော စရပ်တန်ဆောင်းစသည်သို့ ပကတတ် ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပကတတ် ရဟန်းရှိသော စရပ်တန်ဆောင်း စသည်မှ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်းစသည်သို့ရင်း ပကတတ်ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှရင်း စရပ် တန်ဆောင်းစသည်မှရင်း နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ ပကတတ် ရဟန်း မပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှရင်း စရပ် တန်ဆောင်းစသည်မှရင်း နာနာသံဝါသကရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့ ပကတတ်ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှရင်း စရပ် တန်ဆောင်းစသည်မှရင်း နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ်တန်ဆောင်း စသည်သို့ရင်း ပကတတ်ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

၈၀။ ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှ သမာနသံဝါသက 'အပေါင်းအသင်းတူသည့်' ရဟန်းများရှိသော ကျောင်းသို့ "ယနေ့ (နေ့ချင်း)ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ် ရဟန်းရှိသော ကျောင်းမှ သမာနသံဝါသက ရဟန်းများရှိသော စရပ်တန်ဆောင်းစသည်သို့ "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှ သမာန သံဝါသကရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်းစသည်သို့ရင်း "ယနေ့ပင် ရောက်နိုင် ၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော စရပ်တန်ဆောင်း စသည်မှ သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

http://www.dhammadownload.com



ရဟန်းတို့ ပရိဝါသ် ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ သမာနသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်းစသည်သို့ "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ်တန်ဆောင်း စသည်သို့ရင်း "ယနေ့ပင်ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှရင်း စရပ်တန်ဆောင်းစသည်မှရင်း သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှရင်း စရပ်တန်ဆောင်းစသည်မှရင်း သမာနသံဝါသက ရဟန်းများရှိသော စရပ်တန်ဆောင်းစသည်သို့ "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှရင်း စရပ်တန်ဆောင်း စသည်မှရင်း သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

၈၁။ ရဟန်းတို့ ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းနှင့် အတူ တမိုးထည်းသော ကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်းစသည်၌ မနေရ၊ တမိုးထည်းသောကျောင်း၌ရင်း စရပ် တန်ဆောင်းစသည်၌ရင်း မနေရ၊ ပကတတ်ရဟန်းကိုမြင်လျှင် နေရာမှ ထရမည်၊ ပကတတ် ရဟန်းကို နေရာသို့ ကြွရန် ဖိတ်ကြားရမည်၊ ပကတတ် ရဟန်းနှင့်အတူ တနေရာထည်း၌ မထိုင်ရ၊ နိမ့်သောနေရာ၌ ပကတတ်ရဟန်းထိုင်လျှင် မြင့်သောနေရာ၌ မထိုင်ရ၊ မြေ၌ ပကတတ် ရဟန်းထိုင်လျှင် နေရာ၌ မထိုင်ရ၊ စင်္ကြံ တခုထည်း၌ စင်္ကြံ မလျှောက်ရ၊ နိမ့်သော စင်္ကြံ၌ ပကတတ် ရဟန်း စင်္ကြံ လျှောက်လျှင် မြင့်သော စင်္ကြံ၌ စင်္ကြံ မလျှောက်ရ၊ မြေ၌ ပကတတ်ရဟန်း စင်္ကြံ လျှောက်လျှင် စင်္ကြံ၌ စင်္ကြံ မလျှောက်ရ။

၈၂။ ရဟန်းတို့ ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပရိဝါသ် ဆောက်တည်သော သီတင်းကြီး ရဟန်းနှင့်အတူ။ပ။ အရင်းသို့ ငင်ထိုက်သော ရဟန်းနှင့် အတူ။ပ။ မာနတ် ကျင့်ထိုက်သော ရဟန်းနှင့်အတူ။ပ။ မာနတ်ကျင့်ဆဲ ရဟန်းနှင့်အတူ။ပ။ အဗ္ဘာန်သွင်းထိုက်သော ရဟန်းနှင့်အတူ တမိုးထည်းသော ကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ တမိုးထည်းသောကျောင်း၌ရင်း စရပ်တန်ဆောင်း စသည်၌ရင်း မနေရ၊ တနေရာထည်း၌ မထိုင်ရ၊ နိမ့်သော နေရာ၌ထိုင်လျှင် မြင့်သောနေရာ၌ မထိုင်ရ၊ မြေ၌ထိုင်လျှင် နေရာ၌မထိုင်ရ၊ စင်္ကြံ တခုထည်း၌ စင်္ကြံ မလျှောက်ရ၊ နိမ့်သော စင်္ကြံ၌ စင်္ကြံ လျှောက်လျှင် မြင့်သောစင်္ကြံ၌ စင်္ကြံ မလျှောက်ရ၊ မြေ၌ စင်္ကြံ လျှောက်လျှင် စင်္ကြံ၌ စင်္ကြံ မလျှောက်ရ။

ရဟန်းတို့ ပရိဝါသ်ဆောက်တည်သော ရဟန်းလျှင် လေးပါးမြောက်ရှိသော 'ပရိဝါသ်နေသော ရဟန်း ပါဝင်မှ လေးပါးပြည့် ဖြစ်သော' စတုဝဂ်သံဃာသည် ပရိဝါသ်ကို အကယ်၍ ပေးငြားအံ့၊ အရင်းသို့ ငင်ငြားအံ့၊ မာနတ်ကို ပေးငြားအံ့၊ ပရိဝါသ်နေသော ရဟန်းလျှင် နှစ်ကျိပ်မြောက်ဖြစ်သော

http://www.dhammadownload.com



'ပရိဝါသ်နေသော ရဟန်းပါဝင်မှ နှစ်ကျိပ်ပြည့်ဖြစ်သော' ဝိသတိဂဏ် သံဃာသည် အဗ္ဘာန်သွင်းခြင်း အံ့၊ ကံမမြောက်၊ ပြုလည်း မပြုအပ်။ ဤကား ကျင့်ဝတ်တည်း ဟု (မိန့်တော်မူ၏)။

ပရိဝါသ်ဆောက်တည်သော ရဟန်း၏ ကျင့်ဝတ်
ကိုးဆယ့်လေးပါး ပြီး၏။

၈၃။ ထိုအခါ အသျှင် ဥပါလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ထိုင်နေကာ—

"အသျှင်ဘုရား ပရိဝါသ်ဆောက်တည်သော ရဟန်းအား ညဥ့်ပြတ်ခြင်းတို့သည် အဘယ်မျှ ရှိပါကုန်သနည်း ဟု" လျှောက်၏။

ဥပါလိ ပရိဝါသ်ဆောက်တည်သော ရဟန်းအား ညဥ့်ပြတ်ခြင်းတို့သည် သုံးမျိုးတို့တည်း၊ (ကျောက်ကုန်းဆန့်လျက် အိပ်ခြင်းဟူသော) အတူနေခြင်းရင်း၊ (ပကတတ်ရဟန်းနှင့်) ကင်းကွာ၍ နေခြင်းရင်း၊ ဝတ်မကြားခြင်းရင်း၊ ဥပါလိ ပရိဝါသ်ဆောက်တည်သော ရဟန်းအား ညဥ့်ပြတ်ခြင်း တို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

၈၄။ ထိုအခါ သာဝတ္ထိပြည်၌ များစွာသော ရဟန်းအပေါင်းတို့သည် စုရုံးနေထိုင်၏၊ ပရိဝါသ် ဆောက်တည်သော ရဟန်းတို့သည် ပရိဝါသ်ကို သုတ်သင်ရန် မတတ်နိုင်ကုန်၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ပရိဝါသ်ကိုချထားရန် ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ဤသို့ချထားရမည်။

ပရိဝါသ်ဆောက်တည်သော ထိုရဟန်းသည် ရဟန်းတပါးသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံး ထက်၌ ကေသီကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက်—

"ပရိဝါသ်ကို ချထားပါ၏" ဟု ဆိုရမည်၊ (ဤသို့ဆိုလျှင်) ပရိဝါသ်ကို ချထားသည် မည်၏၊ "ဝတ်ကို ချထားပါ၏" ဟု ဆိုရမည်၊ (ဤသို့ဆိုလျှင်) ဝတ်ကို ချထားသည် မည်၏။

၈၅။ ထိုအခါ သာဝတ္ထိပြည်မှ ရဟန်းတို့သည် ထိုထိုအရပ်သို့ ဖဲသွားကုန်၏၊ ပရိဝါသ်ဆောက် တည်သော ရဟန်းတို့သည် ပရိဝါသ်ကို သုတ်သင်နိုင်ကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ပရိဝါသ်ကို ဆောက်တည်ရန် ခွင့်ပြုတော် မူ၏။

ရဟန်းတို့ ဤသို့ ဆောက်တည် ရမည်၊ ပရိဝါသ်ဆောက်တည်သော ထိုရဟန်းသည် ရဟန်းတပါး သို့ ချဉ်းကပ်၍ လက်ဝဲတဖက်ပခုံးထက်၌ ကေသီကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့်ထိုင်၍ လက် အုပ်ချီလျက်—

"ပရိဝါသ်ကို ဆောက်တည်ပါ၏" ဟု ဆိုရမည်၊ (ဤသို့ဆိုလျှင်) ပရိဝါသ်ကို ဆောက်တည်သည် မည်၏။

"ဝတ်ကိုဆောက်တည်ပါ၏" ဟု ဆိုရမည်၊ (ဤသို့ဆိုလျှင်) ဝတ်ကို ဆောက်တည်သည် မည်၏။

ပရိဝါသ်နေသော ရဟန်း၏ ကျင့်ဝတ် ပြီး၏။

http://www.dhammadownload.com



## ၂-အရင်းသို့ ငင်ထိုက်သော ရဟန်းတို့၏ကျင့်ဝတ်

၈၆။ ထိုအခါ အရင်းသို့ ငင်ထိုက်သော ရဟန်းတို့သည် ပကတတ် ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေတည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်း ထားခြင်း သပိက်သင်္ကန်းလှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို သာယာကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အရင်းသို့ ငင်ထိုက်သော ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ကို "ရဟန်းတို့ အရင်းသို့ ငင်ထိုက်ကုန်သော ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ကျောက်ကုန်း၌ ချေးပွတ်ခြင်းတို့ကို သာယာကုန်၏ ဟူသည် မှန်သလော"ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ ရဟန်းတို့ မလျောက်ပတ်။ပ။"

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း။

ရဟန်းတို့ ဤ(ရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသောသူတို့အားလည်း ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ ။ပ။ တရားစကားကို ဟောတော်မူပြီးနောက် ရဟန်းတို့ကို—

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေတည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်း သပိတ်သင်္ကန်း လှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို မသာယာအပ်၊ သာယာသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းတို့အား အချင်းချင်း သီတင်းကြီးစဉ်အတိုင်း ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို ခွင့်ပြုတော်မူ၏။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းတို့အား သီတင်းကြီးစဉ်အတိုင်း ဥပုသ်ပြုခြင်းကိုင်း ပဝါရဏာပြုခြင်းကိုင်း မိုးရေခံ သင်္ကန်းခံယူခြင်းကိုင်း ဆွမ်းဝတ်စွန့်ခြင်းကိုင်း (သံဃာဘတ်စသော) ဘတ်ကိုင်း ဤငါးပါးတို့ကို ခွင့်ပြုတော်မူ၏။

ရဟန်းတို့ သို့ဖြစ်လျှင် အရင်းသို့ ငင်ထိုက်သော ရဟန်းတို့အား ကျင့်ဝတ်ကို ပညတ်တော်မူအံ့၊ ယင်းကျင့်ဝတ်အတိုင်း အရင်းသို့ ငင်ထိုက်သော ရဟန်းတို့သည် ကျင့်ကြရမည်။

၇၇။ ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်၊ ဤသည်ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ကျင့်ရိုသော ကျင့်ဝတ်တည်း။

(ဥပဇ္ဈာယ်ဆရာပြုလုပ်၍) ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေး မပြုစုစေရ၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာရ၊ သမ္မုတိရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမရ၊ သံဃာက အရင်းသို့ ငင်ထိုက်သော အာပတ်သို့ မရောက်ရ၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ၊ ထို့ထက် ယုတ်ကြမ်းသော အာပတ်သို့ဖြစ်စေ မရောက်ရ၊ကံကို မကဲ့ရဲ့ရ၊ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရ၊ ပကတတ်ရဟန်း၏ ဥပုသ်ကို (ဆိုင်း‌ငံ့၍) မထားရ၊ ပဝါရဏာကို (ဆိုင်းငံ့၍) မထားရ၊ ဆုံးမခြင်းကို မပြုရ၊ အကြီးအမှူးအရာကို မယူရ၊ ခွင့်မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ ရဟန်းတို့နှင့် မရောယှက်ရ၊ ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ပကတတ်ရဟန်း၏ ရှေ့မှ မသွားရ၊ရှေ့မှ မထိုင်ရ၊သံဃာ၏ အယုတ်ညံ့ဆုံးကိုရင်း သံဃာ၏ အယုတ်ညံ့ဆုံး အိပ်ရာကိုရင်း၊ အယုတ်ညံ့ဆုံး ကျောင်းကိုရင်း ထိုရဟန်းအား ပေးရမည်၊ ထိုရဟန်းသည်လည်း ထိုနေရာစသည်ကို သာယာရမည်။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ပကတတ် ရဟန်းကို ရှေ့ဆောင် ရဟန်းပြု၍ရင်း နောက်လိုက် ရဟန်းပြု၍ရင်း ဒါယကာ၏ အိမ်တို့သို့ မချဉ်းကပ်ရ၊ အရညကင်ဓုတင်ကို မဆောက်တည်ရ၊ ပိဏ္ဍပါတ် ဓုတင်ကို မဆောက်တည်ရ၊ "ငါ့ကို မသိပါစေကုန်လင့်" ဟု (နှလုံးပြု၍) ထိုအရင်းသို့ ငင်ထိုက်သော အကြောင်းကြောင့် ဆွမ်းကို မဆောင်ယူစေရ။ ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ရဟန်းရှိသောကျောင်းမှ ရဟန်းမရှိသောကျောင်းသို့ ပကတတ်ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော စရပ် တန်ဆောင်းစသည်သို့ ပကတတ်ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ရင်း စရပ်တန်ဆောင်း စသည်သို့ရင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ရဟန်းရှိသော စရပ် တန်ဆောင်းစသည်မှ ရဟန်းမရှိသောကျောင်းသို့။ပ။ မသွားရ။

ရဟန်းမရှိသော စရပ်တန်ဆောင်းစသည်သို့ရင်း။ပ။ မသွားရ။

ရဟန်းမရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှရင်း စရပ် တန်ဆောင်း စသည်မှရင်း ရဟန်းမရှိသော ကျောင်းသို့ ။ပ။ မသွားရ။

ရဟန်းမရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ မသွားရ။

ရဟန်းမရှိသော ကျောင်းသို့ရင်း စရပ်တန်ဆောင်း စသည်သို့ရင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

http://www.dhammadownload.com



ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှ နာနာသံဝါသကရဟန်းများရှိသော ကျောင်းသို့။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်းစသည်သို့ ။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရှင်း စရပ် တန်ဆောင်း စသည်သို့ရှင်း ပကတတ်ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်းစသည်သို့။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရှင်း စရပ် တန်ဆောင်းစသည်သို့ရှင်း ပကတတ်ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှရှင်း စရပ် တန်ဆောင်း စသည်မှရှင်း နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်းစသည်သို့ ။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရှင်း စရပ် တန်ဆောင်း စသည်သို့ရှင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းရှိသော ကျောင်းသို့။ပ။ သွားရမည်၊ ရဟန်းရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ သွားရမည်။

သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရှင်း စရပ်တန်ဆောင်း စသည်သို့ရှင်း "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ ရဟန်းရှိသော ကျောင်းသို့။ပ။ သွားရမည်၊ ရဟန်းရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ သွားရမည်။

သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရှင်း စရပ် တန်ဆောင်းစသည်သို့ရှင်း "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှရှင်း စရပ် တန်ဆောင်း စသည်မှရှင်း ရဟန်းရှိသောကျောင်းသို့။ပ။ သွားရမည်၊ ရဟန်းရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ သွားရမည်။

သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရှင်း စရပ် တန်ဆောင်း စသည်သို့ရှင်း "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ပကတတ်ရဟန်းနှင့် အတူ တမိုးထည်းသော ကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ တမိုးထည်းသောကျောင်း

http://www.dhammadownload.com



ဠ္ဌဝင်း စရပ်တန်ဆောင်း စသည်၌ဝင်း မနေရ၊ ပကတတ် ရဟန်းကိုမြင်လျှင် နေရာမှ ထရမည်၊ ပကတတ် ရဟန်းကို နေရာသို့ ကြွရန် ဖိတ်ကြားရမည်။

ပကတတ် ရဟန်းနှင့် အတူ တနေရာထည်း၌ မနေထိုင်ရ၊ နိမ့်သောနေရာ၌ ပကတတ် ရဟန်း ထိုင်လျှင် မြင့်သော နေရာ၌ မထိုင်ရ၊ မြေ၌ ပကတတ် ရဟန်းထိုင်လျှင် နေရာ၌ မထိုင်ရ၊ စင်္ကြံ တခု ထည်း၌ အတူ စင်္ကြံ မလျှောက်ရ၊ နိမ့်သော စင်္ကြံ၌ ပကတတ် ရဟန်း စင်္ကြံလျှောက်လျှင် မြင့်သော စင်္ကြံ၌ စင်္ကြံ မလျှောက်ရ၊ မြေ၌ ပကတတ် ရဟန်း စင်္ကြံလျှောက်လျှင် စင်္ကြံ၌ စင်္ကြံ မလျှောက်ရ။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် ပရိဝါသ်နေသော ရဟန်းနှင့်အတူ။ပ။ အရင်းသို့ ငင်ထိုက်သော သိတင်းကြီးရဟန်းနှင့်အတူ။ပ။ မာနတ်ကျင့်ထိုက်သော ရဟန်းနှင့်အတူ။ပ။ မာနတ်ကျင့်ဆဲ ရဟန်းနှင့် အတူ။ပ။ အဗ္ဘာန်သွင်းထိုက်သော ရဟန်းနှင့်အတူ တမိုးထည်းသော ကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ တမိုးထည်းသောကျောင်း ဠ္ဌဝင်း၊ စရပ် တန်ဆောင်း စသည်၌ဝင်း မနေရ။

တနေရာထည်း၌ မထိုင်ရ၊ နိမ့်သောနေရာ၌ ပကတတ် ရဟန်းထိုင်လျှင် မြင့်သောနေရာ၌ မထိုင်ရ၊ မြေ၌ ပကတတ် ရဟန်းထိုင်လျှင် နေရာ၌ မထိုင်ရ၊ စင်္ကြံ တခုထည်း၌ စင်္ကြံ မလျှောက်ရ၊ နိမ့်သော စင်္ကြံ၌ ပကတတ်ရဟန်း စင်္ကြံလျှောက်လျှင် မြင့်သော စင်္ကြံ၌ စင်္ကြံ မလျှောက်ရ၊ မြေ၌ ပကတတ်ရဟန်း စင်္ကြံလျှောက်လျှင် စင်္ကြံ၌ စင်္ကြံ မလျှောက်ရ။

ရဟန်းတို့ အရင်းသို့ ငင်ထိုက်သော ရဟန်းလျှင် လေးပါးမြောက်ရှိသော 'ထိုရဟန်းပါဝင်မှ လေးပါးပြည့် ဖြစ်သော' စတုဝဂ်သံဃာသည် ပရိဝါသ်ကို အကယ်၍ ပေးငြားအံ့၊ အရင်းသို့ ငင်ငြားအံ့၊ မာနတ်ကို ပေးငြားအံ့၊ ထိုရဟန်းလျှင် နှစ်ကျိပ်အရေအတွက်ရှိသော 'ထိုရဟန်းပါဝင်မှ နှစ်ကျိပ် အရေအတွက်ပြည့်သော' ဝီသတိဝဂ် သံဃာသည် အဗ္ဘာန်သွင်းငြားအံ့၊ ကံမမြောက်ပြုလည်း မပြုအပ် ဤကား ကျင့်ဝတ်တည်း ဟု (မိန့်တော်မူ၏)။

အရင်းသို့ငင်ထိုက်သော ရဟန်း၏ကျင့်ဝတ် ပြီး၏။

---

## ၃-မာရ်နတ်ကျင့်ထိုက်သော ရဟန်းတို့၏ကျင့်ဝတ်

၈၈။ ထိုအခါ မာရ်နတ်ကျင့်ထိုက်သော ရဟန်းတို့သည် ပကတတ် ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေ တည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်း သပိတ် သင်္ကန်း လှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်း၌ ချေးပွတ်ခြင်းတို့ကို သာယာကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "မာနတ် ကျင့်ထိုက်သော ရဟန်းတို့သည် ပကတတ် ရဟန်းတို့ ၏ ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေ တည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်း သပိတ် သင်္ကန်းလှမ်းယူ ခြင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း ။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို သာယာကုန်၏ ဟူသည် မှန် သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ ရဟန်းတို့ မလျှောက်ပတ်။ပ။

ရဟန်းတို့ မာနတ် ကျင့်ထိုက်သော ရဟန်းတို့သည် ပကတတ် ရဟန်းတို့၏ ရှိခိုးခြင်း။ပ။ ရေချိုး ရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း။

ရဟန်းတို့ ဤ (ရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အားလည်း ကြည်ညို စေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးနောက် ရဟန်းတို့ကို—

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ပကတတ် ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦး ကြိုဆို ခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို မသာယာအပ်၊ သာယာသော ရဟန်း အား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းတို့အား အချင်းချင်း သီတင်းကြီးစဉ်အတိုင်း ရှိခိုး ခြင်း ခရီးဦး ကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို ခွင့်ပြုတော်မူ၏။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းတို့အား သီတင်းကြီးစဉ်အတိုင်း ဥပုသ်ပြုခြင်းကိုရင်း ပဝါရဏာပြုခြင်းကိုရင်း မိုးရေခံသင်္ကန်း ခံယူခြင်းကိုရင်း ဆွမ်းဝတ်စွန့်ခြင်းကိုရင်း (သံဃာဘတ် စသော) ဘတ်ကိုရင်း ဤငါးပါးတို့ကို ခွင့်ပြုတော်မူ၏။

ရဟန်းတို့ သို့ဖြစ်လျှင် မာနတ်ကျင့်ထိုက်သော ရဟန်းတို့အား ကျင့်ဝတ်ကို ပညတ်တော်မူအံ့၊ ယင်းကျင့်ဝတ် အတိုင်း မာနတ်ကျင့်ထိုက်သော ရဟန်းတို့သည် ကျင့်ဆောင်ရမည်။

၈၉။ ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်၊ ဤသည်ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ကျင့်ရသော ကျင့်ဝတ်တည်း။

(ဥပဇ္ဈာယ် ဆရာပြုလုပ်၍) ပဉ္စင်းခံ မပေးရ။ပ။ (အရင်းသို့ ငင်ထိုက်သော ရဟန်းတို့၏ ကျင့် ဝတ် အတိုင်း အကျယ်ချဲ့ရမည်)။

ပကတတ်ရဟန်းတို့နှင့် မရောမယှက်ရ။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ပကတတ်ရဟန်း၏ရှေ့မှ မသွားရ၊ ရှေ့မှ မထိုင်ရ၊ သံဃာ၏ အယုတ်ညံ့ဆုံး နေရာကိုရင်း အယုတ်ညံ့ဆုံး အိပ်ရာကိုရင်း အယုတ်ညံ့ဆုံး ကျောင်းကိုရင်း ထိုရဟန်းအား ပေးရမည်၊ ထိုရဟန်းသည်လည်း ထိုနေရာစသည်ကို သာယာရမည်။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ပကတတ် ရဟန်းကို ရှေ့ဆောင် ရဟန်းပြု၍ရင်း နောက်လိုက် ရဟန်းပြု၍ရင်း ဒါယကာ၏ အိမ်တို့သို့ မချဉ်းကပ်ရ၊ အရညကင်ဓုတင်ကို မဆောက တည်ရ၊ ပိဏ္ဍပါတ်ဓုတင်ကို "ဆွမ်းခံ ကျင့်ဝတ်ကို" မဆောက်တည်ရ၊ "ငါ့ကို မသိပါစေကုန်လင့်"ဟု (နှလုံးသွင်း၍) ထိုမာနတ်ကျင့်ထိုက်ခြင်း ဟူသော အကြောင်းကြောင့် ဆွမ်းကို မဆောင်ယူစေရ။

http://www.dhammadownload.com



ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ရဟန်းရှိသောကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ ပကတတ် ရဟန်း မပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော စရပ် တန်ဆောင်း စသည်သို့ ပကတတ် ရဟန်း မပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်းစသည်သို့ရင်း ပကတတ်ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ ရဟန်းမရှိသော ကျောင်းသို့။ပ။ မသွားရ။

ရဟန်း မရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ မသွားရ။

ရဟန်းမရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ရဟန်းရှိသောကျောင်းမှရင်း စရပ်တန်ဆောင်း စသည်မှရင်း ရဟန်းမရှိသောကျောင်းသို့။ပ။ မသွားရ။

ရဟန်းမရှိသော စရပ်တန်ဆောင်းစသည်သို့။ပ။ မသွားရ။

ရဟန်းမရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သောရဟန်းသည် ပကတတ် ရဟန်းရှိသောကျောင်းမှ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်းစသည်သို့ရင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ပကတတ် ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့ ။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှရင်း စရပ် တန်ဆောင်း စသည်မှရင်း နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ မသွားရ။

နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ်တန်ဆောင်း စသည်သို့ရင်း ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ ။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ သွားရမည်။

http://www.dhammadownload.com



သမာနသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့ ။ပ။ သွားရမည်။

သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း၊ စရပ် တန်ဆောင်းစသည်သို့ရင်း "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ သွားရမည်။

သမာနသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ သွားရမည်။

သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်းစသည်သို့ရင်း "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှရင်း စရပ် တန်ဆောင်း စသည်မှရင်း သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ သွားရမည်။

သမာန သံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့ ။ပ။ သွားရမည်။

သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ပကတတ်ရဟန်းနှင့်အတူ တမိုးထည်းသော ကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ တမိုးထည်းသော ကျောင်း၌ရင်း စရပ် တန်ဆောင်း စသည်၌ရင်း မနေရ၊ ပကတတ်ရဟန်းကို မြင်လျှင် နေရာမှ ထရမည်၊ ပကတတ် ရဟန်းကို နေရာသို့ ကြွရန် ဖိတ်ကြားရမည်။

ပကတတ်ရဟန်းနှင့်အတူ တနေရာထည်း၌ မထိုင်ရ၊ နိမ့်သောနေရာ၌ ပကတတ် ရဟန်းထိုင်လျှင် မြင့်သောနေရာ၌ မထိုင်ရ၊ မြေ၌ ပကတတ်ရဟန်းထိုင်လျှင် နေရာ၌ မထိုင်ရ၊ စင်္ကြံ တခုထည်း၌ စင်္ကြံ မလျှောက်ရ။

နိမ့်သော စင်္ကြံ၌ ပကတတ်ရဟန်း စင်္ကြံ လျှောက်လျှင် မြင့်သော စင်္ကြံ၌ စင်္ကြံ မလျှောက်ရ၊ မြေ၌ ပကတတ်ရဟန်း စင်္ကြံ လျှောက်လျှင် စင်္ကြံ၌ စင်္ကြံ မလျှောက်ရ။

ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းသည် ပရိဝါသ်နေသော ရဟန်းနှင့် အတူ။ပ။

အရင်းသို့ ငင်ထိုက်သော ရဟန်းနှင့် အတူ။ပ။

မာနတ်ကျင့်ထိုက်သော သီတင်းကြီးရဟန်းနှင့်အတူ။ပ။

မာနတ်ကျင့်ဆဲ ရဟန်းနှင့်အတူ။ပ။

အဗ္ဘာန်သွင်းထိုက်သော ရဟန်းနှင့်အတူ တမိုးထည်းသောကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ တမိုးထည်းသော ကျောင်း၌ရင်း စရပ် တန်ဆောင်းစသည်၌ရင်း မနေရ။

တနေရာထည်း၌ မထိုင်ရ၊ နိမ့်သောနေရာ၌ ပကတတ်ရဟန်းထိုင်လျှင် မြင့်သောနေရာ၌ မထိုင်ရ၊ မြေ၌ ပကတတ်ရဟန်းထိုင်လျှင် နေရာ၌ မထိုင်ရ။

စင်္ကြံ တခုထည်း၌ စင်္ကြံ မလျှောက်ရ၊ နိမ့်သော စင်္ကြံ၌ ပကတတ်ရဟန်း စင်္ကြံ လျှောက်လျှင် မြင့်သောစင်္ကြံ၌ စင်္ကြံ မလျှောက်ရ၊ မြေ၌ ပကတတ်ရဟန်း စင်္ကြံ လျှောက်လျှင် စင်္ကြံ၌ စင်္ကြံ

http://www.dhammadownload.com



မလျှောက်ရ၊ ရဟန်းတို့ မာနတ်ကျင့်ထိုက်သော ရဟန်းလျှင် လေးပါးမြောက်ရှိသော 'မာနတ်ကျင့်ထိုက်သော ရဟန်းပါဝင်မှ လေးပါးပြည့်သော'စတုဝဂ် သံဃာသည် ပရိဝါသ်ကို အကယ်၍ပေးငြားအံ့၊ အရင်းသို့ ငင်ငြားအံ့၊ မာနတ်ကို ပေးငြားအံ့၊ ထိုရဟန်းလျှင် နှစ်ကျိပ်မြောက်ရှိသော 'ထိုရဟန်းပါဝင်မှ နှစ်ကျိပ်ပြည့်သော' ဝိသတိဝဂ် သံဃာသည် အကယ်၍ အဗ္ဘာန်သွင်းငြားအံ့၊ ကံမမြောက်၊ ပြုလည်း မပြုအပ်။ ဤဆိုအပ်ပြီးသည်ကား ကျင့်ဝတ်တည်း ဟု (မိန့်တော်မူ၏)။

မာနတ်ကျင့်ထိုက်သော ရဟန်း၏ ကျင့်ဝတ် ပြီး၏။

---

## ၄-မာနတ်ကျင့်ဆဲ ရဟန်း၏ ကျင့်ဝတ်

၉၀။ ထိုအခါ မာနတ်ကျင့်ဆဲ ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေတည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်း သပိတ် သင်္ကန်းလှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို သာယာကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "မာနတ်ကျင့်ဆဲ ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ကို—

"ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို သာယာကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ မလျောက်ပတ်။ပ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း။

ရဟန်းတို့ ဤ(ရဟန်းတို့ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးနောက် ရဟန်းတို့ကို—

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာခင်းခြင်း အိပ်ရာခင်းခြင်း ခြေဆေးရေတည်ထားခြင်း ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်း ထားခြင်း သပိတ် သင်္ကန်း လှမ်းယူခြင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကိုမသာယာအပ်၊ သာယာသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတို့ မာနတ်ကျင့်ဆဲရဟန်းတို့အား အချင်းချင်း သီတင်းကြီးစဉ်အတိုင်း ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို ခွင့်ပြုတော်မူ၏။

http://www.dhammadownload.com



ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းတို့အား သိတင်းကြီးစဉ်အတိုင်း ဥပုသ်ပြုခြင်းကိုရင်း ပဝါရဏာပြုခြင်းကိုရင်း မိုးရေခံသင်္ကန်း ခံယူခြင်းကိုရင်း ဆွမ်းဝတ်စွန့်ခြင်းကိုရင်း (သံဃာဘတ်စသော) ဘတ်ကိုရင်း ဤငါးပါးတို့ကို ခွင့်ပြုတော်မူ၏၊ ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းတို့အား ကျင့်ဝတ်ကို ပညတ်အံ့၊ ယင်းကျင့်ဝတ်အတိုင်း မာနတ်ကျင့်ဆဲ ရဟန်းတို့သည် ကျင့်ရမည်။

၉၁။ ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ကောင်းစွာ ကျင့်ရမည်၊ ဤသည်ကား ထိုသို့ကျင့်ရာ၌ ကောင်းစွာ ကျင့်ရသော ကျင့်ဝတ်တည်း၊ (ဥပဇ္ဈာယ် ဆရာ ပြုလုပ်၍) ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ၊ ရဟန်းမိန်းမတို့ကို ဆုံးမရန် သမုတ်ခြင်းကို မသာယာရ၊ သမ္မုတိရသော်လည်း ရဟန်းမိန်းမတို့ကို မဆုံးမရ၊ သံဃာက မာနတ်ပေးထိုက်သော အာပတ်သို့ မရောက်ရ၊ အလားတူ အခြား အာပတ်သို့ ဖြစ်စေ၊ ထို့ထက် ယုတ်ကြမ်းသော အာပတ်သို့ ဖြစ်စေ မရောက်ရ၊ ကံကို မကဲ့ရဲ့ရ၊ ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရ၊ ပကတတ်ရဟန်း၏ ဥပုသ်ကို (ဆိုင်းငံ့၍) မထားရ၊ ပဝါရဏာကို (ဆိုင်းငံ့၍) မထားရ၊ ဆိုဆုံးမခြင်းကို မပြုရ၊ အကြီးအမှူး အရာကို မယူရ၊ ခွင့်မတောင်းရ၊ မစောဒနာရ၊ မအောက်မေ့စေရ၊ ပကတတ် ရဟန်းတို့နှင့် မရောယှက်ရ၊ ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပကတတ် ရဟန်း၏ ရှေ့မှ မသွားရ၊ ရှေ့မှ မထိုင်ရ၊ သံဃာ၏ အယုတ်ညံ့ဆုံး နေရာကိုရင်း အယုတ်ညံ့ဆုံး အိပ်ရာကိုရင်း အယုတ်ညံ့ဆုံး ကျောင်းကိုရင်း ထိုရဟန်းအား ပေးရမည်၊ ထိုမာနတ်ကျင့်ဆဲ ရဟန်းသည်လည်း ထိုနေရာစသည်ကို သာယာရမည်။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပကတတ်ရဟန်းကို ရှေ့ဆောင်ရဟန်းပြု၍ရင်း နောက်လိုက် ရဟန်းပြု၍ရင်းဒါယကာ၏ အိမ်တို့သို့ မချဉ်းကပ်ရ၊ အရညကင် ဓုတင်ကို မဆောက်တည်ရ၊ ပိဏ္ဍပါတ်ဓုတင်ကို မဆောက်တည်ရ၊ "ငါ့ကို မသိပါစေကုန်လင့်" ဟု (နှလုံးပြု၍) ထိုမာနတ်ကျင့်ခြင်းအကြောင်းကြောင့် ဆွမ်းကို မဆောင်ယူစေရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် အာဂန္တု 'ခရီးသည်'ဖြစ်၍လည်း ပြောကြားရမည်၊ (အာဝါသိကဖြစ်၍လည်း) အာဂန္တုက ရဟန်းအား ပြောကြားရမည်။ဥပုသ်နေ့၌ ပြောကြားရမည်၊ ပဝါရဏာနေ့၌ ပြောကြားရမည်၊ နေ့တိုင်း နေ့တိုင်း ပြောကြားရမည်။ မကျန်းမာသူ ဖြစ်မူ ထမန်ဖြင့်လည်း ပြောကြားရမည်။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ သံဃာမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော စရပ် တန်ဆောင်း စသည် သို့ သံဃာမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ရင်း၊ စရပ် တန်ဆောင်း စသည်သို့ရင်း သံဃာမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ ရဟန်းမရှိသော ကျောင်းသို့ သံဃာမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ရဟန်းရှိသော စရပ် တန်ဆောင်း၊ စသည်မှ ရဟန်းမရှိသော စရပ် တန်ဆောင်း စသည်သို့ သံဃာမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ရဟန်းရှိသော စရပ် တန်ဆောင်း၊ စသည်မှ ရဟန်းမရှိသော ကျောင်းသို့ရင်း စရပ်တန်ဆောင်း စသည်သို့ရင်း သံဃာမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

http://www.dhammadownload.com



ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ရဟန်းရှိသော ကျောင်းမှရင်း စရပ် တန်ဆောင်း စသည်မှရင်း ရဟန်းမရှိသော ကျောင်းသို့။ပ။ မသွားရ၊ ရဟန်းမရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ မသွားရ၊ ရဟန်းမရှိသော ကျောင်းသို့ရင်း စရပ်တန်ဆောင်း စသည်သို့ရင်း သံဃာမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ မသွားရ၊ နာနာသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ မသွားရ၊ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း သံဃာမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပကတတ် ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ မသွားရ၊ နာနာသံဝါသက ရဟန်းများရှိသော စရပ်တန်ဆောင်း စသည်သို့။ပ။ မသွားရ၊ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ်တန်ဆောင်း စသည်သို့ရင်း သံဃာမပါပဲ အန္တရာယ် မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပကတတ်ရဟန်းရှိသောကျောင်းမှရင်း စရပ် တန်ဆောင်း စသည်မှရင်း နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ မသွားရ၊ နာနာသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ မသွားရ၊ နာနာသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ်တန်ဆောင်း စသည်သို့ရင်း သံဃာမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပကတတ်ရဟန်းရှိသော ကျောင်းမှ သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ သွားရမည်၊ သမာနသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ သွားရမည်၊ သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း ''ယနေ့ 'နေ့ချင်း'ပင် ရောက်နိုင်၏'' ဟု သိလျှင် သွားရမည်။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပကတတ်ရဟန်းရှိသော စရပ် တန်ဆောင်း စသည်မှ သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ သွားရမည်၊ သမာနသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ သွားရမည်၊ သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း ''ယနေ့ 'နေ့ချင်း'ပင် ရောက်နိုင်၏'' ဟု သိလျှင် သွားရမည်။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပကတတ် ရဟန်းရှိသော ကျောင်းမှရင်း စရပ် တန်ဆောင်း စသည်မှရင်း သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ သွားရမည်၊ သမာနသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ သွားရမည်၊ သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း ''ယနေ့ 'နေ့ချင်း'ပင် ရောက်နိုင်၏'' ဟု သိလျှင် သွားရမည်။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပကတတ်ရဟန်းနှင့်အတူ တမိုးထည်းသော ကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ တမိုးထည်းသော ကျောင်း၌ရင်း စရပ် တန်ဆောင်း စသည်၌ရင်း မနေရ၊ ပကတတ်ရဟန်းကို မြင်လျှင် နေရာမှ ထရမည်၊ ပကတတ် ရဟန်းကို နေရာသို့ ကြွရန် ဖိတ်ကြားရမည်၊ ပကတတ် ရဟန်းနှင့် အတူ တနေရာထည်း၌ မထိုင်ရ၊ နိမ့်သောနေရာ၌ ပကတတ်ရဟန်းထိုင်လျှင် မြင့်သော နေရာ၌ မထိုင်ရ၊ မြေ၌ ပကတတ်

http://www.dhammadownload.com



ရယန်းထိုင်လျှင် နေရာ၌ မထိုင်ရ၊ စင်္ကြံ တခုထည်း၌စင်္ကြံ မလျှောက်ရ၊ နိမ့်သော စင်္ကြံ၌ ပကတတ် ရဟန်း စင်္ကြံ လျှောက်လျှင် မြင့်သော စင်္ကြံ၌ စင်္ကြံ မလျှောက်ရ၊ မြေ၌ ပကတတ်ရဟန်း စင်္ကြံ လျှောက်လျှင် စင်္ကြံ၌ စင်္ကြံ မလျှောက်ရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပရိဝါသ်နေသော ရဟန်းနှင့် အတူ။ပ။

အရင်းသို့ ငင်ထိုက်သော ရဟန်းနှင့် အတူ။ပ။

မာနတ်ကျင့်ထိုက်သော ရဟန်းနှင့် အတူ။ပ။

မာနတ်ကျင့်ဆဲ သီတင်းကြီးရဟန်းနှင့်အတူ။ပ။

အဗ္ဘာန်သွင်းထိုက်သော ရဟန်းနှင့်အတူ တမိုးထည်းသောကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ တမိုးထည်းသောကျောင်း၌ရင်း စရပ် တန်ဆောင်း စသည်၌ရင်း မနေရ၊ တနေရာထည်း၌ မထိုင်ရ၊ နိမ့်သောနေရာ၌ထိုင်လျှင် မြင့်သောနေရာ၌ မထိုင်ရ၊ မြေ၌ ထိုင်လျှင် နေရာ၌ မထိုင်ရ၊ စင်္ကြံ တခုထည်း၌ စင်္ကြံ မလျှောက်ရ၊ နိမ့်သော စင်္ကြံ၌ စင်္ကြံ လျှောက်လျှင် မြင့်သော စင်္ကြံ၌ စင်္ကြံ မလျှောက်ရ၊ မြေ၌ စင်္ကြံ လျှောက်လျှင် စင်္ကြံ၌ စင်္ကြံ မလျှောက်ရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းလျှင် လေးပါးမြောက်ရှိသော 'မာနတ်ကျင့်ဆဲ ရဟန်းပါဝင်မှ လေးပါးပြည့်သော' စတုဝဂ် သံဃာသည် အကယ်၍ ပရိဝါသ် ပေးငြားအံ့၊ အရင်းသို့ ငင်ငြားအံ့၊ မာနတ်ကို ပေးငြားအံ့၊ ထိုမာနတ်ကျင့်ဆဲရဟန်းလျှင် နှစ်ကျိပ်မြောက် ဖြစ်သော 'မာနတ်ကျင့်ဆဲ ရဟန်းပါဝင်မှ နှစ်ကျိပ်ပြည့်သော' ဝီသတိဝဂ် သံဃာသည် အဗ္ဘာန်သွင်းငြားအံ့၊ ကံမမြောက်၊ ပြုလည်း မပြုအပ်၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ကျင့်ဝတ်တည်း ဟု (မိန့်တော်မူ၏)။

၉၂။ ထိုအခါ အသျှင်ဥပါလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီး နောက် တခုသော နေရာ၌ ထိုင်နေကာ "အသျှင်ဘုရား မာနတ်ကျင့်ဆဲ ရဟန်းအား ညဉ့်ပြတ်ခြင်း တို့သည် အဘယ်မျှ ရှိပါကုန်သနည်း" ဟု လျှောက်၏။

**ဥပါလိ မာနတ်ကျင့်ဆဲ ရဟန်းအား ညဉ့်ပြတ်ခြင်းတို့သည် လေးမျိုးတို့တည်း။ ပကတတ် ရဟန်း နှင့်အတူ နေခြင်း၊ ပကတတ် ရဟန်းနှင့် ကင်း၍ နေခြင်း၊ မာနတ်ကို မကြားခြင်း၊ ယုတ်လျော့သော 'သံဃာမပြည့်သော' ဂိုဏ်း၌ မာနတ်ကြားသဖြင့် ကျင့်ခြင်း။ ဥပါလိ မာနတ်ကျင့်ဆဲ ရဟန်းအား ညဉ့်ပြတ်ခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။**

**၉၃။ ထိုအခါ သာဝတ္ထိပြည်၌ များစွာသော ရဟန်းသံဃာသည် စုရုံးနေထိုင်၏၊ မာနတ်ကျင့်ဆဲ ရဟန်းတို့သည် မာနတ်ကို သုတ်သင်ရန် မတတ်နိုင်ကုန်၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။**

**ရဟန်းတို့ မာနတ်ကို ချထားရန် ခွင့်ပြုတော်မူ၏။**

ရဟန်းတို့ ဤသို့ ချထားရမည်၊ မာနတ်ကျင့်ဆဲ ဖြစ်သော ထိုရဟန်းသည် ရဟန်းတပါးသို့ ချဉ်း ကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကောသီကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီ လျက် "မာနတ်ကို ချထားပါ၏" ဟု ဆိုရမည်၊ (ဤသို့ ဆိုလျှင်) မာနတ်ကို ချထားသည် မည်၏။

"ဝတ်ကို ချထားပါ၏" ဟု ဆိုရမည်၊ (ဤသို့ ဆိုလျှင်) ဝတ်ကို ချထားသည် မည်၏ ဟု **(မိန့်တော်မူ၏)**။

http://www.dhammadownload.com



၉၄။ ထိုအခါ သာဝတ္ထိပြည်မှ ရဟန်းတို့သည် ထိုထိုအရပ်သို့ ဖဲသွားကုန်၏၊ မာနတ်ကျင့်ဆဲ ရဟန်းတို့သည် မာနတ်ကို သုတ်သင်နိုင်ကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မာနတ်ကို ဆောက်တည်ရန် ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ဤသို့ ဆောက်တည်ရမည်။

မာနတ်ကျင့်ဆဲ ဖြစ်သော ထိုရဟန်းသည် ရဟန်းတပါးသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက်—

"မာနတ်ကို ဆောက်တည်ပါ၏" ဟု ဆိုရမည်၊ (ဤသို့ဆိုလျှင်) မာနတ်ကို ဆောက်တည်သည် မည်၏။

"ဝတ်ကို ဆောက်တည်ပါ၏" ဟု ဆိုရမည်၊ (ဤသို့ ဆိုလျှင်) ဝတ်ကို ဆောက်တည်သည် မည်၏ ဟု (မိန့်တော်မူ၏)။

မာနတ်ကျင့်ဆဲ ရဟန်းတို့၏ကျင့်ဝတ် ပြီး၏။

---

## ၅-အဗ္ဘာန်သွင်းထိုက်သော ရဟန်း၏ကျင့်ဝတ်

၉၅။ ထိုအခါ အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို သာယာကုန်၏။ အလိုနည်းသော ရဟန်းတို့သည်—

"အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ကို—

"ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို သာယာကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်ကဲ့ရဲ့တော်မူ၏။ ရဟန်းတို့ မလျှောက်ပတ်။ပ။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့သည် ပကတတ် ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အားလည်း ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည်

http://www.dhammadownload.com



ရဟန်းထိုင်လျှင် နေရာ၌ မထိုင်ရ၊ စကြံ့တခုထည်း၌ စကြံ့မလျှောက်ရ၊ နိမ့်သော စကြံ့၌ ပကတတ် ရဟန်း စကြံ့လျှောက်လျှင် မြင့်သော စကြံ့၌ စကြံ့မလျှောက်ရ၊ မြေ၌ ပကတတ်ရဟန်း စကြံ့ လျှောက်လျှင် စကြံ့၌ စကြံ့မလျှောက်ရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းသည် ပရိဝါသ်နေသော ရဟန်းနှင့် အတူ။ပ။

အရင်းသို့ ငင်ထိုက်သော ရဟန်းနှင့် အတူ။ပ။

မာနတ်ကျင့်ထိုက်သော ရဟန်းနှင့် အတူ။ပ။

မာနတ်ကျင့်ဆဲ သိတင်းကြီးရဟန်းနှင့်အတူ။ပ။

အဗ္ဘာန်သွင်းထိုက်သော ရဟန်းနှင့်အတူ တမိုးထည်းသောကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ တမိုးထည်းသောကျောင်း၌ငင်း စရပ် တန်ဆောင်း စသည်၌ငင်း မနေရ၊ တနေရာထည်း၌ မထိုင်ရ၊ နိမ့်သောနေရာ၌ထိုင်လျှင် မြင့်သောနေရာ၌ မထိုင်ရ၊ မြေ၌ ထိုင်လျှင် နေရာ၌ မထိုင်ရ၊ စကြံ့တခုထည်း၌ စကြံ့မလျှောက်ရ၊ နိမ့်သော စကြံ့၌ စကြံ့လျှောက်လျှင် မြင့်သော စကြံ့၌ စကြံ့မလျှောက်ရ၊ မြေ၌ စကြံ့လျှောက်လျှင် စကြံ့၌ စကြံ့မလျှောက်ရ။

ရဟန်းတို့ မာနတ်ကျင့်ဆဲ ရဟန်းလျှင် လေးပါးမြောက်ရှိသော 'မာနတ်ကျင့်ဆဲ ရဟန်းပါဝင်မှ လေးပါးပြည့်သော' စတုဝဂ် သံဃာသည် အကယ်၍ ပရိဝါသ် ပေးငြားအံ့၊ အရင်းသို့ ငင်ငြားအံ့၊ မာနတ်ကို ပေးငြားအံ့၊ ထိုမာနတ်ကျင့်ဆဲရဟန်းလျှင် နှစ်ကျိပ်မြောက် ဖြစ်သော 'မာနတ်ကျင့်ဆဲ ရဟန်းပါဝင်မှ နှစ်ကျိပ်ပြည့်သော' ဝီသတိဝဂ် သံဃာသည် အဗ္ဘာန်သွင်းငြားအံ့၊ ကံမမြောက်၊ ပြုလည်း မပြုအပ်၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ကျင့်ဝတ်တည်း ဟု (မိန့်တော်မူ၏)။

၉၂။ ထိုအခါ အသျှင်ဥပါလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီး နောက် တခုသော နေရာ၌ ထိုင်နေကာ "အသျှင်ဘုရား မာနတ်ကျင့်ဆဲ ရဟန်းအား ညဉ့်ပြတ်ခြင်း တို့သည် အဘယ်မျှ ရှိပါကုန်သနည်း" ဟု လျှောက်၏။

ဥပါလိ မာနတ်ကျင့်ဆဲ ရဟန်းအား ညဉ့်ပြတ်ခြင်းတို့သည် လေးမျိုးတို့တည်း။ ပကတတ် ရဟန်း နှင့်အတူ နေခြင်း၊ ပကတတ် ရဟန်းနှင့် ကင်း၍ နေခြင်း၊ မာနတ်ကို မကြားခြင်း၊ ယုတ်လျော့သော 'သံဃာမပြည့်သော' ဂိုဏ်း၌ မာနတ်ကြားသဖြင့် ကျင့်ခြင်း။ ဥပါလိ မာနတ်ကျင့်ဆဲ ရဟန်းအား ညဉ့်ပြတ်ခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

၉၃။ ထိုအခါ သာဝတ္ထိပြည်၌ များစွာသော ရဟန်းသံဃာသည် စုပုံးနေထိုင်၏၊ မာနတ်ကျင့်ဆဲ ရဟန်းတို့သည် မာနတ်ကို သုတ်သင်ရန် မတတ်နိုင်ကုန်၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မာနတ်ကို ချထားရန် ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ဤသို့ ချထားရမည်၊ မာနတ်ကျင့်ဆဲ ဖြစ်သော ထိုရဟန်းသည် ရဟန်းတပါးသို့ ချဉ်း ကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကောသိကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီ လျက် "မာနတ်ကို ချထားပါ၏" ဟု ဆိုရမည်၊ (ဤသို့ ဆိုလျှင်) မာနတ်ကို ချထားသည် မည်၏။

"ဝတ်ကို ချထားပါ၏" ဟု ဆိုရမည်၊ (ဤသို့ ဆိုလျှင်) ဝတ်ကို ချထားသည် မည်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၉၄။ ထိုအခါ သာဝတ္ထိပြည်မှ ရဟန်းတို့သည် ထိုထိုအရပ်သို့ ဖဲသွားကုန်၏၊ မာနတ်ကျင့်ဆဲ ရဟန်းတို့သည် မာနတ်ကို သုတ်သင်နိုင်ကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မာနတ်ကို ဆောက်တည်ရန် ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ဤသို့ ဆောက်တည်ရမည်။

မာနတ်ကျင့်ဆဲ ဖြစ်သော ထိုရဟန်းသည် ရဟန်းတပါးသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကောသိကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက်—

"မာနတ်ကို ဆောက်တည်ပါ၏" ဟု ဆိုရမည်၊ (ဤသို့ဆိုလျှင်) မာနတ်ကို ဆောက်တည်သည် မည်၏။

"ဝတ်ကို ဆောက်တည်ပါ၏" ဟု ဆိုရမည်၊ (ဤသို့ ဆိုလျှင်) ဝတ်ကို ဆောက်တည်သည် မည်၏ ဟု (မိန့်တော်မူ၏)။

မာနတ်ကျင့်ဆဲ ရဟန်းတို့၏ကျင့်ဝတ် ပြီး၏။

---

## ၅-အဗ္ဘာန်သွင်းထိုက်သော ရဟန်း၏ကျင့်ဝတ်

၉၅။ ထိုအခါ အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို သာယာကုန်၏။ အလိုနည်းသော ရဟန်းတို့သည်—

"အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ကို—

"ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့သည် ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို သာယာကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်ကဲ့ရဲ့တော်မူ၏။ ရဟန်းတို့ မလျှောက်ပတ်။ပ။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့သည် ပကတတ် ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို အဘယ့်ကြောင့် သာယာကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အားလည်း ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည်

http://www.dhammadownload.com



ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို မသာယာအပ်၊ သာယာသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့အား အချင်းချင်း သီတင်းကြီးစဉ်အတိုင်း ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း။ပ။ ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းတို့ကို ခွင့်ပြုတော်မူ၏။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့အား သီတင်းကြီးစဉ်အတိုင်း ဥပုသ်ပြုခြင်းကိုရင်း ပဝါရဏာပြုခြင်းကိုရင်း မိုးရေခံ သင်္ကန်း ခံယူခြင်းကိုရင်း ဆွမ်းဝတ်စွန့်ခြင်းကိုရင်း (သံဃဘတ်စသော) ဘတ်ကိုရင်း ဤငါးပါးတို့ကို ခွင့်ပြုတော်မူ၏။

ရဟန်းတို့ သို့ဖြစ်လျှင် အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့အား ကျင့်ဝတ်ကို ပညတ်တော်မူအံ့၊ ယင်းကျင့်ဝတ်အတိုင်း အဗ္ဘာန်သွင်းထိုက်သော ရဟန်းတို့သည် ကျင့်ရမည်။

၉၆။ ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်။ ဤသည်ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ကျင့်အပ်သော ကျင့်ဝတ်တည်း။

(ဥပဇ္ဈာယ် ဆရာပြုလုပ်၍) ပဉ္စင်းခံ မပေးရ။ပ။

(အရင်းသို့ ငင်ထိုက်သော ရဟန်း မာနတ်ကျင့်ထိုက်သော ရဟန်း အဗ္ဘာန်သွင်းထိုက်သော ရဟန်း ဤရဟန်းသုံးမျိုးတို့အား ထပ်တူ ထပ်မျှ တူသော (နည်း)အခြင်းအရာအားဖြင့် ချဲ့ရမည်)။

ရဟန်းတို့နှင့် မရောယှက်ရ။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ပကတတ်ရဟန်း၏ ရှေ့မှ မသွားရ၊ ရှေ့မှမထိုင်ရ၊ သံဃာ၏ အယုတ်ညံ့ဆုံးနေရာကိုရင်း အယုတ်ညံ့ဆုံး အိပ်ရာကိုရင်း အယုတ်ညံ့ဆုံး ကျောင်းကိုရင်း ထိုရဟန်းအား ပေးရမည်၊ ထိုအဗ္ဘာန်သွင်းထိုက်သော ရဟန်းသည်လည်း ထိုနေရာစသည်ကို သာယာရမည်။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ပကတတ် ရဟန်းကို ရှေ့ဆောင်ရဟန်းပြု၍ရင်း နောက်လိုက်ရဟန်းပြု၍ရင်း ဒါယကာ၏ အိမ်တို့သို့ မချဉ်းကပ်ရ၊ အရညကင် ဓုတင်ကို မဆောက်တည်ရ၊ "ငါ့ကို မသိပါစေကုန်လင့်" ဟု (နှလုံးသွင်း၍) ထိုအဗ္ဘာန်သွင်းထိုက်သော အကြောင်းကြောင့် ဆွမ်းကို မဆောင်ယူစေရ ။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ ပကတတ်ရဟန်းမပါပဲ အန္တရာယ်မရှိပဲ မသွားရ။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ရဟန်းရှိသောကျောင်းမှ ရဟန်းမရှိသော စရပ် တန်ဆောင်း စသည်သို့ ပကတတ် ရဟန်းမပါပဲ အန္တရာယ် မရှိပဲ မသွားရ။ပ။

(အောက်၌ ချဲ့အပ်ကုန်သကဲ့သို့ ထိုအတူ ချဲ့အပ်ကုန်၏)။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ရဟန်းရှိသောကျောင်းမှ။ပ။ သွားရမည်၊ စရပ် တန်ဆောင်း စသည်မှ။ပ။ သွားရမည်၊ ကျောင်းမှရင်း စရပ် တန်ဆောင်း စသည်မှရင်း။ပ။ သွားရမည်၊ သမာနသံဝါသက ရဟန်းများရှိသော ကျောင်းသို့။ပ။ သွားရမည်၊ သမာနသံဝါသက ရဟန်းများရှိသော စရပ် တန်ဆောင်း စသည်သို့။ပ။ သွားရမည်။ သမာနသံဝါသက ရဟန်းများ

http://www.dhammadownload.com



ရှိသော ကျောင်းသို့ရင်း စရပ် တန်ဆောင်း စသည်သို့ရင်း "ယနေ့ပင် ရောက်နိုင်၏" ဟု သိလျှင် သွားရမည်။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ပကတတ်ရဟန်းနှင့် အတူ တမိုးထည်းသော ကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ ပကတတ် ရဟန်းကိုမြင်လျှင် နေရာမှ ထရမည်၊ ပကတတ် ရဟန်းကို နေရာသို့ ကြွရန် ဖိတ်ကြားရမည်။

ပကတတ်ရဟန်းနှင့် အတူ တနေရာထည်း၌ မထိုင်ရ၊ နိမ့်သောနေရာ၌ ပကတတ် ရဟန်းထိုင်လျှင် မြင့်သောနေရာ၌ မထိုင်ရ၊ မြေ၌ ထိုင်လျှင် နေရာ၌ မထိုင်ရ၊ စင်္ကြံ တခုထည်း၌ စင်္ကြံ မလျှောက်ရ၊ နိမ့်သော စင်္ကြံ၌ စင်္ကြံ လျှောက်လျှင် မြင့်သောစင်္ကြံ၌ စင်္ကြံ မလျှောက်ရ၊ မြေ၌ စင်္ကြံ လျှောက်လျှင် စင်္ကြံ၌ စင်္ကြံ မလျှောက်ရ။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ပရိဝါသ်နေသော ရဟန်းနှင့် အတူ။ပ။ အရင်းသို့ ငင်ထိုက်သော ရဟန်းနှင့် အတူ။ပ။ မာနတ်ကျင့်ထိုက်သော ရဟန်းနှင့် အတူ။ပ။ မာနတ်ကျင့်ဆဲ ရဟန်းနှင့် အတူ။ပ။ အဗ္ဘာန်သွင်းထိုက်သော သီတင်းကြီး ရဟန်းနှင့်အတူ တမိုးထည်းသော ကျောင်း၌ မနေရ၊ တမိုးထည်းသော စရပ် တန်ဆောင်း စသည်၌ မနေရ၊ တမိုးထည်းသော ကျောင်း၌ရင်း စရပ် တန်ဆောင်း စသည်၌ရင်း မနေရ၊ တနေရာထည်း၌ မထိုင်ရ၊ နိမ့်သောနေရာ၌ ထိုင်လျှင် မြင့်သောနေရာ၌ မထိုင်ရ၊ မြေ၌ ထိုင်လျှင် နေရာ၌ မထိုင်ရ၊စင်္ကြံ တခုထည်း၌ စင်္ကြံ မလျှောက်ရ၊ နိမ့်သော စင်္ကြံ၌ စင်္ကြံ လျှောက်လျှင် မြင့်သောစင်္ကြံ၌ စင်္ကြံ မလျှောက်ရ၊ မြေ၌ စင်္ကြံ လျှောက်လျှင် စင်္ကြံ၌ စင်္ကြံ မလျှောက်ရ။

ရဟန်းတို့ အဗ္ဘာန်သွင်းထိုက်သော ရဟန်းလျှင် လေးပါးမြောက်ရှိသော စတုဝဂ် သံဃာသည် ပရိဝါသ်ကို အကြောင်းပြု၍ ပေးခြင်းအံ့၊ အရင်းသို့ ငင်ခြင်းအံ့၊ မာနတ်ကို ပေးခြင်းအံ့၊ အဗ္ဘာန်သွင်းထိုက်သော ရဟန်းလျှင် နှစ်ကျိပ်မြောက် ဖြစ်သော ဝီသတိဝဂ် သံဃာသည် အဗ္ဘာန်သွင်းခြင်းအံ့၊ ကံ မမြောက်၊ ပြုလည်း မပြုအပ် ဤကား ကျင့်ဝတ်တည်း ဟု (မိန့်တော်မူ၏)။

**အဗ္ဘာန်သွင်းထိုက်သော ရဟန်း၏ကျင့်ဝတ် ပြီး၏။**

**ဒုတိယ ပါရိဝါသိကက္ခန္ဓက ပြီး၏။**

## ဤခန္ဓက၌ ဝတ္ထုတို့သည် ငါးပါးတို့တည်း။

---

ထို ပါရိဝါသိကက္ခန္ဓက၏ အကျဉ်းချုပ်

ပရိဝါသ် ဆောက်တည်သော ရဟန်းတို့သည် ပကတတ်ရဟန်း၏ ရှိခိုးခြင်းကိုရင်း ခရီးဦးကြိုဆိုခြင်းကိုရင်း လက်အုပ်ချီခြင်းကိုရင်း အရိုအသေပြုခြင်းကိုရင်း။

နေရာခင်းခြင်းကိုရင်း အိပ်ရာခင်းခြင်းကိုရင်း ခြေဆေးရေကိုရင်း ခြေဆေးအင်းပျဉ်ကိုရင်း ခြေပွတ်အိုးခြမ်းကိုရင်း သပိတ် သင်္ကန်း လှမ်းယူခြင်းကိုရင်း ရေချိုးရာ၌ ကျောက်ကုန်းကို ချေးပွတ်ခြင်းကိုရင်း သာယာကုန်၏၊ သီလကို မြတ်နိုးကုန်သော ရဟန်းတို့သည် ကဲ့ရဲ့လည်း ကဲ့ရဲ့ကုန်၏။

**သာယာသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။**

http://www.dhammadownload.com



တဖန် ဥပုသ်ပြုခြင်းကိုရင်း ပဝါရဏာပြုခြင်းကိုရင်း မိုးရေခံ သင်္ကန်း ခံယူခြင်းကိုရင်း ဆွမ်းဝတ် စွန့်ခြင်းကိုရင်း (သံဃာဘတ်စသော) ဘတ်ကိုရင်း ဤတပါးသော ကျင့်ဝတ်ငါးပါးတို့ကို အချင်းချင်း သိတင်းကြီးစဉ်အတိုင်း (ခွင့်ပြုတော်မူ၏)။

ထိုပရိဝါသ် ဆောက်တည်ရာ၌ ကောင်းစွာ ကျင့်အပ်သော ကျင့်ဝတ်ဘည်း၊ ပကတတ် ရဟန်း၏ ရှေ့မှသွားခြင်း၊ အကြင် အယုတ်ညံ့ဆုံး အိပ်ရာ နေရာ ကျောင်းသည် ရှိ၏၊ ထိုအယုတ်ညံ့ဆုံး ကျောင်းစသည်ကို သာယာအပ်၏၊ ရှေသွား ခရီးညွှန် ရဟန်းလုင်ခြင်း နောက်သိုက်ပြုလုပ်ခြင်း ထိုအတူသာလျှင်—

အာရညကင်ဓုတင် ဆောက်တည်ခြင်း ပိဏ္ဍပတ်ဓုတင်ဆောက်တည်ခြင်း ဆွမ်းကို ဆောင်ယူစေခြင်း အာဂန္တုရဟန်းဖြစ်၍ ကြားခြင်း အာဂန္တုရဟန်းထံ၌ ကြားခြင်း ဥပုသ်နေ့၌ ကြားခြင်း ပဝါရဏာနေ့၌ ကြားခြင်း တမန်ဖြင့် ကြားခြင်း ရဟန်းရှိသော ကျောင်းသို့ သွားလည်း သွားရမည်။

တမိုးထည်းသော ကျောင်း၌ နေသောအရာ ထသောအရာ၊ ထိုအတူသာလျှင် ဖိတ်ကြားသောအရာ နေရာနှင့် စပ်သော အရာ နိမ့်သော စင်္ကြံနှင့် စပ်သောအရာ မြေနှင့် စပ်သော အရာ စင်္ကြံကျောင်းနှင့် စပ်သောအရာ။

သိတင်းကြီး ရဟန်းနှင့် စပ်သောအရာ၊ ကံမမြောက်သောအရာ ညဥ့်ပြတ်ခြင်း သုက်သင်ခြင်း ချထားခြင်း ဆောက်တည်ခြင်း ပရိဝါသ်ဆောက်တည်သော ရဟန်း၌ ကျင့်ဝတ်ကဲ့သို့—

အရင်းသို့ ဝင်ထိုက်သော ရဟန်း၌ရင်း မာနတ်ကျင့်ထိုက်သော ရဟန်း၌ရင်း ထိုအတူ မာနတ်ကျင့်ဆဲ ရဟန်း၌ရင်း အဗ္ဘာန်သွင်းထိုက်သော ရဟန်း၌ရင်း ကျင့်ရသော နည်းသည်လည်း ဖြစ်၏၊ တဖန် နည်းအားဖြင့် ထူးပြား၏။

ပရိဝါသ်ဆောက်တည်သော ရဟန်းတို့၌ ညဥ့်ပြတ်ခြင်း သုံးပါး၊ မာနတ်ကျင့်ဆဲ ရဟန်းတို့၌ ညဥ့်ပြတ်ခြင်းလေးပါး၊ ညဥ့်ပြတ်ခြင်းတို့၌ မတူကုန်၊ မာနတ်တို့၌ နေ့တိုင်း နေ့တိုင်း ကြားရခြင်း ကံနှစ်ပါးတို့သည် တူကုန်၏၊ ကြွင်းသောကံသုံးပါးတို့သည် ထပ်တူ ထပ်မျှ တူကုန်၏၊ ဤဆိုအပ်ခဲ့ပြီးသည်ကား အကျဉ်းချုပ်တည်း။

**ပါရိဝါသိကက္ခန္ဓက ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၃—သမုစ္စယက္ခန္ဓက

## ၁-သုက္ကဝိဿဋ္ဌိ

၉၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသျှင်ဥဒါယီသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏။

ထိုအသျှင်ဥဒါယီသည် ရဟန်းတို့အား "ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုတ်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်ခဲ့၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီအား စေတနာနှင့် စေ့ဆော်၍ သုတ်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး မာနတ် [၁] ကို ပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။

## အပ္ပဋိစ္ဆန္နမာနတ်

၉၈။ ရဟန်းတို့ ထိုဥဒါယီရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသကို စမွယ်ဘင်ပြီးလျှင် သီတင်းကြီးရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် ဤသို့ ဆိုရမည်—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်ခဲ့၏။

အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းပါ၏။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ခဲ့၏။

အသျှင်ဘုရားတို့ နှစ်ကြိမ်မြောက်လည်း သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းပါ၏။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ခဲ့၏။

---

၁။ သံဃာကိုမြတ်နိုးစေသော ကျင့်ဝတ်။

http://www.dhammadownload.com



အသျှင်ဘုရားတို့ သုံးကြိမ်မြောက်လည်း သံဃာကို စေတနာနှင့် စေ့ဆော်၍ သုတ်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းပါ၏" ဟု ပြောဆိုရမည်။

ကျွမ်းကျင် လိမ္မာ၍ စွမ်းရည် ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၉၉။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏၊ ထိုဥဒါယီရဟန်းသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးရာ၏၊ ဤကား သိစေခြင်းပေတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏၊ ထိုဥဒါယီ ရဟန်းသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခု ကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ဥဒါယီ ရဟန်းအား စေတနာ နှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီ ရဟန်း သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏၊ ထိုဥဒါယီ ရဟန်းသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ဥဒါယီရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက် ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထို အသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီရဟန်း သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏၊

http://www.dhammadownload.com



ထိုဥဒါယီ ရဟန်းသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထို အသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဥဒါယီရဟန်းအား စေတနာနှင့်စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## ဖုံးလွှမ်းခြင်းမရှိသောအဗ္ဘာန်

၁၀၀။ ထိုဥဒါယီသည် မာနတ်ကျင့်ပြီးသည်ဖြစ်၍ ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏။ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းခဲ့၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်း အပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် မာနတ်ကျင့်ပြီးပါပြီ၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီရဟန်းကို အဗ္ဘာန်သွင်းလော့။

ရဟန်းတို့ ဤသို့ အဗ္ဘာန်သွင်းရမည်။

ရဟန်းတို့ ထိုဥဒါယီရဟန်းသည် သံဃာသို့ ချဥ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် သီတင်းကြီးရဟန်းတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီကာ ဤသို့ ဆိုရမည်—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်း အပ်သော အာပတ်တခုသို့ ရောက်ခဲ့၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော် ၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရ သော) မာနတ်ကို တောင်းခဲ့၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော)

http://www.dhammadownload.com



မာနတ်ကို ပေး၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် မာနတ်ကျင့်ပြီးသည်ဖြစ်၍ သံဃာအား အဗ္ဘာန်သွင်းခြင်းကို တောင်းပါ၏။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်ခဲ့၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းခဲ့၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် မာနတ်ကျင့်ပြီးသည် ဖြစ်၍ နှစ်ကြိမ်မြောက်လည်း သံဃာအား အဗ္ဘာန်သွင်းခြင်းကို တောင်းပါ၏။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်ခဲ့၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းခဲ့၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် မာနတ်ကျင့်ပြီးသည် ဖြစ်၍ သုံးကြိမ်မြောက်လည်း သံဃာအား အဗ္ဘာန်သွင်းခြင်းကို တောင်းပါ၏" ဟု ဆိုရမည်။

ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၀၁။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ထိုဥဒါယီသည် မာနတ် ကျင့်ပြီးသည် ဖြစ်၍ သံဃာအား အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်းကို အဗ္ဘာန်သွင်းရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ထိုဥဒါယီသည် မာနတ် ကျင့်ပြီးသည် ဖြစ်၍ သံဃာအား အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်း ကို အဗ္ဘာန်သွင်း၏၊ ဥဒါယီ ရဟန်းအား အဗ္ဘာန်သွင်းခြင်းကို အကြင်အသျှင်အား နှစ်သက်

http://www.dhammadownload.com



ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထို အသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယိရဟန်း သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယိသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယိ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ထိုဥဒါယိသည် မာနတ် ကျင့်ပြီးသည် ဖြစ်၍ သံဃာအား အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယိ ရဟန်း ကို အဗ္ဘာန် သွင်း၏၊ ဥဒါယိရဟန်းအား အဗ္ဘာန်သွင်းခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်အည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင် သည် ပြောဆိုရာ၏။

သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယိ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယိသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းသော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယိ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းသော အာပတ် တခု ကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ထိုဥဒါယိသည် မာနတ်ကျင့်ပြီး သည် ဖြစ်၍ သံဃာအား အဗ္ဘာန် သွင်းခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယိ ရဟန်းကို အဗ္ဘာန်သွင်း၏၊ ဥဒါယိ ရဟန်းအား အဗ္ဘာန်သွင်းခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင် သည် ပြောဆိုရာ၏။

သံဃာသည် ဥဒါယိရဟန်းအား အဗ္ဘာန် သွင်းအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထိုကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရ ပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## တရက် ဖုံးလွှမ်းအပ်သော ပရိဝါသ်

၁၀၂။ ထိုအခါ အသျှင်ဥဒါယိသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်း အပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယိသည် ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ် သော အာပတ် တခုသို့ ရောက်၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

http://www.dhammadownload.com



မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယိ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက်ဖုံးလွှမ်းအပ်သော အာပတ်တခု ကြောင့် တရက် ပရိဝါသ် ကို ပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ ထိုဥဒါယိ ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲ တဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် သီတင်းကြီးရဟန်းတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့် ကြောင့် ထိုင်ကာ လက်အုပ်ချီလျက်—

“အသျှင်ဘုရားကို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်း အပ်သော အာပတ် တခု သို့ ရောက်၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ် ကို တောင်းပါ၏” ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၀၃။ “အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယိ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက်ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယိသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယိ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယိ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခု သို့ ရောက်၏၊ ထိုဥဒါယိသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယိ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို ပေး၏၊ ဥဒါယိ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက် လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ် ပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင် အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤ အကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဥဒါယိ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်း အပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်” ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## တရက် ဖုံးလွှမ်းအပ်သော မာနတ်

၁၀၄။ ထိုဥဒါယီသည် ပရိဝါသ် နေပြီးသည် ဖြစ်၍ ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် တရက် ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ်နေပြီး ဖြစ်၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ သို့ဖြစ်လျှင် ဥဒါယီ ရဟန်းသည် သံဃာသို့ ချဥ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ရောက်၏၊ ထို အကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက်ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် တရက် ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ် သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို ပေး၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် ပရိဝါသ်နေပြီးသည် ဖြစ်၍ သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်း အပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော)မာနတ်ကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၀၅။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို ပေး၏၊ ထိုဥဒါယီသည် ပရိဝါသ် နေပြီးသည် ဖြစ်၍ သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခု ကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာအား လျောက်ပတ် သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာ နှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့် ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

http://www.dhammadownload.com



အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် တရက် ပရိဝါသ်ကို ပေး၏၊ ထိုဥဒါယီသည် ပရိဝါသ် နေပြီးသည် ဖြစ်၍ သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ် ပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ် နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## တရက် ဖုံးလွှမ်းအပ်သော အဗ္ဘာန်

၁၀၆။ ထိုဥဒါယီသည် မာနတ် ကျင့်ပြီးသည် ဖြစ်၍ ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် တရက် ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် တရက် ပရိဝါသ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ်နေပြီးသည် ဖြစ်၍ သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် မာနတ် ကျင့်ပြီး ဖြစ်ပါ၏။ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းကို အဗ္ဘာန်သွင်းလော့။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ သွင်းရမည်။

ရဟန်းတို့ ထိုဥဒါယီ ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက်ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ်နေပြီးသည် ဖြစ်၍ သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ် ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ အသျှင်ဘုရားတို့ ထို အကျွန်ုပ်သည် မာနတ်ကျင့်ပြီးသည်ဖြစ်၍ သံဃာကို အဗ္ဘာန်သွင်းခြင်းကို တောင်း၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၀၇။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို ပေး၏၊ ထိုဥဒါယီသည် ပရိဝါသ်နေပြီးသည် ဖြစ်၍ သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခု ကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏ သံဃာသည် ဥဒါယီ ရဟန်း အား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခု ကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ထိုဥဒါယီသည် မာနတ် ကျင့်ပြီးသည် ဖြစ်၍ သံဃာကို အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ သံဃာအား လျောက်ပတ် သော အခါရှိသော် သံဃာသည် ဥဒါယီ ရဟန်းကို အဗ္ဘာန် သွင်းရာ၏၊ ဤကား သိစေခြင်းပင်တည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီ ရဟန်း သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်း အပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်း အား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် တရက် ပရိဝါသ်ကို ပေး၏၊ ထိုဥဒါယီသည် ပရိဝါသ်နေပြီးသည်ဖြစ်၍ သံဃာကို စေတနာနှင့်

http://www.dhammadownload.com



စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့် ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော တရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့် ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ထိုဥဒါယီသည် မာနတ်ကျင့်ပြီးသည် ဖြစ်၍ သံဃာ အား အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းကို အဗ္ဘာန်သွင်း၏၊ ဥဒါယီ ရဟန်းအား အဗ္ဘာန်သွင်းခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤ အကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဥဒါယီရဟန်းကို အဗ္ဘာန်သွင်းအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါ သည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## ငါးရက် ဖုံးလွှမ်းအပ်သော ပရိဝါသ်

၁၀၈။ ထိုအခါ အသျှင်ဥဒါယီသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော နှစ်ရက်ဖုံးလွှမ်း အပ်သော အာပတ် တခုသို့ ရောက်၏။ပ။ သုံးရက် ဖုံးလွှမ်းအပ်သော ။ပ။ လေးရက် ဖုံးလွှမ်းအပ် သော။ပ။ ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ ထိုဥဒါယီသည် ရဟန်းတို့အား "ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ရောက်၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ ထိုဥဒါယီ ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲ တဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့် ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်း အပ်သော အာပတ် တခုသို့ ရောက်၏။ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို စေတနာ နှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက် နေသော ပရိဝါသ်ကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၀၉။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော

http://www.dhammadownload.com



အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက် နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေး၏၊ ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက် ပရိဝါသ်ပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## ပရိဝါသ်ဆောက်တည်စဉ် အရင်းသို့ ငင်ခြင်း

၁၁၀။ ထိုဥဒါယီသည် ပရိဝါသ်နေစဉ် အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏၊ ထိုဥဒါယီသည် ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေး၏။

ထိုအကျွန်ုပ်သည် ပရိဝါသ်နေစဉ် အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်ခဲ့၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြားကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် ဥဒါယီရဟန်းကို ဝါသ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်လော့။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ အရင်းသို့ ငင်ရမည်။ ရဟန်းတို့ ထိုဥဒါယီ ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသောပရိဝါသ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ်နေစဉ် အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာ အာပတ် တခုသို့ ရောက်၏။

အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၁၁။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေး၏၊ ထိုဥဒါယီသည် ပရိဝါသ်နေစဉ် အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေး၏၊ ထိုဥဒါယီသည် ပရိဝါသ်နေစဉ် အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီ

http://www.dhammadownload.com



ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏၊ ဥဒါယိရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဥဒါယိရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် အရင်းသို့ ငင်ခြင်းကို ငင်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## မာနတ်ကျင့်ထိုက်စဉ် အရင်းသို့ ငင်ခြင်း

၁၁၂။ ထိုဥဒါယိသည် ပရိဝါသ်နေပြီးသည် ဖြစ်၍ မာနတ်ကျင့်ထိုက်သည် ဖြစ်၍ ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယိသည် ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ်နေစဉ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုအကျွန်ုပ်ကို သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ်နေပြီးသည်ဖြစ်၍ မာနတ်ကျင့်ထိုက်သည် ဖြစ်၍ ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြားကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယိရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်လော့။

ရဟန်းတို့ ဤသို့ ငင်ရပည်။ ရဟန်းတို့ ထိုဥဒါယိ ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုအကျွန်ုပ်သည် ပရိဝါသ် နေပြီးသည် ဖြစ်၍

http://www.dhammadownload.com



မာနတ် ကျင့်ထိုက်သည် ဖြစ်၍ ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၁၃။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုဥဒါယီသည် ပရိဝါသ်နေပြီးသည် ဖြစ်၍ မာနတ်ကျင့်ထိုက် သည် ဖြစ်၍ ဝတ် အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံး လွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီရဟန်း သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုဥဒါယီသည် ပရိဝါသ်နေပြီးသည် ဖြစ်၍ မာနတ်ကျင့်ထိုက်သည်ဖြစ်၍ ဝတ် အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထို ဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏၊ ဥဒါယီ ရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော် ၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤ အကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို ငင်အပ်ပြီ၊ သံဃာအား နှစ် သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## အာပတ်သုံးခုတို့၏ မာနတ်

၁၁၄။ ထိုဥဒါယီသည် ပရိဝါသ် နေပြီးသည် ဖြစ်၍ ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုအကျွန်ုပ်သည် ပရိဝါသ် နေပြီး ဖြစ်ပါသည်၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းအား အာပတ် သုံးခုတို့၏၊ ခြောက်ညဥ့်ပတ်လုံး(ကျင့်ရသော) မာနတ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ ထိုဥဒါယီ ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေး၏။ပ။ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် ပရိဝါသ်ကို နေပြီးသည် ဖြစ်၍ သံဃာကို အာပတ် သုံးခုတို့၏ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၁၅။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ဤဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက်ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုဥဒါယီသည် ပရိဝါသ် နေပြီးသည် ဖြစ်၍ သံဃာကို အာပတ် သုံးခုတို့၏ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်းအား အာပတ် သုံးခု တို့၏ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီရဟန်း သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုဥဒါယီသည် ပရိဝါသ်နေပြီးသည် ဖြစ်၍ သံဃာကို အာပတ် သုံးခုတို့၏ ခြောက် ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား အာပတ် သုံးခုတို့၏ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ဥဒါယီရဟန်းအား အာပတ် သုံးခုတို့၏ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ် ပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤ အကြောင်းကို ပြောကြားပါ၏။ပ။

http://www.dhammadownload.com



သံဃာသည် ဥဒါယီ ရဟန်းအား အာပတ် သုံးခုတို့၏ ခြောက်ညဥ့်ပတ်လုံး ကျင့်ရသော မာနတ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## မာနတ်ကျင့်စဉ် အရင်းသို့ ငင်ခြင်း

၁၁၆။ ထိုဥဒါယီသည် မာနတ်ကျင့်စဉ် အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီ ရဟန်းသည် ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုအကျွန်ုပ်သည် မာနတ် ကျင့်စဉ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၍ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးလော့၊ ရဟန်းတို့ ဤသို့ အရင်းသို့ ငင်ရမည်။

ရဟန်းတို့ ထိုဥဒါယီရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ခဲ့ပါ၏။ပ။ ထိုအကျွန်ုပ်သည် မာနတ်ကျင့်စဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ပါ၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၁၇။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီ ရဟန်းသည်။ပ။ အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ရာ၏၊ ဤကား သိစေခြင်းတည်း။ပ။

သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို ငင်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ရဟန်းတို့ ဤသို့ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးရမည်။ ရဟန်းတို့ ထို ဥဒါယီ ရဟန်းသည်။ပ။ "အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ခဲ့ပါ၏။ပ။ ထိုအကျွန်ုပ်သည် မာနတ် ကျင့်စဉ်

http://www.dhammadownload.com



ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ပြန်ပါ၏၊ ထိုအကျွန်ုပ်သည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်းခဲ့ပါ၏၊ သံဃာသည် ထိုအကျွန်ုပ်အား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ပါ၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို) နာတော်မူလော့၊ ဤဥဒါယီ ရဟန်းသည် ။ပ။ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး(ကျင့်ရသော)မာနတ်ကို ပေးရာ၏၊ဤကား သိစေခြင်းတည်း။ပ။

သံဃာသည် ဥဒါယီ ရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## အဗ္ဘာန်သွင်းထိုက်သော ရဟန်းကို အရင်းသို့ ငင်ခြင်း

၁၁၈။ မာနတ် ကျင့်ပြီးသည် ဖြစ်၍ အဗ္ဘာန်သွင်းထိုက်သော ထိုဥဒါယီသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ပါ၏။ပ။ မာနတ်ကျင့်ပြီးသည် ဖြစ်၍ အဗ္ဘာန်သွင်းထိုက်သော ထိုအကျွန်ုပ်သည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ပြန်ပါ၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် အရင်းသို့ ငင်၍ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးလော့၊ ရဟန်းတို့ ဤသို့ အရင်းသို့ ငင်ရမည်။ပ။ ရဟန်းတို့ ဤသို့ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးရမည်။ပ။ သံဃာသည် ဥဒါယီ ရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## အရင်းသို့ ငင်ထားသော ရဟန်းအား အဗ္ဘာန်သွင်းခြင်း

၁၁၉။ ထိုဥဒါယီသည် မာနတ်ကျင့်ပြီးသည် ဖြစ်၍ ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုအကျွန်ုပ်သည် မာနတ် ကျင့်ပြီး ဖြစ်ပါသည်၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းကို အဗ္ဘာန် သွင်းလော့။

ရဟန်းတို့ ဤသို့ အဗ္ဘာန်သွင်းရမည်။ရဟန်းတို့ ထိုဥဒါယီ ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ပါ၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို တောင်းပါ၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်းပါ၏၊ ထိုအကျွန်ုပ်ကို သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ပါ၏၊ ပရိဝါသ် နေပြီးသည် ဖြစ်၍ မာနတ် ကျင့်ထိုက်သော ထိုအကျွန်ုပ်သည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်းပါ၏၊ ထိုအကျွန်ုပ်ကို သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် အရင်းသို့ ငင်ပါ၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ် နေပြီးသည် ဖြစ်၍ သံဃာကို အာပတ် သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းပါ၏၊ ထိုအကျွန်ုပ်အား သံဃာသည် အာပတ် သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏။ ထိုအကျွန်ုပ်သည် မာနတ်ကို ကျင့်စဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ပါ၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်းပါ၏၊ ထိုအကျွန်ုပ်ကို သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ပါ၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့် ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းပါ၏၊ ထိုအကျွန်ုပ်အား သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး

http://www.dhammadownload.com



(ကျင့်ရသော) မာနတ်ကို ပေး၏၊ မာနတ် ကျင့်ပြီးသည် ဖြစ်၍ အဗ္ဘာန်သွင်းထိုက်သော ထိုအကျွန်ုပ်သည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်ပါ၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်းပါ၏၊ ထိုအကျွန်ုပ်ကို သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် အရင်းသို့ ငင်ပါ၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းပါ၏၊ ထိုအကျွန်ုပ်အား သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် မာနတ် ကျင့်ပြီးသည် ဖြစ်၍ သံဃာကို အဗ္ဘာန်သွင်းခြင်းကို တောင်းပါ၏"ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၂၀။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်း အပ်သော အာပတ် တခုကြောင့် ငါးရက်နေသော ပရိဝါသ်ကို ပေး၏။

ထိုဥဒါယီသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့်စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ပရိဝါသ် နေပြီးသည် ဖြစ်၍ မာနတ် ကျင့်ထိုက်သော ထိုဥဒါယီသည် ဝတ်အတွင်း၌ စေတနာ နှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။

ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်း အပ်သော အာပတ်တခုကြောင့် အရင်းသို့ငင်ခြင်းကို တောင်းပါ၏။ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုဥဒါယီသည် ပရိဝါသ် နေပြီးသည် ဖြစ်၍ သံဃာကို အာပတ် သုံးခုတို့၏ ခြောက်ညဥ့် ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား အာပတ် သုံးခု တို့၏ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏။

http://www.dhammadownload.com



ထိုဥဒါယီသည် မာနတ်ကို ကျင့်စဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏။

မာနတ် ကျင့်ပြီးသည် ဖြစ်၍ အဗ္ဘာန်သွင်းထိုက်သော ထိုဥဒါယီသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုဥဒါယီ ရဟန်းသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော မဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏။

ထိုဥဒါယီသည် မာနတ်ကျင့်ပြီးသည် ဖြစ်၍ သံဃာအား အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီရဟန်းကို အဗ္ဘာန်သွင်းရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ ပ။ ထိုဥဒါယီသည် မာနတ် ကျင့်ပြီးသည် ဖြစ်၍ သံဃာကို အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းကို အဗ္ဘာန်သွင်း၏၊ ဥဒါယီ ရဟန်းအား အဗ္ဘာန်သွင်းခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

http://www.dhammadownload.com



သံဃာသည် ဥဒါယီ ရဟန်းကို အဗ္ဘာန်သွင်းအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## လခွဲဖုံးလွှမ်းအပ်သော ပရိဝါသ်

၁၂၁။ ထိုအခါ၌ အသျှင်ဥဒါယီသည် စေတနာနှင့်စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ် (တဆယ့်ငါးရက် ဖုံးလွှမ်းအပ်)သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ်တခုသို့ ရောက်၏၊အကျွန်ုပ်သည်အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ ထိုဥဒါယီရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ် ကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၂၂။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲ ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်း အား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် လခွဲနေသော ပရိဝါသ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်း အပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခု ကြောင့် လခွဲနေသော ပရိဝါသ်ကို ပေး၏၊ ထိုဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင် အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## လခွဲဖုံးလွှမ်းအပ်သော ပရိဝါသ်နေစဉ် အရင်းသို့ငင်ခြင်း

၁၂၃။ ထိုဥဒါယီသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် ရဟန်းတို့အား—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသနည်း"ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့်စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၍ ရှေးအာပတ်နှင့် ပေါင်း၍ နေရ(ပေါင်းဆောက်တည်ရ)သော ပရိဝါသ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ အရင်းသို့ ငင်ရမည်။ ရဟန်းတို့ ထိုဥဒါယီရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

http://www.dhammadownload.com



၁၂၄။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုတ်လွှတ်သော လခွဲ ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို ပေး၏။

ထိုဥဒါယီသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်း အပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခု ကြောင့် လခွဲနေသော ပရိဝါသ်ကို ပေး၏။

ထိုဥဒါယီသည် ပရိဝါသ် နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ငင်၏။

ဥဒါယီ ရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်း အပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤ အကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို ငင်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## သမောဓာနပရိဝါသ်

၁၂၅။ ရဟန်းတို့ ဤသို့ ရှေးအာပတ်နှင့်ပေါင်း၍ နေသော (ပေါင်း၍ ဆောက်တည်ရသော) ပရိဝါသ်ကို ပေးရမည်၊ ရဟန်းတို့ ထိုဥဒါယီ ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်း အပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲ ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို ပေး၏၊ ထိုအကျွန်ုပ်သည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်း အပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုအကျွန်ုပ်ကို သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ် နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို တောင်းပါ၏" ဟု (ဆိုရမည်)။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၂၆။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲ ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို ပေး၏။

ထိုဥဒါယီသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍ နေရသော ပရိဝါသ်ကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊

http://www.dhammadownload.com



သံဃာသည် ဥဒါယိရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက်ဖုံးလွှမ်း အပ်သော အာပတ် တခုကြောင့် ရွှေအာပတ်နှင့် ပေါင်း၍ နေရသော ပရိဝါသ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယိရဟန်း သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယိသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်း အပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယိ ရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခု ကြောင့် လခွဲနေသော ပရိဝါသ်ကို ပေး၏။

ထိုဥဒါယိသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယိသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက်ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယိ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ်တခုကြောင့် အရင်းသို့ ငင်၏။

ထိုဥဒါယိသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရွှေအာပတ်နှင့် ပေါင်း၍နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယိရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ် သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရွှေအာပတ်နှင့်ပေါင်း၍ နေသော ပရိဝါသ်ကို ပေး၏၊ ဥဒါယိရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရွှေအာပတ်နှင့်ပေါင်း၍နေသော ပရိဝါသ် ပေးခြင်း ကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤ အကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဥဒါယိရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရွှေအာပတ်နှင့်ပေါင်း၍ နေသော ပရိဝါသ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ် နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်”ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## မာနတ်ကျင့်ထိုက်သော ရဟန်းကို အရင်းသို့ ငင်ခြင်းစသည်

၁၂၇။ ပရိဝါသ်နေပြီးသည် ဖြစ်၍ မာနတ် ကျင့်ထိုက်သော ထိုဥဒါယိသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယိသည် ရဟန် တို့အား—

http://www.dhammadownload.com



"ငါသျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ပရိဝါသ်နေပြီးသည် ဖြစ်၍ မာနတ် ကျင့်ထိုက်သော ထို အကျွန်ုပ်သည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ် သော အာပတ် တခုသို့ရောက်၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့်စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၍ ရှေ့အာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ အရင်းသို့ ငင်ရမည်။ပ။ ရဟန်းတို့ ရှေ့အာပတ်နှင့် ပေါင်း၍နေသော ပရိဝါသ်ကို ဤသို့ ပေးရမည်။ပ။ ပေး၏။ပ။

သံဃာသည် ဥဒါယီ ရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေ့အာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ် နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်"ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## အာပတ် သုံးမျိုးတို့၏ မာနတ်

၁၂၈။ ထိုဥဒါယီသည် ပရိဝါသ် နေပြီးသည် ဖြစ်၍ ရဟန်းတို့အား—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ယခွဲဖုံးလွှမ်း အပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုအကျွန်ုပ်သည် ပရိဝါသ်နေပြီး ဖြစ်ပါ၏၊ အကျွန်ုပ် သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီရဟန်းအား အာပတ် သုံးခုတို့၏ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ ထိုဥဒါယီရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲ တဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်း အပ်သော အာပတ် တခုသို့ ရောက်ပါ၏။ပ။ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် ပရိဝါသ် နေပြီးသည် ဖြစ်၍ သံဃာကို အာပတ် သုံးခုတို့၏ ခြောက်ညဥ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၂၉။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲ ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုဥဒါယီရဟန်းသည် ပရိဝါသ်နေပြီးသည်ဖြစ်၍ သံဃာကို အာပတ်

http://www.dhammadownload.com



သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာအား လျှောက် ပတ်သော အခါရှိသော ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီရဟန်းအား အာပတ် သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီရဟန်း သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုဥဒါယီသည် ပရိဝါသ်နေပြီးသည် ဖြစ်၍ သံဃာကို အာပတ် သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား အာပတ် သုံးခု တို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ဥဒါယီရဟန်း အား အာပတ်သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤ အကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဥဒါယီရဟန်းအား အာပတ် သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## မာနတ်ကျင့်စဉ် အရင်းသို့ ငင်ခြင်း စသည်

၁၃၀။ ထိုဥဒါယီသည် မာနတ်ကို ကျင့်စဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ် သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ရောက်၏၊ ထိုဥဒါယီသည် ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ် သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုအကျွန်ုပ်သည် မာနတ်ကိုကျင့်စဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက် ပြန်ပါ၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၍ ရှေးအာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို ပေး၍ ခြောက် ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ အရင်းသို့ ငင်ရမည်။ပ။ ရဟန်းတို့ ဤသို့ ရှေးအာပတ်နှင့်ပေါင်း၍ နေသော ပရိဝါသ်ကို ပေးရမည်။ပ။ ရဟန်းတို့ ဤသို့ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး ရမည်။ပ။ ပေး၏။ပ။

သံဃာသည် ဥဒါယီ ရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော)

http://www.dhammadownload.com



မာနတ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## အဗ္ဘာန်သွင်းထိုက်သော ရဟန်းအား အရင်းသို့ ငင်ခြင်းစသည်

၁၃၁။ မာနတ်ကျင့်ပြီးသည် ဖြစ်၍ အဗ္ဘာန်သွင်းထိုက်သော ထိုဥဒါယီသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ မာနတ် ကျင့်ပြီးသည် ဖြစ်၍ အဗ္ဘာန်သွင်းထိုက်သော ထိုအကျွန်ုပ်သည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၍ ရှေ့အာပတ်နှင့် ပေါင်း၍နေသော ပရိဝါသ်ကို ပေး၍ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ အရင်းသို့ ငင်ရမည်။ပ။ ရဟန်းတို့ ဤသို့ ရှေ့အာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို ပေးရမည်။ပ။ ရဟန်းတို့ ဤ သို့ခြောက်ညဉ့်ပတ်လုံး(ကျင့်ရသော) မာနတ်ကို ပေးရမည်။ပ။ ပေး၏။ပ။

သံဃာသည် ဥဒါယီရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သောအာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး(ကျင့်ရသော)မာနတ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## ပက္ခပ္ပဋိစ္ဆန္နအဗ္ဘာန်

၁၃၂။ ထိုဥဒါယီသည် မာနတ်ကျင့်ပြီးသည် ဖြစ်၍ ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။ပ။ ထိုအကျွန်ုပ်သည် မာနတ်ကျင့်ပြီး ဖြစ်၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသေးသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥဒါယီ ရဟန်းကို အဗ္ဘာန်သွင်းလော့။

ရဟန်းတို့ ဤသို့ အဗ္ဘာန်သွင်းရမည်။ ရဟန်းတို့ ထိုဥဒါယီရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတပက် ပခုံးထက်၌ ကောသီကို စမွယ်တင်၍ သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် စေတနာနှင့်စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ အကျွန်ုပ်သည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို ပေး၏။

ထိုအကျွန်ုပ်သည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုအကျွန်ုပ်ကို သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍နေသော ပရိဝါသ်ကို ပေး၏။

ပရိဝါသ် နေပြီးသည် ဖြစ်၍ မာနတ်ကျင့်ထိုက်သော ထိုအကျွန်ုပ်သည် ဝတ်အတွင်း၌ စေတနာနှင့်စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုအကျွန်ုပ်ကို သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့်စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့်ပေါင်း၍ နေသော ပရိဝါသ် ကို ပေး၏။

ထိုအကျွန်ုပ်သည် ပရိဝါသ်နေပြီးသည် ဖြစ်၍ သံဃာကို အာပတ် သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် အာပတ် သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏။

ထိုအကျွန်ုပ်သည် မာနတ်ကျင့်စဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏။

ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုအကျွန်ုပ်ကို သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

http://www.dhammadownload.com



ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့်ပေါင်း၍ နေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့်ပေါင်း၍ နေသော ပရိဝါသ်ကို ပေး၏။

ထိုအကျွန်ုပ်သည် သံဃာကိုဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏။

အသျှင်ဘုရားတို့ မာနတ်ကျင့်ပြီးသည် ဖြစ်၍ အဗ္ဘာန်သွင်းထိုက်သော ထိုအကျွန်ုပ်သည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုအကျွန်ုပ်ကို သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို ပေး၏။

ထိုအကျွန်ုပ်သည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ ထိုအကျွန်ုပ်အား သံဃာသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက်ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏။

အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် မာနတ်ကျင့်ပြီးသည် ဖြစ်၍ သံဃာကို အဗ္ဘာန်သွင်းခြင်းကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၃၃။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥဒါယီ ရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲ ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည်

http://www.dhammadownload.com



ဥဒါယီရဟန်းအား စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် လခွဲနေသော ပရိဝါသ်ကို ပေး၏။

ထို ဥဒါယီသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍နေသော ပရိဝါသ်ကို ပေး၏။

ပရိဝါသ်နေပြီးသည် ဖြစ်၍ မာနတ် ကျင့်ထိုက်သော ထိုဥဒါယီသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို ပေး၏။

ထိုဥဒါယီသည် ပရိဝါသ်နေပြီးသည်ဖြစ်၍ သံဃာကို အာပတ် သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား အာပတ် သုံးခုတို့၏ ခြောက်ညဉ့်ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏၊ ထိုဥဒါယီသည် မာနတ်ကျင့်စဉ် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်း အပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေးအာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကိုတောင်း ၏၊ သံဃာသည် ဥဒါယီရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော

http://www.dhammadownload.com



ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေ့အာပတ်နှင့် ပေါင်း၍ နေသော ပရိဝါသ်ကို ပေး၏။

ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ည၌ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ည၌ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏။

မာနတ် ကျင့်ပြီးသည်ဖြစ်၍ အဗ္ဘာန်သွင်းထိုက်သော ထိုဥဒါယီသည် ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက်ဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏၊ ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် အရင်းသို့ ငင်၏။

ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေ့အာပတ်နှင့် ပေါင်း၍နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ရှေ့အာပတ်နှင့် ပေါင်း၍နေသော ပရိဝါသ်ကို ပေး၏။

ထိုဥဒါယီသည် သံဃာကို ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ည၌ပတ်လုံး (ကျင့်ရသော) မာနတ်ကို တောင်း၏၊ သံဃာသည် ဥဒါယီ ရဟန်းအား ဝတ်အတွင်း၌ စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော ငါးရက် ဖုံးလွှမ်းအပ်သော အာပတ် တခုကြောင့် ခြောက်ည၌ပတ်လုံး (ကျင့်ရသော) မာနတ်ကို ပေး၏။

ထိုဥဒါယီသည် မာနတ် ကျင့်ပြီးသည်ဖြစ်၍ သံဃာအား အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥဒါယီ ရဟန်းကို အဗ္ဘာန်သွင်းရာ၏၊ ဤကား သိစေခြင်းတည်း။

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥဒါယီရဟန်းသည် စေတနာနှင့် စေ့ဆော်၍ သုက်လွှတ်သော လခွဲဖုံးလွှမ်းအပ်သော အာပတ် တခုသို့ ရောက်၏ ။ပ။ ထိုဥဒါယီသည် မာနတ် ကျင့်ပြီးသည်ဖြစ်၍ သံဃာအား အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ သံဃာသည် ဥဒါယီရဟန်းကို အဗ္ဘာန်သွင်း၏၊ ဥဒါယီရဟန်းအား အဗ္ဘာန်သွင်းခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏ ။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏ ။ပ။

http://www.dhammadownload.com



သံဃာသည် ဥဒါယီရဟန်းကို အဗ္ဘာန်သွင်းအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

သုက်လွှတ်သောအာပတ် ပြီး၏။

---

## ၂-ပရိဝါသ်

## အဂ္ဃသမောဓာန ပရိဝါသ်

. ၁၃၄။ ထိုအခါ ရဟန်းတပါးသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် တခုကို တရက် ဖုံးလွှမ်း၏၊ အာပတ် တခုကို နှစ်ရက် ဖုံးလွှမ်း၏၊ အာပတ် တခုကို သုံးရက် ဖုံးလွှမ်း၏၊ အာပတ် တခုကို လေးရက် ဖုံးလွှမ်း၏၊ အာပတ် တခုကို ငါးရက် ဖုံးလွှမ်း၏၊ အာပတ် တခုကို ခြောက်ရက် ဖုံးလွှမ်း၏၊အာပတ် တခုကို ခုနစ်ရက် ဖုံးလွှမ်း၏၊ အာပတ် တခုကို ရှစ်ရက် ဖုံးလွှမ်း၏၊ အာပတ် တခုကို ကိုးရက် ဖုံးလွှမ်း၏၊ အာပတ် တခုကို ဆယ်ရက် ဖုံးလွှမ်း၏၊ ထိုရဟန်းသည် ရဟန်းတို့အား—

"ငါ့သျှင်တို့ အကျွန်ုပ်သည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် တခုကို တရက် ဖုံးလွှမ်း၏။ပ။ အာပတ် တခုကို ဆယ်ရက် ဖုံးလွှမ်း၏။ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ထိုရဟန်းအား ထိုအာပတ်တို့တွင် ဆယ်ရက် ဖုံးလွှမ်းအပ်သော အာပတ်၏ အပိုင်းအခြားအားဖြင့် ပေါင်း၍ နေသော ပရိဝါသ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် တခုကို တရက် ဖုံးလွှမ်း၏။ပ။ အာပတ် တခုကို ဆယ်ရက် ဖုံးလွှမ်း၏၊ အသျှင်ဘုရားတို့ အကျွန်ုပ်သည် သံဃာကို ထိုအာပတ်တို့တွင် ဆယ်ရက် ဖုံးလွှမ်းအပ်သော အာပတ်၏ အပိုင်းအခြားအားဖြင့် ပေါင်း၍ နေသော ပရိဝါသ်ကို တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၃၅။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် တခုကို တရက်ဖုံးလွှမ်း၏။ပ။ အာပတ် တခုကို ဆယ်ရက် ဖုံးလွှမ်း၏။

ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့တွင် ဆယ်ရက် ဖုံးလွှမ်းအပ်သော အာပတ်၏ အပိုင်းအခြားအားဖြင့် ပေါင်း၍ နေသော ပရိဝါသ်ကို တောင်း၏။ သံဃာအား လျှောက်ပတ်

http://www.dhammadownload.com



သော အခါရှိသော်သည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား ထိုအာပတ်တို့တွင် ဆယ်ရက် ဖုံးလွှမ်းအပ်သော အာပတ်၏ အပိုင်းအခြားအားဖြင့် ပေါင်း၍ နေသော ပရိဝါသ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် တခုကို တရက် ဖုံးလွှမ်း၏။ပ။ အာပတ် တခုကို ဆယ်ရက် ဖုံးလွှမ်း၏။

ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့တွင် ဆယ်ရက် ဖုံးလွှမ်းအပ်သော အာပတ်၏အပိုင်းအခြားအားဖြင့် ပေါင်း၍နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား ထိုအာပတ်တို့တွင် ဆယ်ရက် ဖုံးလွှမ်းအပ်သော အာပတ်၏ အပိုင်းအခြားအားဖြင့် ပေါင်း၍နေသော ပရိဝါသ်ကို ပေး၏။

ဤမည်သော ရဟန်းအား ထိုအာပတ်တို့တွင် ဆယ်ရက် ဖုံးလွှမ်းအပ်သော အာပတ်၏ အပိုင်းအခြားအားဖြင့် ပေါင်း၍ နေသော ပရိဝါသ်ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထို အသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဤမည်သော ရဟန်းအား ထိုအာပတ်တို့တွင် ဆယ်ရက် ဖုံးလွှမ်းအပ်သော အာပတ်၏ အပိုင်းအခြားအားဖြင့် ပေါင်း၍နေသော ပရိဝါသ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## သဗ္ဗစိရပ္ပဋိစ္ဆန္န အဂ္ဃသမောဓာန်

၁၃၆။ ထိုအခါ ရဟန်းတပါးသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် တခုကို တရက် ဖုံးလွှမ်း၏၊ အာပတ် နှစ်ခုတို့ကို နှစ်ရက် ဖုံးလွှမ်း၏၊ အာပတ် သုံးခုတို့ကို သုံးရက် ဖုံးလွှမ်း၏၊ အာပတ် လေးခုတို့ကို လေးရက် ဖုံးလွှမ်း၏၊ အာပတ် ငါးခုတို့ကို ငါးရက် ဖုံးလွှမ်း၏၊ အာပတ် ခြောက်ခုတို့ကို ခြောက်ရက် ဖုံးလွှမ်း၏၊ အာပတ် ခုနစ်ခုတို့ကို ခုနစ်ရက် ဖုံးလွှမ်း၏ အာပတ် ရှစ်ခုတို့ကို ရှစ်ရက် ဖုံးလွှမ်း၏၊ အာပတ် ကိုးခုတို့ကို ကိုးရက် ဖုံးလွှမ်း၏၊ အာပတ် ဆယ်ခုတို့ကို ဆယ်ရက် ဖုံးလွှမ်း၏၊ ထိုရဟန်းသည် ရဟန်းတို့အား "ငါ့သျှင်တို့ အကျွန်ုပ်သည် များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ် တခုကို တရက် ဖုံးလွှမ်း၏။ပ။ အာပတ် ဆယ်ခုတို့ကို ဆယ်ရက် ဖုံးလွှမ်း၏၊ အကျွန်ုပ်သည် အဘယ်သို့ကျင့်အပ်ပါသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ထိုရဟန်းအား ထိုအာပတ်တို့တွင် အလုံးစုံ အာပတ်တို့ထက် အကြာမြင့်ဆုံး ဖုံးလွှမ်းအပ်သော အာပတ်တို့၏ အပိုင်းအခြားအားဖြင့် ပေါင်း၍နေသော ပရိဝါသ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

http://www.dhammadownload.com



"အသျှင်ဘုရားတို့ အကျွန်ုပ်သည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်ပါ၏၊ အာပတ် တခုကို တရက် ဖုံးလွှမ်းပါ၏။ပ။ အာပတ် ဆယ်ခုတို့ကို ဆယ်ရက်ဖုံးလွှမ်းပါ၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို ထိုအာပတ်တို့တွင် အကြာမြင့်ဆုံး ဖုံးလွှမ်း အပ်သော အာပတ်တို့၏ အပိုင်းအခြား အားဖြင့် ပေါင်း၍ နေသော ပရိဝါသ်ကို တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၃၇။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ မည်သော ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ်တခုကို တရက် ဖုံးလွှမ်း၏။ပ။ အာပတ် ဆယ်ခု ဘို့ကို ဆယ်ရက် ဖုံးလွှမ်း၏၊ ထိုရဟန်းသည် သံဃာကို ထိုအာပတ်ဘို့တွင် အကြာမြင့်ဆုံး ဖုံးလွှမ်းအပ်သော အာပတ်တို့၏ အပိုင်းအခြားအားဖြင့် ပေါင်း၍နေသော ပရိဝါသ်ကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား ထိုအာပတ်တို့တွင် အကြာမြင့်ဆုံး ဖုံးလွှမ်းအပ်သော အာပတ်တို့၏ အပိုင်းအခြားအားဖြင့် ပေါင်း၍နေသော ပရိဝါသ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားဘို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ် တခုကို တရက် ဖုံးလွှမ်း၏။ပ။ အာပတ် ဆယ်ခု ဘို့ကို ဆယ်ရက် ဖုံးလွှမ်း၏။

ထိုရဟန်းသည် သံဃာကို ထိုအာပတ်ဘို့တွင် အကြာမြင့်ဆုံး ဖုံးလွှမ်းအပ်သော အာပတ် တို့၏ အပိုင်းအခြား အားဖြင့် ပေါင်း၍နေသော ပရိဝါသ်ကို တောင်း၏။ သံဃာသည် ဤ မည်သော ရဟန်းအား ထိုအာပတ်ဘို့တွင် အကြာမြင့်ဆုံး ဖုံးလွှမ်းအပ်သော အာပတ်တို့၏ အပိုင်းအခြားအားဖြင့် ပေါင်း၍နေသော ပရိဝါသ်ကို ပေး၏။

ဤမည်သော ရဟန်းအား ထိုအာပတ်ဘို့တွင် အကြာမြင့်ဆုံး ဖုံးလွှမ်းအပ်သော အာပတ် တို့၏ အပိုင်းအခြားအားဖြင့် ပေါင်း၍နေသော ပရိဝါသ် ပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤ အကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဤမည်သော ရဟန်းအား ထိုအာပတ်တို့တွင် အကြာမြင့်ဆုံး ဖုံးလွှမ်းအပ် သော အာပတ်တို့၏ အပိုင်းအခြားအားဖြင့် ပေါင်း၍နေသော ပရိဝါသ်ကို ပေးအပ်ပြီ၊ သံဃာ အား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက် သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## နှစ်လ ပရိဝါသ်

၁၃၈။ ထိုအခါ ရဟန်းတပါးသည် နှစ်လဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုရဟန်းအား—

"ငါသည် နှစ်လဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် လဇ္ဇီသဘော သက်ဝင်လာ၏။

ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ထိုငါ့အား—

"ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ နေသော ပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု အကြံ ဖြစ်၏။

ထို ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းပြီ၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို ပေးပြီ၊ ထိုငါ့အား ပရိဝါသ်နေစဉ်—

"ငါသည် သံဃာကို အခြား နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်၏လည်း နှစ်လပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု လဇ္ဇီသဘောသက်ဝင်လာ၏။

ထိုရဟန်းသည် ရဟန်းတို့အား—

"ငါ့ချင်တို့ အကျွန်ုပ်သည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ။

ထိုငါ့အား ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု အကြံ ဖြစ်၏။

ထိုအကျွန်ုပ်သည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းပြီ၊ ထိုအကျွန်ုပ်အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို ပေးပြီ၊ ထိုအကျွန်ုပ်အား ပရိဝါသ်နေစဉ် လဇ္ဇီသဘော သက်ဝင်လာ၏။

ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ ထိုငါ့အား—

"ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု အကြံ ဖြစ်၏။

http://www.dhammadownload.com



ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်း ပြီ၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို ပေးပြီ၊ ထိုငါ့အား ပရိဝါသ်နေစဉ်—

"ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု လဇ္ဇီသဘော သက်ဝင်လာ၏။

အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ထိုရဟန်းအား နှစ်လ ဖုံးလွှမ်းအပ်သော အခြားအာပတ်၏လည်း နှစ်လ ပရိဝါသ်ကို ပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲ တဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ သီတင်းကြီးရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခု တို့သို့ ရောက်ပြီ၊ ထိုအကျွန်ုပ်အား—

'ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု အကြံ ဖြစ်၏။

ထိုအကျွန်ုပ်သည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်တခု၏ နှစ်လ ပရိဝါသ်ကို တောင်းပြီ၊ ထိုအကျွန်ုပ်အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သောအာပတ် တခု၏ နှစ်လ ပရိဝါသ်ကို ပေးပြီ၊ ထိုအကျွန်ုပ်အား ပရိဝါသ်နေစဉ် လဇ္ဇီ သဘောသက်ဝင်လာ၏။

ငါသည် နှစ်လဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုဘို့သို့ ရောက်ပြီ၊ထိုငါ့အား—

'ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု အကြံ ဖြစ်၏။

ထိုအကျွန်ုပ်သည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းပြီ၊ ထိုအကျွန်ုပ်အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို ပေးပြီ၊ ထိုအကျွန်ုပ်အား ပရိဝါသ်နေစဉ်—

'ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြားအာပတ်တခု၏လည်း နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု လဇ္ဇီသဘော သက်ဝင်လာ၏။

အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ် တခု၏လည်း နှစ်လ ပရိဝါသ်ကို တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

http://www.dhammadownload.com



၁၃၉။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုရဟန်းအား—

'ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု အကြံဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းအား ပရိဝါသ်နေစဉ် လင်္ဇာသဘော သက်ဝင်လာ၏။

ငါသည် နှစ်လဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ထိုငါ့အား—

'ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်တခု၏ နှစ်လ ပရိဝါသ်ကိုတောင်းရမူကား ကောင်း၏' ဟု အကြံ ဖြစ်၏။

ထိုအကျွန်ုပ်သည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းပြီ၊ ထိုအကျွန်ုပ်အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကိုပေးပြီ၊ ထိုအကျွန်ုပ်အား ပရိဝါသ်နေစဉ်—

'ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြားအာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု လင်္ဇာသဘော သက်ဝင်လာ၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြားအာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုရဟန်းအား—

'ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းအား ပရိဝါသ်နေစဉ် လင်္ဇာသဘော သက်ဝင်လာ၏။

ငါသည် နှစ်လဖုံးလွှမ်းအပ်သော သံဃာဒိသိသ်အာပတ် နှစ်ခု တို့သို့ ရောက်ပြီ၊ထိုငါ့အား—

http://www.dhammadownload.com



'ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု အကြံ ဖြစ်၏။

ထိုအကျွန်ုပ်သည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းပြီ၊ ထိုအကျွန်ုပ်အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို ပေးပြီ၊ ထိုအကျွန်ုပ်အား ပရိဝါသ်နေစဉ်—

'ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြားအာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု လဇ္ဇီသဘော သက်ဝင်လာ၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြားအာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား နှစ်လ ဖုံးလွှမ်းအပ်သော အခြားအာပတ်၏လည်း နှစ်လ ပရိဝါသ်ကို ပေး၏။

ဤမည်သော ရဟန်းအား နှစ်လ ဖုံးလွှမ်းအပ်သော အခြားအာပတ်၏လည်း နှစ်လ ပရိဝါသ် ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဤမည်သော ရဟန်းအား နှစ်လ ဖုံးလွှမ်းအပ်သော အခြားအာပတ်၏လည်း နှစ်လ ပရိဝါသ်ကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ရဟန်းတို့ ထိုရဟန်းသည် ထိုနှစ်လ ဖုံးလွှမ်းအပ်သော အခြားသော သံဃာဒိသိသ် အာပတ်ကို စွဲ၍ နှစ်လတို့ ပတ်လုံး ပရိဝါသ်နေရမည်။

## နှစ်လ ပရိဝါသ် နေရမည့် အစီအရင်

၁၄၀။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုရဟန်းအား—

"ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းအား ပရိဝါသ်နေစဉ် လဇ္ဇီသဘော သက်ဝင်လာ၏။

ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုငါ့အား—

"ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု အကြံဖြစ်၏။

http://www.dhammadownload.com



ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို တောင်းပြီ၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် တခု၏ နှစ်လ ပရိဝါသ်ကို ပေးပြီ၊ ထိုငါ့အား ပရိဝါသ်နေစဉ်—

"ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏"ဟု လင်္ကီသဘော သက်ဝင်လာ၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အခြားအာပတ်၏လည်း နှစ်လ ပရိဝါသ်ကို ပေး၏။

ရဟန်းတို့ ထိုရဟန်းသည် ထိုနှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်ကို စွဲ၍ နှစ်လတို့ပတ်လုံး ပရိဝါသ် နေရမည်။

၁၄၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ အာပတ် တခုကို သိ၏၊ အာပတ် တခုကို မသိ၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော သိအပ်သော အာပတ်၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော သိအပ်သော အာပတ်၏ နှစ်လ ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် ပရိဝါသ်နေစဉ် အခြား အာပတ်ကိုလည်း သိ၏၊ ထိုရဟန်းအား—

"ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ အာပတ် တခုကို သိ၏၊ အာပတ် တခုကို မသိ၊ ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော သိအပ်သော အာပတ်၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော သိအပ်သော အာပတ်၏ နှစ်လ ပရိဝါသ်ကို ပေး၏၊ ထို ငါသည် ပရိဝါသ် နေစဉ် အခြား အာပတ်ကိုလည်း သိ၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု အကြံ ဖြစ်၏။

ထို ရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို ပေး၏။

ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်ကို စွဲ၍ နှစ်လတို့ပတ်လုံး ပရိဝါသ် နေရမည်။

၁၄၂။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုရဟန်းသည် အာပတ် တခုကို သတိရ၏၊ အာပတ် တခုကို သတိမရ၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော သတိရအပ်သော အာပတ်၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် ပရိဝါသ်နေစဉ် အခြား အာပတ်ကိုလည်း သတိရ၏၊ ထိုရဟန်းအား "ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်ပြီ၊ အာပတ် တခုကို သတိရ၏၊ အာပတ် တခုကို သတိမရ၊ ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော သတိရအပ်သော အာပတ်၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်၏ နှစ်လ

http://www.dhammadownload.com



ပရိဝါသ်ကို ပေး၏၊ ထိုငါသည် ပရိဝါသ်နေစဉ် အခြားသော အာပတ်ကိုလည်း သတိရ၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏ နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏”ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို ပေး၏။

ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်ကို စွဲ၍ နှစ်လတို့ပတ်လုံး ပရိဝါသ်နေရမည်။

၁၄၃။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ အာပတ် တခု၌ ယုံမှားမရှိ၊ အာပတ် တခု၌ ယုံမှားရှိ၏၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော ယုံမှားမရှိသော ထိုအာပတ်၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်၏ နှစ်လ ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် ပရိဝါသ်နေစဉ် အခြား အာပတ်၌လည်း ယုံမှားမရှိ၊ ထိုရဟန်းအား—

“ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ အာပတ်တခု၌ ယုံမှားမရှိ၊ အာပတ် တခု၌ ယုံမှားရှိ၏။

ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော ယုံမှားမရှိသော ထိုအာပတ်၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်၏ နှစ်လ ပရိဝါသ်ကို ပေး၏။

ထိုငါသည် ပရိဝါသ်နေစဉ် အခြား အာပတ်၌လည်း ယုံမှားမရှိ၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏” ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အခြား အာပတ်၏လည်း နှစ်လ ပရိဝါသ်ကို ပေး၏။

ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်ကို စွဲ၍ နှစ်လတို့ ပတ်လုံး ပရိဝါသ် နေရမည်။

၁၄၄။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ အာပတ် တခုကို သိလျက် ဖုံးလွှမ်း၏၊ အာပတ် တခုကို မသိ၍ ဖုံးလွှမ်း၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်တို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်တို့၏ နှစ်လ ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် ပရိဝါသ်နေစဉ် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကို ဆောင်သော ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရှက်တတ်သော တွေးတောမှု ‘သံသယကုက္ကုစ္စ’ရှိသော အကျင့်သိက္ခာကို လိုလားသော အခြား ရဟန်းသည် လာ၏။

http://www.dhammadownload.com



ထို(အာဂန္တု)ရဟန်းသည် "ငါ့သျှင်တို့ ဤရဟန်းသည် အဘယ် အာပတ်သို့ ရောက်သနည်း၊ ဤရဟန်းသည် အဘယ့်ကြောင့် ပရိဝါသ်နေသနည်း"ဟု မေး၏။

ထို ရဟန်းဘို့သည် "ငါ့သျှင် ဤရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ အာပတ် တခုကို သိလျက် ဖုံးလွှမ်း၏၊ အာပတ် တခုကို မသိ၍ ဖုံးလွှမ်း၏၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်တို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်တို့၏ နှစ်လ ပရိဝါသ်ကို ပေး၏၊ ငါ့သျှင် ဤရဟန်းသည် ထိုအာပတ် တို့သို့ ရောက်၏၊ ဤရဟန်းသည် ထိုအာပတ်ဘို့ကြောင့် ပရိဝါသ် နေပါသည်" ဟု ဆိုကုန်၏။

ထို (အာဂန္တု)ရဟန်းသည် "ငါ့သျှင်တို့ သိလျက် ဖုံးလွှမ်းအပ်သော ထိုအာပတ်ကြောင့် ပရိဝါသ် ပေးခြင်းသည် တရားနှင့် လျော်၏၊ တရားလမ်း ကျသောကြောင့် ဖြစ်မြောက်၏၊ ငါ့သျှင်တို့ မသိ၍ ဖုံးလွှမ်းအပ်သော အာပတ်ကြောင့် ပရိဝါသ်ပေးခြင်းသည် တရားနှင့်မလျော်၊ တရားလမ်း မကျသောကြောင့် မဖြစ်မြောက်။ ငါ့သျှင်တို့ ရဟန်းသည် အာပတ် တခုကြောင့် မာနတ်ကျင့်ထိုက် ၏"ဟု ဆို၏။

၁၄၅။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခု ဘို့ သို့ ရောက်၏၊ အာပတ် တခုကို သတိရလျက် ဖုံးလွှမ်း၏၊ အာပတ် တခုကို သတိမရ၍ ဖုံးလွှမ်း၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်တို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်တို့၏ နှစ်လ ပရိဝါသ်ကို ပေး၏။

ထိုရဟန်း ပရိဝါသ်နေစဉ် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင်ဓမ္မဝိနယနှင့် မာတိကာကို ဆောင်သော ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရှက်တတ်သော တွေးတောမှု 'သံသယ ကုက္ကုစ္စ' ရှိသော အကျင့်သိက္ခာကို လိုလားသော အခြားရဟန်းသည် လာ၏။

ထို(အာဂန္တု)ရဟန်းသည် "ငါ့သျှင်တို့ ဤရဟန်းသည် အဘယ်အာပတ်သို့ ရောက်သနည်း၊ ဤရဟန်းသည် အဘယ့်ကြောင့် ပရိဝါသ်နေသနည်း" ဟု မေး၏။

ထိုရဟန်းတို့သည် "ငါ့သျှင် ဤရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် တို့သို့ ရောက်၏၊ အာပတ် တခုကို သတိရလျက် ဖုံးလွှမ်း၏၊ အာပတ် တခုကို သတိမရ၍ ဖုံးလွှမ်း၏၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်တို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်တို့၏ နှစ်လ ပရိဝါသ်ကို ပေး၏၊ ငါ့သျှင် ဤရဟန်းသည် ထိုအာပတ်တို့သို့ ရောက်၏၊ ဤရဟန်းသည် ထိုအာပတ်တို့ကြောင့် ပရိဝါသ် နေ၏" ဟု ဆိုကုန်၏။

ထို (အာဂန္တု) ရဟန်းသည် "ငါ့သျှင်တို့ သတိရလျက် ဖုံးလွှမ်းအပ်သော ထိုအာပတ်ကြောင့် ပရိဝါသ်ပေးခြင်းသည် တရားနှင့်လျော်၏၊ တရားလမ်းကျသောကြောင့် ဖြစ်မြောက်၏။ ငါ့သျှင်တို့ သတိမရ၍ ဖုံးလွှမ်းအပ်သော အာပတ်ကြောင့် ပရိဝါသ်ပေးခြင်းသည် တရားနှင့် မလျော်၊ တရာ့

http://www.dhammadownload.com



လမ်း မကျသောကြောင့် မဖြစ်မြောက်။ ငါ့သျှင်တို့ ရဟန်းသည် အာပတ် တခုကြောင့် မာနတ်ကျင့်ထိုက်၏" ဟု ဆို၏။

၁၄၆။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန် သည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ အာပတ် တခုကို ယုံမှားမရှိ၍ ဖုံးလွှမ်း၏၊ အာပတ် တခုကို ယုံမှားရှိလျက် ဖုံးလွှမ်း၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်တို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်တို့၏ နှစ်လ ပရိဝါသ်ကို ပေး၏။

ထို ရဟန်း ပရိဝါသ်နေစဉ် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကို ဆောင်သော ကျမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရှက်တတ်သော တွေးတောမှု သံသယကုက္ကုစ္စ ရှိသော အကျင့်သိက္ခာကို လိုလားသော အခြားရဟန်းသည် လာ၏။

ထို (အာဂန္တု)ရဟန်းသည် "ငါ့သျှင်တို့ ဤရဟန်းသည် အဘယ်အာပတ်သို့ ရောက်သနည်း၊ ဤရဟန်းသည် အဘယ့်ကြောင့် ပရိဝါသ်နေသနည်း" ဟု မေး၏။

ထိုရဟန်းတို့သည် "ငါ့သျှင် ဤရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ အာပတ် တခု ကို ယုံမှားမရှိ၍ ဖုံးလွှမ်း၏၊ အာပတ် တခုကို ယုံမှားရှိလျက် ဖုံးလွှမ်း၏၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်တို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော ထိုအာပတ်တို့၏ နှစ်လပရိဝါသ်ကို ပေး၏၊ ငါ့သျှင် ဤရဟန်းသည် ထိုအာပတ်တို့သို့ ရောက်၏၊ ဤရဟန်းသည် ထိုအာပတ်တို့ကြောင့် ပရိဝါသ် နေ၏" ဟု ဆိုကုန်၏။

ထို(အာဂန္တု)ရဟန်းသည် "ငါ့သျှင်တို့ ယုံမှားမရှိ၍ ဖုံးလွှမ်းအပ်သော အာပတ်ကြောင့် ပရိဝါသ်ပေးခြင်းသည် တရားနှင့် လျော်၏၊ တရားလမ်း ကျသောကြောင့် ဖြစ်မြောက်၏။ ငါ့သျှင်တို့ ယုံမှားရှိလျက် ဖုံးလွှမ်းအပ်သော အာပတ်ကြောင့် ပရိဝါသ်ပေးခြင်းသည် တရားနှင့် မလျော်၊ တရားလမ်း မကျသောကြောင့် မဖြစ်မြောက်။ ငါ့သျှင်တို့ ရဟန်းသည် အာပတ် တခုကြောင့် မာနတ်ကျင့်ထိုက်၏" ဟု ဆို၏။

၁၄၇။ ထိုအခါ ရဟန်းတပါးသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုရဟန်းအား "ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလ ပရိဝါသ်ကို ပေး၏။

ထိုရဟန်းအား ပရိဝါသ်နေစဉ် လဇ္ဇီသဘော သက်ဝင်၏၊ ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုငါ့အား "ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာ

http://www.dhammadownload.com



ဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏” ဟု အကြံ ဖြစ်၏။

ထို ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခု တို့၏ တလ ပရိဝါသ်ကို တောင်း၏၊ ထို ငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို ပေး၏၊ ထိုငါ့အား ပရိဝါသ်နေစဉ် “ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်းရမူကား ကောင်း၏” ဟု လဇ္ဇီသဘော သက်ဝင်၏။

ထိုရဟန်းသည် ရဟန်းတို့အား—“ငါ့သျှင်တို့ အကျွန်ုပ်သည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုငါ့အား ‘ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏’ ဟု အကြံဖြစ်၏။

ထိုအကျွန်ုပ်သည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို ပေး၏၊ ထိုငါ့အား ပရိဝါသ်နေစဉ် လဇ္ဇီသဘော သက်ဝင်၏၊ ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထို ငါ့အား ‘ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ်အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏’ ဟု အကြံ ဖြစ်၏။

ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်နှစ်ခုတို့၏ တလ ပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်း အပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို ပေး၏၊ ထိုငါ့အား ပရိဝါသ်နေစဉ် ‘ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်းရမူကား ကောင်း၏’ဟု လဇ္ဇီသဘော သက်ဝင်၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသနည်း” ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြားကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ထိုရဟန်းအား နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်းပေးလော့။

ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

“အသျှင်ဘုရားတို့ အကျွန်ုပ်သည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုအကျွန်ုပ်အား ‘ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏’ ဟု အကြံ ဖြစ်၏။

ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို ပေး၏။

ထိုငါ့အား ပရိဝါသ်နေစဉ် လဇ္ဇီသဘော သက်ဝင်၏၊ ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုငါ့အား ငါသည် နှစ်လ ဖုံး လွှမ်းအပ်သော သံဃာဒိသိသ်

http://www.dhammadownload.com



အာပတ် နှစ်ခုတို့သို့ ရောက်၏၊ 'ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလ ပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု အကြံ ဖြစ်၏။

ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို ပေး၏၊ ထိုငါ့အား ပရိဝါသ်နေစဉ် 'ငါသည် သံဃာကိုနှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလ ပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်းတောင်းရမူကား ကောင်း၏' ဟု လဇ္ဇီသဘော သက်ဝင်၏။

အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၄၈။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုရဟန်းအား 'ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု အကြံဖြစ်၏၊

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်း၏။ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သောအာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို ပေး၏၊ ထိုရဟန်းအား ပရိဝါသ်နေစဉ် လဇ္ဇီသဘောသက်ဝင်၏။

ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုငါ့အား ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ 'ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု အကြံဖြစ်၏။

ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သောအာပတ် နှစ်ခုတို့၏ တလ ပရိဝါသ်ကို ပေး၏၊ ထိုငါ့အား ပရိဝါသ်နေစဉ် 'ငါသည် သံဃာကိုနှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်းရမူကား ကောင်း၏' ဟု လဇ္ဇီသဘော သက်ဝင်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါ ရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား နှစ်လ ဖုံးလွှမ်း အပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုရဟန်း

http://www.dhammadownload.com



အား 'ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု အကြံဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို ပေး၏၊ ထိုရဟန်းအား ပရိဝါသ်နေစဉ် လဇ္ဇီသဘော သက်ဝင်၏။ ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထို အကျွန်ုပ်အား 'ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏' ဟု အကြံ ဖြစ်၏။

ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခု တို့၏ တလပရိဝါသ်ကို ပေး၏၊ ထိုငါ့အား ပရိဝါသ်နေစဉ် 'ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်းရမူကား ကောင်း၏' ဟု လဇ္ဇီသဘော သက်ဝင်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ် ကိုလည်း ပေး၏။

ဤမည်သော ရဟန်းအား နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကို ပေးခြင်းကိုလည်း အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဤမည်သော ရဟန်းအား နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ရဟန်းတို့ ထိုရဟန်းသည် (ပရိဝါသ်နေပြီး)ရှေ့တလကို စွဲ၍ နှစ်လတို့ပတ်လုံး ပရိဝါသ်နေရမည်။

၁၄၉။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုရဟန်းအား "ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ်နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု အကြံ ဖြစ်၏။

http://www.dhammadownload.com



ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလ ပရိဝါသ်ကို ပေး၏။

ထိုရဟန်းအား ပရိဝါသ်နေစဉ် လဇ္ဇီသဘော သက်ဝင်၏၊ ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ထိုငါ့အား "ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်းရမူကား ကောင်း၏" ဟု အကြံ ဖြစ်၏။

ထို ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပရိဝါသ်ကို ပေး၏။

ထို ငါ့အား ပရိဝါသ်နေစဉ် "ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်းရမူကား ကောင်း၏" ဟု လဇ္ဇီ သဘော သက်ဝင်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရ သော) အခြား ပရိဝါသ်ကိုလည်း တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း ပေး၏။

ရဟန်းတို့ ထိုရဟန်းသည် (ပရိဝါသ် နေပြီး) ရှေ့တလကို စွဲ၍ နှစ်လတို့ပတ်လုံး ပရိဝါသ် နေရ မည်။

၁၅၀။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ တလကို သိ၏၊ တလကို မသိ၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်း အပ်သော အာပတ် နှစ်ခုတို့၏ သိအပ်သော လပတ်လုံး ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာ သည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ သိအပ်သော လပတ်လုံး ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် ပရိဝါသ်နေစဉ် အခြားလကိုလည်း သိ၏၊ ထိုရဟန်းအား 'ငါသည် နှစ်လ ဖုံးလွှမ်း အပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ တလကို သိ၏၊ တလကို မသိ၊ ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ သိအပ်သော လပတ်လုံး (ကျင့်ရသော) ပရိဝါသ်ကို တောင်းပါ၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းသော အာပတ် နှစ်ခုတို့၏ သိအပ် သော လပတ်လုံး (ကျင့်ရသော) ပရိဝါသ်ကို ပေး၏။

ထိုငါသည် ပရိဝါသ်နေစဉ် အခြားလကိုလည်း သိ၏၊ ငါသည် သံဃာကို နှစ်လဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်းရမူကား ကောင်း၏' ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့် ရသော) အခြား ပရိဝါသ်ကိုလည်း တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း ပေး၏။

ရဟန်းတို့ ထိုရဟန်းသည် (ပရိဝါသ်နေပြီး) ရှေ့လကို စွဲ၍ နှစ်လတို့ပတ်လုံး ပရိဝါသ်နေရမည်။

http://www.dhammadownload.com



၁၅၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ တလကို သတိရ၏၊ တလကို သတိမရ၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ သတိရအပ်သော လပတ်လုံး (ကျင့်ရသော) ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ သတိရအပ်သော လပတ်လုံး (ကျင့်ရသော) ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် ပရိဝါသ်နေစဉ် အခြားလကိုလည်း သတိရ၏၊ ထိုရဟန်းအား "ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ တလကို သတိရ၏၊ တလကို သတိမရ၊ ထိုငါသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ သတိရအပ်သော လပတ်လုံး (ကျင့်ရသော) ပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ သတိရအပ်သော လပတ်လုံး (ကျင့်ရသော) ပရိဝါသ်ကို ပေး၏။

ထိုငါသည် ပရိဝါသ်နေစဉ် အခြား လကိုလည်း သတိရ၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်းရမူကား ကောင်း၏" ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း ပေး၏။

ရဟန်းတို့ ထိုရဟန်းသည် (ပရိဝါသ်နေပြီး) ရှေ့လကို စွဲ၍ နှစ်လတို့ပတ်လုံး ပရိဝါသ်နေရမည်။

၁၅၂။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ တလကို ယုံမှားမရှိ၊ တလကို ယုံမှားရှိ၏၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ ယုံမှားမရှိသော လပတ်လုံး (ကျင့်ရသော) ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ ယုံမှားမရှိသော လပတ်လုံး (ကျင့်ရသော) ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် ပရိဝါသ်နေစဉ် အခြားလကိုလည်း ယုံမှားမရှိ ဖြစ်၏။

ထိုရဟန်းအား "ငါသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ တလကို ယုံမှားမရှိ၊ တလကို ယုံမှားရှိ၏၊ ထိုငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ ယုံမှားမရှိသော လပတ်လုံး (ကျင့်ရသော) ပရိဝါသ်ကို တောင်းပြီ၊ ထိုငါ့အား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ ယုံမှားမရှိသော လပတ်လုံး (ကျင့်ရသော) ပရိဝါသ်ကို ပေးပြီ။

ထို ငါသည် ပရိဝါသ်နေစဉ် အခြားလကိုလည်း ယုံမှားမရှိ ဖြစ်၏၊ ငါသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်းရမူကား ကောင်း၏" ဟု အကြံဖြစ်၏။

ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ တလပတ်လုံး (ကျင့်ရသော) အခြား ပရိဝါသ်ကိုလည်း ပေး၏။

ရဟန်းတို့ ထိုရဟန်းသည် (ပရိဝါသ်နေပြီး) ရှေ့လကို စွဲ၍ နှစ်လဘို့ ပတ်လုံး ပရိဝါသ်နေရမည်။

၁၅၃။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ တလကို သိလျက် ဖုံးလွှမ်း၏၊ တလကို မသိ၍ ဖုံးလွှမ်း၏၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်း အပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို ပေး၏။

ထိုရဟန်း ပရိဝါသ်နေစဉ် အကြား အပြင်များ၌ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကို ဆောင်သော ကျမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရှက်တတ်သော တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသော အကျင့်သိက္ခာကို လိုလားသော အခြား ရဟန်းသည် လာ၏။ ထို (အာဂန္တု) ရဟန်းသည် "ငါ့သျှင်တို့ ဤရဟန်းသည် အဘယ် အာပတ်သို့ ရောက်သနည်း၊ ဤရဟန်းသည် အဘယ့်ကြောင့် ပရိဝါသ်နေသနည်း" ဟု ပေး၏။

ထိုရဟန်းတို့သည် "ငါ့သျှင် ဤရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ တလကို သိလျက် ဖုံးလွှမ်း၏၊ တလကို မသိ၍ ဖုံးလွှမ်း၏၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို ပေး၏၊ ငါ့သျှင် ဤရဟန်းသည် ထိုအာပတ်တို့သို့ ရောက်၏၊ ဤရဟန်းသည် ထိုအာပတ်တို့ကြောင့် ပရိဝါသ်နေ၏" ဟု ဆိုကုန်၏။

ထို (အာဂန္တု) ရဟန်းသည် "ငါ့သျှင်တို့ သိလျက် ဖုံးလွှမ်းသော ထိုလအတွက် ပရိဝါသ် ပေးခြင်းသည် တရားနှင့်လျော်၏၊ တရားလမ်း ကျသောကြောင့် ဖြစ်မြောက်၏။ ငါ့သျှင်တို့ မသိ၍ ဖုံးလွှမ်းသော ထိုလအတွက် ပရိဝါသ် ပေးခြင်းသည် တရားနှင့် မလျော်၊ တရားလမ်း မကျသောကြောင့် မဖြစ်မြောက်။ ငါ့သျှင်တို့ ရဟန်းသည် တလမာနတ်ကျင့်ထိုက်၏" ဟု ဆို၏။

၁၅၄။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ တလကို သတိရလျက် ဖုံးလွှမ်း၏၊ တလကို သတိမရ၍ ဖုံးလွှမ်း၏၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို ပေး၏။

ထို ရဟန်း ပရိဝါသ်နေစဉ် အကြားအပြင် များ၌ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကို ဆောင်သော ကျမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရှက်တတ်သော တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသော အကျင့်သိက္ခာကို လိုလားသော အခြား ရဟန်းသည် လာ၏။

ထို (အာဂန္တု) ရဟန်းသည် "ငါ့သျှင်တို့ ဤရဟန်းသည် အဘယ်အာပတ်သို့ ရောက်သနည်း၊ ဤရဟန်းသည် အဘယ့်ကြောင့် ပရိဝါသ် နေသနည်း" ဟု မေး၏။

ထိုရဟန်းတို့သည် "ငါ့သျှင် ဤရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် နှစ်ခုတို့သို့ ရောက်၏၊ တလကို သတိရလျက် ဖုံးလွှမ်း၏၊ တလကို သတိမရ၍ ဖုံးလွှမ်း၏၊ ထိုရဟန်း

http://www.dhammadownload.com



သည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို ပေး၏၊ ငါ့သျှင် ဤရဟန်းသည် ထိုအာပတ်တို့သို့ ရောက်၏၊ ဤရဟန်းသည် ထိုအာပတ်တို့ကြောင့် ပရိဝါသ်နေ၏" ဟု ဆိုကုန်၏။

ထို (အာဂန္တု) ရဟန်းသည် "ငါ့သျှင်တို့ သတိရလျက် ဖုံးလွှမ်းသော လအတွက် ပရိဝါသ် ပေးခြင်းသည် တရားနှင့်လျော်၏။ တရားလမ်း ကျသောကြောင့် ဖြစ်မြောက်၏။ ငါ့သျှင်တို့ သတိမရ၍ ဖုံးလွှမ်းသော လအတွက် ပရိဝါသ် ပေးခြင်းသည် တရားနှင့် မလျော်၊ တရားလမ်း မကျသောကြောင့် မဖြစ်မြောက်။ ငါ့သျှင်တို့ ရဟန်းသည် တလ မာနတ် ကျင့်ထိုက်၏" ဟု ဆို၏။

၁၅၅။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ် အာပတ် တို့သို့ ရောက်၏၊ တလကို ယုံမှားမရှိ၍ ဖုံးလွှမ်း၏၊ တလကို ယုံမှားရှိလျက် ဖုံးလွှမ်း၏၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို ပေး၏။

ထိုရဟန်း ပရိဝါသ်နေစဉ် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကို ဆောင်သော ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရှက်တတ်သော တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိသော အကျင့်သိက္ခာကို လိုလားသော အခြားရဟန်းသည် လာ၏။

ထို (အာဂန္တု) ရဟန်းသည် "ငါ့သျှင်တို့ ဤရဟန်းသည် အဘယ်အာပတ်သို့ ရောက်သနည်း၊ ဤရဟန်းသည် အဘယ့်ကြောင့် ပရိဝါသ်နေသနည်း" ဟု မေး၏။

ထိုရဟန်းတို့သည် "ငါ့သျှင် ဤရဟန်းသည် နှစ်လ ဖုံးလွှမ်းအပ်သော သံဃာဒိသိသ်အာပတ် တို့သို့ ရောက်၏၊ တလကို ယုံမှားမရှိ၍ ဖုံးလွှမ်း၏၊ တလကို ယုံမှားရှိလျက် ဖုံးလွှမ်း၏၊ ထိုရဟန်းသည် သံဃာကို နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် နှစ်လ ဖုံးလွှမ်းအပ်သော အာပတ် နှစ်ခုတို့၏ နှစ်လ ပရိဝါသ်ကို ပေး၏။

ငါ့သျှင် ဤရဟန်းသည် ထိုအာပတ်တို့သို့ ရောက်၏၊ ဤရဟန်းသည် ထိုအာပတ်တို့ကြောင့် ပရိဝါသ် နေ၏" ဟု ဆိုကုန်၏။

ထို (အာဂန္တု) ရဟန်းသည် "ငါ့သျှင်တို့ ယုံမှားမရှိ၍ ဖုံးလွှမ်းအပ်သော လအတွက် ပရိဝါသ် ပေးခြင်းသည် တရားနှင့် လျော်၏၊ တရားလမ်း ကျသောကြောင့် ဖြစ်မြောက်၏။ ငါ့သျှင်တို့ ယုံမှားရှိလျက် ဖုံးလွှမ်းအပ်သော လအတွက် ပရိဝါသ်ပေးခြင်းသည် တရားနှင့် မလျော်၊ တရားလမ်း မကျသောကြောင့် မဖြစ်မြောက်။ ငါ့သျှင်တို့ ရဟန်းသည် တလ မာနတ်ကျင့်ထိုက်၏" ဟု ဆို၏။

## သုဒ္ဓန္တပရိဝါသ်

၁၅၆။ ထိုအခါ ရဟန်းတပါးသည် များစွာသော သံဃာဒိသိသ် အာပတ် တို့သို့ ရောက်၏၊ ထိုရဟန်းသည် အာပတ် အပိုင်းအခြားကို မသိ၊ ညဉ့်အပိုင်းအခြားကို မသိ၊ အာပတ်အပိုင်းအခြားကို သတိမရ၊ ညဉ့်အပိုင်းအခြားကို သတိမရ၊ အာပတ် အပိုင်းအခြား၌ ယုံမှားရှိ၏၊ ညဉ့်အပိုင်းအခြား၌ ယုံမှားရှိ၏။

http://www.dhammadownload.com



ထိုရဟန်းသည် ရဟန်းတို့အား "ငါ့သျှင်တို့ အကျွန်ုပ်သည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အပိုင်းအခြားကို မသိ၊ ညဉ့်အပိုင်းအခြားကို မသိ၊ အာပတ် အပိုင်းအခြားကို သတိမရ၊ ညဉ့်အပိုင်းအခြားကို သတိမရ၊ အာပတ် အပိုင်းအခြား၌ ယုံမှားရှိ၏။ ညဉ့်အပိုင်းအခြား၌ ယုံမှားရှိ၏၊ အကျွန်ုပ်သည် အဘယ်သို့ ကျင့်အပ်ပါသနည်း" ဟု ပြောကြား၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ထိုရဟန်းအား ထိုအာပတ်တို့၏ သုဒ္ဓန္တ 'စင်ကြယ်ခြင်း အဆုံးရှိသော'ပရိဝါသ်ကို ပေးလော့၊ ရဟန်းတို့ ဤသို့ ပေးရမည်။

ရဟန်းတို့ ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အပိုင်းအခြားကို မသိ၊ ညဉ့်အပိုင်းအခြားကို မသိ၊ အာပတ် အပိုင်းအခြားကို သတိမရ၊ ညဉ့်အပိုင်းအခြားကို သတိမရ၊ အာပတ် အပိုင်းအခြား၌ ယုံမှားရှိ၏၊ ညဉ့်အပိုင်းအခြား၌ ယုံမှားရှိ၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို ထိုအာပတ်တို့၏ သုဒ္ဓန္တ 'စင်ကြယ်ခြင်း အဆုံးရှိသော' ပရိဝါသ်ကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၅၇။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အပိုင်းအခြားကို မသိ၊ ညဉ့်အပိုင်းအခြားကို မသိ၊ အာပတ် အပိုင်းအခြားကို သတိမရ၊ ညဉ့် အပိုင်းအခြား ကို သတိမရ၊ အာပတ် အပိုင်းအခြား၌ ယုံမှားရှိ၏၊ ညဉ့်အပိုင်းအခြား၌ ယုံမှား ရှိ၏။

ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့၏ သုဒ္ဓန္တ 'စင်ကြယ်ခြင်း အဆုံးရှိသော' ပရိဝါသ်ကို တောင်း၏။ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာ အကယ်၍ ဖြစ်ငြားအံ့ သံဃာသည် ဤမည်သော ရဟန်းအား ထိုအာပတ်တို့၏ သုဒ္ဓန္တ ပရိဝါသ်ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အပိုင်းအခြားကို မသိ။ ညဉ့်အပိုင်းအခြားကိုမသိ၊ အာပတ် အပိုင်းအခြားကို သတိမရ၊ ညဉ့်အပိုင်းအခြားကို သတိမရ၊ အာပတ် အပိုင်းအခြား၌ ယုံမှားရှိ၏၊ ညဉ့်အပိုင်းအခြား၌ ယုံမှားရှိ၏၊ ထိုရဟန်း သည် သံဃာကို ထိုအာပတ်တို့၏ သုဒ္ဓန္တ ပရိဝါသ်ကို တောင်း၏။

သံဃာသည် ဤမည်သော ရဟန်းအား ထိုအာပတ်တို့၏ သုဒ္ဓန္တ ပရိဝါသ်ကို ပေး၏၊ ဤ မည်သော ရဟန်းအား ထိုအာပတ်တို့၏ သုဒ္ဓန္တပရိဝါသ်ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည်ဤ မည်သောရဟန်းအားထိုအာပတ်တို့၏ သုဒ္ဓန္တ ပရိဝါသ်ကိုပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည် )။

၁၅၇။ ရဟန်းတို့ သုဒ္ဓန္တ ပရိဝါသ်ကို ဤသို့ ပေးရမည်။ ပရိဝါသ်ကို ဤသို့ ပေးရမည်။ ရဟန်းတို့ အဘယ်သို့လျှင် သုဒ္ဓန္တ ပရိဝါသ်ကို ပေးအပ်သနည်း။

အာပတ် အပိုင်းအခြားကို မသိ၊ ညဉ့်အပိုင်းအခြားကို မသိ၊ အာပတ် အပိုင်းအခြားကို သတိမရ၊ ညဉ့်အပိုင်းအခြားကို သတိမရ၊ အာပတ် အပိုင်းအခြား၌ ယုံမှားရှိ၏၊ ညဉ့်အပိုင်းအခြား၌ ယုံမှားရှိ၏။ သုဒ္ဓန္တပရိဝါသ်ကို ပေးရမည်။

အာပတ် အပိုင်းအခြားကို သိ၏၊ ညဉ့်အပိုင်းအခြားကို မသိ၊ အာပတ် အပိုင်းအခြားကို သတိရ၏၊ ညဉ့်အပိုင်းအခြားကို သတိ မရ၊ အာပတ် အပိုင်းအခြား၌ ယုံမှားမရှိ၊ ညဉ့်အပိုင်းအခြား၌ ယုံမှားရှိ၏၊ သုဒ္ဓန္တ ပရိဝါသ်ကို ပေးရမည်။

အာပတ် အပိုင်းအခြား အချို့ကို သိ၏၊ အချို့ကို မသိ၊ ညဉ့်အပိုင်းအခြားကို မသိ၊ အာပတ် အပိုင်းအခြား အချို့ကို သတိရ၏၊ အချို့ကို သတိမရ၊ ညဉ့်အပိုင်းအခြားကို သတိမရ၊ အာပတ် အပိုင်းအခြား အချို့၌ ယုံမှားရှိ၏၊ အချို့၌ ယုံမှားမရှိ၊ ညဉ့်အပိုင်းအခြား၌ ယုံမှားရှိ၏။ သုဒ္ဓန္တ ပရိဝါသ်ကို ပေးရမည်။

အာပတ် အပိုင်းအခြားကို မသိ၊ ညဉ့်အပိုင်းအခြား အချို့ကို သိ၏၊ အချို့ကို မသိ၊ အာပတ် အပိုင်းအခြားကို သတိမရ၊ ညဉ့်အပိုင်းအခြား အချို့ကို သတိရ၏၊ အချို့ကို သတိမရ၊ အာပတ် အပိုင်းအခြား၌ ယုံမှားရှိ၏၊ ညဉ့်အပိုင်းအခြား အချို့၌ ယုံမှားရှိ၏၊ အချို့၌ ယုံမှားမရှိ။ သုဒ္ဓန္တ ပရိဝါသ်ကို ပေးရမည်။

အာပတ် အပိုင်းအခြားကို သိ၏၊ ညဉ့်အပိုင်းအခြားကို သိ၏၊ အချို့ကို မသိ၊ အာပတ် အပိုင်းအခြားကို သတိရ၏၊ ညဉ့်အပိုင်းအခြား အချို့ကို သတိရ၏၊ အချို့ကို သတိမရ၊ အာပတ် အပိုင်းအခြား၌ ယုံမှားမရှိ၊ ညဉ့်အပိုင်းအခြား အချို့၌ ယုံမှားရှိ၏၊ အချို့၌ ယုံမှားမရှိ။ သုဒ္ဓန္တပရိဝါသ်ကို ပေးရမည်။

အာပတ် အပိုင်းအခြား အချို့ကို သိ၏၊ အချို့ကို မသိ၊ ညဉ့်အပိုင်းအခြား အချို့ကို သိ၏၊ အချို့ကို မသိ၊ အာပတ် အပိုင်းအခြား အချို့ကို သတိရ၏၊ အချို့ကို သတိမရ၊ ညဉ့်အပိုင်းအခြား အချို့ကို သတိရ၏၊ အချို့ကို သတိမရ၊ အာပတ် အပိုင်းအခြား အချို့၌ ယုံမှားရှိ၏၊ အချို့၌ ယုံမှား မရှိ၊ ညဉ့်အပိုင်းအခြား အချို့၌ ယုံမှားရှိ၏၊ အချို့၌ ယုံမှားမရှိ။ သုဒ္ဓန္တပရိဝါသ်ကို ပေးရမည်။ ရဟန်းတို့ ဤသို့လျှင် သုဒ္ဓန္တ ပရိဝါသ်ကို ပေးရမည်။

၁၅၈။ ရဟန်းတို့ ပရိဝါသ်ကို အဘယ်သို့ ပေးအပ်သနည်း။ အာပတ် အပိုင်းအခြားကို သိ၏၊ ညဉ့်အပိုင်းအခြားကို သိ၏၊ အာပတ် အပိုင်းအခြားကို သတိရ၏၊ ညဉ့်အပိုင်းအခြားကို သတိရ၏၊ အာပတ် အပိုင်းအခြား၌ ယုံမှားမရှိ၊ ညဉ့်အပိုင်းအခြား၌ ယုံမှားမရှိ၊ ပရိဝါသ်ကို ပေးရမည်။

http://www.dhammadownload.com



**အာပတ် အပိုင်းအခြားကို မသိ၊ ညဥ့်အပိုင်းအခြားကို သိ၏၊** အာပတ် အပိုင်းအခြားကို သတိမရ၊ ညဥ့်အပိုင်းအခြားကို သတိရ၏၊ အာပတ် အပိုင်းအခြား၌ ယုံမှားရှိ၏၊ ညဥ့်အပိုင်းအခြား၌ ယုံမှားမရှိ။ ပရိဝါသ်ကို ပေးရမည်။

အာပတ် အပိုင်းအခြား အချို့ကို သိ၏၊ အချို့ကို မသိ၊ ညဥ့်အပိုင်းအခြားကို သိ၏၊ အာပတ် အပိုင်းအခြား အချို့ကို သတိရ၏၊ အချို့ကို သတိမရ၊ ညဥ့်အပိုင်းအခြားကို သတိရ၏၊ အာပတ် အပိုင်းအခြား အချို့၌ ယုံမှားရှိ၏၊ အချို့၌ ယုံမှားမရှိ၊ ညဥ့်အပိုင်းအခြား၌ ယုံမှားမရှိ၊ ပရိဝါသ်ကို ပေးရမည်။ ရဟန်းတို့ ဤသို့လျှင် ပရိဝါသ်ကို ပေးရမည်။

ပရိဝါသ် ပြီး၏။

## ၃-စတ္တာလီသက (၄၀)

၁၆၀။ ထိုအခါ ရဟန်းတပါးသည် ပရိဝါသ်နေစဉ် လူထွက်၏။ ထိုလူထွက်သူသည် တဖန် ပြန်လာ၍ ရဟန်းတို့ကို ပဥ္စင်း အဖြစ်ကို တောင်း၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် လူထွက်၏။ ရဟန်းတို့ လူထွက်သူအား ပရိဝါသ်သည် မဖြစ်မြောက်။ ထိုလူထွက်သူသည် အကယ်၍ တဖန် ပဥ္စင်းခံငြားအံ့၊ ထိုရှေးက ပေးပြီး ဖြစ်သော ပရိဝါသ်သည် သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏။ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏၊ အကြွင်း (ပရိဝါသ်)ကို (ဆက်လက်) နေရမည်။ (၁)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် သာမဏေ ဖြစ်၏၊ ရဟန်းတို့ သာမဏေအား ပရိဝါသ်သည် မဖြစ်မြောက်။

ထိုသာမဏေသည် ပဥ္စင်းခံငြားအံ့၊ ထိုရှေးက ပေးပြီး ပရိဝါသ် သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏။ အကြွင်း (ပရိဝါသ်)ကို (ဆက်လက်) နေရမည်။ (၂)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ရူးသွပ်၏၊ ရဟန်းတို့ ရူးသွပ်သော ရဟန်းအား ပရိဝါသ်သည် မဖြစ်မြောက်။ ထိုရူးသွပ်သော ရဟန်းသည် တဖန် မရူးသွပ်သူ ဖြစ်ငြားအံ့၊ ထိုရှေးကပေးပြီး ပရိဝါသ် သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာနေအပ်ပြီး ဖြစ်၏၊ အကြွင်း (ပရိဝါသ်)ကို (ဆက်လက်) နေရမည်။ (၃)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် စိတ်ပျံ့လွင့်၏၊ ရဟန်းတို့ စိတ်ပျံ့လွင့်သော ရဟန်းအား ပရိဝါသ်သည် မဖြစ်မြောက်။ ထိုရဟန်းသည် တဖန် စိတ်မပျံ့လွင့်သူ ဖြစ်ငြားအံ့။

http://www.dhammadownload.com



ရှေးကပေးပြီး ပရိဝါသ်သည် သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏၊ အကြွင်း (ပရိဝါသ်)ကို (ဆက်လက်) နေရမည်။ (၄)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဝေဒနာ နှိပ်စက်ခံရသူ ဖြစ်၏၊ ရဟန်းတို့ ဝေဒနာ နှိပ်စက်ခံရသော ရဟန်းအား ပရိဝါသ် သည် မဖြစ်မြောက်။ ထိုရဟန်းသည် တဖန် ဝေဒနာနှိပ်စက် မခံရသူ ဖြစ်ငြားအံ့၊ ထိုရှေးက ပေးပြီးဖြစ်သော ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏၊ အကြွင်း (ပရိဝါသ်)ကို (ဆက်လက်) နေရမည်။ (၅)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ခံရသူ ဖြစ်၏၊ ရဟန်းတို့ နှင်ထုတ်ခံရသော ရဟန်းအား ပရိဝါသ်သည် မဖြစ်မြောက်။ ထိုရဟန်းကို တဖန် သွင်းငြားအံ့၊ ထိုရှေးကပေးပြီး ဖြစ်သော ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာနေအပ်ပြီး ဖြစ်၏၊ အကြွင်း (ပရိဝါသ်)ကို (ဆက်လက်) နေရမည်။ (၆)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ခံရသူ ဖြစ်၏၊ ရဟန်းတို့ နှင်ထုတ်ခံရသော ရဟန်းအား ပရိဝါသ်သည် မဖြစ်မြောက်။ ထိုရဟန်းကို တဖန် သွင်းငြားအံ့၊ ထိုရှေးကပေးပြီး ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏၊ အကြွင်း (ပရိဝါသ်)ကို (ဆက်လက်) နေရမည်။ (၇)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ခံရသူ ဖြစ်၏၊ ရဟန်းတို့ နှင်ထုတ်ခံရသော ရဟန်းအား ပရိဝါသ်သည် မဖြစ်မြောက်၊ ထိုရဟန်းကို တဖန် သွင်းငြားအံ့၊ ထိုရှေးက ပေးပြီးသော ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏၊ အကြွင်း (ပရိဝါသ်)ကို (ဆက်လက်) နေရမည်။ (၈)

၁၆၁။ ရဟန်းတို့ ဤသာသနာတော်၌ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် လူထွက်၏၊ ရဟန်းတို့ လူထွက်သူအား အရင်းသို့ ငင်ခြင်းသည် မဖြစ်မြောက်။ ထိုအရင်းသို့ ငင်ထိုက်သူသည် တဖန် ပဉ္စင်းခံငြားအံ့၊ ထိုရှေးကပေးပြီး ပရိဝါသ် သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်။ (၉)

ရဟန်းတို့ ဤသာသနာတော်၌ အရင်းသို့ ငင်ထိုက်သော ရဟန်းသည် သာမဏေဖြစ်၏။ပ။ ရူးသွပ်သူ ဖြစ်၏။ပ။ စိတ်ပျံ့လွင့်သူ ဖြစ်၏။ပ။ ဝေဒနာ နှိပ်စက်ခံရသူ ဖြစ်၏။ပ။ ထိုရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထား၏။ပ။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထား၏။ပ။ ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထား၏၊ ရဟန်းတို့ နှင်ထုတ်ခံရသော ရဟန်းအား အရင်းသို့ ငင်ခြင်းသည် မဖြစ်မြောက်။ ထိုနှင်ထုတ်ခံရသော ရဟန်းကို တဖန် သွင်းငြားအံ့၊ ထိုရှေးက ပေးပြီး ဖြစ်သော ပရိဝါသ် သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး

http://www.dhammadownload.com



ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာနေအပ်ပြီး ဖြစ်၏၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်။ (၁၆)

၁၆၂။ ရဟန်းတို့ ဤသာသနာတော်၌ မာနတ်ကျင့်ထိုက်သော ရဟန်းသည် လူထွက်၏၊ ရဟန်းတို့ လူထွက်သူအား မာနတ် ပေးခြင်းသည် မဖြစ်မြောက်။ ထိုလူထွက်သူသည် တဖန် ပဥ္စင်းခံငြားအံ့၊ ထိုရှေးက ပေးပြီးဖြစ်သော ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာနေအပ်ပြီး ဖြစ်၏၊ ထိုရဟန်းအား မာနတ်ကို ပေးရမည်။ (၁၇)

ရဟန်းတို့ ဤသာသနာတော်၌ မာနတ်ကျင့်ထိုက်သော ရဟန်းသည် သာမဏေဖြစ်၏။ပ။ ရူးသွပ်သူ ဖြစ်၏။ပ။ စိတ်ပျံ့လွင့်သူ ဖြစ်၏။ပ။ ဝေဒနာနှိပ်စက်ခံရသူ ဖြစ်၏။

(ထိုရဟန်းအား )အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထား၏။ပ။

အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထား၏။ပ။

ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထား၏၊ ရဟန်းတို့ နှင်ထုတ်ခံရသော ရဟန်းအား မာနတ် ပေးခြင်းသည် မဖြစ်မြောက်။ ထိုရဟန်းကို တဖန်သွင်းငြားအံ့၊ ထိုရှေးက ပေးပြီး ဖြစ်သော ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ်ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏၊ ထိုရဟန်းအား မာနတ်ကို ပေးရမည်။ (၂၄)

၁၆၃။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မာနတ်ကျင့်စဉ် လူထွက်၏၊ ရဟန်းတို့ လူထွက်သူအား မာနတ်ကျင့်ခြင်းသည် မဖြစ်မြောက်။ ထိုလူထွက်သူသည် တဖန် ပဥ္စင်းခံငြားအံ့၊ ထိုရှေးက ပေးပြီးဖြစ်သော ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏။

ပေးအပ်ပြီး မာနတ်သည် ကောင်းစွာ ပေးအပ်ပြီး ဖြစ်၏၊ ကျင့်အပ်ပြီး မာနတ်သည် ကောင်းစွာ ကျင့်အပ်ပြီး ဖြစ်၏၊ အကြွင်း (မာနတ်)ကို (ဆက်လက်) ကျင့်ရမည်။ (၂၅)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မာနတ်ကို ကျင့်စဉ် သာမဏေ ဖြစ်၏။ပ။ ရူးသွပ်သူ ဖြစ်၏။ပ။ စိတ်ပျံ့လွင့်သူ ဖြစ်၏။ပ။ ဝေဒနာနှိပ်စက် ခံရသူ ဖြစ်၏။ပ။ (ထိုရဟန်းအား)အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထား၏။ပ။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထား၏။ပ။ ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထား၏၊ ရဟန်းတို့ နှင်ထုတ်ခံရသော ရဟန်းအား မာနတ်ကျင့်ခြင်းသည် မဖြစ်မြောက်။ ထိုရဟန်းကို တဖန် သွင်းငြားအံ့၊ ထိုရှေးကပေးပြီး ဖြစ်သော ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏၊ ပေးထားပြီး မာနတ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ ကျင့်အပ်ပြီး မာနတ်သည် ကောင်းစွာ ကျင့်အပ်ပြီး ဖြစ်၏၊ အကြွင်း (မာနတ်)ကို (ဆက်လက်) ကျင့်ရမည်။ (၃၂)

၁၆၄။ ရဟန်းတို့ ဤသာသနာတော်၌ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် လူထွက်၏၊ ရဟန်းတို့ လူထွက်သူအား အဗ္ဘာန်သွင်းခြင်းသည် မဖြစ်မြောက်။ ထိုလူထွက်သူသည် တဖန် ပဥ္စင်းခံ

http://www.dhammadownload.com



ပြောအံ့၊ ထိုရှေးက ပေးပြီး ဖြစ်သော ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏။ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာနေအပ်ပြီး ဖြစ်၏၊ ပေးထားပြီး မာနတ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ ကျင့်အပ်ပြီး မာနတ်သည် ကောင်းစွာ ကျင့်အပ်ပြီးဖြစ်၏၊ ထိုရဟန်းကို အဗ္ဘာန်သွင်းရမည်။ (၃၃)

ရဟန်းတို့ ဤသာသနာတော်၌ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် သာမဏေ ဖြစ်၏။ပ။ ရူးသွပ်သူ ဖြစ်၏။ပ။ စိတ်ပျံ့လွင့်သူ ဖြစ်၏။ပ။ ဝေဒနာနှိပ်စက်ခံရသူ ဖြစ်၏။ပ။ (ထိုရဟန်းအား) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထား၏။ပ။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထား၏။ပ။ ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထား၏၊ ရဟန်းတို့ နှင်ထုတ်ခံရသော ရဟန်းအား အဗ္ဘာန်သွင်းခြင်းသည် မဖြစ်မြောက်။ ထိုရဟန်းကို တဖန် သွင်းပြောအံ့၊ ထိုရှေးက ပေးပြီးဖြစ်သော ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီး ပရိဝါသ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ နေအပ်ပြီး ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏၊ ပေးထားပြီး မာနတ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ ကျင့်အပ်ပြီး မာနတ်သည် ကောင်းစွာ ကျင့်အပ်ပြီး ဖြစ်၏၊ ထိုရဟန်းကို အဗ္ဘာန်သွင်းရမည်။ (၄၀)

စတ္တာလီသက ပြီး၏။

---

## ၄-ဆတ္တိံသက (၃၆)

၁၆၅။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်။ (၁)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်။ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကိုလည်း ပေးရမည်။ (၂)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်ကုန်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းတိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကိုလည်း ပေးရမည်။ (၃)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည် မရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည် မရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည် မရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော။ပ။ အတိုင်းအရှည် ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်ကုန်သော။ပ။

http://www.dhammadownload.com



အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော။ပ။

အတိုင်းအရှည် ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကိုလည်း ပေးရမည်။ (၉)

ရဟန်းတို့ ဤသာသနာတော်၌ မာနတ် ကျင့်ထိုက်သော ရဟန်းသည်။ပ။ မာနတ်ကို ကျင့်စဉ်။ပ။

[ပရိဝါသ်ကိုကဲ့သို့ နည်းတူ ချဲ့ရမည်]။

အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည်ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည်ရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော။ပ။ အတိုင်းအရှည် မရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည် မရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည် မရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော။ပ။ အတိုင်းအရှည် ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည် ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်။ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကိုလည်း ပေးရမည်။ (၃၆)

ဆတ္တိံသက ပြီး၏။

---

## ၅-မာနတ္တသုတ (၁၀၀)

၁၆၆။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၍ မဖုံးလွှမ်းပဲ လူထွက်၏။ ထိုလူထွက်သူသည် တဖန် ပဉ္စင်းခံလျက် ထိုအာပတ်တို့ကိုမဖုံးလွှမ်းပေ၊ ရဟန်းတို့ ထိုရဟန်းအား မာနတ်ကို ပေးရမည်။ (၁)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၍ မဖုံးလွှမ်းပဲ လူထွက်၏။ ထိုလူထွက်သူသည် တဖန် ပဉ္စင်းခံလျက် ထိုအာပတ်တို့ကို ဖုံးလွှမ်း၏၊ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော နောက်အာပတ် အစကြောင့် ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၂)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်ပြီးလျှင် ဖုံးလွှမ်း၍ လူထွက်၏။ ထိုလူထွက်သူသည် တဖန် ပဉ္စင်းခံလျက် ထိုအာပတ်တို့ကို

http://www.dhammadownload.com



မဖုံးလွှမ်းပေ၊ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ် အစုကြောင့် ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၃)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်ပြီးလျှင် ဖုံးလွှမ်း၍ လူထွက်၏၊ ထိုလူထွက်သူသည် တဖန် ပဉ္စင်းခံလျက် ထိုအာပတ်တို့ကို ဖုံးလွှမ်း၏၊ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ်အစုကြောင့်ရင်း နောက်အာပတ်အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၄)

၁၆၇။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်ကုန်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ မဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏။ ထိုရဟန်းသည် လူထွက်၍ နောက်တဖန် ပဉ္စင်းခံလျက် ရှေး၌ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ မဖုံးလွှမ်း။ ရှေး၌ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ မဖုံးလွှမ်း။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ် အစုကြောင့် ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၅)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်ကုန်သော အာပတ်တို့သည်လည်း ရှိကုန်၏။ မဖုံးလွှမ်းအပ်ကုန်သော အာပတ်တို့လည်း ရှိကုန်၏။ ထိုရဟန်းသည် လူထွက်၍ တဖန် ပဉ္စင်းခံလျက် ရှေး၌ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ မဖုံးလွှမ်း။ ရှေး၌ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ဖုံးလွှမ်း၏။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ်အစုကြောင့်ရင်း နောက်အာပတ် အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက်မာနတ်ကို ပေးရမည်။ (၆)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်ကုန်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ မဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏။ ထိုရဟန်းသည် လူထွက်ပြီး တဖန် ပဉ္စင်းခံလျက် ရှေး၌ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ဖုံးလွှမ်း၏။ ရှေး၌ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌လည်း မဖုံးလွှမ်း။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ် အစုကြောင့်ရင်း နောက်အာပတ်အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၇)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းအား ဖုံးအပ်ကုန်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ မဖုံးလွှမ်းအပ်ကုန်သော အာပတ်တို့သည်လည်း ရှိကုန်၏။ ထိုရဟန်းသည် လူထွက်ပြီး တဖန် ပဉ္စင်းခံလျက် ရှေး၌ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ဖုံးလွှမ်း၏။ ရှေး၌ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ဖုံးလွှမ်း၏။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ်အစုကြောင့်ရင်း နောက်အာပတ် အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၈)

၁၆၈။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့ကို သိ၏၊ အာပတ် အချို့တို့ကို မသိ။ သိသော အာပတ်တို့ကို ဖုံးလွှမ်း၏။ မသိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံ

http://www.dhammadownload.com



လျက် ရှေ့၌ သိလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် မဖုံးလွှမ်း။ ရှေ့၌ မသိပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် မဖုံးလွှမ်း။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်း အပ်တိုင်းသော ရှေ့အာပတ် အစုကြောင့် ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၉)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့ကို သိ၏၊ အာပတ် အချို့တို့ကို မသိ။ သိသော အာပတ်တို့ကို ဖုံးလွှမ်း၏။ မသိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ သိလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် မဖုံးလွှမ်း။ ရှေ့၌ မသိပဲ မဖုံးလွှမ်း အပ်သော အာပတ်တို့ကို နောက်၌ သိလျက် ဖုံးလွှမ်း၏။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်း သော ရှေ့အာပတ် အစုကြောင့်ရင်း နောက်အာပတ် အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၀)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့ကို သိ၏၊ အာပတ် အချို့တို့ကို မသိ။သိသော အာပတ်တို့ကို ဖုံးလွှမ်း၏။ မသိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ သိလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် ဖုံးလွှမ်း၏။ ရှေ့၌ မသိပဲ ဖုံးလွှမ်းအပ် သော အာပတ်တို့ကို နောက်၌ သိလျက် မဖုံးလွှမ်း။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေ့အာပတ်အစုကြောင့်ရင်း နောက်အာပတ် အစုကြောင့်ရင်း ပရိဝါသ်ကိုပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၁)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့ကို သိ၏၊ အာပတ် အချို့တို့ကို မသိ။ သိသော အာပတ်တို့ကို ဖုံးလွှမ်း၏၊ မသိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ သိလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် ဖုံးလွှမ်း၏။ ရှေ့၌ မသိပဲ မဖုံးလွှမ်း အပ်သော အာပတ်တို့ကို နောက်၌ သိလျက် ဖုံးလွှမ်း၏။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်း သော ရှေ့အာပတ် အစုကြောင့်ရင်း နောက်အာပတ်အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၂)

၁၆၉။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ် တို့သို့ ရောက်၏၊ အာပတ် အချို့တို့ကို သတိရ၏၊ အာပတ်အချို့တို့ကို သတိမရ။ သတိရသော အာပတ် တို့ကို ဖုံးလွှမ်း၏၊ သတိမရသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ သတိရလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် မဖုံးလွှမ်း။ ရှေ့၌ သတိမရပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် မဖုံးလွှမ်း။ ရဟန်းတို့ ထို ရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေ့အာပတ်အစုကြောင့် ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၃)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့ကို သတိရ၏၊ အာပတ် အချို့တို့ကို သတိမရ၊ သတိရသော အာပတ်တို့ကို ဖုံးလွှမ်း၏။ သတိမရသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ သတိရလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် မဖုံးလွှမ်း။

ရှေ့၌ သတိမရပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် ဖုံးလွှမ်း၏။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ် အစုကြောင်ရင်း နောက်အာပတ်အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၄)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့ကို သတိရ၏၊ အာပတ် အချို့တို့ကို သတိမရ၊ သတိရသော အာပတ်တို့ကို ဖုံးလွှမ်း၏။ သတိမရသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ သတိရလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် ဖုံးလွှမ်း၏၊ ရှေ့၌ သတိမရပဲ မဖုံးလွှမ်း အပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် မဖုံးလွှမ်း။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ် အစုကြောင့်ရင်း နောက်အာပတ်အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၅)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့ကို သတိရ၏၊ အာပတ် အချို့တို့ကို သတိမရ။ သတိရသော အာပတ်တို့ကို ဖုံးလွှမ်း၏။ သတိမရသော အာပတ်တို့ ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ သတိရလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် ဖုံးလွှမ်း၏။ ရှေ့၌ သတိမရပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် ဖုံးလွှမ်း၏။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ် အစုကြောင့်ရင်း နောက်အာပတ် အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၆)

၁၇၀။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့၌ ယုံမှားမရှိ၊ အာပတ် အချို့တို့၌ ယုံမှားရှိ၏။ ယုံမှားမရှိသော အာပတ်တို့ကို ဖုံးလွှမ်း၏။ ယုံမှားရှိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီး နောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှား မရှိပဲ မဖုံးလွှမ်း။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ် အစုကြောင့် ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၇)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့၌ ယုံမှားမရှိ၊ အာပတ် အချို့တို့၌ ယုံမှားရှိ၏၊ ယုံမှားမရှိသော အာပတ်တို့ကို ဖုံးလွှမ်း၏။ ယုံမှားရှိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ် အစုကြောင့်ရင်း နောက်အာပတ်အစု ကြောင့်ရင်း ပရိဝါသ်ကိုပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၈)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့၌ ယုံမှားမရှိ၊ အာပတ် အချို့တို့၌ ယုံမှားရှိ၏။ ယုံမှားမရှိသော အာပတ် တို့ကို ဖုံးလွှမ်း၏။ ယုံမှားရှိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ

http://www.dhammadownload.com



ဖုံးလွှမ်း၏။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ ရဟန်းတို့ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ် အစုကြောင့်ရင်း နောက်အာပတ်အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၉)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့၌ ယုံမှားမရှိ၊ အာပတ်အချို့တို့၌ ယုံမှားရှိ၏။ ယုံမှားမရှိသော အာပတ်တို့ကို ဖုံးလွှမ်း၏။ ယုံမှားရှိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဥ္စင်းခံလျက် ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ်အစုကြောင့်ရင်း နောက်အာပတ်အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၂၀)။

၁၇၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်လျက် မဖုံးလွှမ်းပဲ သာမဏေ ဖြစ်၏။ပ။ ရူးသွပ်သူ ဖြစ်၏။ပ။ စိတ်ပျံ့လွင့်သူ ဖြစ်၏။ပ။

[အောက်၌ကဲ့သို့ နည်းတူ ချဲ့ရမည်]။

ဝေဒနာ နှိပ်စက်သူ ဖြစ်၏။ပ။ ထိုရဟန်းအား ဖုံးလွှမ်းအပ်ကုန်သော အာပတ်တို့သည်ရင်း မဖုံးလွှမ်းအပ်ကုန်သော အာပတ်တို့သည်ရင်း ရှိကုန်၏။ပ။ အာပတ် အချို့တို့ကို သိ၏၊ အာပတ် အချို့တို့ကို မသိ။ပ။ အာပတ် အချို့တို့ကို သတိရ၏၊ အာပတ် အချို့တို့ကို သတိမရ။ပ။ အာပတ် အချို့တို့၌ ယုံမှားမရှိ၊ အာပတ် အချို့တို့၌ ယုံမှားရှိ၏။ ယုံမှားမရှိသော အာပတ် တို့ကို ဖုံးလွှမ်း၏။ ယုံမှားရှိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် ဝေဒနာ နှိပ်စက်ခံရသူ ဖြစ်၏။ ထိုရဟန်းသည် တဖန် ဝေဒနာ နှိပ်စက်မခံရသူ ဖြစ်၍ ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ပ။ ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းသော အာပတ်တို့ကို နောက်၌ ယုံမှား မရှိပဲ မဖုံးလွှမ်း၊ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ပ။ ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှား မရှိပဲ ဖုံးလွှမ်း၏။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ပ။ ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ရဟန်းတို့ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော ရှေးအာပတ်အစုကြောင့်ရင်း နောက်အာပတ် အစုကြောင့်ရင်း ပရိဝါသ်ကို ပေးပြီးနောက် မာနတ်ကို ပေးရမည်။ (၁၀၀)

မာနတ္တသတ ပြီး၏။

## ၆-သမုဋ္ဌာနဃဋသမောဓာန ပရိဝါသ် (၄၀၀)

၁၇၂။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၍ မဖုံးလွှမ်းပဲ လူထွက်၏၊ ထိုလူထွက်သူသည်တဖန်ပဥ္စင်း ခံလျက် ထိုအာပတ်တို့ကို မဖုံးလွှမ်း၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်။ (၁)

http://www.dhammadownload.com



ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၍ မဖုံးလွှမ်းပဲ လူထွက်၏၊ ထိုလူထွက်သူသည် တဖန် ပဉ္စင်းခံလျက် ထိုအာပတ်တို့ကို ဖုံးလွှမ်း၏၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့်ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၂)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ်ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၍ ဖုံးလွှမ်းလျက် လူထွက်၏၊ ထိုလူထွက်သူသည် တဖန် ပဉ္စင်းခံလျက် ထိုအာပတ်တို့ကို မဖုံးလွှမ်း၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၃)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၍ ဖုံးလွှမ်းလျက် လူထွက်၏၊ ထိုလူထွက်သူသည် တဖန်ပဉ္စင်းခံလျက် ထိုအာပတ်တို့ကို ဖုံးလွှမ်း၏၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၄)

၁၇၃။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ မဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေး၌ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ မဖုံးလွှမ်း။ ရှေး၌ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌လည်း မဖုံးလွှမ်း။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၅)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၍ ဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ မဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေး၌ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ မဖုံးလွှမ်း။ ရှေး၌ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ဖုံးလွှမ်း၏။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၆)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ်ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ မဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန်ပဉ္စင်းခံလျက် ရှေး၌ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ဖုံးလွှမ်း၏။ ရှေး၌ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ မဖုံးလွှမ်း။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့်ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၇)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ မဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏။ ထိုရဟန်းသည် လူထွက်ပြီးနောက်

http://www.dhammadownload.com



တဖန် ပဉ္စင်းခံလျက် ရှေ၌ ဖုံးလွှမ်း အပ်သော အာပတ်တို့ကို နောက်၌ ဖုံးလွှမ်း၏၊ ရှေ၌ မဖုံးလွှမ်း အပ်သော အာပတ်တို့ကို နောက်၌ ဖုံးလွှမ်း၏၊ ထိုရဟန်းကိုအရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၈)

၁၇၄။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့ကို သိ၏၊ အာပတ်အချို့တို့ကို မသိ။ သိသောအာပတ်တို့ကို ဖုံးလွှမ်း၏၊ မသိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည်လူထွက်ပြီး နောက် တဖန် ပဉ္စင်းခံလျက် ရှေ၌ သိလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် မဖုံးလွှမ်း။ ရှေ၌မသိပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် မဖုံးလွှမ်း။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၉)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့ကို သိ၏၊ အာပတ်အချို့တို့ကိုမသိ ။သိသော အာပတ်တို့ကိုဖုံးလွှမ်း၏၊မသိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ၌ သိလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် မဖုံးလွှမ်း၊ ရှေ၌ မသိပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌သိလျက် ဖုံးလွှမ်း၏။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေအာပတ်နှင့် ပေါင်း၍ နေအပ်သောပရိဝါသ်ကို ပေးရမည်။ (၁၀)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌များစွာသောသံဃာ ဒိသိသ်အာပတ်တို့သို့ ရောက်၏။ အာပတ်အချို့တို့ကို သိ၏၊ အာပတ်အချို့တို့ကို မသိ။ သိသော အာပတ်တို့ ကို ဖုံးလွှမ်း၏၊ မသိသောအာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန်ပဉ္စင်းခံလျက် ရှေ၌ သိလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် ဖုံးလွှမ်း၏။ ရှေ၌ မသိပဲမဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌သိလျက် မဖုံးလွှမ်း။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၁၁)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့ကို သိ၏၊ အာပတ်အချို့တို့ကို မသိ။ သိသော အာပတ်တို့ကို ဖုံးလွှမ်း၏၊ မသိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ၌ သိလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် ဖုံးလွှမ်း၏။ ရှေ၌ မသိပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သိလျက် ဖုံးလွှမ်း၏၊ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၁၂)

၁၇၅။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့ကို သတိ ရ၏၊ အာပတ်အချို့တို့ကို သတိမရ။

http://www.dhammadownload.com



သတိရသောအာပတ်တို့ကို ဖုံးလွှမ်း၏၊ သတိမရသော အာပတ်တို့ကို မဖုံးလွှမ်း၊ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေး၌ သတိရလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက်မဖုံးလွှမ်း။ ရှေး၌ သတိမရပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် မဖုံးလွှမ်း။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၁၃)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့ကို သတိရ၏၊ အာပတ်အချို့တို့ကို သတိမရ။ သတိရသော အာပတ်တို့ကို ဖုံးလွှမ်း၏၊ သတိမရသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ရဟန်းခံလျက် ရှေး၌ သတိရလျက် ဖုံးအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် မဖုံးလွှမ်း။ ရှေး၌ သတိမရပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် ဖုံးလွှမ်း၏။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၁၄)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့ကို သတိရ၏၊ အာပတ်အချို့တို့ကို သတိမရ။ သတိရသော အာပတ်တို့ကို ဖုံးလွှမ်း၏၊ သတိမရသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေး၌ သတိရလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် ဖုံးလွှမ်း၏။ ရှေး၌ သတိမရပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် မဖုံးလွှမ်း။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၁၅)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့ကို သတိရ၏၊ အာပတ်အချို့တို့ကို သတိမရ။ သတိရသော အာပတ်တို့ကို ဖုံးလွှမ်း၏၊ သတိမရသောအာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေး၌ သတိရလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် ဖုံးလွှမ်း၏။ ရှေး၌ သတိမရပဲ မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ သတိရလျက် ဖုံးလွှမ်း၏။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၁၆)

၁၇၆။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့၌ ယုံမှား မရှိ၊ အာပတ်အချို့တို့၌ ယုံမှား ရှိ၏။ ယုံမှား မရှိသော အာပတ်တို့ကို ဖုံးလွှမ်း၏၊ ယုံမှားရှိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေး၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ ရှေး၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှား မရှိပဲ မဖုံးလွှမ်း။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေးအာပတ်နှင့်ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၁၇)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့၌ ယုံမှားမရှိ၊ အာပတ်အချို့တို့၌ ယုံမှားရှိ၏။

http://www.dhammadownload.com



ယုံမှားမရှိသော အာပတ်တို့ကို ဖုံးလွှမ်း၏၊ ယုံမှားရှိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက် တဖန် ပဉ္စင်းခံလျက် ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေ့အာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၁၈)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အာပတ် အချို့တို့၌ ယုံမှားမရှိ၊ အာပတ်အချို့တို့၌ ယုံမှားရှိ၏။ ယုံမှားမရှိသော အာပတ်တို့ကို ဖုံးလွှမ်း၏။ ယုံမှားရှိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက်တဖန် ပဉ္စင်းခံလျက် ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေ့ အာပတ်နှင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၁၉)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အာပတ်အချို့တို့၌ ယုံမှားမရှိ၊ အာပတ်အချို့တို့၌ ယုံမှားရှိ၏။ ယုံမှားမရှိသော အာပတ်တို့ကို ဖုံးလွှမ်း၏၊ ယုံမှားရှိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် လူထွက်ပြီးနောက်တဖန် ပဉ္စင်းခံလျက် ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းသော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ထိုရဟန်းကို အရင်းသို့ ငင်ရမည် ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေ့အာပတ်နှင့်ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၂၀)

၁၇၇။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ မဖုံးလွှမ်းပဲ သာမဏေဖြစ်၏။ပ။ ရူးသွပ်သူဖြစ်၏။ပ။ စိတ်ပျံ့လွင့်သူ ဖြစ်၏။ပ။ ဝေဒနာနှိပ်စက်ခံရသူ ဖြစ်၏။ပ။ ထိုရဟန်းအား ဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ မဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏။ [ပရိဝါသ်ကို ချဲ့သကဲ့သို့ နည်းတူချဲ့ရမည်]။ပ။ အာပတ်အချို့တို့ကို သိ၏။ အာပတ်အချို့တို့ကို မသိ။ပ။ အာပတ်အချို့တို့ကို သတိရ၏၊ အာပတ်အချို့တို့ကို သတိမရ ။ပ။ အာပတ်အချို့တို့၌ ယုံမှားမရှိ၊ အာပတ်အချို့တို့၌ ယုံမှားရှိ၏။ ယုံမှားမရှိသော အာပတ်တို့ကို ဖုံးလွှမ်း၏၊ ယုံမှားရှိသော အာပတ်တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် ဝေဒနာနှိပ်စက်ခံရသူဖြစ်၏၊ ထိုရဟန်းသည် တဖန် ဝေဒနာနှိပ်စက်မခံရသူဖြစ်၍ ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ ရှေ့၌ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ပ။

ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။

ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏ ။ပ။

ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။

ရှေ့၌ ယုံမှားရှိလျက် ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း ။ပ။

ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။

http://www.dhammadownload.com



ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။

ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေ့အာပတ်နှင့်ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေးရမည်။ (၁၀၀)

၁၇၇။ ရဟန်းတို့ ဤသာသနာတော်၌ မာနတ်ကျင့်ထိုက်သော ရဟန်းသည်။ပ။ မာနတ်ကျင့်ဆဲ ရဟန်းသည်။ပ။ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၍ မဖုံးလွှမ်းပဲ လူထွက်၏။ပ။ [မာနတ်ကျင့်ထိုက်သော ရဟန်းကိုရင်း မာနတ်ကျင့်ဆဲရဟန်းကိုရင်း အဗ္ဘာန်သွင်းထိုက်သော ရဟန်းကိုရင်း ပရိဝါသ်ကို ချဲ့သကဲ့သို့ နည်းတူ ချဲ့ရမည်]။ (၃၂၀)

၁၇၈။ ရဟန်းတို့ ဤသာသနာတော်၌ အဗ္ဘာန်သွင်းထိုက်သော ရဟန်းသည် ဝတ်အတွင်း၌ များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၍ မဖုံးလွှမ်းပဲ သာမဏေဖြစ်၏။ပ။ ရူးသွပ်သူ ဖြစ်၏။ပ။ စိတ်ပျံ့လွင့်သူဖြစ်၏။ပ။ ဝေဒနာ နှိပ်စက်ခံရသူဖြစ်၏။ပ။ ထိုရဟန်းအား ဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏၊ မဖုံးလွှမ်းအပ်သော အာပတ်တို့သည်လည်း ရှိကုန်၏။ပ။ အာပတ်အချို့တို့ကို သိ၏၊ အာပတ်အချို့တို့ကို မသိ။ပ။ အာပတ် အချို့တို့ကို သတိရ၏၊ အာပတ်အချို့တို့ကို သတိမရ။ပ။ အာပတ်အချို့တို့၌ ယုံမှားမရှိ၊ အာပတ်အချို့တို့၌ ယုံမှားရှိ၏။ ယုံမှားမရှိသော အာပတ်အချို့တို့ကို ဖုံးလွှမ်း၏။ ယုံမှားရှိသော အာပတ်အချို့တို့ကို မဖုံးလွှမ်း။ ထိုရဟန်းသည် ဝေဒနာနှိပ်စက် ခံရသူဖြစ်၏၊ ထိုရဟန်းသည် တဖန်ဝေဒနာနှိပ်စက် မခံရသူဖြစ်၍ ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ပ။ ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ ရှေ့၌ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲဖုံးလွှမ်း၏။ပ။ ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ မဖုံးလွှမ်း။ပ။ ရှေ့၌ ယုံမှားမရှိပဲ ဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှား မရှိပဲ ဖုံးလွှမ်း၏။ ရှေ့၌ ယုံမှားရှိလျက် မဖုံးလွှမ်းအပ်သော အာပတ်တို့ကို နောက်၌ ယုံမှားမရှိပဲ ဖုံးလွှမ်း၏။ ထိုရဟန်းကို အရင်းသို့ ငင်ရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော အာပတ်တို့၏ ရှေ့အာပတ်နှင့်ပေါင်း၍နေအပ်သော ပရိဝါသ်ကိုလည်း ပေးရမည်။ (၄၀၀)

**သမူလာယသမောဓာနပရိဝါသ် (၄၀၀)ပြီး၏။**

---

## ၇-ပရိမာဏစသော ဝါရရှစ်ခု

၁၈၀။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၍ အတိုင်းအရှည်ရှိသော အာပတ်တို့ကို မဖုံးလွှမ်းပဲ။ပ။ အတိုင်းအရှည် မရှိသော အာပတ်တို့ကို မဖုံးလွှမ်းပဲ။ပ။ အမည်တူ အာပတ်တို့ကို မဖုံးလွှမ်းပဲ။ပ။ အမည်အထူးထူးရှိသော အာပတ်တို့ကို မဖုံးလွှမ်းပဲ။ပ။ ဝတ္ထုသဘောတူသော အာပတ်တို့ကို မဖုံးလွှမ်းပဲ။ပ။ ဝတ္ထုသဘော မတူသော အာပတ်တို့ကို မဖုံးလွှမ်းပဲ။ပ။ ပိုင်းခြားအပ်သော အာပတ်တို့ကို မဖုံးလွှမ်းပဲ။ပ။ ဝတ္ထု ကွဲပြားသော အာပတ်တို့ကို မဖုံးလွှမ်းပဲ လူထွက်၏။ပ။ [အောက်၌ကဲ့သို့ ချဲ့ရမည်]။

**ပရိမာဏစသော ဝါရရှစ်ခု ပြီး၏။**

http://www.dhammadownload.com



## ၈–ရဟန်းနှစ်ပါးတို့၏ ဝါရထည်းဆယ်တမျိုး

၁၈၁။ ရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်သို့ ရောက်ကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်၌ သံဃာဒိသိသ်ဟု အယူရှိကုန်၏၊ ရဟန်းတပါးသည် ဖုံးလွှမ်း၏၊ ရဟန်းတပါးသည် မဖုံးလွှမ်း။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ဒေသနာကြားစေရမည်၊ ထိုဖုံးလွှမ်းသော ရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော သံဃာဒိသိသ်အာပတ်ကြောင့် ပရိဝါသ်ကို ပေးပြီးနောက် ရဟန်းနှစ်ပါးတို့အားလည်း မာနတ်ကို ပေးရမည်။ (၁)

ရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်သို့ ရောက်ကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်အာပတ်၌ ယုံမှားရှိကုန်၏၊ ရဟန်းတပါးသည် ဖုံးလွှမ်း၏၊ ရဟန်းတပါးသည် မဖုံးလွှမ်း။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ဒေသနာ ကြားစေရမည်၊ထိုဖုံးလွှမ်းသော ရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော သံဃာဒိသိသ်အာပတ်ကြောင့် ပရိဝါသ်ကို ပေးပြီးနောက် ရဟန်းနှစ်ပါးတို့အားလည်း မာနတ်ကို ပေးရမည်။ (၂)

ရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်သို့ ရောက်ကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်၌ (လဟုက အာပတ်နှင့်)ရော၏ဟု အယူရှိကုန်၏၊ ရဟန်းတပါးသည် ဖုံးလွှမ်း၏၊ ရဟန်းတပါးသည် မဖုံးလွှမ်း။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ဒေသနာကြားစေရမည်။ ထိုဖုံးလွှမ်းသော ရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော သံဃာဒိသိသ်အာပတ်ကြောင့် ပရိဝါသ်ကိုပေးပြီးနောက် ရဟန်းနှစ်ပါးတို့အားလည်း မာနတ်ကို ပေးရမည်။ (၃)

ရဟန်းနှစ်ပါးတို့သည် (လဟုက ဂရုကအားဖြင့်) ရောသောအာပတ်သို့ ရောက်ကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် ရောသော အာပတ်၌ သံဃာဒိသိသ်အာပတ်ဟု အယူရှိကုန်၏၊ ရဟန်းတပါးသည် ဖုံးလွှမ်း၏၊ ရဟန်းတပါးသည် မဖုံးလွှမ်း။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ဒေသနာကြားစေရမည်၊ ထိုဖုံးလွှမ်းအပ်တိုင်းသော သံဃာဒိသိသ်အာပတ်ကြောင့် ပရိဝါသ်ကို ပေးပြီးနောက် ရဟန်းနှစ်ပါးတို့အားလည်း မာနတ်ကို ပေးရမည်။ (၄)

ရဟန်းနှစ်ပါးတို့သည် (လဟုက ဂရုက)ရောသော အာပတ်သို့ ရောက်ကုန်၏၊ ထိုရဟန်း နှစ်ပါးတို့သည် ရောသော အာပတ်၌ ရောသော အာပတ်ဟု အယူရှိကုန်၏၊ ရဟန်းတပါးသည် ဖုံးလွှမ်း၏၊ ရဟန်းတပါးသည် မဖုံးလွှမ်း။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ဒေသနာကြားစေရမည်၊ ထိုဖုံးလွှမ်းသော ရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော သံဃာဒိသိသ်အာပတ်ကြောင့် ပရိဝါသ်ကို ပေးပြီးနောက် ရဟန်းနှစ်ပါးတို့အားလည်း မာနတ်ကို ပေးရမည်။ (၅)

ရဟန်းနှစ်ပါးတို့သည် လဟုကအာပတ်သက်သက်သို့ ရောက်ကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် လဟုကအာပတ်သက်သက်၌ သံဃာဒိသိသ်အာပတ်ဟု အယူရှိကုန်၏၊ ရဟန်းတပါးသည် ဖုံးလွှမ်း၏၊ ရဟန်းတပါးသည် မဖုံးလွှမ်း။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ဒေသနာကြားစေရမည်၊ ရဟန်းနှစ်ပါးတို့အားလည်း အာပတ်အားလျော်စွာ ပြုလုပ်စေရမည်။ (၆)

ရဟန်းနှစ်ပါးတို့သည် လဟုကအာပတ် သက်သက်သို့ ရောက်ကုန်၏၊ ထိုရဟန်းတို့သည် လဟုက အာပတ်သက်သက်၌ လဟုက အာပတ်သက်သက်ဟု အယူရှိကုန်၏၊ ရဟန်းတပါးသည်

http://www.dhammadownload.com



ဖုံးလွှမ်း၏၊ ရဟန်းတပါးသည် မဖုံးလွှမ်း။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ဒေသနာကြားစေရမည်၊ ရဟန်းနှစ်ပါးတို့အားလည်း အာပတ်အားလျော်စွာ ပြုလုပ်စေရမည်။ (၇)

ရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်အာပတ်သို့ ရောက်ကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်၌ သံဃာဒိသိသ်ဟု အယူရှိကုန်၏။ ရဟန်းတပါးအား "ပြောကြားအံ့" ဟု အကြံဖြစ်၏၊ ရဟန်းတပါးအား "မပြောကြားအံ့" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ပဌမယာမ်ပတ်လုံးလည်း ဖုံးလွှမ်း၏၊ ဒုတိယယာမ်ပတ်လုံးလည်း ဖုံးလွှမ်း၏၊ တတိယယာမ်ပတ်လုံးလည်း ဖုံးလွှမ်း၏၊ အရုဏ်တက်သော အာပတ်သည် ဖုံးလွှမ်းအပ်ပြီးဖြစ်၏။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ဒေသနာကြားစေရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော သံဃာဒိသိသ်အာပတ်ကြောင့် ပရိဝါသ်ကိုပေးပြီးနောက် ရဟန်းနှစ်ပါးတို့အား မာနတ်ကို ပေးရမည်။ (၈)

ရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်သို့ ရောက်ကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်၌ သံဃာဒိသိသ်ဟု အယူရှိကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် "ပြောကြားကုန်အံ့" ဟု နှလုံးပိုက်လျက် သွားကုန်၏၊ ရဟန်းတပါးအား ခရီးအကြား၌ "မပြောကြားအံ့" ဟု ချေဖျက်ခြင်း သဘောသည် ဖြစ်၏၊ ထိုရဟန်းသည် ပဌမယာမ်ပတ်လုံးလည်း ဖုံးလွှမ်း၏၊ ဒုတိယယာမ်ပတ်လုံးလည်း ဖုံးလွှမ်း၏၊ တတိယယာမ်ပတ်လုံးလည်း ဖုံးလွှမ်း၏၊ အရုဏ်တက်သော် အာပတ်သည် ဖုံးလွှမ်းအပ်ပြီးဖြစ်၏။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္កဋ်အာပတ်ကို ဒေသနာကြားစေရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော သံဃာဒိသိသ်အာပတ်ကြောင့် ပရိဝါသ်ကို ပေးပြီးနောက် ရဟန်းနှစ်ပါးတို့အားလည်း မာနတ်ကို ပေးရမည်။ (၉)

ရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်သို့ ရောက်ကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ်၌ သံဃာဒိသိသ် ဟု အယူရှိကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် ရူးသွပ်သူ ဖြစ်ကြကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် နောက်၌ အရူးပျောက်ကုန်လျက် ရဟန်းတပါးသည် ဖုံးလွှမ်း၏၊ ရဟန်းတပါးသည် မဖုံးလွှမ်း။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို ဒေသနာ ကြားစေရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော သံဃာဒိသိသ် အာပတ်ကြောင့် ပရိဝါသ်ကို ပေးပြီးနောက် ရဟန်းနှစ်ပါးတို့အားလည်း မာနတ်ကို ပေးရမည်။ (၁၀)

ရဟန်းနှစ်ပါးတို့သည် သံဃာဒိသိသ် အာပတ်သို့ ရောက်ကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် ပါတိမောက် ပြစဉ်—

"ဤတရားသည်လည်း ပါတိမောက်၌ လာသတတ်၊ ပါတိမောက်၌ အကျုံးဝင်သတတ်၊ လခွဲတိုင်း ပြဆိုခြင်းသို့ ရောက်သတတ်" ဟု ယခုအခါ၌သာ အကျွန်ုပ်တို့သည် စင်စစ် သိကုန်၏ ဟု ပြောဆိုကုန်၏။

ထိုရဟန်းတို့သည် သံဃာဒိသိသ်၌ သံဃာဒိသိသ် ဟု အယူရှိကုန်၏၊ ရဟန်းတပါးသည် ဖုံးလွှမ်း၏၊ ရဟန်းတပါးသည် မဖုံးလွှမ်း။ ဖုံးလွှမ်းသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို ဒေသနာ ကြားစေရမည်၊ ထိုရဟန်းအား ဖုံးလွှမ်းအပ်တိုင်းသော သံဃာဒိသိသ် အာပတ်ကြောင့် ပရိဝါသ်ကို ပေးပြီးနောက် ရဟန်းနှစ်ပါးတို့အားလည်း မာနတ်ကို ပေးရမည်။ (၁၁)

ရဟန်းနှစ်ပါးတို့၏ ဝါရတဆယ့်တမျိုး ပြီး၏။

http://www.dhammadownload.com



## ဗ-မူလသာယအဝိသုဒ္ဓိနဝက

၁၈၂။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း အမည်တူသော အာပတ်သို့ရင်း အမည်အထူးထူးရှိသော အာပတ်သို့ရင်း ဝတ္ထုသဘောတူသော အာပတ်သို့ရင်း ဝတ္ထုသဘောမတူသော အာပတ်သို့ရင်း ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။

ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိလျက် မဖုံးလွှမ်းအပ်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဖြင့် အရင်းသို့ ငင်၏၊ တရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ မတရားသဖြင့် မာနတ်ကို ပေး၏၊ မတရားသဖြင့် အဗ္ဘာန်သွင်း၏၊ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၁)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည် မရှိသော အာပတ်သို့ရင်း အမည်တူသော အာပတ်သို့ရင်း အမည်အထူးထူးရှိသော အာပတ်သို့ရင်း ဝတ္ထုသဘောတူသော အာပတ်သို့ရင်း ဝတ္ထုသဘောမတူသော အာပတ်သို့ရင်း ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။

ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိလျက် ဖုံးလွှမ်းအပ်သော များစွာသော သံဃာဒိသိသ် အာပတ်တို့ သို့ ရောက်၏၊ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဖြင့် အရင်းသို့ ငင်၏၊ တရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ မတရားသဖြင့် မာနတ်ကို ပေး၏၊ မတရားသဖြင့် အဗ္ဘာန်သွင်း၏၊ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၂)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း အမည်တူသော အာပတ်သို့ရင်း အမည်အထူးထူးရှိသော အာပတ်သို့ရင်း ဝတ္ထုသဘောတူသော အာပတ်သို့ရင်း ဝတ္ထုသဘောမတူသော အာပတ်သို့ရင်း ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။

http://www.dhammadownload.com



ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိလျက်ဖုံးလွှမ်းအပ်သည်လည်းဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် လျော်သော မဖျက်ဆီးအပ်သော အကြောင်းအား ထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်၏၊ တရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ မတရားသဖြင့် မာနတ်ကို ပေး၏၊ မတရားသဖြင့် အဗ္ဘာန်သွင်း၏၊ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၃)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း အမည်တူသော အာပတ်သို့ရင်း အမည်အထူးထူးရှိသော အာပတ်သို့ရင်း ဝတ္ထုသဘောတူသော အာပတ်သို့ရင်း ဝတ္ထုသဘောမတူသော အာပတ်သို့ရင်း ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည် မရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ပ။ အတိုင်းအရှည် မရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည် မရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော။ပ။အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်၏၊ တရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ မတရားသဖြင့် မာနတ်ကို ပေး၏၊ မတရားသဖြင့် အဗ္ဘာန်သွင်း၏၊ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၄-၇)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း အမည်တူသော အာပတ်သို့ရင်း အမည်အထူးထူးရှိသော အာပတ်သို့ရင်း ဝတ္ထုသဘောတူသော အာပတ်သို့ရင်း ဝတ္ထုသဘောမတူသော အာပတ်သို့ရင်း ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။

ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည်မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်

http://www.dhammadownload.com



တို့ကြောင့် တရားနှင့် လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကံဖြင့် အရင်းသို့ ငင်၏၊ တရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ မတရားသဖြင့် မာနတ်ကို ပေး၏၊ မတရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၈)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း အမည်တူသော အာပတ်သို့ရင်း အမည်အထူးထူးရှိသော အာပတ်သို့ရင်း ဝတ္ထုသဘောတူသော အာပတ်သို့ရင်း ဝတ္ထုသဘောမတူသော အာပတ်သို့ရင်း ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။

ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော၊ အတိုင်းအရှည်မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် သံဃာကို ရောက်အပ်သော အာပတ်တို့ကြောင့်အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကံဖြင့် အရင်းသို့ငင်၏၊ တရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ မတရားသဖြင့် မာနတ်ကို ပေး၏၊ မတရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၉)

မူလာယအဝိသုဒ္ဓိ နဝက ပြီး၏။

---

## ၁၀-ဒုတိယ နဝက

၁၀၃။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် မပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိကုန်သော မဖုံးလွှမ်းအပ်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သောအာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကံဖြင့် အရင်းသို့ငင်၏၊ မတရားသဖြင့် ပေါင်း၍နေအပ်သော ပရိဝါသ်ကို ပေး၏၊ တရားသဖြင့် မာနတ်ကို ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၁)

http://www.dhammadownload.com



ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိကုန်သော ဖုံးလွှမ်းအပ်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကြံ ဖြင့် အရင်းသို့ ငင်၏၊ မတရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ တရားသဖြင့် မာနတ်ကို ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၂)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့်မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာ ကံဖြင့် အရင်းသို့ ငင်၏၊ မတရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ တရားသဖြင့် မာနတ်ကို ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၃)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း အမည်တူသော အာပတ်သို့ရင်း အမည်အထူးထူးရှိသော အာပတ်သို့ရင်း ဝတ္ထုသဘောတူသော အာပတ်သို့ရင်း ဝတ္ထုသဘောမတူသော အာပတ်သို့ရင်း ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည် မရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည် မရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည် မရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော။ပ။ အတိုင်းအရှည် ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကဖြင့် အရင်းသို့ ငင်၏၊ မတရားသဖြင့် ပေါင်း၍နေအပ်သော ပရိဝါသ်ကို ပေး၏၊ တရားသဖြင့် မာနတ်ကို ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၄-၇)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည် မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကဖြင့် အရင်းသို့ ငင်၏၊ မတရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ တရားသဖြင့်မာနတ်ကို ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၈)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ထိုရဟန်းသည် ပရိဝါသ် နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည် ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။

ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့်မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကဖြင့် အရင်းသို့ ငင်၏၊ မတရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ တရားသဖြင့် မာနတ်ကို ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ မစင်ကြယ်။ (၉)

ဒုတိယ နဝက ပြီး၏။

http://www.dhammadownload.com



## ၁၁-တတိယ နဝက

၁၇၄။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည် မရှိသော အာပတ်သိုရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္တုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကြင့် အရင်းသို့ ငင်၏၊ ပေါင်း၍ နေအပ်သော ပရိဝါသ်ကို မတရားသဖြင့် ပေး၏။

ထိုရဟန်းသည်"ငါ ပရိဝါသ် နေ၏"ဟု အောက်မေ့စဉ် ဝတ်အတွင်း၌ အတိုင်းအရှည် ရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် ထိုသံဃာဒိသိသ် အာပတ်၌ တည်လျက် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို အောက်မေ့၏၊ နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို အောက်မေ့၏၊ ထိုရဟန်းအား—

"ငါသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည် မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္တုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုငါသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုငါသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည် ရှိကုန်သော မဖုံးလွှမ်း အပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုငါသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုငါ့ကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကြင့် အရင်းသို့ ငင်၏၊ ပေါင်း၍ နေအပ်သော ပရိဝါသ်ကို မတရားသဖြင့် ပေး၏၊ ထို ငါသည် 'ပရိဝါသ်နေ၏' ဟု အောက်မေ့စဉ် ဝတ်အတွင်း၌ အတိုင်းအရှည် ရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုငါသည် ထိုသံဃာဒိသိသ် အာပတ်၌ တည်လျက် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို အောက်မေ့၏၊ နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို အောက်မေ့၏။

"ငါသည် သံဃာကို ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း၊ နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း တရားနှင့် လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကြင့် အရင်းသို့

http://www.dhammadownload.com



ငင်ခြင်းကို တောင်းရမှု ကောင်းလေစွ၊ တရားသဖြင့် ပေးအပ်သော ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေးအပ်သော မာနတ်ကို တရားသဖြင့် အဗ္ဘာန်သွင်းခြင်းကို တောင်းရမှု ကောင်းလေစွ” ဟု အကြံဖြစ်၏။

ထိုရဟန်းသည် သံဃာကို ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာဖြင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ တရားသဖြင့် ပေးအပ်သော ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေးအပ်သော မာနတ်ကို တရားသဖြင့် အဗ္ဘာန်သွင်းခြင်းကို တောင်း၏။

ထိုရဟန်းကို သံဃာသည် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း တရားနှင့် လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာဖြင့် အရင်းသို့ ငင်၏၊ ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေး၏၊ မာနတ်ကို တရားသဖြင့် ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ စင်ကြယ်၏။ (၁)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည် မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ထိုရဟန်းသည် ပရိဝါသ် နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအားမထိုက်သော ကမ္မဝါစာဖြင့် အရင်းသို့ ငင်၏၊ မတရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို မတရားသဖြင့် ပေး၏။

ထိုရဟန်းသည် “ငါ ပရိဝါသ် နေ၏” ဟု အောက်မေ့စဉ် ဝတ်အတွင်း၌ အတိုင်းအရှည် ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် ထိုသံဃာဒိသိသ် အာပတ်၌ တည်လျက် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို အောက်မေ့၏၊ နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို အောက်မေ့၏၊ ထိုရဟန်းအား—

“ငါသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည် မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏၊ ထိုငါသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုငါသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည် ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုငါသည် သံဃာကို

http://www.dhammadownload.com



ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုငါ့ကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကံဖြင့် အရင်းသို့ ငင်၏၊ ပေါင်း၍ နေအပ်သော ပရိဝါသ်ကို မတရားသဖြင့် ပေး၏၊ ထိုငါသည် 'ပရိဝါသ် နေ၏' ဟု အောက်မေ့စဉ် ဝတ်အတွင်း၌ အတိုင်းအရှည် ရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုငါသည် ထို သံဃာဒိသိသ် အာပတ်၌ တည်လျက် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို အောက်မေ့၏၊ နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို အောက်မေ့၏၊ ငါသည် သံဃာကို ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကံဖြင့် အရင်းသို့ ငင်ခြင်းကို တောင်းရမူ ကောင်းလေစွ၊တရားသဖြင့် ပေးအပ်သော ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေးအပ်သော မာနတ်ကို တရားသဖြင့် အဗ္ဘာန်သွင်းခြင်းကို တောင်းရမူ ကောင်းလေစွ" ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာ ကံဖြင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ တရားသဖြင့် ပေးအပ်သော ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေးအပ်သော မာနတ်ကို တရားသဖြင့် အဗ္ဘာန်သွင်းခြင်းကို တောင်း၏။

ထိုရဟန်းကို သံဃာသည် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကံဖြင့် အရင်းသို့ ငင်၏၊ ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေး၏၊ မာနတ်ကို တရားသဖြင့် ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ စင်ကြယ်၏။ (၂)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည် ရှိသော အာပတ်သို့ရင်း အတိုင်းအရှည် မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။

ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထို ရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထို ရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအားမထိုက်သော ကမ္မဝါစာကံဖြင့် အရင်းသို့ ငင်၏၊ မတရားသဖြင့် ပေါင်း၍ နေအပ်သောပရိဝါသ်ကို ပေး၏။

http://www.dhammadownload.com



ထိုရဟန်းသည် "ပရိဝါသ် နေ၏" ဟု အောက်မေ့စဉ် ဝါအတွင်း၌ အတိုင်းအရှည်ရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် သံဃာဒိသိသ် အာပတ်၌ တည်လျက် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို သတိရ၏၊ နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို သတိရ၏။

ထိုရဟန်းအား "ငါသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည် ရှိသော အာပတ်သို့ရင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရင်း ။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုငါသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏။

ထို ငါသည် ပရိဝါသ်နေစဉ် ဝါအတွင်း၌ အတိုင်းအရှည် ရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်းဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုငါသည် သံဃာကို ဝါအတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုငါ့ကို သံဃာသည် ဝါအတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကဖြင့် အရင်းသို့ ငင်၏၊ မတရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထို ငါသည် 'ပရိဝါသ် နေ၏' ဟု အောက်မေ့စဉ် ဝါအတွင်း၌ အတိုင်းအရှည်ရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။

ထို ငါသည် ထို သံဃာဒိသိသ် အာပတ်၌ တည်လျက် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ ကို သတိရ၏၊ နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို သတိရ၏၊ ငါသည် သံဃာကို ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဖြင့် အရင်းသို့ ငင်ခြင်းကို တောင်းရမူကား ကောင်းလေစွ၊ တရားသဖြင့် ပေးအပ်သော ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေးအပ်သော မာနတ်ကို တရားသဖြင့် အဗ္ဘာန်သွင်းခြင်းကို တောင်းရမူကား ကောင်းလေစွ" ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဖြင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ တရားသဖြင့် ပေးအပ်သော ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေးအပ်သော မာနတ်ကို တရားသဖြင့် အဗ္ဘာန်သွင်းခြင်းကို တောင်း၏။

ထိုရဟန်းကို သံဃာသည် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း နောက်သင့်သော အာပတ်တို့၏အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဖြင့် အရင်းသို့

http://www.dhammadownload.com



ငင်၏၊ တရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ တရားသဖြင့် မာနတ်ကို ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ စင်ကြယ်၏။ (၃)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အတိုင်းအရှည် မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကိုပေး၏၊ထိုရဟန်းသည် ပရိဝါသ် နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည် မရှိကုန်သော မဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏။ပ။ အတိုင်းအရှည်မရှိကုန်သော ဖုံးလွှမ်းအပ်ကုန်သော။ပ။ အတိုင်းအရှည်မရှိကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော ။ပ။ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့်မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်၏၊ ပေါင်း၍ နေအပ်သော ပရိဝါသ်ကို မတရားသဖြင့် ပေး၏၊ ထိုရဟန်းသည် 'ငါပရိဝါသ်နေ၏' ဟု အောက်မေ့စဉ်။ပ။ ထိုရဟန်းကို သံဃာသည် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရင်း တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်၏၊ တရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ တရားသဖြင့် မာနတ်ကို ပေး၏၊တရားသဖြင့် အဗ္ဘာန်သွင်း၏၊ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ စင်ကြယ်၏။ (၄-၇)

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း၊ အတိုင်းအရှည် မရှိသော အာပတ်သို့ရင်း ။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကိုတောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကိုပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအား မထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်၏၊ မတရားသဖြင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် "ငါ ပရိဝါသ် နေ၏" ဟု အောက်မေ့စဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိသည်လည်းဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်းဖြစ်ကုန်သော ဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏။

http://www.dhammadownload.com



ထိုရဟန်းသည် ထိုသံဃာဒိသိသ်အာပတ်၌ တည်လျက် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို သတိရ၏၊ နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို သတိရ၏၊ ထိုရဟန်းအား—

"ငါသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရှင်း အတိုင်းအရှည်မရှိသော အာပတ်သို့ရှင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရှင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရှင်း ရောက်၏။ ထိုငါသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏၊ ထိုငါသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည် ရှိသည် လည်းဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်းဖြစ်ကုန်သော ဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုငါသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုငါ့ကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ် သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအားမထိုက် သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်၏၊ မတရားသဖြင့် ပေါင်း၍နေအပ်သော ပရိဝါသ်ကို ပေး၏။

ထို ငါသည် 'ပရိဝါသ်နေ၏' ဟု အောက်မေ့စဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်းဖြစ်ကုန်သော ဖုံးလွှမ်းအပ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုငါသည် ထိုသံဃာဒိသိသ် အာပတ်၌ တည်လျက် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို သတိရ၏၊ နောက်သင့် သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကိုလည်း သတိရ၏၊ ငါသည် သံဃာကို ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း နောက်သင့်သော အာပတ်တို့၏အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း တရားနှင့်လျော်သော မဖျက်ဆီး အပ်သော အကြောင်းအား ထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်ခြင်းကို တောင်းရမူကား ကောင်းလေစွ၊ တရားသဖြင့် ပေးအပ်သော ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေးအပ်သော မာနတ်ကို တရားသဖြင့် အဗ္ဘာန်သွင်းခြင်းကို တောင်းရမူကား ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထိုရဟန်းသည် သံဃာကို ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ် တို့ကြောင့်ရှင်း နောက်သင့်သော အာပတ်တို့၏အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ တရားသဖြင့် ပေးအပ်သော ပေါင်း၍နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေးအပ်သော မာနတ်ကို တရားသဖြင့် အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ရှေးသင့်သော အာပတ်တို့၏အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း တရားနှင့်လျော်သော မဖျက် ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်၏၊ တရားသဖြင့် ပေါင်း၍ နေအပ်သောပရိဝါသ်ကို ပေး၏၊ တရားသဖြင့် မာနတ်ကို ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏၊ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ စင်ကြယ်၏။ (၈)

http://www.dhammadownload.com



ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အဘိုင်းအရှည်ရှိသော အာပတ်သို့ရင်း အဘိုင်းအရှည်မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုရဟန်းသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုရဟန်းအား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏။

ထိုရဟန်းသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှာ အပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။

ထိုရဟန်းသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ဝတ်အဘွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအားမထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်၏၊ ပေါင်း၍ နေအပ်သော ပရိဝါသ်ကို မတရားသဖြင့် ပေး၏၊ ထိုရဟန်းသည် "ငါ ပရိဝါသ် နေ၏" ဟု အောက်မေ့စဉ် ဝတ်အဘွင်း၌ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်းဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ ထိုရဟန်းသည် ထို သံဃာဒိသိသ် အာပတ်၌ တည်လျက် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို အောက်မေ့၏၊ နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို အောက်မေ့၏။

ထိုရဟန်းအား "ငါသည် များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏၊ အတိုင်းအရှည်ရှိသော အာပတ်သို့ရင်း အဘိုင်းအရှည်မရှိသော အာပတ်သို့ရင်း။ပ။ ပိုင်းခြားအပ်သော အာပတ်သို့ရင်း ဝတ္ထုကွဲပြားသော အာပတ်သို့ရင်း ရောက်၏။ ထိုငါသည် သံဃာကို ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို တောင်း၏၊ ထိုငါ့အား သံဃာသည် ထိုအာပတ်တို့ကြောင့် ပေါင်း၍ နေအပ်သော ပရိဝါသ်ကို ပေး၏။

ထိုငါသည် ပရိဝါသ်နေစဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။ ထိုငါသည် သံဃာကို ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် အရင်းသို့ ငင်ခြင်းကို တောင်း၏၊ ထိုငါ့ကို သံဃာသည် ဝတ်အတွင်း၌ ရောက်အပ်သော အာပတ်တို့ကြောင့် တရားနှင့် မလျော်သော ဖျက်ဆီးအပ်သော အကြောင်းအားမထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်၏၊ ပေါင်း၍နေအပ်သော ပရိဝါသ်ကို မတရားသဖြင့် ပေး၏၊ ထိုငါသည် 'ပရိဝါသ်နေ၏' ဟု အောက်မေ့စဉ် ဝတ်အတွင်း၌ အတိုင်းအရှည်ရှိသည်လည်း ဖြစ်ကုန်သော အတိုင်းအရှည် မရှိသည်လည်း ဖြစ်ကုန်သော ဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော မဖုံးလွှမ်းအပ်သည်လည်း ဖြစ်ကုန်သော များစွာသော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏။

ထို ငါသည် ထိုသံဃာဒိသိသ် အာပတ်၌ တည်လျက် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကို သတိရ၏၊ နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်

http://www.dhammadownload.com



သော အာပတ်တို့ ကို သတိရ၏၊ ငါသည် သံဃာကို ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း နောက်သင့်သော အာပတ်တို့၏အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း တရားနှင့် လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဲဖြင့် အရှင်းသို့ ငင်ခြင်းကို တောင်းရမူကား ကောင်းလေစွ၊ တရားသဖြင့် ပေးအပ်သော ပေါင်း၍နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေးအပ်သော မာနတ်ကို တရားသဖြင့် အဗ္ဘာန်သွင်းခြင်းကို တောင်းရမူကား ကောင်းလေစွ" ဟု အကြံ ဖြစ်၏။

ထိုရဟန်းသည် သံဃာကို ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း တရားနှင့် လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဲဖြင့် အရှင်းသို့ ငင်ခြင်းကို တောင်း၏၊ တရားသဖြင့် ပေးအပ်သော ပေါင်း၍နေအပ်သော ပရိဝါသ်ကို တရားသဖြင့် ပေးအပ်သော မာနတ်ကို တရားသဖြင့် အဗ္ဘာန်သွင်းခြင်းကို တောင်း၏၊ ထိုရဟန်းကို သံဃာသည် ရှေးသင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း နောက်သင့်သော အာပတ်တို့၏ အကြား၌ ရောက်အပ်သော အာပတ်တို့ကြောင့်ရှင်း တရားနှင့်လျော်သော မဖျက်ဆီးအပ်သော အကြောင်းအားထိုက်သော ကမ္မဝါစာကဲဖြင့် အရင်းသို့ ငင်၏၊ တရားသဖြင့် ပေါင်း၍နေအပ်သော ပရိဝါသ်ကို ပေး၏၊ တရားသဖြင့် မာနတ်ကို ပေး၏၊ တရားသဖြင့် အဗ္ဘာန်သွင်း၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအာပတ်တို့မှ စင်ကြယ်၏။ (၉)

**တတိယ နဝက ပြီး၏။**

**သမုစ္စယက္ခန္ဓက ပြီး၏။**

---

**ထိုသမုစ္စယက္ခန္ဓက၏အကျဉ်းချုပ်**

မဖုံးလွှမ်းသော မာနတ် တရက် နှစ်ရက် သုံးရက် လေးရက် ငါးရက် လဝက် ဆယ်ရက် ဖုံးလွှမ်းသော အာပတ်ကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

စင်ကြယ်ခြင်းလျှင် အဆုံးရှိသော ပရိဝါသ် လူထွက်သောရဟန်း၊ ပရိမာဏ စသော ပါဠိ ရဟန်းနှစ်ပါးတို့သည် ထိုသံဃာဒိသိသ်၌ သံဃာဒိသိသ် ဟု အမှတ်ရှိကုန်၏၊ ရဟန်းနှစ်ပါးတို့သည် ယုံမှားရှိကုန်၏၊ ထိုအတူသာလျှင် (ရဟန်းနှစ်ပါးတို့သည်) လဟုက ဂရုက အာပတ်တို့ ရောပြွမ်း၏ ဟု အယူရှိကုန်၏၊ သံဃာဒိသိသ် သက်သက် မဟုတ်ရာ၌ သံဃာဒိသိသ် သက်သက် မဟုတ် ဟု အယူရှိကုန်၏၊ ထိုအတူလျှင် ရဟန်းနှစ်ပါးတို့သည် လဟုက သက်သက် ဟု အယူရှိကုန်၏၊ ရဟန်းတပါးသည် ဖုံးလွှမ်း၏။

ချေဖျက်လိုသဖြင့် ဖုံးလွှမ်း၏၊ ရှုံးသော ရဟန်း ဒေသနာ ကြားခြင်း အရင်းသို့ ငင်ခြင်း စင်ကြယ်သော အားဖြင့် တဆယ့်ငါးဝါရ သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့ကို ကြည်ညိုစေနိုင်ကုန်သော ပုဗ်ဝါကျတို့ကို ဝေဖန်တော်မူနိုင်ကုန်သော မဟာဝိဟာရကျောင်းနေ ဆရာတို့သည် သူတော်ကောင်းတရား တည်တံ့နိုင်ရန် ဤပို့ချစဉ်ကို ထားအပ်၏။

ဤကား အကျဉ်းချုပ်တည်း။

**သမုစ္စယက္ခန္ဓက ပြီးပြီ။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၄-သမထက္ခန္ဓက

## ၁-သမ္မုခါဝိနယ

၁၇၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မျက်မှောက် မဟုတ်သော ရဟန်းတို့အား ကံတို့ကို ပြုကုန်၏၊ ခြိမ်းခြောက်မှု ‘တဇ္ဇနီယ’ကံ အမြဲမှီနေမှု ‘နိယဿ’ကံ နှင်ထုတ်မှု ‘ပဗ္ဗာဇနီယ’ကံ အောက်မေ့စေမှု ‘ပဋိသာရဏီယ’ကံ (အာပတ်ကို မရှုခြင်း စသည်ကြောင့်) နှင်ထုတ်မှု ‘ဥက္ခေပနီယ’ကံတို့ကို ပြုကုန်၏။

အလိုနည်းသော ရဟန်းတို့သည် “ဆဗ္ဗဂ္ဂီရဟန်းတို့သည် မျက်မှောက်မဟုတ်ကုန်သော ရဟန်း တို့အား ခြိမ်းခြောက်မှု ‘တဇ္ဇနီယ’ကံအမြဲမှီနေမှု ‘နိယဿ’ကံ နှင်ထုတ်မှု ‘ပဗ္ဗာဇနီယ’ကံ အောက်မေ့ စေမှု ‘ပဋိသာရဏီယ’ကံ (အာပတ်ကို မရှုခြင်း စသည်ကြောင့်) နှင်ထုတ်မှု ‘ဥက္ခေပနီယ’ကံ တို့ကို အဘယ့်ကြောင့် ပြုကုန်ဘိသနည်း”ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ “ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မျက်မှောက်မဟုတ်သော ရဟန်းတို့အား ခြိမ်းခြောက်မှု ‘တဇ္ဇနီယ’ ကံ အမြဲမှီနေမှု ‘နိယဿ’ ကံ နှင်ထုတ်မှု ‘ပဗ္ဗာဇနီယ’ကံ အောက်မေ့စေမှု‘ပဋိသာရဏီယ’ကံ(အာပတ် ကို မရှုခြင်း စသည်ကြောင့်) နှင်ထုတ်မှု ‘ဥက္ခေပနီယ’ကံတို့ကို ပြုကုန်၏ ဟူသည် မှန်သလော” ဟု **စိစစ်မေးမြန်းတော်မူ၏**။

မှန်ပါသည် မြတ်စွာဘုရား· ဟု (လျှောက်ကြကုန်၏)။

**ဘုန်းတော်ကြီးသော** မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ထိုရဟန်းတို့အား မလျှောက်ပတ် မလျော်ကန် မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူ မဟုတ်၊ (ရဟန်းတို့အား) မအပ်၊ မပြုသင့်။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ထိုရဟန်းတို့သည် မျက်မှောက် မဟုတ်သော ရဟန်းတို့အား အဘယ့်ကြောင့် ခြိမ်းခြောက်မှု ‘တဇ္ဇနီယ’ကံ အမြဲမှီနေမှု ‘နိယဿ’ကံ နှင်ထုတ်မှု ‘ပဗ္ဗာဇနီယ’ကံ အောက်မေ့စေမှု ‘ပဋိသာရဏီယ’ကံ (အာပတ်ကို မရှုခြင်း စသည်ကြောင့်) နှင်ထုတ်မှု ‘ဥက္ခေပနီယ’ကံတို့ကို ပြုကုန်ဘိသနည်း။

ရဟန်းတို့ ဤ(ဆဗ္ဗဂ္ဂီရဟန်းတို့ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အားလည်း ကြည်ညိုစေခြင်းငှါရင်း။ပ။ကဲ့ရဲ့တော်မူ၏။ပ။တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

“ရဟန်းတို့ မျက်မှောက်မဟုတ်သော ရဟန်းတို့အား ခြိမ်းခြောက်မှု ‘တဇ္ဇနီယ’ကံ အမြဲမှီနေမှု ‘နိယဿ’ကံ နှင်ထုတ်မှု ‘ပဗ္ဗာဇနီယ’ကံ အောက်မေ့စေမှု ‘ပဋိသာရဏီယ’ကံ (အာပတ်ကို မရှုခြင်း စသည်ကြောင့်) နှင်ထုတ်မှု ‘ဥက္ခေပနီယ’ကံတို့ကို မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု မိန့်တော်မူ၏။

၁၇၆။ အဓမ္မဝါဒီပုဂ္ဂိုလ်၊ အဓမ္မဝါဒီပုဂ္ဂိုလ်အများ၊ အဓမ္မဝါဒီသံဃာ၊ ဓမ္မဝါဒီပုဂ္ဂိုလ်၊ ဓမ္မဝါဒီ ပုဂ္ဂိုလ်အများ၊ ဓမ္မဝါဒီ သံဃာ။

http://www.dhammadownload.com



## ကဏှပက္ခနဝက

၁၇၇။ အဓမ္မဝါဒီ ပုဂ္ဂိုလ်က ဓမ္မဝါဒီ ပုဂ္ဂိုလ်ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူလော့၊ ဤအဆုံးအမတော်ကို နှစ်သက်လော့"ဟု ကောင်းစွာ သိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင်စေ၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြ၏၊ ဤနည်းဖြင့် ထိုအဓိကရဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်း အတုဖြစ်သော မတရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၁)

အဓမ္မဝါဒီ ပုဂ္ဂိုလ်က ဓမ္မဝါဒီ ပုဂ္ဂိုလ်အများတို့ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ ဤအဆုံးအမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာ သိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင်စေ၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြ၏၊ ဤနည်းဖြင့် ထိုအဓိကရဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းအတုဖြစ်သော မတရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၂)

အဓမ္မဝါဒီ ပုဂ္ဂိုလ်က ဓမ္မဝါဒီသံဃာကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူလော့၊ ဤအဆုံးအမတော်ကိုနှစ်သက်လော့" ဟု ကောင်းစွာသိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင်စေ၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာထပ်ကာ ညွှန်ပြ၏။ ဤနည်းဖြင့် ထိုအဓိကရဏ်း ပြေငြိမ်းပါမူ သမ္မုခါ ဝိနည်းအတု ဖြစ်သော မတရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၃)

အဓမ္မဝါဒီ ပုဂ္ဂိုလ်အများတို့က ဓမ္မဝါဒီ ပုဂ္ဂိုလ်ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူလော့၊ ဤအဆုံးအမတော်ကို နှစ်သက်လော့" ဟု ကောင်းစွာ သိစေကုန်၏၊ စေ့စပ်စွာ ရှုစေကုန်၏၊ ရှုဆင်ခြင်စေကုန်၏၊ ထပ်ကာ ထပ်ကာ ရှုခြင်ဆင်စေကုန်၏၊ ညွှန်ပြကုန်၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြကုန်၏။ ဤနည်းဖြင့် ထိုအဓိကရဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းအတုဖြစ်သော မတရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၄)

အဓမ္မဝါဒီ ပုဂ္ဂိုလ်အများတို့က ဓမ္မဝါဒီ ပုဂ္ဂိုလ်အများတို့ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ ဤအဆုံးအမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာ သိစေကုန်၏၊ စေ့စပ်စွာ ရှုစေကုန်၏၊ ရှုဆင်ခြင်စေကုန်၏၊ ထပ်ကာထပ်ကာ ရှုဆင်ခြင်စေကုန်၏၊ ညွှန်ပြကုန်၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြကုန်၏၊ ဤနည်းဖြင့် ထိုအဓိကရဏ်း ပြေငြိမ်းပါမူ သမ္မုခါ ဝိနည်းအတု ဖြစ်သော မတရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၅)

အဓမ္မဝါဒီ ပုဂ္ဂိုလ် အများတို့က ဓမ္မဝါဒီ သံဃာကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ ဤအဆုံးအမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာ သိစေကုန်၏၊ စေ့စပ်စွာ ရှုစေကုန်၏၊ ရှုဆင်ခြင်စေကုန်၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေကုန်၏၊ ညွှန်ပြကုန်၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြကုန်၏။ ဤနည်းဖြင့် ထိုအဓိကရဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းအတုဖြစ်သော မတရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၆)

http://www.dhammadownload.com



**အစမ္မဝါဒီ သံဃာက ဓမ္မဝါဒီ ပုဂ္ဂိုလ်ကို—"ဤသည်ကား ဓမ္မတည်း၊ဤသည်ကား ဝိနယတည်း ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ဤအဆုံးအမတော်ကို ယူလော့၊ ဤအဆုံး အမတော်ကို နှစ်သက်လော့" ဟု ကောင်းစွာ သိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင်စေ၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြ၏။ ဤနည်းဖြင့် ထိုအဓိ ကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းအတုဖြစ်သော မတရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၇)**

အဓမ္မဝါဒီ သံဃာက ဓမ္မဝါဒီ ပုဂ္ဂိုလ် အများတို့ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ ဤအဆုံးအမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာ သိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင်စေ၏၊ ထပ်ကာထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြ၏။ ဤနည်းဖြင့် ထိုအဓိကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းအတုဖြစ်သော မတရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၈)

အဓမ္မဝါဒီ သံဃာက ဓမ္မဝါဒီသံဃာကို—"ဤသည်ကား ဓမ္မတည်း၊ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ ဤအဆုံး အမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာ သိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင်စေ၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြ၏။ ဤနည်းဖြင့် ထိုအဓိ ကရုဏ်းပြေငြိမ်းပါမူ သမ္မုခါ ဝိနည်းအတုဖြစ်သော မတရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၉)

**ကဏှပက္ခနဝက ပြီး၏။**

---

## သုက္ကပက္ခနဝက

**၁၈၈။ ဓမ္မဝါဒီ ပုဂ္ဂိုလ်က အဓမ္မဝါဒီ ပုဂ္ဂိုလ်ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူလော့၊ ဤအဆုံးအမတော်ကို နှစ်သက်လော့" ဟု ကောင်းစွာ သိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင် စေ၏၊ ထပ်ကာထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြ၏။ ဤနည်းဖြင့် ထိုအဓိကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းဖြစ်သော တရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၁)**

ဓမ္မဝါဒီ ပုဂ္ဂိုလ်က အဓမ္မဝါဒီ ပုဂ္ဂိုလ်အများတို့ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန် လော့၊ ဤအဆုံးအမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာ သိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင်စေ၏၊ ထပ်ကာထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာထပ်ကာ ညွှန်ပြ၏၊ဤနည်းဖြင့် ထိုအဓိကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါ ဝိနည်းဖြစ်သော တရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၂)

ဓမ္မဝါဒီ ပုဂ္ဂိုလ်က အဓမ္မဝါဒီ သံဃာကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယ တည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ ဤအဆုံးအမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာ သိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင် စေ၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြ၏။ ဤနည်းဖြင့် ထိုအဓိကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းဖြစ်သော တရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၃)

http://www.dhammadownload.com



ဓမ္မဝါဒီ ပုဂ္ဂိုလ်အများတို့က အဓမ္မဝါဒီ ပုဂ္ဂိုလ်ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူလော့၊ ဤအဆုံးအမတော်ကို နှစ်သက်လော့" ဟု ကောင်းစွာ သိစေကုန်၏၊ စေ့စပ်စွာ ရှုစေကုန်၏၊ ရှုဆင်ခြင်စေကုန်၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေကုန်၏၊ ညွှန်ပြကုန်၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြကုန်၏။ ဤနည်းဖြင့် ထိုအဓိကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းဖြစ်သော တရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၄)

ဓမ္မဝါဒီ ပုဂ္ဂိုလ် အများတို့က အဓမ္မဝါဒီ ပုဂ္ဂိုလ် အများတို့ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံး အမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ ဤအဆုံးအမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာ သိစေကုန်၏၊ စေ့စပ်စွာ ရှုစေကုန်၏၊ ရှုဆင်ခြင်စေကုန်၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေကုန်၏၊ ညွှန်ပြကုန်၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြကုန်၏။ ဤနည်းဖြင့် ထိုအဓိကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းဖြစ်သော တရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၅)

ဓမ္မဝါဒီပုဂ္ဂိုလ်အများတို့က အဓမ္မဝါဒီ သံဃာကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ ဤအဆုံးအမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာ သိစေကုန်၏၊ စေ့စပ်စွာ ရှုစေကုန်၏၊ ရှုဆင်ခြင်စေကုန်၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေကုန်၏၊ ညွှန်ပြကုန်၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြကုန်၏။ ဤနည်းဖြင့် ထိုအဓိကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းဖြစ်သော တရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၆)

ဓမ္မဝါဒီသံဃာက အဓမ္မဝါဒီ ပုဂ္ဂိုလ်ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူလော့၊ ဤအဆုံးအမတော်ကို နှစ်သက်လော့" ဟု ကောင်းစွာ သိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင်စေ၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြ၏။ ဤနည်းဖြင့် ထိုအဓိကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါ ဝိနည်းဖြစ်သော တရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၇)

ဓမ္မဝါဒီ သံဃာက အဓမ္မဝါဒီ ပုဂ္ဂိုလ် အများတို့ကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ ဤအဆုံးအမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာ သိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင်စေ၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြ၏။ ဤနည်းဖြင့် ထိုအဓိကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါ ဝိနည်းဖြစ်သော တရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၈)

ဓမ္မဝါဒီ သံဃာက အဓမ္မဝါဒီ သံဃာကို—"ဤသည်ကား ဓမ္မတည်း၊ ဤသည်ကား ဝိနယတည်း၊ ဤသည်ကား မြတ်စွာဘုရား အဆုံး အမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ ဤအဆုံးအမတော်ကို နှစ်သက်ကုန်လော့" ဟု ကောင်းစွာသိစေ၏၊ စေ့စပ်စွာ ရှုစေ၏၊ ရှုဆင်ခြင်စေ၏၊ ထပ်ကာ ထပ်ကာ ရှုဆင်ခြင်စေ၏၊ ညွှန်ပြ၏၊ ထပ်ကာ ထပ်ကာ ညွှန်ပြ၏။ ဤနည်းဖြင့် ထိုအဓိကရုဏ်း ပြေငြိမ်းပါမူ သမ္မုခါဝိနည်းဖြစ်သော တရားမှုဖြင့် ပြေငြိမ်းသည် မည်၏။ (၉)

**သုက္ကပက္ခနယ ပြီး၏။**

http://www.dhammadownload.com



## ၂-သတိဝိနည်း

၁၇၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ မလ္လမင်း၏ သားဖြစ်သော ဖွားမြင်သည်မှ ခုနစ်နှစ်မျှသာ ရှိသေးသော အသျှင်ဒဗ္ဗသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီ၊ ထိုအသျှင် ဒဗ္ဗသည် အရိယာသာဝကတို့ ရောက်သင့် ရောက်ထိုက်သော အလုံးစုံသော တရားသို့ အစဉ်ရောက်ခဲ့ပြီ၊ ထိုအသျှင်ဒဗ္ဗအား တစုံတရာသော ရဟန်းကိစ္စ နောက်ထပ် ပြုဖွယ် မရှိတော့ပြီ၊ ပြုအပ်ပြီးသော တရားကိုလည်း ထပ်၍ ပွါးများဖွယ် မရှိတော့ပြီ။

ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်၍ (တပါးထည်း) ကိန်းအောင်းနေစဉ် အသျှင်ဒဗ္ဗအား "ဖွားမြင်သည်မှ ခုနစ်နှစ်မျှသာ ရှိသေးသော ငါသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီ၊ (ငါသည်) တပည့်သာဝကတို့ ရောက်သင့် ရောက်ထိုက်သော အလုံးစုံသော တရားသို့ အစဉ်ရောက်ခဲ့ပြီ၊ ငါ့အား တစုံတရာသော ရဟန်းကိစ္စ နောက်ထပ် ပြုဖွယ် မရှိတော့ပြီ၊ ပြုအပ်ပြီး (သော တရား) ကိုလည်း ထပ်၍ ပွါးများဖွယ် မရှိတော့ပြီ၊ ငါသည် သံဃာတော်၏ အဘယ်မည်သော အမှုကြီးငယ်ကို ပြုရပါအံ့နည်း" ဟု စိတ်အကြံ ဖြစ်ပေါ်၏။

ထိုအခါ မလ္လမင်း၏သား အသျှင် ဒဗ္ဗအား "ငါသည် သံဃာတော်၏ အိပ်ရာနေရာကိုလည်း ခင်းရမူ ဆွမ်းတို့ကိုလည်း ညွှန်းရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏၊ ထိုအခါ မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် ညချမ်းအခါ၌ (တပါးထည်း)ကိန်းအောင်းရာမှ ထ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်ပြီးသော မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ကပ်၍ (တပါးထည်း) ကိန်းအောင်းနေစဉ် အကျွန်ုပ်အား ဖွားမြင်သည်မှ ခုနစ်နှစ်မျှသာရှိသေးသော ငါသည်ကား အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီ၊ ငါသည် တပည့်သာဝကတို့ ရောက်သင့် ရောက်ထိုက်သော အလုံးစုံသော တရားသို့ အစဉ် ရောက်ခဲ့ပြီ၊ ငါ့အား တစုံတရာသော ရဟန်းကိစ္စ နောက်ထပ် ပြုဖွယ် မရှိတော့ပြီ၊ ပြုအပ်ပြီး(သော တရား)ကိုလည်း ထပ်၍ ပွါးများဖွယ်မရှိတော့ပြီ၊ ငါသည် သံဃာတော်၏ အဘယ်မည်သော အမှုကြီးငယ်ကို ပြုရပါအံ့နည်း" ဟု စိတ်အကြံဖြစ်ပေါ်ပါသည်။

"အသျှင်ဘုရား ထိုအကျွန်ုပ်အား 'ငါသည် သံဃာတော်၏ အိပ်ရာနေရာကိုလည်း ခင်းရမူ ဆွမ်းတို့ကိုလည်း ညွှန်းရမူ ကောင်းလေစွ' ဟု အကြံအစည် ဖြစ်ပါသည်၊ အသျှင်ဘုရား အကျွန်ုပ်သည် သံဃာတော်၏ အိပ်ရာနေရာကိုလည်း ခင်းခြင်းငှါ ဆွမ်းတို့ကိုလည်း ညွှန်းခြင်းငှါ အလိုရှိပါသည်" ဟု လျှောက်၏။

ဒဗ္ဗ ကောင်းစွ ကောင်းစွ၊ ဒဗ္ဗ သို့ဖြစ်လျှင် သင်သည် သံဃာ၏ အိပ်ရာနေရာကိုလည်း ခင်းလော့၊ ဆွမ်းတို့ကိုလည်း ညွှန်းလော့ ဟု (ခွင့်ပြုတော်မူ၏)။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု မလ္လမင်း၏ သား အသျှင်ဒဗ္ဗသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်း သံဃာတို့ကို စည်းဝေးစေပြီးလျှင် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် မလ္လမင်း၏သား ဒဗ္ဗကို အိပ်ရာနေရာခင်းသူ ဟုရင်း ဆွမ်းညွှန်းသူ ဟုရင်း သမုတ်လော့။

ရဟန်းတို့ ဤသို့လျှင် သမုတ်ရမည်၊ ရှေးဦးစွာ မလ္လမင်း၏သား ဒဗ္ဗကိုတောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၉၀။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အိပ်ရာနေရာခင်းသူ ဟုရင်း ဆွမ်းညွှန်းသူ ဟုရင်း သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာသည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အိပ်ရာနေရာခင်းသူ ဟုရင်း ဆွမ်းညွှန်းသူ ဟုရင်း သမုတ်၏၊ မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အိပ်ရာနေရာခင်းသူ ဟုရင်း ဆွမ်းညွှန်းသူဟုရင်း သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အိပ်ရာနေရာခင်းသူ ဟုရင်း ဆွမ်းညွှန်းသူ ဟုရင်း သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၁၉၁။ သမ္မုတိရပြီးသော မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် သဘောတူ ရဟန်းတို့အား တပေါင်းထည်း အိပ်ရာနေရာကို ခင်းပေး၏၊ အကြင်ရဟန်းတို့သည် သုတ္တန်ကိုဆောင်ကုန်၏၊ "ထိုရဟန်းတို့သည် အချင်းချင်း သုတ္တန်ကို အညီအညွတ်ရွတ်ကြလိမ့်မည်" ဟု ထိုရဟန်းတို့အား တပေါင်းထည်း အိပ်ရာနေရာကို ခင်းပေး၏။

အကြင်ရဟန်းတို့သည် ဝိနည်းကို ဆောင်ကုန်၏၊ "ထိုရဟန်းတို့သည် အချင်းချင်း ဝိနည်းကို ဆုံးဖြတ်ကြလိမ့်မည်" ဟု ထိုရဟန်းတို့အား တပေါင်းထည်း အိပ်ရာနေရာကိုခင်းပေး၏။

အကြင်ရဟန်းတို့သည် တရားဟော ဓမ္မကထိက (ဖြစ်ကြကုန်၏)၊ "ထိုရဟန်းတို့သည် အချင်းချင်း တရားကို ဆွေးနွေးကြလိမ့်မည်" ဟု ထိုရဟန်းတို့အား တပေါင်းထည်း အိပ်ရာနေရာကို ခင်းပေး၏။

အကြင်ရဟန်းတို့သည် ဈာန်ဝင်စားလေ့ရှိကုန်၏၊ "ထိုရဟန်းတို့သည် အချင်းချင်း နှောင့်ယှက်ခြင်းမှ ကင်းကုန်လတ္တံ့" ဟု ထိုရဟန်းတို့အား တပေါင်းထည်း အိပ်ရာနေရာကို ခင်းပေး၏။

အကြင်ရဟန်းတို့သည်(မဂ်ဖိုလ်မှ)ဗိလာဖြစ်သော စကားကိုပြောလေ့ရှိကုန်၏၊ ကိုယ်(ခန္ဓာ)၏ ခိုင်မြဲမှုအလေ့အကျင့်များကုန်သည်ဖြစ်၍ နေကုန်၏၊ "ဤအသျှင်တို့သည် ဤမွေ့လျော်ခြင်းဖြင့်လည်း အသျှင်တို့သည် နေကုန်လတ္တံ့" ဟု ထိုရဟန်းတို့အားလည်းတပေါင်းထည်း အိပ်ရာနေရာကို ခင်းပေး၏။

http://www.dhammadownload.com



အကြင် ရဟန်းတို့သည် အခါမဲ့ လာကြကုန်၏၊ ထိုရဟန်းတို့အားလည်း တေဇောကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ဝင်စား၍ ထိုအရောင် (အလင်း)ဖြင့် ပင် အိပ်ရာ နေရာကို ခင်းပေး၏။

စင်စစ်အားဖြင့် ရဟန်းတို့သည် "မလ္လမင်း၏သား အသျှင်ဒဗ္ဗ၏ တန်ခိုးပြာဋိဟာကို ငါတို့ ကြည့်ကုန်အံ့" ဟု တမင်သက်သက် အခါမဲ့၌လည်း လာကုန်၏၊ ထို(ရဟန်း)တို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗသို့ ချဉ်းကပ်၍ "ငါ့သျှင် ဒဗ္ဗ ငါတို့အား အိပ်ရာ နေရာကို ခင်းပေးလော့" ဟု ဆိုကုန်၏။

ထိုရဟန်းတို့ကို မလ္လမင်း၏သားအသျှင်ဒဗ္ဗသည် "အသျှင်တို့သည် အဘယ်အရပ်၌ အလိုရှိကုန်သနည်း အဘယ်အရပ်၌ ခင်းပေးရမည်နည်း" ဟု ဆို၏၊ ထို ရဟန်းတို့သည် တမင်သက်သက် အဝေး၌ ညွှန်းကုန်၏၊ "ငါ့သျှင် ဒဗ္ဗ ငါတို့အား ဂိဇ္ဈကုဋ်တောင်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ခိုးသူ ပစ်ချရာ 'စောရပပါတ' ချောက်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ဣသိဂိလိတောင်နံပါး ကျောက်နက်(ဂူ)၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ဝေဘာရတောင်နံပါး စရည်းပင် (ဂူ)၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ယင်းတိုက်တော သပ္ပသောဏ္ဍိက ချိုင့်ဝှမ်း၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ဂေါတမချောက်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား တည်ပင်ရောက်သော ချောက်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ကပေါတချောက်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား တပေါဒါ အရံ၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ဇီဝက၏ သရက်ဥယျာဉ်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား မဒ္ဒကုစ္ဆိတော၌ အိပ်ရာ နေရာကို ခင်းပေးလော့" ဟု (အဝေး၌ ညွှန်းကုန်၏)။

ထိုရဟန်းတို့အား အသျှင်ဒဗ္ဗသည် တေဇောကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ဝင်းစား၍ တောက်ပသော လက်ညှိုးဖြင့် ရှေ့မှ ရှေ့မှ သွား၏။

ထို ရဟန်းတို့သည်လည်း ထို အရောင် အလင်းဖြင့်သာလျှင် မလ္လမင်း၏သား အသျှင်ဒဗ္ဗ၏ နောက်မှ နောက်မှ လိုက်ကုန်၏။ ထို ရဟန်းတို့အား မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် "ဤကား ညောင်စောင်း 'ခရင်'တည်း၊ ဤကား အင်းပျဉ် 'ခုံရှည်'တည်း၊ ဤကား ဘုံလျို 'ပုံ'တည်း၊ ဤကား ခေါင်းအုံးတည်း၊ ဤကား ကျင်ကြီး (စွန့်ရာ)ဌာနတည်း၊ ဤကား ကျင်ငယ် (စွန့်ရာ)ဌာနတည်း၊ ဤကား သောက်ရေတည်း၊ ဤကား သုံးဆောင်ရေတည်း၊ ဤကား တောင်ဝှေးတည်း၊ ဤကား ဤအချိန်၌ ဝင်ရမည်၊ ဤအချိန်၌ ထွက်ရမည် စသည်ဖြင့် ထားအပ်သော သံဃာ၏ ကတိကဝတ်တည်း" ဟု ပြောဆို၍ အိပ်ရာ နေရာကို ခင်းပေး၏။

မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် ထို (ရဟန်း)တို့အား အိပ်ရာ နေရာကို ခင်းပေးပြီးသော် ဝေဠုဝန်ကျောင်းတော်သို့သာလျှင် တဖန် ပြန်ကြ၏။

၁၉၂။ ထိုအခါ မေတ္တိယဘူမဇက ရဟန်းတို့သည် အငယ်လည်း ဖြစ်ကုန်၏၊ ဘုန်းကံလည်း နည်းပါးကုန်၏၊ သံဃာ၏ ယုတ်ညံ့သော အိပ်ရာ နေရာတို့သည်ရင်း ယုတ်ညံ့သော ဆွမ်းတို့သည်ရင်း ထိုရဟန်းတို့အား ရောက်ကုန်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ လူတို့သည် မထေရ်ဖြစ်သော ရဟန်းတို့အား အထူးပြုပြင် (စီရင်) အပ်သော ဆွမ်းကိုရင်း ထောပတ်ကိုရင်း ဆီကိုရင်း လက်သုတ်ဟင်းလျာကိုရင်း (လှူခြင်းငှါ အလို

http://www.dhammadownload.com



ရှိကုန်၏)။ မေတ္တိယဘူမဇကရဟန်းတို့အား ပကတိ အတိုင်း ဖြစ်သော ချက်ထားတိုင်းသော ပအုံးရည် ပုံးရည်လျှင် နှစ်ခုမြောက် ဖြစ်သော ဆန်ကွဲထမင်းကို လှူကုန်၏။

ထို(မေတ္တိယ ဘူမဇက)ရဟန်းတို့သည် ဆွမ်းစားပြီးနောက် ဆွမ်းစားစရပ်မှ ဖဲသွားကုန်ပြီး လတ်သော် မထေရ်ဖြစ်ကုန်သော ရဟန်းတို့ကို "ငါ့သျှင်တို့ သင်တို့အား ဆွမ်းစားစရပ်၌ အဘယ် အရာသည် ဖြစ်သနည်း၊ ငါ့သျှင်တို့ သင်တို့အား ဆွမ်းစားစရပ်၌ အဘယ်အရာသည် ဖြစ်သနည်း"ဟု မေးကုန်၏။ အချို့ မထေရ်တို့သည် "ငါ့သျှင်တို့ ငါတို့အား ထောပတ်သည် ဖြစ်၏၊ ဆီသည် ဖြစ်၏၊ လက်သုပ် ဟင်းလျာသည် ဖြစ်၏" ဟု ပြောကုန်၏။ မေတ္တိယဘူမဇကရဟန်းတို့သည်ကား "ငါ့သျှင် တို့ ငါတို့အား တစုံတခု (အထူး)မဖြစ်ပြီ၊ ပကတိ အတိုင်း ဖြစ်သော ချက်ထားတိုင်းသော ပအုံးရည် လျှင် နှစ်ခုမြောက်ရှိသော ဆန်ကွဲထမင်းသည် ဖြစ်၏" ဟု ပြောကုန်၏။

ထိုအခါ ကလျာဏ ဘတ္တိက ဒါယကာသည် သံဃာအား စတုက္ကဘတ်ကို နိစ္စဘတ် လှူ၏၊ ထို ဒါယကာသည် ဆွမ်းစားစရပ်၌ သားမယားနှင့်တကွ အနီး၌ ရပ်တည်၍ လုပ်ကျွေး၏၊ အချို့ရဟန်း တို့ကို ဆွမ်းဖြင့် မေးကုန်၏၊ အချို့ရဟန်းတို့ကို ဟင်းလျာဖြင့် မေးကုန်၏၊ အချို့ရဟန်းတို့ကို ဆီဖြင့် မေးကုန်၏၊ အချို့ရဟန်းတို့ကို လက်သုတ်ဟင်းလျာဖြင့် မေးကုန်၏။

ထိုအခါ ကလျာဏ ဘတ္တိက ဒါယကာ၏ ဆွမ်းကို နက်ဖြန် (သုံးဆောင်ရန်) အလို့ငှါ မေတ္တိယ ဘူမဇက ရဟန်းတို့အား ညွှန်းအပ်၏၊ ထိုအခါ ကလျာဏ ဘတ္တိက သူကြွယ်သည် တစုံတခု ပြုဖွယ်ဖြင့် အရံသို့ သွား၏၊ ထိုဒါယကာသည် မလ္လမင်း၏သား အသျှင်ဒဗ္ဗထံသို့ ချဉ်းကပ်၍ မလ္လမင်း၏သား အသျှင်ဒဗ္ဗကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်၏၊ တခုသော နေရာ၌ ထိုင်ပြီးသော ကလျာဏ ဘတ္တိက ဒါယကာကို မလ္လမင်း၏သား အသျှင်ဒဗ္ဗက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေ လျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေ၍ ရွှင်လန်းစေပြီး ဖြစ်ရကား (ကလျာဏဘတ္တိကသူကြွယ်သည်) မလ္လမင်း၏သား အသျှင်ဒဗ္ဗအား—

"အသျှင်ဘုရား အကျွန်ုပ်တို့၏ အိမ်၌ နက်ဖြန် (သုံးဆောင်ရန်) အလို့ငှါ အဘယ် (ရဟန်း) အား ဆွမ်းကို ညွှန်းအပ်ပါသနည်း" ဟု လျှောက်၏။

ဒါယကာ သင်တို့၏ အိမ်၌ နက်ဖြန် (သုံးဆောင်ရန်) အလို့ငှါ မေတ္တိယဘူမဇက ရဟန်းတို့ အား ဆွမ်းကို ညွှန်းအပ်ပြီ ဟု (ပြော၏)။

ထိုအခါ ကလျာဏ ဘတ္တိက သူကြွယ်သည် နှလုံးမသာ ဖြစ်လေ၏၊ "အဘယ့်ကြောင့် ရဟန်း ယုတ်တို့သည် ငါတို့၏ အိမ်၌ သုံးဆောင်ကုန်လတ္တံ့နည်း" ဟု အိမ်သို့သွား၍ "ဟယ် ကျွန်မ နက်ဖြန် ဆွမ်းစားလာသော ရဟန်းတို့ကို တံခါးမုခ်၌ နေရာကို ခင်း၍ ပအုံးရည်လျှင် နှစ်ခုမြောက်သော ဆန်ကွဲထမင်းဖြင့် လုပ်ကျွေးလော့" ဟု စေခိုင်း၏၊ "ကောင်းပါပြီ အရှင်" ဟု ထို ကျွန်မသည် ကလျာဏဘတ္တိက သူကြွယ်အား ပြန်ကြားပြောဆို၏။

ထိုအခါ မေတ္တိယဘူမဇက ရဟန်းတို့သည် "ငါ့သျှင်တို့ ယမန်နေ့က ငါတို့အား ကလျာဏ ဘတ္တိက ဒါယကာ၏ ဆွမ်းကို ညွှန်းအပ်ပြီ၊ နက်ဖြန် ငါတို့ကို ကလျာဏဘတ္တိက ဒါယကာသည် သားမယားနှင့်တကွ အနီး၌ ကပ်၍ လုပ်ကျွေးလတ္တံ့၊ အချို့ရဟန်းတို့ကို ဆွမ်းဖြင့် ပေးကုန်လတ္တံ့၊ အချို့ရဟန်းတို့ကို ဟင်းလျာဖြင့် မေးကုန်လတ္တံ့၊ အချို့ရဟန်းတို့ကို ဆီဖြင့် မေးကုန်လတ္တံ့၊ အချို့ ရဟန်းတို့ကို လက်သုတ် ဟင်းလျာဖြင့် မေးကုန်လတ္တံ့" ဟု ထို မေတ္တိယ ဘူမဇက ရဟန်းတို့သည်

http://www.dhammadownload.com



ထိုဝမ်းမြောက်ခြင်းဖြင့်သာလျှင် ညဉ့်၌ စိတ်အလိုရှိတိုင်း မအိပ်(နိုင်ကြ)ကုန်။ ထိုနောက် မေတ္တိယ ဘူမဇက ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူဆောင်ကာ ကလျာဏဘတ္တိက ဒါယကာ၏ အိမ်သို့ ချဉ်းကပ်ကုန်၏။

ထိုကျွန်မသည် အဝေးမှလာသော မေတ္တိယဘူမဇက ရဟန်းတို့ကို မြင်၏၊ မြင်ပြီးနောက် တံခါးမုခ်၌ နေရာကို ခင်းပေး၍ မေတ္တိယ ဘူမဇက ရဟန်းတို့ကို "အသျှင်ဘုရားတို့ ထိုင်ကုန်လော့" ဟု လျှောက်၏။

ထိုအခါ မေတ္တိယဘူမဇက ရဟန်းတို့အား "မုချ ဧကန် ဆွမ်းသည် မပြီးသေးသည် ဖြစ်၍ ငါတို့သည် တံခါးမုခ်၌ နေထိုင်ရကုန်၏" ဟု အောက်မေ့ခြင်း ဖြစ်၏။

ထိုအခါ ထိုကျွန်မသည် ပအုံးရည်လျှင် နှစ်ခုမြောက်သော ဆန်ကွဲထမင်းဖြင့် "အသျှင်ဘုရားတို့ ဘုဉ်းပေး (သုံးဆောင်)ကုန်လော့" ဟု (ကပ်လေ၏)။

နှမ ငါတို့ကား နိစ္စဘတ် ရှိသူများတည်း ဟု (ပြော၏)။

" အသျှင်ဘုရားတို့ နိစ္စဘတ်ရှိသူများ ဖြစ်ကြသည် ဟု သိပါသည်၊ သို့ရာတွင် ယမန်နေ့ကပင် ဟယ် ကျွန်မ နက်ဖြန် ဆွမ်းစားလာသော ရဟန်းတို့ကို တံခါးမုခ်၌ နေရာကို ခင်းပေး၍ ပအုံးရည် လျှင် နှစ်ခုမြောက်သော ဆန်ကွဲထမင်းဖြင့် လုပ်ကျွေးလော့" ဟု အကျွန်ုပ်ကို စေခိုင်းအပ်ပါသည်။ အသျှင်ဘုရားတို့ ဘုဉ်းပေး (သုံးဆောင်)ကုန်လော့ ဟု (လျှောက်၏)။

ထိုအခါ မေတ္တိယဘူမဇက ရဟန်းတို့သည် "ငါ့သျှင်တို့ ယမန်နေ့က ကလျာဏ ဘတ္တိက ဒါယကာသည် အရံတွင်းရှိ မလ္လမင်း၏သား ဒဗ္ဗအထံသို့ လာ၏၊ ငါတို့ကို မလ္လမင်း၏သား ဒဗ္ဗသည် ဒါယကာ၏ အထံ၌ မုချ ဧကန် ဖျက်ဆီးအပ်ကုန်ပြီ" ဟု ထို မေတ္တိယဘူမဇက ရဟန်းတို့သည် ထိုနှလုံးမသာခြင်းဖြင့်သာလျှင် စိတ်အလိုရှိတိုင်း စိတ်တိုင်းကျမသုံးဆောင်ကြကုန်။ ထိုအခါ မေတ္တိယ ဘူမဇက ရဟန်းတို့သည် ဆွမ်းစားပြီးနောက် ဆွမ်းစားစရပ်မှ ဖဲကုန်လတ်သော် အရံသို့ သွား၍ သပိတ်သင်္ကန်းကို သိမ်းသိမ်းဆည်းပြီးလျှင် အရံအပ တံခါးမုခ်၌ ဒုကုဋ္ဋ အာယောဂပတ်ဖွဲ့လျက် ဆိတ်ဆိတ်နေကုန်၍ မျက်နှာမလှကုန်သည် ဖြစ်၍ ချသော ပခုံးရှိကုန်သည် ဖြစ်၍ အောက်သို့ မျက်နှာချကုန်သည် ဖြစ်၍ ကြံမှိုင်ကုန်သည် ဖြစ်၍ စကားမဆိုကုန်သည် ဖြစ်၍ နေထိုင်ကုန်၏။

ထိုအခါ မေတ္တိယာ ဘိက္ခုနီမသည် မေတ္တိယဘူမဇက ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးနောက် မေတ္တိယဘူမဇကရဟန်းတို့ကို "အသျှင်တို့ ရှိခိုးပါ၏" ဟု ဆို၏။ ဤသို့ ဆိုလတ်သော် မေတ္တိယဘူမ ဇက ရဟန်းတို့သည် စကားမပြောကြကုန်။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း မေတ္တိယာဘိက္ခုနီမသည် မေတ္တိယဘူမဇက ရဟန်းတို့ကို "အသျှင်တို့ ရှိခိုးပါ၏" ဟု ဆို၏။ သုံးကြိမ်မြောက်လည်း မေတ္တိယဘူမဇကရဟန်း တို့သည် စကားမပြောကြကုန်။

အကျွန်ုပ်သည် အသျှင်တို့အား အဘယ်သို့ ပြစ်မှားမိပါသနည်း၊ အဘယ့်ကြောင့် အကျွန်ုပ်ကို အသျှင်တို့သည် စကားမပြောကုန်သနည်း ဟု (မေး၏)။

နှမ ငါတို့ ဖြစ်တိုင်းဆိုအံ့၊ သင်သည် ငါတို့ကို မလ္လမင်း၏သား ဒဗ္ဗသည် ညှဉ်းဆဲအပ်သည် ဖြစ်လျက် သင်သည် လျစ်လျူရှုဘိ၏ ဟု (ဆိုကြကုန်၏)။

http://www.dhammadownload.com



**အသျှင်တို့ အကျွန်ုပ်သည် အဘယ်ကို ပြုရပါမည်နည်း ဟု (မေး၏)။**

နှမ သင်သည် အကယ်၍ အလိုရှိပါမူ ယနေ့ပင် မြတ်စွာဘုရားသည် မလ္လမင်း၏သား ဒဗ္ဗကို ဖျက်ဆီးရာ၏ ဟု (ဆိုကြကုန်၏)။

အသျှင်တို့ အကျွန်ုပ်သည် အဘယ်ကို ပြုရပါမည်နည်း၊ အကျွန်ုပ်သည် အဘယ်ကို ပြုခြင်းငှါ တတ်နိုင်ပါသနည်း ဟု (မေး၏)။

နှမ လာလော့၊ သင်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို "အသျှင်ဘုရား ဤအမှုသည် မလျောက်ပတ်ပါ၊ မသင့်တင့်ပါ၊ အသျှင်ဘုရား အကြင်အရပ်မျက်နှာသည် ဘေးမရှိခဲ့ပါ၊ ရန်မရှိခဲ့ပါ၊ နှိပ်စက်မှု မရှိခဲ့ပါ၊ ထိုအရပ်မျက်နှာသည် (ယခု) ဘေးရှိပါသည်၊ ရန်ရှိပါသည်၊ နှိပ်စက်မှု ရှိပါသည်၊ အကြင် အရပ်မှ လေ (တိုက်ခတ်ခြင်း) မရှိခဲ့ပါ၊ ယခု ထိုအရပ်မှ လေ (တိုက်ခတ်ခြင်း)ရှိခဲ့ပါသည်၊ ရေသည် အလျှံပြောင်ပြောင် တောက်လောင်၍ နေယောင် တကား၊ မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် အကျွန်ုပ်ကို ဖျက်ဆီးအပ်ပါ၏" ဟု လျှောက်လော့ ဟု (ဆိုကြကုန်၏)။

"အသျှင်ဘုရားတို့ ကောင်းပါပြီ" ဟု မေတ္တိယာ ဘိက္ခုနီမသည် မေတ္တိယဘုမ္မဇက ရဟန်းတို့အား စကားကို ဝန်ခံခဲ့၍ မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ရပ်တည်၏၊ တခုသောနေရာ၌ ရပ်တည်ပြီးသော မေတ္တိယာ ဘိက္ခုနီမသည် မြတ်စွာဘုရားကို "အသျှင်ဘုရား ဤအမှုသည် မလျောက်ပတ်ပါ၊ မသင့်တင့်ပါ၊ အသျှင်ဘုရား အကြင် အရပ်မျက်နှာသည် ဘေးမရှိခဲ့ပါ၊ ရန်မရှိခဲ့ပါ၊ နှိပ်စက်မှု မရှိခဲ့ပါ၊ ထိုအရပ်မျက်နှာသည် (ယခု)ဘေးရှိပါသည်၊ ရန်ရှိပါသည်၊ နှိပ်စက်မှု ရှိပါသည်၊ အကြင် အရပ်မှ လေ(တိုက်ခတ်ခြင်း) မရှိခဲ့ပါ၊ (ယခု)ထိုအရပ်မှ လေ (တိုက်ခတ်ခြင်း) ရှိခဲ့ပါသည်၊ ရေသည် အလျှံပြောင်ပြောင် တောက်လောင်၍ နေယောင်တကား၊ မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် အကျွန်ုပ်ကို ဖျက်ဆီးပါ၏" ဟု လျှောက်၏။

**၁၉၃။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို—**

**"ဒဗ္ဗ သင်သည် ဤဘိက္ခုနီမ ပြောသကဲ့သို့ သဘောရှိသော ဖျက်ဆီးမှုကို ပြုမိသည် ဟု အမှတ်ရ၏လော ဟု စိစစ်မေးမြန်းတော်မူ၏။**

အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား သိတော်မူသည့် အတိုင်းပင် ဖြစ်ပါသည်ဘုရား ဟု (လျှောက်၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း မလ္လမင်း၏သား အသျှင်ဒဗ္ဗကို "ဒဗ္ဗ သင်သည် ဤဘိက္ခုနီမပြောသကဲ့သို့ ဤသို့ သဘောရှိသော ဖျက်ဆီးမှုကို ပြုမိသည် ဟူ၍ အမှတ်ရ၏ လော" ဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား သိတော်မူသည့် အတိုင်းပင် ဖြစ်ပါသည် ဘုရားဟု (လျှောက်၏)။

ဒဗ္ဗ ပညာရှိတို့သည် ဤသို့ မဖြေရှင်းကြကုန်၊ အကယ်၍ သင်သည် ပြုအပ်သည် ဖြစ်အံ့၊ ပြုအပ်ပါ၏ ဟု လျှောက်ဆိုလော့၊ အကယ်၍ သင်သည် မပြုအပ်သည် ဖြစ်အံ့၊ မပြုအပ်ပါ ဟုလျှောက်ဆိုလော့ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်သည် မွေးသည့် အခါမှ စ၍ အိပ်မက်မျှဖြင့်လည်း မေထုန်အကျင့်ကို ပြုကျင့်မှိဝဲမိသည် ဟု မသိပါ၊ နိုးသော တပည့်တော်သည် အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို 'ရဟန်းတို့ သို့ဖြစ်လျှင် မေတ္တိယာ ဘိက္ခုနီမအား (အသင်ကို) ဖျက်ဆီးကြကုန်လော့၊ ဤ (နိုင်းသော)ရဟန်းတို့ကိုလည်း မေးမြန်းစိစစ်ကုန်လော့' ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးလျှင် နေရာမှ ထ၍ ကျောင်းသို့ ဝင်တော်မူ၏။

ထိုအခါ ထိုရဟန်းတို့သည် မေတ္တိယာ ဘိက္ခုနီမအား (အသင်ကို)ဖျက်ဆီးကြကုန်၏။ ထိုအခါ မေတ္တိယဘူမဇက ရဟန်းတို့သည် ထိုရဟန်းတို့အား—

"ငါ့သျှင်တို့ မေတ္တိယာဘိက္ခုနီမကို မဖျက်ဆီးကြပါကုန်လင့်၊ ထိုဘိက္ခုနီမသည် တစုံတခု ပြစ်မှားသည် မဟုတ်ပါ၊ အမျက်ထွက်ကုန်သော နှလုံးမသာကုန်သော (သာသနာတော်မှ)ရွှေ့ လျှောစေလိုကုန်သော ငါတို့သည်သာ ထိုဘိက္ခုနီမကို တိုက်တွန်းကြကုန်၏" ဟု ပြောဆိုကြကုန်၏။

ငါ့သျှင်တို့ သင်တို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲဖျက်ဆီးကြကုန်သလော ဟု (မေးကြကုန်၏)။

ငါ့သျှင်တို့ မှန်ပေသည် ဟု (ပြန်ပြောကြကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် "မေတ္တိယဘူမဇက ရဟန်းတို့သည် မလ္လမင်း၏သား အသျှင် ဒဗ္ဗကို အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် အဘယ့်ကြောင့် စွပ်စွဲဖျက်ဆီးကြကုန်ဘိ သနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မေတ္တိယဘူမဇက ရဟန်းတို့သည် မလ္လမင်း၏သား ဒဗ္ဗကို အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲ ဖျက်ဆီးကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် သတိပြန့်ပြောခြင်းသို့ ရောက်သော မလ္လမင်း၏သား ဒဗ္ဗအား သတိဝိနည်းကို ပေးလော့။ ရဟန်းတို့ ဤသို့ ပေးရမည်။

ရဟန်းတို့ မလ္လမင်း၏သား ထိုဒဗ္ဗသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ မထေရ်ကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့် ထိုင်လျက် လက်အုပ် ချီပြီးလျှင်—

"အသျှင်ဘုရားတို့ အကျွန်ုပ်ကို ဤမေတ္တိယဘူမဇက ရဟန်းတို့သည် အခြေအမြစ်မရှိသော သီလပျက်စီးခြင်းဖြင့် စွပ်စွဲ ဖျက်ဆီးကုန်၏၊ အသျှင်ဘုရားတို့ သတိပြန့်ပြောခြင်းသို့ ရောက်သော ထိုအကျွန်ုပ်သည် သံဃာအား သတိ ဝိနည်းကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်၊ သုံးကြိမ်မြောက်လည်း တောင်းရမည်။

http://www.dhammadownload.com



"အသျှင်ဘုရားတို့ အကျွန်ုပ်ကို ဤမေတ္တိယဘုမ္မဇက ရဟန်းတို့သည် အခြေအမြစ်မရှိသော သီလပျက်စီးခြင်းဖြင့် စွပ်စွဲဖျက်ဆီးကုန်၏၊ အသျှင်ဘုရားတို့ သတိပြန့်ပြောခြင်းသို့ ရောက်သော ထိုအကျွန်ုပ်သည် သံဃာအား သတိဝိနည်းကို တောင်းပါ၏" ဟု ဆိုရမည်။

ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၁၉၄။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမေတ္တိယဘုမ္မဇက ရဟန်းတို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အခြေအမြစ်မရှိသော သီလပျက်စီးခြင်းဖြင့် စွပ်စွဲ ဖျက်ဆီးကုန်၏၊ သတိ ပြန့်ပြောခြင်းသို့ ရောက်သော မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် သံဃာအား သတိဝိနည်းကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် သတိပြန့်ပြောခြင်းသို့ ရောက်သော မလ္လမင်း၏သား အသျှင်ဒဗ္ဗအား သတိဝိနည်းကို ပေးရာ၏၊ ဤကား သိစေခြင်း တည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အခြေအမြစ် မရှိသော သီလပျက်စီးခြင်းဖြင့် စွပ်စွဲဖျက်ဆီးကုန်၏၊ သတိ ပြန့်ပြောခြင်းသို့ ရောက်သော မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် သံဃာအား သတိဝိနည်းကို တောင်း၏၊ သံဃာသည် သတိပြန့်ပြောခြင်းသို့ ရောက်သော မလ္လမင်း၏သား အသျှင်ဒဗ္ဗအား သတိဝိနည်းကို ပေး၏၊ သတိပြန့်ပြောခြင်းသို့ ရောက်သော မလ္လမင်း၏သား အသျှင်ဒဗ္ဗအား သတိဝိနည်းပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အခြေအမြစ် မရှိသော သီလပျက်စီးခြင်းဖြင့် စွပ်စွဲ ဖျက်ဆီးကုန်၏၊ သတိပြန့်ပြောခြင်းသို့ ရောက်သော မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် သံဃာအား သတိဝိနည်းကို တောင်း၏၊ သံဃာသည် သတိပြန့်ပြောခြင်းသို့ ရောက်သော မလ္လမင်း၏သား အသျှင်ဒဗ္ဗအား သတိဝိနည်းကို ပေး၏၊ သတိ ပြန့်ပြောခြင်းသို့ ရောက်သော မလ္လမင်း၏သား အသျှင်ဒဗ္ဗအား သတိဝိနည်းပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် သတိပြန့်ပြောခြင်းသို့ ရောက်သော မလ္လမင်း၏သား အသျှင်ဒဗ္ဗအား သတိဝိနည်းကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



၁၉၅။ ရဟန်းတို့ တရားနှင့် လျော်သော သတိဝိနည်းပေးခြင်းတို့သည် ဤငါးပါးတို့တည်း။
ရဟန်းသည် စင်ကြယ်၏၊ အာပတ် မသင့်။
ထို ရဟန်းကို ငွပ်လည်း စွပ်စွဲကုန်၏။
တောင်းလည်း တောင်း၏။
ထို ရဟန်းအား သံဃာသည် သတိဝိနည်းကို ပေး၏။
ဟုတ်မှန်သော သဘောဖြင့် ညီညွတ်သဖြင့် သတိဝိနည်းကို ပေး၏။
ရဟန်းတို့ တရားနှင့်လျော်သော သတိဝိနည်းပေးခြင်းတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

## ၃-အမူငွေဝိနည်း

၁၉၆။ ထိုအခါ ဂဂ္ဂရဟန်းသည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာ ပဟုတ်သည်တို့ကို များစွာလွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း)ပြော၏။ (ကိုယ်ဖြင့်လည်း)ပြုမူ၏။
ရဟန်းတို့သည် ဂဂ္ဂရဟန်းကို ရူးသွပ်၍ ဖောက်ပြန်သဖြင့် လွန်ကျူးကျင့်ကြံခြင်းကြောင့်—
"အသျှင်သည် ဤသို့သဘောရှိသော အာပတ်သို့ရောက်သည်ကို အောက်မေ့လော" ဟု အာပတ်ဖြင့် စောဒနာကုန်၏။
ထိုဂဂ္ဂရဟန်းသည်—
"ငါ့သျှင်တို့ အကျွန်ုပ်သည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာ မဟုတ်သည်တို့ကို များစွာလွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ အကျွန်ုပ်သည် ထိုလွန်ကျူးကျင့်ကြံခြင်းကို မအောက်မေ့နိုင်ပါ၊ အကျွန်ုပ်သည် တွေဝေသဖြင့် ထိုလွန်ကျူးကျင့်ကြံခြင်းကို ပြုမိပါသည်" ဟု ဆို၏။
ဤသို့ ပြောဆိုလတ်သော်လည်း ထိုဂဂ္ဂရဟန်းကို "အသျှင်သည် ဤသို့သဘောရှိသော အာပတ်သို့ရောက်သည်ကို အောက်မေ့လော" ဟု စောဒနာကုန်သည်သာတည်း။
အလိုနည်းသောရဟန်းတို့သည်—
"ရဟန်းတို့သည် ဂဂ္ဂရဟန်းကို ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် လွန်ကျူးကျင့်ကြံခြင်းကြောင့် 'အသျှင်သည် ဤသို့သဘောရှိသော အာပတ်သို့ရောက်သည်ကို အောက်မေ့လော' ဟု အဘယ့်ကြောင့် အာပတ်ဖြင့် စောဒနာကုန်ဘိသနည်း၊ ထိုဂဂ္ဂရဟန်းသည်—
ငါ့သျှင်တို့ အကျွန်ုပ်သည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ 'အကျွန်ုပ်သည် ထိုလွန်ကျူးကျင့်ကြံသည်ကို မအောက်မေ့နိုင်ပါ၊ အကျွန်ုပ်သည် တွေဝေသဖြင့် ထိုလွန်ကျူးကျင့်ကြံခြင်းကို ပြုမိပါသည်' ဟု ဆို၏။
ဤသို့ ပြောဆိုအပ်သော်လည်း ထိုဂဂ္ဂရဟန်းကို—
'အသျှင်သည် ဤသို့သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော' ဟု စောဒနာကုန်သည်သာတည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မှန်သလော ။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု လျှောက်ကြကုန်၏ ။ပ။ ကဲ့ရဲ့တော်မူ၏ ။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် အလွန်တွေ့ဝေသော ဂဂ္ဂရဟန်းအားအလွန်တွေ့ဝေသော ဝိနည်းကို ပေးလော့၊ ရဟန်းတို့ ဤသို့ပေးရမည်၊ ရဟန်းတို့ ထိုဂဂ္ဂရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲဘက်ပခုံးထက်၌ ကောသီကို စမွယ်တင်၍ မထေရ်ကြီးရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီပြီးလျှင်—

“အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမှုအရာမဟုတ်သည်ဘို့ကို များစွာလွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ အကျွန်ုပ်ကို ရဟန်းတို့သည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် လွန်ကျူး၍ ကျင့်ကြံခြင်းကြောင့် ‘အသျှင်သည် ဤသို့သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့’ ဟု အာပတ်ဖြင့် စောဒနာကုန်၏၊ ထိုရဟန်းတို့ကို အကျွန်ုပ်သည်— ‘ငါ့သျှင်တို့ အကျွန်ုပ်သည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမှုအရာမဟုတ်သည်ဘို့ကို များစွာလွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ အကျွန်ုပ်သည် လွန်ကျူးကျင့်ကြံသည်ကို မအောက်မေ့နိုင်ပါ၊ အကျွန်ုပ်သည် တွေ့ဝေသဖြင့် ထိုလွန်ကျူးခြင်းကို ပြုမိပါသည်’ ဟု ဆို၏၊ ဤသို့ ပြောဆိုအပ်သော်လည်း၊ အကျွန်ုပ်ကို စောဒက ရဟန်းတို့သည် ‘အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ရောက်သည်ကို အောက်မေ့လော့’ ဟု စောဒနာကုန်သည်သာတည်း။ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် အလွန်တွေ့ဝေသည်ဖြစ်၍ သံဃာအား အလွန်တွေ့ဝေသော ဝိနည်းကို တောင်းပါ၏” ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်၊ သုံးကြိမ်မြောက်လည်း တောင်းရမည်။

“အသျှင်ဘုရားတို့ အကျွန်ုပ်သည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ အကျွန်ုပ်ကို ရဟန်းတို့သည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် လွန်ကျူးကျင့်ကြံခြင်းကြောင့် ‘အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့’ ဟု အာပတ်ဖြင့် စောဒနာကုန်၏။

ထို ရဟန်းတို့ကို အကျွန်ုပ်သည် ‘ငါ့သျှင်တို့ အကျွန်ုပ်သည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ထိုရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ အကျွန်ုပ်သည် ထိုလွန်ကျူး၍ ကျင့်ကြံသည်ကို မအောက်မေ့နိုင်ပါ၊ အကျွန်ုပ်သည် တွေ့ဝေသဖြင့် ထိုလွန်ကျူးကျင့်ကြံခြင်းကို ပြုမိပါ၏’ ဟု ဆို၏။

ဤသို့ ဆိုသော်လည်း အကျွန်ုပ်ကို စောဒကရဟန်းတို့သည် ‘အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ရောက်သည်ကို အောက်မေ့လော့’ ဟု စောဒနာကုန်သည်သာတည်း။

အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် အလွန်တွေ့ဝေသည် ဖြစ်၍ သုံးကြိမ်မြောက်လည်း သံဃာကို အလွန်တွေ့ဝေသော ဝိနည်းကို တောင်းပါ၏” ဟု လျှောက်ရမည်။

ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

http://www.dhammadownload.com



၁၉၇။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဂဂ္ဂရဟန်းသည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ ရဟန်းတို့သည် ဂဂ္ဂရဟန်းကို ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် လွန်ကျူးကျင့်ကြံခြင်းကြောင့် 'အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့' ဟု အာပတ်ဖြင့် စောဒနာကုန်၏၊ ထိုဂဂ္ဂရဟန်းသည် 'ငါ့သျှင်တို့ အကျွန်ုပ်သည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း ) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ အကျွန်ုပ်သည် ထိုလွန်ကျူးကျင့်ကြံသည်ကို မအောက်မေ့နိုင်ပါ၊ 'သတိမရပါ'၊ အကျွန်ုပ်သည် တွေဝေသဖြင့် ထိုလွန်ကျူးကျင့်ကြံခြင်းကို ပြုမိပါ၏' ဟု ဆို၏။

ဤသို့ ဆိုအပ်သော်လည်း ဂဂ္ဂရဟန်းကို စောဒကရဟန်းတို့သည် 'အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့' ဟု စောဒနာကုန်သည်သာတည်း။

ထိုဂဂ္ဂရဟန်းသည် အလွန်တွေဝေသည် ဖြစ်၍ သံဃာကို အလွန်တွေဝေသော ဝိနည်းကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် အလွန်တွေဝေသော ဂဂ္ဂရဟန်းအား အလွန်တွေဝေသော ဝိနည်းကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဂဂ္ဂရဟန်းသည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ ရဟန်းတို့သည် ဂဂ္ဂရဟန်းကို ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် လွန်ကျူးကျင့်ကြံခြင်းကြောင့် 'အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့' ဟု အာပတ်ဖြင့် စောဒနာကုန်သည်သာတည်း၊ ထိုဂဂ္ဂရဟန်းသည် 'ငါ့သျှင်တို့ အကျွန်ုပ်သည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ အကျွန်ုပ်သည် ထိုလွန်ကျူး ကျင့်ကြံသည် ကို မအောက်မေ့နိုင်ပါ၊ 'သတိမရပါ'၊ အကျွန်ုပ်သည် တွေဝေသဖြင့် ထိုလွန်ကျူးကျင့်ကြံခြင်းကို ပြုမိပါသည်' ဟု ဆို၏၊ ဤသို့ ဆိုအပ်သော်လည်း ဂဂ္ဂရဟန်းကို စောဒကရဟန်းတို့သည် 'အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့' ဟု စောဒနာကုန်သည်သာတည်း၊ ထိုဂဂ္ဂရဟန်းသည် အလွန်တွေဝေသည် ဖြစ်၍ သံဃာကို အလွန်တွေဝေသော ဝိနည်းကို တောင်း၏၊ သံဃာသည် အလွန်တွေဝေသော ဂဂ္ဂရဟန်းအား အလွန်တွေဝေသော ဝိနည်းကို ပေးရာ၏၊ အလွန်တွေဝေသော ဂဂ္ဂရဟန်းအား အလွန်တွေဝေသော ဝိနည်းပေးခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် အလွန်တွေဝေသောဂဂ္ဂရဟန်းအား အလွန်တွေဝေသော ဝိနည်းကိုပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ် ကို သိမှတ်ရပါသည် ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၁၉၇။ ရဟန်းတို့တရားနှင့် မလျော်သော အလွန်တွေဝေသော 'အမူဠ္ဟ'ဝိနည်းပေးခြင်းတို့သည် ဤသုံးပါးတို့တည်း။

တရားနှင့် လျော်သော အလွန်တွေဝေသော 'အမူဠ္ဟ' ဝိနည်းပေးခြင်းတို့သည် ဤသုံးပါးတို့တည်း။

တရားနှင့် မလျော်သော အလွန်တွေဝေသော 'အမူဠ္ဟ' ဝိနည်းပေးခြင်း သုံးပါးတို့သည် အဘယ်တို့နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အာပတ်သင့်သော ရဟန်းကို သံဃာက ဖြစ်စေ ပုဂ္ဂိုလ်အများတို့က ဖြစ်စေ ပုဂ္ဂိုလ်တယောက်ကဖြစ်စေ "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လေ၏" ဟု စောဒနာ၏။

ထိုရဟန်းသည် အောက်မေ့လျက်သာလျှင် "ငါ့သျှင်တို့ အကျွန်ုပ်သည် ဤသို့သဘောရှိသော အာပတ်သို့ ရောက်သည်ကို မအောက်မေ့မိပါ"ဟု ပြောဆို၏၊ ထိုရဟန်းအား သံဃာသည် အလွန်တွေဝေသော 'အမူဠ္ဟ' ဝိနည်းကို ပေး၏၊ တရားနှင့် မလျော်သော အလွန်တွေဝေသော 'အမူဠ္ဟ' ဝိနည်းကို ပေးခြင်း ဖြစ်၏။

ရဟန်းတို့ ဤသာသနာတော်၌ အာပတ်သင့်သော ရဟန်းကို သံဃာကဖြစ်စေ ပုဂ္ဂိုလ်အများတို့က ဖြစ်စေ ပုဂ္ဂိုလ်တယောက်ကဖြစ်စေ "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လေ၏" ဟု စောဒနာ၏။

ထိုရဟန်းသည် အောက်မေ့လျက်သာလျှင် "ငါ့သျှင်တို့ အကျွန်ုပ်သည် အိပ်မက်၌ကဲ့သို့ အောက်မေ့၏" ဟု ပြောဆို၏။ ထိုရဟန်းအား သံဃာသည် အလွန်တွေဝေသော 'အမူဠ္ဟ' ဝိနည်းကို ပေး၏၊ တရားနှင့် မလျော်သော အလွန်တွေဝေသော 'အမူဠ္ဟ'ဝိနည်းကို ပေးခြင်း ဖြစ်၏။

ရဟန်းတို့ ဤသာသနာတော်၌ အာပတ်သင့်သော ရဟန်းကို သံဃာကဖြစ်စေ ပုဂ္ဂိုလ်အများတို့ကဖြစ်စေ ပုဂ္ဂိုလ်တယောက်ကဖြစ်စေ "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လေ၏" ဟု စောဒနာ၏။

ထိုရဟန်းသည် "ငါသည်လည်း ဤသို့ပြု၏၊ သင်တို့သည်လည်း ဤသို့ ပြုကုန်လော့၊ ငါ့အားလည်း ဤအမှုသည် အပ်၏၊ သင်တို့အားလည်း ဤအမှုသည် အပ်၏" ဟု မရူးပဲ ရူးကျွန်ယောင်ပြု၏။

ထိုရဟန်းအား သံဃာသည် အလွန်တွေဝေသော 'အမူဠ္ဟ'ဝိနည်းကို ပေး၏၊ တရားနှင့် မလျော်သော 'အမူဠ္ဟ' ဝိနည်းကို ပေးခြင်း ဖြစ်၏။

ဤသုံးပါးတို့ကား တရားနှင့် မလျော်သော အလွန်တွေဝေသော 'အမူဠ္ဟ' ဝိနည်းပေးခြင်းတို့တည်း။

http://www.dhammadownload.com



၁၉၉။ တရားနှင့်လျော်သော အလွန်တွေဝေသော 'အမူဠ္ဟ'ဝိနည်းပေးခြင်း သုံးပါးတို့သည် အဘယ်တို့နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏။

ထိုရဟန်းကို သံဃာကဖြစ်စေ ပုဂ္ဂိုလ်အများတို့ကဖြစ်စေ ပုဂ္ဂိုလ်တယောက်ကဖြစ်စေ "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့" ဟု စောဒနာ၏။

ထိုရဟန်းသည် မအောက်မေ့ပဲသာလျှင် "ငါ့သျှင်တို့ အကျွန်ုပ်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို မအောက်မေ့မိပါ" ဟု ပြောဆို၏၊ ထိုရဟန်းအား သံဃာသည် အလွန်တွေဝေသော 'အမူဠ္ဟ'ဝိနည်းကို ပေး၏၊ တရားနှင့် လျော်သော အလွန်တွေဝေသော 'အမူဠ္ဟ'ဝိနည်းကို ပေးခြင်းဖြစ်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း)ပြော၏၊ (ကိုယ်ဖြင့်လည်း)ပြုမူ၏။

ထိုရဟန်းကို သံဃာကဖြစ်စေ ပုဂ္ဂိုလ်အများတို့ကဖြစ်စေ ပုဂ္ဂိုလ်တယောက်ကဖြစ်စေ "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့" ဟု စောဒနာ၏။

ထိုရဟန်းသည် မအောက်မေ့ပဲသာလျှင် "ငါ့သျှင်တို့ အိပ်မက်၌ကဲ့သို့ အောက်မေ့၏" ဟု ပြောဆို၏။

ထိုရဟန်းအား သံဃာသည် အလွန်တွေဝေသော 'အမူဠ္ဟ'ဝိနည်းကို ပေး၏၊ တရားနှင့်လျော်သော အလွန်တွေဝေသော 'အမူဠ္ဟ'ဝိနည်းကို ပေးခြင်း ဖြစ်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏။

ထိုရဟန်းကို သံဃာကဖြစ်စေ ပုဂ္ဂိုလ်အများတို့ကဖြစ်စေ ပုဂ္ဂိုလ်တယောက်ကဖြစ်စေ "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို 'အောက်မေ့လော့" ဟု စောဒနာ၏။

ထိုရဟန်းသည် "ငါသည်လည်း ဤသို့ ပြု၏၊ သင်တို့သည်လည်း ဤသို့ ပြုလုပ်ကုန်လော့၊ ငါ့အားလည်း ဤအမှုသည် အပ်၏၊ သင်တို့အားလည်း ဤအမှုသည် အပ်၏" ဟု ရူးလျက် ရူးကျွန် ယောင်ပြု၏။

http://www.dhammadownload.com



ထိုရဟန်းအား သံဃာသည် အလွန်တွေဝေသော 'အမူဠ'ဝိနည်းကို ပေး၏၊ တရားနှင့်လျော်သော အလွန်တွေဝေသော 'အမူဠ' ဝိနည်းကို ပေးခြင်း ဖြစ်၏။

ဤသုံးပါးတို့သည်ကား တရားနှင့်လျော်သော အလွန်တွေဝေသော 'အမူဠ'ဝိနည်းကို ပေးခြင်းတို့တည်း ဟု (မိန့်တော်မူ၏)။

## ၄-ပဋိညာတကရဏ

၂၀၀။ ထိုအခါ၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ရဟန်းတို့အား ဝန်မခံပဲ ကံတို့ကို ပြုကြကုန်၏၊ ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံ အမြဲမှီနေမှု 'နိယဿ'ကံ နှင်ထုတ်မှု 'ပဗ္ဗာဇနီယ'ကံ အောက်မေ့စေမှု 'ပဋိသာရဏီယ'ကံ(အာပတ်ကို မရှုခြင်းကြောင့်) နှင်ထုတ်မှု 'ဥက္ခေပနီယ'ကံတို့ကို ပြုကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းတို့အား ဝန်မခံပဲ အဘယ့်ကြောင့် ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံ အမြဲမှီနေမှု 'နိယဿ'ကံ နှင်ထုတ်မှု 'ပဗ္ဗာဇနီယ'ကံ အောက်မေ့စေမှု 'ပဋိသာရဏီယ'ကံ (အာပတ်ကို မရှုခြင်းကြောင့်) နှင်ထုတ်မှု 'ဥက္ခေပနီယ'ကံ တို့ကို ပြုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြော ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်း ကို လျှောက်ကြကုန်၏။

ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု လျှောက်ကြကုန်၏။ပ။ ကဲ့ရဲ့တော်မူ၍။ပ။တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

ရဟန်းတို့ ရဟန်းတို့အား ဝန်မခံပဲ ခြိမ်းချောက်မှု 'တဇ္ဇနီယ'ကံ အမြဲမှီနေမှု 'နိယဿ'ကံ နှင်ထုတ်မှု 'ပဗ္ဗာဇနီယ'ကံ အောက်မေ့စေမှု 'ပဋိသာရဏီယ'ကံ (အာပတ်ကို မရှုခြင်းကြောင့်) နှင်ထုတ်မှု 'ဥက္ခေပနီယ'ကံတို့ကို မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ် **အာပတ်သင့်၏** ဟု မိန့်တော်မူ၏။

**၂၀၁။ ရဟန်းတို့ ဝန်ခံတိုင်း ပြုခြင်းသည် ဤသို့ တရားနှင့် မလျော် ဤသို့ တရားနှင့် လျော်၏။ ရဟန်းတို့ ဝန်ခံတိုင်း ပြုခြင်းသည် အဘယ်သို့ တရားနှင့် မလျော်သနည်း။**

ရဟန်းသည် ပါရာဇိကသို့ ရောက်၏၊ ထိုရဟန်းကို သံဃာက ဖြစ်စေ ပုဂ္ဂိုလ်အများတို့ကဖြစ်စေ ပုဂ္ဂိုလ်တယောက်က ဖြစ်စေ "အသျှင်သည် ပါရာဇိကသို့ ရောက်၏" ဟု စောဒနာ၏၊ ထိုရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ပါရာဇိကသို့မရောက်၊ သံဃာဒိသိသ်သို့ ရောက်၏" ဟု ဆို၏၊ ထိုရဟန်းကို သံဃာသည် သံဃာဒိသိသ်ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့် မလျော်သော ဝန်ခံတိုင်း ပြုခြင်းဖြစ်၏။

ရဟန်းသည် ပါရာဇိကသို့ရောက်၏၊ ထိုရဟန်းကို သံဃာက ဖြစ်စေ ပုဂ္ဂိုလ်အများတို့က ဖြစ်စေ ပုဂ္ဂိုလ်တယောက်က ဖြစ်စေ "အသျှင်သည် ပါရာဇိကသို့ ရောက်၏" ဟု စောဒနာ၏၊ ထိုရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ပါရာဇိကသို့ မရောက် ထုလ္လစ္စဉ်းသို့။ပ။ ပါစိတ်သို့။ပ။ပါဋိဒေသနီသို့။ပ။ ဒုက္ကဋ်သို့။ပ။ ဒုဗ္ဘာသီသို့ ရောက်၏" ဟု ပြောဆို၏။ ထိုရဟန်းကို သံဃာသည် ဒုဗ္ဘာသီဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့် မလျော်သော ဝန်ခံတိုင်း ပြုခြင်းဖြစ်၏။

ရဟန်းသည် သံဃာဒိသိသ်သို့။ပ။ ထုလ္လစ္စဉ်းသို့။ပ။ ပါစိတ်သို့။ပ။ ပါဋိဒေသနီသို့။ပ။ ဒုက္ကဋ်သို့။ပ။ ဒုဗ္ဘာသီသို့ ရောက်၏၊ ထိုရဟန်းကို သံဃာက ဖြစ်စေ ပုဂ္ဂိုလ်အများတို့က ဖြစ်စေ ပုဂ္ဂိုလ်တယောက်က ဖြစ်စေ "အသျှင်သည် ဒုဗ္ဘာသီသို့ ရောက်၏" ဟု စောဒနာ၏။

http://www.dhammadownload.com



ထိုရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ဒုဗ္ဗာသိသို့ မရောက်၊ ပါရာဇိကသို့ ရောက်၏" ဟု ပြောဆို၏၊ ထိုရဟန်းကို သံဃာသည် ပါရာဇိကဖြင့် ဆုံးဖြတ်အံ့၊တရားနှင့် မလျော်သော ဝန်ခံတိုင်းပြုခြင်းဖြစ်၏။

ရဟန်းသည် ဒုဗ္ဗာသိအာပတ်သို့ ရောက်၏၊ ထိုရဟန်းကို သံဃာကဖြစ်စေ ပုဂ္ဂိုလ်အများတို့ကဖြစ်စေ ပုဂ္ဂိုလ်တယောက်ကဖြစ်စေ "အသျှင်သည် ဒုဗ္ဗာသိသို့ ရောက်၏" ဟု စောဒနာ၏၊ထိုရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ဒုဗ္ဗာသိသို့မရောက်၊ သံဃာဒိသိသ်သို့။ပ။ ထုလ္လစ္စည်းသို့။ပ။ ပါစိတ်သို့ ။ပ။ ပါဋိဒေသနီသို့ ။ပ။ ဒုက္ကဋ်သို့ ရောက်၏" ဟု ပြောဆို၏။

ထိုရဟန်းကို သံဃာသည် ဒုက္ကဋ်အာပတ်ဖြင့် ဆုံးဖြတ်အံ့၊တရားနှင့်မလျော်သော ဝန်ခံတိုင်းပြုခြင်း ဖြစ်၏။

ရဟန်းတို့ ဤသို့လျှင် တရားနှင့်မလျော်သော ဝန်ခံတိုင်းပြုခြင်းသည် ဖြစ်၏။

ရဟန်းတို့ ဝန်ခံတိုင်းပြုခြင်းသည် အဘယ်သို့ တရားနှင့်လျော်သနည်း၊ ရဟန်းသည် ပါရာဇိကသို့ ရောက်၏၊ ထိုရဟန်းကို သံဃာကဖြစ်စေ ပုဂ္ဂိုလ်အများတို့ကဖြစ်စေ ပုဂ္ဂိုလ်တယောက်ကဖြစ်စေ "အသျှင်သည် ပါရာဇိကသို့ရောက်၏" ဟု စောဒနာ၏၊ ထိုရဟန်းသည် "ငါ့သျှင်တို့ မှန်၏၊ပါရာဇိကသို့ရောက်၏" ဟု ပြောဆို၏။

ထိုရဟန်းကို သံဃာသည် ပါရာဇိကဖြင့် ဆုံးဖြတ်အံ့၊တရားနှင့်လျော်သော ဝန်ခံတိုင်းပြုခြင်း ဖြစ်၏။

ရဟန်းသည် သံဃာဒိသိသ်သို့။ပ။ ထုလ္လစ္စည်းသို့။ပ။ ပါစိတ်သို့။ပ။ ပါဋိဒေသနီသို့။ပ။ ဒုက္ကဋ်သို့။ပ။ ဒုဗ္ဗာသိသို့ ရောက်၏၊ ထိုရဟန်းကို သံဃာကဖြစ်စေ ပုဂ္ဂိုလ်အများတို့ကဖြစ်စေ ပုဂ္ဂိုလ်တယောက်ကဖြစ်စေ "အသျှင်သည် ဒုဗ္ဗာသိသို့ ရောက်၏" ဟု စောဒနာ၏၊ ထိုရဟန်းသည် "ငါ့သျှင်တို့ မှန်၏၊ ဒုဗ္ဗာသိသို့ ရောက်၏" ဟု ပြောဆို၏။

ထိုရဟန်းကို သံဃာသည် ဒုဗ္ဗာသိဖြင့် ဆုံးဖြတ်အံ့၊တရားနှင့်လျော်သော ဝန်ခံတိုင်းပြုခြင်း ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် တရားနှင့်လျော်သော ဝန်ခံတိုင်းပြုခြင်းသည် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

## ၅-ယေဘုယျသိကာ

၂၀၂။ ထိုအခါ ရဟန်းတို့သည် သံဃာ့အလယ်၌ မျက်နှာချင်းဆိုင်ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြားစကားများခြင်းသို့ ရောက်သည့်ပြင် နှုတ်လှံထိုး၍ လည်း နေကုန်၏၊ ထိုအဓိကရုဏ်းကို မငြိမ်းစေနိုင်ကြကုန်။ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဤသို့သဘောရှိသော အဓိကရုဏ်းကို မေ့ဝါဒီများရာလိုက်၍ ပြုသော 'ယေဘုယျသိက' ဝိနည်းကံဖြင့် ငြိမ်းစေရန် ခွင့်ပြုတော်မူ၏။

ဆန္ဒာဂတိသို့ မလိုက်။

ဒေါသာဂတိသို့ မလိုက်။

မောဟာဂတိသို့ မလိုက်။

ဘယာဂတိသို့ မလိုက်။

http://www.dhammadownload.com



စာရေးတံမဲယူပြီး မယူသေးကိုလည်း သိတတ်၏၊ ဤအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းကို စာရေးတံမဲပေး ရဟန်းဟု သမုတ်ရမည်။

ရဟန်းဘို့ ဤသို့သမုတ်ရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီး နောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၂၀၃။ ''အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာ အား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည် သော ရဟန်းကို စာရေးတံမဲ ပေး ရဟန်းဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းကို စာရေးတံမဲပေး ရဟန်းဟု သမုတ်၏၊ ဤမည်သော ရဟန်းကို စာရေးတံ မဲပေး ရဟန်းဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏ ထိုအသျှင်သည် ဆိတ်ဆိတ် နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို စာရေးတံမဲပေး ရဟန်းဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၂၀၄။ ရဟန်းတို့ တရားနှင့်မလျော်သော စာရေးတံမဲ ယူခြင်းတို့သည် ဆယ်မျိုးတို့တည်း၊ တရားနှင့်လျော်သော စာရေတံမဲယူခြင်းတို့သည် ဆယ်မျိုးတို့တည်း။ တရားနှင့်မလျော်သော စာ ရေးတံမဲယူခြင်း ဆယ်မျိုးတို့သည် အဘယ်ဘို့နည်း။ အဓိကရုဏ်းသည် သေးငယ်လည်း သေး ငယ်၏ ငြင်းခုံကာမျှလည်း ဖြစ်၏၊ နှစ်ကြိမ်သုံးကြိမ် ဆုံးဖြတ်ပြီးလည်း မဟုတ်၊ နှစ်ကြိမ်သုံးကြိမ် အမှုသည် ရဟန်းတို့ကို အောက်မေ့စေအပ် တပါးသော ရဟန်းတို့ကို အောက်မေ့စေအပ်သည်လည်း မဟုတ်၊ ''အဓမ္မဝါဒီ 'မဘာရားပြောသူ' တို့အလွန်များကုန်၏''ဟု သိ၏၊ အဓမ္မဝါဒီတို့ အလွန်များတန် ကုန်ရာ၏ ဟု သိ၏၊ ''သံဃာကွဲလိမ့်မည်'' ဟု သိ၏၊ သံဃာကွဲတန်ရာ၏ ဟု သိ၏၊ မတရားသဖြင့် စာရေးတံမဲကို ယူကုန်၏၊ တကွဲတပြားစီ မဲကို ယူကုန်၏၊ (မိမိတို့) အယူအဆအတိုင်း မဲကို မယူ ကုန်။ ဤသည်တို့ကား တရားနှင့် မလျော်သော စာရေးတံမဲ ယူခြင်း ဆယ်မျိုးတို့တည်း။

တရားနှင့်လျော်သော စာရေးတံမဲ ယူခြင်း ဆယ်မျိုးတို့သည် အဘယ်တို့နည်း။ အဓိ ကရုဏ်းသည် သေးလည်း မသေးငယ်၊ နှစ်ကြိမ်သုံးကြိမ်ဆုံးဖြတ်ပြီးလည်း ဖြစ်၏၊ နှစ်ကြိမ်သုံးကြိမ် အမှုသည် ရဟန်းတို့ကို အောက်မေ့စေအပ်၏။ တပါးသော ရဟန်းတို့ကိုလည်း အောက်မေ့စေ အပ်၏၊ ''ဓမ္မဝါဒီ 'တရားအတိုင်းပြောသူ' တို့ အလွန်များကုန်၏'' ဟု သိ၏၊ ဓမ္မဝါဒီ အလွန်များတန် ကုန်ရာ၏ ဟု သိ၏၊ ''သံဃာမကွဲမည်ကို'' သိ၏၊ သံဃာမကွဲတန်ရာ ဟု သိ၏၊ တရားသဖြင့် စာရေးတံ မဲကိုယူကုန်၏၊ ညီညွတ်စွာ (စာရေးတံမဲကို) ယူကုန်၏၊ (မိမိတို့) အယူအဆအတိုင်း စာရေးတံမဲကို ယူကုန်၏။ ဤသည်တို့ကား တရားနှင့်လျော်သော စာရေးတံမဲယူခြင်း ဆယ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၆-တဿပါပိယသိကာ

၂၀၅။ ထိုအခါ ဥပဝါဠရဟန်းသည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်းစစ်ဆေးအပ်သည်ရှိသော် ပယ်ပြီးနောက် ဝန်ခံ၏၊ဝန်ခံပြီးနောက် ပယ်၏၊အဖျင်းဖျင်းပြောဆို၏၊ အကြောင်းတခုဖြင့် အကြောင်းတခုကို ဖုံးကွယ်၏၊ သိလျက်မဟုတ်မမှန်သည်ကို ပြောဆို၏။

အလိုနည်းသော ရဟန်းတို့သည်"ဥပဝါဠရဟန်းသည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်းစစ်ဆေးအပ်သည်ရှိသော် အဘယ့်ကြောင့် ပယ်ပြီးနောက် ဝန်ခံဘိသနည်း၊ ဝန်ခံပြီးနောက် ပယ်ဘိသနည်း၊အဖျင်းဖျင်း ပြောဆိုဘိသနည်း၊ အကြောင်းတခုဖြင့် အကြောင်းတခုကို ဖုံးကွယ်ဘိသနည်း၊ သိလျက် မဟုတ်မမှန်သည်ကို ပြောဆိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဥပဝါဠ ရဟန်းအား တဿပါပိယသိကကံ 'အထူးယုတ်မာသော ထိုပုဂ္ဂိုလ်အား ပြုထိုက်သော အမှု'ကို ပြုလော့။

ရဟန်းတို့ ဤသို့ ပြုရမည်။

ရှေးဦးစွာ ဥပဝါဠ ရဟန်းကို စောဒနာရမည်၊ စောဒနာပြီးနောက် အောက်မေ့စေရမည်၊ အောက်မေ့စေပြီးနောက် အာပတ်သို့ တင်ရမည်၊ အာပတ်သို့ တင်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၂၀၆။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ ဥပဝါဠ ရဟန်းသည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်းစစ်ဆေးအပ်သည် ရှိသော် ပယ်ပြီးနောက် ဝန်ခံ၏၊ ဝန်ခံပြီးနောက် ပယ်၏၊ အဖျင်းဖျင်း ပြောဆို၏၊ အကြောင်းတခုဖြင့် အကြောင်းတခုကို ဖုံးကွယ်၏၊ သိလျက် မဟုတ်မမှန်သည်ကို ပြောဆို၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဥပဝါဠ ရဟန်းအား တဿပါပိယသိကကံ 'အထူးယုတ်မာသော ထိုပုဂ္ဂိုလ်အား ပြုအပ်သော အမှု' ကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဥပဝါဠ ရဟန်းသည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်း စစ်ဆေးအပ်သည်ရှိသော် ပယ်ပြီးနောက် ဝန်ခံ၏၊ ဝန်ခံပြီးနောက် ပယ်၏၊ အဖျင်းဖျင်း ပြောဆို၏ 'အကြောင်းတခုဖြင့် အကြောင်းတခုကို ဖုံးကွယ်၏'၊ သိလျက် မဟုတ်မမှန်သည်ကို ပြောဆို၏၊ သံဃာသည် ဥပဝါဠရဟန်းအား တဿပါပိယသိကကံ 'အထူးယုတ်မာသော ထိုပုဂ္ဂိုလ်အား ပြုအပ်သော အမှု'ကို ပြု၏။

ဥပဝါဠ ရဟန်းအား တဿပါပိယသိကကံ 'အထူးယုတ်မာသော ထိုပုဂ္ဂိုလ်အား ပြုအပ်သော အမှု' ပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဥပဝါဠ ရဟန်းအား တဿပါပိယသိကကံ 'အထူးယုတ်မာသော ထိုပုဂ္ဂိုလ်အား ပြုအပ်သော အမှု'ကို ပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၂၀၇။ ရဟန်းတို့ တရားနှင့်လျော်သော တဿပါပိယသိကကံ ပြုခြင်းတို့သည် ဤငါးပါးတို့တည်း။ မစင်ကြယ်သော အကျင့်ရှိ၏၊ မရှက်တတ်၊ စွပ်စွဲခြင်း ခံရ၏၊ ထိုရဟန်းအား သံဃာသည် တဿပါပိယသိကကံကိုပြု၏၊ တရားအတိုင်းညီညွတ်သဖြင့် တဿပါပိယသိကကံကိုပြု၏။ ရဟန်းတို့ တရားနှင့်လျော်သော တဿပါပိယသိကကံပြုခြင်းတို့သည် ဤငါးပါးတို့တည်း။

## အဓမ္မကံ တဆယ့်နှစ်မျိုး

၂၀၈။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တဿပါပိယသိကကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမမြန်းပဲ ပြုလုပ်ခြင်း၊ ဝန်မခံပဲ ပြုလုပ်ခြင်း။ပ။ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော တဿပါပိယသိကကံသည် မတရားသောကံ ဝိနည်းနှင့် မညီညွတ်သောကံ မကောင်းသဖြင့် ပြေငြိမ်းသောကံ ဖြစ်၏။

## ဓမ္မကံ တဆယ့်နှစ်မျိုး

၂၀၉။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တဿပါပိယသိကကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။

မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံ၍ ပြုလုပ်ခြင်း။ပ။ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော တဿပါပိယသိကကံသည် တရားသောကံ ဝိနည်းနှင့် ညီညွတ်သောကံ ကောင်းစွာ ပြေငြိမ်းသောကံ ဖြစ်၏။

## ပြုလိုကပြုရသော ကံခြောက်မျိုး

၂၁၀။ ရဟန်းတို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် တဿပါပိယသိကကံကို ပြုလိုက ပြုရာ၏။

မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများ၍ သံဃာ၌ အဓိကရဏ်းကိုလည်း ပြုလုပ်တတ်၏၊ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိ၊ မလျော်မလျောက်ပတ်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နေ၏။

ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် တဿပါပိယသိကကံကို ပြုလိုက ပြုရာ၏။ (၁)

http://www.dhammadownload.com



ရဟန်းတို့ အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအားလည်း သံဃာသည် တဿပါပိယသိကကံကို ပြုလိုက ပြုရာ၏၊ လွန်မြတ်သော သီလအရာ၌ သီလ ပျက်စီး၏၊ လွန်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ လွန်မြတ်သော အယူဝါဒအရာ၌ အယူဝါဒ ပျက်စီး၏။ ရဟန်းတို့ ဤအင်္ဂါ သုံးပါးနှင့်။ပ။ (၂)

ရဟန်းတို့ အခြား။ပ။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ရဟန်းတို့ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းအား သံဃာသည် တဿပါပိယသိကကံကို ပြုလိုက ပြုရာ၏။ (၃)

ရဟန်းတို့ ရဟန်းသုံးမျိုးတို့အား သံဃာသည် တဿပါပိယသိကကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် မျက်ကွယ်။ပ။ သံဃာ၌ အဓိကရုဏ်းကိုလည်း ပြုလုပ်တတ်၏၊ ရဟန်းတမျိုးသည် မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြားမရှိသူ ဖြစ်၏၊ ရဟန်းတမျိုးသည် မလျော် မလျောက်ပတ်သော လူ့သူ့ဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောယှက်နေ၏။ ရဟန်းတို့ ဤရဟန်း သုံးမျိုးတို့အား သံဃာသည် တဿပါပိယသိကကံကို ပြုလိုက ပြုရာ၏။ (၄)

ရဟန်းတို့ အခြား။ပ။ ရဟန်းသုံးမျိုးတို့အားလည်း သံဃာသည် တဿပါပိယသိကကံကို ပြုလိုက ပြုရာ၏။ ရဟန်းတမျိုးသည် လွန်မြတ်သော သီလအရာ၌ သီလပျက်စီး၏၊ ရဟန်းတမျိုးသည် လွန်မြတ်သော အကျင့်အရာ၌ အကျင့်ပျက်စီး၏၊ ရဟန်းတမျိုးသည် လွန်မြတ်သော အယူဝါဒအရာ၌ အယူဝါဒ ပျက်စီး၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးအား။ပ။ (၅)

ရဟန်းတို့ အခြား။ပ။ ရဟန်းတမျိုးသည် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတမျိုးသည် သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏။ ရဟန်းတို့ ဤရဟန်းသုံးမျိုးတို့အား သံဃာသည် တဿပါပိယသိကကံကို ပြုလိုက ပြုရာ၏။ (၆)

## တဆယ့်ရှစ်ပါးသော ကျင့်ဝတ်

၂၁၁။ ရဟန်းတို့ တဿပါပိယသိကကံ အပြုခံရသော ရဟန်းသည် ကောင်းစွာ ကျင့်ရမည်။ ဤဆိုလတ္တံ့သည်ကား ထိုသို့ ကျင့်ရာ၌ ကောင်းစွာ ပြုကျင့်ရသော ကျင့်ဝတ်တည်း၊ (ဥပဇ္ဈာယ် ဆရာပြုလုပ်၍) ပဉ္စင်းခံ မပေးရ၊ နိဿရည်း မပေးရ၊ သာမဏေကို မလုပ်ကျွေး မပြုစုစေရ၊ ရဟန်းမိန်းမတို့အား ဆုံ မရန် သမုတ်ခြင်းကို မသာယာရ၊ သမုတ်ခံရသော်လည်း မဆုံးမရ။ပ။ ရဟန်းတို့နှင့် မရောယှက်ရ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ကောင်းစွာ ကျင့်ရသော ကျင့်ဝတ်တည်း၊ ထိုအခါ ဥပဝါဠ ရဟန်းအား တဿပါပိယသိကကံကို ပြုလေ၏။

## ၇-တိတ္ထိယဝတ္တာရက

၂၁၂။ ထိုအခါ၌ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြားခြင်းသို့ ရောက်၍ နေကြသော ရဟန်းတို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း) ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း) အားထုတ် ပြုမူကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့အား "မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများခြင်းသို့ ရောက်၍ နေကြသော ငါတို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း)ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း)ပြုမူကုန်၏။

ငါတို့သည် ဤအာပတ်တို့ကို အချင်းချင်း ကုစားစေကုန်ငြားအံ့၊ ထိုအဓိကရဏ်းသည် ကြမ်းတမ်း ရုန့်ရင်း သံဃာကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ ငါတို့သည် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု အကြံ ဖြစ်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဤသာသနာတော်၌ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြားစကားများခြင်းသို့ ရောက်၍ နေကြသော ရဟန်းတို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာလွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း)ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း)ပြုမူကုန်၏။

ထို ပို့ဖြစ်ရာ၌ ရဟန်းတို့အား "မျက်ကွယ်မျက်မှောက်ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ရောက်၍ နေကြသော ငါတို့သည် ရဟန်းတို့၏ အမှုအရာမဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း)ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း)ပြုမူကုန်၏၊ ငါတို့သည် ဤအာပတ်တို့ကို အချင်းချင်းကုစားစေကုန်ငြားအံ့၊ထိုအဓိကရဏ်းသည် ကြမ်းတမ်းရုန့်ရင်း သံဃာ ကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏" ဟု အကြံဖြစ်ခဲ့လျှင် ရဟန်းတို့ ဤသို့သော အဓိကရဏ်းကို တိဏဝတ္ထာရက 'မြက်ဖြင့်ဖုံးဖိခြင်းနှင့်တူသော' ဝိနည်းကံဖြင့် ငြိမ်းစေရန် ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ဤသို့ငြိမ်းစေရမည်၊ ရဟန်းတို့အားလုံးတို့သည်ပင် တပေါင်းတည်း စည်ဝေး ရမည်၊ စည်းဝေးပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေ ရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ မျက်ကွယ်မျက် မှောက်ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ရောက်၍ နေကြသော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာမဟုတ်သည်တို့ကို များစွာလွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း)ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း)ပြုမူကုန်၏၊ အကျွန်ုပ်တို့သည် ဤအာပတ် တို့ကို အချင်းချင်း ကုစားကုန်ငြားအံ့၊ ထိုအဓိကရဏ်းသည် ကြမ်းတမ်း ရုန့်ရင်းသံဃာကွဲပြား ခြင်းငှါ ဖြစ်တန်ရာ၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤအဓိကရဏ်းကို ရုန့်ရင်းကြမ်းတမ်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့်ဖုံးဖိခြင်းနှင့် တူသော' ဝိနည်း ကံဖြင့် ငြိမ်းစေရာ၏" ဟု (သိစေရမည်)။

တဖက်အသင်းဝင် ရဟန်းတို့တွင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် မိမိ ပါဝင်သော အသင်းကို သိစေရမည်—

အသျှင်တို့ "အသျှင်တို့သည် အကျွန်ုပ်၏(စကားကို) နာတော်မူကုန်လော့၊ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြားစကားများခြင်းသို့ ရောက်၍ နေကြ သော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာလွန်ကျူးကျင့်ကြံ ကုန်၏၊ (နှုတ်ဖြင့်လည်း) ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း) ပြုမူကုန်၏၊ အကျွန်ုပ်တို့သည်

http://www.dhammadownload.com



ဤအာပတ်တို့ကို အချင်းချင်း ကုစားစေကုန်ငြားအံ့၊ ထိုအဓိကရုဏ်းသည် ကြမ်းတမ်းရှန်ရင်း သံဃာကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ အသျှင်တို့အား လျှောက်ပတ်သော အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် အသျှင်တို့၏ အာပတ်ကိုရင်း အကျွန်ုပ်၏ အာပတ်ကိုရင်း အသျှင်တို့၏အကျိုးငှါရင်း အကျွန်ုပ်၏အကျိုးငှါရင်း သံဃာ့အလယ်၌ ရှန်ရင်းကြမ်းတမ်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့်ဖုံးဖိခြင်းနှင့် တူသော' ဝိနည်းကံဖြင့် ပြောကြားပါအံ့" ဟု (သိစေရမည်)။

ထိုနောက် အခြားတဖက်အသင်းဝင်ရဟန်းတို့တွင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် မိမိပါဝင်သော အသင်းကို သိစေရမည်—

"အသျှင်တို့ အသျှင်တို့သည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ မျက်ကွယ် မျက်မှောက်ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍ နေကြသော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာမဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြကုန်၏၊ (နှုတ်ဖြင့်လည်း) ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း) ပြုမူကုန်၏၊ အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို အချင်းချင်း ကုစားစေကုန်ငြားအံ့၊ ထိုအဓိကရုဏ်းသည် ကြမ်းတမ်းရှန်ရင်း သံဃာကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ အသျှင်တို့အား လျှောက်ပတ်သော အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် အသျှင်တို့၏ အာပတ်ကိုရင်း အကျွန်ုပ်၏ အာပတ်ကိုရင်း အသျှင်တို့၏ အကျိုးငှါရင်း အကျွန်ုပ်၏အကျိုးငှါရင်း သံဃာအလယ်၌ ရှန်ရင်းကြမ်းတမ်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့်ဖုံးဖိခြင်းနှင့် တူသော' ဝိနည်းကံဖြင့် ပြောကြားပါအံ့ "ဟု (သိစေရမည်)။

၂၁၃။ ထိုနောက် အခြားတဖက် အသင်းဝင် ရဟန်းတို့တွင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍ နေကြသော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူး ကျင့်ကြကုန်၏၊ (နှုတ်ဖြင့်လည်း) ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း) ပြုမူကုန်၏၊ အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို အချင်းချင်း ကုစားစေကုန်ငြားအံ့၊ ထိုအဓိကရုဏ်းသည် ကြမ်းတမ်းရှန်ရင်း သံဃာကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤအသျှင်တို့၏ အာပတ်ကိုရင်း အကျွန်ုပ်၏ အာပတ်ကိုရင်း ဤအသျှင်တို့၏ အကျိုးငှါရင်း အကျွန်ုပ်၏ အကျိုးငှါရင်း သံဃာအလယ်၌ ရှန်ရင်းကြမ်းတမ်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့် ဖုံးဖိခြင်းနှင့် တူသော' ဝိနည်းကံဖြင့် ပြောကြားပါအံ့၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍ နေကြသော

http://www.dhammadownload.com



အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း) ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း) ပြုမူကုန်၏၊ အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို အချင်းချင်း ကုစားစေကုန်ငြားအံ့၊ ထိုအဓိကရုဏ်းသည် ကြမ်းတမ်းရှုန့်ရင်းသံဃာကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏။

အကျွန်ုပ်သည် ဤအသျှင်တို့၏ အာပတ်ကိုရင်း အကျွန်ုပ်၏ အာပတ်ကိုရင်း ဤအသျှင်တို့၏ အကျိုးငှါရင်း အကျွန်ုပ်၏ အကျိုးငှါရင်း သံဃာ့အလယ်၌ ရှုန့်ရင်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့် ဖုံးဖိခြင်းနှင့် တူသော' ဝိနည်းကံဖြင့် ပြောကြားပါ၏။

အကျွန်ုပ်ဘို့၏ ဤအာပတ်ဘို့ကို သံဃာ့အလယ်၌ ရှုန့်ရင်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့် ဖုံးဖိခြင်းနှင့် တူသော' ဝိနည်းကံဖြင့် ပြောကြားခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

အကျွန်ုပ်ဘို့သည် ဤအာပတ်တို့ကို သံဃာအလယ်၌ ရှုန့်ရင်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့် ဖုံးဖိခြင်းနှင့် တူသော' ဝိနည်းကံ ဖြင့် ပြောကြားအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၂၁၄။ ထို့နောက် အခြားတဖက် အသင်းဝင် ရဟန်းတို့တွင် ကျမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများခြင်းသို့ ရောက်၍ နေကြသော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သကိုတို့ကို များစွာ လွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း) ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း) ပြုမူကုန်၏၊ အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို အချင်းချင်း ကုစားစေကုန်ငြားအံ့၊ ထိုအဓိကရုဏ်းသည် ကြမ်းတမ်းရှုန့်ရင်း သံဃာကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤအသျှင်တို့၏ အာပတ်ကိုရင်း အကျွန်ုပ်၏ အာပတ်ကိုရင်း ဤအသျှင်တို့၏ အကျိုးငှါရင်း အကျွန်ုပ်၏ အကျိုးငှါရင်း သံဃာ့အလယ်၌ ရှုန့်ရင်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့် ဖုံးဖိခြင်းနှင့် တူသော' ဝိနည်းကံဖြင့် ပြောကြားပါအံ့၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍ နေကြသော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း) ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း) ပြုမူကုန်၏၊ အကျွန်ုပ်တို့သည် ဤအာပတ်

http://www.dhammadownload.com



တို့ကို အချင်းချင်း ကုစားစေကုန်ငြားအံ့၊ ထိုအဓိကရဏ်းသည် ကြမ်းတမ်းရှုန့်ရင်း သံဃာကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ အကျွန်ုပ်သည် ဤအသျှင်တို့၏ အာပတ်ကိုရင်း အကျွန်ုပ်၏ အာပတ်ကိုရင်း ဤအသျှင်တို့၏ အကျိုးငှါရင်း အကျွန်ုပ်၏ အကျိုးငှါရင်း သံဃာ့အလယ်၌ ရှုန့်ရင်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့် ဖုံးဖိခြင်းနှင့်တူသော' ဝိနည်းကံဖြင့် ပြောကြားပါ၏။

အကျွန်ုပ်တို့၏ ဤအာပတ်တို့ကို သံဃာ့အလယ်၌ ရှုန့်ရင်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့် ဖုံးဖိခြင်းနှင့် တူသော' ဝိနည်းကံဖြင့် ပြောကြားခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို သံဃာအလယ်၌ ရှုန့်ရင်းသော အာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့ကို ချန်ထား၍ တိဏဝတ္ထာရက 'မြက်ဖြင့် ဖုံးဖိခြင်းနှင့်တူသော ဝိနည်းကံဖြင့် ပြောကြားအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

ရဟန်းတို့ ဤသို့လျှင် အယူကို ထင်စွာပြုသော ရဟန်း အစည်းအဝေး၌ မရှိသော ရဟန်းတို့မှတပါး အခြားရဟန်းတို့သည် ရှုန့်ရင်းသောအာပတ် လူတို့နှင့် ရောယှက်ရာ၌ သင့်သော အာပတ်တို့မှ တပါး အခြား အာပတ်တို့မှ ထကုန်၏။

## ၈-အဓိကရဏ်း

၂၁၅။ ထိုအခါ ရဟန်းတို့သည် (ရဟန်းတို့နှင့်ရင်း) ရဟန်းမိန်းမတို့နှင့်ရင်း ငြင်းခုံကုန်၏၊ ရဟန်းမိန်းမတို့ကလည်း ရဟန်းတို့နှင့် ငြင်းခုံကုန်၏၊ ဆန္နရဟန်းသည်လည်း ရဟန်းမိန်းမတို့ကို တိုးဝှေ့၍ ရဟန်းတို့နှင့် အတူ ငြင်းခုံပြီးလျှင် ရဟန်းမိန်းမတို့၏ အသင်းအပင်းကို ယူ၏ 'ရဟန်းမိန်းမတို့ဖက်မှ ပါဝင်၏'။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆန္နရဟန်းသည် ရဟန်းမိန်းမတို့ကို တိုးဝှေ့၍ ရဟန်းတို့နှင့်အတူ ငြင်းခုံပြီးလျှင် ရဟန်းမိန်းမတို့၏ အသင်းအပင်းကို ယူဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု လျှောက်ကြကုန်၏။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

ရဟန်းတို့ အဓိကရဏ်းတို့သည် ဝိဝါဒါဓိကရဏ်း အနုဝါဒါဓိကရဏ်း အာပတ္တာဓိကရဏ်း ကိစ္စာဓိကရဏ်း အားဖြင့် လေးမျိုး ရှိကုန်၏။

ထိုလေးမျိုးတို့တွင် အဘယ်အရာကို ဝိဝါဒါဓိကရဏ်း ဟု ဆိုအပ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် တရား ဟူ၍ရင်း တရားမဟုတ်ဟူ၍ရင်း၊ ဝိနည်းဟူ၍ရင်း ဝိနည်း မဟုတ် ဟူ၍ရင်း၊ ဘုရားဟော ဟူ၍ရင်း ဘုရားဟော မဟုတ် ဟူ၍ရင်း၊ မြတ်စွာဘုရား အလေ့အကျက် ဟူ၍ရင်း မြတ်စွာဘုရား အလေ့အကျက် မဟုတ်ဟူ၍ရင်း၊ မြတ်စွာဘုရား ပညတ်ချက်

http://www.dhammadownload.com



ဟူ၍ရှင်း မြတ်စွာဘုရား ပညတ်ချက် မဟုတ်ဟူ၍ရှင်း၊ အာပတ်ဟူ၍ရှင်း အာပတ် မဟုတ်ဟူ၍ရှင်း၊ လဟုကအာပတ် 'ပေါ့သော အာပတ်' ဟူ၍ရှင်း၊ ဂရုကအာပတ် 'လေးသောအာပတ်' ဟူ၍ရှင်း၊ သာဝသေသ အာပတ် 'အကြွင်းရှိသော အာပတ်' ဟူ၍ရှင်း၊ အနာဝသေသအာပတ် 'အကြွင်းမဲ့ အာပတ်' ဟူ၍ရှင်း၊ ရှုန့်ရင်းသောအာပတ်ဟူ၍ရှင်း၊ မရှုန့်ရင်းသော အာပတ်ဟူ၍ရှင်း ငြင်းခုံကုန်၏။

ထိုသို့ ငြင်းခုံရာ၌ မျက်ကုယ် မျက်မှောက် ငြင်းခုံခြင်း ကိုယ်လက်ထိပါး အငြင်းပွါးလျက် ဆန့်ကျင်ဖက် ပြောခြင်း အထူးထူးပြောခြင်း တပါးသော အခြင်းအရာဖြင့် ပြောခြင်း စိတ်ဆင်းရဲဘို့ ရန် ပြောခြင်း ခိုက်ရန်ဖြစ်ခြင်းတို့ကို ဝိဝါဒါဓိကရုဏ်း ဟု ဆိုအပ်၏။

ထိုလေးမျိုးတို့တွင် အဘယ်အရာကို အနုဝါဒါဓိကရုဏ်း ဟု ဆိုအပ်သနည်း။ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသို့သည် ရဟန်းကို သီလပျက်စီးခြင်းဖြင့်ရှင်း အကျင့်ပျက်စီးခြင်းဖြင့်ရှင်း အယူပျက်စီးခြင်းဖြင့်ရှင်း အသက်မွေးမှု ပျက်စီးခြင်းဖြင့်ရှင်း စွပ်စွဲကုန်၏။

ထိုသို့ စွပ်စွဲရာ၌ စွပ်စွဲခြင်း စွပ်စွဲသောအခြင်းအရာ ဆိုခြင်း ဆိုသောအခြင်းအရာ ကောက် သည်၏အဖြစ် ရှေးရှုအားထုတ်သည်၏အဖြစ် အထင်ပေးခြင်းတို့ကို အနုဝါဒါ ဓိကရုဏ်း ဟု ဆိုအပ်၏

ထိုလေးမျိုးတို့တွင် အဘယ်အရာကို အာပတ္တာဓိကရုဏ်း ဟု ဆိုအပ်သနည်း။ အာပတ်ငါးပုံ တို့သည်လည်း အာပတ္တာဓိကရုဏ်း မည်၏၊ အာပတ် ခုနစ်ပုံတို့သည်လည်း အာပတ္တာဓိကရုဏ်း မည်၏၊ ဤအာပတ် ငါးပုံ ခုနစ်ပုံကို အာပတ္တာဓိကရုဏ်း ဟု ဆိုအပ်၏။

ထိုလေးမျိုးတို့တွင် အဘယ်အရာကို ကိစ္စာဓိကရုဏ်း ဟု ဆိုအပ်သနည်း။ သံဃာ၏ ကိစ္စ ပြုဖွယ် အပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံတို့ကို ကိစ္စာဓိကရုဏ်း ဟု ဆိုအပ်၏။

၂၁၆။ ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်းသည် အဘယ်နည်း။ ခြောက်မျိုးသော ငြင်းခုံ ကြောင်း (ဝိဝါဒမူလ)တို့သည် ဝိဝါဒါဓိကရုဏ်း၏အကြောင်းရင်းတည်း၊ အကုသိုလ်အကြောင်း သုံးမျိုးတို့သည်လည်း ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတည်း၊ ကုသိုလ်အကြောင်းသုံးမျိုးတို့ သည်လည်း ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတည်း။

အဘယ်ခြောက်မျိုးသော ငြင်းခုံကြောင်းတို့သည် ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတို့ နည်း။ ဤသာသနာတော်၌ ရဟန်းသည် အမျက်ထွက်လေ့ရှိ၏ ရန်ငြိုးဖွဲ့လေ့ရှိ၏။

အမျက်ထွက်လေ့ရှိသော ရန်ငြိုးဖွဲ့လေ့ရှိသော ထိုရဟန်းသည် မြတ်စွာဘုရား၌လည်း ရိုသေ လေးစားမှုမရှိပဲ ကျိုးနွံ တုပ်ဝပ်မှုမရှိပဲ နေ၏၊ တရား၌လည်း ရိုသေလေးစားမှုမရှိပဲ ကျိုးနွံ တုပ်ဝပ်မှု မရှိပဲ နေ၏၊ သံဃာ၌လည်း ရိုသေလေးစားမှုမရှိပဲ ကျိုးနွံ တုပ်ဝပ်မှုမရှိပဲ နေ၏၊ အကျင့်သိက္ခာ ၌လည်း ဖြည့်ကျင့်လေ့မရှိ၊ ရဟန်းတို့ မြတ်စွာဘုရား၌လည်း ရိုသေလေးစားမှု မရှိပဲ ကျိုးနွံ တုပ်ဝပ်မှု မရှိပဲ နေသော၊ တရား၌လည်း ။ပ။ သံဃာ၌လည်း ။ပ။ အကျင့်၌လည်း ဖြည့်ကျင့်လေ့မရှိသော ရဟန်းသည် သံဃာ၌ ငြင်းခုံခြင်းကို ဖြစ်စေ၏၊ ငြင်းခုံခြင်းသည် လူအများ အစီးအပွါးမဲ့ခြင်းငှါ လူအများမချမ်းသာခြင်းငှါ လူအများအကျိုးမဲ့ခြင်းငှါ နတ်လူတို့အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်း ငှါ ဖြစ်၏။

ရဟန်းတို့ သင်တို့သည် ဤသို့သဘောရှိသော ငြင်းခုံခြင်းအကြောင်းရင်းကို အတွင်းသန္တာန်၌ ရှင်း အပသန္တာန်၌ရှင်း တွေ့မြင်ကုန်ငြားအံ့၊ ရဟန်းတို့ ထိုသို့ တွေ့မြင်သည်ရှိသော် သင်တို့သည် ယုတ်ညံ့သော ထိုငြင်းခုံခြင်း အကြောင်းရင်းကိုပင် ပယ်စွန့်ရန် အားထုတ်ကုန်လော့။

http://www.dhammadownload.com



ရဟန်းတို့ သင်တို့သည် ဤသို့သဘောရှိသော ငြင်းခုံခြင်းအကြောင်းရင်းကို အတွင်းသန္တာန်၌ရင်း အပသန္တာန်၌ရင်း မတွေ့မမြင်ကုန်ငြားအံ့။

ရဟန်းတို့ ထိုသို့ မတွေ့မမြင်သည်ရှိသော် သင်တို့သည် ယုတ်ညံ့သော ထိုငြင်းခုံခြင်းအကြောင်းရင်း၏ နောင်အခါ မဖြစ်ပေါ်ခြင်းငှါ ကျင့်ကုန်လော့။ ဤသို့အားထုတ်သည်ရှိသော် ယုတ်ညံ့သော ထိုငြင်းခုံခြင်းအကြောင်းရင်းကို ပယ်စွန့်ခြင်း ဖြစ်၏၊ ဤသို့ ကျင့်သည်ရှိသော် ယုတ်ညံ့သော ထိုငြင်းခုံခြင်းအကြောင်းရင်း၏ နောင်အခါ မဖြစ်ပေါ်ခြင်းပင် ဖြစ်၏။

ရဟန်းတို့ တဖန်လည်း ရဟန်းသည် ကျေးဇူးကို ချေဖျက်တတ်၏၊ ဂုဏ်တု ဂုဏ်ပြိုင် ပြုတတ်၏။ပ။ ငြူစူ၏၊ ဝန်တို၏၊ စဉ်းလဲ၏၊ လှည့်ပတ်တတ်၏၊ ယုတ်ညံ့သော ဆန္ဒရှိ၏၊ မှားသော အယူရှိ၏၊ မိမိအယူကို မှားသောအားဖြင့် သုံးသပ်တတ်၏၊ ခိုင်မြဲစွာ ယူတတ်၏၊ ပယ်စွန့်နိုင်ခဲ၏။

ရဟန်းတို့ မိမိအယူကို မှားသောအားဖြင့် သုံးသပ်တတ်သော ခိုင်မြဲစွာယူတတ်သော ပယ်စွန့်နိုင်ခဲသောထိုရဟန်းသည် မြတ်စွာဘုရား၌လည်း ရိုသေလေးစားမှု မရှိပဲ ကျိုးနွံတုပ်ဝပ်မှု မရှိပဲနေ၏။

တရား၌လည်း ရိုသေလေးစားမှု မရှိပဲ ကျိုးနွံတုပ်ဝပ်မှု မရှိပဲ နေ၏၊ သံဃာ၌လည်း ရိုသေလေးစားမှု မရှိပဲ ကျိုးနွံတုပ်ဝပ်မှုမရှိပဲ နေ၏၊ အကျင့်သိက္ခာ၌လည်း ဖြည့်ကျင့်လေ့မရှိ၊ ရဟန်းတို့ မြတ်စွာဘုရား၌လည်း ရိုသေလေးစားမှု မရှိပဲ ကျိုးနွံတုပ်ဝပ်မှု မရှိပဲ နေသော၊ တရား၌လည်း။ပ။ သံဃာ၌လည်း။ပ။ အကျင့်သိက္ခာ၌လည်း ဖြည့်ကျင့်လေ့မရှိသော ထိုရဟန်းသည် သံဃာ၌ ငြင်းခုံခြင်းကို ဖြစ်စေ၏၊ ယင်း ငြင်းခုံမှုသည် လူအများ စီးပွါးမဲ့ခြင်းငှါ လူအများ မချမ်းသာခြင်းငှါ လူအများ အကျိုးမဲ့ခြင်းငှါ နတ်လူတို့ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏။

ရဟန်းတို့ သင်တို့သည် ဤသို့ သဘောရှိသော ငြင်းခုံခြင်း အကြောင်းရင်းကို အတွင်းသန္တာန်၌ရင်း အပသန္တာန်၌ရင်း တွေ့မြင်ကုန်ငြားအံ့၊ ရဟန်းတို့ ထိုသို့ တွေ့မြင်သည်ရှိသော် သင်တို့သည် ယုတ်ညံ့သော ထိုငြင်းခုံခြင်း အကြောင်းရင်းကိုပင် ပယ်စွန့်ရန် အားထုတ်ကုန်လော့။

ရဟန်းတို့ သင်တို့သည် ဤသို့ သဘောရှိသော ငြင်းခုံခြင်း အကြောင်းရင်းကို အတွင်းသန္တာန်၌ရင်း အပသန္တာန်၌ရင်း မတွေ့မမြင်ကုန်ငြားအံ့၊ ရဟန်းတို့ ထိုသို့ မတွေ့မမြင်သည်ရှိသော် သင်တို့သည် ယုတ်ညံ့သော ထိုငြင်းခုံခြင်း အကြောင်းရင်း၏ နောင်အခါ မဖြစ်ပေါ်ခြင်းငှါ ကျင့်ကုန်လော့၊ ဤသို့ အားထုတ်ကုန်သည်ရှိသော် ယုတ်ညံ့သော ထိုငြင်းခုံခြင်း အကြောင်းရင်းကို ပယ်စွန့်ခြင်း ဖြစ်၏။

ဤသို့ ကျင့်သည်ရှိသော် ယုတ်ညံ့သော ထိုငြင်းခုံခြင်း အကြောင်းရင်း၏ နောင်အခါ မဖြစ်ပေါ်ခြင်းပင် ဖြစ်၏။ ဤငြင်းခုံခြင်း အကြောင်းရင်း ခြောက်မျိုးတို့သည် ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတို့တည်း။

အဘယ်သုံးမျိုးသော အကုသိုလ် အကြောင်းရင်းတို့သည် ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတို့နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် တပ်မက်သော စိတ်ရှိ၍ ငြင်းခုံကုန်၏၊ ဖျက်ဆီးလိုသော စိတ်ရှိ၍ ငြင်းခုံကုန်၏၊ တွေဝေသောစိတ်ရှိ၍ ငြင်းခုံကုန်၏၊ တရားဟူ၍ရင်း တရားမဟုတ်ဟူ၍ရင်း၊ ဝိနည်းဟူ၍ရင်း ဝိနည်းမဟုတ်ဟူ၍ရင်း၊ ဘုရားဟောဟူ၍ရင်း ဘုရားဟော မဟုတ်ဟူ၍ရင်း၊ မြတ်စွာဘုရား အလေ့အကျက် ဟူ၍ရင်း မြတ်စွာဘုရား အလေ့အကျက်မဟုတ် ဟူ၍ရင်း၊ မြတ်စွာဘုရား ပညတ်ချက်ဟူ၍ရင်း မြတ်စွာဘုရား ပညတ်ချက်မဟုတ်ဟူ၍ရင်း၊ အာပတ်

http://www.dhammadownload.com



ဟူ၍ရှင်း အာပတ်မဟုတ် ဟူ၍ရှင်း၊ ပေါ့သော အာပတ်ဟူ၍ရှင်း လေးသော အာပတ်ဟူ၍ရှင်း၊ အကြွင်းရှိသော အာပတ်ဟူ၍ရှင်း၊ အကြွင်းမဲ့အာပတ်ဟူ၍ရှင်း ရုန့်ရင်းသော အာပတ်ဟူ၍ရှင်း မရုန့်ရင်းသော အာပတ်ဟူ၍ရှင်း ငြင်းခုံကုန်၏။ ဤအကုသိုလ်အကြောင်းရင်း သုံးမျိုးတို့သည် ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတို့တည်း။

အဘယ်သုံးမျိုးသော ကုသိုလ်အကြောင်းရင်းတို့သည် ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတို့နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် တပ်မက်သော စိတ်မရှိပဲ ငြင်းခုံကုန်၏၊ ဖျက်ဆီးလိုသော စိတ် မရှိပဲ ငြင်းခုံကုန်၏၊ တွေဝေသော စိတ်မရှိပဲ ငြင်းခုံကုန်၏၊ တရားဟူ၍ရှင်း တရားမဟုတ်ဟူ၍ရှင်း။ပ။ ရုန့်ရင်းသော အာပတ်ဟူ၍ရှင်း မရုန့်ရင်းသော အာပတ်ဟူ၍ရှင်း၊ ငြင်းခုံကုန်၏။ ဤကုသိုလ် အကြောင်းရင်း သုံးမျိုးတို့သည် ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတို့တည်း။

၂၁၇။ အနုဝါဒါဓိကရုဏ်း၏ အကြောင်းရင်းကား အဘယ်နည်း။ စွပ်စွဲခြင်း အကြောင်းရင်း ခြောက်မျိုးတို့သည် အနုဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတို့တည်း၊ အကုသိုလ် အကြောင်းရင်း သုံးမျိုးတို့သည်လည်း အနုဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတို့တည်း၊ ကုသိုလ်အကြောင်းရင်း သုံးမျိုးတို့သည်လည်း အနုဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတို့တည်း၊ ကိုယ်သည်လည်း အနုဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတည်း၊ စကားသည်လည်း အနုဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတည်း။ အဘယ်ခြောက်မျိုးသော စွပ်စွဲခြင်း အကြောင်းရင်းတို့သည် အနုဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတို့နည်း။ ဤသာသနာတော်၌ ရဟန်းသည် အမျက်ထွက်တတ်၏၊ ရန်ငြိုးဖွဲ့တတ်၏။

အမျက်ထွက်တတ်သော ရန်ငြိုးဖွဲ့တတ်သော ထိုရဟန်းသည် မြတ်စွာဘုရား၌လည်း ရိုသေလေးစားမှု မရှိပဲ ကျိုးနွံတုပ်ဝပ်မှု မရှိပဲ နေ၏၊ တရား၌လည်း ရိုသေလေးစားမှု မရှိပဲ ကျိုးနွံတုပ်ဝပ်မှု မရှိပဲ နေ၏၊ သံဃာ၌လည်း ရိုသေလေးစားမှု မရှိပဲ ကျိုးနွံတုပ်ဝပ်မှု မရှိပဲနေ၏၊ အကျင့်သိက္ခာ၌လည်း ဖြည့်ကျင့်လေ့မရှိ။

ရဟန်းတို့ မြတ်စွာဘုရား၌လည်း ရိုသေလေးစားမှု မရှိပဲ ကျိုးနွံတုပ်ဝပ်မှု မရှိပဲ နေသော၊ တရား၌လည်း။ပ။ သံဃာ၌လည်း။ပ။ အကျင့်သိက္ခာ၌လည်း ဖြည့်ကျင့်လေ့မရှိသော ထိုရဟန်းသည် သံဃာ၌ စွပ်စွဲခြင်းကို ဖြစ်စေ၏၊ ယင်းစွပ်စွဲခြင်းသည် လူအများ အစီးအပွါးမဲ့ခြင်းငှါ လူအများ မချမ်းသာခြင်းငှါ လူအများ အကျိုးမဲ့ခြင်းငှါ နတ်လူတို့ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏။

ရဟန်းတို့ သင်တို့သည် ဤသို့ သဘောရှိသော စွပ်စွဲခြင်း အကြောင်းရင်းကို အတွင်းသန္တာန်၌ ရှင်း၊ အပသန္တာန်၌ရှင်း တွေ့မြင်ကုန်ငြားအံ့၊ ရဟန်းတို့ ထိုသို့ တွေ့မြင်သည်ရှိသော် သင်တို့သည် ယုတ်ညံ့သော ထိုစွပ်စွဲခြင်း အကြောင်းရင်းကို ပယ်စွန့်ရန် အားထုတ်ကုန်လော့။

ရဟန်းတို့ သင်တို့သည် ဤသို့ သဘောရှိသော စွပ်စွဲခြင်း အကြောင်းရင်းကို အတွင်းသန္တာန်၌ ရှင်း၊ အပသန္တာန်၌ရှင်း မတွေ့မမြင်ငြားအံ့၊ ရဟန်းတို့ ထိုသို့ မတွေ့မမြင်သည်ရှိသော် သင်တို့သည် ယုတ်ညံ့သော ထိုစွပ်စွဲခြင်း အကြောင်းရင်း၏ နောင်အခါ မဖြစ်ပေါ်ရန် ကျင့်ကုန်လော့၊ ဤသို့ အားထုတ်သည်ရှိသော် ယုတ်ညံ့သော ထိုစွပ်စွဲခြင်း အကြောင်းရင်းကို ပယ်စွန့်ခြင်းပင် ဖြစ်၏၊ ဤသို့ ကျင့်သည်ရှိသော် ယုတ်ညံ့သော ထိုစွပ်စွဲခြင်း အကြောင်းရင်း၏ နောင်အခါ မဖြစ်ပေါ်ခြင်း ဖြစ်၏။

ရဟန်းတို့ တဖန်လည်း ရဟန်းသည် ကျေးဇူးကို ချေဖျက်တတ်၏၊ ဂုဏ်တု ဂုဏ်ပြိုင် ပြုတတ်၏။ပ။ ငြူစူ၏၊ ဝန်တို၏။ စဉ်းလဲ၏၊ လှည့်ပတ်၏၊ ယုတ်ညံ့သော ဆန္ဒရှိ၏၊ မှားသောအယူရှိ၏၊ မိမိအယူကို မှားသောအားဖြင့် သုံးသပ်တတ်၏၊ ခိုင်မြဲစွာ ယူတတ်၏၊ ပယ်စွန့်နိုင်ခဲ၏။

http://www.dhammadownload.com



ရဟန်းတို့ မိမိအယူကို မှားသောအားဖြင့် သုံးသပ်တတ်သော ခိုင်မြဲစွာယူတတ်သော ပယ်စွန့်နိုင်ခဲသော ထိုရဟန်းသည် မြတ်စွာဘုရား၌လည်း ရိုသေလေးစားမှုမရှိပဲ ကျိုးနွံတုပ်ဝပ်မရှိပဲ နေ၏၊ တရား၌လည်း ရိုသေလေးစားမှုမရှိပဲ ကျိုးနွံတုပ်ဝပ်မှုမရှိပဲ နေ၏၊ သံဃာ၌လည်း ရိုသေလေးစားမှုမရှိပဲ ကျိုးနွံတုပ်ဝပ်မရှိပဲနေ၏၊ အကျင့်သိက္ခာ၌လည်း ဖြည့်ကျင့်လေ့မရှိ။

ရဟန်းတို့ မြတ်စွာဘုရား၌လည်း ရိုသေလေးစားမှုမရှိပဲ ကျိုးနွံတုပ်ဝပ်မှုမရှိပဲ နေသော၊ တရား၌လည်း။ပ။ သံဃာ၌လည်း။ပ။ အကျင့်သိက္ခာ၌လည်း ဖြည့်ကျင့်လေ့မရှိသော ထိုရဟန်းသည် သံဃာ၌ စွပ်စွဲခြင်းကိုဖြစ်စေ၏၊ ယင်းစွပ်စွဲခြင်းသည် လူအများစီးပွါးမဲ့ခြင်းငှါ လူအများမချမ်းသာခြင်းငှါ လူအများအကျိုးမဲ့ခြင်းငှါ နတ်လူဘို့အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏။

ရဟန်းတို့ သင်တို့သည် ဤသို့သဘောရှိသော စွပ်စွဲခြင်းအကြောင်းရင်းကို အတွင်းသန္တာန်၌ရင်း၊ အပသန္တာန်၌ရင်း တွေ့မြင်ငြားအံ့၊ ရဟန်းတို့ ထိုသို့တွေ့မြင်သည်ရှိသော် သင်တို့သည် ယုတ်ညံ့သော ထိုစွပ်စွဲခြင်းအကြောင်းရင်းကိုပင် ပယ်စွန့်ရန် အားထုတ်ကုန်လော့။

ရဟန်းတို့ သင်တို့သည် ဤသို့သဘောရှိသော စွပ်စွဲခြင်းအကြောင်းရင်းကို အတွင်းသန္တာန်၌ရင်း၊ အပသန္တာန်၌ရင်း မတွေ့မမြင်ကုန်ငြားအံ့၊ ရဟန်းတို့ ထိုသို့ မတွေ့မမြင်သည်ရှိသော် သင်တို့သည် ယုတ်ညံ့သော ထိုစွပ်စွဲခြင်း အကြောင်းရင်း၏ နောင်အခါ မဖြစ်ပေါ်ရန် ကျင့်ကုန်လော့။

ဤသို့ အားထုတ်သည်ရှိသော် ယုတ်ညံ့သော ထိုစွပ်စွဲခြင်းအကြောင်းရင်းကို ပယ်စွန့်ခြင်း ပင်ဖြစ်၏။

ဤသို့ ကျင့်သည်ရှိသော် ယုတ်ညံ့သော ထိုစွပ်စွဲခြင်းအကြောင်းအရင်း၏ နောင်အခါ မဖြစ်ပေါ်ခြင်း ဖြစ်၏။ဤစွပ်စွဲခြင်း အကြောင်းရင်း ခြောက်မျိုးတို့သည် အနုဝါဒါဓိကရဏ်း၏ အကြောင်းရင်းတို့တည်း။

အဘယ်သုံးမျိုးသော အကုသိုလ်အကြောင်းရင်းတို့သည် အနုဝါဒါဓိကရဏ်း၏ အကြောင်းရင်းတို့နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် တပ်မက်သောစိတ်ရှိ၍၊ ရဟန်းကို စွပ်စွဲကုန်၏၊ ဖျက်ဆီးလိုသောစိတ်ရှိ၍ စွပ်စွဲကုန်၏၊ တွေဝေသောစိတ်ရှိ၍ စွပ်စွဲကုန်၏၊ သီလပျက်စီးမှုဖြင့်ရင်း အကျင့်ပျက်စီးမှုဖြင့်ရင်း အယူပျက်စီးမှုဖြင့်ရင်း အသက်မွေးမှု ပျက်စီးမှုဖြင့်ရင်း စွပ်စွဲကုန်၏။ ဤအကုသိုလ် အကြောင်းသုံးမျိုးတို့သည် အနုဝါဒါဓိကရဏ်း၏ အကြောင်းရင်းတို့တည်း။ အဘယ်သုံးမျိုးသော ကုသိုလ်အကြောင်းရင်းတို့သည် အနုဝါဒါဓိကရဏ်း၏ အကြောင်းရင်းတို့နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် တပ်မက်သော စိတ်မရှိပဲ ရဟန်းကို စွပ်စွဲကုန်၏၊ ဖျက်ဆီးလိုသော စိတ်မရှိပဲ စွပ်စွဲကုန်၏၊ တွေဝေသောစိတ်မရှိပဲ စွပ်စွဲကုန်၏၊ သီလပျက်စီးခြင်းဖြင့်ရင်း အကျင့်ပျက်စီးခြင်းဖြင့်ရင်း အယူပျက်စီးခြင်းဖြင့်ရင်း အသက်မွေးမှု ပျက်စီးခြင်းဖြင့်ရင်း စွပ်စွဲကုန်၏။ ဤကုသိုလ်အကြောင်းရင်းသုံးမျိုးတို့သည် အနုဝါဒါဓိကရဏ်း၏ အကြောင်းရင်းတို့တည်း။ အဘယ်ကိုယ်သည် အနုဝါဒါဓိကရဏ်း၏ အကြောင်းရင်းနည်း။ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် အဆင်းမလှ ရှုမြင်၍မကောင်း ပုကွ၏ 'အရပ်နိမ့်၏'၊ အနာများ၏၊ ကန်းလည်းကန်း၏၊ ကောက်လည်းကောက်၏ ခွင်လည်း ခွင်၏၊ ဖက်သကတ်နာလည်း စွဲ၏၊ ယင်းအနာမျိုးဖြင့် ထိုပုဂ္ဂိုလ်ကို စွပ်စွဲကုန်၏။

http://www.dhammadownload.com



ဤကိုယ်သည် အနုဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတည်း။ အဘယ်စကားသည် အနုဝါဒါဓိကရုဏ်း၏ အကြောင်းရင်းနည်း။ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် အပြောအဆိုခက်၏၊ မန်းစွဲ၏၊ 'စကားထစ်၏'၊ စကားပြောရာ၌ အရိုအသေမရှိဘဲ ဆိုရဲ၏ 'သွားရေကျ၏'။

ယင်းစကားမျိုးဖြင့် ထိုပုဂ္ဂိုလ်ကို စွပ်စွဲကုန်၏၊ ဤစကားမျိုးသည် အနုဝါဒါဓိကရုဏ်း၏ အကြောင်းရင်းတည်း။

၂၁၈။ အာပတ္တာဓိကရုဏ်း၏ အကြောင်းရင်းကား အဘယ်နည်း။ အာပတ်သင့်ကြောင်း ခြောက်မျိုးတို့သည် အာပတ္တာဓိကရုဏ်း၏ အကြောင်းရင်းတည်း။ ကိုယ်ကြောင့်သာ သင့်၍ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မသင့်သော အာပတ်သည် ရှိ၏၊ နှုတ်ကြောင့်သာသင့်၍ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း မသင့်သော အာပတ်သည် ရှိ၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း သင့်၍ စိတ်ကြောင့် မသင့်သော အာပတ်သည် ရှိ၏၊ ကိုယ်ကြောင့်ရင်း စိတ်ကြောင့်ရင်း သင့်၍ နှုတ်ကြောင့် မသင့်သော အာပတ်သည် ရှိ၏၊ နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း သင့်၍ ကိုယ်ကြောင့် မသင့်သော အာပတ်သည် ရှိ၏၊ ကိုယ်ကြောင့်ရင်း နှုတ်ကြောင့်ရင်း စိတ်ကြောင့်ရင်း သင့်သော အာပတ်သည် ရှိ၏၊ အာပတ်သင့်ကြောင်း ဤခြောက်မျိုးတို့သည် အာပတ္တာဓိကရုဏ်း၏ အကြောင်းရင်းတည်း။

၂၁၉။ ကိစ္စာဓိကရုဏ်း၏ အကြောင်းရင်းကား အဘယ်နည်း။ ကိစ္စာဓိကရုဏ်း၏ အကြောင်းရင်း တခုကား သံဃာတည်း။

၂၂၀။ ဝိဝါဒါဓိကရုဏ်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ ဝိဝါဒါဓိကရုဏ်းသည် ရံခါ ကုသိုလ်တည်း၊ ရံခါ အကုသိုလ်တည်း၊ ရံခါ အဗျာကတတည်း။

ထိုသုံးမျိုးတို့တွင် ကုသိုလ်ဝိဝါဒါဓိကရုဏ်းသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် တရားဟူ၍ရင်း တရားမဟုတ်ဟူ၍ရင်း။ပ။ မှန်ရင်းသော အာပတ်ဟူ၍ရင်း မရှန်ရင်းသောအာပတ်ဟူ၍ရင်း ကုသိုလ်စိတ်ရှိလျက် ငြင်းခုံကုန်၏။

ထိုငြင်းခုံရာ၌ မျက်ကွယ်မျက်မှောက်ငြင်းခုံသည့်ပြင် ကိုယ်လက်ထိပါးအငြင်းပွါးလျက် ဆန့်ကျင်ဖက်ပြောခြင်း အထူးထူးပြောခြင်း တပါးသော အခြင်းအရာအားဖြင့် ပြောခြင်း စိတ်ဆင်းရဲဘို့ရန် ပြောခြင်း ခိုက်ရန်ဖြစ်ခြင်းတို့ကို ကုသိုလ်ဝိဝါဒါဓိကရုဏ်းဟု ဆိုအပ်၏။

ထိုသုံးမျိုးတို့တွင် အကုသိုလ် ဝိဝါဒါဓိကရုဏ်းသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် တရားဟူ၍ရင်း တရားမဟုတ်ဟူ၍ရင်း။ပ။ မှန်ရင်းသော အာပတ်ဟူ၍ရင်း မရှန်ရင်းသော အာပတ်ဟူ၍ရင်း အကုသိုလ်စိတ်ရှိလျက် ငြင်းခုံကုန်၏။

ထိုငြင်းခုံရာ၌ မျက်ကွယ်မျက်မှောက်ငြင်းခုံသည့်ပြင် ကိုယ်လက်ထိပါးအငြင်းပွါးလျက် ဆန့်ကျင်ဖက်ပြောခြင်း အထူးထူးပြောခြင်း တပါးသော အခြင်းအရာဖြင့် ပြောခြင်း စိတ်ဆင်းရဲဘို့ရန် ပြောခြင်း ခိုက်ရန်ဖြစ်ခြင်းတို့ကို အကုသိုလ်ဝိဝါဒါဓိကရုဏ်းဟု ဆိုအပ်၏။

http://www.dhammadownload.com



ထိုသုံးမျိုးတွင် အဗျာကတ ဝိဝါဒါဓိကရဏ်းသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် တရားဟူ၍ရင်း တရားမဟုတ်ဟူ၍ရင်း။ပ။ ရှန့်ရင်းသော အာပတ်ဟူ၍ရင်း မရှန့်ရင်းသော အာပတ်ဟူ၍ရင်း အဗျာကတစိတ်ရှိလျက် ငြင်းခုံကုန်၏။

ထိုငြင်းခုံရာ၌ မျက်ကွယ်မျက်မှောက်ငြင်းခုံသည့်ပြင် ကိုယ်လက်ထိပါး အငြင်းပွါးလျက် ဆန့်ကျင်ဖက်ပြောခြင်း အထူးထူးပြောခြင်း တပါးသောအခြင်းအရာဖြင့်ပြောခြင်း စိတ်ဆင်းရဲဘို့ရန်ပြောခြင်း ခိုက်ရန်ဖြစ်ခြင်းတို့ကို အဗျာကတဝိဝါဒါဓိကရဏ်းဟု ဆိုအပ်၏။

၂၂၁။ အနုဝါဒါဓိကရဏ်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ အနုဝါဒါဓိကရဏ်းသည် ရံခါ ကုသိုလ်တည်း၊ ရံခါ အကုသိုလ်တည်း၊ ရံခါ အဗျာကတတည်း။

ထိုသုံးမျိုးတို့တွင် ကုသိုလ်အနုဝါဒါဓိကရဏ်းသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် ကုသိုလ်စိတ်ရှိလျက် သီလပျက်စီးခြင်းဖြင့်ရင်း အကျင့်ပျက်စီးခြင်းဖြင့်ရင်း အယူပျက်စီးခြင်းဖြင့်ရင်း အသက်မွေးမှု ပျက်စီးခြင်းဖြင့်ရင်း ရဟန်းကို စွပ်စွဲကုန်၏။ ထိုသို့စွပ်ရာ၌ စွပ်စွဲခြင်း စွပ်စွဲသောအခြင်းအရာ ဆိုခြင်း ဆိုသောအခြင်းအရာ ကောက်သည်၏အဖြစ် ရှေးရှုအားထုတ်သည်၏အဖြစ် အားအဆင့်ကို ပေးခြင်းတို့ကို ကုသိုလ်အနုဝါဒါဓိကရဏ်းဟု ဆိုအပ်၏။

ထိုသုံးမျိုးတို့တွင် အကုသိုလ် အနုဝါဒါဓိကရဏ်းသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် အကုသိုလ်စိတ်ရှိလျက် သီလပျက်စီးခြင်းဖြင့်ရင်း အကျင့်ပျက်စီးခြင်းဖြင့်ရင်း အယူပျက်စီးခြင်းဖြင့်ရင်း အသက်မွေးမှု ပျက်စီးခြင်းဖြင့်ရင်း ရဟန်းကို စွပ်စွဲကုန်၏။ ထိုစွပ်စွဲရာ၌ စွပ်စွဲခြင်း စွပ်စွဲသောအခြင်းအရာ ဆိုခြင်း ဆိုသောအခြင်းအရာ ကောက်သည်၏ အဖြစ် ရှေးရှုအားထုတ်သည်၏အဖြစ် အားအဆင့်ကို ပေးခြင်းတို့ကို အကုသိုလ် အနုဝါဒါဓိကရဏ်း ဟု ဆိုအပ်၏။

ထိုသုံးမျိုးတို့တွင် အဗျာကတ အနုဝါဒါဓိကရဏ်းသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် အဗျာကတစိတ်ရှိလျက် သီလ ပျက်စီးခြင်းဖြင့်ရင်း အကျင့်ပျက်စီးခြင်းဖြင့်ရင်း အယူပျက်စီးခြင်းဖြင့်ရင်း အသက်မွေးမှု ပျက်စီးခြင်းဖြင့်ရင်း ရဟန်းကို စွပ်စွဲကုန်၏။ ထိုသို့ စွပ်စွဲရာ၌ စွပ်စွဲခြင်း စွပ်စွဲသောအခြင်းအရာ ဆိုခြင်း ဆိုသောအခြင်းအရာ ကောက်သည်၏အဖြစ် ရှေးရှုအားထုတ်သည်၏အဖြစ် အားအဆင့်ကို ပေးခြင်းတို့ကို အဗျာကတ အနုဝါဒါဓိကရဏ်း ဟု ဆိုအပ်၏။

၂၂၂။ အာပတ္တာဓိကရဏ်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော၊ အာပတ္တာဓိကရဏ်းသည် ရံခါ အကုသိုလ်တည်း၊ ရံခါ အဗျာကတတည်း၊ကုသိုလ်အာပတ္တာဓိကရဏ်းကား မရှိ။

ထိုနှစ်မျိုးတို့တွင် အကုသိုလ် အာပတ္တာဓိကရဏ်းသည် အဘယ်နည်း။ သိလျက် ကောင်းစွာ သိလျက် စေ့ဆော်၍ လွမ်းမိုး၍ လွန်ကျူးအပ်သော အာပတ်ကို အကုသိုလ် အာပတ္တာဓိကရဏ်း ဟု ဆိုအပ်၏။

ထိုနှစ်မျိုးတို့တွင် အဗျာကတ အာပတ္တာဓိကရဏ်းသည် အဘယ်နည်း။ မသိပဲ ကောင်းစွာ မသိပဲ မစေ့ဆော်မူ၍ မလွှမ်းမိုးမူ၍ လွန်ကျူးအပ်သော အာပတ်ကို အဗျာကတအာပတ္တာဓိကရဏ်း ဟု ဆိုအပ်၏။

http://www.dhammadownload.com



၂၂၃။ ကိစ္စာဓိကရုဏ်းသည် ကုသိုလ်လော အကုသိုလ်လော အဗျာကတလော။ ကိစ္စာဓိကရုဏ်းသည် ရံခါ ကုသိုလ်တည်း၊ ရံခါ အကုသိုလ်တည်း၊ ရံခါ အဗျာကတတည်း။

ထိုသုံးမျိုးတို့တွင် ကုသိုလ်ကိစ္စာဓိကရုဏ်းသည် အဘယ်နည်း။ သံဃာက ကုသိုလ်စိတ်ရှိလျက် ပြုအပ်သော အပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံတို့ကို ကုသိုလ်ကိစ္စာဓိကရုဏ်း ဟု ဆိုအပ်၏။

ထိုသုံးမျိုးတို့တွင် အကုသိုလ်ကိစ္စာဓိကရုဏ်းသည် အဘယ်နည်း။ သံဃာက အကုသိုလ်စိတ်ရှိလျက် ပြုအပ်သော အပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံတို့ကို အကုသိုလ်ကိစ္စာဓိကရုဏ်း ဟု ဆိုအပ်၏။

ထိုသုံးမျိုးတို့တွင် အဗျာကတကိစ္စာဓိကရုဏ်းသည် အဘယ်နည်း။ သံဃာက အဗျာကတစိတ်ရှိလျက် ပြုအပ်သော အပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံတို့ကို အဗျာကတကိစ္စာဓိကရုဏ်း ဟု ဆိုအပ်၏။

၂၂၄။ ဝိဝါဒလည်းမည်၍ ဝိဝါဒါဓိကရုဏ်းလည်း မည်သလော၊ ဝိဝါဒသာမည်၍ အဓိကရုဏ်း မမည်သလော၊ အဓိကရုဏ်းသာ မည်၍ ဝိဝါဒမမည်သလော၊ အဓိကရုဏ်းလည်းမည် ဝိဝါဒလည်း မည်သလော၊ အချို့သည် ဝိဝါဒလည်းမည်၏၊ ဝိဝါဒါဓိကရုဏ်းလည်း မည်၏။ အချို့သည် ဝိဝါဒသာ မည်၍ အဓိကရုဏ်းမမည်။ အချို့သည် အဓိကရုဏ်းသာမည်၍ ဝိဝါဒမမည်။ အချို့သည် အဓိကရုဏ်း လည်း မည်၏၊ ဝိဝါဒလည်း မည်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် ဝိဝါဒလည်းမည် ဝိဝါဒါဓိကရုဏ်းလည်းမည်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် တရားဟူ၍ရင်း၊ တရားမဟုတ်ဟူ၍ရင်း။ပ။ ရုန့်ရင်းသော အာပတ်ဟူ၍ရင်း မရုန့်ရင်းသော အာပတ်ဟူ၍ရင်း ငြင်းခုံကုန်၏။

ထိုသို့ ငြင်းခုံရာ၌ မျက်နှာချင်းဆိုင် ငြင်းခုံသည့်ပြင် ကိုယ်လက်ထိပါး အငြင်းပွါးလျက် ဆန့်ကျင်ဖက်ပြောခြင်း အထူးထူးပြောခြင်း တပါးသော အကြောင်းအရာဖြင့် ပြောခြင်း စိတ်ဆင်းရဲရန် ပြောခြင်း ခိုက်ရန် ဖြစ်ခြင်းတို့သည် ဝိဝါဒလည်း မည်ကုန်၏၊ ဝိဝါဒါဓိကရုဏ်းလည်း မည်ကုန်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် ဝိဝါဒသာ မည်၍ အဓိကရုဏ်း မမည်သနည်း။ အမိနှင့်သား ငြင်းခုံခြင်း အဖနှင့်သား ငြင်းခုံခြင်း သားနှင့် အဖ ငြင်းခုံခြင်း ညီအစ်ကိုအချင်းချင်း ငြင်းခုံခြင်း မောင်နှင့်အစ်မနှစ်မငြင်းခုံခြင်း အစ်မ နှစ်မနှင့်မောင်ငြင်းခုံခြင်း မိတ်ဆွေအချင်းချင်း ငြင်းခုံခြင်းတို့သည် ဝိဝါဒသာမည်၍ အဓိကရုဏ်း မမည်ကုန်။

ထိုလေးမျိုးတို့တွင် အဘယ်သည် အဓိကရုဏ်းသာ မည်၍ ဝိဝါဒမမည်သနည်း။ အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်း ကိစ္စာဓိကရုဏ်းတို့သည် အဓိကရုဏ်းသာမည်၍ ဝိဝါဒမမည်ကုန်။

ထိုလေးမျိုးတို့တွင် အဘယ်သည် အဓိကရုဏ်းလည်းမည် ဝိဝါဒလည်း မည်သနည်း။ ဝိဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလည်း မည်၏၊ ဝိဝါဒလည်း မည်၏။

၂၂၅။ အနုဝါဒလည်းမည် အနုဝါဒါဓိကရုဏ်းလည်း မည်သလော၊ အနုဝါဒသာမည်၍ အဓိကရုဏ်းမမည်သလော၊ အဓိကရုဏ်းသာမည်၍ အနုဝါဒမမည်သလော၊ အဓိကရုဏ်းလည်းမည် အနုဝါဒလည်း မည်သလော၊ အချို့သည် အနုဝါဒလည်းမည်၏၊ အနုဝါဒါဓိကရုဏ်းလည်းမည်၏။ အချို့သည် အနုဝါဒသာမည်၍ အဓိကရုဏ်းမမည်။ အချို့သည် အဓိကရုဏ်းသာမည်၍ အနုဝါဒမမည်။ အချို့သည် အဓိကရုဏ်းလည်း မည်၏၊ ဝိဝါဒလည်း မည်၏။

http://www.dhammadownload.com



ထိုလေးမျိုးတို့တွင် အဘယ်သည် အနုဝါဒလည်းမည် အနုဝါဒါဓိကရုဏ်းလည်း မည်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် သီလပျက်စီးခြင်းဖြင့်ရင်း အကျင့်ပျက်စီးခြင်းဖြင့်ရင်း အယူပျက်စီးခြင်းဖြင့်ရင်း အသက်မွေးမှုပျက်စီးခြင်းဖြင့်ရင်း ရဟန်းကို စွပ်စွဲကုန်၏။

ထိုသို့စွပ်စွဲရာ၌ စွပ်စွဲခြင်း စွပ်စွဲသောအခြင်းအရာ ဆိုခြင်း ဆိုသောအခြင်းအရာ ကောက်သည ၏ အဖြစ် ရှေးရှုအားထုတ်သည်၏ အဖြစ် အားအဆင့်ပေးခြင်းတို့သည် အနုဝါဒလည်း မည်ကုန်၏၊ အနုဝါဒါဓိကရုဏ်းလည်း မည်ကုန်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် အနုဝါဒသာမည်၍ အဓိကရုဏ်းမမည်သနည်း။အမိကသားကို စွပ်စွဲခြင်း သားကလည်း အမိကို စွပ်စွဲခြင်း အဖကသားကိုစွပ်စွဲခြင်း သားကလည်း အဖကို စွပ်စွဲခြင်း ညီအစ်ကိုအချင်းချင်း စွပ်စွဲခြင်း မောင်ကအစ်မနှမကို စွပ်စွဲခြင်း အစ်မနှမကလည်း မောင်ကို စွပ်စွဲခြင်း မိတ်ဆွေအချင်းချင်း စွပ်စွဲခြင်းတို့သည် အနုဝါဒသာမည်၍ အဓိကရုဏ်းမမည်။

ထိုလေးမျိုးတို့တွင် အဘယ်သည်အဓိကရုဏ်းသာမည်၍ အနုဝါဒမမည်သနည်း။ အာပတ္တာဓိကရုဏ်း ကိစ္စာဓိကရုဏ်း ဝိဝါဒါဓိကရုဏ်းတို့သည် အဓိကရုဏ်းသာ မည်၍ အနုဝါဒမမည်။

ထိုလေးမျိုးတို့တွင် အဘယ်သည် အဓိကရုဏ်းလည်းမည် အနုဝါဒလည်းမည်သနည်း။

အနုဝါဒါဓိကရုဏ်းသည် အဓိကရုဏ်းလည်း မည်၏၊ အနုဝါဒလည်း မည်၏။

၂၂၆။ အာပတ်လည်းမည် အာပတ္တာဓိကရုဏ်းလည်း မည်သလော အာပတ်သာမည်၍ အဓိကရုဏ်းမမည်သလော၊ အဓိကရုဏ်းသာမည်၍ အာပတ်မမည်သလော၊အဓိကရုဏ်းလည်းမည် အာပတ်လည်းမည်သလော၊ အချို့သည် အာပတ်လည်း မည်၏၊ အာပတ္တာဓိကရုဏ်းလည်း မည်၏။ အချို့သည် အာပတ်သာမည်၍ အဓိကရုဏ်းမမည်။ အချို့သည် အဓိကရုဏ်းသာမည်၍ အာပတ် မမည်။ အချို့သည် အဓိကရုဏ်းလည်း မည်၏၊ အာပတ်လည်း မည်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် အာပတ်လည်းမည် အာပတ္တာဓိကရုဏ်းလည်း မည်သနည်း။

အာပတ်ငါးပုံ အာပတ်ခုနစ်ပုံတို့သည် အာပတ်လည်းမည် အာပတ္တာဓိကရုဏ်းလည်း မည် ကုန်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် အာပတ်သာမည်၍ အဓိကရုဏ်းမမည်သနည်း။

သောတာပတ္တိနှင့် သမာပတ္တိတို့သည် အာပတ်သာမည်၍ အဓိကရုဏ်းမမည်။

ထိုလေးမျိုးတို့တွင် အဘယ်သည် အဓိကရုဏ်းသာမည်၍ အာပတ်မမည်သနည်း။

ကိစ္စာဓိကရုဏ်း ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်း တို့သည် အဓိကရုဏ်းသာမည်၍ အာပတ် မမည်ကုန်။

ထိုလေးမျိုးတို့တွင် အဘယ်သည် အဓိကရုဏ်းလည်းမည် အာပတ်လည်း မည်သနည်း။

အာပတ္တာဓိကရုဏ်းသည် အဓိကရုဏ်းလည်း မည်၏၊ အာပတ်လည်း မည်၏။

http://www.dhammadownload.com



၂၂၇။ ကိစ္စလည်းမည် ကိစ္စာဓိကရုဏ်းလည်း မည်သလော၊ ကိစ္စသာမည်၍ အဓိကရုဏ်း မမည်သလော၊ အဓိကရုဏ်းသာမည်၍ ကိစ္စမမည်သလော၊ အဓိကရုဏ်းလည်းမည် ကိစ္စလည်း မည်သလော။

အချို့သည် ကိစ္စလည်းမည် ကိစ္စာဓိကရုဏ်းလည်းမည်၏။ အချို့သည် ကိစ္စသာမည်၍ အဓိကရုဏ်းမမည်။ အချို့သည် အဓိကရုဏ်းသာမည်၍ ကိစ္စမမည်။ အချို့သည် အဓိကရုဏ်းလည်းမည် ကိစ္စလည်းမည်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် ကိစ္စလည်းမည် ကိစ္စာဓိကရုဏ် လည်း မည်သနည်း။

သံဃာ၏ ကိစ္စပြုဖွယ်ဖြစ်သော အပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံ တို့သည် ကိစ္စလည်းမည် ကိစ္စာဓိကရုဏ်းလည်း မည်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် ကိစ္စသာမည်၍ အဓိကရုဏ်းမမည်သနည်း၊ ဆရာ့ကိစ္စ ဥပဇ္ဈာယ်ကိစ္စ ဥပဇ္ဈာယ်တူ သီတင်းသုံးဖော်ကိစ္စ ဆရာတူသီတင်းသုံးဖော်ကိစ္စတို့သည် ကိစ္စသာမည်၍ အဓိကရုဏ်းမမည်ကုန်။

ထိုလေးမျိုးတို့တွင် အဘယ်သည် အဓိကရုဏ်းသာမည်၍ ကိစ္စမမည်သနည်း၊ ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်းတို့သည် အဓိကရုဏ်းသာမည်၍ ကိစ္စမမည်ကုန်။

ထိုလေးမျိုးတို့တွင် အဘယ်သည် အဓိကရုဏ်းလည်းမည် ကိစ္စလည်းမည်သနည်း၊ ကိစ္စာဓိကရုဏ်းသည် အဓိကရုဏ်းလည်းမည်၏၊ ကိစ္စလည်းမည်၏။

## ၉-အဓိကရုဏ်းငြိမ်းကြောင်းသမထ သမ္မုခါဝိနည်း

၂၂၈။ ဝိဝါဒါဓိကရုဏ်းသည် အဘယ်သမထတို့ဖြင့် ငြိမ်းသနည်း။ ဝိဝါဒါဓိကရုဏ်းသည် သမ္မုခါဝိနည်း ယေဘုယျသိကကံဟူသော နှစ်ပါးသောသမထတို့ဖြင့် ငြိမ်း၏၊ ဝိဝါဒါဓိကရုဏ်းသည် ယေဘုယျသိကဟူသော တခုသောသမထသို့ မရောက်ပဲ သမ္မုခါဝိနည်းဟူသော တခုသောသမထ ဖြင့်ငြိမ်းရာသလော၊ငြိမ်းရာ၏ဟု ဆိုအပ်၏။အဘယ်သို့နည်းဟူမူကား—ဤသာသနာတော်၌ ရဟန်းတို့သည် တရားဟူ၍ရင်း တရားမဟုတ်ဟူ၍ရင်း၊ ဝိနည်းဟူ၍ရင်း ဝိနည်းမဟုတ်ဟူ၍ရင်း၊ ဘုရားဟောဟူ၍ရင်း ဘုရားဟောမဟုတ်ဟူ၍ရင်း၊ မြတ်စွာဘုရားအလေ့အကျက်ဟူ၍ရင်း မြတ်စွာဘုရား အလေ့အကျက်မဟုတ်ဟူ၍ရင်း၊ မြတ်စွာဘုရား၏ ပညတ်ချက်ဟူ၍ရင်း မြတ်စွာဘုရား၏ ပညတ်ချက် မဟုတ်ဟူ၍ရင်း၊ အာပတ်ဟူ၍ရင်း အာပတ်မဟုတ်ဟူ၍ရင်း၊ ပေါ့သောအာပတ်ဟူ၍ရင်း လေးသော အာပတ်ဟူ၍ရင်း၊ အကြွင်းရှိသော အာပတ်ဟူ၍ရင်း အကြွင်းမဲ့ အာပတ်ဟူ၍ရင်း၊ ရှုန့်ရင်းသော အာပတ်ဟူ၍ရင်း မရှုန့်ရင်းသော အာပတ်ဟူ၍ရင်း ငြင်းခုံကုန်၏။ ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ငြိမ်းစေရန် စွမ်းဆောင်နိုင်ကုန်ငြားအံ့၊ ဤအဓိကရုဏ်းကို ငြိမ်း၏ ဟု ဆိုအပ်၏။

အဘယ် ဝိနည်းကံဖြင့် ငြိမ်းသနည်း။

သမ္မုခါ ဝိနည်းဖြင့်ငြိမ်း၏။

ထိုသို့ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း၊ သံဃာ၏ မျက်မှောက် ဖြစ်ခြင်း 'သံဃသမ္မုခတာ' တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' ပုဂ္ဂိုလ်၏မျက်မှောက်ဖြစ်ခြင်း'ပုဂ္ဂလသမ္မုခတာ'တို့တည်း။

http://www.dhammadownload.com



**ထိုလေးမျိုးတို့တွင် အဘယ်သည် သံဃာ၏မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ' မည်သနည်း။**

ကံအားလျော်က်ပတ်သော ရဟန်းတို့၏ လာခြင်း ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ခြင်း မျက်မှောက်ဖြစ်သော ရဟန်းတို့က မတားမြစ်ခြင်းတို့သည် သံဃာ၏ မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ' မည်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည်တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' မည်သနည်း။

အဓိကရဏ်းငြိမ်းကြောင်းဖြစ်သော ဓမ္မဝိနယ ဥတ်ကမ္ပဝါစာတို့သည် တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက် ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' မည်ကုန်၏။

ထိုလေးမျိုးတွင် အဘယ်သည် ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ' မည်သနည်း။

(သပိတ်သင်္ကန်းစသော)အကြောင်းတခုခုကြောင့် ရန်သူဖြစ်ကြသော အချင်းချင်း ငြင်းခုံသော ရဟန်းနှစ်ပါးတို့၏ မျက်မှောက်ဖြစ်ခြင်းသည် ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း'ပုဂ္ဂလသမ္မုခတာ' မည်၏။

ရဟန်းတို့ ဤသို့ငြိမ်းပြီးအဓိကရဏ်းကို ငြိမ်းအောင်ပြုသော ကာရကရဟန်း 'ကာရကသံဃာ' သည် ချောက်ချားမှု ချောက်ချားခြင်းကြောင့် ဖြစ်သော ပါစိတ်အာပတ် သင့်၏၊ ဆန္ဒပေးသော ရဟန်းသည် ရှုတ်ချမှု ရှုတ်ချခြင်းကြောင့် ဖြစ်သော ပါစိတ်အာပတ် သင့်၏။

**၂၂၉။ ရဟန်းတို့ ထိုရဟန်းတို့သည် ထိုအဓိကရဏ်းကို ထိုကျောင်း၌ မငြိမ်းစေနိုင်ငြားအံ့၊ ရဟန်းတို့ ထိုရဟန်းတို့သည် ရဟန်းများရာကျောင်းသို့ သွားကြရမည်။**

ရဟန်းတို့ ထိုရဟန်းတို့သည် ထိုကျောင်းသို့ သွားကုန်စဉ် လမ်းခရီးအကြား၌ ထိုအဓိကရဏ်းကို **ငြိမ်းစေရန်စွမ်းဆောင်ငြားအံ့၊ ဤအဓိကရဏ်းကို ငြိမ်း၏ ဟု ဆိုအပ်၏။**

**အဘယ်ဝိနည်းကံဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်းဖြင့် ငြိမ်း၏။**

ထိုသို့ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် **အဘယ်နည်း။ သံဃာ၏မျက်မှောက်ဖြစ်ခြင်း** 'သံဃသမ္မုခတာ' တရား၏မျက်မှောက်ဖြစ်ခြင်း **'ဓမ္မသမ္မုခတာ'** ဝိနည်း၏မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'တည်း။

ထိုလေးမျိုးတို့တွင် အဘယ်သည် **သံဃာ၏** မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ' မည်သနည်း။

ကံအားလျော်က်ပတ်သော ရဟန်းတို့၏လာခြင်း ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ခြင်း မျက်မှောက်ဖြစ်သော ရဟန်းတို့၏ မတားမြစ်ခြင်းတို့သည် သံဃာ၏ မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ' မည်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် တရား၏မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' မည်သနည်း။

http://www.dhammadownload.com



အဓိကရဏ်းငြိမ်းကြောင်းဖြစ်သော ဓမ္မဝိနယဉ်တ်ကမ္မဝါစာတို့သည် တရား၏မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' မည်ကုန်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ' မည်သနည်း။

(သပိတ်သက်နီးစသော)အကြောင်းတခုခုကြောင့် ရန်သူဖြစ်သော အချင်းချင်း ငြင်းခုံသော ရဟန်းနှစ်ပါးတို့၏ မျက်မှောက်ဖြစ်ခြင်းသည် ပုဂ္ဂိုလ်၏မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ' မည်၏။

ရဟန်းတို့ ဤသို့ငြိမ်းပြီးအဓိကရဏ်းကို ငြိမ်းအောင်ပြုသော ကာရက ရဟန်း 'ကာရကသံဃာ' သည် ချောက်ချားမှု ချောက်ချားခြင်းကြောင့်ဖြစ်သော ပါစိတ်အာပတ် သင့်၏၊ ဆန္ဒပေးသော ရဟန်းသည် ရှုတ်ချမှု ရှုတ်ချခြင်းကြောင့် ဖြစ်သော ပါစိတ်အာပတ် သင့်၏။

၂၃၀။ ရဟန်းတို့ ထိုရဟန်းတို့သည် ထိုကျောင်းသို့ သွားစဉ် လမ်းခရီးအကြား၌ ထိုအဓိကရဏ်းကို ငြိမ်းစေရန် မစွမ်းဆောင်နိုင်ကုန်ငြားအံ့၊ ထိုရဟန်းတို့သည် ထိုကျောင်းသို့ သွား၍ ကျောင်းနေရဟန်းတို့ကို—

"ငါ့သျှင်တို့ ဤအဓိကရဏ်းသည် ဤသို့ဖြစ်၏၊ ဤသို့ပေါ်ပေါက်၏၊ တောင်းပန်၏၊ အသျှင်တို့သည်အဓိကရဏ်းငြိမ်းကြောင်းဖြစ်သော ဓမ္မဝိနယဉ်တ်ကမ္မဝါစာတို့ဖြင့် အဓိကရဏ်းကို ငြိမ်းစေပါကုန်လော့" ဟု ပြောဆို၏။

ရဟန်းတို့ ကျောင်းနေရဟန်းတို့သည် သီတင်းကြီးရဟန်းဖြစ်၍ အာဂန္တုကရဟန်းတို့သည် သီတင်းငယ် ရဟန်းဖြစ်ကုန်ငြားအံ့၊ ရဟန်းတို့ ထိုကျောင်းနေရဟန်းတို့သည် အာဂန္တုရဟန်းတို့ကို "အသျှင်တို့ အကျွန်ုပ်တို့ တိုင်ပင်ပြီးသည့်တိုင်အောင် သင်တို့သည် တခဏမျှ တခုသော နေရာ၌ နေပါကုန်လော့" ဟု ပြောဆိုရမည်။

ရဟန်းတို့ ကျောင်းနေရဟန်းတို့သည် သီတင်းငယ်ရဟန်းဖြစ်၍ အာဂန္တုကရဟန်းတို့သည် သီတင်းကြီးရဟန်းဖြစ်ကုန်ငြားအံ့၊ ရဟန်းတို့ ထိုကျောင်းနေရဟန်းတို့သည် အာဂန္တုကရဟန်းတို့ကို "အသျှင်ဘုရားတို့ သို့ဖြစ်လျှင် အသျှင်ဘုရားတို့သည် အကျွန်ုပ်တို့တိုင်ပင်ပြီးသည့်တိုင်အောင် ဤနေရာမှာပင် နေကုန်လော့" ဟု ပြောဆိုရမည်။

ရဟန်းတို့ တိုင်ပင်ဆဲ ဖြစ်သော ကျောင်းနေရဟန်းတို့အား "ငါတို့သည် ဤအဓိကရဏ်းကို ဓမ္မဝိနယဉ်တ်ကမ္မဝါစာတို့ဖြင့် ငြိမ်းစေရန် မစွမ်းဆောင်နိုင်ကုန်" ဟု အကြံ ဖြစ်ငြားအံ့၊ ကျောင်းနေရဟန်းတို့သည် ထိုအဓိကရဏ်းကို လက်မခံအပ်။

ရဟန်းတို့ တိုင်ပင်ဆဲ ဖြစ်သော ကျောင်းနေရဟန်းတို့အား "ငါတို့သည် ဤအဓိကရဏ်းကို ဓမ္မဝိနယဉ်တ်ကမ္မဝါစာတို့ဖြင့် ငြိမ်းစေရန် စွမ်းဆောင်နိုင်ကုန်၏" ဟု အကြံ ဖြစ်ငြားအံ့၊ ရဟန်းတို့ ထိုကျောင်းနေရဟန်းတို့သည် အာဂန္တုက ရဟန်းတို့ကို "အသျှင်တို့ အသျှင်တို့သည် အကျွန်ုပ်တို့အား ဖြစ်သည့်အတိုင်း ပေါ်ပေါက်သည့်အတိုင်း ဤအဓိကရဏ်းကို ပြောကုန်ငြားအံ့၊ ဓမ္မဝိနယဉ်တ်ကမ္မဝါစာတို့ဖြင့် ဤအဓိကရဏ်းကို အကျွန်ုပ်တို့ ငြိမ်းစေသည့်အတိုင်း ဤအဓိကရဏ်းသည် ကောင်းစွာ ငြိမ်းလတ္တံ့၊ ဤသို့ ဖြစ်မူ အကျွန်ုပ်တို့သည် ဤအဓိကရဏ်းကို လက်ခံကုန်အံ့။

http://www.dhammadownload.com



အသျှင်တို့ အသျှင်တို့သည် အကျွန်ုပ်တို့အား ဖြစ်သည့်အတိုင်း ပေါ်ပေါက်သည့်အတိုင်း ဤအဓိကရုဏ်းကို မပြောကုန်ငြားအံ့၊ ဓမ္မဝိနယဥ တ်ကမ္မဝါစာတို့ဖြင့် ဤအဓိကရုဏ်းကို အကျွန်ုပ်တို့ ငြိမ်းစေမည့်အတိုင်း ဤအဓိကရုဏ်းသည် ကောင်းစွာ ငြိမ်းမည်မဟုတ်၊ ဤသို့ ဖြစ်မူ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို လက်မခံကုန်အံ့" ဟု ပြောဆိုရမည်။

ရဟန်းတို့ ကျောင်းနေ ရဟန်းတို့သည် ဤသို့ ကောင်းစွာ သိမ်းဆည်းအပ်သည်ကို ပြု၍ ထိုအဓိကရုဏ်းကို လက်ခံရမည်။

ရဟန်းတို့ ထိုအာဂန္တုက ရဟန်းတို့သည် ကျောင်းနေ ရဟန်းတို့ကို—

"ငါတို့သည် အသျှင်တို့အား ဤအဓိကရုဏ်းကို ဖြစ်သည့်အတိုင်း ပေါ်ပေါက်သည့်အတိုင်း ပြောကြားကုန်အံ့။

အသျှင်တို့သည် ဤမျှလောက် ဤမျှလောက်သော အကြောင်းဖြင့် ဤအဓိကရုဏ်းကို ဓမ္မဝိနယဥ တ်ကမ္မဝါစာတို့ဖြင့် ငြိမ်းစေရန် စွမ်းဆောင်နိုင်ကုန်ငြားအံ့၊ ထိုအတိုင်းပင် ကောင်းစွာ ငြိမ်းပါလိမ့်မည်၊ ဤသို့ ငြိမ်းမူ ငါတို့သည် အသျှင်တို့အား ဤအဓိကရုဏ်းကို လွှဲအပ်ကုန်အံ့။

အသျှင်တို့သည် ဤမျှလောက် ဤမျှလောက်သော အကြောင်းဖြင့် အဓိကရုဏ်းကို ဓမ္မဝိနယဥ တ်ကမ္မဝါစာတို့ဖြင့် မငြိမ်းစေကုန်နိုင်ငြားအံ့၊ ထိုအတိုင်းပင် ဤအဓိကရုဏ်းသည် ကောင်းစွာ ငြိမ်းမည် မဟုတ်ပါ၊ ငါတို့သည် ဤအဓိကရုဏ်းကို အသျှင်တို့အား လွှဲအပ်ကုန်မည်မဟုတ်ပါ၊ ငါတို့ပင် ဤအဓိကရုဏ်း၏ အရှင်များ ဖြစ်ကုန်အံ့" ဟု ပြောဆိုရမည်။

ရဟန်းတို့ ဤသို့ ကောင်းစွာ သိမ်းဆည်းအပ်သည်ကို ပြု၍ အာဂန္တုကရဟန်းတို့သည် ကျောင်းနေ ရဟန်းတို့အား ထိုအဓိကရုဏ်းကို လွှဲအပ်ရမည်။

ရဟန်းတို့ ထိုရဟန်းတို့သည် ထိုအဓိကရုဏ်းကို ငြိမ်းစေကုန်ငြားအံ့၊ ရဟန်းတို့ ဤအဓိကရုဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏၊ အဘယ်ဝိနည်းကံဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်းဖြင့် ငြိမ်း၏။

ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း။ သံဃာ၏မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ'တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ'ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'။ပ။ ရဟန်းတို့ ဤသို့ ငြိမ်းပြီး အဓိကရုဏ်းကို ကာရကရဟန်း 'ကာရကသံဃာ'သည် ချောက်ချားမူ ချောက်ချားခြင်းကြောင့် ဖြစ်သော ပါစိတ် အာပတ် သင့်၏၊ ဆန္ဒပေးသော ရဟန်းသည် ရှုတ်ချမူ ရှုတ်ချခြင်းကြောင့် ဖြစ်သော ပါစိတ် အာပတ် သင့်၏။

## ဥဗ္ဗာဟိကကမ္မဝါစာဖြင့် ငြိမ်းခြင်း

၂၃၁။ ရဟန်းတို့ ထိုရဟန်းတို့သည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်အပ်သည်ရှိသော် စကားတို့သည်လည်း မဆုံးနိုင်ကုန်၊ တခုသော စကား၏ အနက် (သဘော)ကိုသော်လည်း မသိအပ်။

ရဟန်းတို့ ဤသို့သော အဓိကရုဏ်းကို ဥဗ္ဗာဟိကကမ္မဝါစာဖြင့် ငြိမ်းစေခြင်းငှါ ခွင့်ပြုတော်မူ၏၊ ရဟန်းတို့ အင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် သမုတ်ရမည်။

http://www.dhammadownload.com



သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လျက်နေ၏၊ အကျင့် 'အာစာရ'ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေး ဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏။ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ဟောပြသော တရားတို့ကို ထိုပုဂ္ဂိုလ်သည် များစွာ ကြားအပ်ကုန်၏၊ ဆောင်ကုန်၏၊ နှုတ်ဖြင့်လေ့လာကုန်၏၊ စိတ်ဖြင့် မှတ်သားကုန်၏၊ ဉာဏ်ဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။ ထိုရဟန်းအား ပါတိမောက် နှစ်ပါးတို့သည် အကျယ်အားဖြင့် ကောင်းစွာ နှုတ်တက်ရ၏၊ကောင်းစွာ ဝေဖန်အပ်ကုန်၏၊ ကောင်းစွာ ဖြစ်ခြင်း ရှိကုန်၏၊ ပါတိမောက်အားဖြင့် အဖွင့် 'ဥဘတောဝိဘင်း'အားဖြင့် ကောင်းစွာ ဆုံးဖြတ်အပ်ကုန်၏။ ဝိနည်း၌ လိမ္မာ၏၊ တွန့်ဆုတ်ခြင်းမရှိ။ (သာပိတ် သက်န်း စသော) အကြောင်းတခုခုကြောင့် ရန်သူဖြစ်သော ရဟန်းနှစ်ပါးတို့ကို သိစေခြင်းငှါလည်း ရှုစေခြင်းငှါလည်း အပြားအားဖြင့် ရှုစေခြင်းငှါလည်း ကြည့်စေခြင်းငှါလည်း ကြည်ညိုစေခြင်းငှါလည်း စွမ်းနိုင်၏။အဓိကရုဏ်း ဖြစ်ကြောင်း ငြိမ်းကြောင်း၌ လိမ္မာ၏။အဓိကရုဏ်းကို သိ၏။ အဓိကရုဏ်း၏ ဖြစ်ကြောင်းကို သိ၏။ အဓိကရုဏ်း၏ ချုပ်ခြင်းကို သိ၏။ အဓိကရုဏ်း ချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့်ကို သိ၏။ ရဟန်းတို့ ဤအင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်ခြင်းငှါ ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၂၃၂။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဆုံးဖြတ်အပ်သည်ရှိသော် စကားတို့သည်လည်း အဆုံးမရှိကုန်၊ တခုသော စကား၏ အနက်(သဘော)ကိုသော်လည်းမသိအပ်၊သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းကိုငင်း ဤမည်သော ရဟန်းကိုငင်း ဥဗ္ဗာဟိကကမ္မဝါစာဖြင့် ဤအဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဆုံးဖြတ်အပ်သည်ရှိသော် စကားတို့သည်လည်း အဆုံးမရှိကုန်၊ တခုသော စကား၏ အနက် (သဘော)ကိုသော်လည်း မသိအပ်၊ သံဃာသည် ဤမည်သော ရဟန်းကိုငင်း ဤမည်သော ရဟန်းကိုငင်း ဥဗ္ဗာဟိကကမ္မဝါစာဖြင့် ဤအဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သမုတ်၏။ ဤမည်သော ရဟန်းကိုငင်း ဤမည်သော ရဟန်းကိုငင်း ဤအဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကိုငင်း ဤမည်သော ရဟန်းကိုငင်း ဤအဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို

http://www.dhammadownload.com



ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

ရဟန်းတို့ ထိုရဟန်းတို့သည် ထိုအဓိကရဏ်းကို ဥဗ္ဗာဟိကကမ္မဝါစာဖြင့် ငြိမ်းစေနိုင်ငြားအံ့၊ ရဟန်းတို့ ဤအဓိကရဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏။ အဘယ်ဝိနည်းကဲဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်းဖြင့် ငြိမ်း၏။ ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း။ တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ'ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ' သည်ငှင်း။ပ။ ရဟန်းတို့ ဤသို့ ငြိမ်းပြီး အဓိကရဏ်းကို ကာရကရဟန်း 'ကာရကသံဃာ' သည် ချောက်ချားမူ ချောက်ချားခြင်းကြောင့် ဖြစ်သော ပါစိတ်အာပတ် သင့်၏။

၂၃၃။ ရဟန်းတို့ ထိုရဟန်းတို့သည် ထိုအဓိကရဏ်းကို ဆုံးဖြတ်အပ်သည်ရှိသော် ထိုပရိသတ်၌ ဓမ္မကထိက ရဟန်းရှိငြားအံ့၊ ထိုဓမ္မကထိကရဟန်းသည် ပါတိမောက်ကိုလည်း နှုတ်တက်မရ၊ ဥဘတောဝိဘင်းကိုလည်း နှုတ်တက်မရ၊ ထိုဓမ္မကထိကသည် အနက်ကို မမှတ်သားနိုင်ပဲ သဒ္ဒါရိပ်ဖြင့် အနက်ကို တားမြစ်၏၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် ထိုရဟန်းတို့ကို သိစေရမည်။

"အသျှင်တို့သည် အကျွန်ုပ်၏ (စကားကို) နာတော်မူကုန်လော့၊ ဤမည်သော ရဟန်းသည် ဓမ္မကထိကတည်း၊ ဤဓမ္မကထိက ရဟန်းသည် ပါတိမောက်ကိုလည်း နှုတ်တက်မရ၊ ဥဘတောဝိဘင်း၊ ကိုလည်း နှုတ်တက်မရ ထိုဓမ္မကထိကရဟန်းသည် အနက်ကို မမှတ်သားပဲ သဒ္ဒါရိပ်ဖြင့် အနက်ကို တားမြစ်၏၊ အသျှင်တို့အား လျောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤမည်သော ရဟန်းကိုထစေ၍ ကြွင်းသော အကျွန်ုပ်တို့သည် ဤအဓိကရဏ်းကို ငြိမ်းစေကုန်အံ့ ဟု (သိစေရမည်)။

ရဟန်းတို့ ထိုရဟန်းတို့သည် ထိုဓမ္မကထိက ရဟန်းကို ထစေ၍ ထိုအဓိကရဏ်းကို ငြိမ်းစေရန် စွမ်းဆောင်နိုင်ကုန်ငြားအံ့၊ ဤအဓိကရဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏။ အဘယ်ဝိနည်းကဲဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်းဖြင့် ငြိမ်း၏။ ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း၊ တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ'သည်ငှင်း ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' သည်ငှင်း ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'သည်ငှင်း။ပ။ ရဟန်းတို့ ဤသို့ ငြိမ်းပြီး အဓိကရဏ်းကို ကာရကရဟန်း 'ကာရကသံဃာ'သည် ချောက်ချားငြားအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော ပါစိတ် အာပတ် သင့်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် ထိုအဓိကရဏ်းကို ဆုံးဖြတ်အပ်သည်ရှိသော ထိုပရိသတ်၌ ဓမ္မကထိက ရဟန်းရှိငြားအံ့၊ ထိုဓမ္မကထိကရဟန်းသည် ပါတိမောက်ကိုသာလျှင် နှုတ်တက်ရ၏၊ ဥဘတောဝိဘင်းကိုကား နှုတ်တက်မရ၊ ထိုဓမ္မကထိကရဟန်းသည် အနက်ကို မမှတ်သားနိုင်ပဲ သဒ္ဒါရိပ်ဖြင့် အနက်ကို တားမြစ်၏။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် ထိုရဟန်းတို့ကို သိစေရမည်။

"အသျှင်တို့သည် အကျွန်ုပ်၏ (စကားကို) နာတော်မူကုန်လော့၊ ဤမည်သော ရဟန်းသည် ဓမ္မကထိကသာတည်း၊ ဤရဟန်းသည် ပါတိမောက်ကိုသာလျှင် နှုတ်တက်ရ၏၊ ဥဘတောဝိဘင်းကိုကား နှုတ်တက်မရ၊ ထိုဓမ္မကထိက ရဟန်းသည် အနက်ကို မမှတ်သားနိုင်ပဲ သဒ္ဒါရိပ်ဖြင့် အနက်ကို

http://www.dhammadownload.com



တားမြစ်၏၊ အသျှင်တို့အား လျှောက်ပတ်သော အခါရှိသောကာသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤဓမ္မကထိကရဟန်းကို ထစေ၍ ကြွင်းသော အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ငြိမ်းစေကုန်အံ့" ဟု (သိစေရမည်)။

ရဟန်းတို့ ထိုရဟန်းတို့သည် ထိုဓမ္မကထိကရဟန်းကို ထစေ၍ ထိုအဓိကရုဏ်းကို ငြိမ်းစေနိုင်ကုန်ငြားအံ့၊ ရဟန်းတို့ ဤအဓိကရုဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏။ အဘယ်ဝိနည်းဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်းဖြင့် ငြိမ်း၏။ ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း၊ တရား၏မျက်မှောက် ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ'သည်ရှင်း ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ'သည်ရှင်း ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'သည်ရှင်း။ပ။ ရဟန်းတို့ ဤသို့လျှင် ငြိမ်းပြီး အဓိကရုဏ်းကို ကာရကရဟန်း 'ကာရကသံဃာ'သည် ချောက်ချားငြားအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော ပါစိတ် အာပတ် သင့်၏။

## ယေဘုယျသိကာဝိနည်း

၂၃၄။ ရဟန်းတို့ ထိုရဟန်းတို့သည် ထိုအဓိကရုဏ်းကို ဥဗ္ဗာဟိကကမ္မဝါစာဖြင့် ငြိမ်းစေရန် မစွမ်းဆောင်နိုင်ကုန်ငြားအံ့။ ရဟန်းတို့ ထိုရဟန်းတို့သည် ထိုအဓိကရုဏ်းကို "အသျှင်ဘုရားတို့ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဥဗ္ဗာဟိကကမ္မဝါစာဖြင့် မငြိမ်းစေနိုင်ကုန်၊ သံဃာသည်ပင် ဤအဓိကရုဏ်းကို ငြိမ်းပါစေလော့" ဟု သံဃာအား လွှဲအပ်ရမည်။ ရဟန်းတို့ ဤသို့သော အဓိကရုဏ်းကို ယေဘုယျသိကဝိနည်းကဲဖြင့် ငြိမ်းစေခြင်းငှါ ခွင့်ပြုတော်မူ၏။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို စာရေးတံမဲပေးသောရဟန်းဟု သမုတ်ရမည်။ ယင်းရဟန်းသည် ဆန္ဒာဂတိသို့လည်းမလိုက်၊ ဒေါသာဂတိသို့လည်း မလိုက်၊ မောဟာဂတိသို့လည်း မလိုက်၊ ဘယာဂတိသို့လည်း မလိုက်၊ စာရေးတံမဲယူအပ်ပြီး မယူအပ်သေးသည်ကိုလည်း သိ၏။ပ။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကိုသိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာအား လျှောက်ပတ်သော အခါရှိသော ကာသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤမည်သော ရဟန်းကို စာရေးတံမဲပေးသော ရဟန်းဟု သမုတ်ရာ၏၊ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊သံဃာသည် ဤမည်သော ရဟန်းကို စာရေးတံမဲပေးသော ရဟန်းဟု သမုတ်၏၊ ဤမည်သော ရဟန်းကို စာရေးတံမဲပေးသော ရဟန်းဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ ၊ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို စာရေးတံမဲပေးသော ရဟန်းဟု သမုတ်အပ်ပြီ၊သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



စာရေးတံမဲပေးသော ထိုရဟန်းသည် စာရေးတံမဲတို့ကို ယူစေရမည်၊ဓမ္မဝါဒီရဟန်းအများတို့က ပြောသည့်အတိုင်း ထိုအဓိကရုဏ်းကို ငြိမ်းစေရမည်၊ ရဟန်းတို့ ဤအဓိကရုဏ်းကို ငြိမ်းသည်ဟု ဆိုအပ်၏။ အဘယ်ဝိနည်းဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်းဖြင့်၎င်း ယေဘုယျသိကဝိနည်းဖြင့်၎င်း ငြိမ်း၏။

ထိုသို့ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း။ သံဃာ၏ မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ' တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ'ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'တည်း။

ထိုလေးမျိုးတို့တွင် အဘယ်သည် သံဃာ၏ မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ' မည်သနည်း၊ ကံအားလျော်က်ပတ်သော ရဟန်းတို့၏လာခြင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ခြင်း၊ မျက်မှောက်ရှိ ရဟန်းတို့၏ မတားမြစ်ခြင်းတို့သည် သံဃာ၏မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ'မည်ကုန်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် တရား၏မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' မည်သနည်း၊ အဓိကရုဏ်း ငြိမ်းကြောင်းဖြစ်သော ဓမ္မဝိနယဥ တ်ကမ္မဝါစာတို့သည် တရား၏မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' မည်ကုန်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် ပုဂ္ဂိုလ်၏မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ' မည်သနည်း၊ (သပိတ်သက်နံးစသော) အကြောင်း ထခုခုကြောင့် ရန်သူဖြစ်သော ငြင်းခုံသော ရဟန်း နှစ်ပါးတို့၏ မျက်မှောက်၌ဖြစ်ခြင်းသည် ပုဂ္ဂိုလ်၏မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'မည်၏။

ထိုဝိနည်းကံ နှစ်မျိုးတို့တွင် အဘယ်သည် ယေဘုယျသိကဝိနည်းကံ မည်သနည်း၊ ယေဘုယျ သိက ဝိနည်းကံကို ပြုခြင်း ပြုသောအခြင်းအရာ ကပ်ခြင်း ရှေးရှုကပ်ခြင်း သည်းခံခြင်း မတား မြစ်ခြင်းတို့သည် ယေဘုယျသိက ဝိနည်းကံ မည်ကုန်၏။

ရဟန်းတို့ ဤသို့ငြိမ်းပြီးသော အဓိကရုဏ်းကို ကာရကရဟန်းသည် ချောက်ချားငြားအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော ပါစိတ်အာပတ် သင့်၏။ ဆန္ဒပေးသောရဟန်းသည် ရှုတ်ချ ငြားအံ့၊ ရှုတ်ချခြင်းကြောင့် ဖြစ်သော ပါစိတ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

## စာရေးတံမဲ ပေးခြင်းသုံးမျိုး

၂၃၅။ ထိုအခါ သာဝတ္ထိပြည်၌ အဓိကရုဏ်းသည် ဤသို့ဖြစ်၏၊ ဤသို့ ပေါ်ပေါက်၏။ ထိုအခါ ထိုရဟန်းတို့သည် သာဝတ္ထိပြည်၌ သံဃာ၏အဓိကရုဏ်းကို ငြိမ်းစေခြင်းဖြင့် မရောင့်ရဲ မကျေနပ်ကုန်။

"ဤမည်သောကျောင်းကိုက်၌ မထေရ်ကြီးအများတို့သည် နေကြကုန်၏။အကြားအမြင်များ ကုန်၏၊ ပါဠိတော်ကိုနှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကိုဆောင်ကုန်၏၊ ပညာရှိ၍ ထက်မြက်လိမ္မာကုန်၏၊ ရှက်တတ်ကုန်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်၏၊ အကျင့်သိက္ခာကို လိုလားကုန်၏၊ ထိုမထေရ်ကြီးတို့သည် ဤအဓိကရုဏ်းကို ဓမ္မဝိနယ ဥ တ်ကမ္မဝါစာတို့ဖြင့် ငြိမ်းစေကုန်ငြားအံ့၊ ဤအဓိကရုဏ်းသည် ကောင်းစွာငြိမ်းရာ၏" ဟု ကြံကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့သည် ထိုကျောင်းတိုက်သို့သွား၍ ထိုမထေရ်ကြီးတို့ကို "အသျှင်ဘုရားတို့ ဤအဓိကရုဏ်းသည် ဤသို့ဖြစ်ပါ၏၊ ဤသို့ ပေါ်ပေါက်ပါ၏၊ အသျှင်ဘုရားတို့ တောင်းပန်ပါ၏၊ မထေရ်တို့သည် အဓိကရုဏ်းငြိမ်းကြောင်းဖြစ်သော ဓမ္မဝိနယဉ္စတ်ကမ္မဝါစာတို့ဖြင့် ဤအဓိကရုဏ်းကို ငြိမ်းစေပါကုန်လော့" ဟု ဆိုကုန်၏။

ထိုအခါ ထိုမထေရ်ကြီးတို့သည် "သာဝတ္ထိပြည်၌ သံဃာက အဓိကရုဏ်းကို ငြိမ်းစေသည့်အတိုင်း ကောင်းစွာ ငြိမ်း၏" ဟု နှလုံးသွင်း၍ ထိုနည်းဖြင့် ထိုအဓိကရုဏ်းကို ငြိမ်းစေကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် သာဝတ္ထိပြည်၌ သံဃာ၏ အဓိကရုဏ်းကို ငြိမ်းစေခြင်းဖြင့် မရောင့်ရဲမကျေနပ်ကုန်၊ မထေရ်ကြီး အများဘို့၏ အဓိကရုဏ်းကို ငြိမ်းစေခြင်းဖြင့် မရောင့်ရဲမကျေနပ်ကုန်။ "ဤမည်သောကျောင်းတိုက်၌ မထေရ်ကြီးသုံးပါးတို့သည် နေကုန်၏ ။ပ။ မထေရ်ကြီးနှစ်ပါးတို့သည် နေကုန်၏။ပ။ မထေရ်ကြီးတပါးသည် နေ၏၊ အကြားအမြင်များ၏၊ ပါဠိတော်ကို နှုတ်တိုက်ဆောင်သည့်ပြင် ဓမ္မဝိနယနှင့် ပါတိမောက်ကိုဆောင်၏၊ ပညာရှိ၍ ထက်မြက်လိမ္မာ၏၊ ရှက်တတ်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိ၏၊ အကျင့်သိက္ခာကို လိုလား၏၊ ထိုမထေရ်ကြီးသည် ဤအဓိကရုဏ်းကို ဓမ္မဝိနယဉ္စတ်ကမ္မဝါစာတို့ဖြင့် ငြိမ်းစေငြားအံ့၊ ဤအဓိကရုဏ်းသည် ကောင်းစွာ ငြိမ်းစေရာ၏" ဟု ကြံကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ထိုကျောင်းတိုက်သို့သွား၍ ထိုမထေရ်ကြီးကို "အသျှင်ဘုရား ဤအဓိကရုဏ်းသည် ဤသို့ဖြစ်ပါ၏၊ ဤသို့ ပေါ်ပေါက်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မထေရ်ကြီးသည် အဓိကရုဏ်းငြိမ်းကြောင်း ဖြစ်သောဓမ္မဝိနယဉ္စတ်ကမ္မဝါစာတို့ဖြင့် ဤအဓိကရုဏ်းကို ငြိမ်းပါစေ" ဟု ဆိုကုန်၏။

ထိုအခါ ထိုမထေရ်ကြီးသည် သာဝတ္ထိပြည်၌ သံဃာက အဓိကရုဏ်းကို ငြိမ်းစေသည့်အတိုင်း မထေရ်ကြီးသုံးပါးတို့က အဓိကရုဏ်းကို ငြိမ်းစေသည့်အတိုင်း မထေရ်ကြီးနှစ်ပါးတို့က အဓိကရုဏ်းကို ငြိမ်းစေသည့်အတိုင်း ကောင်းစွာငြိမ်း၏" ဟု နှလုံးသွင်း၍ ထိုနည်းဖြင့် ထိုအဓိကရုဏ်းကို ငြိမ်းစေ၏။

ထိုအခါ ထိုရဟန်းတို့သည် သာဝတ္ထိပြည်၌ သံဃာ၏ အဓိကရုဏ်းကို ငြိမ်းစေခြင်းဖြင့် မရောင့်ရဲ မကျေနပ်ကုန်၊ မထေရ်ကြီးအများတို့၏ အဓိကရုဏ်းကို ငြိမ်းစေခြင်းဖြင့် မရောင့်ရဲ မကျေနပ်ကုန်၊ မထေရ်ကြီးသုံးပါးတို့၏ အဓိကရုဏ်းကို ငြိမ်းစေခြင်းဖြင့် မရောင့်ရဲ မကျေနပ်ကုန်၊ မထေရ်ကြီး နှစ်ပါးတို့၏ အဓိကရုဏ်းကို ငြိမ်းစေခြင်းဖြင့် မရောင့်ရဲ မကျေနပ်ကုန်၊ မထေရ်ကြီးတပါး၏ အဓိကရုဏ်းကို ငြိမ်းစေခြင်းဖြင့် မရောင့်ရဲ မကျေနပ်ကုန်။

မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ဤအဓိကရုဏ်းသည် ပြီးပြတ်ပြီး ဖြစ်၏၊ ငြိမ်းအေးပြီး ဖြစ်၏၊ ပြေငြိမ်းပြီး ဖြစ်၏၊ ကောင်းစွာ ပြေငြိမ်းပြီး ဖြစ်၏" ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ထိုရဟန်းတို့အား (၁) သိစေရန် လျှို့ဝှက်သော စာရေးတံမဲကို၎င်း (၂) မိမိနားရင်း၌ ကပ်၍ ပေးသော စာရေးတံမဲကို၎င်း (၃) ပွင့်လင်းသော စာရေးတံမဲကို၎င်း ဤစာရေးတံမဲသုံးမျိုးတို့ကိုယူစိမ့်သောငှါ ခွင့်ပြုတော်မူ၏။

ရဟန်းတို့ အဘယ်သို့လျှင် လျှို့ဝှက်သော စာရေးတံမဲ ယူစေခြင်းသည် ဖြစ်သနည်း။

http://www.dhammadownload.com



စာရေးတံမဲ ယူစေသော ထိုရဟန်းသည် စာရေးတံမဲတို့ကို အတိုအရှည် အမှတ်အသားတို့ကို ပြုလုပ်၍ ရဟန်းတပါးတပါးစီသို့ ကပ်၍ "ဤကား ဤသို့သော အယူရှိသူ၏ စာရေးတံမဲတည်း၊ ဤကား ဤသို့သော အယူရှိသူ၏ စာရေးတံမဲတည်း၊ လိုရာမဲကို ယူလော့" ဟု ပြောရမည်၊ (မဲကို)ယူပြီးသော် "တစုံတယောက်သော ပုဂ္ဂိုလ်အားမျှ မပြပါလင့်" ဟု ပြောရဦးမည်။

"အဓမ္မဝါဒီ ရဟန်းတို့သည် အလွန်များကုန်၏" ဟု သိလျှင် "မကောင်းသော (မဲ)ယူခြင်းတည်း" ဟု ပြော၍ တဖန် ငင်ရမည် 'မဲထပ်ယူစေရမည်'။ "ဓမ္မဝါဒီ ရဟန်းတို့သည် အလွန်များကုန်၏" ဟု သိလျှင်ကား "ကောင်းသော (မဲ)ယူခြင်းတည်း" ဟု ကြေငြာရမည်။ ရဟန်းတို့ ဤသို့လျှင် လျှို့ဝှက်သော စာရေးတံမဲ ယူစေခြင်းသည် ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မိမိနားရင်း၌ ကပ်၍ ပေးသော စာရေးတံမဲယူစေခြင် 'မဲပေးခြင်း' သည် ဖြစ်သနည်း။ စာရေးတံ မဲပေးသော ထိုရဟန်းသည် ရဟန်းတပါး တပါးအား နားရင်းသို့ ကပ်၍ "ဤကား ဤသို့သော အယူရှိသူ၏ စာရေးတံမဲတည်း၊ ဤကား ဤသို့သော အယူရှိသူ၏ စာရေးတံမဲတည်း၊ လိုရာမဲကို ယူလော့" ဟု ပြောရမည်။ (မဲကို) ယူပြီးသော် "တစုံတယောက်သော ပုဂ္ဂိုလ်အားမျှလည်း မပြောကြားပါလင့်" ဟု ပြောရဦးမည်။ "အဓမ္မဝါဒီ ရဟန်းတို့သည် အလွန်များကုန်၏" ဟု သိလျှင် "မကောင်းသော (မဲ) ယူခြင်းတည်း" ဟု ပြော၍ တဖန် ငင်ရမည် 'မဲထပ်ယူစေရမည်'။ "ဓမ္မဝါဒီ ရဟန်းတို့သည် အလွန်များကုန်၏" ဟု သိလျှင် "ကောင်းသော (မဲ) ယူခြင်းတည်း" ဟု ကြေငြာရမည်။ ရဟန်းတို့ ဤသို့လျှင် နား၏အနီး၌ ပြောရသော စာရေးတံမဲ ယူစေခြင်းသည် ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပွင့်လင်းသော စာရေးတံမဲ ယူစေခြင်းသည် ဖြစ်သနည်း။ "ဓမ္မဝါဒီ ရဟန်းတို့သည် အလွန်များကုန်၏" ဟု သိလျှင် ရဲရဲဝံ့ဝံ့ ပွင့်ပွင့်လင်းလင်း ယူစေရမည်။ ရဟန်းတို့ ဤသို့လျှင် ပွင့်လင်းသော စာရေးတံမဲ ယူစေခြင်းသည် ဖြစ်၏။ ရဟန်းတို့ စာရေးတံမဲ ယူစေခြင်း သုံးမျိုးတို့ကား ဤသည်တို့တည်း ဟု (မိန့်တော်မူ၏)။

## သတိဝိနည်း

၂၃၆။ အနုဝါဒါဓိကရုဏ်းသည် အဘယ်သမထတို့ဖြင့် ငြိမ်းသနည်း၊ အနုဝါဒါဓိကရုဏ်းသည် သမ္မုခါဝိနည်း သတိဝိနည်း အမူဠှဝိနည်း တဿပါပိယသိကာဝိနည်း ဟူသော လေးပါးသော သမထတို့ဖြင့်ငြိမ်း၏။

အနုဝါဒါဓိကရုဏ်းသည် အမူဠှဝိနည်း တဿပါပိယသိကာဝိနည်း ဟူသော သမထနှစ်မျိုးတို့သို့ မရောက်ပဲ သမ္မုခါဝိနည်း သတိဝိနည်း ဟူသော သမထနှစ်မျိုးတို့ဖြင့် ငြိမ်းရာသလော၊ ငြိမ်းရာ၏ ဟု ဆိုအပ်၏။

အဘယ်ကဲ့သို့နည်းဟူမူကား ဤသာသနာတော်၌ ရဟန်းတို့သည် ရဟန်းကို အခြေအမြစ်မရှိသော သီလပျက်စီးခြင်းဖြင့် စွပ်စွဲကုန်၏။

ရဟန်းတို့ သတိပြန့်ပြောခြင်းသို့ ရောက်သော ထိုရဟန်းအား သတိဝိနည်းကို ပေးရမည်။ ရဟန်းတို့ ဤသို့ ပေးရမည်။ ရဟန်းတို့ ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ဧကသီကို စမွယ်တင်၍ ။ပ။ "အသျှင်ဘုရားတို့ ရဟန်းတို့သည် အကျွန်ုပ်ကို အခြေအမြစ်မရှိ

http://www.dhammadownload.com



သော သီလပျက်စီးခြင်းဖြင့် စွပ်စွဲကုန်၏၊ အသျှင်ဘုရားတို့ သတိပြန့်ပြောခြင်းသို့ ရောက်သော ထိုအကျွန်ုပ်သည် သံဃာကို သတိဝိနည်းကို တောင်းပါ၏" ဟု ဆိုရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ရဟန်းတို့သည် ဤမည်သော ရဟန်းကို အခြေအမြစ် မရှိသော သီလပျက်စီးခြင်းဖြင့် စွပ်စွဲကုန်၏၊ သတိပြန့်ပြောခြင်းသို့ ရောက်သော ထိုရဟန်းသည် သံဃာအား သတိဝိနည်းကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် သတိပြန့်ပြောခြင်းသို့ ရောက်သော ဤမည်သော ရဟန်းအား သတိဝိနည်းကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ရဟန်းတို့သည် ဤမည်သော ရဟန်းကို အခြေအမြစ်မရှိသော သီလပျက်စီးခြင်းဖြင့် စွပ်စွဲကုန်၏၊ သတိပြန့်ပြောခြင်းသို့ ရောက်သော ထိုရဟန်းသည် သံဃာအား သတိဝိနည်းကို တောင်း၏၊ သံဃာသည် သတိပြန့်ပြောခြင်းသို့ရောက်သော ဤမည်သော ရဟန်းအား သတိဝိနည်းကို ပေး၏၊ သတိပြန့်ပြောခြင်းသို့ ရောက်သော ဤမည်သော ရဟန်းအား သတိဝိနည်း ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် သတိပြန့်ပြောခြင်းသို့ရောက်သော ဤမည်သော ရဟန်းအား သတိဝိနည်းကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ် နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်ဟု မိန့်တော်မူ၏)။

ရဟန်းတို့ ဤအဓိကရုဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏။ အဘယ်ဝိနည်းဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်းဖြင့်ရင်း သတိဝိနည်းဖြင့်ရင်း ငြိမ်း၏။ ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း၊ သံဃာ၏ မျက်မှောက် ဖြစ်ခြင်း 'သံဃသမ္မုခတာ'တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' ပုဂ္ဂိုလ်၏မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'တည်း။ပ။

ထိုလေးမျိုးတို့တွင် အဘယ်သည် ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'မည် သနည်း၊ စွပ်စွဲသော ရဟန်း စွပ်စွဲခံရသော ရဟန်း နှစ်ပါးတို့၏ မျက်မှောက် ဖြစ်ခြင်းသည် ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'မည်၏။

ထိုသို့ ငြိမ်းရာ၌ အဘယ်သည် သတိဝိနည်း မည်သနည်း၊ သတိဝိနည်းကံကို ပြုခြင်း ပြုသော အခြင်းအရာ ကပ်ခြင်း ရွေးရှူကပ်ခြင်း သည်းခံခြင်း မတားမြစ်ခြင်းတို့သည် သတိဝိနည်း မည်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ ငြိမ်းပြီး အဓိကရုဏ်းကို ကာရက ရဟန်းသည် ချောက်ချားငြားအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏**။ ဆန္ဒပေးသော ရဟန်းသည် ရှုတ်ချငြားအံ့၊ ရှုတ်ချခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏**။

## အမူဠ္ဌဝိနည်း

၂၃၇။ အနုဝါဒါဓိကရုဏ်းသည် သတိဝိနည်း တဿပါပိယသိကာဝိနည်းကဲ့ဟူသော သမထနှစ်မျိုးတို့သို့ မရောက်ပဲ သမ္မုခါဝိနည်း အမူဠ္ဌဝိနည်း ဟူသော သမထနှစ်မျိုးတို့ဖြင့် ငြိမ်းရာသလော၊ **ငြိမ်းရာ၏** ဟု ဆိုအပ်၏။

အဘယ်ကဲ့သို့ နည်းဟူမူ ဤသာသနာတော်၌ ရဟန်းသည် ရူးသွပ်၏၊ စိတ်ဖောက်ပြန်၏၊ ထိုရဟန်းသည် ရူးသွပ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း)ပြောဆို၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏။

ရဟန်းတို့သည် ထိုရဟန်းကို ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် လွန်ကျူးကျင့်ကြံခြင်းကြောင့် "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော" ဟု အာပတ်ဖြင့် စောဒနာကုန်၏။ ထိုရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ရူးသွပ်၍ ဖောက်ပြန်ပါ၏၊ ထိုအကျွန်ုပ်သည် ရူးသွပ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာမဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း)ပြော၏၊ (ကိုယ်ဖြင့်လည်း)ပြုမူ၏၊ အကျွန်ုပ်သည် ထိုလွန်ကျူး၍ ကျင့်ကြံသည်ကို မအောက်မေ့နိုင်ပါ၊ အကျွန်ုပ်သည် တွေဝေသဖြင့် ထိုလွန်ကျူးကျင့်ကြံခြင်းကို ပြုအပ်၏" ဟု ပြော၏။ ဤသို့ ပြောသော်လည်း ထိုရဟန်းကို စောဒကရဟန်းတို့သည် "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော" ဟု စောဒနာကုန်သည်သာတည်း။

ရဟန်းတို့ အလွန်တွေဝေသော ထိုရဟန်းအား အလွန်တွေဝေသော ဝိနည်းကို ပေးရမည်။

ရဟန်းတို့ ဤသို့ ပေးရမည်၊ ရဟန်းတို့ ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသိကို စမွယ်တင်၍။ပ။ ဤသို့ ပြောရမည်။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် ရူးသွပ်၍ ဖောက်ပြန်၏၊ ထိုအကျွန်ုပ်သည် ရူးသွပ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း)ပြုမူ၏၊ ရဟန်းတို့သည် အကျွန်ုပ်ကို ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် လွန်ကျူးကျင့်ကြံခြင်းကြောင့် "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော" ဟု အာပတ်ဖြင့် စောဒနာကုန်၏၊ ထိုရဟန်းတို့ကို အကျွန်ုပ်သည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ရူးသွပ်၏၊ စိတ်ဖောက်ပြန်၏၊ ထိုအကျွန်ုပ်သည် ရူးသွပ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း)ပြော၏၊ (ကိုယ်ဖြင့်လည်း)ပြုမူ၏၊ အကျွန်ုပ်သည် ထိုလွန်ကျူး၍ ကျင့်ကြံမိသည်ကို မအောက်မေ့နိုင်ပါ၊ အကျွန်ုပ်သည် တွေဝေသဖြင့် ထိုလွန်ကျူး၍ ကျင့်ကြံခြင်းကို ပြုမိ၏" ဟု ပြော၏။ ဤသို့ ပြောသော်လည်း ထိုရဟန်းကို စောဒကရဟန်းတို့သည် 'အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော' ဟု စောဒနာကုန်သည်သာတည်း၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် အလွန်တွေဝေသည် ဖြစ်၍ သံဃာအား အလွန်တွေဝေသော ဝိနည်းကို တောင်းပါ၏" ဟု ဆိုရမည်။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ရူးသွပ်၏၊ စိတ်ဖောက်ပြန်၏၊ ထိုရဟန်းသည် ရူးသွပ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာ မဟုတ်သည်တို့ကို များစွာလွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ ရဟန်းတို့သည် ထိုရဟန်းကို ရူးသွပ်၍ စိတ်ဖောက်ပြန်သဖြင့် လွန်ကျူးကျင့်ကြံခြင်းကြောင့် "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့" ဟု အာပတ်ဖြင့် စောဒနာကုန်၏။ ထိုရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ရူးသွပ်၏၊ စိတ်ဖောက်ပြန်၏၊ ထိုအကျွန်ုပ်သည် ရူးသွပ်စိတ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း)ပြုမူ၏၊ အကျွန်ုပ်သည် ထိုလွန်ကျူးကျင့်ကြံသည်ကို မအောက်မေ့နိုင်ပါ၊ 'သတိမရပါ'၊ အကျွန်ုပ်သည် တွေဝေသဖြင့် ထိုလွန်ကျူးကျင့်ကြံခြင်းကို ပြုမိ၏" ဟု ပြော၏။ ဤသို့ ပြောသော်လည်း ထိုရဟန်းကို စောဒကရဟန်းတို့သည် "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့" ဟု စောဒနာသည် သာတည်း။ အလွန်တွေဝေသော ထိုရဟန်းသည် သံဃာကို အလွန်တွေဝေသော ဝိနည်းကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် အလွန်တွေဝေသော ဤမည်သော ရဟန်းအား အလွန်တွေဝေသော ဝိနည်းကို ပေးရာ၏၊ ဤကားသိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ရူးသွပ်၏၊ စိတ်ဖောက်ပြန်၏၊ ထိုရဟန်းသည် ရူးသွပ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာမဟုတ်သည်တို့ကို များစွာလွန်ကျူး ကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ ရဟန်းတို့သည် ထိုရဟန်းကို ရူးသွပ်ဖောက်ပြန်သဖြင့် လွန်ကျူး၍ ကျင့်ကြံခြင်းကြောင့် "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့" ဟု အာပတ်ဖြင့် စောဒနာကုန်၏၊ ထိုရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ရူးသွပ်၏၊ စိတ်ဖောက်ပြန်၏၊ ထိုအကျွန်ုပ်သည် ရူးသွပ်ဖောက်ပြန်သဖြင့် ရဟန်းတို့၏ အမူအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူး ကျင့်ကြံ၏၊ (နှုတ်ဖြင့်လည်း) ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏၊ အကျွန်ုပ်သည် ထိုလွန်ကျူးကျင့်ကြံခြင်းကို မအောက်မေ့နိုင်ပါ၊ 'သတိမရပါ'၊ အကျွန်ုပ်သည် တွေဝေသဖြင့် ထိုလွန်ကျူးကျင့်ကြံခြင်းကိုပြုမိ၏" ဟု ပြော၏။ ဤသို့ ပြောသော်လည်း ထိုရဟန်းကို စောဒကရဟန်းတို့သည် "အသျှင်သည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို အောက်မေ့လော့" ဟု စောဒနာကုန်သည်သာတည်း။

အလွန်တွေဝေသော ထိုရဟန်းသည် အလွန်တွေဝေသော ဝိနည်းကို တောင်း၏၊ သံဃာသည် အလွန်တွေဝေသော ဤမည်သော ရဟန်းအား အလွန်တွေဝေသော ဝိနည်းကို ပေး၏၊ ဤမည်သော ရဟန်းအား အလွန်တွေဝေသော ဝိနည်းပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် အလွန်တွေဝေသော ဤမည်သော ရဟန်းအား အလွန်တွေဝေသော ဝိနည်းကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

ရဟန်းတို့ ဤအဓိကရုဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏။ အဘယ်ဝိနည်းဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်းဖြင့်ရင်း အမူဠှဝိနည်းဖြင့်ရင်း ငြိမ်း၏။ ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း၊ သံဃာ၏ မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ' တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'တည်း။ပ။ ထိုသို့ ငြိမ်းရာ၌ အဘယ်သည် အမူဠှဝိနည်းကံ မည်သနည်း၊ အမူဠှဝိနည်းကံကို ပြုခြင်း ပြုသောအခြင်းအရာ ကပ်ခြင်း ရှေးရှုကပ်ခြင်း သည်းခံခြင်း မတားမြစ်ခြင်းတို့သည် အမူဠှဝိနည်းကံ မည်ကုန်၏။

ရဟန်းတို့ ထိုသို့ ငြိမ်းပြီး အဓိကရုဏ်းကို ကာရကရဟန်းသည် ချောက်ချားပြောအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏**။ ဆန္ဒပေးသော ရဟန်းသည် ရှုတ်ချပြောအံ့၊ ရှုတ်ချခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏**။

## တဿပါပိယသိကာဝိနည်း

၂၃၈။ အနုဝါဒါဓိကရုဏ်းသည် သတိဝိနည်း အမူဠှဝိနည်း ဟူသော သမထ နှစ်ပါးတို့သို့ မရောက်ပဲ သမ္မုခါဝိနည်း တဿပါပိယသိကာဝိနည်းကံဟူသော သမထနှစ်ပါးတို့ဖြင့် ငြိမ်းရာသလော၊ ငြိမ်းရာ၏ ဟု ဆိုအပ်၏။

အဘယ်ကဲ့သို့နည်းဟူမူကား—ဤသာသနာတော်၌ ရဟန်းသည် ရဟန်းကို သံဃာ့အလယ်၌ "အသျှင်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကနှင့် နီးစပ်ရာ အာပတ်သို့ရင်း ဤသို့ သဘောရှိသော ဂရုကအာပတ်သို့ ရောက်သည်ကို အောက်မေ့လော" ဟု ဂရုကအာပတ်ဖြင့် စောဒနာ၏၊ ထိုရဟန်းသည် "ငါ့သျှင်တို့ အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကနှင့် နီးစပ်ရာ အာပတ်သို့ရင်း ဤသို့သဘောရှိသော ဂရုကအာပတ်သို့ ရောက်သည်ကို မအောက်မေ့မိ 'သတိမရ'ပါ" ဟု ပြော၏။

ထိုစောဒကရဟန်းက ဖြေရှင်းလာသော ထိုရဟန်းကို "အသျှင် တိုက်တွန်းပါ၏၊ (သင်သည်) ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကနှင့် နီးစပ်ရာ အာပတ်သို့ရင်း ဤသို့ သဘောရှိသော ဂရုကအာပတ်သို့ ရောက်သည် ဟု သတိရခဲ့ပါမူ ကောင်းစွာ ဝန်ခံပါလော့" ဟု အလွန် ရစ်ပတ်ဖွဲ့ချည်၏။

ထိုရဟန်းသည် "ငါ့သျှင် အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကနှင့် နီးစပ်ရာ အာပတ်သို့ရင်း ဤသို့သဘောရှိသော ဂရုကအာပတ်သို့ ရောက်သည် ဟု သတိမရပါ၊ ငါ့သျှင် အကျွန်ုပ်သည် ဤသို့ သဘောရှိသော အာပတ်အနည်းငယ်မျှသို့ ရောက်သည် ဟု သတိရ၏" ဟု ပြောဆို၏။

http://www.dhammadownload.com



ထိုစောဒကရဟန်းက ဖြေရှင်းသော ထိုရဟန်းကို "အသျှင်တိုက်တွန်းပါ၏၊ (သင်သည်) ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကနှင့် နီးစပ်ရာ အာပတ်သို့ရင်း ဤသို့ သဘောရှိသော ဂရုက အာပတ်သို့ ရောက်သည် ဟု သတိရခဲ့ပါမူ ကောင်းစွာ ဝန်ခံပါလော့" ဟု အလွန်ရစ်ပတ်ဖွဲ့ချည် ပြန်၏။

ထိုရဟန်းက "ငါ့သျှင် အကျွန်ုပ်သည် ဤမည်သော အာပတ် အနည်းငယ်မျှသို့ပင် ရောက်၍ အမေးမခံရပဲ ဝန်ခံသေး၏၊ ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကနှင့် နီးစပ်ရာ အာပတ်သို့ရင်း ဤသို့ သဘောရှိသော ဂရုကအာပတ်သို့ ရောက်ခဲ့မူကား အမေးခံရလျက် အဘယ့်ကြောင့် ဝန်မခံပဲ ရှိမည်နည်း" ဟု ပြောဆို၏။

ထိုစောဒက ရဟန်းက "ငါ့သျှင် သင်သည် ဤမည်သော အာပတ် အနည်းငယ်မျှသို့ရောက်လျက် အမေးမခံရပဲ ဝန်မခံဘိသေး၏၊ ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကနှင့် နီးစပ်ရာ အာပတ်သို့ရင်း ဤသို့ သဘောရှိသော ဂရုကအာပတ်သို့ ရောက်မူ အမေးမခံရပဲ အဘယ်မှာ ဝန်ခံတော့အံ့နည်း၊ အသျှင် တိုက်တွန်းပါ၏၊ (သင်သည်) ပါရာဇိက အာပတ်သို့ရင်း ပါရာဇိကနှင့် နီးစပ်ရာ အာပတ်သို့ရင်း ဤသို့ သဘောရှိသော ဂရုကအာပတ်သို့ရောက်သည် ဟု သတိရခဲ့ပါမူ ကောင်းစွာ ဝန်ခံလော့" ဟု ပြောဆို၏။

ထိုရဟန်းက "ငါ့သျှင် အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကအာပတ်နှင့် နီးစပ်ရာ အာပတ်သို့ရင်း ဤသို့ သဘောရှိသော ဂရုကအာပတ်သို့ ရောက်သည် ဟု သတိရ၏၊ အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ရင်း ပါရာဇိကနှင့်နီးစပ်ရာ အာပတ်သို့ရင်း ဤသို့ သဘောရှိသော ဂရုက အာပတ်သို့ ရောက်သည်ကို သတိမရခဲ့ပါ၊ အကျွန်ုပ်သည် ဤစကားကို ရယ်မြူးသောအားဖြင့် ပြောမိပါ၏၊ အကျွန်ုပ်သည် ဤစကားကို ချွတ်ချော်သောအားဖြင့် ပြောမိပါ၏" ဟု ပြောဆို၏။

ရဟန်းတို့ ထိုရဟန်းအား တဿပါပိယသိကကံကို ပြုရမည်။ ရဟန်းတို့ ဤသို့ ပြုရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ရဟန်းသည် သံဃာ့အလယ်၌ ဂရုကအာပတ်ဖြင့် မေးမြန်း 'စစ်ဆေး'အပ်သော် ပယ်ပြီးနောက် ဝန်ခံ၏၊ ဝန်ခံပြီးနောက် ပယ်၏၊ စကားတမျိုးဖြင့် စကားတမျိုးကို ဖုံးလွှမ်း၏၊ 'အဖျင်းဖျင်း ပြော၏'၊ သိလျက် ချွတ်ယွင်းသော စကားကို ပြော၏။ သံဃာအားလျော်ကပ်သောအခါ ရှိသောကာလ်သည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား တဿပါပိယသိကကံကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ရဟန်းသည် သံဃာ့အလယ်၌ ဂရုကအာပတ်ဖြင့် မေးမြန်း 'စစ်ဆေး' အပ်သော် ပယ်ပြီးနောက် ဝန်ခံ၏၊ ဝန်ခံပြီးနောက် ပယ်၏၊ စကားတမျိုးဖြင့် စကားတမျိုးကို ဖုံးလွှမ်း၏ 'အဖျင်းဖျင်း ပြော၏'၊ သိလျက် ချွတ်ယွင်းသော စကားကို ပြော၏၊ သံဃာသည် ဤမည်သော ရဟန်းအား တဿပါပိယသိကကံကို ပြု၏၊ ဤမည်သော ရဟန်းအား တဿပါပိယသိကကံ ပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။

သံဃာသည် ဤမည်သော ရဟန်းအား တဿပါပိယသိကကံကို ပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်ဟု မိန့်တော်မူ၏)။

ရဟန်းတို့ ဤအဓိကရုဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏။ အဘယ်ဝိနည်းကံဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်းဖြင့်ရင်း တဿပါပိယသိကာ ဝိနည်းကံဖြင့်ရင်း ငြိမ်း၏။ ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း၊ သံဃာ၏ မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ' တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ'တည်း။ပ။ ထိုသို့ ငြိမ်းရာ၌ အဘယ်သည် တဿပါပိယသိကာ ဝိနည်းကံ မည်သနည်း၊ တဿပါပိယသိကကံကို ပြုခြင်း ပြုသောအခြင်းအရာ ကပ်ခြင်း ရှေးရှုကပ်ခြင်း သည်းခံခြင်း မတားမြစ်ခြင်းတို့သည် တဿပါပိယသိကာ ဝိနည်းကံ မည်ကုန်၏။

ရဟန်းတို့ ဤသို့ ငြိမ်းပြီး အဓိကရုဏ်းကို ကာရကရဟန်းသည် ချောက်ချားပြောအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏**။ ဆန္ဒပေးသော ရဟန်းသည် ရှုတ်ချပြောအံ့၊ ရှုတ်ချခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏**။

## ဝန်ခံသည့်အတိုင်းပြုခြင်း

၂၃၉။ အာပတ္တာဓိကရုဏ်းသည် သမထအဘယ်မျှတို့ဖြင့် ငြိမ်းသနည်း။ အာပတ္တာဓိကရုဏ်းသည် သမ္မုခါဝိနည်း ပဋိညာတကရဏဝိနည်း တိဏဝတ္ထာရက ဝိနည်းကံ ဟူသော သမထ သုံးမျိုးတို့ဖြင့် ငြိမ်း၏။

အာပတ္တာဓိကရုဏ်းသည် တိဏဝတ္ထာရက ဟူသော သမထတမျိုးသို့ မရောက်ပဲ သမ္မုခါဝိနည်းကံ ပဋိညာတကရဏ ဝိနည်းကံဟူသော သမထ နှစ်မျိုးတို့ဖြင့် ငြိမ်းရာသလော၊ ငြိမ်းရာ၏ ဟု ဆိုအပ်၏။

အဘယ်ကဲ့သို့နည်းဟူမူကား—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် လဟုကအာပတ်သို့ရောက်၏၊ ရဟန်းတို့ ထိုရဟန်းသည် ရဟန်းတပါးသို့ ကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမ္မယ်တင်၍ သီတင်းကြီးရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီလျက် "ငါ့သျှင် အကျွန်ုပ်သည် ဤမည်သော အာပတ်သို့ ရောက်၏၊ ထိုအာပတ်ကို ဒေသနာကြား 'ပြောကြား'ပါ၏"ဟု ဆိုရမည်။

"ရှု 'မြင်' ၏လော" ဟု ဒေသနာခံ ရဟန်းက ဆိုရမည်။ "ဩော် ရှု'မြင်'ပါ၏" ဟု (ဒေသနာကြားသော ရဟန်းက)ဆိုရမည်၊"နောင်အခါ၌ စောင့်စည်းလော့"ဟု ဒေသနာခံ ရဟန်းကဆိုရမည်။

ရဟန်းတို့—ဤအဓိကရုဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏။ အဘယ်ဝိနည်းကံဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်း ပဋိညာတကရဏဝိနည်းကံဖြင့် ငြိမ်း၏။ ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း၊ တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'တည်း။ပ။

http://www.dhammadownload.com



ထိုသုံးမျိုးတို့တွင် အဘယ်သည် ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'မည်သနည်း၊ ဒေသနာကြားသော ရဟန်းနှင့် ဒေသနာခံသော ရဟန်းနှစ်ပါးတို့၏ မျက်မှောက် ဖြစ်ခြင်းသည် ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'မည်၏။

ထိုသို့ ငြိမ်းရာ၌ အဘယ်သည် ပဋိညာတကရဏဝိနည်းကံ မည်သနည်း၊ ပဋိညာတကရဏဝိနည်းကံကို ပြုခြင်း ပြုသောအခြင်းအရာ ကပ်ခြင်း ရှေးရှုကပ်ခြင်း သည်းခံခြင်း မတားမြစ်ခြင်းတို့သည် ပဋိညာတကရဏဝိနည်းကံ မည်ကုန်၏။

ရဟန်းတို့ ဤသို့ ငြိမ်းပြီး အဓိကရုဏ်းကို ဒေသနာခံ ရဟန်းသည် ချောက်ခြားငြားအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏**။

ဤသို့ ဒေသနာကြားခြင်းကို ရမူ ဤရခြင်းသည် ကောင်း၏ (အပြစ်မရှိ)၊ မရမူ ရဟန်းတို့ ထိုဒေသက ရဟန်းသည် ရဟန်းအများတို့သို့ကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီလျက် "အသျှင်ဘုရားတို့ အကျွန်ုပ်သည် ဤမည်သော အာပတ်သို့ ရောက်၏၊ ထိုအာပတ်ကို ဒေသနာကြားပါ၏" ဟု ဆိုရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် ထိုရဟန်းတို့ကို သိစေရမည်—

"အသျှင်တို့သည် အကျွန်ုပ်၏ (စကားကို)နာတော်မူကုန်လော့၊ ဤမည်သော ရဟန်းသည် အာပတ်ကို အောက်မေ့၏၊ ဖွင့်လှစ်၏၊ ထင်စွာပြု၏၊ ဒေသနာကြား၏၊ အသျှင်တို့အား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤမည်သော ရဟန်း၏ အာပတ်ကို ခံယူပါအံ့" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

"ရှုမြင်၏လော" ဟု ထိုရဟန်းက မေးရမည်။ "ဩော် ရှုမြင်ပါ၏" ဟု (ဒေသကရဟန်းက) ဆိုရမည်။ "နောင်အခါ စောင့်ရှောက်လော့" ဟု (ဒေသနာခံသော ရဟန်းက)ဆိုရမည်။ ရဟန်းတို့ ဤအဓိကရုဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏။

အဘယ်ဝိနည်းကံဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်း ပဋိညာတကရဏဝိနည်းကံတို့ဖြင့် ငြိမ်း၏၊ ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း၊ တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယသမ္မုခတာ' ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ' တည်း။ပ။

ထိုသုံးမျိုးတို့တွင် အဘယ်သည် ပုဂ္ဂိုလ်၏မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'မည်သနည်း၊ ဒေသနာကြားသော ရဟန်းနှင့် ဒေသနာခံသော ရဟန်းနှစ်ပါးတို့၏ မျက်မှောက် ဖြစ်ခြင်းသည် ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'မည်၏။ ထိုသို့ ငြိမ်းရာ၌ အဘယ်သည် ပဋိညာတကရဏဝိနည်းကံ မည်သနည်း၊ ပဋိညာတကရဏဝိနည်းကံကို ပြုခြင်း ပြုသောအခြင်းအရာ ကပ်ခြင်း ရှေးရှုကပ်ခြင်း သည်းခံခြင်း မတားမြစ်ခြင်းတို့သည် ပဋိညာတကရဏဝိနည်းကံ မည်ကုန်၏။ ရဟန်းတို့ ဤသို့ ငြိမ်းပြီး အဓိကရုဏ်းကို ဒေသနာခံ ရဟန်းသည် ချောက်ချားငြားအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏**။

ဤသို့ ဒေသနာကြားခြင်းကို ရမူ ဤရခြင်းသည် ကောင်း၏၊ မရမူ ရဟန်းတို့ ထိုဒေသက ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီလျက် "အသျှင်ဘုရားတို့

http://www.dhammadownload.com



အကျွန်ုပ်သည် ဤမည်သော အာပတ်သို့ ရောက်၏၊ ထိုအာပတ်ကို ဒေသနာကြားပါ၏” ဟု ပြောဆိုရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ရဟန်းသည် အာပတ်ကို အောက်မေ့၏၊ ဖွင့်လှစ်၏၊ ထင်စွာပြု၏၊ ဒေသနာကြား၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤမည်သော ရဟန်း၏ အာပတ်ကို ခံယူပါအံ့” ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

“ရှုမြင်၏လော” ဟု ထို(ဒေသနာခံ)ရဟန်းက ဆိုရမည်။ “ဩော် ရှုမြင်ပါ၏” ဟု (ဒေသက ရဟန်းက) ဆိုရမည်။ “နောင်အခါ စောင့်ရှောက်လော့” ဟု (ဒေသနာခံ ရဟန်းက) ဆိုရမည်။ ရဟန်းတို့ ဤအဓိကရဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏။

အဘယ်ဝိနည်းကဲ့ဖြင့် ငြိမ်းသနည်း၊ သမ္မုခါဝိနည်း ပဋိညာတကရဏဝိနည်းကဲ့တို့ဖြင့် ငြိမ်း၏၊ ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း၊ သံဃာ၏ မျက်မှောက်ဖြစ်ခြင်း ‘သံဃသမ္မုခတာ’ တရား၏ မျက်မှောက်ဖြစ်ခြင်း ‘ဓမ္မသမ္မုခတာ’ ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း ‘ဝိနယသမ္မုခတာ’ ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း ‘ပုဂ္ဂလသမ္မုခတာ’ တည်း။ပ။ ရဟန်းတို့ ဤသို့ ငြိမ်းပြီး အဓိကရဏ်းကို ဒေသနာခံ ရဟန်းသည် ချောက်ချားငြားအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏**။ ဆန္ဒပေးသော ရဟန်းသည် ရှုတ်ချငြားအံ့၊ ရှုတ်ချခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏**။

## တိဏဝတ္ထာရက

၂၄၀။ အာပတ္တာဓိကရဏ်းသည် ပဋိညာတကရဏ ဟူသော သမထတမျိုးသို့ မရောက်ပဲ သမ္မုခါဝိနည်း တိဏဝတ္ထာရကဝိနည်း ဟူသော သမထနှစ်မျိုးတို့ဖြင့် ငြိမ်းရာသလော၊ ငြိမ်းရာ၏ ဟု ဆိုအပ်၏။

အဘယ်ကဲ့သို့ နည်းဟူမူကား—ဤသာသနာတော်၌ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍ နေသော ရဟန်းတို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြ၏၊ (နှုတ်ဖြင့်လည်း)ပြော၏၊ (ကိုယ်ဖြင့်လည်း) ပြုမူ၏။ ထိုသို့ ဖြစ်ရာ၌ ရဟန်းတို့အား “မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍ နေသော ငါတို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူး၍ ကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း) ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း) ပြုမူကုန်၏။

ငါတို့သည် ဤအာပတ်တို့ကို အချင်းချင်းကုစားစေကုန်မူ ထိုအဓိကရဏ်းသည် ကြမ်းတမ်း ရှုန့်ရင်း ကွဲပြားခြင်းငှါ စင်စစ် ဖြစ်တန်ရာ၏” ဟု အကြံ ဖြစ်ငြားအံ့။

ရဟန်းတို့ ဤသို့ သဘောရှိသော အဓိကရဏ်းကို တိဏဝတ္ထာရက ဝိနည်းကဲ့ဖြင့် ငြိမ်းစေခြင်းငှါ ခွင့်ပြုတော်မူ၏။ ရဟန်းတို့ ဤသို့ ငြိမ်းစေရမည်။ ရဟန်းအားလုံးတို့သည်ပင် တပေါင်းတည်း စည်းဝေးရမည်။ စည်းဝေးပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

http://www.dhammadownload.com



"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍ နေသော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း)ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း)ပြုမူကုန်၏။

အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို အချင်းချင်း ကုစားစေကုန်မူ ထိုအဓိကရုဏ်းသည် ကြမ်းတမ်းခြင်းငှါ ရှုပ်ရှင်းကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ရှုပ်ရှင်းသော အပြစ်ရှိသော သံဃာဒိသိသ်အာပတ် ပါရာဇိကအာပတ်ကို ချန်ထား၍ လူတို့နှင့်ရောယှက်သောကြောင့် သင့်သောအာပတ်ကို ချန်ထား၍ ဤအဓိကရုဏ်းကို တိဏဝတ္ထာရကဝိနည်းကံဖြင့် ငြိမ်းစေရာ၏" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

တဖက် အသင်းဝင် ရဟန်းတို့တွင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် မိမိအသင်း အပင်းကို သိစေရမည်—

"အသျှင်တို့သည် အကျွန်ုပ်၏ (စကားကို)နာတော်မူကုန်လော့၊ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍နေသော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း) ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း)ပြုမူကုန်၏။

အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို အချင်းချင်းကုစားစေကုန်မူ ထိုအဓိကရုဏ်းသည် ကြမ်းတမ်းရှုပ်ရှင်းကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ အသျှင်တို့အား လျောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ အသျှင်တို့၏ အာပတ်တို့ကိုရင်း အကျွန်ုပ်၏ အာပတ်ကိုရင်း အသျှင်တို့၏ အကျိုးငှါရင်း အကျွန်ုပ်၏ အကျိုးငှါရင်း ရှုပ်ရှင်းသော အပြစ်ရှိသော သံဃာဒိသိသ် အာပတ် ပါရာဇိက အာပတ်ကို ချန်ထား၍ လူတို့နှင့်ရောယှက်သောကြောင့် သင့်သော အာပတ်ကို ချန်ထား၍ အကျွန်ုပ်သည် သံဃာ့အလယ်၌ တိဏဝတ္ထာရကဝိနည်းကံ ဖြင့် ဒေသနာ ကြားပါအံ့" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၂၄၁။ ထို့နောက် တဖက်အသင်းဝင် ရဟန်းတို့တွင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် မိမိအသင်းအပင်းကို သိစေရမည်—

"အသျှင်တို့သည် အကျွန်ုပ်၏ (စကားကို) နာတော်မူကုန်လော့၊ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍ နေသော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူး၍ ကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း)ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း)ပြုမူကုန်၏။

အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို အချင်းချင်းကုစားစေကုန်မူ ထိုအဓိကရုဏ်းသည် ကြမ်းတမ်းရှုပ်ရှင်း ကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ အသျှင်တို့အား လျောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ အသျှင်တို့၏ အာပတ်တို့ကိုရင်း အကျွန်ုပ်၏ အာပတ်ကိုရင်း အသျှင်တို့၏ အကျိုးငှါရင်း အကျွန်ုပ်၏ အကျိုးငှါရင်း ရှုပ်ရှင်းသော အပြစ်ရှိသော သံဃာဒိသိသ်အာပတ် ပါရာဇိကအာပတ်ကို ချန်ထား၍ လူတို့နှင့်ရောယှက်သောကြောင့်

http://www.dhammadownload.com



သင့်သော အာပတ်ကို ချန်ထား၍ အကျွန်ုပ်သည် သံဃာ့အလယ်၌ တိဏဝတ္ထာရကဝိနည်းကံဖြင့် ဒေသနာကြားပါအံ့" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၂၄၂။ ထို့နောက် အခြား တဖက် အသင်းဝင် ရဟန်းတို့တွင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍ နေသော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း)ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း)ပြုမူကုန်၏။

အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို အချင်းချင်း ကုစားစေကုန်မူ ထိုအဓိကရုဏ်းသည် ကြမ်းတမ်းရှန့်ရင်း ကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသောကံသည် အကယ်၍ ဖြစ်ငြားအံ့၊ အသျှင်တို့၏ အာပတ်တို့ကိုရင်း အကျွန်ုပ်၏ အာပတ်ကိုရင်း အသျှင်တို့၏အကျိုးငှါရင်း အကျွန်ုပ်၏အကျိုးငှါရင်း ရှန့်ရင်းသော အပြစ်ရှိသော သံဃာဒိသိသ်အာပတ် ပါရာဇိကအာပတ်ကို ချန်ထား၍ လူတို့နှင့် ရောယှက်သောကြောင့် သင့်သော အာပတ်ကို ချန်ထား၍ အကျွန်ုပ်သည် သံဃာ့အလယ်၌ တိဏဝတ္ထာရကဝိနည်းကံဖြင့် ဒေသနာကြားပါအံ့၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်၍ နေသော အကျွန်ုပ်တို့သည် ရဟန်းတို့၏ အမှုအရာ မဟုတ်သည်တို့ကို များစွာ လွန်ကျူးကျင့်ကြံကုန်၏၊ (နှုတ်ဖြင့်လည်း) ပြောကုန်၏၊ (ကိုယ်ဖြင့်လည်း)ပြုမူကုန်၏။

အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို အချင်းချင်း ကုစားစေကုန်မူ ထိုအဓိကရုဏ်းသည် ကြမ်းတမ်းရှန့်ရင်း ကွဲပြားခြင်းငှါ ဖြစ်တန်ရာ၏၊ အသျှင်တို့၏ အာပတ်ကိုရင်း အကျွန်ုပ်၏ အာပတ်ကိုရင်း အသျှင်တို့၏ အကျိုးငှါရင်း၊ အကျွန်ုပ်၏ အကျိုးငှါရင်း ရှန့်ရင်းသော အပြစ်ရှိသော သံဃာဒိသိသ်အာပတ် ပါရာဇိကအာပတ်ကို ချန်ထား၍ လူတို့နှင့် ရောယှက်သောကြောင့် သင့်သော အာပတ်ကို ချန်ထား၍ အကျွန်ုပ်သည် သံဃာ့အလယ်၌ တိဏဝတ္ထာရကဝိနည်းကံဖြင့် ဒေသနာ ကြားပါ၏။

အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို ရှန့်ရင်းသော အပြစ်ရှိသော သံဃာဒိသိသ် အာပတ် ပါရာဇိကအာပတ်ကို ချန်ထား၍ လူတို့နှင့် ရောယှက်သောကြောင့် သင့်သော အာပတ်ကို ချန်ထား၍ သံဃာ့အလယ်၌ တိဏဝတ္ထာရက ဝိနည်းကံဖြင့် ဒေသနာ ကြားခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

အကျွန်ုပ်တို့သည် ဤအာပတ်တို့ကို ရှန့်ရင်းသော အပြစ်ရှိသော သံဃာဒိသိသ်အာပတ် ပါရာဇိကအာပတ်ကို ချန်ထား၍ လူတို့နှင့် ရောယှက်သောကြောင့် သင့်သော အာပတ်ကို ချန်ထား၍ သံဃာ့အလယ်၌ တိဏဝတ္ထာရက ဝိနည်းကံဖြင့် ဒေသနာ ကြားအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်

http://www.dhammadownload.com



အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်)။ ထို့နောက် အခြား။ပ။ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်ဟု မိန့်တော်မူ၏)။

ရဟန်းတို့ ဤအဓိကရဏ်းကို ငြိမ်းသည် ဟု ဆိုအပ်၏။ အဘယ်ဝိနည်းကံဖြင့် ငြိမ်းသနည်း၊ သမ္မုခါ ဝိနည်းကံဖြင့်၎င်း တိဏဝတ္ထာရက ဝိနည်းကံဖြင့်၎င်း ငြိမ်း၏။ ထိုသို့ ငြိမ်းရာ၌ သမ္မုခါဝိနည်းသည် အဘယ်နည်း၊ သံဃာ၏ မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ' တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း 'ဝိနယ သမ္မုခါတာ' ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ'တို့တည်း။

ထိုလေးမျိုးတို့တွင် အဘယ်သည် သံဃာ၏ မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ' မည်သနည်း၊ ကံအားလျော်ကပ်သော ရဟန်းတို့၏ လာခြင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ခြင်း၊ မျက်မှောက်ဖြစ်သော ရဟန်းတို့က မတားမြစ်ခြင်းတို့သည် သံဃာ၏ မျက်မှောက်ဖြစ်ခြင်း 'သံဃသမ္မုခတာ'မည်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် တရား၏ မျက်မှောက်ဖြစ်ခြင်း 'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက် ဖြစ်ခြင်း 'ဝိနယသမ္မုခတာ'မည်သနည်း၊ အဓိကရဏ်း ငြိမ်းကြောင်း ဖြစ်သော ဓမ္မဝိနယ ဥတ်ကမ္မဝါစာတို့သည် တရား၏ မျက်မှောက်ဖြစ်ခြင်း'ဓမ္မသမ္မုခတာ' ဝိနည်း၏ မျက်မှောက် ဖြစ်ခြင်း 'ဝိနယသမ္မုခတာ'မည်ကုန်၏။

ထိုလေးမျိုးတို့တွင် အဘယ်သည် ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း'ပုဂ္ဂလသမ္မုခတာ'မည်သနည်း၊ ဒေသနာ ကြားသော ရဟန်း ဒေသနာခံသော ရဟန်းနှစ်ပါးတို့၏မျက်မှောက်ဖြစ်ခြင်းသည်ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း 'ပုဂ္ဂလသမ္မုခတာ' မည်၏။

ထိုသို့ ငြိမ်းရာ၌ အဘယ်သည် တိဏဝတ္ထာရက ဝိနည်းကံ မည်သနည်း၊ တိဏဝတ္ထာရက ဝိနည်းကံကိုပြုခြင်း ပြုသောအခြင်းအရာ ကပ်ခြင်း ရှေးရှုကပ်ခြင်း သည်းခံခြင်း မတားမြစ်ခြင်းတို့သည် တိဏဝတ္ထာရက ဝိနည်းကံ မည်ကုန်၏။

ရဟန်းတို့ ဤသို့ ငြိမ်းပြီး အဓိကရဏ်းကို ဒေသနာခံ ရဟန်းသည် ချောက်ချားပြားအံ့၊ ချောက်ချားခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏။** ဆန္ဒပေးသော ရဟန်းသည် ရှုတ်ချပြားအံ့၊ ရှုတ်ချခြင်းကြောင့် ဖြစ်သော **ပါစိတ် အာပတ် သင့်၏။**

ကိစ္စာဓိကရဏ်းသည် အဘယ်မျှသောသမထတို့ဖြင့် ငြိမ်းသနည်း၊ကိစ္စာဓိကရဏ်းသည် သမ္မုခါဝိနည်း ဟူသော သမထတမျိုးဖြင့် ငြိမ်း၏ ဟု (မိန့်တော်မူ၏)။

**သမထက္ခန္ဓက ပြီး၏။**

http://www.dhammadownload.com

# ၅-ခုဒ္ဒကဝတ္ထုက္ခန္ဓက

## ခုဒ္ဒကဝတ္ထုများ

၂၄၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ရေချိုးကုန်သော် သစ်ပင်၌ ကိုယ်ကို ပွတ်တိုက်ကုန်၏၊ ပေါင်ကိုရင်း လက်မောင်းကိုရင်း ရင်ကိုရင်း ကျောက်ကုန်းကိုရင်း ပွတ်တိုက်ကုန်၏။

လူတို့သည် "သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် လက်ဝှေ့ သမားများကဲ့သို့ရင်း အရေပါးကို တပ်စွန်းစေလျက် တန်ဆာဆင်မှုကို အားထုတ်ကြသော မြို့သူ မြို့သားများကဲ့သို့ရင်း ရေချိုးကုန်သော် သစ်ပင်၌ ကိုယ်ကို အဘယ့်ကြောင့် ပွတ်တိုက်ကြကုန်ဘိသနည်း၊ ပေါင်ကိုရင်း လက်မောင်းကိုရင်း ရင်ကိုရင်း ကျောက်ကုန်းကိုရင်း ပွတ်တိုက်ကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားတို့ကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရေချိုးကုန်သော် သစ်ပင်၌ ကိုယ်ကို ပွတ်တိုက်ကြကုန်၏၊ ပေါင်ကိုရင်း လက်မောင်းကိုရင်း ရင်ကိုရင်း ကျောက်ကုန်းကိုရင်း ပွတ်တိုက်ကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ (မဂ်ဖိုလ်မှ)အချည်းနှီးဖြစ်သော ထိုယောကျ်ားတို့အား မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ်၊ မအပ်၊ မပြုသင့်။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်ကုန်သော ထိုယောကျ်ားတို့သည် ရေချိုးကုန်သော် သစ်ပင်၌ ကိုယ်ကို အဘယ့်ကြောင့် ပွတ်တိုက်ကြကုန်ဘိသနည်း၊ ပေါင်ကိုရင်း လက်မောင်းကိုရင်း ရင်ကိုရင်း ကျောက်ကုန်းကိုရင်း အဘယ့်ကြောင့် ပွတ်တိုက်ကြကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ရေချိုးသော ရဟန်းသည် သစ်ပင်၌ ကိုယ်ကို မပွတ်တိုက်အပ်၊ ပွတ်တိုက်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရေချိုးကုန်သော် တိုင်၌ ကိုယ်ကို ပွတ်တိုက်ကုန်၏၊ ပေါင်ကိုရင်း လက်မောင်းကိုရင်း ရင်ကိုရင်း ကျောက်ကုန်းကိုရင်း ပွတ်တိုက်ကုန်၏။ လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် လက်ဝှေ့ သမားများကဲ့သို့ရင်း အရေပါးကို တပ်စွန်းစေလျက် တန်ဆာဆင်မှုကို အားထုတ်ကြသော မြို့သူမြို့သားများကဲ့သို့ရင်း ရေချိုးကုန်သော် တိုင်၌

http://www.dhammadownload.com



ကိုယ်ကို အဘယ့်ကြောင့် ပွတ်တိုက်ကြကုန်ဘိသနည်း၊ ပေါင်ကိုရင်း လက်မောင်းကိုရင်း ရင်ကိုရင်း ကျောက်ကုန်းကိုရင်း ပွတ်တိုက်ကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားတို့ကို ကြားကြသည် သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကိုလျှောက်ကြကုန်၏။ပ။ မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကိုဟော တော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ရေချိုးသော ရဟန်းသည် တိုင်၌ ကိုယ်ကို မပွတ်တိုက်အပ်၊ ပွတ်တိုက်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**" ဟု မိန့်တော်မူ၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရေချိုးကုန်သော် နံရံ၌ ကိုယ်ကိုပွတ်တိုက်ကြကုန်၏။ ပေါင်ကိုရင်း လက်မောင်းကိုရင်း ရင်ကိုရင်း ကျောက်ကုန်းကိုရင်း ပွတ်တိုက်ကုန်၏။ လူတို့သည် "သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် လက်ဝှေ့သမားများကဲ့သို့ရင်း အရေးပါးကို တပ်စွန်းစေလျက် တန်းဆာဆင်မှုကို အားထုတ်ကြကုန်သော မြို့သူမြို့သားများကဲ့သို့ရင်း ရေချိုး ကုန်သော် နံရံ၌ ကိုယ်ကို အဘယ့်ကြောင့် ပွတ်တိုက်ကြကုန်ဘိသနည်း၊ ပေါင်ကိုရင်း လက်မောင်းကို ရင်း ရင်ကိုရင်း ကျောက်ကုန်းကိုရင်း ပွတ်တိုက်ကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

ရဟန်းတို့ ရေချိုးသော ရဟန်းသည် နံရံ၌ မပွတ်တိုက်အပ်၊ ပွတ်တိုက်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ကျားကွက်ဖော်ထားသော ပျဉ်ပြား၌ ရေချိုးကုန်၏။ လူတို့ သည်"။ပ။ ကာမဂုဏ်ခံစားသူ လူများကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆို ကြကုန်၏။ရဟန်းတို့သည် ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားတို့ကို ကြားကြ သည် သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန် ၏။ပ။ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော် မူ၍။ပ။တရားစကားကိုဟောတော် မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ကျားကွက်ဖော်ထားသော ပျဉ်ပြား၌ ရေမချိုးအပ်၊ ရေချိုးသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သစ်သားလက်ဖြင့် ရေချိုးကုန်၏။ လူတို့သည်"။ပ။ ကာမဂုဏ် ခံစားသူ လူများကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့ သည် ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချအပြစ်ပြပြောဆိုကြသော စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ သစ်သားလက်ဖြင့် ရေမချိုးအပ်၊ရေချိုးသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော် မူ၏)။

http://www.dhammadownload.com



ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မုတ်ကျောက်မှုန့်ကို ချိပ်ဖွဲ့၍ အလုံးပြုသော ချေးပွတ်ဖြင့် ရေချိုးကုန်၏။ လူတို့သည် "။ပ။ကာမဂုဏ် ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မုတ်ကျောက်မှုန့်ကို ချိပ်ဖွဲ့၍ အလုံးပြုသော ချေးပွတ်ဖြင့် ရေမချိုးအပ်၊ ရေချိုးသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ကိုယ်ချင်းပွတ်တိုက်၍ ချေးတွန်းခြင်းကို ပြုစေကုန်၏။ လူတို့သည် "။ပ။ ကာမဂုဏ် ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏။ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကိုယ်ချင်းပွတ်တိုက်၍ ချေးတွန်းခြင်းကို မပြုအပ်၊ပြုသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မကာရ်းသွားဖော်ထားသော ချေးပွတ်ဖြင့် ရေချိုးကုန်၏။ လူတို့သည် "။ပ။ ကာမဂုဏ်ခံစားသော လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မကာရ်းသွား ဖော်ထားသော ချေးပွတ်ဖြင့် ရေမချိုးအပ်၊ ရေချိုးသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

၂၄၄။ ထိုအခါ ရဟန်းတပါးအား ဝဲကြီးနာ စွဲကပ်၏၊ ထိုရဟန်းအား ချေးပွတ်နှင့် ကင်း၍ ချမ်းသာခြင်းသည် မဖြစ် 'မသက်သာ'။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ နာဖျားသော ရဟန်းအား မကာရ်းသွား ဖော်ထားသော ချေးပွတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် အိုမင်းမစွမ်းသည် ဖြစ်၍ ရေချိုးသော် မိမိကိုယ်ကို ချေးပွတ်ခြင်းငှါ မစွမ်းနိုင်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရေသနုပ် ပုဆိုးကျစ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ကျောက်ကုန်း၌ ချေးပွတ်ရန် အလို့ငှါ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ လက်ဖြင့် ချေးပွတ်ခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၄၅။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် နားဆွဲကို ဆောင်ကုန်၏။ပ။ စလွယ်ကို ဆောင်ကုန်၏။ပ။ လည်၌ တန်ဆာကို ဆောင်ကုန်၏။ပ။ ခါးစည်းကြိုးကို ဆောင်ကုန်၏။ပ။ လက်ကောက်ကို ဆောင်ကုန်၏။ပ။ ခြေကျင်းကို ဆောင်ကုန်၏။ပ။ လက်ကြပ်တန်ဆာကို ဆောင်ကုန်၏။ပ။ လက်စွပ်ကို ဆောင်ကုန်၏။

လူတို့သည် "ကာမဂုဏ် ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်

http://www.dhammadownload.com



ကြကုန်၏။ ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် နားဆွဲကို ဆောင်ကုန်၏။ စလွယ်ကို ဆောင်ကုန်၏။ လည်ရွဲတန်ဆာကို ဆောင်ကုန်၏။ ခါးစည်းကြိုးကို ဆောင်ကုန်၏။ လက်ကောက်ကို ဆောင်ကုန်၏။ ခြေကျင်းကို ဆောင်ကုန်၏။ လက်ကြပ်တန်ဆာကို ဆောင်ကုန်၏။ လက်စွပ်ကို ဆောင်ကုန်၏ ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ နားဆွဲကို မဆောင်အပ်။ပ။ စလွယ်ကို မဆောင်အပ်။ လည်ရွဲတန်ဆာကို မဆောင်အပ်။ ခါးစည်းကြိုးကို မဆောင်အပ်။ လက်ကောက်ကို မဆောင်အပ်။ ခြေကျင်းကို မဆောင်အပ်။ လက်ကြပ်တန်ဆာကို မဆောင်အပ်။ လက်စွပ်ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ် **အာပတ် သင့်၏**" ဟု (မိန့်တော်မူ၏)။

၂၄၆။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆံပင်ရှည်ထားကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဆံပင်ရှည်မထားအပ်၊ ထားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ (ကာလအားဖြင့်)နှစ်လရှိသော ဆံပင်ကိုရင်း (ပမာဏအားဖြင့်)လက်နှစ်သစ်ရှိသော ဆံပင်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဝက်မှင်ဘီးဖြင့် ဆံပင်တို့ကို ဖြီးကုန်၏။ဘီးဖြင့်ဆံပင်တို့ကို ဖြီးကုန်၏။ လက်ဘီးဖြင့် ဆံပင်တို့ကို ဖြီးကုန်၏။ ဖယောင်းဆီဖြင့် ဆံပင်တို့ကို ဖြီးကုန်၏။ ရေနှင့်ရောသော ဆီဖြင့် ဆံပင်တို့ကို ဖြီးကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဝက်မှင်ဘီးဖြင့် ဆံပင်တို့ကို မဖြီးအပ်။ပ။ ဖယောင်းဆီဖြင့် ဆံပင်တို့ကို မဖြီးအပ်။ ရေနှင့်ရောသော ဆီဖြင့် ဆံပင်တို့ကို မဖြီးအပ်၊ ဖြီးသောရဟန်းအား ဒုက္ကဋ် **အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

၂၄၇။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကြေးမုံ၌ရင်း ရေခွက်၌ရင်း မျက်နှာရိပ်ကို ကြည့်ကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

"ရဟန်းတို့ ကြေးမုံပြင်၌ရင်း ရေခွက်၌ရင်း မျက်နှာရိပ်ကို မကြည့်အပ်၊ ကြည့်သောရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါး၏ မျက်နှာ၌ အနာပေါက်၏၊ ထိုရဟန်းက "ငါ့သျှင်တို့ အကျွန်ုပ်၏ အနာသည် အဘယ်သို့ သဘောရှိသနည်း" ဟု ရဟန်းတို့ကို မေး၏။ ရဟန်းတို့သည် "ငါ့သျှင် သင်၏ အနာသည် ဤသို့သဘောရှိ၏" ဟု ပြောကုန်၏။ ထိုရဟန်းသည် မယုံကြည်လေ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အနာဟူသော အကြောင်းကြောင့် ကြေးမုံပြင်၌ရင်း ရေခွက်၌ရင်း မျက်နှာရိပ်ကို ကြည့်ရန် **ခွင့်ပြု၏** ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မျက်နှာကို လိမ်းကျံကုန်၏။ မျက်နှာကို ပွတ်သတ်ကုန်၏။ မျက်နှာကို လွင်မှုန့်ဖြင့် ချေကုန်၏။ မြင်းသီလာဖြင့် မျက်နှာကို (မှန်ကူကွက်စသည်) အမှတ်ပြုကုန်၏။ လက်သည်း ခြေသည်းဆိုးခြင်းကို ပြုကုန်၏။ နှုတ်ခမ်းနီ ဆိုးခြင်းကို ပြုကုန်၏။ လက်သည်း ခြေသည်း ဆိုးခြင်း နှုတ်ခမ်းနီဆိုးခြင်းကို ပြုကုန်၏။

လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြ ကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မျက်နှာကို မလိမ်းကျံအပ်။ မျက်နှာကို မပွတ်သတ်အပ်။ မျက်နှာကို လွင်မှုန့်ဖြင့် မချေအပ်။ မြင်းသီလာဖြင့် မျက်နှာကို (မှန်ကူကွက်ခြင်းစသည်)အမှတ်မပြုအပ်။ လက်သည်း ခြေသည်း ဆိုးခြင်းကို မပြုအပ်။ နှုတ်ခမ်းနီဆိုးခြင်းကို မပြုအပ်။ လက်သည်းခြေသည်း ဆိုးခြင်း နှုတ်ခမ်းနီဆိုးခြင်းကို မပြုအပ်၊ ပြုသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးအား မျက်စိနာခြင်း ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။ ရဟန်းတို့ အနာဟူသော အကြောင်းကြောင့် မျက်နှာကို လိမ်းကျံခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၄၈။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ တောင်ထိပ်ပွဲသဘင်သည် ဖြစ်၏၊ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် တောင်ထိပ်ပွဲသဘင်ကို ကြည့်ရှုခြင်းငှါ လာကုန်၏။ လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့ အဘယ့်ကြောင့် ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း တို့ကို ကြည့်ရှုခြင်းငှါ လာကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြ ကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်းကို ကြည့်ရှုခြင်း နားထောင်ခြင်းငှါ မသွားအပ်၊ သွားသောရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

၂၄၉။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ရှည်သော သီချင်းသံဖြင့် တရားကို သီဆိုကုန်၏။

လူတို့သည် "ဤသာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ငါတို့ သီဆိုကုန်သကဲ့သို့ပင် ရှည်သော သီချင်းသံဖြင့် တရားကို သီဆိုကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားကို ကြားကြကုန်သည် သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှည်သော သီချင်းသံဖြင့် တရားကို သီဆိုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြ ကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

http://www.dhammadownload.com



"ရဟန်းတို့ ရှည်သော သီချင်းသံဖြင့် တရားကို သီဆိုသော ပုဂ္ဂိုလ်၏ အပြစ်တို့သည် ဤငါးမျိုးတိဘည်း။

(၁) ကိုယ်တိုင်လည်း ထိုအသံ၌ တပ်မက်၏။

(၂) သူတပါးတို့သည်လည်း ထိုအသံ၌ တပ်မက်ကုန်၏။

(၃) လူဘိုကလည်း ကဲ့ရဲ့ကုန်၏။

(၄) အသံပြုပြင်မှုကို လိုလားသူအား သမာဓိ ပျက်စီး၏။

(၅) နောက် နောင်းလူအပေါင်းကလည်း အတုလိုက်၏။

ရဟန်းတို့ ရှည်သော သီချင်းသံဖြင့် တရားကို သီဆိုသော ပုဂ္ဂိုလ်၏ အပြစ်တို့သည်ကား ဤငါးမျိုးဘို့တည်း။

ရဟန်းတို့ ရှည်သော သီချင်းသံဖြင့် တရားကို မသီဆိုအပ်၊ သီဆိုသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**" ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် အသံထင်ရှားအောင် ရွတ်ဆိုခြင်း၌ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်သည်ဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အသံထင်ရှားအောင် ရွတ်ဆိုခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အပြင်ပ၌ သားမွေးရှိသော ဝတ်လုံကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အပြင်ပ၌ သားမွေးရှိသော ဝတ်လုံကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

၂၅၀။ ထိုအခါ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်း၏ ဥယျာဉ်၌ သရက်ပင်တို့သည် သီးကုန်၏။ "အသျှင်တို့သည် သရက်သီးကို အလိုရှိတိုင်း သုံးဆောင်ကြပါကုန်" ဟု မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် ခွင့်ပြုထား၏။ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သရက်သီးနုကိုပင် ခြွေချ၍ သုံးဆောင်ကုန်၏။ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည်လည်း သရက်သီးကို အလိုရှိ၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် မင်းချင်းတို့ကို "အချင်းတို့ ဥယျာဉ်သို့ သွား၍ သရက်သီးကို ယူကုန်လော့" ဟု စေခိုင်း၏။ ထိုမင်းချင်းတို့သည် "အရှင်မင်းကြီး ကောင်းပါပြီ" ဟု မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းအား ဝန်ခံပြီးလျှင် ဥယျာဉ်သို့ သွား၍ "အချင်း မင်းကြီးသည် သရက်သီးကို အလိုရှိ၏၊ သရက်သီးကို ပေးလော့" ဟု ဥယျာဉ်စောင့်အား ပြောကုန်၏။ အသျှင်တို့ သရက်သီး မရှိပါ၊ သရက်သီးနုကိုပင် ခြွေချ၍ ရဟန်းတို့သည် သုံးဆောင်ပါကုန်၏ ဟု ပြော၏။

ထိုအခါ ထိုမင်းချင်းတို့သည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား ဤအကြောင်းကို လျှောက်ကုန်၏။ အချင်းတို့ အသျှင်တို့သည် သရက်သီးကို ကောင်းစွာ သုံးဆောင်ကြပေပြီ၊ သို့ရာတွင် မြတ်စွာဘုရားသည် အတိုင်းအရှည်ကို ချီးမွမ်းတော်မူ၏ ဟု မိန့်ဆို၏။

http://www.dhammadownload.com



လူဘို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အဘယ့်ကြောင့် အတိုင်းအရှည် ကို မသိကြပဲ မင်း၏ သရက်သီးကို သုံးဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်း ဘို့သည် ထိုလူဘို့၏ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားကို ကြားကြသည်သာ တည်း။ထိုအခါ ထိုရဟန်းဘို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သရက်သီးကို မသုံးဆောင်အပ်၊ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသင်းတသင်း၌ ဆွမ်းကျွေး၏၊ ပဲဟင်း၌ သရက်သီးခြမ်းတို့ကို ထည့်ကုန်၏၊ ရဟန်းတို့ သည် မအပ်ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိသည်ဖြစ်၍ မခံယူကုန်။

ရဟန်းတို့ ခံယူကုန်လော့၊ သုံးဆောင်ကုန်လော့၊ ရဟန်းတို့ သရက်သီးခြမ်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသင်းတသင်း၌ ဆွမ်းကျွေး၏၊ ထိုဒါယကာဘို့သည် သရက်သီးခြမ်း ပြုလုပ်ဘို့ရန် အချိန်မရသောကြောင့် ဆွမ်းစားစရပ်၌ အလုံးစုံသော သရက်သီးလုံးတို့ကိုပင် လှူကုန်၏။ ရဟန်းတို့ သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိသည်ဖြစ်၍ မခံယူ ကုန်။

ရဟန်းတို့ ခံယူကုန်လော့၊ သုံးဆောင်ကုန်လော့၊ ရဟန်းတို့ ရဟန်းတို့၏ ကပ္ပိခြင်း ငါးမျိုးတို့ဖြင့် သစ်သီးကို သုံးဆောင်ခြင်းငှါ ခွင့်ပြု၏။ မီးဖြင့် ကပ္ပိခြင်း ဓားငယ်ဖြင့် ကပ္ပိခြင်း လက်သည်းဖြင့် ကပ္ပိခြင်း၊ မျိုးစေ့ မဖြစ်နိုင်သော သစ်သီး၊ ငါးခုမြောက် အစေ့ထုတ်ပြီး သစ်သီး။ ရဟန်းတို့ ရဟန်းတို့၏ ဤကပ္ပိခြင်း ငါးမျိုးတို့ဖြင့် သစ်သီးကို သုံးဆောင်ခြင်းငှါ ခွင့်ပြု၏ ဟု မိန့်တော်မူ၏။

၂၅၁။ ထိုအခါ ရဟန်းတပါးသည် မြွေကိုက်(ခံရ)သောကြောင့် သေ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ထိုရဟန်းသည် မြွေမင်း လေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် မဖြန့်ယောင်တကား။

ရဟန်းတို့ ထိုရဟန်းသည် ဤမြွေမင်း လေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် အကယ်၍ ဖြန့်ပါမူ မြွေကိုက်(ခံရ)သောကြောင့် မသေတန်ရာ။

လေးမျိုးသော မြွေမင်းတို့ကား အဘယ်တို့နည်း၊ ဝိရူပက္ခမြွေမင်းမျိုး၊ ဧရာပထ မြွေမင်းမျိုး၊ ဆဗျာပုတ္တ မြွေမင်းမျိုး၊ ကဏှာဂေါတမ မြွေမင်းမျိုးတည်း။ ရဟန်းတို့ ထိုရဟန်းသည် ဤမြွေမင်း လေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် မဖြန့်ယောင်တကား။ ရဟန်းတို့ ထိုရဟန်းသည် ဤမြွေမင်း လေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် အဘယ်၍ ဖြန့်ပါမူ မြွေကိုက်(ခံရ)သောကြောင့် မသေတန်ရာ။

ရဟန်းတို့ မိမိကိုယ်ကို လုံခြုံစေခြင်းငှါလည်း၊ မိမိကိုယ်ကို စောင့်ရှောက်ခြင်းငါလည်း၊ မိမိ၏ အရံ အတားကို ပြုခြင်းငှါလည်း၊ ဤမြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် ဖြန့်ခြင်းငှါ ခွင့်ပြုတော်မူ၏။ ရဟန်းတို့ ဤသို့ပြုရမည်—

"ငါ၏ မေတ္တာသည် ဝိရူပက္ခမြွေမင်းမျိုးတို့နှင့် အတူ ဖြစ်ပါစေသတည်း၊ ငါ၏ မေတ္တာသည် ဧရာပထမြွေမင်းမျိုးတို့နှင့် အတူ ဖြစ်ပါစေသတည်း၊ ငါ၏ မေတ္တာသည် ဆဗျာပုတ္တမြွေမင်းမျိုးတို့နှင့်

http://www.dhammadownload.com



အတူ ဖြစ်ပါစေသတည်း၊ ငါ၏ မေတ္တာသည် ကဏှာဂေါတမ မြွေမင်းမျိုးတို့နှင့် အတူ ဖြစ်ပါစေသတည်း။

ငါ၏ မေတ္တာသည် အခြေမရှိသော သတ္တဝါတို့နှင့် အတူ ဖြစ်ပါစေသတည်း၊ ငါ၏ မေတ္တာသည် အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့် အတူ ဖြစ်ပါစေသတည်း၊ ငါ၏ မေတ္တာသည် အခြေလေးချောင်း ရှိသော သတ္တဝါတို့နှင့်အတူ ဖြစ်ပါစေသတည်း၊ ငါ၏ မေတ္တာသည် အခြေများစွာရှိသော သတ္တဝါတို့နှင့် အတူ ဖြစ်ပါစေသတည်း။

အခြေမရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း၊ အခြေနှစ်ချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း၊ အခြေ လေးချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း၊ အခြေများစွာရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း။

သတ္တဝါ အားလုံးတို့သည်လည်းကောင်း ထွက်သက် ဝင်သက်ရှိသော သတ္တဝါ အားလုံးတို့သည်လည်းကောင်း အကြွင်းမဲ့ ဥပပါတ် သတ္တဝါ အားလုံးတို့သည်လည်းကောင်း ကောင်းသော အာရုံတို့ကို မြင်ပါစေကုန်သတည်း။ တစ်ဦးတစ်ယောက်သို့မျှ မကောင်းသောအရာ မရောက်ပါစေသတည်း။

မြတ်စွာဘုရားသည် အတိုင်းအရှည်မရှိ၊ တရားတော်သည် အတိုင်းအရှည်မရှိ၊ သံဃာတော်သည် အတိုင်းအရှည်မရှိ။

ကင်းသန်း မြွေ ကင်းမြီးကောက် ကင်းခြေများ ပင့်ကူ အိမ်မြှောင် ကြွက်တို့သည် အတိုင်းအရှည်ရှိကုန်၏၊ ငါသည် အစောင့်အရှောက်ကို ပြုထားပြီ၊ ငါသည် အရံအတားကို ပြုထားပြီ၊ သတ္တဝါတို့သည် ဖဲကြကုန်၊ ထိုငါသည် မြတ်စွာဘုရားအား ရှိခိုးပါ၏၊ ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့အား ရှိခိုးပါ၏" ဟု (ပြုရမည်)။

ထိုအခါ ရဟန်းတပါးသည် မမွေ့လျော်ခြင်းသည် နှိပ်စက်အပ်သောကြောင့် မိမိ၏ အင်္ဂါဇာတ်ကို ဖြတ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ (မင်္ဂိုလ်မှ) အချည်းနှီး ဖြစ်သော ထိုရဟန်းသည် အခြားတပါးသော အရာ 'ကိလေသာ'ကို ဖြတ်သင့်လျက် အခြားသော အရာ 'အင်္ဂါဇာတ်'ကို ဖြတ်ဘိ၏။

ရဟန်းတို့ မိမိ၏ အင်္ဂါဇာတ်ကို မဖြတ်အပ်။ ဖြတ်သော ရဟန်းအား ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၂၅၂။ ထိုအခါ ရာဇဂြိုဟ်ပြည်နေ သူဌေးသည် များစွာ အဖိုးထိုက်သော စန္ဒကူး နံ့သာတုံးကို ရ၏။ ထိုအခါ ရာဇဂြိုဟ်ပြည်နေ သူဌေးအား—

"ငါသည် ဤစန္ဒကူး နံ့သာတုံးဖြင့် သပိတ်ပွတ်စေရမူ ကောင်းလေစွ၊ ပွတ်စာသည်လည်း ငါ၏ အသုံးအဆောင် ဖြစ်လတ္တံ့၊ သပိတ်အလှူကိုလည်း လှူရအံ့" ဟု အကြံဖြစ်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်နေ သူဌေးသည် ထိုစန္ဒကူးနံ့သာတုံးဖြင့် သပိတ်ပွတ်စေပြီးနောက် ဆိုင်း၌ ထည့်ကာ ဝါးလုံးဖျား၌ ဆွဲလျက် ဝါးလုံး အဆက်ဆက်ဖြင့် ဖွဲ့ချည်ပြီးလျှင်—

"အကြင်သမဏသည်လည်းကောင်း အကြင်ဗြာဟ္မဏသည်လည်းကောင်း ရဟန္တာလည်းဖြစ် တန်ခိုးလည်းကြီးမူ သပိတ်ကို ချယူစေသတည်း၊ လှူထားပါ၏" ဟု ဆို၏။

http://www.dhammadownload.com



ထိုအခါ ပူရဏကဿပသည် ရာဇဂြိုဟ်သူဌေးထံသို့ ချဉ်းကပ်၏၊ ချဉ်းကပ်ပြီးနောက် ရာဇဂြိုဟ်သူဌေးကို—

"ဒါယကာကြီး ငါသည် ရဟန္တာလည်း ဖြစ်၏၊ တန်ခိုးလည်း ရှိ၏၊ ငါ့အား သပိတ်ကို လှူလော့" ဟု ဆို၏။

အသျှင်ဘုရား အသျှင်သည် ရဟန္တာလည်းဖြစ် တန်ခိုးလည်းကြီးမူ သပိတ်ကို ချယူပါလော့၊ လှူထားပါ၏ ဟု ဆို၏။

ထိုအခါ မက္ခလိ ဂေါသာလသည်၎င်း အဇိတကေသကမ္ဗလသည်၎င်း ပကုဓကစ္စာယနသည်၎င်း သဉ္စယဗေလဋ္ဌပုတ္တသည်၎င်း နိဂဏ္ဌနာဋပုတ္တသည်၎င်း ရာဇဂြိုဟ်သူဌေးထံသို့ ချဉ်းကပ်ပြီးနောက ရာဇဂြိုဟ်သူဌေးကို "ဒါယကာကြီး ငါသည် ရဟန္တာလည်း ဖြစ်၏၊ တန်ခိုးလည်း ရှိ၏၊ ငါ့အား သပိတ်ကို လှူလော့" ဟု ဆို၏။ အသျှင်ဘုရား အသျှင်သည် ရဟန္တာလည်းဖြစ် တန်ခိုးလည်းကြီးမူ သပိတ်ကို ချယူပါလော့၊ လှူထားပါ၏ ဟု ဆို၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလ္လာန်သည်၎င်း အသျှင်ပိဏ္ဍောလဘာရဒွါဇသည်၎င်း နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ကုန်၏။

ထိုအခါ အသျှင်ပိဏ္ဍောလဘာရဒွါဇသည် အသျှင်မဟာမောဂ္ဂလ္လာန်ကို "အသျှင်မဟာမောဂ္ဂလ္လာန်သည် ရဟန္တာလည်း ဖြစ်၏၊ တန်ခိုးလည်း ကြီး၏၊ ငါ့သျှင် မောဂ္ဂလ္လာန် သွားပါလော့၊ ထိုသပိတ်ကို ချယူပါလော့၊ ထိုသပိတ်သည် သင်၏ သပိတ်တည်း" ဟု ဆို၏။

"အသျှင်ဘာရဒွါဇသည် ရဟန္တာလည်း ဖြစ်၏၊ တန်ခိုးလည်း ကြီး၏၊ ငါ့သျှင် ဘာရဒွါဇ သွားပါလော့၊ ထိုသပိတ်ကို ချယူပါလော့၊ ထိုသပိတ်သည် သင်၏ သပိတ်တည်း" ဟု (အသျှင်မဟာမောဂ္ဂလ္လာန်က) ပြောဆို၏။

ထိုအခါ အသျှင်ပိဏ္ဍောလဘာရဒွါဇသည် ကောင်းကင်သို့ ပျံတက်၍ ထိုသပိတ်ကို ယူပြီးလျှင် ရာဇဂြိုဟ်ပြည်ကို သုံးပတ် လှည့်လည်၏။ ထိုအခါ ရာဇဂြိုဟ်သူဌေးသည် သားမယားနှင့်အတူ မိမိအိမ်၌ လက်အုပ်ချီမိုး ရှိခိုးလျက် ရပ်နေ၏။

"အသျှင်ဘုရား အသျှင်ဘာရဒွါဇသည် အကျွန်ုပ်တို့၏ အိမ်၌ တည်တော်မူပါလော့" ဟု (လျှောက်၏)။ ထိုအခါ အသျှင်ပိဏ္ဍောလဘာရဒွါဇသည် ရာဇဂြိုဟ်သူဌေးအိမ်၌ တည်၏။ ထိုအခါ သူဌေးသည် အသျှင်ပိဏ္ဍောလဘာရဒွါဇ၏ လက်မှ သပိတ်ကို ယူပြီးလျှင် များစွာသော အဖိုးထိုက်သော ခဲဖွယ်ဖြင့် ပြည့်စေ၍ အသျှင်ပိဏ္ဍောလဘာရဒွါဇအား လှူ၏။ ထိုအခါ အသျှင်ပိဏ္ဍောလဘာရဒွါဇသည် ထိုသပိတ်ကိုယူ၍ ကျောင်းအရံသို့ သွား၏။ လူတို့သည် "အသျှင်ပိဏ္ဍောလဘာရဒွါဇသည် ရာဇဂြိုဟ် သူဌေး၏ သပိတ်ကို ချယူသတတ်" ဟု ကြားကုန်၏။

ထိုလူတို့သည် ပြင်းပြကျယ်လောင်သော အသံရှိကုန်၍ အသျှင်ပိဏ္ဍောလဘာရဒွါဇကို နောက်မှ နောက်မှ လိုက်ကုန်၏။

မြတ်စွာဘုရားသည် ပြင်းပြကျယ်လောင်သော အသံကို ကြားတော်မူ၍ အသျှင်အာနန္ဒာကို "အာနန္ဒာ ထိုပြင်းပြကျယ်လောင်သော အသံသည် အဘယ်အရာနည်း" ဟု မေးတော်မူ၏။ အသျှင်ဘုရား အသျှင်ပိဏ္ဍောလဘာရဒွါဇသည် ရာဇဂြိုဟ်သူဌေး၏ သပိတ်ကို ချယူပါ၏၊ အသျှင်ဘုရား လူတို့

http://www.dhammadownload.com



သည် အသျှင်ပိဏ္ဍောလဘာရဒွါဇသည် ရာဇဂြိုဟ်သူဌေး၏ သပိတ်ကို ချယူသတတ် ဟု ကြားကုန်၏။ အသျှင်ဘုရား ထိုကြောင့် လူတို့သည် ပြင်းပြကျယ်လောင်သော အသံရှိကုန်၍ အသျှင်ပိဏ္ဍောလဘာရဒွါဇကို နောက်မှ နောက်မှ လိုက်ကုန်၏။ဘုန်းတော်ကြီးသော အသျှင်ဘုရား ထိုပြင်းပြကျယ်လောင်သော အသံသည်ကား ဤအရာပါတည်း ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ အသျှင်ပိဏ္ဍောလဘာရဒွါဇကို စိစစ်မေးမြန်းတော်မူ၏။

"ဘာရဒွါဇ သင်သည် ရာဇဂြိုဟ်သူဌေး၏ သပိတ်ကို ချယူ၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

ဘာရဒွါဇ မလျှောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့၏ အမှုအရာမဟုတ်၊ မအပ်၊ မပြုထိုက်။

ဘာရဒွါဇ သင်သည် ယုတ်ညံ့သော သစ်သားသပိတ်အတွက် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို လူတို့အား အဘယ့်ကြောင့် ပြဘိသနည်း။

ဘာရဒွါဇ မာတုဂါမသည် သေးနုတ်သော ပိုက်ဆံတပဲအတွက် အင်္ဂါဇာတ်ကို ပြသကဲ့သို့ သင်သည် သေးနုတ်သော သစ်သားသပိတ်အတွက် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို လူတို့အား ပြဘိ၏။

ဘာရဒွါဇ ဤ(သင်ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၎င်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို လူတို့အား မပြအပ်၊ ပြသော ရဟန်းအား ဒုက္ကဋ် **အာပတ် သင့်၏**။

ရဟန်းတို့ ဤသစ်သားသပိတ်ကို ဖျက်ဆီးကြကုန်လော့၊ အစိတ်စိတ်အမြွာမြွာလုပ်၍ ရဟန်းတို့အား မျက်စဉ်းကြိတ်ရန် ပေးကုန်လော့။

ရဟန်းတို့ သစ်သားသပိတ်ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ် **အာပတ် သင့်၏** ဟု မိန့်တော်မူ၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေဖြင့် ပြီးသည်လည်း ဖြစ်သော ငွေဖြင့် ပြီးသည်လည်း ဖြစ်သော အကောင်းအညွှန့် ဖြစ်သော သပိတ်တို့ကို ဆောင်ကုန်၏။

လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရွှေသပိတ်ကို မဆောင်အပ်။ပ။ ငွေသပိတ်ကို မဆောင်အပ်။ ပတ္တမြားသပိတ်ကို မဆောင်အပ်။ ကျောက်မျက်သပိတ်ကို မဆောင်အပ်။ ဖလ်သပိတ်ကို မဆောင်အပ်။ ကြေးသပိတ်ကို

http://www.dhammadownloads.com



မဆောင်အပ်။ စဥ္စသပိတ်ကို မဆောင်အပ်။ ခဲမဖြူသပိတ်ကို မဆောင်အပ်။ ခဲပုပ်သပိတ်ကို မဆောင်အပ်။ ကြေးနီသပိတ်ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ သံသပိတ် မြေသပိတ် ဟု ဆိုအပ်သော သပိတ် နှစ်မျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၅၃။ ထိုအခါ သပိတ် အရင်း 'အောက်ဖက်'သည် ပွန်းခဲ့သဖြင့် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သပိတ် နှီးဝန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေဖြင့်ပြီးသည်လည်း ဖြစ်သော ငွေဖြင့် ပြီးသည်လည်း ဖြစ်သော အကောင်းအညံ့ ဖြစ်သော သပိတ်နှီးဝန်းတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ် ခံစားသူ လူတို့ ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အကောင်းအညံ့ဖြစ်သော သပိတ် နှီးဝန်းတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ခဲမဖြူဖြင့် ပြီးသည်လည်း ဖြစ်သော ခဲပုတ်ဖြင့် ပြီးသည်လည်း ဖြစ်သော သပိတ် နှီးဝန်းနှစ်မျိုးတို့ ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထူသောသပိတ် နှီးဝန်းတို့သည် မထိနိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပွတ်ခံခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

(သပိတ်နှီးဝန်းတို့သည်)တွန့်လိပ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မကရ်းသွားဖြတ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ရုပ်စုံပြွမ်းသည်လည်းဖြစ်သော ဘေးအပြင်၌ အပြေအပြစ်ပြုအပ်သည်လည်း ဖြစ်သော ဆန်းကြယ်သော သပိတ် နှီးဝန်းတို့ကို ဆောင်ကုန်၏။ ထိုသပိတ် နှီးဝန်းတို့ကို လမ်းမ၌သော်လည်း ပြလျက် လှည့်လည်ကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရုပ်စုံပြွမ်းသည်လည်း ဖြစ်သော ဘေးအပြင်၌ အပြေအပြစ်ပြုအပ်သည်လည်းဖြစ်သော ဆန်းကြယ်သော သပိတ် နှီးဝန်းတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ပကတိ ခွေးသွားဟူသော သပိတ်နှီးဝန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၅၄။ ထိုအခါ ရဟန်းတို့သည် ရေရှိသော သပိတ်တို့ကို သိုမှီးသဖြင့် သပိတ်သည် ပျက်စီး၏ (သိုး၏)။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရေရှိသော သပိတ်ကို မသိုမှီးအပ်၊ သိုမှီးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ သပိတ်ကို နေပူလှန်း၍ သိုမှီးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ရဟန်းတို့သည် ရေရှိသော သပိတ်ကို နေပူလှန်းသဖြင့် သပိတ်သည် အနံ့မကောင်း။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရေရှိသော သပိတ်ကို နေပူမလှန်းအပ်၊ နေပူလှန်းသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**။ ရဟန်းတို့ ရေစင်အောင် သုတ်ပြီးမှ နေပူလှန်း၍ သပိတ်ကို သိုမှီးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် နေပူ၌ သပိတ်ကို ထားသဖြင့် သပိတ်၏ အဆင်းသည် ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ နေပူ၌ သပိတ်ကို မထားအပ်၊ ထားသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**။ ရဟန်းတို့ အတန်ငယ်မျှ နေပူလှန်း၍ သပိတ်ကို သိုမှီးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ များစွာသော သပိတ်တို့ကို လွင်တီးခေါင်၌ သပိတ်ခြေမပါပဲ ထားကုန်၏၊ သပိတ်တို့သည် လေပွေခတ်သဖြင့် လိမ့်၍ ကွဲကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သပိတ်ခြေကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အတွင်းနံရံ အကျဉ်းစွန်း၌ သပိတ်ကို ထားသဖြင့် သပိတ်သည် လိမ့်ကျ၍ ကွဲ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အတွင်းနံရံ အကျဉ်းစွန်း၌ သပိတ်ကို မထားအပ်၊ ထားသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အပနံရံ အကျဉ်းစွန်း၌ သပိတ်ကို ထားသဖြင့် သပိတ်သည် လိမ့်ကျ၍ ကွဲ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အပနံရံအကျဉ်းစွန်း၌ သပိတ်ကို မထားအပ်၊ ထားသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် သပိတ်ကို မြေ၌ မှောက်ထားသဖြင့် သပိတ် နှုတ်ခမ်းသည် ပွန်း၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မြက်အခင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ မြက်အခင်းကို ခြစားသဖြင့် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပုဆိုးအနှီးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ပုဆိုးအနှီးကို ခြစားပြန်သဖြင့် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သပိတ်စင်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သပိတ်စင်သည် ပြိုကျ၍ သပိတ်ကွဲ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သပိတ်ထားစရာ အဝကျယ်သောအိုးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သပိတ်ထားစရာအိုး၌ သပိတ်သည် ပွန်းခဲ့ပြန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သပိတ်အိတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ပခုံးလွယ်မရှိသဖြင့် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ပခုံးလွယ်ကိုရင်း ဖွဲ့ကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် နံရံငုတ်၌ရင်း ဆင်စွယ်၌ရင်း သပိတ်ကို ချိတ်ထားသည်ရှိသော် ပြုတ်ကျ၍ သပိတ်ကွဲသဖြင့် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သပိတ်ကို ဆွဲချိတ်မထားအပ်၊ ဆွဲချိတ်ထားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ညောင်စောင်း၌ သပိတ်ကို ထားကုန်၏၊ သတိမေ့သဖြင့် ထိုင်သော ရဟန်းတို့သည် သပိတ်ကို ဖိမိ၍ ကွဲစေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ညောင်စောင်း၌ သပိတ်ကို မထားအပ်၊ ထားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အင်းပျဉ်၌ သပိတ်ကို ထားကုန်၏။ သတိမေ့သဖြင့် ထိုင်သော ရဟန်းတို့သည် သပိတ်ကို ဖိမိ၍ ကွဲစေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အင်းပျဉ်၌ သပိတ်ကို မထားအပ်၊ ထားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ရင်ခွင်၌ သပိတ်ကို ထားကုန်၏၊ သတိမေ့၍ ထကုန်သည်ရှိသော် လိမ့်ကျသဖြင့် သပိတ်ကွဲ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရင်ခွင်၌ သပိတ်ကို မထားအပ်၊ ထားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ထီးပေါ်၌ သပိတ်ကို ထားကုန်၏၊ ထီးကို လေပွေခတ်သည်ရှိသော် လိမ့်ကျသဖြင့် သပိတ်ကွဲ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ထီးပေါ်၌ သပိတ်ကို မထားအပ်၊ ထားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၂၅၅။ ထိုအခါ ရဟန်းတို့သည် သပိတ်ကို လက်စွဲကုန်လျက် တံခါးရွက်ကို တွန်းသည်ရှိသော် တံခါးရွက်သည် လည်၍ သပိတ်သည်ကွဲ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သပိတ်ကို လက်စွဲလျက် တံခါးရွက်ကို မတွန်းအပ်၊ တွန်းသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ဗူးတောင်းဖြင့် ဆွမ်းခံကုန်၏၊ လူတို့သည် "တိတ္ထိတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ပူးတောင်းဖြင့် ဆွမ်းမခံအပ်၊ဆွမ်းခံသောရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ တပါးသော ရဟန်းသည် ဒိုးကင်းဖြင့် ဆွမ်းခံ၏၊ လူတို့သည် "တိတ္ထိတို့ကဲ့သို့တည်း"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဒိုးကင်းဖြင့် ဆွမ်းမခံအပ်၊ ဆွမ်းခံသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် အလုံးစုံသော ပံသုကူပစ္စည်းရှိသူ ဖြစ်၏။

ထိုရဟန်းသည် လူဦးခေါင်းခွံသပိတ်ကို ဆောင်၏၊ တယောက်သော မိန်းမသည် မြင်၍ ကြောက်သောကြောင့် "အမယ်လေး ဤသူသည် မြေဘုတ်ဘီလူးကြီးပါပဲ" ဟု ဟစ်အော်ခြင်းကို ပြု၏။ လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် မြေဘုတ် ဘီးလူးတို့ကဲ့သို့ လူ့ဦးခေါင်းခွံသပိတ်ကို ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ လူ့ဦးခေါင်းခွံသပိတ်ကို မဆောင်အပ် ဆောင်သောရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**။

ရဟန်းတို့ ပံသုကူပစ္စည်းချည်းရှိသူ မဖြစ်ရာ၊ ဖြစ်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် စားဖတ်အရိုး လုတ်ဆေးရေတို့ကို သပိတ်ဖြင့် ဆောင်ကုန်၏။

လူတို့သည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အကြင်သပိတ်၌ပင် စားကုန်၏၊ ထိုသပိတ်သည်ပင် ထိုရဟန်းတို့၏ လက်ဆေးခံတည်း"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ စားဖတ်အရိုး လုတ်ဆေးရေတို့ကို သပိတ်ဖြင့် မဆောင်အပ်၊ ဆောင်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**၊ ရဟန်းတို့ လက်ဆေးခံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၅၆။ ထိုအခါ ရဟန်းတို့သည် လက်ဖြင့် ဆုပ်၍ ဆုပ်၍ သင်္ကန်းကို ချုပ်သဖြင့် သင်္ကန်းသည် အနားမညီ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဓားငယ်ကိုရင်း၊ ဓားငယ်ရစ်ပတ်ရန် ဖျင်ပိုင်း အထည်ကြမ်းကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား အရိုးတပ်သော ဓားငယ်သည် ဖြစ်လာ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အရိုးတပ်သော ဓားငယ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေဖြင့် ပြီးသည်လည်း ဖြစ်သော ငွေဖြင့် ပြီးသည်လည်း ဖြစ်သော အကောင်းအညံ့ ဖြစ်ကုန်သော ခေါင်းရိုးတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ခေါင်းရိုးအမျိုးမျိုးတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းတို့ အရိုးခေါင်းရိုးကိုလည်း အစွယ်ခေါင်းရိုးကိုလည်း ဦးချိုခေါင်းရိုးကိုလည်း ကျူခေါင်းရိုးကိုလည်း ဝါး ခေါင်းရိုးကိုလည်း သစ်သားခေါင်းရိုးကိုလည်း ချိတ်ခေါင်းရိုးကိုလည်း ဖလ်ခေါင်းရိုးကိုလည်း ကြေးသံခေါင်းရိုးကိုလည်း ခရုသင်းချက် ခေါင်းရိုးကိုလည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ကြက်တောင်ဖြင့်လည်း ဝါးခြမ်းစိတ်ဖြင့်လည်း သက်နှန်းကို ချုပ်ကုန်၏၊ သက်နှန်းသည် ချုပ်ပုံမကောင်းသဖြင့်၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အပ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အပ်တို့သည် သံချေးတက်ကုန်၏။ပ။

ရဟန်းတို့ အပ်ဗူးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အပ်ဗူး၌လည်း သံချေးတက်ပြန်ကုန်၏။ပ။

ရဟန်းတို့ တဆေးမှုန့်ကို ထည့်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တဆေးမှုန့်၌လည်း သံချေး တက်ကုန်၏။ပ။

ရဟန်းတို့ နနွင်းနှင့် ရောသော မုံ့မှုန့်ကို ထည့်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ နနွင်းရောသော မုံ့မှုန့်၌လည်း သံကြေးတတ်ကုန်၏။ပ။

ရဟန်းတို့ ကျောက်မှုန့်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ကျောက်မှုန့်၌လည်း သံချေး တက်ကုန်၏။ပ။

ရဟန်းတို့ ပျားဖယောင်းဖြင့် လိမ်းကျံခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ကျောက်မှုန့်သည် ပျက်စီး၏။

ရဟန်းတို့ ကျောက်မှုန့်ထည့်ရန် အိတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ထိုထိုအရပ်၌ ငုတ်ကို စိုက်၍ ချည်ပြီးလျှင် သက်နှန်းကို ချုပ်ကုန်၏၊ သက်နှန်းသည် အနားထောင့်မညီ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကားပေါင်ကိုလည်း ကားပေါင်ချည်ရန် ကြိုးကိုလည်း ခွင့်ပြု၏။ ထိုထိုအရပ်၌ ချည်၍ (ကားကြက်၍)သက်နှန်းကို ချုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မညီညွတ်သော နေရာ၌ ကားပေါင်ကို ဖြန့်ခင်းသဖြင့် ကားပေါင်သည် ပျက်စီး၏။ပ။

ရဟန်းတို့ မညီညွတ်သော နေရာ၌ ကားပေါင်ကို မဖြန့်ခင်းအပ်၊ ဖြန့်ခင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

မြေ၌ ကားပေါင်ကို ခင်းသဖြင့် ကားပေါင်သည် မြေမှုန့်အလိမ်းလိမ်း ဖြစ်၏။ပ။

ရဟန်းတို့ မြက်အခင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ကားပေါင်၏ အတွင်းဘက်သည် ဆွေး၏။ပ။

ရဟန်းတို့ အလျား အနားပတ်ကိုင်း အနံအနားပတ်ကိုင်း တင်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကားပေါင်သည် ဖမို (မလောက်)။ပ။

ရဟန်းတို့ ကားပေါင်တို့ကိုင်း ကားချုပ် နှုတ်ခမ်းလုံးခြင်းကိုင်း ဝါးခြမ်းစိတ်ကိုင်း(ကား ပေါင်ရှည် ကားပေါင်ကို)ချည်ရန် ကြိုးကိုင်း (ကားပေါင်၌ သက်နန်း)ဖွဲ့ချည်ရန် ချည်ကိုင်း ဖွဲ့ချည်၍ သက်နန်းလို ချုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ချည်အကြားတို့သည် မညီညွတ်ကုန်။ပ။ ရဟန်းတို့ တိုင်းတာမှုကို ခွင့်ပြု၏ ဟု (မိန့်တော် မူ၏)။

ချည်တို့သည် ကောက်ကုန်၏။ပ။ ရဟန်းတို့ တမျဉ်းပစ်မှုကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် မဆေးသော ခြေတို့ဖြင့် ကားပေါင်ကို နင်းသဖြင့် ကားပေါင်သည် ပျက် စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မဆေးသော ခြေတို့ဖြင့် ကားပေါင်ကို မနင်းအပ်၊ နင်းသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် စိုစွတ်သော ခြေတို့ဖြင့် ကားပေါင်ကို နင်းသဖြင့် ကားပေါင်သည် ပျက် စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ စိုစွတ်သော ခြေတို့ဖြင့် ကားပေါင်ကို မနင်းအပ်၊ နင်းသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ဘိနပ်စီးလျက် ကားပေါင်ကို နင်းသဖြင့် ကားပေါင်သည် ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိနပ်စီးသော ရဟန်းသည် ကားပေါင်ကို မနင်းအပ်၊ နင်းသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် သက်နန်းချုပ်စဉ် လက်ချောင်းဖြင့် ခံကုန်၏၊ လက်ချောင်းတို့သည် နာ ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ လက်ခု လက်ခံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၅၇။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေဖြင့် ပြီးသည်လည်း ဖြစ်သော ငွေဖြင့် ပြီးသည်လည်း ဖြစ်သော အကောင်း အညံ့ ဖြစ်သော လက်ခု လက်ခံတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ် ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာ ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အကောင်းအညံ့ ဖြစ်သော လက်ခု လက်ခံတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ အရိုး လက်ခု လက်ခံကိုရင်း။ပ။ ခရုသင်းချက် လက်ခု လက်ခံကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အပ်တို့သည်ရင်း ဓားငယ်တို့သည်ရင်း လက်ခု လက်ခံတို့သည်ရင်း ပျောက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အပ် ဓားငယ် လက်ခု လက်ခံ ထည့်ရန် အိတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အပ် စသည် ထည့်သွင်းရာအိတ်၌ ရှုပ်ထွေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ လက်ခု လက်ခံ ထည့်ရန် အိတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပခုံးလွယ်မရှိ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ပခုံးလွယ်ကိုရင်း ဖွဲ့ကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် လွင်တီးခေါင်၌ သင်္ကန်းကို ချုပ်သော် အအေးကြောင့်ရင်း အပူကြောင့်ရင်း ပင်ပန်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကထိနဖြန့်ရာ စရပ်ကိုရင်း ကထိနဖြန့်ရာ မဏ္ဍပ်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကထိနဖြန့်ရာ စရပ်သည် မြေနိမ့်၍ ရေလွှမ်းမိုး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မြေမြင့်အောင် ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဖို့မြေသည် ပြို၏။ပ။ ရဟန်းတို့ အုတ်စီခြင်း ကျောက်စီခြင်း သစ်သားစီခြင်း ဟူသော စီခြင်း သုံးမျိုးတို့ကို စီစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်ရောက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။ ရဟန်းတို့ အုတ်လှေကား ကျောက်လှေကား သစ်သား လှေကား ဟူသော လှေကားသုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်ရောက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။ ရဟန်းတို့ ဆွဲကိုင်ရာ လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကထိနဖြန့်ရာ စရပ်၌ မြက်မှုန့်သည် ကျ၏။ပ။ ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်းငှါ ခွင့်ပြု၏၊ ဖြူသောအဆင်းကိုရင်း မည်းသောအဆင်းကိုရင်း ဂေရုနီဖြင့် အချောကိုင်ခြင်းကိုရင်း ပန်းချီပန်း ချယ်လှယ်ခြင်းကိုရင်း နွယ်ပန်းချယ်လှယ်ခြင်းကိုရင်း မကန်းသွားဖော်ခြင်းကိုရင်း သင်္ကန်းတင်ရေးကိုရင်း သင်္ကန်းတန်း ဝါးကြိမ်ကိုရင်း သင်္ကန်းလှမ်းရန် ကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် သင်္ကန်းချုပ်ပြီးနောက် ကထိနချုပ်ကို ထိုနေရာ၌ပင် ပစ်ထားခဲ့၍ သွားသဖြင့် ကြွက်တို့သည်ရင်း ခြတို့သည်ရင်း ကိုက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကထိနချုပ်ကို ခေါက်လိပ်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ကားချပ်သည် ပျက်စီး၏။ပ။ ရဟန်းတို့ ဝါးလုံး လုံတံကို အတွင်း၌ သွင်းထား၍ ကားချပ်ကို ခေါက်လိပ်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ကားချပ်သည် ပြေ၏။ပ။ ရဟန်းတို့ ဖွဲ့ချည်ရန်ကြိုးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် နံရံ၌ရင်း တိုင်၌ရင်း ကားပေါင်ကို ထောင်ခဲ့၍ ဖဲသွားသဖြင့် ကားပေါင်သည် လဲ၍ ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နံရံငုတ်၌ရင်း ဆင်စွယ်၌ရင်း ဆွဲချိတ်ရန် ခွင့်ပြု၏ ဟု၍(မိန့်တော်မူ၏)။

၂၅၈။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသမျှနေတော်မူပြီး၍ ဝေသာလီပြည်သို့ ဖဲကြွတော်မူ၏။

ထိုအခါ ရဟန်းတို့သည် အပ်ကိုရင်း ဓားငယ်ကိုရင်း ဆေးကိုရင်း သပိတ်ဖြင့် ယူ၍ သွားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဆေးအိတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ပခုံးလွယ်မရှိ (မပါ)။ပ။

ရဟန်းတို့ ပခုံးလွယ်စရာကိုရင်း ဖွဲ့ကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် ဘိနပ်ဘို့ကို ခါးပန်းကြိုးဖြင့် ချည်၍ ရွာသို့ ဆွမ်းခံဝင်၏၊ တယောက်သော ဥပါသကာသည် ထိုရဟန်းကို ရှိခိုးသည်ရှိသော် ဘိနပ်တို့ကို ဦးခေါင်းဖြင့် တိုက်မိသဖြင့် ထိုရဟန်းသည် မျက်နှာမသာဖြစ်၏။ ထိုအခါ ရဟန်းသည် အရံသို့ သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိနပ်အိတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ပခုံးလွယ်မရှိ (မပါ)။ပ။

ရဟန်းတို့ ပခုံးလွယ်ကိုရင်း ဖွဲ့ကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ လမ်းခရီးအကြား၌ မအပ်သော ရေသည် ဖြစ်၏၊ ရေစစ်လည်း မပါ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရေစစ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အဝတ်ပိုင်းသည် မလုံလောက်။ပ။

ရဟန်းတို့ လုံတံ သုံးချောင်း၌ ထိုး၍ ပြုအပ်သော ရေစစ် 'ကဋစ္ဆုပရိဿာဝန' ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အဝတ်ပိုင်းသည် မလုံလောက်။ပ။

ရဟန်းတို့ ဓမကရိုဏ် 'လေစုတ်ရေစစ်' ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၅၉။ ထိုအခါ ရဟန်းနှစ်ပါးတို့သည် ကောသလတိုင်း ဇနပုဒ်၌ ခရီးရှည် သွားကုန်၏၊ ရဟန်းတပါးသည် မလျော်သော အကျင့်ကို ကျင့်၏၊ အဖော်ရဟန်းသည် ထိုရဟန်းကို "ငါ့သျှင် ဤအမှုမျိုးကို မပြုလင့်၊ ဤအမှုသည် မအပ်" ဟု ပြောဆို၏။ ထိုရဟန်းသည် ထို(ပြောသူ)ရဟန်းအပေါ်၌ ရန်ငြိုးဖွဲ့၏။

ထိုအခါ ထိုရဟန်းသည် ရေငတ်ခြင်း နှိပ်စက်သောကြောင့် ရန်ငြိုးဖွဲ့သော ရဟန်းကို "ငါ့သျှင် ငါ့အား ရေစစ်ပေးပါလော့၊ ရေသောက်အံ့" ဟု ပြောဆို၏။ ရန်ငြိုးဖွဲ့သော ရဟန်းက မပေးသဖြင့် ထိုရဟန်းသည် ရေငတ်ခြင်း နှိပ်စက်သောကြောင့် သေလေ၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းသည် အရံသို့ သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ငါ့သျှင် ရေစစ်ကို တောင်းပါလျက် သင်သည် မပေးခဲ့လေသလော ဟု မေးကြသဖြင့် ငါ့သျှင်တို့ မပေးသည် မှန်၏ ဟု ပြော၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် ရေစစ်ကို တောင်းပါလျက် မပေးဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေ၍ ထိုရဟန်းကို "ရဟန်း ရေစစ်ကို တောင်းပါလျက် သင်သည် မပေးဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မင်္ဂဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ရဟန်းတို့အား မလျှောက်ပတ် မလျှောက်န် မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ်၊ မအပ်၊ မပြုသင့်။ (မင်္ဂဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ရေစစ်ကို တောင်းပါလျက် သင်သည် အဘယ့်ကြောင့် မပေးဘိသနည်း။ (မင်္ဂဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ခရီးရှည်သွားသော ရဟန်းသည် ရေစစ်ကို တောင်းလျှင် ပေးရမည်၊ မပေးသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**။ ရဟန်းတို့ ရေစစ်မပါသော ရဟန်းသည် ခရီးရှည် မသွားအပ်၊ သွားသော ရဟန်းအား **ဒုက္ကဋ် အာပတ် သင့်၏**" ဟု မိန့်တော်မူ၏။

ရေစစ်ပုဝါသည်ငှါး ဓမ္မကရိုဘ် 'လေစုတ်ရေစစ်'သည်ငှါး မရှိမူ နှစ်ထပ်သင်္ကန်းစွန်းကိုလည်း "ဤနှစ်ထပ် သင်္ကန်းဖြင့် စစ်၍ သောက်အံ့" ဟု ဆောက်တည်ရမည်။

ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ ကြွချီလေသော် ဝေသာလီပြည်သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရဟန်းတို့သည် အမှုသစ်ကို ပြုလုပ်သဖြင့် ရေစစ်သည် မလောက်နိုင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ လေးတိုင်စင်စိုက်၍ အဝတ်ကြက်သော ရေစစ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ လေးတိုင်စင်စိုက်၍ အဝတ်ကြက်သော ရေစစ်သည် မလောက်နိုင်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှစ်၍ စစ်သော ရေစစ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့ကို မှက်ခြင်တို့သည် နှိပ်စက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခြင်ထောင်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၂၆၀။ ထိုအခါ ဝေသာလီပြည်၌ မွန်မြတ်သော ဆွမ်းကျွေးအစဉ်သည် မပြတ်တည်၏။ ရဟန်းတို့သည် မွန်မြတ်သော ဆွမ်းတို့ကို သုံးဆောင်ကြသောကြောင့် သလိပ် သည်းခြေပြောသော ကိုယ်ရှိကုန်၏။ အနာများကုန်၏။ ထိုအခါ အဘယမင်းသား မွေးစားသော ဇီဝကသည် တစုံတခုသော ကိစ္စဖြင့် ဝေသာလီပြည်သို့ သွား၏။ အဘယမင်းသား မွေးစားသော ဇီဝကသည် သလိပ် သည်းခြေ ပြောသော ကိုယ်ရှိကုန်သော များသော အနာရှိကုန်သော ရဟန်းတို့ ကို မြင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ပြီးသော် "အသျှင်ဘုရား၊ ရဟန်းတို့သည် ယခုအခါ၌ သလိပ် သည်းခြေပြောသော ကိုယ်ရှိကုန်၏၊ များသော အနာရှိကုန်၏။ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ရဟန်းတို့အား စင်္ကြံသွားခြင်းကိုရင်း ဇရုံးအိမ်ကိုရင်း ခွင့်ပြုတော်မူပါ၊ ဤသို့ ခွင့်ပြုလျှင် ရဟန်းတို့သည် အနာရောဂါ နည်းပါး ပါကုန်လတ္တံ့" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အဘယမင်းသားမွေးစားသော ဇီဝကကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူ၏။

ထိုအခါ အဘယမင်းသား မွေးစားသော ဇီဝကသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီး ဖြစ်ရကား မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် နေရာမှထ၍ အရိုအသေပြုကာ ဖဲသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို ရဟန်းတို့ စင်္ကြံသွားခြင်းကိုရင်း ဇရုံးအိမ်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် မညီမညွတ်သော စင်္ကြံ၌ စင်္ကြံသွားကြရသဖြင့် ခြေနာကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ညီညွတ်အောင် ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ စင်္ကြံသည် မြေနိမ့်သဖြင့် ရေသည် လွှမ်းမိုး၏။ ပ။

ရဟန်းတို့ မြေမြင့်အောင် ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဖို့မြေသည် ပြိုကျ၏။ ပ။

ရဟန်းတို့ အုတ်စီခြင်း ကျောက်စီခြင်း သစ်သားစီခြင်း ဟူသော စီခြင်း သုံးမျိုးတို့ကို စီစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ ပ။ ရဟန်းတို့ အုတ်လှေကား၊ ကျောက်လှေကား သစ်သား လှေကား ဟူသော လှေကားသုံးမျိုးတို့ကို ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ ပ။ ရဟန်းတို့ ဆွဲကိုင်ရန် လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် စင်္ကြံသွားကုန်သော် လိမ့်ကျကုန်၏။ မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ စင်္ကြံဝရံတာကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

.http://www.dhammadownload.com



ထိုအခါ ရဟန်းတို့သည် လွင်တီးခေါင်၌ စင်္ကြံသွားကုန်သော် အအေးကြောင့်ရင်း အပူကြောင့်ရင်း ပင်ပန်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ စင်္ကြံစရပ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

စင်္ကြံစရပ်၌ မြက်မှုန့်တို့သည် ကျကုန်၏။ပ။ ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်းငှါ ခွင့်ပြု၏၊ ဖြူသော အဆင်းကိုရင်း မည်းသော အဆင်းကိုရင်း ငွေနီဖြင့် အချောကိုင်ခြင်းကိုရင်း ခြူးပန်းဆင်ယင်ခြင်းကိုရင်း နွယ်ပန်းဆင်ယင်ခြင်းကိုရင်း မကာရ်းသွားဖော်ခြင်းကိုရင်း သင်္ကန်းတင်ရေး ခြင်းကိုရင်း သင်္ကန်းတန်း ဝါးကြိမ်ကိုရင်း သင်္ကန်းလှမ်းကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဇရုံးအိမ်သည် မြေနိမ့်သဖြင့် ရေသည် လွှမ်းမိုး၏။ပ။ ရဟန်းတို့ မြေမြင့်အောင် ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဖို့မြေသည် ပြိုကျ၏။ပ။ ရဟန်းတို့ အုတ်စီခြင်း ကျောက်စီခြင်း သစ်သားစီခြင်း ဟူသော စီခြင်း သုံးမျိုးတို့ကို စီခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။ ရဟန်းတို့ အုတ်လှေကား ကျောက်လှေကား သစ်သားလှေကား ဟူသော လှေကားသုံးမျိုးတို့ကို ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။

ရဟန်းတို့ ဆွဲကိုင်ရန် လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဇရုံးအိမ်၌ တံခါးရွက်သည် မရှိ။ပ။

ရဟန်းတို့ တံခါးရွက်ကိုရင်း တံခါးပေါင်ကိုရင်း ဆုံငယ်ကိုရင်း အထက်ကွင်းကိုရင်း မင်းတုပ် လျှိုဘိုင်းကိုရင်း သံကွင်း မျောက်လက်ကိုရင်း မင်းတုပ် 'ကျည်ငယ်'ကိုရင်း မင်းတုပ်ကြီး 'ကျည်မ'ကို ရင်း သံကောက်ပေါက်ကိုရင်း ဆွဲငင်စရာ အပေါက်ကိုရင်း ဆွဲငင်စရာကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့် တော်မူ၏)။

ဇရုံးအိမ်၏ နံရံခြေသည် ဆွေးမြေ့၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။

ရဟန်းတို့ နိမ့်သော နေရာကို ထပ်ဖို့ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဇရုံးအိမ်၌ အခိုးထွက်စရာ ပြွန်မရှိ။ပ။

ရဟန်းတို့ အခိုးထွက်စရာ ပြွန်ပေါက်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ငယ်သော ဇရုံးအိမ် အလယ်၌ မီးဖိုကို ပြုလုပ်ကုန်၏၊ ဥပစာသည်မရှိ၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ငယ်သော ဇရုံးအိမ်တွင် သင့်လျော်ရာ၌ ကြီးသော ဇရုံးအိမ်တွင် အလယ်၌ မီးဖိုကို ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဇရုံးအိမ်၌ မီးသည် မျက်နှာကို လောင်၏။ပ။

ရဟန်းတို့ မျက်နှာလိမ်း မြေညက်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



လက်ဖြင့် မြေညက်ကို ရေဆွတ်ကုန်၏။ပ။

ရဟန်းတို့ မြေညက်ဖျော်ရန် ကျင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မြေညက်သည် အနံ့မကောင်း။ပ။

ရဟန်းတို့ (နံ့သာဖြင့်)ထုံရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဇန္တာဃရ်အိမ်၌ မီးသည် ကိုယ်ကို လောင်၏။ပ။

ရဟန်းတို့ ရေကို ဆောင်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ခွက်ဖြင့်ရင်း သပိတ်ဖြင့်ရင်း ရေကို ဆောင်ကုန်၏။ပ။

ရဟန်းတို့ ရေထားရန် နေရာကိုရင်း ရေခွက်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မြက်မိုးသော ဇန္တာဃရ်အိမ်သည် ချွေးမရစေ။ပ။

ရဟန်းတို့ ခါ၍ အတွင်းအပလိမ်းကျံမှုကို ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဇန္တာဃရ်အိမ်သည် ဗွက်ပေါက်၏။ပ။

ရဟန်းတို့ အုတ်အခင်း ကျောက်အခင်း သစ်သားအခင်း ဟူသော အခင်းသုံးမျိုးတို့ကို ခင်းခြင်းငှါခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဗွက်ပေါက်သည်သာတည်း။ပ။ ရဟန်းတို့ ဆေးရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ရေဝပ်လျက် ရှိ၏။ပ။ ရဟန်းတို့ ရေထုတ်မြောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ဇန္တာဃရ်အိမ်ဝယ် မြေ၌ ထိုင်သဖြင့် ကိုယ်တို့သည် ယားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဇန္တာဃရ်အိမ်၌ ထိုင်ခုံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဇန္တာဃရ်အိမ်သည် အကာအရံ မရှိလေ။ပ။

ရဟန်းတို့ အုတ်တံတိုင်း ကျောက်တံတိုင်း သစ်သားတံတိုင်း ဟူသော တံတိုင်း သုံးမျိုးကာရံခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တံခါးမုတ်မရှိ။ပ။ ရဟန်းတို့ တံခါးမုတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တံခါးမုတ်သည် မြေနိမ့်သဖြင့် ရေလွှမ်းမိုး၏။ပ။ ရဟန်းတို့ မြေမြင့်အောင် ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဖို့မြေသည် ပြိုကျ၏။ပ။ ရဟန်းတို့ အုတ်စီခြင်း ကျောက်စီခြင်း သစ်သားစီခြင်း ဟူသော စီခြင်းသုံးမျိုးတို့ကို စီစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။ ရဟန်းတို့ အုတ်လှေကား ကျောက်လှေကား သစ်သားလှေကား ဟူသော လှေကား သုံးမျိုးတို့ကို ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။ ရဟန်းတို့ ဆွဲကိုင်ရန် လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



တံခါးမုတ်၌ တံခါးရွက်သည် မရှိ။ပ။

ရဟန်းတို့ တံခါးရွက်ကိုလည်း တံခါးပေါင်ကိုလည်း ဆုံငယ်ကိုလည်း ဘာထက်ကွင်းကိုလည်း မင်းတုပ် လျှိုတိုင်ကိုလည်း သံကွင်း မျောက်လက်ကိုလည်း မင်းတုပ် 'ကျည်ငယ်' ကိုလည်း မင်းတုပ်ကြီး 'ကျည်မ' ကိုလည်း သံကောက်ပေါက်ကိုလည်း ဆွဲငင်စရာ အပေါက်ကိုလည်း ဆွဲငင်စရာကြိုးကိုလည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တံခါးမုတ်၌ မြက်မှုန့်သည် ကျ၏။ပ။ ရဟန်းတို့ ခါး၍ အတွင်းအပ လိမ်းကျံခြင်းငှါ ခွင့်ပြု၏၊ ဖြူသောအဆင်းကိုလည်း မည်းသောအဆင်းကိုလည်း ဂေရုဖြင့် အချောကိုင်ခြင်းကိုလည်း ခြူးပန်းချယ် လှယ်ခြင်းကိုလည်း နွယ်ပန်း ချယ်လှယ်ခြင်းကိုလည်း မကာရ်းသွားဖော်ခြင်းကိုလည်း သက်တင်ရေးခြင်းကို လည်း ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပရိဝုဏ် 'ကျောင်းဝိုင်း'သည် ဗွက်ပေါက်၏။ပ။

ရဟန်းတို့ ကျောက်ပြုတ်ကို ဖြန့်ခင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကျောက်ပြုတ်တို့သည် မလုံလောက်ကုန်။ပ။

ရဟန်းတို့ ကျောက်ပြားကို ခင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ရေဝပ်လျက်ရှိ၏။ပ။ ရဟန်းတို့ ရေထုတ်ပြွန်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၆၁။ ထိုအခါ ရဟန်းတို့သည် အဝတ်မပါပဲ အဝတ်မပါသော ရဟန်းကို ရှိခိုးကုန်၏၊ အဝတ် မပါပဲ အဝတ်မပါသော ရဟန်းကို ရှိခိုးစေကုန်၏၊ အဝတ်မပါပဲ အဝတ်မပါသော ရဟန်းအား ချေး တွန်းခြင်းကို ပြုကုန်၏၊ အဝတ်မပါပဲ အဝတ်မပါသော ရဟန်းအား ချေးတွန်းခြင်းကို ပြုစေကုန်၏၊ အဝတ်မပါပဲ အဝတ်မပါသော ရဟန်းအား ပေးလှူကုန်၏၊ အဝတ်မပါပဲ ခံယူကုန်၏၊ အဝတ်မပါပဲ ခဲကုန်၏၊ အဝတ်မပါပဲ စားကုန်၏၊ အဝတ်မပါပဲ လျက်ကုန်၏၊ အဝတ်မပါပဲ သောက်ကုန်၏။ မြတ်စွာ ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အဝတ်မပါသော ရဟန်းအချင်းချင်း ရှိမခိုးအပ်။ပ။ အဝတ်မပါသော ရဟန်းသည် ရှိမခိုးအပ်။ အဝတ်မပါသော ရဟန်းအချင်းချင်း ရှိမခိုးစေအပ်။ အဝတ်မပါသော ရဟန်းသည် ရှိမခိုးစေအပ်။ အဝတ်မပါသော ရဟန်းသည် အဝတ်မပါသော ရဟန်းအား ချေးတွန်းခြင်းကို မပြု အပ်။ အဝတ်မပါသော ရဟန်းသည် အဝတ်မပါသော ရဟန်းအား ချေးတွန်းခြင်းကို မပြုစေအပ်။ အဝတ်မပါသော ရဟန်းသည် အဝတ်မပါသော ရဟန်းအား မပေးလှူအပ်။ အဝတ်မပါသော ရဟန်း သည် မခံယူအပ်။ အဝတ်မပါသော ရဟန်းသည် မခဲအပ်။ အဝတ်မပါသော ရဟန်းသည် မစားအပ်။ အဝတ်မပါသော ရဟန်းသည် မလျက်အပ်။ အဝတ်မပါသော ရဟန်းသည် မသောက်အပ်၊ သောက် သော ရဟန်းအား **ဒုက္ကဋ်အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ဇရုံးအိမ်ဝယ် မြေ၌ သင်္ကန်းကို ချထားသဖြင့် သင်္ကန်းသည် မြေမှုန့် အလိမ်းလိမ်းကပ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သင်္ကန်းတန်း ဝါးကိုလည်း သင်္ကန်းလှမ်း ကြိုးကိုလည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မိုးရွာလတ်သော် သက်န်းကို မိုးစွတ်၏။ပ။

ရဟန်းတို့ ဇရုံးအိမ် စရပ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဇရုံးအိမ် စရပ်သည် မြေနိမ့်သဖြင့် ရေသည် လွှမ်းမိုး၏။ပ။

ရဟန်းတို့ မြေမြင့်အောင် ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဖို့မြေသည် ပြိုကျ၏။ပ။ ရဟန်းတို့ စီစိမ့်သောငါ ခွင့်ပြု၏။ပ။

တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။ တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။

ရဟန်းတို့ ဆွဲကိုင်စရာ လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဇရုံးအိမ်စရပ်၌ မြက်မှုံ့သည် ကျ၏။ပ။

ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်းငါ ခွင့်ပြု၏။ပ။ သက်န်းတန်း ဝါးကိုင်း သက်န်းလှန်းကြိုးကိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ဇရုံးအိမ်၌ရင်း ရေ၌ရင်း ချေးတွန်းခြင်းကို ပြုလုပ်ရန် မအားပ်ဟု တွေးတောမှု သံသယကုက္ကုစ္စ ရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဇရုံးအိမ်ဖြင့် ဖုံးလွှမ်းခြင်း ရေဖြင့် ဖုံးလွှမ်းခြင်း အဝတ်ဖြင့် ဖုံးလွှမ်းခြင်း ဟူသော ဖုံးလွှမ်းခြင်း သုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဇရုံးအိမ်၌ ရေမရှိ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရေတွင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ရေတွင်း နှုတ်ခမ်းသည် ပျက်စီး၏။ပ။ ရဟန်းတို့ အုတ်စီခြင်း ကျောက်စီခြင်း သစ်သားစီခြင်း ဟူသော စီခြင်း သုံးမျိုးတို့ကို စီစိမ့်သောငါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ရေတွင်းသည် မြေနိမ့်သဖြင့် ရေလွှမ်းမိုးခံရ၏။ပ။ ရဟန်းတို့ မြေမြင့်အောင် ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဖို့မြေသည် ပြိုကျ၏။ပ။ တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။ တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။ ရဟန်းတို့ ဆွဲကိုင်ရန် လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၆၂။ ထိုအခါ ရဟန်းတို့သည် နွယ်ဖြင့်ရင်း ခါးပန်းကြိုးဖြင့်ရင်း ရေကို ဆွဲငင်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရေငင်ကြိုးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

လက်တို့သည် နာကျင်ကုန်၏။ပ။ ရဟန်းတို့ မောင်းလက်ကိုင်း စက်သီးကိုင်း ရေစုတ်စက်ကိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

များစွာသော အိုးခွက်တို့သည် ကွဲကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ သံကြေးပုံး သစ်သားပုံး သားရေပုံးဟူသော ပုံးသုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် လွင်တီးခေါင်၌ ရေကို ဆွဲငင်ကုန်သော် အအေးကြောင့်ရင်း အပူကြောင့်ရင်း ပင်ပန်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရေတွင်းစရပ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ရေတွင်းစရပ်၌ မြက်မှုန့်သည် ကျ၏။ပ။ ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်းငှါ ခွင့်ပြု၏၊ ဖြူသော အဆင်းကိုရင်း မည်းသော အဆင်းကိုရင်း ငွေနီဖြင့် အချောကိုင်ခြင်းကိုရင်း ခြုံးပန်းချယ်လှယ်ခြင်းကိုရင်း နွယ်ပန်းချယ်လှယ်ခြင်းကိုရင်း မကရ်းသွား ဖော်ခြင်းကိုရင်း သက်တင်ရေးခြင်းကို ပြုလုပ်ရန်ရင်း သက်န်တန်း ဝါးကြိုးကြိမ်ကိုရင်း သက်န်းလှန်းကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ရေတွင်းသည် အပိတ်မရှိသဖြင့် မြက်မှုန့်တို့ဖြင့်ရင်း မြေမှုန့်တို့ဖြင့်ရင်း ပြွမ်း၏။ပ။

ရဟန်းတို့ အပိတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ရေအိုးလည်း မရှိ။ပ။

ရဟန်းတို့ ရေချိုးကန်ငယ်ကိုရင်း 'ရေထည့်စရာ ကျင်းကိုရင်း' ရေချိုးဖျဉ်းကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အရံတွင်းဝယ် ထိုထိုနေရာ၌ ရေချိုးသဖြင့် အရံသည် ဗွက်ပေါက်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ပျဉ်အခင်း ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပျဉ်အခင်းသည် ပေါ်လွင်ထင်ရှား 'အကာအရံမရှိ' သဖြင့် ရဟန်းတို့သည် ရေချိုးရန် ရှက်နိုးကုန်၏။ပ။

ရဟန်းတို့ အုတ်တံတိုင်း ကျောက်တံတိုင်း သစ်သားတံတိုင်း ဟူသော တံတိုင်း သုံးမျိုးတို့ကို ကာရန်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တန်စီးတွင်းသည် ဗွက်ပေါက်၏။ပ။

ရဟန်းတို့ အုတ်အခင်း ကျောက်အခင်း သစ်သားအခင်း ဟူသော အခင်း သုံးမျိုးတို့ကို ခင်းစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ရေသည် ဝပ်လျက်ရှိ၏။ပ။

ရဟန်းတို့ ရေထုတ်မြောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့၏ ကိုယ်တို့သည် အအေးပတ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ ရေသုတ်အထည်ကို ခွင့်ပြု၏၊ ပုဆိုးကြမ်းဖြင့်သော်လည်း သုတ်ရန်ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၂၆၃။ ထိုအခါ ဥပါသကာတယောက်သည် သံဃာ၏ အကျိုးငှါ ရေကန်ကို ပြုစေလို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ ရေကန်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကန်ဘောင်ရိုးသည် ပြိုကျ၏။ပ။

ရဟန်းတို့ အုတ်စီခြင်း ကျောက်စီခြင်း သစ်သားစီခြင်း ဟူသော စီခြင်းသုံးမျိုးတို့ကို စီစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။

ရဟန်းတို့ အုတ်လှေကား ကျောက်လှေကား သစ်သားလှေကား ဟူသော လှေကား သုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။

ရဟန်းတို့ ဆွဲကိုင်စရာ လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ရေကန်၌ ရေသည် ဟောင်း၏။ပ။

ရဟန်းတို့ ရေသွင်း မြောင်းကိုငင်း ရေထုတ်ပြွန်ကိုငင်း ခွင့်ပြု၏ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်း တပါးသည် သံဃာ၏ အကျိုးငှါ စကြောခြင်ပိတ် တပ်သော ဇရုံးအိမ်ကို ဆောက်လို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ စကြောခြင်ပိတ် တပ်သော ဇရုံးအိမ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လေးလပတ်လုံး နိသီဒိုင်အခင်းနှင့် ကင်း၍ နေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ လေးလပတ်လုံး နိသီဒိုင်အခင်းနှင့် ကင်း၍ မနေအပ်၊ ကင်း၍ နေသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

၂၆၄။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ပန်းပွင့်တို့ဖြင့် ပြွမ်းသော အိပ်ရာတို့၌ အိပ်ကုန်၏၊ ကျောင်းစဉ်လှည့်သော လူတို့သည် မြင်၍ "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ပန်းပွင့်တို့ဖြင့် ပြွမ်းသော အိပ်ရာတို့၌ မအိပ်အပ်၊ အိပ်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ လူတို့သည် နံ့သာကိုငင်း ပန်းကိုငင်း ယူဆောင်၍ ကျောင်းသို့ လာကုန်၏၊ ရဟန်းတို့သည် မအပ်ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိသည်ဖြစ်၍ မခံယူကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ နံ့သာကိုယူ၍ တံခါးရွက်၌ လက်ငါးချောင်းရာပေးခြင်းငှါငင်း ပန်းကိုယူ၍ ကျောင်းဖြင့်ထားခြင်းငှါငင်း သင့်ရာမှာ ထားခြင်းငှါငင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ သံဃာအား သိုးမွေးဖြင့် ပြီးသော မရက်အပ်သော အခင်းသည် ဖြစ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သိုးမွေးဖြင့် ပြီးသော မရက်အပ်သော အခင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါရဟန်းတို့အား "သိုးမွေးဖြင့်ပြီးသော မရက်အပ်သော အခင်းကို အဓိဋ္ဌာန်တင်ရမည်လော၊ ဝိကပ္ပနာပြုရမည်လော" ဟု အကြံဖြစ်၏။ပ။

ရဟန်းတို့ သိုးမွေးဖြင့် ပြီးသော မရက်အပ်သော အခင်းကို အဓိဋ္ဌာန် မတင်အပ်၊ ဝိကပ္ပနာ မပြုအပ် ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကြေးနီအုပ် ငွေအုပ်၌ (ထည့်၍)စားကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူဘိုကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကြေးနီအုပ် ငွေအုပ်၌ (ထည့်၍ )မစားအပ်၊ စားသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်း တပါးသည် နာဖျားသဖြင့် ဆွမ်းစားသည် ရှိသော် လက်ဖြင့် သပိတ်ကို ကောင်းစွာ မတည့်စေနိုင်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ လှံတံ သပိတ်ခြေကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် တပန်းကန်ထည်း၌လည်း စားကုန်၏။ တခွက်ထည်း၌လည်း သောက်ကုန်၏။ တညောင်စောင်းထည်း၌လည်း အိပ်ကုန်၏၊ တခင်းထည်း၌လည်း အိပ်ကုန်၏၊ တရုံထည်း ခြုံ၍ လည်း အိပ်ကုန်၏၊ တခင်း တရုံထည်း ခင်းခြုံ၍ လည်း အိပ်ကုန်၏၊ လူတို့သည် "ကာမဂုဏ်ခံစားသူ လူဘိုကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ တပန်းကန်ထည်း၌ မစားအပ်။ပ။ တခွက်ထည်း၌ မသောက်အပ်။ တညောင်စောင်းထည်း၌ မအိပ်အပ်။ တခင်းထည်းခင်း၍ မအိပ်အပ်၊ တခြုံထည်းခြုံ၍ မအိပ်အပ်၊ တခင်းတရုံထည်း ခင်းခြုံ၍ မအိပ်အပ်၊ အိပ်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

၂၆၅။ ထိုအခါ ဝဍ္ဎလိစ္ဆဝီမင်းသားသည် မေတ္တိယဘုမ္မဇကရဟန်းတို့၏ အပင်းအသင်းဖြစ်၏။

ထိုအခါ ဝဍ္ဎလိစ္ဆဝီမင်းသားသည် မေတ္တိယဘုမ္မဇက ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးနောက် "အသျှင်တို့ ရှိခိုးပါ၏" ဟု ဆိုလတ်သော် မေတ္တိယဘုမ္မဇကရဟန်းတို့သည် စကားမပြောကုန်။ နှစ်ကြိမ်မြောက်လည်း ဝဍ္ဎလိစ္ဆဝီမင်းသားသည် မေတ္တိယဘုမ္မဇကရဟန်းတို့ကို "အသျှင်တို့ ရှိခိုးပါ၏" ဟု ဆိုလတ်သော် နှစ်ကြိမ်မြောက်လည်း မေတ္တိယဘုမ္မဇကရဟန်းတို့သည် စကား မပြောကုန်။ သုံးကြိမ်မြောက်လည်း ဝဍ္ဎလိစ္ဆဝီမင်းသားသည် မေတ္တိယဘုမ္မဇက ရဟန်းတို့ကို "အသျှင်တို့ ရှိခိုးပါ၏" ဟု ဆိုလတ်သော် သုံးကြိမ်မြောက်လည်း မေတ္တိယဘုမ္မဇကရဟန်းတို့သည် စကားမပြောကြကုန်။

အကျွန်ုပ်သည် အသျှင်တို့အား အဘယ်သို့ ပြစ်မှားမိပါသနည်း၊ အဘယ့်ကြောင့် အကျွန်ုပ်ကို အသျှင်တို့သည် စကားမပြောကြကုန်သနည်း ဟု (မေး၏)

http://www.dhammadownload.com



ငါ့သျှင် ဝစ္စ ငါတို့ ဖြစ်တိုင်း ဆိုအံ့၊ သင်သည် ငါတို့ကို မလ္လမင်း၏သား ဒဗ္ဗက ညှဉ်းဆဲအပ်သည် ဖြစ်လျက် သင်သည် လျစ်လျူ ရှုဘိ၏ ဟု (ဆိုကြကုန်၏)။

အသျှင်တို့ အကျွန်ုပ်သည် အဘယ်ကို ပြုရပါမည်နည်း ဟု (မေး၏)။

ဒါယကာ ဝစ္စ သင်သည် အကယ်၍ အလိုရှိပါမူ ယနေ့ပင် မြတ်စွာဘုရားသည် မလ္လမင်း၏သား ဒဗ္ဗကို ဖျက်ဆီးစေရာ၏ ဟု (ဆိုကြကုန်၏)။

အသျှင်တို့ အကျွန်ုပ်သည် အဘယ်ကို ပြုရပါမည်နည်း၊ အကျွန်ုပ်သည် အဘယ်ကို ပြုခြင်းငှါ တတ်နိုင်ပါသနည်း ဟု (မေး၏)။

ဒါယကာ ဝစ္စ လာလော့၊ သင်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို "အသျှင်ဘုရား ဤအမှုသည် မလျောက်ပတ်ပါ၊ မသင့်တင့်ပါ၊ အသျှင်ဘုရား အကြင် အရပ်မျက်နှာသည် ဘေးမရှိခဲ့ပါ၊ ရန်မရှိခဲ့ပါ၊ နှိပ်စက်မှု မရှိခဲ့ပါ၊ ထိုအရပ် မျက်နှာသည် (ယခု)ဘေးရှိပါသည်၊ ရန်ရှိပါသည်၊ နှိပ်စက်မှုရှိပါသည်၊ အကြင် အရပ်မှ လေ(တိုက်ခတ်ခြင်း)မရှိခဲ့ပါ၊ (ယခု)ထိုအရပ်မှ လေ(တိုက်ခတ်ခြင်း)ရှိခဲ့ပါသည်၊ ရေသည် အလျှံပြောင်ပြောင် တောက်လောင်၍ နေယောင်တကား၊ မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် အကျွန်ုပ်၏ မယားကို ဖျက်ဆီးအပ်ပါ၏" ဟု လျှောက်လော့ ဟု (ဆိုကြကုန်၏)။

"အသျှင်ဘုရားတို့ ကောင်းပါပြီ"ဟု ဝစ္စလိစ္ဆဝီမင်းသားသည် မေတ္တိယဘူမဇက ရဟန်းတို့အား ဝန်ခံခဲ့၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကိုရှိခိုး၍ တခုသောနေရာ၌ ရပ်တည်၏။ တခုသောနေရာ၌ ရပ်တည်ပြီးသော ထိုဝစ္စလိစ္ဆဝီမင်းသားသည် မြတ်စွာဘုရားကို "အသျှင်ဘုရား ဤအမှုသည် မလျောက်ပတ်ပါ၊ မသင့်တင့်ပါ၊ အသျှင်ဘုရား အကြင် အရပ်မျက်နှာသည် ဘေးမရှိခဲ့ပါ၊ ရန်မရှိခဲ့ပါ၊ နှိပ်စက်မှု မရှိခဲ့ပါ၊ ထိုအရပ်မျက်နှာသည် (ယခု) ဘေးရှိပါသည်၊ ရန်ရှိပါသည်၊ နှိပ်စက်မှုရှိပါသည်၊ အကြင် အရပ်မှ လေ(တိုက်ခတ်ခြင်း) မရှိခဲ့ပါ၊ (ယခု) ထိုအရပ်မှ လေ(တိုက်ခတ်ခြင်း) ရှိခဲ့ပါသည်၊ ရေသည် အလျှံပြောင်ပြောင်တောက်လောင်၍ နေယောင်တကား၊ မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် အကျွန်ုပ်၏ မယားကို ဖျက်ဆီးအပ်ပါ၏" ဟု လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို—

"ဒဗ္ဗ သင်သည် ဤဝစ္စပြောသကဲ့သို့ ဤသို့ သဘောရှိသော ဖျက်ဆီးမှုကို ပြုသည်ဟူ၍ အမှတ်ရ၏လော" ဟု စိစစ် မေးမြန်းတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်ကို မြတ်စွာဘုရား သိတော်မူသည့် အတိုင်း ဖြစ်ပါသည် ဘုရား ဟု (လျှောက်၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း မလ္လမင်း၏သား အသျှင်ဒဗ္ဗကို "ဒဗ္ဗ သင်သည် ဤဝစ္စပြောသကဲ့သို့ ဤသို့သဘောရှိသော ဖျက်ဆီးမှုကို ပြုသည် ဟူ၍ အမှတ်ရ၏လော" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်ကို မြတ်စွာဘုရား သိတော်မူသည့်အတိုင်း ဖြစ်ပါသည် ဟု (လျှောက်၏)။

http://www.dhammadownload.com



ဒဗ္ဗ ပညာရှိတို့သည် ဤသို့ မဖြေရှင်းကြကုန်၊ အကယ်၍ သင်သည် ပြုအပ်သည် ဖြစ်အံ့၊ ပြုအပ်ပါ၏ဟု လျှောက်ဆိုလော့၊ အကယ်၍ သင်သည် မပြုအပ်သည် ဖြစ်အံ့၊ မပြုအပ်ပါ ဟု လျှောက်ဆိုလော့ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည် မွေးသည့်အခါမှစ၍ အိပ်မက်မျှဖြင့်လည်း မေထုန်အကျင့်ကို ပြုကျင့်မှီဝဲမိသည်ဟု မသိပါ၊ နီးသော တပည့်တော်သည် အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း ဟု (လျှောက်ဆို၏)။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—

"ရဟန်းတို့ သို့ဖြစ်လျှင် ဝစုလိစ္ဆဝီမင်းသားအား သပိတ်မှောက်လော့၊ သံဃာနှင့် မဆက်ဆံခြင်းကို ပြုလော့" ဟု (မိန့်တော်မူ၏)။

## သပိတ်မှောက် အင်္ဂါရှစ်ပါး

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်မှောက်ရမည်၊ (၁) ရဟန်းတို့အား လာဘ်မရစိမ့်သောငှါ အားထုတ်၏၊ (၂) ရဟန်းတို့အား အကျိုးမဲ့စိမ့်သောငှါ အားထုတ်၏၊ (၃) ရဟန်းတို့အား နေရာမရစိမ့်သောငှါ အားထုတ်၏၊ (၄) ရဟန်းတို့ကို ဆဲရေး၏၊ ခြိမ်းခြောက်၏၊ (၅) ရဟန်းအချင်းချင်း ကွဲပြားစေ၏၊ (၆) မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြော၏၊ (၇) တရား၏ ကျေးဇူးမဲ့ကို ပြော၏၊ (၈) သံဃာ၏ ကျေးဇူးမဲ့ကို ပြော၏။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်မှောက်ခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ မှောက်ရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၂၆၆။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဝစုလိစ္ဆဝီမင်းသားသည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အကြောင်းမရှိပဲ သီလပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဝစုလိစ္ဆဝီမင်းသားအား သပိတ်မှောက်ရာ၏၊ သံဃာနှင့် မဆက်ဆံခြင်းကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ ဝစုလိစ္ဆဝီမင်းသားသည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အကြောင်းမရှိပဲ သီလပျက်စီးခြင်းဖြင့် စွပ်စွဲ၏၊ သံဃာသည် ဝစုလိစ္ဆဝီမင်းသားအား သပိတ်မှောက်၏၊ သံဃာနှင့် မဆက်ဆံခြင် ကို ပြု၏၊ ဝစုလိစ္ဆဝီမင်းသားအား သပိတ်မှောက်ခြင်း သံဃာနှင့် မဆက်ဆံမှု ပြုလုပ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဝစုလိစ္ဆဝီမင်းသားအား သပိတ်မှောက်ခြင်း သံဃာနှင့် မဆက်ဆံခြင်းကို ပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ အသျှင်အာနန္ဒာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ဝဍ္ဍလိစ္ဆဝီမင်းသား၏ နေအိမ်သို့ ချဉ်းကပ်၍ ဝဍ္ဍလိစ္ဆဝီမင်းသားကို "ငါ့သျှင် ဝဍ္ဍ သံဃာသည် သင့်အား သပိတ်မှောက်၏၊ သင်သည် သံဃာနှင့် ဆက်ဆံမှု မရှိသူ ဖြစ်၏" ဟု ပြော၏။ ထိုအခါ "သံဃာသည် ငါ့ကို သပိတ် မှောက်သတတ်၊ ငါသည် သံဃာနှင့် ဆက်ဆံမှု မရှိသူ ဖြစ်သတတ်" ဟု (နှလုံးသွင်း၍ )ဝဍ္ဍလိစ္ဆဝီမင်းသားသည် ယိုမနေရာ၌ပင် မိန်းမောလျက် လည်းလေ၏။

ထိုအခါ ဝဍ္ဍလိစ္ဆဝီမင်းသား၏ အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် ဝဍ္ဍလိစ္ဆဝီမင်းသားကို "အချင်း ဝဍ္ဍ မသင့်ပါ၊ မစိုးရိမ်ပါလင့်၊ မငိုကြွေးပါလင့်၊ ငါတို့သည် မြတ်စွာဘုရားကိုရင်း ရဟန်းသံဃာကိုရင်း ကြည်လင်စေကုန်အံ့ 'ကျေနပ်စေကုန်အံ့' " ဟု ပြောဆိုကုန်၏။

ထိုအခါ ဝဍ္ဍလိစ္ဆဝီမင်းသားသည် သားမယားနှင့်တကွ အဆွေခင်ပွန်းတို့နှင့်တကွ ဆွေမျိုးသားချင်းတို့နှင့်တကွ စိုသောအဝတ်ရှိလျက် စိုသော ဆံပင်ရှိလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ ခြေတို့၌ ဦးခိုက်၍ မြတ်စွာဘုရားအား—

"အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုး ကျရောက်ခဲ့ပါပြီ။အကျွန်ုပ်သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အကြောင်းမရှိပဲသီလပျက်စီးခြင်းဖြင့် စွပ်စွဲမိပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ အပြစ်ကို အပြစ်အားဖြင့် နောင်အခါ စောင့်စည်းပါရခြင်းငှါ သည်းခံတော်မူပါလော့" ဟု လျှောက်၏။

ဒါယကာ ဝဍ္ဍ သင်သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အကြောင်းမရှိပဲ သီလပျက်စီးခြင်းဖြင့် စွပ်စွဲသောကြောင့် မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ် လွှမ်းမိုး နှိပ်စက်ခဲ့၏။

ဒါယကာ ဝဍ္ဍ သင်သည် အကြင့်ကြောင့် အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့် လျော်စွာ ကုစား၏၊ ထိုကြောင့် သင်၏ ထိုအပြစ်ကို ငါတို့ သည်းခံကုန်၏။

ဒါယကာ ဝဍ္ဍ အကြင်သူသည် အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့်လျော်စွာ ကုစား၏၊ နောင်အခါ၌လည်း စောင့်စည်း၏။ (ထိုသူ၏) ဤသို့ ပြုခြင်းသည် ဘုရား၏ ဝိနည်းအဆုံးအမ၌ ကြီးပွါးကြောင်းသာလျှင် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဝဍ္ဍလိစ္ဆဝီမင်းသားအား သပိတ်လှန်လော့၊ သံဃာနှင့် ဆက်ဆံခြင်းကို ပြုလော့ ဟု (မိန့်တော်မူ၏)။

### သပိတ်လှန် အင်္ဂါ ၈-ပါး

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်လှန်ရမည်။ (၁) ရဟန်းတို့အား လာဘ်မရစိမ့်သောငှါ အားမထုတ်။ (၂) ရဟန်းတို့အား အကျိုးမဲ့စိမ့်သောငှါ အားမထုတ်၊ (၃) ရဟန်းတို့အား နေရာမရစိမ့်ငှါသော အားမထုတ်၊ (၄) ရဟန်းတို့ကို မဆဲရေး မခြိမ်းချောက်၊ (၅)

http://www.dhammadownload.com



ရဟန်းတို့ အချင်းချင်း မကွဲပြားစေ၊ (၆) မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို မပြော၊ (၇) တရားတော်၏ ကျေးဇူးမဲ့ကို မပြော၊ (၈)သံဃာတော်၏ ကျေးဇူးမဲ့ကို မပြော။

ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပါသကာအား သပိတ်လှန်ခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ ဤသို့လှန်ရမည်၊ ရဟန်းတို့ ထိုဝဍ္ဍလိစ္ဆဝီမင်းသားသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲ တဖက်ပခုံးထက်၌ အပေါ်ရုံကို စမွယ်တင်၍ ရဟန်းတို့၏ ခြေတို့ကို ရှိခိုးလျက် ဆောင့်ကြောင့် ထိုင်ကာလက်အုပ်ချီပြီးလျှင်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်အား သပိတ် မှောက်ပါ၏၊ အကျွန်ုပ်သည် သံဃာနှင့် ဆက်ဆံမှုမရှိသူဖြစ်ပါ၏၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါ၏၊ (မာန်တည်းဟူသော)အမွေးကို ချပါ၏၊ ကံမှထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါ၏၊ သံဃာအား သပိတ်လှန်ခြင်းကို တောင်းပန်ပါ၏" ဟုလျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းပန်ရမည်။ သုံးကြိမ်မြောက်လည်း တောင်းပန်ရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၂၆၇။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ သံဃာသည် ဝဍ္ဍလိစ္ဆဝီမင်းသားအား သပိတ်မှောက်၏၊ သံဃာနှင့် မဆက်ဆံခြင်းကို ပြု၏၊ ထိုဝဍ္ဍလိစ္ဆဝီမင်းသားသည် ကောင်းစွာ ကျင့်၏၊ (မာန်တည်းဟူသော) အမွေးကိုချ၏၊ ကံမှထွက်မြောက်ကြောင်း ကျင့်ဝတ်ကိုကျင့်၏၊သံဃာအား သပိတ်လှန်ခြင်းကို တောင်းပန်၏၊သံဃာအား လျှောက်ပတ်သောအခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဝဍ္ဍလိစ္ဆဝီမင်းသားအား သပိတ်လှန်ရာ၏၊ သံဃာနှင့် ဆက်ဆံခြင်းကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဝဍ္ဍလိစ္ဆဝီမင်းသားအား သပိတ်မှောက်၏၊ သံဃာနှင့် မဆက်ဆံခြင်းကို ပြု၏၊ ထိုဝဍ္ဍလိစ္ဆဝီမင်းသားသည် ကောင်းစွာကျင့်၏၊ (မာန်တည်းဟူသော)အမွေးကိုချ၏၊ ကံမှထွက်မြောက်ကြောင်းကျင့်ဝတ်ကို ကျင့်၏၊ သံဃာအား သပိတ်လှန်ခြင်းကို တောင်းပန်၏၊ သံဃာသည် ဝဍ္ဍလိစ္ဆဝီမင်းသားအား သပိတ်လှန်၏၊ သံဃာနှင့် ဆက်ဆံခြင်းကို ပြု၏၊ ဝဍ္ဍလိစ္ဆဝီမင်းသားအား သပိတ်လှန်ခြင်း သံဃာနှင့် ဆက်ဆံမှုပြုခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဝဍ္ဍလိစ္ဆဝီမင်းသားအား သပိတ်လှန်အပ်ပြီ၊ သံဃာနှင့် ဆက်ဆံမှုကို ပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်ဟု" (သိစေရမည် ဟု မိန့်တော်မူ၏)။

၂၆၈။ ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ဘဂ္ဂတိုင်းသို့ အစဉ်အတိုင်း ဒေသစာရီ ကြွတော်မူလတ်သော် ထိုဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ ဘေသကဠာမည်သော သမင်တော၌ သီတင်းသုံးနေတော်မူ၏။

http://www.dhammadownload.com



ထိုအခါ ဗောဓိမင်းသား၏ ကောကနဒမည်သော ပြာသာဒ်သည် မကြာမီက ဆောက်လုပ်၍ ပြီး၏၊ ရဟန်းပုဏ္ဏားနှင့် တစုံတယောက်သော လူသည် မနေဘူးသေးချေ။

ထိုအခါ ဗောဓိမင်းသားသည် သဉ္ဇိကာပုတ္တေးမ၏သားဖြစ်သော လုလင်ကို—

အချင်းသဉ္ဇိကာပုတ္တ လာလော့၊ သင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ငါ့စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်လော့၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလျှောက်လေလော့။

"အသျှင်ဘုရား ဗောဓိမင်းသားသည် အသျှင်ဘုရားအား အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းများကို မေးလိုက်ပါ၏ ဟု လျှောက်လေလော့" ဟု ပြောဆို၏။

"(ထို့ပြင်)အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖန်အဖို့ ဗောဓိမင်းသား၏ ဆွမ်းကို ရဟန်းသံဃာနှင့်အတူ လက်ခံတော်မူပါဟူ၍လည်း လျှောက်လေလော့" ဟု ပြောဆို၏။

"အရှင်မင်းသား ကောင်းပါပြီဟု" သဉ္ဇိကာပုတ္တလုလင်သည် ဗောဓိမင်းသားအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေကာ—

အသျှင်ဘုရား ဗောဓိမင်းသားသည် အသျှင်ဂေါတမ၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းများကို မေးလိုက်ပါ၏၊ အသျှင်ဘုရား "(ထို့ပြင်) အသျှင်ဂေါတမသည် နက်ဖြန်အဖို့ ဗောဓိမင်းသား၏ ဆွမ်းကို ရဟန်းသံဃာနှင့်အတူ လက်ခံတော်မူပါ ဟူ၍လည်း လျှောက်လိုက်ပါသည်" ဟု လျှောက်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထို့နောက် သဉ္ဇိကာ ပုတ္တလုလင်သည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဗောဓိမင်းသားထံသို့ ချဉ်းကပ်၍ ဗောဓိမင်းသားအား—

"အရှင် အကျွန်ုပ်တို့သည် အရှင်မင်းသား၏ စကားဖြင့် ဘုန်းတော်ကြီးသော ထိုအသျှင်ဂေါတမကို 'အသျှင်ဘုရား ဗောဓိမင်းသားသည် အသျှင်ဂေါတမ၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါသည် (ထို့ပြင်) အသျှင်ဂေါတမသည် နက်ဖြန်အဖို့ ဗောဓိမင်းသား၏ ဆွမ်းကို ရဟန်းသံဃာနှင့်အတူ လက်ခံတော်မူပါ ဟူ၍လည်း လျှောက်လိုက်ပါ၏'ဟု (ဤသို့)လျှောက်ခဲ့ပါကုန်ပြီ၊ ထိုမြတ်စွာဘုရားသည် လက်ခံတော်မူလိုက်ပါ၏" ဟု ဆို၏။

ထိုအခါ ဗောဓိမင်းသားသည် ထိုညဉ့်လွန်ပြီးနောက် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်ပြီးလျှင် ကောကနဒပြာသာဒ်ကိုလည်း နောက်ဆုံး လှေကားထစ်တိုင်အောင် ပုဆိုးဖြူတို့ဖြင့် ခင်းစေပြီးလျှင် သဉ္ဇိကာ ပုတ္တလုလင်ကို—

http://www.dhammadownload.com



အချင်းသဋ္ဌိကာပုတ္တ လာလေ့၊ သင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဂေါတမ အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားအား အချိန်(တန်ကြောင်း)ကို လျှောက်လေလော့ ဟု မိန့်ဆို၏။

"အရှင် ကောင်းပါပြီ" ဟု သဉ္ဇိကာပုတ္တလုလင်သည် ဗောဓိမင်းသားအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် "အသျှင်ဘုရား အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားအား အချိန်(တန်ကြောင်း) ကို လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကို ယူလျက် ဗောဓိမင်းသား၏ အိမ်သို့ ချဉ်းကပ်တော်မူ၏။

ထိုအခါ ဗောဓိမင်းသားသည် မြတ်စွာဘုရားကို ငံ့လင့်လျက် အပြင်တံခါးမုတ်၌ ရပ်နေ၏။ ဗောဓိမင်းသားသည် အဝေးမှ ကြွလာသော မြတ်စွာဘုရားကို မြင်၍ ထိုနေရာမှ ခရီးဦးကြိုဆိုပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် ရှေ့သွားပြု၍ ကောကနဒပြာသာဒ်သို့ ချဉ်းကပ်၏။ ထိုအခါ မြတ်စွာဘုရားသည် နောက်ဆုံးလှေကားထစ်ကို ကပ်၍ ရပ်တော်မူ၏။

ထိုအခါ ဗောဓိမင်းသားသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ပုဆိုးတို့ကို နင်းတော်မူပါ၊ လာခြင်းကောင်းတော်မူသောမြတ်စွာဘုရားသည် ပုဆိုးတို့ကို နင်းတော်မူပါ၊ ယင်းသို့ နင်းခြင်းသည် အကျွန်ုပ်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရပါ၏" ဟု လျှောက်၏။

ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ဗောဓိမင်းသားသည် မြတ်စွာဘုရားအား—

အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ပုဆိုးတို့ကို နင်းတော်မူပါ၊ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် ပုဆိုးတို့ကို နင်းတော်မူပါ၊ ယင်းသို့ နင်းခြင်းသည် အကျွန်ုပ်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရပါ၏" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို လှည့်၍ ကြည့်တော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ဗောဓိမင်းသားကို—

"မင်းသား ပုဆိုးတို့ကို ရုပ်သိမ်းလော့၊ မြတ်စွာဘုရားသည် ပုဆိုးဖြူအခင်းကို နင်းတော်မူမည်မဟုတ်၊နောင်လာ နောက်သား ရဟန်းအများကို မြတ်စွာဘုရားသည် အစဉ် စောင့်ရှောက်တော်မူ၏" ဟု ပြောဆို၏။

ထိုအခါ ဗောဓိမင်းသားသည် ပုဆိုးတို့ကို ရုပ်သိမ်းစေပြီးလျှင် ကောကနဒပြာသာဒ်ထက်၌ နေရာကို ခင်းစေ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ ကောကနဒပြာသာဒ်သို့ တက်တော်မူပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။

ထိုအခါ ဗောဓိမင်းသားသည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေး၏။

မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ ဗောဓိမင်းသားသည် တခုသော နေရာ၌ ထိုင်၏။ မြတ်စွာဘုရားသည် တခုသော နေရာ၌ ထိုင်နေသော ဗောဓိမင်းသားအား

http://www.dhammadownload.com



တရားစကားဖြင့်(အကျိုးစီးပွါးကို)သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူပြီးသော် နေရာမှထ၍ ဖဲကြွတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ပုဆိုးဖြူအခင်းကို မနင်းအပ်၊ နင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

ထိုအခါ သားမဖွားဘူးသေးသော မိန်းမတယောက်သည် [၁] ရဟန်းတို့ကို ပင့်ဖိတ်ပြီးလျှင် အဝတ်ပုဆိုးကို ခင်း၍ "အသျှင်ဘုရားတို့ အဝတ်ပုဆိုးကို နင်းတော်မူပါကုန်" ဟု လျှောက်၏။

ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိသည်ဖြစ်၍ မနင်းကုန်။

အသျှင်ဘုရားတို့ မင်္ဂလာအကျိုးငှါ အဝတ်ကို နင်းတော်မူပါကုန် ဟု လျှောက်သော်လည်း ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိသည်ဖြစ်၍ မနင်းကုန်။

ထိုအခါ ထိုမိန်းမသည် "အသျှင်တို့သည် မင်္ဂလာအကျိုးငှါ တောင်းပန်အပ်ပါကုန်လျက် ပုဆိုးဖြူအခင်းကို အဘယ့်ကြောင့် မနင်းကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုမိန်းမ၏ စကားကို ကြားကြသည်သာတည်း။ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ လူတို့သည် မင်္ဂလာကို အလိုရှိကုန်၏၊ ရဟန်းတို့ လူတို့၏ မင်္ဂလာအကျိုးငှါ တောင်းပန်အပ်သော် ရဟန်းသည် ပုဆိုးဖြူအခင်းကို နင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ခြေဆေးပြီး နင်းအပ်သော အခင်းကို နင်းခြင်းငှါ မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ခြေဆေးပြီး နင်းအပ်သော အခင်းကို နင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

**ဒုတိယအခန်း ပြီး၏။**

၂၆၉။ ထိုအခါ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်းတို့၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူလတ်သော် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ မိဂါရသူဌေး၏ အမိသဖွယ် ဖြစ်သော ဝိသာခါသည် ရေအိုးကိုရင်း ကြာချပ်သဏ္ဍာန်ဆူးထနေသော ခြေပွတ်ကိုရင်း တံမြက်စည်းကိုရင်း ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား—

"အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ ရေအိုးကိုရင်း ကြာချပ်သဏ္ဍာန်ဆူးထနေသော ခြေပွတ်ကိုရင်း တံမြက်စည်းကိုရင်း ခံယူတော်မူပါ၊ ယင်းသို့ ခံယူခြင်းသည် အကျွန်ုပ်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရပါ၏" ဟု လျှောက်၏။

---

၁-အပဂတဂဗ္ဘာတိ အဝိဇာတပုတ္တာ (ဝိမတိ)

http://www.dhammadownload.com



မြတ်စွာဘုရားသည် ရေအိုးကိုရင်း တံမြက်စည်းကိုရင်း ခံယူတော်မူ၏၊ ကြာချပ်သဏ္ဌာန် ဆူးထနေသော ခြေပွတ်ကိုကား ခံယူတော်မမူ။

ထိုအခါ မိဂါရသူဌေး၏ အမိသဖွယ် ဖြစ်သော ဝိသာခါသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေပြီး ဖြစ်ရကား အရိုအသေပြုကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် နေရာမှထ၍ ဖဲသွား လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ရေအိုးကိုရင်း တံမြက်စည်းကိုရင်း ခွင့်ပြု၏၊ ရဟန်းတို့ ကြာချပ်သဏ္ဌာန် ဆူးထနေ သော ခြေပွတ်ကို မသုံးဆောင်အပ်၊ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ ကျောက်စရစ်ခြေပွတ် အိုးခြမ်းခြေပွတ် ပင်လယ်ရေမြှုပ်ခြေပွတ် ဟူသော ခြေပွတ် သုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ မိဂါရသူဌေး၏ အမိသဖွယ်ဖြစ်သော ဝိသာခါသည် လေးထောင့် ယပ်ကိုရင်း ထန်းရွက်ယပ်ကိုရင်း ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ ကာ မြတ်စွာဘုရားအား—

"အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ လေးထောင့်ယပ်ကိုရင်း ထန်းရွက်ယပ်ကိုရင်း ခံယူတော်မူပါ၊ ယင်းသို့ ခံယူခြင်းသည် အကျွန်ုပ်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရပါ၏" ဟု လျှောက်၏။

မြတ်စွာဘုရားသည် လေးထောင့်ယပ်ကိုရင်း ထန်းရွက်ယပ်ကိုရင်း ခံယူတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် မိဂါရသူဌေး၏ အမိသဖွယ်ဖြစ်သော ဝိသာခါကို တရားစကားဖြင့် (အကျိုး စီးပွါးကို) သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်း စေ၏။ပ။ အရိုအသေပြုကာ ဖဲသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ လေးထောင့်ယပ်ကိုရင်း ထန်းရွက်ယပ်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား ခြင်နှင် ယပ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ခြင်နှင်ယပ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

စာမရီ သားမြီးယပ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။

ရဟန်းတို့ စာမရီသားမြီးယပ်ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းတို့ လျှော်ဖြင့်ပြီးသောယပ် ပန်းရင်းမြက်ဖြင့် ပြီးသောယပ် ဥဒေါင်းမြီးဖြင့် ပြီးသောယပ် ဟူသော ယပ်သုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၇၀။ ထိုအခါ သံဃာအား ထီးသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ထီးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ထီးကို မြှောက်၍ လှည့်လည်ကုန်၏။ ထိုအခါ တယောက်သော ဥပါသကာသည် အာဇီဝက၏ တပည့်များစွာတို့နှင့်အတူ ဥယျာဉ်သို့ သွား၏။ ထိုအာဇီဝက၏ တပည့်တို့သည် ထီးကို မြှောက်လျက် အဝေးမှ လာသော ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို မြင်၍ ထိုဥပါသကာအား—

"အမောင် သင်တို့၏ ထိုအသျှင်ကောင်းတို့သည် စာရင်းစစ် အမတ်ကြီးများကဲ့သို့ ထီးကို မြှောက်လျက် လာကုန်၏" ဟု ပြောကုန်၏။

အသျှင်တို့ ထိုသူတို့သည် ရဟန်းများမဟုတ် ပရိဗိုဇ်တို့တည်း ဟု (ဆို၏)။

"ရဟန်းများတည်း၊ ရဟန်းများမဟုတ်" ဟု အလောင်းအစား ပြုကုန်၏။

ထိုအခါ ထိုဥပါသကာသည် နီးကပ်လာသော် (ရဟန်းများ ဖြစ်သည်ဟု)သိ၍ "အသျှင်ကောင်းတို့သည် ထီးကို မြှောက်လျက် အဘယ့်ကြောင့် လှည့်လည်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြု ပြောဆို၏။

ရဟန်းတို့သည် ထိုကဲ့ရဲ့ရှုတ်ချ အပြစ်ပြု ပြောဆိုသော ထိုဥပါသကာ၏ စကားကို ကြားကြသည်သာတည်း။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ထီးကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် နာဖျားသဖြင့် ထီးနှင့်ကင်း၍ 'ထီးမပါပဲ'ချမ်းသာမှုမရှိ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ နာဖျားသော ရဟန်းအား ထီးကို ဆောင်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် "မြတ်စွာဘုရားသည် နာဖျားသော ရဟန်းအားသာလျှင် ထီးကို ခွင့်ပြုတော်မူ၏။ မနာမဖျားသော ရဟန်းအား ခွင့်မပြု" ဟု (နှလုံးသွင်း၍)အရံတွင်း၌ရင်း အရံဥပစာ၌ရင်း ထီးကို ဆောင်ခြင်းငှါ မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မနာမဖျားသော ရဟန်းသည်လည်း အရံတွင်း၌ရင်း အရံဥပစာ၌ရင်း ထီးကို ဆောင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် ဆိုင်း၌ သပိတ်ကိုထည့်၍ ထိုဆိုင်းကို ရှည်သောတုတ်၌ ဆွဲချိတ်၍ အချိန်မဲ့၌ အမှတ်မရှိသော ရွာတံခါးဖြင့် ဖြတ်သွား၏။

http://www.dhammadownload.com



လူတို့သည် "အမောင်တို့ ဤခိုးသူသည် သွား၏၊ ဤခိုးသူ၏ သန်လျက်သည် တောက်ပ၏" ဟု ပြောလျက် နောက်မှလိုက်၍ ဖမ်းဆီးကြလေသော် (ရဟန်းဟု) သိသဖြင့် လွှတ်လိုက်ကုန်၏။

ထိုအခါ ရဟန်းသည် အရံသို့သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြော၏။

ငါ့သျှင် သင်သည် ရှည်သောတုတ်၌ ဆွဲသော ဆိုင်းကို ဆောင်သလောဟု မေးကုန်၏။ ငါ့သျှင်တို့ ဆောင်၏ ဟူ၍ ပြော၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် ရှည်သောတုတ်၌ ဆွဲသော ဆိုင်းကို ဆောင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ရှည်သောတုတ်၌ ဆွဲသော ဆိုင်းကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ အာပတ်သင့်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် နာဖျားသဖြင့်ရှည်သောတုတ်နှင့် ကင်း၍ မလှည့်လည်နိုင်လေ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ နာဖျားသောရဟန်းအား ရှည်သောတုတ်(ဆောင်နိုင်ခွင့်)သမ္မုတိကို ပေးရန် ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ပေးရမည်၊ ထိုနာဖျားသော ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်ပြီးလျှင် သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုးလျက် ဆောင့်ကြောင့် ထိုင်ကာ လက်အုပ်ချီ၍—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် နာဖျားပါ၏၊ ရှည်သောတုတ်နှင့် ကင်း၍ မလှည့်လည်နိုင်ပါ၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာအား ရှည်သော တုတ်(ဆောင်နိုင်ခွင့်)သမ္မုတိကို တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်၊ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် နာဖျား၏၊ ရှည်သောတုတ်နှင့် ကင်း၍ မလှည့်လည်နိုင်၊ ထိုရဟန်းသည် သံဃာ အား ရှည်သောတုတ် ဆောင်နိုင်ခွင့် သမ္မုတိကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား ရှည်သောတုတ်ဆောင်နိုင်ခွင့် သမ္မုတိကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် နာဖျား၏ ရှည်သောတုတ်နှင့်ကင်း၍ မလှည့်လည်နိုင်၊ ထိုရဟန်းသည် သံဃာကို ရှည်သောတုတ်ဆောင်နိုင်ခွင့် သမ္မုတိကို တောင်း၏ ။

http://www.dhammadownload.com



သံဃာသည် ဤမည်သော ရဟန်းအား ရှည်သောတုတ်ဆောင်နိုင်ခွင့် သမ္မုတိကို ပေး၏၊ ဤမည်သော ရဟန်းအား ရှည်သောတုတ်ဆောင်နိုင်ခွင့် သမ္မုတိ ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏။ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းအား ရှည်သောတုတ် ဆောင်နိုင်ခွင့် သမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၂၇၁။ ထိုအခါ ရဟန်းတပါးသည် နာဖျားသဖြင့် ဆိုင်းနှင့် ကင်း၍ သပိတ်ကို မဆောင်နိုင်။ မြတ်စွာဘုရားအား ဤအကြောင်း ကို လျှောက်ကြကုန်၏။

ရဟန်းတို့ နာဖျားသော ရဟန်းအား ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို ပေးရန်ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ ပေးရမည်။

ထိုနာဖျားသော ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက်ပခုံးထက်၌ ကေသီကို စမွယ်တင်ပြီးလျှင် သီတင်းကြီး ရဟန်းတို့၏ ခြေတို့ကို ရှိခိုးလျက် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီ၍—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် နာဖျားပါ၏၊ ဆိုင်းနှင့် ကင်း၍ သပိတ်ကို မဆောင်နိုင်ပါ၊ အသျှင်ဘုရားတို့ အကျွန်ုပ်သည် သံဃာအား ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်၊ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် နာဖျားပါ၏၊ ဆိုင်းနှင့်ကင်း၍ သပိတ်ကို မဆောင်နိုင်ပါ၊ ထိုရဟန်းသည် သံဃာအား ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် ဤမည်သော ရဟန်းအား ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် နာဖျားပါ၏၊ ဆိုင်းနှင့်ကင်း၍ သပိတ်ကို မဆောင်နိုင်ပါ၊ ထိုရဟန်းသည် သံဃာအား ဆိုင်းဆောင်နိုင်ခွင့်သမ္မုတိကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို ပေး၏၊ ဤမည်သော ရဟန်းအား ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိ ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းအား ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



၂၇၂။ ထိုအခါ ရဟန်းတပါးသည် နာဖျား၏၊ ရှည်သောတုတ်နှင့်ကင်း၍လည်း မလှည့်လည်နိုင်၊ ဆိုင်းနှင့်ကင်း၍လည်း သပိတ်ကို မဆောင်နိုင်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ နာဖျားသော ရဟန်းအား ရှည်သောတုတ်နှင့် ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကိုပေးခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ ပေးရမည်၊ ထိုနာဖျားသော ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက်ပခုံးထက်၌ ကေသီကိုစမွယ်တင်ပြီးလျှင် သီတင်းကြီးရဟန်းတို့၏ ခြေတို့ကို ရှိခိုးလျက် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီ၍—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည်နာဖျားပါ၏၊ ရှည်သောတုတ်နှင့် ကင်း၍ လည်း မလှည့်လည်နိုင်ပါ၊ ဆိုင်းနှင့်ကင်း၍လည်း သပိတ်ကို မဆောင်နိုင်ပါ၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာအား ရှည်သောတုတ်နှင့် ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်၊ သုံးကြိမ်မြောက်လည်း တောင်းရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် နာဖျားပါ၏၊ ရှည်သောတုတ်နှင့် ကင်း၍လည်း မလှည့်လည်နိုင်ပါ၊ ဆိုင်းနှင့်ကင်း၍လည်း သပိတ်ကို မဆောင်နိုင်ပါ၊ ထိုရဟန်းသည် သံဃာအား ရှည်သောတုတ်နှင့် ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား ရှည်သောတုတ်နှင့် ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို ပေးရာ၏။ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် နာဖျားပါ၏၊ ရှည်သောတုတ်နှင့် ကင်း၍လည်း မလှည့်လည်နိုင်၊ ဆိုင်းနှင့်ကင်း၍ လည်း သပိတ်ကို မဆောင်နိုင်၊ ထိုရဟန်းသည် သံဃာအား ရှည်သောတုတ်နှင့် ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား ရှည်သောတုတ်နှင့် ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို ပေး၏၊ ဤမည်သော ရဟန်းအား ရှည်သောတုတ်နှင့် ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းအား ရှည်သောတုတ်နှင့် ဆိုင်းဆောင်နိုင်ခွင့် သမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းငှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၂၇၃။ ထိုအခါ ရဟန်းတပါးသည် စမြုံ့ပြန်တတ်၏၊ ထိုရဟန်းသည် စမြုံ့ပြန်၍ ပြန်၍ မျို၏။

ရဟန်းတို့သည် "အဘယ့်ကြောင့် ဤရဟန်းသည် အချိန်မဲ့၌ စားဖွယ်ကို စားဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြော ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤရဟန်းသည် နွားဘဝမှ စတေ့ရွေ့ လျှောသည်မှာ မကြာမြင့်သေး၊ ရဟန်းတို့ စမြုံ့ပြန်တတ်သော ရဟန်းအား စမြုံ့ပြန်ခြင်းကို ခွင့်ပြု၏။

ရဟန်းတို့ ခံတွင်းအပသို့ ထုတ်၍ မမျိုအပ်၊ မျိုသောရဟန်းအား တရားအားလျော်စွာ ဆုံးဖြတ်ရမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ အသင်းတသင်းသည် သံဃာအား ဆွမ်းကျွေး၏၊ ဆွမ်းစားကျောင်း၌ များစွာသော ဆွမ်းလုံးတို့သည် ပြန့်ကြဲကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ဆွမ်းကို လှူသော် ကောင်းမွန်စွာ မခံယူကုန်ဘိသနည်း၊ ဆွမ်းတလုံးကို အလုပ်ကိစ္စများစွာဖြင့် ပြီးစေရပါ၏၊ ဆွမ်းတလုံးဖြစ်ရန် အလုပ်ကိစ္စများပါ၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုကြသော စကားကို ကြားကြသည်သာတည်း။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ လှူအပ်သော ခဲဖွယ် စားဖွယ်ကျခဲ့လျှင် ကိုယ်တိုင်ကောက်ယူ၍ စားခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ထိုခဲဖွယ် စားဖွယ်ကို ဒါယကာတို့သည် စွန့်အပ်ပြီးတည်း ဟု (မိန့်တော်မူ၏)။

၂၇၄။ ထိုအခါ ရဟန်းတပါးသည် ရှည်သော လက်သည်းတို့ဖြင့် ဆွမ်းခံသွား၏၊ မိန်းမတယောက်က မြင်လတ်သော် "အသျှင်ဘုရား လာလော့၊ မေထုန်အကျင့်ကို မှီဝဲလော့" ဟု ထိုရဟန်းကို လျှောက်၏။ နှမ မသင့်၊ ဤအမှုသည် မအပ် ဟု (ပြော၏)။ အသျှင်ဘုရား အသျှင်ဘုရားသည် မမှီဝဲမူ အကျွန်ုပ်သည် မိမိ၏ လက်သည်းတို့ဖြင့် ကိုယ်ကို ကုတ်ဖဲ့၍ "ဤရဟန်းသည် အကျွန်ုပ်ကို ဖောက်ပြန်၍ ကျင့်၏" ဟု အော်ဟစ်အံ့ ဟူ၍ (ပြော၏)။ နှမ သင်သည် (သင့် မသင့်ကို) သိဘိလော့ ဟု (ပြော၏)။ ထိုအခါ ထိုမိန်းမသည် မိမိ၏လက်သည်းတို့ဖြင့် ကိုယ်ကို ကုတ်ဖဲ့၍ "ဤရဟန်းသည် အကျွန်ုပ်ကို ဖောက်ပြန်၍ ကျင့်၏" ဟု အော်ဟစ်၏။ လူတို့သည် ပြေးလာ၍ ထိုရဟန်းကို ဖမ်းကုန်၏။

ထိုလူတို့သည် ထိုမိန်းမ၏ လက်သည်း၌ အရေပါးကိုရှင်း သွေးကိုရှင်း မြင်ကုန်၍ "ဤအမှုသည် ဤမိန်းမ၏ အမှုသာတည်း၊ ရဟန်းသည် မပြု" ဟု ထိုရဟန်းကို လွှတ်လိုက်ကုန်၏။

ထိုအခါ ထိုရဟန်းသည် အရံသို့သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ငါ့သျှင် သင်သည် ရှည်လျားသော လက်သည်းတို့ကို ဆောင်သလော ဟု (မေးကုန်၏)။ ငါ့သျှင်တို့ ဆောင်၏ ဟု (ပြော၏)။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် ရှည်လျားသော လက်သည်းတို့ကို ဆောင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရှည်လျားသော လက်သည်း ခြေသည်းတို့ကို မဆောင်အပ် 'မထားအပ်'၊ ဆောင်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ရဟန်းတို့သည် လက်သည်းဖြင့်လည်း လက်သည်းကို ဖြတ်ကုန်၏၊ ခံတွင်းဖြင့်လည်း လက်သည်းကို ဖြတ်ကုန်၏၊ နံရံ၌လည်း ပွတ်တိုက်ကုန်၏၊ လက်ချောင်း ခြေချောင်းတို့သည် နာကျင်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ လက်သည်းလှီး ဓားငယ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ လက်သည်းခြေသည်းကို သွေးထွက်အောင်ဖြတ်သဖြင့် လက်ချောင်း ခြေချောင်းတို့သည် နာကျင်ကုန်၏။ပ။

ရဟန်းတို့ အသား၏ အတိုင်းအရှည်ဖြင့် လက်သည်း ခြေသည်းကို ဖြတ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် နှစ်ဆယ်သော လက်သည်း ခြေသည်းတို့ကို ပြေပြစ်အောင် ပွတ်စေကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ နှစ်ဆယ်သော လက်သည်း ခြေသည်းတို့ကို ပြေပြစ်အောင် မပွတ်စေအပ်၊ ပွတ်စေသော ရဟန်းအား **ဒုက္ကဋ် အာပတ်သင့်၏**၊ ရဟန်းတို့ အညစ်အကြေးမျှကို ခြစ်ထုတ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၇၅။ ထိုအခါ ရဟန်းတို့၏ ဆံပင်တို့သည် ရှည်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းတို့သည် အချင်းချင်း ဆံချခြင်းငှါ စွမ်းနိုင်ကုန်သလော ဟု မေးတော်မူ၏။ မြတ်စွာဘုရား စွမ်းနိုင်ပါကုန်၏ ဟု လျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ကို—

"ရဟန်းတို့ သင်ဓုန်းဓား သင်ဓုန်းကျောက် သင်ဓုန်းအိတ် သင်ဓုန်းနှီး ဟူသော သင်ဓုန်း အဆောက်အဦ အလုံးစုံကို ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မုတ်ဆိတ်ကို ဖြတ်စေကုန်၏၊ မုတ်ဆိတ်ကို ရှည်စေကုန်၏၊ ဆိတ်မုတ်ဆိတ်နှင့် တူသော မုတ်ဆိတ်ကို ပြုစေကုန်၏၊ လေးထောင့် မုတ်ဆိတ်ကို ပြုစေကုန်၏၊ ရင်မွေး ရိတ်ခြင်းကို ပြုစေကုန်၏၊ ရင်မွေးအရေးအသား ထားခြင်းကို ပြုစေကုန်၏၊ ကြင်စွယ်ကို ထားကုန်၏၊ ကျဉ်းမြောင်းရာ၌ အမွေးကို ရိတ်စေကုန်၏၊ လူတို့သည် "ကာမဂုဏ် ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မုတ်ဆိတ်ကို မဖြတ်အပ်။ပ။ မုတ်ဆိတ်ကို မရှည်စေအပ်။ ဆိတ်မုတ်ဆိတ်နှင့် တူသော မုတ်ဆိတ်ကို မပြုစေအပ်။ ရင်မွေးရိတ်ခြင်းကို မပြုစေအပ်။ ရင်မွေးအရေးအသားထားခြင်းကို မပြုစေအပ်။ ကြင်စွယ်ကို မထားအပ်။ ကျဉ်းမြောင်းရာ၌ **အမွေးကို** မရိတ်စေအပ်၊ ရိတ်စေသော ရဟန်းအား **ဒုက္ကဋ် အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးအား ကျဉ်းမြောင်းရာ၌ အနာဖြစ်၏၊ ဆေးသည် မတည်နိုင်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ဝိ မြန် ၄–၁၉

http://www.dhammadownload.com



ရဟန်းတို့ အနာဟူသော အကြောင်းကြောင့် ကျဉ်းမြောင်းရာ၌ အမွေးကို ရိတ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကတ်ကျေးဖြင့် ဆံပင်တို့ကို ဖြတ်စေကုန်၏။ လူတို့သည် "ကာမဂုဏ် ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကတ်ကျေးဖြင့် ဆံပင်တို့ကို မဖြတ်စေအပ်၊ ဖြတ်စေသော ရဟန်းအား ဒုက္ကဋ် **အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးအား ဦးခေါင်း၌ အနာဖြစ်၏၊ သင်မုန်းဖြင့် ဆံပင်တို့ကို မချနိုင်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အနာဟူသော အကြောင်းကြောင့် ကတ်ကျေးဖြင့် ဆံပင်တို့ကို ဖြတ်စေရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ရှည်သော နှာခေါင်းမွေးတို့ကို ဆောင်ကုန်၏။ လူတို့သည် "မြေဘုတ်ဘီလူးကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရှည်သော နှာခေါင်းမွေးတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ် **အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ကျောက်စရစ်ဖြင့်ငှင်း ပျားဖယောင်းဖြင့်ငှင်း နှာခေါင်းမွေးကို နုတ်ကြသဖြင့် နှာခေါင်းတို့သည် နာကျင်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မွေးညှပ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆံပင်ဖြူကို နုတ်သဖြင့် လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဆံပင်ဖြူကို မနုတ်အပ်၊ နုတ်သော ရဟန်းအား ဒုက္ကဋ် **အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

၂၄၆။ ထိုအခါ ရဟန်းတပါး၏ နားတို့သည် နားဖာချေးတို့ဖြင့် ပိတ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ နားဖာကော်'နဖာချေး'ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ရွှေနားဖာကော် ငွေနားဖာကော် ဟူသော အကောင်း အညွှန့်ဖြစ်သော နားဖာကော်တို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ အကောင်း အညံ့ ဖြစ်သော နားဖာကော်တို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား **ဒုက္ကဋ် အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ အရိုးနားဖာကော်ကိုင်း ဆင်စွယ်နားဖာကော်ကိုင်း ဦးချို နားဖာကော်ကိုင်း ကျူနားဖာကော်ကိုင်း ဝါးနားဖာကော်ကိုင်း သစ်သားနားဖာကော်ကိုင်း ချိတ်နားဖာကော်ကိုင်း သစ်သီးနားဖာကော်ကိုင်း ကြေးသံ နားဖာကော်ကိုင်း ခရုသင်းချက် နားဖာကော်ကိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၇၇။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် များစွာသော သံဘဏ္ဍာ ကြေးဘဏ္ဍာတို့ကို စုဆောင်းသိမ်းဆည်းကုန်၏။ ကျောင်းစဉ်လှည့်လည်သော လူတို့သည်မြင်၍ "သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် အဘယ့်ကြောင့် ကြေးကုန်သည်များကဲ့သို့ များစွာသော သံဘဏ္ဍာ ကြေးဘဏ္ဍာတို့ကို စုဆောင်းကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ များစွာသော သံဘဏ္ဍာ ကြေးဘဏ္ဍာတို့ကို မစုဆောင်းအပ်၊ စုဆောင်းသော ရဟန်းအား **ဒုက္ကဋ် အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် မျက်စဉ်း ကျည်တောက်ကိုင်း မျက်စဉ်းတံကိုင်း နားဖာကော်ကိုင်း အကွပ်ငယ်ကိုင်း မအပ် ဟု တွေးတောမှု "သံသယကုက္ကုစ္စ" ရှိကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မျက်စဉ်း ကျည်တောက်ကိုင်း မျက်စဉ်းတံကိုင်း နားဖာကော်ကိုင်း အကွပ်ငယ်ကိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သင်္ကန်းကြီးကို အာယောဂပတ်ဖွဲ့လျက် ထိုင်ကြသဖြင့် သင်္ကန်းကြီးအနားပတ်တို့သည် ပျက်စီးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သင်္ကန်းကြီးကို အာယောဂပတ်ဖွဲ့လျက် မထိုင်အပ်၊ ထိုင်သော ရဟန်းအား ဒုက္ကဋ် **အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် နာဖျားသဖြင့် အာယောဂပတ်နှင့် ကင်း၍ မချမ်းသာ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အာယောဂပတ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား အာယောဂပတ်ကို အဘယ်သို့ ပြုလုပ်ရမည်နည်း ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရက်ကန်းစင် လက်ခတ်ချပ် ကြေးတံဝါးဟူသော ရက်ကန်း အဆောက်အဦ အလုံးစုံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၂၇၈။ ထိုအခါ ရဟန်းတပါးသည် ခါးပန်းကြိုးမပါပဲ ရွာသို့ ဆွမ်းခံဝင်သဖြင့် လမ်းမ၌ သင်းပိုင်သည် လျှောကျ၏။ လူတို့သည် ကြွေးကြော်သဖြင့် ထိုရဟန်းသည် မျက်နှာမသာ ဖြစ်၏။ ထိုအခါ ထိုရဟန်းသည် အရံသို့သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ခါးပန်းကြိုးမပါပဲ ရွာသို့ မဝင်အပ်၊ ဝင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ခါးပန်းကြိုးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကြိုးအမျှား ပေါင်း၍ ပြုအပ်သော ခါးပန်းကြိုး ရေမြွေ ဦးခေါင်းသဏ္ဌာန် ပြုအပ်သော ခါးပန်းကြိုး မုရိုးစည်သဏ္ဌာန် ပြုအပ်သော ခါးပန်းကြိုး ဆောက်လုံးသဏ္ဌာန် ပြုအပ်သော ခါးပန်းကြိုး ဟူသော အကောင်းအညံ့ ဖြစ်သော ခါးပန်းကြိုးတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကြိုးအမျှားပေါင်း၍ ပြုအပ်သော ခါးပန်းကြိုး ရေမြွေဦးခေါင်းသဏ္ဌာန် ပြုအပ်သော ခါးပန်းကြိုး မုရိုးစည်သဏ္ဌာန် ပြုအပ်သော ခါးပန်းကြိုး ဆောက်လုံးသဏ္ဌာန်ပြုလုပ်အပ်သော ခါးပန်းကြိုး ဟူသော အကောင်း အညံ့ ဖြစ်ကုန်သော ခါးပန်းကြိုးတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ကြိုးခါးပန်း ဝက်အူသဏ္ဌာန်ပြုအပ်သော ခါးပန်းဟူသော ခါးပန်းကြိုး နှစ်မျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ခါးပန်းကြိုး၏ အမြိတ်အဆာတို့သည် ဆွေးကုန်၏။ပ။ ရဟန်းတို့ မုရိုးစည်သဏ္ဌာန် ပြုအပ်သော အမြိတ်အဆာကိုရင်း ဆောက်လုံးသဏ္ဌာန် ပြုအပ်သော အမြိတ်အဆာကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ခါးပန်းကြိုး၏ အစွန်အနားသည် ဆွေး၏။ပ။

ရဟန်းတို့ အနားလိပ်၍ ချုပ်ခြင်းကိုရင်း ဖွတ်မြီးထိုးချုပ်ခြင်းကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ခါးပန်းကြိုး၏ ကွင်းစွန်းသည် ဆွေး၏။ပ။ ရဟန်းတို့ ခါးပန်းသီးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေခါးပန်းသီး ငွေခါးပန်းသီး ဟူသော အကောင်း အညံ့ ဖြစ်ကုန်သော ခါးပန်းသီးတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အကောင်း အညံ့ ဖြစ်သော ခါးပန်းသီးတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းတို့ အရိုးခါးပန်းသီးကိုရင်း။ပ။ ခရုသင်းချက် ခါးပန်းသီးကိုရင်း ချည်ခါးပန်းသီးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၇၉။ ထိုအခါ အသျှင်အာနန္ဒာသည် ပေါ့ပါးသော သင်္ကန်းကြီးတို့ကို ရုံ၍ ရွာသို့ ဆွမ်းခံဝင်၏၊ လေပွေကြောင့် သင်္ကန်းကြီးတို့သည် လွင့်တက်ကုန်၏။ ထိုအခါ အသျှင်အာနန္ဒာသည် အရံသို့သွား၍

http://www.dhammadownload.com



ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကမ္ဗတ်သီးကိုရင်း ကမ္ဗတ်ကွင်းကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေကမ္ဗတ်သီး ငွေကမ္ဗတ်သီး ဟူသော အကောင်း အညံ့ ဖြစ်ကုန်သော ကမ္ဗတ်သီးတို့ကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။

ရဟန်းတို့ အကောင်း အညံ့ ဖြစ်သော ကမ္ဗတ်သီးတို့ကို မဆောင်အပ်၊ ဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ အရိုးကမ္ဗတ်သီးကိုရင်း ဆင်စွယ်ကမ္ဗတ်သီးကိုရင်း ဦးချိုကမ္ဗတ်သီးကိုရင်း ကျူကမ္ဗတ်သီးကိုရင်း ဝါးကမ္ဗတ်သီးကိုရင်း သစ်သားကမ္ဗတ်သီးကိုရင်း ချိတ်ကမ္ဗတ်သီးကိုရင်း သစ်သီးကမ္ဗတ်သီးကိုရင်း ကြေးကမ္ဗတ်သီးကိုရင်း ခရုသင်းချက် ကမ္ဗတ်သီးကိုရင်း ချည်ကမ္ဗတ်သီးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ကမ္ဗတ်သီးကိုရင်း ကမ္ဗတ်ကွင်းကိုရင်း သင်္ကန်း၌ တပ်သဖြင့် သင်္ကန်းသည် ဆွေး၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကမ္ဗတ်သီးအိမ်ကိုရင်း ကမ္ဗတ်ကွင်း အိမ်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကမ္ဗတ်သီးကိုရင်း ကမ္ဗတ်ကွင်းကိုရင်း အစွန်း၌ တပ်သဖြင့် အနားပတ်သည် ပွင့်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကမ္ဗတ်သီးအိမ်ကို အစွန်း၌တပ်ရန် ခွင့်ပြု၏၊ ကမ္ဗတ်ကွင်းအိမ်ကို လက်ခုနစ်သစ် ရှစ်သစ်မျှ လျှော၍ တပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၈၀။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆင်နှာမောင်းကဲ့သို့ချ၍ ဝတ်ဆင်ခြင်း ငါးမြီးကဲ့သို့ ချ၍ ဝတ်ဆင်ခြင်း လေးစချ၍ ဝတ်ဆင်ခြင်း ထန်းရွက်ယပ်ဝန်းကဲ့သို့ ချ၍ ဝတ်ဆင်ခြင်း အတွန့်များစွာ ချ၍ဝတ်ဆင်ခြင်း ဟူသော လူတို့ကဲ့သို့ ဝတ်ဆင်ခြင်းကို ဝတ်ဆင်ကုန်၏။လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဆင်နှာမောင်းကဲ့သို့ချ၍ ဝတ်ဆင်ခြင်း ငါးမြီးကဲ့သို့ ချ၍ ဝတ်ဆင်ခြင်း လေးစချ၍ ဝတ်ဆင်ခြင်း ထန်းရွက်ယပ်ဝန်းကဲ့သို့ ချ၍ ဝတ်ဆင်ခြင်း အတွန့်များစွာချ၍ ဝတ်ဆင်ခြင်း ဟူသော လူတို့ကဲ့သို့ ဝတ်ဆင်ခြင်းကို မဝတ်ဆင်အပ်၊ ဝတ်ဆင်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လူတို့ကဲ့သို့ ရုံခြင်းကို ရုံကုန်၏။ လူတို့သည် "ကာမဂုဏ် ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လူတို့ကဲ့သို့ ရုံခြင်းကို မရုံအပ်၊ ရုံသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခါးတောင်းကျိုက်၍ ဝတ်ဆင်ကုန်၏။ လူတို့သည် "မင်း၏ ဝန်ထမ်းကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခါးတောင်းကျိုက် ဝတ်ဆင်ခြင်းကို မဝတ်ဆင်အပ်၊ ဝတ်ဆင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၂၈၁။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် နှစ်ဖက်ဝန်ရှိသော ထမ်းပိုးကို ဆောင်ကုန်၏။ လူတို့သည် "မင်း၏ဝန်ထမ်း လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နှစ်ဖက်ဝန်ရှိသော ထမ်းပိုးကို မဆောင်အပ်။ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းတို့ တဖက်ဝန်ရှိသော ထမ်းပိုးကိုရင်း အလယ်ဝန်ရှိသော ထမ်းပိုးကိုရင်း ဦးခေါင်းဝန်ကိုရင်း ပခုံးဝန်ကိုရင်း ခါးဝန်ကိုရင်း လက်ဆွဲဝန်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၈၂။ ထိုအခါ ရဟန်းတို့သည် တံပူကို မခဲမစားကုန်၊ ခံတွင်းသည် အနံ့မကောင်း။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

## တံပူ မစားခြင်း အပြစ် ၅-မျိုး

ရဟန်းတို့ တံပူကို မခဲမစားရာ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း—

(၁) မျက်စိ မကြည်လင်။

(၂) ခံတွင်း အနံ့မကောင်း။

(၃) အရသာကြောတို့ မစင်ကြယ်ကုန်။

(၄) သည်းခြေ သလိပ်တို့က ထမင်းကို မြေးရှက်ကုန်၏။

(၅) ထိုသူသည် ထမင်း မမြိန်။

ရဟန်းတို့ တံပူကို မခဲ မစားရာ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

## တံပူ စားခြင်း အကျိုး ၅-မျိုး

ရဟန်းတို့ တံပူကို ခဲစားရာ၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း—

(၁) မျက်စိ ကြည်လင်၏။

(၂) ခံတွင်း အနံ့ကောင်း၏။

(၃) အရသာကြောတို့ စင်ကြယ်ကုန်၏။

(၄) သည်းခြေသလိပ်တို့က ထမင်းကို မမြေးရှက်ကုန်။

(၅) ထိုသူသည် ထမင်း မြိန်၏။

ရဟန်းတို့ တံပူကို ခဲစားရာ၌ အကျိုးတို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ တံပူကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှည်လျားသော တံပူတိုကို ခဲစားကုန်၏။ ထိုတံပူတို့ဖြင့်ပင် သာမဏေကို ခေါက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရှည်သောတံပူကို မခဲစားအပ်၊ ခဲစားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းတို့ လက်ရှစ်သစ် အတိုင်း အရှည်ရှိသော တံပူကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုတံပူဖြင့်လည်း သာမဏေကို မခေါက်အပ်၊ ခေါက်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် အလွန်တိုသော တံပူကို ခဲစဉ် လည်ချောင်း၌ မျက်၏။ မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အလွန်တိုသော တံပူကို မခဲစားအပ်၊ ခဲစားသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**။

ရဟန်းတို့ အယုတ်ဆုံး လက်လေးသစ်ရှိသော တံပူကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၈၃။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် တောကို မီးတိုက်ကုန်၏။ လူတို့သည် "တောမီးတိုက် သမားတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တောကို မီးမတိုက်အပ်၊ မီးတိုက်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ကျောင်းတို့သည် မြက်ချုံတို့ဖြင့် ရှုပ်ထွေးကုန်၏၊ တောမီးလောင်လတ်သော် ကျောင်း တို့ကို လောင်ကုန်၏၊ ရဟန်းတို့သည် မီးကြိုပေးရန်ငှင်း အရံအတားလုပ်ရန်ငှင်း မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ တောမီးလောင်လတ်သော် မီးကြိုပေးရန်ငှင်း အရံအတားလုပ်ရန်ငှင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၈၄။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သစ်ပင်ကို တက်ကုန်၏။ တပင်မှ တပင်သို့ ကူးပြောင်း ကုန်၏။

လူတို့သည် "မျောက်တို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သစ်ပင်ကို မတက်အပ်၊ တက်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော် မူ၏)။

ထိုအခါ ရဟန်းတပါးသည် သာဝတ္ထိပြည်သို့ သွားစဉ် ကောသလတိုင်း ဇနပုဒ် လမ်းခရီးအကြား ၌ ဆင်တို့သည် လိုက်ကုန်၏။ ထိုအခါ ထိုရဟန်းသည် သစ်ပင်ရင်းသို့ ပြေးကပ်ပြီးနောက် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိသည် ဖြစ်၍ သစ်ပင်သို့ မတက်၊ ထိုဆင်သည် အခြားတပါးသော လမ်းဖြင့် သွားလေ၏။ ထိုအခါ ထိုရဟန်းသည် သာဝတ္ထိပြည်သို့သွား၍ ရဟန်းတို့အား ဤအကြောင်း ကို ပြော၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ကိစ္စရှိလတ်သော် သစ်ပင်ကို တသူမျှ တက်ခြင်းငှါ ဘေးရန်ရှိလတ်သော် အလိုရှိတိုင်း တက်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၂၈၅။ ထိုအခါ ယမေဠုကရွာ၌ ကုဋ္ဌမည်သော ပုဏ္ဏားမျိုး ရဟန်းညီနောင် နှစ်ဦးတို့ ရှိကုန်၏၊ အပြောအဆိုကောင်း အသံကောင်းသူတို့ ဖြစ်ကုန်၏။

ထိုရဟန်းညီနောင်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကြကာ မြတ်စွာဘုရားအား—

"အသျှင်ဘုရား ယခုအခါ ရဟန်းတို့သည် အမည် အမျိုးမျိုး ရှိပါကုန်၏၊ အနွယ်အမျိုးမျိုး ရှိပါကုန်၏၊ ဇာတ်အမျိုးမျိုး ရှိပါကုန်၏၊ အမျိုး အသီးအသီးမှ ထွက်၍ ရဟန်းပြုပါကုန်၏။

ထိုရဟန်းတို့သည် မိမိတို့ ဘာသာဖြင့် မြတ်စွာဘုရား၏ စကားကို ဖျက်ဆီးပါကုန်၏၊ အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ စကားကို သက္ကတဘာသာဖြင့် တင်ပါကုန်အံ့" ဟု လျှောက်ကုန်၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ (မဂ်ဖိုလ်မှ)အချည်းနှီး ဖြစ်သော ယောကျ်ားတို့ သင်တို့သည် "အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ စကားကို သက္ကတဘာသာဖြင့် တင်ပါကုန်အံ့" ဟု အဘယ့်ကြောင့် ပြောဆိုကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ လျှောက်ဆိုသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော် မူပြီး၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

**ရဟန်းတို့ မြတ်စွာဘုရား၏ စကားတော်ကို သက္ကတဘာသာဖြင့် မတင်အပ်၊ တင်သော ရဟန်း အား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ မိမိတို့ ဘာသာဖြင့် မြတ်စွာဘုရား၏ စကားကို သင်ယူခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။**

၂၈၆။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လောကာယတကျမ်းကို သင်ယူကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြား၍ကြသည်သာတည်း။ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

**ရဟန်းတို့ လောကာယတကျမ်း၌ အနှစ် ဟု ရှုလေ့ရှိသူသည် ဤသာသနာတော်၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရာသလော ဟု မေးတော်မူ၏။**

အသျှင်ဘုရား မရောက်နိုင်ပါ ဟု (လျှောက်ကြကုန်၏)။

**တနည်းဆိုအံ့၊ ဤသာသနာ၌မူလည်း အနှစ်ဟု ရှုလေ့ရှိသူသည် လောကာယတကျမ်းကို သင်ယူရာသလော ဟု မေးတော်မူ၏။**

အသျှင်ဘုရား မသင်ယူရာပါ (ဟု လျှောက်ကြကုန်၏)။

**ရဟန်းတို့ လောကာယတကျမ်းကို မသင်ယူအပ်၊ သင်ယူသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။**

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လောကာယတကျမ်းကို ပို့ချကုန်၏။ လူတို့သည် "ကာမဂုဏ် ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရား

http://www.dhammadownload.com



အား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လောကာယတကျမ်းကို မပို့ချအပ်၊ ပို့ချသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၂၀၇။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် (မင်ဖိုလ်မှ) ဗိလာဖြစ်သော အတတ်ကို သင်ယူကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ (မင်ဖိုလ်မှ) ဗိလာဖြစ်သော အတတ်ကို မသင်ယူအပ်၊ သင်ယူသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် (မင်ဖိုလ်မှ)ဗိလာဖြစ်သော အတတ်ကို ပို့ချကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ (မင်ဖိုလ်မှ) ဗိလာဖြစ်သော အတတ်ကို မပို့ချအပ်၊ ပို့ချသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၂၀၈။ ထိုအခါ မြတ်စွာဘုရားသည် များစွာသော ပရိသတ် ဝန်းရံလျက် တရားဟောနေစဉ် ချေဆတ်တော်မူ၏ 'ဟတ်ချိုး ဟု အသံပြု၏'။ "အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အသက်ရှည်ပါစေသောဝ်၊ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် အသက်ရှည်ပါစေသောဝ်"ဟု ရဟန်းတို့သည် ပြင်းပြကျယ်လောင်သော အသံကို ပြုကုန်၏။ ထိုအသံဖြင့် တရားစကားသည် ခြားပြတ်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—

"ရဟန်းတို့ ချေဆတ်ရာ၌ အသက်ရှည်ပါစေသောဝ် ဟု ဆိုသော် ထိုဆိုခြင်းကြောင့် အသက်ရှည်မူလည်း ရှည်ရာသလော၊ သေမူလည်း သေရာသလော" ဟု မေးတော်မူ၏။

အသျှင်ဘုရား ဤအသက်ရှည်ခြင်း သေခြင်းသည် မဖြစ်နိုင်ပါ ဟု(လျှောက်ကြကုန်၏)။

ရဟန်းတို့ ချေဆတ်ရာ၌ "အသက်ရှည်ပါစေသောဝ်"ဟု မဆိုအပ်၊ ဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ လူတို့သည် ရဟန်းတို့ ချေဆတ်ရာ၌ "အသျှင်ဘုရားတို့ အသက်ရှည်တော်မူကြပါစေကုန်သောဝ်" ဟု ဆိုကုန်၏။ရဟန်းတို့သည် မအပ် ဟု တွေးတောမှု'သံသယကုက္ကုစ္စ'ရှိသည် ဖြစ်၍စကား တုံ့မပြန်ကုန်။လူတို့သည်"သာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် 'အသျှင်ဘုရားတို့ အသက်ရှည်ပါစေကုန်သောဝ်' ဟု ဆိုလျက် အတုံ့အပြန် အဘယ့်ကြောင့် မဆိုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ လူတို့သည် မင်္ဂလာကို အလိုရှိကုန်၏။ ရဟန်းတို့ (လူတို့က) "အသျှင်ဘုရားတို့ အသက်ရှည်ပါစေကုန်သောဝ်" ဟု ဆိုလျှင် "ကြာမြင့်စွာ အသက်ရှည်ပါစေ" ဟု ဆိုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၂၇၉။ ထိုအခါ မြတ်စွာဘုရားသည် များစွာသော ပရိသတ်ဝန်းရံ၍ တရားဟောလျက် ထိုင်နေတော်မူ၏၊ တပါးသော ရဟန်းသည် ကြက်သွန်ဖြူကို စားခဲ့၏၊ "ရဟန်းတို့ကို အနှောင့်အယှက် မဖြစ်ပါစေလင့်" ဟု ထိုရဟန်းသည် တခုသော နေရာ၌ ထိုင်၏။ မြတ်စွာဘုရားသည် တခုသော နေရာ၌ ထိုင်နေသော ထိုရဟန်းကို မြင်တော်မူ၍ "ရဟန်းတို့ ထိုရဟန်းသည် အဘယ့်ကြောင့် တခုသော နေရာ၌ ထိုင်သနည်း" ဟု (မေးတော်မူ၏)။အသျှင်ဘုရား ထိုရဟန်းသည် ကြက်သွန်ဖြူကို စားခဲ့ပါ၏၊ "ရဟန်းတို့ကို အနှောင့်အယှက် မဖြစ်ပါစေလင့်" ဟု ထိုရဟန်းသည် တခုသောနေရာ၌ ထိုင်ပါ၏ ဟု လျှောက်ကုန်၏။

ရဟန်းတို့ အကြင်အရာဝတ္ထုကို စားခဲ့မိ၍ ဤသို့သော တရားစကားမှ အပဖြစ်ရာ၏၊ ထိုအရာဝတ္ထုကို စားသင့်မည်လော 'တရားပွဲမှ ခွဲထွက်နေရလောက်သော အရာဝတ္ထုမျိုးကို စားရန်သင့်တော်မည်လော' ဟု မေးတော်မူ၏။ အသျှင်ဘုရား မစားသင့်ပါ (ဟု လျှောက်ကြကုန်၏)။ ရဟန်းတို့ ကြက်သွန်ဖြူကို မစားအပ်၊ စားသော ရဟန်းအား **ဒုက္ကဋ်အာပတ်** သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်သာရိပုတြာအား ဝမ်းလေနာဖြစ်၏၊ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ "ငါ့သျှင် သာရိပုတြာ ရှေးအခါ၌ သင်၏ ဝမ်းလေနာသည် အဘယ်အရာ ဝတ္ထုဖြင့် ချမ်းသာပါသနည်း" ဟု မေး၏။

ထိုအခါ အသျှင်သာရိပုတြာသည် အသျှင်မဟာမောဂ္ဂလာန်ကို "ငါ့သျှင်မောဂ္ဂလာန် ရှေးအခါ၌ ငါ၏ ဝမ်းလေနာသည် ကြက်သွန်ဖြူဖြင့် ချမ်းသာ၏" ဟု ဆို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အနာရောဂါ ဟူသော အကြောင်းကြောင့် ကြက်သွန်ဖြူကို စားရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၈၀။ ထိုအခါ ရဟန်းတို့သည် အရံတွင်း ထိုထိုနေရာ၌ ကျင်ငယ်ကို စွန့်ကုန်၏၊အရံသည် ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တခုသော နေရာ၌ ကျင်ငယ်ကို စွန့်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အရံသည် မကောင်းသော အနံ့ရှိ၏။ပ။ရဟန်းတို့ ကျင်ငယ်အိုးကို ခွင့်ပြု၏ ဟု(မိန့်တော်မူ၏)။

ဆင်းရဲစွာ ထိုင်ကုန်လျက် ကျင်ငယ်ကို စွန့်ကုန်၏။ပ။ ရဟန်းတို့ ကျင်ငယ်စွန့်ရန် ခြေနင်းခုံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကျင်ငယ်စွန့်ရန် ခြေနင်းခုံတို့သည် ထင်ရှားပေါ်လွင်ကုန်၏၊ ရဟန်းတို့သည် ကျင်ငယ်ကို စွန့်ရန် ရှက်နိုးကုန်၏။ပ။ ရဟန်းတို့ အုတ်အကာ ကျောက်အကာ သစ်သားအကာ ဟူသော အကာသုံးမျိုးတို့ကို ကာရံခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကျင်ငယ်အိုးတို့သည် အပိတ်အဖုံးမရှိ၍ အနံ့မကောင်းကုန်။ပ။ ရဟန်းတို့ အပိတ် အဖုံးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၈၁။ ထိုအခါ ရဟန်းတို့သည် အရံတွင်း ထိုထိုနေရာ၌ ကျင်ကြီးကို စွန့်ကုန်၏၊ အရံသည် ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တခုသောနေရာ၌ ကျင်ကြီးကို စွန့်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အရံသည် မကောင်းသော အနံ့

http://www.dhammadownload.com



ရှိ၏။ပ။ ရဟန်းတို့ ကျောင်းကြီးတွင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ကျောင်းကြီးတွင်း နှုတ်ခမ်းသည် ပြိုကျ၏။ပ။ ရဟန်းတို့ အုတ်စီခြင်း ကျောက်စီခြင်း သစ်သားစီခြင်း ဟူသော စီခြင်း သုံးမျိုးတို့ကို စီစိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ကျောင်းကြီးတွင်းသည် မြေနိမ့်သဖြင့် ရေသည် လွှမ်းမိုးခံရ၏။ပ။ ရဟန်းတို့ မြေမြင့်အောင် လုပ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ မြေသည် ပြိုကျ၏။ပ။ ရဟန်းတို့ အုတ်စီခြင်း ကျောက်စီခြင်း သစ်သားစီခြင်း ဟူသော စီခြင်း သုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။ ရဟန်းတို့ အုတ်လှေကား ကျောက်လှေကား သစ်သားလှေကား ဟူသော လှေကားသုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။ ရဟန်းတို့ ဆွဲကိုင်စရာ လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အစွန်၌ ထိုင်လျက် ကျောင်းကြီးစွန့်သူတို့သည် လိမ့်ကျကုန်၏။ပ။ ရဟန်းတို့ ခင်း၍ အလယ်၌ အပေါက်ဖောက်၍ ကျောင်းကြီး စွန့်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဆင်းရဲစွာ ထိုင်ကုန်လျက် ကျောင်းကြီး စွန့်ရကုန်၏။ပ။ရဟန်းတို့ ကျောင်းကြီးစွန့်ရန် ခြေနင်းခုံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ပြင်ပ၌ ကျင်ငယ်ကို စွန့်ကုန်၏။ပ။ ရဟန်းတို့ ကျင်ငယ်မြောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကနုတံ မရှိ။ပ။ ရဟန်းတို့ ကနုတံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ကနုတံပုံး မရှိ။ပ။ ရဟန်းတို့ ကနုတံပုံးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကျောင်းကြီးတွင်းသည် အပိတ်အဖုံးမရှိသည် ဖြစ်၍ အနံ့မကောင်း။ပ။ ရဟန်းတို့ အပိတ်အဖုံးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

လွင်တီးခေါင်၌ ကျောင်းကြီးကို စွန့်သော ရဟန်းတို့သည် အအေးကြောင့်ရင်း အပူကြောင့်ရင်း ပင်ပန်းကုန်၏။ပ။ ရဟန်းတို့ ဝစ္စကုဋီ 'ကျောင်းကြီးအိမ်'ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဝစ္စကုဋီ၌ တံခါးရွက်သည် မရှိ။ပ။

ရဟန်းတို့ တံခါးရွက်ကိုရင်း တံခါးပေါင်ကိုရင်း ဆုံငယ်ကိုရင်း အထက်ကွင်းကိုရင်း မင်းတုပ်လျှိုတိုင်ကိုရင်း မျောက်လက်ကိုရင်း မင်းတုပ်ငယ်ကိုရင်း မင်းတုပ်ကြိုးကိုရင်း သံကောက်ပေါက်ကိုရင်း ဆွဲပေါက်ကိုရင်း ဆွဲကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဝစ္စကုဋီ၌ မြက်မှုန့်သည် ကျ၏။ပ။ ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်းငှါ ခွင့်ပြု၏၊ ဖြူသော အဆင်းကိုရင်း မည်းသော အဆင်းကိုရင်း ဂေရုဖြင့် ချယ်လှယ်ခြင်းကိုရင်း ပန်းချီ ချယ်လှယ်ခြင်းကိုရင်း နွယ်ပန်း ချယ်လှယ်ခြင်းကိုရင်း မကာရ်းသွားဖော်ခြင်းကိုရင်း သက်တင်ရေးကိုရင်း သင်္ကန်းတန်း ဝါးကိုရင်း သင်္ကန်းလှန်းကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၈၂။ ထိုအခါ အိုမင်းမစွမ်းသော ရဟန်းတပါးသည် ကျောင်းကြီးစွန့်ပြီး နောက် ထလတ်သော် လိမ့်ကျ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လက်ဆွဲတန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဝစ္စကုဋီသည် အကာအရံ မရှိ။ပ။ ရဟန်းတို့ အုတ်အကာ ကျောက်အကာ သစ်သားအကာ ဟူသော အကာသုံးမျိုးတို့ကို ကာရံခြင်းငှါ ခွင့်ပြု၏ဟု (မိန့်တော်မူ၏)။ တံခါးမုခ် မရှိ။ပ။ ရဟန်းတို့ တံခါးမုခ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တံခါးမုခ်၏ တံခါးရွက်သည် မရှိ။ပ။ ရဟန်းတို့ တံခါးရွက်ကိုရင်း တံခါးပေါင်ကိုရင်း ဆုံငယ်ကိုရင်း အထက်ကွင်းကိုရင်း မင်းတုပ်လျှိုတိုင်ကိုရင်း သံကွင်း မျောက်

http://www.dhammadownload.com



လက်ကိုရင်း မင်းတုပ် 'ကျည်ငယ်'ကိုရင်း မင်းတုပ်ကြီး 'ကျည်မ'ကိုရင်း သံကောက်ပေါက်ကိုရင်း ဆွဲငင်စရာအပေါက်ကိုရင်း ဆွဲငင်စရာ ကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တံခါးမုခ်၌ မြက်မှုန့်သည် ကျ၏။ပ။ ရဟန်းတို့ ခါ၍ အတွင်းအပလိမ်းကျံခြင်းငှါ ခွင့်ပြု၏၊ ဖြူသော အဆင်းကိုရင်း မည်းသော အဆင်းကိုရင်း ဂေရုနီဖြင့် ချယ်လှယ်ခြင်းကိုရင်း ခြုံးပန်း ချယ်လှယ်ခြင်းကိုရင်း နွယ်ပန်း ချယ်လှယ်ခြင်းကိုရင်း မကရ်းသွားဖော်ခြင်းကိုရင်း သက်တင်ရေးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပရိဝုဏ်သည် ဗွက်ပေါက်၏။ပ။ ရဟန်းတို့ ကျောက်စရစ်ကို ဖြန့်လောင်းရန် ခွင့်ပြု၏ ဟု(မိန့်တော်မူ၏)။ မလုံလောက်ကုန်။ပ။ ရဟန်းတို့ ကျောက်ပြားကို ခင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ရေဝပ်၏။ပ။ ရဟန်းတို့ ရေထုတ်ပြွန်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သန့်သက်ရေအိုး မရှိ။ပ။ ရဟန်းတို့ သန့်သက်ရေအိုးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သန့်သက်ရေခွက် မရှိ။ပ။ ရဟန်းတို့ သန့်သက်ရေခွက်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဆင်းရဲစွာ ထိုင်လျက် သန့်သက်ရေ ဆေးကုန်၏။ပ။ ရဟန်းတို့ သန့်သက်ရေဆေးရန် ခြေနင်းခုံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သန့်သက်ရေဆေးရန် ခြေနင်းခုံတို့သည် ထင်ရှားပေါ်လွင်ကုန်၏။ ရဟန်းတို့သည် သန့်သက်ရေဆေးရန် ရှက်နိုးကုန်၏ ။ပ။ ရဟန်းတို့ အုတ်အကာ ကျောက်အကာ သစ်သား အကာ ဟူသော အကာသုံးမျိုးတို့ကို ကာရံခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သန့်သက်ရေအိုးသည် အပိတ်မရှိ၊ မြက်မှုန့်တို့ဖြင့်ရင်း မြေမှုန့်တို့ဖြင့်ရင်း ပြွမ်း၏။ပ။ ရဟန်းတို့ အပိတ်အဖုံးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၉၃။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဤသို့ သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြကုန်၏။ပန်းပင်ငယ်ကို စိုက်ကုန်၏၊စိုက်စေကုန်၏။ရေသွန်းလောင်းကုန်၏၊ရေသွန်းလောင်းစေကုန်၏။ ဆွတ်ခူးကုန်၏၊ ဆွတ်ခူးစေကုန်၏။ သီကုံးကုန်၏၊ သီကုံးစေကုန်၏။ ပွင့်ညှာတဖက်ဆိုင် ပန်းကုံးကို ပြုကုန်၏၊ ပြုစေကုန်၏။ ပွင့်ညှာနှစ်ဖက်ဆိုင် ပန်းကုံးကို ပြုကုန်၏၊ ပြုစေကုန်၏။ ပန်းတံကို ပြုကုန်၏၊ ပြုစေကုန်၏။ ပန်းလက်ကောက်ကို ပြုကုန်၏၊ ပြုစေကုန်၏။ ဦးဆောက်ပန်းကို ပြုကုန်၏၊ ပြုစေကုန်၏။နားသွယ်ပန်းကို ပြုကုန်၏၊ ပြုစေကုန်၏။ ရင်လွှမ်းပန်းကို ပြုကုန်၏၊ ပြုစေကုန်၏။

ထိုရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့၏ အကျိုးငှါ ပွင့်ညှာတဖက်ဆိုင် ပန်းကုံးကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏။ ပွင့်ညှာနှစ်ဖက်ဆိုင် ပန်းကုံးကိုဆောင်ကုန်၏၊ ဆောင်စေကုန်၏။ ပန်းတံကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏။ ပန်းလက်ကောက်ကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏။ ဦးဆောက်ပန်းကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏။ နားသွယ်ပန်းကို ဆောင်ကုန်၏၊ဆောင်စေကုန်၏။ ရင်လွှမ်းပန်းကို ဆောင်ကုန်၏၊ ဆောင်စေကုန်၏။

ထိုရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့နှင့်အတူ တခုထည်းသော ခွက်၌လည်း စားကုန်၏၊ သောက်ရေခွက် တခုထည်း၌လည်း သောက်ကုန်၏။ တနေရာထည်း၌လည်း ထိုင်ကုန်၏၊ တညောင်စောင်းထည်း၌လည်း အိပ်ကုန်၏၊ တခင်းထည်းလည်း အိပ်ကုန်၏၊ တခြုံထည်းလည်း အိပ်ကုန်၏၊ တခင်းတခြုံထည်း၌လည်း အိပ်ကုန်၏၊ အခါမဲ့၌လည်း စားကုန်၏၊ သေကိုလည်း သောက်ကုန်၏၊ ပန်းနံ့သာ နံ့သာပျောင်းကိုလည်း ဆောင်ကုန်၏၊ ကလည်း ကကုန်၏၊ သီဆိုလည်း သီဆိုကုန်၏၊ တီးမှုတ်လည်း တီးမှုတ်ကုန်၏၊ မြူးထူးစမွယ်လည်း မြူးထူးစမွယ်ကုန်၏၊ ကချေသည်မ၏အလိုက်လည်း ကကုန်၏၊ ကချေသည်မ၏ အလိုက်လည်း သီဆိုကုန်၏၊ ကချေသည်မ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ ကချေသည်မ၏ အလိုက်လည်း စမွယ်ကုန်၏၊

http://www.dhammadownload.com



အဆိုသည်မ၏ အလိုက်လည်း ကကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း သီဆိုကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း စမွယ်ကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်းကကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း သီဆိုကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း စမွယ်ကုန်၏၊ စမွယ်သော မိန်းမ၏ အလိုက်လည်း ကကုန်၏၊ စမွယ်သော မိန်းမ၏ အလိုက်လည်း သီဆိုကုန်၏၊ စမွယ်သော မိန်းမ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ စမွယ်သော မိန်းမ၏ အလိုက်လည်း စမွယ်ကုန်၏။

ရှစ်ကွက်ကျားကိုလည်း ကစားကုန်၏၊ ဆယ်ကွက်ကျားကိုလည်း ကစားကုန်၏၊ ကောင်းကင်ကျားကိုလည်း ကစားကုန်၏၊ ဖိုးလမင်းကျားကိုလည်း ကစားကုန်၏၊ ဇယ်တောက်ခြင်းဖြင့်လည်း ကစားကုန်၏၊ အန်စာဖြင့်လည်း ကစားကုန်၏၊ ကျည်းသားရိုက်ခြင်းဖြင့်လည်း ကစားကုန်၏၊ စုတ်ခတ်ရေးခြင်းဖြင့်လည်း ကစားကုန်၏၊ ဂေါ်လီကစားခြင်းဖြင့်လည်း ကစားကုန်၏၊ ပီပီမှုတ်ခြင်းဖြင့်လည်း ကစားကုန်၏၊ ထွန်ငယ်ဖြင့်လည်း ကစားကုန်၏၊ ကျွမ်းထိုးခြင်းဖြင့်လည်း ကစားကုန်၏၊ စကြာဖြင့်လည်း ကစားကုန်၏၊ ခြင်ခွက်ငယ်ဖြင့်လည်း ကစားကုန်၏၊ ရထားငယ်ဖြင့်လည်း ကစားကုန်၏၊ လေးငယ်ဖြင့်လည်း ကစားကုန်၏၊ အက္ခရာဝှက်ခြင်းဖြင့်လည်း ကစားကုန်၏၊ စိတ်အကြံဖော်ခြင်းဖြင့်လည်း ကစားကုန်၏၊ ကျိုးယောင် ကန်းယောင်ပြု၍လည်း ကစားကုန်၏၊ ဆင်ကြန်အတတ်ကိုလည်း သင်ကုန်၏၊ မြင်းကြန်အတတ်ကိုလည်း သင်ကုန်၏၊ ရထားအတတ်ကိုလည်း သင်ကုန်၏၊ လေးအတတ်ကိုလည်း သင်ကုန်၏၊ သန်လျက်အတတ်ကိုလည်း သင်ကုန်၏၊ ဆင်၏ရှေ့မှလည်း ပြေးကုန်၏၊ မြင်း၏ရှေ့မှလည်း ပြေးကုန်၏၊ ရထား၏ရှေ့မှလည်း ပြေးလွှားလမ်းသလားကုန်၏၊ လေလည်း ချွန်ကုန်၏၊ လက်ပန်းပေါက်လည်း ခတ်ကုန်၏၊ လက်ပန်းလည်း လုံးကုန်၏၊ လက်ဝှေ့လည်း သတ်ကုန်၏။

ကပွဲအလယ်၌လည်း ဒုကုဋ်ကို ဖြန့်ခင်း၍ ကခြေသည်မကို "နှမ ဤနေရာ၌ ကလော့"ဟု ဆိုကုန်၏၊ ကောင်းစွ ကောင်းစွ ငါနှမ ဟု ကောင်းချီးလည်း ပေးကုန်၏၊ 'နဖူးတင်ထား လက်ချောင်းများကိုလည်း ပေးကုန်၏'။ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ အမျိုးမျိုးသော အကျင့်ဆိုးကို မကျင့်အပ်၊ ကျင့်သော ရဟန်းကို တရားအားလျော်စွာ ပြုလုပ် (ကျင့်ဆောင်)စေရမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်ဥရုဝေလကဿပသည် ရဟန်းပြုသော် သံဃာအား များစွာသော သင်္ကြေးဘဏ္ဍာသည်ရှင်း သစ်သားဘဏ္ဍာသည်ရှင်း မြေဘဏ္ဍာသည်ရှင်း ဖြစ်လာ၏၊ ထိုအခါ ထိုရဟန်းတို့အား—

"မြတ်စွာဘုရားသည် သင်္ကြေးဘဏ္ဍာကို ခွင့်ပြုသလော၊ ခွင့်မပြုသလော၊ သစ်သားဘဏ္ဍာကို ခွင့်ပြုသလော၊ ခွင့်မပြုသလော၊ မြေဘဏ္ဍာကို ခွင့်ပြုသလော၊ ခွင့်မပြုသလော" ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

http://www.dhammadownload.com



"ရဟန်းတို့ လက်နက်ကို ချန်ထား၍ သံကြေးဘဏ္ဍာအလုံးစုံကိုင်း အခြေရှိသောညောင်စောင်း အခြေ၌ သားရဲရုပ်တပ်သော ပလ္လင် သစ်သားသပိတ် သစ်သားခြေနင်းကို ချန်ထား၍ သစ်ဘဏ္ဍာ အလုံးစုံ ကိုင်း ကြာချပ်သဏ္ဍာန် ဆူးထနေသော ခြေပွတ် မြေကုဋိကိုင်း ချန်ထား၍ မြေဘဏ္ဍာ အလုံးစုံကိုင်း ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ခုဒ္ဒကဝတ္ထုက္ခန္ဓက ပြီး၏။

---

ထိုခုဒ္ဒကဝတ္ထုက္ခန္ဓက၏ အကျဉ်းချုပ်

သစ်ပင်၌ရင်း တိုင်၌ရင်း နံရံ၌ရင်း ကျားကွက်ဖော်ထားသော ပျဉ်ပြား၌ရင်း ပွတ်တိုက် ကုန်၏၊ သစ်သားလက် ကျောက်မှုန့်ဖြင့်ရင်း ကိုယ်အချင်းချင်းရင်း ပွတ်တိုက်ကုန်၏၊ မကရိုး သွားချေးပွတ်ရင်း ဝဲနာရင်း အိုသောရဟန်းရင်း လက်ဖနောင့်ဖြင့် ချေးပွတ်ခြင်းရင်း။

နားသန်သီးကိုရင်း စလွယ်ကိုရင်း ခါးစည်းကြိုးကိုရင်း လက်ကောက်ကိုရင်း ခြေကျင်းကိုရင်း လက်ကျပ်လက်စွပ်ကိုရင်း မဆောင်ရာ။

ဆံရှည်ထားခြင်းရင်း ဝက်မင်ဘီးရင်း ဘီးရင်း လက်ဘီးရင်း ဖယောင်းနှင့် ရောသော ဆီရင်း ရေနှင့်ရောသော ဆီရင်း ကြေးမုံရေခွက်၌ မျက်နှာရိပ်ကိုကြည့်ခြင်း အနာကို ကြည့်ခြင်းရင်း လိမ်းကျံခြင်း ဆုပ်နယ်ခြင်း နှံသာမှုန့်ချယ်ခြင်းရင်း။

မှန်ကူ အပြောက်အစက်ထိုးခြင်းရင်း၊ လက်သည်း ခြေသည်း ဆိုးခြင်းရင်း နူတ်ခမ်းနီ ပါးနီဆိုးခြင်းရင်း ထိုနှစ်မျိုးကို အနီဆိုးခြင်းရင်း မျက်စိနာရင်း တောင်ထိပ်ပွဲရင်း အသံရှည် ရွတ်ခြင်းရင်း သားမွေးဝတ်လုံရင်း။

သရက်သီး အခြမ်းအစိတ်ရင်း မခြမ်းမစိတ်ရသေးသော အလုံးစုံသရက်သီးရင်း မြွေခဲ သော ရဟန်းရင်း အင်္ဂါဇာတ်ကို ဖြတ်သော ရဟန်းရင်း စန္ဒကူးသားသပိတ်ရင်း သပိတ် အမျိုးမျိုးတို့ရင်း သပိတ်အရင်း 'အောက်ဖက်'ပွန်းခြင်းရင်း ရွှေသပိတ်ခြေရင်း သပိတ်နှီးရင်း လှုပ်ရှားသော သပိတ်နှီးရင်း။

ဆန်းကြယ်သော သပိတ်နှီးရင်း သိုးသောသပိတ်တို့ရင်း အနံ့မကောင်းသော သပိတ်ရင်း သပိတ်ကို နေလှန်းခြင်းရင်း ကွဲသော သပိတ်တို့ရင်း နံရံတွင်း အကျည်၌ ထားခြင်းကိုရင်း နံရံပ အကျည်၌ ထားခြင်းရင်း မြက်အခင်းရင်း ဖျင်ပိုင်းရင်း သပိတ်ဖင်ရင်း ဖျဉ်းအိုးရင်း။

သပိတ်အိတ်ရင်း လွယ်ကြိုးရင်း ချုပ်ချည်ရင်း ငုတ်ရင်း ညောင်စောင်း အင်းပျဉ် ရင်ခွင် ထီး၌ ထားခြင်းရင်း တံခါးတွန်းခြင်းရင်း။

ဘူးတောင်းပုံရင်း အိုးပုံရင်း ဦးခေါင်းခွံရင်း စားဖတ်ရင်း လက်ဆေးခံရင်း ဆုတ်ဖြတ်ခြင်းရင်း အရိုးတပ်သော ဓားငယ်ရင်း ရွှေဓားငယ်ရိုးရင်း ကြက်တောင်ဖြင့် ချုပ်ခြင်းရင်း အပ်ဗူးရင်း။

တဆေးရင်း နန္တင်းရောသော ဆန်မှုန့်ရင်း ကျောက်မှုန့်ရင်း ပျားဖယောင်းရင်း ကျောက်မှုန့် အိတ်ရင်း အနားမညီခြင်းရင်း ကားပေါင်ရင်း မညီသောနေရာရင်း မြေရင်း ဆွေးခြင်းရင်း မမှီခြင်းရင်း။

http://www.dhammadownload.com



တိုင်းတာခြင်းရှင်း တမျဉ်းပစ်ခြင်းရှင်း မဆေးသောခြေ စိုသောခြေရှင်း ဘိနပ်ရှင်း လက်ချောင်းရှင်း လက်ခု လက်ခံရှင်း အိတ်ရှင်း လွယ်အိတ်ကြိုးရှင်း။

လွင်တီးခေါင်ရှင်း နိမ့်သောမြေရှင်း ဖို့မြေရှင်း ပင်ပန်းခြင်းရှင်း မြက်မှုန့်ကျခြင်းရှင်း အတွင်းအပြင် လိမ်းကျံခြင်းရှင်း။

ဖြူသောအဆင်းရှင်း မည်းသောအဆင်းရှင်း ဂွေ့နိချယ်ခြင်းရှင်း ခြူးပန်းချယ်ခြင်းရှင်း နွယ်ပန်းချယ်ခြင်းရှင်း မကရ်းသွားဖော်ခြင်းရှင်း သက်တင်ရေးခြင်းရှင်း။

သကၤန်းတန်း ဝါးကိုရှင်း သကၤန်းတန်း ကြိုးကြိမ်ကိုရှင်း မြတ်စွာဘုရား ခွင့်ပြု၏၊ စွန့်၍ ဖယ်သွားခြင်းရှင်း ကားပေါင် ပျက်စီးခြင်းရှင်း။

ဖြေခြင်းရှင်း နံရံရှင်း သပိတ်ဖြင့် ယူထားခြင်းရှင်း ဆေးအိတ်ရှင်း ချုပ်ချည်ရှင်း ဘိနပ်တို့ကို ချည်ခြင်းရှင်း။

လမ်းခရီး၌ မအပ်သောရေရှင်း ရေစစ်ပုဝါရှင်း ဓမ္မကရိဏ်ရှင်း ရဟန်း နှစ်ပါးတို့ရှင်း မြတ်စွာ ဘုရားသည် ဝေသာလီပြည်သို့ ကြွတော်မူခြင်းရှင်း။

ရေနှစ် ရေစစ်ရှင်း ထိုဝေသာလီပြည်၌ ရေစစ်ကို ခွင့်ပြုတော်မူခြင်းရှင်း မှက်ခြင်းရှင်း မွန်မြတ် သော ဘောဇဉ်ရှင်း အနာများသော ရဟန်းရှင်း ဇီဝကရှင်း။

စင်္ကြံ စရုံးအိမ်ရှင်း မညီသော နေရာရှင်း နိမ့်သော မြေရှင်း စီခင်းခြင်း သုံးမျိုးရှင်း ပင်ပန်း ခြင်းရှင်း လှေကားလက်တန်းရှင်း။ လွင်တီးခေါင်ရှင်း မြက်မှုန့်ရှင်း အတွင်းအပ လိမ်းကျံခြင်း ရှင်း ဖြူသောအဆင်းရှင်း မည်းသောအဆင်းရှင်း ဂွေ့နိချယ်ခြင်းရှင်း။

ခြူးပန်းချယ်ခြင်းရှင်း နွယ်ပန်းချယ်ခြင်းရှင်း မကရ်းသွားဖော်ခြင်းရှင်း သက်တင်ရေးရှင်း သကၤန်းတန်းဝါးရှင်း သကၤန်းတန်းကြိုးကြိမ်ရှင်း မြင့်သောမြေရှင်း ဖို့မြေရှင်း ပြုရာ၏။

လှေကားလက်တန်းရှင်း တံခါးရွက်ရှင်း တံခါးပေါင်ဆုံငယ် အထက်ကွင်းရှင်း မင်းတုပ် လျှိုတိုင်ရှင်း မျောက်လက်ရှင်း။

မင်းတုပ်ငယ်ရှင်း မင်းတုပ်ကြီးရှင်း သံကောက်ပေါက်ရှင်း ဆွဲပေါက်ရှင်း ဆွဲကြိုးရှင်း နိမ့်သောနေရာရှင်း မီးခိုးပေါက်ရှင်း အလယ်၌ မီးဖိုခြင်းရှင်း မျက်နှာလိမ်း မြေညက်ရှင်း။

မကောင်းသောအနံ့ရှင်း မီးလောင်ခြင်းရှင်း ရေစစ်ခြင်းရှင်း ရေခွက်ရှင်း အမိုးရှင်း ဗွက်ပေါက်ခြင်းရှင်း ရေဆေးခြင်းရှင်း ရေထုတ်မြွန်ကို တပ်ဆင်ရာ၏။

ခုံငယ်ရှင်း တံခါးမုခ်ရှင်း ပါကာရာဒိကမ္မန္တအနုညာတသတ္တကရှင်း ကျောက်စရစ်ရှင်း ကျောက်ပြားရှင်း ရေထုတ်မြွန်ရှင်း အဝတ်မဆည်းသော ရဟန်းရှင်း မြေရှင်း မိုးရွာခြင်းရှင်း ထိုရေချိုးရာ၌ ဖုံးလွှမ်းခြင်း သုံး မျိုးရှင်း။

ရေတွင်းရှင်း ပြိုကျခြင်းရှင်း နိမ့်သောမြေရှင်း နွယ်ကြိုးရှင်း ခါးပန်းကြိုးကြိုးရှင်း မောင်းလက် ရှင်း စက်သီးရှင်း ရေစုတ်စက်ရှင်း အိုးများစွာ ကွဲခြင်းရှင်း။

သံရေပုံး သစ်သားရေပုံး သားရေနွယ်ရေပုံးရှင်း ရေတွင်းစရပ်ရှင်း မြက်မှုန့်ကျခြင်းရှင်း အပိဘ်အဖုံးရှင်း ရေချိုးကန်ရှင်း ပျဉ်အခင်းရှင်း တံတိုင်းရှင်း ဗွက်ပေါက်ခြင်းရှင်း ရေထုတ် မြွန်ရှင်း။

http://www.dhammadownload.com



အအေးနှိပ်စက်ခြင်းငှါ ရေကန်ငှါ ရေဟောင်းခြင်းငှါ စကြောခြင်ပိတ်တပ်သော စရုံးအိမ်ငှါ လေးလငှါ အိပ်ခြင်းငှါ မရက်သော သိုးမွေးအခင်းငှါ အဓိဋ္ဌာန်မတင်ခြင်းငှါ။

အုတ်ငှါ လိုတံသပိတ်ခြေငှါ တခွက်ထည်းစားခြင်းငှါ တညောင်စောင်းထည်း အိပ်ခြင်းငှါ ဝစုလိစ္စဝိမင်းသားငှါ ဗောဓိမင်းသားငှါ နင်းခြင်းငှါ ရေချိုးအိုးငှါ ခြေပွတ်ငှါ တံမြက်စည်းငှါ။

ကျောက်စရစ် အိုးခြမ်းငှါ ပင်လယ်ရေမြှုပ်ငှါ ခြေပွတ်ငှါ လေးထောင့်ယပ်ငှါ ထန်းရွက်ယပ်ငှါ ခြင်နှင် ယပ်ငှါ စာမရီသားမြီးယပ်ငှါ။

ထီးငှါ ထီးကို ကြဉ်ခြင်းငှါ အရုံငှါ ဆိုင်းနှင့်တကွ သမုတ်ခြင်း သုံးမျိုးငှါ ငြုပ်မြန်သော ရဟန်းငှါ ဆွမ်းလုံးကျဲခြင်းငှါ လက်သည်းရှည်ခြင်းငှါ ဖြတ်ခြင်းငှါ လက်ချောင်းနာခြင်းငှါ။

သွေးထွက်ခြင်းငှါ အသားနှင့်အညီ ဖြတ်ခြင်းငှါ နှစ်ဆယ်သော လက်သည်း ခြေသည်း ပွတ်ပြင်ခြင်းငှါ ဆံရှည်ခြင်းငှါ သင်ဓုန်းကျောက်ငှါ သင်ဓုန်းအိမ်ငှါ လက်ခု လက်ခံငှါ သင်ဓုန်း အဆောက်အဦငှါ။

မုတ်ဆိတ်ရိတ်ခြင်းငှါ မုတ်ဆိတ်ရှည်ထားခြင်းငှါ ဆိတ်မုတ်ဆိတ်ထားခြင်းငှါ လေးထောင့် မုတ်ဆိတ်ထားခြင်းငှါ ရင်မွေးရိတ်ခြင်းငှါ ရင်မွေးနှစ်ခု ခွဲထားခြင်းငှါ ကျင်စွယ်ထားခြင်းငှါ ကျဉ်းမြောင်းရာ၌ အမွေးရိတ်ခြင်းငှါ။

အနာကြောင့် ညှပ်ပြုခြင်းငှါ ကပ်ကျေးငှါ အနာငှါ နှာခေါင်းမွေးရှည်ငှါ ကျောက်စရစ်ဖြင့် နုတ်ခြင်းငှါ ဆံဖြူငှါ နားဖာချေး ပိတ်ခြင်းငှါ နားကော်အမျိုးမျိုးငှါ ကြေးသံ အဆောက်အဦငှါ အစုနိစတုက္ကငှါ။

ဒုကုဋ်ဖွဲ့ခြင်းငှါ အာယောဂပတ်ဖွဲ့ခြင်းငှါ ချပ်ငှါ ဝါးတံ ရက်ကန်း ဘဏ္ဍာအမျိုးမျိုးငှါ ကိုးမြင်များသော ခါးပန်းငှါ ရေမြွေဦးခေါင်းသဏ္ဌာန်ခါးပန်းငှါ မုရိုးစည်သဏ္ဌာန် ခါးပန်းငှါ စလွယ်သဏ္ဌာန်ခါးပန်းငှါ။

ခါးပန်းပြားငှါ ဝက်အူသဏ္ဌာန်ခါးပန်းငှါ မုရိုးစည်သဏ္ဌာန် စလွယ် သဏ္ဌာန် အမြိတ် အဆာငှါ အမြိတ်အဆာစွန်းငှါ အနားလိပ်၍ ချုပ်ခြင်းငှါ ဖွတ်မြီးထိုးခြင်းငှါ သကၤန်းစွန်းဆွဲခြင်းငှါ

ကမ္ဘာ်သီးငှါ ကမ္ဘာ်သီး အမျိုးမျိုးငှါ ကမ္ဘာ်သီးအိမ်ငှါ အစွန်း၌တပ်ခြင်းငှါ လျော့၍ တပ်ခြင်းငှါ လူတို့ကဲ့သို့ ဝတ်ခြင်းငှါ ဆင်နှာမောင်းချ၍ ဝတ်ခြင်းငှါ ငါးမြီးချ၍ ဝတ်ခြင်းငှါ လေးထောင့်ချ၍ ဝတ်ခြင်းငှါ။

ထန်းရွက် ယပ်ဝန်းကဲ့သို့ ချ၍ ဝတ်ခြင်းငှါ အတွန့်အကြောင်းပေါ်အောင် ဝတ်ခြင်းငှါ လူတို့ကဲ့သို့ ခြုံရုံခြင်းငှါ ခါးတောင်းကြိုက်ခြင်းငှါ နှစ်ဖက်ဝန် ထမ်းပိုးကို ထမ်းခြင်းငှါ တံပူငှါ တံပူဖြင့် ရိုက်ခြင်းငှါ။

လည်ပင်း၌ ကပ်ငြိခြင်းငှာ တောမီးရှို့ခြင်းငှာ မီးကြိုလုပ်ခြင်းငှာ သစ်ပင်တက်ခြင်း ဆင်လိုက်ခြင်းငှာ ယမေဠုကစ္ဆာသား ရဟန်းညီနောင်နှစ်ပါးငှာ လောကာယတကျမ်းကို သင်ခြင်းငှာ ပို့ချခြင်းငှာ။

တိရစ္ဆာနကထာကို သင်ခြင်း ပို့ချခြင်းငှာ ချေဆတ်တော်မူခြင်းငှာ မင်္ဂလာကို အလိုရှိခြင်းငှာ ကြက်သွန်ဖြူကို ခဲခြင်းငှာ လေနာငှာ အရံပျက်စီးခြင်းငှာ အနံ့မကောင်းခြင်းငှာ ကျင်ငယ်စွန့်ရာ၌ ဆင်းရဲခြင်း ခြေနင်းခုံငှာ။

ရှက်၍ အကာအဆီးလုပ်ခြင်းငှာ အပိတ်မရှိခြင်းငှာ အနံ့မကောင်းခြင်းငှာ ထိုထိုနေရာ၌ ကျင်ကြီးစွန့်ခြင်းငှာ အနံ့မကောင်းခြင်းငှာ ကျင်ကြီးတွင်း နုတ်ခမ်းပြိုကျခြင်းငှာ မြင့်သောမြေငှာ အခင်းစီခြင်း သုံးမျိုးငှာ။

လေ့ကားငှာ လက်ကိုင်တန်းငှာ အစွန်အဖျားနေခြင်းငှာ (ကျင်ကြီးစွန့်ရာ၌) ဆင်းရဲခြင်းငှာ ခြေနင်းခုံငှာ အပ၌ ကျင်ငယ်စွန့်ခြင်းငှာ ကျင်ငယ်တံလျှောက်ငှာ ကနုတ်ငှာ ခြင်းဟောင်းငှာ မပိတ်ခြင်းငှာ။

ကျင်ကြီးအိမ်ငှာ တံခါးရွက်ငှာ တံခါးပေါင်ငှာ ဆုံငယ်အထက်ကွင်းငှာ မင်းတုပ်လျှိုတိုင်ငှာ မျောက်လက်ငှာ။

မင်းတုပ်ငယ် မင်းတုပ်ကြီး သံကောက်ပေါက်ငှာ ဆွဲပေါက်ငှာ ဆွဲကြိုးအတွင်းအပလိမ်းကျံခြင်းငှာ ဖြူသော အဆင်းငှာ မည်းသော အဆင်းငှာ။

ခြုံးပန်းချယ်ခြင်းငှာ နွယ်ပန်းချယ်ခြင်းငှာ မကရ်းသွားငှာ သက်တင်ရေးငှာ သင်္ကန်းတန်းဝါးကြိုး ကြိမ်ငှာ အိုရ၍ အားနည်းသောရဟန်း အကာအရံငှာ။

တံခါးမုခ်ငှာ နည်းတူ (ကဝါဋ္ဌာဒိပဥ္စပဋိကပရိယန္တ ဟုသော အနုညာတဒုက)ငှာ ကျောက်စရစ်ငှာ ကျောက်ပြားငှာ ရေဝပ်ခြင်းငှာ ရေထုတ်မြောင်းငှာ သန့်သက်ရေအိုးငှာ သန့်သက်ရေခွက်ငှာ။

သန့်သက်ရေသုံးရာ၌ ဆင်းရဲခြင်းငှာ ရှက်ခြင်းငှာ အပိတ်အဖုံးငှာ မကျင့်အပ်သော အကျင့်ကို ကျင့်ခြင်းငှာ လက်နက်ကို ချန်ထား၍ ကြေးသံဘဏ္ဍာကို ခွင့်ပြုတော်မူခြင်း။

အခြေရှည်သော ညောင်စောင်းကိုငှာ အခြေ၌ သားရဲရုပ်တပ်သော ပလ္လင်ကိုငှာ သစ်သား အပိတ်ကိုငှာ သစ်သားခြေနင်းကို ချန်ထား၍ သစ်ဘဏ္ဍာ အလုံးစုံကို မြတ်စွာဘုရားသည် ခွင့်ပြုတော်မူ၏။

ခြေပွတ်ကိုငှာ မြေကုဋ္ဌိကိုငှာ ချန်ထား၍ မြေဘဏ္ဍာအလုံးစုံကို သနားတော်မူသော မြတ်စွာဘုရားသည် ခွင့်ပြုတော်မူ၏။

အကြင်ဝတ္ထု၏ အကျယ်သည် ရှေ့ဝတ္ထုနှင့်တူမူ ထိုဝတ္ထုကို ဥဒါန်း၌ ချုံး၏၊ ထိုချုံးခြင်းကို ရှေ့ဝတ္ထုနည်းအတိုင်း သိရာ၏။

ဝိမြန် ၄-၂၀

http://www.dhammadownload.com



ဤသို့ ခုဒ္ဒကဝတ္ထုဝိနည်း၌ ဝတ္ထုတို့သည် တရာ့တဆယ်တို့တည်း၊ သူတော်ကောင်းတရားကို တည်မြဲစေတတ်သော သီလချစ်သူတို့ကို ချီးမြှောက်တတ်သော ဝိနည်းမိုရ် ပညာရှိသည် ကောင်းစွာ သင်ယူတော်မူတတ်၏၊ အစီးအပွါးကို လိုလားသော စိတ်ရှိတော်မူ၏၊ သီလကို ချစ်တော်မူ၏၊ ပညာ ဆီမီးကို ပြုတော်မူတတ်၏၊ ပူဇော်ထိုက်၏၊ အကြားအမြင် များတော်မူ၏။

ခုဒ္ဒကဝတ္ထုက္ခန္ဓက အကျဉ်းချုပ် ပြီး၏။

**ခုဒ္ဒကဝတ္ထုက္ခန္ဓက ပြီးပြီ။**

http://www.dhammadownload.com



# ၆-သေနာသနက္ခန္ဓက

## ၁-ပဌမအခန်း

### ကျောင်းကို ခွင့်ပြုတော်မူခြင်း

၂၉၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အားအစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား ကျောင်းကို ပညတ်တော်မမူရသေး။

ရဟန်းတို့သည်လည်း တောသစ်ပင်ရင်း တောင်ချောက် တောင်ခေါင်း သင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံ ဟူသော ထိုထိုအရပ်၌ နေကြကုန်၏၊ ထိုရဟန်းတို့သည် နံနက်စောစောကပင် လျှင် ထိုထိုနေထိုင်ရာအရပ်တို့မှ ကြည်ညိုဖွယ်ရှိသော ရှေ့သို့တက်ခြင်းနောက်သို့ဆုတ်ခြင်း တူရူကြည့် ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်းဖြင့် မျက်လွှာချလျက် ဣရိယာပုထ်နှင့် ပြည့်စုံစွာ ထွက် လာကြကုန်၏။

ထိုအခါ နံနက်စောစောကပင် ဥယျာဉ်သို့ သွားသော ရာဇဂြိုဟ်သူဌေးသည် တောသစ်ပင် ရင်း တောင်ချောက် တောင်ခေါင်း သင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံ ဟူသော ထိုထိုအရပ် တို့မှ ကြည်ညိုဖွယ် ရှိသော ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်းဖြင့် မျက်လွှာချလျက် ဣရိယာပုထ်နှင့် ပြည့်စုံစွာ နံနက်စောစောကပင် ထွက်လာ သော ရဟန်းတို့ကို မြင်၍ ရာဇဂြိုဟ်သူဌေး၏ စိတ်သည် ကြည်လင်၏။ ထိုအခါ ရာဇဂြိုဟ်သူဌေးသည် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်၍ ထိုရဟန်းတို့အား—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် ကျောင်းတို့ကို အကယ်၍ ဆောက်လုပ်စေမူ အကျွန်ုပ်၏ ကျောင်းတို့၌ နေကုန်အံ့လော" ဟု လျှောက်၏။

ဒါယကာ မြတ်စွာဘုရားသည် ကျောင်းတို့ကို ခွင့်ပြုတော်မမူရသေး ဟု (ဆိုကြကုန်၏)။

အသျှင်ဘုရားတို့ သို့ဖြစ်လျှင် မြတ်စွာဘုရားကို မေးလျှောက်၍ အကျွန်ုပ်အား ပြောကြပါ ဟု (လျှောက်၏)။

"ဒါယကာ ကောင်းပြီ" ဟု ထိုရဟန်းတို့သည် ရာဇဂြိုဟ်သူဌေးအားဝန်ခံပြီးလျှင် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ကုန်လျက် "အသျှင်ဘုရား ရာဇဂြိုဟ်သူဌေး သည် ကျောင်းတို့ကို ဆောက်စေလိုပါ၏၊ အဘယ်သို့ ပြုရပါမည်နည်း အသျှင်ဘုရား" ဟု(လျှောက်ကြ ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ နှစ်ဖက်မိုးကျောင်းကိုရင်း တဖက်မိုးကျောင်းကိုရင်း ပြာသာဒ်ရှည်ကိုရင်း ပြာသာဒ်ဦးပြည်းကိုရင်း ဂူကိုရင်း ဤ (ငါး)ပါးသော နေရာကျောင်းတို့ကို ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့သည် ရာဇဂြိုဟ်သူဌေးထံသို့ ချဉ်းကပ်၍ ရာဇဂြိုဟ်သူဌေးအား "ဒါယကာ မြတ်စွာဘုရားသည် ကျောင်းတို့ကို ခွင့်ပြုတော်မူပါပြီ၊ ယခု ကျောင်းဆောက်ရန် အခါကို သိလော့" ဟု ပြောဆိုကုန်၏။

ထိုအခါ ရာဇဂြိုဟ်သူဌေးသည် တရက်ထည်းဖြင့်ပင် ခြောက်ဆယ်သော ကျောင်းတို့ကို တည်စေ၏။ ထို့နောက် ရာဇဂြိုဟ်သူဌေးသည် ထိုကျောင်းခြောက်ဆယ်ကို ပြီးစေ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက်—

"အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖြန်အတွက် အကျွန်ုပ်၏ ဆွမ်းကို ရဟန်းသံဃာနှင့် အတူ လက်ခံတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထိုအခါ ရာဇဂြိုဟ်သူဌေးသည် မြတ်စွာဘုရားလက်ခံတော်မူခြင်းကို သိ၍ နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထိုအခါ ရာဇဂြိုဟ်သူဌေးသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိနေအိမ်၌ မွန်မြတ်သော ခဲဖွယ် ဘောဇဉ် ကို စီမံစေပြီးလျှင် "အသျှင်ဘုရား အချိန်တန်ပါပြီ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားအား အချိန် (ဟန်ကြောင်း)ကို လျှောက်စေ၏။

ထို့နောက် မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် ရာဇဂြိုဟ်သူဌေးအိမ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့် အတူ ထိုင်နေတော်မူ၏၊ ထိုအခါ ရာဇဂြိုဟ်သူဌေးသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ ရာဇဂြိုဟ်သူဌေး သည် တခုသော နေရာ၌ ထိုင်လျက်—

"အသျှင်ဘုရား အကျွန်ုပ်သည် ကောင်းမှုကို လိုသောကြောင့်ရင်း နတ်ပြည်ကို လိုသော ကြောင့်ရင်း ဤခြောက်ဆယ်သော ကျောင်းတို့ကို ဆောက်စေအပ်ပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ထိုကျောင်းတို့၌ အဘယ်သို့ ပြုကျင့်ရပါမည်နည်း" ဟု မြတ်စွာဘုရားအား လျှောက်၏။

ဒါယကာ သို့ဖြစ်လျှင် သင်သည် ထိုကျောင်းခြောက်ဆယ်တို့ကို လာပြီး လာလတ္တံ့သော အရပ် လေးမျက်နှာ၌ ရှိသော သံဃာအား လှူလော့ ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ရာဇဂြိုဟ်သူဌေးသည် မြတ်စွာဘုရားအား ဝန်ခံပြီးနောက် ထိုကျောင်းခြောက်ဆယ်တို့ကို လာပြီး လာလတ္တံ့သော အရပ်လေးမျက်နှာ၌ ရှိသော သံဃာအား လှူ၏။

၂၉၅။ ထို့နောက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်သူဌေးကို ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏။

"(ကျောင်းသည်) အအေးကိုရင်း အပူကိုရင်း ထိုမှတပါး သားရဲတို့ကိုရင်း မြွေကင်းသန်း တို့ကိုရင်း ခြင်တို့ကိုရင်း လေအေးတို့ကိုရင်း မိုးပေါက်တို့ကိုရင်း ပယ်ဖျောက်နိုင်၏။

http://www.dhammadownload.com



ထိုပြင် ဖြစ်လာသော ပြင်းသောလေ ပြင်းသောအပူကိုလည်း ပယ်ဖျောက်နိုင်၏၊ ကိန်းအောင်းခြင်းငှါလည်း ချမ်းသာခြင်းငှါလည်း စျာန်ဝင်စားခြင်းငှါလည်း ဝိပဿနာရှုခြင်းငှါလည်း သံဃာအား ကျောင်းလှူရခြင်းကို မြတ်၏ ဟု မြတ်စွာဘုရား ချီးမွမ်းတော်မူ၏။

ထို့ကြောင့် မိမိ၏ အကျိုးကို မြင်သော ပညာရှိသူသည် မွေ့လျော်ဖွယ်ကျောင်းတို့ကို ဆောက်လုပ်စေရာ၏၊ ဤကျောင်းတို့၌ အကြားအမြင်များသော ရဟန်းတို့ကို နေစေရာ၏၊ ထိုဖြောင့်မတ်သော ရဟန်းတို့အား လျော်သော စားဖွယ်ကိုလည်း သောက်ဖွယ်ကိုလည်း သင်္ကန်း အိပ်ရာ နေရာတို့ကိုလည်း ကြည်ညိုသော စိတ်ဖြင့် လှူရာ၏။

ထိုရဟန်းတို့သည် ထိုကျောင်းဒါယကာအား ဆင်းရဲအလုံးစုံကို ပယ်ဖျောက်တတ်သော တရားကို ဟောကုန်၏၊ ဤသာသနာတော်၌ ထိုကျောင်းဒါယကာသည် ထိုတရားကိုသိ၍ အာသဝေါတရားမရှိမူ၍ ငြိမ်းအေးရလေ၏” ဟု (အနုမောဒနာ ပြုတော်မူ၏)။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်သူဌေးကို ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူပြီးနောက် နေရာမှ ထကာ ဖဲကြွတော်မူ၏။

၂၉၆။ “မြတ်စွာဘုရားသည် ကျောင်းတို့ကို ခွင့်ပြုတော်မူသတတ်” ဟု ကြားသဖြင့် လူတို့သည် ကျောင်းတို့ကို ကောင်းမွန်စွာ ဆောက်လုပ်စေကုန်၏။ ထိုကျောင်းတို့သည် တံခါးရွက်မရှိကြသဖြင့် မြွေ ကင်းမြီးကောက် ကင်းခြေများတို့သည် ဝင်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တံခါးရွက်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

နံရံ၌ အပေါက်ပြုလုပ်၍ နွယ်ဖြင့်လည်း ကြိုးဖြင့်လည်း တံခါးရွက်ကို ချည်သဖြင့် ကြွက်တို့သည်လည်း ခြတို့သည်လည်း ချည်ထားသော ကြိုးတို့ကို ကိုက်သောကြောင့် တံခါးရွက်တို့သည် ပြုတ်ကျကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တံခါးပေါင်ကိုလည်း ဆုံယ်ကိုလည်း အထက်ကွင်းကိုလည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တံခါးရွက်တို့သည် မစေ့စပ်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆွဲငင်စရာ အပေါက်ကိုလည်း ဆွဲငင်စရာ ကြိုးကိုလည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တံခါးရွက်တို့ကို မပိတ်နိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မင်းတုပ်လျှိုတိုင်ကိုလည်း မျောက်လက်ကိုလည်း မင်းတုပ်ငယ်ကိုလည်း မင်းတုပ်ကြီးကိုလည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် တံခါးရွက်ကို မဖွင့်နိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကြေးသံကောက် သစ်သားသံကောက် သားချိုသံကောက် ဟူသော သံကောက်သုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ယင်းသံကောက်တို့ဖြင့် ထိုတံခါးရွက်တို့ကို ဖွင့်၍ ဝင်ရကုန်၏။

ကျောင်းတို့သည် မလုံခြုံကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ (ယန္တရားဖွင့်)ကျည်ရှင် ကျည်ငယ်တို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ကျောင်းတို့ကို မြက်ဖြင့် မိုးထားသောကြောင့် ချမ်းအေးသော ကာလ၌ ချမ်းအေးကုန်၏၊ ပူအိုက်သော ကာလ၌ ပူအိုက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ကျောင်းတို့သည် လေသာပြူတင်း မရှိသဖြင့် မျက်စိတို့ကို မကြည်လင်စေကုန်၊ အနံ့ မကောင်းကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပွတ်ဝိုင် လေသာပြူတင်း ကွန်ရက်လေသာပြူကင်း ဝါးခြမ်းလေသာပြူတင်း ဟူသော လေသာပြူတင်း သုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

လေသာပြူတင်းကြားဖြင့် ရှဉ့်တို့သည်၎င်း လင်းနို့တို့သည်၎င်း ဝင်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လေသာပြူတင်းကို ခြေသုတ်ပုဆိုးဖြင့် ချည်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ခြေသုတ်ပုဆိုးကြားဖြင့်လည်း ရှဉ့်တို့သည်၎င်း လင်းနို့တို့သည်၎င်း ဝင်ကုန်၏။ မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လေသာပြူတင်း တံခါးရွက်ကို၎င်း လေသာ ပြူတင်းနှင့် အမျှပြုထားသော ဘုံလျှိုကို၎င်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် မြေ၌အိပ်သဖြင့် ကိုယ်နှင့် သင်္ကန်းတို့သည် မြေမှုန့် အလိမ်းလိမ်း ဖြစ်ကုန် ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မြက်အခင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မြက်အခင်းကို ကြွက်တို့သည်၎င်း ခြတို့သည်၎င်း ကိုက်ခဲကုန်၏။ ရဟန်းတို့ မြေသရွတ်လိမ်းကျံ ခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ မြေသရွတ်လိမ်းကျံခြင်းကြောင့် ကိုယ်တို့သည် နာကျင်ကုန်၏။ ရဟန်းတို့ ကြိမ်ခက်သော ညောင်စောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ညောင်စောင်းအင်းပျဉ် စသည်ကို ခွင့်ပြုတော်မူခြင်း

၂၉၇။ ထိုအခါ သံဃာအား သုသာန်မှ ရသော အခြေ၌ အပေါင်တပ်သော ညောင်စောင်း သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အခြေ၌ အပေါင်တပ်သော ညောင်စောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အခြေ၌ အပေါင်တပ်သော အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်း ကို လျှောက်ကြကုန်၏။ ရဟန်းတို့ အခြေ၌ အပေါင်တပ်သော အင်းပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော် မူ၏)။

ထိုအခါ သံဃာအား သုသာန်မှ ရသော အပေါင်နှင့် အခြေတစပ်ထည်းတည်သော ညောင် စောင်းသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ရဟန်းတို့ အပေါင်နှင့် အခြေတစပ်ထည်းတည်သော ညောင်စောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။အပေါင်နှင့် အခြေတစပ်ထည်း တည်သော အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ ရဟန်းတို့ အပေါင်နှင့် အခြေတစပ် ထည်း တည်သော အင်းပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား သုသာန်မှ ရသော ပုဇွန်ခြေသဏ္ဌာန် ခြေရှိသော ညောင်စောင်းသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပုဇွန်ခြေ သဏ္ဌာန်ခြေရှိသော ညောင်စောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ သုသာန်မှ ရသော ပုဏ္ဍန်ခြေသဏ္ဌာန်ရှိသော အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ပုဏ္ဍန်ခြေသဏ္ဌာန် ခြေရှိသောအင်းပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား သုသာန်မှ ရသော အပေါင်၌ အခြေတပ်သော ညောင်စောင်းသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အပေါင်၌ အခြေတပ်သော ညောင်စောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အပေါင်၌ အခြေတပ်သော အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အပေါင်၌ အခြေတပ်သော အင်းပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား လေးထောင့် အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လေးထောင့် အင်းပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မြင့်သော လေးထောင့် အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မြင့်သော လေးထောင့် အင်းပျဉ်ကိုလည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အင်္ဂါခုနစ်ပါးရှိသော ညောင်စောင်းသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အင်္ဂါခုနစ်ပါးရှိသော ညောင်စောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အင်္ဂါခုနစ်ပါးရှိသော မြင့်သော ညောင်စောင်းသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အင်္ဂါခုနစ်ပါးရှိသော မြင့်သော ညောင်စောင်းကိုလည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ကြိမ်ခက်သော အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကြိမ်ခက်သော အင်းပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပုဆိုးကြမ်းဖြင့် ဖွဲ့အပ်သော အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပုဆိုးကြမ်းဖြင့် ဖွဲ့အပ်သော အင်းပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ဆိတ်ခြေကဲ့သို့ ကောက်သော အခြေရှိသော အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆိတ်ခြေကဲ့သို့ ကောက်သော အခြေရှိသော အင်းပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ရှစ်သျှားသီး သဏ္ဌာန် အခြေများသော အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရှစ်သျှားသီး သဏ္ဌာန် အခြေများသော အင်းပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ပျဉ်ချပ်သည် ဖြစ်ပေါ်လာ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပျဉ်ချပ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကပ်အခင်းသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကပ်အခင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ကောက်ရိုး အင်းပျဉ်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကောက်ရိုးအင်းပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြင့်သော ညောင်စောင်း၌ အိပ်ကုန်၏၊ ကျောင်းစဉ် လှည့်လည်သော လူတို့သည် မြင်၍ "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မြင့်သော ညောင်စောင်း၌ မအိပ်အပ်၊ အိပ်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် နိမ့်သော ညောင်စောင်း၌ အိပ်လတ်သော် မြွေကိုက်ခံရ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ညောင်စောင်းခြေအခုကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြင့်သော ညောင်စောင်း ခြေအခုတို့ကို ဆောင်ကုန်၏၊ ညောင်စောင်း ခြေအခုတို့နှင့် တကွ လှုပ်ကုန်၏၊ ကျောင်းစဉ် လှည့်လည်သော လူတို့သည် မြင်၍ "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မြင့်သော ညောင်စောင်း ခြေအခုတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏၊ ရဟန်းတို့ လက်ရှစ်သစ် အတိုင်း အရှည်ရှိသော ညောင်စောင်း ခြေအခုကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား ချည်မျှင်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ချည်မျှင်ကို ညောင်စောင်း၌ ရစ်ပတ်စိမ့်သောငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ (ညောင်စောင်း၏) အစိတ်အပိုင်းတို့သည် ချည်များစွာကို ကုန်စေ၏။ ရဟန်းတို့ အစိတ်အပိုင်းတို့ကိုထွင်း၍ ရှစ်ကွက်ရေး ရစ်ပတ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ပုဆိုးကြမ်းသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မြေအခင်း ပုဆိုးကြမ်းကို ပြုလုပ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ လဲမွေ့ယာသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဖြေ၍ ခေါင်းအုံးလုပ်ခြင်းငှါ ခွင့်ပြု၏၊ သစ်ပင်လဲ နွယ်လဲ မြက်လဲ ဟူသော လဲသုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ကိုယ်ထက်ဝက် အတိုင်းအရှည်ရှိသော ခေါင်းအုံးတို့ကို ဆောင်ကုန်၏၊ ကျောင်းစဉ် လှည့်လည်သော လူတို့သည် မြင်၍ "ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကိုယ်ထက်ဝက် အတိုင်းအရှည်ရှိသော ခေါင်းအုံးတို့ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ရဟန်းတို့ ဦးခေါင်း အတိုင်းအရှည်ရှိသော ခေါင်းအုံးတို့ကိုပြုလုပ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ တောင်ထိပ်ပွဲသည် ဖြစ်၏၊ လူတို့သည် အမတ်ကြီးများအတွက် သားမွေးအဆာသွတ်မွေ့ရာ ပုဆိုးအဆာသွတ်မွေ့ရာ လျှော်အဆာသွတ်မွေ့ရာ မြက်အဆာသွတ်မွေ့ရာ သစ်ရွက်အဆာသွတ်မွေ့ရာတို့ကို စီရင်ကုန်၏၊ ထိုလူတို့သည် ပွဲပြီးလတ်သော် မွေ့ရာခွံကို ခွါ၍ ဆောင်သွားကုန်၏။

ရဟန်းတို့သည် ပွဲနေရာ၌ စွန့်ပစ်ခဲ့သော များစွာသော သားမွေးအထည်ကြမ်း အထည်ဟောင်း လျှော် မြက် သစ်ရွက်တို့ကို မြင်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ သားမွေးအဆာသွတ်မွေ့ရာ အထည်ကြမ်း အထည်ပဟောင်း အဆာသွတ်မွေ့ရာ လျော်အဆာသွတ်မွေ့ရာ မြက်အဆာသွတ်မွေ့ရာ သစ်ရွက်အဆာသွတ်မွေ့ရာ ဟူသော မွေ့ရာ ငါးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား ကျောင်းအသုံးအဆောင် ပုဆိုးသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မွေ့ရာကို ရစ်ပတ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ညောင်စောင်းခင်း မွေ့ရာကို အင်းပျဉ်၌ ခင်းကုန်၏၊ အင်းပျဉ်ခင်း မွေ့ရာကို ညောင်စောင်း၌ခင်းကုန်၏၊ မွေ့ရာတို့သည်ပျက်စီးကုန်၏။ မြတ်စွာဘုရားအားဤအကြောင်းကို လျှောက်ကြကုန်၏။ရဟန်းတို့ ရစ်ပတ်အပ်သော ညောင်စောင်းကိုလည်း ရစ်ပတ်အပ်သော အင်းပျဉ်ကိုလည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အောက်ခံဖျင်မပါပဲ ခင်းသဖြင့် အောက်ဖက်မှ ကျကုန်၏။ပ။ ရဟန်းတို့ အောက်ခံဖျင် ခင်း၍ မွေ့ရာကို ရစ်ပတ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မွေ့ရာခံ့ကို ခွါ၍ ခိုးယူကုန်၏။ပ။ ရဟန်းတို့ ဆိုးရေဖျန်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ခိုးယူကုန်သည်သာတည်း။ပ။ ရဟန်းတို့ ဆေးရောင်စုံ အရေးအကြောင်း ပြုလုပ်ခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ခိုးယူကုန်သည်သာတည်း။ပ။ ရဟန်းတို့ လက်တချောင်းတည်းဖြင့် အမှတ်အသား လုပ်ခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ခိုးယူကုန်သည်သာတည်း။ပ။ ရဟန်းတို့ လက်ငါးချောင်း ဖြင့် ဆေးရောင်စုံ အရေးအကြောင်း ပြုလုပ်ခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ဆေးဖြူသုတ်ခြင်း စသည်ကို ခွင့်ပြုခြင်း

၂၉၈။ ထိုအခါ တိတ္ထိတို့၏ ကျောင်းတို့သည် ဖြူသောအဆင်းရှိ၍ မြေကို မည်းသောအဆင်းဖြင့် ပြုလုပ်ပြီးလျှင် နံရံကိုကား ဂေ့ရုနီဖြင့် ချယ်ထား၏၊ များစွာသော လူတို့သည် ကျောင်းကြည့်ရှုလိုကုန် ၍ သွားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျောင်းတို့ကို ဆေးဖြူသုတ်ခြင်း ဆေးမည်းသုတ်ခြင်း ဂေ့ရုနီချယ်ခြင်း တို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ကြမ်းသော နံရံ၌ ဖြူသော အဆင်းသည် မစွဲငြိ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဖွဲမြေ သရွတ်လိမ်းကျံ၍ လက်ဖနှောင့်ဖြင့် ပွတ်လျက် ဖြူသော အဆင်း ကို စွဲစေရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဖြူသော အဆင်းသည် မစွဲငြိ။ပ။ မြေနု သရွတ်လိမ်းကျံ ၍ လက်ဖနှောင့်ဖြင့် ပွတ်လျက် ဖြူသော အဆင်းကို စွဲစေရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဖြူသော အဆင်းသည် မစွဲငြိ။ပ။ ရဟန်းတို့ သစ်စေးကိုလည်း ထမင်းရေဖြင့် မွှေနှောက်ခြင်းကို လည်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ကြမ်းသောနံရံ၌ ဂေ့ရုနီသည် မစွဲငြိ၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။ ရဟန်းတို့ ဖွဲမြေသရွတ်လိမ်းကျံ၍ လက်ဖနှောင့်ဖြင့် ပွတ်လျက် ဂေ့ရုနီကို စွဲစေရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဂေ့ရုနီသည် မစွဲငြိ။ပ။ ရဟန်းတို့ ဆန်ကွဲ မြေညက်ကို လိမ်းကျံ၍ လက်ဖနှောင့်ဖြင့် ပွတ်လျက် ဂေ့ရုနီကို စွဲစေရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဂေ့ရုနီသည် မစွဲငြိ။ပ။ ရဟန်းတို့ မုန်ညင်းမှုန့်

http://www.dhammadownload.com



ကိုရင်း ဖယောင်းဆီကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အကွက်အကွက်ပေါ်၏။ပ။ ရဟန်းတို့ အဝတ်ဖြင့် သုတ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ကြမ်းသောမြေ၌ မည်းသောအဆင်းသည် မစွဲငြိ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဖွဲသရွတ် လိမ်းကျံ၍ လက်ဖနှောင့်ဖြင့် ပွတ်လျက် မည်းနက်သော အဆင်းကို စွဲစေရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ မည်းသော အဆင်းသည် မစွဲငြိ။ပ။ ရဟန်းတို့ တီကျစ် မြေသရွတ်လိမ်းကျံ၍ လက်ဖနှောင့်ဖြင့် ပွတ်လျက် မည်းသောအဆင်းကို စွဲစေရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ မည်းသောအဆင်းသည် မစွဲငြိ။ပ။ ရဟန်းတို့ သစ်စေးကိုရင်း ဖန်ရည်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ပန်းချီဆေးရေးရုပ်ကို ပယ်ခြင်း

၂၉၉။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကျောင်း၌ မိန်းမရုပ် ယောကျ်ားရုပ် ဟူသော ဆန်းကြယ်သော ပန်းချီဆေးရေးမှုကို ပြုလုပ်စေကုန်၏။ ကျောင်းစဉ် လှည့်လည်သော လူတို့သည် မြင်၍ "ကာမဂုဏ်ခံစားသူ လူ ဝိုက်ဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ယောကျ်ားရုပ် မိန်းမရုပ် ဟူသော ဆန်းကြယ်သော ပန်းချီဆေးရေးမှုကို မပြုလုပ်စေအပ်၊ ပြုလုပ်စေသော ရဟန်းအား **ဒုက္ကဋ် အာပတ် သင့်၏**။ ရဟန်းတို့ ခြုံးပန်းကိုရင်း နွယ်ပန်းကိုရင်း မကရ်းသွားကိုရင်း သက်တင်ရေးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## အုတ်စီမှု စသည်ကို ခွင့်ပြုခြင်း

၃၀၀။ ထိုအခါ ကျောင်းတို့သည် မြေနိမ့်သဖြင့် ရေလွှမ်းမိုးခံရကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မြေမြင့်အောင်ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုမြေသည် ပြိုကျ၏။ပ။ ရဟန်းတို့ အုတ်စီခြင်း ကျောက်စီခြင်း သစ်သားစီခြင်း ဟူသော စီခြင်း သုံးမျိုးတို့ကို စီခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။ ရဟန်းတို့ အုတ်လှေကား ကျောက်လှေကား သစ်သားလှေကား ဟူသော လှေကားသုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။ ရဟန်းတို့ ဆွဲကိုင်ရာ လက်ဘန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ကျောင်းတို့သည် တပြင်တည်းဖြစ်၍ ရဟန်းတို့သည် အိပ်ရန် ရှက်နိုးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကန့်လန့်ကာကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကန့်လန့်ကာကို မ၍ ကြည့်ကုန်၏။ပ။ ရဟန်းတို့ ထက်ဝက်သော နံရံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထက်ဝက်သော နံရံပေါ်မှ ကြည့်ကုန်၏။ပ။ ရဟန်းတို့ လေးထောင့်ခန်း ခန်းမရှည် အခန်းဦးပြည်း ဟူသော အခန်းသုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ရဟန်းတို့သည် ငယ်သော ကျောင်းအလယ်၌ အခန်းပြုလုပ်ကုန်၏၊ ဥပစာမရှိ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။ ရဟန်းတို့ ငယ်သော ကျောင်းတွင် တခုသော နေရာ၌ အခန်းပြုလုပ်ရန် ကြီးသော ကျောင်းတွင် အလယ်၌ အခန်းပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ကျောင်း၏ နံရံခြေသည် ဆွေး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နံရံခြေ အစားထိုးခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကျောင်းနံရံသည် မိုးစို၏။ပ။ ရဟန်းတို့ မိုးကာကဲလားကိုင်း သုံးမျိုးစပ် မြေသရွတ်ကိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတပါး၏ ပခုံးပေါ်၌ မြက်အမိုးမှ မြွေကျလာသဖြင့် ထိုရဟန်းသည် ကြောက်လန့်၍ အော်ဟစ်၏။ ရဟန်းတို့သည် ပြေးလာကုန်၍ ထိုရဟန်းကို "ငါ့သျှင် သင်သည် အဘယ့်ကြောင့် အော်ဟစ်သနည်း" ဟု မေးကုန်၏။ ထိုအခါ ထိုရဟန်းသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မျက်နှာကြက်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်း ဂိုသည် ညောင်စောင်းခြေ၌ရင်း အင်းပျဉ်ခြေ၌ရင်း အိတ်တို့ကို ဆွဲချိတ်ကုန်၏၊ ကြွက်တို့သည်ရင်း ခြတို့သည်ရင်း ကိုက်ခဲကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နံရံငုတ်ကိုင်း ဆင်စွယ်ကောက်ကိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ညောင်စောင်းပေါ်၌ရင်း အင်းပျဉ်ပေါ်၌ရင်း သင်္ကန်းထားသဖြင့် သင်္ကန်းသည် ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သင်္ကန်းတန်း ဝါးကြိမ်ကိုင်း သင်္ကန်းတန်းကြိုးကိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ကျောင်းတို့သည် ကျောင်းဦး ဆင်ဝင်မရှိသဖြင့် မှီခိုရာ ကျဉ်းမြောင်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျောင်းဦး ဆင်ဝင်ကိုင်း ခွေးကတက်ကိုင်း ကြောင်လည်ခန်းကိုင်း ပြေ့ဆောင် 'အဖီ'ကိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ကျောင်းဦး ဆင်ဝင်တို့သည် အကာမရှိသဖြင့် ရဟန်းတို့သည် အိပ်ရန် ရှက်နိုးကုန်၏။ပ။ ရဟန်းတို့ ဘီးတပ်ကဲလားကိုင်း ထောက်ကဲလားကိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ဆွမ်းစားစရပ်ကို ခွင့်ပြုခြင်း

၃၀၁။ ထိုအခါ ရဟန်းတို့သည် လွင်တီးခေါင်၌ ဆွမ်းစားသဖြင့် အအေးဖြင့်ရင်း အပူဖြင့်ရင်း ပင်ပန်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆွမ်းစားစရပ်ကျောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဆွမ်းစားစရပ်ကျောင်းသည် မြေနိမ့်သဖြင့် ရေလွှမ်းမိုးခံရ၏။ပ။ ရဟန်းတို့ မြေမြင့်အောင် ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဖို့မြေသည် ပြိုကျ၏။ပ။ ရဟန်းတို့ အုတ်အခင်း ကျောက်အခင်း သစ်သားအခင်း ဟူသော အခင်းသုံးမျိုးတို့ကို ခင်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။ ရဟန်းတို့ အုတ်လှေကား ကျောက်လှေကား သစ်သားလှေကား ဟူသော လှေကား သုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။ရဟန်းတို့ ဆွဲကိုင်စရာ လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ဆွမ်းစားကျောင်း၌ မြက်မှုန့်သည် ကျ၏။ပ။ ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်း၄ါရင်း ဖြူသောအဆင်း မည်းသောအဆင်း ဂေရုနီချယ်ခြင်း ပန်းချယ်ခြင်း နွယ်ပန်းချယ်ခြင်း မကာရ်းသွားဖော်ခြင်း သက်တင်ရေးခြင်း သက်န်းတန်းဝါး သက်န်းတန်းကြိမ် သက်န်းတန်းကြိုးကို တပ်ရန်ရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် လှင်တီးခေါင်မြေ၌ သင်္ကန်းကို ဖြန့်ခင်းကုန်၏၊ သင်္ကန်းသည် မြေအလိမ်းလိမ်း ဖြစ်၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လှင်တီးခေါင်၌ သင်္ကန်းတန်း ဝါးကြိမ်ကိုရင်း သင်္ကန်းတန်းကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

သောက်ရေသည် ပူ၏။ပ။ ရဟန်းတို့ သောက်ရေအိုးစင်ကိုရင်း သောက်ရေအိုး ပက္ကုပ်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သောက်ရေအိုးစင်သည် မြေနိမ့်၍ ရေလွှမ်းမိုးခံရ၏။ပ။ ရဟန်းတို့ မြေမြင့်အောင် ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဖို့မြေသည် ပြိုကျ၏။ပ။ ရဟန်းတို့ အုတ်အခင်း ကျောက်အခင်း သစ်သား အခင်း ဟူသော အခင်းသုံးမျိုးတို့ကို ခင်းရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။ ရဟန်းတို့ အုတ်လှေကား ကျောက်လှေကား သစ်သားလှေကား ဟူသော လှေကားသုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။ရဟန်းတို့ ဆွဲကိုင်စရာ လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ သောက်ရေအိုးစင်၌ မြက်မှုန့်သည် ကျ၏။ပ။ ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်း၄ါရင်း ဖြူသောအဆင်း မည်းသောအဆင်း ဂေရုနီချယ်ခြင်း ပန်းချယ်ခြင်း နွယ်ပန်းချယ်ခြင်း မကာရ်းသွားဖော်ခြင်း သက်တင်ရေးခြင်း သင်္ကန်းတန်း ဝါးကြိမ် သင်္ကန်းတန်းကြိုးကိုရင်း ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

သောက်ရေခွက်သည် မရှိ။ပ။ ရဟန်းတို့ ခရုသင်းသောက်ရေခွက်ကိုရင်း ငယ်သော သောက်ရေခွက်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## တံတိုင်းစသည်ကို ခွင့်ပြုခြင်း

၃၀၂။ ထိုအခါ ကျောင်းတို့သည် အရံမရှိကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ရဟန်းတို့ အုတ်တံတိုင်း ကျောက်တံတိုင်း သစ်သားတံတိုင်း ဟူသော တံတိုင်း သုံးမျိုးတို့ကို ကာခြင်း၄ါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တံခါးမုခ်သည် မရှိ။ပ။ ရဟန်းတို့ တံခါးမုခ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တံခါးမုခ်သည် မြေနိမ့်၍ ရေလွှမ်းမိုးခံရ၏။ပ။ ရဟန်းတို့ မြေမြင့်အောင် ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တံခါးမုခ်၌ တံခါးရွက်သည် မရှိ။ပ။ ရဟန်းတို့ တံခါးရွက်ကိုရင်း တံခါးပေါင်ကိုရင်း ဆုံငယ်ကိုရင်း အထက်ဘောင်းကိုရင်း မင်းတုပ်လျှိုတိုင်ကိုရင်း မျောက်လက်ကိုရင်း မင်းတုပ်ငယ်ကိုရင်း မင်းတုပ်ကြီးကိုရင်း သံကောက်ပေါက်ကိုရင်း ဆွဲငင်စရာ အပေါက်ကိုရင်း ဆွဲငင်စရာ ကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တံခါးမုခ်၌ မြက်မှုန့်သည် ကျ၏။ပ။ ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်း၄ါရင်း ဖြူသောအဆင်း မည်းသောအဆင်း ဂေရုနီချယ်ခြင်း ပန်းချယ်ခြင်း နွယ်ပန်းချယ်ခြင်း မကာရ်းသွားဖော်ခြင်း သက်တင်ရေးခြင်းကိုရင်း ပြုလုပ်ခြင်း၄ါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)

http://www.dhammadownload.com



ထိုအခါ ပရိဝုဏ်သည် ဗွက်ပေါက်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျောက်ပြုတ်ကို ကြဲဖြန့်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ (ကျောက်ပြုတ်တို့သည်) မလုံလောက်ကုန်။ပ။ ရဟန်းတို့ ကျောက်ပြားခင်းရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ရေဝပ်၏။ပ။ ရဟန်းတို့ ရေထုတ်မြောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ပရိဝုဏ်အတွင်း ထိုထိုနေရာ၌ မီးဖိုကို ပြုလုပ်သဖြင့် ပရိဝုဏ်သည် အမှိုက်ရှုပ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တခုသောနေရာ၌ မီးဖိုဆောင် ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မီးဖိုဆောင်သည် မြေနိမ့်၍ ရေလွှမ်းမိုးခံရ၏။ပ။ ရဟန်းတို့ မြေမြင့်အောင် ပြုလုပ်ရန် ခွင့်ပြု၏။ ဟု (မိန့်တော်မူ၏)။ ဖို့မြေသည် ပြိုကျ၏။ပ။ ရဟန်းတို့ အုတ်အခင်း ကျောက်အခင်း သစ်သားအခင်း ဟူသော အခင်းသုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တက်သော ရဟန်းတို့သည် ပင်ပန်းကုန်၏။ပ။ ရဟန်းတို့ အုတ်လှေကား ကျောက်လှေကား သစ်သားလှေကား ဟူသော လှေကားသုံးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တက်သော ရဟန်းတို့သည် လိမ့်ကျကုန်၏။ပ။ ရဟန်းတို့ ဆွဲကိုင်စရာ လက်တန်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ မီးဖိုဆောင်၌ တံခါးရွက်သည် မရှိ။ပ။ ရဟန်းတို့ တံခါးရွက်ကိုရင်း တံခါးပေါင်ကိုရင်း ဆုံယဉ်ကိုရင်း အထက်ကိုင်းကိုရင်း မင်းတုပ်လျှိုတိုင်ကိုရင်း မျောက်လက်ကိုရင်း မင်းတုပ်ငယ်ကိုရင်း မင်းတုပ်ကြီးကိုရင်း သံကောက်ပေါက်ကိုရင်း ဆွဲငင်စရာ အပေါက်ကိုရင်း ဆွဲငင်စရာ ကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ မီးဖိုဆောင်၌ မြက်မှုန့်သည် ကျ၏။ပ။ ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်းငှါရင်း ဖြူသောအဆင်း မည်းသောအဆင်း ဂေရုနီချယ်ခြင်း ခြူးပန်းချယ်ခြင်း နွယ်ပန်းချယ်ခြင်း မကာရ်းသွား ဖော်ခြင်း သက်တင်ရေးခြင်း သင်္ကန်းကန်းဝါးကြိမ် သင်္ကန်းတန်းကြိုးကို ပြုလုပ်ရန်ရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## အရံကို ကာရန် ခွင့်ပြုခြင်း

၃၀၃။ အရံသည် အကာအရံ မရှိသဖြင့် ဆိတ်တို့သည်ရင်း ကျွဲနွားတို့သည်ရင်း စိုက်ပျိုးအပ်သော သစ်ပင်ငယ်တို့ကို ညှဉ်းဆဲကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဝါးအရံ ဆူးအရံ ကျုံး ဟူသော အကာအရံ သုံးမျိုးတို့ကို ကာရံခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တံခါးမုခ်သည် မရှိသဖြင့် ထိုအတူပင် ဆိတ်တို့သည်ရင်း ကျွဲနွားတို့သည်ရင်း စိုက်ပျိုးအပ်သော သစ်ပင်ငယ်တို့ကို ညှဉ်းဆဲကုန်၏။ပ။ ရဟန်းတို့ တံခါးမုခ်ကိုရင်း ဆူးတံခါးကိုရင်း ရင်စေ့တံခါးကိုရင်း တုရိဏ်တိုင်ကိုရင်း မင်းတုပ်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တံခါးမုခ်၌ မြက်မှုန့်သည် ကျ၏။ပ။ ရဟန်းတို့ ခါ၍ အတွင်းအပ လိမ်းကျံခြင်းငှါရင်း ဖြူသောအဆင်း မည်းသောအဆင်း ဂေရုနီချယ်ခြင်း ခြူးပန်းချယ်ခြင်း နွယ်ပန်းချယ်ခြင်း မကာရ်းသွားဖော်ခြင်း သက်တင်ရေးခြင်းကို ပြုလုပ်ရန်ရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အရံသည် ဗွက်ပေါက်၏။ပ။ ရဟန်းတို့ ကျောက်ပြုတ်ကို ကြဲဖြန့်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ (ကျောက်ပြုတ်တို့သည်) မလုံလောက်ကုန်။ပ။ ရဟန်းတို့ ကျောက်ပြားခင်းရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ရေဝပ်၏။ပ။ ရဟန်းတို့ ရေထုတ်မြောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းသည် သံဃာ၏ အကျိုးငှါ အင်းကတေမြေ လိမ်းကျံသော ပြာသာဒ်ကို ဆောက်စေလို၏။ ထိုအခါ ရဟန်းတို့အား "မြတ်စွာဘုရားသည်

http://www.dhammadownload.com



အဘယ်အမိုးကို ခွင့်ပြုအပ်သနည်း၊ အဘယ် အမိုးကို ခွင့်မပြုအပ်သနည်း" ဟု အကြံသည် ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အုတ်အမိုး ကျောက်အမိုး အင်းကတေအမိုး မြက်အမိုး သစ်ရွက်အမိုး ဟူသော အမိုးငါးမျိုးတို့ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပဌမအခန်း ပြီး၏။

---

## ၂-ဒုတိယအခန်း

### အနာထပိဏ် ဝတ္ထု

၃၀၄။ ရာဇဂြိုဟ်သူဌေးနှမ၏ ခင်ပွန်းဖြစ်သော အနာထပိဏ်သူဌေးသည် ကိစ္စတခုဖြင့် ရာဇဂြိုဟ်ပြည်သို့ သွားသောအခါ ရာဇဂြိုဟ်သူဌေးက နက်ဖြန်အတွက် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်ထားသဖြင့် ရာဇဂြိုဟ်သူဌေးသည် ကျွန်တို့ကိုရင်း အမှုလုပ်သမားတို့ကိုရင်း "အချင်းတို့ ဂရုစိုက်ကြကုန်လော့၊ စောစောထ၍ ယာဂုကို ကျိုကုန်လော့၊ ဆွမ်းချက်ကုန်လော့၊ ဟင်းတို့ကို ပြည့်စုံစေကုန်လော့၊ လက်သုပ်တို့ကို ပြည့်စုံစေကုန်လော့" ဟု စေခိုင်း၏။ ထိုအခါ အနာထပိဏ်သူဌေးအား—

"ဤသူဌေးသည် ရှေးက ငါလာသော် ကိစ္စအားလုံးတို့ကို ဖယ်ထား၍ ငါနှင့်အတူပင် ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ယခုမူ ထိုသူဌေးသည် ပျံ့လွင့်သော သဘောရှိလျက် ကျွန်တို့ကိုရင်း အမှုလုပ်သမားတို့ကိုရင်း 'အချင်းတို့ ဂရုစိုက်ကုန်လော့၊ စောစောထ၍ ယာဂုကျိုကုန်လော့၊ ဆွမ်းချက်ကုန်လော့၊ ဟင်းတို့ကို ပြည့်စုံစေကုန်လော့၊ လက်သုပ်တို့ကို ပြည့်စုံစေကုန်လော့' ဟု စေခိုင်းဘိ၏။

အသို့နည်း သူဌေးအား သမီးပေး မင်္ဂလာပွဲပင် ဖြစ်လိမ့်မည်လော၊ သမီးယူ မင်္ဂလာပွဲပင် ဖြစ်လိမ့်မည်လော၊ ယင်ကြီးကိုပင် ဆောက်တည်သလော၊ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကိုပင် စစ်သည်အပေါင်းနှင့်တကွ နက်ဖြန်အတွက် ဖိတ်ကြားထားလေသလော" ဟု အကြံ ဖြစ်၏။

ထိုနောက် ကျွန်တို့ကိုရင်း အမှုလုပ်သမားတို့ကိုရင်း စေခိုင်းပြီးမှ အနာထပိဏ်သူဌေးထံသို့ ချဉ်းကပ်၍ အနာထပိဏ်သူဌေးနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုလျက် တခုသောနေရာ၌ ထိုင်သော ရာဇဂြိုဟ်သူဌေးကို အနာထပိဏ်သူဌေးက—

"သူဌေး သင်သည် ရှေးက အကျွန်ုပ်လာသော် ကိစ္စအားလုံးတို့ကို ပစ်ထား၍ အကျွန်ုပ်နှင့်အတူပင် ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ယခုမူ သင်သည် ပျံ့လွင့်သော သဘောရှိလျက် ကျွန်တို့ကိုရင်း အမှုလုပ်သမားတို့ကိုရင်း 'အချင်းတို့ ဂရုစိုက်ကုန်လော့၊ စောစောထ၍ ယာဂုကို ကျိုကုန်လော့၊ ထမင်းချက်ကုန်လော့၊ ဟင်းတို့ကို ပြည့်စုံစေကုန်လော့၊ လက်သုတ်တို့ကို ပြည့်စုံစေကုန်လော့' ဟု စေခိုင်း၏။ သူဌေး သင့်အား သမီးပေး မင်္ဂလာပွဲပင် ဖြစ်လိမ့်မည်လော၊ သမီးယူ မင်္ဂလာပွဲပင် ဖြစ်လိမ့်မည်လော၊ ယင်ကြီးကိုပင် ဆောက်တည်သလော၊ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းကိုပင် စစ်သည်အပေါင်းနှင့်တကွ နက်ဖြန်အတွက် ဖိတ်ကြားထားသလော" ဟု ပြောဆို၏။

သူဌေး အကျွန်ုပ်အား သမီးပေး မင်္ဂလာပွဲလည်း ဖြစ်လိမ့်မည် မဟုတ်ပါ၊ သမီးယူ မင်္ဂလာပွဲလည်း ဖြစ်လိမ့်မည် မဟုတ်ပါ၊ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကိုလည်း စစ်သည် အပေါင်းနှင့်

http://www.dhammadownload.com



တကူ နက်ဖြန်အတွက် ဖိတ်မထားပါ၊ စင်စစ်မူကား အကျွန်ုပ်သည် ယင်ကြီးကို ဆောက်တည်ပါ၏၊ ဘုရားအမှူးရှိသော သံဃာကို နက်ဖြန်အတွက်ပင် ပင့်ဖိတ်ထားပါ၏ ဟု (ပြောဆို၏)။

သူဌေး သင်သည် "ဘုရား" ဟု ပြောသလော ဟု (မေး၏)။

သူဌေး အကျွန်ုပ်သည် "ဘုရား" ဟု ပြော၏ ဟု (ဆို၏)။

သူဌေး သင်သည် "ဘုရား" ဟု ပြောသလော ဟု (မေး၏)။

သူဌေး အကျွန်ုပ်သည် "ဘုရား" ဟု ပြော၏ ဟု (ဆို၏)။

သူဌေး သင်သည် "ဘုရား" ဟု ပြောသလော ဟု (မေး၏)။

သူဌေး အကျွန်ုပ်သည် "ဘုရား" ဟု ပြော၏ ဟု (ဆို၏)။

သူဌေး လောက၌ "ဘုရား ဘုရား" ဟူသော အသံပင် ကြားရခဲ၏။ သူဌေး ဤအချိန်၌ ဘုန်းတော်ကြီးသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ခြင်းငှါ တတ်ကောင်း၏ လော ဟု (မေး၏)။

သူဌေး ဤအချိန်သည် ဘုန်းတော်ကြီးတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ခြင်းငှါ အခါ မဟုတ်သေး၊ နက်ဖြန် လျှောက်ပတ်သော အချိန်၌ သင်သည် ဘုန်းတော်ကြီးတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရအံ့ ဟု ဆို၏။ ထိုနောက် အနာထပိဏ်သူဌေးသည် ငါသည် လျှောက်ပတ်သော အချိန်၌ ဘုန်းတော်ကြီးတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရအံ့ ဟု ဘုရားသို့ရောက်သော အောက်မေ့ခြင်းဖြင့် အိပ်လေရာ လင်းပြီ ဟု ထင်မှတ်လျက် ညဉ့်၌ သုံးကြိမ် ထ၏။

၃၀၅။ ထိုနောက် အနာထပိဏ်သူဌေးသည် သိဝက တံခါးသို့ချဉ်းကပ်လေသော်နတ်တို့သည် တံခါးကို ဖွင့်ကုန်၏။ ထိုအခါ အနာထပိဏ်သူဌေးသည် မြို့မှထွက်စဉ် အလင်းရောင် ကွယ်ပျောက်၍ အမိုက်မှောင် ထင်ရှားဖြစ်လာ၏၊ ကြောက်ခြင်း ကိုယ်ခက်တရော်ရှိခြင်း ကြက်သီးမွေးညှင်းထခြင်း ဖြစ်သဖြင့် ထိုနေရာမှပင်လျှင် နောက်သို့ ပြန်လို၏၊ ထိုအခါ သိဝကနတ်သည် ကွယ်ပျောက်လျက်—

"ဆင်အသိန်းသည်၎င်း မြင်းအသိန်းသည်၎င်း အဿတိုရ် မြင်းကသော ရထားအသိန်းသည် ၎င်း ပတ္တမြားနားတောင်း ပန်ဆင်ထားသော သတို့သမီး အသိန်းသည်၎င်း (ဘုရားဖူးရန်သွားသော) ခြေတလှမ်း၏ (အကျိုးကို)တဆယ့်ခြောက်ပုံ ပုံ၍ တပုံကိုမျှ မထိုက်တန်ကုန်။

သူဌေး ရှေ့သို့ တက်ပါလော့၊ သူဌေး ရှေ့သို့ တက်ပါလော့၊ အသင့်အား ရှေ့သို့တက်ခြင်းသည် မြတ်၏၊ နောက်သို့ ဆုတ်ခြင်းသည် မမြတ်ပါ" ဟု အသံကို ကြားစေ၏။

ထိုအခါ အနာထပိဏ်သူဌေးအား အမှောင်ကွယ်ပျောက်၍ အလင်းရောင် ထင်ရှားပေါ်လာ၏။ (သူ့အား) ဖြစ်ပြီးသော ကြောက်ခြင်း ကိုယ်ခက်တရော်ရှိခြင်း ကြက်သီးမွေးညှင်းထခြင်းသည်လည်း ငြိမ်း၏၊ နှစ်ကြိမ်မြောက်လည်း ။ပ။ သုံးကြိမ်မြောက်လည်း အနာထပိဏ် သူဌေးအား အလင်းရောင် ကွယ်ပျောက်၍ အမိုက်မှောင်သည် ထင်ရှား ပေါ်လာ၏၊ ကြောက်ခြင်း ကြက်သီး မွေးညှင်း

http://www.dhammadownload.com



ထခြင်း ဖြစ်လာသဖြင့် ထိုနေရာမှပင် နောက်သို့ ပြန်လို၏။ သုံးကြိမ်မြောက်လည်း သိဝကနတ်သည် ကွယ်ပျောက်လျက်—

"ဆင်အသိန်းတို့သည်၎င်း မြင်းအသိန်းတို့သည်၎င်း အဿတရိမြင်းကသော ရထားအသိန်းတို့သည်၎င်း ပတ္တမြားနားတောင်းပန်ဆင်ထားသော သတို့သမီးအသိန်းသည်၎င်း (ဘုရားဖူးရန်) သွားသော ခြေတလှမ်း၏ (အကျိုးကို)တဆယ့်ခြောက်ပုံ ပုံ၍ တပုံကိုမျှ မထိုက်တန်ကုန်။

သူဌေး ရှေ့သို့ တက်ပါလော့၊ သူဌေး ရှေ့သို့ တက်ပါလော့၊ အသင့်အား ရှေ့သို့ တက်ခြင်းသည် မြတ်၏၊ နောက်သို့ ဆုတ်ခြင်းသည် မမြတ်ပါ" ဟု အသံကို ကြားစေ၏။

သုံးကြိမ်မြောက်လည်း အနာထပိဏ်သူဌေးအား အမိုက်မှောင် ကွယ်ပျောက်၍အလင်းရောင် ထင်ရှားပေါ်လာ၏။ (သူ့ အား)ဖြစ်ပြီးသော ကြောက်ခြင်း ကိုယ်ခက်တရော်ရှိခြင်း ကြက်သီးမွေးညှင်း ထခြင်းသည် ငြိမ်း၏။

ထိုအခါ အနာထပိဏ်သူဌေးသည် ယင်းတိုက်တောသို့ ချဉ်းကပ်၏။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယာမ်၌ ထ၍ လွင်ပြင်၌ စင်္ကြံ ကြွတော်မူ၏။ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို အဝေးမှပင် လာနေသည်ကို မြင်တော်မူသဖြင့် စင်္ကြံမှ ဆင်းပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်တော်မူလျက် "သုဒတ္တ လာလော့" ဟု မိန့်တော်မူ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် "နာမည်ဖြင့် ငါ့ကို မြတ်စွာဘုရား ခေါ်တော်မူ၏" ဟု ရွှင်လန်းအားတက်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခိုက်၍ "အသျှင်ဘုရား မြတ်စွာဘုရားသည် ချမ်းသာစွာ အိပ်တော်မူရပါ၏လော" ဟု လျှောက်၏။

ကာမတို့၌ မလိမ်းကျံ၍ ငြိမ်းအေးခြင်းသို့ ရောက်သော ဥပဓိ (ကိလေသာ)မရှိသော ရဟန္တာသည် ထက်ဝန်းကျင်မှ ငြိမ်းပြီးသည် ဖြစ်၍ အခါခပ်သိမ်း ချမ်းသာစွာ အိပ်ရ၏။

တောင့်တမှု အားလုံးတို့ကို ဖြတ်၍ စိတ်၌ ပူပန်ခြင်းကို ပယ်ဖျောက်၍ စိတ်အားဖြင့် ငြိမ်းမှုသို့ ရောက်၍ ငြိမ်းနေသော ရဟန္တာပုဂ္ဂိုလ်သည် ချမ်းသာစွာ အိပ်ရ၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးအား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤအစဉ်အတိုင်းသော တရားစကား ဟူသည်ကား အဘယ်နည်း၊ ဒါနနှင့် စပ်သော စကားကို၎င်း သီလနှင့်စပ်သော စကားကို၎င်း နတ်ပြည်နှင့် စပ်သော စကားကို၎င်း ကာမဂုဏ်တို့၏ အပြစ်ကို၎င်း ယုတ်ညံ့ခြင်းကို၎င်း ညစ်ညူးခြင်းကို၎င်း (ကာမဂုဏ်တို့မှ)ထွက်မြောက်ခြင်း၌ အကျိုးကို၎င်း ပြတော်မူ၏။

မြတ်စွာဘုရားသည် အနာထပိဏ် သူဌေး၌ သင့်လျော်သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ်သော ဆင်းရဲ 'ဒုက္ခသစ္စာ'ကို၎င်း ဆင်းရဲ ဖြစ်ကြောင်း 'သမုဒယသစ္စာ'ကို၎င်း ဆင်းရဲ ချုပ်ရာ 'နိရောဓသစ္စာ'ကို၎င်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် 'မဂ္ဂသစ္စာ'ကို၎င်း ပြတော်မူ၏။ မည်းညစ်ခြင်း ကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ထိုအတူ အနာထပိဏ်သူဌေးအား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း

http://www.dhammadownload.com



သဘောရှိ၏” ဟု ကိလေသာ မြူအညစ်အကြေး ကင်းသော တရားမျက်စိ ‘သောတာပတ္တိမဂ်ဉာဏ်’ သည် ဖြစ်ပေါ်၏။

ထိုအခါ အနာထပိဏ်သူဌေးသည် တရားကို မြင်ပြီးသည် ဖြစ်၍ တရားသို့ ရောက်ပြီးသည် ဖြစ်၍ တရားကို သိပြီးသည် ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း)ကင်းပြီးသည် ဖြစ်၍ မြတ်စွာဘုရားသာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည် ဖြစ်၍ သူတပါးကို အားထားယုံကြည်သည် မဟုတ်ပဲ မိမိကိုယ်တိုင်ပင် သိမြင်ပြီးသည် ဖြစ်၍ မြတ်စွာဘုရားအား—

“အသျှင်ဘုရား (တရားတော်သည်)အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်)အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း ‘မျက်စိ အမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်’ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဘုရား ဤအတူသာလျှင် အသျှင်ဘုရားသည် များစွာသော အကြောင်းတို့ဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ။

မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ” ဟု လျှောက်၏ ။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိသဖြင့် နေရာမှထ၍ ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။ ရာဇဂြိုဟ်သူဌေးသည် “အနာထပိဏ် သူဌေးသည် နက်ဖြန်အတွက် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်သဘာတ်” ဟု ကြား၏။

၃၀၆။ ထိုအခါ ရာဇဂြိုဟ်သူဌေးသည် အနာထပိဏ်သူဌေးအား—

“သူဌေး သင်သည် နက်ဖြန်အတွက်ဘုရားအမှူးရှိသော သံဃာကိုပင့်ဖိတ်သောဟူ၏၊ (သို့သော်) သင်သည်ကား ဧည့်သည်ဖြစ်၏၊ သူဌေး သင့်အား လုပ်ဖော်ကိုင်ဖက်ကို ပေးအံ့၊ ယင်း လုပ်ဖော်ကိုင်ဖက်ဖြင့် သင်သည် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းပြုစုနိုင်ရာ၏” ဟု ပြော၏။

သူဌေး အလိုမရှိပါ၊ အကျွန်ုပ်အား လုပ်ဖော် ကိုင်ဖက် ရှိ၏၊ ယင်း လုပ်ဖော် ကိုင်ဖက်ဖြင့် အကျွန်ုပ်သည် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းပြုစုပါအံ့” ဟု (ဆို၏)။

ရာဇဂြိုဟ်ပြည်နေ နိဂုံးသူဌေးသည် “အနာထပိဏ်သူဌေးသည် နက်ဖြန်အတွက် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်သတတ်” ဟု ကြား၏။ ထိုအခါ ရာဇဂြိုဟ်ပြည်နေ နိဂုံးသူဌေးသည် အနာထပိဏ် သူဌေးအား—

“သူဌေး သင်သည် နက်ဖြန်အတွက် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်သော ဟူ၏၊ (သို့သော်) သင်သည်ကား ဧည့်သည်ဖြစ်၏၊ သူဌေး သင့်အား လုပ်ဖော်ကိုင်ဖက်ကို ပေးအံ့၊

http://www.dhammadownload.com



ယင်း လုပ်ဖော် ကိုင်ဖက်ဖြင့် သင်သည် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းပြုစုနိုင်ရာ၏" ဟု ပြော၏။

သူဌေး အလိုမရှိပါ၊ အကျွန်ုပ်အား လုပ်ဖော် ကိုင်ဖက် ရှိပါ၏၊ ယင်း လုပ်ဖော်ကိုင်ဖက်ဖြင့် အကျွန်ုပ်သည် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းပြုစုပါအံ့ ဟု (ဆို၏)။

မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် "အနာထပိဏ်သူဌေးသည် နက်ဖြန်အတွက် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်သတတ်" ဟု ကြား၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အနာထပိဏ်သူဌေးအား—

"သူဌေး သင်သည် နက်ဖြန် အတွက် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်သော ဟူ၏။ (သို့သော်)သင်သည်ကား ဧည့်သည် ဖြစ်၏၊ သူဌေး သင့်အား လုပ်ဖော်ကိုင်ဖက်ကို ပေးအံ့၊ ယင်း လုပ်ဖော်ကိုင်ဖက်ဖြင့် သင်သည် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းပြုစုနိုင်ရာ၏"ဟု ပြော၏။

မင်းကြီး အလိုမရှိပါ၊ အကျွန်ုပ်အား လုပ်ဖော် ကိုင်ဖက် ရှိပါ၏၊ ယင်း လုပ်ဖော်ကိုင်ဖက်ဖြင့် အကျွန်ုပ်သည် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းပြုစုပါအံ့ ဟု (ဆို၏)။

ထိုနောက် အနာထပိဏ်သူဌေးသည် ထိုညဉ့်ကို လွန်သောအခါ ရာဇဂြိုဟ်သူဌေး၏ အိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေ၍ "အသျှင်ဘုရား အချိန်တန်ပါပြီ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားအား အချိန် (တန်ကြောင်း)ကို လျှောက်စေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် ရာဇဂြိုဟ်သူဌေး၏ အိမ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ရဟန်းသံဃာနှင့်အတူ ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအမှူးရှိသော သံဃာကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေးပြီးလျှင် မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးလတ်သော် တခုသော နေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား—

"အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ သာဝတ္ထိပြည်၌ ဝါကပ်ခြင်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။

သူဌေး မြတ်စွာဘုရားတို့သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား သိပါပြီ၊ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရား သိပါပြီ ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးအား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးလျှင် နေရာမှ ထကာ ဖဲခွါကြွသွားတော်မူ၏။

၃၀၇။ ထိုအခါ အနာထပိဏ် သူဌေးသည် မိတ်ဆွေများသူ အပေါင်းအသင်းများသူ ဩဇာ ညောင်းသူ ဖြစ်၏၊ သူ၏ စကားကို နာယူသူ ပေါများ၏။

http://www.dhammadownload.com



ထိုအခါ အနာထပိဏ် သူဌေးသည် ရာဇဂြိုဟ်ပြည်၌ ထိုပြုဖွယ်ကိစ္စကို ပြီးစေ၍ သာဝတ္ထိပြည်သို့ ဖဲသွား၏။ ထိုနောက် အနာထပိဏ်သူဌေးသည် လူတို့ကို "အမောင်တို့ သင်တို့သည် အရံတို့ကို ပြုလုပ်ကုန်လော့၊ ကျောင်းတို့ကို တည်စေကုန်လော့၊ အလှူတို့ကို ဖြစ်စေကုန်လော့၊ လောက၌ ဘုရားပွင့်ပြီ၊ အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို ပင့်ဖိတ်ခဲ့၏၊ ဤလမ်းဖြင့် လာတော်မူလိမ့်မည်" ဟု စေခိုင်း၏။

ထိုအခါ လူတို့သည် အနာထပိဏ်သူဌေး တိုက်တွန်းအပ်သည် ဖြစ်၍ အရံတို့ကို ပြုလုပ်စေကုန်၏၊ ကျောင်းတို့ကို တည်စေကုန်၏၊ အလှူတို့ကို ဖြစ်စေကုန်၏။ ထိုအခါ အနာထပိဏ် သူဌေးသည် သာဝတ္ထိပြည်သို့ သွား၍ သာဝတ္ထိပြည်၏ ထက်ဝန်းကျင်၌ လှည့်လည် ကြည့်ရှု၏။

"အဘယ်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးတော်မူသင့်သနည်း၊ ထိုအရပ်သည် ရွာမှ မဝေးလွန်း မနီးလွန်း၊ အသွားအလာနှင့် ပြည့်စုံရမည်၊ ဘုရားဖူးလိုသူ တရားနာလိုသူ တို့အား သွားရောက်ရန် လွယ်ကူရမည်၊ နေ့အခါ လူမပြွမ်း ညချမ်းအခါလည်း အသံနည်းရမည်၊ ပြည်ရွာတွန်သံ 'အုတ်အုတ်ကျက်ကျက်အသံ'မရှိရ၊ လူစော်မနံရ၊ လူတို့၏ အနှံ့အသက်မှ ကင်းရမည်၊ လူတို့၏ လျို့ဝှက်သော အမှုကို ပြုခြင်းငှါ ထိုက်သော ကိန်းအောင်း၍ နေခြင်းငှါ လျောက်ပတ်သော အရပ်မျိုး ဖြစ်ရာ၏" ဟု အကြံ ဖြစ်၏။

အနာထပိဏ်သူဌေးသည် ရွာနှင့် မဝေးလွန်း မနီးလွန်းသော အသွားအလာနှင့် ပြည့်စုံသော ဘုရားဖူးလိုသူ တရားနာလိုသူတို့အား ရောက်ရန် လွယ်ကူသော နေ့အခါ လူမပြွမ်း ညချမ်းအခါလည်း အသံနည်းသော ပြည်ရွာတွန်သံမရှိသော လူစော်မနံ လူတို့၏ အနံ့အသက် ကင်းသော လူတို့၏ လျို့ဝှက်သောအမှုကို ပြုခြင်းငှါ ထိုက်သော ကိန်းအောင်း၍ နေခြင်းငှါ လျောက်ပတ်သော ဇေတမင်းသား၏ ဥယျာဉ်ကို မြင်ပြီးနောက် ဇေတမင်းသားထံသို့ ချဉ်းကပ်၍ "အရှင့်သား သင်၏ ဥယျာဉ်ကို အရံ ပြုလုပ်ရန် အကျွန်ုပ်အား ပေးလော့" ဟု ဇေတမင်းသားကို ပြော၏။ သူဌေး အသပြာစွန်းခြင်း ထိအောင် ခင်းခြင်းဖြင့်သာလျှင် အရံကို ပေးထိုက်၏ ဟု (ပြော၏)။ အရှင့်သား အရံကို ယူပြီးပြီ ဟု (ပြော၏)။ သူဌေး အရံကို မယူရသေး ဟု (ပြော၏)။ "ယူအပ်သလော မယူအပ်သလော" ဟု တရားဆုံးဖြတ်သူ အမတ်ကြီးတို့ကို မေးကုန်၏။

အမတ်ကြီးတို့သည် "အရှင့်သား သင်သည် အဘိုးပြတ်ပြီး ဖြစ်သောကြောင့် အရံကို ယူအပ်၏" ဟု ဆိုကုန်၏။ ထိုအခါ အနာထပိဏ် သူဌေးသည် လှည်းတို့ဖြင့် ငွေကို ထုတ်စေ၍ ဇေတမင်းသား၏ ခြံမြေကို အသပြာအစွန်းချင်း ထိအောင် ခင်းခြင်းဖြင့် ခင်းစေ၏၊ တကြိမ်ထုတ်ငွေသည် တံခါးမုခ် ဝန်းကျင်နေရာ အနည်းငယ်အား မလောက်။ ထိုအခါ အနာထပိဏ် သူဌေးသည် "အချင်းတို့ သွားကုန်လော့၊ ငွေကို ဆောင်ကုန်လော့၊ ဤနေရာကို ခင်းအံ့" ဟု ပြောလျက် လူတို့ကို စေလွှတ်၏။ ထိုအခါ ထိုမင်းသားအား "ဤသူဌေးသည် ထိုမျှ များပြားသော ငွေကို စွန့်လွှတ်၏၊ ဤဂါထာစွသည် ယုတ်ညံ့လိမ့်မည် မဟုတ်" ဟု အကြံ ဖြစ်၏။ ထို့ကြောင့် အနာထပိဏ် သူဌေးကို "သူဌေး မလိုတော့ပါ၊ ထိုနေရာ (တကွက်)ကို မခင်းပါစေလင့်၊ ဤနေရာ (တကွက်)ကို အကျွန်ုပ်အား ပေးပါလော့၊ ဤအလှူသည် အကျွန်ုပ်၏ အလှူဖြစ်လတ္တံ့" ဟု ပြော၏။

ထိုအခါ အနာထပိဏ် သူဌေးသည် "ဤဇေတမင်းသားသည် ထင်ရှား၏၊ ထင်ရှားသော လူပေတည်း၊ ဤသာသနာတော်၌ ဤကဲ့သို့ ထင်ရှားသော လူတို့၏ ကြည်ညိုမှုသည် များစွာ ကျေးဇူးရှိ၏" ဟု နှလုံးပိုက်လျက် ထိုနေရာ (တကွက်)ကို ဇေတမင်းသားအား ပေး၏။ ထိုအခါ ဇေတမင်းသား

http://www.dhammadownload.com



သည် ထိုနေရာ၌ တံခါးမုခ်ကို ဖန်ဆင်း၏။ ထို့နောက် အနာထပိဏ်သူဌေးသည် ဇေတမင်းသား ဥယျာဉ်၌ ကျောင်းတို့ကိုပြုလုပ်စေ၏၊ ပရိဝုဏ်တို့ကို ပြုလုပ်စေ၏၊ တံခါးမုခ်တို့ကို ပြုလုပ်စေ၏၊ စည်းဝေးရာ စရပ်တို့ကို ပြုလုပ်စေ၏။ မီးတင်းကုပ်တို့ကို ပြုလုပ်စေ၏၊ ကပ္ပိယကုဋိတို့ကို ပြုလုပ်စေ၏၊ ကျင်ကြီးအိမ်တို့ကို ပြုလုပ်စေ၏။ စင်္ကြံတို့ကိုပြုလုပ်စေ၏၊ စင်္ကြံစရပ်တို့ကို ပြုလုပ်စေ၏၊ ရေတွင်းတို့ကို ပြုလုပ်စေ၏၊ ရေတွင်းစရပ်တို့ကို ပြုလုပ်စေ၏၊ ဇရုံးအိမ်တို့ကို ပြုလုပ်စေ၏၊ ဇရုံးအိမ်စရပ်တို့ကို ပြုလုပ်စေ၏၊ ရေကန်တို့ကို ပြုလုပ်စေ၏၊ မဏ္ဍပ်တို့ကို ပြုလုပ်စေ၏။

## အမှုသစ်ကို ပေးခြင်း

၃၀၇။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် ဝေသာလီပြည်သို့ အစဉ်အတိုင်း လှည့်လည်လတ်သော် ဝေသာလီပြည်သို့ ရောက်၍ ထိုဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌သီတင်းသုံး နေတော်မူ၏။ ထိုအခါ လူတို့သည် အမှုသစ်ကို ကောင်းမွန်စွာ ပြုလုပ်ကုန်၏၊ အမှုသစ်ကို ဆောက်တည်သော ရဟန်းတို့ကိုလည်း သင်္ကန်း ဆွမ်း ကျောင်းသူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့် ကောင်းမွန်စွာ လုပ်ကျွေးကုန်၏။

ထိုအခါ တဦးသော အပ်ချုပ်သမား သူဆင်းရဲအား " ဤလူတို့သည် အမှုသစ်ကို ကောင်းမွန်စွာ ပြုလုပ်ကုန်၏၊ ဤကိစ္စသည် ယုတ်ညံ့လိမ့်မည် မဟုတ်၊ ငါသည်လည်း အမှုသစ်ကို လုပ်ကိုင်ရမူ ကောင်းလေစွ" ဟု အကြံ ဖြစ်၏။ ထိုအခါ အပ်ချုပ်သမား သူဆင်းရဲသည် ကိုယ်တိုင်ရွှံ့ကို နယ်ကာ အုတ်တို့ကို စီ၍ နံရံကို တက်စေ၏၊ မကျွမ်းကျင်သော အပ်ချုပ်သမား စီထားသော နံရံသည် ကောက်၍ ပြိုကျ၏။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း။ပ။ ထို အပ်ချုပ်သမား သူဆင်းရဲသည် ကိုယ်တိုင်ရွှံ့ကို နယ်ကာ အုတ်တို့ကို စီ၍ နံရံကို တက်စေ၏၊ မကျွမ်းကျင်သော အပ်ချုပ်သမား စီထားသော နံရံသည် ကောက်၍ ပြိုကျ၏။ ထိုအခါ ထိုအပ်ချုပ်သမား သူဆင်းရဲသည် "သာကီဝင် မင်းသား ရဟန်းတို့အား သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ ဆေးအသုံးအဆောင်ကို လှူသော သူတို့ကို ဤရဟန်းတို့သည် သွန်သင်ကုန်၏၊ ဆုံးမကုန်၏၊ ထိုသူတို့၏ အမှုသစ်ကိုသာလျှင် စီရင်ကုန်၏၊ ကျွန်ုပ်ကား သူဆင်းရဲဖြစ်၏၊ အကျွန်ုပ်ကို တဦးတယောက်မျှ မသွန်သင် မဆုံးမ ၊ အမှုသစ်ကိုလည်း မစီရင်" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုအပ်ချုပ်သမား သူဆင်းရဲ၏ စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ အမှုသစ်ကို ပေးရန် ခွင့်ပြု၏၊ ရဟန်းတို့ အမှုသစ် ရွက်ဆောင်သော ရဟန်းသည် ကျောင်းသည် အဘယ်သို့ လျင်စွာ ပြီးခြင်းသို့ ရောက်ရာသနည်း" ဟု ကြောင့်ကြခြင်းသို့ ရောက်လတ္တံ့ ။ ကျိုးရာ ပျက်ရာ နေရာကို ပြုပြင်လတ္တံ့ ဟု မိန့်တော်မူ၏။ ရဟန်းတို့ ဤသို့ ပေးရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

၃၀၉။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ စကားကို နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤမည်သော ဒါယကာ၏ ကျောင်းကို ဤမည်သော ရဟန်းအား အမှုသစ်ကို ပေးရာ၏။ ဤကား သိစေခြင်းတည်း။

http://www.dhammadownload.com



**အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ စကားကို နာတော်မူလော့၊** ဤမည်သော ဒါယကာ၏ ကျောင်းကို ဤမည်သော ရဟန်းအား အမှုသစ်ကို ပေး၏၊ ဤမည်သော ဒါယကာ၏ ကျောင်းကို ဤမည်သော ရဟန်းအား အမှုသစ် ပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင် သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ဒါယကာ၏ ကျောင်းကို ဤမည်သော ရဟန်းအား အမှုသစ်ကို ပေးအပ်ပြီ။ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေ သဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

## နေရာဦး စသည်ကို ခွင့်ပြုတော်မူခြင်း

၃၁၀။ ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် သာဝတ္ထိပြည်သို့ ဒေသစာရီ လှည့်လည်တော်မူ၏။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ အနီးနေ တပည့် ရဟန်းတို့သည် ဘုရားအမှူးရှိသော သံဃာ၏ ရှေ့မှ ရှေ့မှ သွား၍ "ဤကျောင်းနေရာ သည် ငါတို့၏ ဥပဇ္ဈာယ်ဘို့အဖို့ ဖြစ်လတ္တံ့၊ ဤကျောင်းနေရာသည် ငါတို့၏ ဆရာတို့အဖို့ ဖြစ်လတ္တံ့၊ ကျောင်းနေရာသည် ငါတို့အဖို့ ဖြစ်လတ္တံ့" ဟု ကျောင်းအိပ်ရာတို့ကို သိမ်းဆည်းကုန်၏။

ထိုအခါ အသျှင်သာရိပုတြာသည် ဘုရားအမှူးရှိသော သံဃာ၏ နောက်မှ နောက်မှ သွား၍ ကျောင်းအိပ်ရာတို့ကို သိမ်းဆည်းထားပြီး ဖြစ်သောကြောင့် ကျောင်း အိပ်ရာ နေရာကို မရရကား တခုသော သစ်ပင်ရင်း၌ ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယာမ်၌ ထတော် မူ၍ ချောင်းဟန့်တော်မူ၏။ အသျှင်သာရိပုတြာသည်လည်း ချောင်းဟန့်၏။ ဤနေရာ၌ မည်သူနည်း ဟု (မေးတော်မူ၏)။ မြတ်စွာဘုရား အကျွန်ုပ် သာရိပုတြာပါတည်း ဟု (လျှောက်၏)။ သာရိပုတြာ အဘယ့်ကြောင့် သင်သည် ဤနေရာ၌ နေဘိသနည်း ဟု (မေးတော်မူ၏)။ ထိုအခါ အသျှင် သာရိပုတြာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ကို—ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်း တို့၏ အနီးနေ တပည့်ဘို့သည် ဘုရားအမှူးရှိသော သံဃာ၏ ရှေ့မှ ရှေ့မှ သွား၍ "ဤကျောင်း နေရာသည် ငါတို့၏ ဥပဇ္ဈာယ်တို့အဖို့ ဖြစ်လတ္တံ့၊ ဤကျောင်းနေရာသည် ငါတို့၏ ဆရာတို့အဖို့ ဖြစ်လတ္တံ့၊ ဤကျောင်းနေရာသည် ငါတို့အဖို့ ဖြစ်လတ္တံ့" ဟု ကျောင်းနေရာတို့ကို သိမ်းဆည်း ကုန်၏ ဟူသည် မှန်သလော ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ ထို(မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့သည် ဘုရားအမှူးရှိသော သံဃာ၏ ရှေ့မှ ရှေ့မှ သွားကုန်၍ "ဤကျောင်း ဤနေရာသည် ငါတို့၏ ဥပဇ္ဈာယ်ဆရာတို့အဖို့ ဖြစ်လတ္တံ့၊ ဤကျောင်း ဤနေရာသည် ငါတို့၏ ဆရာတို့ အဖို့ ဖြစ်လတ္တံ့၊ ဤကျောင်း ဤနေရာသည် ငါတို့အဖို့ဖြစ်လတ္တံ့" ဟု ကျောင်းနေရာတို့ကို အဘယ့်ကြောင့် သိမ်းဆည်းကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ရဟန်းတို့ ပြုမိသောအမှု)သည် မကြည် ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။တရားစကားကို ဟောတော် မူပြီးလျှင် ရဟန်းတို့ကို—

http://www.dhammadownload.com



"ရဟန်းတို့ နေရာဦး ရေဦး ဆွမ်းဦးတို့ကို အဘယ်သူသည် ထိုက်သနည်း" ဟု မေးတော်မူ၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား မင်းမျိုးမှ ရဟန်းပြုသူသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား ပုဏ္ဏားမျိုးမှ ရဟန်းပြုသူသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား သူကြွယ်မျိုးမှ ရဟန်းပြုသူသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား သုတ္တန်ဆောင် ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား ဝိနည်းဆောင် ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား ဓမ္မကထိက ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား ပဌမဈာန်ရ ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား ဒုတိယဈာန်ရ ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား တတိယဈာန်ရ ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား စတုတ္ထဈာန်ရ ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား သောတာပန် ရဟန်းသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား သကဒါဂါမ် ရဟန်းသည်။ပ။

အနာဂါမ် ရဟန်းသည်။ပ။

မြတ်စွာဘုရား ရဟန္တာသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏ ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား ဝိဇ္ဇာသုံးပါးရသော ရဟန္တာသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

အချို့သော ရဟန်းတို့က "မြတ်စွာဘုရား အဘိညာဉ် ခြောက်ပါးရ ရဟန္တာသည် နေရာဦး ရေဦး ဆွမ်းဦးတို့ကို ထိုက်ပါ၏" ဟု လျှောက်ကြကုန်၏။

၃၁၁။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား ဟိမဝန္တာ အရပ်၌ ပညောင်ပင်ကြီးသည် ရှိ၏။ ထိုပညောင်ပင်ကြီးကို မှီခို၍ ခါ, မျောက်, ဆင် ဟူသော အဆွေခင်ပွန်း သုံးဦးတို့သည် နေကြကုန်၏။

http://www.dhammadownload.com



ထိုအဆွေခင်ပွန်းတို့သည် အချင်းချင်း မရိုသေကုန်ပဲ မကိုင်းညွတ်ကုန်ပဲ အသက်မွေးခြင်း သဘောမတူကုန်ပဲ နေကုန်၏။ ရဟန်းတို့ ထိုအခါ ထိုအဆွေခင်ပွန်းတို့အား—

"ငါတို့တွင် အသက် အကြီးဆုံးသူကို သိရမူ ကောင်းပေရာ၏၊ ထိုသူကို ငါတို့သည် ရိုသေကုန်ရာ၏၊ လေးစားကုန်ရာ၏၊ မြတ်နိုးကုန်ရာ၏၊ ပူဇော်ကုန်ရာ၏၊ ထိုသူ၏ အဆုံးအမ၌လည်း တည်ကုန်ရာ၏" ဟု အကြံ ဖြစ်၏။

ရဟန်းတို့ ထိုအခါ ခါနှင့် မျောက်တို့က "ဆင်ကို အဆွေ သင်သည် အဘယ်ရှေးဟောင်း အကြောင်းအရာကို မှတ်မိသနည်း" ဟု မေးကုန်၏။

"အဆွေတို့ အကျွန်ုပ် ငယ်စဉ် အခါ၌ ဤပညောင်ပင်ကို ပေါင်တို့၏ အကြား၌ ထား၍ ကျော်သွား၏၊ အညွန့်ဖျားသည် အကျွန်ုပ်၏ ဝမ်းပိုက်ကို ထိ၏၊ အဆွေတို့ အကျွန်ုပ်သည် ဤရှေးဟောင်း အကြောင်းအရာကို မှတ်မိပါသည်" ဟု ပြော၏။

ရဟန်းတို့ ထိုအခါ ခါနှင့် ဆင်တို့က မျောက်ကို "အဆွေ သင်သည် အဘယ်ရှေးဟောင်း အကြောင်းအရာကို မှတ်မိသနည်း" ဟု မေးကုန်၏။

"အဆွေတို့ အကျွန်ုပ်သည် ငယ်စဉ်အခါ မြေ၌ ထိုင်၍ ပညောင်ပင်၏ အညွန့်ဖျားကို စား၏၊ အဆွေတို့ အကျွန်ုပ်သည် ဤရှေးဟောင်း အကြောင်းအရာကို မှတ်မိပါသည်" ဟု ပြော၏။

ရဟန်းတို့ ထိုအခါ မျောက်နှင့် ဆင်တို့က ခါကို "အဆွေ သင်သည် အဘယ်ရှေးဟောင်း အကြောင်းအရာကို မှတ်မိသနည်း" ဟု မေးကုန်၏။

"အဆွေတို့ ဤမည်သော အရပ်၌ ပညောင်ပင်ကြီးသည် ရှိ၏၊ အကျွန်ုပ်သည် ထိုအရပ်မှ အသီးကို စား၍ ဤအရပ်၌ ကျင်ကြီးကို စွန့်၏၊ ထိုအသီး၏ မျိုးစေ့ကြောင့် ဤပညောင်ပင်သည် ဖြစ်၏၊ အဆွေတို့ ထို့ကြောင့် အကျွန်ုပ်သည် အသက် အကြီးဆုံးတည်း" ဟု ပြော၏။

ရဟန်းတို့ ထိုအခါ မျောက်နှင့်ဆင်တို့က ခါကို "အဆွေ သင်သည် အကျွန်ုပ်တို့ထက် အသက်ကြီးသူ ဖြစ်၏၊ သင့်ကို အကျွန်ုပ်တို့သည် ရိုသေပါကုန်အံ့၊ လေးစားပါကုန်အံ့၊ မြတ်နိုးပါကုန်အံ့၊ ပူဇော်ပါကုန်အံ့၊ အကျွန်ုပ်တို့သည် သင်၏ အဆုံးအမ၌ တည်ပါကုန်အံ့" ဟု ဆိုကုန်၏။

ရဟန်းတို့ ထိုအခါ ခါသည် မျောက်နှင့် ဆင်တို့ကို ငါးပါးသီလတို့၌ တည်စေ၏၊ ကိုယ်တိုင်လည်း ငါးပါးသီလတို့၌ တည်၍ ကျင့်၏၊ ထိုသူတို့သည် အချင်းချင်း ရိုသေခြင်း ကိုင်းညွတ်ခြင်း သဘောတူ အသက်မွေးခြင်းရှိကာ နေထိုင်ကြလျက် ကိုယ်ခန္ဓာပျက်စီး၍ သေဆုံးပြီးနောက် ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ကပ်ရောက်ကုန်၏။

ရဟန်းတို့ တရား၌ လိမ္မာ၍ ကြီးသူကို ရိုသေသော လူတို့သည် မျက်မှောက်ဘဝ၌လည်း ချီးမွမ်းခံရကုန်၏၊ နောင်တမလွန်ဘဝ၌လည်း ကောင်းရာဂတိ ရှိကုန်၏ ဟူသော ဤခါတို့ အကျင့်မည်သော အကျင့်မြတ်သည် ဖြစ်၏။

ရဟန်းတို့ ထိုတိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည်ပင်လျှင် အချင်းချင်းရိုသေခြင်း ကိုင်းညွတ်ခြင်း သဘောတူ အသက်မွေးခြင်းရှိလျက် နေကုန်သေး၏။

ရဟန်းတို့ ဤသို့ ကောင်းစွာ ဟောအပ်သောဓမ္မဝိနယ၌ ရဟန်းပြုကုန်လျက် အချင်းချင်း မရိုသေ မကိုင်းညွတ် သဘောတူ အသက်မမွေးပဲ နေကြခြင်းသည် တင့်တယ်ပါမည်လော။

http://www.dhammadownload.com



ရဟန်းတို့ ဤ(ရဟန်းတို့ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း ။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ သီတင်းကြီး အစဉ်အတိုင်း ရှိခိုးခြင်း ခရီးဦးကြိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာဦး ရေဦး ဆွမ်းဦးတို့ကို ခွင့်ပြု၏၊ ရဟန်းတို့ သံဃာ့ပစ္စည်းကို သီတင်းကြီး အစဉ်အတိုင်း မတားမြစ်အပ်၊ တားမြစ်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## ရှိမခိုးထိုက်သော ပုဂ္ဂိုလ် စသည်

၃၁၂။ ရဟန်းတို့ ရှိမခိုးထိုက်သော ပုဂ္ဂိုလ်တို့သည် ဤဆယ်ယောက်တို့တည်း။ ရှေးဦး ပဉ္စင်းဖြစ်သူသည် နောက်မှ ပဉ္စင်း ဖြစ်သူကို ရှိမခိုးအပ်၊ လူသာမဏေကို ရှိမခိုးအပ်၊ နာနာသံဝါသက အဓမ္မဝါဒီ သီတင်းကြီးကို ရှိမခိုးအပ်၊ မာတုဂါမကို ရှိမခိုးအပ်၊ ပဏ္ဍုက်ကို ရှိမခိုးအပ်၊ ပရိဝါသ်နေ သော ရဟန်းကို ရှိမခိုးအပ်၊ အရင်းသို့ ငင်ထိုက်သော ရဟန်းကို ရှိမခိုးအပ်၊ မာနတ်ပေးခြင်းငှါ ထိုက်သော ရဟန်းကို ရှိမခိုးအပ်၊ မာနတ်ကျင့်ဆဲ ရဟန်းကို ရှိမခိုးအပ်၊ အဗ္ဘာန်သွင်းထိုက်သော ရဟန်းကို ရှိမခိုးအပ်၊ ရဟန်းတို့ ရှိမခိုးထိုက်သော ပုဂ္ဂိုလ်တို့ကား ဤဆယ်ဦးတို့တည်း။

ရဟန်းတို့ ရှိခိုးထိုက်သော ပုဂ္ဂိုလ်တို့သည် ဤသုံးဦးတို့တည်း။ နောက်မှ ပဉ္စင်းဖြစ်သော သူသည် ရှေးဦး ပဉ္စင်းဖြစ်သောသူကို ရှိခိုးထိုက်၏၊ နာနာသံဝါသကဓမ္မဝါဒီ သီတင်းကြီးကို ရှိခိုးထိုက်၏၊ ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွ ဖြစ်သော ဤလူ့လောက၌ ရှေးဘုရားတို့အတူ လာတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ရှိခိုးထိုက်၏၊ ရဟန်းတို့ ရှိခိုးထိုက်သော ပုဂ္ဂိုလ်တို့ကား ဤသုံးဦးတို့တည်း ဟု (မိန့်တော်မူ၏)။

## နေရာတားမြစ်မှုကို ပယ်တော်မူခြင်း

၃၁၃။ ထိုအခါ လူတို့သည် သံဃာကို ရည်မှတ်၍ မဏ္ဍပ်တို့ကို စီရင်ကုန်၏၊ အခင်းတို့ကို စီရင်ကုန်၏၊ နေရာတို့ကို စီရင်ကုန်၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့၏ အနီးနေ တပည့်ရဟန်းတို့သည် "မြတ်စွာဘုရားသည် သံဃာ့ပစ္စည်းကိုသာ သီတင်းကြီးအစဉ်အတိုင်း ခွင့်ပြုတော်မူ၏၊ ရည်မှတ်၍ ပြုသည်ကို ခွင့်ပြုတော်မမူ" ဟု မြတ်စွာဘုရား အမှူးရှိသော သံဃာ၏ ရှေ့မှ ရှေ့မှ သွား၍ "ဤမဏ္ဍပ် စသည်သည် ငါတို့၏ ဥပဇ္ဈာယ်တို့အဖို့ ဖြစ်လတ္တံ့၊ ဤမဏ္ဍပ် စသည်သည် ငါတို့၏ ဆရာတို့အဖို့ ဖြစ်လတ္တံ့၊ ဤမဏ္ဍပ် စသည်သည် ငါတို့အဖို့ ဖြစ်လတ္တံ့" ဟု မဏ္ဍပ်အခင်း နေရာတို့ကိုလည်း သိမ်းဆည်းကုန်၏။

ထိုအခါ အသျှင်သာရိပုတ္တရာသည် ဘုရားအမှူးရှိသော သံဃာ၏ နောက်မှ နောက်မှ သွားသော် မဏ္ဍပ် အခင်းနေရာတို့ကို သိမ်းဆည်းထားပြီး ဖြစ်သောကြောင့် နေရာမရရကား တခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယာမ်၌ ထ၍ ချောင်းဟန့်တော်မူ၏။ အသျှင်သာရိပုတ္တရာသည်လည်း ချောင်းဟန့်၏။ ဤနေရာ၌ အဘယ်သူနည်း ဟု (မေးတော်မူ၏)။ မြတ်စွာဘုရား အကျွန်ုပ် သာရိပုတ္တရာပါတည်း ဟု (လျှောက်၏)။ သာရိပုတ္တရာ အဘယ့်ကြောင့် သင်သည် ဤနေရာ၌ နေဘိသနည်း ဟု (မေးတော်မူ၏)။ ထိုအခါ အသျှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ရဟန်းတို့ကို "ရဟန်းတို့ ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ အနီးနေ တပည့်

http://www.dhammadownload.com



ရဟန်းတို့သည် 'မြတ်စွာဘုရားသည် သံဃာ့ပစ္စည်းကိုသာ သိတင်းကြီးအစဉ်အတိုင်း ခွင့်ပြုတော်မူ၏၊ ရည်မှတ်၍ ပြုသည်ကို ခွင့်ပြုတော်မမူ' ဟု ဘုရားအမှူးရှိသော သံဃာ၏ ရှေ့မှ ရှေ့မှ သွား၍ ဤမဏ္ဍပ် စသည်သည် ငါတို့၏ ဥပဇ္ဈာယ်တို့အဖို့ ဖြစ်လတ္တံ့၊ ဤမဏ္ဍပ် စသည်သည် ငါတို့၏ ဆရာတို့အဖို့ ဖြစ်လတ္တံ့၊ ဤမဏ္ဍပ် စသည်သည် ငါတို့အဖို့ ဖြစ်လတ္တံ့ ဟု မဏ္ဍပ် အခင်းနေရာတို့ကို သိမ်းဆည်းကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။ မှန်ပါသည် မြတ်စွာဘုရား ဟု လျှောက်ကြကုန်၏။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ရည်မှတ်၍ ပြုသည်ကိုလည်း သိတင်းကြီး အစဉ်အတိုင်း မတားမြစ်အပ်၊ တားမြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

## လူတို့၏ ဥစ္စာကို ခွင့်ပြုတော်မူခြင်း

၃၁၄။ ထိုအခါ လူတို့သည် ရွာတွင်းဆွမ်းစားကျောင်း၌ မြင့်သောနေရာ မြတ်သောနေရာတို့ကို ခင်းကုန်၏။ ဤသည်တို့ကား အဘယ်နည်း၊ ၈ မြင့်လွန်းသောနေရာပလ္လင် မွေးရှည်ကော်ဇောကြီး ဆန်းကြယ်သော သားမွေးအခင်း ဖြူသော သားမွေးအခင်း ပန်းပြောက်ခြယ် သားမွေးအခင်း လဲသွတ် အခင်း ရုပ်ပုံခြယ် သားမွေးအခင်း နှစ်ဖက်မွေးရှိသောအခင်း တဖက်မွေးရှိသောအခင်း ရွှေချည်ထိုး အခင်း ပိုးချည်အခင်း သားမွေးခင်းကြီး ဆင်ကုန်းနှီး မြင်းကုန်းနှီး ရထားခင်းနှီး သစ်နက်ရေအခင်း ဝံပိုင့်ရေအခင်း၊ မြတ်သော 'နီသော'မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိနေရာတို့တည်း။

ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိကုန်သည် ဖြစ်၍ မထိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အခြေရှည်သော ညောင်စောင်း အင်းပျဉ်ကိုရင်း ပလ္လင်ကိုရင်း လဲသွတ်အခင်းကိုရင်း (ဤ)သုံးမျိုးတို့ကို ချန်ထား၍ လူတို့ဥစ္စာ ဖြစ်သော အခင်းကို ထိုင်ရန် ခွင့်ပြု၏၊ အိပ်ရန်သော်ကား ခွင့်မပြု ဟု (မိန့်တော်မူ၏)။

ထိုအခါ လူတို့သည် ရွာတွင်းဆွမ်းစားကျောင်း၌ လဲဖြင့်မြေးရက်သော ညောင်စောင်းကိုရင်း အင်းပျဉ်ကိုရင်း ခင်းကုန်၏။

ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိကုန်သည်ဖြစ်၍ မထိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လူတို့၏ ဥစ္စာဖြစ်သော ညောင်စောင်း အင်းပျဉ်ကို ထိုင်ရန် ခွင့်ပြု၏၊ အိပ်ရန်သော်ကား ခွင့်မပြု ဟု (မိန့်တော်မူ၏)။

## ဇေတဝန်ကျောင်းလှူတ် အနုမောဒနာ

၃၁၅။ ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သော် သာဝတ္ထိပြည်သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အနာထပိဏ် သူဌေးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်က "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အတွက် အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကိုသိ၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲသွား၏။

http://www.dhammadownload.com



ထိုနောက် အနာထပိဏ်သူဌေးသည် ထိုညဉ့်လွန်သောအခါ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို စီမံ၍ "မြတ်စွာဘုရား အချိန်တန်ပါပြီ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားအား အချိန် (တန်ကြောင်း)ကို လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက် အနာထပိဏ်သူဌေး၏ အိမ်သို့ ချဉ်းကပ်ပြီးနောက် ခင်းထားသော နေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်တော်မူ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေးပြီးလျှင် မြတ်စွာဘုရားဆွမ်းစားပြီး၍ သပိတ်မှ လက်တော်ကို ဖယ်ပြီးသောအခါ တခုသောနေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားကို "မြတ်စွာဘုရား အကျွန်ုပ်သည် ဇေတဝန်ကျောင်း၌ အဘယ်သို့ ပြုကျင့်ရပါမည်နည်း" ဟု လျှောက်၏။ သူကြွယ် သို့ဖြစ်လျှင် သင်သည် ဇေတဝန်ကျောင်းကို လာပြီး လာလတ္တံ့သော အရပ်လေးမျက်နှာ၌ ရှိသော သံဃာအား လှူလော့ ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအား ဝန်ခံပြီးနောက် ဇေတဝန်ကျောင်းကို လာပြီး လာလတ္တံ့သော အရပ်လေးမျက်နှာ၌ ရှိသော သံဃာအား လှူ၏။ ထို့နောက် မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏။

"(ကျောင်းသည်)အအေးကိုရင်း အပူကိုရင်း ထိုမှတပါး သားရဲတို့ကိုရင်း မြွေကင်းသန်း တို့ကိုရင်း ခြင်တို့ကိုရင်း လေအေးတို့ကိုရင်း မိုးပေါက်တို့ကိုရင်း ပယ်ဖျောက်နိုင်၏။

ထို့ပြင် ဖြစ်လာသော ပြင်းသောလေ ပြင်းသောအပူကိုလည်း ပယ်ဖျောက်နိုင်၏၊ ကိန်း အောင်းခြင်းငှါရင်း ချမ်းသာခြင်းငှါရင်း ဈာန်ဝင်စားခြင်းငှါရင်း ဝိပဿနာရှုခြင်းငှါရင်း သံဃာအား ကျောင်းလှူခြင်းကို မြတ်၏ ဟု မြတ်စွာဘုရား ချီးမွမ်းတော်မူ၏။

ထို့ကြောင့် မိမိ၏ အကျိုးကို မြင်သော ပညာရှိသောသူသည် မွေ့လျော်ဖွယ်ကျောင်းတို့ကို ဆောက်လုပ်စေရာ၏၊ ဤကျောင်းတို့၌ အကြားအမြင်များသော ရဟန်းတို့ကို နေစေရာ၏၊ ထိုဖြောင့်မတ်သော ရဟန်းတို့အား လျှော်သော စားဖွယ်ကိုရင်း သောက်ဖွယ်ကိုရင်း သင်္ကန်း အိပ်ရာ နေရာကိုရင်း ကြည်ညိုသောစိတ်ဖြင့် လှူရာ၏။

ထိုရဟန်းတို့သည် ထိုကျောင်းဒါယကာအား ဆင်းရဲအလုံးစုံကို ပယ်ဖျောက်တတ်သော တရားကို ဟောကုန်၏၊ ဤသာသနာတော်၌ ထိုကျောင်းဒါယကာသည် ထိုတရားကိုသိ၍ အာသဝေါတရားမရှိပဲ ငြိမ်းအေးရလေ၏" ဟု (အနုမောဒနာ ပြုတော်မူ၏)။

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို ဤဂါထာတို့ဖြင့် အနုမောဒနာပြုတော်မူပြီးနောက် နေရာမှ ထကာ ဖဲကြွတော်မူ၏။

## နေရာကို တားမြစ်ခြင်း စသည်

၃၁၆။ ထိုအခါ တဦးသော အာဇီဝက၏ တပည့်ဖြစ်သော အမတ်ကြီးသည် သံဃာအား ဆွမ်းကျွေး၏။ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် နောက်မှ လာ၍ ဆွမ်းစားမပြီးသေးသော အခြားမဲ့၌ နေသော ရဟန်းကို ထစေ၏။ ဆွမ်းစားကျောင်းသည် အုတ်အုတ်ကျက်ကျက် ဖြစ်၏။

http://www.dhammadownload.com



ထိုအခါ ထိုအမတ်ကြီးသည် "သာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် နောက်မှ လာကြပြီးလျှင် ဆွမ်းစားမပြီးသေးသော အခြားမဲ့၌ နေသော ရဟန်းကို အဘယ့်ကြောင့် ထစေကုန်ဘိသနည်း၊ ဆွမ်းစားကျောင်းသည် ဆူဆူညံညံဖြစ်၏၊ အခြားနေရာ၌ ထိုင်သဖြင့်လည်း အလိုရှိတိုင်း စားခွင့်ရသည်ပင် မဟုတ်လော"ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြင်ပြ ပြောဆို၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုသော ထိုအမတ်ကြီး၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းကုန်သော ရဟန်းတို့သည် "သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် နောက်မှ လာပြီးလျှင် ဆွမ်းစားမပြီးသေးသော အခြားမဲ့၌နေသော ရဟန်းကို အဘယ့်ကြောင့် ထစေဘိသနည်း၊ ဆွမ်းစားကျောင်းသည် ဆူဆူညံညံ ဖြစ်၏"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ဥပနန္ဒ သင်သည် နောက်မှ လာပြီးလျှင် ဆွမ်းစားမပြီးသေးသော အခြားမဲ့နေသော ရဟန်းကို ထစေဘိ၏၊ ဆွမ်းစားကျောင်းသည် ဆူဆူညံညံ ဖြစ်၏ ဟူသည် မှန်သလော ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မင်ဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျာ်း သင်သည် နောက်မှ လာပြီးလျှင် ဆွမ်းစားမပြီးသေးသော အခြားမဲ့၌ နေသော ရဟန်းကို အဘယ့်ကြောင့် ထစေဘိသနည်း၊ ဆွမ်းစားကျောင်းသည် ဆူဆူညံညံ ဖြစ်ဘိ၏၊ (မင်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျာ်း ဤ(သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၊ရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ဆွမ်းစားမပြီးသေးသော ရဟန်းကို မထစေအပ်၊ ထစေသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ အကယ်၍ ထစေမူ ပဝါရိတ်လည်း သင့်၏။ 'သွားလော့ ရေကို ဆောင်ယူချေလော့' ဟု ပြောရမည်။ ဤသို့ ဆောင်ယူခြင်းကို ရသော် ကောင်း၏၊ အကယ်၍ မရသော် ဆွမ်းလုံးတို့ကို ကောင်းစွာ မျိုချပြီး၍ သီတင်းကြီးအား နေရာပေးရမည်။ ရဟန်းတို့ ငါသည် 'အကြောင်းတစုံတရာဖြင့် သီတင်းကြီး ရဟန်း၏ နေရာကို တားမြစ်အပ်၏' ဟု မဟော၊ တားမြစ်သော ရဟန်းအားဒုက္ကဋ် အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် နာဖျားသော ရဟန်းတို့ကို ထစေကုန်၏။ "ငါသျှင်တို့ အကျွန်ုပ်တို့သည် မထနိုင် ဘုန်းနာဖျားသော ရဟန်းတို့ ဖြစ်ကုန်၏"ဟု နာဖျားသော ရဟန်းတို့က ပြောကုန်၏။ "အကျွန်ုပ်တို့သည် အသျှင်တို့ကို ထစေကုန်အံ့" ဟု ချီမလျက် ထစေ၍ ရပ်မိသည်ရှိသော် လွှတ်လိုက်ကုန်၏။ နာဖျားသော ရဟန်းတို့သည် မိန်းမောကုန်လျှက် လည်းကျကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။ ရဟန်းတို့ နာဖျားသော ရဟန်းကို မထစေအပ်၊ ထစေသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် "အကျွန်ုပ်တို့သည် နာဖျားသော မထစေအပ်သော ရဟန်းတို့ ဖြစ်ကုန်၏" ဟု မြတ်သော အိပ်ရာတို့ကို တားမြစ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ နာဖျားသော ရဟန်းအား လျှောက်ပတ်သော အိပ်ရာကို ပေးစေရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမြွက်ထောင်သဖြင့် ကျောင်း အိပ်ရာ နေရာကို တားမြစ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမြွက်ထောင်သဖြင့် ကျောင်း အိပ်ရာ နေရာကို မတားမြစ်အပ်၊ တားမြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် "ငါတို့သည် ဤအရပ်၌ ဝါဆိုနေကုန်အံ့" ဟု အစွန်ကျသော ကျောင်းကြီး တကျောင်းကို ပြုပြင်ကုန်၏။ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ကျောင်းပြုပြင်ကုန်သော သတ္တရသဝဂ္ဂီ ရဟန်းတို့ကို မြင်၍ "ငါ့သျှင်တို့ ဤသတ္တရသဝဂ္ဂီ ရဟန်းတို့သည် တခုသော ကျောင်းကို ပြုပြင်ကုန်၏၊ ယခု ထိုရဟန်းတို့ကို ထစေကုန်အံ့" ဟု ဆိုကုန်၏။ အချို့ ရဟန်းတို့သည် "ငါ့သျှင်တို့ ပြုပြင်မပြီးမီ ဆိုင်းငံ့ကုန်ဦးလော့၊ ပြုပြင်ပြီးသော် ထစေကုန်အံ့" ဟု ဆိုကုန်၏။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းတို့ကို—

"ငါ့သျှင်တို့ ထကုန်လော့၊ ကျောင်းသည် ငါတို့အား ရောက်၏" ဟု ပြောကုန်၏။

ငါ့သျှင်တို့ စောစောပင်လျှင် ပြောထိုက်သည် မဟုတ်လော၊ ငါတို့သည်လည်း အခြားကျောင်းကို ပြုပြင်ကုန်ရာသည် မဟုတ်လော ဟု (ဆိုကုန်၏)။

ငါ့သျှင်တို့ ကျောင်းသည် သံဃာ့ ပစ္စည်း မဟုတ်လော ဟု (ပြောကုန်၏)။

ငါ့သျှင်တို့ မှန်၏၊ ကျောင်းသည် သံဃာ့ ပစ္စည်းတည်း ဟု (ဆိုကုန်၏)။

ငါ့သျှင်တို့ ထကုန်လော့၊ ကျောင်းသည် ငါတို့အား ရောက်၏ ဟု (ပြောကုန်၏)။

ငါ့သျှင်တို့ ကျောင်းသည် ကြီး၏၊ သင်တို့သည်လည်း နေကုန်လော့၊ ငါတို့သည်လည်း နေကုန်အံ့ ဟု (ဆိုကုန်၏)။

"ငါ့သျှင်တို့ ထကုန်လော့၊ ကျောင်းသည် ငါတို့အား ရောက်၏" ဟု အမျက်ထွက်ကုန်၍ နှလုံးမသာကုန်၍ လည်ဇ္ဈ ကိုင်၍ နှင်ထုတ်ကုန်၏။ ထိုရဟန်းတို့သည် နှင်ထုတ်ခံရသောကြောင့် ငိုကုန်၏။ ရဟန်းတို့သည် "ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငိုကုန်သနည်း" ဟု မေးကုန်၏။ ငါ့သျှင်တို့ ဤဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်ကုန်၍ နှလုံးမသာကုန်၍ ငါတို့ကို သံဃိကကျောင်းမှ နှင်ထုတ်ကုန်၏ ဟု (ပြောကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်ကုန်၍ နှလုံးမသာကုန်၍ ရဟန်းတို့ကို သံဃိကကျောင်းမှ နှင်ထုတ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အမျက်ထွက်ကုန်၍ နှလုံးမသာကုန်၍ သံဃိကကျောင်းမှ ရဟန်းတို့ကို နှင်ထုတ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ အမျက်ထွက်သဖြင့်ရင်း နှလုံးမသာသဖြင့်ရင်း ရဟန်းတို့ကို သံဃိကကျောင်းမှ မနှင်ထုတ်အပ်၊ နှင်ထုတ်သော ရဟန်းကို အာပတ်အားလျော်စွာ ပြုစေရမည်။

"ရဟန်းတို့ ကျောင်း အိပ်ရာ နေရာကို ခံယူစေရန် ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ကျောင်းယူစေသူ ဟု သမ္မုတိ ပေးခြင်း

၃၁၇။ ထိုအခါ ရဟန်းတို့အား "အဘယ်သူသည် ကျောင်း အိပ်ရာ နေရာတို့ကို ခံယူစေထိုက် သနည်း" ဟု အကြံ ဖြစ်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ကျောင်းခံယူစေသော ရဟန်း ဟု သမုတ်ခြင်းငှါ ခွင့်ပြု၏။ ထိုရဟန်းသည် ဆန္ဒာဂတိသို့လည်း မလိုက်ရာ၊ ဒေါသာဂတိသို့လည်း မလိုက်ရာ၊ မောဟာဂတိသို့လည်း မလိုက်ရာ၊ ဘယာဂတိသို့လည်း မလိုက်ရာ၊ ယူပြီး မယူသေးသည်ကိုလည်း သိရာ၏။

ရဟန်းတို့ ဤသို့ သမုတ်ရမည်။ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤမည်သော ရဟန်းကို ကျောင်းခံယူစေသော ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို ကျောင်းခံယူစေသော ရဟန်း ဟု သမုတ်၏၊ ဤမည်သော ရဟန်းကို ကျောင်းခံယူစေသော ရဟန်း ဟု သမုတ်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထို အသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို ကျောင်းခံယူစေသော ရဟန်း ဟု သမုတ်အပ်ပြီ၊သံဃာ အား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက် သည့်အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၃၁၈။ ထိုအခါ ကျောင်းခံယူစေကုန်သော ရဟန်းတို့အား "ကျောင်းကို အဘယ်သို့ ခံယူစေ သင့်သနည်း" ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရှေးဦးစွာ ရဟန်းတို့ကို ရေတွက်ခြင်းငှါ ရဟန်းတို့ကို ရေတွက်ပြီးနောက် အိပ်ရာတို့ကို ရေတွက်ခြင်းငှါ အိပ်ရာတို့ကို ရေတွက်ပြီးနောက် အိပ်ရာ အပိုင်းအခြားဖြင့် ခံယူခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အိပ်ရာအပိုင်းအခြားဖြင့် ခံယူစေအပ်ကုန်သော် အိပ်ရာတို့သည် ပိုလျှံကုန်၏။ပ။ ရဟန်းတို့ ကျောင်း အပိုင်းအခြားဖြင့် ခံယူစေခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ကျောင်းအပိုင်းအခြားဖြင့် ခံယူစေကုန်သော် ကျောင်းတို့သည် ပိုလျှံကုန်၏။ပ။ ရဟန်းတို့ ပရိဝုဏ် အပိုင်းအခြားဖြင့် ခံယူစေခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပရိဝုဏ် အပိုင်းအခြားဖြင့် ခံယူစေကုန်သော် ပရိဝုဏ်တို့သည် ပိုလျှံကုန်၏။ပ။ ရဟန်းတို့ နောက်ထပ်ဝေစုကိုလည်း ပေးခြင်းငှါ ခွင့်ပြု၏။

နောက်ထပ် ဝေစု ယူပြီးသော် အခြား ရဟန်း ရောက်လာအံ့၊ မပေးလိုမူ မပေးရ ဟု (မိန့်တော် မူ၏)။

http://www.dhammadownload.com



ထိုအခါ ရဟန်းတို့သည် ဥပစာသိမ်ပဌ္ဌ တည်သော ရဟန်းကို ကျောင်းအိပ်ရာ နေရာကို ယူစေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဥပစာသိမ်ပဌ္ဌ တည်နေသော ရဟန်းကို ကျောင်း အိပ်ရာ နေရာတို့ကို မယူစေအပ်၊ ယူစေသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါရဟန်းတို့သည် ကျောင်း အိပ်ရာ နေရာကို ယူစေပြီးသော် အခါခပ်သိမ်း တားမြစ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျောင်း အိပ်ရာ နေရာကို ယူစေပြီးသော် အခါခပ်သိမ်း မတားမြစ်အပ်၊ တားမြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းတို့ မိုးသုံးလပတ်လုံး တားမြစ်ခြင်းငှါ ခွင့်ပြု၏၊ ဆောင်းဥတု နွေဥတု၌ကား မတားမြစ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့အား "ကျောင်းခံယူခြင်းတို့သည် အဘယ်မျှတို့နည်း" ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျောင်းခံယူခြင်းတို့သည် ပုရိမဝါ၌ ကျောင်းခံယူခြင်းရှင်း ပစ္ဆိမဝါ၌ ကျောင်းခံယူခြင်းရှင်း ဝါပဌ္ဌ ကျောင်းခံယူခြင်းရှင်း ဤသုံးမျိုးတို့တည်း။ ဝါဆိုလပြည့်ကျော် တရက်နေ့၌ ပုရိမဝါကျောင်းခံယူခြင်းကို ခံယူစေအပ်၏၊ ဝါခေါင်လပြည့်ကျော် တရက်နေ့၌ ပစ္ဆိမဝါ ကျောင်းခံယူခြင်းကို ခံယူစေအပ်၏၊ သီတင်းကျွတ်လပြည့်ကျော်တရက်နေ့၌ နောက်မိုးလပတ်လုံး နေရန် ဝါပကျောင်းခံယူခြင်းကို ခံယူစေအပ်၏၊ ရဟန်းတို့ ကျောင်းခံယူခြင်းတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယအခန်း ပြီး၏။

## ၃-တတိယအခန်း

၃၁၉။ ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် သာဝတ္ထိပြည်၌ ကျောင်း အိပ်ရာနေရာကို ခံယူပြီးလျှင် တခုသော ရွာငယ်ကျောင်းသို့ သွား၏၊ ထိုရွာငယ်ကျောင်း၌လည်း ကျောင်းအိပ်ရာ နေရာကို ခံယူပြန်၏။ ထိုအခါ ထိုရဟန်းတို့အား "ငါ့သျှင်တို့ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများတတ်၍ သံဃာ၌လည်း အဓိကရဏ်းကို ပြုတတ်၏၊ ဤဥပနန္ဒသည် ဤကျောင်း၌ ဝါဆိုငြားအံ့၊ အလုံးစုံသော ငါတို့သည် မချမ်းမသာ ဖြစ်ကုန်လတ္တံ့၊ ယခု ထိုဥပနန္ဒကို မေးကုန်အံ့" ဟု အကြံ ဖြစ်၏။ ထိုအခါ ထိုရဟန်းတို့သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို—

"ငါ့သျှင် ဥပနန္ဒ သင်သည် သာဝတ္ထိပြည်၌ ကျောင်း အိပ်ရာ နေရာကို ခံယူပြီး မဟုတ်လော" ဟု မေးကြကုန်၏။

မှန်ပေသည် ငါ့သျှင်တို့ ဟု (ဆို၏)။

ငါ့သျှင် ဥပနန္ဒ သင်သည် တပါးထည်း ဖြစ်လျက် နှစ်ကျောင်းတို့ကို တားမြစ်သလော ဟု (မေးကြကုန်၏)။

ငါ့သျှင်တို့ အကျွန်ုပ်သည် ယခုအခါ ဤရွာက (ကျောင်းကို)လွှတ်၍ ထိုသာဝတ္ထိပြည် ကျောင်းကို ခံယူ၏ ဟု (ဆို၏)။

http://www.dhammadownload.com



အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် တပါးထည်း ဖြစ်လျက် နှစ်ကျောင်းတို့ကို တားမြစ်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ဥပနန္ဒ သင်သည် တဦးထည်းဖြစ်လျက် နှစ်ကျောင်းတို့ကို တားမြစ်၏ ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မဂ်ဖိုလ်မှ)အချည်းနှီး ဖြစ်သော ယောကျ်ား သင်သည် တဦးထည်း ဖြစ်လျက် နှစ်ကျောင်းတို့ကို အဘယ်ကြောင့် တားမြစ်ဘိသနည်း။ (မဂ်ဖိုလ်မှ)အချည်းနှီး ဖြစ်သော ယောကျ်ား သင်သည် ထိုရွာက (ကျောင်းကို)ခံယူ၍ ဤရွာ၌ (ကျောင်းကို)လွှတ်၏၊ သင်သည် ဤရွာက (ကျောင်းကို) ခံယူ၍ ထိုရွာ၌ (ကျောင်းကို)လွှတ်၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် ဤနည်းဖြင့် နှစ်နေရာလုံးမှ အပဖြင်၏။ (မဂ်ဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ တဦးထည်းသော ရဟန်းသည် နှစ်ကျောင်းတို့ကို မတားမြစ်အပ်ကုန်၊ တားမြစ်သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏" ဟု (မိန့်တော်မူ၏)။

၃၂၀။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား အကြောင်းအမျိုးမျိုးဖြင့် ဝိနည်းစကားကို ဟောတော်မူ၏၊ ဝိနည်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏၊ ဝိနည်းကို သင်ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏၊ ရည်စူး၍ ရည်စူး၍ အသျှင်ဥပါလိ၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏။

ရဟန်းတို့သည် "မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် ဝိနည်းစကားကိုဟောတော်မူ၏၊ ဝိနည်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏၊ ဝိနည်းကို သင်ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏၊ ရည်စူး၍ ရည်စူး၍ အသျှင်ဥပါလိ၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏၊ ငါ့သျှင်တို့ ငါတို့သည် ယခုအခါ အသျှင်ဥပါလိ၏ အထံ၌ ဝိနည်းကို သင်ကုန်အံ့" ဟု ဆိုကုန်၏။ များစွာကုန်သော သီတင်းကြီး သီတင်းငယ် သီတင်းလတ်ဖြစ် ကုန်သော ထိုရဟန်းတို့သည် အသျှင်ဥပါလိ၏ အထံ၌ ဝိနည်းကို သင်ယူကုန်၏၊ အသျှင်ဥပါလိသည် သီတင်းကြီးရဟန်းတို့အား ရိုသေခြင်းဖြင့် ရပ်လျက် သင်ပေး၏။

သီတင်းကြီး ရဟန်းတို့သည်လည်း တရားကို ရိုသေခြင်းဖြင့် ရပ်လျက် သင်ယူကုန်၏။ ထိုသို့ သင်ရာ၌ သီတင်းကြီး ရဟန်းတို့သည်လည်း ပင်ပန်းကုန်၏၊ အသျှင်ဥပါလိသည်လည်း ပင်ပန်း၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သင်ပြပေးသော သီတင်းငယ် ရဟန်းသည် တရားကိုရိုသေသဖြင့် တူသောနေရာ၌ရင်း မြင့်သောနေရာ၌ရင်း ထိုင်နိုင်၏၊ ထိုင်နိုင်ခြင်းငှါ ခွင့်ပြု၏၊ သင်ယူသော သီတင်းကြီး ရဟန်းသည် တရားကို ရိုသေသဖြင့် တူသောနေရာ၌ရင်း နိမ့်သောနေရာ၌ရင်း ထိုင်နိုင်၏၊ ထိုင်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ များစွာသော ရဟန်းတို့သည် အသျှင်ဥပါလိ၏ အထံ၌ ရပ်ကုန်လျက် သင်ပြပေးခြင်းကို စောင့်မြော်ကြရသောကြောင့် ပင်ပန်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ

http://www.dhammadownload.com



ကုန်၏။ ရဟန်းတို့ နေရာတူ ရဟန်းတို့အတွက် အတူထိုင်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ ရဟန်းတို့အား "အဘယ်မျှဖြင့် နေရာတူသော ရဟန်းဖြစ်သနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ (မိမိမှအထက်အောက်)သုံးဝါအတွင်းရှိ (နှစ်ဝါကြီး နှစ်ဝါငယ်)ရဟန်းနှင့် အတူ ထိုင်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ များစွာသော နေရာတူ ရဟန်းတို့သည် ညောင်စောင်း၌ ထိုင်၍ ညောင်စောင်းကို ဖျက်ဆီးကုန်၏။ အင်းပျဉ်၌ထိုင်၍ အင်းပျဉ်ကိုဖျက်ဆီးကုန်၏၊မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သုံးပါးစု ရဟန်းအား ညောင်စောင်းကိုရင်း အင်းပျဉ်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

သုံးပါးစု ရဟန်းသည်လည်း ညောင်စောင်း၌ ထိုင်၍ ညောင်စောင်းကို ဖျက်ဆီး၏၊ အင်းပျဉ်၌ ထိုင်၍ အင်းပျဉ်ကို ဖျက်ဆီး၏။ပ။ ရဟန်းတို့ နှစ်ပါးစု ရဟန်းအား ညောင်စောင်းကိုရင်း အင်းပျဉ်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် နေရာမတူ (အတူထိုင်ခွင့်မရှိ)သော ရဟန်းတို့နှင့် နေရာရှည်၌ အတူ ထိုင်ခြင်းငှါ မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပဏ္ဍုက်ကိုရင်း မိန်းမကိုရင်း ဥဘတောဗျည်းကိုရင်း ချန်ထား၍ နေရာတူ ထိုင်ခွင့် မရှိသော ရဟန်းတို့နှင့် နေရာရှည်၌ အတူထိုင်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ ရဟန်းတို့အား "အဘယ်မျှလောက်သည် အယုတ်ဆုံး နေရာရှည် ဖြစ်လေသနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သုံးယောက် ထိုင်လောက်သော နေရာသည် အယုတ်ဆုံး နေရာရှည် ဖြစ်၏ ဟု ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ မိဂါရသူဌေး၏ အမိသဖွယ် ဖြစ်သော ဝိသာခါသည် သံဃာ၏ အကျိုးငှါ ကျောင်းဦး ဆင်ဝင်နှင့်တကွ အုတ်ခုံရှိသော ပြာသာဒ်ကို ပြုလုပ်စေလို၏။ ထိုအခါ ရဟန်းတို့အား "မြတ်စွာဘုရားသည် ပြာသာဒ် အသုံးအဆောင်ကိုခွင့်ပြုအပ်လေသလော ခွင့်မပြုအပ်လေသလော"ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောကကြကုန်၏။ ရဟန်းတို့ ပြာသာဒ် အသုံးအဆောင် အလုံးစုံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ပသေနဒီကောသလမင်း၏ အဖွားသေခြင်းကြောင့် သံဃာအား အကပ္ပိယဘဏ္ဍာ များစွာ ဖြစ်ပေါ်လာ၏၊ ဤအကပ္ပိယဘဏ္ဍာကား၊ အဘယ်နည်း၊ မြင့်လွန်းသော နေရာပလ္လင် မွေးရှည်ကော်ဇောကြီး ဆန်းကြယ်သော သားမွေးအခင်း ဖြူသော သားမွေးအခင်း ပန်းပြောက်ခြယ် သားမွေးအခင်း လဲသုတ်အခင်း ရုပ်ပုံခြယ် သားမွေးအခင်း နှစ်ဖက်မွေးရှိအခင်း တဖက်မွေးရှိ အခင်း ရွှေချည် ထိုးအခင်း ပိုးခြည်အခင်း သားမွေးခင်းကြီး ဆင်ကုန်းနီး မြင်းကုန်းနှီး ရထားခင်းနှီး သစ်နက် ရေအခင်း ဝံပိုင့်ရေအခင်းမြတ် (နီသော)မျက်နှာကြက်နှင့် အုံးနီ နှစ်ဖက်ရှိ နေရာတို့တည်း။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ညောင်စောင်း၏ ခြေတို့ကို ဖြတ်၍သုံးဆောင်ခြင်းငှါရင်း ပလ္လင်၏ သားရဲရုပ်တို့ကို ဖျက်ဆီး၍ သုံးဆောင်ခြင်းငှါရင်း လဲသုတ်အခင်းကို ဖြေ၍ခေါင်းအုံးလုပ်ခြင်းငှါရင်း ကြွင်းသော အခင်းကို မြေအခင်းပြုလုပ်ခြင်းငှါရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## မစွန့်ထိုက်သော ပစ္စည်းများ

၃၂၁။ ထိုအခါ သာဝတ္ထိပြည်၏ အနီး တခုသော ရွာငယ်ကျောင်း၌ ကျောင်းနေ ရဟန်းတို့သည် အာဂန္တုရဟန်း ခရီးသွားရဟန်းတို့အတွက် ကျောင်းအိပ်ရာ နေရာကို ခင်းရ၍ အနှောင့်အယှက် ဖြစ်ကုန်၏။ ထိုအခါ ထိုရဟန်းတို့အား—

"ငါ့သျှင်တို့ ယခုအခါ ငါတို့သည် အာဂန္တုရဟန်း ခရီးသွားရဟန်းတို့၏ ကျောင်းအိပ်ရာ နေရာကို ခင်းရသဖြင့် အနှောင့်အယှက် ဖြစ်ကုန်၏၊ ငါ့သျှင်တို့ ယခုအခါ ငါတို့သည် သံဃိကကျောင်း အိပ်ရာ နေရာ အလုံးစုံကို ရဟန်းတပါးအား ပေးကုန်အံ့၊ ထိုရဟန်း၏ ပစ္စည်းကို သုံးဆောင်ကုန်အံ့" ဟု အကြံ ဖြစ်၏။

ထိုရဟန်းတို့သည် သံဃိကကျောင်း အိပ်ရာ နေရာအလုံးစုံကို ရဟန်းတပါးအား ပေးကုန်၏၊ အာဂန္တုရဟန်းတို့သည် ထိုရဟန်းတို့ကို "ငါ့သျှင်တို့ ငါတို့အတွက် ကျောင်း အိပ်ရာ နေရာကို ခင်းကုန်လော့" ဟု ပြောကုန်၏။ ငါ့သျှင်တို့ သံဃိက ကျောင်း အိပ်ရာ နေရာ မရှိ၊ အကျွန်ုပ်တို့သည် ရဟန်းတပါးအား ကျောင်း အိပ်ရာ နေရာကို အလုံးစုံ ပေးပြီးပြီ ဟု ပြောကုန်၏။ ငါ့သျှင်တို့ သင်တို့သည် သံဃိကကျောင်း အိပ်ရာ နေရာကို စွန့်ကြသလော ဟု (မေးကုန်၏)။ မှန်ပေသည် ငါ့သျှင်တို့ ဟု (ပြောကုန်၏)။ အလိုနည်းကုန်သော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် သံဃိက ကျောင်း အိပ်ရာ နေရာကို စွန့်ကြကုန်ဘိသနည်း ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ ရဟန်းတို့သည် သံဃိကကျောင်း အိပ်ရာ နေရာကို စွန့်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ကို (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် သံဃိကကျောင်း အိပ်ရာ နေရာကို အဘယ့်ကြောင့် စွန့်ကြကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ရဟန်းတို့ပြုမိသော ဤအမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

ရဟန်းတို့ ဤမစွန့်ထိုက်သော ဘဏ္ဍာပစ္စည်း ငါးမျိုးတို့ကို သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မစွန့်ထိုက်ကုန်၊ စွန့်သော်လည်း စွန့်ရာမရောက်ကုန်၊ စွန့်သော ရဟန်းအား ထုလ္လစ္စည်း အာပတ် သင့်၏။

ငါးမျိုးသော ဘဏ္ဍာတို့ကား အဘယ်တို့နည်း။

အရံ အရံရာ ဤကား မစွန့်ထိုက်သော ပဌမဘဏ္ဍာအစုတည်း၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မစွန့်ထိုက်၊ စွန့်သော်လည်း စွန့်သည် မမည်၊ စွန့်သော ရဟန်းအား ထုလ္လစ္စည်း အာပတ် သင့်၏။

ကျောင်း ကျောင်းရာ ဤကား မစွန့်ထိုက်သော ဒုတိယဘဏ္ဍာအစုတည်း၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မစွန့်ထိုက်၊ စွန့်သော်လည်း စွန့်သည်မမည်၊ စွန့်သော ရဟန်းအား ထုလ္လစ္စည်းအာပတ် သင့်၏။

http://www.dhammadownload.com



ညောင်စောင်း အင်းပျဉ် ဘုံလျှို 'ဖုံ' ခေါင်းအုံး ဤကား မစွန့်ထိုက်သော တတိယဘဏ္ဍာအစုတည်း၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မစွန့်ထိုက်၊ စွန့်သော်လည်း စွန့်သည် မမည်၊ **စွန့်သော ရဟန်းအား ထုလ္လစ္စည်းအာပတ် သင့်၏။**

ကြေးအိုးကြီး ကြေးအိုးစရည်း ကြေးအင်တုံ ကြေးဖျဉ်း ပဲခွပ် ပုဆိန် ဓားမ ပေါက်တူး ဆောက် ဤကား မစွန့်ထိုက်သော စတုတ္ထဘဏ္ဍာအစုတည်း၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း **မစွန့်ထိုက်၊ စွန့်သော်လည်း စွန့်သည် မမည်၊ စွန့်သော ရဟန်းအား ထုလ္လစ္စည်းအာပတ် သင့်၏။**

နွယ် ဝါး ဖြူဆံမြက် ပြိတ်မြက် မြက် မြေညက် သစ်ဘဏ္ဍာ မြေဘဏ္ဍာ ဤကား မစွန့်ထိုက်သော ပဉ္စမဘဏ္ဍာအစုတည်း၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မစွန့်ထိုက်၊ စွန့်သော်လည်း **စွန့်သည်မမည်၊ စွန့်သော ရဟန်းအား ထုလ္လစ္စည်းအာပတ် သင့်၏။**

ရဟန်းတို့ ဤငါးမျိုးသော ဘဏ္ဍာတို့ကို မစွန့်ထိုက်ကုန်၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မစွန့်ထိုက်၊ စွန့်သော်လည်း စွန့်သည် မမည်၊ စွန့်သော ရဟန်းအား ထုလ္လစ္စည်း **အာပတ် သင့်၏** ဟု (**မိန့်တော်မူ၏**)။

## မခွဲဝေထိုက်သော ပစ္စည်းများ

၃၂၂။ ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ကိဋာဂိရိဇနပုဒ်သို့ များစွာသော ငါးရာ အတိုင်းအရှည်ရှိသော ရဟန်းသံဃာနှင့်ရင်း သျှင်သာရိပုတြာ သျှင်မောဂ္ဂလာန်တို့နှင့်ရင်း အတူ ဒေသစာရီ လှည့်လည်တော်မူ၏။ အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် "မြတ်စွာဘုရားသည် ကိဋာဂိရိသို့ များစွာသော ငါးရာ အတိုင်းအရှည်ရှိသော ရဟန်းသံဃာနှင့်ရင်း သျှင်သာရိပုတြာ သျှင်မောဂ္ဂလာန်တို့နှင့်ရင်း အတူ ကြွလာတော်မူ၏ ဟု ကြားကုန်၏။ ငါ့သျှင်တို့ ငါတို့သည် ယခု သံဃိကကျောင်း အိပ်ရာ နေရာ အလုံးစုံကို ခွဲဝေကုန်အံ့၊ သာရိပုတြာ မောဂ္ဂလာန်တို့သည် ယုတ်ညံ့သော အလိုဆန္ဒရှိကုန်၏၊ ယုတ်ညံ့သော ဣစ္ဆာတရားတို့၏ အလိုသို့ လိုက်ကုန်၏၊ ငါတို့သည် ထိုသာရိပုတြာ မောဂ္ဂလာန်တို့အတွက် ကျောင်း အိပ်ရာ နေရာကို မခင်းကုန်အံ့" ဟု ပြောကုန်လျက် ထိုအဿဇိပုနဗ္ဗသုကရဟန်းတို့သည် သံဃိကကျောင်း အိပ်ရာ နေရာ အလုံးစုံကို ခွဲဝေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်းသော ဒေသစာရီ လှည့်တော်မူ၍ ကိဋာဂိရိဇနပုဒ်သို့ ရောက်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့ကို ရဟန်းတို့ သင်တို့သည် သွားကုန်လော့၊ အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို ချဉ်းကပ်၍ "ငါ့သျှင်တို့ မြတ်စွာဘုရားသည် များစွာသော ငါးရာ အတိုင်းအရှည်ရှိသော ရဟန်းသံဃာတို့နှင့်ရင်း သျှင်သာရိပုတြာ သျှင်မောဂ္ဂလာန်တို့နှင့်ရင်း အတူ ကြွလာတော်မူ၏၊ ငါ့သျှင်တို့ မြတ်စွာဘုရားအတွက်ရင်း ရဟန်းသံဃာအတွက်ရင်း သျှင်သာရိပုတြာ သျှင်မောဂ္ဂလာန်တို့အတွက်ရင်း ကျောင်းအိပ်ရာ နေရာကို ခင်းရမည် ဟု ပြောကုန်လော့" ဟူ၍ ရဟန်းများအား မိန့်တော်မူ၏။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံပြီးနောက် အဿဇိပုနဗ္ဗသုကရဟန်းတို့သို့ ချဉ်းကပ်၍ အဿဇိပုနဗ္ဗသုကရဟန်းတို့ကို "ငါ့သျှင်တို့ မြတ်စွာဘုရားသည် များစွာသော ငါးရာအတိုင်းအရှည်ရှိသော ရဟန်းသံဃာတို့နှင့်ရင်း သျှင်သာရိပုတြာ သျှင်မောဂ္ဂလာန်တို့နှင့်ရင်း အတူ ကြွလာတော်မူ၏၊ မြတ်စွာဘုရားအတွက်ရင်း ရဟန်းသံဃာအတွက်ရင်း

http://www.dhammadownload.com



သျှင်သာရိပုတြာ သျှင်မောဂ္ဂလာန်တို့အတွက်ရင်း ကျောင်း အိပ်ရာ နေရာကို ခင်းကုန်လော့” ဟု ပြောကုန်၏။

ငါ့သျှင်တို့ သံဃိက ကျောင်း အိပ်ရာ နေရာမရှိ၊ အလုံးစုံကို အကျွန်ုပ်တို့သည် ခွဲဝေအပ်ပြီ၊ ငါ့သျှင်တို့ မြတ်စွာဘုရား၏ လာခြင်းသည် ကောင်းသော လာခြင်းတည်း၊ မြတ်စွာဘုရားသည် အလိုရှိရာ ကျောင်းမှာ နေတော်မူလတ္တံ့၊ သာရိပုတြာ မောဂ္ဂလာန်တို့သည် ယုတ်ညံ့သော အလိုရှိကုန်၏၊ ယုတ်ညံ့သော ဝတ္ထုတရား၏ အလိုသို့ လိုက်ကုန်၏၊ အကျွန်ုပ်တို့သည် ထိုသာရိပုတြာ မောဂ္ဂလာန်တို့ အတွက် ကျောင်း အပ်ရာ နေရာတို့ကို မခင်းနိုင်ကုန် ဟု ပြောကုန်၏။

ငါ့သျှင်တို့ သင်တို့သည် သံဃိကကျောင်း အိပ်ရာ နေရာကို ခွဲဝေကုန်သလော ဟု (မေးကုန်၏)။ မှန်ပေသည် ငါ့သျှင်တို့ ဟု (ပြောကုန်၏)။ အလိုနည်းသော ရဟန်းတို့သည် “အဘယ့်ကြောင့် အဿဇိ ပုနဗ္ဗသုက ရဟန်းတို့သည် သံဃိကကျောင်း အိပ်ရာ နေရာကို ခွဲဝေကုန်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ (မင်္ဂဖိုလ်မှ) အချည်းနှီး ဖြစ်သော ထိုယောကျ်ားတို့သည် သံဃိကကျောင်း အိပ်ရာ နေရာကို အဘယ့်ကြောင့် ခွဲဝေကုန်ဘိသနည်း၊ ရဟန်းတို့ ဤ(ရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။ ရဟန်းတို့ ဤမခွဲဝေထိုက်သော ဘဏ္ဍာပစ္စည်းငါးမျိုးတို့ကို သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မခွဲဝေထိုက်ကုန်၊ ခွဲဝေသော်လည်း ခွဲဝေသည် မမည်ကုန်၊ ခွဲဝေသော ရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏။

ငါးမျိုးသော ဘဏ္ဍာတို့ကား အဘယ်တို့နည်း။

အရံ အရံရာ ဤကား မခွဲဝေထိုက်သော ပဌမဘဏ္ဍာအစုတည်း၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မခွဲဝေထိုက်၊ ခွဲဝေသော်လည်း ခွဲဝေသည်မမည်၊ ခွဲဝေသော ရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏။

ကျောင်း ကျောင်းရာ ဤကား မခွဲဝေထိုက်သော ဒုတိယဘဏ္ဍာအစုတည်း၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မခွဲဝေထိုက်၊ ခွဲဝေသော်လည်း ခွဲဝေသည် မမည်၊ ခွဲဝေသော ရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်၏။

ညောင်စောင်း အင်းပျဉ် ဘုံလျို ‘ဖုံ’ခေါင်းအုံး ဤကား မခွဲဝေထိုက်သော တတိယဘဏ္ဍာအစုတည်း၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မခွဲဝေထိုက်၊ ခွဲဝေသော်လည်း ခွဲဝေသည် မမည်၊ ခွဲဝေသော ရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်၏။

ကြေးအိုးကြီး ကြေးအိုးစရည်း ကြေးအင်တွဲ ကြေးဖျဉ်း ပဲခွပ် ပုဆိန် ခါးမ ပေါက်တူး ဆောက် ဤကား မခွဲဝေထိုက်သော စတုတ္ထဘဏ္ဍာအစုတည်း၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မခွဲဝေထိုက်၊ ခွဲဝေသော်လည်း ခွဲဝေသည် မမည်၊ ခွဲဝေသော ရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်၏။

http://www.dhammadownload.com



နွယ် ဝါး ဖြူဆံမြက် ပြိတ်မြက် မြက် မြေညက် သစ်ဘဏ္ဍာ မြေဘဏ္ဍာ ဤကား မခွဲဝေထိုက်သော ပဉ္စမဘဏ္ဍာ အစုတည်း။ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မခွဲဝေထိုက်၊ ခွဲဝေသော်လည်း ခွဲဝေသည် မမည်၊ ခွဲဝေသော ရဟန်းအား **ထုလ္လစ္စည်းအာပတ် သင့်၏**။ ရဟန်းတို့ ဤငါးမျိုးသော ဘဏ္ဍာတို့ကား မခွဲဝေထိုက်သော ဘဏ္ဍာတို့တည်း၊ သံဃာသည်ရင်း ဂိုဏ်းသည်ရင်း ပုဂ္ဂိုလ်သည်ရင်း မခွဲဝေထိုက်၊ ခွဲဝေသော်လည်း ခွဲဝေသည်မမည်၊ ခွဲဝေသော ရဟန်းအား **လုလ္လစ္စည်း အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

## အမှုသစ် ပေးရမည်ကို ပြခြင်း

၃၂၃။ ထိုအခါ မြတ်စွာဘုရားသည် ကိဋာဂိရိဇနပုဒ်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးတော်မူပြီးလျှင် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သော် အာဠဝီပြည်သို့ ရောက်တော်မူ၍ ထိုအာဠဝီပြည် အဂ္ဂါဠဝ နတ်ကွန်း၌ နေတော်မူ၏။ ထိုအခါ အာဠဝီပြည်သား ရဟန်းတို့သည် ဤသို့ သဘောရှိသော အမှုသစ်တို့ကို ပေးကုန်၏၊အင်းကတေကွက် ဖော်ကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊နံရံကို လိမ်းကျံကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ တံခါးကို ထားကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ မင်းတုပ်တိုင် ပြုလုပ်ကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ လေသာပြူတင်း လုပ်ကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ ဆေးဖြူသုတ်ကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ ဆေးနက်သုတ်ကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ ဂေ္ဂနီခြယ်ကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ မိုးကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ ဖွဲ့ကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ ခိုနန်းထားကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ အကျိုးအပျက်ကို ပြင်ကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ နွားချေး ဖန်ရည် လိမ်းကျံကာမျှဖြင့်လည်း အမှုသစ်ကို ပေးကုန်၏၊ နှစ်ပေါင်း နှစ်ဆယ်တိုင်အောင်လည်း အမှုသစ်ကို ပေးကုန်၏၊ နှစ်ပေါင်း သုံးဆယ်တိုင်အောင်လည်း အမှုသစ်ကို ပေးကုန်၏၊ အသက်ထက်ဆုံးလည်း အမှုသစ်ကိုပေးကုန်၏၊ မီးခိုးဆုံးချိန်တိုင်အောင်လည်း ပြီးဆုံးပြီးသော ကျောင်းအတွက် အမှုသစ်ကို ပေးကုန်၏။ အလိုနည်းသော ရဟန်းတို့သည်—

"အာဠဝီပြည်သား ရဟန်းတို့သည် ဤသို့သော အမှုသစ်တို့ကို အဘယ့်ကြောင့် ပေးကုန်ဘိသနည်း၊အင်းကတေကွက်ဖော်ကာမျှဖြင့်လည်း အမှုသစ်ကိုအဘယ့်ကြောင့် ပေးကုန်ဘိသနည်း၊နံရံကို လိမ်းကျံကာမျှဖြင့်လည်း အမှုသစ်ကို အဘယ့်ကြောင့် ပေးကုန်ဘိသနည်း၊ တံခါးထားကာမျှဖြင့်လည်း အမှုသစ်ကို အဘယ့်ကြောင့် ပေးကုန်ဘိသနည်း၊ မင်းတုပ်တိုင် ပြုလုပ်ကာမျှဖြင့်လည်း အမှုသစ်ကို အဘယ့်ကြောင့် ပေးကုန်ဘိသနည်း၊ လေသာပြူတင်း လုပ်ကာမျှဖြင့်လည်း အမှုသစ်ကို အဘယ့်ကြောင့် ပေးကုန်ဘိသနည်း၊ ဆေးဖြူသုတ်ကာမျှဖြင့်လည်း အမှုသစ်ကို အဘယ့်ကြောင့် ပေးကုန်ဘိသနည်း၊ ဆေးနက်သုတ်ကာမျှဖြင့်လည်း အမှုသစ်ကို အဘယ့်ကြောင့် ပေးကုန်ဘိသနည်း၊ ဂေ္ဂနီခြယ်ကာမျှဖြင့်လည်းအမှုသစ်ကို အဘယ့်ကြောင့် ပေးကုန်ဘိသနည်း၊ မိုးကာမျှဖြင့်လည်း အမှုသစ်ကို အဘယ့်ကြောင့် ပေးကုန်ဘိသနည်း၊ ဖွဲ့ကာမျှဖြင့်လည်း။ ခိုနန်းထားကာမျှဖြင့်လည်း။ အကျိုးအပျက်ကို ပြင်ကာမျှဖြင့်လည်း။ နွားချေး ဖန်ရည် လိမ်းကျံကာမျှဖြင့်လည်း။ နှစ်ပေါင်း နှစ်ဆယ်တိုင်အောင်လည်း။ နှစ်ပေါင်း သုံးဆယ် တိုင်အောင်လည်း။ အသက်ထက်ဆုံးလည်း။ မီးခိုးဆုံးချိန်တိုင်အောင်လည်း ပြီးဆုံးပြီးသောကျောင်းအတွက် အမှုသစ်ကို အဘယ့်ကြောင့် ပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

http://www.dhammadownload.com



မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ အင်းကတေအကွက် ဖော်ကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ပ။ နံရံကို လိမ်းကျံကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ တံခါးထားကာမျှဖြင့် အမှုသစ်ကို မပေးအပ်။မင်းတုပ်တိုင် ပြုလုပ်ကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ လေသာပြူတင်းပြုလုပ်ကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ ဆေးဖြူသုတ်ကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ ဆေးနက်သုတ်ကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ ဂေရုခြယ်ကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ မိုးကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ ဖွဲ့ကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ ခိုနန်းထားကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ အကျိုးအပျက်ကို ပြင်ကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ နွားချေးဖန်ရည် လိမ်းကျံကာမျှဖြင့် အမှုသစ်ကို မပေးအပ်။ နှစ်ပေါင်း နှစ်ဆယ်တိုင်အောင်လည်း အမှုသစ်ကို မပေးအပ်။ နှစ်ပေါင်း သုံးဆယ်တိုင်အောင်လည်း အမှုသစ်ကို မပေးအပ်။ အသက်ထက်ဆုံးလည်း အမှုသစ်ကို မပေးအပ်။ မီးခိုးဆုံးချိန်တိုင်အောင်လည်း ပြီးဆုံးပြီးသော ကျောင်းအတွက် အမှုသစ်ကို မပေးအပ်၊ ပေးသောရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**။

ရဟန်းတို့ မပြုအပ်သေးသော အမှုသစ်ကိုငှင်း ပြု၍ မပြီးသေးသော အမှုသစ်ကိုငှင်း ပေးရန် ခွင့်ပြု၏။

ငယ်သောကျောင်း၌ အမှုကို ကြည့်ရှု၍ ငါးနှစ် ခြောက်နှစ် တိုင်အောင် အမှုသစ်ကို ပေးခြင်းငှါ ငှင်း၊ တဖက်ရပ်ကျောင်း၌ အမှုကို ကြည့်ရှု၍ ခုနစ်နှစ် ရှစ်နှစ်တိုင်အောင် အမှုသစ်ကို ပေးခြင်းငှါ ငှင်း၊ ကျောင်းကြီး၌ငှင်း ပြာသာဒ်၌ငှင်း အမှုကို ကြည့်ရှု၍ ဆယ်နှစ် တဆယ့်နှစ်နှစ်တိုင်အောင် အမှုသစ်ကို ပေးခြင်းငှါ ငှင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အလုံးစုံသော ကျောင်းတို့အတွက် အမှုသစ်ကို ပေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အလုံးစုံသော ကျောင်းတို့အတွက် အမှုသစ်ကို မပေးအပ်၊ ပေးသော ရဟန်းအား **ဒုက္ကဋ် အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် တပါးထည်းအား နှစ်ကျောင်းတို့ကို ပေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းတပါးထည်းအား နှစ်ကျောင်းတို့ကို မပေးအပ်၊ ပေးသော ရဟန်းအား **ဒုက္ကဋ် အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အမှုသစ်ကို ယူပြီးလျှင် တပါးသော ရဟန်းကို နေစေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမှုသစ်ကို ယူပြီးလျှင် တပါးသော ရဟန်းကို မနေစေအပ်၊ နေစေသော ရဟန်းအား **ဒုက္ကဋ် အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အမှုသစ်ကို ယူပြီးလျှင် သံဃိကကျောင်းကို တားမြစ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမှုသစ်ကို ယူပြီးလျှင် သံဃိကကျောင်းကို မတားမြစ်အပ်၊ တားမြစ်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**၊ ရဟန်းတို့ မြတ်သော အိပ်ရာနေရာကို ယူရန်ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် သိမ်အပ၌ တည်သော ရဟန်းအား အမှုသစ်ကို ပေးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သိမ်အပ၌ တည်သော ရဟန်းအား အမှုသစ်ကို မပေးအပ်၊ ပေးသော ရဟန်းအား **ဒုက္ကဋ် အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ရဟန်းတို့သည် အမှုသစ်ကို ယူပြီးလျှင် အခါခပ်သိမ်း တားမြစ်ကုန်၏၊ မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမှုသစ်ကို ယူပြီးလျှင် အခါခပ်သိမ်း မတား မြစ်အပ်၊ တားမြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ မိုးသုံးလတို့ပတ်လုံး တားမြစ် ခြင်းငှါ ခွင့်ပြု၏။ ဆောင်းဥတု နွေဥတု ကာလ၌ကား တားမြစ်ခြင်းငှါ ခွင့်မပြု ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အမှုသစ်ကို ယူပြီးလျှင် ဖဲလည်း ဖဲသွားကုန်၏။ လူလည်း ထွက်ကုန်၏၊ သေလည်း သေကုန်၏၊ သာမဏေတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ သိက္ခာချသူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ ပါရာဇိကသို့ ရောက်သူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ ရူးသွပ်သူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ စိတ်ပျံ့လွင့် သူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ ဝေဒနာနှိပ်စက်သူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ အာပတ်ကို မရှုခြင်း ကြောင့် နှင်ထုတ်ခံရသူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ အာပတ်ကိုမကုစားခြင်းကြောင့် နှင်ထုတ်ခံရသူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ယုတ်ညံ့သော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ခံရသူတို့ ဟူ၍လည်း ဝန်ခံ ကုန်၏၊ ပဏ္ဍုက်တို့ဟူ၍လည်း ဝန်ခံကုန်၏၊ ပေါင်းသင်းမှုကို ခိုးသောသူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ တိတ္ထိဘောင်သို့ ပြောင်းရွှေ့သူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ တိရစ္ဆာန်တို့ ဟူ၍လည်း ဝန်ခံကုန်၏၊ အမိကို သတ်သူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ အဖကို သတ်သူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ ရဟန္တာကို သတ်သူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ ဘိက္ခုနီမကို ဖျက်ဆီးသူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ သံဃာကို သင်းခွဲသူတို့ ဟူ၍လည်း ဝန်ခံကုန်၏၊ (မြတ်စွာဘုရားကို)သွေးစိမ်းတည်အောင် ပြုသူတို့ဟူ၍လည်း ဝန်ခံကုန်၏၊ ဥဘတောဗျည်းတို့ဟူ၍လည်း ဝန်ခံကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်ကို ယူပြီးလျှင် ဖဲသွားမူ "သံဃာအား မဆုတ်ယုတ်ပါစေလင့်" ဟု (နှလုံးသွင်း၍) သူတပါးအား ပေးရမည်။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်ကို ယူပြီးလျှင် လူထွက်မူ။ပ။ သေမူ။ သာမဏေဟု ဝန်ခံမူ။ သိက္ခာချသူ ဟု ဝန်ခံမူ။ ပါရာဇိကကျသူ ဟု ဝန်ခံမူ။ ရူးသူ ဟု ဝန်ခံမူ။ စိတ်ပျံ့လွင့်သူ ဟု ဝန်ခံမူ။ ဝေဒနာ နှိပ်စက်သူ ဟု ဝန်ခံမူ။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ခံရသူ ဟု ဝန်ခံမူ။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ခံရသူ ဟု ဝန်ခံမူ။ ယုတ်ညံ့သော အယူကို မစွန့် ခြင်းကြောင့် နှင်ထုတ်ခံရသူ ဟု ဝန်ခံမူ။ ပဏ္ဍုက် ဟု ဝန်ခံမူ။ ပေါင်းသင်းမှုကို ခိုးသောသူဟု ဝန်ခံမူ။ တိတ္ထိဘောင်သို့ ပြောင်းရွှေ့သူ ဟု ဝန်ခံမူ။ တိရစ္ဆာန် ဟု ဝန်ခံမူ။ အမိကို သတ်သူ ဟု ဝန်ခံမူ။ အဖကို သတ်သူ ဟု ဝန်ခံမူ။ ရဟန္တာကို သတ်သူဟု ဝန်ခံမူ။ ဘိက္ခုနီမကို ဖျက်ဆီးသူဟု ဝန်ခံမူ။ သံဃာကို သင်းခွဲသူ ဟု ဝန်ခံမူ။(မြတ်စွာဘုရားကို)သွေးစိမ်းတည်အောင်ပြုသူ ဟု ဝန်ခံမူ။ဥဘတော ဗျည်း ဟု ဝန်ခံမူ "သံဃာအား မဆုတ်ယုတ်ပါစေလင့်" ဟု (နှလုံးသွင်း၍) သူတပါးအား ပေးရမည်။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်ကို ယူပြီးလျှင် ပြု၍ မပြီးမီ ဖဲသွားမူ "သံဃာအား မဆုတ်ယုတ်ပါစေလင့်" ဟု (နှလုံးသွင်း၍)သူတပါးအား ပေးရမည်။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်ကို ယူပြီးလျှင် ပြု၍ မပြီးမီ လူထွက်မူ။ပ။ ဥဘတောဗျည်း ဟု ဝန်ခံမူ "သံဃာအား မဆုတ်ယုတ်ပါစေလင့်" ဟု (နှလုံးသွင်း၍) သူတပါးအား ပေးရမည်။

http://www.dhammadownload.com



ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်ကို ယူပြီးလျှင် ပြီးဆုံးသော် ဖဲသွားမှု ဤကျောင်းသည် ထိုရဟန်း၏ ကျောင်းသာတည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်ကို ယူပြီးလျှင် ပြီးဆုံးသော် လူထွက်မှု၊ သေမှု၊ သာမဏေ ဟု ဝန်ခံမှု၊ သိက္ခာကို ချသူ ဟု ဝန်ခံမှု၊ ပါရာဇိကကျသူ ဟု ဝန်ခံမှု၊ သံဃာသည် ပိုင်ရှင်ဖြစ်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်ကို ယူပြီးလျှင် ပြီးဆုံးသော် ရူးသူ ဟု ဝန်ခံမှု၊ စိတ်ပျံ့လွင့်သူ ဟု ဝန်ခံမှု၊ ဝေဒနာ နှိပ်စက်သူ ဟု ဝန်ခံမှု၊ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ခံရသူ ဟု ဝန်ခံမှု၊ ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ခံရသူ ဟု ဝန်ခံမှု ဤကျောင်းသည် ထိုရဟန်း၏ ကျောင်းသာတည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်ကို ယူပြီးလျှင် ပြီးဆုံးသော် ပဏ္ဍုက် ဟု ဝန်ခံမှု၊ ပေါင်းသင်းမှုကို ခိုးသောသူ ဟု ဝန်ခံမှု၊ တိတ္ထိဘောင်သို့ ပြောင်းရွှေ့သူ ဟု ဝန်ခံမှု၊ တိရစ္ဆာန် ဟု ဝန်ခံမှု၊ အမိကို သတ်သူ ဟု ဝန်ခံမှု၊ အဖကို သတ်သူ ဟု ဝန်ခံမှု၊ ရဟန္တာကို သတ်သူ ဟု ဝန်ခံမှု၊ ဘိက္ခုနီမကို ဖျက်ဆီးသူ ဟု ဝန်ခံမှု၊ သံဃာကို သင်းခွဲသူ ဟု ဝန်ခံမှု၊ (မြတ်စွာဘုရားအား)သွေးစိမ်းတည်အောင် ပြုသူ ဟု ဝန်ခံမှု၊ ဥဘတောဗျည်း ဟု ဝန်ခံမှု သံဃာသည် ပိုင်ရှင်ဖြစ်၏။

## အခြားနေရာ၌ သုံးဆောင်ခြင်းကို ပယ်မြစ်ခြင်းစသည်

၃၂၄။ ထိုအခါ ရဟန်းတို့သည် တဦးသော ဥပါသကာ၏ ကျောင်း အသုံးအဆောင် ဖြစ်သော အိပ်ရာ နေရာကို အခြားကျောင်း၌ သုံးဆောင်ကုန်၏။ ထိုအခါ ထိုဥပါသကာသည် "အဘယ့်ကြောင့် အသျှင်ကောင်းတို့သည် အခြားကျောင်း၌ အသုံးအဆောင်ကို အခြားကျောင်း၌ သုံးဆောင်ကုန်ဘိ သနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အခြားကျောင်း၌ အသုံးအဆောင်ကို အခြားကျောင်း၌ မသုံးဆောင်အပ်၊ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ဥပုသ်အိမ်သို့၎င်း စည်းဝေးရာသို့၎င်း ဆောင်ယူခြင်းငှါ မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်သည် ဖြစ်၍ မြေ၌ ထိုင်ကုန်၏။ ကိုယ်နှင့် သင်္ကန်းတို့သည် မြေမှုန့်အလိမ်းလိမ်း ဖြစ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ရဟန်းတို့ အခိုက်အတန့်မျှ ဆောင်ယူခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာ၏ ကျောင်းကြီးသည် ပြိုကျ၏၊ ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်သည် ဖြစ်၍ အိပ်ရာ နေရာတို့ကို မဆောင်ယူကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ရဟန်းတို့ လုံခြုံရန်အတွက် ဆောင်ယူခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား ကျောင်းသုံး ပရိက္ခရာ ဖြစ်သော အဖိုးထိုက်သော ကမ္ဗလာသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တိုးပွါးမှုအတွက် လဲလှယ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ သံဃာအား ကျောင်းသုံး ပရိက္ခရာ ဖြစ်သော အဖိုးထိုက်သော အဝတ်အထည်သည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တိုးပွါးမှုအတွက် လဲလှယ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား ဝံရေသည်ဖြစ်ပေါ်လာ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခြေသုတ်ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား (ကမ္ဗလာဖုံး) ခြေသုတ် ကြိုးဝိုင်းသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခြေသုတ်ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ သံဃာအား အထည်ကြမ်းသည် ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခြေသုတ်ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် မဆေးသော ခြေတို့ဖြင့် ကျောင်းအိပ်ရာ နေရာကို နင်းသဖြင့် ကျောင်းအိပ်ရာနေရာသည် ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မဆေးသော ခြေတို့ဖြင့် ကျောင်းအိပ်ရာ နေရာကို မနင်းအပ်၊ နင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် စိုသော ခြေတို့ဖြင့် ကျောင်းအိပ်ရာ နေရာကို နင်းသဖြင့် ကျောင်းအိပ်ရာ နေရာသည် ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ စိုသော ခြေတို့ဖြင့် ကျောင်းအိပ်ရာ နေရာကို မနင်းအပ်၊ နင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ဘိနပ်နှင့်တကွ ကျောင်းအိပ်ရာ နေရာကို နင်းသဖြင့် ကျောင်းအိပ်ရာ နေရာသည် ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိနပ်နှင့်တကွ ကျောင်း အိပ်ရာ နေရာကို မနင်းအပ်၊ နင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အပြေအပြစ် ပြုထားသော မြေ၌ တံတွေးထွေးသဖြင့် အဆင်း ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အပြေအပြစ် ပြုထားသော မြေ၌ တံတွေး မထွေးအပ်၊ ထွေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းတို့ ထွေးခံကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ညောင်စောင်းခြေတို့သည်၎င်း အင်းပျဉ်ခြေတို့သည်၎င်း အပြေအပြစ်ပြုထားသော မြေကို ရေးခြစ်မိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အထည်ကြမ်းဖြင့် ရစ်ပတ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အပြေအပြစ်ပြုထားသော နံရံကို မှီသဖြင့် အဆင်း ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အပြေအပြစ်ပြုထားသော နံရံကို မမှီအပ်၊ မှီသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းတို့ အမှီတံကဲပျဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အမှိုက်ကျဉ်သည် အောက်မှ မြေကိုင်း အထက်မှ နံရံကိုင်း ရေးခြစ်မိ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အောက်မှရင်း အထက်မှရင်း အထည်ကြမ်းဖြင့် ရစ်ပတ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ ရဟန်းတို့သည် ခြေဆေးပြီး ဖြစ်၍ အိပ်ခြင်းငှါ မအပ် ဟု တွေးတောမှု သံသယကုက္ကုစ္စ ရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ခင်း၍ အိပ်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## သံဃဘတ် စသည်ကို ခွင့်ပြုခြင်း

၃၂၅။ ထိုအခါ မြတ်စွာဘုရားသည် အာဠဝီပြည်၌ မွေ့လျော်တော်မူသမျှ သီတင်းသုံးနေတော်မူပြီးလျှင် အစဉ်အတိုင်း ဒေသစာရီကြွတော်မူသော် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ ထိုရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရာဇဂြိုဟ်ပြည်သည် အစာ ရှားပါး၏၊ လူတို့သည် သံဃဘတ်ကို မပြုလုပ်နိုင်ကုန်၊ ဥဒ္ဒေသဘတ်ကိုရင်း နိမန္တနဘတ်ကိုရင်း သလာကဘတ်ကိုရင်း ပက္ခိကဘတ်ကိုရင်း ဥပေါသထိကဘတ်ကိုရင်း ပါဋိပဒိက ဘတ်ကိုရင်း ပြုလုပ်လိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သံဃဘတ်ကိုရင်း ဥဒ္ဒေသဘတ်ကိုရင်း နိမန္တနဘတ်ကိုရင်း သလာကဘတ်ကိုရင်း ပက္ခိကဘတ်ကိုရင်း ဥပေါသထိကဘတ်ကိုရင်း ပါဋိပဒိကဘတ်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ဆွမ်းညွှန်း ရဟန်းအဖြစ် သမ္မုတိပေးခြင်း

၃၂၆။ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မိမိတို့အတွက် မွန်မြတ်သော ဘတ်တို့ကို ယူကြပြီးလျှင် ယုတ်ညံ့သော ဘတ်တို့ကို ရဟန်းတို့အား ပေးလှူကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ဆွမ်းညွှန်း ရဟန်း ဟု သမုတ်ရန် ခွင့်ပြု၏။

ထိုရဟန်းသည် ဆန္ဒာဂတိသို့လည်း မလိုက်ရာ။
ဒေါသာဂတိသို့လည်း မလိုက်ရာ။
မောဟာဂတိသို့လည်း မလိုက်ရာ။
ဘယာဂတိသို့လည်း မလိုက်ရာ။
ညွှန်းပြီး မညွှန်းရသေးကိုလည်း သိရာ၏။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းကို ဆွမ်းညွှန်း ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို ဆွမ်းညွှန်း ရဟန်း ဟု သမုတ်၏၊ဤမည်သော ရဟန်းကို ဆွမ်းညွှန်း ရဟန်း ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ် နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



သံဃာသည် ဤမည်သော ရဟန်းကို ဆွမ်းညွှန်း ရဟန်း ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

ထိုအခါ ဆွမ်းညွှန်းရဟန်းတို့အား "ဆွမ်းကို အဘယ်သို့ ညွှန်းအပ်သနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ဝါးခြမ်း၌ရင်း (ထန်းရွက် စသော)အပြား၌ရင်း ရေး၍ မွှေနှောက်ပြီးလျှင် ဆွမ်းကို ညွှန်းခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## နေရာခင်းသူ စသည်အဖြစ် သမ္မုတိပေးခြင်း

၃၂၇။ ထိုအခါ သံဃာအား ကျောင်းအိပ်ရာ နေရာခင်းသော ရဟန်းမရှိ။ပ။ ဘဏ္ဍာထိန်း ရဟန်းမရှိ။ပ။ သင်္ကန်းကို ခံယူသော ရဟန်းမရှိ။ပ။ သင်္ကန်းကို ခွဲဝေသော ရဟန်းမရှိ။ပ။ ယာဂုကို ခွဲဝေသော ရဟန်းမရှိ။ပ။ သစ်သီးကို ခွဲဝေသော ရဟန်းမရှိ။ပ။ ခဲဖွယ်ကို ခွဲဝေသော ရဟန်းမရှိ၊ ခဲဖွယ်သည် မခွဲဝေပဲ ထားသဖြင့် ပျက်စီး၏။ မြတ်စွာဘုရားအား ဤအကြောင်းကိုလျှောက်ကြကုန်၏။ ရဟန်းတို့ အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ခွဲဖွယ် ခွဲဝေသော ရဟန်း ဟု သမုတ်ရန် ခွင့်ပြု၏။

ထိုရဟန်းသည် ဆန္ဒာဂတိသို့လည်း မလိုက်ရာ။

ဒေါသာဂတိသို့လည်း မလိုက်ရာ။

မောဟာဂတိသို့လည်း မလိုက်ရာ။

ဘယာဂတိသို့လည်း မလိုက်ရာ။

ဝေပြီး မဝေသေးကိုလည်း သိရာ၏။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းကို ခဲဖွယ်ဝေသော ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို ခဲဖွယ် ခွဲဝေသော ရဟန်း ဟု သမုတ်၏၊ ဤမည်သော ရဟန်းအား ခဲဖွယ်ခွဲဝေသော ရဟန်း ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည်ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို ခဲဖွယ် ခွဲဝေသော ရဟန်း ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ပရိက္ခာရ အနည်းငယ်ကို စွန့်သူအဖြစ် သမ္မုတိ ပေးခြင်း

၃၂၈။ ထိုအခါ သံဃာ၏ ဘဏ္ဍာအိမ်၌ ပရိက္ခာရ အနည်းငယ်မျှ[၁] ဖြစ်ပေါ်လာ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို ပရိက္ခာရအနည်းငယ်မျှကို စွန့်သော ရဟန်း ဟု သမုတ်ရန် ခွင့်ပြု၏။

ထိုရဟန်းသည် ဆန္ဒာဂတိသို့လည်း မလိုက်ရာ။

ဒေါသာဂတိသို့လည်း မလိုက်ရာ။

မောဟာဂတိသို့လည်း မလိုက်ရာ။

ဘယာဂတိသို့လည်း မလိုက်ရာ။

စွန့်ပြီး မစွန့်သေးကိုလည်း သိရာ၏။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား ပရိက္ခာရ အနည်းငယ်မျှကို စွန့်သော ရဟန်းဟု သမုတ်ရာ၏၊ ဤကား သိစေခြင်း တည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို ပရိက္ခာရအနည်းငယ်မျှကို စွန့်သော ရဟန်း ဟု သမုတ်၏၊ ဤမည်သော ရဟန်းအား ပရိက္ခာရ အနည်းငယ်မျှကို စွန့်သော ရဟန်းဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို ပရိက္ခာရ အနည်းငယ်မျှကို စွန့်သော ရဟန်း ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

ပရိက္ခာရ အနည်းငယ်မျှကို စွန့်သော ထိုရဟန်းသည် အပ်တချောင်းကို ပေးရမည်၊ ထီးငယ်ကို ပေးရမည်၊ ဘိနပ်ကို ပေးရမည်၊ ခါးပန်းကြိုးကို ပေးရမည်၊ ပခုံးလွယ်ကို ပေးရမည်၊ ရေစစ်ပုဝါကို ပေးရမည်၊ ဓမ္မကရိုဏ် ရေစစ်ကို ပေးရမည်၊ အနားပတ်ရှည်ကို ပေးရမည်၊ အနားပတ်တိုကို ပေးရမည်၊ အိမ်ဝန်းကြီးကို ပေးရမည်၊ ထက်ဝက်သော အိမ်ကို ပေးရမည်၊ အလျား အနားပတ်ကို ပေးရမည်၊ အနံအနားပတ်ကို ပေးရမည်။

သံဃာ၏ ထောပတ် ပျားရည် တင်လဲတို့ရှိမူ တကြိမ်လျက်ရန် ပေးရမည်၊ တဖန်လည်း လျက်လိုမူ တဖန်လည်း ပေးရမည်။

၁။ ပါဠိတော်၌ ဥပ္ပန္နောဟောတိ-ပါဌ်ရှိ၏။ နိသျ၌ ဥဿန္နောဟောတိ-များသည်ဖြစ်၏ အနက်ပေး၏။

http://www.dhammadownload.com



## မိုးရေခံသင်္ကန်း ပေးသူ စသည်အဖြစ် သမ္မုတိ ပေးခြင်း

၃၂၉။ ထိုအခါ သံဃာအား မိုးရေခံ သင်္ကန်းပေးသော ရဟန်းမရှိ။ပ။ သပိတ်ပေးသော ရဟန်းမရှိ။ပ။ အရံစောင့်ကို ခိုင်းစေသော ရဟန်းမရှိ။ပ။ သာမဏေကို ခိုင်းစေသော ရဟန်းမရှိ။ပ။ သာမဏေတို့သည် မခိုင်းစေသောကြောင့် အမှုကို မပြုလုပ်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို သာမဏေကို ခိုင်းစေသော ရဟန်း ဟု သမုတ်ရန် ခွင့်ပြု၏။

ထိုရဟန်းသည် ဆန္ဒာဂတိသို့လည်း မလိုက်ရာ။

ဒေါသာဂတိသို့လည်း မလိုက်ရာ။

မောဟာဂတိသို့လည်း မလိုက်ရာ။

ဘယာဂတိသို့လည်း မလိုက်ရာ။

ခိုင်းစေပြီး မခိုင်းစေသေးသည်ကိုလည်း သိရာ၏။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းကို သာမဏေကို စေခိုင်းသော ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို သာမဏေကို စေခိုင်းသော ရဟန်း ဟု သမုတ်၏၊ ဤမည်သော ရဟန်းအား သာမဏေကို စေခိုင်းသော ရဟန်း ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို သာမဏေကို စေခိုင်းသော ရဟန်း ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်” ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

**တတိယအခန်း ပြီး၏။**

**ဆဋ္ဌသေနာသနက္ခန္ဓက ပြီး၏။**

---

ထိုသေနာသနက္ခန္ဓက၏ အကျဉ်းချုပ်

ထိုအခါ မြတ်စွာဘုရားသည် ကျောင်းကို ပညတ်တော်မမူသေး၊ ထိုထိုနေရာ၌ နေကုန်၏၊ ထိုမြတ်စွာဘုရားတပည့်သားတော်တို့သည် ထိုထိုနေရာမှ ထွက်လာကုန်၏။

http://www.dhammadownload.com



သူဌေးသည် မြင်၍ ပြုလုပ်စေကာမူ နေကြကုန်အံ့လော ဟူသော ဤစကားကို ရဟန်းတို့အားလျှောက်၏၊ မြတ်စွာဘုရားကို တဖန် မေးလျှောက်ကုန်၏။

နှစ်ဖက်မိုးကျောင်း တဖက်မိုးကျောင်း ပြာသာဒ်ရှည် ပြာသာဒ်ဦးပြည်း ဂူ ဤကျောင်းငါးမျိုးကို ခွင့်ပြုတော်မူ၏။ သူဌေးသည် ကျောင်းတို့ကို ပြုလုပ်စေ၏။

လူများအပေါင်းသည် တံခါးမရှိ အပိတ်မရှိသော ကျောင်းကို ပြုလုပ်စေ၏၊ တံခါးရွက် တံခါးပေါင် ဆုံငယ် အထက်ကွင်းကို (ခွင့်ပြုတော်မူ၏)။

ဆွဲငင်စရာအပေါက် ဆွဲငင်စရာကြိုး မင်းတုပ် လျှိုတိုင် မျောက်လက် မင်းတုပ်ငယ် မင်းတုပ်ကြီး သံကောက်ပေါက် ကြေးသံကောက် သစ်သားသံကောက် ဦးချို သံကောက်ကို (ခွင့်ပြုတော်မူ၏)။

ယန္တရား ကျည်ငယ် အမိုး အတွင်းအပလိမ်းကျံခြင်း ပွတ်တိုင် ပြူတင်း ကွန်ရက်ပြူတင်း ခြေသုတ်ကြိုးဝိုင်း မြက်အခင်းကို ခွင့်ပြုတော်မူ၏။

ခမြဖြင့် လိမ်းကျံခြင်း (မြေနိမ့်ကို ဖို့ခြင်း) ကြိမ်ခက် ညောင်စောင်း သုသာန်သုံး ခြေ၌ အပေါင်စွပ် ညောင်စောင်းအင်းပျဉ် ပုဇွန်ခြေပုံရှိသောအင်းပျဉ် အပေါင်၌ခြေစွပ် အင်းပျဉ် လေးထောင့်အင်းပျဉ် မြင့်သောအင်းပျဉ်ကို (ခွင့်ပြုတော်မူ၏)။

အင်္ဂါခုနစ်ပါးရှိ ညောင်စောင်းအင်းပျဉ် ကြိမ်ခက်ညောင်စောင်းအင်းပျဉ် အထည်ကြမ်းလွှမ်းအင်းပျဉ် ဆိတ်ခြေပုံအင်းပျဉ် သျှိသျှားသီးပုံ အခြေများသောအခင်း ကပ်အခင်း ကောက်ရိုးအင်းပျဉ်ကို (ခွင့်ပြုတော်မူ၏)။

မြင့်သော ညောင်စောင်း မြွေကိုက်ခြင်း လွန်သောညောင်စောင်း အခြေ လက်ရှစ်သစ်ရှိ ညောင်စောင်းအခြေခံ ချည် ရှစ်ကွက်ကျား အထည်ကြမ်း လဲသွဝ်အခင်း ကိုယ်ထက်ဝက်ရှိ ခေါင်းအုံးရင်း တောင်ထိပ်ပွဲ ဘုံလျှိုဖုံ ကျောင်းသုံးအထည် မြွေးယှက်ခြင်း အောက်သို့ကျခြင်း ခွါ၍ ရိုးယူခြင်း။

ဆေးဆိုးခြင်း လက်ငါးချောင်းပုံ ဆိုးခြင်းကို မြတ်စွာဘုရားသည် ခွင့်ပြုတော်မူ၏၊ တိတ္ထိကျောင်း ရဟန်းကျောင်း ဖွဲရောမြေ မြေညက်။

သစ်စေး သစ်မျောက်လက် ဆန်ကွဲရောမြေ မုန်ညင်းမှုန့်ရောမြေ ဖယောင်းဆီ များလတ်သော် တဖန် ထုတ်ပစ်ရန် ခွင့်ပြုတော်မူ၏။ မြေကြမ်း တီကျစ်မြေ။

သစ်စေး ပန်းချီဆေးရေး ကုန်းနှီးအခင်း တက်သူရဟန်း လိမ့်ကျကုန်၏၊ လူပြည့်ကြပ်ခြင်း (ဟင်းလင်းပြင်)နံရံဝက် နောက်နေရာသုံးမျိုး။

ကျောင်းငယ် နံရံခြေ မိုးစို၏၊ ဟစ်အော်ခြင်း နံရံငုတ် သက်န်းတန်းကြိမ်ဝါး သင်္ကန်းတန်းကြိုး ညှော်ခံကဲလား။

လက်ကိုင်တန်း မြက်မှုန့် အောက်ကဆိုပြီးအစဉ်၌ နည်းကို ပြုလုပ်ရာ၏၊ လွင်တီးခေါင်၌ ပူ၏၊ ရေအိုးစင် အောက်ကဆိုပြီး အစီအရင် ခွက်။

http://www.dhammadownload.com



ကျောင်းတံခါးမုခ် ပရိဝုဏ် မီးတင်းကုပ် အရံ နောက်တဖန် တံခါးမုခ် အောက်ဆိုပြီးနည်းကိုပြုလုပ်ရာ၏။

အင်းကတေမိုးပြာသာဒ် သဒ္ဒါ 'ယုံကြည်ခြင်း' ရှိသော အနာထပိဏ်သူဌေးသည် ယင်းကိုက်တောသို့သွား၏၊ သစ္စာကို သိမြင်သော အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားကို သံဃာတော်နှင့်အတူ ပင့်ဖိတ်၏။

လမ်းခရီးအကြား၌ စေလွှတ်၏၊ လူအပေါင်းသည် အရံကို ပြုလုပ်စေ၏၊ ဝေသာလီပြည်၌ အမှုသစ် ရှေးမှုလည်း သိမ်းဆည်း၏။

အဘယ်သူသည် ထိုက်သနည်း၊ ဆွမ်းစားကျောင်း ခါမင်းဒါတ် ရှိမခိုးအပ်သော ပုဂ္ဂိုလ် သိမ်းဆည်း၏၊ ရွာတွင်း၌ လဲမွေရာအခင်း သာဝတ္ထိပြည်သို့ ရောက်၏။

အရံကို တည်စေ၏၊ ဆွမ်းစားကျောင်း၌ ဆူညံခြင်း နာဖျားသောရဟန်း မြတ်သောအိပ်ရာ နေရာ အမြွက်ထောင်ခြင်း တဆယ့်ခုနစ်စု ရဟန်း ထိုအရပ်။

အဘယ်ရဟန်းသည် အဘယ်နည်းဖြင့် ခွဲဝေရမည်နည်း၊ ကျောင်းအပိုင်းအခြား ပရိဝုဏ်အပိုင်းအခြားဖြင့် ခွဲဝေရမည်၊ နောက်ထပ်စု (လျော်သောအစု)ကိုလည်း ခွင့်ပြုတော်မူ၏၊ နောက်ထပ်အဖို့အစုကို မပေးလိုမူ မပေးအပ်။

သိမ်ပ အခါခပ်သိမ်း ကျောင်းအိပ်ရာနေရာ ကျောင်းယူစေခြင်းသုံးမျိုး ဥပနန္ဒရဟန်း ချီးမွမ်းခြင်း ရပ်သောရဟန်း နေရာတူရဟန်း။

နေရာတူ ရဟန်းတို့သည် ဖျက်ဆီးကုန်၏၊ သုံးပါးစုရဟန်း နှစ်ပါးစုရဟန်း နေရာတူမထိုင်ရသူ နေရာရှည် သုံးဆောင်ခြင်း။

အဖွားမ မနီးမဝေးအရပ် ကိဋ္ဌာဂိရိ၌ ခွဲဝေခြင်း အာဠဝီပြည် မကရံးကွက်ဖော်ခြင်း နံရံလိမ်းကျံခြင်း တံခါးထား(တပ်ဆင်)ခြင်း မင်းတုပ်တိုင်ထားခြင်း။

လေသာပြူတင်း အဖြူရောင် အနက်ရောင် ရွှေနီ မိုးခြင်း ချည်နှောင်ခြင်း ခိုနန်းထားခြင်း ကျိုးပျက်ခြင်း နွားချေး ဖန်ရည်လိမ်းကျံခြင်း နှစ်နှစ်ပတ်လုံး သုံးနှစ်ပတ်လုံး မီးခိုးစဲချိန်တိုင်အောင် ပေးခြင်း။

ပြီးပြီးသော ကျောင်း အလုံးစုံ မလုပ်ရသေးသော ကျောင်း ကျောင်းငယ်၌ ငါးနှစ် ခြောက်နှစ်၊ တဖက်မိုးကျောင်း၌ ခုနစ်နှစ် ရှစ်နှစ်၊ ကျောင်းကြီး၌ ဆယ်နှစ်တဆယ့်နှစ်နှစ်တို့ပတ်လုံး။ အလုံးစုံသော ကျောင်းတို့ကို ရဟန်းတပါးအား ပေးကုန်၏၊ အခြားရဟန်းကို နေစေကုန်၏၊ သံဃာ၏ ပစ္စည်း သိမ်ပ အခါခပ်သိမ်း ဖဲသွား၏၊ လူလည်း ထွက်ကုန်၏။

သေခြင်း သာမဏေ သိက္ခာချသူ ပါရာဇိကကျသူ ရူးသူ စိတ်ပျံ့လွင့်သူ ဝေဒနာနှိပ်စက်သူ အာပတ်ကို မရှုခြင်း။

မကုစားခြင်း အယူမှား ပဏ္ဍုက် ထေယျသံဝါသက တိတ္ထိဘောင်သို့ ပြောင်းရွှေ့သူ တိရစ္ဆာန် အမိသတ်သူ အဖသတ်သူ ရဟန္တာသတ်သူ ဘိက္ခုနီကို ဖျက်ဆီးသူ။

သံဃာကို သင်းခွဲသူ သွေးစိမ်းတည်အောင်ပြုသူ ဥဘတောဗျည်း သံဃာအား မဆုတ်ယုတ်ပါစေလင့် ဟု နှလုံးသွင်း၍ အမှုကို အခြားရဟန်းအား ပေးရန် ခွင့်ပြုတော်မူ၏။

http://www.dhammadownload.com



မပြီးမိဖဲသွားသော် အခြားရဟန်းအား ပေးရန် ခွင့်ပြုတော်မူ၏။ ပြီးမှဖဲသွားသော် ထိုရဟန်း၏ ကျောင်းပင်တည်း၊ လူထွက်သော် သေသော် သာမဏေဖြစ်သော်။

သိက္ခာချ ပါရာဇိကကျ ပဏ္ဍုက်ဟု ဝန်ခံသော် သံဃာသည်ပင် စိုးပိုင်၏၊ ရူးသူ စိတ်ပျံ့လွင့်သူ ဝေဒနာ နှိပ်စက်သူ။

မရှုသူ မကုစားသူ အယူမှားကို မစွန့်သူဟု ဝန်ခံမူ ထိုကျောင်းသည် ထိုရဟန်း၏ ကျောင်းသာတည်း။ ။ပဏ္ဍုက် ထေယျသံဝါသက တိတ္ထိဘောင်သို့ ပြောင်းရွှေ့သူ တိရစ္ဆာန် အမိသတ်သူ အဖသတ်သူ။

ရဟန္တာသတ်သူ ဘိက္ခုနီကိုဖျက်ဆီးသူ သံဃာကို သင်းခွဲသူ သွေးစိမ်းတည်စေသူ ဥဘတော ဗျည်း ဟု ထိုရဟန်းသည် ဝန်ခံမူ သံဃာသည်ပင် စိုးပိုင်၏။

အခြားကျောင်းသို့ ဆောင်ကုန်၏၊ မအပ်ဟု ယူဆ၏၊ ပြိုကျ၏၊ ကမ္ဗလာ အထည် ဝံရေ ခြေသုတ်ကြိုးဝိုင်း အထည်ကြမ်း နင်းကုန်၏။

ခြေစိုဖြင့်နင်းခြင်း ဘိနပ်ဖြင့်နင်းခြင်း တံတွေးထွေးခြင်း အစင်းထင် ‘ပွန်းပဲ့’ခြင်း မှီခြင်း တံကဲ မှီရာဖြင့် ရေးခြစ်ခြင်း ဆေးပြီးခြေ အခင်း။

ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း သံဃာဘတ်မပြုလုပ်နိုင်ခြင်း ဆွမ်းညွှံ့ ‘ယုတ်သောဆွမ်း’ ဆွမ်းညွှန်းရဟန်း အဘယ်သို့ညွှန်းသင့်သနည်း၊ ခင်းသူရဟန်း ဘဏ္ဍာထိန်းရဟန်း သမုတ်ခြင်း။ သင်္ကန်းခံယူစေသောရဟန်း ခွဲဝေသောရဟန်း ယာဂုခွဲဝေသောရဟန်း သစ်သီးခွဲဝေသော ရဟန်း ခဲဖွယ်ခွဲဝေသောရဟန်း အနည်းငယ်ဘဏ္ဍာကို ခွဲဝေသောရဟန်း သမုတ်ခြင်း။ မိုးရေခံ သင်္ကန်းခံယူစေသောရဟန်း ထို့ အတူလျှင် သပိတ်ခံယူစေသောရဟန်း အရံစောင့် သာမဏေ ကို စေခိုင်းသော ရဟန်း သမုတ်ခြင်း။

ကိလေသာအလုံးစုံကို ဖျက်ဆီးတော်မူတတ်သော လောကကို သိမြင်တော်မူသော အကျိုး ကို လိုလားသောစိတ်ရှိတော်မူသော မြတ်စွာဘုရားသည် ဈာန်ဝင်စားရန်ငှါ၊ ဝိပဿနာရှုရန် ငှါ၊ ပုန်းအောင်းရသောအကျိုး ချမ်းသာသောအကျိုးရှိသော ကျောင်းကို ခွင့်ပြုတော်မူ၏။

သေနာသနက္ခန္ဓက ပြီး၏။

http://www.dhammadownload.com

# ၇-သံဃဘေဒကက္ခန္ဓက

## ၁-ပဌမအခဏ်း

### သာကီဝင်မင်းသားခြောက်ယောက် ရဟန်းပြုခြင်း

၃၃၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အနုပိယမည်သော မလ္လာမင်းတို့၏ နိဂုံး၌ နေတော်မူသော အခါ ထင်ရှားကျော်စောသော သာကီဝင် မင်းသားတို့သည် ရဟန်းပြုတော်မူသော မြတ်စွာဘုရားသို့ အတုလိုက်၍ ရဟန်း ပြုကုန်၏။

ထိုအခါ သာကီဝင် မင်းသား မဟာနာမ်နှင့် သာကီဝင်မင်းသား အနုရုဒ္ဓါ ညီနောင် နှစ်ဦးတို့တွင် သာကီဝင်မင်းသား အနုရုဒ္ဓါသည် သိမ့်မွေ့နူးညံ့၏၊ ထိုမင်းသားအား ပြာသာဒ် သုံးဆောင်ရှိကုန်၏၊ တဆောင်ကား နွေရာသီ စံရာပြာသာဒ်တည်း၊ တဆောင်ကား မိုးရာသီစံရာပြာသာဒ်တည်း၊ တဆောင်ကား ဆောင်းရာသီစံရာ ပြာသာဒ်တည်း၊ ထိုမင်းသားသည် မိုးလေးလတို့ပတ်လုံး မိန်းမများသာ တီးမှုတ်သော တူရိယာတို့ဖြင့် စံစားလျက် ပြာသာဒ်အောက်သို့ မဆင်းသက်ပေ၊ထိုအခါ သာကီဝင် မင်းသား မဟာနာမ်အား—

"ယခုအခါ အလွန် ထင်ရှား ကျော်စောကုန်သော သာကီဝင် မင်းသားတို့သည် ရဟန်းပြုတော်မူသော မြတ်စွာဘုရားသို့ အတုလိုက်၍ ရဟန်းပြုကုန်၏၊ ငါတို့၏ အမျိုးမှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုသူလည်း တယောက်မျှ မရှိ၊ ငါဖြစ်စေ အနုရုဒ္ဓါဖြစ်စေ ရဟန်းပြုရမူ ကောင်းပေစွ" ဟု အကြံဖြစ်၏။

ထိုအခါ သာကီဝင် မင်းသား မဟာနာမ်သည် အနုရုဒ္ဓါမင်းသားထံသို့ ချဉ်းကပ်ပြီးနောက် အနုရုဒ္ဓါ မင်းသားအား—

"ညီတော် အနုရုဒ္ဓါ ယခုအခါ ထင်ရှားကျော်စောကုန်သော သာကီဝင် မင်းသားတို့သည် ရဟန်း ပြုတော်မူသော မြတ်စွာဘုရားသို့ အတုလိုက်၍ ရဟန်းပြုကုန်၏၊ငါတို့၏အမျိုးမှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုသူ တဦးတယောက်မျှ မရှိ၊ထို့ကြောင့် သင်သော်လည်း ရဟန်း ပြုလော့၊ ငါသော်လည်း ရဟန်းပြုအံ့" ဟု ပြော၏။

အကျွန်ုပ်သည် သိမ်မွေ့နူးညံ့သူဖြစ်ပါ၏၊လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုရန် အကျွန်ုပ်သည် မတတ်နိုင်ပါ၊ သင်သည်ပင် ရဟန်းပြုပါလော့ ဟု (ပြော၏)။

ညီတော် အနုရုဒ္ဓါ လာလော့၊ အိမ်နေသူ လူမှုကိစ္စနှင့်စပ်လျဉ်း၍ သင့်အား ဆုံးမအံ့။ ရှေးဦးစွာ လယ်ထွန်စေရမည်၊ ထွန်စေပြီးနောက် စိုက်စေရမည်၊ စိုက်စေပြီးနောက် ရေသွင်းစေရမည်၊ ရေသွင်းစေပြီးနောက် ရေထုတ်စေရမည်၊ ရေထုတ်စေပြီးနောက် ပေါင်းသင်စေရမည်၊ ပေါင်းသင်စေပြီးနောက် ရိတ်စေရမည်၊ ရိတ်စေပြီးနောက် ထုတ်ဆောင်စေရမည်၊ ထုတ်ဆောင်စေပြီးနောက် စုပုံစေရမည်၊ စုပုံစေပြီးနောက် နယ်စေရမည်၊ နယ်စေပြီးနောက် ကောက်ရိုးများကို ထုတ်စေ ခါစေရမည်၊ ကောက်ရိုးများကို ထုတ်စေပြီးနောက် ကောက်ရိုးမှော်တို့ကို 'အဖျင်းတို့ကို' ထုတ်စေရမည်၊ ကောက်ရိုးမှော်တို့ကို ထုတ်စေပြီးနောက် လှေ့စေရမည်၊ လှေ့စေပြီးနောက် ကျီသွင်းစေရမည်၊ သွင်းစေ

http://www.dhammadownload.com

# ၇-သံဃဘေဒကက္ခန္ဓက

## ၁-ပဌမအခန်း

### သာကီဝင်မင်းသားခြောက်ယောက် ရဟန်းပြုခြင်း

၃၃၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အနုပိယမည်သော မလ္လာမင်းတို့၏ နိဂုံး၌ နေတော်မူသော အခါ ထင်ရှားကျော်စောသော သာကီဝင် မင်းသားတို့သည် ရဟန်းပြုတော်မူသော မြတ်စွာဘုရားသို့ အတုလိုက်၍ ရဟန်း ပြုကုန်၏။

ထိုအခါ သာကီဝင် မင်းသား မဟာနာမ်နှင့် သာကီဝင်မင်းသား အနုရုဒ္ဓါ ညီနောင် နှစ်ဦးတို့တွင် သာကီဝင်မင်းသား အနုရုဒ္ဓါသည် သိမ်မွေ့နူးညံ့၏၊ ထိုမင်းသားအား ပြာသာဒ် သုံးဆောင်ရှိကုန်၏၊ တဆောင်ကား နွေရာသီ စံရာပြာသာဒ်တည်း၊ တဆောင်ကား မိုးရာသီစံရာပြာသာဒ်တည်း၊ တဆောင်ကား ဆောင်းရာသီစံရာ ပြာသာဒ်တည်း၊ ထိုမင်းသားသည် မိုးလေးလတို့ပတ်လုံး မိန်းမများသာ ထီးမှုတ်သော တူရိယာတို့ဖြင့် စံစားလျက် ပြာသာဒ်အောက်သို့ မဆင်းသက်ပေ၊ ထိုအခါ သာကီဝင် မင်းသား မဟာနာမ်အား—

"ယခုအခါ အလွန် ထင်ရှား ကျော်စောကုန်သော သာကီဝင် မင်းသားတို့သည် ရဟန်းပြုတော်မူသော မြတ်စွာဘုရားသို့ အတုလိုက်၍ ရဟန်းပြုကုန်၏၊ ငါတို့၏ အမျိုးမှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုသူလည်း တယောက်မျှ မရှိ၊ ငါဖြစ်စေ အနုရုဒ္ဓါဖြစ်စေ ရဟန်းပြုရမူ ကောင်းရာ၏" ဟု အကြံဖြစ်၏။

ထိုအခါ သာကီဝင် မင်းသား မဟာနာမ်သည် အနုရုဒ္ဓါမင်းသားထံသို့ ချဉ်းကပ်ပြီးနောက် အနုရုဒ္ဓါ မင်းသားအား—

"ညီတော် အနုရုဒ္ဓါ ယခုအခါ ထင်ရှားကျော်စောကုန်သော သာကီဝင် မင်းသားတို့သည် ရဟန်းပြုတော်မူသော မြတ်စွာဘုရားသို့ အတုလိုက်၍ ရဟန်းပြုကုန်၏၊ ငါတို့၏အမျိုးမှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုသူ တဦးတယောက်မျှ မရှိ၊ ထို့ကြောင့် သင်သော်လည်း ရဟန်းပြုလော့၊ ငါသော်လည်း ရဟန်းပြုအံ့" ဟု ပြော၏။

အကျွန်ုပ်သည် သိမ်မွေ့နူးညံ့သူဖြစ်ပါ၏၊ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုရန် အကျွန်ုပ်သည် မတတ်နိုင်ပါ၊ သင်သည်ပင် ရဟန်းပြုပါလော့ ဟု (ပြော၏)။

ညီတော် အနုရုဒ္ဓါ လာလော့၊ အိမ်နေသူ လူမှုကိစ္စနှင့်စပ်လျဉ်း၍ သင့်အား ဆုံးမအံ့။ ရှေးဦးစွာ လယ်ထွန်စေရမည်၊ ထွန်စေပြီးနောက် စိုက်စေရမည်၊ စိုက်စေပြီးနောက် ရေသွင်းစေရမည်၊ ရေသွင်းစေပြီးနောက် ရေထုတ်စေရမည်၊ ရေထုတ်စေပြီးနောက် ပေါင်းသင်စေရမည်၊ ပေါင်းသင်စေပြီးနောက် ရိတ်စေရမည်၊ ရိတ်စေပြီးနောက် ထုတ်ဆောင်စေရမည်၊ ထုတ်ဆောင်စေပြီးနောက် စုပုံစေရမည်၊ စုပုံစေပြီးနောက် နယ်စေရမည်၊ နယ်စေပြီးနောက် ကောက်ရိုးများကို ထုတ်စေ ခါစေရမည်၊ ကောက်ရိုးများကို ထုတ်စေပြီးနောက် ကောက်ရိုးမှော်တို့ကို 'အဖျင်းတို့ကို' ထုတ်စေရမည်၊ ကောက်ရိုးမှော်တို့ကို ထုတ်စေပြီးနောက် လေ့စေရမည်၊ လေ့စေပြီးနောက် ကျီသွင်းစေရမည်၊ သွင်းစေ

http://www.dhammadownload.com



ပြီးနောက် နောက်နှစ်မှာလည်း ဤအတိုင်း ပြုလုပ်ရမည်၊ နောက်နောင်နှစ်မှာလည်း ဤအတိုင်းပင် ပြုလုပ်ရမည် ဟု (ဆိုးမ၏)။

လုပ်ငန်းတို့သည် မကုန်နိုင်ကုန်၊ လုပ်ငန်းတို့၏ ပြီးဆုံးမှုသည် မထင်၊ အဘယ်အခါ လုပ်ငန်းတို့သည် ကုန်နိုင်အံ့နည်း၊ အဘယ်အခါလုပ်ငန်းတို့၏ ပြီးဆုံးမှုသည် ထင်အံ့နည်း၊ အကျွန်ုပ်တို့သည် အဘယ်အခါ မကြောင့်ကြပဲ ကာမဂုဏ်ငါးပါးတို့ဖြင့် ကုန်လုံပြည့်စုံစွာ စံစားနေရကုန်အံ့နည်း ဟု (ပြော၏)။

ညီတော် အနုရုဒ္ဓါ လုပ်ငန်းတို့သည် မကုန်နိုင်ကုန်၊ လုပ်ငန်းတို့၏ ပြီးဆုံးမှုသည် မထင်၊ လုပ်ငန်း မကုန်ပဲပင် ခမည်းတော်များသည်ရှင်း ဘိုးတော်များသည်ရှင်း နတ်ရွာစံခဲ့ကုန်ပြီဟု ပြော၏။ သို့ဖြစ်လျှင် သင် (နောင်တော်) သည်ပင် အိမ်နေသူ လူမှု ကိစ္စကို သိရစ်ပါလော့၊ အကျွန်ုပ်သည် လူဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်း ပြုပါအံ့ဟု (ပြောဆို၏)။

ထိုအခါ သာကီဝင် မင်းသား အနုရုဒ္ဓါသည် မိခင်ထံသို့ ချဉ်းကပ်ပြီးနောက် မိခင်အား—

"မိခင် အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ပြီးလျှင် ရဟန်းပြုလိုပါ၏၊ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုရန် အကျွန်ုပ်ကို ခွင့်ပြုပါလော့" ဟု ပြော၏။ ဤသို့ ပြောလတ်သော် သာကီဝင်မင်းသား အနုရုဒ္ဓါ၏ မိခင်သည် သာကီဝင်မင်းသား အနုရုဒ္ဓါအား—

"အမောင်အနုရုဒ္ဓါ သင်သားတော် နှစ်ဦးတို့ကို ငါသည် ချစ်လှပါ၏၊ နှစ်သက်ပါ၏မမုန်းတီးပါ၊ သေသော်မှလည်း အလိုမရှိကုန်ပဲ သင်တို့နှင့် ခွဲခွါရကုန်အံ့၊ အသက်ရှင်နေသော်ကား ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခြင်းငှါ အဘယ်မှာ သင်တို့ကို ငါခွင့်ပြုနိုင်အံ့နည်း" ဟု ပြော၏။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း သာကီဝင်မင်းသား အနုရုဒ္ဓါသည် မိခင်အား—

"မိခင် အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုလိုပါ၏၊ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုရန်အကျွန်ုပ်ကို ခွင့်ပြုပါလော့" ဟု ပြော၏။

ဤသို့ ပြောလတ်သော် သာကီဝင်မင်းသား အနုရုဒ္ဓါ၏ မိခင်သည်—

"အမောင် အနုရုဒ္ဓါ ဘဒ္ဒိယမည်သော သာကီဝင်မင်းသည် သာကီဝင်တို့၏ မင်းအဖြစ်ကို ပြု၏၊ ထိုမင်းသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုမူ သင်လည်း ရဟန်း ပြုလေလော့" ဟု ပြော၏။

ထိုအခါ ဘဒ္ဒိယမည်သော သာကီဝင်မင်းသည် သာကီဝင်တို့၏ မင်းအဖြစ်ကို ပြု၏၊ ထိုမင်းသည်ကား သာကီဝင်မင်းသားအနုရုဒ္ဓါ၏ မိတ်ဆွေ ခင်ပွန်းဖြစ်၏။

ထိုအခါ သာကီဝင်မင်းသား အနုရုဒ္ဓါ၏ မိခင်သည် "သာကီဝင်မင်းသား အနုရုဒ္ဓါ၏ မိတ်ဆွေ ဖြစ်သော ဘဒ္ဒိယမည်သော သာကီဝင်မင်းသည် သာကီဝင်တို့၏ မင်းအဖြစ်ကို ပြုနေ၏၊ ထိုဘဒ္ဒိယ မင်းသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုနိုင်မည်မဟုတ်" ဟု (နှလုံးသွင်း၍) "အမောင်အနုရုဒ္ဓါ ဘဒ္ဒိယမည်သော သာကီဝင်မင်းသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းပြုမူ သင်လည်း ရဟန်းပြုလေလော့" ဟု သာကီဝင်မင်းသား အနုရုဒ္ဓါကို ပြော၏။

http://www.dhammadownload.com



ထိုအခါ သာကီဝင်မင်းသား အနုရုဒ္ဓါသည် ဘဒ္ဒိယမည်သော သာကီဝင်မင်းထံသို့ ချဉ်းကပ်ပြီး နောက်—

"အဆွေ အကျွန်ုပ်၏ ရဟန်းဖြစ်မှုသည် သင်နှင့် ဆက်စပ်နေပါ၏" ဟု ပြော၏။

အဆွေ သင်၏ ရဟန်းဖြစ်မှုသည် အကျွန်ုပ်နှင့် ဆက်စပ်သည်ဖြစ်စေ မဆက်စပ်သည်ဖြစ်စေ ယင်းဆက်စပ်မှု မဆက်စပ်မှုမှာ ရှိပါစေဦး၊ အကျွန်ုပ်သည် သင်နှင့်အတူ [၁] အလိုရှိသည့်အတိုင်း ရဟန်းပြုပါလော့ ဟု (ဘဒ္ဒိယက ဆို၏)။

အဆွေ လာလော့၊ အကျွန်ုပ်တို့ နှစ်ဦးစလုံး လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းပြုကုန်အံ့ ဟု (အနုရုဒ္ဓါက ဆို၏)။

အဆွေ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်း မပြုနိုင်ပါ၊ အကျွန်ုပ် ပြုလုပ်နိုင်သော အခြားသော သင်၏ အဘယ်ကိစ္စကို ပြုလုပ်ရအံ့နည်း၊ သင်သာ ရဟန်းပြုလော့ ဟု (ဘဒ္ဒိယက ဆို၏)။

အဆွေ မိခင်သည် အကျွန်ုပ်ကို "အမောင် အနုရုဒ္ဓါ ဘဒ္ဒိယ မည်သော သာကီဝင်မင်းသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းပြုမူ သင်သည်လည်း ရဟန်းပြုလေလော့ ဟု ပြောပါသည်"ဟု အနုရုဒ္ဓါက ဆို၏။

"အဆွေ သင်၏ ရဟန်းဖြစ်မှုသည် အကျွန်ုပ်နှင့် ဆက်စပ်သည်ဖြစ်စေ မဆက်စပ်သည်ဖြစ်စေ ယင်းဆက်စပ်မှု မဆက်စပ်မှုမှာ ရှိပါစေဦး၊အကျွန်ုပ်သည် သင်နှင့်အတူ အလိုရှိသလို ရဟန်းပြုလော့" ဟူသော စကားကို သင်ပြောဆိုဘူးသည် မဟုတ်ပါလော။အဆွေ လာလော့၊ အကျွန်ုပ်တို့ နှစ်ဦးစလုံး လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုကုန်အံ့" ဟု (အနုရုဒ္ဓါက ဆို၏)။

ထိုစဉ်အခါ လူတို့သည် အမှန်ကို ပြောလေ့ရှိကုန်၏၊ အမှန်ကို ဝန်ခံလေ့ရှိကုန်၏၊ ထိုအခါ ဘဒ္ဒိယ သာကီဝင်မင်းသည် သာကီဝင်မင်းသား အနုရုဒ္ဓါကို—

"အဆွေ ခုနစ်နှစ်တိုင်အောင် ဆိုင်းငံ့လော့၊ ခုနစ်နှစ်တို့ကို ကျော်လွန်သောအခါ အကျွန်ုပ်တို့ နှစ်ဦးစလုံး လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုကုန်အံ့" ဟု ဘဒ္ဒိယက ဆို၏။

အဆွေ ခုနစ်နှစ် ဟူသည်မှာ ကြာလွန်းလှပါသည်၊ အကျွန်ုပ်သည် ခုနစ်နှစ်တိုင်အောင် မဆိုင်းငံ့နိုင်ပါ ဟု (အနုရုဒ္ဓါက ဆို၏)။

အဆွေ ခြောက်နှစ်တိုင်အောင် ဆိုင်းငံ့လော့။ပ။ ငါးနှစ်တိုင်အောင်။ လေးနှစ်တိုင်အောင်။ သုံးနှစ်တိုင်အောင်။ နှစ်နှစ်တိုင်အောင်။ တနှစ်တိုင်အောင် ဆိုင်းငံ့လော့၊ တနှစ်ကို ကျော်လွန်သော အခါ အကျွန်ုပ်တို့နှစ်ဦးစလုံးလူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်၍ရဟန်းပြုကုန်အံ့ဟု(ဘဒ္ဒိယကဆို၏)။

အဆွေ တနှစ် ဟူသည်မှာ ကြာလွန်းလှပါ၏၊ အကျွန်ုပ်သည် တနှစ်တိုင်အောင် မဆိုင်းငံ့နိုင်ပါ ဟု (အနုရုဒ္ဓါက ဆို၏)။

အဆွေ ခုနစ်လတိုင်အောင် ဆိုင်းငံ့လော့၊ ခုနစ်လတို့ကို ကျော်လွန်သောအခါ ကျွန်ုပ်တို့ နှစ်ဦးစလုံး လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းပြုကုန်အံ့ ဟု (ဘဒ္ဒိယက ဆို၏)။

---

၁။ အကျွန်ုပ်သည် သင်နှင့်အတူဟူသော စာပိုဒ်၌ အကျွန်ုပ်သည် သင်နှင့်အတူ ရဟန်းပြုပါအံ့ဟု မိတ်ဆွေ၌ ခင်တွယ်မှုအာ ရုတ်တရက်ပြောလိုက်သို့သော်လည်း မင်းစည်းစိမ်၌ တွယ်တာမှုလောဘဆွဲငင်ထားသော စိတ်ရှိသူဖြစ်ရကား အကျွန်ုပ် သည် သင်နှင့် အတူဟု ဤမျှကိုသာ မြွက်ဆိုလျက် ကြွင်းစကားရပ်ကို အပြည့်အစုံမပြောနိုင်ပဲ ရှိသည်ဟု အဋ္ဌကထာ၌ ဖွင့်ပြသည်။

http://www.dhammadownload.com



အဆွေ ခုနစ်လဟူသည်မှာ ကြာလွန်းလှပါ၏၊ အကျွန်ုပ်သည် ခုနစ်လတိုင်အောင် မဆိုင်းငံ့နိုင်ပါ ဟု (အနုရုဒ္ဓါက ဆို၏)။

အဆွေ ခြောက်လတိုင်အောင်။ပ။ငါးလတိုင်အောင်။လေးလတိုင်အောင်။ သုံးလတိုင်အောင်။ နှစ်လတိုင်အောင်။ တလတိုင်အောင်။ လဝက်မျှ ဆိုင်းငံ့လော့၊ လဝက်ကို ကျော်လွန်သော အခါ အကျွန်ုပ်တို့ နှစ်ဦးစလုံး လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်း ပြုကုန်အံ့ ဟု (ဘဒ္ဒိယက ဆို၏)။

အဆွေ လဝက် ဟူသည်မှာ ကြာလွန်းလှပါ၏၊ အကျွန်ုပ်သည် လဝက်မျှ မဆိုင်းငံ့နိုင်ပါ ဟု (အနုရုဒ္ဓါက ဆို၏)။

အဆွေ အကျွန်ုပ်သည် သားတို့ကိုလည်းကောင်း ညီတို့ကိုလည်းကောင်း မင်းအဖြစ်ကို မလွှဲရသေးမီ ခုနစ်ရက်မျှ ဆိုင်းငံ့လော့ ဟု (ဘဒ္ဒိယကဆို၏)။

အဆွေ ခုနစ်ရက် ဟူသည်မှာ မကြာလှပါ (အကျွန်ုပ်) ဆိုင်းငံ့ပါအံ့ဟု (အနုရုဒ္ဓါကဆို၏)။

၃၃၁။ ထိုအခါ ဘဒ္ဒိယ အနုရုဒ္ဓါ အာနန္ဒာ ဘဂု ကိမိလ ဒေဝဒတ် ဟူသော သာကီဝင် မင်းသား (ခြောက်ဦး) တို့သည် ဆတ္တာသည် ဥပါလိလျှင် ခုနစ်ယောက်မြောက် ဖြစ်ကုန်၍ ရှေးအခါ စစ်အင်္ဂါ လေးပါးဖြင့် ဥယျာဉ်မြေသို့ ထွက်ကုန်သကဲ့သို့ စစ်အင်္ဂါ လေးပါးဖြင့် ထွက်ကုန်၏။ ထို မင်းသားတို့သည် အဝေးသို့ သွားပြီးလျှင် စစ်တပ်ကို ပြန်ဆုတ်စေ၍ နိုင်ငံတပါးသို့ ဝင်ရောက်လျက် အဆင်းတန်ဆာကို ချွတ်ပြီးလျှင် အပေါ်ရုံဖြင့် အထုပ်ကို ထုပ်က "အချင်း ဥပါလိ ယခုပြန်လေလော့၊ သင့်အား ဤမျှသော ပစ္စည်းသည် အသက်မွေးနိုင်လောက်၏" ဟု ဆတ္တာသည် ဥပါလိကို ဆိုကုန်၏။ ထိုအခါ ဆတ္တာသည် ဥပါလိအား ပြန်လာစဉ်—

"သာကီဝင် မင်းသားတို့သည် ကြမ်းတမ်းကုန်၏၊ ဤဥပါလိသည် မင်းသားတို့ကို ထွက်သွားစေကုန်၏ ဟု ငါ့ကိုသတ်သော်လည်း သတ်ကုန်ရာ၏၊ ဤသာကီဝင် မင်းသားတို့သော်မှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ရဟန်းပြုကုန်သေး၏၊ ငါမူကား အဘယ်ဆိုဘွယ် ရာရှိအံ့နည်း" ဟု အကြံဖြစ်၏။

(ဤသို့ အကြံဖြစ်ပြီးနောက်) အထုပ်ကိုဖြေပြီးလျှင် ထိုဘဏ္ဍာကို သစ်ပင်၌ ဆွဲ၍ "တွေ့မြင် သူအား ပေးလှူပြီး ဖြစ်၏၊ (မည်သူမဆို) ဆောင်စေသတည်း"ဟု ဆို၍ သာကီဝင် မင်းသားများ ထံသို့ ချဉ်းကပ်၏၊ ထိုသာကီဝင် မင်းသားတို့သည် ဆတ္တာသည် ဥပါလိ အဝေးမှလာသည်ကို မြင်၍ ဆတ္တာသည် ဥပါလိကို "အချင်း ဥပါလိ အဘယ့်ကြောင့် ပြန်လာသနည်း" ဟု မေးကုန်၏။

အရှင်သားတို့ အကျွန်ုပ်ပြန်သွားစဉ် သာကီဝင် မင်းသားတို့သည် ကြမ်းတမ်းကုန်၏၊ ဤဥပါလိ သည် မင်းသားတို့ကို ထွက်သွားစေကုန်၏ ဟု ငါ့ကို သတ်သော်လည်း သတ်စေကုန်ရာ၏၊ဤသာကီဝင် မင်းသားတို့သော်မှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုကုန်သေး၏၊ ငါမူကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း" ဟု အကြံဖြစ်ပါ၏၊ အရှင်သားတို့ ထိုအကျွန်ုပ်သည် အထုပ်ကို ဖြေပြီး လျှင် ထိုဘဏ္ဍာကို သစ်ပင်၌ ဆွဲ၍ "တွေ့မြင်သူအား ပေးလှူပါ၏၊ (မည်သူမဆို) ဆောင်ယူစေ သတည်း"ဟု ဆို၍ ပြန်လှည့်လာပါသည်ဟု (ပြော၏)။

အချင်းဥပါလိ ယင်းသို့ ပြန်လာခြင်းသည် ကောင်းသော ပြုမူခြင်းဖြစ်၏၊ သာကီဝင် မင်းသား တို့သည် ကြမ်းတမ်းကုန်၏၊ "ဤဥပါလိသည် မင်းသားတို့ကို ထွက်သွားစေကုန်၏ ဟု သင့်ကို သတ်သော်လည်း သတ်စေကုန်ရာ၏" ဟု (ပြောကုန်၏)။

http://www.dhammadownload.com



ထိုအခါ သာကီဝင် မင်းသားတို့သည် ဆတ္တာသည် ဥပါလိကို ခေါ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ ထိုင်ကြကာ—

"အသျှင်ဘုရား အကျွန်ုပ်တို့ သာကီဝင်တို့မည်သည် မာနကို မှီပါကုန်၏၊ အသျှင်ဘုရား ဤဆတ္တာသည် ဥပါလိသည် အကျွန်ုပ်တို့၏ ကြာမြင့်စွာသော ကာလပတ်လုံး အလုပ်အကျွေး ပါတည်း၊ ဤဥပါလိကို မြတ်စွာဘုရားသည် ရှေးဦးစွာ ရဟန်းပြုတော်မူပါ၊ ဤဥပါလိအား အကျွန်ုပ်တို့သည် ရှိခိုးမှု ခရီးဦးကြိုမှု လက်အုပ်ချီမှု ရိုသေမှုကို ပြုပါကုန်အံ့၊ ဤသို့ပြုသော် အကျွန်ုပ်သာကီဝင်တို့၏သာကီယမာန်သည် ကျပါလတ္တံ့." ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဆတ္တာသည် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုတော်မူ၏၊ ထိုနောက် ထိုသာကီဝင်မင်းသားတို့ကို ရဟန်းပြုတော်မူ၏။

ထိုအခါ အသျှင်ဘဒ္ဒိယသည် ထိုဝါတွင်းမှာပင် ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြု၏၊ အသျှင် အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုဉာဏ်ကို ဖြစ်စေ၏၊ အသျှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြု၏၊ ဒေဝဒတ်သည် ပုထုဇဉ်တို့ ရထိုက်သော တန်ခိုးကို ဖြစ်စေ၏။

၃၃၂။ ထိုအခါ အသျှင်ဘဒ္ဒိယသည် တောသို့ကပ်သော်ငင်း သစ်ပင်ရင်းသို့ ကပ်သော်ငင်း ဆိတ်ငြိမ်ရာသို့ ကပ်သော်ငင်း "ကြော် ချမ်းသာလေစွ၊ကြော် ချမ်းသာလေစွ" ဟု ဥဒါန်းကို မပြတ်ကျူးရင့်၏။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုး၍ တခုသော နေရာ၌ ထိုင်ကြကာ—

"အသျှင်ဘုရား အသျှင်ဘဒ္ဒိယသည် တောသို့ကပ်သော်ငင်း သစ်ပင်ရင်းသို့ကပ်သော်ငင်း ဆိတ်ငြိမ်ရာသို့ ကပ်သော်ငင်း 'ကြော် ချမ်းသာလေစွ၊ ကြော် ချမ်းသာလေစွ'ဟု ဥဒါန်းကို မပြတ်ကျူးရင့်ပါ၏၊ အသျှင်ဘုရား အသျှင်ဘဒ္ဒိယသည် ဧကန်ပင် မပျော်မွေ့ပဲ မြတ်သော အကျင့်ကို ကျင့်နေပါ၏။

ထိုရှေးက မင်းချမ်းသာကိုပင် အောက်မေ့လျက် တောသို့ကပ်သော်ငင်း သစ်ပင်ရင်းသို့ ကပ်သော်ငင်း ဆိတ်ငြိမ်ရာသို့ ကပ်သော်ငင်း 'ကြော် ချမ်းသာလေစွ၊ကြော် ချမ်းသာလေစွ' ဟု ဥဒါန်းကို မပြတ် ကျူးရင့်ပါ၏" ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို ရဟန်း လာလော့၊ သင်သည် ငါ၏ စကားဖြင့် "ငါ့သျှင် ဘဒ္ဒိယ မြတ်စွာဘုရားသည် သင့်ကို ခေါ်တော်မူ၏" ဟု ဘဒ္ဒိယရဟန်းကို ခေါ်လေလော့ ဟူ၍ မိန့်တော်မူ၏။ "ကောင်းပါပြီ မြတ်စွာဘုရား" ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် အသျှင်ဘဒ္ဒိယထံသို့ ချဉ်းကပ်ပြီးနောက် "ငါ့သျှင်ဘဒ္ဒိယ မြတ်စွာဘုရားသည် သင့်ကို ခေါ်တော်မူ၏" ဟု ပြော၏။

"ငါ့သျှင် ကောင်းပါပြီ" ဟု အသျှင်ဘဒ္ဒိယသည် ထိုရဟန်းအား ဝန်ခံပြီးလျှင် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေသော အသျှင်ဘဒ္ဒိယအား မြတ်စွာဘုရား သည် ဤစကားကို မိန့်တော်မူ၏။

http://www.dhammadownload.com



"ဘဒ္ဒိယ သင်သည် တောသို့ ကပ်သော်ငြား သစ်ပင်ရင်းသို့ ကပ်သော်ငြား ဆိတ်ငြိမ်ရာသို့ ကပ်သော်ငြား 'ချမ်းသာလေစွ၊ ချမ်းသာလေစွ' ဟု ဥဒါန်းကို မပြတ်ကျူးရင့်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘဒ္ဒိယ သင်သည် အဘယ်အကျိုးထူးကို မြင်သောကြောင့် တောသို့ ကပ်သော်ငြား သစ်ပင်ရင်းသို့ ကပ်သော်ငြား ဆိတ်ငြိမ်ရာသို့ ကပ်သော်ငြား "ချမ်းသာလေစွ၊ ချမ်းသာလေစွ"ဟု ဥဒါန်းကို မပြတ်ကျူးရင့်သနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည် ရှေးအခါ မင်းဖြစ်စဉ် နန်းတော်တွင်း၌လည်း အစောင့်အရှောက်ကို ကောင်းစွာစီရင်ရပါ၏၊ နန်းတော်ပြင်ပ၌လည်း အစောင့်အရှောက်ကို ကောင်းစွာစီရင်ရပါ၏၊ မြို့တွင်း၌လည်း အစောင့်အရှောက်ကို ကောင်းစွာ စီရင်ရပါ၏၊ မြို့ပြင်၌လည်း အစောင့်အရှောက်ကို ကောင်းစွာ စီရင်ရပါ၏၊ ဇနပုဒ်တွင်း၌လည်း အစောင့်အရှောက်ကို ကောင်းစွာ စီရင်ရပါ၏၊ ဇနပုဒ်ပြင်ပ၌လည်း အစောင့်အရှောက်ကို ကောင်းစွာ စီရင်ရပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့ စောင့်ရှောက်အပ်သော်လည်း လုံခြုံစေအပ်သော်လည်း ကြောက်လျက်ပင် ထိတ်လျက်ပင် ရွံ့ရှာလျက်ပင် တုန်လှုပ်လျက်ပင် နေရပါ၏။ အသျှင်ဘုရား ယခုမူ အကျွန်ုပ်သည် တောသို့ ကပ်သော်ငြား သစ်ပင်ရင်းသို့ ကပ်သော်ငြား ဆိတ်ငြိမ်ရာသို့ ကပ်သော်ငြား မကြောက်မထိတ် မရွံ့ရှာ မတုန်လှုပ်ပဲ မကြောင့်ကြမူ၍ မာန်မာနတည်းဟူသော အမွေးကိုချလျက် သူတပါးပေးလှူသော ပစ္စည်းဖြင့် အသက်မွေးပြီးလျှင် သားသမင်သဖွယ် လွတ်လပ်သောစိတ်ဖြင့် နေရပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် ဤအကျိုးထူးကို မြင်သောကြောင့် တောသို့ကပ်သော်ငြား သစ်ပင်ရင်းသို့ကပ်သော်ငြား ဆိတ်ငြိမ်ရာသို့ ကပ်သော်ငြား "ချမ်းသာလေစွ၊ ချမ်းသာလေစွ" ဟု ဥဒါန်းကို မပြတ်ကျူးရင့်ပါ၏ ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူ၍ ထိုအချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

အကြင်သူ၏ စိတ်၌ အမျက်ဒေါသတို့သည် မရှိကုန်၊ သမ္ဘဝ ဝိဘဝ စသော အဖြစ်ကိုလည်း လွန်မြောက်၏၊ ဘေးကင်းသော ချမ်းသာသော စိုးရိမ်ခြင်း မရှိသော ထိုပုဂ္ဂိုလ်ကို နတ်တို့သည် ဖူးမြော်ရန် မရနိုင်ကုန် ဟု (ဥဒါန်းကို ကျူးရင့်တော်မူ၏)။

## ဒေဝဒတ်အကြောင်း

၃၃၃။ ထိုအခါ မြတ်စွာဘုရားသည် အနုပိယနိဂုံး၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်တော်မူလတ်သော် ကောသမ္ဗီပြည်သို့ ရောက်တော်မူ၍ ထိုကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်၍ တယောက်ထည်းတည်း ကိန်းအောင်းသော ဒေဝဒတ်အား—

"ငါအား များသော လာဘ်သပ်ပကာကို ဖြစ်စေနိုင်မည့် အဘယ်သို့သော သူကို ငါသည် ကြည်ညိုစေရအံ့နည်း" ဟု အကြံဖြစ်၏။

http://www.dhammadownload.com



ထိုနောက် ဒေဝဒတ်အား—

"ဤ အဇာတသတ် မင်းသားသည် ငယ်လည်း ငယ်၏၊ နောင်လည်း ကောင်းစားလတ္တံ့၊ ငါ့အား များစွာသော လာဘ်သပ်ပကာကို ဖြစ်စေမည့် ယင်းအဇာတသတ် မင်းသားကို ကြည်ညိုစေရမှု ကောင်းလေစွ" ဟု အကြံ ဖြစ်ပြန်၏။

ထိုနောက် ဒေဝဒတ်သည် ကျောင်းအိပ်ရာ နေရာကို သိမ်းဆည်းပြီးလျှင် သပိတ် သင်္ကန်းကိုယူ၍ အစဉ်အတိုင်း ဖဲသွားသည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ရောက်၏။ ထိုအခါ ဒေဝဒတ်သည် မိမိအသွင်ကို ဖျောက်ပြီးလျှင် သူငယ်အသွင် ဖန်ဆင်းလျက် ခါး၌ မြွေကို ပတ်၍ အဇာတသတ်မင်းသား၏ ရင်ခွင်၌ ထင်ရှားဖြစ်ပေါ်လာ၏။

ထိုအခါ အဇာတသတ် မင်းသားသည် ကြောက်၏၊ ထိတ်၏၊ ရွံ့ရှာ၏၊ တုန်လှုပ်၏။ ထိုအခါ ဒေဝဒတ်သည် အဇာတသတ် မင်းသားအား—

"မင်းသား သင်သည် ကျွန်ုပ်ကို ကြောက်သလော" ဟု မေး၏။

မှန်ပါ ကြောက်ပါ၏၊ သင်အဘယ်သူနည်း ဟု (ပြန်၍ မေး၏)။

ငါ ဒေဝဒတ်တည်း ဟု (ဆို၏)။

အသျှင်ဘုရား အသျှင်ဘုရားသည် အသျှင်ဒေဝဒတ် ဖြစ်မူ မိမိအသွင်ဖြင့်သာလျှင် ထင်ရှားဖြစ်ပါလော့ ဟု (လျှောက်၏)။

ထိုအခါ ဒေဝဒတ်သည် သူငယ်အသွင်ကို ဖျောက်ပြီးလျှင် ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်လျက် အဇာတသတ်မင်းသား၏ ရှေ့၌ ရပ်၏။ ထိုအခါ အဇာတသတ် မင်းသားသည် ဒေဝဒတ်အား ဤ တန်ခိုးပြာဋိဟာအားဖြင့် အလွန်ကြည်ညိုသည်ဖြစ်၍ ရထားငါးရာတို့ဖြင့် ည နံနက် ဆည်းကပ်၏၊ ဆွမ်းအုပ် ငါးရာတို့ကိုလည်း ပို့စေ၏။

ထိုအခါ လာဘ်သပ်ပကာ အကျော်အစောဖြင့် နှိပ်စက်လွှမ်းမိုးထားသော စိတ်ရှိသော ဒေဝဒတ်အား "ငါသည် ရဟန်းသံဃာကို ဆောင်အံ့" ဟူသော အလိုဆန္ဒသည် ဖြစ်ပေါ်လာ၏။ ထိုစိတ်ဖြစ်သည်နှင့်တပြိုင်နက် ဒေဝဒတ်သည် ထိုတန်ခိုးမှ လျှောလေ၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်၏ အလုပ်အကျွေးဖြစ်သော ကကုဓ မည်သော ကောဠိယ မင်းသားသည် ယခုပင် စုတေ၍ တခုသော စိတ်ဖြင့် ပြီးသော ကိုယ်သို့ 'နတ်ပြည်သို့' ရောက်၏။ ထိုကကုဓနတ်သားအား မဂဓတိုင်း ဂါမခေတ် နှစ်ခု သုံးခုလောက်မျှသော ခန္ဓာကိုယ်ကို ရ၏။ ထိုကကုဓနတ်သားသည် ထိုခန္ဓာကိုယ်ကို ရခြင်းဖြင့် မိမိကိုရင်း သူတပါးကိုရင်း မနှိပ်စက်စေ၊ ထိုအခါ ကကုဓနတ်သားသည် အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုး၍ တခုသော နေရာ၌ ရပ်တည်ကာ—

"အသျှင်ဘုရား လာဘ်သပ်ပကာ အကျော်အစောဖြင့် နှိပ်စက်လွှမ်းမိုးထားသော စိတ်ရှိသော ဒေဝဒတ်အား 'ငါသည် ရဟန်းသံဃာကို ဆောင်အံ့' ဟူသော အလိုဆန္ဒသည် ဖြစ်ပေါ်ခဲ့ပါပြီ၊ အသျှင်ဘုရား ထိုစိတ်ဖြစ်သည်နှင့် တပြိုင်နက် ဒေဝဒတ်သည် ထိုတန်ခိုးမှ လျှောခဲ့ပါပြီ" ဟု လျှောက်၏။

လျှောက်ပြီးနောက် အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ထိုနေရာ၌ပင် ကွယ်ပျောက်လေ၏။

http://www.dhammadownload.com



ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုး၍ တခုသော နေရာ၌ ထိုင်ကာ—

"အသျှင်ဘုရား အကျွန်ုပ်၏ အလုပ်အကျွေးဖြစ်သော ကကုဓမည်သော ကောဠိယ မင်းသားသည် ယခုပင် စုတေ့လျက် တခုသော စိတ်ဖြင့် ပြီးသော ကိုယ်သို့ 'နတ်ပြည်သို့' ရောက်ပါ၏၊ ထိုနတ်သားအား မဂဓတိုင်း ဂါမခေတ် နှစ်ခု သုံးခုလောက် ကြီးသော ခန္ဓာကိုယ်ကို ရပါ၏။ ထိုနတ်သားသည် ထိုခန္ဓာကိုယ်ကို ရခြင်းဖြင့် မိမိကိုငှင်း သူတပါးကိုငှင်း မနှိပ်စက်စေပါ။ အသျှင်ဘုရား ထိုအခါ ကကုဓနတ်သားသည် အကျွန်ုပ်ထံသို့ ချဉ်းကပ်ပြီးနောက် အကျွန်ုပ်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်ပါ၏၊ အသျှင်ဘုရား တခုသောနေရာ၌ ရပ်ပြီးသော ကကုဓနတ်သားသည် အကျွန်ုပ်အား "အသျှင်ဘုရား လာဘ်သပ်ပကာ အကျော်အစောဖြင့် နှိပ်စက်လွှမ်းမိုးထားသော စိတ်ရှိသော ဒေဝဒတ်အား 'ငါသည် ရဟန်းသံဃာကို ဆောင်အံ့'ဟူသော အလိုဆန္ဒ ဖြစ်ပေါ်လာ၏။ အသျှင်ဘုရား ထိုစိတ်ဖြစ်သည်နှင့် တပြိုင်နက် ဒေဝဒတ်သည် ထိုတန်ခိုးမှ လျှော့ခဲ့ပြီ ဟု လျှောက်ပါသည်။ ဤစကားကို လျှောက်ပြီးနောက် အကျွန်ုပ်ကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ထိုနေရာ၌ပင် ကွယ်ခဲ့ပါ၏" ဟု လျှောက်၏။

မောဂ္ဂလာန် သင်၏ စိတ်ဖြင့် ကကုဓနတ်သားစိတ်ကို ပိုင်းခြား၍ သိသလော၊ ကကုဓနတ်သား ပြောသမျှစကား အလုံးစုံသည် ပြောဆိုတိုင်းပင် ဖြစ်သလော၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်၏ စိတ်ဖြင့်လည်း ကကုဓနတ်သားစိတ်ကို ပိုင်းခြား၍သိပါ၏၊ ကကုဓနတ်သား ပြောသမျှစကား အလုံးစုံသည် ပြောဆိုတိုင်းပင် ဖြစ်ပါ၏၊တပါးသော အခြင်းအရာအားဖြင့် မဖြစ်ပါ ဟု (လျှောက်၏)။

မောဂ္ဂလာန် ဤစကားကို စောင့်စည်းလော့။

မောဂ္ဂလာန် ဤစကားကို စောင့်စည်းလော့။

ယခုအခါ ထို(မင်္ဂလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားသည် မိမိကိုယ်ကို ကိုယ်တိုင်ပင် ထင်ရှားပြုလိမ့်မည်။

## ဆရာငါးဦးကိုပြခြင်း

၃၃၄။ မောဂ္ဂလာန် လောက၌ ဆရာငါးဦးတို့သည် ထင်ရှားရှိကုန်၏၊ ငါးဦးတို့ကား အဘယ်သူတို့နည်း။

မောဂ္ဂလာန် ဤလောက၌ ဆရာအချို့သည် စင်ကြယ်သော သီလမရှိပဲလျက် "စင်ကြယ်သော သီလရှိ၏"၊ "ငါ၏ သီလသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း" ဟု ဝန်ခံ၏။ ထိုဆရာကို တပည့်တို့သည် "ဤအသျှင်ဆရာသည် စင်ကြယ်သော သီလမရှိပဲလျက် 'စင်ကြယ်သော သီလရှိ၏'၊ 'ငါ၏ သီလသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း'ဟု ဝန်ခံ၏။ ငါတို့သည် လူတို့အား ပြောကုန်မူ ဤဆရာသည် မနှစ်မြို့ရာ၊ ငါတို့သည် ထိုမနှစ်မြို့ဖွယ်စကားဖြင့် ထိုဆရာကို အဘယ့်ကြောင့် ပြောကုန်အံ့နည်း၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ အရံအတား ဆေး ပစ္စည်း ပရိက္ခရာတို့ဖြင့် ထောက်ပံ့ထား၏။ အကြင်အမှုကို ထိုဆရာသည် ပြုလုပ်အံ့၊ ထိုအမှုဖြင့်ပင် ထိုဆရာသည် ထင်ရှားလတ္တံ့" ဟု သိကုန်၏။

http://www.dhammadownload.com



မောဂ္ဂလာန် ဤသို့သော ဆရာကို တပည့်တို့သည် သီလမှ စောင့်ကုန်၏။ ဤသို့သော ဆရာသည်လည်း တပည့်တို့၏ သီလမှ စောင့်ခြင်းကို တောင့်တ၏။

မောဂ္ဂလာန် နောက်တမျိုးကား ဤလောက၌ ဆရာအချို့သည် စင်ကြယ်သော အသက်မွေးခြင်း မရှိပဲလျက် "စင်ကြယ်သော အသက်မွေးခြင်းရှိ၏"၊ "ငါ၏ အသက်မွေးခြင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း" ဟု ဝန်ခံ၏။ ထိုဆရာကို တပည့်တို့သည် "ဤအသျှင်ဆရာသည် စင်ကြယ်သော အသက်မွေးခြင်း မရှိပဲလျက် 'စင်ကြယ်သော အသက်မွေးခြင်းရှိ၏'၊ 'ငါ၏ အသက်မွေးခြင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း' ဟု ဝန်ခံ၏။ ငါတို့သည် လူတို့အား ပြောကုန်မူ ဤအသျှင်ဆရာသည် မနှစ်မြို့ရာ၊ ငါတို့သည် ထိုမနှစ်မြို့ဖွယ်သော စကားဖြင့် ထိုဆရာကို အဘယ့်ကြောင့် ပြောကုန်အံ့နည်း၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ အရံအတား ဆေး ပစ္စည်း ပရိက္ခရာတို့ဖြင့် ထောက်ပံ့ထား၏၊ အကြင်အမှုကို ထိုဆရာသည် ပြုလုပ်အံ့၊ ထိုအမှုဖြင့်ပင် ထိုဆရာသည် ထင်ရှားလတ္တံ့" ဟု သိကုန်၏၊ မောဂ္ဂလာန် ဤသို့သော ဆရာကို တပည့်တို့သည် အသက်မွေးခြင်းမှ စောင့်ကုန်၏၊ ဤသို့သော ဆရာသည်လည်း တပည့်တို့၏ အသက်မွေးခြင်းမှ စောင့်ခြင်းကို တောင့်တ၏။

မောဂ္ဂလာန် နောက်တမျိုးကား ဤလောက၌ ဆရာအချို့သည် မစင်ကြယ်သော တရားဟော ခြင်းရှိလျက် "စင်ကြယ်သော တရားဟောခြင်းရှိ၏"၊ "ငါ၏ တရားဟောခြင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊မညစ်နွမ်း" ဟု ဝန်ခံ၏။ထိုဆရာကို တပည့်တို့သည် "ဤအသျှင်ဆရာသည် မစင်ကြယ်သော တရားဟောခြင်းရှိလျက် 'စင်ကြယ်သော တရားဟောခြင်းရှိ၏'၊ 'ငါ၏ တရားဟောခြင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း' ဟု ဝန်ခံ၏။ ငါတို့သည် လူတို့အား ပြောကုန်မူ ဤအသျှင်ဆရာသည် မနှစ်မြို့ရာ၊ ငါတို့သည် ထိုမနှစ်မြို့ဖွယ်စကားဖြင့် ထိုဆရာကို အဘယ့်ကြောင့် ပြောကုန်အံ့နည်း၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ အရံအတား ဆေး ပစ္စည်း ပရိက္ခရာတို့ဖြင့် ထောက်ပံ့ထား၏၊ အကြင်အမှုကို ထိုဆရာသည် ပြုလုပ်အံ့၊ ထိုအမှုဖြင့်ပင် ထိုဆရာသည် ထင်ရှားလတ္တံ့" ဟု သိကုန်၏။ မောဂ္ဂလာန် ဤသို့သော ဆရာကို တပည့်တို့သည် တရားဟောခြင်းမှ စောင့်ကုန်၏။ ဤသို့သော ဆရာသည်လည်း တပည့်တို့၏ တရားဟောခြင်းမှ စောင့်ခြင်းကို တောင့်တ၏။

မောဂ္ဂလာန် နောက်တမျိုးကား ဤလောက၌ ဆရာအချို့သည် မစင်ကြယ်သော ပြောကြားခြင်းရှိလျက် "စင်ကြယ်သော ပြောကြားခြင်းရှိ၏"၊ "ငါ၏ ပြောကြားခြင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း" ဟု ဝန်ခံ၏။ ထိုဆရာကို တပည့်တို့သည် "ဤအသျှင်ဆရာသည် မစင်ကြယ်သော ပြောကြားခြင်းရှိလျက် 'စင်ကြယ်သော ပြောကြားခြင်းရှိ၏'၊ 'ငါ၏ ပြောကြားခြင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း' ဟု ဝန်ခံ၏။ ငါတို့သည် လူတို့အား ပြောကုန်မူ ဤအသျှင်ဆရာသည် မနှစ်မြို့ရာ၊ ငါတို့သည် ထိုမနှစ်မြို့ဖွယ်စကားဖြင့် ထိုဆရာကို အဘယ့်ကြောင့် ပြောကုန်အံ့နည်း၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ အရံအတား ဆေးပစ္စည်း ပရိက္ခရာတို့ဖြင့် ထောက်ပံ့ထား၏၊ အကြင်အမှုကို ထိုဆရာသည် ပြုလုပ်အံ့၊ ထိုအမှုဖြင့်ပင် ထိုဆရာသည် ထင်ရှားလတ္တံ့" ဟု သိကုန်၏။ မောဂ္ဂလာန် ဤသို့သော ဆရာကို တပည့်တို့သည် ပြောကြားခြင်းမှ စောင့်ကုန်၏၊ ဤသို့သော ဆရာသည်လည်း တပည့်တို့၏ ပြောကြားခြင်းမှ စောင့်ခြင်းကို တောင့်တ၏။

မောဂ္ဂလာန် နောက်တမျိုးကား ဤလောက၌ ဆရာအချို့သည် မစင်ကြယ်သော ဉာဏ်အမြင် ရှိလျက် "စင်ကြယ်သော ဉာဏ်အမြင်ရှိ၏"၊ "ငါ၏ ဉာဏ်အမြင်သည် စင်ကြယ်၏၊ ဖြူစင်၏၊မညစ်နွမ်း" ဟု ဝန်ခံ၏။ ထိုဆရာကို တပည့်တို့သည် "ဤအသျှင်ဆရာသည် မစင်ကြယ်သော ဉာဏ်အမြင်ရှိလျက်

http://www.dhammadownload.com



'စင်ကြယ်သော ဉာဏ်အမြင်ရှိ၏'၊ 'ငါ၏ ဉာဏ်အမြင်သည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း' ဟု ဝန်ခံ၏။ ငါတို့သည် လူတို့အား ပြောကုန်မူ ဤအသျှင်ဆရာသည် မနှစ်မြို့ရာ၊ ငါတို့သည် ထိုမနှစ်မြို့ဖွယ် စကားဖြင့် ထိုဆရာကို အဘယ်ကြောင့် ပြောကုန်အံ့နည်း။ သင်္ကန်း ဆွမ်း ကျောင်း သူနာ အရံအတား ဆေးပစ္စည်း ပရိက္ခရာတို့ဖြင့် ထောက်ပံ့ထား၏။ အကြင်အမှုကို ထိုဆရာသည် ပြုလုပ်အံ့၊ ထိုအမှုဖြင့်ပင် ထိုဆရာသည် ထင်ရှားလတ္တံ့" ဟု သိကုန်၏။ မောဂ္ဂလာန် ဤသို့သောဆရာကို တပည့်တို့သည် ဉာဏ်အမြင်မှ စောင့်ကုန်၏၊ ဤသို့သော ဆရာသည်လည်း တပည့်တို့၏ ဉာဏ်အမြင်မှ စောင့်ခြင်းကို တောင့်တ၏။

မောဂ္ဂလာန် လောက၌ ဤဆရာ ငါးဦးတို့သည် ရှိကုန်၏။

မောဂ္ဂလာန် ငါမူကား စင်ကြယ်သော သီလရှိသောကြောင့် "စင်ကြယ်သော သီလရှိ၏"၊ "ငါ၏ သီလသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း" ဟု ဝန်ခံ၏။ ငါ့ကိုလည်း တပည့်တို့သည် သီလမှ မစောင့်ကုန်၊ ငါသည်လည်း တပည့်တို့၏ သီလမှ စောင့်ခြင်းကို မတောင့်တ။

စင်ကြယ်သော အသက်မွေးခြင်းရှိသောကြောင့်။ပ။ စင်ကြယ်သော တရားဟောခြင်းရှိသောကြောင့်။ပ။ စင်ကြယ်သော ပြောကြားခြင်း ရှိသောကြောင့်။ပ။ စင်ကြယ်သော ဉာဏ်အမြင်ရှိသောကြောင့် "စင်ကြယ်သော ဉာဏ်အမြင်ရှိ၏"၊ "ငါ၏ ဉာဏ်အမြင်သည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း" ဟု ဝန်ခံ၏။ ငါ့ကိုလည်း တပည့်တို့သည် ဉာဏ်အမြင်မှ မစောင့်ကုန်၊ ငါသည်လည်း တပည့်တို့၏ ဉာဏ်အမြင်မှ စောင့်ခြင်းကို မတောင့်တ ဟု (မိန့်တော်မူ၏)။

၃၃၅။ ထိုနောက် မြတ်စွာဘုရားသည် ကောသမ္ဗီပြည်၌ မွေ့လျော်တော်မူသမျှ သီတင်းသုံး နေတော်မူပြီးလျှင် အစဉ်အတိုင်းလှည့်လည်သော် ရာဇဂြိုဟ်ပြည်သို့ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက်မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ကြကာ—

"အသျှင်ဘုရား အဇာတသတ်မင်းသားသည် ရထားငါးရာတို့ဖြင့် ညဉ့်နံနက် ဒေဝဒတ်အား ဆည်းကပ်၏၊ ဆွမ်းအုပ်ငါးရာတို့ကိုလည်း ပို့ပါ၏" ဟု လျှောက်ကုန်၏။

ရဟန်းတို့ ဒေဝဒတ်၏ လာဘ်သပ်ပကာ ကျော်စောမှုကို မမြတ်နိုးကုန်လင့်၊ ရဟန်းတို့ အဇာတသတ်မင်းသားသည် ဒေဝဒတ်အား ရထားငါးရာတို့ဖြင့် ညဉ့်နံနက်ဆည်းကပ်သမျှ ကာလပတ်လုံး ဆွမ်းအုပ်ငါးရာတို့ကို ပို့နေသမျှကာလပတ်လုံး ဒေဝဒတ်အား ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုကိုသာ အလိုရှိအပ်၏၊ ကြီးပွါးမှုကို အလိုမရှိအပ်။

ရဟန်းတို့ ဥပမာသော်ကား ကြမ်းတမ်းသော ခွေး၏ နှာခေါင်း၌ ဝံ စသော တိရစ္ဆာန် သည်းခြေကို ထည့်ကုန်ရာ၏၊ ရဟန်းတို့ ဤသို့ထည့်လတ်သော် ထိုခွေးသည် အတိုင်းထက် အလွန် ကြမ်းတမ်းရာ သကဲ့သို့ ရဟန်းတို့ ဤအတူပင် အဇာတသတ်မင်းသားသည် ဒေဝဒတ်အား ရထားငါးရာတို့ဖြင့် ညဉ့်နံနက် ဆည်းကပ်သမျှ ကာလပတ်လုံး ဆွမ်းအုပ်ငါးရာတို့ကို ပို့နေသမျှကာလပတ်လုံး ဒေဝဒတ်အား ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုကိုသာ အလိုရှိအပ်၏၊ ကြီးပွါးမှုကို အလိုမရှိအပ်။

http://www.dhammadownload.com



ရဟန်းတို့ မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏။

ရဟန်းတို့ ဥပမာသော်ကား ငှက်ပျောပင်သည် မိမိကိုယ်ကို သတ်ခြင်းငှါ အသီးသီးသကဲ့သို့ ပျက်စီးခြင်းငှါ အသီးသီးသကဲ့သို့ ဤနည်းအတူပင် မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏။

ရဟန်းတို့ ဥပမာတနည်းသော်ကား ဝါးပင်သည် မိမိကိုယ်ကို သတ်ခြင်းငှါ အသီးသီးသကဲ့သို့ ပျက်စီးခြင်းငှါအသီးသီးသကဲ့သို့ ဤနည်းအတူပင် မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည်ဖြစ်လာ၏။

ရဟန်းတို့ ဥပမာ တနည်းသော်ကား ကျူပင်သည် မိမိကိုယ်ကို သတ်ခြင်းငှါ အသီးသီးသကဲ့သို့ ပျက်စီးခြင်းငှါ အသီးသီးသကဲ့သို့ ဤနည်းအတူပင် မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏။

ရဟန်းတို့ ဥပမာတနည်းသော်ကား အဿတိုရ်မြင်းမသည် မိမိကိုယ်ကို သတ်ခြင်းငှါ ကိုယ်ဝန်ဆောင်သကဲ့သို့ ပျက်စီးခြင်းငှါ ကိုယ်ဝန်ဆောင်သကဲ့သို့ ဤနည်းအတူပင် မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏ ဟု (မိန့်တော်မူ၏)။

**ငှက်ပျောသီးသည် စင်စစ် ငှက်ပျောပင်ကို သတ်သကဲ့သို့ ဝါးသီးသည် ဝါးပင်ကို သတ်သကဲ့သို့ ကျူသီးသည် ကျူပင်ကို သတ်သကဲ့သို့ ကိုယ်ဝန်သည် အဿတိုရ်မြင်းမကို သတ်သကဲ့သို့ ပူဇော်သကာသည် ယုတ်မာသူကို သတ်၏ ဟု (မိန့်တော်မူ၏)။**

**ပဌမအခန်း ပြီး၏။**

---

## ၂-ဒုတိယအခန်း

## ပဏ္ဏာသနိယက်

၃၃၆။ မြတ်စွာဘုရားသည် များစွာသော ပရိသတ် အခြံအရံဖြင့် မင်းနှင့်တကွသော ပရိသတ်၌ တရားဟောလျက် ထိုင်နေတော်မူသောအခါ ဒေဝဒတ်သည် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီကာ မြတ်စွာဘုရားအား—

အသျှင်ဘုရား မြတ်စွာဘုရားသည် ယခုအခါ အိုမင်းပါပြီ၊ ကြီးပါပြီ၊ ရင့်ပါပြီ၊အချိန်လွန်ပါပြီ၊ အဆုံးစွန်သောအရွယ်သို့ရောက်ပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ယခုအခါ မျက်မှောက် ချမ်းသာစွာ နေထိုင်ရေးကို အားထုတ်လျက် ကြောင့်ကြမဲ့နေတော်မူပါလော့၊ အကျွန်ုပ်အား

http://www.dhammadownload.com



ရဟန်းသံဃာကို လွှဲအပ်ပါလော့၊အကျွန်ုပ်သည် ရဟန်းသံဃာကို ဆောင်ပါအံ့”ဟု လျှောက်၏။ ဒေဝဒတ် မသင့်၊ သင်သည် ရဟန်းသံဃာကို ဆောင်ခြင်းငှါ မနှစ်သက်လင့် ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း ဒေဝဒတ်သည်။ပ။ သုံးကြိမ်မြောက်လည်း ဒေဝဒတ်သည် မြတ်စွာ ဘုရားအား—

“အသျှင်ဘုရား မြတ်စွာဘုရားသည် ယခုအခါ အိုမင်းပါပြီ၊ ကြီးပါပြီ၊ ရင့်ပါပြီ၊ အချိန်လွန်ပါပြီ၊ အဆုံးစွန်သော အရွယ်သို့ရောက်ပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ယခုအခါ မျက်မှောက်ချမ်းသာစွာ နေထိုင်ရေးကို အားထုတ်လျက် ကြောင့်ကြမဲ့နေတော်မူပါလော့၊ အကျွန်ုပ်အား ရဟန်းသံဃာကို လွှဲအပ်ပါလော့၊ အကျွန်ုပ်သည်ရဟန်းသံဃာကို ဆောင်ပါအံ့” ဟု လျှောက်၏။

ဒေဝဒတ် ငါသည် သာရိပုတြာ မောဂ္ဂလာန်တို့အား သော်လည်း ရဟန်းသံဃာကို လွှဲအပ်မည် မဟုတ်ရာ။

တံတွေးနှင့်တူသော ပစ္စည်းများကို သုံးစားသော ယုတ်မာသော သင့်အား အဘယ့်ကြောင့် လွှဲအပ်ရာအံ့နည်း ဟု (မိန့်တော်မူ၏)။

ထိုအခါ ဒေဝဒတ်သည် “မင်းနှင့်တကွသော ပရိသတ်၌ ငါ့ကို မြတ်စွာဘုရားက တံတွေးနှင့် တူသော ပစ္စည်းများကို သုံးစားသူ ဟူသော စကားဖြင့် မောင်းမဲ၏၊ သာရိပုတြာ မောဂ္ဂလာန်တို့ကို သာလျှင် မြှောက်စား၏” ဟု အမျက်ထွက်ကာ နှလုံးမသာပဲ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရို အသေပြုကာ ဖဲသွား၏။ ဤကား မြတ်စွာဘုရားအပေါ်၌ ဒေဝဒတ်၏ ပဌမ ရန်ငြိုး ဖွဲ့ခြင်းတည်း။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဒေဝဒတ်အား “ရှေးအခါ၌ ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြုရာ၏၊ ထိုအမှုဖြင့်မြတ်စွာဘုရား ဟူ၍ရင်း တရားတော်ဟူ၍ရင်း သံဃာတော်ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ် ဟူ၍သာလျှင် မှတ်အပ်၏” ဟု ရာဇဂြိုဟ်ပြည်၌ ပကာသနီယကံကို ပြုလော့။

ရဟန်းတို့ ဤသို့ပြုရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေ ရမည်။

၃၃၇။ “အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာ အား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဒေဝဒတ်အား ရာဇဂြိုဟ်ပြည်၌ ‘ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြုရာ၏၊ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍ရင်း တရားတော်ဟူ၍ရင်း သံဃာတော် ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍ သာလျှင် မှတ်အပ်၏’ ဟု ပကာသနီယကံကို ပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဒေဝ ဒတ်အား ရာဇဂြိုဟ်ပြည်၌ ‘ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌

http://www.dhammadownload.com



အမူအကျင့်သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြုရာ၏၊ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍ရင်း တရားတော်ဟူ၍ရင်း သံဃာတော်ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍ သာလျှင် မှတ်ရာ၏' ဟု ပကာသနီယကံကိုပြု၏။

ဒေဝဒတ်အား ရာဇဂြိုဟ်ပြည်၌ 'ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြုရာ၏၊ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍ရင်း တရားတော်ဟူ၍ရင်း သံဃာတော် ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍ သာလျှင် မှတ်အပ်၏' ဟု ပကာသနီယကံ ပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဒေဝဒတ်အား ရာဇဂြိုဟ်ပြည်၌ 'ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြုရာ၏၊ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍ရင်း တရားတော်ဟူ၍ရင်း သံဃာတော်ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍သာလျှင် မှတ်အပ်၏' ဟု ပကာသနီယကံကို ပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

၃၃၈။ ထိုအခါ မြတ်စွာဘုရားသည် အသျှင် သာရိပုတြာကို "သာရိပုတြာ သို့ဖြစ်လျှင် သင်သည် ရာဇဂြိုဟ်ပြည်၌ ဒေဝဒတ်ကို ထင်ရှားအောင် ပြလော့" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရှေးအခါက အကျွန်ုပ်သည် ရာဇဂြိုဟ်ပြည်၌ "ဂေါဓိအမျိုးသားသည် တန်ခိုးကြီး ၏၊ ဂေါဓိအမျိုးသားသည် အာနုဘော်ကြီး၏" ဟု ဒေဝဒတ်၏ ဂုဏ်ကျေးဇူးကို ပြောခဲ့ပါ၏။ အသျှင် ဘုရား အဘယ်သို့လျှင် အကျွန်ုပ်သည် ရာဇဂြိုဟ်ပြည်၌ ဒေဝဒတ်ကို ထင်ရှားအောင် ပြရပါအံ့နည်း ဟု (လျှောက်၏)။

သာရိပုတြာ သင်သည် ရာဇဂြိုဟ်ပြည်၌ "ဂေါဓိအမျိုးသားသည် တန်ခိုးကြီး၏၊ ဂေါဓိအမျိုး သားသည် အာနုဘော်ကြီး၏" ဟု ဒေဝဒတ်၏ဂုဏ်ကျေးဇူးကို အမှန်အတိုင်း ပြောခဲ့သည် မဟုတ် လော ဟု (မေးတော်မူ၏)။

မှန်ပါသည် အသျှင်ဘုရား ဟု (လျှောက်၏)။

သာရိပုတြာ ဤအတိုင်းပင် သင်သည် ဒေဝဒတ်ကို အမှန်အတိုင်း ထင်ရှားအောင် ပြလော့ ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင် သာရိပုတြာသည် မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် သာရိပုတြာကို ရာဇဂြိုဟ်ပြည်၌ 'ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့် သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြုရာ၏၊ ထိုအမှုဖြင့်

http://www.dhammadownload.com



မြတ်စွာဘုရားဟူ၍ရင်း တရားတော်ဟူ၍ရင်း သံဃာတော်ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍သာလျှင် မှတ်အပ်၏’ဟု ဒေဝဒတ်ကို ထင်ရှားအောင် ပြရန် သမုတ်လော့။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ သာရိပုတြာကို တောင်းပန်ရမည်၊ တောင်းပန်ပြီး နောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် သာရိပုတြာကို ရာဇဂြိုဟ်ပြည်၌ ‘ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြုရာ၏၊ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍ရင်း တရားတော်ဟူ၍ရင်း သံဃာတော်ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍သာလျှင် မှတ်အပ်၏’ ဟု ဒေဝဒတ်ကို ထင်ရှားအောင် ပြရန် သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် အသျှင်သာရိပုတြာကို ရာဇဂြိုဟ်ပြည်၌ ‘ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြုရာ၏၊ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍ရင်း တရားတော်ဟူ၍ရင်း သံဃာတော်ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍ သာလျှင် မှတ်အပ်၏’ ဟု ဒေဝဒတ်ကို ထင်ရှားအောင် ပြရန်သမုတ်၏၊ သာရိပုတြာကို ရာဇဂြိုဟ်ပြည်၌ ‘ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြုရာ၏၊ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍ရင်း တရားတော်ဟူ၍ရင်း သံဃာတော်ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍ သာလျှင် မှတ်အပ်၏’ ဟု ဒေဝဒတ်ကို ထင်ရှားအောင် ပြရန် သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် အသျှင်သာရိပုတြာကို ရာဇဂြိုဟ်ပြည်၌ ‘ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြုရာ၏၊ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍ရင်း တရားတော်ဟူ၍ရင်း သံဃာတော်ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍သာလျှင် မှတ်အပ်၏’ဟု ဒေဝဒတ်ကို ထင်ရှားအောင် ပြရန်သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ် နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်” ဟု (သိစေ ရမည် ဟု မိန့်တော်မူ၏)။

သမုတိရပြီးသော အသျှင်သာရိပုတြာသည် များစွာသော ရဟန်းတို့နှင့် အတူ ရာဇဂြိုဟ်ပြည်သို့ ဝင်၍ “ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တမျိုး ဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ပြု၏၊ ထိုအမှုဖြင့် မြတ်စွာဘုရား ဟူ၍ရင်း တရားတော် ဟူ၍ရင်း သံဃာတော်ဟူ၍ရင်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍သာလျှင် မှတ်အပ်၏” ဟု ဒေဝဒတ်ကို ရာဇဂြိုဟ်ပြည်၌ ထင်ရှားအောင်ပြ၏။

http://www.dhammadownload.com



ထိုသို့ ပြရာ၌ ယုံကြည်မှု ကြည်ညိုမှု သိမှု မရှိသူတို့သည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ငြူစူကုန်၏၊ ဒေဝဒတ်၏ လာဘ်သပ်ပကာကို ငြူစူကုန်၏" ဟု ပြောဆိုကုန်၏။

ယုံကြည်မှု ကြည်ညိုမှု သိမှု ရှိသူ လူပညာရှိတို့ကမူ "မြတ်စွာဘုရားသည် ဒေဝဒတ်ကို ရာဇဂြိုဟ်ပြည်၌ ထင်ရှားအောင် ပြစေခြင်းသည် ယုတ်ညံ့မည်မဟုတ်" ဟု ပြောဆိုကုန်၏။

## အဇာတသတ်မင်းသားအကြောင်း

၃၃၉။ ထိုအခါ ဒေဝဒတ်သည် အဇာတသတ်မင်းသားထံသို့ ချဉ်းကပ်၍—

"မင်းသား ရှေးအခါ၌ လူတို့သည် အသက်ရှည်ကုန်၏၊ ယခုအခါ၌ အသက်တိုကုန်၏။ သင်သည် မင်းသားဘဝနှင့် သေရာသော အကြောင်းရှိ၏၊ မင်းသား ထို့ကြောင့် သင်သည် အဖကိုသတ်၍ မင်းဖြစ်လော့၊ ငါသည် မြတ်စွာဘုရားကိုသတ်၍ ဘုရားဖြစ်အံ့" ဟု (ပြောဆို၏)။

ထိုအခါ အဇာတသတ်မင်းသားသည် "အသျှင်ဒေဝဒတ်သည် တန်ခိုးအာနုဘော်ကြီး၏၊ အသျှင်ဒေဝဒတ်သည် သိတန်ရာ၏" ဟု ပေါင်၌ ဓားမြှောင်ကို ဖွဲ့၍ နေ့ခင်းကြောင်တောင်၌ ကြောက်ထိတ် ရွံ့ရှား တုန်လှုပ်လျက် အဆောတလျင် နန်းတော်တွင်းသို့ဝင်၏။ နန်းတော်တွင်း၌ သက်တော်စောင့်အမတ်ကြီးတို့သည် ကြောက်ထိတ်ရွံ့ရှားတုန်လှုပ်လျက် နန်းတွင်းသို့ အဆောတလျင် နေ့ခင်းကြောင်တောင် ဝင်လာသော အဇာတသတ်မင်းသားကို မြင်၍ ဖမ်းကြကုန်၏။ ထိုအမတ်ကြီးတို့သည် ရှာဖွေကြသော် ပေါင်၌ ဖွဲ့ထားသော ဓားမြှောင်ကိုမြင်၍ အဇာတသတ်မင်းသားကို—

"မင်းသား အသင်သည် အဘယ်အရာကို ပြုလုပ်လိုပါသနည်း" ဟု မေးကြကုန်၏။

အဖကို သတ်လို၏ ဟု (ဆို၏)။

အဘယ်သူက တိုက်တွန်းသနည်း ဟု (မေးကြပြန်၏)။

အသျှင်ဒေဝဒတ်က တိုက်တွန်းပါ၏ ဟု (ဆို၏)။

အချို့သော အမတ်တို့က "မင်းသားနှင့် ဒေဝဒတ်ကိုရင်း ရဟန်းအားလုံးတို့ကိုရင်း သတ်ထိုက်၏" ဟု အယူရှိကြကုန်၏။

အချို့သော အမတ်တို့က "ရဟန်းတို့ကို မသတ်ထိုက်၊ ရဟန်းတို့သည် တစုံတခုကိုမျှ မပြစ်မှားကုန်၊ မင်းသားနှင့် ဒေဝဒတ်ကို သတ်ထိုက်၏" ဟု အယူရှိကြကုန်၏။

အချို့သော အမတ်တို့သည် "မင်းသားနှင့် ဒေဝဒတ်ကိုလည်း မသတ်ထိုက်၊ ရဟန်းတို့ကိုလည်း မသတ်ထိုက်၊ မင်းကြီးအား ပြောကြားသင့်၏၊ မင်းကြီးပြောတိုင်း ပြုလုပ်ကုန်အံ့" ဟု အယူရှိကြကုန်၏။

ထိုနောက် ထိုအမတ်တို့သည် အဇာတသတ်မင်းသားကို ဖမ်း၍ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးထံသို့ ချဉ်းကပ်ကြပြီးနောက် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား ဤအကြောင်းအရာကို လျှောက်ကြကုန်၏။

အချင်းတို့ အမတ်ကြီးတို့သည် အဘယ်သို့ အယူရှိကြကုန်သနည်း ဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အရှင်မင်းကြီး အချို့သော အမတ်တို့သည် "မင်းသားနှင့် ဒေဝဒတ်ကိုလည်း သတ်ထိုက်၏၊ ရဟန်းအားလုံးတို့ကိုလည်း သတ်ထိုက်၏" ဟု အယူရှိကြကုန်၏။

အချို့သော အမတ်တို့သည် "ရဟန်းတို့ကို မသတ်ထိုက်၊ ရဟန်းတို့သည် တစုံတခုကိုမျှ မပြစ်မှားကုန်၊ မင်းသားနှင့် ဒေဝဒတ်ကို သတ်ထိုက်၏" ဟု အယူရှိကြကုန်၏။

အချို့သော အမတ်တို့သည် "မင်းသားနှင့် ဒေဝဒတ်ကိုလည်း မသတ်ထိုက်၊ ရဟန်းတို့ကိုလည်း မသတ်ထိုက်၊ မင်းကြီးအား ပြောကြားသင့်၏၊ မင်းကြီးပြောတိုင်း ပြုလုပ်ကုန်အံ့" ဟု အယူရှိကြပါသည် ဟု လျှောက်တင်ကုန်၏။

အချင်းတို့ မြတ်စွာဘုရားသည်၎င်း တရားတော်သည်၎င်း သံဃာတော်သည်၎င်း အဘယ်သို့ ပြုအံ့နည်း၊ မြတ်စွာဘုရားသည် စောစောကပင် ရာဇဂြိုဟ်ပြည်၌ "ရှေးအခါက ဒေဝဒတ်၏ အမူအကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌ အမူအကျင့်သည် တမျိုးဖြစ်၏၊ အကြင်အမှုကို ဒေဝဒတ်သည် ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း ပြုရာ၏၊ ထိုအမှုဖြင့် မြတ်စွာဘုရားဟူ၍၎င်း တရားတော်ဟူ၍၎င်း သံဃာတော်ဟူ၍၎င်း မမှတ်အပ်၊ ထိုအမှုဖြင့် ဒေဝဒတ်ဟူ၍သာလျှင် မှတ်အပ်၏" ဟု ဒေဝဒတ်ကို ထင်ရှားအောင် ပြုပြီး မဟုတ်လော ဟု (မိန့်တော်မူ၏)။

ထိုအမတ်တို့တွင် "မင်းသားနှင့် ဒေဝဒတ်ကိုလည်း သတ်ထိုက်၏၊ ရဟန်းအားလုံးကိုလည်း သတ်ထိုက်၏" ဟု အယူရှိသော အမတ်တို့ကို ရာထူးမှ ချထား၏။

"ရဟန်းတို့ကို မသတ်ထိုက်၊ ရဟန်းတို့သည် တစုံတခုကိုမျှ မပြစ်မှားကုန်၊ မင်းသားနှင့် ဒေဝဒတ်ကို သတ်ထိုက်၏" ဟု ဆုံးဖြတ်သော အမတ်တို့ကို နိမ့်သောရာထူး၌ ထားပြီးလျှင် "မင်းသားနှင့် ဒေဝဒတ်ကိုလည်း မသတ်ထိုက်၊ ရဟန်းတို့ကိုလည်း မသတ်ထိုက်၊ မင်းကြီးအား ပြောကြားသင့်၏၊ မင်းကြီးပြောဆိုတိုင်း ပြုလုပ်ကုန်အံ့" ဟု အယူရှိသော အမတ်တို့ကိုမူကား ရာထူးတိုးမြှင့်ထားလေ၏။

ထိုအခါ မဂဓတိုင်းရှင် ဝေဒေဟိပုတ္တ အဇာတသတ်မင်းကြီးသည် အဇာတသတ်မင်းသားအား—

"မင်းသား သင်သည် ငါ့ကို အဘယ့်ကြောင့် သတ်လိုသနည်း" ဟု မေးတော်မူ၏။

အရှင် ခမည်းတော် မင်းအဖြစ်ကို အလိုရှိပါ၏ ဟု (လျှောက်၏)။

မင်းသား သင်သည် မင်းအဖြစ်ကို အလိုရှိမူ "ဤမင်းစည်းစိမ်သည် သင်၏ မင်းစည်းစိမ်တည်း" ဟု ပြော၍ အဇာတသတ်မင်းသားအား မင်းအဖြစ်ကို လွှဲအပ်၏။

## လူသတ်သမားတို့ကို စေလွှတ်ခြင်း

၃၄၀။ ထိုအခါ ဒေဝဒတ်သည် အဇာတသတ်မင်းသားထံသို့ ချဉ်းကပ်ပြီးနောက် အဇာတသတ်မင်းသားကို "မင်းမြတ် ရဟန်းဂေါတမကို သတ်မည့် မင်းချင်းတို့ကို စေလွှတ်လော့" ဟု ဆို၏။

ထိုအခါ အဇာတသတ်မင်းသားသည် မင်းချင်းတို့ကို "အချင်းတို့ အသျှင်ဒေဝဒတ်ပြောသည့်အတိုင်း ပြုလုပ်ကုန်လော့" ဟု စေခိုင်း၏။

ထိုအခါ ဒေဝဒတ်သည် ယောကျ်ားတယောက်ကို "ဒါယကာ သွားလော့၊ ရဟန်းဂေါတမသည် ဤမည်သော အရပ်၌ နေ၏၊ ထိုရဟန်းဂေါတမကို သတ်ပြီးလျှင် ဤလမ်းဖြင့် လာခဲ့လော့" ဟု စေခိုင်း၏။

http://www.dhammadownload.com



ထိုလမ်း၌ ယောကျ်ား နှစ်ယောက်တို့ကို "ဤလမ်းမှ လာသော ယောကျ်ားတယောက်ကို သတ်ပြီးလျှင် ဤလမ်းဖြင့် လာကုန်လော့" ဟု ချထား၏။

ထိုလမ်း၌ ယောကျ်ားလေးယောက်တို့ကို "ဤလမ်းဖြင့် လာသော ယောကျ်ား နှစ်ယောက်တို့ကို သတ်ပြီးလျှင် ဤလမ်းဖြင့် လာကုန်လော့" ဟု ချထား၏။

ထိုလမ်း၌ ယောကျ်ား ရှစ်ယောက်တို့ကို "ဤလမ်းဖြင့် လာသော ယောကျ်ားလေးယောက်တို့ကို သတ်ပြီးလျှင် ဤလမ်းဖြင့် လာကုန်လော့" ဟု ချထား၏။

ထိုလမ်း၌ ယောကျ်ားတဆယ့်ခြောက်ယောက်တို့ကို "ဤလမ်းဖြင့် လာသော ယောကျ်ား ရှစ်ယောက်တို့ကို သတ်ပြီးလျှင် ဤလမ်းဖြင့် လာကုန်လော့" ဟု ချထား၏။

ထိုအခါ ထိုယောကျ်ားတယောက်သည် သန်လျက်နှင့်ကာကို ယူကာလေးနှင့်တောင့်ကို လွယ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရား၏ အနီး၌ ကြောက်ထိတ်ရှုံ့ရှားတုန်လှုပ်လျက် တောင့်တင်းသော 'မတုန်လှုပ်သော'ကိုယ်ဖြင့် ရပ်နေ၏။

မြတ်စွာဘုရားသည် ကြောက်ထိတ်ရှုံ့ရှားတုန်လှုပ်လျက် တောင့်တင်းသောကိုယ်ဖြင့် ရပ်နေသော ထိုယောကျ်ားကို မြင်တော်မူ၍ "ဒါယကာ လာလော့၊ မကြောက်လင့်" ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုယောကျ်ားသည် သန်လျက်နှင့် ကာကို သင့်ရာ၌ ထားကာ လေးနှင့်တောင့်ကိုချ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရား၏ ခြေတို့၌ ဝပ်တွားပြီးလျှင်—

"အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့် အလျောက် အပြစ်သည် တပည့်တော်ကို လွှမ်းမိုးကျရောက်ခဲ့ပါပြီ၊ ထိုတပည့်တော်သည် ဖျက်ဆီးလိုသောစိတ် သတ်လိုသောစိတ်ရှိသည်ဖြစ်၍ ဤအရပ်သို့ ချဉ်းကပ်ပါ၏၊ အသျှင်ဘုရား အသျှင်ဘုရားသည် တပည့်တော်၏ အပြစ်ကို အပြစ်အားဖြင့် နောင်အခါ စောင့်စည်းပါရခြင်းငှါ သည်းခံတော်မူပါလော့" ဟု လျှောက်၏။

ဒါယကာ ကောင်းပြီ၊ မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို လွှမ်းမိုးနှိပ်စက်ခဲ့၏၊ သင်သည် ဖျက်ဆီးလိုသောစိတ် သတ်လိုသောစိတ် ရှိသည် ဖြစ်၍ ဤအရပ်သို့ ချဉ်းကပ်၏။

ဒါယကာ သင်သည် အကြင့်ကြောင့် အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့်လျော်စွာ ကုစား၏၊ ထို့ကြောင့် သင်၏ ထိုအပြစ်ကို ငါတို့ သည်းခံကုန်၏၊ ဒါယကာ အကြင်သူသည် အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့်လျော်စွာ ကုစား၏၊ နောင်အခါ၌လည်း စောင့်စည်း၏၊ သို့ပြုခြင်းသည် ဘုရား၏ အဆုံးအမ၌ ကြီးပွါးကြောင်းသာလျှင် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ထိုယောကျ်ားအား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏။ ဤသည်တို့ကား အဘယ်နည်း၊ ဒါနနှင့်စပ်သောစကား သီလနှင့်စပ်သောစကား နတ်ပြည်နှင့် စပ်သောစကား ကာမဂုဏ်တို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း (ကာမဂုဏ်တို့မှ)လွတ်မြောက်ခြင်း၌ အကျိုးတို့ကို ပြတော်မူ၏။

၈ မြန် ၄-၂၄

http://www.dhammadownload.com



မြတ်စွာဘုရားသည် ထိုယောက်ျား၌ ခန့်သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်ဘိုင်ထုတ်ဖော် သိမြင်ပြီးသော 'သာမုက္ကံသိက'တရားဒေသနာတော်ဖြစ်သော ဆင်းရဲခြင်း 'ဒုက္ခသစ္စာ'ကိုရင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ'ကိုရင်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ' ကိုရင်း ဆင်းရဲချုပ်ရာသို့ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ'ကိုရင်း ပြတော်မူ၏။ မည်းညစ်ခြင်း ကင်း၍ ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူရာသကဲ့သို့ ထိုယောက်ျားအား ထို နေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏" ဟု ကိလေသာ မြူအညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်၏။

ထိုနောက် ထိုယောက်ျားသည် တရားကို မြင်ပြီးသည်ဖြစ်၍ တရားသို့ရောက်ပြီးသည်ဖြစ်၍ တရားကို သိပြီးသည်ဖြစ်၍ တရားသို့သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည် ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း)ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည်ဖြစ်၍ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားအား—

"အသျှင်ဘုရား(တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်)အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိ သကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သော သူအားလမ်းမှန်ကိုပြော ကြားဘိသကဲ့သို့ရင်း 'မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဘုရား ဤအတူသာလျှင် အသျှင်ဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှ စ၍အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုယောက်ျားကို "ဒါယကာသင်သည် ဤလမ်းဖြင့် မသွားလင့်၊ ဤလမ်းဖြင့် သွားလော့" ဟု မိန့်တော်မူ၍ အခြားလမ်းဖြင့် လွှတ်လိုက်၏။

ထိုအခါ ထိုယောက်ျား နှစ်ယောက်တို့သည် "အသို့နည်း ထိုယောက်ျားတယောက်သည် လာခဲ လှ၏" ဟု ရင်ဆိုင်ခရီးသို့ သွားကြသော် တခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူသော မြတ်စွာဘုရား ကို မြင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင် ကုန်၏၊ မြတ်စွာဘုရားသည် ထိုယောက်ျားတို့အား အစဉ်အတိုင်းသော တရားစကားကို ဟောတော် မူ၏။ပ။

မြတ်စွာဘုရား သာသနာတော်၌ မိမိတို့ ကိုယ်တိုင် သိမြင်ကုန်ပြီးသော ထိုယောက်ျား နှစ် ယောက်တို့သည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာတို့ဟူ၍ မှတ်တော် မူပါ" ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုယောက်ျားတို့အား "ဒါယကာတို့ သင်တို့သည် ဤလမ်းဖြင့် မသွားကုန်လင့်၊ ဤလမ်းဖြင့် သွားကုန်လော့" ဟု မိန့်တော်မူ၍ အခြားလမ်းဖြင့် လွှတ်လိုက်၏။

http://www.dhammadownload.com



ထိုအခါ ထိုယောကျ်ား လေးယောက်တို့သည်။ပ။

ထိုအခါ ထိုယောကျ်ား ရှစ်ယောက်တို့သည်။ပ။

ထိုအခါ ထိုယောကျ်ား တဆယ့်ခြောက်ယောက်တို့သည် "အသို့နည်း ထိုယောကျ်ား ရှစ်ယောက်တို့သည် လာခဲလှကုန်၏" ဟု ရင်ဆိုင်ခရီးသို့ သွားကြကုန်သော် တခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေကုန်၏၊ မြတ်စွာဘုရားသည် ထိုယောကျ်ားတို့အား အစဉ်အတိုင်း ဖြစ်သော တရားစကားကို ဟောတော်မူ၏။ ဤသည်တို့ကား အဘယ်နည်း၊ ဒါနနှင့် စပ်သော စကားကိုရင်း။ပ။ မိမိတို့ ကိုယ်တိုင် သိမြင်ကုန်ပြီးသော ထိုယောကျ်ား တဆယ့်ခြောက်ယောက်တို့သည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား (တရားဘော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ မြတ်စွာဘုရား အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာတို့ ဟူ၍ မှတ်တော်မူပါ" ဟု လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုယောကျ်ားတို့အား "ဒါယကာတို့ သင်တို့သည် ဤလမ်းဖြင့် မသွားကုန်လင့်၊ ဤလမ်းဖြင့် သွားကုန်လော့" ဟု မိန့်တော်မူ၍ အခြားလမ်းဖြင့် လွှတ်လိုက်၏။

ထိုအခါ ထိုယောကျ်ားတယောက်သည် ဒေဝဒတ်ထံသို့ ချဉ်းကပ်ပြီးနောက် ဒေဝဒတ်အား—

"အသျှင်ဘုရား အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို မသတ်နိုင်ပါ၊ ထိုမြတ်စွာဘုရားသည် တန်ခိုးကြီးပါ၏၊ အာနုဘော် ကြီးပါ၏" ဟု ပြောဆို၏။

"ဒါယကာ တန်ပြီ၊ သင်သည် ရဟန်းဂေါတမကို မသတ်နှင့်တော့၊ ငါသည်ပင် ရဟန်းဂေါတမကို သတ်အံ့" ဟု (ဆို၏)။

## မြတ်စွာဘုရားကို သွေးစိမ်းတည်စေခြင်း

၃၄၁။ မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်ရိပ်၌ စင်္ကြံ ကြွတော်မူသောအခါ ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်သို့ တက်၍ "ဤကျောက်တုံးဖြင့် ရဟန်းဂေါတမကို သတ်အံ့" ဟု ကြီးစွာသော ကျောက်တုံးကို လိမ့်ချ၏။

တောင်ထွဋ်နှစ်ခုတို့သည် လာ၍ ထိုလိမ့်လာသော ကျောက်တုံးကို ခံကုန်၏၊ ထိုကျောက်တုံးမှ ကျောက်လွှာစင်၍ မြတ်စွာဘုရား၏ ခြေတော်၌ သွေးကို ဖြစ်စေ၏။ ထိုအခါ မြတ်စွာဘုရားသည် အထက်သို့ မော့ကြည့်ပြီးလျှင် ဒေဝဒတ်ကို " (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် များစွာသော မကောင်းမှုကို ပွါးစေ၏၊ သင်သည် ဖျက်ဆီးလိုသောစိတ် သတ်လိုသောစိတ်ရှိသည် ဖြစ်၍ ငါဘုရားအား သွေးကို ဖြစ်စေ၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ဒေဝဒတ်သည် ရှေးဦးစွာသော ဤအာနန္တရိယကံကို ဆည်းပူး၏၊ ဖျက်ဆီးလိုသောစိတ် သတ်လိုသောစိတ်ဖြင့် မြတ်စွာဘုရားအား သွေးကို ဖြစ်စေ၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



"ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်ခြင်းကို အားထုတ်သတတ်" ဟု ကြားသော ရဟန်းတို့သည် မြတ်စွာဘုရား ကျောင်းတော်၏ ထက်ဝန်းကျင် ထက်ဝန်းကျင် အရပ်မှ ပြင်းပြ ကျယ်လောင်သော အသံရှိကုန်သည်ဖြစ်၍ သရဇ္ဈာယ်ခြင်းကို ပြုကုန်လျက် မြတ်စွာဘုရားအား စောင့်ရှောက်ခြင်း တားမြစ်ခြင်း လုံခြုံခြင်းအကျိုးငှါ စကြံသွားကုန်၏။

မြတ်စွာဘုရားသည် ပြင်းပြကျယ်လောင်သောအသံ သရဇ္ဈာယ်သံကို ကြားတော်မူ၍ အသျှင်အာနန္ဒာကို—

"အာနန္ဒာ ထိုပြင်းပြကျယ်လောင်သောအသံ သရဇ္ဈာယ်သံသည် အဘယ်သို့သော အသံနည်း" ဟု မေးတော်မူ၏။

"အသျှင်ဘုရား ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်ခြင်းကို အားထုတ်သတတ်" ဟု ရဟန်းတို့သည် ကြားပါကုန်၏။ အသျှင်ဘုရား ထိုရဟန်းတို့သည် မြတ်စွာဘုရား ကျောင်းတော်၏ ထက်ဝန်းကျင် ထက်ဝန်းကျင် အရပ်မှ ပြင်းပြကျယ်လောင်သော အသံရှိကုန်သည် ဖြစ်၍ သရဇ္ဈာယ်ခြင်းကို ပြုကုန်လျက် မြတ်စွာဘုရားအား စောင့်ရှောက်ခြင်း တားမြစ်ခြင်း လုံခြုံခြင်း အကျိုးငှါ စကြံသွားပါကုန်၏။ မြတ်စွာဘုရား ထိုပြင်းပြကျယ်လောင်သောအသံ သရဇ္ဈာယ်သံကား ဤသို့သော အသံတို့ပါတည်း ဟု (လျှောက်၏)။

အာနန္ဒာ သို့ဖြစ်လျှင် ငါ၏ စကားဖြင့် "မြတ်စွာဘုရားသည် အသျှင်တို့ကို ခေါ်တော်မူ၏" ဟု ထိုရဟန်းတို့ကို ခေါ်လော့ ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ထိုရဟန်းတို့ ထံသို့ ချဉ်းကပ်ပြီးနောက် ထိုရဟန်းတို့ကို "မြတ်စွာဘုရားသည် အသျှင်တို့ကို ခေါ်တော်မူ၏" ဟု ပြော၏၊ "ငါ့သျှင် ကောင်းပြီ"ဟု အသျှင်အာနန္ဒာအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးနောက် ရှိခိုး၍ တခုသော နေရာ၌ထိုင်သော ထိုရဟန်းတို့အား မြတ်စွာဘုရားသည်—

ရဟန်းတို့ သူတပါး လုံ့လဖြင့် မြတ်စွာဘုရားကို သတ်နိုင်ရသော အကြောင်းသည် အခွင့်မရှိ။

ရဟန်းတို့ မြတ်စွာဘုရားတို့သည် (သူတပါးက)လုံ့လမပြုရပဲ ပရိနိဗ္ဗာန်ပြုကုန်၏။

ရဟန်းတို့ လောက၌ ဆရာငါးဦးတို့ ရှိကုန်၏၊အဘယ်ငါးဦးတို့နည်း၊ရဟန်းတို့ ဤလောက၌ဆရာ အချို့သည် မစင်ကြယ်သော သီလရှိလျက်"စင်ကြယ်သော သီလရှိ၏" "ငါ၏သီလသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း"ဟု ဝန်ခံ၏။ ထိုဆရာကို တပည့်တို့သည် "ဤအသျှင်ဆရာသည် မစင်ကြယ်သော သီလရှိလျက် 'စင်ကြယ်သောသီလ ရှိ၏' 'ငါ၏ သီလသည် စင်ကြယ်၏၊ဖြူစင်၏၊မညစ်နွမ်း'ဟု ဝန်ခံ၏။ ငါတို့သည် လူတို့အား ပြောကုန်မူ ထိုဆရာသည် မနှစ်မြို့ရာ၊ ငါတို့သည် ထိုမနှစ်မြို့ဖွယ်စကားဖြင့် ထိုအသျှင်ဆရာကို အဘယ်ကြောင့် ပြောကုန်အံ့နည်း။ သင်္ကန်း ဆွမ်း ကျောင်း သူနာ အရံအတား ဆေးပစ္စည်း ပရိက္ခရာတို့ဖြင့် ထောက်ပံ့ထား၏။ 'အကြင်အမှုကို ထိုဆရာသည်ပြုအံ့' ထိုအမှုဖြင့်ပင် ထိုဆရာသည် ထင်ရှားလတ္တံ့"ဟု သိကုန်၏။ ရဟန်းတို့ ဤသို့သော ဆရာကို တပည့်တို့သည် သီလမှ စောင့်ကုန်၏၊ ဤသို့သော ဆရာသည်လည်း တပည့်တို့၏ သီလမှ စောင့်ခြင်းကို တောင့်တ၏။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ ဆရာအချို့သည် မစင်ကြယ်သော အသက်မွေးခြင်း ရှိလျက်။ပ။ မစင်ကြယ်သောတရားဟောခြင်း ရှိလျက်။ပ။ ပြောကြားခြင်း ရှိလျက်။ပ။

http://www.dhammadownload.com



မစင်ကြယ်သော ဉာဏ်အမြင်ရှိလျက် "စင်ကြယ်သောဉာဏ်အမြင်ရှိ၏"၊ "ငါ၏ဉာဏ်အမြင်သည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း" ဟု ဝန်ခံ၏။ ထိုဆရာကို တပည့်တို့သည် "ဤဆရာအသျှင်သည် မစင်ကြယ်သောဉာဏ်အမြင်ရှိလျက် 'စင်ကြယ်သော ဉာဏ်အမြင်ရှိ၏' 'ငါ၏ ဉာဏ်အမြင်သည် စင်ကြယ်၏၊ဖြူစင်၏၊ မညစ်နွမ်း' ဟု ဝန်ခံ၏။ ငါတို့သည် လူတို့အား ပြောကုန်မူ ထို ဆရာသည် မနှစ်မြို့ရာ၊ ငါတို့သည် ထိုမနှစ်မြို့ဖွယ်စကားဖြင့် ထိုဆရာကို အဘယ့်ကြောင့် ပြောကုန်အံ့နည်း။ သင်္ကန်း ဆွမ်း ကျောင်း သူနာအရံအတား ဆေးပစ္စည်း ပရိက္ခရာတို့ဖြင့် ထောက်ပံ့ထား၏၊ အကြင်အမှုကို ထို ဆရာသည် ပြုအံ့၊ထိုအမှုဖြင့်ပင် ထိုဆရာသည် ထင်ရှားလတ္တံ့" ဟု သိကုန်၏။

ရဟန်းတို့ ဤသို့သောဆရာကို တပည့်တို့သည် ဉာဏ်အမြင်မှ စောင့်ကုန်၏၊ ဤသို့သော ဆရာ သည်လည်း တပည့်တို့၏ဉာဏ်အမြင်မှ စောင့်ခြင်းကို တောင့်တ၏။

ရဟန်းတို့ လောက၌ ဤဆရာ ငါးဦးတို့သည် ရှိကုန်၏။

ရဟန်းတို့ ငါမူကား စင်ကြယ်သောသီလရှိသောကြောင့် စင်ကြယ်သော သီလရှိ၏၊ "ငါ၏ သီလသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း"ဟု ဝန်ခံ၏။ ငါ့ကိုလည်း တပည့်တို့သည် သီလမှမစောင့် ကုန်၊ ငါသည်လည်း တပည့်တို့၏ သီလမှ စောင့်ခြင်းကို မတောင့်တ။

ရဟန်းတို့ ငါသည်မူကား စင်ကြယ်သော အသက်မွေးခြင်း ရှိသောကြောင့်။ပ။ စင်ကြယ်သော တရားဟောခြင်း ရှိသောကြောင့် ။ပ။ စင်ကြယ်သော ပြောကြားခြင်း ရှိသောကြောင့် ။ပ။ စင်ကြယ်သော ဉာဏ်အမြင်ရှိသောကြောင့် "စင်ကြယ်သောဉာဏ်အမြင်ရှိ၏"၊ "ငါ၏ဉာဏ်အမြင် သည် စင်ကြယ်၏၊ဖြူစင်၏၊မညစ်နွမ်း" ဟု ဝန်ခံ၏၊ ငါ့ကိုလည်း တပည့်တို့သည် ဉာဏ်အမြင်မှ မစောင့် ကုန်၊ ငါသည်လည်း တပည့်တို့၏ ဉာဏ်အမြင်မှ စောင့်ခြင်းကို မတောင့်တ။

ရဟန်းတို့ သူတပါးလုံ့လဖြင့် မြတ်စွာဘုရားကို သတ်နိုင်ရာသော အကြောင်းသည် အခွင့်မရှိ။

ရဟန်းတို့ မြတ်စွာဘုရားတို့သည် (သူတပါးက)လုံ့လမပြုရပဲ ပရိနိဗ္ဗာန်ပြုကုန်၏။ ရဟန်းတို့ သင်တို့သည် နေမြဲကျောင်းသို့ သွားကုန်လော့၊ ရဟန်းတို့ မြတ်စွာဘုရားတို့ကို မစောင့်အပ်ကုန်ဟု (မိန့်တော်မူ၏)။

## နာဠာဂိရိဆင်ကို စေလွှတ်ခြင်း

၃၄၂။ ထိုစဉ်အခါ ရာဇဂြိုဟ်ပြည်၌ နာဠာဂိရိမည်သော ဆင်သည် ကြမ်းတမ်း၏၊ လူကိုသတ် တတ်၏။ ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည်သို့ ဝင်၍ ဆင်တင်းကုပ်သို့သွားပြီးလျှင် ဆင်ထိန်းတို့အား—

"အချင်းတို့ ငါတို့ကား မင်းကျွမ်းဝင်သော သူတို့ပေတည်း၊ ရာထူးနိမ့်သူကို ရာထူးမြင့်ရန်ငှါ လခရိက္ခာကို တိုးစေရန်ငှါ စွမ်းနိုင်ကုန်၏၊ အချင်းတို့ ထို့ကြောင့် ရဟန်းဂေါတမသည် ဤခရီးသို့လာ သောအခါ ဤနာဠာဂိရိဆင်ကို ဖြေ၍ ဤခရီးသို့ လွှတ်ကုန်လော့" ဟု ပြောဆို၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟုထိုဆင်ထိန်းတို့သည် ဒေဝဒတ်အား ဝန်ခံကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် များစွာသော ရဟန်းတို့နှင့် အတူ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံ ဝင်တော်မူ၏။ ထိုအခါ မြတ်စွာဘုရား သည် ထိုလမ်းသို့ကြွတော်မူ၏။ ထိုဆင်ထိန်းတို့သည် ထိုလမ်းသို့ ကြွလာသော မြတ်စွာဘုရားကို မြင်

http://www.dhammadownload.com



သဖြင့် နာဠာဂိရိဆင်ကို ဖြေလွှတ်ပြီးလျှင် ထိုခရီးသို့ သွားစေကုန်၏။ နာဠာဂိရိဆင်သည် အဝေးမှ ကြွလာသော မြတ်စွာဘုရားကို မြင်၍ နှာမောင်းကို ထောင်ပြီးလျှင် နားရွက်နှင့်အမြီးကို စွင့်လျက် မြတ်စွာဘုရားထံသို့ ရှေးရှုပြေး၏။

ထိုရဟန်းတို့သည် အဝေးမှလာသော နာဠာဂိရိဆင်ကို မြင်၍ မြတ်စွာဘုရားကို—

"အသျှင်ဘုရား ဤနာဠာဂိရိဆင်သည် ကြမ်းတမ်းပါ၏၊ လူကိုသတ်တတ်ပါ၏၊ ဤလမ်းသို့ လာပါ၏၊အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဖယ်တော်မူပါ၊ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် ဖယ်တော်မူပါ" ဟု လျှောက်ကြကုန်၏။

ရဟန်းတို့ လာကုန်လော့၊ မကြောက်ကြကုန်လင့်။ ရဟန်းတို့ သူတပါးတို့လုံ့လဖြင့် မြတ်စွာဘုရာ.ကို သတ်နိုင်ရာသောအကြောင်းသည် အခွင့်မရှိ။ ရဟန်းတို့ မြတ်စွာဘုရားတို့သည် (သူတပါးတို့က)လုံ့လမပြုရပဲ ပရိနိဗ္ဗာန်ပြုကုန်၏ ဟု (မိန့်တော်မူ၏)။

ထိုရဟန်းတို့သည် နှစ်ကြိမ်မြောက်လည်း။ပ။ ထိုရဟန်းတို့သည် သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားအား "အသျှင်ဘုရား ဤနာဠာဂိရိဆင်သည် ကြမ်းတမ်းပါ၏၊ လူကိုသတ်တတ်ပါ၏၊ ဤလမ်းကို လာပါ၏၊ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဖယ်တော်မူပါ။ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် ဖယ်တော်မူပါ" ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ လာကုန်လော့၊ မကြောက်ကြကုန်လင့်၊ ရဟန်းတို့ သူတပါးလုံ့လဖြင့် မြတ်စွာဘုရားကို သတ်နိုင်ရာသောအကြောင်းသည် အခွင့်မရှိ။ ရဟန်းတို့ မြတ်စွာဘုရားတို့သည် (သူတပါးတို့က) လုံ့လမပြုရပဲ ပရိနိဗ္ဗာန်ပြုကုန်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ လူတို့သည် ပြာသာဒ်ရှည်တို့၌၎င်း ပြာသာဒ်ဦးပြည်းတို့၌၎င်း အိမ်ခေါင်မိုးတို့၌၎င်း တက်၍ နေကြကုန်၏။

ထိုလူတို့တွင် မယုံကြည်ကြ မကြည်ညိုကြ ဉာဏ်မရှိကြသော လူတို့သည် "အချင်းတို့ ရဟန်းကြီးသည် အလွန်အဆင်းလှစွတကား၊ ဆင်သည် ညှဉ်းဆဲအပ်လတ္တံ့" ဟု ပြောဆိုကုန်၏။

သို့သော် ယုံကြည်ကြ ကြည်ညိုကြ ပညာရှိကြ ဉာဏ်ရှိကြသော လူတို့ကမူ "အချင်းတို့ (နာဠာဂိရိ)ဆင်သည် (ဘုရားတည်းဟူသော) ဆင်နှင့် မကြာမြင့်မီ စစ်ထိုးအံ့တကား" ဟု ပြောဆိုကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နာဠာဂိရိဆင်ကို မေတ္တာစိတ်ဖြင့် လွှမ်းခြုံ၏၊ ထိုအခါ နာဠာဂိရိဆင်သည် မြတ်စွာဘုရား၏ မေတ္တာစိတ်နှင့် တွေ့ထိသောကြောင့် နှာမောင်းကို ချ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရား၏ ရှေ့တော်၌ ရပ်တည်၏။ ထိုအခါမြတ်စွာဘုရားသည် လက်ျာလက်တော်ဖြင့် နာဠာဂိရိဆင်၏ ဦးကင်းကို ပွတ်သတ်တော်မူလျက် နာဠာဂိရိဆင်ကို ဂါထာတို့ဖြင့် (ဤသို့ )ရွတ်ဆိုတော်မူ၏။

"နာဠာဂိရိဆင် ဘုရားတည်းဟူသော ဆင်သို့ မချဉ်းကပ်လင့်၊ နာဠာဂိရိဆင် ဘုရားတည်းဟူသောဆင်သို့ ချဉ်းကပ်ခြင်းသည် ဆင်းရဲသည်သာတည်း၊ နာဠာဂိရိဆင် ဘုရားတည်းဟူသော ဆင်ကို သတ်သောသူအား ဤဘဝမှ နောက်ဘဝသို့ သွားသည်ရှိသော် ကောင်းသော ဂတိသည် မဖြစ်နိုင်၊ မာန်မယစ်လင့်၊ မမေ့လျော့လင့်၊ ထိုမေ့လျော့သော သူတို့သည် ကောင်းသော

http://www.dhammadownload.com



ဂတိသို့ မရောက်နိုင်ကုန်၊ ကောင်းရာဂတိသို့ ရောက်ရာသော အခြင်းအရာအားလျော်စွာ သင်သည်သာပြုရအံ့" ဟု (မိန့်ဆိုတော်မူ၏)။

ထိုအခါ နာဠာဂိရိဆင်သည် နှာမောင်းဖြင့် မြတ်စွာဘုရား၏ ခြေ...တို့ကိုယူ၍ ဦးခေါင်းထက်၌ ဖြန့်ကြဲပြီးလျှင် မြတ်စွာဘုရားကို မြင်နေရသည့်အရပ် တိုင်အောင် ပဆစ်တုပ်ကာ နောက်ဆုတ်လေ၏၊ ထိုနောက် နာဠာဂိရိဆင်သည် ဆင်တင်းကုပ်သို့သွား၍ မိမိနေရာ၌ရပ်၏၊ ထိုအခြင်းအရာဖြင့် နာဠာဂိရိဆင်သည် ယဉ်ကျေး၏။

ထိုအခါ လူတို့သည် "အချို့သောသူတို့သည် လှံတံဖြင့်၎င်း ချွန်းတို့ဖြင့်၎င်း ကြိမ်လုံးတို့ဖြင့်၎င်း ဆုံးမကုန်၏၊ မြတ်စွာဘုရားသည် လှံတံမပါပဲ လက်နက်မပါပဲ ဆင်ကို ဆုံးမတော်မူ၏" ဟု ဂါထာဖြင့် သီဆိုကုန်၏။

"ဤဒေဝဒတ်သည် အလွန်ယုတ်မာ၏၊ အလွန်ကြက်သရေမဲ့သူဖြစ်၏၊ ဤသို့တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို သတ်ရန်အားထုတ်ဘိ၏" ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဒေဝဒတ်အား လာဘ်သပ်ပကာသည် ဆုတ်ယုတ်၍ မြတ်စွာဘုရားအား လာဘ်သပ်ပကာသည် တိုးတက်၏။

## ဝတ္ထုငါးမျိုးကို တောင်းဆိုခြင်း

၃၄၃။ ထိုအခါ ဒေဝဒတ်သည် လာဘ်သပ်ပကာ ဆုတ်ယုတ်သောကြောင့် ပရိသတ်နှင့်တကွ ဒါယကာတို့၏ အိမ်တို့၌ တောင်း၍ တောင်း၍ စားရ၏။

လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အဘယ့်ကြောင့် ဒါယကာတို့၏ အိမ်တို့၌ တောင်း၍ တောင်း၍ စားကုန်ဘိသနည်း၊ အဘယ်သူသည် ကောင်းမြတ်သော အရသာကို မနှစ်သက်ပဲ ရှိအံ့နည်း၊ အဘယ်သူသည် ချိုမြိန်သော အရသာကို မနှစ်သက်ပဲ ရှိအံ့နည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "ဒေဝဒတ်သည် ပရိသတ်နှင့်တကွ ဒါယကာတို့၏ အိမ်တို့၌ တောင်း၍ တောင်း၍ အဘယ့်ကြောင့် စားဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ဒေဝဒတ် သင်သည် ပရိသတ်နှင့်တကွ ဒါယကာတို့၏ အိမ်တို့၌ တောင်း၍ တောင်း၍စား၏ ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ သို့ဖြစ်လျှင် အလိုဆိုးရှိသော သူတို့သည် အပေါင်းအသင်းကိုမှီ၍ သံဃာကို မခွဲဝေကုန်လင့်" ဟု သီလမရှိသော ရဟန်းတို့ကို နှိမ်နင်းရန်၎င်း သီလချစ်သော ရဟန်းတို့အား ချမ်းသာစွာ နေစိမ့်သောငှါ ၎င်း၊ ဒါယကာတို့ကို ချီးမြှောက်ခြင်းငှါ၎င်း၊ အကျိုးထူး သုံးမျိုးတို့ကို စွဲ၍ ရဟန်းတို့

http://www.dhammadownload.com



အား ဒါယကာတို့၏ အိမ်တို့၌ ရဟန်းသုံးပါး တပေါင်းတည်းခံအပ်သော ဘောဇဉ်ကို ပညတ်အံ့၊ ~~ရဟန်းတို့ လေးပါးတပေါင်းတည်း ခံအပ်သော ဘောဇဉ်ကို အရေးအတိုင်း~~ ဆုံးဖြတ်ရမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ ဒေဝဒတ်သည် ကောကာလိက ခဏ္ဍဒေဝီပုတ္တ ကဋမောဒကတိဿက သမုဒ္ဒဒတ္တတို့ အထံသို့ ချဉ်းကပ်ပြီးနောက် ကောကာလိကကိုလည်း ခဏ္ဍဒေဝီပုတ္တကိုလည်း ကဋမောဒကတိဿကကို သမုဒ္ဒဒတ္တကိုလည်း "ငါ့သျှင်တို့ လာကြကုန်လော့၊ ငါတို့သည် ရဟန်းဂေါတမ၏ သံဃာကွဲခြင်းကို အာဏာစက်ပျက်ခြင်းကို ပြုကုန်အံ့" ဟု ပြောဆိုလေ၏။ ဤသို့ ဆိုလတ်သော် ကောကာလိကသည် ဒေဝဒတ်ကို "ငါ့သျှင် ရဟန်းဂေါတမသည်ကား ကြီးသော တန်ခိုးရှိ၏၊ ကြီးသော အာနုဘော်ရှိ၏၊ ငါတို့သည် ရဟန်းဂေါတမ၏ သံဃာကွဲခြင်းကို အာဏာစက်ပျက်ခြင်းကို အဘယ်သို့ ပြုကုန်အံ့နည်း" ဟု ဆို၏။

ငါ့သျှင်တို့ လာကြလော့၊ ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ "အသျှင်ဘုရား မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်း၏ ရောင့်ရဲလွယ်ခြင်း၏ ခေါင်းပါးခြင်း၏ ကိလေသာကို ခါထုတ်ခြင်း၏ ကြည်ညိုဖွယ်ကို ဆောင်ခြင်း၏ ကိလေသာကို မပွါးစီးစေခြင်း၏ လုံ့လကြိုးကုတ် အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိပါ၏၊ အသျှင်ဘုရား ဤဆိုလတ္တံ့ ဝတ္ထုငါးမျိုးတို့သည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်းငှါ ခေါင်းပါးခြင်းငှါ ကိလေသာကို ခါထုတ်ခြင်းငှါ ကြည်ညိုဖွယ်ကို ဆောင်ခြင်းငှါ ကိလေသာကို မပွါးစီးစေခြင်းငှါ လုံ့လကြိုးကုတ် အားထုတ်ခြင်းငှါ ဖြစ်ပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏။

(၁) ရဟန်းတို့သည် အသက်ထက်ဆုံး တောကျောင်း နေကုန်သည် ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် ရွာနီးကျောင်းသို့ သက်ရောက်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။

(၂) အသက်ထက်ဆုံး ပိဏ္ဍပါတ်ဓုတင်ဆောင် ဖြစ်ပါစေကုန်၊ အကြင် ရဟန်းသည် နိမန္တနဘတ် 'ပင့်ဖိတ်၍ ကျွေးသောဆွမ်းကို စားခြင်း'ကို လက်ခံငြားအံ့၊ထိုရဟန်းအား အပြစ်ရောက်ပါစေ။

(၃) အသက်ထက်ဆုံး ပံသုကူ ဓုတင်ဆောင် ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် လူဒါယကာတို့ လှူသော သင်္ကန်းကို လက်ခံငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။

(၄) အသက်ထက်ဆုံး ရုက္ခမူ ဓုတင်ဆောင် ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် အမိုးရှိသော ကျောင်းသို့ ချဉ်းကပ်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။

(၅) အသက်ထက်ဆုံး ငါးအမဲကို မစားပါစေကုန်လင့်၊ အကြင် ရဟန်းသည် ငါးအမဲကို စားငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ" ဟု ဝတ္ထုငါးမျိုးတို့ကို တောင်းကုန်အံ့၊ ထိုဝတ္ထုငါးမျိုးတို့ကို ရဟန်းဂေါတမသည် ခွင့်မပြုလတ္တံ့။ ထိုငါတို့သည် ဤဝတ္ထုငါးမျိုးတို့ဖြင့် လူအပေါင်းကို သိစေကုန်အံ့။

ငါ့သျှင်တို့ ဤဝတ္ထုငါးမျိုးတို့ဖြင့် ရဟန်းဂေါတမ၏ သံဃာကွဲခြင်းကို အာဏာစက်ပျက်ခြင်းကို ပြုခြင်းငှါ တတ်နိုင်သည်သာတည်း၊ ငါ့သျှင်တို့ လူတို့သည် ခေါင်းပါးမှုကို ကြည်ညိုကြစမြဲ ဖြစ်ကုန်၏ ဟု ဆိုပြန်လေ၏။

http://www.dhammadownload.com



ထိုအခါ ဒေဝဒတ်သည် ပရိသတ်နှင့်တကွ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား—

"အသျှင်ဘုရား မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်း၏။ပ။ လုံ့လကြိုးကုတ် အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိပါသည်၊ အသျှင်ဘုရား ဤဝတ္ထုငါးမျိုးတို့သည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်းငှါ ။ပ။ လုံ့လကြိုးကုတ် အားထုတ်ခြင်းငှါ ဖြစ်ပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ရဟန်းတို့သည် အသက်ထက်ဆုံး တောကျောင်းနေ ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် ရွာနီးကျောင်းသို့ သက်ရောက်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။ပ။ အသက်ထက်ဆုံး ငါးအမဲကို မစားပါစေကုန်လင့်၊ အကြင်ရဟန်းသည် ငါးအမဲကို စားငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ" ဟု လျှောက်၏။

ဒေဝဒတ် မသင့်လျော်ပေ၊ အကြင်ရဟန်းသည် အလိုရှိအံ့ (ထိုရဟန်းသည်)တောကျောင်းနေ ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့(ထိုရဟန်းသည်)ရွာကျောင်းနေ ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်)ပိဏ္ဍပါတ် ဓုတင်ဆောင် ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) နိမန္တနဘတ်ကို လက်ခံစေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်)ပံသုကူ ဓုတင်ဆောင် ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ ထိုရဟန်းသည် လူဒါယကာတို့ လှူသော သင်္ကန်းကို လက်ခံစေ၊ ဒေဝဒတ် ငါသည် ရှစ်လတို့ပတ်လုံး သစ်ပင်ရင်း အိပ်ရာ နေရာကို ခွင့်ပြုအပ်ပြီ၊ မမြင်အပ် မကြားအပ် မရွံရှာမယုံမှားအပ်သော အစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကို ခွင့်ပြုအပ်ပြီ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဒေဝဒတ်သည် "မြတ်စွာဘုရားသည် ဤဝတ္ထုငါးမျိုးတို့ကို ခွင့်မပြု" ဟု ရွှင်လန်းတက်ကြွသည် ဖြစ်၍ ပရိသတ်နှင့်တကွ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုလျက် ဖဲသွားလေ၏။

ထိုနောက် ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည်သို့ဝင်၍ ဝတ္ထုငါးမျိုးတို့ဖြင့် ငါ့သျှင်တို့ ငါတို့သည် ရဟန်းဂေါတမသို့ ချဉ်းကပ်၍ အသျှင်ဘုရား မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်း၏။ပ။ လုံ့လကြိုးကုတ်အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိပါသည်၊ အသျှင်ဘုရား ဤဝတ္ထုငါးမျိုးတို့သည် များစွာသော အကြောင်းဖြင့် အလိုနည်း ခြင်းငှါ ရောင့်ရဲလွယ်ခြင်းငှါ ခေါင်းပါးခြင်းငှါ ကိလေသာကို ခါထုတ်ခြင်းငှါ ကြည်ညိုဖွယ်ကိုဆောင်ခြင်းငှါ ကိလေသာကို မပွါးစီးစေခြင်းငှါ လုံ့လကြိုးကုတ် အားထုတ်ခြင်းငှါဖြစ်ပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ရဟန်းတို့သည်အသက်ထက်ဆုံး တောကျောင်းနေဖြစ်ပါစေကုန်၊အကြင်ရဟန်းသည် ရွာနီးကျောင်းသို့ သက်ရောက်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။ပ။ အသက်ထက်ဆုံး ငါးအမဲကို မစားပါစေကုန်လင့်၊ အကြင်ရဟန်းသည် ငါးအမဲကို စားငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ ဟု "ဝတ္ထုငါးမျိုးတို့ကို တောင်းခဲ့ကုန်ပြီ၊ ဤဝတ္ထုငါးမျိုးတို့ကိုရဟန်းဂေါတမသည် ခွင့်မပြု၊ ထိုငါတို့သည် ဤဝတ္ထုငါးမျိုးတို့ဖြင့် နေဆောက်တည်ကျင့်ကြံကုန်အံ့" ဟု လူအပေါင်းကို သိစေ၏။

ထိုလူအပေါင်းတို့တွင် အကြင်လူတို့သည် (ရတနာသုံးပါးကို)မယုံကြည်ကုန်၊ မကြည်ညိုကုန်၊ များသော အသိဉာဏ် မရှိကြကုန်၊ ထိုလူတို့သည် "ဤသာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ကိလေသာကို ခါထုတ်ကုန်၏၊ ခေါင်းပါးသော အသက်မွေးမှုရှိကုန်၏၊

http://www.dhammadownload.com



လာဘ်များသော ရဟန်းဂေါတမသည်ကား လာဘ်များခြင်း အကျိုးငှါ အားထုတ်ကြိုးစား၏" ဟု ပြောဆိုကြကုန်၏။

အကြင်လူတို့သည်ကား (ရတနာသုံးပါးကို)ယုံကြည်ကုန်၏၊ ကြည်ညိုကုန်၏၊ ပညာရှိကုန်၏၊ အသိဉာဏ်ရှိကုန်၏၊ ထိုလူတို့သည် "ဒေဝဒတ်သည် မြတ်စွာဘုရား၏ သံဃာကွဲခြင်းငှါ အာဏာစက် ပျက်ခြင်းငှါ အဘယ့်ကြောင့် လုံ့လပြုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြကုန်သည်သာလျှင်တည်း။ အလိုနည်းသော ရဟန်းတို့သည် "ဒေဝဒတ်သည် သံဃာကွဲခြင်းငှါ အာဏာစက်ပျက်ခြင်းငှါ အဘယ့်ကြောင့် လုံ့လပြုဘိသနည်း"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ပ။

ဒေဝဒတ် သင်သည် သံဃာကွဲခြင်းငှါ အာဏာစက်ပျက်ခြင်းငှါ လုံ့လပြု၏ ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဒေဝဒတ် သင်သည် သံဃာကွဲပြားခြင်းကို မနှစ်သက်လင့်၊ ဒေဝဒတ် သံဃာသင်းခွဲခြင်းသည် ဝန်လေး၏၊ဒေဝဒတ် ညီညွတ်သော သံဃာကိုသင်းခွဲသူသည် တကပ်လုံးတည်စေတတ်သော မကောင်းမှုကို ပွါးစေ၏၊ တကပ်လုံး ငရဲ၌ခံရ၏၊ ဒေဝဒတ် ကွဲသော သံဃာကို ညီညွတ်ရန် ပြုလုပ်သူသည် မြတ်သောကုသိုလ်ကို ပွါးစေ၏၊ တကပ်ပတ်လုံး နတ်ပြည်၌မွေ့လျော်ရ၏၊ ဒေဝဒတ် မသင့်၊သင်သည် သံဃာကွဲခြင်းကို မနှစ်သက်လင့်၊ ဒေဝဒတ် သံဃာသင်းခွဲခြင်းသည် ဝန်လေး၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင် အာနန္ဒာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏။ ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ လှည့်လည်သော အသျှင် အာနန္ဒာကို မြင်၍ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးနောက် အသျှင်အာနန္ဒာအား "ငါ့သျှင် အာနန္ဒာ ယနေ့မှစ၍ ငါသည် မြတ်စွာဘုရားနှင့် တခြားသာလျှင် ရဟန်းသံဃာနှင့် တခြားသာလျှင် ဥပုသ်ပြုအံ့၊ သံဃာ့ကံပြုအံ့" ဟု ပြောဆို၏။

ထိုအခါ အသျှင်အာနန္ဒာသည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသော နေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ပါ၏။ အသျှင်ဘုရား ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်သော အကျွန်ုပ်ကို မြင်သော် အကျွန်ုပ်ထံသို့ ချဉ်းကပ်ပြီးလျှင် အကျွန်ုပ်ကို 'ငါ့သျှင် အာနန္ဒာ ငါသည် ယနေ့မှစ၍ မြတ်စွာဘုရားနှင့် တခြားသာလျှင် ရဟန်းသံဃာနှင့် တခြားသာလျှင် ဥပုသ်ပြုအံ့၊ သံဃာ့ကံပြုအံ့' ဟု ပြောပါသည်၊ အသျှင်ဘုရား ဒေဝဒတ်သည် ယနေ့ကို အစပြု၍ သံဃာကို သင်းခွဲလတ္တံ့"ဟု လျှောက်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူ၍ ထိုအချိန်၌—

သူတော်ကောင်းသည် ကောင်းမှုကို ပြုရန် လွယ်ကူ၏၊ သူယုတ်မာသည် ကောင်းမှုကိုပြုရန် ခဲယဉ်း၏၊သူယုတ်မာသည် မကောင်းမှုကို ပြုရန်လွယ်ကူ၏၊ မြတ်သော သူတော်ကောင်းတို့သည် မကောင်းမှုကို ပြုရန်ခဲယဉ်း၏ ဟု ဥဒါန်းကျူးရင့်တော်မူ၏။

ဒုတိယအခဏ်း ပြီး၏။

---

## ၃-တတိယအခဏ်း

## သံဃဘေဒကထာ

၃၄၄။ ထိုအခါ ဒေဝဒတ်သည် ထိုဥပုသ်နေ့၌ နေရာမှ ထ၍ "ငါ့သျှင်တို့ ငါတို့သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်ပြီးလျှင် 'အသျှင်ဘုရား မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် အလိုနည်းခြင်း၏ ။ပ။ လုံ့လကြိုးကုတ် အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိပါသည်၊ အသျှင်ဘုရား ဤဝတ္ထုငါးမျိုးတို့သည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်းငှါ။ပ။ လုံ့လကြိုးကုတ် အားထုတ်ခြင်းငှါ ဖြစ်ပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ရဟန်းတို့သည် အသက်ထက်ဆုံး တောကျောင်းနေ ဖြစ်ပါစေကုန်၊အကြင် ရဟန်းသည် ရွာနီးကျောင်းသို့ သက်ရောက်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။ပ။ အသက်ထက်ဆုံး ငါးအမဲကို မစားပါစေကုန်လင့်၊ အကြင် ရဟန်းသည် ငါးအမဲကို စားငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ' ဟု ဝတ္ထုငါးမျိုးတို့ကို တောင်းခဲ့ကုန်ပြီ၊ (သို့ရာတွင်)ဤဝတ္ထုငါးမျိုးတို့ကို ရဟန်းဂေါတမသည် ခွင့်မပြု၊ ထို ငါတို့သည် ဤဝတ္ထုငါးမျိုးတို့ဖြင့် ဆောက်တည်၍ ကျင့်ကြပါကုန်စို့၊ ဤဝတ္ထုငါးမျိုးတို့ကို နှစ်သက်သော အသျှင်သည် စာရေးတံမဲကို ယူလော့" ဟု စာရေးတံမဲကို ယူစေ၏။

ထိုစဉ်အခါ၌ ဝေသာလီပြည်နေ ငါးရာမျှသော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ငယ်လည်းငယ်ကုန်၏၊ ဝိနည်း၌လည်း မလိမ္မာကုန်၊ ထိုရဟန်းတို့သည် "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတော်တည်း" ဟု စာရေးတံမဲကို ယူကုန်၏။ ထိုအခါ ဒေဝဒတ်သည် သံဃာကို သင်းခွဲ၍ ငါးရာမျှသော ရဟန်းတို့ကို ခေါ်ပြီးလျှင် ဂယာသီသ အရပ်သို့ ဖဲသွား၏၊ သာရိပုတြာ မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ကြသောအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဒေဝဒတ်သည် သံဃာကို သင်းခွဲ၍ ငါးရာမျှသော ရဟန်းတို့ကို ခေါ်လျက် ဂယာသီသ အရပ်သို့ ဖဲသွားပါ၏" ဟု လျှောက်၏။

သာရိပုတြာတို့ သင်တို့အား ထိုရဟန်းငယ်တို့၌ သနားခြင်းသည်လည်း မဖြစ်လေစွ၊ သာရိပုတြာတို့ ထိုရဟန်းတို့သည် အကျိုးမဲ့ မပျက်စီးကုန်မီ သင်တို့ သွားကုန်လော့ ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု သာရိပုတြာ မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ဂယာသီသအရပ်သို့ ချဉ်းကပ်ကုန်၏။

http://www.dhammadownload.com



ထိုနောက် ရဟန်းတပါးသည် မြတ်စွာဘုရား၏ အနီး၌ ငိုလျက် ရပ်၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား—

"ရဟန်း သင်သည် အဘယ့်ကြောင့် ငိုသနည်း" ဟု မေးတော်မူ၏။

အသျှင်ဘုရား မြတ်စွာဘုရား၏ အဂ္ဂသာဝကဖြစ်သော သာရိပုတြာ မောဂ္ဂလာန်တို့သည်လည်း ဒေဝဒတ်၏ တရားကို နှစ်သက်ကုန်၍ ဒေဝဒတ်၏ အထံသို့ သွားပါကုန်၏ ဟု (လျှောက်၏)။

ရဟန်း သာရိပုတြာ မောဂ္ဂလာန်တို့သည် ဒေဝဒတ်၏ တရားကို နှစ်သက်နိုင်ရာသော အကြောင်းအရာ မရှိပေ၊ စင်စစ်သော်ကား ထိုသာရိပုတြာ မောဂ္ဂလာန်တို့သည် ရဟန်းတို့ကို နားလည်စေခြင်းငှါ သွားကြကုန်၏ ဟု (မိန့်တော်မူ၏)။

၃၄၅။ ထိုအခါ များစွာသော ပရိသတ် အခြံအရံဖြင့် တရားဟောလျက် ထိုင်နေဆဲ ဖြစ်သော ဒေဝဒတ်သည် အဝေးမှလာသော သာရိပုတြာ မောဂ္ဂလာန်တို့ကိုမြင်၍ "ရဟန်းတို့ ရှုကုန်လော့၊ ငါသည် တရားကို ကောင်းစွာ ဟောအပ်ပြီ၊ ရဟန်းဂေါတမ၏ အဂ္ဂသာဝကဖြစ်သော သာရိပုတြာ မောဂ္ဂလာန်တို့သည်လည်း ငါ၏တရားကို နှစ်သက်ကုန်၍ ငါ့ထံသို့ လာကုန်၏"ဟု ရဟန်းတို့အား ဆို၏။

ဤသို့ ဆိုလတ်သော် ကောကာလိက က "ငါ့သျှင် ဒေဝဒတ် သာရိပုတြာ မောဂ္ဂလာန်တို့ကို အရေးမဝင်လင့်၊ သာရိပုတြာ မောဂ္ဂလာန်တို့သည် အလိုဆိုးရှိကုန်၏၊ အလိုဆိုး၏ ဆွဲငင်ရာသို့ လိုက်ရကုန်၏" ဟု ဒေဝဒတ်အား ဆို၏။

ငါ့သျှင် မဆိုသင့်၊ ထိုသာရိပုတြာ မောဂ္ဂလာန်တို့၏ လာခြင်းသည် ငါ၏တရားကို နှစ်သက်သောကြောင့် ကောင်းသောလာခြင်း ဖြစ်၏ ဟု (ဆို၏)။

ထိုအခါ ဒေဝဒတ်သည် "ငါ့သျှင် သာရိပုတြာ လာလော့၊ ဤ၌ ထိုင်လော့" ဟု အသျှင် သာရိပုတြာကို နေရာထက်ဝက်ဖြင့် (ထိုင်ရန်)ပင့်ဖိတ်၏။

"ငါ့သျှင် တန်ပြီ" ဟု အသျှင်သာရိပုတြာသည် အခြားထိုင်စရာတခုကို ယူ၍ သင့်လျော်ရာ၌ ထိုင်၏၊ အသျှင်မောဂ္ဂလာန်သည်လည်း အခြားထိုင်စရာတခုကို ယူ၍ သင့်လျော်ရာ၌ ထိုင်၏။ ထိုအခါ ဒေဝဒတ်သည် ညဉ့်သုံးယာမ်ပတ်လုံး ရဟန်းတို့ကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၍ အသျှင်သာရိပုတြာကို—

"ငါ့သျှင် သာရိပုတြာ ရဟန်းသံဃာသည် ထိနမိဒ္ဓကင်း၏၊ ငါ့သျှင် သာရိပုတြာ ရဟန်းတို့အတွက် တရားစကားသည် သင်၏ဉာဏ်၌ ထင်စေလော့၊ ငါ၏ကျောက်ကုန်းသည် ညောင်းညာ၏၊ ငါသည် ထိုကျောက်ကုန်းကို ဆန့်ဦးအံ့" ဟု တိုက်တွန်း၏။

"ငါ့သျှင် ကောင်းပြီ" ဟု အသျှင်သာရိပုတြာသည် ဒေဝဒတ်အား ဝန်ခံ၏။ ထိုအခါ ဒေဝဒတ်သည် ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပြီးလျှင် လက်ျာနံပါးဖြင့် အိပ်ခြင်းကို ပြု၏။

ပင်ပန်း၍ သတိချွတ်ယွင်း ဆင်ခြင်ဉာဏ်ကင်းသော ထိုဒေဝဒတ်သည် ဏမုဟုတ်ချင်းဖြင့်ပင် အိပ်ပျော်လေ၏။

http://www.dhammadownload.com



ထိုအခါ အသျှင်သာရိပုတြာသည် သူတပါး၏စိတ်ကိုသိ၍ ဆုံးမခြင်း ပြာဋိဟာ ဟူသော တရားစကားဖြင့် ရဟန်းတို့ကို ဆုံးမ၏၊ ကံမြစ်၏။ အသျှင် မောဂ္ဂလာန်သည် တန်ခိုးပြ၍ ဆုံးမခြင်း ပြာဋိဟာ ဟူသော တရားစကားဖြင့် ရဟန်းတို့ကို ဆုံးမ၏၊ ကံမြစ်၏။ ထို့နောက် အသျှင်သာရိပုတြာက သူတပါး၏ စိတ်ကိုသိ၍ ဆုံးမခြင်းဖြင့်၎င်း အသျှင်မောဂ္ဂလာန်က တန်ခိုးပြ၍ ဆုံးမခြင်းဖြင့်၎င်း ဆုံးမကံမြစ်အပ်ကုန်သော ထိုရဟန်းတို့အား "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏" ဟု ကိလေသာ မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ဖြစ်ပေါ်၏။

ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင်တို့ ငါတို့သည် မြတ်စွာဘုရားထံသို့ သွားကုန်အံ့၊ မြတ်စွာဘုရား၏ တရားကို နှစ်သက်သော ရဟန်းသည် လာလော့" ဟု (မိန့်တော်မူ၏)။ ထိုအခါ သာရိပုတြာ မောဂ္ဂလာန်တို့သည် ထိုရဟန်း ငါးရာတို့ကို ခေါ်ယူ၍ ဝေဠုဝန်ကျောင်းသို့ ချဉ်းကပ်ကုန်၏။ ထိုအခါ ကောကာလိကသည် ငါ့သျှင် ဒေဝဒတ် ထလော့၊ ထိုရဟန်းတို့ကို သာရိပုတြာ မောဂ္ဂလာန်တို့ ဆောင်သွားကုန်ပြီ၊ "ငါ့သျှင် ဒေဝဒတ် သာရိပုတြာ မောဂ္ဂလာန်တို့ကို အကျွမ်းမဝင်လင့်၊ သာရိပုတြာ မောဂ္ဂလာန်တို့သည် အလိုဆိုးရှိကုန်၏၊ အလိုဆိုး၏ ဆွဲငင်ရာသို့လိုက်ရကုန်၏" ဟု သင့်ကိုအကျွန်ုပ် ပြောဘူးသည် မဟုတ်လောဟု ဆို၍ ဒေဝဒတ်ကိုနှိုး၏။

ထိုအခါ ထိုနေရာ၌ပင် ဒေဝဒတ်၏ ခံတွင်းမှ သွေးပူသည် အန်ထွက်လေ၏။

သာရိပုတြာ မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားထံသို့ချဉ်းကပ်ပြီးလျှင်မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ကြသောအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဘေဒါနုဝတ္တကရဟန်းတို့သည် တဖန်ပဉ္စင်းပြုကြပါကုန်မူ ကောင်းပါ၏' ဟု လျှောက်၏။

သာရိပုတြာ မသင့်၊ ဘေဒါနုဝတ္တကရဟန်းတို့၏ တဖန်ပဉ္စင်းခံခြင်းကို သင်သည် မနှစ်သက်လင့်၊ သာရိပုတြာ သို့ဖြစ်လျှင် ဘေဒါနုဝတ္တက ရဟန်းတို့အား ထုလ္လစ္စည်းအာပတ်ကို ဒေသနာကြားစေလော့။ သာရိပုတြာ သင့်အား ဒေဝဒတ်သည် အဘယ်သို့ ပြုမူသနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည် ညဉ့်သုံးယာမ်ပတ်လုံး ရဟန်းတို့ကို တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ(တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေ၍ အကျွန်ုပ်ကို "သာရိပုတြာ ရဟန်းသံဃာသည် ထိနမိဒ္ဓကင်း၏၊ သာရိပုတြာရဟန်းတို့ အတွက် တရားစကားသည် သင်၏ဉာဏ်၌ ထင်စေလော့၊ ငါ၏ကျောက်ကုန်းသည် ညောင်းညာ၏၊ ထိုကျောက်ကုန်းကို ငါသည် ဆန့်ဦးအံ့" ဟု တိုက်တွန်းသကဲ့သို့ ဤအတူပင် ဒေဝဒတ်သည် ပြုမူပါ၏ ဟု (လျှောက်၏)။

၃၄၆။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—

"ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား တောအုပ်ကြီး၌ အိုင်ကြီးသည် ရှိ၏၊ ထိုအိုင်ကြီးကိုမှီ၍ ဆင်တို့သည် နေကုန်၏။

ထိုဆင်တို့သည် ထိုအိုင်သို့ ဆင်း၍ နှာမောင်းဖြင့် ကြာစွယ်ကြာရင်းတို့ကို နုတ်၍ ကောင်းစွာ ခါ၍ ညွန်မရှိသော ကြာစွယ်ကြာရင်းတို့ကို ခဲစား၍ မျိုကုန်၏။ ထိုကြာစွယ်ကြာရင်းတို့သည် ထိုဆင်

http://www.dhammadownload.com



တို့၏ အဆင်းအကျိုးငှါရင်း ခွန်အားအကျိုးငှါရင်း ဖြစ်၏၊ထိုကြာစွယ်ကြာရင်း ဟူသော အကြောင်းကြောင့် သေခြင်းသို့လည်း မရောက်ကုန်၊ သေလောက်သော ဆင်းရဲခြင်းသို့လည်း မရောက်ကုန်။

ရဟန်းတို့ ထိုဆင်ကြီးတို့ကို ဝါနုသော ဆင်ငယ်တို့သည် အတုလိုက်လျက် ထိုအိုင်သို့ ဆင်းကာ နှာမောင်းဖြင့် ကြာစွယ်ကြာရင်းတို့ကို နုတ်၍ ကောင်းစွာမခါပဲ ညွန်ရှိသော ကြာစွယ်ကြာရင်းတို့ကို ခံမျိုကုန်၏။ ထိုကြာစွယ်ကြာရင်းသည် ထိုဆင်ငယ်တို့၏ အဆင်းအကျိုးငှါရင်း ခွန်အားအကျိုးငှါရင်း မဖြစ်နိုင်ပေ၊ ထိုကြာစွယ်ကြာရင်းဟူသော အကြောင်းကြောင့် သေခြင်းသို့လည်း ရောက်ကုန်၏၊ သေလောက်သော ဆင်းရဲခြင်းသို့လည်း ရောက်ကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် ဒေဝဒတ်သည် ငါ့ကို အတုလိုက်၍ ပြုသဖြင့် ဆင်းရဲစွာ သေရလတ္တံ့ ဟု (မိန့်တော်မူ၏)။

မြေကိုထိုးဆွ၍ ကြာစွယ်ကြာရင်းတို့ကိုစားလျက် မြစ်ချောင်းတို့၌ သွားသော ဆင်ပြောင်ကြီးကို အတုလိုက်၍ ပြုသော ဆင်ငယ်သည် ညွန်ရှိသော ကြာစွယ်ကြာရင်းတို့ကို စားမိ၍ သေသကဲ့သို့ ငါ့ကိုအတုလိုက်၍ပြုသော ဒေဝဒတ်သည် ဆင်းရဲခြင်းသို့ ရောက်သည်ဖြစ်၍ သေရလတ္တံ့။

၃၄၇။ ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် တမန်အဖြစ်ဖြင့် သွားခြင်းငှါ ထိုက်တန်၏၊ အဘယ်ရှစ်ပါးတို့နည်းဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နားလည်း ထောင်တတ်၏၊ပြန်လည်း ပြောတတ်၏၊ သင်ယူလည်း သင်ယူတတ်၏၊ ဆောင်လည်း ဆောင်တတ်၏၊ သိလည်း သိတတ်၏၊ သိစေလည်း သိစေတတ်၏၊ အကျိုးစီးပွါး ရှိမရှိ၌လည်း လိမ္မာ၏၊ ငြင်းခုံခြင်းကိုလည်း မပြုတတ်၊ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် တမန်အဖြစ်ဖြင့် သွားခြင်းငှါ ထိုက်တန်၏။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သာရိပုတြာသည် တမန်အဖြစ်ဖြင့် သွားခြင်းငှါ ထိုက်တန်၏၊ အဘယ်ရှစ်ပါးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ သာရိပုတြာသည် နားလည်း ထောင်တတ်၏၊ ပြန်လည်းပြောတတ်၏၊ သင်ယူလည်း သင်ယူတတ်၏၊ ဆောင်လည်း ဆောင်တတ်၏၊ သိလည်း သိတတ်၏၊ သိစေလည်း သိစေတတ်၏၊ အကျိုးစီးပွါး ရှိမရှိ၌လည်း လိမ္မာ၏၊ ငြင်းခုံခြင်းကိုလည်း မပြုတတ်။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သာရိပုတြာသည် တမန်အဖြစ်ဖြင့် သွားခြင်းငှါ ထိုက်တန်၏ ဟု (မိန့်တော်မူ၏)။

အကြင်ရဟန်းသည် ကြမ်းတမ်းစွာပြောတတ်သော ပရိသတ်သို့ရောက်၍ မတုန်လှုပ်၊ စကားကိုလည်း မယုတ်စေ၊ သတင်းစကားကိုလည်း မဖုံးလွှမ်း၊ ယုံမှားမရှိပဲ ပြောကြားတတ်၏၊မေးအပ်သော်လည်း အမျက်မထွက်၊ ထိုသို့သော ရဟန်းသည် တမန်အဖြစ်ဖြင့် သွားခြင်းငှါထိုက်တန်၏။

၃၄၈။ ရဟန်းတို့ မသူတော်တရား ရှစ်ပါးတို့သည် နှိပ်စက်လွှမ်းမိုးအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ဖြစ်လတ္တံ့၊ငရဲ၌ ဖြစ်လတ္တံ့၊အာယုကပ်ပတ်လုံးတည်လတ္တံ့၊ ကုစား၍မရနိုင်။ အဘယ်ရှစ်ပါးတို့နည်း ဟူမူ—

http://www.dhammadownload.com



ရဟန်းတို့ လာဘ်သည် နှိပ်စက်လွှမ်းမိုးအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံးတည်လတ္တံ့၊ ကုစား၍ မရနိုင်။ ရဟန်းတို့ လာဘ်မရခြင်းသည် ။ပ။ ရဟန်းတို့ ကျော်စောခြင်းသည် ။ပ။ ရဟန်းတို့ မကျော်စောခြင်းသည် ။ပ။ ရဟန်းတို့ကောင်းစွာပြုစုခြင်းသည်။ပ။ ရဟန်းတို့ ကောင်းစွာမပြုစုခြင်းသည်။ပ။ ရဟန်းတို့ အလိုဆိုးရှိခြင်းသည်။ပ။ ရဟန်းတို့ မိတ်ဆွေယုတ်ရှိခြင်းသည်နှိပ်စက်လွှမ်းမိုးအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစား၍ မရနိုင်။

ရဟန်းတို့ ဤမသူတော်တရား ရှစ်ပါးတို့သည် နှိပ်စက်လွှမ်းမိုးအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ဖြစ်လတ္တံ့၊ ငရဲ၌ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံးတည်လတ္တံ့၊ ကုစား၍ မရနိုင်။

၃၄၉။ ရဟန်းတို့ ရဟန်းသည် ဖြစ်လာသော လာဘ်ရမှုကို လွှမ်းမိုး၍ လွှမ်းမိုး၍နေမှု ကောင်း၏၊ဖြစ်လာသော လာဘ်မရမှုကို။ပ။ဖြစ်လာသော ကျော်စောမှုကို။ဖြစ်လာသော ကျော်စောမှုမှုကို။ ဖြစ်လာသော ကောင်းစွာပြုစုမှုကို။ ဖြစ်လာသော ကောင်းစွာမပြုစုမှုကို။ ဖြစ်လာသော အလိုဆိုးရှိမှုကို။ ဖြစ်လာသော မိတ်ဆွေယုတ်ရှိမှုကို လွှမ်းမိုး၍ လွှမ်းမိုး၍ နေမှု ကောင်း၏။

ရဟန်းတို့ ရဟန်းသည် အဘယ်အကျိုးထူးကိုစွဲ၍ ဖြစ်ပေါ်လာသော လာဘ်ရမှုကို လွှမ်းမိုး၍ လွှမ်းမိုး၍ နေရာသနည်း။ ဖြစ်လာသောလာဘ်မရမှုကို။ပ။ ဖြစ်လာသော ကျော်စောမှုကို။ ဖြစ်လာသော ကျော်စောမှုမှုကို။ ဖြစ်လာသော ကောင်းစွာပြုစုမှုကို။ ဖြစ်လာသော ကောင်းစွာ မပြုစုမှုကို။ ဖြစ်လာသော အလိုဆိုးရှိမှုကို။ ဖြစ်လာသော မိတ်ဆွေယုတ်ရှိမှုကို လွှမ်းမိုး၍ လွှမ်းမိုး၍ နေရာသနည်း။

ရဟန်းတို့ ဖြစ်လာသော လာဘ်ရမှုကို မလွှမ်းမိုးပဲနေသော ရဟန်းအား အာသဝေါတရားနှင့် စိတ်ပင်ပန်း ပူလောင်မှုတို့သည် ဖြစ်ကုန်ရာ၏၊ ဖြစ်လာသော လာဘ်ရမှုကို လွှမ်းမိုး၍ လွှမ်းမိုး၍ နေသော ရဟန်းအား ထိုအာသဝေါတရားနှင့် စိတ်ပင်ပန်း ပူလောင်မှုတို့သည် မဖြစ်ကုန်။

ရဟန်းတို့ ဖြစ်လာသော လာဘ်မရမှုကို ။ပ။ ဖြစ်လာသော ကျော်စောမှုကို။ ဖြစ်လာသော ကျော်စောမှုမှုကို။ ဖြစ်လာသော ကောင်းစွာပြုစုမှုကို။ ဖြစ်လာသော ကောင်းစွာမပြုစုမှုကို။ ဖြစ်လာသော အလိုဆိုးရှိမှုကို။ ဖြစ်လာသော မိတ်ဆွေယုတ်ရှိမှုကို မလွှမ်းမိုးပဲနေသော ထိုရဟန်းအား အာသဝေါတရားနှင့် စိတ်ပင်ပန်းပူလောင်မှုတို့သည် ဖြစ်ကုန်ရာ၏၊ ဖြစ်လာသော မိတ်ဆွေယုတ်ရှိမှုကို လွှမ်းမိုး၍ လွှမ်းမိုး၍ နေသောရဟန်းအား ထိုအာသဝေါတရားနှင့် စိတ်ပင်ပန်း ပူလောင်မှုတို့သည် မဖြစ်ကုန်၊ ရဟန်းတို့ ဤအကျိုးထူးကိုစွဲ၍ ဖြစ်လာသော လာဘ်ရမှုကို လွှမ်းမိုး၍ လွှမ်းမိုး၍ နေကုန်ရာ၏၊ ဖြစ်လာသော လာဘ်မရမှုကို။ ဖြစ်လာသောအလိုဆိုးရှိမှုကို။ ဖြစ်လာသောကျော်စောမှုကို။ ဖြစ်လာသောကျော်စောမှုမှုကို။ ဖြစ်လာသော ကောင်းစွာပြုစုမှုကို။ ဖြစ်လာသော ကောင်းစွာမပြုစုမှုကို။ ဖြစ်လာသော အလိုဆိုးရှိမှုကို။ ဖြစ်လာသော မိတ်ဆွေယုတ်ရှိမှုကို လွှမ်းမိုး၍ လွှမ်းမိုး၍ နေရာ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ဖြစ်လာသော လာဘ်ရမှုကို လွှမ်းမိုး၍ လွှမ်းမိုး၍ နေကုန်အံ့၊ ဖြစ်လာသော လာဘ်မရမှုကို။ပ။ ဖြစ်လာသော ကျော်စောမှုကို။ ဖြစ်လာသော ကျော်စောမှုမှုကို။ ဖြစ်လာသော ကောင်းစွာပြုစုမှုကို။ ဖြစ်လာသော ကောင်းစွာမပြုစုမှုကို။ ဖြစ်လာသော

http://www.dhammadownload.com



အလိုဆိုးရှိမှုကို။ ဖြစ်လာသော မိတ်ဆွေယုတ်ရှိမှုကို လွှမ်းမိုး၍ လွှမ်းမိုး၍ နေကုန်အံ့ ဟု သင်တို့ ကျင့်ရမည်။

၃၅၀။ ရဟန်းတို့ မသူတော်တရား သုံးပါးတို့သည် နှိပ်စက်လွှမ်းမိုးအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစား၍ မရနိုင်။ အဘယ်သုံးပါးတို့နည်း ဟူမူ—

အလိုဆိုးရှိခြင်း၊ မိတ်ဆွေယုတ်ရှိခြင်း၊ တရားထူးအနည်းငယ်မျှကို ရခြင်းဖြင့် အကြား၌ ဆုံးရှုံးခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤမသူတော် တရား သုံးပါးတို့သည် နှိပ်စက် လွှမ်းမိုးအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်၌ ဖြစ်လတ္တံ့၊ ငရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့၊ ကုစား၍ မရနိုင် ဟု (မိန့်တော်မူ၏)။

လောက၌ တစုံတယောက်သော သူသည် တရံတဆစ်မျှ အလိုဆိုးရှိသူ မဖြစ်သင့်၊ ဤအလိုဆိုး ရှိခြင်းကြောင့်လည်း အလိုဆိုးရှိသူတို့၏ လားရာဂတိကို သိကြကုန်လော့။

ဒေဝဒတ်သည် ပညာရှိဟူ၍ ထင်ရှား၏၊ ပွါးစေအပ်ပြီးသော စိတ်ရှိသူဟူ၍ သမုတ်အပ်၏၊ အခြံအရံဖြင့် တောက်ပသကဲ့သို့ တည်၏ဟူ၍ ငါဘုရားသည် ကြား၏။

ထိုဒေဝဒတ်သည် မေ့လျော့ခြင်းသို့ ရောက်သည်ဖြစ်၍ ငါဘုရားကို ထိပါး ပုတ်ခတ်သောကြောင့် တံခါးလေးခုရှိသော ကြောက်မက်ဖွယ်ကောင်းသော အဝီစိငရဲသို့ ရောက်ရ၏။

အကြင်သူသည် မကောင်းမှုကို မပြုသော မပြစ်မှားထိုက်သော ငါဘုရားအား ပြစ်မှား၏၊ ပြစ်မှားစိတ်ရှိသော ရိုသေမှုကင်းမဲ့သော ထိုပုဂ္ဂိုလ်သို့သာလျှင် မကောင်းမှုသည် ရောက်၏။

အကြင်သူသည် သမုဒ္ဒရာကို အဆိပ်အိုးဖြင့် ဖျက်ဆီးနိုင်မည်ဟု မှတ်ထင်ရာ၏၊ ထိုသူသည် ထိုအဆိပ်အိုးဖြင့် မဖျက်ဆီးနိုင်ရာ။အကြောင်းမူကား သမုဒ္ဒရာသည် ကြီးကျယ်၍ ကြောက်မက်ဖွယ်ကောင်းလှသောကြောင့်ပေတည်း။

ဤအတူပင် အကြင်သူသည် ညီညွတ်ခြင်းသို့ ရောက်သော ငြိမ်သက်သော စိတ်ရှိသော မြတ်စွာဘုရားကို ချုတ်ချယ်သော စကားဖြင့် ညှဉ်းဆဲ၏၊ထိုသူ၏ ချုတ်ချယ်သော စကားသည် ထိုမြတ်စွာဘုရား၌ မရောက်။

အကြင်ပုဂ္ဂိုလ်၏ ကျင့်စဉ်လမ်းသို့ လိုက်သော ရဟန်းသည် ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ရာ၏၊ ပညာရှိသည် ထိုပုဂ္ဂိုလ်မျိုးကို မိတ်ဆွေ ပြုရာ၏၊ ထိုပုဂ္ဂိုလ်ကို မှီဝဲရာ၏။

## ဥပါလိ၏ အမေးပြဿနာ

၃၅၁။ ထိုအခါ အသျှင်ဥပါလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ထိုင်ကာ မြတ်စွာဘုရားအား—

အသျှင်ဘုရား "သံဃာ့အရေးအကြောင်း သံဃာ့အရေးအကြောင်း" ဟု ပြောကြပါ၏၊ အသျှင်ဘုရား အဘယ်မျှသော အခြင်းအရာဖြင့် သံဃာ့အရေးအကြောင်းသာဖြစ်၍ သံဃာကွဲပြားမှု မဖြစ်ပါသနည်း။

http://www.dhammadownload.com



အဘယ်မျှသော အခြင်းအရာဖြင့် "သံဃာ့အရေးအကြောင်းလည်းဖြစ်၍ သံဃာကွဲပြားမှုလည်း ဖြစ်ပါသနည်း" ဟု လျှောက်၏။

ဥပါလိ တဖက်မှ တပါးဖြစ်၏၊ တဖက်မှ နှစ်ပါးဖြစ်ကုန်၏၊ လေးပါးမြောက် ရဟန်းသည် "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့" ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏၊ ဥပါလိ ဤသို့ပင် ယူစေသော်လည်း သံဃာ့အရေးအကြောင်းသာဖြစ်၍ သံဃာကွဲပြားမှု မဖြစ်သေး။

ဥပါလိ တဖက်မှ နှစ်ပါးဖြစ်၏၊ တဖက်မှလည်း နှစ်ပါးဖြစ်ကုန်၏၊ ငါးပါးမြောက် ရဟန်းသည် "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့"ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏၊ ဥပါလိ ဤသို့ပင် ယူစေသော်လည်း သံဃာ့အရေးအကြောင်းသာဖြစ်၍ သံဃာကွဲပြားမှု မဖြစ်သေး။

ဥပါလိ တဖက်မှ နှစ်ပါးဖြစ်၏၊ တဖက်မှ သုံးပါးဖြစ်ကုန်၏၊ ခြောက်ပါးမြောက် ရဟန်းသည် "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့" ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏၊ ဥပါလိ ဤသို့ပင် ယူစေသော်လည်း သံဃာ့အရေးအကြောင်းသာဖြစ်၍ သံဃာကွဲပြားမှု မဖြစ်သေး။

ဥပါလိ တဖက်မှ သုံးပါးဖြစ်၏၊ တဖက်မှလည်း သုံးပါးဖြစ်ကုန်၏၊ ခုနစ်ပါးမြောက် ရဟန်းသည် "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့"ဟု ပြောကြား၏၊ စာရေးတံမဲကို ယူစေ၏၊ ဥပါလိ ဤသို့ပင် ယူစေသော်လည်း သံဃာ့အရေးအကြောင်းသာဖြစ်၍ သံဃာကွဲပြားမှု မဖြစ်သေး။

ဥပါလိ တဖက်မှ သုံးပါးဖြစ်၏၊ တဖက်မှ လေးပါးဖြစ်ကုန်၏၊ ရှစ်ပါးမြောက် ရဟန်းသည် "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့" ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏၊ ဥပါလိ ဤသို့ပင် ယူစေသော်လည်း သံဃာ့အရေးအကြောင်းသာဖြစ်၍ သံဃာကွဲပြားမှု မဖြစ်သေး။

ဥပါလိ တဖက်မှ လေးပါးဖြစ်၏၊ တဖက်မှလည်း လေးပါးဖြစ်ကုန်၏၊ ကိုးပါးမြောက် ရဟန်းသည် "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့"ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏၊ ဥပါလိ ဤသို့ယူစေလျှင်ကား သံဃာ့အရေးအကြောင်းလည်းဖြစ်၍ သံဃာကွဲပြားမှုလည်း ဖြစ်၏။

ဥပါလိ ကိုးပါးသော ရဟန်းတို့အားရင်း ကိုးပါးထက် လွန်သော ရဟန်းတို့အားရင်း သံဃာ့အရေးအကြောင်းသည်ရင်း သံဃာကွဲပြားခြင်းသည်ရင်း ဖြစ်၏။

ဥပါလိ ဘိက္ခုနီမသည် သံဃာကို မခွဲနိုင်၊ ခွဲခြင်းငှါသော်ကား အားထုတ်နိုင်၏၊ သိက္ခမာန်သည် သံဃာကို မခွဲနိုင်၊ သာမဏေသည် သံဃာကို မခွဲနိုင်၊ သာမဏေမသည် သံဃာကို မခွဲနိုင်၊

http://www.dhammadownload.com



ဥပါသကာသည် သံဃာကို မခွဲနိုင်၊ ဥပါသိကာမသည် သံဃာကို မခွဲနိုင်၊ ခွဲခြင်းငှါသော်ကား အားထုတ်နိုင်၏။

ဥပါလိ ပကတတ်ဖြစ်သော တူမျှသော ပေါင်းသင်းမှုရှိသော တူမျှသော သိမ်၌ တည်သော ရဟန်းသည် သံဃာကို ခွဲနိုင်၏ဟု (မိန့်တော်မူ၏)။

၃၅၂။ အသျှင်ဘုရား "သံဃာကွဲပြားခြင်း သံဃာကွဲပြားခြင်း" ဟု ဆိုကြပါ၏၊ အသျှင်ဘုရား အဘယ်မျှသော အခြင်းအရာဖြင့် သံဃာသည် ကွဲပြားပါသနည်းဟု (လျှောက်၏)။

ဥပါလိ ဤသာသနာတော်၌ ရဟန်းတို့သည် မတရားကို "တရား" ဟု ပြကုန်၏၊ တရားကို "မတရား" ဟု ပြကုန်၏၊ ဝိနည်း မဟုတ်သည်ကို "ဝိနည်း" ဟု ပြကုန်၏၊ ဝိနည်းကို "ဝိနည်းမဟုတ်" ဟု ပြကုန်၏၊ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို "မြတ်စွာဘုရား ဟောအပ် ပြောအပ်၏" ဟု ပြကုန်၏၊ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို "မြတ်စွာဘုရား မဟောအပ် မပြောအပ်" ဟု ပြကုန်၏၊ မြတ်စွာဘုရားမလေ့ကျက်အပ်သည်ကို မြတ်စွာဘုရား လေ့ကျက်အပ်၏" ဟု ပြကုန်၏၊ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို "မြတ်စွာဘုရားမလေ့ကျက်အပ်" ဟု ပြကုန်၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို "မြတ်စွာဘုရား ပညတ်အပ်၏" ဟု ပြကုန်၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို "မြတ်စွာဘုရားမပညတ်အပ်" ဟု ပြကုန်၏၊ အာပတ်မဟုတ်သည်ကို "အာပတ်" ဟု ပြကုန်၏၊ အာပတ်ကို "အာပတ်မဟုတ်" ဟု ပြကုန်၏၊ ပေါ့သောအာပတ်ကို "လေးသောအာပတ်" ဟု ပြကုန်၏၊ လေးသောအာပတ်ကို "ပေါ့သော အာပတ်" ဟု ပြကုန်၏၊ ချွင်းချက်ရှိသော အာပတ်ကို "ချွင်းချက်မရှိသောအာပတ်" ဟု ပြကုန်၏၊ ချွင်းချက် မရှိသော အာပတ်ကို "ချွင်းချက်ရှိသောအာပတ်" ဟု ပြကုန်၏၊ ရုန့်ရင်းသော အာပတ်ကို "မရုန့်ရင်းသော အာပတ်" ဟု ပြကုန်၏၊ မရုန့်ရင်းသော အာပတ်ကို "ရုန့်ရင်းသောအာပတ်" ဟု ပြကုန်၏။

ထိုရဟန်းတို့သည် ဤဝတ္ထုတဆယ့်ရှစ်မျိုးတို့ဖြင့် ဆွဲငင်ကုန်၏၊ အယုတ်အားဖြင့် ဆွဲငင်ကုန်၏၊ အသီးအခြား ဥပုသ်ပြုကုန်၏၊ အသီးအခြား ပဝါရဏာ ပြုကုန်၏၊ အသီးအခြား သံဃာကံ ပြုကုန်၏၊ ဥပါလိ ဤမျှသော အခြင်းအရာဖြင့် သံဃာသည် ကွဲပြား၏ဟု (မိန့်တော်မူ၏)။

၃၅၃။ အသျှင်ဘုရား "သံဃာညီညွတ်ခြင်း သံဃာညီညွတ်ခြင်း" ဟု ဆိုကြပါ၏၊ အသျှင်ဘုရား အဘယ်မျှသော အခြင်းအရာဖြင့် သံဃာသည် ညီညွတ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ ဤသာသနာတော်၌ ရဟန်းတို့သည် မတရားကို "မတရား" ဟု ပြကုန်၏၊ တရားကို "တရား" ဟု ပြကုန်၏၊ ဝိနည်းမဟုတ်သည်ကို "ဝိနည်းမဟုတ်" ဟု ပြကုန်၏၊ ဝိနည်းကို "ဝိနည်း" ဟု ပြကုန်၏၊ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို "မြတ်စွာဘုရား မဟောအပ် မပြောအပ်" ဟု ပြကုန်၏၊ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို "မြတ်စွာဘုရား ဟောအပ် ပြောအပ်၏" ဟု ပြကုန်၏၊ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို "မြတ်စွာဘုရား မလေ့ကျက်အပ်" ဟု ပြကုန်၏၊ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို "မြတ်စွာဘုရား လေ့ကျက်အပ်၏" ဟု ပြကုန်၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို "မြတ်စွာဘုရား မပညတ်အပ်" ဟု ပြကုန်၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို "မြတ်စွာဘုရား ပညတ်အပ်၏" ဟု ပြကုန်၏၊ အာပတ်မဟုတ်သည်ကို "အာပတ်မဟုတ်" ဟု ပြကုန်၏၊ အာပတ်ကို "အာပတ်" ဟု ပြကုန်၏၊ ပေါ့သောအာပတ်ကို "ပေါ့သောအာပတ်" ဟု ပြကုန်၏၊ လေးသောအာပတ်ကို "လေးသောအာပတ်" ဟု ပြကုန်၏၊ အကြွင်းရှိသော အာပတ်ကို "အကြွင်းရှိသော အာပတ်" ဟု

http://www.dhammadownload.com



ပြကုန်၏၊ အကြွင်းမရှိသော အာပတ်ကို "အကြွင်းမရှိသော အာပတ်"ဟု ပြကုန်၏၊ ရှုန့်ရင်းသော အာပတ်ကို "ရှုန့်ရင်းသော အာပတ်"ဟု ပြကုန်၏၊ မရှုန့်ရင်းသော အာပတ်ကို "မရှုန့်ရင်းသော အာပတ်" ဟု ပြကုန်၏။

ထိုရဟန်းတို့သည် ဤဝတ္ထု တဆယ့်ရှစ်မျိုးတို့ဖြင့် မဆွဲငင်ကုန်၊ အယုတ်အားဖြင့် မဆွဲငင်ကုန်၊ အသီးအခြားဥပုသ် မပြုကုန်၊ အသီးအခြား ပဝါရဏာ မပြုကုန်၊ အသီးအခြား သံဃာ့ကံ မပြုကုန်။

ဥပါလိ ဤမျှသော အခြင်းအရာဖြင့် သံဃာသည် ညီညွတ်၏ဟု (မိန့်တော်မူ၏)။

၃၅၄။ အသျှင်ဘုရား ညီညွတ်သော သံဃာကို ခွဲသောကြောင့် ထိုရဟန်းသည် အဘယ်တရားကို ပွါးစေပါသနည်း ဟု (လျှောက်၏)။

ဥပါလိ ညီညွတ်သော သံဃာကို ခွဲသောကြောင့် အာယုကပ်ပတ်လုံး တည်သော အကုသိုလ်ကို တိုးပွါးစေ၏၊ အာယုကပ်ပတ်လုံး ငရဲ၌ ကျက်ရ၏ ဟု (မိန့်တော်မူ၏)။

အပါယ်ကျလတ္တံ့သော ငရဲကျလတ္တံ့သော အာယုကပ်ပတ်လုံး တည်လတ္တံ့သော သံဃာကို သင်းခွဲသော သံဃာကွဲခြင်း၌ မွေ့လျော်သော မတရားသောအမှု၌ တည်သော ရဟန်းသည် ယောဂ၏ကုန်ရာ နိဗ္ဗာန်မှ ဆုတ်ယုတ်၏၊ ညီညွတ်သော သံဃာကို ခွဲသောကြောင့် အာယုကပ်ပတ်လုံး ငရဲ၌ကျက်ရ၏ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား ကွဲသော သံဃာကို ညီညွတ်အောင် ပြုသော ရဟန်းသည် အဘယ်တရားကို တိုးပွါး စေပါသနည်း ဟု (လျှောက်၏)။

ဥပါလိ ကွဲသော သံဃာကို ညီညွတ်အောင်ပြုသောကြောင့် မြတ်သော ကုသိုလ်ကို တိုးပွါးစေ၏၊ အာယုကပ်ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏ဟု (မိန့်တော်မူ၏)။

သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာ၏၊ ညီညွတ်သော ရဟန်းတို့ကို ချီးမြှောက်တတ်သော ညီညွတ်ခြင်း၌ မွေ့လျော်သော တရား၌တည်သော ရဟန်းသည် ယောဂ၏ကုန်ရာ နိဗ္ဗာန်မှ မဆုတ်ယုတ်၊ သံဃာကို ညီညွတ်အောင်ပြုသောကြောင့် အာယုကပ်ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏ ဟု (မိန့်တော်မူ၏)။

၃၅၅။ အသျှင်ဘုရား သံဃာသင်းခွဲသော ရဟန်းသည် အပါယ်ကျအံ့သောသူ ငရဲကျအံ့သော သူ အာယုကပ်ပတ်လုံး တည်အံ့သောသူ ကုစား၍ မရနိုင်သောသူ ဖြစ်ရာပါသလောဟု(လျှောက်၏)။

ဥပါလိ သံဃာသင်းခွဲသော ရဟန်းသည် အပါယ်ကျအံ့သောသူ ငရဲကျအံ့သောသူ အာယုကပ်ပတ်လုံး တည်အံ့သောသူ ကုစား၍ မရနိုင်သောသူ ဖြစ်ရာ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သံဃာသင်းခွဲသော ရဟန်းသည် အပါယ်မကျအံ့သောသူ ငရဲမကျအံ့သောသူ အာယုကပ်ပတ်လုံးမတည်အံ့သောသူ ကုစားကောင်းသောသူ ဖြစ်ရာပါသလောဟု (လျှောက်၏)။

ဥပါလိ သံဃာသင်းခွဲသော ရဟန်းသည် အပါယ်မကျအံ့သောသူ ငရဲမကျအံ့သောသူ အာယုကပ်ပတ်လုံး မတည်အံ့သောသူ ကုစားကောင်းသောသူ ဖြစ်ရာ၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား သံဃာသင်းခွဲသော အဘယ် ရဟန်းသည် အပါယ်ကျအံ့သောသူ ငရဲကျအံ့သောသူ အာယုကပ်ပတ်လုံးတည်အံ့သောသူ မကုစားကောင်းသောသူ ဖြစ်ပါသနည်းဟု(လျှောက်၏)

ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် မတရားကို "တရား"ဟု ပြ၏။ ထိုသို့ ပြရာ၌ မတရားအယူကွဲခြင်း၌ "မတရား"ဟု အယူရှိ၏၊ မိမိ၏အယူအဆကို ဖုံးထား၍ မိမိနှစ်သိမ့် သဘောတူညီမှုကို ဖုံးထား၍ မိမိနှစ်သက်ကျေနပ်မှုကို ဖုံးထား၍ မိမိရည်မှန်းချက်ကို ဖုံးထား၍ "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့" ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏။

ဥပါလိ ဤသံဃာသင်းခွဲသော ရဟန်းသည်လည်း အပါယ်ကျအံ့သောသူ ငရဲကျအံ့သောသူ အာယုကပ်ပတ်လုံး တည်အံ့သောသူ ကုစား၍ မရနိုင်သောသူ ဖြစ်၏။

ဥပါလိ နောက်တမျိုးကား ရဟန်းသည် မတရားကို "တရား"ဟု ပြ၏၊ ထိုသို့ပြရာ၌ မတရားအယူကွဲခြင်း၌ တရားဟု အယူရှိ၏၊ မိမိ၏အယူအဆကို ဖုံးထား၍ မိမိနှစ်သိမ့်သဘောတူညီမှုကို ဖုံးထား၍ မိမိနှစ်သက်ကျေနပ်မှုကို ဖုံးထား၍ မိမိရည်မှန်းချက်ကို ဖုံးထား၍ "ဤကားဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမတို ယူကုန်လော့၊ ဤအဆုံး အမကို နှစ်သက်ကုန်လော့" ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏။

ဥပါလိ ဤသံဃာသင်းခွဲသော ရဟန်းသည်လည်း အပါယ်ကျအံ့သောသူ ငရဲကျအံ့သောသူ အာယုကပ်ပတ်လုံးတည်အံ့သောသူ မကုစားကောင်းသောသူ ဖြစ်၏။

ဥပါလိ နောက်တမျိုးကား ရဟန်းသည် မတရားကို "တရား"ဟုပြ၏၊ ထိုသို့ပြရာ၌ မတရား အယူကွဲခြင်း၌ ယုံမှားရှိ၏၊ မိမိအယူအဆကို ဖုံးထား၍ မိမိ၏ နှစ်သိမ့်သဘော တူညီမှုကို ဖုံးထား၍ မိမိနှစ်သက် ကျေနပ်မှုကို ဖုံးထား၍ မိမိရည်မှန်းချက်ကို ဖုံးထား၍ "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့" ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏။

ဥပါလိ ဤသံဃာသင်းခွဲသော ရဟန်းသည်လည်း အပါယ်ကျအံ့သောသူ ငရဲကျအံ့သောသူ အာယုကပ်ပတ်လုံး တည်အံ့သောသူ ကုစား၍ မနိုင်သောသူ ဖြစ်၏။

ဥပါလိ နောက်တမျိုးကား ရဟန်းသည် မတရားကို "တရား"ဟုပြ၏၊ ထိုသို့ပြရာ၌ တရားအယူ ကွဲခြင်း၌ မတရား ဟု အယူရှိ၏။ပ။ (ထိုသို့ ပြရာ၌ တရားအယူကွဲခြင်း၌ တရား ဟု အယူရှိ၏)၊ ထိုသို့ ပြရာ၌ တရားအယူကွဲခြင်း၌ ယုံမှားရှိ၏။ ထိုသို့ပြရာ၌ ယုံမှားရှိသော ကွဲခြင်း၌ မတရားဟု အယူရှိ၏။ ထိုသို့ ပြရာ၌ ယုံမှားရှိသော ကွဲခြင်း၌ တရား ဟု အယူရှိ၏။ ထိုသို့ ပြရာ၌ ယုံမှားရှိသော ကွဲခြင်း၌ ယုံမှားရှိ၏။ မိမိအယူအဆကို ဖုံးထား၍ မိမိနှစ်သိမ့် သဘောတူညီမှုကို ဖုံးထား၍ မိမိ နှစ်သက်ကျေနပ်မှုကို ဖုံးထား၍ မိမိရည်မှန်းချက်ကို ဖုံးထား၍ "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံး အမကို နှစ်သက်ကုန်လော့" ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏။

ဥပါလိ ဤသံဃာသင်းခွဲသော ရဟန်းသည်လည်း အပါယ်ကျအံ့သောသူ ငရဲကျအံ့သောသူ အာယုကပ်ပတ်လုံး တည်အံ့သောသူ ကုစား၍ မရနိုင်သောသူ ဖြစ်၏။

http://www.dhammadownload.com



ဥပါလိ နောက်တမျိုးကား ရဟန်းသည် တရားကို "မတရား"ဟု ပြ၏။ပ။ ဝိနည်းမဟုတ်သည်ကို "ဝိနည်း"ဟု ပြ၏။ ဝိနည်းကို "ဝိနည်းမဟုတ်" ဟု ပြ၏။ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို "မြတ်စွာဘုရား ဟောအပ် ပြောအပ်၏" ဟု ပြ၏။ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို "မြတ်စွာဘုရား မဟောအပ် မပြောအပ်" ဟု ပြ၏။ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို "မြတ်စွာဘုရား လေ့ကျက်အပ်၏"ဟု ပြ၏။မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို "မြတ်စွာဘုရား မလေ့ကျက်အပ်" ဟု ပြ၏။

မြတ်စွာဘုရား မပညတ်အပ်သည်ကို "မြတ်စွာဘုရား ပညတ်အပ်၏" ဟု ပြ၏။ မြတ်စွာဘုရား ပညတ်အပ်သည်ကို "မြတ်စွာဘုရား မပညတ်အပ်" ဟု ပြ၏။ အာပတ်မဟုတ်သည်ကို "အာပတ်" ဟု ပြ၏။ အာပတ်ကို "အာပတ်မဟုတ်" ဟု ပြ၏။ ပေါ့သောအာပတ်ကို "လေးသောအာပတ်" ဟု ပြ၏။ လေးသောအာပတ်ကို "ပေါ့သော အာပတ်" ဟု ပြ၏။ အကြွင်းရှိသော အာပတ်ကို "အကြွင်းမရှိသော အာပတ်" ဟု ပြ၏။ အကြွင်းမရှိသော အာပတ်ကို "အကြွင်းရှိသော အာပတ်" ဟု ပြ၏။ ရုန့်ရင်းသော အာပတ်ကို "မရုန့်ရင်းသော အာပတ်" ဟု ပြ၏။မရုန့်ရင်းသော အာပတ်ကို "ရုန့်ရင်းသော အာပတ်" ဟု ပြ၏။

ထိုသို့ ပြရာ၌ မတရား အယူကွဲခြင်း၌ မတရား ဟု အယူရှိ၏။ပ။ ထိုသို့ ပြရာ၌ မတရား အယူကွဲခြင်း၌ တရား ဟု အယူရှိ၏။ ထိုသို့ ပြရာ၌ မတရား အယူကွဲခြင်း၌ ယုံမှားရှိ၏။

ထိုသို့ ပြရာ၌ တရားအယူကွဲခြင်း၌ မတရား ဟု အယူရှိ၏။ (ထိုသို့ ပြရာ၌ တရားအယူကွဲခြင်း၌ တရား ဟု အယူရှိ၏)။ ထိုသို့ ပြရာ၌ တရားအယူကွဲခြင်း၌ ယုံမှားရှိ၏။

ထိုသို့ ပြရာ၌ ယုံမှားရှိသော ကွဲခြင်း၌ မတရား ဟု အယူရှိ၏။ ထိုသို့ ပြရာ၌ ယုံမှားရှိသော ကွဲခြင်း၌ တရား ဟု အယူရှိ၏။ ထိုသို့ပြရာ၌ ယုံမှားရှိသော ကွဲခြင်း၌ ယုံမှား ရှိ၏။

မိမိ၏အယူအဆကို ဖုံးထား၍ မိမိနှစ်သိမ့်သဘောတူညီမှုကို ဖုံးထား၍ မိမိ၏ နှစ်သက်ကျေနပ်မှုကို ဖုံးထား၍ မိမိရည်မှန်းချက်ကို ဖုံးထား၍ "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့" ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏။

ဥပါလိ ဤသံဃာသင်းခွဲသော ရဟန်းသည်လည်း အပါယ်ကျအံ့သောသူ ငရဲကျအံ့သောသူ အာယုကပ်ပတ်လုံး တည်အံ့သောသူ ကုစား၍ မရနိုင်သောသူ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သံဃာသင်းခွဲသော အဘယ်ရဟန်းသည် အပါယ်၌ မကျအံ့သောသူ ငရဲ၌ မကျအံ့သောသူ အာယုကပ်ပတ်လုံး မတည်အံ့သောသူ ကုစားကောင်းသောသူ ဖြစ်ပါသနည်း ဟု (လျှောက်၏)။

ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် မတရားကို "တရား" ဟု ပြ၏။ ထိုသို့ ပြရာ၌ တရားအယူကွဲခြင်း၌ တရား ဟု အယူရှိ၏။ မိမိ၏ အယူအဆကို ဖုံးမထားမူ၍ မိမိ၏ နှစ်သိမ့်သဘောတူညီမှုကို ဖုံးမထားမူ၍ မိမိနှစ်သက် ကျေနပ်မှုကို ဖုံးမထားမူ၍ မိမိ၏ ရည်မှန်းချက်ကို ဖုံးမထားမူ၍ "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့" ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏။

http://www.dhammadownload.com



ဥပါလိ ဤသံဃာသင်းခွဲသော ရဟန်းသည်လည်း အပါယ်မကျအံ့သောသူ ငရဲမကျအံ့သောသူ အာယုကပ်ပတ်လုံး မတည်အံ့သောသူ ကုစားကောင်းသောသူ ဖြစ်၏။

ဥပါလိ နောက်တမျိုးကား ရဟန်းသည် တရားကို "မတရား"ဟု ပြ၏။ပ။ရှန့်ရင်းသော အာပတ်ကို "မရှန့်ရင်းသော အာပတ်" ဟု ပြ၏။ ထိုသို့ပြရာ၌ တရားအယူကွဲခြင်း၌ တရား ဟု အယူရှိ၏၊ မိမိအယူအဆကို ဖုံးမထားမူ၍ မိမိနှစ်သိမ့်သဘောတူညီမှုကို ဖုံးမထားမူ၍ မိမိနှစ်သက်ကျေနပ်မှုကို ဖုံးမထားမူ၍ မိမိ၏ ရည်မှန်းချက်ကို ဖုံးမထားမူ၍ "ဤကား ဓမ္မတည်း၊ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ဤအဆုံးအမကို ယူကုန်လော့၊ဤအဆုံးအမကို နှစ်သက်ကုန်လော့" ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏။

ဥပါလိ ဤသံဃာသင်းခွဲသော ရဟန်းသည်လည်း အပါယ်မကျအံ့သောသူ ငရဲမကျအံ့သောသူ အာယုကပ်ပတ်လုံး မတည်အံ့သောသူ ကုစားကောင်းသောသူ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

တတိယအခန်း ပြီး၏။

သံဃဘေဒကက္ခန္ဓက ပြီး၏။

---

ထိုသံဃဘေဒကက္ခန္ဓက၏ အကျဉ်းချုပ်

အနုပိယ နိဂုံး၌ ထင်ရှားသူ သာကီဝင်မင်းသားများ သိမ်မွေ့သော အနုရုဒ္ဓါမင်းသားသည် အလိုမရှိခြင်း လယ်ထွန်ခြင်း ကောက်စိုက်ပျိုးခြင်း ရေသွင်းခြင်း ပေါင်းသင်ခြင်း ရိတ်ခြင်း လယ်မှုထုတ်ခြင်း။

စုပုံခြင်း နယ်ခြင်း ကောက်ဖော်သဲ့ခြင်း အဖျင်းလှေ့ခြင်း ကျီသို့ဆောင်ခြင်း နောက်နှစ်၌လည်း ဤသို့ လုပ်ရခြင်း အလုပ်မကုန်ဆုံးခြင်း ခမည်းတော်များ ဘိုးတော်များ။

ဘဒ္ဒိယ မင်းသား အနုရုဒ္ဓါမင်းသား၊ အာနန္ဒာမင်းသား ဘဂုမင်းသား ကိမိလမင်းသား သာကီဝင်မင်းသားတို့၏ မာန်မာန ကောသမ္ဗီပြည် ဈာန်အဘိညာဉ်မှ ဆုတ်ယုတ်ခြင်း ကကုဓ နတ်သား။

ပကာသနီယကံပြုခြင်း ခမည်းတော်ဇိမ္ဗိသာရမင်း လေးသမားယောကျ်ား နာဠာဂိရိဆင် တိကဘောဇဉ် ဝတ္ထုငါးမျိုး ဝန်လေးခြင်း သံဃာကိုသင်းခွဲခြင်း ထုလ္လစ္စဉ်းအာပတ်။

မသူတော်တရားသုံးမျိုး မသူတော်တရားရှစ်မျိုး တဖန် မသူတော်တရားသုံးမျိုး သံဃာ့အရေး သံဃာခွဲခြင်း ဖြစ်ရာပါ၏လော။

ဤတွင် ထိုသံဃဘေဒကက္ခန္ဓက၏ အကျဉ်းချုပ်ပြီး၏။

**သံဃဘေဒကက္ခန္ဓက ပြီးပြီ။**

http://www.dhammadownload.com

# ၈-ဝတ္တက္ခန္ဓက

## ၁-အာဂန္တုကဝတ်ကိုပြခြင်း

၃၅၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အာဂန္တုရဟန်းတို့သည် ဘိနပ်စီးလျက်လည်း အရံတွင်းသို့ ဝင်ကုန်၏၊ ထီးဆောင်းလျက်လည်း အရံတွင်းသို့ ဝင်ကုန်၏၊ ဦးခေါင်းခြုံလျက်လည်း အရံတွင်းသို့ ဝင်ကုန်၏၊ ဦးခေါင်း၌ သင်္ကန်းကို တင်လျက်လည်း အရံတွင်းသို့ ဝင်ကုန်၏၊ သောက်ရေဖြင့်လည်း ခြေဆေးကုန်၏၊ ကျောင်းနေ သီတင်းကြီး ရဟန်းတို့ကိုလည်း ရှိမခိုးကုန်၊ ကျောင်းအိပ်ရာ နေရာကိုလည်း မပေးကုန်။

အာဂန္တုရဟန်းတပါးသည် မနေဘူးသော ကျောင်းတွင်းသို့ ပင်းတုပ်ကြီးကိုဖွင့်၍ တံခါးရွက်ကို တွန်းပြီးလျှင် အဆောတလျင် ဝင်၏၊ အထက် တံခါးဘောင်မှ မြွေသည် ထိုရဟန်း၏ ပခုံး၌ ကျ၏၊ ထိုရဟန်းသည် ကြောက်လန့်၍ အော်၏၊ ရဟန်းတို့သည် ပြေးလာ၍ “ငါ့ရှင် သင်သည် အဘယ့်ကြောင့် လန့်အော်သနည်း”ဟု ထိုရဟန်းကို မေးကုန်၏၊ ထိုအခါ ထိုရဟန်းက ရဟန်းတို့အား ဤအကြောင်းကို ပြော၏။ အလိုနည်းသော ရဟန်းတို့သည်—

“အဘယ့်ကြောင့် အာဂန္တု ရဟန်းတို့သည် ဘိနပ်စီးလျက်လည်း အရံတွင်းသို့ ဝင်ကုန်ဘိသနည်း၊ ထီးဆောင်းလျက်လည်း အရံတွင်းသို့ဝင်ကုန်ဘိသနည်း၊ ဦးခေါင်းခြုံလျက်လည်း အရံတွင်းသို့ ဝင်ကုန်ဘိသနည်း၊ ဦးခေါင်း၌ သင်္ကန်းကို တင်လျက်လည်း အရံတွင်းသို့ ဝင်ကုန်ဘိသနည်း၊ သောက်ရေဖြင့်လည်း ခြေဆေးကုန်ဘိသနည်း၊ ကျောင်းနေသီတင်းကြီး ရဟန်းတို့ကိုလည်း ရှိမခိုးကုန်ဘိသနည်း၊ ကျောင်း အိပ်ရာ နေရာကိုလည်း မမေးကုန်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ အာဂန္တုရဟန်းတို့သည် ဘိနပ်စီးလျက်လည်း အရံတွင်းသို့ ဝင်ကုန်၏၊ ထီးဆောင်းလျက်လည်း အရံတွင်းသို့ ဝင်ကုန်၏၊ ဦးခေါင်းခြုံလျက်လည်း အရံတွင်းသို့ ဝင်ကုန်၏၊ ဦးခေါင်း၌ သင်္ကန်းကိုတင်လျက်လည်း အရံတွင်းသို့ဝင်ကုန်၏၊ သောက်ရေဖြင့်လည်း ခြေတို့ကိုဆေးကုန်၏၊ ကျောင်းနေသီတင်းကြီးရဟန်းတို့ကိုလည်း ရှိမခိုးကုန်၊ ကျောင်းအိပ်ရာနေရာကိုလည်း မမေးကုန် ဟူသည် မှန်သလောဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

ရဟန်းတို့ အာဂန္တုရဟန်းတို့သည် အဘယ့်ကြောင့် ဘိနပ်စီးလျက်လည်း အရံတွင်းသို့ ဝင်ကုန်ဘိသနည်း၊ ထီးဆောင်းလျက်လည်း အရံတွင်းသို့ ဝင်ကုန်ဘိသနည်း၊ ဦးခေါင်းခြုံလျက်လည်း အရံတွင်းသို့ ဝင်ကုန်ဘိသနည်း၊ ဦးခေါင်း၌ သင်္ကန်းကို တင်လျက်လည်း အရံတွင်းသို့ ဝင်ကုန်ဘိသနည်း၊ သောက်ရေဖြင့်လည်း ခြေတို့ကို ဆေးကုန်ဘိသနည်း၊ ကျောင်းနေ သီတင်းကြီး

http://www.dhammadownload.com



ရဟန်းတို့ကိုလည်း ရှိမခိုးကုန်ဘိသနည်း၊ ကျောင်းအိပ်ရာ နေရာကိုလည်း မမေးကုန်ဘိသနည်း။

ရဟန်းတို့ ဤ(အာဂန္တုရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၅၇။ ရဟန်းတို့ သို့ဖြစ်လျှင် အာဂန္တုရဟန်းတို့အား ကျင့်ဝတ်ကို ပညတ်အံ့၊ ယင်းကျင့်ဝတ်အတိုင်း အာဂန္တု ရဟန်းတို့ ကျင့်ရမည်။

ရဟန်းတို့ အာဂန္တု ရဟန်းသည် "ယခုအရံတွင်းသို့ ဝင်အံ့" ဟု ဘိနပ်ကိုချွတ်၍ နှိမ့်လျက်ခါပြီးလျှင် ယူ၍ရင်း ထီးကို ပိတ်၍ရင်း ဦးခေါင်းခြုံကို ဖွင့်၍ရင်း သင်္ကန်းကို ပခုံး၌ တင်၍ရင်း မနှေးမလျင် အရံတွင်းသို့ ကောင်းစွာ ဝင်ရမည်။

အရံတွင်းသို့ ဝင်သော ရဟန်းသည် "ကျောင်းနေ ရဟန်းတို့သည် အဘယ်အရပ်၌ နေကုန်သနည်း" ဟု ကောင်းစွာ မှတ်သားရမည်၊ ကျောင်းနေရဟန်းတို့သည် စည်းဝေးရာ စရပ်၌ဖြစ်စေ ပဏ္ဍပ်၌ဖြစ်စေ သစ်ပင်ရင်း၌ဖြစ်စေ နေကုန်အံ့၊ ထိုအရပ်သို့ သွား၍ သင့်လျော်ရာ၌ သပိတ်ကို ထားရမည်၊ သင့်လျော်ရာ၌ သင်္ကန်းကို ထားရမည်၊ လျောက်ပတ်သော နေရာကိုယူ၍ ထိုင်ရမည်၊ "အဘယ်သည် သောက်ရေနည်း အဘယ်သည် သုံးရေနည်း" ဟု သောက်ရေကို သုံးဆောင်ရေကို မေးရမည်၊ သောက်ရေကို အလိုရှိမူ သောက်ရေကို ယူ၍ သောက်ရမည် သုံးရေကိုအလိုရှိမူ သုံးရေကို ယူ၍ ခြေဆေးရမည်။

ခြေဆေးသော ရဟန်းသည် လက်တဖက်ဖြင့် ရေလောင်းရမည်၊ လက်တဖက်ဖြင့် ခြေဆေးရမည်၊ ထိုလက်ဖြင့်ပင် ရေကို မလောင်းအပ်၊ ထိုလက်ဖြင့်ပင် ခြေတို့ကို မဆေးအပ်။

ဘိနပ်သုတ် အဝတ်ကြမ်းကို မေး၍ ဘိနပ်တို့ကို သုတ်ရမည်၊ ဘိနပ်တို့ကို သုတ်သော ရဟန်းသည် ရှေးဦးစွာခြောက်သော အဝတ်ကြမ်းဖြင့် သုတ်ရမည်၊ နောက်မှစိုသော အဝတ်ကြမ်းဖြင့် သုတ်ရမည်၊ ဘိနပ်သုတ် အဝတ်ကြမ်းကို လျှော်၍ သင့်ရာ၌ ဖြန့်ထားရမည်။

ကျောင်းနေရဟန်းက သီတင်းကြီးဖြစ်မူ ရှိခိုးရမည်၊ သီတင်းငယ်ဖြစ်မူ ရှိခိုးခံရမည်၊ "အကျွန်ုပ်အတွက် အဘယ်ကျောင်း အိပ်ရာနေရာသည် ရောက်ပါသနည်း" ဟု ကျောင်းအိပ်ရာနေရာကို မေးရမည်၊ နေဘူးသည်ကိုရင်း၊ မနေဘူးသည်ကိုရင်း မေးရမည်၊ ဆွမ်းခံရွာကို မေးရမည်၊ ဆွမ်းခံရွာ မဟုတ်သည်ကို မေးရမည်၊ သေက္ခဟု သမုတ်အပ်ကုန်သော ဒါယကာတို့ကို မေးရမည်၊ ကျင်ကြီးစွန့်ရာဌာနကို မေးရမည်၊ ကျင်ငယ်စွန့်ရာဌာနကို မေးရမည်၊ သောက်ရေကို မေးရမည်၊ သုံးရေကို မေးရမည်၊ တောင်ဝှေးကို မေးရမည်၊ "အဘယ်အချိန်၌ ဝင်ရမည် အဘယ်အချိန်၌ ထွက်ရမည်" ဟု သံဃာ၏ ကတိကဝတ်ကို မေးရမည်။

မနေဘူးသေးသော ကျောင်းဖြစ်မူ တံခါးရွက်ကို ခေါက်ပြီးလျှင် တမုဟုတ်မျှဆိုင်းငံ့က မင်းတုပ်ကြီးကို ဖြုတ်လျက် တံခါးရွက်ကို တွန်း၍ အပြင်၌ရပ်လျက် ကြည့်ရမည်၊ ကျောင်းသည် အမှိုက်ရှိသော်ရင်း ညောင်စောင်း၌ ညောင်စောင်းကို တင်ထားသော်ရင်း အင်းပျဉ်၌ အင်းပျဉ်ကို တင်ထားသော်ရင်း ကျောင်းသည် အထက်၌ အမှိုက်အစုပြွမ်းသော်ရင်း စွမ်းနိုင်မူ သုတ်သင်ရမည်။

http://www.dhammadownload.com



ကျောင်းကို သုတ်သင်သော ရဟန်းသည် ရှေးဦးစွာ မြေအခင်းကို ထုတ်၍ သင့်ရာ၌ ထားရမည်၊ ညောင်စောင်း အခြေခံတို့ကို ထုတ်၍ သင့်ရာ၌ ထားရမည်၊ ဘုံလျှိုခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ နိသီဒိုင် အိပ်ရာအခင်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။

ညောင်စောင်းကို ရိုရိုသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်တို့ကို မထိခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အင်းပျဉ်ကို ရိုရိုသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်တို့ကို မထိခိုက်စေသဖြင့် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ထွေးခံကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မှီရာတံကဲပျဉ်ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မြေအခင်းကို ခင်းမြဲအတိုင်း နေရာမှတ်လျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အကယ်၍ ကျောင်း၌ ပိုးအိမ် ပင့်ကူမျှင်ရှိအံ့၊ ဗိတာန်မျက်နှာကြက်မှ စ၍ ပယ်ရှားအပ်၏၊ လေသွန်တံခါး တိုက်လေးထောင့်တို့ကို သုံးသပ်ပွတ်တိုက်ရမည်။

ဂေရုနီဖြင့် အပြေအပြစ်ပြုထားသော နံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်၊ မည်းသော အဆင်းဖြင့် အပြေအပြစ်ပြုထားသော မြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်၊ အပြေအပြစ် မပြုသော မြေဖြစ်အံ့၊ ရေဖျန်း၍ "ကျောင်းကို မြူမတက်စေလင့်" ဟု (နှလုံးထား၍)တံမြက်လှည်းရမည်၊ တံမြက်ချေးကို စုရုံး၍ သင့်ရာ အရပ်၌ စွန့်ပစ်ရမည်၊ မြေအခင်းကို နေလှမ်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊ညောင်စောင်းခြေတို့ကို နေလှမ်းသုတ်သင်ပြီးလျှင် ထားမြဲအတိုင်းနေရာ၌ တဖန် ပြန်ထားရမည်။

ညောင်စောင်းကို နေလှမ်းသုတ်သင်ပြီးလျှင် ခါ၍ ရိုရိုသေသေပြုလျက် ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်တို့ကိုမထိခိုက်စေပဲ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊အင်းပျဉ်ကိုနေလှမ်းသုတ်သင်ပြီးလျှင် ခါ၍ ရိုရိုသေသေပြုလျက် ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်တို့ကို မထိခိုက်စေပဲ ခင်းထားမြဲအတိုင်း တဖန် ခင်းထားရမည်။

ဘုံလျှို ခေါင်းအုံးကို နေလှမ်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊ နိသီဒိုင် အိပ်ရာအခင်းကို နေလှမ်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်။

ထွေးခံကို နေလှမ်းပွတ်တိုက်၍ ထားမြဲအတိုင်း နေရာ၌ တဖန် ပြန်ထားရမည်၊မှီရာ တံကဲပျဉ်ကို နေလှမ်းပွတ်တိုက်၍ ထားမြဲအတိုင်းနေရာ၌ တဖန် ပြန်ထားရမည်။

သပိတ် သက်န်းကို ထားရမည်၊ သပိတ်ကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်းအောက်ကိုရင်း အင်းပျဉ်အောက်ကိုရင်း သုံးသပ်၍ သပိတ်ကို ထားရမည်၊ အခင်းမရှိသောမြေ၌ သပိတ်ကို မထားရ၊ သင်္ကန်းကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သင်္ကန်းကိုကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်တိုက်၍ ထိုမှာဖက်က အစွန်းကို ဤမှာဖက်မှာ အခွေပြုလျက် သင်္ကန်းကို ထားရမည်၊ အရှေ့အရပ်မှ မြူနှင့်တကွသော လေတို့သည် အကယ်၍ လာကုန်အံ့၊ အရှေ့မျက်နှာလေသွန်တံခါးတို့ကို ပိတ်ရမည်၊ အနောက်အရပ်မှ မြူနှင့်တကွသောလေတို့သည်အကယ်၍ လာကုန်အံ့၊ အနောက်မျက်နှာရှိ လေသွန်တံခါးတို့ကို ပိတ်ရမည်၊ မြောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် အကယ်၍ လာကုန်အံ့၊ မြောက်မျက်နှာလေသွန် တံခါးတို့ကိုပိတ်ရမည်၊ တောင်အရပ်မှ မြူနှင့်တကွသော လေတို့သည်အကယ်၍ လာကုန်အံ့၊ တောင်မျက်နှာလေသွန်တံခါးတို့ကို ပိတ်ရမည်၊ အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို

http://www.dhammadownload.com



ဖွင့်ရမည်၊ ညဉ့်အခါ၌ ပိတ်ရမည်၊ ပူအိုက်သောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ထား၍ ညဉ့်အခါ၌ဖွင့်ထားရမည်။

ပရိဝုဏ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ပရိဝုဏ်ကို တံမြက်လှည်းရမည်၊ တံခါးမုခ် ရေချိုးအုံသည် အမှိုက်ရှိသည်ဖြစ်အံ့၊ တံခါးမုခ်ကို တံမြက်လှည်းရမည်။

စည်းဝေးရာစရပ်သည် အကယ်၍ အမှိုက်ရှိသည်ဖြစ်အံ့၊ စည်းဝေးရာ စရပ်ကို တံမြက်လှည်းရမည်၊ မီးတင်းကုပ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ မီးတင်းကုပ်ကို တံမြက်လှည်းရမည်၊ ကျင်ကြီးအိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်၊ သောက်ရေမရှိအံ့၊ သောက်ရေကို တည်ထားရမည်၊ သုံးဆောင်ရေမရှိအံ့၊ သုံးဆောင်ရေကို တည်ထားရမည်။

သန့်သက်ရေအိုး၌ ရေမရှိသည် ဖြစ်အံ့၊ သန့်သက်ရေအိုး၌ ရေကို သွန်းလောင်းရမည်။

ရဟန်းတို့ ဤကား အာဂန္တုရဟန်းတို့၏ ကျင့်ဝတ်တည်း၊ ယင်းကျင့်ဝတ်အတိုင်း အာဂန္တု ရဟန်းတို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ၂-အာဝါသိကဝတ်ကိုပြခြင်း

၃၅၈။ ထိုအခါ အာဝါသိကရဟန်းတို့သည် အာဂန္တုရဟန်းတို့ကို မြင်လျက် နေရာကို မခင်းကုန်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းတို့ကို အနီး၌ မထားကုန်၊ ခရီးဦးကြို၍ သပိတ် သင်္ကန်းကို လှမ်းမယူကုန်၊ သောက်ရေဖြင့် မမေးကုန်၊ အာဂန္တုသီတင်းကြီး ရဟန်းတို့ကိုလည်း ရှိမခိုးကုန်၊ ကျောင်းအိပ်ရာ နေရာကို မခင်းကုန်။

အလိုနည်းသော ရဟန်းတို့သည်—

"အဘယ့်ကြောင့် အာဝါသိကရဟန်းတို့သည် အာဂန္တု ရဟန်းတို့ကိုမြင်လျက် နေရာကို မခင်းကုန်ဘိသနည်း၊ ခြေဆေးရေကို၊ ခြေဆေးအင်းပျဉ်ကို ခြေပွတ်အိုးခြမ်းကို အနီး၌ မထား ကုန်ဘိသနည်း၊ ခရီးဦးကြို၍ သပိတ်သင်္ကန်းကို လှမ်းမယူကုန်ဘိသနည်း၊ သောက်ရေဖြင့် မမေးကုန်ဘိသနည်း၊ အာဂန္တုသီတင်းကြီး ရဟန်းတို့ကိုလည်း ရှိမခိုးကုန်ဘိသနည်း၊ ကျောင်း အိပ်ရာ နေရာကို မခင်းကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြော ပြောဆိုကြ ကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့ တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၅၉။ ရဟန်းတို့ သို့ဖြစ်လျှင် အာဝါသိက ရဟန်းတို့၏ ကျင့်ဝတ်ကို ပညတ်အံ့၊ ယင်းကျင့်ဝတ် အတိုင်း အာဝါသိကရဟန်းတို့ ကျင့်ရမည်။

ရဟန်းတို့ အာဝါသိကရဟန်းသည် အာဂန္တုသီတင်းကြီးရဟန်းကို မြင်သော် နေရာခင်းရမည်၊ ခြေဆေးရေကို၊ ခြေဆေးအင်းပျဉ်ကို၊ ခြေပွတ်အိုးခြမ်းကို၊ အနီး၌ ထားရမည်၊ ခရီးဦးကြို၍ သပိတ်

http://www.dhammadownload.com



သက်န်းကို လှမ်းယူရမည်၊ သောက်ရေဖြင့် မေးရမည်၊ စွမ်းနိုင်မူ ဘိနပ်တို့ကို သုတ်ရမည်၊ ဘိနပ်သုတ်သော ရဟန်းသည် ရှေးဦးစွာ ခြောက်သော အဝတ်ဖြင့် သုတ်ရမည်၊ နောက်မှ စိုသော အဝတ်ကြမ်းဖြင့် သုတ်ရမည်၊ ဘိနပ်သုတ်အဝတ်ကြမ်းကို လျှော်ပြီးလျှင် သင့်ရာ၌ ဖြန့်ထားရမည်၊ အာဂန္တုသိတင်းကြီး ရဟန်းကို ရှိခိုးရမည်၊ ထိုကျောင်းသည် "အသျှင့်အတွက် ရောက်၏" ဟု ကျောင်းအိပ်ရာ နေရာကို ခင်းရမည်၊ နေဘူးသည်ကိုရင်း မနေဘူးသည်ကိုရင်း ပြောရမည်၊ ဆွမ်းခံရွာကို ပြောရမည်၊ ဆွမ်းခံရွာ မဟုတ်သည်ကို ပြောရမည်၊ သေက္ခ ဟု သမုတ်အပ်ကုန်သော ဒါယကာတို့ကို ပြောကြားရမည်၊ ကျင်ကြီး စွန့်ရာ အရပ်ကို ပြောကြားရမည်၊ ကျင်ငယ်စွန့်ရာ အရပ်ကို ပြောကြားရမည်၊ သောက်ရေကိုပြောကြားရမည်၊ သုံးဆောင်ရေကို ပြောကြားရမည်၊ တောင်ဝှေးကို ပြောကြားရမည်၊ "ဤအချိန်၌ ဝင်ရမည်၊ ဤအချိန်၌ ထွက်ရမည်" ဟု သံဃာ၏ ကတိကဝတ်ကို ပြောရမည်။

သိတင်းငယ် ဖြစ်မူ "ဤနေရာ၌ သပိတ်ကို ထားလော့၊ ဤနေရာ၌ သင်္ကန်းကို ထားလော့၊ ဤကား နေရာတည်း၊ ထိုင်လော့" ဟု ထိုင်လျက်ပင် ပြောကြားရမည်၊ သောက်ရေကို ပြောကြားရမည်၊ သုံးရေကို ပြောကြားရမည်၊ ဘိနပ်သုတ် အဝတ်ကြမ်းကို ပြောကြားရမည်၊ အာဂန္တုရဟန်းကို ရှိခိုးစေရမည်၊ "ဤကျောင်းသည် သင့်အတွက် ရောက်၏" ဟု ကျောင်း အိပ်ရာ နေရာကို ပြောကြားရမည်၊ နေဘူးသည်ကိုရင်း မနေဘူးသည်ကိုရင်း ပြောကြားရမည်၊ ဆွမ်းခံရွာကိုပြောကြားရမည်၊ ဆွမ်းခံရွာ မဟုတ်သည်ကို ပြောကြားရမည်၊ သေက္ခ ဟု သမုတ်အပ်ကုန်သော ဒါယကာတို့ကို ပြောကြားရမည်၊ ကျင်ကြီးစွန့်ရာ အရပ်ကို ပြောကြားရမည်၊ ကျင်ငယ်စွန့်ရာ အရပ်ကို ပြောကြားရမည်၊ သောက်ရေကို ပြောကြားရမည်၊ သုံးရေကို ပြောကြားရမည်၊ တောင်ဝှေးကို ပြောကြားရမည်၊ "ဤအချိန်၌ ဝင်ရမည်၊ ဤအချိန်၌ ထွက်ရမည်" ဟု သံဃာ၏ ကတိကဝတ်ကို ပြောကြားရမည်။

ရဟန်းတို့ ဤကား အာဝါသိက ရဟန်းတို့၏ ကျင့်ဝတ်တည်း၊ ယင်းကျင့်ဝတ်အတိုင်း အာဝါသိက ရဟန်းတို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ၃-ခရီးသွားရဟန်း ကျင့်ဝတ်

၃၆၀။ ထိုအခါ၌ ခရီးသွား ရဟန်းတို့သည် သစ်ဘဏ္ဍာကိုရင်း မြေဘဏ္ဍာကိုရင်း မသိမ်းဆည်းပဲ တံခါးမ လေသာပြူတင်းတို့ကို ဖွင့်လျက် ကျောင်းအိပ်ရာ နေရာကို မပန်ကြားပဲ ဖဲသွားကုန်၏၊ သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့သည် ပျက်စီးကုန်၏၊ ကျောင်း အိပ်ရာ နေရာသည် မလုံခြုံ။

အလိုနည်းသော ရဟန်းတို့သည်—

"အဘယ့်ကြောင့် ခရီးသွား ရဟန်းတို့သည် သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို မသိမ်းဆည်းပဲ တံခါးမ လေသာပြူတင်းတို့ကို ဖွင့်လျက် ကျောင်း အိပ်ရာ နေရာကို မပန်ကြားပဲ ဖဲသွားကုန်ဘိသနည်း၊ သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့သည် ပျက်စီးကုန်၏၊ ကျောင်းအိပ်ရာ နေရာသည် မလုံခြုံ" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကိုဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

http://www.dhammadownload.com



၃၆၁။ ရဟန်းတို့ သို့ဖြစ်လျှင် ခရီးသွား ရဟန်းတို့အား ကျင့်ဝတ်ကို ပညတ်အံ့၊ ယင်းကျင့်ဝတ်အတိုင်း ခရီးသွား ရဟန်းကို ကျင့်ရမည်။ ရဟန်းတို့ ခရီးသွား ရဟန်းသည် သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို သိမ်းဆည်း၍ တံခါးမ လေသာပြူတင်းကို ပိတ်လျက် ကျောင်း အိပ်ရာ နေရာကို ပန်ကြား၍ ဖဲသွားရမည်။

ရဟန်းမရှိမူ သာမဏေကို ပန်ကြားရမည်၊ သာမဏေမရှိမူ အရံစောင့်ကို ပန်ကြားရမည်၊ အရံစောင့် မရှိမူ ဥပါသကာကို ပန်ကြားရမည်၊ ရဟန်းဖြစ်စေ သာမဏေဖြစ်စေ အရံစောင့်ဖြစ်စေ ဥပါသကာဖြစ်စေ (တဦးဦးမျှ)မရှိမူ ကျောက်ခဲ လေးလုံးတို့၌ ညောင်စောင်းကို ခင်း၍ ညောင်စောင်းတခု၌ ညောင်စောင်းတခုကို တင်၍ အင်းပျဉ်တခု၌ အင်းပျဉ်တခုကို တင်၍ အိပ်ရာ နေရာကို အပေါ်၌ပုံ၍ သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို သိမ်းဆည်း၍ တံခါးမ လေသာပြူတင်းကို ပိတ်လျက် ဖဲသွားရမည်။

ကျောင်းကို မိုးစွတ်သော် စွမ်းနိုင်မူ မိုးရမည်၊ "အဘယ်သို့လျှင် ကျောင်းကို မိုးရမည်နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်၊ ဤနည်းဖြင့် ထိုအမိုးကို ရကုန်မူ ဤရခြင်းသည် ကောင်း၏၊ မရကုန်မူ မိုးမစိုသောနေရာ၌ ကျောက်ခဲလေးလုံးတို့၌ ညောင်စောင်းကိုခင်း၍ ညောင်စောင်းတခု၌ ညောင်စောင်းတခုကို တင်၍ အင်းပျဉ်တခု၌ အင်းပျဉ်တခုကို တင်၍ အိပ်ရာ နေရာကို အပေါ်၌ပုံ၍ သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို သိမ်းဆည်း၍ တံခါးမလေသာပြူတင်းကို ပိတ်လျက် ဖဲသွားရမည်။

ကျောင်းအလုံးစုံကို မိုးစွတ်သော် စွမ်းနိုင်မူ အိပ်ရာ နေရာကို ရွာသို့ ဆောင်ရမည်၊ "အဘယ်သို့လျှင် အိပ်ရာ နေရာကို ရွာသို့ ဆောင်ရမည်နည်း" ဟု ကြောင့်ကြသော်လည်း စိုက်ရမည်၊ ဤနည်းဖြင့် ရွာသို့ ဆောင်ခြင်းကို ရမူ ကောင်း၏၊ မရကုန်မူ လွင်တီးခေါင်၌ ကျောက်ခဲလေးလုံးတို့၌ ညောင်စောင်းကို ခင်း၍ ညောင်စောင်းတခု၌ ညောင်စောင်းတခုကို တင်၍ အင်းပျဉ်တခု၌ အင်းပျဉ်တခုကို တင်၍ အိပ်ရာ နေရာကို အပေါ်၌ ပုံ၍ သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို သိမ်းဆည်း၍ "အပေါင်စသော အစိတ်တို့လည်း ကြွင်းတန်ကုန်ရာ၏" ဟု (နှလုံးသွင်း၍) မြက်ဖြင့်သော်၎င်း သစ်ရွက်ဖြင့်သော်၎င်း ဖုံးအုပ်၍ ဖဲသွားရမည်။ ဤကား ခရီးသွားရဟန်းတို့၏ ကျင့်ဝတ်တည်း၊ ယင်းကျင့်ဝတ်အတိုင်း ခရီးသွားရဟန်းတို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ၄-အနုမောဒနာပြုရမည့် ဝတ်ကိုပြဆိုခြင်း

၃၆၂။ ထိုအခါ ရဟန်းတို့သည် ဆွမ်းစားစရပ်၌ အနုမောဒနာ မပြုကုန်။ လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ဆွမ်းစားစရပ်၌ အနုမောဒနာ မပြုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ဆွမ်းစားစရပ်၌ အနုမောဒနာပြုခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုရဟန်းတို့အား "အဘယ်ရဟန်းသည်ဆွမ်းစားစရပ်၌ အနုမောဒနာ ပြုသင့်သနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ မထေရ်ကြီး ရဟန်းကို ဆွမ်းစားစရပ်၌ အနုမောဒနာ ပြုခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ အသင်းတသင်းသည် သံဃာကို ဆွမ်းကျွေး၏၊ အသျှင်သာရိပုတြာသည် သံဃထေရ် ဖြစ်၏၊ ရဟန်းတို့သည် "မထေရ်ကြီးရဟန်းကို ဆွမ်းစားစရပ်၌ အနုမောဒနာပြုခြင်းငှါ မြတ်စွာဘုရား ခွင့်ပြုတော်မူ၏" ဟုအသျှင်သာရိပုတြာကိုတပါးထည်း ချန်ထားခဲ့၍ ဖဲသွားကုန်၏။ ထိုအခါ အသျှင် သာရိပုတြာသည် ထိုလူတို့ကို အနုမောဒနာပြုပြီးလျှင် နောက်မှ တပါးထည်း ကြွ၏၊ မြတ်စွာဘုရား သည် အဝေးမှ တပါးထည်းလာသော အသျှင်သာရိပုတြာကို မြင်၍ "သာရိပုတြာ အသို့နည်း၊ ဆွမ်း သည် ပြည့်စုံ၏လော" ဟု (မိန့်တော်မူ၏)။ "မြတ်စွာဘုရား ဆွမ်းသည် ပြည့်စုံပါ၏၊ သို့ပြည့်စုံပါငြား လည်း ရဟန်းတို့သည် အကျွန်ုပ်ကို တဦးထည်း ချန်ထားခဲ့၍ ဖဲသွားပါကုန်၏" ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ဆွမ်းစားစရပ်၌ မထေရ်ကြီး မထေရ်ငယ် ရဟန်းလေးပါး ငါးပါးတို့ကို ဆိုင်းငံ့စိမ့်သောငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ မထေရ်တပါးသည် ဆွမ်းစားစရပ်၌ ကျင်ကြီးနှိပ်စက်သော်လည်း ဆိုင်းငံ့၏၊ ထိုမထေရ် သည် ကျင်ကြီးကို မအောင့်နိုင်ပဲ တွေဝေလျက် လဲကျ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပြုဖွယ်ကိစ္စ ရှိလတ်သော် အနီး၌ ရှိသောရဟန်းကို ပန်ကြား၍ သွား ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

## ၅-ဆွမ်းစားစရပ်၌ ပြုရမည့်ဝတ်

၃၆၃။ ထိုအခါ၌ ဆဗ္ဗဂ္ဂီရဟန်းတို့သည်မကောင်းသဖြင့် ဝတ်ရုံကုန်လျက် အသွင်အပြင်မပြည့်စုံ ကုန်ပဲ ဆွမ်းစားစရပ်သို့ သွားကုန်၏၊ ကျော်တက်၍လည်း မထေရ်ကြီး ရဟန်းတို့၏ ရှေ့မှ ရှေ့မှ သွားကုန်၏၊ မထေရ်ကြီး ရဟန်းတို့ကို တိုးဝှေ့၍လည်း ထိုင်ကုန်၏၊ ရဟန်းငယ်တို့ကိုလည်း နေရာဖြင့် တားမြစ်ကုန်၏၊ သင်္ကန်းကြီးကိုလည်း ဖြန့်၍ ရွာတွင်း၌ ထိုင်ကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မကောင်းသဖြင့် ဝတ်ရုံကုန်လျက်အသွင်အပြင် မပြည့်စုံကုန်ပဲ ဆွမ်းစားစရပ်သို့သွားကုန်ဘိသနည်း၊ ကျော်တက်၍လည်း မထေရ်ကြီး ရဟန်းတို့၏ ရှေ့မှ ရှေ့မှ သွားကုန်ဘိသနည်း၊ မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့၍လည်း ထိုင်ကုန်ဘိသနည်း၊ ရဟန်းငယ်တို့ကို နေရာဖြင့်လည်း တားမြစ်ကုန်ဘိသနည်း၊ သင်္ကန်းကြီးကို ဖြန့်၍ လည်း ရွာတွင်း၌ ထိုင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြော ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မကောင်းသဖြင့် ဝတ်ရုံကုန်လျက် အသွင်အပြင် မပြည့်စုံကုန်ပဲ ဆွမ်းစားစရပ်သို့ သွားကုန်၏၊ ကျော်တက်၍လည်း မထေရ်ကြီးတို့၏ ရှေ့မှ ရှေ့မှ သွားကုန်၏၊ မထေရ်ကြီး ရဟန်းတို့ကို တိုးဝှေ့၍လည်း ထိုင်ကုန်၏၊ ရဟန်းငယ်တို့ကို နေရာဖြင့်လည်း တားမြစ် ကုန်၏၊ သင်္ကန်းကြီးကို ဖြန့်၍လည်း ရွာတွင်း၌ ထိုင်ကုန်၏ ဟူသည် မှန်သလော ဟု စိစစ်မေးမြန်း တော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏) ။ပ။ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၆၄။ ရဟန်းတို့ သို့ဖြစ်လျှင် ရဟန်းတို့အား ဆွမ်းစားစရပ်၌ ကျင့်ဝတ်ကို ပညတ်အံ့၊ ယင်း ကျင့်ဝတ်အတိုင်း ရဟန်းတို့သည် ဆွမ်းစားစရပ်၌ ကျင့်ရမည်။

http://www.dhammadownload.com



အရံ၌ အချိန်ကို ကြားလျှောက်မှု ထက်ဝန်းကျင်မှ အဝန်းညီစွာ သင်းပိုင်ကို ဝတ်၍ ခါးပန်းကို ဖွဲ့၍ နှစ်ထပ်ပြု၍ သင်္ကန်းကြီးတို့ကို ရုံ၍ ကမ္ဗတ်သီးကို တပ်၍ ဆေးကြောပြီးလျှင် သပိတ်ကို ယူ၍ မနှေးမလျင် ရွာတွင်းသို့ ကောင်းစွာ ဝင်ရမည်၊ ကျော်တက်၍ မထေရ်ကြီး ရဟန်းတို့၏ ရှေ့မှ ရှေ့မှ မသွားအပ်၊ ရွာတွင်း၌ ကောင်းစွာ ဖုံးလွှမ်းလျက် သွားရမည်၊ ရွာတွင်း၌ ကောင်းစွာ ကုန္ဒြေစောင့်ထိန်း လျက် သွားရမည်၊ ရွာတွင်း၌ မျက်လွှာချလျက် သွားရမည်၊ ရွာတွင်း၌ သင်္ကန်းကို ပင့်လျက် မသွား အပ်၊ ရွာတွင်း၌ ပြင်းပြစွာ ရယ်မောလျက် မသွားအပ်၊ ရွာတွင်း၌ ငယ်သော အသံရှိသည်ဖြစ်၍ သွားရမည်၊ ရွာတွင်း၌ ကိုယ်ကို လှုပ်၍ လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ လက်မောင်းကို လှုပ်၍ လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ ဦးခေါင်းကို လှုပ်၍ လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ ခါးထောက်၍ မသွားအပ်၊ ရွာတွင်း၌ ခေါင်းမြီးခြုံ၍ မသွားအပ်၊ ရွာတွင်း၌ ဖဝါးစွန်းဖြင့် နင်း၍ မသွားအပ်။

ရွာတွင်း၌ ကောင်းစွာ ဖုံးလွှမ်းလျက် နေထိုင်ရမည်၊ ရွာတွင်း၌ ကုန္ဒြေစောင့်ထိန်းလျက် နေထိုင် ရမည်၊ ရွာတွင်း၌ မျက်လွှာချလျက် နေထိုင်ရမည်၊ ရွာတွင်း၌ သင်္ကန်းပင့်လျက် မနေထိုင်အပ်၊ ရွာ တွင်း၌ ပြင်းပြစွာ ရယ်မောလျက် မနေထိုင်အပ်၊ ရွာတွင်း၌ ငယ်သော အသံရှိသည်ဖြစ်၍ နေထိုင် ရမည်၊ ရွာတွင်း၌ ကိုယ်ကို လှုပ်၍ လှုပ်၍ မနေထိုင်အပ်။ ရွာတွင်း၌ လက်မောင်းကို လှုပ်၍ လှုပ်၍ မနေထိုင်အပ်၊ ရွာတွင်း၌ ဦးခေါင်းကို လှုပ်၍ လှုပ်၍ မနေထိုင်အပ်၊ ရွာတွင်း၌ ခါးထောက်၍ မနေထိုင် အပ်၊ ရွာတွင်း၌ ခေါင်းမြီးခြုံ၍ မနေထိုင်အပ်၊ ရွာတွင်း၌ အာယောဂပတ်ဖွဲ့လျက် မနေထိုင်အပ်၊ မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့လျက် မနေထိုင်အပ်၊ ရဟန်းငယ်တို့ကို နေရာဖြင့်လည်း မတားမြစ် အပ်၊ ရွာတွင်း၌ သင်္ကန်းကြီးကို ဖိလျက်လည်း မနေထိုင်အပ်။

ရေပေးလတ်သော် လက်နှစ်ဖက်တို့ဖြင့် သပိတ်ကိုကိုင်၍ (သိမ်းဆည်း၍)ရေကို ခံရမည်၊ နှိမ့်၍ မထိမခိုက်မိစေပဲ သပိတ်ကို ကောင်းစွာ ဆေးရမည်။

လက်ဆေးခံရှိမူ "လက်ဆေးခံကို ရေမစိုပါစေလင့်၊ အနီးရှိ ရဟန်းတို့ကို ရေမစိုပါစေကုန်လင့်၊ သင်္ကန်းကြီးကို ရေမစိုပါစေလင့်" ဟု လက်ဆေးခံ၌ နှိမ့်၍ ရေကို လောင်းရမည်။

လက်ဆေးခံ မရှိမူ "အနီးရှိ ရဟန်းတို့ကို ရေမစိုပါစေလင့်၊ သင်္ကန်းကြီးကို ရေမစိုပါစေလင့်"ဟု မြေ၌ နှိမ့်၍ ရေကို သွန်းလောင်းရမည်။

ဆွမ်းလှူလတ်သော် လက်နှစ်ဖက်တို့ဖြင့် သပိတ်ကိုကိုင်၍ ဆွမ်းကိုခံရမည်၊ ဟင်းအတွက် နေရာ ထားရမည်။

ထောပတ်သည်ရင်း ဆီသည်ရင်း လက်သုပ်သည်ရင်း ရှိမူ "ရဟန်းအားလုံးတို့အား အညီအမျှ ပြည့်စုံပါစေ" ဟု မထေရ်ကြီးသည် ပြောရမည်။

ဆွမ်းကို ကောင်းမွန်စွာ ခံရမည်၊ သပိတ်၌ အမှတ်ရှိလျက် ဆွမ်းကို ခံရမည်၊ ဟင်းနှင့် ညီမျှသော ဆွမ်းကို ခံရမည်၊ သပိတ် အနားရေးနှင့် ညီသော ဆွမ်းကို ခံရမည်။

ရဟန်းအားလုံးတို့အတွက် ဆွမ်းမရောက်မီ မထေရ်ကြီးသည် ဆွမ်းမစားအပ်။ ဆွမ်းကို ရိုသေစွာ စားရမည်၊ သပိတ်၌ အမှတ်ရှိလျက် ဆွမ်းကို စားရမည်၊ ဆွမ်းကို အစဉ်အတိုင်း စားရမည်၊ ဟင်းနှင့် မျှသော ဆွမ်းကို စားရမည်၊ ဆွမ်းဦးမှ နှိပ်၍ ဆွမ်းကို မစားအပ်၊ များပြားစေလိုခြင်းကို စွဲ၍ ဟင်းကို ရင်း ဟင်းလျာကိုရင်း ဆွမ်းဖြင့် မဖုံးအပ်၊ မနာမဖျားသော ရဟန်းသည် မိမိအကျိုးငှါ ဟင်းကိုရင်း ဆွမ်းကိုရင်း တောင်း၍ မစားအပ်၊ ကဲ့ရဲ့လိုသော အမှတ်ရှိလျက် သူတပါးတို့၏ သပိတ်ကို မကြည့်အပ်၊

http://www.dhammadownload.com



ကြီးလွန်းသော ဆွမ်းလုပ်ကို မပြုအပ်၊ ဝန်းဝိုင်းသော ဆွမ်းလုပ်ကို ပြုလုပ်ရမည်၊ ဆွမ်းလုပ်ကို မဆောင်မီ ခံတွင်းကို မဖွင့်အပ်၊ ဆွမ်းစားသော ရဟန်းသည် လက်အလုံးစုံကို ခံတွင်း၌ မထည့်မသွင်းအပ်၊ ဆွမ်းလုပ်ရှိသော ခံတွင်းဖြင့် စကားမပြောအပ်၊ ဆွမ်းလုပ်ကို မြှောက်လျက်မစားအပ်၊ ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ မစားအပ်၊ မျောက်ကဲ့သို့ ပါးစောင်၌ ထားလျက် မစားအပ်၊ လက်ကို ခါလျက် မစားအပ်၊ဆွမ်းလုံးကို ကြဲလျက် မစားအပ်၊ လျှာကို ထုတ်လျက် မစားအပ်၊စပ်စပ်အသံပြုလျက် မစားအပ်၊ ရှုတ်ရှုတ် အသံပြုလျက် မစားအပ်၊ လက်ကို လျက်၍ မစားအပ်၊ သပိတ်ကို ခြစ်လျက် မစားအပ်၊ နှုတ်ခမ်းကို လျက်၍ မစားအပ်။

အာမိသရှိသော် လက်ဖြင့် သောက်ရေခွက်ကို မကိုင်အပ်၊ရဟန်းအားလုံးတို့သည် ဆွမ်းစားမပြီးမီ မထေရ်ကြီးသည် ရေကို မခံအပ်၊ ရေပေးလတ်သော် လက်နှစ်ဖက်တို့ဖြင့် သပိတ်ကို ကိုင်လျက်ရေကို ခံရမည်၊ နှိမ့်၍ မထိမခိုက်မိစေပဲ သပိတ်ကို ကောင်းစွာ ဆေးရမည်၊ လက်ဆေးခံရှိမူ "လက်ဆေးခံကို ရေမစိုပါစေလင့်၊ အနီးရှိ ရဟန်းတို့ကို ရေမစိုပါစေလင့်၊ သင်္ကန်းကြီးကို ရေမစိုပါစေလင့်" ဟု လက်ဆေးခံ၌ နှိမ့်၍ ရေကို လောင်းရမည်၊ လက်ဆေးခံမရှိမူ "အနီးရှိ ရဟန်းတို့ကို ရေမစိုပါစေလင့်၊ သင်္ကန်းကြီးကို ရေမစိုပါစေလင့်" ဟု မြေ၌ နှိမ့်၍ ရေကို သွန်းလောင်းရမည်၊ ဆွမ်းလုံးပါသော သပိတ်ဆေးရေကို ရွာတွင်း၌ မစွန့်ရအပ်။

ပြန်သွားသော် ရဟန်းငယ်တို့သည် ရှေးဦးစွာ ပြန်ရမည်၊ မထေရ်ကြီးတို့သည် နောက်မှ ပြန်ရမည်၊ ရွာတွင်း၌ ကောင်းစွာ ဖုံးလွှမ်းလျက် သွားရမည်၊ရွာတွင်း၌ ကာယကံစောင့်စည်းလျက် သွားရမည်၊ ရွာတွင်း၌ မျက်လွှာချလျက် သွားရမည်၊ ရွာတွင်း၌ သင်္ကန်းကို ပင့်လျက် မသွားအပ်၊ ရွာတွင်း၌ ပြင်းပြစွာ ရယ်မောလျက် မသွားအပ်၊ ရွာတွင်း၌ ငယ်သောအသံရှိသည်ဖြစ်၍ သွားရမည်၊ ရွာတွင်း၌ ကိုယ်ကို လှုပ်၍ လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ လက်မောင်းကို လှုပ်၍ လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ ဦးခေါင်းကို လှုပ်၍ လှုပ်၍မသွားအပ်၊ ရွာတွင်း၌ ခါးထောက်လျက် မသွားအပ်၊ ရွာတွင်း၌ ခေါင်းမြီးခြုံ၍ မသွားအပ်၊ ရွာတွင်း၌ ဖဝါးစွန်းနင်း၍ မသွားအပ်။

ရဟန်းတို့ ဤကား ရဟန်းတို့၏ ဆွမ်းစားစရပ်၌ ကျင့်ဝတ်တည်း၊ယင်းကျင့်ဝတ်အတိုင်း ရဟန်းတို့သည် ဆွမ်းစားစရပ်၌ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

ပဉ္စမအခန်း ပြီး၏။

---

## ၆-ပိဏ္ဍစာရိကဝတ်ကို ပြခြင်း

၃၆၅။ ထိုအခါဆွမ်းခံလှည့်လည်သောရဟန်းတို့သည် မကောင်းသဖြင့်ဝတ်ရုံကုန်လျက် အသင်အပြင် မပြည့်စုံကုန်ပဲ ဆွမ်းခံလှည့်လည်ကုန်၏၊ အမှတ်မဲ့လည်း အိမ်သို့ ဝင်ကုန်၏၊ အမှတ်မဲ့လည်း ထွက်ကုန်၏၊အလွန်လျင်စွာလည်း ဝင်ကုန်၏၊ အလွန်လျင်စွာလည်း ထွက်ကုန်၏၊အလွန်ဝေးရာ၌လည်း ရပ်ကုန်၏၊ အလွန်နီးရာ၌လည်း ရပ်ကုန်၏၊ အလွန်ကြာမြင့်စွာလည်း ရပ်ကုန်၏၊ အလွန်လျင်စွာလည်း ပြန်ကုန်၏။

ဆွမ်းခံ ရဟန်းတပါးသည်လည်း အမှတ်မဲ့ အိမ်သို့ ဝင်လေသော် တံခါးထင်မှတ်၍ အခန်းတခုသို့ ဝင်မိ၏၊ ထိုအခန်း၌ မိန်းမသည် အဝတ်မပါပဲ ပက်လက်အိပ်နေ၏၊ ထိုရဟန်းသည် အဝတ်မပါပဲ ပက်လက်အိပ်နေသော ထိုမိန်းမကို မြင်၍ "ဤကား တံခါးမဟုတ်၊ အခန်းသာတည်း" ဟု ထိုအခန်းမှ

http://www.dhammadownload.com



ထွက်ခဲ့၏၊ ထိုမိန်းမ၏ ခင်ပွန်းသည် အဝတ်မပါပဲ ပက်လက်အိပ်နေသော ထိုမိန်းမကို မြင်၍ "ဤရဟန်းသည် ငါ၏ မယားကို ဖျက်ဆီး၏" ဟု ရဟန်းကို ဖမ်း၍ ရိုက်နှက်၏၊ ထိုအခါ မိန်းမသည် ထိုအသံဖြင့် နိုး၍ "အရှင် သင်သည် ဤရဟန်းကို အဘယ့်ကြောင့် ရိုက်နှက်သနည်း" ဟု ထိုယောကျ်ားအား ပြောဆို၏။

ဤရဟန်းသည် သင့်ကို ဖျက်ဆီး၏ ဟု (ဆို၏)။

"အရှင် ဤရဟန်းသည် အကျွန်ုပ်ကို မဖျက်ဆီးပါ၊ ထိုရဟန်းသည် မပြုတတ်ပါ" ဟု ပြော၍ ထိုရဟန်းကို လွှတ်စေ၏။

ထိုအခါ ထိုရဟန်းသည် အရံသို့ သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြော၏။ အလိုနည်းသော ရဟန်းဘို့သည် "အဘယ့်ကြောင့် ဆွမ်းခံလှည့်လည်သော ရဟန်းတို့သည် မကောင်းသဖြင့် ဝတ်ရုံကုန်လျက် အသွင်အပြင် မပြည့်စုံကုန်ပဲ ဆွမ်းခံလှည့်လည်ကုန်ဘိသနည်း၊ အမှတ်မဲ့လည်းအိမ်သို့ ဝင်ကုန်ဘိသနည်း၊ အမှတ်မဲ့လည်း ထွက်ကုန်ဘိသနည်း၊ အလွန် လျင်စွာလည်း ဝင်ကုန်ဘိသနည်း၊ အလွန် လျင်စွာလည်း ထွက်ကုန်ဘိသနည်း၊ အလွန်ဝေးရာ၌လည်း ရပ်ကုန်ဘိသနည်း၊ အလွန်နီးရာ၌လည်း ရပ်ကုန်ဘိသနည်း၊ အလွန် ကြာမြင့်စွာလည်း ရပ်ကုန်ဘိသနည်း၊ အလွန် လျင်စွာလည်း ပြန်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၆၆။ ရဟန်းတို့ သို့ဖြစ်လျှင် ဆွမ်းခံလှည့်လည်သော ရဟန်းတို့အား ကျင့်ဝတ်ကို ပညတ်အံ့၊ ယင်းကျင့်ဝတ်အတိုင်း ဆွမ်းခံလှည့်လည်သော ရဟန်းတို့ ကျင့်ရမည်။

ရဟန်းတို့ ဆွမ်းခံလှည့်လည်သော ရဟန်းသည် "ယခုပင် ရွာသို့ ဝင်အံ့" ဟု အဝန်းသုံးပါး[၁]ကို ဖုံးလျက် အဝန်းညီစွာ ဝတ်လျက် ခါးပန်းကိုဖွဲ့လျက် အခေါက်ရှိသည်ကို ပြုလျက် သင်္ကန်းကြီးကို ရုံလျက် ကမွတ်သီးကို တစ်လျက် ရေဆေး၍ သပိတ်ကို ယူလျက် မနှေးမလျင် ကောင်းစွာ ရွာတွင်းသို့ ဝင်ရမည်။

ရွာတွင်း၌ ကောင်းစွာ ဖုံးလွှမ်းလျက် သွားရမည်၊ ရွာတွင်း၌ ဣန္ဒြေကို ကောင်းစွာ စောင့်စည်းလျက် သွားရမည်၊ ရွာတွင်း၌ မျက်လွှာချလျက် သွားရမည်၊ ရွာတွင်း၌ သင်္ကန်းကို ပင့်လျက် မသွားအပ်၊ ရွာတွင်း၌ ပြင်းပြစွာ ရယ်မောလျက် မသွားအပ်၊ ရွာတွင်း၌ ငယ်သောအသံရှိသည်ဖြစ်၍ သွားရမည်၊ ရွာတွင်း၌ ကိုယ်ကို လှုပ်၍လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ လက်မောင်းကို လှုပ်၍လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ ဦးခေါင်းကို လှုပ်၍ လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ ခါးထောက်၍ မသွားအပ်၊ ရွာတွင်း၌ ခေါင်းမြီးခြုံ၍ မသွားအပ်၊ ရွာတွင်း၌ ဖဝါးစွန်းဖြင့် နင်း၍ မသွားအပ်။

အိမ်သို့ ဝင်သော ရဟန်းသည် "ဤလမ်းဖြင့် ဝင်အံ့၊ ဤလမ်းဖြင့် ထွက်အံ့" ဟု မှတ်ရမည်၊ အလွန်လျင်စွာ မဝင်အပ်၊ အလွန်လျင်စွာ မထွက်အပ်၊ အလွန်ဝေးရာ၌ မရပ်အပ်၊ အလွန်နီးရာ၌ မရပ်အပ်၊ အလွန်ကြာမြင့်စွာ မရပ်အပ်၊ အလွန်လျင်စွာ မပြန်အပ်၊ "ဆွမ်းကို လှူလိုသလော၊ မလှူလိုသလော" ဟု ရပ်လျက် မှတ်သားရမည်။

---

၁။ ပုဆစ်ဝန်း၊ ဒူးဝန်းနှစ်ဖက် ချက်ကို အဝန်းသုံးပါး ဟု ဆိုသည်။

http://www.dhammadownload.com



အလုပ်ကို ချသော်၎င်း နေရာမှ ထသော်၎င်း ယောက်မကို သုံးသပ်သော်၎င်း အိုးခွက်ကို သုံးသပ်သော်၎င်း ရပ်စေသော်၎င်း "လှူလိုရာ၏" ဟု (နှလုံးပြု၍) ရပ်ရမည်။

ဆွမ်းကို လှူလတ်သော် လက်ဝဲလက်ဖြင့်သင်္ကန်းကြီးကို ဖယ်ရှား၍လက်ျာလက်ဖြင့် သပိတ်ကို နှိမ့်၍ လက်နှစ်ဖက်တို့ဖြင့် သပိတ်ကို ကိုင်ကာ ဆွမ်းကို ခံရမည်၊ ဆွမ်းလှူသော မိန်းမ၏ မျက်နှာကို မကြည့်အပ်၊ "ဟင်းကို လှူလိုသလော၊ မလှူလိုသလော" ဟု မှတ်ရမည်၊ ယောက်မကို သုံးသပ်သော်၎င်း အိုးခွက်ကို သုံးသပ်သော်၎င်း၊ ရပ်စေသော်၎င်း "လှူလိုရာ၏" ဟု နှလုံး ပြု၍ ရပ်ရမည်၊ ဆွမ်းလှူပြီးသော် သင်္ကန်းကြီးဖြင့် သပိတ်ကို ဖုံး၍ ကောင်းစွာ မနှေးမလျင် ပြန်ရမည်။

ရွာတွင်း၌ ကောင်းစွာ ဖုံးလွှမ်းလျက် သွားရမည်၊ ရွာတွင်း၌ ဣန္ဒြေကို ကောင်းစွာ စောင့်စည်းလျက် သွားရမည်။ ရွာတွင်း၌ မျက်လွှာချလျက် သွားရမည်၊ ရွာတွင်း၌ သင်္ကန်းကို ပင့်လျက် မသွားအပ်၊ ရွာတွင်း၌ ပြင်းပြစွာ ရယ်မောလျက် မသွားအပ်၊ ရွာတွင်း၌ ငယ်သော အသံရှိသည်ဖြစ်၍ သွားရမည်၊ ရွာတွင်း၌ ကိုယ်ကို လှုပ်၍ လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ လက်မောင်းကို လှုပ်၍ လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ ဦးခေါင်းကို လှုပ်၍ လှုပ်၍ မသွားအပ်၊ ရွာတွင်း၌ ခါးထောက်၍ မသွားအပ်၊ ရွာတွင်း၌ ခေါင်းမြီးခြုံ၍ မသွားအပ်၊ ရွာတွင်း၌ ဖဝါးစွန်းဖြင့် နင်း၍ မသွားအပ်။

ဆွမ်းခံရာရွာမှ ရှေးဦးစွာ ဖဲခဲ့သော ရဟန်းသည် နေရာကို ခင်းရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းတို့ကို အနီး၌ ထားရမည်၊ ဆွမ်းဦးထည့်ရန် ခွက်ကို ဆေး၍ အနီး၌ ထားရမည်၊ သောက်ရေကိုင်း သုံးရေကိုင်း အနီး၌ ထားရမည်၊ ဆွမ်းခံရာရွာမှ နောက်မှ ဖဲခဲ့သော ရဟန်းသည် စားကြွင်းရှိ၍ စားလိုမူ စားရမည်၊ မစားလိုမူ မြက်သစ်ပင် မရှိရာ၌သော်လည်း စွန့်ရမည်၊ ပိုးမွှားမရှိသော ရေ၌သော်လည်း သွန်ရမည်၊ ထိုရဟန်းသည် နေရာကို ရုပ်သိမ်းရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းတို့ကို သိမ်းရမည်၊ ဆွမ်းဦး ထည့်ခွက်ကို ဆေး၍ သိမ်းရမည်၊ သောက်ရေကိုင်း သုံးရေကိုင်း သိမ်းရမည်၊ ဆွမ်းစားကျောင်းကို တံမြက်လှည်းရမည်၊ သောက်ရေအိုးကိုင်း သုံးရေအိုးကိုင်း သန့်သက်ရေအိုးကိုင်း အချည်းနှီး ရေမရှိသည်ကို မြင်သော ရဟန်းသည် တည်ထားရမည်၊ မချီမကြွနိုင်သော ရဟန်းသည် အဖော်ကို လက်ယပ်ခေါ်၍ လက်ချင်းရှက်ကာ တည်ထားရမည်၊ ထိုမချီမကြွနိုင်ခြင်း အကြောင်းကြောင့် စကား မပြောဆိုအပ်။ ရဟန်းတို့ ဤကား ဆွမ်းခံလှည့်လည်သော ရဟန်းတို့၏ ကျင့်ဝတ်တည်း၊ ယင်းကျင့်ဝတ်အတိုင်း ဆွမ်းခံ လှည့်လည်သော ရဟန်းတို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ၇-တောနေရဟန်းတို့ကျင့်ဝတ်

၃၆၇။ ထိုအခါ များစွာသော ရဟန်းတို့သည် တော၌ နေကုန်၏၊ ထိုရဟန်းတို့သည် သောက်ရေကို မတည်ထားကုန်၊ သုံးရေကို မတည်ထားကုန်၊ မီးကို မတည်ထားကုန်၊ မီးပွတ်ခုံ ပွတ်ကျေကို မတည်ထားကုန်၊ နက္ခတ် အကြောင်းအရာတို့ကို မသိကုန်၊ အရပ်မျက်နှာအဖို့ကို မသိကုန်။

ခိုးသူတို့သည် ထိုအရပ်သို့ သွား၍ ထိုရဟန်းတို့အား—

"အသျှင်ဘုရား သောက်ရေရှိပါ၏လော" ဟု (လျှောက်ကုန်၏)။

ဒါယကာ မရှိ ဟု (ဆိုကြကုန်၏)။

http://www.dhammadownload.com



အသျှင်ဘုရား သုံးရေရှိပါ၏လော ဟု (လျှောက်ကုန်၏)။

ဒါယကာ မရှိ ဟု (ဆိုကြကုန်၏)။

အသျှင်ဘုရား မီးရှိပါ၏လော ဟု (လျှောက်ကုန်၏)။

ဒါယကာ မရှိ ဟု (ဆိုကြကုန်၏)။

အသျှင်ဘုရား မီးပွတ်ခုံ ပွတ်ကျေ ရှိပါ၏လော ဟု (လျှောက်ကုန်၏)။

ဒါယကာ မရှိ ဟု (ဆိုကြကုန်၏)။

အသျှင်ဘုရား ယနေ့ အဘယ်နက္ခတ်နှင့် ယှဉ်ပါသနည်း ဟု (လျှောက်ကုန်၏)။

ဒါယကာ ငါတို့ မသိကုန် ဟု (ဆိုကြကုန်၏)။

အသျှင်ဘုရား ဤကား အဘယ်အရပ်နည်း ဟု (လျှောက်ကုန်၏)။

ဒါယကာ ငါတို့ မသိကုန် ဟု (ဆိုကြကုန်၏)။

ထိုအခါ ထိုခိုးသူတို့သည် "ဤရဟန်းတို့အား သောက်ရေမရှိ၊ သုံးရေမရှိ၊ မီးမရှိ၊ မီးပွတ်ခုံ ပွတ်ကျေမရှိ၊ နက္ခတ်အကြောင်းအရာတို့ကို မသိကုန်၊ အရပ်မျက်နှာအဖို့ကို မသိကုန်၊ ဤသူတို့ကား ခိုးသူတို့တည်း၊ ဤသူတို့ကား ရဟန်းမဟုတ်ကုန်" ဟု ရိုက်နှက်၍ ဖဲသွားကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၆၈။ ရဟန်းတို့ သို့ဖြစ်လျှင် တောနေရဟန်းတို့အား ကျင့်ဝတ်ကို ပညတ်အံ့၊ ယင်းကျင့်ဝတ်အတိုင်း တောနေရဟန်းတို့ ကျင့်ရမည်။

ရဟန်းတို့ တောနေရဟန်းသည် စောစောထ၍ သပိတ်ကို အိတ်၌ ထည့်ပြီးလျှင် ပခုံး၌ လွယ်လျက် သင်္ကန်းကို ပခုံး၌ တင်၍ ဘိနပ်စီးကာ သစ်ဘဏ္ဍာ မြေဘဏ္ဍာကို သိမ်းဆည်း၍ တံခါးမ လေသာပြူတင်းကို ပိတ်ဆို့ပြီးလျှင် ကျောင်းမှ ဆင်းရမည်၊ "ယခု ရွာသို့ ဝင်အံ့" ဟု ဘိနပ်ချွတ်၍ (အောက်သို့) နှိမ့်ကာ ခါပြီးလျှင် အိတ်၌ ထည့်လျက် ပခုံး၌ ချိတ်၍ အဝန်းသုံးပါးကို ဖုံးလွှမ်းသဖြင့် အဝန်းညီစွာ ဝတ်လျက် ခါးပန်းကို ဖွဲ့လျက် အထပ်ရှိသည်ကိုပြု၍ သင်္ကန်းကြီးကို ရုံလျက် ကမ္ပတ်သီးကို တပ်လျက် ရေဆေး၍ သပိတ်ကိုယူလျက် မနှေးမလျင် ကောင်းစွာ ရွာတွင်းသို့ ဝင်ရမည်၊ ရွာတွင်း၌ ကောင်းစွာ ဖုံးလွှမ်းလျက် သွားရမည်။ပ။ ရွာတွင်း၌ ခါးထောက်လျက် မသွားအပ်၊ ရွာတွင်း၌ ဦးခေါင်းခြုံလျက် မသွားအပ်၊ ရွာတွင်း၌ ဖဝါးစွန်းနင်းလျက် မသွားအပ်။ အိမ်သို့ ဝင်သော ရဟန်းသည် "ဤလမ်းဖြင့် ဝင်အံ့၊ ဤလမ်းဖြင့်ထွက်အံ့" ဟု မှတ်ရမည်၊ အလွန်လျင်စွာ မဝင်အပ်၊ အလွန်လျင်စွာ မထွက်အပ်၊ အလွန်ဝေးရာ၌ မရပ်အပ်၊ အလွန် နီးရာ၌ မရပ်အပ်၊ အလွန်ကြာမြင့်စွာ မရပ်အပ်၊ အလွန်လျင်စွာ မပြန်အပ်၊ ရပ်သော ရဟန်းသည် "ဆွမ်းကို လှူလိုသလော၊ မလှူလိုသလော" ဟု မှတ်သားရမည်၊ အလုပ်ကို ချသော်ငြားလည်း နေရာမှ ထသော်ငြား ယောက်မကို သုံးသပ်သော်ငြား အိုးခွက်ကို သုံးသပ်သော်ငြား၊ ရပ်စေသော်ငြား "လှူလိုရာ၏" ဟု (နှလုံးပြု၍) ရပ်ရမည်၊ ဆွမ်းကို လှူသော် လက်ဝဲလက်ဖြင့် သင်္ကန်းကြီးကို ဖယ်ရှား၍ လကျာ်လက်ဖြင့် သပိတ်ကို နှိမ့်၍ လက်နှစ်ဖက်တို့ဖြင့် သပိတ်ကို ကိုင်၍ ဆွမ်းကို ခံရမည်၊ ဆွမ်းလှူသော မိန်းမ၏ မျက်နှာကို မကြည့်အပ်၊ "ဟင်းကို လှူလိုသလော၊

http://www.dhammadownload.com



မလျှုလိုသလော” ဟု မှတ်သားရမည်၊ ယောက်မကို သုံးသပ်သော်ငြား အိုးခွက်ကို သုံးသပ်သော်ငြား ရပ်စေသော်ငြား “လှူလိုရာ၏” ဟု (နှလုံးပြု၍) ရပ်ရမည်၊ ဆွမ်းလှူပြီးသော် သင်္ကန်းကြီးဖြင့် သပိတ်ကို ဖုံး၍ မနှေးမလျင် ကောင်းစွာ ပြန်ရမည်။

ရွာတွင်း၌ ကောင်းစွာ ဖုံးလွှမ်းလျက် သွားရမည်။ပ။ ရွာတွင်း၌ ဖဝါးစွန်နင်းလျက် မသွားအပ်။ ရွာမှ ထွက်သော် သပိတ်ကို အိတ်၌ ထည့်ပြီးလျှင် ပခုံး၌ လွယ်လျက် သင်္ကန်းကို ခေါက်၍ ဦးခေါင်း၌ တင်ကာ ဘိနပ်စီး၍ သွားရမည်။

ရဟန်းတို့ တောနေရဟန်းသည် သောက်ရေကို တည်ထားရမည်၊ သုံးရေကို တည်ထားရမည်၊ မီးကို တည်ထားရမည်၊ မီးပွတ်ခုံ ပွတ်ကျေကို တည်ထားရမည်၊ တောင်ဝှေးကို အနီး၌ ထားရမည်၊ နက္ခတ်အကြောင်းအရာ အားလုံးတို့ကိုငြား နက္ခတ်အကြောင်းအရာ အချို့တို့ကိုငြား သင်ယူရမည်၊ အရပ်မျက်နှာ၌ လိမ္မာရမည်။ ရဟန်းတို့ ဤကား တောနေရဟန်းတို့၏ ကျင့်ဝတ်တည်း၊ ယင်းကျင့်ဝတ်အတိုင်း တောနေရဟန်းတို့သည် ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ဂ-ကျောင်း အိပ်ရာနေရာ၌ ကျင့်ဝတ်

၃၆၉။ ထိုအခါ များစွာသော ရဟန်းတို့သည် လွင်တီးခေါင်၌ သင်္ကန်းချုပ်ကုန်၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လေညာအရပ်၌ အိပ်ရာ နေရာကို ခါကုန်၏၊ ရဟန်းတို့သည် မြူဖြင့် ပြွမ်းကုန်၏၊ အလိုနည်းသော ရဟန်းတို့သည် “အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် လေညာအရပ်၌ အိပ်ရာ နေရာကို ခါကုန်ဘိသနည်း၊ ရဟန်းတို့သည် မြူဖြင့် ပြွမ်းကုန်၏” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လေညာအရပ်၌ အိပ်ရာ နေရာကို ခါကုန်၏၊ ရဟန်းတို့သည် မြူဖြင့် ပြွမ်းကုန်၏ ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၇၀။ ရဟန်းတို့ သို့ဖြစ်လျှင် ရဟန်းတို့အား ကျောင်းအိပ်ရာ နေရာ၌ ကျင့်ဝတ်ကို ပညတ်အံ့၊ ယင်းကျင့်ဝတ်အတိုင်း ရဟန်းတို့သည် ကျောင်းအိပ်ရာ နေရာ၌ ကျင့်ရမည်။ ကျောင်းသည် အကယ်၍ အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင်ရှင်းလင်းရမည်။

ကျောင်းကို သုတ်သင်လိုသော ရဟန်းသည် ရှေးဦးစွာ သပိတ် သင်္ကန်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ဘုံလျှိုခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်၊ ညောင်စောင်းကို ရိုရိုသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိမခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အင်းပျဉ်ကို ရိုရိုသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိမခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းခြေတို့ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ထွေးခံကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မှီရာတံကဲပျဉ်ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မြေအခင်းကို ခင်းမြဲအတိုင်း နေရာမှတ်လျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ကျောင်း၌ ပိုးအိမ် ပင့်ကူမျှင်ရှိအံ့၊ ဗိတာန်မျက်နှာကြက်မှစ၍ ပယ်ရှားရမည်၊ လေသွန်တံခါး ဝိုက်လေးထောင့်တို့ကို သုံးသပ်ပွတ်တိုက်ရမည်။

http://www.dhammadownload.com



ငွေ့နီ စသည်ဖြင့် အပြေအပြစ်ပြုအပ်သော နံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်၊ မည်းသောအဆင်းဖြင့် အပြေအပြစ်ပြုအပ်သော မြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်၊ အပြေအပြစ်မပြုအပ်သော မြေဖြစ်အံ့၊ ရေဖျန်း၍ ကျောင်းကို "မြူမတက်စေလင့်" ဟု (နှလုံးထား၍) တံမြက်လှည်းရမည်၊ အမှိုက်တံမြက်ချေးကို သင့်ရာ အရပ်၌ စွန့်ပစ်ရမည်။

ရဟန်းအနီး၌ အိပ်ရာ နေရာကို မခါအပ်၊ ကျောင်းအနီး၌ အိပ်ရာနေရာကို မခါအပ်၊ သောက်ရေ အနီး၌ အိပ်ရာနေရာကို မခါအပ်၊ သုံးရေအနီး၌ အိပ်ရာ နေရာကို မခါအပ်၊ လေညာအရပ်၌ အိပ်ရာ နေရာကို မခါအပ်၊ လေအောက်၌ အိပ်ရာနေရာကို ခါရမည်။

မြေအခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊ ညောင်စောင်း ခြေတို့ကို နေလှန်းသုတ်သင်ပြီးလျှင် ခင်းထားမြဲအတိုင်း နေရာ၌ တဖန်ပြန်ခင်းထားရမည်၊ ညောင်စောင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေပြုလျက် ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိမခိုက်စေပဲ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊ အင်းပျဉ်ကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေပြုလျက် ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိမခိုက်စေပဲ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်။

ဘုံလျှို ခေါင်းအုံးကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထား ရမည်။

ထွေးခံကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ တဖန် ပြန်ထားရမည်၊ မှီရာတံကဲပျဉ်ကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ တဖန် ပြန်ထားရမည်။

သပိတ် သက်န်းကို ထားရမည်၊ သပိတ်ကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်းအောက်ကိုရင်း အင်းပျဉ်အောက်ကိုရင်း သုံးသပ်၍ သပိတ်ကို ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ၊ သင်္ကန်းကို ထားလိုသော ရဟန်းသည် လက် တဖက်ဖြင့် သင်္ကန်းကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်းဝါး သင်္ကန်းတန်းကြိုးကို ပွတ်တိုက်၍ ထိုမှာဖက်က အစွန်းကို ဤမှာဖက်မှ အခွေပြုလျက် သင်္ကန်းကို ထားရမည်၊ အရှေ့အရပ်မှ မြူနှင့် တကွသော လေတို့သည် လာကုန်အံ့၊ အရှေ့မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်၊ အနောက် အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အနောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရ မည်၊ မြောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ မြောက်မျက်နှာ လေသွန်တံခါး တို့ကို ပိတ်ရမည်၊ တောင်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ တောင်မျက်နှာလေသွန် တံခါးတို့ကို ပိတ်ရမည်၊ အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ထားရမည်၊ ညဉ့်အ ခါ၌ ပိတ်ရမည်၊ ပူအိုက်သော အခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ထားရမည်၊ ညဉ့်အခါ၌ ဖွင့်ထားရမည်။

ပရိဝုဏ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ ပရိဝုဏ်ကို တံမြက်လှည်းရမည်၊ တံခါးမုခ်သည် အမှိုက် ရှိသည်ဖြစ်အံ့၊ တံခါးမုခ်ကို တံမြက်လှည်းရမည်၊ စည်းဝေးရာ စရပ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ စည်း ဝေးရာ စရပ်ကို တံမြက်လှည်းရမည်၊ မီးတင်းကုပ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ မီးတင်းကုပ်ကို တံမြက်

http://www.dhammadownload.com



လှည်းရမည်၊ ကျင်ကြီးအိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်၊ သောက်ရေ မရှိအံ့၊ သောက်ရေကို တည်ထားရမည်။ သုံးရေ မရှိအံ့၊ သုံးရေကို တည်ထားရမည်။

သန့်သက်ရေအိုး၌ ရေမရှိသည် ဖြစ်အံ့၊ သန့်သက်ရေအိုး၌ ရေကို သွန်းလောင်းရမည်။

သိတင်းကြီး ရဟန်းနှင့် အတူ တကျောင်းထည်း၌ နေမူ သိတင်းကြီးရဟန်းကို မပန်ကြားပဲ သင်ယူခြင်း မေးမြန်းခြင်း မပြုအပ်၊ သရဇ္ဈာယ်ခြင်းကို မပြုအပ်၊ တရားမဟောအပ် ဆီမီးကို မထွန်းအပ်၊ ဆီမီးကို မငြိမ်းစေအပ်၊ လေသာပြူတင်းတို့ကို မဖွင့်အပ်ကုန်၊ လေသာပြူတင်းတို့ကို မပိတ်အပ်ကုန်။

သိတင်းကြီး ရဟန်းနှင့် အတူ ကြော်တခုထည်း၌ ကြော်လျှောက်မူ သိတင်းကြီး ရဟန်းရှိရာသို့ မျက်နှာမူလျက် သွားရမည်၊ သိတင်းကြီးရဟန်းကို သင်္ကန်းကြီးစွန်းဖြင့် မတိုက်ခိုက်စေအပ်။

ရဟန်းတို့ ဤသည်ကား ရဟန်းတို့၏ ကျောင်းအိပ်ရာ နေရာ၌ ကျင့်ဝတ်တည်း၊ ယင်းကျင့်ဝတ် အတိုင်း ရဟန်းတို့သည် ကျောင်းအိပ်ရာ နေရာ၌ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ၉-ဇရုံးအိမ်၌ ကျင့်ရမည့်ဝတ်

၃၇၁။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မထေရ်ကြီးရဟန်းတို့ တားမြစ်ကုန်သော်လည်း မရှိသေခြင်းကိုစွဲ၍ ဇရုံးအိမ်၌ များစွာသော ထင်းကို တင်၍ မီးရှို့လျက် တံခါးပိတ်ပြီးလျှင် တံခါးအနီး၌ ထိုင်ကုန်၏၊ ရဟန်းတို့သည် တံခါးပေါက် မရသည်ဖြစ်၍ မီးပူသောကြောင့် မူး၍ လဲကုန်၏၊ အလိုနည်းသော ရဟန်းတို့သည်—

"အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မထေရ်ကြီး ရဟန်းတို့ တားမြစ်ကုန်သော်လည်း မရှိသေခြင်းကို စွဲ၍ ဇရုံးအိမ်၌ များစွာသော ထင်းကို တင်၍ မီးရှို့လျက် တံခါးကို ပိတ်ပြီးလျှင် တံခါးအနီး၌ ထိုင်ကုန်ဘိသနည်း၊ ရဟန်းတို့သည် တံခါးပေါက်မရသည်ဖြစ်၍ မီးပူသောကြောင့် မူး၍ လဲကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မထေရ်ကြီး ရဟန်းတို့ တားမြစ်ကုန်သော်လည်း မရှိသေခြင်းကို စွဲ၍ ဇရုံးအိမ်၌ များစွာသော ထင်းကို တင်၍ မီးရှို့လျက် တံခါးကို ပိတ်ပြီးလျှင် တံခါးအနီး၌ ထိုင်ကုန်၏၊ ရဟန်းတို့သည် တံခါးပေါက်မရသည် ဖြစ်၍ မီးပူသောကြောင့် မူး၍ လဲကုန်၏ ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

ရဟန်းတို့ မထေရ်ကြီးရဟန်းသည် တားမြစ်လျက် မရှိသေခြင်းကိုစွဲ၍ ဇရုံးအိမ်၌ များစွာသော ထင်းကို တင်၍ မီးမရှို့အပ်၊ ရှို့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းတို့ တံခါးကို ပိတ်လျက် တံခါးအနီး၌ မထိုင်အပ်၊ ထိုင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



၃၇၂။ ရဟန်းတို့ သို့ဖြစ်လျှင် ရဟန်းတို့အား ဇရုံးအိမ်၌ ကျင့်ဝတ်ကို ပညတ်အံ့၊ ယင်း ကျင့်ဝတ်အတိုင်း ရဟန်းတို့သည် ဇရုံးအိမ်၌ ကျင့်ရမည်။

ဇရုံးအိမ်သို့ ရှေးဦးစွာ သွားသော ရဟန်းသည် ပြာများမူ ပြာကိုစွန့်ရမည်၊ဇရုံးအိမ်သည်အမှိုက်ရှိမူ ဇရုံးအိမ်ကို တံမြက်လှည်းရမည်၊ အကျည်သည် အမှိုက်ရှိမူ အကျည်ကို တံမြက်လှည်းရမည်၊ ပရိဝုဏ်သည် အမှိုက်ရှိမူ ပရိဝုဏ်ကို တံမြက်လှည်းရမည်၊ တံခါးမုခ်သည် အမှိုက်ရှိမူ တံခါးမုခ်ကို တံမြက်လှည်းရမည်၊ ဇရုံးစရပ်သည် အမှိုက်ရှိမူ ဇရုံးစရပ်ကို တံမြက်လှည်းရမည်၊ ကသယ်မှုန့်ကို စုရုံးထားရမည်၊ မြေညက်ကို ရေဆွတ်ရမည်၊ ရေချိုးကျင်း၌ ရေကို လောင်းရမည်။

ဇရုံးအိမ်သို့ ဝင်သော ရဟန်းသည် မြေညက်ဖြင့် မျက်နှာကို လိမ်း၍ ရှေ့မှရင်း နောက်မှရင်း ဖုံးလွှမ်း၍ဇရုံးအိမ်သို့ဝင်ရမည်၊မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့၍မနေထိုင်အပ်၊ရဟန်းငယ်တို့ကိုနေရာဖြင့် မတားမြစ်အပ်ကုန်၊ စွမ်းနိုင်မူ ဇရုံးအိမ်၌ မထေရ်ကြီးရဟန်းတို့အား ချေးပွတ်ရမည်။

ဇရုံးအိမ်မှ ထွက်သော ရဟန်းသည် ဇရုံးအင်းပျဉ်ကိုယူ၍ ရှေ့မှရင်း နောက်မှရင်း ဖုံးလွှမ်း၍ ထွက်ရမည်၊ စွမ်းနိုင်မူ ရေ၌လည်း မထေရ်ကြီးရဟန်းတို့အား ချေးပွတ်ရမည်၊ မထေရ်ကြီး ရဟန်းတို့၏ ရှေ့၌ ရေမချိုးအပ်၊ အထက်မှ ရေမချိုးအပ်၊ ရေချိုးပြီး၍ တက်သော ရဟန်းသည် ဆင်းသော ရဟန်းတို့အား လမ်းပေးရမည်၊ ဇရုံးအိမ်မှ နောက်ဆုံးထွက်သော ရဟန်းသည် ဇရုံးအိမ်၌ ညွှန်ဗွက်ထမူ ဆေးကြောရမည်၊ မြေညက်ခွက်ကို ဆေး၍ ဇရုံးအင်းပျဉ်ကို သိမ်း၍ မီးကို ငြိမ်း၍ တံခါးကို ပိတ်၍ ဖဲသွားရမည်။ ရဟန်းတို့ ဤကား ရဟန်းတို့၏ ဇရုံးအိမ်၌ ကျင့်ရမည့်ဝတ်တည်း၊ ယင်းကျင့်ဝတ်အတိုင်း ရဟန်းတို့သည် ဇရုံးအိမ်၌ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ၁၀-ဝစ္စကုဋီ၌ ကျင့်ရမည့်ဝတ်

၃၇၃။ ထိုအခါ ပြာဟ္မဏဇာတ်ရှိသော ရဟန်းတပါးသည် ကျင်ကြီးစွန့်ပြီးလျှင် "ယုတ်ညံ့၍ အနံ့မကောင်းသော ဤကျင်ကြီးကို မည်သူ သန့်သက်ရေ ဆေးအံ့နည်း" ဟု ဆေးခြင်းငှါ အလိုမရှိ၊ ထိုရဟန်း၏ ဝစ္စမဂ်၌ ပိုးလောက်သည် တည်၏။ ထိုအခါ ထိုရဟန်းသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ငါ့သျှင် အသျှင်နည်း သင်သည် ကျင်ကြီး စွန့်ပြီးလျှင် သန့်သက်ရေ မဆေးသလော ဟု မေးကုန်၏၊ ငါ့သျှင်တို့ မဆေးသည် မှန်၏ဟု ပြော၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် ကျင်ကြီးစွန့်ပြီးလျှင် သန့်သက်ရေ မဆေးဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်း သင်သည် ကျင်ကြီးစွန့်ပြီးလျှင် သန့်သက်ရေမဆေး ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏) ။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ကျင်ကြီးစွန့်ပြီးလျှင် ရေရှိလျက် မဆေးပဲ မနေအပ်၊ မဆေးသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**" ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် ကျင်ကြီးအိမ်၌ သီတင်းကြီးအစဉ်အတိုင်း ကျင်ကြီးကို စွန့်ကုန်၏၊ ရဟန်းငယ်တို့သည် ရှေးဦးစွာ လာကုန်သော်လည်း ကျင်ကြီးသွားလိုလျက် ဆိုင်းငံ့ရကုန်၏၊ ထိုရဟန်း

http://www.dhammadownload.com



ယ်တို့သည် ကျောင်းကြီးကို အောင့်ရသဖြင့် မှူး၍ လဲကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကျောင်းကြီးအိမ်၌ သီတင်းကြီး အစဉ်အတိုင်း ကျောင်းကြီးကို မစုန့်အပ်၊ စွန့်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ရောက်လာသော အစဉ်အတိုင်း ကျောင်းကြီး စွန့်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အလွန်လျင်စွာလည်း ကျောင်းကြီးအိမ်သို့ ဝင်ကုန်၏၊ သင်းပိုင်ကို မ ရှ်လည်း ဝင်ကုန်၏၊ ညည်းတွားကုန်လျက်လည်း ကျောင်းကြီးကို စွန့်ကုန်၏၊ ဒန်ပူခဲကုန်လျက်လည်း ကျောင်းကြီးကို စွန့်ကုန်၏၊ ကျောင်းကြီးတွင်း ပြင်ပ၌လည်း ကျောင်းကြီးကို စွန့်ကုန်၏၊ ကျင်ငယ်ခွက် ပြင်ပ၌လည်း ကျင်ငယ်ကို စွန့်ကုန်၏၊ ကျင်ငယ်ခွက်၌လည်း တံတွေးကို ထွေးကုန်၏၊ ကြမ်းတမ်းသော ကနုတံဖြင့်လည်း သုတ်ကုန်၏၊ သုတ်ပြီး ကနုတံကိုလည်း ကျောင်းကြီးတွင်း၌ ချကုန်၏၊ အလွန်လျင်စွာလည်း ထွက်ကုန်၏၊ သင်းပိုင်ကို ပင့်မရှ်လည်း ထွက်ကုန်၏၊ စပ်စပ် အသံပြုလျက်လည်း သန့်သက်ရေဆေးကုန်၏၊ သန့်သက်ရေဆေးခွက်၌လည်း ရေကို ချန်ထားကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အလွန်လျင်စွာလည်း ကျောင်းကြီးအိမ်သို့ ဝင်ကုန်ဘိသနည်း၊ သင်းပိုင်ကို ပင့်မရှ်လည်း ဝင်ကုန်ဘိသနည်း၊ ညည်းတွားကုန်လျက်လည်း ကျောင်းကြီးကို စွန့်ကုန်ဘိသနည်း၊ ဒန်ပူခဲကုန်လျက်လည်း ကျောင်းကြီးကို စွန့်ကုန်ဘိသနည်း၊ ကျောင်းကြီးတွင်း ပြင်ပ၌လည်း ကျောင်းကြီးကို စွန့်ကုန်ဘိသနည်း၊ ကျင်ငယ်ခွက် ပြင်ပ၌လည်း ကျင်ငယ်ကို စွန့်ကုန်ဘိသနည်း၊ ကျင်ငယ်ခွက်၌လည်း တံတွေးကို ထွေးကုန်ဘိသနည်း၊ ကြမ်းတမ်းသော ကနုတံဖြင့်လည်း သုတ်ကုန်ဘိသနည်း၊ သုတ်ပြီးကနုတံကိုလည်း ကျောင်းကြီးတွင်း၌ ချကုန်ဘိသနည်း၊ အလွန်လျင်စွာလည်း ထွက်ကုန်ဘိသနည်း၊ သင်းပိုင်ကို ပင့်မရှ်လည်း ထွက်ကုန်ဘိသနည်း၊ စပ်စပ်အသံပြု၍လည်း သန့်သက်ရေ ဆေးကုန်ဘိသနည်း၊ သန့်သက်ရေဆေးခွက်၌လည်း ရေကို ချန်ထားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို (လျှောက်ကြကုန်၏)။ပ။ရဟန်းတို့ မှန်သလော။ပ။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၇၄။ ရဟန်းတို့ ထိုဖြစ်လျှင် ရဟန်းတို့အား ကျောင်းကြီးအိမ်၌ ကျင့်ရမည့်ဝတ်ကို ပညတ်အံ့၊ ယင်း ကျင့်ဝတ်အတိုင်း ရဟန်းတို့သည် ကျောင်းကြီးအိမ်၌ ကျင့်ရမည်။

ကျောင်းကြီးအိမ်သို့ သွားသော ရဟန်းသည် ပြင်ပ၌ ရပ်လျက် ချောင်းဟန့်ရမည်၊ အတွင်း၌ ထိုင်နေသော ရဟန်းတို့သည်လည်း ချောင်းဟန့်ရမည်၊ သင်္ကန်းတန်းဝါး၌ရင်း သင်္ကန်းတန်းကြိုး၌ရင်း သင်္ကန်းကို တင်ပြီးလျှင် မနှေးမလျင် ကျောင်းကြီးအိမ်သို့ ကောင်းစွာ ဝင်ရမည်၊ အလွန် လျင်စွာမဝင်အပ်၊ သင်းပိုင်ကို ပင့်မရှ် မဝင်အပ်၊ ကျောင်းကြီးစွန့်ရာ ခြေနင်းခုံ၌ ရပ်လျက် သင်းပိုင်ကို ပင့်မရမည်၊ ညည်းတွားလျက် ကျောင်းကြီးကို မစွန့်အပ်၊ ဒန်ပူခဲလျက် ကျောင်းကြီးကို မစွန့်အပ်၊ ကျောင်းကြီးတွင်း ပြင်ပ၌ ကျောင်းကြီးကို မစွန့်အပ်၊ ကျင်ငယ်ခွက် ပြင်ပ၌ ကျင်ငယ်ကို မစွန့်အပ်၊ ကျင်ငယ်ခွက်၌ တံတွေးကို မထွေးအပ်၊ ကြမ်းတမ်းသော ကနုတံဖြင့် မသုတ်အပ်၊ ကနုတံကို ကျောင်းကြီးတွင်း၌ မချအပ်၊ ကျောင်းကြီး

http://www.dhammadownload.com



စွန့်ရာ ခြေနင်းခုံ၌ ရပ်လျက် ဖုံးလွှမ်းရမည်၊ အလွန် လျင်စွာ မထွက်အပ်၊ သင်းပိုင်ကို ပင့်မ၍ မထွက်အပ်၊ သန့်သက်ရေဆေးရာ ခြေနင်းခုံ၌ ရပ်လျက် သင်းပိုင်ကို ပင့်မရမည်၊ စပ်စပ်အသံပြုလျက် မဆေးအပ်၊ သန့်သက်ရေဆေးရန် ခွက်၌ ရေကို ချန်မထားအပ်၊ သန့်သက်ရေဆေးရာ ခြေနင်းခုံ၌ ရပ်လျက် ဖုံးလွှမ်းရမည်၊ ကျင်ကြီးအိမ်ကို ကျင်ကြီးလိမ်းကျံမူ ဆေးကြောရမည်၊ (သုံးပြီး)ကနုတ်ခွက်သည် ပြည့်မူ ကနုတ်ကို စွန့်ရမည်၊ ကျင်ကြီးအိမ်၌ အမှိုက်ရှိမူ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်၊အကျည်၌ အမှိုက်ရှိမူ အကျည်ကို တံမြက်လှည်းရမည်၊ပရိဝုဏ်၌ အမှိုက်ရှိမူ ပရိဝုဏ်ကို တံမြက်လှည်းရမည်၊တံခါးမုခ်၌ အမှိုက်ရှိမူ တံခါးမုခ်ကို တံမြက်လှည်းရမည်၊ သန့်သက်ရေအိုး၌ ရေမရှိမူ သန့်သက်ရေအိုး၌ ရေလောင်းရမည်။ ရဟန်းတို့ ဤသည်ကား ရဟန်းတို့၏ ကျင်ကြီးအိမ်၌ ကျင့်ရမည့်ဝတ်တည်း၊ ယင်းကျင့်ဝတ်အတိုင်း ရဟန်းတို့သည် ကျင်ကြီးအိမ်၌ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ၁၁-ဥပဇ္ဈာယ်၌ ကျင့်ရမည့်ဝတ်

၃၇၅။ ထိုအခါ အတူနေ တပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့၌ ကောင်းစွာ မကျင့်ကုန်။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အတူနေတပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့၌ ကောင်းစွာ မကျင့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို (လျှောက်ကြကုန်၏)။ပ။

ရဟန်းတို့ အတူနေ တပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့၌ ကောင်းစွာ မကျင့်ကုန် ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

ရဟန်းတို့ အတူနေ တပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့၌ အဘယ့်ကြောင့် ကောင်းစွာ မကျင့်ကုန်ဘိသနည်း ၊ ရဟန်းတို့ ဤ(ရဟန်းတို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၇၆။ ရဟန်းတို့ သို့ဖြစ်လျှင် အတူနေတပည့်တို့အား ဥပဇ္ဈာယ်ဆရာတို့၌ ကျင့်ရမည့်ဝတ်ကို ပညတ်အံ့၊ ယင်း ကျင့်ဝတ်အတိုင်း အတူနေတပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့၌ ကျင့်ရမည်၊ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ကောင်းစွာ ကျင့်ခြင်းတည်း။

(အတူနေတပည့်သည်)နံနက်စောစောထ၍ ဘိနပ်ချွတ်ပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို လက်ကတော့ စမွှယ်တင်၍ ဒန်ပူကပ်ရမည်၊ မျက်နှာသစ်ရေကို ပေးရမည်၊ နေရာကို ခင်းရမည်၊ ယာဂု ရှိခဲ့လျှင် ခွက်ကို ဆေးကြောပြီး ယာဂုကို ကပ်ရမည်၊ ယာဂုသောက်ပြီးသော ဥပဇ္ဈာယ်ဆရာအား ရေပေးပြီး၍ ခွက်ကို လှမ်းယူပြီးနောက် ရှိသေကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြောပြီးလျှင် သိမ်းဆည်းထားရမည်၊ ဥပဇ္ဈာယ်ဆရာသည် နေရာမှ ထခဲ့သော် နေရာကို ခေါက်ထားရမည်၊ ထိုနေရာသည် အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်၊ ဥပဇ္ဈာယ်ဆရာသည် ရွာသို့ ဝင်လိုငြားအံ့၊ သင်းပိုင်ကို ပေးရမည်၊ ဝတ်ပြီး သင်းပိုင်ကို လှမ်းယူရမည်၊ ခါးပန်းကြိုးကို ပေးရမည်၊ ကိုယ်ဝတ် ဒုကုဋ်တို့ကို ထပ်၍ ပေးရမည်၊ ဆေးကြော၍ ရေနှင့်တကွသော သပိတ်ကို ပေးရမည်။

http://www.dhammadownload.com



ဥပဇ္ဈာယ်ဆရာသည် နောက်လိုက် ရဟန်းကို အလိုရှိအံ့၊ အဝန်းသုံးပါးကို ဖုံးလွှမ်းသဖြင့် အဝန်း ညီညွတ်စွာ သင်းပိုင်ကို ဝတ်၍ ခါးပန်းကြိုးကို ဖွဲ့ချည်လျက် ကိုယ်ဝတ် ဒုကုဋ်တို့ကို ထပ်ပြီးလျှင် ကောင်းစွာရုံ၍ ကမွတ်သီးကို တပ်လျက် သပိတ်ကို ဆေးကြောယူငင်၍ ဥပဇ္ဈာယ်ဆရာ၏ နောက် လိုက် ရဟန်း ဖြစ်ရာ၏၊ ဝေးလွန်းစွာ မသွားအပ်၊ နီးလွန်းစွာလည်း မသွားအပ်၊ သပိတ် လဲလှယ် ခြင်းကို လှမ်းယူရမည်။ ဥပဇ္ဈာယ်ဆရာ စကားပြောဆိုစဉ် အကြား အကြား၌ စကားမပြောအပ်၊ ဥပဇ္ဈာယ်ဆရာသည် အာပတ်နှင့် နီးစပ်သော စကားကို ပြောဆိုခဲ့သော် တားမြစ်ရမည်။

ဆွမ်းခံရာမှ ပြန်လာသော် ရှေးဦးစွာ လာ၍ နေရာကို ခင်းထားရမည်၊ ခြေဆေးရေ ခြေဆေး အင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ ခရီးဦး ကြိုဆို၍ သပိတ် သင်္ကန်းကို လှမ်းယူရမည်၊ ကျောင်းဝတ် သင်းပိုင်ကို ပေးရမည်၊ ဆွမ်းခံဝတ် သင်းပိုင်ကို လှမ်းယူရမည်။ သင်္ကန်းသည် ချွေး စွတ်အံ့၊ တခဏမျှ နေပူ၌ လှန်းထားရမည်၊ နေပူ၌ သင်္ကန်းကို ကြာမြင့်စွာ မထားအပ်၊ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းကို ခေါက်သည်ရှိသော် "အလယ်၌ ခေါက်ရိုးမကျိုးပါစေလင့်" ဟု နှလုံးသွင်း လျက် လက်လေးသစ် အနားကို လျှော့၍ 'ရွှေ့ရှား၍' သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက်အတွင်း ၌ ခါးပန်းကြိုးကို ထားရမည်။

ဆွမ်းရှိသည်ဖြစ်၍ ဥပဇ္ဈာယ်ဆရာသည်လည်း စားလိုသည် ဖြစ်အံ့၊ ရေကို ပေး၍ ဆွမ်းကို ဆက် ကပ်ရမည်၊ ဥပဇ္ဈာယ်ဆရာကို သောက်ရေဖြင့် ပန်ကြားရမည်၊ ဆွမ်းစားပြီးသော ဥပဇ္ဈာယ်ဆရာအား ရေကို ပေး၍ သပိတ်ကို လှမ်းယူပြီးလျှင် ရှိသေကောင်းမွန်စွာ မထိမခိုက်မိစေပဲ ဆေးကြောသုတ်သင် လျက် ရေမရှိအောင်ပြုပြီး တခဏမျှ နေပူ၌ လှန်းထားရမည်၊ နေပူ၌ သပိတ်ကို ကြာမြင့်စွာ မထားအပ်။

သပိတ် သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်းအောက်ကိုရင်း အင်းပျဉ်အောက်ကိုရင်း စမ်းသပ်၍ သပိတ်ကို ထားရ မည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားအပ်၊ သင်္ကန်းကို ထားလိုသော် လက်တဖက်ဖြင့် သင်္ကန်း ကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်းဝါး သင်္ကန်းတန်းကြိုးကို (ပွတ်တိုက်၍) ထိုမှာဖက်က အစွန်းကို ဤမှာဖက်မှ အခွေပြုလျက် သင်္ကန်းကို ထားရမည်။

ဥပဇ္ဈာယ်ဆရာ ထသည်ရှိသော် နေရာကို ခေါက်ထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ် အိုးခြမ်းကို သိမ်းဆည်းရမည်။ ထိုနေရာ၌ အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။ ဥပဇ္ဈာယ်ဆရာသည် ရေချိုးလိုသည် ဖြစ်အံ့၊ ချိုးရေကို စီရင်ရမည်။ ရေအေးဖြင့် အလိုရှိငြားအံ့၊ အေးသော ချိုးရေကို စီရင်ရမည်။ ရေပူဖြင့် အလိုရှိငြားအံ့၊ ပူသော ချိုးရေကို စီရင်ရမည်။

ဥပဇ္ဈာယ်ဆရာသည် ဇန္တာအိမ်သို့ ဝင်လိုသည် ဖြစ်အံ့၊ ကသယ်မှုန့်ကို ရေဖြင့် လုံးရမည်၊ မြေညက် ကို ရေဖြင့် ဆွတ်ရမည်၊ ဇန္တာအိမ် အင်းပျဉ်ကိုယူ၍ ဥပဇ္ဈာယ်ဆရာ၏ နောက်မှ နောက်မှ သွား၍ ဇန္တာအိမ် အင်းပျဉ်ကို ပေးပြီးလျှင် သင်္ကန်းကို လှမ်းယူ၍ သင့်ရာအရပ်၌ ထားရမည်၊ ကသယ်မှုန့်ကို ပေးရမည်၊ မြေညက်ကို ပေးရမည်။ အကယ်၍ စွမ်းနိုင်လျှင် ဇန္တာအိမ်သို့ ဝင်ရမည်၊ ဇန္တာအိမ်သို့ ဝင် သော ရဟန်းသည် ရေဆွတ်သော မြေညက်မှုန့်ဖြင့် မျက်နှာကို လိမ်းကျံ၍ ရှေ့မှရင်း နောက်မှရင်း (ရေသနုပ်ဖြင့်)ဖုံးလွှမ်း၍ ဇန္တာအိမ်သို့ ဝင်ရမည်။ သီတင်းကြီး ဖြစ်သော ရဟန်းတို့ကို တိုးဝှေ့၍ မနေထိုင်အပ်၊ သီတင်းငယ်ဖြစ်သော ရဟန်းတို့ကိုလည်း နေရာဖြင့် မတားမြစ်အပ်၊ ဇန္တာအိမ်၌ ဥပဇ္ဈာယ် ဆရာအား မီးညီခြင်း ဖသော အမှုခပ်သိမ်းကို ပြုရမည်၊ ဇန္တာအိမ်မှ ထွက်သော ရဟန်းသည် ဇန္တာအိမ် အင်းပျဉ်ကိုယူ၍ ရှေ့မှရင်း နောက်မှရင်း (ရေသနုပ်ဖြင့်)ဖုံးလွှမ်း၍ ဇန္တာအိမ်မှ ထွက်ရမည်။

http://www.dhammadownload.com



ရေချိုးလည်း ဥပဇ္ဈာယ်ဆရာအား (ချေးတွန်းခြင်း စသော)အမှုခပ်သိမ်းကို ပြုရမည်။ ရေချိုးပြီးသော ရဟန်းသည် ဥပဇ္ဈာယ်ဆရာ၏ ရှေးဦးစွာ တက်၍ မိမိကိုယ်ကို ရေမရှိအောင်ပြု၍ သင်းပိုင်ကို ဝတ်လျက် ဥပဇ္ဈာယ်ဆရာ၏ ကိုယ်မှ ရေကို သုတ်ရမည်၊ သင်းပိုင်ကို ပေးရမည်၊ ကိုယ်ဝတ် ဒုကုဋ်ကို ပေးရမည်၊ ဇရုံးအိမ် အင်းပျဉ်ကို ယူခဲ့၍ ရှေးဦးစွာ လာ၍ နေရာကို ခင်းရမည်၊ ခြေဆေးရေ ခြေဆေး အင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ ဥပဇ္ဈာယ်ဆရာကို သောက်ရေဖြင့် မေးမြန်းရမည်။ အကယ်၍ သင်ယူစေလိုသည်ဖြစ်အံ့၊ သင်ယူရမည်၊ မေးမြန်းစေလိုသည်ဖြစ်အံ့၊ မေးမြန်းရမည်။

ဥပဇ္ဈာယ်ဆရာနေသော ကျောင်းသည် အံမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင်ရှင်းလင်းရမည်၊ ကျောင်းကို သုတ်သင်လိုသော ရဟန်းသည် ရှေးဦးစွာ သပိတ် သက်န်းကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ဘုံလျှို ခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်၊ ညောင်စောင်းကို ရှိရှိသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိမခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အင်းပျဉ်ကို ရှိရှိသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိမခိုက်စေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းခြေတို့ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ထွေးခံကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မှီရာတံကဲပျဉ်ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မြေအခင်းကို ခင်းမြဲအတိုင်း နေရာမှတ်လျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ ကျောင်း၌ ပိုး အိမ်ပင့်ကူ မျှင်ရှိ ဘိ၊ ဗိတာန်မျက်နှာကြက်မှစ၍ ပယ်ရှားရမည်၊ လေသွန်တံခါး တိုက်လေးထောင့်တို့ကို သုံးသပ်ပွတ်တိုက်ရမည်။

ဂွေနီ စသည်ဖြင့် အပြေအပြစ် ပြုအပ်သော နံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ မည်းသောအဆင်းဖြင့် အပြေအပြစ် ပြုအပ်သော မြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ အပြေအပြစ် မပြုအပ်သော မြေဖြစ်အံ့၊ ရေဖျန်း၍ "ကျောင်းကို မြူမတက်စေလင့်" ဟု (နှလုံးထား၍)တံမြက်လှည်းရမည်၊ အမှိုက်တံမြက်ချေးကို စုရုံး၍ သင့်ရာအရပ်၌ စွန့်ပစ်ရမည်။

မြေအခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန်ပြန်ခင်းထားရမည်၊ ညောင်စောင်းခြေတို့ကိုနေလှန်းသုတ်သင်ပြီးလျှင် ခင်းထားမြဲအတိုင်း နေရာ၌တဖန် ပြန်ခင်းထားရမည်၊ ညောင်စောင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေပြုလျက် ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိမခိုက်စေပဲ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊ အင်းပျဉ်ကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေပြုလျက် ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိမခိုက်စေပဲ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်။ ဘုံလျှို ခေါင်းအုံးကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊ ထွေးခံကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်း နေရာ၌ တဖန် ပြန်ထားရမည်၊ မှီရာတံကဲပျဉ်ကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ တဖန် ပြန်ထားရမည်။

သပိတ် သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်းအောက်ကို ၎င်း အင်းပျဉ်အောက်ကို၎င်း သုံးသပ်၍ သပိတ်ကို ထားရမည်၊ အခင်းမရှိသောမြေ၌ သပိတ်ကို မထားအပ်၊ သင်္ကန်းကို ထားလိုသော ရဟန်းသည်

http://www.dhammadownload.com



လက်တဖက်ဖြင့် သင်္ကန်းကိုကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်းဝါး သင်္ကန်းတန်းကြိုးကို ပွတ်တိုက်၍ ထိုမှာဖက်က အစွန်းကို ဤမှာဖက်မှ အခွေပြုလျက် သင်္ကန်းကို ထားရမည်။

အရှေ့အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အရှေ့မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အနောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ အနောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ မြောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ မြောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ တောင်အရပ်မှ မြူနှင့်တကွသော လေတို့သည် လာကုန်အံ့၊ တောင်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ရမည်၊ ညဉ့်အခါ၌ ပိတ်ရမည်။ ပူအိုက်သောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ထားရမည်၊ ညဉ့်အခါ၌ ဖွင့်ထားရမည်။

ပရိဝုဏ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ ပရိဝုဏ်ကို တံမြက်လှည်းရမည်။ တံခါးမုခ်‘ရေချိုးအိုး’သည် အမှိုက်ရှိသည်ဖြစ်အံ့၊ တံခါးမုခ်ကို တံမြက်လှည်းရမည်၊ စည်းဝေးရာစရပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ စည်းဝေးရာစရပ်ကို တံမြက်လှည်းရမည်။ မီးတင်းကုပ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ မီးတင်းကုပ်ကို တံမြက်လှည်းရမည်။ ကျင်ကြီးအိမ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်။ သောက်ရေမရှိအံ့၊ သောက်ရေကို တည်ထားရမည်၊ သုံးရေမရှိအံ့၊ သုံးရေကို တည်ထားရမည်။ သန့်သက်ရေအိုး၌ ရေမရှိသည် ဖြစ်အံ့၊ သန့်သက်ရေအိုး၌ ရေကို သွန်းလောင်းရမည်။

ဥပဇ္ဈာယ်ဆရာအား မမွေ့လျော်ခြင်းသည် ဖြစ်ငြားအံ့၊ အတူနေတပည့်သည် ပျောက်ငြိမ်းစေရမည်၊ သူတပါးကိုသော်လည်း ပျောက်ငြိမ်းစေရမည်၊ ထိုဥပဇ္ဈာယ်ဆရာအား တရားစကားကို မူလည်း ဟောပြောရမည်။ ဥပဇ္ဈာယ်ဆရာအား တွေးတောမှု ‘သံသယကုက္ကုစ္စ’ သည်အကယ်၍ ဖြစ်အံ့၊ အတူနေတပည့်သည် ပယ်ဖျောက်ရမည်၊ သူတပါးကိုသော်လည်း ပယ်ဖျောက်စေရမည်၊ ထိုဥပဇ္ဈာယ်ဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ ဥပဇ္ဈာယ်ဆရာအား မှားသောအယူသည် ဖြစ်ငြားအံ့၊ အတူနေတပည့်သည် ဖြေရှင်းရမည်၊ သူတပါးကိုသော်လည်း ဖြေရှင်းစေရမည်၊ ထိုဥပဇ္ဈာယ်ဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ ဥပဇ္ဈာယ်ဆရာသည် ဂရုကအာပတ်သို့ ရောက်သည် ဖြစ်၍ ပရိဝါသ် နေခြင်းငှါ ထိုက်ငြားအံ့၊ အတူနေတပည့်သည် “အဘယ်သို့လျှင် သံဃာတော်သည် ဥပဇ္ဈာယ်ဆရာအား ပရိဝါသ်ကို ပေးရာအံ့နည်း” ဟု လုံ့လကို ပြုရမည်။ ဥပဇ္ဈာယ်ဆရာသည် အရင်းသို့ ပြန်၍ ငင်ခြင်းငှါ ထိုက်သည်ဖြစ်အံ့၊ အတူနေတပည့်သည် “အဘယ်သို့လျှင် သံဃာတော်သည် ဥပဇ္ဈာယ်ဆရာကို အရင်းသို့ပြန်၍ ငင်ပါအံ့နည်း” ဟု လုံ့လကို ပြုရမည်။

ဥပဇ္ဈာယ်ဆရာသည် မာနတ်ကျင့်ခြင်းငှါ ထိုက်သည် ဖြစ်အံ့၊ အတူနေတပည့်သည် “အဘယ်သို့လျှင် သံဃာတော်သည် ဥပဇ္ဈာယ်ဆရာအား မာနတ်ကို ပေးပါအံ့နည်း” ဟု လုံ့လကို ပြုရမည်။ ဥပဇ္ဈာယ်ဆရာသည် အဗ္ဘာန်သွင်းခြင်းငှါ ထိုက်သည်ဖြစ်အံ့၊ အတူနေတပည့်သည် “အဘယ်သို့လျှင် သံဃာတော်သည် ဥပဇ္ဈာယ်ဆရာကို အဗ္ဘာန်သွင်းပါအံ့နည်း” ဟု လုံ့လကိုပြုရမည်။ သံဃာတော်သည် ဥပဇ္ဈာယ်ဆရာအား တဇ္ဇနီယကံကိုရင်း နိယဿကံကိုရင်း ပဗ္ဗာဇနီယကံကိုရင်း ပဋိသာရဏီယကံကိုရင်း ဥက္ခေပနီယကံကိုရင်း ပြုလိုသည်ဖြစ်အံ့၊ အတူနေတပည့်သည် “အဘယ်သို့လျှင် သံဃာတော်သည် ဥပဇ္ဈာယ်ဆရာအား ကံမပြုပါအံ့နည်း ပေါ့သောကံသို့မူလည်း ညွတ်စေရပါအံ့နည်း” ဟု လုံ့လကို ပြုရမည်။ ထိုဥပဇ္ဈာယ်ဆရာအား သံဃာတော်သည် တဇ္ဇနီယကံကိုရင်း နိယဿကံကိုရင်း ပဗ္ဗာဇနီယကံကိုရင်း၊ ပဋိသာရဏီယကံကိုရင်း ဥက္ခေပနီယကံကိုရင်း ပြုအပ်ပြီးသည် ဖြစ်အံ့၊ အတူနေတပည့်

http://www.dhammadownload.com



သည် "အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာသည် ကောင်းစွာ ကျင့်ပါအံ့နည်း၊ မာန်တည်းဟူသော အမြွေးကိုမူလည်း 'အမျက်ဒေါသကိုမူလည်း' ချပါအံ့နည်း၊ ဒဏ်မှ ထွက်မြောက်အံ့သော အကျင့်ကို ကျင့်ပါအံ့နည်း၊ သံဃာတော်သည် ထိုကံကို ငြိမ်းစေပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။

အကယ်၍ ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းကို ဖွပ်လျှော်သင့်သည် ဖြစ်အံ့၊ အတူနေတပည့်သည် ဖွပ်လျှော်ရမည်၊ "အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းကို ဖွပ်လျှော်ရပါအံ့နည်း" ဟု လုံ့လကို မူလည်း ပြုရမည်။ ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းကို ချုပ်သင့်သည် ဖြစ်အံ့၊ အတူနေတပည့်သည် ချုပ်ရမည်၊ "အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းကို ချုပ်ရပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်။ ဥပဇ္ဈာယ်ဆရာ၏ ဆိုးရည် ကို ကျိုသင့်သည် ဖြစ်အံ့၊ အတူနေတပည့်သည် ကျိုရမည်၊ "အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာ၏ ဆိုးရည်ကို ကျိုရပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်။ ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းကို ဆိုးသင့်သည် ဖြစ်အံ့၊ အတူနေတပည့်သည် ဆိုးရမည်၊ "အဘယ်သို့လျှင် ဥပဇ္ဈာယ်ဆရာ၏ သင်္ကန်းကို ဆိုးရပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်၊ သင်္ကန်းဆိုးလိုသော ရဟန်းသည် ကောင်းစွာ အပြန်ပြန်အလှန်လှန် ဆိုးရမည်၊ ဆိုးရည်ပေါက် မပြတ်စဲမီ ဖဲမသွားအပ်။

ဥပဇ္ဈာယ်ဆရာကို မပန်ကြားပဲ အချို့သောသူအား သပိတ်ကို မပေးအပ်၊ အချို့သောသူ၏ သပိတ်ကို မယူအပ်၊ အချို့သော သူအား သင်္ကန်းကို မပေးအပ်၊ အချို့သောသူ၏ သင်္ကန်းကို မယူအပ်၊ အချို့သောသူအား သင်္ကန်းပရိက္ခရာ 'အသုံးအဆောင်'ကို မပေးအပ်၊ အချို့သောသူ၏ ပရိက္ခရာ 'အသုံးအဆောင်'ကို မယူအပ်၊ အချို့သောသူ၏ ဆံပင်တို့ကို မရိတ်ဖြတ်အပ်၊ အချို့သောသူကို မိမိဆံပင်တို့ကို မရိတ်ဖြတ်စေအပ်၊ အချို့သောသူ၏ အမှုခပ်သိမ်းကို မပြုအပ်၊ အချို့သောသူကို (ချေးတွန်းခြင်း စသော) အမှုခပ်သိမ်းကို မပြုစေအပ်၊ အချို့သောသူ၏ အမှုကြီးငယ်ကို မပြုအပ်၊ အချို့သောသူကို မိမိအမှုကြီးငယ်ကို မပြုစေအပ်၊ အချို့သောသူ၏ နောက်လိုက် ရဟန်း မဖြစ်အပ်၊ အချို့သောသူကို နောက်လိုက် ရဟန်း မယူအပ်(မခေါ်အပ်)၊ အချို့သောသူ၏ ဆွမ်းကို မဆောင်အပ်၊ အချို့သောသူကို မိမိဆွမ်းကို မဆောင်စေအပ်၊ ဥပဇ္ဈာယ်ဆရာကို မပန်ကြားပဲ ရွာတွင်းသို့ မဝင်အပ်၊ သုသာန်သို့ မသွားအပ်၊ အရပ်တပါးသို့ ဖဲမသွားအပ်။ ဥပဇ္ဈာယ်ဆရာသည် အကယ်၍ နာဖျားသည် ဖြစ်အံ့၊ အသက်ရှည်သမျှကာလပတ်လုံး လုပ်ကျွေးရမည်၊ ထိုဥပဇ္ဈာယ်ဆရာ၏ အနာမှထခြင်း 'ပျောက်ခြင်း'ကို ငံ့လင့်ရမည် 'စောင့်ဆိုင်းရမည်'။ ဤကား အတူနေ တပည့်တို့၏ ဥပဇ္ဈာယ်ဆရာတို့၌ ကျင့်ရမည့်ဝတ်တည်း၊ ယင်းကျင့်ဝတ်အတိုင်း အတူနေတပည့်တို့သည် ဥပဇ္ဈာယ်ဆရာတို့၌ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ၁၂-အတူနေတပည့်တို့၌ ကျင့်ရမည့်ဝတ်

၃၇၇။ ထိုအခါ ဥပဇ္ဈာယ်ဆရာတို့သည် အတူနေတပည့်တို့၌ ကောင်းစွာ မကျင့်ကုန်။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဥပဇ္ဈာယ်ဆရာတို့သည် အတူနေတပည့်တို့၌ ကောင်းစွာ မကျင့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ ဥပဇ္ဈာယ်ဆရာတို့သည် အတူနေတပည့်တို့၌ ကောင်းစွာ မကျင့်ကုန် ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

http://www.dhammadownload.com



၃၇၈။ ရဟန်းတို့ သို့ဖြစ်လျှင် ဥပဇ္ဈာယ်ဆရာတို့အား အတူနေ တပည့်တို့၌ ကျင့်ရမည့်ဝတ်ကို ပညတ်အံ့၊ ယင်းကျင့်ဝတ်အတိုင်း ဥပဇ္ဈာယ်ဆရာတို့သည် အတူနေတပည့်တို့၌ ကျင့်ရမည်။

ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ကောင်းစွာ ကျင့်ခြင်းတည်း။

ရဟန်းတို့ ဆရာသည် အနီးနေတပည့်ကို သင်ယူခြင်း၊ မေးမြန်းခြင်း၊ သွန်သင်ဆုံးမခြင်းတို့ဖြင့် သင်္ဂြိုဟ်ချီးမြှင့်အပ်၏။ ဆရာအား သပိတ်ရှိ၍ အနီးနေတပည့်အား သပိတ်မရှိအံ့၊ ဥပဇ္ဈာယ်ဆရာသည် အနီးနေတပည့်အား သပိတ်ကို ပေးရမည်၊ "အဘယ်သို့လျှင် အနီးနေတပည့်အား သပိတ်ဖြစ်ပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်။ ဆရာအား သင်္ကန်းရှိ၍ အနီးနေတပည့်အား သင်္ကန်းမရှိအံ့၊ ဆရာသည် အနီးနေ တပည့်အား သင်္ကန်းကို ပေးရမည်၊ "အဘယ်သို့လျှင် အနီးနေတပည့်အား သင်္ကန်းဖြစ်ပါအံ့နည်း" ဟု လုံ့လကိုမူလည်း 'ကြောင့်ကြခြင်းကိုမူလည်း' ပြုရမည်။ ဆရာအား ပရိက္ခရာ 'အသုံးအဆောင်'ရှိ၍ အနီးနေ တပည့်အား ပရိက္ခရာ 'အသုံးအဆောင်'မရှိအံ့၊ ဆရာသည် အနီးနေ တပည့်အား ပရိက္ခရာ 'အသုံးအဆောင်'ကို ပေးရမည်။ "အဘယ်သို့လျှင် အနီးနေတပည့်အား ပရိက္ခရာ'အသုံးအဆောင်'ဖြစ်ပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်။

အကယ်၍ အနီးနေတပည့်သည် နာဖျားအံ့၊ နံနက်စောစောထ၍ ဒန်ပူကို ပေးရမည်၊ မျက်နှာသစ်ရေကို ပေးရမည်၊ နေရာကို ခင်းရမည်။ အကယ်၍ ယာဂုရှိခဲ့လျှင် ခွက်ကို ဆေးကြော၍ ယာဂုကို ပေးရမည်၊ ယာဂုသောက်ပြီးသော အတူနေတပည့်အား ရေပေးပြီး၍ ခွက်ကို လှမ်းယူပြီးနောက် ရှိသေကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြောပြီးလျှင် သိုမှီးသိမ်းဆည်းထားရမည်၊ အနီးနေတပည့်သည် နေရာမှ ထခဲ့သော် နေရာကို ခေါက်ထားရမည်။ ထိုနေရာသည် အညစ်အကြေးရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။

အနီးနေ တပည့်သည် ရွာသို့ အကယ်၍ ဝင်လိုငြားအံ့၊ သင်းပိုင်ကို ပေးရမည်၊ ဝတ်ပြီး သင်းပိုင်ကို လှမ်းယူရမည်၊ ခါးပန်းကြိုးကို ပေးရမည်၊ ကိုယ်ဝတ် ဒုကုဋ်တို့ကို ထပ်၍ ပေးရမည်၊ ဆေးကြော၍ ရေနှင့်တကွသော သပိတ်ကို ပေးရမည်။

"ဤမျှ အတိုင်းအရှည်ရှိသောအခါ ပြန်လာအံ့" ဟု (နှလုံးသွင်း၍)နေရာကို ခင်းထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်။ ခရီးဦး ကြိုဆို၍ သပိတ် သင်္ကန်းကို လှမ်းယူရမည်၊ ကျောင်းဝတ်သင်းပိုင်ကို ပေးရမည်၊ ရွာပတ်သင်းပိုင်ကို လှမ်းယူရမည်။ အကယ်၍ သင်္ကန်းသည် ချွေးစွတ်အံ့၊ တခဏမျှ နေပူ၌ လှန်းထားရမည်၊ နေပူ၌ သင်္ကန်းကို ကြာမြင့်စွာ မထားအပ်၊ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက်သည်ရှိသော် အလယ်၌ ခေါက်ရိုးကျိုးသည် မဖြစ်စေလင့် ဟု (နှလုံးသွင်းလျက်)လက်လေးသစ် အနားကို လျှော့၍'ရွှေ့ရှား၍'သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက်အတွင်း၌ ခါးပန်းကြိုးကို ထားရမည်။

ဆွမ်းရှိသည်ဖြစ်၍ အနီးနေ တပည့်သည်လည်း စားလိုသည်ဖြစ်အံ့၊ ရေကို ပေး၍ ဆွမ်းကို ပေးရမည်၊ အနီးနေ တပည့်ကို သောက်ရေဖြင့် မေးမြန်းရမည်၊ ဆွမ်းစားပြီးသော အနီးနေ တပည့်အား ရေကိုပေး၍ သပိတ်ကို လှမ်းယူပြီးလျှင် ရှိသေကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြော သုတ်သင်လျက် ရေမရှိအောင်ပြု၍ တခဏမျှ နေပူ၌ လှန်းထားရမည်၊ နေပူ၌ သပိတ်ကို ကြာမြင့်စွာ မထားအပ်။ သပိတ် သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်းအောက်ကိုရှင်း အင်းပျဉ်အောက်ကိုရှင်း စမ်းသပ်၍ သပိတ်ကို

http://www.dhammadownload.com



ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားအပ်။ သင်္ကန်းကို ထားလိုသော် လက်တဖက်ဖြင့် သင်္ကန်းကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်တိုက်၍ ထိုမှာဖက်က အစွန်းကို ဤမှာဖက်မှ အခွေပြုလျက် သင်္ကန်းကို ထားရမည်။ အနီးနေ တပည့်ထသည်ရှိသော် နေရာကို ခေါက်ထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိုမှီးသိမ်းဆည်းရမည်။ ထိုနေရာသည် အမှိုက်ရှိသည်ဖြစ်အံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။

အနီးနေ တပည့်သည် ရေချိုးလိုသည်ဖြစ်အံ့၊ ချိုးရေကို စီရင်ရမည်။ ရေအေးဖြင့် အလိုရှိငြားအံ့၊ အေးသော ချိုးရေကို စီရင်ရမည်။ ရေပူဖြင့် အလိုရှိငြားအံ့၊ ပူသော ချိုးရေကို စီရင်ရမည်။

အနီးနေ တပည့်သည် ဇန္တာအိမ်သို့ ဝင်လိုသည်ဖြစ်အံ့၊ ကသယ်မှုန့်ကို ရေဖြင့်လုံးရမည်၊ မြေညက်ကို ရေဖြင့် ဆွတ်ရမည်၊ ဇန္တာအိမ် အင်းပျဉ်ကိုယူ၍ သွားပြီးနောက် ဇန္တာအိမ်၌ အင်းပျဉ်ကို ပေးပြီးလျှင် သင်္ကန်းကို လှမ်းယူ၍ သင့်ရာအရပ်၌ ထားရမည်၊ ကသယ်မှုန့်ကို ပေးရမည်၊ မြေညက်ကို ပေးရမည်၊ အကယ်၍ စွမ်းနိုင်လျှင် ဇန္တာအိမ်သို့ ဝင်ရမည်၊ ဇန္တာအိမ်သို့ ဝင်သောဆရာသည် ရေဆွတ်သော မြေညက်မှုန့်ဖြင့် မျက်နှာကို လိမ်းကျံ၍ ရှေ့မှရော နောက်မှရော (ရေသနုပ်ဖြင့်)ဖုံးလွှမ်း၍ ဇန္တာအိမ်သို့ ဝင်ရမည်၊ သီတင်းကြီးဖြစ်သော ရဟန်းတို့ကို တိုးဝှေ့၍ မနေထိုင်အပ်၊ သီတင်းငယ်ဖြစ်သော ရဟန်းတို့ကိုလည်း နေရာဖြင့် မတားမြစ်အပ်။ ဇန္တာအိမ်၌ အနီးနေတပည့်အား (မီးညှိခြင်းစသော) အမှုခပ်သိမ်းကို ပြုရမည်၊ ဇန္တာအိမ်မှ ထွက်သော ရဟန်းသည် ဇန္တာအိမ် အင်းပျဉ်ကို ယူ၍ ရှေ့မှရော နောက်မှရော (ရေသနုပ်ဖြင့်)ဖုံးလွှမ်း၍ ဇန္တာအိမ်မှ ထွက်ရမည်။

ရေ၌လည်း အနီးနေတပည့်အား (ချေးတွန်းခြင်းစသော)အမှုခပ်သိမ်းကို ပြုရမည်။ ရေချိုးပြီးသော ဆရာသည် ရှေးဦးစွာ တက်၍ မိမိကိုယ်ကို ရေမရှိအောင်ပြု၍ သင်းပိုင်ကိုဝတ်လျက် အနီးနေ တပည့်၏ ကိုယ်မှ ရေကို သုတ်ရမည်၊ သင်းပိုင်ကို ပေးရမည်၊ ကိုယ်ဝတ် ဒုကုဋ်ကို ပေးရမည်၊ ဇန္တာအိမ် အင်းပျဉ်ကို ယူလျက် ရှေးဦးစွာ လာ၍ နေရာကို ခင်းရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ အနီးနေ တပည့်ကို သောက်ရေဖြင့် မေးမြန်းရမည်။

အနီးနေ တပည့်နေသောကျောင်းသည် အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင်ရှင်းလင်းရမည်၊ ကျောင်းကို သုတ်သင်လိုသော ဆရာသည် ရှေးဦးစွာ သပိတ် သင်္ကန်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ပ။ . သန့်သက်ရေအိုး၌ အကယ်၍ ရေမရှိသည်ဖြစ်အံ့၊ သန့်သက်ရေအိုး၌ ရေကို သွန်းလောင်းရမည်။

အနီးနေ တပည့်အား မမွေ့လျော်ခြင်းသည် ဖြစ်အံ့၊ ဆရာသည် ပျောက်ငြိမ်းစေရမည်၊ (သူတပါးကိုသော်လည်း)ပျောက်ငြိမ်းစေရမည်၊ တရားစကားကိုမူလည်း ဟောပြောစေရမည်။ အနီးနေ တပည့်အား တွေးတောမှု 'သံသယကုက္ကုစ္စ'သည် ဖြစ်အံ့၊ ဆရာသည် ပယ်ဖျောက်ရမည် (သူတပါးကိုသော်လည်း)ပယ်ဖျောက်စေရမည်၊ထိုအနီးနေတပည့်အားတရားစကားကိုမူလည်း ဟောပြောရမည်၊ အနီးနေတပည့်အား မှားသောအယူသည် ဖြစ်အံ့၊ဆရာသည် ဖြေရှင်းရမည်၊(သူတပါးကိုသော်လည်း) ဖြေရှင်းစေရမည်၊ ထိုအနီးနေတပည့်အား တရားစကားကိုမူလည်း ဟောပြောရမည်။ အနီးနေတပည့်သည် ဂရုကအာပတ်သို့ ရောက်သည်ဖြစ်၍ ပရိဝါသ်နေခြင်းငှါ ထိုက်ငြားအံ့၊ ဆရာသည် "အဘယ်သို့လျှင် သံဃာတော်သည် အနီးနေတပည့်အား ပရိဝါသ်ကို ပေးရာအံ့နည်း"ဟု လုံ့လကို ပြုရမည်။ အနီးနေ တပည့်သည် အရင်းသို့ ပြန်၍ ငင်ခြင်းငှါ ထိုက်သည်ဖြစ်အံ့၊ ဆရာသည် "အဘယ်သို့လျှင် သံဃာ

http://www.dhammadownload.com



တော်သည် အနီးနေတပည့်ကို အရင်းသို့ ပြန်၍ ငင်ပါအံ့နည်း” ဟု လုံ့လကို ပြုရမည်။ အနီးနေ တပည့်သည် မာနတ်ကျင့်ခြင်းငှါ ထိုက်သည်ဖြစ်အံ့၊ဆရာသည် “အဘယ်သို့လျှင် သံဃာတော်သည် အနီးနေ တပည့်အား မာနတ်ကို ပေးပါအံ့နည်း” ဟု လုံ့လကို ပြုရမည်။ အနီးနေ တပည့်သည် အဗ္ဘာန်သွင်းခြင်း ငှါ ထိုက်သည် ဖြစ်အံ့၊ ဆရာသည် “အဘယ်သို့လျှင် သံဃာတော်သည် အနီးနေ တပည့်ကို အဗ္ဘာန် သွင်းပါအံ့နည်း” ဟု လုံ့လကို ပြုရမည်။

သံဃာသည် အနီးနေတပည့်အား တဇ္ဇနီယကံကိုရင်း နိယဿကံကိုရင်း ပဗ္ဗာဇနီယကံကိုရင်း ပဋိသာရဏီယကံကိုရင်း ဥက္ခေပနီယကံကိုရင်း ပြုလိုသည် ဖြစ်အံ့၊ ဆရာသည် “အဘယ်သို့လျှင် သံဃာတော်သည် အနီးနေတပည့်အား ကံမပြုပါအံ့နည်း၊ ပေါ့သောကံသို့မူလည်း ညွတ်စေရပါအံ့ နည်း” ဟု လုံ့လကို ပြုရမည်။

ထိုအနီးနေ တပည့်အား သံဃာသည် တဇ္ဇနီယကံကိုရင်း နိယဿကံကိုရင်း ပဗ္ဗာဇနီယကံကိုရင်း ပဋိသာရဏီယကံကိုရင်း ဥက္ခေပနီယကံကိုရင်း ပြုအပ်ပြီးသည် ဖြစ်အံ့၊ ဆရာသည် “အဘယ်သို့လျှင် အနီးနေ တပည့်သည် ကောင်းစွာ ကျင့်ပါအံ့နည်း၊ မာန်တည်းဟူသော အမွေးကိုမူလည်း ‘အမျက် ဒေါသကိုမူလည်း’ချပါအံ့နည်း၊ ကံမှ ထွက်မြောက်သော အကျင့်ကို ကျင့်ပါအံ့နည်း၊ သံဃာသည် ထိုကံကို ငြိမ်းစေပါအံ့နည်း” ဟု လုံ့လကို ပြုရမည်။ အနီးနေ တပည့်၏ သင်္ကန်းကို ဖွပ်လျှော်သင့်သည် ဖြစ်အံ့၊ ဆရာသည် “ဤသို့ ဖွပ်လော့” ဟု ပြောကြားရမည်၊ “အဘယ်သို့လျှင် အနီးနေ တပည့်၏ သင်္ကန်းကို ဖွပ်လျှော်စေရပါအံ့နည်း” ဟု လုံ့လကို ပြုရမည်။ အနီးနေတပည့်၏ သင်္ကန်းကို ချုပ်သင့် သည် ဖြစ်အံ့၊ ဆရာသည် “ဤသို့ ချုပ်လော့” ဟု ပြောကြားရမည်။ “အဘယ်သို့လျှင် အနီးနေ တပည့်၏ သင်္ကန်းကို ချုပ်စေရပါအံ့နည်း” ဟု လုံ့လကိုမူလည်း ပြုရမည်။ အနီးနေတပည့်၏ ဆိုးရည်ကို ကျိုသင့်သည် ဖြစ်အံ့၊ ဆရာသည် “ဤသို့ ကျိုလော့” ဟု ပြောကြားရမည်၊ “အဘယ်သို့လျှင် အနီးနေ တပည့်၏ ဆိုးရည်ကို ကျိုစေရပါအံ့နည်း” ဟု လုံ့လကိုလည်း ပြုရမည်။ အကယ်၍ အနီးနေတပည့်၏ သင်္ကန်းကို ဆိုးသင့်သည် ဖြစ်အံ့၊ ဆရာသည် “ဤသို့ ဆိုးလော့” ဟု ပြောကြားရမည်၊ “အဘယ်သို့ လျှင် အနီးနေတပည့်၏ သင်္ကန်းကို ဆိုးစေရပါအံ့နည်း” ဟု လုံ့လကိုလည်း ပြုရမည်။ သင်္ကန်းဆိုး လိုသော ရဟန်းသည် ကောင်းစွာ အပြန်ပြန် အလှန်လှန် ဆိုးရမည်၊ ဆိုးရည်ပေါက် မပြတ်စဲမီ ဖဲမသွားအပ်၊ အနီးနေတပည့်သည် နာဖျားသည် ဖြစ်အံ့၊ အသက်ရှည်သမျှ ကာလပတ်လုံး လုပ်ကျွေး ရမည်၊ ထိုအနီးနေတပည့်၏ အနာမှ ထခြင်း ‘ပျောက်ခြင်း’ကို ငံ့လင့်ရမည် ‘စောင့်ဆိုင်းရမည်’။ ရဟန်းတို့ ဤကား ဥပဇ္ဈာယ်ဆရာတို့၏ အတူနေ တပည့်တို့၌ ကျင့်ရမည့်ဝတ်တည်း၊ ယင်းကျင့်ဝတ် အတိုင်း ဥပဇ္ဈာယ်ဆရာတို့သည် အတူနေတပည့်တို့၌ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

ဒုတိယအခန်း ပြီး၏။

---

## ၁၃-အာစရိယဝတ်ကို ပြခြင်း

၃၇၉။ ထိုအခါ အနီးနေ တပည့်တို့သည် ဆရာတို့၌ ကောင်းစွာ မကျင့်ကုန်။ အလိုနည်းသော ရဟန်းတို့သည် “အဘယ့်ကြောင့် အနီးနေ တပည့်တို့သည် ဆရာတို့၌ ကောင်းစွာ မကျင့်ကုန်ဘိ သနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အနီးနေတပည့်တို့သည် ဆရာ တို့၌ ကောင်းစွာ မကျင့်ကုန် ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

http://www.dhammadownload.com



မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၇၀။ ရဟန်းတို့ သို့ဖြစ်လျှင် အနီးနေတပည့်တို့အား ဆရာတို့၌ ကျင့်ရမည့်ဝတ်ကို ပညတ်အံ့၊ ယင်းကျင့်ဝတ်အတိုင်း အနီးနေတပည့်တို့ ကျင့်ရမည်၊ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ကောင်းစွာ ကျင့်ခြင်းတည်း။

(အနီးနေ တပည့်သည်)နံနက်စောစောထ၍ ဘိနပ်ချွတ်ပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်၍ ဒန်ပူကပ်ရမည်၊ မျက်နှာသစ်ရေကပ်ရမည်၊ နေရာခင်းရမည်၊ အကယ်၍ ယာဂုရှိခဲ့လျှင် ခွက်ကို ဆေးကြောပြီး ယာဂု ဆက်ကပ်ရမည်၊ ယာဂုသောက်ပြီးသော ဆရာအား ရေကပ်ပြီး ခွက်ကို လှမ်းယူပြီးနောက် ရှိသေကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြောပြီးလျှင် သိမ်းဆည်းထားရမည်၊ ဆရာသည် နေရာမှ ထခဲ့သော် နေရာကို ခေါက်ထားရမည်။ အကယ်၍ ထိုနေရာသည် အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။

ဆရာသည် အကယ်၍ ရွာသို့ ဝင်လိုငြားအံ့၊ သင်းပိုင်ကို ပေးရမည်၊ ဝတ်ပြီး သင်းပိုင်ကို လှမ်းယူရမည်၊ ခါးပန်းကြိုးကို ပေးရမည်၊ ကိုယ်ဝတ် ဒုကုဋ်တို့ကို ထပ်၍ ပေးရမည်။ ဆေးကြော၍ ရေနှင့် တကွသော သပိတ်ကို ပေးရမည်။

ဆရာသည် နောက်လိုက်ရဟန်းကို အလိုရှိအံ့၊ အဝန်းသုံးပါးကို ဖုံးလွှမ်းသဖြင့် အဝန်းညီညွတ်စွာ သင်းပိုင်ကိုဝတ်၍ ခါးပန်းကြိုးကို ဖွဲ့ချည်လျက် ကိုယ်ဝတ်ဒုကုဋ်တို့ကို ထပ်ပြီးလျှင် ကောင်းစွာရုံ၍ ကမွတ်သီးကို တပ်လျက် သပိတ်ကို ဆေးကြောယူငင်၍ ဆရာ၏ နောက်လိုက်ရဟန်းဖြစ်ရာ၏၊ ဝေးလွန်းစွာ မသွားအပ်၊ နီးလွန်းစွာလည်း မသွားအပ်၊ သပိတ်လဲလှယ်ခြင်းကို လှမ်းယူရမည်၊ ဆရာ စကား ပြောဆိုစဉ် အကြားအကြား၌ စကားမပြောအပ်၊ ဆရာသည် အာပတ်နှင့် နီးစပ်သော စကား ကို ပြောဆိုခဲ့သော် တားမြစ်ရမည်။

ဆွမ်းခံရာမှ ပြန်လာသော် ရှေးဦးစွာ လာ၍ နေရာကို ခင်းထားရမည်၊ ခြေဆေးရေ ခြေဆေး အင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ ခရီးဦး ကြိုဆို၍ သပိတ် သင်္ကန်းကို လှမ်းယူရမည်၊ ကျောင်းဝတ်သင်းပိုင်ကို ပေးရမည်၊ ဆွမ်းခံဝတ် သင်းပိုင်ကို လှမ်းယူရမည်။ အကယ်၍ သင်္ကန်းသည် ချွေးစွတ်အံ့၊ တခဏမျှ နေပူ၌ လှန်းထားရမည်၊ နေပူ၌ သင်္ကန်းကို ကြာမြင့်စွာ မထားအပ်။ သင်္ကန်းကို ခေါက်ရမည်။ သင်္ကန်းကို ခေါက်သည်ရှိသော် "အလယ်၌ ခေါက်ရိုးကျိုးသည် မဖြစ်စေလင့်" ဟု နှလုံးသွင်းလျက် လက်လေးသစ် အနားကို လျှော့၍ 'ရွှေ့ရွှား၍' သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက် အတွင်း၌ ခါးပန်းကြိုးကို ထားရမည်။

အကယ်၍ ဆွမ်းရှိသည်ဖြစ်၍ ဆရာသည်လည်း စားလိုသည်ဖြစ်အံ့၊ ရေကို ပေး၍ ဆွမ်းကို ဆက်ကပ်ရမည်၊ ဆရာကို သောက်ရေဖြင့် ပန်ကြားရမည်၊ ဆွမ်းစားပြီးသော ဆရာအား ရေကိုပေး၍ သပိတ်ကို လှမ်းယူပြီးလျှင် ရှိသေကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြောသုတ်သင်လျက် ရေမရှိ အောင် ပြုပြီး တခဏမျှ နေပူ၌ လှန်းထားရမည်၊ နေပူ၌ သပိတ်ကို ကြာမြင့်စွာ မထားအပ်။

သပိတ် သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော် လက်တဖက်ဖြင့် သပိတ်ကိုကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်းအောက်ကိုရင်း အင်းပျဉ်အောက်ကိုရင်း စမ်းသပ်၍ သပိတ်ကို ထားရ

မည်၊ အခင်းမရှိသောမြေ၌ သပိတ်ကို မထားအပ်။ သင်္ကန်းကို ထားလိုသော် လက်တဖက်ဖြင့် သင်္ကန်းကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို (ပွတ်တိုက်၍) ထိုမှာဖက်က အစွန်းကို ဤမှာဖက်မှ အခွေပြုလျက် သင်္ကန်းကို ထားရမည်။

ဆရာ ထသည်ရှိသော် နေရာကို ခေါက်ထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိုမှီးသိမ်းဆည်းရမည်။ အကယ်၍ ထိုနေရာသည် အမှိုက်ရှိအံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။

ဆရာသည် ရေချိုးလိုသည်ဖြစ်အံ့၊ ချိုးရေကို စီရင်ရမည်။ အကယ်၍ ရေအေးဖြင့် အလိုရှိငြားအံ့၊ အေးသော ချိုးရေကို စီရင်ရမည်။ အကယ်၍ ရေပူဖြင့် အလိုရှိငြားအံ့၊ ပူသော ချိုးရေကို စီရင်ရမည်။

ဆရာသည် အကယ်၍ ဇန္တာအိမ်သို့ ဝင်လိုသည်ဖြစ်အံ့၊ ကသယ်မှုန့်ကို ရေဖြင့်လုံးရမည်၊ မြေညက်ကို ရေဖြင့် ဆွတ်ရမည်၊ ဇန္တာအိမ် အင်းပျဉ်ကိုယူ၍ ဆရာ၏ နောက်မှ နောက်မှ သွား၍ ဇန္တာအိမ် အင်းပျဉ်ကို ပေးပြီးလျှင် သင်္ကန်းကို လှမ်းယူ၍ သင့်ရာအရပ်၌ ထားရမည်၊ ကသယ်မှုန့်ကို ပေးရမည်၊ မြေညက်ကို ပေးရမည်။ စွမ်းနိုင်လျှင် ဇန္တာအိမ်သို့ ဝင်ရမည်၊ ဇန္တာအိမ်သို့ ဝင်သော ရဟန်းသည် ရေဆွတ်သော မြေညက်မှုန့်ဖြင့် မျက်နှာကို လိမ်းကျံ၍ ရှေ့မှရင်း နောက်မှရင်း (ရေသနုပ်ဖြင့်)ဖုံးလွှမ်း၍ ဇန္တာအိမ်သို့ ဝင်ရမည်။

သီတင်းကြီး ဖြစ်သော ရဟန်းတို့ကို တိုးဝှေ့၍ မနေထိုင်အပ်၊ သီတင်းငယ် ဖြစ်သော ရဟန်းတို့ကိုလည်း နေရာဖြင့် မတားမြစ်အပ်၊ ဇန္တာအိမ်၌ ဆရာအား(မီးညှိခြင်း စသော) အမှုခင်းသိမ်းကို ပြုရမည်၊ ဇန္တာအိမ်မှ ထွက်သော ရဟန်းသည် ဇန္တာအိမ် အင်းပျဉ်ကို ယူ၍ ရှေ့မှရင်း နောက်မှရင်း (ရေသနုပ်ဖြင့်)ဖုံးလွှမ်း၍ ဇန္တာအိမ်မှ ထွက်ရမည်။

ရေချိုးရာ၌လည်း ဆရာအား (ချေးတွန်းခြင်းစသော)အမှုခပ်သိမ်းကို ပြုရမည်။

ရေချိုးပြီးသော ရဟန်းသည် ဆရာ၏ ရှေးဦးစွာတက်၍ မိမိကိုယ်ကို ရေမရှိအောင်ပြု၍ သင်းပိုင်ကို ဝတ်လျက် ဆရာ၏ ကိုယ်မှ ရေကို သုတ်ရမည်၊ သင်းပိုင်ကို ပေးရမည်၊ ကိုယ်ဝတ်ဒုကုဋ်ကို ပေးရမည်၊ ဇန္တာအိမ် အင်းပျဉ်ကိုယူပြီးလျှင် ရှေးဦးစွာ လာ၍ နေရာကို ခင်းထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ ဆရာကို သောက်ရေဖြင့် မေးမြန်းရမည်။ အကယ်၍ သင်စေလိုသည်ဖြစ်အံ့၊ သင်ယူရမည်၊ မေးမြန်းစေလိုသည်ဖြစ်အံ့၊ မေးမြန်းရမည်။

ဆရာနေသော ကျောင်းသည် အကယ်၍ အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင် ရှင်းလင်းရမည်။ ကျောင်းကို သုတ်သင်လိုသော ရဟန်းသည် ရှေးဦးစွာ သပိတ်သင်္ကန်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ နိသီဒိုင် အိပ်ရာခင်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ဘုံလျှိုခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းကို ရှိရှိသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်မိစေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အင်းပျဉ်ကို ရှိရှိသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်မိစေပဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ညောင်စောင်းခြေတို့ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ထွေးခံကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ မှီရာတံကဲပျဉ်ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မြေအခင်းကို ခင်းမြဲတိုင်း နေရာမှတ်လျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အကယ်၍ ကျောင်း၌ ပိုးအိမ် ပင့်ကူမျှင် ရှိအံ့၊ ဗိတာန်မျက်နှာကြက်မှ စ၍ ဖယ်ရှားရမည်၊ လေသွန်တံခါး တိုက်လေးထောင့်တို့ကို သုံးသပ် ပွတ်တိုက်ရမည်။

http://www.dhammadownload.com



ဂေ္ဂနိစသည်ဖြင့် ပြေပြစ်စွာ ပွုအပ်သော နံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ မည်းသော အဆင်းဖြင့် အပြေအပြစ် ပွုအပ်သော မြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။ အပြေအပြစ် မပွုအပ်သော မြေဖြစ်အံ့၊ ရေဖျန်း၍ "ကျောင်းကို မှုန့်မတက်စေလင့်" ဟု (နှလုံးထား၍) တံမြက်လှည်းရမည်။ တံမြက်ချေးကို စုရုံး၍ သင့်ရာ အရပ်၌ စွန့်ပစ်ရမည်။

မြေအခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း နေရာ၌ တဖန် ပြန်ခင်းထားရမည်၊ ညောင်စောင်းခြေတို့ကို နေလှန်းသုတ်သင်ပြီးလျှင် ခင်းထားမြဲအတိုင်းနေရာ၌ တဖန် ပြန်ထားရမည်၊ ညောင်စောင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေပွုလျက် ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်မိစေပဲ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊ အင်းပျဉ်ကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေ ပွုလျက် ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်ကို မထိခိုက်မိစေပဲ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်။

ဘုံလျှို ခေါင်းအုံးကိုနေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်၊နိသီဒိုင် အိပ်ရာခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တဖန် ပြန်ခင်းထားရမည်။

ထွေးခံကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ တဖန် ပြန်ထားရမည်၊ မှီရာတံကဲပျဉ်ကို နေလှန်းပွတ်တိုက်၍ ထားမြဲတိုင်းနေရာ၌ တဖန် ပြန်ထားရမည်။

သပိတ် သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် ညောင်စောင်းအောက်ကိုရင်း အင်းပျဉ်အောက်ကိုရင်း သုံးသပ်၍ သပိတ်ကို ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားအပ်၊ သင်္ကန်းကို ထားလိုသော ရဟန်းသည် လက်တဖက်ဖြင့် သင်္ကန်းကိုကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်တိုက်၍ ထိုမှာဖက်က အစွန်းကို ဤမှာဖက်မှ အခွေပြုလျက် သင်္ကန်းကို ထားရမည်၊ အရှေ့အရပ်မှ မှုန့်နှင့်တကွသော လေတို့သည် လာကုန်အံ့၊ အရှေ့မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အနောက်အရပ်မှ မှုန့်နှင့်တကွသော လေတို့သည် လာကုန်အံ့၊ အနောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ မြောက်အရပ်မှ မှုန့်နှင့်တကွသော လေတို့သည် လာကုန်အံ့၊ မြောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ တောင်အရပ်မှ မှုန့်နှင့်တကွသော လေတို့သည် လာကုန်အံ့၊ တောင်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်။ အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ထားရမည်၊ ညဉ့်အခါ၌ ပိတ်ရမည်။ ပူအိုက်သော အခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ရမည်၊ ညဉ့်အခါ၌ ဖွင့်ထားရမည်။

ပရိဝုဏ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ ပရိဝုဏ်ကို တံမြက်လှည်းရမည်။ တံခါးမုခ် (ရေချိုးအုံ) သည် အမှိုက်ရှိသည်ဖြစ်အံ့၊ တံခါးမုခ်ကို တံမြက်လှည်းရမည်။ စည်းဝေးရာစရပ်သည် အကယ်၍ အမှိုက်ရှိသည် ဖြစ်အံ့၊ စည်းဝေးရာစရပ်ကို တံမြက်လှည်းရမည်။ မီးတင်းကုပ်သည် အကယ်၍ အမှိုက်ရှိသည်ဖြစ်အံ့၊ မီးတင်းကုပ်ကို တံမြက်လှည်းရမည်။ ကျင်ကြီးအိမ်သည် အကယ်၍ အမှိုက်ရှိသည် ဖြစ်အံ့၊ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်။ အကယ်၍သောက်ရေမရှိအံ့၊သောက်ရေကို တည်ထားရမည်။ သုံးရေမရှိအံ့၊ သုံးရေကို တည်ထားရမည်။သန့်သက်ရေအိုး၌ ရေမရှိသည် ဖြစ်အံ့၊ သန့်သက်ရေအိုး၌ ရေကို သွန်းလောင်းရမည်။

http://www.dhammadownload.com



ဆရာအား မမွေ့လျော်ခြင်းသည် ဖြစ်ငြားအံ့၊ အနီးနေ တပည့်သည် ပျောက်ငြိမ်းစေရမည်၊ သူတပါးကိုသော်လည်း ပျောက်ငြိမ်းစေရမည်၊ ထိုဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ ဆရာအား တွေးတောမှု 'သံသယကုက္ကုစ္စ'သည် အကယ်၍ ဖြစ်ငြားအံ့၊ အနီးနေ တပည့်သည် ပယ်ဖျောက်ရမည်၊ သူတပါးကိုသော်လည်း ပယ်ဖျောက်စေရမည်၊ ထိုဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ ဆရာအား မှားသောအယူသည် အကယ်၍ ဖြစ်ငြားအံ့၊ အနီးနေ တပည့်သည် ဖြေရှင်းရမည်၊ သူတပါးကိုသော်လည်း ဖြေရှင်းစေရမည်၊ ထိုဆရာအား တရားစကားကိုမူလည်း ဟောပြောရမည်။ ဆရာသည် ဂရုကအာပတ်သို့ ရောက်သည် ဖြစ်၍ ပရိဝါသ်နေခြင်းငှါ ထိုက်ငြားအံ့၊ အနီးနေ တပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဆရာအား ပရိဝါသ်ကို ပေးရာအံ့နည်း" ဟု လုံ့လကို ပြုရမည်။ ဆရာသည် အရင်းသို့ ပြန်၍ ငင်ခြင်းငှါ အကယ်၍ ထိုက်သည် ဖြစ်အံ့၊ အနီးနေတပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဆရာကိုအရင်းသို့ ပြန်၍ ငင်ပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။ ဆရာသည်မာနတ်ကျင့်ခြင်းငှါထိုက်သည်ဖြစ်အံ့၊ အနီးနေ တပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဆရာအား မာနတ်ကို ပေးပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။ ဆရာသည် အဗ္ဘာန်သွင်းခြင်းငှါ အကယ်၍ ထိုက်သည်ဖြစ်အံ့၊ အနီးနေတပည့်သည် "အဘယ်သို့လျှင် သံဃာသည် ဆရာကို အဗ္ဘာန်သွင်းပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။ သံဃာသည် ဆရာအား တဇ္ဇနီယကံကိုရင်း နိယဿကံကိုရင်း ပဗ္ဗာဇနီယကံကိုရင်း ပဋိသာရဏီယကံကိုရင်း ဥက္ခေပနီယကံကိုရင်း ပြုလိုသည် ဖြစ်အံ့၊ အနီးနေတပည့်သည် "အဘယ်သို့လျှင် သံဃာသည်ဆရာအား ကံမပြုပါအံ့နည်း၊ ပေါ့သော ကံသို့မူလည်း ညွတ်စေရပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။ ထိုဆရာအား သံဃာသည် တဇ္ဇနီယကံကိုရင်း နိယဿကံကိုရင်း ပဗ္ဗာဇနီယကံကိုရင်း ပဋိသာရဏီယကံကိုရင်း ဥက္ခေပနီယကံကိုရင်း ပြုအပ်ပြီးသည် ဖြစ်အံ့၊ အနီးနေတပည့်သည် "အဘယ်သို့လျှင် ဆရာသည် ကောင်းစွာ ကျင့်ပါအံ့နည်း၊ မာန်တည်းဟူသော အမွေးကို မူလည်း 'အမျက်ဒေါသကိုမူလည်း' ချပါအံ့နည်း၊ ဒဏ်မှ ထွက်မြောက်အံ့သော အကျင့်ကို ကျင့်ပါအံ့နည်း၊သံဃာသည် ထိုကံကို ငြိမ်းစေပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။

အကယ်၍ ဆရာ၏ သင်္ကန်းကို ဖွပ်လျှော်သင့်သည် ဖြစ်အံ့၊ အနီးနေတပည့်သည် ဖွပ်လျှော်ရမည်၊ "အဘယ်သို့လျှင် ဆရာ၏ သင်္ကန်းကို ဖွပ်လျှော်ရပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်။ ဆရာ၏ သင်္ကန်းကို ချုပ်သင့်သည် ဖြစ်အံ့၊ အနီးနေတပည့်သည် ချုပ်ရမည်၊ "အဘယ်သို့လျှင် ဆရာ၏ သင်္ကန်းကို ချုပ်ရပါအံ့နည်း" ဟု လုံ့လကို မူလည်း ပြုရမည်။ ဆရာ၏ ဆိုးရည်ကို ကျိုသင့်သည်ဖြစ်အံ့၊ အနီးနေ တပည့်သည် ကျိုရမည်၊ "အဘယ်သို့လျှင် ဆရာ၏ ဆိုးရည်ကို ကျိုရပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်။ ဆရာ၏ သင်္ကန်းကို ဆိုးသင့်သည် ဖြစ်အံ့၊ အနီးနေ တပည့်သည် ဆိုးရမည်၊ "အဘယ်သို့လျှင် ဆရာ၏ သင်္ကန်းကို ဆိုးရပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်။ သင်္ကန်း ဆိုးလိုသော ရဟန်းသည် ကောင်းစွာ အပြန်ပြန် အလှန်လှန် ဆိုးရမည်၊ ဆိုးရည်ပေါက် မပြတ်စဲမီ ဖဲမသွားအပ်။

ဆရာကို မပန်ကြားပဲ အချို့သော သူအား သပိတ်ကို မပေးအပ်၊ အချို့သော သူ၏ သပိတ်ကို မယူအပ်၊ အချို့သော သူအား သင်္ကန်းကို မပေးအပ်၊ အချို့သော သူ၏ သင်္ကန်းကို မယူအပ်၊ အချို့သော သူအား ပရိက္ခရာ 'အသုံးအဆောင်'ကို မပေးအပ်၊ အချို့သော သူ၏ ပရိက္ခရာ 'အသုံးအဆောင်' ကို မယူအပ်၊ အချို့သောသူ၏ ဆံပင်တို့ကို မရိတ်ဖြတ်အပ်၊ အချို့သောသူကို မိမိဆံပင်တို့ကို မရိတ်ဖြတ်စေအပ်၊ အချို့သော သူ၏ အမှုခပ်သိမ်းကို မပြုအပ်၊ အချို့သော သူကို (ချေးတွန်းခြင်း စသော) အမှုခပ်သိမ်းကို မပြုစေအပ်၊ အချို့သော သူ၏ အမှုကြီးငယ်ကို မပြုအပ်၊ အချို့သော သူကို မိမိအမှုကြီးငယ်ကို မပြုစေအပ်၊ အချို့သော သူ၏ နောက်လိုက် ရဟန်း မဖြစ်အပ်၊ အချို့သော သူကို နောက်

http://www.dhammadownload.com



လိုက်ရဟန်း မယူအပ် 'မခေါ်အပ်'၊ အချို့သော သူ၏ ဆွမ်းကို မဆောင်အပ်၊ အချို့သော သူကို မိမိဆွမ်း ကို မဆောင်စေအပ်၊ ဆရာကို မပန်ကြားပဲ ရွာတွင်းသို့ မဝင်အပ်၊ သုသာန်သို့ မသွားအပ်၊ အရပ်ဘပါးသို့ ဖဲမသွားအပ်၊ ဆရာသည် အကယ်၍ နာဖျားသည် ဖြစ်အံ့၊ အသက်ရှည်သမျှ ကာလ ပတ်လုံး လုပ်ကျွေးရမည်၊ ထိုဆရာ၏ အနာမှ ထခြင်း 'ပျောက်ခြင်း'ကို စောင့်ဆိုင်းရမည်။

ရဟန်းတို့ ဤကား အနီးနေ တပည့်တို့၏ ဆရာတို့၌ ကျင့်ရမည့်ဝတ်တည်း၊ ယင်း ကျင့်ဝတ် အဘိုင်း အနီးနေ တပည့်ဘို့သည် ဆရာတို့၌ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

## ၁၄-အန္တေဝါသိကဝတ်ကို ပြခြင်း

၃၈၁။ ထိုအခါ ဆရာတို့သည် အနီးနေတပည့်တို့၌ ကောင်းစွာ မကျင့်ကုန်။ အလိုနည်းသော ရဟန်းတို့သည်"အဘယ့်ကြောင့် ဆရာတို့သည် အနီးနေတပည့်တို့၌ ကောင်းစွာမကျင့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြင်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာ ကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေ၍ ရဟန်းတို့ကို "ရဟန်းတို့ ဆရာတို့သည် အနီးနေတပည့်တို့၌ ကောင်းစွာ မကျင့်ကုန် ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

၃၈၂။ ရဟန်းတို့ သို့ဖြစ်လျှင် ဆရာတို့အား အနီးနေ တပည့်တို့၌ ကျင့်ရမည့်ဝတ်ကို ပညတ်အံ့၊ ယင်းကျင့်ဝတ်အတိုင်း ဆရာတို့သည် အနီးနေ တပည့်တို့၌ ကျင့်ရမည်။

ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ကောင်းစွာ ကျင့်ခြင်းတည်း။

ရဟန်းတို့ ဆရာသည် အနီးနေတပည့်ကို သင်ယူခြင်း မေးမြန်းခြင်း သွန်သင်ဆုံးမခြင်းဖြင့် သင်္ဂြိုဟ်ချီးမြှင့်ရမည်၊ အကယ်၍ ဆရာအား သပိတ်ရှိ၍ အနီးနေ တပည့်အား သပိတ် မရှိအံ့၊ ဆရာ သည် အနီးနေ တပည့်အား သပိတ်ကို ပေးရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်အား သပိတ် ဖြစ်ပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်။ အကယ်၍ ဆရာအား သင်္ကန်းရှိ၍ အနီးနေ တပည့်အား သင်္ကန်းမရှိအံ့၊ ဆရာသည် အနီးနေ တပည့်အား သင်္ကန်းကို ပေးရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်အား သင်္ကန်း ဖြစ်ပါအံ့နည်း" ဟု လုံ့လကိုလည်း 'ကြောင့်ကြခြင်းကိုလည်း'ပြုရမည်။အကယ်၍ ဆရာအား ပရိက္ခရာ 'အသုံးအဆောင်'ရှိ၍ အနီးနေ တပည့်အား ပရိက္ခရာ 'အသုံးအဆောင်'မရှိအံ့၊ ဆရာသည် အနီးနေ တပည့်အား ပရိက္ခရာ 'အသုံးအဆောင်'ကို ပေးရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်အား ပရိက္ခရာ 'အသုံးအဆောင်'ဖြစ်ပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်။

အကယ်၍ အနီးနေ တပည့်သည် နာဖျားအံ့၊ နံနက်စောစောထ၍ ဒန်ပူကို ပေးရမည်၊ မျက်နှာ သစ်ရေကို ပေးရမည်၊ နေရာကို ခင်းရမည်၊ အကယ်၍ ယာဂု ရှိခဲ့လျှင် ခွက်ကို ဆေးကြောပြီး ယာဂုကို ပေးရမည်၊ ယာဂုသောက်ပြီးသော အနီးနေတပည့်အား ရေပေးပြီး၍ ခွက်ကို လှမ်းယူပြီးနောက် ရှိသေကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြောပြီးလျှင် သိမ်းဆည်းထားရမည်၊အနီးနေ တပည့် သည် နေရာမှ ထခဲ့သော် နေရာကို ခေါက်ထားရမည်၊ အကယ်၍ ထိုနေရာသည် အမှိုက်ရှိအံ့၊ ထိုနေရာ ကို တံမြက်လှည်းရမည်။

http://www.dhammadownload.com



အနီးနေ တပည့်သည် ရွာသို့ အကယ်၍ ဝင်လိုငြားအံ့၊ သင်ပိုင်ကို ပေးရမည်၊ ဝတ်ပြီးသင်းပိုင်ကို လှမ်းယူရမည်၊ ခါးပန်းကြိုးကို ပေးရမည်၊ ကိုယ်ဝတ်ဒုကုဋ်တို့ကိုထပ်၍ ပေးရမည်၊ ဆေးကြော၍ ရေနှင့်တကွသော သပိတ်ကို ပေးရမည်။

"ဤမျှ အတိုင်းအရှည်ရှိသောအခါ ပြန်လာအံ့" ဟု (နှလုံးသွင်း၍)နေရာကို ခင်းထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ်ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ ခရီးဦး ကြိုဆို၍ သပိတ် သင်္ကန်းကို လှမ်းယူရမည်၊ ကျောင်းဝတ် သင်းပိုင်ကို ပေးရမည်၊ ရွာဝတ် သင်းပိုင်ကို လှမ်းယူရမည်၊ အကယ်၍ သင်္ကန်းသည် ချွေးစွတ်အံ့၊ တခဏမျှ နေပူ၌ လှန်းထားရမည်၊ နေပူ၌ သင်္ကန်းကို ကြာမြင့်စွာ မထားအပ်၊ သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက်သည်ရှိသော် "အလယ်၌ ခေါက်ရိုးကျိုးသည် မဖြစ်စေလင့်" ဟု (နှလုံးသွင်းလျက်)လက်လေးသစ်အနားကို လျှော့၍ 'ရွှေ့ရှား၍'သင်္ကန်းကို ခေါက်ရမည်၊ သင်္ကန်းခေါက်အတွင်း၌ ခါးပန်းကြိုးကို ထားရမည်။

ဆွမ်းရှိသည်ဖြစ်၍ အနီးနေတပည့်သည်လည်း စားလိုသည်ဖြစ်အံ့၊ ရေကို ပေး၍ ဆွမ်းကို ပေးရမည်၊အနီးနေ တပည့်ကို သောက်ရေဖြင့် မေးမြန်းရမည်၊ဆွမ်းစားပြီးသော အနီးနေ တပည့်အား ရေကို ပေး၍ သပိတ်ကို လှမ်းယူပြီးလျှင် ရိုသေကောင်းမွန်စွာ မထိခိုက်မိစေပဲ ဆေးကြော သုတ်သင်လျက် ရေမရှိအောင်ပြု၍ တခဏမျှ နေလှန်းထားရမည်၊ နေပူ၌ သပိတ်ကို ကြာမြင့်စွာ မထားအပ်။ သပိတ် သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော်။ပ။ သင်္ကန်းကို ထားလိုသော်။ပ။ ထိုမှာဖက်က အစွန်းကို ဤမှာဖက်မှ အခွေပြုလျက် သင်္ကန်းကိုထားရမည်။ အနီးနေ တပည့်ထသည်ရှိသော် နေရာကို ခေါက်ထားရမည်၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို သိုမှီးသိမ်းဆည်းရမည်၊ ထိုနေရာသည် အမှိုက်ရှိသည် ဖြစ်အံ့၊ ထိုနေရာကို တံမြက်လှည်းရမည်။

အကယ်၍ အနီးနေ တပည့်သည် ရေချိုးလိုသည်ဖြစ်အံ့၊ ချိုးရေကို စီရင်ရမည်၊ ရေအေးဖြင့် အကယ်၍ အလိုရှိငြားအံ့၊ အေးသော ချိုးရေကို စီရင်ရမည်။ ရေပူဖြင့် အလိုရှိငြားအံ့၊ ပူသော ချိုးရေကို စီရင်ရမည်။

အနီးနေ တပည့်သည် အကယ်၍ ဇန္တာဃရ်အိမ်သို့ ဝင်လိုသည် ဖြစ်အံ့၊ ကသယ်မှုန့်ကို ရေဖြင့် လုံးရမည်၊ မြေညက်ကို ရေဖြင့် ဆွတ်ရမည်၊ဇန္တာ အိမ် အင်းပျဉ်ကို ယူ၍ သွားပြီးနောက် ဇန္တာအိမ်၌ အင်းပျဉ်ကို ပေးပြီးလျှင် သင်္ကန်းကို လှမ်းယူ၍ သင့်ရာအရပ်၌ ထားရမည်၊ကသယ်မှုန့်ကို ပေးရမည်၊မြေညက်ကို ပေးရမည်၊ အကယ်၍ စွမ်းနိုင်လျှင် ဇန္တာအိမ်သို့ ဝင်ရမည်၊ ဇန္တာအိမ်သို့ ဝင်သော ရဟန်းသည် ရေဆွတ်သော မြေညက်မှုန့်ဖြင့် မျက်နှာကို လိမ်းကျံ၍ ရှေ့မှရင်း နောက်မှရင်း (ရေသနုပ်ဖြင့်)ဖုံးလွှမ်း၍ ဇန္တာအိမ်သို့ ဝင်ရမည်၊ သီတင်းကြီး ဖြစ်သော ရဟန်းတို့ကို တိုးဝှေ့၍ မနေထိုင်အပ်၊ သီတင်းငယ် ဖြစ်သော ရဟန်းတို့ကိုလည်း နေရာဖြင့် မတားမြစ်အပ်။

ဇန္တာအိမ်၌ အနီးနေတပည့်အား (မီးညီခြင်း စသော) အမှုခပ်သိမ်းကို ပြုရမည်၊ ဇန္တာအိမ်မှ ထွက်သော ရဟန်းသည် ဇန္တာအိမ် အင်းပျဉ်ကို ယူ၍ ရှေ့မှရင်း နောက်မှရင်း (ရေသနုပ်ဖြင့်)ဖုံးလွှမ်း၍ ဇန္တာအိမ်မှ ထွက်ရမည်။

ရေချိုးရာ၌လည်း အနီးနေ တပည့်အား (ချေးတွန်းခြင်း စသော)အမှုခပ်သိမ်းကို ပြုရမည်၊ ရေချိုးပြီးသော ဆရာသည် ရှေးဦးစွာ တက်၍ မိမိကိုယ်ကို ရေမရှိအောင်ပြု၍ သင်းပိုင်ကို ဝတ်လျက် အနီးနေ တပည့်၏ ကိုယ်မှ ရေကို သုတ်ရမည်၊ သင်းပိုင်ကို ပေးရမည်၊ ကိုယ်ဝတ်ဒုကုဋ်ကို ပေးရမည်၊

http://www.dhammadownload.com



ဇရုံးအိမ် အင်းပျဉ်ကို ယူခဲ့ပြီးလျှင် ရှေးဦးစွာ လာ၍ နေရာကို ခင်းထားရမည်၊ ခြေဆေးရေ ခြေဆေး အင်းပျဉ် ခြေပွတ်အိုးခြမ်းကို အနီး၌ ထားရမည်၊ အနီးနေတပည့်ကို သောက်ရေဖြင့် မေးမြန်းရမည်။

အနီးနေ တပည့်နေသော ကျောင်းသည် အကယ်၍ အမှိုက်ရှိအံ့၊ စွမ်းနိုင်ပါမူ သုတ်သင် ရှင်းလင်းရမည်။ ကျောင်းကို သုတ်သင်လိုသော ရဟန်းသည် ရှေးဦးစွာ သပိတ် သင်္ကန်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။ပ။ သန့်သက်ရေအိုး၌ ရေမရှိသည် ဖြစ်အံ့၊ သန့်သက်ရေအိုး၌ ရေကို သွန်းလောင်းရမည်။

အနီးနေ တပည့်အား မမွေ့လျော်ခြင်းသည် ဖြစ်အံ့၊ ဆရာသည် ပျောက်ငြိမ်းစေရမည်၊ သူတပါး ကိုသော်လည်း ပျောက်ငြိမ်းစေရမည်၊ ထိုအနီးနေတပည့်အား တရားစကားကိုမူလည်း ဟောပြော ရမည်။ အနီးနေတပည့်အား တွေးတောမှု 'သံသယကုက္ကုစ္စ'သည် အကယ်၍ ဖြစ်ငြားအံ့၊ ဆရာသည် ပယ်ဖျောက်ရမည်၊ သူတပါးကိုသော်လည်း ပယ်ဖျောက်စေရမည်၊ ထိုအနီးနေ တပည့်အား တရား စကားကိုမူလည်း ဟောပြောရမည်။ အနီးနေတပည့်အား မှားသောအယူသည် အကယ်၍ ဖြစ်ငြားအံ့၊ ဆရာသည် ဖြေရှင်းရမည်၊ သူတပါးကိုသော်လည်း ဖြေရှင်းစေရမည်၊ ထိုအနီးနေတပည့်အား တရား စကားကိုမူလည်း ဟောပြောရမည်။ အနီးနေတပည့်သည် ဂရုကအာပတ်သို့ ရောက်သည်ဖြစ်၍ ပရိဝါသ်နေခြင်းငှါ ထိုက်ငြားအံ့၊ ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အနီးနေတပည့်အား ပရိဝါသ်ကို ပေးရာအံ့နည်း" ဟု လုံ့လကို ပြုရမည်။ အနီးနေတပည့်သည် အရင်းသို့ ပြန်၍ ငင်ခြင်းငှါ ထိုက်သည် ဖြစ်အံ့၊ ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အနီးနေတပည့်ကို အရင်းသို့ ပြန်၍ ငင်ပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။ အနီးနေတပည့်သည် မာနတ်ကျင့်ခြင်းငှါ ထိုက်သည် ဖြစ်အံ့၊ ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အနီးနေတပည့်အား မာနတ်ကို ပေးပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။ အနီးနေတပည့်သည် အဗ္ဘာန်သွင်းခြင်းငှါ ထိုက်သည်ဖြစ်အံ့၊ ဆရာသည် "အဘယ်သို့လျှင် သံဃာသည် အနီးနေတပည့်ကို အဗ္ဘာန်သွင်းပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။ သံဃာသည် အနီးနေတပည့်အား တဇ္ဇနီယကံကိုဖြစ်စေ နိယဿကံကိုဖြစ်စေ ပဗ္ဗာဇနီယကံကိုဖြစ်စေ ပဋိသာရဏီယကံကိုဖြစ်စေ ဥက္ခေပနီယကံကိုဖြစ်စေ ပြုလိုသည် ဖြစ်အံ့၊ ဆရာသည် "အဘယ်သို့လျှင် သံဃာ သည် အနီးနေတပည့်အား ကံမပြုပါအံ့နည်း၊ ပေါ့သောကံသို့မူလည်း ညွတ်စေရပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။ ထိုအနီးနေ တပည့်အား သံဃာသည် တဇ္ဇနီယကံကိုဖြစ်စေ နိယဿကံကိုဖြစ်စေ ပဗ္ဗာဇနီယကံ ကိုဖြစ်စေ ပဋိသာရဏီယကံကိုဖြစ်စေ ဥက္ခေပနီယကံကိုဖြစ်စေ ပြုအပ်ပြီးသည်ဖြစ်အံ့၊ ဆရာသည် "အဘယ် သို့လျှင် အနီးနေ တပည့်သည် ကောင်းစွာ ကျင့်ပါအံ့နည်း၊ မာန်တည်းဟူသော အမွေးကိုမူလည်း 'အမျက်ဒေါသကိုမူလည်း' ချပါအံ့နည်း၊ ဒဏ်မှ ထွက်မြောက်သော အကျင့်ကို ကျင့်ပါအံ့နည်း၊ သံဃာသည် ထိုကံကို ငြိမ်းစေပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။

အကယ်၍ အနီးနေ တပည့်၏ သင်္ကန်းကို ဖွပ်လျှော်သင့်သည် ဖြစ်အံ့၊ ဆရာသည် "ဤသို့ ဖွပ် လော့"ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်၏ သင်္ကန်းကို ဖွပ်လျှော်စေရပါအံ့နည်း" ဟု လုံ့လကို ပြုရမည်။ အကယ်၍ အနီးနေ တပည့်၏ သင်္ကန်းကို ချုပ်သင့်သည်ဖြစ်အံ့၊ ဆရာသည် "ဤသို့ ချုပ်လော့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အနီးနေတပည့်၏ သင်္ကန်းကို ချုပ်စေရပါအံ့နည်း" ဟု လုံ့လကိုမူလည်း ပြုရမည်။ အနီးနေတပည့်၏ ဆိုးရည်ကို ကျိုသင့်သည် ဖြစ်အံ့၊ ဆရာသည် "ဤသို့ ကျိုလော့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အနီးနေတပည့်၏ ဆိုးရည်ကို ကျိုစေရပါအံ့နည်း" ဟု လုံ့လကိုလည်း 'ကြောင့်ကြခြင်းကိုလည်း' ပြုရမည်။ အနီးနေတပည့်၏ သင်္ကန်းကို ဆိုးသင့်သည်

http://www.dhammadownload.com



ဖြစ်အံ့၊ ဆရာသည် "ဤသို့ ဆိုးလော့" ဟု ပြောကြားရမည်၊ "အဘယ်သို့လျှင် အနီးနေ တပည့်၏ သက်နီးကို ဆိုးစေရပါအံ့နည်း" ဟု လျှောက်လည်း ပြုရမည်။ သင်္ကန်းဆိုးလိုသော ရဟန်းသည် ကောင်းစွာ အပြန်ပြန် အလှန်လှန် ဆိုးရမည်၊ ဆိုးရည်ပေါက် မပြတ်ခဲမီ ဖဲမသွားအပ်။ အနီးနေ တပည့်သည် နာဖျားသည် ဖြစ်အံ့၊ အသက်ရှည်သမျှ ကာလပတ်လုံး လုပ်ကျွေးရမည်၊ ထိုအနီးနေ တပည့်၏ အနာပျောက်သည်တိုင်အောင် စောင့်ဆိုင်းရမည်။

ရဟန်းတို့ ဤကား အနီးနေ တပည့်တို့၌ ဆရာတို့ ကျင့်ရမည့် ကျင့်ဝတ်တည်း၊ ယင်း ကျင့်ဝတ် အတိုင်း ဆရာတို့သည် အနီးနေ တပည့်တို့၌ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

အဋ္ဌမဝတ္တက္ခန္ဒက ပြီး၏။

ဤခန္ဒက၌ ဝတ္ထုသည် ငါးဆယ့် ငါးခုတို့တည်း၊ ကျင့်ဝတ်သည် တဆယ့်လေးခုတည်း။

---

ထို ဝတ္တက္ခန္ဒက၏ အကျဉ်းချုပ်—

ဘိနပ်စီးခြင်းရှင်း ထီးဆောင်းခြင်းရှင်း ဦးခေါင်းခြုံခြင်းရှင်း ဦးခေါင်း၌တင်ခြင်းရှင်း သောက်ရေရှင်း ရှိမခိုးခြင်းရှင်း မမေးခြင်းရှင်း မြွေရှင်း သီလကို ချစ်ကုန်သော ရဟန်းတို့ ကဲ့ရဲ့ခြင်းရှင်း။

ဘိနပ်ချွတ်ခြင်းရှင်း ထီးရှင်း ပခုံးရှင်း မနှေးမလျင် (ဝင်ခြင်း) ရှင်း ဖဲသွားခြင်းရှင်း သပိတ် သင်္ကန်းကို ချခြင်းရှင်း သင့်ရာနေရာရှင်း မေးမြန်းခြင်းရှင်း။

ရေလောင်းခြင်းရှင်း ဆေးခြင်းရှင်း အဝတ်ခြောက် အဝတ်စိုဖြင့် ဘိနပ်ကို သုတ်ခြင်းရှင်း သီတင်းကြီးရှင်း သီတင်းငယ်ရှင်း မေးမြန်းခြင်းရှင်း နေဘူးခြင်းရှင်း ဆွမ်းခံရွာရှင်း။

သေက္ခသမ္မုတိရှင်း ကျောင်းကြီးဌာနရှင်း သောက်ရေရှင်း သုံးရေရှင်း တောင်ဝှေးရှင်း ကတိက ဝတ်ရှင်း ထို့ပြင် အချိန်ရှင်း တခဏရှင်း အမှိုက်ရှင်း မြေအခင်းကို ထုတ်ခြင်းရှင်း။

ညောင်စောင်းခြေခံရှင်း ဘုံလျှို 'ဖုံ'ရှင်း အုံးရှင်း ညောင်စောင်းရှင်း အင်းပျဉ်ရှင်း ထွေး ခံရှင်း တံကဲပျဉ်ရှင်း အထက်ပိုင်းရှင်း အထောင့်ရှင်း ဂေ္ဃနိရှင်း အမည်းရှင်း မချယ်ခြင်းရှင်း။

အမှိုက်ရှင်း မြေအခင်းရှင်း ညောင်စောင်းခြေခံရှင်း ညောင်စောင်းရှင်း အင်းပျဉ်ရှင်း ဘုံလျှို 'ဖုံ' ရှင်း နိသီဒိုင် အခင်းရှင်း ထွေးခံရှင်း တံကဲပျဉ်ရှင်း။

သပိတ် သင်္ကန်းရှင်း မြေရှင်း ထိုဖက်မှ အစွန်းရှင်း ဤဖက်မှ အခေါက်ရှင်း အရှေ့ဖက်မှ လာ သောလေရှင်း အနောက်ဖက်မှ လာသောလေရှင်း မြောက်ဖက်မှ လာသောလေရှင်း ထိုမှ တပါး တောင်ဖက်မှ လာသောလေရှင်း။

အေးသောအခါ ပူသောအခါရှင်း နေ့ညဥ့်ရှင်း ပရိဝုဏ်ရှင်း တံခါးမုခ်ရှင်း စည်းဝေးရာဇရပ် ရှင်း မီးတင်းကုပ်ရှင်း ကျောင်းကြီးအိမ်တို့၌ ကျင့်ဝတ်ရှင်း။

သောက်ရေ သုံးရေ သန့်သက်ရေတို့၌ အိုးရှင်း ဥပမာပုံတို့ဖြင့် ပနိုင်းရှည့်အပ်သော မြတ်စွာ ဘုရားသည် ဤခရီးသည်ရဟန်းတို့၏ ကျင့်ဝတ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



နေရာမခင်းခြင်းရင်း ရေမတည်ခြင်းရင်း ခရီးဦးမကြိုခြင်းရင်း သောက်ရေဖြင့် မမေးခြင်းရင်း ရှိမခိုးခြင်းရင်း နေရာမခင်းခြင်းရင်း သီလကို ချစ်ကုန်သော ရဟန်းတို့သည် ကဲ့ရဲ့ကုန်၏။

သီတင်းကြီးနေရာရင်း ရေတည်ခြင်းရင်း ခရီးဦးကြိုခြင်းရင်း သောက်ရေရင်း ဘိနပ်ရင်း သင့်သော နေရာ ရှိခိုးခြင်းရင်း နေရာခင်းခြင်းရင်း။

နေဘူးခြင်းရင်း ဆွမ်းခံရွာ သေက္ခသမ္မုတိရင်း ကျင်ကြီးဌာနရင်း သောက်ရေ သုံးရေရင်း တောင်ဝှေး ကတိကဝတ်ရင်း အခါရင်း သီတင်းငယ်၏ နေထိုင်ခြင်းရင်း။

ရှိခိုးစေခြင်းရင်း ပြောခြင်းရင်း အောက်(ဆိုပြီး)အတိုင်းနည်းတူ ဆောင်ရာ၏၊ လှည်းမှူးနှင့်တူသော မြတ်စွာဘုရားသည် ဤကျောင်းနေ ရဟန်းတို့၏ ကျင့်ဝတ်ကို ပြတော်မူ၏။

ခရီးသည် ရဟန်းတို့ရင်း သစ်ဘဏ္ဍာ မြေဘဏ္ဍာရင်း ဖွင့်ခြင်းရင်း မပန်ကြားခြင်းရင်း ပျက်စီးခြင်းရင်း မလုံခြုံခြင်းရင်း သီလကို ချစ်သော ရဟန်းတို့သည် ကဲ့ရဲ့ကုန်၏။

သိမ်းဆည်း၍ရင်း ပိတ်၍ရင်း ရဟန်းကိုဖြစ်စေ သာမဏေကိုဖြစ်စေ အရံစောင့်ကိုဖြစ်စေ ဥပါသကာကိုဖြစ်စေ ပန်ကြား၍သာလျှင် ဖဲသွားရာ၏။

ကျောက်ခဲဘိုဌ် အစုအပုံကို သိမ်းဆည်းရာ၏၊ ပိတ်ခြင်းရင်း စွမ်းနိုင်မှု ကြောင့်ကြပြုရာ၏၊ မိုးမစိုရာ၌ ထိုအတူရင်း။

အလုံးစုံ မိုးစိုခြင်းရင်း ရွာသို့ ဆောင်ခြင်းရင်း လွင်တီးခေါင်၌ ထိုအတူရင်း ထုပ် လျောက် အင်္ဂါတို့ကား ကြွင်း(ကျန်)ကုန်ရာ၏ ဟူသော နှလုံးသွင်းရင်း ခရီးသည် ရဟန်းတို့၏ ကျင့်ဝတ်တည်း။

ဝမ်းမမြောက်ခြင်းရင်း မထေရ်ကြီးရင်း ချန်ထားခဲ့ခြင်းရင်း လေးပါး ငါးပါးတို့ရင်း ကျင်ကြီးနှိပ်စက်ခြင်းရင်း မိန်းမော 'မေ့မြော' ခြင်းရင်း ဤကား အနုမောဒနာပြုရာဝယ်၌ကျင့်ဝတ်တည်း။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် မကောင်းသဖြင့် ဝတ်ကုန်၍ မကောင်းသဖြင့် ရုံကုန်၍ အသွင်အပြင်မရှိကုန်ပဲ ရှောင်သွားခြင်းရင်း မထေရ်ကြီးတို့ကို တိုးဝှေ့ခြင်းရင်း။

ရဟန်းငယ်တို့ရင်း သင်္ကန်းကြီးရင်း သီလကို ချစ်ကုန်သော ရဟန်းတို့သည် ကဲ့ရဲ့ကြခြင်းရင်း အဝန်းသုံးပါးကို(အဝန်းညီစွာ)ဝတ်ခြင်းရင်း ခါးပန်းရင်း အထပ်ရင်း ကမ္ဗတ်သီးရင်း။

ရှောင်မသွားခြင်းရင်း ဖုံးလွှမ်းခြင်းရင်း (ကှင်ကြွကို)ကောင်းစွာ စောင့်ခြင်းရင်း မျက်လွှာချခြင်းရင်း (သင်္ကန်းကို) ပင့်မခြင်းရင်း ပြင်းစွာရယ်ခြင်းရင်း နည်းသောအသံရင်း လှုပ်ခြင်းသုံးမျိုးတို့ရင်း။

ခါးထောက်ခြင်း ဦးခေါင်းခြုံခြင်းရင်း ဖဝါးစွန်းဖြင့် နင်းခြင်းရင်း ဖုံးလွှမ်းခြင်း ကှင်ကြွကို ကောင်းစွာ စောင့်ခြင်းရင်း ပျံ့လွင့်သော စိတ်မရှိလျက် ပြင်းစွာ ရယ်ခြင်းရင်း နည်းသော အသံရင်း လှုပ်ခြင်းသုံးမျိုးတို့ရင်း။

ခါးထောက်ခြင်း ဦးခေါင်းခြုံခြင်း အာယောဂပတ်ဖွဲ့ခြင်းရင်း တိုးဝှေ့၍ နေရာ၌ မနေရာ၊ တက်၍ရေ၌ နှိမ့်၍ (ရေကို)သွန်းလောင်းခြင်းရင်း။

အနီး(အပါး)ရင်း သင်္ကန်းကြီးရင်း ဆွမ်းကို ခံရာ၏၊ ဟင်းရင်း လက်သုတ်ရင်း(ရဟန်း)အားလုံးအား သပိတ် အနားရေးနှင့် အညီအမျှရင်း။

http://www.dhammadownload.com



ရှိသေစွာ သပိတ်အမှတ်သညာ မရှိခြင်းငှင်း အစဉ်အတိုင်းငှင်း ဟင်းနှင့် ညီမျှခြင်းငှင်း ဆွမ်းဦး ဆွမ်းထိပ်ကို မနှိပ်မဖိခြင်းငှင်း ဖုံးလွှမ်းခြင်းငှင်း တောင်း(သိစေ)ခြင်း ကဲ့ရဲ့လိုသော အမှတ်သညာ ရှိခြင်းငှင်း။

ဆွမ်းလုပ်ကြီး အဝန်းညီသော ဆွမ်းလုပ် ခံတွင်းဝငှင်း အလုံးစုံသောလက်ငှင်း မပြောရခြင်းငှင်း ဆွမ်းလုပ်ကို မြှောက်ခြင်း ကိုက်ဖြတ်ခြင်းငှင်း ပါးစောင်၌ ထားခြင်းငှင်း ခါခြင်းငှင်း ဆွမ်းလုံးကို ကြဲခြင်းငှင်း။

လျှာကိုထုတ်ခြင်းငှင်း စပ်စပ်အသံပြုခြင်းငှင်း ရှုတ်ရှုတ်အသံပြုခြင်းငှင်း လက်ကို လျက်ခြင်း သပိတ်ကို ခြစ်ခြင်း နှုတ်ခမ်းကို လျက်ခြင်းငှင်း အာမိသရှိသောလက်ငှင်း(ရေကို)ခံယူခြင်းငှင်း။

ရဟန်းအားလုံး ဆွမ်းစားမပြီးခြင်းငှင်း ရေ၌ နိမ့်၍ သွန်းလောင်းခြင်းငှင်း ရေခံခွက် အနီးအပါးရဟန်းငှင်း သက်န်းကြီးငှင်း နိမ့်၍ငှင်း မြေ၌ငှင်း။

ဆွမ်းလုံးပါသော ဆေးရေငှင်း ပြန်နစ်ခဲ့ခြင်းငှင်း ကောင်းစွာ ဖုံးလွှမ်းခြင်းငှင်း ဖဝါးစွန်း နင်းခြင်းငှင်း တရားမင်း ဖြစ်သော မြတ်စွာဘုရားသည် ဤဆွမ်းစားကျောင်း ကျင့်ဝတ်ကို ပညတ်တော်မူ၏။

မကောင်းသဖြင့် ဝတ်ခြင်းရှိ၍ အသွင်အပြင်နှင့် မပြည့်စုံသည်ဖြစ်၍ မမှတ်သားမူ၍ အဆောတလျင် ဝေးရာ၌ ရပ်ခြင်းငှင်း အလွန်နီးရာ၌ ရပ်ခြင်း ကြာမြင့်စွာ ရပ်ခြင်းငှင်း လျင်စွာ ပြန်နစ်ခြင်းငှင်း ပိဏ္ဍစာရိကဝတ်၌ ထိုအတူ (ပညတ်တော်မူ၏)။

(ထို့အတူ ဆွမ်းခံသူ ရဟန်းငှင်း)။

ဖုံးလွှမ်းလျက် သွားရာ၏၊ ဣန္ဒြေကို ကောင်းစွာ စောင့်ခြင်းငှင်း မျက်လွှာချခြင်း သင်္ကန်းကို ပင့်မခြင်း ပြင်းစွာရယ်ခြင်း နည်းသောအသံငှင်း လှုပ်ခြင်း သုံးမျိုးတို့ငှင်း။

ခါးထောက်ခြင်း ဦးခေါင်းခြုံခြင်း ဖဝါးစွန်းနင်းခြင်းငှင်း မှတ်သားခြင်းငှင်း အဆောတလျင်ငှင်း ဝေးရာရပ်ခြင်း၌ငှင်း အလွန်နီးရာရပ်ခြင်း၌ငှင်း ကြာမြင့်စွာ ရပ်ခြင်းငှင်း လျင်စွာ ပြန်နစ်ခြင်းငှင်း နေရာငှင်း ယောက်ချိုငှင်း။

အိုးခွက်ငှင်း ရပ်စေခြင်းငှင်း ရွှေ့ရှား၍ ညွှတ်၍ ခံခြင်းငှင်း မော်မကြည့်ခြင်းငှင်း ဟင်းတို့၌လည်း ထိုဝတ်သည် ထိုအတူပင်တည်း။

ရဟန်းတို့သည် သင်္ကန်းကြီးဖြင့် ဖုံးလွှမ်းခြင်းငှင်း ဖုံးလွှမ်းလျက် သွားခြင်းငှင်း ဣန္ဒြေကို ကောင်းစွာစောင့်ခြင်း မျက်လွှာချခြင်းငှင်း သင်္ကန်းကို ပင့်မခြင်း ပြင်းစွာရယ်ခြင်းငှင်း။

နည်းသော အသံရှိခြင်းငှင်း လှုပ်ခြင်းသုံးမျိုးတို့ငှင်း ခါးထောက်ခြင်းငှင်း ဦးခေါင်း ခြုံခြင်းငှင်း ပဆုံနင်းခြင်းငှင်း ရှေ့ဦးစွာနေရာ ဆွမ်းဦးထည့်ခွက် သောက်ရေငှင်း သုံးရေငှင်း နောက်မှ အလိုရှိအံ့၊ စားခြင်းငှင်း သွန်(စွန့်)ခြင်းငှင်း ရုပ်သိမ်းခြင်းငှင်း။

သိမ်းဆည်းခြင်းငှင်း တံမြက်လှည်းခြင်းငှင်း ကင်းဆိတ်သော အချည်းနှီးသော (အိုး)ကို ရေလောင်းခြင်းငှင်း လက်ရပ်ခေါ်ခြင်းငှင်း ပြောဆိုခြင်းငှင်း ဤကား ဆွမ်းခံရဟန်းတို့၏ ကျင့်ဝတ်တည်း။

http://www.dhammadownload.com



သောက်ရေ သုံးရေ 'မီး'မီးပွတ်ခုံ ပွတ်ကျည် နက္ခတ် အရပ် ခိုးသူတို့ရှင်း အလုံးစုံမရှိ ဟု မိုက်နှက်ခြင်းရှင်း ပခုံး၌ သပိတ်သင်္ကန်းရှင်း ထိုမှတပါး။

ယခုအခါ ပခုံး၌ လွယ်ခြင်းရှင်း အဝန်းသုံးမျိုးကို အဝန်းညီစွာ ဆွမ်းခံရဟန်းတို့၏ ကျင့်ဝတ်ကို ဆောင်ရာသကဲ့သို့ တောကျောင်းနေ ရဟန်းတို့၏ ကျင့်ဝတ်ကို ဆောင်ရာ၏။

သပိတ်ကို ပခုံး၌ သင်္ကန်းကို ဦးခေါင်း၌ တင်ခြင်း (ဘိနပ်ကို)စီးခြင်းရှင်း သောက်ရေရှင်း သုံးရေရှင်း မီးရှင်း မီးပွတ်ခုံ ပွတ်ကျည်ရှင်း တောင်ဝှေးရှင်း။

အစိတ်အပိုင်းရှိသော နက္ခတ် [၁] 'နက္ခတ်အချို'ရှင်း အရပ်မျက်နှာတို့၌ လိမ္မာသည် ဖြစ်ရာ၏၊ သတ္တဝါတို့ထက် မြတ်သော ဘုရားရှင်သည် ဤတောကျောင်းနေ ရဟန်းတို့၏ ကျင့်ဝတ်ကို ပညတ်တော်မူ၏။

လွှင်တီးခေါင်ရှင်း ပြန့်ကြဲကုန်၏၊ သီလကို ချစ်ကုန်သော ရဟန်းတို့သည် ကဲ့ရဲ့ကုန်၏၊ ကျောင်း၌ အမှိုက်ရှိမှု ရှေးဦးစွာ သပိတ်သင်္ကန်းကို။

ဘုံလျို 'ဖုံ'ခေါင်းအုံး ညောင်စောင်းရှင်း အင်းပျဉ်ရှင်း ထွေးခံရှင်း တံကဲပျဉ် လေသာပြူတင်း မှိုတက်ခြင်းရှင်း ဂေရုနီရှင်း မည်းနက်သော အဆင်းရှိသော မြေရှင်း မချယ်သော 'မပြုပြင်သော' မြေရှင်း။

အမှိုက်စု ရဟန်း အနီးအပါးရှင်း အိပ်ရာ နေရာရှင်း ကျောင်း သောက်ရေရှင်း သုံးရေအနီး အပါးရှင်း လေညာအရပ်ရှင်း။

လေအောက်၌ အခင်း(မြေအခင်း)ရှင်း ညောင်စောင်း ခြေခံ ညောင်စောင်းရှင်း အင်းပျဉ် ရှင်း ဘုံလျို 'ဖုံ'နိသီဒိုင် အခင်းရှင်း ထွေးခံရှင်း တံကဲပျဉ်ရှင်း။

သပိတ် သင်္ကန်းရှင်း မြေ(အခင်းမဲ့မြေ)ရှင်း ထိုဖက်၌ အစွန်းရှင်း ဤဖက်၌ အခေါက်ရှင်း အရှေ့အရပ်ရှင်း အနောက်အရပ်ရှင်း မြောက်အရပ်ရှင်း ထိုမှတပါး တောင်အရပ်ရှင်း။

အေးချိန် ပူချိန်ရှင်း နေ့ရှင်း ညဥ့်ရှင်း ပရိဝုဏ်ရှင်း တံခါးမုခ်ရှင်း စည်းဝေးရာစရပ် မီးတင်းကုပ် ရှင်း ကျင်ကြီးအိမ်ရှင်း သောက်ရေရှင်း။

သန့်သက်ရေအိုးရှင်း သီတင်းကြီးရှင်း ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း သရဇ္ဈာယ်ခြင်းရှင်း တရားဟောခြင်းရှင်း ဆီမီးထွန်းခြင်း မီးငြိမ်းခြင်းရှင်း မဖွင့်ခြင်းရှင်း မပိတ်ခြင်းရှင်း။

သီတင်းကြီးရှိရာသို့ မျက်နှာမူလှည့်ခြင်းရှင်း (လှည်းခြင်း) သင်္ကန်းစွန်းဖြင့်လည်း မတိုက် မခတ်ခြင်းရှင်း ကြီးသော လှုံလရှိတော်မူသော မြတ်စွာဘုရားသည် ကျောင်းတို့၌ ထိုကျင့်ဝတ်ကို သိစေတော် 'ပညတ်တော်'မူ၏။

တားမြစ်ခြင်းရှင်း တံခါးရှင်း မိန်းမောခြင်းရှင်း သီလကိုချစ်ကုန်သော ရဟန်းတို့သည် ကဲ့ရဲ့ကုန်၏၊ ဇရုံးအိမ်မှ ပြာကို စွန့်ရာ၏၊ အပြင်မြေအကျည်သည် ထိုအတူပင်တည်း။

ပရိဝုဏ်ရှင်း တံခါးမုခ်ရှင်း စရပ်ဆောင်ရှင်း ကသယ်မှုန့် မြေညက် ရေချိုးကန်ငယ်ရှင်း မျက်နှာရှင်း ရှေ့မှ မထေရ်ကြီးတို့ကို မတိုးဝှေ့ရခြင်းရှင်း ရဟန်းငယ်တို့ကို မတားမြစ်ခြင်းရှင်း စွမ်းနိုင်မှု။

---

၁-"နက္ခတ္တံ ထပ္ပစေသံဝါ" ပါဠိတော်အတိုင်း မြန်မာပြန်ထည်။

http://www.dhammadownload.com



ရှေ့မှငင်း အထက်ရေညာငင်း လမ်းခရီးငင်း ညွှန်ပြောင်းငင်း မြေညက်ခွက် အင်းပျဉ်ထိုင်ခုံငင်း ငြိမ်းစေ၍ငင်း ပိတ်၍ငင်း (ဖဲသွားရာ၏)။ ဤဆိုခဲ့ပြီးကား ဇရုံးအိမ်တို့၌ ကျင့်ဝတ်တည်း။

သန့်သက်ရေမဆေးခြင်းငင်း အကြီးအငယ်အစဉ်ငင်း လာရောက်စဉ်ငင်း အဆောတလျင်ငင်း သက်နံးကို ပင့်မခြင်း ညည်းတွားခြင်းငင်း ဒန်ပူငင်း ကျင်ကြီးတွင်းငင်း ကျင်ငယ်ခွက် တံထွေးငင်း။

ကနုတ်ကြမ်းငင်း ကျင်ကြီးတွင်းငင်း အဆောတလျင်ငင်း ပင့်မခြင်း စပ်စပ်အသံ သန့်သက်ရေကို ချန်ထားခြင်းငင်း အပအတွင်းမှ ချောင်းဟန့်ခြင်းငင်း ကြိုးကြိမ်ငင်း မဆောမလျင်ငင်း။

အဆောတလျင်ငင်း ပင့်မခြင်း ရပ်ခြင်းငင်း ညည်းတွားခြင်း ကနုတ် ကျင်ကြီးတွင်းငင်း ကျင်ငယ်ခွက် တံထွေး ကနုတ်ကြမ်းငင်း ကျင်ကြီးတွင်းငင်း ကျင်ကြီးစွန့် ခြေနင်းခုံငင်း။

မဆောမလျင်ငင်း အလွန်မဆောမလျင်ငင်း ပင့်မခြင်းငင်း ကျင်ကြီးစွန့် ခြေနင်းခုံ၌ စပ်စပ်အသံပြုခြင်းငင်း သန့်သက်ရေ မချန်ထားခြင်းငင်း ဖုံးလွှမ်းခြင်းငင်း ကျင်ကြီးလိမ်းကျံခြင်းငင်း ကနုတ်ခြင်း ပုံးခွက်ငင်း။

ကျင်ကြီးအိမ်ငင်း အပြင်မြေငင်း ပရိဝုဏ်ငင်း တံခါးမုခ်ငင်း သန့်သက်ရေဆေးရာ၌ ရေငင်း ဤ(ဆိုပြီး)ကား ကျင်ကြီးအိမ်တို့၌ ကျင့်ဝတ်တည်း။

ဘိနပ်ငင်း ဒန်ပူငင်း မျက်နှာသစ်ရေငင်း နေရာငင်း ယာဂုငင်း ရေငင်း ဆေးကြော၍ ရုပ်သိမ်းခြင်းငင်း အမှိုက်ငင်း ရွာငင်း။

သင်းပိုင်ငင်း ခါးပန်းကြိုးငင်း နှစ်ထပ်သင်္ကန်းကြီးငင်း ရေပါသော သပိတ်ငင်း နောက်လိုက် ရဟန်းငင်း အဝန်းသုံးမျိုးငင်း အဝန်းညီစွာငင်း ခါးပန်းငင်း။

နှစ်ထပ်သင်္ကန်းကြီးငင်း ဆေးကြော၍ နောက်မှ မဝေးလွန်းရာ၌ ခံယူခြင်းငင်း စကားပြောစဉ် အာပတ်အနီးစကားငင်း ရှေးဦးစွာ သွား၍ နေရာငင်း။

ခြေဆေးရေငင်း မဆေးမီ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းငင်း ခရီးဦးကြိုခြင်းငင်း သင်းပိုင်ငင်း နေလှန်းခြင်းငင်း ထားခြင်းငင်း ခေါက်ရိုးကြောင့်ငင်း အခေါက်တွင်းငင်း စားခြင်း၌ ဆက်ကပ်ခြင်းငင်း။

သောက်ရေငင်း ရေငင်း နိမ့်စွာငင်း တခဏမျှငင်း ကြာမြင့်စွာ မထားခြင်းငင်း သပိတ် သင်္ကန်းငင်း မြေငင်း ထိုဖက်၌ အစွန်းငင်း ဤဖက်၌ အခေါက်ငင်း။

ရုပ်သိမ်းခြင်းငင်း သိမ်းဆည်းခြင်းငင်း အမှိုက်ငင်း ရေချိုးရန် ရေအေးငင်း ရေနွေးငင်း ဇရုံးအိမ်ငင်း ကသယ်မှုန့်ငင်း မြေညက်ငင်း နောက်မှငင်း။

အင်းပျဉ်ခုံငင်း သင်္ကန်းငင်း ကသယ်မှုန့်ငင်း မြေညက်ငင်း စွမ်းနိုင်ခြင်းငင်း မျက်နှာငင်း ရှေ့မှငင်း မထေရ်ကြီးငင်း ရဟန်းငယ်ငင်း ချေးတွန်းခြင်း အမှုငင်း ထွက်ခြင်းငင်း။

ရှေ့မှငင်း ရေငင်း ရေချိုးပြီးသော် သင်းပိုင်ကိုဝတ်၍ ဥပဇ္ဈာယ်ဆရာငင်း သင်းပိုင်ငင်း သင်္ကန်းကြီးငင်း အင်းပျဉ်ထိုင်ခုံငင်း နေရာငင်း။

ခြေဆေးရေငင်း အင်းပျဉ်ငင်း ခြေပွတ်အိုးခြမ်းငင်း သောက်ရေငင်း ပါဠိသင်ခြင်းငင်း အဋ္ဌကထာသင်ခြင်းငင်း အမှိုက်ငင်း သုတ်သင်ခြင်းငင်း ရှေးဦးစွာ သပိတ်သင်္ကန်းငင်း။

http://www.dhammadownload.com



နိသီဒိုင်အခင်း အိပ်ရာခင်းရင်း ဘုံလျှို'ဖုံ' အုံးရင်း ညောင်စောင်းရင်း အင်းပျဉ်ရင်း ညောင်စောင်းခြေခံရင်း ထွေးခံရင်း တံကဲပျဉ်ရင်း။

မြေရင်း ပင့်ကူမျှင် 'ပိုးအိမ်'ရင်း လေသာပြူတင်းရင်း ဂေ္ဂနိရင်း မည်းနက်သော အဆင်းရှိသောမြေရင်း မချယ်လှယ်သောမြေရင်း မြေရင်း မြေအခင်းရင်း ညောင်စောင်းခြေခံရင်း ညောင်စောင်းရင်း အင်းပျဉ်ရင်း ခေါင်းအုံးရင်း။

နိသီဒိုင် အခင်း အိပ်ရာခင်းရင်း ထွေးခံ တံကဲပျဉ် သပိတ် သင်္ကန်းရင်း အရှေ့အရပ်ရင်း အနောက်အရပ်ရင်း မြောက်အရပ်ရင်း ထိုမှတပါး တောင်အရပ်ရင်း။

အေးချိန် ပူချိန် နေ့ညဥ့်ရင်း ပရိဝုဏ်ရင်း တံခါးမုခ်ရင်း စည်းဝေးရာ စရပ်ရင်း မီးတင်းကုပ်ရင်း ကျင်ကြီးအိမ် သောက်ရေ သုံးရေရင်း။

သန့်သက်ရေရင်း မဗ္ဗေလျော်ခြင်းရင်း တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိခြင်းရင်း အယူမှားခြင်းရင်း သံဃာဒိသိသ်အာပတ်ရင်း အရင်းသို့ ငင်ခြင်းရင်း မာနတ် အဗ္ဘာန်ရင်း တဇ္ဇနီယကံရင်း နိယဿကံရင်း။

ပဗ္ဗာဇနီယကံရင်း ပဋိသာရဏီယကံရင်း ဥက္ခေပနီယကံရင်း ပြုပြီးရင်း ဖွပ်လျှော်ခြင်းရင်း ဖွပ်ခြင်းရင်း ဆိုးရည်ရင်း ဆိုးခြင်းရင်း ပြန်လှန်ခြင်းရင်း။

သပိတ်ရင်း သင်္ကန်းရင်း ပရိက္ခာရင်း ဆံရိတ်ခြင်းရင်း ချေးတွန်းခြင်းရင်း အမှုကြီးငယ်ရင်း နောက်လိုက် ရဟန်းရင်း ဆွမ်းရင်း ဝင်ခြင်းရင်း။

သုသာန်သို့ မသွားရခြင်းရင်း အရပ်တပါးသို့ ဖဲမသွားရခြင်းရင်း အသက်ရှိသမျှ ပြုစုရခြင်းရင်း ဤ(ဆိုပြီး)ကား အတူနေ တပည့်သည် ဥပဇ္ဈာယ်ဆရာ၌ (ကျင့်ရန်)ဝတ်တည်း။

ဆုံးမခြင်းရင်း ကံမြစ်ခြင်းရင်း ပါဠိသင်ခြင်းရင်း အဋ္ဌကထာသင်ခြင်းရင်း သပိတ်ရင်း သင်္ကန်းရင်း ပရိက္ခာရင်း ဖျားနာခြင်းရင်း နောက်လိုက်ရဟန်း မဖြစ်ရခြင်းရင်း။

ဥပဇ္ဈာယ်ဆရာတို့၌ (ပြုရန်)ကျင့်ဝတ်တို့ကဲ့သို့ ဆရာတို့၌ (ပြုရန်)ကျင့်ဝတ်တို့ ဖြစ်ကုန်၏၊ အတူနေ တပည့်၌ (ပြုရန်)ကျင့်ဝတ်ကဲ့သို့ အနီးနေ တပည့်၌ (ပြုရန်)ကျင့်ဝတ် ဖြစ်၏။

အာဂန္တုက'ခရီးသည်'ရဟန်းတို့၌ ကျင့်ဝတ်တို့သည် တဖန် အာဝါသိက 'ကျောင်းနေ'ရဟန်းတို့၌ ကျင့်ဝတ် ဖြစ်ကုန်၏၊ ဂမိက 'ခရီးသည်'ဝတ်ရင်း အနုမောဒန 'ဝမ်းမြောက်ခြင်း'ဝတ်ရင်း ဘတ္တဂ္ဂ 'ဆွမ်းစားကျောင်း'ဝတ်ရင်း ပိဏ္ဍပါတိက 'ဆွမ်းခံ ရဟန်း'ဝတ်ရင်း။

အာရညိက 'တောနေရဟန်း'ဝတ်ရင်း သေနာသန 'ကျောင်း'ဝတ်ရင်း ဇန္တာဃရ 'ဇရုံးအိမ်' ဝတ်ရင်း ဝစ္စကုဋိ'ကျင်ကြီးအိမ်'ဝတ်ရင်း ဥပဇ္ဈာယ'ဥပဇ္ဈာယ်တို့၌ပြုရန်'ဝတ်ရင်း သဒ္ဓိဝိဟာရိက 'အတူနေတပည့်တို့၌ ပြုရန်'ဝတ်ရင်း။

အာစရိယ'ဆရာတို့၌ပြုရန်'ဝတ်သည် အန္တေဝါသိက 'အနီးနေတပည့်'တို့၌ ထိုအတူ ပြုရန် ဝတ်ဖြစ်၏၊ ဝတ္တက္ခန္ဓက၌ ဝတ္တုတဆယ့်ကိုးခုတည်း၊ ကျင့်ဝတ်တဆယ့်လေးပါးတို့တည်း။

ဝတ်ကို မပြည့်ကျင့်သော ရဟန်းသည် သီလကို မပြည့်စေနိုင်၊ သီလမစင်ကြယ်သော ရဟန်းသည် ပညာမရှိသည် ဖြစ်၍ စိတ်တည်ကြည်ခြင်းကို မရနိုင်။

http://www.dharmmadownload.com



ပျံ့လွင့်သော စိတ်ရှိသော ရဟန်းသည် များသော အာရုံရှိ၍ တရားကို ကောင်းစွာ မမြင်နိုင်၊ သူတော်ကောင်းတရားကို ကောင်းစွာ မမြင်သော ရဟန်းသည် ဆင်းရဲမှ မလွတ်မြောက်နိုင်။

ဝတ်ကို ဖြည့်ကျင့်သော ရဟန်းသည် သီလကိုလည်း ပြည့်စေနိုင်၏၊ သီလစင်ကြယ်သော ရဟန်းသည် ပညာရှိသည်ဖြစ်၍ စိတ်တည်ကြည်မှုကိုလည်း ရနိုင်၏။

စိတ်မပျံ့လွင့်သော ရဟန်းသည် တခုတည်းသော အာရုံရှိ၍ တရားကို ကောင်းစွာ မြင်နိုင်၏၊ သူတော်ကောင်းတရားကို ကောင်းစွာ မြင်သော ထိုရဟန်းသည် ဆင်းရဲမှ လွတ်မြောက်နိုင်၏။

ထို့ကြောင့် ပညာရှိသော ဘုရားသားတော် ရဟန်းသည် မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်သော ကျင့်ဝတ်ကို ဖြည့်ကျင့်ရာ၏၊ ထိုဖြည့်ကျင့်ခြင်းကြောင့် နိဗ္ဗာန်သို့ ရောက်လတ္တံ့။

ဤတွင် အကျဉ်းချုပ် ပြီး၏။

**ဝတ္တက္ခန္ဓက ပြီးပြီ။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၉-ပါတိမောက္ခဋ္ဌပနက္ခန္ဓက

## ၁-ပါတိမောက်ပြရန် တောင်းပန်ခြင်း

၃၈၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရသူဌေး၏ မိခင်သဖွယ်ဖြစ်သော ဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံးနေတော်မူသောအခါ ဥပုသ်နေ့၌ ရဟန်း သံဃာ ခြံရံလျက် ထိုင်နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ညဥ့်နက်သည်ဖြစ်၍ ပဌမယာမ် လွန်လတ်သော် နေရာမှ ထကာ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ မြတ်စွာဘုရားရှိရာ သို့ လက်အုပ်ချီလျက်—

"အသျှင်ဘုရား ညဥ့်နက်ပါပြီ၊ ပဌမယာမ် လွန်ပါပြီ၊ ရဟန်းသံဃာသည် ကြာမြင့်စွာ ထိုင်နေရပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော် မူပါ" ဟု လျှောက်၏။

ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။ နှစ်ကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် ညဥ့်နက်သည်ဖြစ်၍ မဇ္ဈိမယာမ် လွန်လတ်သော် နေရာမှထကာ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက်—

"အသျှင်ဘုရား ညဥ့်နက်ပါပြီ၊ မဇ္ဈိမယာမ် လွန်ပါပြီ၊ ရဟန်းသံဃာသည် ကြာမြင့်စွာထိုင် နေရပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ" ဟု လျှောက်၏။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။ သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် ညဥ့်နက်သည် ဖြစ်၍ ပစ္ဆိမယာမ် လွန်လတ်သော် အရုဏ်တက်သည် ဖြစ်၍ ညဥ့်သည် နှစ်သက်ဖွယ်မျက်နှာ ရှိလတ်သော် နေရာမှထကာ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက်—

"အသျှင်ဘုရား ညဥ့်နက်ပါပြီ၊ ပစ္ဆိမယာမ် လွန်ပါပြီ၊ အရုဏ်တက်ပါပြီ၊ ညဥ့်သည် နှစ်သက် ဖွယ် မျက်နှာရှိပါပြီ၊ ရဟန်းသံဃာသည် ကြာမြင့်စွာ ထိုင်နေရပါ၏၊ အသျှင်ဘုရား မြတ်စွာ ဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ" ဟု လျှောက်၏။

အာနန္ဒာ ပရိသတ်သည် မစင်ကြယ် ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်အား "မြတ်စွာဘုရားက အဘယ်သူကို ရည်၍ အာနန္ဒာ ပရိသတ်သည် မစင်ကြယ်" ဟု မိန့်တော်မူသနည်းဟူ၍ အကြံဖြစ်၏။ ထို့နောက် အသျှင်မဟာ မောဂ္ဂလာန်သည် ရဟန်းသံဃာ အလုံးစုံ၏ စိတ်ကို (မိမိ၏)စိတ်ဖြင့် ပိုင်းခြား၍ နှလုံးသွင်းတော်မူ၏။

အသျှင်မဟာမောဂ္ဂလာန်သည် ယုတ်ညံ့သော အကျင့်ရှိသော မစင်ကြယ်သည် ဖြစ်၍ ယုံမှား တွေးတောဖွယ် အကျင့်ရှိသော အမှုကို ဖုံးကွယ်သော ရဟန်း မဟုတ်ပဲ ရဟန်း ဟု ဝန်ခံသော မြတ် သော အကျင့်ကို မကျင့်ပဲ မြတ်သော အကျင့်ကို ကျင့်၏ ဟု ဝန်ခံသော အတွင်းပုပ်သော ကိလေသာ မိုးစွတ်သော အမှိုက်ကဲ့သို့ဖြစ်သော ရဟန်းသံဃာ အလယ်၌ ထိုင်နေသော သီလမရှိသော 'ဒုဿီလ'

http://www.dhammadownload.com



ပုဂ္ဂိုလ်ကို မြင်၍ နေရာမှ ထပြီးလျှင် ထိုပုဂ္ဂိုလ်ထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင် ထလော့၊ မြတ်စွာဘုရားသည် သင့်ကိုမြင်၏၊ သင့်အား ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းမှုမရှိ" ဟု ဆိုသော်လည်း ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေ၏။

နှစ်ကြိမ်မြောက်လည်း အသျှင်မဟာမောဂ္ဂလာန်သည် ထိုပုဂ္ဂိုလ်ကို "ငါ့သျှင်ထလော့၊ မြတ်စွာဘုရားသည် သင့်ကို မြင်၏၊ သင့်အား ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းမှုမရှိ" ဟု ဆိုသော်လည်း ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေ၏။

သုံးကြိမ်မြောက်လည်း အသျှင်မဟာမောဂ္ဂလာန်သည် ထိုပုဂ္ဂိုလ်ကို "ငါ့သျှင်ထလော့၊ မြတ်စွာဘုရားသည် သင့်ကို မြင်၏၊ သင့်အား ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းမှုမရှိ" ဟု ဆိုသော်လည်း ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေ၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ထိုပုဂ္ဂိုလ်ကို လက်မောင်း၌ ကိုင်၍ တံခါးမုခ်မှ အပြင်သို့ ထွက်စေ၍ မင်းတုပ်ယယ် မင်းတုပ်ကြီးကို လှို၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရား အကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ကို ထွက်စေအပ်ပါပြီ၊ ပရိသတ်သည် စင်ကြယ်ပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါလော့" ဟု မြတ်စွာဘုရားအား လျှောက်၏။ မောဂ္ဂလာန်အံ့ဖွယ်တည်း၊ မောဂ္ဂလာန် မဖြစ်ဘူးမြဲ ဖြစ်၏၊ ထို(မဂ်ဖိုလ်မှ)အချည်းနှီး ဖြစ်သော ယောကျ်ားသည် လက်မောင်းကို ကိုင်သည်တိုင်အောင်သော်လည်း ဆိုင်းငံ့ဘိ၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—

## ၂-မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ရှစ်ပါး

၃၈၄။ ရဟန်းတို့ မဟာသမုဒ္ဒရာ၌ မဖြစ်ဘူးမြဲ ဖြစ်သော အံ့ဖွယ်သဘောတို့သည် ဤရှစ်ပါးတို့တည်း၊ ယင်းအံ့ဖွယ် ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတို့ကို မြင်ကုန် မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏၊ အဘယ်ရှစ်ပါးတို့နည်းဟူမူ—

(၁) ရဟန်းတို့ မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း နိမ့်၏၊ အစဉ်အတိုင်း ကိုင်း၏၊ အစဉ်အတိုင်း ရှိုင်း၏၊ စလျှင် စခြင်း (အစမှလျှင်)မနက်။ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ အစဉ်အတိုင်း နိမ့်ခြင်း အစဉ်အတိုင်းကိုင်းခြင်း အစဉ်အတိုင်းရှိုင်းခြင်း စလျှင်စခြင်း မနက်ခြင်းသည် မဟာသမုဒ္ဒရာ၌ မဖြစ်ဘူးမြဲ ဖြစ်သော ပဌမအံ့ဖွယ် သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန် မွေ့လျော်ကုန်၏။

(၂) ရဟန်းတို့ တဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် တည်တံ့သော သဘောရှိသည်ဖြစ်၍ ကမ်းကို မလွန်။ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ တည်တံ့သော သဘောရှိသည်ဖြစ်၍ ကမ်းကို မလွန်ခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ မဖြစ်ဘူးမြဲ ဖြစ်သော ဒုတိယအံ့ဖွယ်သဘောပေတည်း၊ ယင်း သဘောကို မြင်ကုန် မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန် မွေ့လျော်ကုန်၏။

(၃) ရဟန်းတို့ တဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် အသေကောင်ပုပ်နှင့် မဆက်ဆံ။ မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ရှိလျှင် ကမ်းသို့ လျင်စွာ ကပ်စေ၏၊ ကုန်းသို့တင်စေ၏၊ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ အသေကောင်ပုပ်နှင့် မဆက်ဆံခြင်း မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ရှိ

http://www.dhammadownload.com



လျှင် ကမ်းသို့ လျှင်စွာ ကပ်စေခြင်း ကုန်းသို့ တင်စေခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ မဖြစ်ဘူးမြဲဖြစ်သော တတိယအံ့ဖွယ်သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန် မွေ့လျော်ကုန်၏။

(၄) ရဟန်းတို့ တဖန် ထို့ပြင်လည်း ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီ ဟူသော မြစ်ကြီးအားလုံးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် ရှေး၌ဖြစ်သော အမည် အနွယ်တို့ကို စွန့်၍ "မဟာသမုဒ္ဒရာ" ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ ယင်းသို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီ ဟူသော မြစ်ကြီးအားလုံးတို့၏ မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် ရှေး၌ ဖြစ်သော အမည် အနွယ်တို့ကို စွန့်ခြင်း "မဟာသမုဒ္ဒရာ"ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်ခြင်းသည်လည်း ဤမဟာသမုဒ္ဒရာ၏ မဖြစ်ဘူးမြဲ ဖြစ်သော စတုတ္ထအံ့ဖွယ် သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

(၅) ရဟန်းတို့ တဖန် ထို့ပြင်လည်း လောက၌ အလုံးစုံသော မြစ်ငယ် ချောင်းငယ်တို့သည်လည်း မဟာသမုဒ္ဒရာသို့ ဝင်ကုန်၏၊ အလုံးစုံသော ကောင်းကင်မှ မိုးရေအယဉ်တို့သည်လည်း ကျကုန်၏၊ ထိုကြောင့် မဟာသမုဒ္ဒရာ၏ လျော့မှု ပြည့်မှုသည် မထင်ရှား။ ရဟန်းတို့ ယင်းသို့ လောက၌ အလုံးစုံသော မြစ်ငယ် ချောင်းငယ်တို့သည်လည်း သမုဒ္ဒရာသို့ ဝင်ခြင်း အလုံးစုံသော ကောင်းကင်မှ မိုးရေအယဉ်တို့သည်လည်း ကျခြင်း၊ ထိုရေကြောင့် မဟာသမုဒ္ဒရာ၏ လျော့မှု ပြည့်မှု မထင်ရှားခြင်းသည်လည်း ဤမဟာသမုဒ္ဒရာ၌ မဖြစ်ဘူးမြဲ ဖြစ်သော ပဉ္စမအံ့ဖွယ်သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

(၆) ရဟန်းတို့ တဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် ငန်သော အရသာတမျိုးတည်းသာ ရှိ၏။ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ ငန်သော အရသာ တမျိုးတည်းသာ ရှိခြင်းသည်လည်း မဖြစ်ဘူးမြဲဖြစ်သော ဆဋ္ဌအံ့ဖွယ်သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

(၇) ရဟန်းတို့ တဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် ပုလဲ မြ ကြောင်မြက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ငွေ ရွှေ ပတ္တမြားနီ ပတ္တမြားပြောက် ဟူသော များသော ရတနာ မရေတွက်နိုင်သော ရတနာရှိ၏။ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ ပုလဲ မြ ကြောင်မြက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ငွေ ရွှေ ပတ္တမြားနီ ပတ္တမြားပြောက်ဟူသော များသောရတနာ မရေတွက်နိုင်သော ရတနာရှိခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ မဖြစ်ဘူးမြဲ ဖြစ်သော သတ္တမအံ့ဖွယ်သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

(၈) ရဟန်းတို့ တဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် တိမိ မည်သောငါး တိမိင်္ဂလမည်သောငါး တိမိတိမိင်္ဂလ မည်သောငါး အသူရာ နဂါး ဂန္ဓဗ္ဗနတ် ဟူသော သတ္တဝါကြီးတို့၏ရင်း ယူဇနာတရာ ယူဇနာနှစ်ရာ ယူဇနာသုံးရာ ယူဇနာလေးရာ ယူဇနာငါးရာတိုင်အောင် အတ္တဘောကြီးမားသော သတ္တဝါတို့၏ရင်း နေရာဖြစ်၏။ ရဟန်းတို့ ယင်းသို့ တိမိမည်သောငါး တိမိင်္ဂလမည်သောငါး တိမိတိမိင်္ဂလမည်သောငါး အသူရာ နဂါး ဂန္ဓဗ္ဗနတ် ဟူသော သတ္တဝါကြီးတို့၏ရင်း ယူဇနာတရာ။ပ။ ယူဇနာငါးရာတိုင်အောင် အတ္တဘောကြီးမားသော သတ္တဝါတို့၏ရင်း နေရာဖြစ်ခြင်းသည် မဟာ

http://www.dhammadownload.com



သမုဒ္ဒရာ၌ မဖြစ်ဘူးမြဲ ဖြစ်သော အဋ္ဌမအံ့ဖွယ်သဘောပေတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

ရဟန်းတို့ မဟာသမုဒ္ဒရာ၌ မဖြစ်ဘူးမြဲ ဖြစ်သော အံ့ဖွယ်သဘောတို့သည် ဤရှစ်ပါးတို့တည်း၊ ယင်းသဘောတို့ကို မြင်ကုန် မြင်ကုန်၍ အသူရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

## ၃-ဤသာသနာတော်၌ အံ့ဖွယ်ရှစ်ပါး

၃၈၅။ ရဟန်းတို့ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဘူးမြဲ ဖြစ်သော အံ့ဖွယ် ရှစ်ပါးတို့သည် ရှိကုန်၏၊ ယင်း အံ့ဖွယ်သဘောတို့ကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန် မွေ့လျော်ကုန်၏။

ရှစ်ပါးတို့ကား အဘယ်တို့နည်း—

(၁) ရဟန်းတို့ မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း နိမ့်သကဲ့သို့ အစဉ်အတိုင်း ကိုင်းသကဲ့သို့ အစဉ်အတိုင်း ရှိုင်းသကဲ့သို့ စလျှင်စခြင်း မနက်သကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်'၌ အစဉ်အတိုင်း ကျင့်ရသော သိက္ခာရှိ၏၊ အစဉ်အတိုင်း ပြုအပ်သော လုပ်ငန်းရှိ၏၊ အစဉ်အတိုင်း ကျင့်အပ်သော အကျင့်ပဋိပဒါ ရှိ၏၊ စလျှင်စခြင်း အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိ။ ရဟန်းတို့ ယင်းသို့ ဤသိက္ခာစဉ်ရှိခြင်း လုပ်ငန်းစဉ်ရှိခြင်း ကျင့်စဉ်ပဋိပဒါရှိခြင်း စလျှင်စခြင်း အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိခြင်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဘူးမြဲ ဖြစ်သော ပဌမအံ့ဖွယ် သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

(၂) ရဟန်းတို့ မဟာသမုဒ္ဒရာသည် တည်တံ့သော သဘောရှိသည်ဖြစ်၍ ကမ်းကို မလွန်သကဲ့သို့ ဤအတူပင် တပည့်တို့အတွက် ငါပညတ်ထားသော သိက္ခာပုဒ်ကို ငါ၏ တပည့်တို့သည် အသက် ဟူသော အကြောင်းကြောင့်သော်လည်း မကျူးကျော်ကုန်။ ရဟန်းတို့ ယင်းသို့ တပည့်တို့အတွက် ငါပညတ်ထားသော သိက္ခာပုဒ်ကို အသက်ဟူသော အကြောင်းကြောင့်သော်လည်း ငါ့တပည့်တို့၏ မကျူးကျော်ခြင်းသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဘူးမြဲ ဖြစ်သော ဒုတိယအံ့ဖွယ် သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

(၃) ရဟန်းတို့ မဟာသမုဒ္ဒရာသည် အသေကောင်ပုပ်နှင့် မဆက်ဆံ၊ မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ရှိလျှင် လျင်စွာ ကမ်းသို့ ကပ်စေသကဲ့သို့ ကုန်းသို့ တင်စေသကဲ့သို့ ဤအတူပင် ယုတ်ညံ့သော အကျင့်ရှိသော မစင်ကြယ်သည်ဖြစ်၍ ယုံမှားတွေးတောဖွယ် အကျင့်ရှိသော အမှုကို ဖုံးကွယ်သော ရဟန်းမဟုတ်ပဲ ရဟန်း ဟု ဝန်ခံသော မြတ်သောအကျင့်ကို မကျင့်ပဲ မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံသော အတွင်းပုပ်သော ကိလေသာမိုးစွတ်သော အမှိုက်ကဲ့သို့ ဖြစ်သော သီလမရှိသော 'ဒုဿီလ'ပုဂ္ဂိုလ်နှင့် သံဃာသည် မဆက်ဆံ၊ စည်းဝေး၍ ထိုပုဂ္ဂိုလ်ကို လျင်စွာ နှင်ထုတ်၏၊ ထိုပုဂ္ဂိုလ်သည် သံဃာ့အလယ်၌ ထိုင်သော်လည်း စင်စစ်အားဖြင့် သံဃာမှ ဝေး၏၊ သံဃာသည်လည်း ထိုပုဂ္ဂိုလ်မှ ဝေး၏။ ရဟန်းတို့ ယင်းသို့ ယုတ်ညံ့သော အကျင့်ရှိသော မစင်ကြယ်သည် ဖြစ်၍ ယုံမှားတွေးတောဖွယ် အကျင့်ရှိသော အမှုကို ဖုံးကွယ်သော ရဟန်းမဟုတ်ပဲ ရဟန်း ဟု ဝန်ခံသော မြတ်

http://www.dhammadownload.com



သော အကျင့်ကို မကျင့်ပဲ မြတ်သောအကျင့်ကို ကျင့်၏ ဟု ဝန်ခံသော အတွင်းပုပ်သော ကိလေသာ မိုးစွတ်သော အမှိုက်ကဲ့သို့ ဖြစ်သော သီလမရှိသော 'ဒုဿီလ'ပုဂ္ဂိုလ်နှင့် သံဃာ၏ မဆက်ဆံခြင်း စည်းဝေး၍ ထိုပုဂ္ဂိုလ်ကို လျင်စွာပင် နှင်ထုတ်ခြင်း သံဃာ့အလယ်၌ ထိုင်သော်လည်း စင်စစ်အားဖြင့် ထိုပုဂ္ဂိုလ်၏ သံဃာမှ ဝေးခြင်း သံဃာ၏လည်း ထိုပုဂ္ဂိုလ်မှ ဝေးခြင်းတို့သည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဘူးမြဲ ဖြစ်သော တတိယအံ့ဖွယ်သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤ ဓမ္မဝိနယ'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

(၄) ရဟန်းတို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီ ဟူသော မြစ်ကြီးအားလုံးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် ရှေး၌ ဖြစ်သော အမည် အနွယ်တို့ကို စွန့်၍ "မဟာသမုဒ္ဒရာ" ဟူ၍ပင် ရေတွက်ခြင်းသို့ ရောက်ကုန်သကဲ့သို့ ဤအတူပင် မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဟူသော ဤအမျိုးလေးပါးတို့သည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရောက်ကုန်လတ်သော် ရှေး၌ ဖြစ်ကုန်သော အမည်အနွယ်တို့ကို စွန့်၍ "သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့" ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ ယင်းသို့ မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဟူသော ဤအမျိုးလေးပါးတို့၏ မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရောက်ကုန်လတ်သော် ရှေး၌ ဖြစ်သော အမည်အနွယ်တို့ကို စွန့်၍"သာကီဝင် မင်းသား ဘုရားသားတော်ရဟန်း" ဟူသော အရေအတွက်သို့ ရောက်ခြင်းသည်လည်း ဤဓမ္မဝိနယ'သာသနာတော်'၌ မဖြစ်ဘူးမြဲ ဖြစ်သော စတုတ္ထအံ့ဖွယ်သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

(၅) ရဟန်းတို့ ဤလောက၌ အလုံးစုံသော မြစ်ငယ် ချောင်းငယ်တို့သည် မဟာသမုဒ္ဒရာသို့ ဝင်ကုန်၏၊ အလုံးစုံသော ကောင်းကင်မှ မိုးရေအယဉ်တို့သည်လည်း ကျကုန်၏၊ ထိုကြောင့် မဟာသမုဒ္ဒရာ၏ လျော့မှု ပြည့်မှုသည် မထင်ရှားသကဲ့သို့ ဤအတူပင် များစွာသော ရဟန်းတို့သည် ခန္ဓာ မကြွင်းကျန်သော အငြိမ်းဓာတ်ဖြင့် ငြိမ်းကုန်၏၊ ထိုငြိမ်းခြင်းဖြင့် အငြိမ်းဓာတ်၏ လျော့ခြင်း ပြည့်ခြင်းသည် မထင်ရှား၊ ရဟန်းတို့ ယင်းသို့ များစွာသော ရဟန်းတို့၏ ခန္ဓာကြွင်းမရှိ အငြိမ်းဓာတ်ဖြင့် ငြိမ်းခြင်း ထိုအငြိမ်းဓာတ် 'နိဗ္ဗာန်'၏ လျော့မှု ပြည့်မှု မထင်ရှားခြင်းသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဘူးမြဲ ဖြစ်သော ပဉ္စမအံ့ဖွယ် သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

(၆) ရဟန်းတို့ မဟာသမုဒ္ဒရာသည် ငန်သော အရသာ တမျိုးတည်းသာ ရှိသကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ'သာသနာတော်'၌ လွတ်မြောက်မှု အရသာ တမျိုးတည်းသာရှိ၏။ရဟန်းတို့ ယင်းသို့ လွတ်မြောက်မှု အရသာတမျိုးတည်းသာ ရှိခြင်းသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဘူးမြဲ ဖြစ်သော ဆဋ္ဌအံ့ဖွယ်သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

(၇) ရဟန်းတို့ မဟာသမုဒ္ဒရာသည် ပုလဲ မြ ကြောင်မြက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ငွေ ရွှေ ပတ္တမြားနီ ပတ္တမြားပြောက် ဟူသော များသော ရတနာ မရေတွက်နိုင်သော ရတနာရှိသကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ'သာသနာတော်'သည် ဘာတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်

http://www.dhammadownload.com



လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသော များသော ရတနာ မရေတွက်နိုင်သော ရတနာရှိ၏။ ရဟန်းတို့ ယင်းသို့ ဓမ္မဝိနယ 'သာသနာတော်' ၏ သတ္တမမြောက်သော အံ့ဖွယ်သဘောပေတည်း။ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသော များသော ရတနာ မရေတွက်နိုင်သော ရတနာရှိခြင်းသည်လည်း မဖြစ်ဘူးမြဲ ဖြစ်သော သတ္တမအံ့ဖွယ် သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

(၈) ရဟန်းတို့ မဟာသမုဒ္ဒရာသည် တိမိမည်သောငါး တိမိင်္ဂလမည်သောငါး တိမိတိမိင်္ဂလ မည်သောငါး အသူရာ နဂါး ဂန္ဓဗ္ဗနတ် ဟူသော သတ္တဝါကြီးတို့၏ရင်း ယူဇနာတရာ ယူဇနာနှစ်ရာ ယူဇနာသုံးရာ ယူဇနာလေးရာ ယူဇနာငါးရာတိုင်အောင် အတ္တဘော ကြီးမားသော သတ္တဝါတို့၏ရင်း နေရာဖြစ်သကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်'သည် သောတာပန်ပုဂ္ဂိုလ် သောတာ ပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ် သကဒါဂါမိဖိုလ်ကို မျက်မှောက် ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် ရဟန္တာ ပုဂ္ဂိုလ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် ဟူသော ကြီး(မြတ်)သော သတ္တဝါတို့၏ နေရာဖြစ်၏။

ရဟန်းတို့ ယင်းသို့ သောတာပန်ပုဂ္ဂိုလ် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲ ပုဂ္ဂိုလ်။ပ။ ရဟန္တာပုဂ္ဂိုလ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် ဟူသော ကြီး(မြတ်) သော ပုဂ္ဂိုလ်တို့၏ နေရာဖြစ်ခြင်းသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဘူးမြဲ ဖြစ်သော အဋ္ဌမအံ့ဖွယ်သဘောပေတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏။

ရဟန်းတို့ ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဘူးမြဲ ဖြစ်သော အံ့ဖွယ်သဘောတို့ကား ဤ ရှစ်ပါးတို့တည်း၊ ယင်းသဘောကို မြင်ကုန်မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကုန်၏ ဟု (မိန့်တော်မူ၏)။

ထိုနောက် မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ထိုအချိန်၌ ဤဥဒါန်းကို ကျူးရင့် တော်မူ၏။

"အာပတ်ကို ဖုံးလွှမ်းသော သူကို ကိလေသာ မိုးစွတ်၏၊ ဖွင့်လှစ်သောသူကို ကိလေသာ မိုး မစွတ်၊ ထို့ကြောင့် ဖုံးလွှမ်းပြီး အာပတ်ကို ဖွင့်လှစ်ကုန်လော့၊ ဤသို့ ဖွင့်လှစ်သော် ထိုသူကို ကိလေသာ မိုးမစွတ်နိုင်" ဟု (ဥဒါန်း ကျူးရင့်တော်မူ၏)။

## ၄-ပါတိမောက်ကို ကြားနာထိုက်သူ

၃၈၆။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—

ရဟန်းတို့ ငါသည် ယနေ့မှစ၍ ဥပုသ်မပြုတော့အံ့၊ ပါတိမောက်ကို မပြတော့အံ့၊ ရဟန်းတို့ ယခုအခါမှ နောက်၌ သင်တို့သည်သာ ဥပုသ်ကို ပြုကုန်လော့၊ ပါတိမောက်ကို ပြကုန်လော့။

ရဟန်းတို့ မြတ်စွာဘုရားသည် မစင်ကြယ်သော ပရိသတ်၌ ဥပုသ်ပြု ပါတိမောက်ပြရာသော အကြောင်းအရာသည် မဖြစ်နိုင်ပေ။

http://www.dhammadownload.com



ရဟန်းတို့ အာပတ်ရှိသော ရဟန်းသည်လည်း ပါတိမောက်ကို မနာအပ်၊ နာသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**။

ရဟန်းတို့ အာပတ်ရှိသော ရဟန်းသည် ပါတိမောက်ကို နာမူ ထိုရဟန်းအား ပါတိမောက်ကို ထားရန် ခွင့်ပြု၏၊ ရဟန်းတို့ ဤသို့ ထားရမည်၊ တဆယ့်လေးရက်မြောက် ဥပုသ်နေ့၌ဖြစ်စေ တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌ဖြစ်စေ ထိုပုဂ္ဂိုလ် မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ်သည် အာပတ်ရှိပါ၏၊ ထိုပုဂ္ဂိုလ်အား ပါတိမောက်ကို ထားပါ၏၊ ထိုပုဂ္ဂိုလ် မျက်မှောက်ရှိနေစဉ် ပါတိမောက်ကို မပြအပ်၊ ပါတိမောက်သည် ထားအပ်ပြီး ဖြစ်၏" ဟု (ဆိုရမည်)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် "ငါတို့ကို တဦးတယောက်မျှ မသိ" ဟု အာပတ်ရှိလျက်သာလျှင် ပါတိမောက်ကို နာကုန်၏။

သူတပါးတို့၏ စိတ်ကို သိသော မထေရ်ကြီး ရဟန်းတို့သည် "ငါ့သျှင်တို့ ဤမည် ဤမည်သော ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် 'ငါတို့ကို တဦးတယောက်မျှ မသိ' ဟု အာပတ်ရှိလျက်သာလျှင် ပါတိမောက်ကို နာကုန်၏" ဟု ရဟန်းတို့အား ပြောကုန်၏။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သူတပါးတို့၏ စိတ်ကို သိသော မထေရ်ကြီး ရဟန်းတို့က ငါတို့ကို "ငါ့သျှင်တို့ ဤမည် ဤမည်သော ဆဗ္ဗဂ္ဂီရဟန်းတို့သည် 'ငါတို့ကို တဦးတယောက်မျှ မသိ' ဟု အာပတ်ရှိလျက်သာလျှင် ပါတိမောက်ကို နာကုန်၏" ဟူ၍ ရဟန်းတို့အား ပြောကုန်၏ ဟု ကြားကုန်၏။ ထိုဆဗ္ဗဂ္ဂီရဟန်းတို့သည် "သီလကို ချစ်မြတ်နိုးသော ရဟန်းတို့က ငါတို့အား ပါတိမောက် ထားလိမ့်မည်" ဟု နှလုံးသွင်း၍ စောစောကပင် အာပတ် မသင့်သော ဖြူစင်သော ရဟန်းတို့အား အမှုမရှိပဲ အကြောင်းမရှိပဲ ပါတိမောက်ကို ထားကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အဘယ့်ကြောင့် အာပတ်မသင့်သော ဖြူစင်သော ရဟန်းတို့အား အမှုမရှိပဲ အကြောင်းမရှိပဲ ပါတိမောက်ကို ထားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အာပတ်မသင့်သော ဖြူစင်သော ရဟန်းတို့အား အမှုမရှိပဲ အကြောင်းမရှိပဲ ပါတိမောက်ကို ထားကုန်၏ ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ပ။ ကဲ့ရဲ့တော်မူ၍။ပ။ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

ရဟန်းတို့ အာပတ် မသင့်သော ဖြူစင်သော ရဟန်းတို့အား အမှုမရှိပဲ အကြောင်းမရှိပဲ ပါတိမောက်ကို မထားအပ်၊ ထားသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**။

## ၅-တရားနှင့် လျော် မလျော်သော ပါတိမောက် ထားခြင်း

၃၈၇။ ရဟန်းတို့ တရားနှင့် မလျော်သော ပါတိမောက်ထားခြင်းတမျိုး၊ တရားနှင့် လျော်သော ပါတိမောက်ထားခြင်းတမျိုး။

http://www.dhammadownload.com



တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း နှစ်မျိုး၊ တရားနှင့်လျော်သော ပါတိမောက်ထားခြင်း နှစ်မျိုး။

တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း သုံးမျိုး၊ တရားနှင့်လျော်သော ပါတိမောက်ထားခြင်း သုံးမျိုး။

တရားနှင့် မလျော်သော ပါတိမောက် ထားခြင်း လေးမျိုး၊ တရားနှင့်လျော်သော ပါတိမောက်ထားခြင်း လေးမျိုး။

တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း ငါးမျိုး၊ တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ငါးမျိုး။

တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း ခြောက်မျိုး၊ တရားနှင့်လျော်သော ပါတိမောက်ထားခြင်းခြောက်မျိုး။

တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း ခုနစ်မျိုး၊ တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ခုနစ်မျိုး။

တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း ရှစ်မျိုး၊ တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ရှစ်မျိုး။

တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း ကိုးမျိုး၊ တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ကိုးမျိုး။

တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း ဆယ်မျိုး၊ တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ဆယ်မျိုး။

တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း တမျိုးဟူသည် အဘယ်နည်း။

အကြောင်းရင်း မရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့် မလျော်သော ပါတိမောက် ထားခြင်း တမျိုးတည်း။

တရားနှင့် လျော်သော ပါတိမောက်ထားခြင်း တမျိုးဟူသည် အဘယ်နည်း။

အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့် လျော်သော ပါတိမောက်ထားခြင်း တမျိုးတည်း။

တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း နှစ်မျိုးတို့ဟူသည် အဘယ်တို့နည်း။

အကြောင်းရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ အကြောင်းရင်း မရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့် မလျော်သော ပါတိမောက် ထားခြင်း နှစ်မျိုးတို့တည်း။

တရားနှင့်လျော်သော ပါတိမောက်ထားခြင်း နှစ်မျိုးတို့ဟူသည် အဘယ်တို့နည်း။

အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်လျော်သော ပါတိမောက်ထားခြင်း နှစ်မျိုးတို့တည်း။

http://www.dhammadownload.com



တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း သုံးမျိုးတို့ဟူသည် အဘယ်တို့နည်း။

အကြောင်းရင်း မရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်း မရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းမရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း သုံးမျိုးတို့တည်း။

တရားနှင့်လျော်သော ပါတိမောက်ထားခြင်း သုံးမျိုးတို့ဟူသည် အဘယ်တို့နည်း။

အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်လျော်သော ပါတိမောက်ထားခြင်း သုံးမျိုးတို့တည်း။

တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း လေးမျိုးတို့ဟူသည် အဘယ်တို့နည်း။

အကြောင်းရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်း မရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းမရှိသော အယူပျက်စီးခြင်း ဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းမရှိသော အသက်မွေးမှု ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း လေးမျိုးတို့တည်း။

တရားနှင့်လျော်သော ပါတိမောက်ထားခြင်း လေးမျိုးတို့ဟူသည် အဘယ်တို့နည်း။

အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းရှိသော အသက်မွေးမှု ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်လျော်သော ပါတိမောက်ထားခြင်း လေးမျိုးတို့တည်း။

တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း ငါးမျိုးတို့ဟူသည် အဘယ်တို့နည်း။

အကြောင်းရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်း မရှိသော သံဃာဒိသိသ်အာပတ်ဖြင့် ပါတိမောက်ကို ထား၏။ အကြောင်းရင်းမရှိသော ပါစိတ် အာပတ်ဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်း မရှိသော ပါဋိဒေသနီအာပတ်ဖြင့် ပါတိမောက် ကို ထား၏။ အကြောင်းရင်းမရှိသော ဒုက္ကဋ်အာပတ်ဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း ငါးမျိုးတို့တည်း။

တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ငါးမျိုးတို့ဟူသည် အဘယ်တို့နည်း။

အကြောင်းရင်းရှိသော ပါရာဇိကအာပတ်ဖြင့် ပါတိမောက်ကို ထား၏။ အကြောင်းရင်းရှိသော သံဃာဒိသိသ်အာပတ်ဖြင့် ပါတိမောက်ကို ထား၏။ အကြောင်းရင်းရှိသော ပါစိတ် အာပတ်။ ပါဋိ ဒေသနီအာပတ်။ ဒုက္ကဋ်အာပတ်ဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်လျော်သော ပါတိ မောက်ထားခြင်း ငါးမျိုးတို့တည်း။

http://www.dhammadownload.com



တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း ခြောက်မျိုးတို့ဟူသည် အဘယ်တို့နည်း။

မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းမရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းမရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း ခြောက်မျိုးတို့တည်း။

တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ခြောက်မျိုးတို့ဟူသည် အဘယ်တို့နည်း။

မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ မဆုံးဖြတ် အပ်သေးသော။ပ။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့်။ပ။ အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ဤကား တရားနှင့်လျော်သော ပါတိမောက် ထားခြင်း ခြောက်မျိုးတို့တည်း။

တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း ခုနစ်မျိုးတို့ဟူသည် အဘယ်တို့နည်း။

အကြောင်းရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းမရှိသော သံဃာဒိသိသ်အာပတ်ဖြင့်။ပ။ ထုလ္လစ္စည်းအာပတ်။ ပါစိတ်အာပတ်။ ပါဋိဒေသနီအာပတ်။ ဒုက္ကဋ်အာပတ်။ ဒုဗ္ဘာသီအာပတ်ဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း ခုနစ်မျိုးတို့တည်း။

တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ခုနစ်မျိုးတို့ဟူသည် အဘယ်တို့နည်း။

အကြောင်းရင်းရှိသော ပါရာဇိကအာပတ်ဖြင့် ပါတိမောက်ကို ထား၏၊ အကြောင်းရင်းရှိသော သံဃာဒိသိသ်အာပတ်ဖြင့်။ပ။ ထုလ္လစ္စည်းအာပတ်။ ပါစိတ်အာပတ်။ ပါဋိဒေသနီအာပတ်။ ဒုက္ကဋ်အာပတ်။ ဒုဗ္ဘာသီအာပတ်ဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်လျော်သော ပါတိမောက် ထားခြင်း ခုနစ်မျိုးတို့တည်း။

တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း ရှစ်မျိုးတို့ဟူသည် အဘယ်တို့နည်း။

မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ မဆုံးဖြတ်အပ်သေးသော။ပ။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်း မရှိသော အကျင့်ပျက်စီးခြင်းဖြင့်။ပ။ အယူပျက်စီးခြင်းဖြင့်။ အသက်မွေးမှု ပျက်စီးခြင်းဖြင့်။ ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း ရှစ်မျိုးတို့တည်း။

တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ရှစ်မျိုးတို့ဟူသည် အဘယ်တို့နည်း။

မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို

http://www.dhammadownload.com



ထား၏၊ မဆုံးဖြတ်အပ်သေးသော။ပ။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့်။ပ။ အယူပျက်စီးခြင်းဖြင့်။ အသက်မွေးမှု ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ရှစ်မျိုးတို့တည်း။

တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း ကိုးမျိုးတို့ဟူသည် အဘယ်တို့နည်း။

မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဆုံးဖြတ်ပြီး မဆုံးဖြတ်သေးသော အကြောင်းရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ မဆုံးဖြတ်အပ်သေးသော ။ပ။ ဆုံးဖြတ်အပ်ပြီးသော။ပ။ ဆုံးဖြတ်ပြီး မဆုံးဖြတ်သေးသော အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့်။ပ။ အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း ကိုးမျိုးတို့တည်း။

တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ကိုးမျိုးတို့ဟူသည် အဘယ်တို့နည်း။

မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ ဆုံးဖြတ်ပြီး မဆုံးဖြတ်သေးသော အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏၊ မဆုံးဖြတ်အပ်သေးသော။ပ။ ဆုံးဖြတ်အပ်ပြီးသော။ပ။ဆုံးဖြတ်ပြီး မဆုံးဖြတ်သေးသော အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့်။ပ။ အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထား၏။ ဤကား တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ကိုးမျိုးတို့တည်း။

တရားနှင့်မလျော်သော ပါတိမောက်ထားခြင်း ဆယ်မျိုးတို့ဟူသည် အဘယ်တို့နည်း။

ပါရာဇိကကျသူသည် ထိုပရိသတ်၌ ထိုင်မနေ၊ပါရာဇိက‌စကားသည် မပြီးပြတ်သေးသည် မဟုတ်၊ သိက္ခာချသူသည် ထိုပရိသတ်၌ ထိုင်မနေ၊သိက္ခာချ စကားသည် မပြီးပြတ်သေးသည် မဟုတ်၊တရားနှင့် လျော်သော ညီညွတ်ခြင်းသို့ ကပ်ရောက်၏၊ တရားနှင့်လျော်သော ညီညွတ်ခြင်းကို တဖန်မယူ၊ တရားနှင့်လျော်သော ညီညွတ်ခြင်းကို တဖန်ယူရန် စကားသည် မပြီးပြတ်သေးသည် မဟုတ်၊ သီလပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်းမရှိ၊ အကျင့်ပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်း မရှိ၊ အယူပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်း မရှိ။ ဤကား တရားနှင့် မလျော်သော ပါတိမောက်ထားခြင်း ဆယ်မျိုးတို့တည်း။

တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ဆယ်မျိုးတို့ဟူသည် အဘယ်တို့နည်း။

ပါရာဇိက ကျသူသည် ထိုပရိသတ်၌ ထိုင်နေ၏၊ ပါရာဇိက စကားသည် မပြီးပြတ်သေး၊ သိက္ခာချသူသည် ထိုပရိသတ်၌ ထိုင်နေ၏၊ သိက္ခာချသော စကားသည် မပြီးပြတ်သေး၊ တရားနှင့်လျော်သော ညီညွတ်ခြင်းသို့ မကပ်ရောက်၊ တရားနှင့်လျော်သော ညီညွတ်ခြင်းကို တဖန်ယူ၏၊တရားနှင့် လျော်သော ညီညွတ်ခြင်းကို တဖန်ယူရန် စကားသည် မပြီးပြတ်သေး၊ သီလပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ရှိ၏၊ အကျင့် ပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ရှိ၏၊ အယူပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ရှိ၏။ ဤကား တရားနှင့်လျော်သော ပါတိမောက်ထားခြင်း ဆယ်မျိုးတို့တည်း။

http://www.dhammadownload.com



## ၆-တရားနှင့် လျော်သော ပါတိမောက်ထားခြင်း

၃၈၈။ အဘယ်သို့လျှင် ပါရာဇိက ကျသူသည် ထိုပရိသတ်၌ ထိုင်နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြင် အခြင်းအရာ အသွင်အပြင် အမှတ်နိမိတ်တို့ဖြင့် ပါရာဇိကအာပတ်သို့ ရောက်၏၊ ရဟန်းသည် ထိုအခြင်းအရာ အသွင်အပြင် အမှတ်နိမိတ်တို့ဖြင့် ပါရာဇိကအာပတ်သို့ ရောက်သော ရဟန်းကို မြင်၏။

ရဟန်းသည် ပါရာဇိက အာပတ်သို့ရောက်သော ရဟန်းကို မမြင်။

စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းသည် ပါရာဇိကအာပတ်သို့ ရောက်၏" ဟု တပါးသော ရဟန်းသည် ပြောကြား၏။

ရဟန်းသည် ပါရာဇိကအာပတ်သို့ ရောက်သော ရဟန်းကို မမြင်၊ ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းသည် ပါရာဇိကအာပတ်သို့ ရောက်၏" ဟု တပါးသော ရဟန်းသည်လည်း မပြောကြား၊ စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် အကျွန်ုပ်သည် ပါရာဇိကအာပတ်သို့ ရောက်၏" ဟု ထိုရဟန်းသည်ပင် ပြော ကြား၏။

ရဟန်းတို့ ရဟန်းသည် ထိုအမြင်ဖြင့်၎င်း ထိုအကြားဖြင့်၎င်း ထိုယုံမှားခြင်းဖြင့်၎င်း အလိုရှိမူ တဆယ့်လေးရက်မြောက် ဥပုသ်နေ့၌၎င်း တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌၎င်း ထိုပုဂ္ဂိုလ် မျက်မှောက် ရှိလတ်သော် သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ်သည် ပါရာဇိကအာပတ်သို့ ရောက်၏၊ ထိုရဟန်းအား ပါတိမောက်ကို ထား၏၊ ထိုပုဂ္ဂိုလ် မျက်မှောက်ရှိမူ ပါတိမောက်ကို မပြအပ်" ဟု မြွက်ဆိုရမည်။ ပါတိမောက် ထားခြင်းသည် တရားနှင့် လျော်၏။

၃၈၉။ ရဟန်းအား ပါတိမောက်ထားစဉ် မင်းအန္တရာယ်ကြောင့် ဖြစ်စေ ခိုးသူအန္တရာယ်ကြောင့် ဖြစ်စေ မီးအန္တရာယ်ကြောင့်ဖြစ်စေ ရေအန္တရာယ်ကြောင့်ဖြစ်စေ လူအန္တရာယ်ကြောင့်ဖြစ်စေ ဘီလူးအန္တရာယ်ကြောင့်ဖြစ်စေ သားရဲအန္တရာယ်ကြောင့်ဖြစ်စေ မြွေကင်းသန်း အန္တရာယ်ကြောင့် ဖြစ်စေ အသက်အန္တရာယ်ကြောင့်ဖြစ်စေ မြတ်သောအကျင့်အန္တရာယ်ကြောင့်ဖြစ်စေ အန္တရာယ်ဆယ်ပါးတို့တွင် တပါးပါးကြောင့် ပရိသတ်သည် ထအံ့။

ရဟန်းတို့ ရဟန်းသည် အလိုရှိမူ ထိုကျောင်း၌၎င်း အခြားကျောင်း၌၎င်း ထိုပုဂ္ဂိုလ်မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ်၏ ပါရာဇိက စကားသည် မပြီးပြတ်သေး၊ထိုအမှုကို မဆုံးဖြတ်ရသေး၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ထိုအမှုကို ဆုံးဖြတ်ရာ၏" ဟု မြွက်ဆိုရာ၏။

ဤသို့ ဆုံးဖြတ်ခြင်းကို ရသော် ကောင်း၏၊ မရသော် တဆယ့်လေးရက်မြောက် ဥပုသ်နေ့၌၎င်း တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌၎င်း ထိုပုဂ္ဂိုလ် မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ်၏ ပါရာဇိကစကားသည် မပြီးပြတ်သေး၊ ထိုအမှုကို မဆုံးဖြတ်ရသေး၊ ထိုရဟန်းအား ပါတိမောက်ကို

http://www.dhammadownload.com



ထား၏၊ ထိုရဟန်းမျက်မှောက်ရှိမူ ပါတိမောက်ကို မပြအပ်”ဟု မြွက်ဆိုရမည်။ ပါတိမောက် ထားခြင်းသည် တရားနှင့် လျော်၏။

၃၉၀။ အဘယ်သို့လျှင် သိက္ခာချသူသည် ထိုပရိသတ်၌ ထိုင်နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြောင်းအခြင်းအရာ အသွင်အပြင် အမှတ်နိမိတ်တို့ဖြင့် သိက္ခာချ၏၊ ရဟန်းသည် ထိုအခြင်းအရာ အသွင်အပြင် အမှတ်နိမိတ်တို့ဖြင့် သိက္ခာချသော ရဟန်းကို မြင်၏။

ရဟန်းသည် သိက္ခာချသော ရဟန်းကို မမြင်၊ စင်စစ်သော်ကား ရဟန်းအား “ငါ့သျှင် ဤမည်သော ရဟန်းသည် သိက္ခာချ၏” ဟု တပါးသော ရဟန်းသည် ပြောကြား၏။

ရဟန်းသည် သိက္ခာချသော ရဟန်းကို မမြင်၊ ရဟန်းအား “ငါ့သျှင် ဤမည်သော ရဟန်းသည် သိက္ခာချ၏” ဟု တပါးသော ရဟန်းသည်လည်း မပြောကြား၊ စင်စစ်သော်ကား ရဟန်းအား “ငါ့သျှင် အကျွန်ုပ်သည် သိက္ခာချ၏” ဟု ထိုရဟန်းသည်ပင် ပြောကြား၏။ ရဟန်းတို့ ရဟန်းသည် အလိုရှိမူ ထိုမြင်ခြင်းဖြင့်၎င်း ထိုကြားခြင်းဖြင့်၎င်း ထိုယုံမှားခြင်းဖြင့်၎င်း တဆယ့်လေးရက်မြောက် ဥပုသ်နေ့၌၎င်း တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌၎င်း ထိုပုဂ္ဂိုလ်မျက်မှောက်၌ရှိမူ သံဃာ့အလယ်၌—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သောပုဂ္ဂိုလ်သည် သိက္ခာကို ချ၏၊ ထိုရဟန်းအား ပါတိမောက်ကို ထား၏၊ ထိုပုဂ္ဂိုလ်မျက်မှောက်ရှိမူ ပါတိမောက်ကို မပြအပ်” ဟု မြွက်ဆိုရာ၏။ ပါတိမောက်ထားခြင်းသည် တရားနှင့်လျော်၏။

၃၉၁။ ရဟန်းအား ပါတိမောက်ထားစဉ် မင်းအန္တရာယ်ကြောင့်ဖြစ်စေ။ပ။ မြတ်သော အကျင့်၏ အန္တရာယ်ကြောင့်ဖြစ်စေ အန္တရာယ်ဆယ်မျိုးတို့တွင် တမျိုးမျိုးကြောင့် ပရိသတ်သည် ထအံ့။ ရဟန်းတို့ ရဟန်းသည် အလိုရှိမူ ထိုကျောင်း၌၎င်း အခြားကျောင်း၌၎င်း ထိုပုဂ္ဂိုလ်မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ်၏ သိက္ခာချ စကားသည် မပြီးပြတ်သေး၊ ထိုအမှုကို မဆုံးဖြတ်ရသေး၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ထိုအမှုကို ဆုံးဖြတ်ရာ၏” ဟု မြွက်ဆိုရာ၏။

ဤသို့ ဆုံးဖြတ်ခြင်းကို ရသော် ကောင်း၏၊ မရသော် တဆယ့်လေးရက်မြောက် ဥပုသ်နေ့၌၎င်း တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌၎င်း ထိုပုဂ္ဂိုလ်မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ်၏ သိက္ခာချ စကားသည် မပြီးပြတ်သေး၊ ထိုအမှုကို မဆုံးဖြတ်ရသေး၊ ထိုပုဂ္ဂိုလ်အား ပါတိမောက်ကို ထား၏၊ ထိုပုဂ္ဂိုလ် မျက်မှောက်ရှိမူ ပါတိမောက်ကို မပြအပ်” ဟု မြွက်ဆိုရမည်။ ပါတိမောက် ထားခြင်းသည် တရားနှင့်လျော်၏။

၃၉၂။ အဘယ်သို့လျှင် တရားနှင့်လျော်သော ညီညွတ်ခြင်းသို့ မကပ်ရောက်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြောင်းအခြင်းအရာ အသွင်အပြင် အမှတ်နိမိတ်တို့ဖြင့် တရားနှင့်လျော်သော ညီညွတ်ခြင်းသို့ မကပ်ရောက်၊ ရဟန်းသည် ထိုအခြင်းအရာ အသွင်အပြင် အမှတ်နိမိတ်တို့ဖြင့် တရားနှင့်လျော်သော ညီညွတ်ခြင်းသို့ မရောက်သော ရဟန်းကို မြင်၏။

http://www.dhammadownload.com



ရဟန်းသည် တရားနှင့်လျော်သော ညီညွတ်ခြင်းသို့ မရောက်သော ရဟန်းကို မမြင်၊ စင်စစ် သော်ကား ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းသည် တရားနှင့်လျော်သော ညီညွတ်ခြင်းသို့ မရောက်" ဟု တပါးသော ရဟန်းက ပြောကြား၏။

ရဟန်းသည်လည်း တရားနှင့်လျော်သော ညီညွတ်ခြင်းသို့ မရောက်သော ရဟန်းကို မမြင်၊ ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းသည် တရားနှင့်လျော်သော ညီညွတ်ခြင်းသို့ မရောက်" ဟု တပါးသော ရဟန်းသည်လည်း မပြောကြား၊ စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် အကျွန်ုပ်သည် တရားနှင့်လျော်သော ညီညွတ်ခြင်းသို့ မရောက်" ဟု ထိုရဟန်းသည်ပင် ပြောကြား၏။

ရဟန်းတို့ ရဟန်းသည် အလိုရှိမူ ထိုမြင်ခြင်းဖြင့်ရင်း ထိုကြားခြင်းဖြင့်ရင်း ထိုယုံမှားခြင်းဖြင့်ရင်း တဆယ့်လေးရက်မြောက် ဥပုသ်နေ့၌သော်ရင်း တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌သော်ရင်း ထိုပုဂ္ဂိုလ် မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ်သည် တရားနှင့်လျော်သော ညီညွတ်ခြင်းသို့ မရောက်၊ ထိုပုဂ္ဂိုလ်အား ပါတိမောက်ကို ထား၏၊ ထိုပုဂ္ဂိုလ်မျက်မှောက်ရှိစဉ် ပါတိမောက်ကို မပြအပ်" ဟု မြွက်ဆိုရမည်။ ပါတိမောက် ထားခြင်းသည် တရားနှင့်လျော်၏။

၃၉၃။ အဘယ်သို့လျှင် တရားနှင့်လျော်သော ညီညွတ်ခြင်းကို တဖန် ယူသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခြင်းအရာ အသွင်အပြင် အမှတ် နိမိတ်တို့ဖြင့် တရားနှင့်လျော်သော ညီညွတ်ခြင်းကို တဖန်ယူ၏၊ ရဟန်းသည် ထိုအခြင်းအရာ အသွင်အပြင် အမှတ်နိမိတ်တို့ဖြင့် တရားနှင့်လျော်သော ညီညွတ်ခြင်းကို တဖန်ယူသော ထိုရဟန်း ကို မြင်၏။ ရဟန်းသည် တရားနှင့် လျော်သော ညီညွတ်ခြင်းကို တဖန်ယူသော ရဟန်းကို မမြင်၊ စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းသည် တရားနှင့်လျော်သော ညီညွတ် ခြင်းကို တဖန်ယူ၏" ဟု တပါးသော ရဟန်းသည် ပြောကြား၏။

ရဟန်းသည် တရားနှင့်လျော်သော ညီညွတ်ခြင်းကို တဖန်ယူသော ရဟန်းကို မမြင်၊ ရဟန်း အား "ငါ့သျှင် ဤမည်သော ရဟန်းသည် တရားနှင့်လျော်သော ညီညွတ်ခြင်းကို တဖန်ယူ၏" ဟု တပါးသော ရဟန်းသည်လည်း မပြောကြား၊ စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် အကျွန်ုပ်သည် တရားနှင့် လျော်သော ညီညွတ်ခြင်းကို တဖန်ယူ၏" ဟု ထိုရဟန်းသည်ပင် ပြောကြား၏။ ရဟန်းတို့ ထိုရဟန်းသည် အလိုရှိမူ ထိုမြင်ခြင်းဖြင့်ရင်း ထိုကြားခြင်းဖြင့်ရင်း ထိုယုံမှားခြင်းဖြင့်ရင်း တဆယ့် လေးရက်မြောက် ဥပုသ်နေ့၌သော်ရင်း တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌သော်ရင်း ထိုပုဂ္ဂိုလ် မျက် မှောက်ရှိမူ သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ် သည် တရားနှင့်လျော်သော ညီညွတ်ခြင်းကို တဖန်ယူ၏၊ ထိုပုဂ္ဂိုလ်အား ပါတိမောက်ကို ထား၏။ ထိုပုဂ္ဂိုလ်မျက်မှောက်ရှိစဉ် ပါတိမောက်ကို မပြအပ်" ဟု မြွက်ဆိုရမည်။ ပါတိမောက်ထားခြင်းသည် တရားနှင့်လျော်၏။

http://www.dhammadownload.com



၃၉၄။ ရဟန်းအား ပါတိမောက်ထားစဉ် **မင်းအန္တရာယ်ကြောင့်ဖြစ်စေ။ပ။** မြတ်သော အကျင့်၏ အန္တရာယ်ကြောင့်ဖြစ်စေ အန္တရာယ် ဆယ်ပါးတို့တွင် တမျိုးမျိုးကြောင့် ပရိသတ်သည် ထအံ့။

ရဟန်းတို့ ရဟန်းတို့သည် အလိုရှိမူ ထိုကျောင်း၌သော်၎င်း အခြားကျောင်း၌သော်၎င်း ထို ပုဂ္ဂိုလ်မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည်အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ်၏ တရားနှင့် လျော်သော ညီညွတ်ခြင်းကို တဖန် ယူခြင်းသည် မပြီးပြတ်သေး၊ထိုအမှုကို မဆုံးဖြတ်ရသေး၊ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ထိုအမှုကို ဆုံးဖြတ်ရာ၏" ဟု မြွက်ဆိုရာ၏။

ဤသို့ ဆုံးဖြတ်ခြင်းကို ရသော် ကောင်း၏၊မရသော် တဆယ့်လေးရက်မြောက် ဥပုသ်နေ့၌သော် ၎င်း တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌သော်၎င်း ထိုပုဂ္ဂိုလ်မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို) နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ် ၏ တရားနှင့်လျော်သော ညီညွတ်ခြင်းကို တဖန် ယူခြင်းစကားသည် မပြီးပြတ်သေး၊ ထိုအမှုကို မဆုံး ဖြတ်ရသေး၊ ထိုပုဂ္ဂိုလ်အား ပါတိမောက်ကို ထား၏၊ ထိုပုဂ္ဂိုလ် မျက်မှောက်ရှိစဉ် ပါတိမောက်ကို မပြအပ်" ဟု မြွက်ဆိုရမည်။ ပါတိမောက် ထားခြင်းသည် **တရားနှင့် လျော်၏။**

၃၉၅။ **အဘယ်သို့လျှင် သီလပျက်ခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ဖြစ်သနည်း။**

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြောင်းအခြင်းအရာ အသွင်အပြင် အမှတ်နိမိတ် တို့ဖြင့် သီလပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ဖြစ်၏။ ရဟန်းသည် ထိုအခြင်းအရာ အသွင်အပြင် အမှတ်နိမိတ်တို့ဖြင့် သီလပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်သော ရဟန်း ကို မြင်၏။

ရဟန်းသည် သီလပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်သော ရဟန်းကို မမြင်၊ စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းကို သီလပျက်စီးခြင်းဖြင့် မြင်အပ် ကြား အပ် ယုံမှားအပ်၏" ဟု တပါးသော ရဟန်းသည် ပြောကြား၏။

ရဟန်းသည် သီလပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်သော ရဟန်းကို မမြင်၊ ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းကို သီလပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏" ဟု တပါးသော ရဟန်းကလည်း မပြောကြား၊ စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် အကျွန်ုပ်ကို သီလပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏" ဟု ထိုရဟန်းသည်ပင် ပြောကြား၏။ ရဟန်းတို့ ရဟန်းသည် အလိုရှိမူ ထိုမြင်ခြင်းဖြင့်၎င်း ထိုကြားခြင်းဖြင့်၎င်း ထိုယုံမှားခြင်းဖြင့်၎င်း တဆယ့်လေးရက်မြောက် ဥပုသ်နေ့၌သော်၎င်း တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌သော်၎င်း ထို ပုဂ္ဂိုလ် မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ပုဂ္ဂိုလ်ကို သီလပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏၊ ထိုပုဂ္ဂိုလ်အား ပါတိမောက်ကို

http://www.dhammadownload.com



ထား၏၊ ထိုပုဂ္ဂိုလ် မျက်မှောက်ရှိစဉ် ပါတိမောက်ကို မပြအပ်" ဟု မြွက်ဆိုရမည်။ ပါတိမောက် ထားခြင်းသည် တရားနှင့် လျော်၏။

၃၉၆။ အဘယ်သို့လျှင် အကျင့်ပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းကို အကြင်အခြင်းအရာ အသွင်အပြင် အမှတ်နိမိတ်တို့ဖြင့် အကျင့်ပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏၊ ရဟန်းသည် ထိုအခြင်းအရာ အသွင် အပြင် အမှတ်နိမိတ်တို့ဖြင့် အကျင့်ပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်သော ရဟန်းကို မြင်၏။

ရဟန်းသည် အကျင့်ပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်သော ရဟန်းကို မမြင်၊ စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းကို အကျင့်ပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏" ဟု တပါးသော ရဟန်းသည် ပြောကြား၏။

ရဟန်းသည် အကျင့်ပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်သော ရဟန်းကို မမြင်၊ ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းကို အကျင့်ပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှား အပ်၏" ဟု တပါးသော ရဟန်းသည်လည်း မပြောကြား၊ စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် အကျွန်ုပ်ကို သီလပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏" ဟု ထိုရဟန်းသည်ပင် ပြော ကြား၏။ ရဟန်းတို့ ရဟန်းသည် အလိုရှိမူ တဆယ့်လေးရက်မြောက် ဥပုသ်နေ့၌သော်၎င်း တဆယ့် ငါးရက်မြောက် ဥပုသ်နေ့၌သော်၎င်း ထိုပုဂ္ဂိုလ်မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ဤမည်သောပုဂ္ဂိုလ်ကို အကျင့်ပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏၊ ထိုပုဂ္ဂိုလ်အား ပါတိမောက်ကို ထား၏၊ ထိုပုဂ္ဂိုလ်မျက်မှောက်ရှိစဉ် ပါတိမောက်ကို မပြအပ်" ဟု မြွက်ဆိုရမည်။ ပါတိမောက် ထားခြင်းသည် တရားနှင့် လျော်၏။

၃၉၇။ အဘယ်သို့လျှင် အယူပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းကို အကြင်အခြင်းအရာ အသွင်အပြင် အမှတ်နိမိတ် တို့ဖြင့် အယူပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏၊ ရဟန်းသည် ထိုအခြင်းအရာ အသွင် အပြင် အမှတ်နိမိတ်တို့ဖြင့် အယူပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်သောရဟန်းကိုမြင်၏။

ရဟန်းသည် အယူပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်သော ရဟန်းကို မမြင်၊ စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းကို အယူပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏" ဟု တပါးသော ရဟန်းသည် ပြောကြား၏။

ရဟန်းသည် အယူပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်သော ရဟန်းကို မမြင်၊ ရဟန်းအား "ငါ့သျှင် ဤမည်သော ရဟန်းကို အယူပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှား အပ်၏" ဟု တပါးသော ရဟန်းသည်လည်း မပြောကြား၊ စင်စစ်သော်ကား ရဟန်းအား "ငါ့သျှင် အကျွန်ုပ်ကို အယူပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏" ဟု ထိုရဟန်းသည်ပင် ပြော ကြား၏။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် အလိုရှိမှု ထိုမြင်ခြင်းဖြင့်ငင်း ထိုကြားခြင်းဖြင့်ငင်း ထိုယုံမှားခြင်းဖြင့်ငင်း တဆယ့်လေးရက်မြောက် ဥပုသ်နေ့၌သော်ငင်း. တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌သော်ငင်း ထို ပုဂ္ဂိုလ်မျက်မှောက်ရှိမူ သံဃာ့အလယ်၌—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းကို အယူပျက်စီးခြင်းဖြင့် မြင်အပ် ကြားအပ် ယုံမှားအပ်၏၊ ထိုပုဂ္ဂိုလ်အား ပါတိမောက်ကို ထား၏၊ ထိုပုဂ္ဂိုလ် မျက်မှောက်ရှိမူ ပါတိမောက်ကို မပြအပ်"ဟု မြွက်ဆိုရမည်။ပါတိမောက် ထားခြင်းသည် တရားနှင့်လျော်၏။ ဤကား တရားနှင့်လျော်သော ပါတိမောက် ထားခြင်း ဆယ်မျိုးတို့တည်း။

ပဌမအခန်း ပြီး၏။

---

## ၇-ကိုယ်တိုင်ယူသော အစိကရဏ်းအင်္ဂါ

၃၉၈။ ထိုအခါ အသျှင်ဥပါလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုး လျက် တခုသော နေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား—

"အသျှင်ဘုရား အတ္တာဒါနာဓိကရဏ်း 'ကိုယ်တိုင် ယူအပ်သော အဓိကရဏ်း'ကို ယူလိုသော ရဟန်းသည် အဘယ်အင်္ဂါနှင့် ပြည့်စုံသော အတ္တာဒါနာဓိကရဏ်းကို ယရပါမည်နည်း" ဟု လျှောက်၏။

ဥပါလိ အတ္တာဒါနာဓိကရဏ်းကို ယူလိုသော ရဟန်းသည် အင်္ဂါငါးပါးနှင့် ပြည့်စုံသော အတ္တာဒါနာဓိကရဏ်းကို ယူရမည်၊ ဥပါလိ အတ္တာဒါနာဓိကရဏ်းကို ယူလိုသော ရဟန်းသည်—

"ငါယူလိုသော ဤအတ္တာဒါနာဓိကရဏ်းသည် အခါဟုတ်၏လော၊ အခါမဟုတ်သလော" ဟု ဆင်ခြင်ရမည်။

ဥပါလိ ဆင်ခြင်သော ရဟန်းသည် "ဤအတ္တာဒါနာဓိကရဏ်းကို ယူခြင်းငှါ အချိန်မဟုတ် အခါ မဟုတ်" ဟု သိမူ ထိုအတ္တာဒါနာဓိကရဏ်းကို မယူအပ်။

ဥပါလိ ဆင်ခြင်သော ရဟန်းသည်"ဤအတ္တာဒါနာဓိကရဏ်းကို ယူခြင်းငှါ အချိန်တည်း၊ အခါ မသင့် မဟုတ်" ဟု သိမူ ထိုရဟန်းသည် "ငါယူလိုသော အတ္တာဒါနာဓိကရဏ်းသည် မှန်၏လော၊ သို့မဟုတ် မမှန်သလော" ဟု ထို့ထက် အလွန် ဆင်ခြင်ရမည်။

ဥပါလိ ရဟန်းသည် ဆင်ခြင်လတ်သော် "ဤအတ္တာဒါနာဓိကရဏ်းသည် မဟုတ်မမှန်"ဟု သိမူ ထိုအတ္တာဒါနာဓိကရဏ်းကို မယူအပ်။

ဥပါလိ ရဟန်းသည် ဆင်ခြင်လတ်သော် "ဤအတ္တာဒါနာဓိကရဏ်းသည် ဟုတ်၏၊ မမှန်သည် မဟုတ်" ဟု သိမူ ထိုရဟန်းသည် "ငါယူလိုသော အတ္တာဒါနာဓိကရဏ်းသည် အကျိုးနှင့် စပ်၏လော၊ သို့မဟုတ် အကျိုးနှင့် မစပ်သလော" ဟု ထို့ထက် အလွန် ဆင်ခြင်ရမည်။

ဥပါလိ ရဟန်းသည် ဆင်ခြင်လတ်သော် "ဤအတ္တာဒါနာဓိကရဏ်းသည် အကျိုးနှင့် မစပ်၊ အကျိုးနှင့် စပ်သည် မဟုတ်" ဟု သိမူ ထိုအတ္တာဒါနာဓိကရဏ်းကို မယူအပ်။

http://www.dhammadownload.com



ဥပါလိ ရဟန်းသည် ဆင်ခြင်လတ်သော် "ဤအတ္တာဒါနာဓိကရုဏ်းသည် အကျိုးနှင့် စပ်၏၊ အကျိုးနှင့် မစပ်သည် မဟုတ်"ဟု သိမူ ထိုရဟန်းသည် "ဤအတ္တာဒါနာဓိကရုဏ်းကို ငါယူသော် တရားအတိုင်း ဝိနည်းအတိုင်း အဖော်ဖြစ်သော ရင်းနှီးသော မရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းရဟန်းတို့ကို ရမည်လော၊ သို့မဟုတ် မရမည်လော" ဟု ထို့ထက် အလွန် ဆင်ခြင်ရမည်။

ဥပါလိ ရဟန်းသည် ဆင်ခြင်လတ်သော် "ဤအတ္တာဒါနာဓိကရုဏ်းကို ငါယူသော် တရားအတိုင်း ဝိနည်းအတိုင်း အဖော်ဖြစ်သော ရင်းနှီးသော မရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းရဟန်းတို့ကို ရမည် မဟုတ်" ဟု သိမူ ထိုအတ္တာဒါနာဓိကရုဏ်းကို မယူအပ်။

ဥပါလိ ရဟန်းသည် ဆင်ခြင်လတ်သော် "ဤအတ္တာဒါနာဓိကရုဏ်းကို ငါယူသော် တရားအတိုင်း ဝိနည်းအတိုင်း အဖော်ဖြစ်သော ရင်းနှီးသော မရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းရဟန်းတို့ကို ရမည်" ဟု သိမူ ထိုရဟန်းသည် "ဤအတ္တာဒါနာဓိကရုဏ်းကို ငါယူစဉ် ထိုအကြောင်းကြောင့် သံဃာအား မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ကိုယ်လက်ထိပါး ဆန့်ကျင်ဖက် ပြောကြားခြင်းသည်ရင်း သံဃာကွဲပြားခြင်းသည်ရင်း သံဃာ၏ အရေးအကြောင်းသည်ရင်း သံဃာ ခြားနားခြင်းသည်ရင်း သံဃာအသီးအသီး ဖြစ်ခြင်းသည်ရင်း ဖြစ်မည်လော၊ သို့မဟုတ် မဖြစ်မည်လော" ဟု ထို့ထက် အလွန် ဆင်ခြင်ရမည်။

ဥပါလိ ရဟန်းသည် ဆင်ခြင်လတ်သော် "ဤအတ္တာဒါနာဓိကရုဏ်းကို ငါယူသော် ထိုအကြောင်းကြောင့် သံဃာအား မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ကိုယ်လက်ထိပါး ဆန့်ကျင်ဖက် ပြောကြားခြင်းသည်ရင်း သံဃာကွဲပြားခြင်းသည်ရင်း သံဃာ၏ အရေးအကြောင်းသည်ရင်း သံဃာခြားနားခြင်းသည်ရင်း သံဃာ အသီးအသီးဖြစ်ခြင်းသည်ရင်း ဖြစ်မည်" ဟု သိမူ ထိုအတ္တာဒါနာဓိကရုဏ်းကို မယူအပ်။

ဥပါလိ ရဟန်းသည် ဆင်ခြင်လတ်သော် "ဤအတ္တာဒါနာဓိကရုဏ်းကို ငါယူသော် ထိုအကြောင်းကြောင့် သံဃာအား မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ကိုယ်လက်ထိပါး ဆန့်ကျင်ဖက် ပြောကြားခြင်းသည်ရင်း သံဃာကွဲပြားခြင်းသည်ရင်း သံဃာ၏ အရေးသည်ရင်း သံဃာခြားနားခြင်းသည်ရင်း သံဃာအသီးအသီးဖြစ်ခြင်းသည်ရင်း ဖြစ်မည်မဟုတ်" ဟု သိမူ ထိုအတ္တာဒါနာဓိကရုဏ်းကို ယူအပ်၏။

ဥပါလိ ဤသို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော အတ္တာဒါနာဓိကရုဏ်းကို ယူသော် နောက်အခါ၌လည်း နှလုံးကြည်ရွှင်ခြင်းကို ပြုတတ်၏ ဟု (မိန့်တော်မူ၏)။

## ဂ-စောဒကပုဂ္ဂိုလ် ဆင်ခြင်ထိုက်သောတရား

၃၉၉။ အသျှင်ဘုရား သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် အဘယ်မျှသော တရားတို့ကို မိမိသန္တာန်၌ ဆင်ခြင်၍ သူတပါးကို စောဒနာထိုက်ပါမည်နည်း ဟု (လျှောက်၏)။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် တရားငါးပါးတို့ကို မိမိသန္တာန်၌ ဆင်ခြင်၍ သူတပါးကို စောဒနာရမည်။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤသို့ ဆင်ခြင်ရမည်။

http://www.dhammadownload.com



"ငါသည် ကိုယ်အကျင့် စင်ကြယ်ပါ၏လော၊ စင်ကြယ်သော မပေါက်သော မသုံးသပ်အပ်သော ကိုယ်အကျင့်နှင့် ပြည့်စုံပါ၏လော၊ ဤတရားသည် ငါ့အား ရှိသလော၊ သို့မဟုတ် မရှိသလော" ဟု ဆင်ခြင်ရမည်။

ဥပါလိ ရဟန်းသည် ကိုယ်အကျင့်မစင်ကြယ်မူ စင်ကြယ်သော မပေါက်သော မသုံးသပ်အပ်သော ကိုယ်အကျင့်နှင့် မပြည့်စုံမူ ထိုရဟန်းအား "တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ ကိုယ်အကျင့်ကို ကျင့်ပါဦး" ဟု ပြောဆိုတတ်သူတို့ ရှိတတ်ကုန်၏။

ဥပါလိ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည်—

"ငါသည် နှုတ်အကျင့် စင်ကြယ်ပါ၏လော၊ စင်ကြယ်သော မပေါက်သော မသုံးသပ်အပ်သော နှုတ်အကျင့်နှင့် ပြည့်စုံပါ၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော" ဟု ဆင်ခြင်ရမည်။

ဥပါလိ ရဟန်းသည် နှုတ်အကျင့် မစင်ကြယ်မူ စင်ကြယ်သော မပေါက်သော မသုံးသပ်အပ်သော နှုတ်အကျင့်နှင့် မပြည့်စုံမူ ထိုရဟန်းအား "တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ နှုတ်အကျင့်ကို ကျင့်ပါဦး" ဟု ပြောဆိုတတ်သူတို့ ရှိတတ်ကုန်၏။

ဥပါလိ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည်—

"ငါ့အား မေတ္တာစိတ်သည် ရှေးရှုတည်ပါ၏လော၊ သီတင်းသုံးဖော်တို့၌ အမျက်ကင်းပါ၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော" ဟု ဆင်ခြင်ရမည်။

ဥပါလိ ရဟန်းအား မေတ္တာစိတ်သည် ရှေးရှုမတည်မူ သီတင်းသုံးဖော်တို့၌ အမျက်မကင်းမူ ထိုရဟန်းအား "တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ သီတင်းသုံးဖော်တို့၌ မေတ္တာစိတ်ကို ရှေးရှုတည်ပါစေဦး" ဟု ပြောဆိုတတ်သူတို့ ရှိတတ်ကုန်၏။

ဥပါလိ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒက ရဟန်းသည်—

"ငါသည် အကြားအမြင် များပါ၏လော၊ အကြားအမြင်ကို ဆောင်ပါ၏လော၊ အကြားအမြင်ကို စုဆောင်းပါ၏လော၊ အစ၌ ကောင်းခြင်း အလယ်၌ ကောင်းခြင်း အဆုံး၌ ကောင်းခြင်း ရှိ၍ အနက်သဒ္ဒါနှင့်တကွ ဖြစ်သည့်ပြင် ထက်ဝန်းကျင် ပြည့်စုံလျက် ဖြူစင်သော မြတ်သောအကျင့်ကို ဟောပြတတ်ကုန်သော တရားတို့ကို များစွာ ကြားနာဘူးပါ၏လော၊ နှုတ်ဖြင့် ဆောင်ဘူးပါ၏လော၊ လေ့ကျက်ဘူးပါ၏လော၊ စိတ်ဖြင့် ဆင်ခြင်ဘူးပါ၏လော၊ ပညာဖြင့် ထိုးထွင်း၍ သိဘူးပါ၏လော၊ ငါ့အား ဤတရားသည် ရှိ၏လော၊ သို့မဟုတ် မရှိသလော" ဟု ဆင်ခြင်ရမည်။

ဥပါလိ ရဟန်းသည် အကြားအမြင် မများမူ အကြားအမြင်ကို မဆောင်မူ အကြားအမြင်ကို မစုဆောင်းမူ အစ၌ကောင်းခြင်း အလယ်၌ ကောင်းခြင်း အဆုံး၌ ကောင်းခြင်း ရှိ၍ အနက်သဒ္ဒါနှင့်တကွ ဖြစ်သည့်ပြင် ထက်ဝန်းကျင် ပြည့်စုံလျက် ဖြူစင်သော မြတ်သောအကျင့်ကို ဟောပြတတ်ကုန်သော တရားတို့ကို များစွာ မကြားနာဘူးမူ နှုတ်ဖြင့် မဆောင်ဘူးမူ မလေ့ကျက်ဘူးမူ စိတ်ဖြင့် မဆင်ခြင်ဘူးမူ ပညာဖြင့် ထိုးထွင်း၍ မသိဘူးမူ ထိုရဟန်းအား "တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ သုတ္တန်ပါဠိကို သင်ပါဦး" ဟု ပြောဆိုတတ်သူတို့ ရှိတတ်ကုန်၏။

ဝိ မြန် ၄-၂၉

http://www.dhammadownload.com



ဥပါလိ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒက ရဟန်းသည်—

"ငါသည် ပါတိမောက် နှစ်မျိုးတို့ကို အကျယ်အားဖြင့် နှုတ်တက်ရ၏လော၊ ကောင်းစွာ ဝေဖန်ပြီး ဖြစ်၏လော၊ ကောင်းစွာ ဖြစ်ခြင်း ရှိ၏လော၊ ပါဠိအားဖြင့်ရင်း အဋ္ဌကထာအားဖြင့်ရင်း ကောင်းစွာ ဆုံးဖြတ်ပြီး ဖြစ်၏လော၊ ငါ့အား ဤတရားသည် ရှိ၏လော၊ သို့မဟုတ် မရှိသလော" ဟု ဆင်ခြင်ရမည်။

ဥပါလိ ရဟန်းသည် ပါတိမောက် နှစ်မျိုးတို့ကို အကျယ်အားဖြင့် နှုတ်တက်မရမူ ကောင်းစွာ မဝေဖန်ရသေးမူ ကောင်းစွာ ဖြစ်ခြင်း မရှိသေးမူ ပါဠိအားဖြင့်ရင်း အဋ္ဌကထာအားဖြင့်ရင်း ကောင်းစွာ မဆုံးဖြတ်ရသေးမူ "ငါ့သျှင် ဤသိက္ခာပုဒ်ကို အဘယ်အရပ်၌ မြတ်စွာဘုရားသည် ဟောတော်မူသနည်း" ဟု မေးသော် ကောင်းစွာ မဖြေဆိုနိုင်မူ ထိုရဟန်းအား "တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ ဝိနည်းကို သင်ပါဦး" ဟု ပြောဆိုတတ်သူတို့ ရှိတတ်ကုန်၏။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤတရားငါးပါးတို့ကို မိမိသန္တာန်၌ ဆင်ခြင်၍ သူတပါးကို စောဒနာရမည် ဟု (မိန့်တော်မူ၏)။

## ၉-စောဒက ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ ဖြစ်စေရမည့် သဘောတရား

၄၀၀။ အသျှင်ဘုရား သူတပါးကို စောဒနာလိုသော စောဒက ရဟန်းသည် အဘယ်မျှသော တရားကို မိမိသန္တာန်၌ ဖြစ်စေ၍ သူတပါးကို စောဒနာရပါမည်နည်း ဟု (လျှောက်၏)။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် တရားငါးပါးတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ သူတပါးကို စောဒနာရမည်။

"သင့်လျော်သော အခါ၌ ပြောဆိုအံ့၊ မသင့်လျော်သော အခါ၌ မပြောဆိုအံ့၊ မှန်သော စကားဖြင့် ပြောဆိုအံ့၊ မမှန်သော စကားဖြင့် မပြောဆိုအံ့၊ သိမ်မွေ့သော စကားဖြင့် ပြောဆိုအံ့၊ ကြမ်းတမ်းသော စကားဖြင့် မပြောဆိုအံ့၊ အကျိုးနှင့် စပ်သော စကားဖြင့် ပြောဆိုအံ့၊ အကျိုးနှင့် မစပ်သော စကားဖြင့် မပြောဆိုအံ့၊ မေတ္တာစိတ်ထားလျက် ပြောဆိုအံ့၊ ဒေါသစိတ်ထားလျက် မပြောဆိုအံ့။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤတရားငါးပါးတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ သူတပါးကို စောဒနာရမည်ဟု (မိန့်တော်မူ၏)။

## ၁၀-စောဒက စုဒိတကတို့နှင့် သက်ဆိုင်ရာကိုပြခြင်း

၄၀၁။ အသျှင်ဘုရား အဓမ္မစောဒကရဟန်းအား အဘယ်အခြင်းအရာတို့ဖြင့် နှလုံးမသာယာခြင်းကို ဖြစ်စေရပါသနည်း ဟု (လျှောက်၏)။

ဥပါလိ အဓမ္မစောဒကရဟန်းအား အခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးမသာယာခြင်းကို ဖြစ်စေရမည်။

"အသျှင်သည် မသင့်လျော်သော အခါ၌ စောဒနာ၏၊ သင့်လျော်သော အခါ၌ မစောဒနာ၊ သင့်အား နှလုံးမသာခြင်းငှါ သင့်၏။အသျှင်သည် မမှန်သော စကားတို့ဖြင့် စောဒနာ၏၊ မှန်သော

http://www.dhammadownload.com



စကားဖြင့် မစောဒနာ၊ သင့်အား နှလုံးမသာခြင်းငှါ သင့်၏။ အသျှင်သည်ကြမ်းတမ်းသော စကားဖြင့် စောဒနာ၏၊ သိမ်မွေ့သောစကားဖြင့် မစောဒနာ၊ သင့်အား နှလုံးမသာခြင်းငှါ သင့်၏။ အသျှင်သည် အကျိုးနှင့် မစပ်သော စကားဖြင့် စောဒနာ၏၊ အကျိုးနှင့် စပ်သော စကားဖြင့် မစောဒနာ၊ သင့်အား နှလုံးမသာခြင်းငှါ သင့်၏။ အသျှင်သည် ဒေါသစိတ်ထားလျက် စောဒနာ၏၊ မေတ္တာစိတ်ထားလျက် မစောဒနာ၊ သင့်အားနှလုံးမသာခြင်းငှါ သင့်၏" ဟု (နှလုံးမသာခြင်းကို ဖြစ်စေရမည်)။

ဥပါလိ အဓမ္မ စောဒက ရဟန်းအား ဤအခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးမသာခြင်းကိုဖြစ်စေရမည်၊ ထိုဖြစ်စေရခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ- အခြားရဟန်းသည်လည်းမဟုတ်မမှန်ပဲ စောဒနာကောင်း၏ ဟု မထင်မှတ်နိုင်တော့ပေရာ၊ (ထို့ကြောင့်တည်း) ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မတရားစောဒနာခံမှုသော ရဟန်းအား အဘယ်အခြင်းအရာတို့ဖြင့် နှလုံးရွှင်ပြခြင်းကို ဖြစ်စေရပါသနည်း ဟု (လျှောက်၏)။

ဥပါလိ မတရား စောဒနာခံရသော ရဟန်းအား အခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးရွှင်ပြခြင်းကို ဖြစ်စေရမည်။

"အသျှင့်ကို မသင့်လျော်သောအခါ၌ စောဒနာ၏၊ သင့်လျော်သောအခါ၌ မစောဒနာ၊ သင့်အား နှလုံးရွှင်ပြခြင်းငှါ သင့်၏။အသျှင့်ကို မမှန်သော စကားဖြင့် စောဒနာ၏၊ မှန်သောစကားဖြင့် မစောဒနာ။ အသျှင့်ကို ကြမ်းတမ်းသော စကားဖြင့် စောဒနာ၏၊ သိမ်မွေ့သော စကားဖြင့် မစောဒနာ။ အသျှင့်ကို အကျိုးနှင့် မစပ်သော စကားဖြင့် စောဒနာ၏၊ အကျိုးနှင့် စပ်သော စကားဖြင့် မစောဒနာ။အသျှင့်ကို ဒေါသစိတ်ဖြင့် စောဒနာ၏၊မေတ္တာစိတ်ဖြင့် မစောဒနာ။သင့်အား နှလုံး ရွှင်ပြခြင်းငှါ သင့်၏" ဟု (နှလုံးရွှင်ပြခြင်းကို ဖြစ်စေရမည်)။

ဥပါလိ မတရားစောဒနာခံရသော ရဟန်းအား ဤအခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးရွှင်ပြခြင်းကို ဖြစ်စေရမည် ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား တရားသဖြင့် စောဒနာသော ရဟန်းအား အဘယ်အခြင်းအရာတို့ဖြင့် နှလုံးရွှင်ပြခြင်းကို ဖြစ်စေရပါသနည်း ဟု (လျှောက်၏)။

ဥပါလိ တရားသဖြင့် စောဒနာသော ရဟန်းအား အခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးရွှင်ပြခြင်းကို ဖြစ်စေရမည်။

"အသျှင်သည် သင့်လျော်သောအခါ၌ စောဒနာ၏၊ မသင့်လျော်သော အခါ၌ မစောဒနာ၊ သင့်အား နှလုံးရွှင်ပြခြင်းငှါ သင့်၏။အသျှင်သည် မှန်သောစကားဖြင့် စောဒနာ၏၊ မမှန်သော စကားဖြင့် မစောဒနာ၊ သင့်အား နှလုံးရွှင်ပြခြင်းငှါ သင့်၏။ အသျှင်သည် သိမ်မွေ့သော စကားဖြင့် စောဒနာ၏၊ ကြမ်းတမ်းသော စကားဖြင့် မစောဒနာ၊ သင့်အား နှလုံးရွှင်ပြခြင်းငှါ သင့်၏။ အသျှင်သည် အကျိုးနှင့် စပ်သော စကားဖြင့် စောဒနာ၏၊ အကျိုးနှင့် မစပ်သော စကားဖြင့် မစောဒနာ၊ သင့်အား နှလုံးရွှင်ပြခြင်းငှါ သင့်၏။ အသျှင်သည် မေတ္တာစိတ်ထားလျက် စောဒနာ၏၊ ဒေါသစိတ်ထားလျက် မစောဒနာ၊ သင့်အား နှလုံးရွှင်ပြခြင်းငှါ သင့်၏။ ဥပါလိ တရားသဖြင့် စောဒနာသော ရဟန်းအား ဤအခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးရွှင်ပြခြင်းကို ဖြစ်စေရမည်။ ထိုသို့ ဖြစ်စေခြင်းသည် အဘယ်

http://www.dhammadownload.com



အကြောင်းကြောင့် နည်းဟူမူ-အခြား ရဟန်းသည်လည်း ဟုတ်မှန်သည့်အတိုင်း စောဒနာကောင်း၏ ဟု မှတ်ထင်ပေရာ၏၊ ထို့ကြောင့်တည်း".ဟု (မိန့်တော်မူ၏။)

အသျှင်ဘုရား တရားသဖြင့် စောဒနာခံရသော ရဟန်းအား အဘယ်အခြင်းအရာတို့ဖြင့် နှလုံး မသာခြင်းကို ဖြစ်စေရပါသနည်း ဟု (လျှောက်၏)။

ဥပါလိ တရားသဖြင့် စောဒနာခံရသော ရဟန်းအား အခြင်းအရာငါးမျိုးတို့ဖြင့် နှလုံးမသာခြင်း ကို ဖြစ်စေရမည်။

"အသျှင့်ကို သင့်လျော်သော အခါ၌ စောဒနာ၏၊ မသင့်လျော်သော အခါ၌ မစောဒနာ၊ သင့် အား နှလုံးမသာခြင်းငှါ သင့်၏။ အသျှင့်ကို မှန်သောစကားဖြင့် စောဒနာ၏၊ မမှန်သော စကားဖြင့် မစောဒနာ၊ သင့်အား နှလုံးမသာခြင်းငှါ သင့်၏။ အသျှင့်ကို သိမ်မွေ့သော စကားဖြင့် စောဒနာ၏၊ ကြမ်းတမ်းသော စကားဖြင့် မစောဒနာ၊ သင့်အား နှလုံးမသာခြင်းငှါ သင့်၏။ အသျှင့်ကို အကျိုးနှင့် စပ်သော စကားဖြင့် စောဒနာ၏၊ အကျိုးနှင့် မစပ်သော စကားဖြင့် မစောဒနာ၊ သင့်အား နှလုံး မသာခြင်းငှါ သင့်၏။ အသျှင့်ကို မေတ္တာစိတ်ဖြင့် စောဒနာ၏၊ ဒေါသစိတ်ဖြင့် မစောဒနာ၊ သင့်အား နှလုံးမသာခြင်းငှါ သင့်၏။ ဥပါလိ တရားသဖြင့် စောဒနာခံရသော ရဟန်းအား ဤအခြင်းအရာ ငါးမျိုးတို့ဖြင့် နှလုံးမသာခြင်းကို ဖြစ်စေရမည်" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သူတပါးကို စောဒနာလိုသော ရဟန်းသည် အဘယ်မျှသော တရားတို့ကို မိမိ သန္တာန်၌ နှလုံးသွင်း၍ သူတပါးကို စောဒနာရပါမည်နည်း ဟု (လျှောက်၏)။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် သနားခြင်း အကျိုးစီးပွားကို ရှာခြင်း စောင့်ရှောက်ခြင်း အာပတ်မှ ထစေခြင်း ဝိနည်းကို ရှေ့သွားပြုခြင်း ဟူသော တရားငါးပါး တို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ သူတပါးကို စောဒနာရမည်။

ဥပါလိ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤတရား ငါးပါးတို့ကို မိမိသန္တာန်၌ နှလုံးသွင်း၍ သူတပါးကို စောဒနာရမည် ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား စောဒနာခံရသော ရဟန်းသည် အဘယ်မျှသော တရားတို့၌ တည်အပ်ပါမည် နည်း ဟု (လျှောက်၏)။

ဥပါလိ စောဒနာခံရသော ရဟန်းသည် အမှန်ကို ပြောဆိုခြင်း အမျက်မထွက်ခြင်း ဟူသော တရားနှစ်ပါးတို့၌ တည်ရမည် ဟု (မိန့်တော်မူ၏)။

**ဒုတိယအခန်း ပြီး၏။**

**နဝမပါတိမောက္ခဌပနက္ခန္ဓက ပြီး၏။**

**ဤခန္ဓက၌ ဝတ္ထုတို့သည် သုံးဆယ်တို့တည်း။**

---

**ထိုပါတိမောက္ခဌပနက္ခန္ဓက၏ အကျဉ်းချုပ်—**

ဥပုသ်နေ့၌ အကြင်မျှလောက် ယုတ်မာသော ရဟန်းသည် မထွက် မောဂ္ဂလာန်သည် နှင်ထုတ်အပ်၏။

http://www.dhammadownload.com



သာသနာတော်၌ အံ့ဘွယ်ရှစ်ပါး။

နိမ့်ရှိုင်း အစဉ်အတိုင်း သိက္ခာရင်း သဘောအားဖြင့်၊ တည်ခြင်း မလွန်ကျူးနိုင်ခြင်းရင်း အကောင်ပုပ်ကို ပစ်တင်ခြင်း သံဃာသည် ဒုဿီလကို နှင်ထုတ်ခြင်းရင်း မြစ်ငယ် ချောင်းငယ်တို့သည် စွန့်ကုန်ခြင်းရင်း။

စီးဝင်ခြင်း ငြိမ်းခြေင်းရင်း အရသာတမျိုးတည်း ဝိမုတ္တိရသရင်း ဓမ္မဝိနယ၌ များသော ရတနာရှိခြင်းရင်း တိမိ စသော သတ္တဝါ အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့ရင်း။

သမုဒ္ဒရာကို ဥပမာပြု၍ သာသနာတော်၌ ဂုဏ်ကို ထားတော်မူ၏၊ ဥပုသ်နေ့၌ ပါတိမောက်ကို ကြားခြင်းရင်း ငါတို့ကို တဦးတယောက်မျှ မသိခြင်းရင်း။

စောစောကလျှင် ကဲ့ရဲ့ခြင်းရင်း တမျိုး နှစ်မျိုး သုံးမျိုး လေးမျိုး ငါးမျိုး ခြောက်မျိုး ခုနစ်မျိုး ရှစ်မျိုး ကိုးမျိုး ဆယ်မျိုးသော ပါတိမောက် ထားခြင်းကိုရင်း။

သီလ အကျင့်အယူရင်း အသက်မွေးမှုရင်း လေးပါးသော ဝေဖန်ခြင်း၌ ဟောခြင်းရင်း ပါရာဇိကကိုရင်း သံဃာဒိသိသ်ကိုရင်း ပါစိတ်ကိုရင်း ပါဋိဒေသနီကိုရင်း။

ဒုက္ကဋ်ကိုရင်း ငါးပါးသော ဝေဖန်ခြင်းတို့၌ ဟောခြင်းရင်း သီလအကျင့်ပျက်စီးခြင်းကိုရင်း မပြုသေးသော အဆုံးအဖြတ်နှင့်ရင်း ပြုပြီးသော အဆုံးအဖြတ်နှင့်ရင်း ခြောက်ပါးသော ဝေဖန်ခြင်း၌ ဟောခြင်းရင်း သင့်ရာအစီအရင်ရင်း။

ပါရာဇိကကိုရင်း သံဃာဒိသိသ်ကိုရင်း ထုလ္လစ္စည်းကိုရင်း ပါစိတ်ကိုရင်း ပါဋိဒေသနီကိုရင်း ဒုက္ကဋ်ကိုရင်း ဒုဗ္ဘာသီကိုရင်း ခုနစ်ပါးသော အဖို့တို့၌ ဟောအပ်၏။

သီလအကျင့်ပျက်စီးခြင်းရင်း အယူ အသက်မွေးမှု ပျက်စီးခြင်းရင်း ပြုပြီးသော အဆုံးအဖြတ် မပြုသေးသော အဆုံးအဖြတ်နှင့်တကွ ရှစ်မျိုးရင်း သီလအကျင့်အယူ၌ မပြုသေးသော အဆုံးအဖြတ်နှင့်ရင်း ပြုပြီးသော အဆုံးအဖြတ်နှင့်ရင်း ပြုပြီး မပြုသေးသော အဆုံးအဖြတ်နှင့်ရင်း ဤသို့ ဤကိုးမျိုးတို့ကို ဟုတ်မှန်သော အတိုင်း အသင့်အားဖြင့် ထိုမြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏။

ပါရာဇိကကျ ရဟန်းရင်း မပြီးသေးသော အဆုံးအဖြတ်ရင်း သိက္ခာချသော ရဟန်းရင်း ထိုအတူ မပြီးသေးသော အဆုံးအဖြတ်ရင်း ကပ်ရောက်ခြင်းရင်း တဖန် မယူခြင်းရင်း တဖန် ယူသော စကားရင်း။

သီလအကျင့်ပျက်စီးခြင်း၌ရင်း အကြင် အကြင် အယူပျက်စီးခြင်း၌ရင်း မြင်ခြင်း ကြားခြင်း ရှုံရှားခြင်းရင်း ဆယ်မျိုး အပြားအားဖြင့် ထိုပါတိမောက် ထားခြင်းကို သိကုန်လော့။

ရဟန်းတပါးသည် ရဟန်းတပါးကို မြင်၏၊ အခြား ရဟန်းသည်လည်း မြင်၍ ပြောကြား၏၊ ထိုရဟန်းသည်ပင် ပြောကြား၏၊ ထိုစကားကို ကြား၍ ထိုရဟန်းသည် ပါတိမောက်ကို ထား၏။

မင်း ခိုးသူ မီး ရေ လူ ဘီလူး သားရဲ မြွေကင်းသန်း အသက် မြတ်သောအကျင့် အန္တရာယ် ဆယ်မျိုးတို့တွင် တမျိုးမျိုးသော အန္တရာယ်ကြောင့် ထ၏။

ထိုကျောင်း၌ရင်း အခြားကျောင်းတို့၌ရင်း တရားနှင့်လျော်သော ထားခြင်း မလျော်သော ထားခြင်း ဟူ၍ အစဉ်အားလျော်စွာ သိကုန်လော့။

http://www.dhammadownload.com



သင့်သော အချိန် ဟုတ်မှန်ခြင်း အကျိုးနှင့်စပ်ခြင်းငှင်း ရအံ့လော ဖြစ်အံ့လော ကိုယ်နှုတ် အကျင့်ငှင်း မေတ္တာငှင်း အကြားအမြင်များခြင်းငှင်း ပါတိမောက် နှစ်ပါးတို့ငှင်း။

သင့်သောအချိန် ဟုတ်မှန်သော စကားဖြင့်ငှင်း သိမ်မွေ့သော စကားဖြင့်ငှင်း အကျိုးနှင့် စပ်သောစကားဖြင့်ငှင်း မေတ္တာစိတ်ဖြင့်ငှင်း စောဒနာရာ၏၊ မဟုတ်မမှန်သောအားဖြင့် စောဒနာသော ရဟန်းအား နှလုံးမသာခြင်းကို မပယ်ဖျောက်နိုင်ရာ စောဒနာခံရသူသည်လည်း ထိုအတူတည်း။

ဟုတ်မှန်သော အားဖြင့် စောဒနာသောရဟန်း စောဒနာခံရသောရဟန်း နှလုံးမသာခြင်း ကို ပယ်ဖျောက်နိုင်၏၊ သနားခြင်း အစီးအပွါးကို လိုလားခြင်း စောင့်ရှောက်ခြင်း ထစေခြင်း (ဝိနည်းကို) ရှေ့သွားပြုခြင်း။

ဤသို့ စောဒကရဟန်းအား ကျင့်ဝတ်ကို မြတ်စွာဘုရားသည် ပြတော်မူ၏၊ ဟုတ်မှန်ခြင်း၌ ငှင်း အမျက်မထွက်ခြင်း၌ငှင်း စောဒနာခံရသော ရဟန်းအားသာလျှင် ကျင့်ရာသော သဘော ဓမ္မတာတည်း။

ဤကား အကျဉ်းချုပ် ပြီး၏။

**ပါတိမောက္ခဋ္ဌပနက္ခန္ဓက ပြီးပြီ။**

http://www.dhammadownload.com

# ၁၀-ဘိက္ခုနီက္ခန္ဓက

## ၁-ပဌမအခဏ်း

## မဟာပဇာပတိဂေါတမိဝတ္ထု

၄၀၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား—

"အသျှင်ဘုရား တောင်းပန်ပါ၏၊ မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုလိုပါ၏"ဟု (လျှောက်၏)။

ဂေါတမီ မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို သင်သည် မနှစ်သက်အပ် ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား တောင်းပန်ပါ၏၊ မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုလိုပါ၏"ဟု (လျှောက်၏)။

ဂေါတမီ မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို သင်သည် မနှစ်သက်အပ် ဟု (မိန့်တော်မူ၏)။

ထိုအခါ မဟာပဇာပတိ ဂေါတမီသည် "မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို မြတ်စွာဘုရားသည် ခွင့်မပြု" ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ မျက်ရေယိုထွက်သော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် မြတ်စွာဘုရားကို ရှိခိုးပြီးနောက် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သော် ဝေသာလီပြည်သို့ ရောက်တော်မူ၍ ထိုဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ မဟာပဇာပတိ ဂေါတမီသည် ဆံတို့ကို ဖြတ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ သာကီဝင်မင်းသမီးများစွာတို့နှင့်အတူ ဝေသာလီပြည်သို့ ဖဲသွားလေသော် အစဉ်အတိုင်း ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းသို့ ချဉ်းကပ်မိ၏။

ထိုအခါ မဟာပဇာပတိ ဂေါတမီသည် ဖူးဖူးရောင်သော ခြေတို့ဖြင့်၎င်း မှုန်ပွမ်းသော ကိုယ်ဖြင့်၎င်း ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ မျက်ရည်ယိုစီးသော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေး

http://www.dhammadownload.com



လျက် တံခါးမုခ် ပြင်ပ၌ ရပ်တည်၏၊ အသျှင်အာနန္ဒာသည် ဖူးဖူးရောင်သော ခြေတို့ဖြင့်၎င်း မှုန်ပြမ်းသော ကိုယ်ဖြင့်၎င်း ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ မျက်ရည်ယိုစီးသော မျက်နှာ ရှိသည်ဖြစ်၍ ငိုကြွေးလျက် တံခါးမုခ် ပြင်ပ၌ ရပ်တည်နေသော မဟာပဇာပတိ ဂေါတမီကို မြင်လျှင် "ဂေါတမီ သင်သည် အဘယ်ကြောင့် ဖူးဖူးရောင်သော ခြေတို့ဖြင့်၎င်း မှုန်ပြမ်းသော ကိုယ်ဖြင့်၎င်း ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ မျက်ရည်ယိုစီးသော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် တံခါးမုခ် ပြင်ပ၌ ရပ်တည်နေသနည်း" ဟု (မေး၏)။

အသျှင်အာနန္ဒာ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို မြတ်စွာဘုရား ခွင့်မပြုသော ကြောင့် ရပ်တည်နေပါသည် ဟု (လျှောက်၏)။

ဂေါတမီ သို့ဖြစ်လျှင် ငါသည် မြတ်စွာဘုရားကို မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို တောင်းပန်စဉ် ဤနေရာ၌ တခဏမျှ နေပါဦး ဟု (ပြောဆို၏)။

ထိုနောက် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ပြီးသော်—

"အသျှင်ဘုရား ဤမဟာပဇာပတိ ဂေါတမီသည် 'မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို မြတ်စွာဘုရားသည် ခွင့်မပြု' ဟု ဖူးဖူးရောင်သော ခြေတို့ဖြင့်၎င်း မှုန်ပြမ်းသော ကိုယ်ဖြင့်၎င်း ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ မျက်ရည်ယိုစီးသော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် တံခါးမုခ်ပြင်ပ၌ ရပ်တည်နေပါ၏၊ တောင်းပန်ပါသည် အသျှင်ဘုရား မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းအဖြစ်ကို ရစေချင်ပါသည်" ဟု (လျှောက်၏)။

အာနန္ဒာ မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို သင်သည် မနှစ်သက်အပ် ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အား—

"တောင်းပန်ပါသည် အသျှင်ဘုရား၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းအဖြစ်ကို ရစေချင်ပါသည်" ဟု (လျှောက်၏)။

အာနန္ဒာ မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို သင်သည် မနှစ်သက်အပ် ဟု (မိန့်တော်မူ၏)။

ထိုနောက် အသျှင်အာနန္ဒာသည် "မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို မြတ်စွာဘုရားသည်

http://www.dhammadownload.com



ခွင့်မပြု” ဟု သိ၍ ငါသည် အခြားအကြောင်းဖြင့် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို တောင်းပန်ရသော် ကောင်းလေစွ ဟု ကြံစည်ပြီးနောက် မြတ်စွာဘုရားအား—

“အသျှင်ဘုရား မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ သောတာပတ္တိဖိုလ်ကိုငြင်း သကဒါဂါမိဖိုလ်ကိုရင်း အနာဂါမိဖိုလ်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း မျက်မှောက်ပြုခြင်းငှါ ထိုက်တန်ပါ၏လော” ဟု (လျှောက်၏)။

အာနန္ဒာ မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ သောတာပတ္တိဖိုလ်ကိုရင်း သကဒါဂါမိဖိုလ်ကိုရင်း အနာဂါမိဖိုလ်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း မျက်မှောက်ပြုခြင်းငှါ ထိုက်တန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ သောတာပတ္တိဖိုလ်ကိုရင်း သကဒါဂါမိဖိုလ်ကိုရင်း အနာဂါမိဖိုလ်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း မျက်မှောက်ပြုခြင်းငှါ ထိုက်တန်ပါမူ အသျှင်ဘုရား မဟာပဇာပတိ ဂေါတမီသည် ကျေးဇူးများပါ၏၊ မြတ်စွာဘုရား၏ မိထွေးတော်ပါတည်း၊ ခြေဖြင့် သွားနိုင်ချိန်အထိ မွေးမြူသူပါတည်း၊ နို့တိုက်သူပါတည်း၊ မယ်တော်နတ်ရွာစံပြီးနောက် မြတ်စွာဘုရားကို နို့တိုက်ပါ၏၊ တောင်းပန်ပါသည် အသျှင်ဘုရား မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းအဖြစ်ရစေချင်ပါသည် ဟု (လျှောက်၏)။

## ဂရုဓံရှစ်ပါး

၄၀၃။ အာနန္ဒာ မဟာပဇာပတိ ဂေါတမီသည် ဂရုဓံရှစ်ပါးတို့ကို အကယ်၍ ဝန်ခံသည် ဖြစ်အံ့၊ ထိုဝန်ခံခြင်းသည်ပင် ထိုဂေါတမီအတွက် ပဉ္စင်းခံမှု ဖြစ်စေလော့။

ဘိက္ခုနီမသည် ပဉ္စင်းဖြစ်၍ ဝါတရာ ရှိသော်လည်း ထိုနေ့ ပဉ္စင်းဖြစ်သော ရဟန်းအား ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း လက်အုပ်ချီခြင်း ရိုသေခြင်း အမှုကို ပြုရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၁)

ဘိက္ခုနီမသည် ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါမဆိုအပ်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၂)

ဘိက္ခုနီမသည် လခွဲတိုင်း လခွဲတိုင်း ဘိက္ခုသံဃာထံမှ ဥပုသ်ကို မေးခြင်း အဆုံးအမခံရန် ချဉ်းကပ်ခြင်း ဟူသော ဤတရားနှစ်ပါးတို့ကို လိုလားတောင့်တရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၃)

ဘိက္ခုနီမသည် ဝါကျွတ်လတ်သော် နှစ်ဖက်သံဃာ၌ မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ဟူသော အကြောင်းသုံးမျိုးတို့ဖြင့် ဖိတ်ကြားရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၄)

http://www.dhammadownload.com



ဘိက္ခုနီမသည် သံဃာဒိသိသ်အာပတ်သို့ ရောက်လတ်သော် နှစ်ဖက်သံဃာ၌ ပက္ခမာနတ်ကို ကျင့်ရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၅)

နှစ်နှစ်တို့ပတ်လုံး တရားခြောက်ပါးတို့၌ အကျင့်ကို ကျင့်ပြီးသော သိက္ခမာန်အား နှစ်ဖက်သော သံဃာ၌ ပဥ္စင်းခံခြင်းကို ရှာရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၆)

ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို တစုံတခုသော အကြောင်းဖြင့် မဆဲရေးအပ်၊ မရေရွတ်အပ်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၇)

ရဟန်းဖြစ်သည့်နေ့မှ စ၍ ရဟန်းယောကျ်ားတို့ အပေါ်၌ ဘိက္ခုနီမတို့၏ ပြောဆိုခွင့်ကို ပိတ်ပင်အပ်၏၊ ဘိက္ခုနီမတို့ အပေါ်၌ ရဟန်းယောကျ်ားတို့၏ ပြောဆိုခွင့်ကို မပိတ်ပင်အပ်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၈)

အာနန္ဒာ မဟာပဇာပတိ ဂေါတမီသည် ဤဂရုဓံရှစ်ပါးတို့ကို အကယ်၍ ဝန်ခံသည် ဖြစ်အံ့၊ ထိုဝန်ခံခြင်းသည်ပင် ထိုဂေါတမီအတွက် ပဥ္စင်းခံခြင်း ဖြစ်စေလော့ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံ၌ ဂရုဓံရှစ်ပါးတို့ကို သင်ယူပြီးနောက် မဟာပဇာပတိ ဂေါတမီထံသို့ ချဉ်းကပ်ပြီးလျှင်—

"ဂေါတမီ သင်သည် ဂရုဓံ ရှစ်ပါးတို့ကို အကယ်၍ ဝန်ခံသည် ဖြစ်အံ့၊ ထိုဝန်ခံခြင်းသည်ပင် သင့်အတွက် ပဥ္စင်းခံမှု ဖြစ်လတ္တံ့။

(၁) ဘိက္ခုနီမသည် ပဥ္စင်းဖြစ်၍ ဝါတရာရှိသော်လည်း ထိုနေ့ပဥ္စင်းဖြစ်သော ရဟန်းအား ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း ရိုသေခြင်းကို ပြုရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၂) ဘိက္ခုနီမသည် ရဟန်းယောကျ်ား မရှိသော ကျောင်း၌ ဝါမဆိုအပ်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၃) ဘိက္ခုနီမသည် လခွဲတိုင်း လခွဲတိုင်း ဘိက္ခုသံဃာထံမှ ဥပုသ်ကို မေးခြင်း အဆုံးအမခံရန် ချဉ်းကပ်ခြင်း ဟူသော ဤတရား နှစ်ပါးတို့ကို လိုလားတောင့်တရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၄) ဘိက္ခုနီမသည် ဝါကျွတ်လတ်သော် နှစ်ဖက်သံဃာ၌ မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ဟူသော အကြောင်း သုံးမျိုးတို့ဖြင့် ဖိတ်ကြားရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၅) ဘိက္ခုနီမသည် သံဃာဒိသိသ်အာပတ်သို့ ရောက်လတ်သော် နှစ်ဖက်သံဃာ၌ ပက္ခမာနတ်ကို ကျင့်ရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

http://www.dhammadownload.com



(၆) နှစ်နှစ်တို့ ပတ်လုံး တရားခြောက်ပါးတို့၌ အကျင့်ကို ကျင့်ပြီးသော သိက္ခမာန်အား နှစ်ဖက်သော သံဃာ၌ ပဉ္စင်းခံခြင်းကို ရှာရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၇) ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို တစုံတခုသော အကြောင်းဖြင့် မဆဲရေးအပ်၊ မရေရွတ်အပ်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၈) ရဟန်းဖြစ်သည့်နေ့မှစ၍ ရဟန်းတို့ အပေါ်၌ ဘိက္ခုနီမတို့၏ ပြောဆိုခွင့်ကို ပိတ်ပင်အပ်၏၊ ဘိက္ခုနီမတို့ အပေါ်၌ ရဟန်းယောကျ်ားတို့၏ ပြောဆိုခွင့်ကို မပိတ်ပင်အပ်၊ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

ဂေါတမီ သင်သည် ဤဂရုဓမ္မခရစ်ပါးတို့ကို ဝန်ခံမူ၊ ထိုဝန်ခံခြင်းသည်ပင် သင့်အတွက် ပဉ္စင်းခံခြင်း ဖြစ်လတ္တံ့" ဟု ပြောဆို၏။

အသျှင်ဘုရား အာနန္ဒာ ငယ်ရွယ်နုပျိုလျက် တန်ဆာဆင်လေ့ရှိသော ဦးခေါင်းဆေးလျှော်ပြီးသော မိန်းမသည်ငှင်း ယောကျ်ားသည်ငှင်း ကြာပန်းကိုဖြစ်စေ မိုးဆွေပန်းကိုဖြစ်စေ စစ်သိမ်ပန်း (လန်ဘူးပန်း) ကိုဖြစ်စေ ရ၍ လက်နှစ်ဖက်တို့ဖြင့်ယူကာ မြတ်သော အင်္ဂါဖြစ်သော ဦးခေါင်း၌ ထားရာသကဲ့သို့ အသျှင်ဘုရား အာနန္ဒာ ဤအတူပင် အကျွန်ုပ်သည် ဤဂရုဓမ္မ ရှစ်ပါးတို့ကို ဝန်ခံပါ၏၊ အသက်ထက်ဆုံး မလွန်ကျူးပါ ဟု (လျှောက်၏)။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ပြီးသော် "အသျှင်ဘုရား မဟာပဇာပတိ ဂေါတမီသည် ဂရုဓမ္မ ရှစ်ပါးတို့ကို ဝန်ခံပါ၏၊ မြတ်စွာဘုရား၏ မိထွေးတော်သည် ရဟန်းဖြစ်ပါပြီ" ဟု (လျှောက်၏)။

အာနန္ဒာ မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းအဖြစ်ကို မရပါလျှင် မြတ်သောအကျင့် 'သာသနာတော်' သည် ကြာမြင့်စွာ တည်တံ့ရာ၏၊ အနှစ်တထောင်ပတ်လုံး သူတော်ကောင်းတရားသည် တည်ရာ၏။ အာနန္ဒာ မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းအဖြစ်ကို ရသောကြောင့် ယခုအခါ၌ မြတ်သော အကျင့် 'သာသနာတော်'သည် ကြာမြင့်စွာ တည်တံ့မည် မဟုတ်၊ အာနန္ဒာ ယခုနှစ်ငါးရာတို့သာလျှင် သူတော်ကောင်းတရားသည် တည်လတ္တံ့။

အာနန္ဒာ မာတုဂါမများ၍ ယောကျ်ားနည်းသော အမှတ်မရှိသော အိမ်တို့ကို အိုး၌(မီးထွန်း၍) ခိုးတတ်သော ခိုးသူတို့သည် ဖျက်ဆီးလွယ်ကုန်သကဲ့သို့ အာနန္ဒာ ဤအတူပင် အကြင်ဓမ္မဝိနယ 'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းအဖြစ်ကို ရ၏၊ ထိုမြတ်သောအကျင့် 'သာသနာတော်'သည် ကြာမြင့်စွာ မတည်တံ့နိုင်။

အာနန္ဒာ ပြည့်စုံ ဖြစ်ထွန်းသော သလေးခင်း၌ ဖလံဖြူမည်သော ရောဂါမျိုး ကျရောက်သော် ထိုသလေးခင်းသည် ကြာမြင့်စွာ မတည်တံ့သကဲ့သို့ အာနန္ဒာ ဤအတူပင် အကြင် ဓမ္မဝိနယ 'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းအဖြစ်ကို ရ၏၊ ထိုမြတ်သော အကျင့် 'သာသနာတော်'သည် ကြာမြင့်စွာ မတည်တံ့နိုင်။

http://www.dhammadownload.com



အာနန္ဒာ ပြည့်စုံဖြစ်ထွန်းသော ကြံခင်း၌ အနီမည်သော ရောဂါမျိုး ကျရောက်သော် ထိုကြံခင်းသည် ကြာမြင့်စွာမတည်တံ့သကဲ့သို့ ဤအတူပင် အကြင်ဓမ္မဝိနယ 'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်၍ ရဟန်းအဖြစ်ကို ရ၏၊ ထိုမြတ်သော အကျင့် 'သာသနာတော်'သည် ကြာမြင့်စွာ မတည်တံ့နိုင်။

အာနန္ဒာ ယောကျ်ားသည် ရေကန်ကြီး၏ ကန်ပေါင်ရိုးကို ရေမလွန်ခြင်းငှါ စောစောက ကြိုတင်၍ ကန်သင်းဖွဲ့သကဲ့သို့ ဤအတူပင် ငါသည် ဘိက္ခုနီမတို့အတွက် ဂရုဓံ ရှစ်ပါးတို့ကို ပညတ်ပြီးခဲ့ပြီ၊ အသက်ထက်ဆုံး မလွန်ကျူးအပ်ကုန် ဟု (မိန့်တော်မူ၏)။

ဘိက္ခုနီမတို့၏ ဂရုဓံတရားရှစ်ပါး ပြီး၏။

---

## ဘိက္ခုနီဥပသမ္ပဒါကို ခွင့်ပြုခြင်း

၄၀၄။ ထိုအခါ မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ကာ—

"အသျှင်ဘုရား အကျွန်ုပ်သည် ဤသာကီဝင် မင်းသမီးတို့နှင့် စပ်လျဉ်း၍ အဘယ်သို့ ပြုကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် မဟာပဇာပတိ ဂေါတမီကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေ၏။ ထို့နောက် မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီး ဖြစ်ရကား မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့ကို ပဉ္စင်းခံပေးရန် ခွင့်ပြု၏"ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုဘိက္ခုနီမတို့သည် မဟာပဇာပတိ ဂေါတမီအား—

"အသျှင်မသည် ပဉ္စင်းမဖြစ်သေး၊ အကျွန်ုပ်တို့သာ ပဉ္စင်းဖြစ်ကုန်၏၊ ရဟန်းယောကျ်ားတို့က ရဟန်းမိန်းမတို့ကို ပဉ္စင်းခံပေးရမည် ဟု မြတ်စွာဘုရား ပညတ်တော်မူ၏" ဟု ဆိုကြကုန်၏။

ထိုအခါ မဟာပဇာပတိ ဂေါတမီသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်လျက် အသျှင်အာနန္ဒာအား—

"အသျှင်ဘုရား အာနန္ဒာ ဤဘိက္ခုနီမတို့သည် အကျွန်ုပ်ကို 'အသျှင်မသည် ပဉ္စင်းမဖြစ်သေး၊ အကျွန်ုပ်တို့သာ ပဉ္စင်း ဖြစ်ကုန်၏၊ ရဟန်းယောကျ်ားတို့က ရဟန်းမိန်းမကို ပဉ္စင်းခံပေးရမည်' ဟု မြတ်စွာဘုရား ပညတ်တော်မူ၏" ဟု ပြောဆိုကြပါသည် ဟူ၍ လျှောက်၏။

http://www.dhammadownload.com



ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက်—

"အသျှင်ဘုရား မဟာပဇာပတိ ဂေါတမီက အသျှင်အာနန္ဒာ ဤဘိက္ခုနီမတို့သည် အကျွန်ုပ်ကို 'အသျှင်မသည် ပဉ္စင်းမဖြစ်သေး၊ အကျွန်ုပ်တို့သာ ပဉ္စင်းဖြစ်ကုန်၏၊ ရဟန်းယောကျ်ားတို့က ရဟန်းမိန်းမတို့ကို ပဉ္စင်းခံပေးရမည်' ဟု မြတ်စွာဘုရား ပညတ်တော်မူ၏ ဟု ပြောဆိုကြပါသည် ဟူ၍ လျှောက်ပါသည်" ဟု လျှောက်၏။

အာနန္ဒာ မဟာပဇာပတိဂေါတမီသည် ဂရုဓမ်ရှစ်ပါးတို့ကို ဝန်ခံသည့်နေ့ကစ၍ ထိုဝန်ခံခြင်းသည်ပင် ပဉ္စင်းခံခြင်းပြီးတော့၏ ဟု (မိန့်တော်မူ၏)။

၄၀၅။ ထို့နောက် မဟာပဇာပတိ ဂေါတမီသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်လျက်—

"အသျှင်ဘုရား အာနန္ဒာ အကျွန်ုပ်သည် မြတ်စွာဘုရားအား တခုသောဆုကို တောင်းပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းယောကျ်ားတို့အားရှင်း ရဟန်းမိန်းမတို့အားရှင်း သီတင်းကြီး အစဉ်အတိုင်း ရှိခိုးခြင်း ခရီးဦးကြိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းတို့ကို ခွင့်ပြုတော်မူသော် ကောင်းပါ၏" ဟု လျှောက်၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက်—

"အသျှင်ဘုရား မဟာပဇာပတိ ဂေါတမီက အသျှင်အာနန္ဒာ အကျွန်ုပ်သည် မြတ်စွာဘုရားအား တခုသောဆုကို တောင်းပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းယောကျ်ားတို့အားရှင်း ရဟန်းမိန်းမတို့အားရှင်း သီတင်းကြီး အစဉ်အတိုင်း ရှိခိုးခြင်း ခရီးဦးကြိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းတို့ကို ခွင့်ပြုတော်မူသော် ကောင်းပါ၏ ဟု လျှောက်ပါသည်" ဟု လျှောက်၏။

အာနန္ဒာ မာတုဂါမအား ရှိခိုးခြင်း ခရီးဦးကြိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းတို့ကို ခွင့်ပြုနိုင်သော အကြောင်းအရာသည် မဖြစ်နိုင်ပေ။

အာနန္ဒာ မကောင်းသဖြင့် ဟောအပ်သော တရားရှိကုန်သော ဤသာသနာတော်မှ တပါးဖြစ်သော တိတ္ထိဘို့ စင်လျက်လည်း မာတုဂါမအား ရှိခိုးခြင်း ခရီးဦးကြိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းတို့ကို မပြုလုပ်ကြကုန်။

မာတုဂါမအား ရှိခိုးခြင်း ခရီးဦးကြိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းတို့ကို မြတ်စွာဘုရားသည် အဘယ်မှာ ခွင့်ပြုနိုင်အံ့နည်း ဟု (မိန့်တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ မာတုဂါမအား ရှိခိုးခြင်း ခရီးဦးကြိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းတို့ကို မပြုလုပ်အပ်၊ ပြုလုပ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုး ပြီးလျှင် တခုသောနေရာ၌ ရပ်တည်လျက်—

"အသျှင်ဘုရား ရဟန်းမိန်းမတို့၏ အကြင်သိက္ခာပုဒ်တို့သည် ရဟန်းယောကျ်ားတို့နှင့် ဆက်ဆံ ကုန်၏၊ ထိုသိက္ခာပုဒ်တို့နှင့် စပ်လျဉ်း၍ အကျွန်ုပ်တို့သည် အဘယ်သို့ ပြုကျင့်ရပါအံ့နည်း" ဟု လျှောက်၏။

ဂေါတမီ ရဟန်းမိန်းမတို့၏ အကြင်သိက္ခာပုဒ်တို့သည် ရဟန်းယောကျ်ားတို့နှင့် ဆက်ဆံကုန်၏၊ ထိုသိက္ခာပုဒ်တို့နှင့် စပ်လျဉ်း၍ ရဟန်းယောကျ်ားတို့ ကျင့်သကဲ့သို့ ကျင့်ကြကုန်လော့ ဟု (မိန့်တော် မူ၏)။

အသျှင်ဘုရား ရဟန်းမိန်းမတို့၏ အကြင်သိက္ခာပုဒ်တို့သည် ရဟန်းယောကျ်ားတို့နှင့် မဆက်ဆံ ကုန်၊ ထိုသိက္ခာပုဒ်တို့နှင့် စပ်လျဉ်း၍ အကျွန်ုပ်တို့သည် အဘယ်သို့ ကျင့်ရပါအံ့နည်း ဟု လျှောက်၏။

ဂေါတမီ ရဟန်းမိန်းမတို့၏ အကြင်သိက္ခာပုဒ်တို့သည် ရဟန်းယောကျ်ားတို့နှင့် မဆက်ဆံကုန်၊ ထိုသိက္ခာပုဒ်တို့နှင့် စပ်လျဉ်း၍ ပညတ်တော်မူသည့်အတိုင်း ကျင့်ကုန်လော့ ဟု (မိန့်တော်မူ၏)။

၄၀၆။ ထိုအခါ မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်လျက်—

"တောင်းပန်ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် အကျွန်ုပ်အား တရားကို ဟောတော်မူပါလော့၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ ယင်းတရားကို နာပြီးလျှင် ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ လုံ့လပြုကာ စိတ်ကို စေလွှတ်လျက် နေလိုပါသည်" ဟု လျှောက်၏။

ဂေါတမီ သင်သည် အကြင်တရားတို့ကို ဤတရားတို့ကား စွဲလမ်းခြင်းငှါ ဖြစ်ကုန်၏၊ စွဲလမ်းမှု ကင်းခြင်းငှါ မဖြစ်ကုန်၊ ဝဋ်၌ ယှဉ်ရန်သာ ဖြစ်ကုန်၏၊ ဝဋ်၌ မယှဉ်ရန် မဖြစ်ကုန်၊ (ကိလေသာ)တိုးပွါး ရန်သာ ဖြစ်ကုန်၏၊ ဖျက်ဆီးရန် မဖြစ်ကုန်၊ အလိုကြီးရန်သာဖြစ်ကုန်၏၊ အလိုနည်းရန် မဖြစ်ကုန်၊ မရောင့်ရဲရန်သာ ဖြစ်ကုန်၏၊ ရောင့်ရဲရန် မဖြစ်ကုန်၊ အပေါင်းအဖော်နှင့် နေရန်သာ ဖြစ်ကုန်၏၊ ဆိတ် ငြိမ်ရန် မဖြစ်ကုန်၊ ပျင်းရိရန်သာ ဖြစ်ကုန်၏၊ ကြိုးစားအားထုတ်ရန် မဖြစ်ကုန်၊ မွေးမြူနိုင်ခဲရန်သာ ဖြစ်ကုန်၏၊ မွေးမြူလွယ်ရန် မဖြစ်ကုန် ဟု သိငြားအံ့၊ ထိုတရားတို့ကို စင်စစ်အားဖြင့် "ဤကား တရား မဟုတ်၊ ဤကား ဝိနည်းမဟုတ်၊ ဤကား မြတ်စွာဘုရား အဆုံးအမမဟုတ်" ဟု မှတ်လေလော့။

ဂေါတမီ သင်သည် အကြင်တရားတို့ကို ဤတရားတို့ကား စွဲလမ်းမှု ကင်းခြင်းငှါ ဖြစ်ကုန်၏၊ စွဲလမ်းခြင်းငှါ မဖြစ်ကုန်၊ ဝဋ်၌ မယှဉ်ရန်သာ ဖြစ်ကုန်၏၊ ဝဋ်၌ ယှဉ်ရန် မဖြစ်ကုန်၊ (ကိလေသာကို) ဖျက်စီးရန်သာ ဖြစ်ကုန်၏၊ တိုးပွါးရန် မဖြစ်ကုန်၊ အလိုနည်းရန်သာ ဖြစ်ကုန်၏၊ အလိုကြီးရန် မဖြစ် ကုန် ရောင့်ရဲရန်သာ ဖြစ်ကုန်၏၊ မရောင့်ရဲရန် မဖြစ်ကုန်၊ ဆိတ်ငြိမ်ရန်သာ ဖြစ်ကုန်၏၊ အပေါင်း အဖော်နှင့် နေရန် မဖြစ်ကုန်၊ ကြိုးစားအားထုတ်ရန်သာ ဖြစ်ကုန်၏၊ ပျင်းရိရန် မဖြစ်ကုန်၊ မွေးမြူ လွယ်ရန်သာ ဖြစ်ကုန်၏၊ မွေးမြူနိုင်ခဲရန် မဖြစ်ကုန် ဟု သိငြားအံ့၊ ဂေါတမီ ထိုတရားတို့ကို စင်စစ် အားဖြင့် "ဤကား တရားတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း" ဟု မှတ်လေလော့ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၄၀၇။ ထိုအခါ ဘိက္ခုနီမတို့အား ပါတိမောက်ကို မပြအပ်သေး၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမတို့အား ပါတိမောက်ကို ပြခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ ရဟန်းယောကျ်ားတို့အား "အဘယ်သူသည် ဘိက္ခုနီမတို့အား ပါတိမောက်ကို ပြအပ်သနည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား ပါတိမောက်ကိုပြရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမ ကျောင်းသို့ ချဉ်းကပ်၍ ရဟန်းမိန်းမတို့အား ပါတိမောက်ကို ပြကုန်၏။

"ဤရဟန်းမိန်းမတို့သည် ဤရဟန်းယောကျ်ားတို့၏ မယားကြီးတို့တည်း၊ ဤရဟန်းမိန်းမတို့သည် ဤရဟန်းယောကျ်ားတို့၏ မယားငယ်တို့တည်း၊ ယခု ဤရဟန်းယောကျ်ားတို့သည် ဤရဟန်းမိန်းမတို့နှင့် အတူတကွ မွေ့လျော်ပျော်ပါးကုန်လတ္တံ့" ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား ပါတိမောက်ကို မပြအပ်၊ ပြသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏**။ ရဟန်းတို့ ဘိက္ခုနီမတို့က ဘိက္ခုနီမတို့အား ပါတိမောက်ကို ပြရန် (ငါ)ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

"ပါတိမောက်ကို ဤသို့ ပြရမည်" ဟု ဘိက္ခုနီမတို့သည် မသိကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ "ပါတိမောက်ကို ဤသို့ ပြကုန်လော့" ဟု ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား ပြောကြားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၄၀၈။ ထိုအခါ ဘိက္ခုနီမတို့သည် အာပတ်ကို မကုစားကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမတို့သည် အာပတ်ကို မကုစားပဲ မနေအပ်၊ မကုစားသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။ "အာပတ်ကို ဤသို့ ကုစားရမည်" ဟု ဘိက္ခုနီမတို့သည် မသိကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ "အာပတ်ကို ဤသို့ ကုစားကုန်လော့" ဟု ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား ပြောကြားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထို့နောက် "အဘယ်သူသည် ဘိက္ခုနီမတို့၏ အာပတ်ကို ခံယူအပ်သနည်း" ဟု ရဟန်းတို့အား အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့၏ အာပတ်ကို ခံယူခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် လမ်းမဥ္စရင်း ထုဘ်ချင်းပေါက်လမ်းဥ္စရင်း လမ်းဆုံဥ္စရင်း ရဟန်းကို မြင်သော် သပိတ်ကို မြေဥ္စချ၍ လက်ဝဲဘက် ပခုံးထက်၌ ကိုယ်ဝတ်ကိုစမွယ်တင်ကာ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီ၍ အာပတ်ကို ကုစားကုန်၏။ "ဤရဟန်းမိန်းမတို့သည် ဤရဟန်းယောကျ်ားတို့၏မယားကြီးတို့တည်း၊ ဤရဟန်းမိန်းမတို့သည် ဤရဟန်းယောကျ်ားတို့၏ မယားငယ်တို့တည်း၊ ညဉ့်၌လွန်ကျူးကြပြီးလျှင် ယခုမှ ကန်တော့ကုန်၏" ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့၏ အာပတ်ကို မခံယူအပ်၊ ခံယူသော ရဟန်းတို့အား ဒုက္ကဋ်

http://www.dhammadownload.com



**အာပတ် သင့်၏။** ရဟန်းတို့ ဘိက္ခုနီမတို့သည် ဘိက္ခုနီမတို့၏ အာပတ်ကို ခံယူခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

"အာပတ်ကို ဤသို့ ခံယူရမည်" ဟု ဘိက္ခုနီမတို့သည် မသိကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ "အာပတ်ကို ဤသို့ ခံယူလော့" ဟု ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား ပြောကြားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၄၀၉။ ထိုအခါ ဘိက္ခုနီမတို့အား ကံကို မပြုအပ်သေး။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမတို့အား ကံကို ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းယောကျ်ားတို့အား "အဘယ်သူသည် ဘိက္ခုနီမတို့အား ကံကို ပြုအပ်သနည်း" ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား ကံကို ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ကံပြုခံရသော ဘိက္ခုနီမတို့သည် လမ်းမ၌ရှင်း ထုတ်ချင်းပေါက်လမ်း၌ရှင်း လမ်းဆုံ၌ရှင်း ရဟန်းယောကျ်ားကို မြင်လတ်သော် သပိတ်ကို မြေ၌ချ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်လျက် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီ၍ "စင်စစ် ဤသို့ ပြုအပ်၏" ဟု မှတ်ထင်ကုန်၍ ကန်တော့ကုန်၏။ လူတို့သည် "ဤရဟန်းမိန်းမတို့သည် ဤရဟန်းယောကျ်ားတို့၏ မယားကြီးတို့တည်း။ ဤရဟန်းမိန်းမတို့သည် ဤရဟန်းယောကျ်ားတို့၏ မယားငယ်တို့တည်း၊ ညဉ့်၌ လွန်ကျူးကြပြီးလျှင် ယခုမှ ကန်တော့ကုန်၏" ဟု ထိုအတူလျှင် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား ကံကို မပြုအပ်၊ ပြုသော ရဟန်းအား **ဒုက္ကဋ်အာပတ်သင့်၏။** ရဟန်းတို့ ဘိက္ခုနီမတို့သည် ဘိက္ခုနီမတို့အား ကံကို ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

"ဤသို့ ကံပြုရမည်" ဟု ဘိက္ခုနီမတို့သည် မသိကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ "ဤသို့ ကံကို ပြုကုန်လော့" ဟု ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား ပြောကြားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၄၁၀။ ထိုအခါ ဘိက္ခုနီမတို့သည် သံဃာ့အလယ်၌ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်ပြောကြား စကားများခြင်းသို့ ရောက်သည်ဖြစ်၍ အချင်းချင်း နှုတ်လှံထိုးလျက် နေကုန်၏၊ ထိုအဓိကရုဏ်းကို မငြိမ်းစေနိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့၏ အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့၏ အဓိကရုဏ်းကို ငြိမ်းစေကုန်၏၊ ထိုအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် ကံသို့ ရောက်သည်လည်း ဖြစ်ကုန်သော အာပတ်သို့ ရောက်သည်လည်း ဖြစ်ကုန်သော ဘိက္ခုနီမတို့ကို မြင်ကုန်၏၊ ဘိက္ခုနီမတို့သည် "အသျှင်ဘုရားတို့ တောင်းပန်ပါ၏၊ အသျှင်တို့သည်ပင် ဘိက္ခုနီမတို့အား ကံကို ပြုပါကုန်လော့၊ အသျှင်တို့သည်ပင် ဘိက္ခုနီမတို့၏ အာပတ်ကို ခံယူပါကုန်လော့၊ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့၏ အဓိကရုဏ်းကို ငြိမ်းစေရမည်" ဟု မြတ်စွာဘုရားသည် ပညတ်ထားပါသည် ဟု လျှောက်ကုန်၏။ မြတ်စွာဘုရား

http://www.dhammadownload.com



အား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့ကို ကံသို့ တင်၍ ရဟန်းမိန်းမတို့အား လွှဲအပ်ခြင်းငှါ၊ ဘိက္ခုနီမတို့သည် ဘိက္ခုနီမတို့အား ကံကို ပြုခြင်းငှါ၊ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား အာပတ်သို့ တင်၍ ရဟန်းမိန်းမတို့အား လွှဲအပ်ခြင်းငှါ၊ ဘိက္ခုနီမတို့သည် ဘိက္ခုနီမတို့၏ အာပတ်ကို ခံယူခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဥပ္ပလဝဏ်ဘိက္ခုနီမ၏ အနီးနေ တပည့်ဖြစ်သော ဘိက္ခုနီမသည် ခုနစ်နှစ်တို့ ပတ်လုံး ဝိနည်းကို သင်ယူလျက် မြတ်စွာဘုရားသို့ အစဉ်လိုက်၏၊ သတိလွတ်ကင်းသော ထိုဘိက္ခုနီမအား သင်ယူပြီး သင်ယူပြီးသော ဝိနည်းသည် ပျောက်ပျက်၏။

"မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ကြွလိုသတတ်" ဟု ထိုဘိက္ခုနီမသည် ကြား၏။ ထိုအခါ ထိုဘိက္ခုနီမအား "ငါသည် ခုနစ်နှစ်တို့ပတ်လုံး ဝိနည်းကို သင်ယူလျက် မြတ်စွာဘုရားသို့ အစဉ်လိုက်ခဲ့၏၊ ထို ငါ့အား သတိလွတ်သောကြောင့် သင်ယူပြီး သင်ယူပြီးသော ဝိနည်းသည် ပျောက်ပျက်ခဲ့၏၊ မာတုဂါမသည် အသက်ထက်ဆုံး မြတ်စွာဘုရားသို့ အစဉ်လိုက်ရန် ခဲယဉ်း၏၊ ငါသည် အဘယ်သို့ ကျင့်ရအံ့နည်း" ဟု အကြံ ဖြစ်၏။ ထိုအခါ ထိုဘိက္ခုနီမသည် ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏၊ ရဟန်းမိန်းမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကုန်၏၊ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား ဝိနည်းကို ပို့ချခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ပဌမအခန်း ပြီး၏။

---

## ဒုတိယအခန်း

၄၁၁။ ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးနောက် အစဉ်အတိုင်း ဒေသစာရီ ကြွတော်မူသော် သာဝတ္ထိပြည်သို့ ရောက်တော်မူ၏၊ ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "ငါတို့၌ တပ်မက်ကုန်တန်ရာ၏" ဟု ဘိက္ခုနီမတို့ကို ညွန်ရေဖြင့် လောင်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရဟန်းယောကျ်ားသည် ရဟန်းမိန်းမတို့ကို ညွန်ရေဖြင့် မလောင်းအပ်၊ လောင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ ထိုရဟန်းအား ဒဏ်ပေးသော အမှုကို ပြုရန် ခွင့်ပြု၏ဟု (မိန့်တော်မူ၏)။ ထိုအခါ "အဘယ်ဒဏ်ကို ပေးရအံ့နည်း" ဟု ရဟန်းတို့အား အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ထိုရဟန်းကို ဘိက္ခုနီမသံဃာသည် ရှိမခိုးအပ်သည်ကို ပြုရမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် "ငါတို့၌ တပ်မက်ကုန်တန်ရာ၏" ဟု ကိုယ်ကို ဖွင့်၍ ဘိက္ခုနီမတို့အား ပြကုန်၏၊ ပေါင်ကို ဖွင့်၍ ဘိက္ခုနီမတို့အား ပြကုန်၏၊ အင်္ဂါဇာတ်ကို ဖွင့်၍ ဘိက္ခုနီမတို့အား ပြကုန်၏၊ ဘိက္ခုနီမတို့ကို ပြောင်လှောင်ပြောကုန်၏၊ ဘိက္ခုနီမတို့နှင့်အတူ ရောယှက်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းယောကျ်ားသည် ကိုယ်ကို ဖွင့်၍ ရဟန်းမိန်းမတို့အား မပြအပ်၊ ပေါင်ကို ဖွင့်၍ ရဟန်းမိန်းမတို့အား မပြအပ်၊ အင်္ဂါဇာတ်ကို ဖွင့်၍ ရဟန်းမိန်းမတို့အား မပြအပ်၊ ရဟန်းမိန်းမတို့ကို ပြောင်လှောင်မပြောအပ်၊ ရဟန်းမိန်းမတို့နှင့် မရောယှက်အပ်၊ ရောယှက်သော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏။** ရဟန်းတို့ ထိုရဟန်းအား ဒဏ်ပေးရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ "အဘယ်ဒဏ်ကို ပေးရအံ့နည်း" ဟု ရဟန်းတို့အား အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ထိုရဟန်းကို ဘိက္ခုနီမသံဃာသည် ရှိမခိုးအပ်သည်ကို ပြုရမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် "ငါတို့၌ တပ်မက်ကုန်တန်ရာ၏" ဟု ရဟန်းယောကျ်ားကို ညွှန်ရေဖြင့် လောင်းကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရဟန်းမိန်းမသည် ရဟန်းယောကျ်ားကို ညွှန်ရေဖြင့် မလောင်းအပ်၊ လောင်းသော ရဟန်းမိန်းမအား **ဒုက္ကဋ်အာပတ် သင့်၏။**ရဟန်းတို့ ထိုဘိက္ခုနီမအား ဒဏ်ပေးရန်ခွင့်ပြု၏ ဟု(မိန့်တော်မူ၏)။ ထိုအခါ "အဘယ်ဒဏ်ကို ပေးရအံ့နည်း" ဟု ရဟန်းတို့အား အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တားမြစ်ခြင်းကို ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ တားမြစ်ခြင်းကို ပြုလုပ်သော် မနာယူကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အဆုံးအမ ဩဝါဒကို တန့်ထားရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် "ငါတို့၌ တပ်မက်ကုန်တန်ရာ၏" ဟု ကိုယ်ကို ဖွင့်၍ ရဟန်းယောကျ်ားတို့အား ပြကုန်၏၊ သားမြတ်ကို ဖွင့်၍ ရဟန်းယောကျ်ားတို့အား ပြကုန်၏၊ ပေါင်ကိုဖွင့်၍ ရဟန်းယောကျ်ားတို့အား ပြကုန်၏၊ အင်္ဂါဇာတ်ကို ဖွင့်၍ ရဟန်းယောကျ်ားတို့အား ပြကုန်၏၊ ရဟန်းတို့ကို ပြောင်လှောင်ပြောကုန်၏၊ ရဟန်းယောကျ်ားတို့နှင့်အတူ ရောယှက်ကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရဟန်းမိန်းမသည် ကိုယ်ကို ဖွင့်၍ ရဟန်းယောကျ်ားတို့အား မပြအပ်။ပ။သားမြတ်ကို ဖွင့်၍ ရဟန်းယောကျ်ားတို့အား မပြအပ်။ ပေါင်ကို ဖွင့်၍ ရဟန်းယောကျ်ားတို့အား မပြအပ်။ အင်္ဂါဇာတ်ကို ဖွင့်၍ ရဟန်းယောကျ်ားတို့အား မပြအပ်။ ရဟန်းယောကျ်ားတို့ကို ပြောင်လှောင် မပြောအပ်။ ရဟန်းယောကျ်ားတို့နှင့်အတူ မရောယှက်အပ်၊ ရောယှက်သော ရဟန်းမိန်းမအား **ဒုက္ကဋ် အာပတ် သင့်၏**။ ရဟန်းတို့ ထိုဘိက္ခုနီမအား ဒဏ်ပေးရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ "အဘယ်ဒဏ်ကို ပေးရအံ့နည်း" ဟု ရဟန်းယောကျ်ားတို့အား အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ တားမြစ်ခြင်းကို ပြုလုပ်ရန် ခွင့်ပြု၏ ဟု (မိန့်တော် မူ၏)။တားမြစ်ခြင်းကို ပြုလုပ်သော် မနာယူကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ရဟန်းတို့ အဆုံးအမ ဩဝါဒကိုတန့်ထားရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ထိုအခါ"အဆုံးအမ ဩဝါဒကို တန့်ထားပြီးသော ဘိက္ခုနီမနှင့်အတူ ဥပုသ်ပြုခြင်းငှါ အပ်သလော မအပ်သလော" ဟု ရဟန်းယောကျ်ားတို့အား အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ထိုအဓိကရုဏ်း မငြိမ်းသေးသမျှ အဆုံးအမဩဝါဒကို တန့်ထားပြီးသော ဘိက္ခုနီမနှင့် အတူ ဥပုသ်မပြုအပ် ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၄၁၂။ ထိုအခါ အသျှင်ဥဒါယီသည် အဆုံးအမ ဩဝါဒကို တန့်ထား၍ ဒေသစာရီ ဖဲသွား၏။ "အသျှင်ဥဒါယီသည် အဆုံးအမဩဝါဒကို တန့်ထား၍ အဘယ့်ကြောင့် ဒေသစာရီ ဖဲသွားဘိသနည်း" ဟု ဘိက္ခုနီမတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အဆုံးအမဩဝါဒကို တန့်ထား၍ ဒေသစာရီ ဖဲမသွားအပ်၊ ဖဲသွားသော ရဟန်းအား **ဒုက္ကဋ်အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ မိုက်သော မလိမ္မာသော ရဟန်းယောကျ်ားတို့သည် အဆုံးအမဩဝါဒကို တန့်ထားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မိုက်သော မလိမ္မာသော ရဟန်းသည် အဆုံးအမဩဝါဒကို တန့်မထားအပ်၊ တန့်ထားသော ရဟန်းအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အမှုမရှိပဲ အကြောင်းမဲ့ပဲ အဆုံးအမဩဝါဒကို တန့်ထားကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမှုမရှိပဲ အကြောင်းမရှိပဲ အဆုံးအမဩဝါဒကို တန့်မထားအပ်၊ တန့်ထားသော ရဟန်းအား **ဒုက္ကဋ်အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းတို့သည် အဆုံးအမဩဝါဒကို တန့်ထားပြီးနောက် အဆုံးအဖြတ်ကို မပေးကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ အဆုံးအမ ဩဝါဒကို တန့်ထားပြီးသော် အဆုံးအဖြတ်ကို ပေးအပ်သည်သာတည်း၊ မပေးသော ရဟန်းအား **ဒုက္ကဋ်အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

၄၁၃။ ထိုအခါ ဘိက္ခုနီမတို့သည် ဆုံးမရာသို့ မသွားကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် ဆုံးမရာသို့ သွားအပ်သည်သာတည်း၊ မသွားသော ဘိက္ခုနီမကို တရားအားလျော်စွာ ဆုံးဖြတ်ရမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ အလုံးစုံသော ဘိက္ခုနီသံဃာသည် ဆုံးမရာသို့ သွား၏။ "ဤရဟန်းမိန်းမတို့သည် ဤရဟန်းယောကျ်ားတို့၏ မယားကြီးတို့တည်း၊ ဤရဟန်းမိန်းမတို့သည် ဤရဟန်းယောကျ်ားတို့၏ မယားငယ်တို့တည်း၊ ယခုအခါ ဤရဟန်းယောကျ်ားတို့သည် ဤရဟန်းမိန်းမတို့နှင့်အတူ မွေ့လျော် ပျော်ပါးကုန်လတ္တံ့" ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အလုံးစုံသော ဘိက္ခုနီသံဃာသည် ဆုံးမရာသို့ မသွားအပ်၊ သွားကုန်မူ **ဒုက္ကဋ်အာပတ် သင့်၏**။ ရဟန်းတို့ ဘိက္ခုနီမ လေးယောက် ငါးယောက်တို့သည် ဆုံးမရာသို့ (သွားနိုင်၏)သွားခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမ လေးယောက် ငါးယောက်တို့သည် ဆုံးမရာသို့ သွားကုန်၏။ "ဤရဟန်းမိန်းမတို့သည် ဤရဟန်းယောကျ်ားတို့၏ မယားကြီးတို့တည်း၊ ဤရဟန်းမိန်းမတို့သည် ဤရဟန်းယောကျ်ားတို့၏ မယားငယ်တို့တည်း၊ ယခုအခါ၌ ဤရဟန်းယောကျ်ားတို့သည် ဤရဟန်းမိန်းမတို့နှင့်အတူ မွေ့လျော် ပျော်ပါးကုန်လတ္တံ့" ဟု လူတို့သည် ရှေးနည်းအတူပင် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဘိက္ခုနီမလေးယောက် ငါးယောက် တို့သည် ဆုံးမရာသို့ မသွားအပ်၊ သွားကုန်မူ ဒုက္ကဋ် အာပတ် သင့်၏။ ရဟန်းတို့ ဘိက္ခုနီမ နှစ်ယောက် သုံးယောက်တို့သည် ဆုံးမရာသို့ (သွားနိုင်၏) သွားရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ရဟန်းယောကျ်ား တပါးသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီးလျှင်—

"အသျှင် ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာ၏ ခြေတို့ကို ရှိခိုးပါ၏၊ ဩဝါဒနာခြင်းငှါ ချဉ်း ကပ်ခြင်းကိုလည်း တောင်းပန်ပါ၏၊အသျှင် ဘိက္ခုနီသံဃာသည် ဩဝါဒ နာယူခြင်းငှါ ချဉ်းကပ်ခြင်းကို ရလိုပါ၏" ဟု လျှောက်ရမည်။

ထိုရဟန်းသည် ပါတိမောက်ပြသော ရဟန်းသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရား ဘိက္ခုနီသံဃာ သည် ဘိက္ခုသံဃာ၏ ခြေတို့ကို ရှိခိုး၏၊ ဩဝါဒနာယူခြင်းငှါ ချဉ်းကပ်ခြင်းကိုလည်း တောင်းပန်၏၊ အသျှင်ဘုရား ဘိက္ခုနီသံဃာသည် ဩဝါဒနာယူခြင်းငှါ ချဉ်းကပ်ခြင်းကို ရပါလို၏" ဟု လျှောက်ရ မည်။

"ဘိက္ခုနီမတို့ကို ဆုံးမသူ ဟု သမုတ်ထားသော ရဟန်းတပါးပါး ရှိပါ၏လော" ဟု ပါတိမောက် ပြသော ရဟန်းက မေးရမည်။ ဘိက္ခုနီမတို့ကို ဆုံးမသူဟု သမုတ်ထားသော ရဟန်းတပါးပါးရှိမူ "ဤမည်သော ရဟန်းကို ဘိက္ခုနီမတို့ကို ဆုံးမသူ ဟု သမုတ်ထား၏၊ ထိုရဟန်းကို ဘိက္ခုနီသံဃာသည် ချဉ်းကပ်လော့" ဟုပါတိမောက် ပြသော ရဟန်းက ပြောရမည်။

ဘိက္ခုနီမတို့ကို ဆုံးမသူဟု သမုတ်ထားသော ရဟန်းတပါးပါး မရှိမူ "အဘယ် အသျှင်သည် ဘိက္ခုနီမတို့ကို ဆုံးမရန် စွမ်းနိုင်ပါသနည်း" ဟု ပါတိမောက် ပြသော ရဟန်းက မေးရမည်။ ရဟန်း တပါးပါးသည် ဘိက္ခုနီမတို့ကို ဆုံးမရန် စွမ်းနိုင်မူ ထိုရဟန်းသည်လည်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံမူ သမုတ်၍ "ဤမည်သော ရဟန်းကို ဘိက္ခုနီမတို့ကို ဆုံးမသူ ဟု သမုတ်ထား၏၊ ထိုရဟန်းသို့ ဘိက္ခုနီ သံဃာသည် ချဉ်းကပ်လော့" ဟု ပြောရမည်။

ဘိက္ခုနီမတို့ကို ဆုံးမရန် မည်သူမျှ မစွမ်းနိုင်မူ "ဘိက္ခုနီမတို့ကို ဆုံးမသူ ဟု သမုတ်ထားသော ရဟန်းတပါးမျှ မရှိ၊ ဘိက္ခုနီသံဃာသည် ကြည်ညိုဖွယ်သော ကိုယ်နှုတ် အမူအရာနှင့် ပြည့်စုံစေလော့" ဟု ပါတိမောက် ပြသော ရဟန်းက ပြောဆိုရမည်။

၄၁၄။ ထိုအခါ ရဟန်းတို့သည် ဩဝါဒကို မခံယူကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဩဝါဒကို ခံယူအပ်သည်သာတည်း၊ မခံယူသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် စွမ်းရည်မရှိသော ရဟန်းတပါးထံသို့ ချဉ်းကပ်၍ "အသျှင်ဩဝါဒ[၁]ကို ခံယူပါလော့" ဟု လျှောက်ကုန်၏။

နှမတို့ ငါသည် စွမ်းရည်မရှိ၊ အဘယ်သို့လျှင် ငါသည် ဩဝါဒကို ခံယူရအံ့နည်း ဟု (ပြော၏)။ အသျှင်သည် ဩဝါဒကို ခံယူပါလော့၊ "ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့၏ ဩဝါဒကို ခံယူရမည်" ဟု မြတ်စွာဘုရား ပညတ်ထားပါသည် ဟု (လျှောက်၏)။

---

၁။ ဩဝါဒဟူသည် အဆုံးအမကို ရပါအံ့လော ဟု ဘိက္ခုနီမတို့က တောင်းပန်အပ်သော ဩဝါဒတည်း။

http://www.dhammadownload.com



မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ စွမ်းရည်မရှိသော ရဟန်းကို ချန်ထား၍ ကြွင်းသော ရဟန်းတို့သည် ဩဝါဒကို (ခံယူနိုင်ကုန်၏)ခံယူရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် ဖျားနာသော ရဟန်းတပါးထံသို့ ချဉ်းကပ်၍ "အသျှင် ဩဝါဒကို ခံယူပါလော့" ဟု လျှောက်ကုန်၏။

နှမတို့ ငါသည် ဖျားနာ၏၊ အဘယ်သို့လျှင် ငါသည် ဩဝါဒကို ခံယူရအံ့နည်း ဟု (ပြော၏)။ အသျှင် ဩဝါဒကို ခံယူပါလော့၊ "စွမ်းရည်မရှိသော ရဟန်းကို ချန်ထား၍ ကြွင်းသော ရဟန်းတို့သည် ဩဝါဒကို ခံယူရမည်" ဟု မြတ်စွာဘုရားပညတ်ထားပါသည် ဟု လျှောက်ကုန်၏။မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ စွမ်းရည်မရှိသော ရဟန်းနှင့် ဖျားနာသော ရဟန်းတို့ကို ချန်ထား၍ ကြွင်းသော ရဟန်းတို့သည် ဩဝါဒကို (ခံယူနိုင်ကုန်၏) ခံယူရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် ခရီးသွားအံ့ဆဲဆဲဖြစ်သော ရဟန်းတပါးထံသို့ ချဉ်းကပ်၍ "အသျှင် ဩဝါဒကို ခံယူပါလော့" ဟု (လျှောက်ကုန်၏)။

နှမတို့ ငါသည် ခရီးသွားအံ့ဆဲဆဲဖြစ်၏၊ အဘယ်သို့လျှင် ငါသည် ဩဝါဒကို ခံယူရအံ့နည်း ဟု (ပြော၏)။ အသျှင် ဩဝါဒကို ခံယူပါလော့၊ "စွမ်းရည်မရှိသော ရဟန်းနှင့် ဖျားနာသော ရဟန်းတို့ကို ချန်ထား၍ ကြွင်းသော ရဟန်းတို့သည် ဩဝါဒကို ခံယူရမည်" ဟု မြတ်စွာဘုရား ပညတ်ထားပါသည်ဟု (လျှောက်ကုန်၏)။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ စွမ်းရည်မရှိသော ရဟန်း ဖျားနာသောရဟန်း ခရီးသွားအံ့သော ရဟန်းတို့ကို ချန်ထား၍ ကြွင်းသော ရဟန်းတို့သည် ဩဝါဒကို (ခံယူနိုင်ကုန်၏) ခံယူရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် တောနေရဟန်းတပါးသို့ ချဉ်းကပ်၍ "အသျှင် ဩဝါဒကို ခံယူပါလော့" ဟု (လျှောက်ကုန်၏)။

နှမတို့ ငါသည် တောၛနေ၏၊အဘယ်သို့လျှင် ငါသည် ဩဝါဒကို ခံယူရအံ့နည်း ဟု (ပြော၏)။ အသျှင် ဩဝါဒကို ခံယူပါလော့၊ "စွမ်းရည်မရှိသောရဟန်း ဖျားနာသောရဟန်း ခရီးသွားအံ့သော ရဟန်းတို့ကို ချန်ထား၍ ကြွင်းသော ရဟန်းတို့သည် ဩဝါဒကို ခံယူရမည်" ဟု မြတ်စွာဘုရား ပညတ်ထားပါသည် ဟု (လျှောက်ကုန်၏)။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ တောနေရဟန်းသည် ဩဝါဒကို ခံယူရန်ရင်း "ဤအရပ်သို့ တဖန်ဆောင်အံ့" ဟု အချိန်းအချက် ပြုလုပ်ရန်ရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၄၁၅။ ထိုအခါ ရဟန်းယောကျ်ားတို့သည် ဩဝါဒကို ခံယူကြပြီးလျှင် မပြောကြားကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဩဝါဒကို ပြောကြားအပ်သည်သာတည်း၊ မပြောကြားသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ရဟန်းတို့သည် ဩဝါဒကို ခံယူ၍ တဖန် မဆောင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဩဝါဒကို တဖန် ဆောင်အပ်သည်သာတည်း၊ မဆောင်သော ရဟန်းအား **ဒုက္ကဋ်အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် ချီန်းဆိုရာသို့ မသွားကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမတို့သည် ချိန်းဆိုရာသို့ သွားအပ်သည်သာတည်း၊ မသွားသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

၄၁၆။ ထိုအခါ ဘိက္ခုနီမတို့သည် ရှည်သော ခါးပန်းကြိုးတို့ကို ဆောင်ကုန်၏၊ ထိုခါးပန်းကြိုးရှည်တို့ဖြင့်ပင် နံရိုးတို့ကို ညွတ်စေကုန်၏ 'ငယ်စေကုန်၏'။ လူတို့သည် "။ပ။ ကာမဂုဏ် ခံစားသူ လူမိန်းမတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် ခါးပန်းကြိုးရှည်ကို မဆောင်အပ်၊ ဆောင်သော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ်သင့်၏**။ ရဟန်းတို့ ဘိက္ခုနီမအား တပတ်စည်းလောက်ရှိသော ခါးပန်းကြိုးကို ခွင့်ပြု၏၊ ထိုခါးပန်းကြိုးဖြင့်လည်း နံရိုးတို့ကို မညွတ်စေအပ် 'မငယ်စေအပ်'၊ ညွတ်စေသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် နှီးပြားဖြင့် နံရိုးတို့ကို ညွတ်စေကုန်၏၊ သားရေပြားဖြင့် နံရိုးတို့ကို ညွတ်စေကုန်၏၊ ပုဆိုးပြားဖြင့် နံရိုးတို့ကို ညွတ်စေကုန်၏၊ ပုဆိုးထုံးဖြင့် နံရိုးတို့ကို ညွတ်စေကုန်၏၊ ပုဆိုးကျစ်ဖြင့် နံရိုးတို့ကို ညွတ်စေကုန်၏၊ သင်္ကန်းပြားဖြင့် နံရိုးတို့ကို ညွတ်စေကုန်၏၊ သင်္ကန်းထုံးဖြင့် နံရိုးတို့ကို ညွတ်စေကုန်၏၊ သင်္ကန်းကျစ်ဖြင့် နံရိုးတို့ကို ညွတ်စေကုန်၏၊ ချည်ထုံးဖြင့် နံရိုးတို့ကို ညွတ်စေကုန်၏၊ ချည်ကျစ်လုံးဖြင့် နံရိုးတို့ကို ညွတ်စေကုန်၏။ လူတို့သည် "ကာမဂုဏ် ခံစားသူ လူမိန်းမတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် နှီးပြားဖြင့် နံရိုးတို့ကို မညွတ်စေအပ်။ပ။ ချည်ကျစ်လုံးဖြင့် နံရိုးတို့ကို မညွတ်စေအပ်၊ ညွတ်စေသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် နွားဒူးရိုးဖြင့် ခါးကို ပွတ်တိုက်ကုန်၏၊ နွားမေးရိုးဖြင့် ခါးကို ခြစ်စေကုန်၏၊ လက်ရုံးကို ခြစ်စေကုန်၏ 'ထုနှက်ကုန်၏'၊ လက်ဖမိုးကို ခြစ်စေကုန်၏၊ ခြေသလုံးကို ခြစ်စေကုန်၏၊ ခြေဖမိုးကို ခြစ်စေကုန်၏၊ ပေါင်ကို ခြစ်စေကုန်၏၊ မျက်နှာကို ခြစ်စေကုန်၏၊ သွားဖုံးကို တိုက်စေကုန်၏။ လူတို့သည် "ကာမဂုဏ် ခံစားသူ လူမိန်းမတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် နွားဒူးရိုးဖြင့် ခါးကို မပွတ်တိုက်အပ်။ပ။ သွားဖုံးကို မခြစ်စေအပ်၊ ခြစ်စေ 'တိုက်စေ'သော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

၄၁၇။ ထိုအခါ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် မျက်နှာကို လိမ်းကျံကုန်၏၊ မျက်နှာကို ပွတ်တိုက်ကုန်၏၊ မျက်နှာကို ချေကုန်၏၊ မြင်းသီလာဖြင့် မျက်နှာကို အကွက်အပြောက် ထိုးကုန်၏၊ အင်္ဂါကြီးငယ်ကို ဆေးဆိုးကုန်၏၊ နှုတ်ခမ်းနီ ဆိုးကုန်၏၊ အင်္ဂါကြီးငယ် ဆေးဆိုးခြင်း နှုတ်ခမ်းနီ ဆိုးခြင်းကို ပြုလုပ်ကုန်၏၊ လူတို့သည် "ကာမဂုဏ် ခံစားသူ လူမိန်းမတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဘိက္ခုနီမသည် မျက်နှာကို မလိမ်းကျံအပ်။ပ။ မျက်နှာကို မပွတ်တိုက်အပ်။ မျက်နှာကို မချေအပ်။ မြင်းသီလာဖြင့် မျက်နှာကို ဇကွက်အပြောက် မထိုးအပ်။ အင်္ဂါကြီးငယ်ကို ဆေးမဆိုးအပ်။ နှုတ်ခမ်းနီ မဆိုးအပ်။ အင်္ဂါကြီးငယ် ဆေးဆိုးခြင်း နှုတ်ခမ်းနီ ဆိုးခြင်းကို မပြုလုပ်အပ်။ ပြုလုပ်သော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် မျက်ထောင့်အောက်သို့ ကောက်သော အရေးကို ပြုလုပ်ကုန်၏၊ ပါးကွက် ကွက်ကုန်၏၊ ပြူတင်းပေါက်ဖြင့် ကြည့်ကုန်၏၊ အလင်းရှိရာ တံခါး၌ (ရုပ်လုံးဖော်လျက်) ရပ်ကုန်၏၊ ကခြင်းကို ပြုလုပ်စေကုန်၏၊ ပြည့်တန်ဆာမကို နေစေကုန်၏၊ သေတင်းကုပ်ကို ထားကုန်၏၊ သားစိမ်း ငါးစိမ်းကို ထားကုန်၏၊ ဈေးခင်းကျင်းကုန်၏၊ အတိုးပေးကုန်၏၊ ကုန်သွယ်ခြင်းကို ပြုကုန်၏၊ ကျွန်ယောကျ်ားကို လုပ်ကျွေးစေကုန်၏၊ ကျွန်မိန်းမ ကို လုပ်ကျွေးစေကုန်၏၊ အမှုလုပ်သူကို လုပ်ကျွေးစေကုန်၏၊ အမှုလုပ်သူမကို လုပ်ကျွေးစေကုန်၏၊ တိရစ္ဆာန်ကို လုပ်ကျွေးစေကုန်၏၊ ကုန်စိမ်း ကုန်ခြောက် အမျိုးမျိုး ရောင်းကုန်၏၊နံမိုးညှတ်အောင် စည်းကြိုးကိုဆောင်ကုန်၏။လူတို့သည်"ကာမဂုဏ်ခံစားသူ လူမိန်းမတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် မျက်ထောင့်အောက်သို့ ကောက်သော အရေးကိုမပြုလုပ်အပ်။ပ။ ပါးကွက်ကွက်ခြင်းကို မပြုအပ်။ ပြူတင်းပေါက်ဖြင့် မကြည့်အပ်။ အလင်းရှိရာ တံခါး၌ (ရုပ်လုံးဖော်လျက်)မရပ်အပ်။ ကခြင်းကို မလုပ်စေအပ်။ ပြည့်တန်ဆာမကို မနေစေအပ်။ သေတင်းကုပ်ကို မထားအပ်။ သားစိမ်း ငါးစိမ်းကို မထားအပ်။ ဈေးမခင်းအပ်။ အတိုးမပေးအပ်။ ကုန်သွယ်ခြင်းကို မပြုအပ်။ ကျွန်ယောကျ်ားကို မလုပ်ကျွေးစေအပ်။ ကျွန်မိန်းမကို မလုပ်ကျွေးစေအပ်။ အမှုလုပ်သူကို မလုပ်ကျွေးစေအပ်။ အမှုလုပ်သူမကို မလုပ်ကျွေးစေအပ်။ တိရစ္ဆာန်ကို မလုပ်ကျွေးစေအပ်။ ကုန်စိမ်း ကုန်ခြောက်အမျိုးမျိုး မရောင်းအပ်။ နံမှီးညှတ်အောင် စည်းကြိုးကို မဆောင်အပ်၊ ဆောင်သော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

၄၁၈။ ထိုအခါ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် အလုံးစုံ ညိုသော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ အလုံးစုံ ဝါသော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ အလုံးစုံ နီသော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ အလုံးစုံ မောင်းသော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ အလုံးစုံ မည်းနက်သော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ ကင်းကျောက်ကုန်းကဲ့သို့ အလုံးစုံ အနီရင့်ရောင် ဆိုးသော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ အလုံးစုံ အနီနုရောင် ဆိုးသော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ အဆာမဖြတ်သော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ အဆာရှည်သော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ ပန်းပွင့်ကဲ့သို့ အဆာရှိသော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ အသီးကဲ့သို့ အဆာရှိသော သင်္ကန်းတို့ကို ဆောင်ကုန်၏၊ သင်တိုင်းကို ဆောင်ကုန်၏၊လျှော်တေကို ဆောင်ကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ လူမိန်းမတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် အလုံးစုံညိုသော သင်္ကန်းတို့ကို မဆောင်အပ်။ပ။ လျှော်တေသင်္ကန်းကို မဆောင်အပ်၊ ဆောင်သော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

၄၁၉။ ထိုအခါ တပါးသော ဘိက္ခုနီမသည် စုတေခါနီးသော် "အကျွန်ုပ်ကွယ်လွန်သော် အကျွန်ုပ်၏ ပရိက္ခရာသည် သံဃာအား ဖြစ်ပါစေ" ဟု ပြောဆိုမှာကြား၏။ ထိုသို့ပြောရာ၌ ရဟန်း

http://www.dhammadownload.com



ယောကျ်ားတို့သည်၎င်း ရဟန်းမိန်းမတို့သည်၎င်း "ငါတို့၏ ပရိက္ခာရာဖြစ်၏၊ ငါတို့၏ ပရိက္ခာရာဖြစ်၏" ဟု ငြင်းခုံကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် စုတေခါနီးသော် "အကျွန်ုပ်ကွယ်လွန်သော် အကျွန်ုပ်၏ ပရိက္ခာရာသည် သံဃာအား ဖြစ်ပါစေ" ဟု ပြောမူ ထိုသို့ပြောရာ၌ ဘိက္ခုသံဃာသည် အစိုးမရ၊ ထိုဝတ္ထုဘဏ္ဍာသည် ဘိက္ခုနီသံဃာအားသာလျှင် ဖြစ်၏။

ရဟန်းတို့ သိက္ခမာန်သည်။ပ။ရဟန်းတို့ သာမဏေမသည် စုတေခါနီးသော်"အကျွန်ုပ်ကွယ်လွန်သော် အကျွန်ုပ်၏ ပရိက္ခာရာသည် သံဃာအား ဖြစ်ပါစေ" ဟု ပြောမူ ထိုသို့ပြောရာ၌ ဘိက္ခုသံဃာသည် အစိုးမရ၊ ထိုဝတ္ထုဘဏ္ဍာသည် ဘိက္ခုနီသံဃာအားသာလျှင် ဖြစ်၏။

ရဟန်းတို့ ရဟန်းယောကျ်ားသည် စုတေခါနီးသော် "အကျွန်ုပ်ကွယ်လွန်သော် အကျွန်ုပ်၏ ပရိက္ခာရာသည် သံဃာအား ဖြစ်ပါစေ" ဟု ပြောမူ ထိုသို့ပြောရာ၌ ဘိက္ခုနီသံဃာသည် အစိုးမရ၊ ထိုဝတ္ထုဘဏ္ဍာသည် ဘိက္ခုသံဃာအားသာလျှင် ဖြစ်၏။

ရဟန်းတို့ သာမဏေယောကျ်ားသည် ။ပ။ ရဟန်းတို့ ဥပါသကာသည်။ပ။ ရဟန်းတို့ ဥပါသိကာမသည်၊ ရဟန်းတို့ အခြားတဦးဦးသော သူသည် စုတေခါနီးသော် "အကျွန်ုပ်ကွယ်လွန်သော် အကျွန်ုပ်၏ ပရိက္ခာရာသည် သံဃာအား ဖြစ်ပါစေ"ဟု ပြောမူ ထိုသို့ပြောရာ၌ ဘိက္ခုနီသံဃာသည် အစိုးမရ၊ ထိုဝတ္ထုဘဏ္ဍာသည် ဘိက္ခုသံဃာအားသာလျှင် ဖြစ်၏။

၄၂၀။ ထိုအခါ လက်ပမ်းသည် ဖြစ်ဘူးသော မိန်းမတယောက်သည် ဘိက္ခုနီမတို့ထံ၌ ရဟန်းပြု၏၊ထိုဘိက္ခုနီမသည် လမ်းမ၌ အားနည်းသော ရဟန်းကို တွေ့၍ ပခုံးစွန်းဖြင့် တိုက်လှဲ၏။ "ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို အဘယ့်ကြောင့် တိုက်ဘိသနည်း" ဟု ရဟန်းယောကျ်ားတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို မတိုက်အပ်၊ တိုက်သော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့ ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို မြင်သော် အဝေးမှ ရှောင်ဖယ်၍ လမ်းပေးရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ လင်နှင့် ဝေးကွာနေခိုက်ဖြစ်သော မိန်းမတယောက်သည် သယောက်လင်ဖြင့် ကိုယ်ဝန်ရှိ၏၊ ထိုမိန်းမသည် ကိုယ်ဝန်ကို ကျစေ၍ အိမ်သို့ ချဉ်းကပ်သော ဘိက္ခုနီမကို "အသျှင်မ တိုက်တွန်းပါ၏၊ ဤကိုယ်ဝန်ပျက် သားငယ်ကို သပိတ်ဖြင့် ထုတ်ဆောင်ပါလော့" ဟု ပြော၏။ ထိုအခါ ထိုဘိက္ခုနီမသည် ထိုသားငယ်ကို သပိတ်၌ ထည့်၍ သင်္ကန်းကြီးဖြင့် ဖုံးလွှမ်းလျက် သွားလေ၏။

ထိုအခါ ဆွမ်းခံလှည့်လည်သော ရဟန်းတပါးသည် "ငါသည် ရှေးဦးစွာ ရသော ဆွမ်းကို ရဟန်းယောကျ်ားအားဖြစ်စေ ရဟန်းမိန်းမအားဖြစ်စေ မလှူပဲ မစားအံ့" ဟု သာရဏီယဝတ်ကို ဆောက်တည်၏။ ထိုအခါ ထိုရဟန်းသည် ထိုဘိက္ခုနီမကို မြင်သော် "နှမ ယာခု ဆွမ်းကို ခံယူပါလော့" ဟု ပြော၏။ အသျှင်ဘုရား တန်ပါပြီ ဟု (လျှောက်၏)။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ထိုရဟန်းသည် ဘိက္ခုနီမကို "နှမ ယာခု ဆွမ်းကို ခံယူပါလော့" ဟု ပြော၏။ အသျှင်ဘုရား တန်ပါပြီ ဟု (လျှောက်၏)။ နှမ ငါသည် ရှေးဦးစွာရသော ဆွမ်းကို "ရဟန်းယောကျ်ားအား

http://www.dhammadownload.com



ဖြစ်စေ ရဟန်းမိန်းမအားဖြစ်စေ မလှူပဲ မစားအံ့” ဟု သာရဏီယဝတ်ကို ဆောက်တည်၏။ နှမ ယခု ဆွမ်းကို ခံယူပါလော့ ဟု (ပြော၏)။

ထိုအခါ ထိုဘိက္ခုနီမသည် ထိုရဟန်းက မလှဲသာအောင် ပြောသောကြောင့် “အသျှင်သပိတ်၌ ကိုယ်ဝန်ပျက် သားငယ်ကို ကြည့်လော့၊ တဦးတယောက်အား မပြောကြားပါလင့်” ဟု (လျှောက်ပြီး လျှင်)သပိတ်ကို ထုတ်ပြ၏။ ထိုအခါ ထိုရဟန်းသည် “ဘိက္ခုနီမသည် သပိတ်ဖြင့် ကိုယ်ဝန်ပျက် သားငယ်ကို အဘယ့်ကြောင့် ထုတ်ဆောင်ဘိသနည်း” ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။ ထိုနောက် ထိုရဟန်းသည် ရဟန်းတို့အား ထိုအကြောင်းကို ပြောကြား၏။ အလိုနည်းသော ရဟန်းတို့ သည် “အဘယ့်ကြောင့် ဘိက္ခုနီမသည် သပိတ်ဖြင့် ကိုယ်ဝန်ပျက် သားငယ်ကိုထုတ်ဆောင်ဘိသနည်း ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် သပိတ်နှင့် ကိုယ်ဝန်ပျက် သားငယ်ကို မဆောင်အပ်၊ ဆောင်သော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ်သင့်၏**။ ရဟန်းတို့ ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို မြင်လတ်သော် သပိတ်ကို ထုတ်ပြရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားကို မြင်လတ်သော် ပြောင်းပြန်လှန်၍ သပိတ်ဖင်ကို ပြကုန်၏၊ “ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားကို မြင်လတ်သော် ပြောင်းပြန် လှန်၍ သပိတ်ဖင်ကို အဘယ့်ကြောင့် ပြကုန်ဘိသနည်း” ဟု ရဟန်းတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို မြင်လတ်သော် ပြောင်းပြန်လှန်၍ သပိတ်ဖင်ကို မပြအပ်၊ ပြသောဘိက္ခုနီမအား **ဒုက္ကဋ်အာပတ်သင့်၏**။ ရဟန်းတို့ ဘိက္ခုနီမသည် ရဟန်းယောကျ်ား ကို မြင်လတ်သော် သပိတ်ကို လှန်၍ ပြရန် ခွင့်ပြု၏၊ သပိတ်၌ ရှိသော စားဖွယ်ဖြင့်လည်း ရဟန်း ယောကျ်ားကို ဖိတ်ရမည် ဟု (မိန့်တော်မူ၏)။

ထိုအခါ သာဝတ္ထိပြည် ခရီးလမ်းမ၌ ယောကျ်ားအင်္ဂါကို စွန့်ပစ်ထား၏၊ ထိုယောကျ်ားအင်္ဂါကို ဘိက္ခုနီမတို့သည် တစိမ်းစိမ်း ကြည့်ရှုကုန်၏၊ လူတို့သည် ကြွေးကြော်ခြင်းကို ပြုကုန်၏၊ ထိုဘိက္ခုနီမ တို့သည် မျက်နှာမသာ ဖြစ်ကုန်၏။

ထိုနောက် ထိုဘိက္ခုနီမတို့သည် ကျောင်းသို့ သွား၍ ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြားကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် “ယောကျ်ားအင်္ဂါကို အဘယ့်ကြောင့် တစိမ်းစိမ်း ကြည့် ကုန်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထို့နောက် ထိုဘိက္ခုနီမ တိသည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ရဟန်းတို့သည် မြတ်စွာ ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် ယောကျ်ားအင်္ဂါကို တစိမ်းစိမ်း မကြည့်ရှုအပ်၊ ကြည့်ရှုသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ်သင့်၏** ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၄၂၁။ ထိုအခါ လူတို့သည် ရဟန်းယောကျ်ားတို့အား စားသောက်ဖွယ်ကို လှူကုန်၏၊ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့အား လှူကုန်၏၊ လူတို့သည် "အသျှင်တို့သည် သုံးဆောင်ရန် မိမိအား လှူသည်ကို အဘယ့်ကြောင့် အခြားသူတို့အား လှူကုန်ဘိသနည်း၊ အကျွန်ုပ်တို့သည်လည်း အလှူကို လှူရန် မသိကုန်သလော" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ သုံးဆောင်ရန် မိမိအား လှူထားသည်ကို အခြားသူတို့အား မလှူအပ်၊ လှူသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းယောကျ်ားတို့အား စားသောက်ဖွယ်သည် ပေါများ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သံဃာအား လှူရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အလွန်အမင်း ပေါများ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပုဂ္ဂလိက အလှူကိုလည်း လှူရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းယောကျ်ားတို့အား သိမ်းဆည်းထားသော စားသောက်ဖွယ်သည် ပေါများ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရဟန်းယောကျ်ားတို့အား သိမ်းဆည်းထားသော စားသောက်ဖွယ်ကို ရဟန်းမိန်းမတို့သည် အကပ်ခံစေ၍ သုံးဆောင်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ လူတို့သည် ဘိက္ခုနီမတို့အား စားသောက်ဖွယ်ကို လှူကုန်၏၊ ဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား လှူကုန်၏။ လူတို့သည် "ဘိက္ခုနီမတို့သည် သုံးဆောင်ရန် မိမိအား လှူအပ်သည်ကို အဘယ့်ကြောင့် အခြားသူတို့အား လှူကုန်ဘိသနည်း၊ အကျွန်ုပ်တို့သည်လည်း အလှူကို လှူရန် မသိကုန်သလော" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် သုံးဆောင်ရန် မိမိအား လှူအပ်သည်ကို အခြားသူတို့အား မလှူအပ်၊ လှူသော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့အား စားသောက်ဖွယ်သည် ပေါများ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သံဃာအား လှူရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

အလွန်အမင်း ပေါများ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပုဂ္ဂလိကအလှူကိုလည်း လှူရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့အား သိမ်းဆည်းထားသော စားသောက်ဖွယ်သည် ပေါများ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမတို့၏ သိမ်းဆည်းထားသော စားသောက်ဖွယ်ကို ရဟန်းယောကျ်ားတို့သည် အကပ်ခံစေ၍ သုံးဆောင်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၄၂၂။ ထိုအခါ ရဟန်းယောကျ်ားတို့အား ကျောင်း အိပ်ရာ နေရာသည် ပေါများ၏၊ ဘိက္ခုနီမတို့အား မပေါများ။ "အသျှင်ဘုရားတို့ တောင်းပန်ပါ၏၊ အသျှင်ဘုရားတို့သည် အကျွန်ုပ်တို့အား

http://www.dhammadownload.com



ကျောင်းကို အခိုက်အတန့် ပေးပါကုန်လော့” ဟု ဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့၏ အထံသို့ တမန်လွှတ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမတို့အား ကျောင်းကို အခိုက်အတန့်ပေးရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဥတုလာသော ဘိက္ခုနီမတို့သည် မြေးယှက်အပ်သော ညောင်စောင်းကိုရင်း မြေးယှက် အပ်သော အင်းပျဉ်ကိုရင်း ဖိ၍လည်း ထိုင်ကုန်၏၊ ဖိ၍လည်း အိပ်ကုန်၏၊ အိပ်ရာ နေရာသည် သွေး အလိမ်းလိမ်း ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် မြေးယှက်အပ်သော ညောင်စောင်းကိုရင်း မြေးယှက်အပ်သော အင်းပျဉ်ကိုရင်း ဖိ၍လည်း မထိုင်အပ်၊ ဖိ၍လည်း မအိပ်အပ်၊ ဖိ၍ထိုင်သော ဖိ၍အိပ်သော ဘိက္ခုနီမ အား ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့ ဥတုနိုး သက်နိုးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ဥတုနိုး သက်နိုးကို သွေးလိမ်းကျံ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပိတ်ဆိုရန် အထည်ပိုင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အထည်ပိုင်းသည် ကျွတ်ကျ၏။ မြတ်စွာ ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ချည်ကြိုးဖြင့်စည်း၍ ပေါင်၌ ဖွဲ့ချည်ရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ချည်ကြိုးသည် ပြတ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ခါးတောင်းကြိုက်ခြင်းကိုရင်း ခါးကြိုးကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အခါခပ်သိမ်း ခါးကြိုးကို ဆောင်ကုန်၏။ လူတို့သည် “ကာမ ဂုဏ် ခံစားသူ လူမိန်းမတို့ကဲ့သို့တည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် အခါခပ်သိမ်း ခါးကြိုးကို မဆောင်အပ်၊ ဆောင်သော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့ ဥတုလာသော ဘိက္ခုနီမအား ဥတုလာချိန်၌ ခါးကြိုးကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဒုတိယ အခန်း ပြီး၏။

---

## ၃-တတိယအခန်း

၄၂၃။ ထိုအခါ အင်္ဂါဇာတ် မပါသော ဘိက္ခုနီမတို့ကိုရင်း အင်္ဂါဇာတ်ရောမျှ ပါသော ဘိက္ခုနီမ တို့ကိုရင်း ဥတုမလာသော ဘိက္ခုနီမတို့ကိုရင်း အမြဲဥတုလာသော ဘိက္ခုနီမတို့ကိုရင်း အမြဲအဝတ် ပိတ်ဆို့ရသော ဘိက္ခုနီမတို့ကိုရင်း သွေးယိုစီးသော ဘိက္ခုနီမတို့ကိုရင်း အစေ့ရှည်သော ဘိက္ခုနီမ တို့ကိုရင်း ပဏ္ဍုက်မ ဖြစ်သော ဘိက္ခုနီမတို့ကိုရင်း ယောကျ်ားရုပ်ဖြစ်သော ဘိက္ခုနီမတို့ကိုရင်း မဂ်နှစ်ခု စပ်နေသော ဘိက္ခုနီမတို့ကိုရင်း ဥဘတောဗျည်း ဘိက္ခုနီမတို့ကိုရင်း တွေ့မြင်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ပဉ္စင်းလောင်းမအား အန္တရာယ် ပြုတတ်သော အကြောင်း နှစ်ဆယ့်လေးမျိုးတို့ကို မေးခြင်းငှါ ခွင့်ပြု၏၊ ရဟန်းတို့ ဤသို့ မေးအပ်၏။

http://www.dhammadownload.com



"သင်သည် အင်္ဂါဇာတ် မပါသူ မဟုတ်သလော၊ အင်္ဂါဇာတ်ရာမျှ ပါသူမဟုတ်သလော၊ ဥတု မလာသူ မဟုတ်သလော၊ အမြဲဥတုလာသူ မဟုတ်သလော၊ အမြဲအဝတ်ပိတ်ဆို့ရသူ မဟုတ်သလော၊ သွေးယိုစီးသူ မဟုတ်သလော၊ အစေ့ရှည်သူ မဟုတ်သလော၊ ပဏ္ဍုက်မ မဟုတ်သလော၊ ယောကျ်ားရှာ မဟုတ်သလော၊ မဂ်နှစ်ခု စပ်နေသူ မဟုတ်သလော၊ ဥဘတောဗျည်း မဟုတ်သလော။

သင့်အား ဤသို့ သဘောရှိကုန်သော အနာတို့သည် ရှိကုန်သလော၊ နူနာသည်ငှင်း အိုင်းအနာသည်ငှင်း ပွေး ညှင်း တင်းတိပ် အနာသည်ငှင်း ချောင်းဆိုးရောဂါသည်ငှင်း ဝက်ရူး ကြက်ရူးရောဂါ သည်ငှင်း ရှိသလော၊ လူဟုတ်၏လော၊ မိန်းမ ဟုတ်၏လော၊ တော်လှန်သူ ဟုတ်၏လော၊ ကြွေးမြီ မရှိသူ ဟုတ်၏လော၊ မင်းခစားသူ မဟုတ်သလော၊ မိဖသည်ငှင်း အိမ်ရှင် ခင်ပွန်းသည်ငှင်း သင့်ကို ခွင့်ပြု၏လော၊ အနှစ် နှစ်ဆယ် ပြည့်၏လော၊ သင့်အား သပိတ် သင်္ကန်း ပြည့်စုံ၏လော၊ သင်သည် အဘယ်အမည်ရှိသနည်း၊ သင်၏ ဥပဇ္ဈာယ် ဘိက္ခုနီမသည် အဘယ်အမည်ရှိသနည်း" ဟု မေးအပ်၏။

ထိုအခါ ရဟန်းယောကျ်ားတို့သည် ဘိက္ခုနီမတို့အား အန္တရာယ် ပြုတတ်သော အကြောင်းတို့ကို မေးကုန်၏၊ ပဉ္စင်းလောင်းမတို့သည် ရှက်ကုန်၏၊ မျက်နှာမသာကုန်၊ ပဖြေနိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။

ရဟန်းတို့ တဖက်၌ ပဉ္စင်းခံခြင်းဖြင့် ဘိက္ခုနီမသံဃာ၌ စင်ကြယ်ပြီးသော ပဉ္စင်းလောင်းမအား ဘိက္ခုသံဃာ၌ ပဉ္စင်းခံခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် မဆုံးမအပ်ကုန်သေးသော ပဉ္စင်းလောင်းမတို့ကို အန္တရာယ်ပြုတတ်သော အကြောင်းတို့ကို မေးကုန်၏၊ ပဉ္စင်းလောင်းမတို့သည် ရှက်ကုန်၏၊ မျက်နှာမသာကုန်၊ မဖြေနိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရှေးဦးစွာ ဆုံးမပြီး၍ နောက်မှ အန္တရာယ် ပြုတတ်ကုန်သော အကြောင်းတို့ကို မေးခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ထိုသံဃာ့အလယ်၌ပင် ဆုံးမကုန်၏၊ ပဉ္စင်းလောင်းမတို့သည် ထိုအတိုင်းပင် ရှက်ကုန်၏၊ မျက်နှာမသာကုန်၊ မဖြေနိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ တခုသောနေရာ၌ ဆုံးမပြီး၍ သံဃာ့အလယ်၌ အန္တရာယ် ပြုတတ်ကုန်သော အကြောင်းတို့ကို မေးခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ ဆုံးမအပ်၏။

၄၂၄။ ရှေးဦးစွာ ဥပဇ္ဈာယ်ကို ယူစေအပ်၏၊ ဥပဇ္ဈာယ် ယူစေပြီးနောက် သပိတ် သင်္ကန်းကို ပြောကြားအပ်၏၊ ဤကား သင်၏ သပိတ်တည်း၊ ဤကား ဒုကုဋ်တည်း၊ ဤကား ကိုယ်ဝတ် ဧကသီတည်း၊ ဤကား သင်းပိုင်တည်း၊ ဤကား ရင်လွှမ်းတဘက်တည်း၊ ဤကား ရေသနပ်တည်း။ သွားချေလော့၊ ဤအရပ်၌ ရပ်တည်လော့ ဟု (ပြောဆိုအပ်၏)။

မကျွမ်းကျင်သော မလိမ္မာသော ဘိက္ခုနီမတို့သည် ဆုံးမကုန်၏၊ ဆုံးမအပ်သော ပဉ္စင်းလောင်းမ တို့သည် ရှက်ကုန်၏၊ မျက်နှာမသာကုန်၊ မဖြေနိုင်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ မကျွမ်းကျင်သော မလိမ္မာသော သူသည် မဆုံးမအပ်၊ ဆုံးမသော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ်သင့်၏။

http://www.dhammadownload.com



ရဟန်းတို့ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် ဆုံးမခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

မသမုတ်အပ်သော ဘိက္ခုနီမတို့သည် ဆုံးမကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ မသမုတ်အပ်သော ဘိက္ခုနီမသည် မဆုံးမအပ်၊ ဆုံးမသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ်သင့်၏။** ရဟန်းတို့ သမုတ်အပ်သော ဘိက္ခုနီမသည် ဆုံးမခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ သမုတ်အပ်၏၊ ကိုယ်တိုင်လည်း မိမိကိုယ်ကို သမုတ်အပ်၏၊ သူတပါးသည်မူလည်း သူတပါးကို သမုတ်အပ်၏။

အဘယ်သို့လျှင် ကိုယ်တိုင်မူလည်း မိမိကိုယ်ကို သမုတ်အပ်သနည်း၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

"အသျှင်မဘို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤအမည်ရှိသော အသျှင်မ၏ ပဋ္ဌင်းအဖြစ်ကို ငံ့၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤမည်သော အကျွန်ုပ်သည် ဤမည်သော အသျှင်မကို ဆုံးမပေအံ့" ဟု ဤသို့ ကိုယ်တိုင်မူလည်း မိမိကိုယ်ကို သမုတ်အပ်၏။

အဘယ်သို့လျှင် သူတပါးသည်မူလည်း သူတပါးကို သမုတ်အပ်သနည်း၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေအပ်၏။

"အသျှင်မဘို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဋ္ဌင်းအဖြစ်ကို ငံ့၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မကို ဆုံးမရာ၏" ဟု ဤသို့ သူတပါးသည် မူလည်း သူတပါးကို သမုတ်အပ်၏။ သမုတ်ပြီးသော ထိုဘိက္ခုနီမသည် ပဋ္ဌင်းလောင်းမသို့ ချဉ်းကပ်ပြီးလျှင် ဤသို့ ပြောဆိုအပ်၏။

"ဤမည်သော အသျှင်မ နားထောင်လော့၊ ဤအခါသည် သင်၏ အမှန်ကို ပြောရန် အခါတည်း၊ အဟုတ်ကို ပြောရန် အခါတည်း၊ အကြင် အကြောင်းကြောင့် ဖြစ်၏၊ ထိုအကြောင်းကို သံဃာ့အလယ်၌ မေးလတ်သော် ထင်ရှားရှိသည်ကို 'ရှိ၏' ဟု ပြောအပ်၏၊ ထင်ရှားမရှိသည်ကို 'မရှိ' ဟု ပြောအပ်၏၊ မရှုံ့သင့်၊ မျက်နှာမသာမဖြစ်လင့်၊ ဤသို့ သင့်ကို မေးကုန်လတ္တံ့၊ အင်္ဂါဇာတ်မပါသူ မဟုတ်သလော၊ အင်္ဂါဇာတ်ရာမျှ ပါသူ မဟုတ်သလော၊ ဥတုမလာသူ မဟုတ်သလော၊ အမြဲ ဥတုလာသူ မဟုတ်သလော၊ အဝတ်ပိတ်ဆို့ရသူ မဟုတ်သလော၊ သွေးယိုစီးသောသူ မဟုတ်သလော၊ အစေ့ရှည်သူ မဟုတ်သလော၊ ပဏ္ဍုက်မ မဟုတ်သလော၊ ယောကျ်ားရှာ မဟုတ်သလော၊ မဂ်နှစ်ခု စပ်နေသူ မဟုတ်သလော၊ ဥဘတောဗျည်း မဟုတ်သလော။

သင့်အား ဤသို့ သဘောရှိကုန်သော အနာရောဂါတို့သည် ရှိကုန်သလော၊ နူနာသည်ရင်း အိုင်းအနာသည်ရင်း ဝဲနာသည်ရင်း ပွေး ညှင်း တင်းတိပ်နာသည်ရင်း ချောင်းဆိုးနာသည်ရင်း ဝက်ရူး ကြက်ရူးနာသည်ရင်း ရှိသလော၊ လူဟုတ်၏လော၊ မိန်းမဟုတ်၏လော၊ တော်လှန်သူ ဟုတ်၏လော၊ ကြွေးမြီ ကင်းသူ ဟုတ်၏လော၊ မင်းခစားသူ မဟုတ်သလော၊ မိဖတို့သည်ရင်း အိမ်ရှင်ခင်ပွန်းသည်ရင်း ခွင့်ပြု၏လော၊ အသက် နှစ်ဆယ် ပြည့်၏လော၊ သင့်အား သပိတ် သင်္ကန်းသည် ပြည့်စုံ၏လော၊ သင်သည် အဘယ်အမည်ရှိသနည်း၊ သင်၏ ဥပဇ္ဈာယ်သည် အဘယ်အမည်ရှိသနည်း" ဟု မေးကြကုန်လတ္တံ့ ဟု ပြောဆိုအပ်၏။

http://www.dhammadownload.com



တပြိုင်တည်း (ရဟန်းလောင်းမနှင့် ဆုံးမသူတပြိုင်တည်း)လာကုန်၏။ပပြိုင်တည်း မလာအပ်၊ ဆုံးမသော ဘိက္ခုနီမသည် ရှေးဦးစွာ လာ၍ သံဃာကို သိစေအပ်၏။

"အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏(စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငဲ့၏။

ထိုပဉ္စင်းလောင်းမကို · အကျွန်ုပ်သည် ဆုံးမအပ်ပြီ၊ သံဃာအား လျောက်ပတ်သော အခါ ရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤမည်သော အသျှင်မသည် လာရာ၏" ဟု (သံဃာကို သိစေအပ်၏)။ 'လာခဲ့လော့' ဟု ပြောအပ်၏။

လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်စေ၍ ဘိက္ခုနီမတို့၏ ခြေတို့ကို ရှိခိုးစေ၍ ဆောင့်ကြောင့် ထိုင်စေ၍ လက်အုပ်ချီစေ၍ ပဉ္စင်းအဖြစ်ကို တောင်းပန်အပ်၏။

"အသျှင်မတို့ အကျွန်ုပ်သည် သံဃာကို ပဉ္စင်းအဖြစ်ကို တောင်းပန်ပါ၏၊ အသျှင်မတို့ သံဃာသည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ထုတ်ဆောင်ပါလော့၊ နှစ်ကြိမ်မြောက်လည်း အသျှင်မတို့ အကျွန်ုပ်သည် သံဃာကို ပဉ္စင်းအဖြစ်ကို တောင်းပန်ပါ၏၊ အသျှင်မတို့ သံဃာသည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ထုတ်ဆောင်ပါလော့။ သုံးကြိမ်မြောက်လည်း အသျှင်မတို့ အကျွန်ုပ်သည် သံဃာကို ပဉ္စင်းအဖြစ်ကို တောင်းပန်ပါ၏၊ အသျှင်မတို့ သံဃာသည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ထုတ်ဆောင်ပါလော့" ဟု (တောင်းပန်အပ်၏)။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေအပ်၏။

၄၂၅။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငဲ့၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် ဤမည်သော အသျှင်မကို အန္တရာယ်ပြုတတ်သော အကြောင်းတို့ကို မေးအံ့" ဟု (သိစေအပ်၏)။

ဤမည်သော အသျှင်မ နားထောင်လော့၊ ဤအခါသည် သင်၏ အမှန်ကို ပြောရန်အခါတည်း၊ အဟုတ်ကို ပြောရန်အခါတည်း၊ အကြင် အကြောင်းသည် ဖြစ်၏၊ ထိုအကြောင်းကို မေးအံ့၊ ထင်ရှားရှိမှု 'ရှိ၏'ဟု ပြောအပ်၏၊ ထင်ရှားမရှိမှု 'မရှိ'ဟု ပြောအပ်၏၊ အင်္ဂါဇာတ် မပါသူ မဟုတ်သလော။ပ။ အဘယ်အမည်ရှိသနည်း၊ သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်း" ဟု (မေးအပ်၏)။

ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေအပ်၏။

"အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငဲ့၏၊ အန္တရာယ် ပြုတတ်ကုန်သော အကြောင်းတို့မှ စင်ကြယ်၏၊ ဤအသျှင်မအား သပိတ် သင်္ကန်းသည် ပြည့်စုံ၏၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်ဥပဇ္ဈာယ်မဖြင့် သံဃာကို ပဉ္စင်းအဖြစ်ကို တောင်းပန်၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော အသျှင်ဥပဇ္ဈာယ်မဖြင့် ဤမည်သော အသျှင်မကို ပဉ္စင်းပြုရာ၏၊ ဤကား သိစေခြင်းတည်း။

http://www.dhammadownload.com



အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငံ့၏၊ အန္တရာယ် ပြုတတ်ကုန်သော အကြောင်းတို့မှ စင်ကြယ်၏၊ ဤအသျှင်မအား သပိတ် သင်္ကန်းသည် ပြည့်စုံ၏၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်ဥပဇ္ဈာယ်မဖြင့် သံဃာကို ပဉ္စင်းအဖြစ်ကို တောင်းပန်၏၊ သံဃာသည် ဤမည်သော အသျှင်မကို ဤမည်သော ဥပဇ္ဈာယ်အသျှင်မဖြင့် ပဉ္စင်းပြု၏၊ ဤမည်သော အသျှင်မ၏ ဤမည်သော အသျှင်ဥပဇ္ဈာယ်မဖြင့် ပဉ္စင်းပြုခြင်းကို အကြင်အသျှင်မအား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။ နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငံ့၏၊ အန္တရာယ် ပြုတတ်ကုန်သော အကြောင်းတို့မှ စင်ကြယ်၏၊ ဤအသျှင်မအား သပိတ် သင်္ကန်းသည် ပြည့်စုံ၏၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်ဥပဇ္ဈာယ်မဖြင့် သံဃာကို ပဉ္စင်းအဖြစ်ကို တောင်းပန်၏၊ သံဃာသည် ဤမည်သော အသျှင်မကို ဤမည်သော အသျှင်ဥပဇ္ဈာယ်မဖြင့် ပဉ္စင်းပြု၏၊ ဤမည်သော အသျှင်မ၏ ဤမည်သော အသျှင်ဥပဇ္ဈာယ်မဖြင့် ပဉ္စင်းပြုခြင်းကို အကြင်အသျှင်မအား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊အကြင်အသျှင်မအား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော အသျှင်မကို ဤမည်သော အသျှင်ဥပဇ္ဈာယ်မဖြင့် ပဉ္စင်းပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထို(ဘိက္ခုနီ သံဃာ၌ ပဉ္စင်းပြုပြီးသော) ခဏ၌ပင် ခေါ်၍ ရဟန်းယောကျ်ား သံဃာသို့ ချဉ်းကပ်စေ၍ လက်ဝဲဘက် ပခုံးထက်၌ ကေသီကို စမွယ်တင်စေ၍ ရဟန်းယောကျ်ားတို့၏ ခြေတို့ကို ရှိခိုးစေ၍ ဆောင့်ကြောင့်ထိုင်စေ၍ လက်အုပ်ချီစေ၍ ပဉ္စင်းအဖြစ်ကို တောင်းပန်စေအပ်၏။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် ဤအမည်ရှိပါ၏၊ ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငံ့ပါ၏၊ တဖက်၌ ပဉ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်ပါ၏၊ အသျှင်ဘုရားတို့ အကျွန်ုပ်သည် သံဃာကို ပဉ္စင်းပြုခြင်းကို တောင်းပန်ပါ၏၊ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ထုတ်ဆောင်ပါလော့။ အသျှင်ဘုရားတို့ အကျွန်ုပ်သည် ဤအမည်ရှိပါ၏၊ ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငံ့ပါ၏၊ တဖက်၌ ပဉ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်ပါ၏၊ အသျှင်ဘုရားတို့ နှစ်ကြိမ်မြောက်လည်း အကျွန်ုပ်သည် သံဃာကို ပဉ္စင်းပြုခြင်းကို တောင်းပန်ပါ၏၊ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်ကိုအစဉ်သနားခြင်းကို အကြောင်းပြု၍ ထုတ်ဆောင်ပါလော့။ အသျှင်ဘုရားတို့ အကျွန်ုပ်သည် ဤအမည်ရှိပါ၏၊ ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငံ့ပါ၏၊ တဖက်၌ ပဉ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်ပါ၏၊ အသျှင်ဘုရားတို့ သုံးကြိမ်မြောက်လည်း အကျွန်ုပ်သည် သံဃာကို ပဉ္စင်းပြုခြင်းကို တောင်းပန်ပါ၏၊ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ထုတ်ဆောင်ပါလော့" ဟု (တောင်းပန်စေအပ်၏)။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေအပ်၏။

http://www.dhammadownload.com



"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမသည် ဤမည်သော ဘိက္ခုနီမ၏ ပဥ္စင်းအဖြစ်ကို ငဲ့၏၊ တဖက်၌ ပဥ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်၏၊ ဤမည်သော ဘိက္ခုနီမသည် ဤမည်သော ဥပဇ္ဈာယ်မဖြင့် သံဃာကို ပဥ္စင်းပြုခြင်းကို တောင်းပန်၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ဤအမည်ရှိသော ဥပဇ္ဈာယ်မဖြင့် ပဥ္စင်းပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမသည် ဤမည်သော ဘိက္ခုနီမ၏ ပဥ္စင်းအဖြစ်ကို ငဲ့၏၊ တဖက်၌ ပဥ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်၏၊ ဤမည်သော ဘိက္ခုနီမသည် ဤမည်သော ဥပဇ္ဈာယ်မဖြင့် သံဃာကို ပဥ္စင်းပြုခြင်းကို တောင်းပန်၏၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဥ္စင်းပြု၏၊ ဤမည်သော ဘိက္ခုနီမ၏ ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဥ္စင်းပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤမည်သော ဥပဇ္ဈာယ်မ၏ ပဥ္စင်းအဖြစ်ကို ငဲ့၏၊ တဖက်၌ ပဥ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်၏၊ ဤမည်သော ဘိက္ခုနီမသည် ဤမည်သော ဥပဇ္ဈာယ်မဖြင့် သံဃာကို ပဥ္စင်းပြုခြင်းကို တောင်းပန်၏၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဥ္စင်းပြု၏၊ ဤမည်သော ဘိက္ခုနီမ၏ ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဥ္စင်းပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ဘိက္ခုနီမကို ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဥ္စင်းပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထို(ဘိက္ခုသံဃာမှ ပဥ္စင်းပြုပြီးသော)ခဏ၌ပင် အရိပ်ကို တိုင်းထွာအပ်၏၊ ဥတုအတိုင်းအရှည်ကို ပြောကြားအပ်၏၊ နေ့အဖို့ကို ပြောကြားအပ်၏၊ သုံးမျိုးပေါင်းကို ပြောအပ်၏၊ ဤဘိက္ခုနီမအား "ပိုလသုံးမျိုးတို့ကိုရင်း မပြုအပ်သော အကျင့်ရှစ်မျိုးတို့ကိုရင်း ပြောကြားကုန်လော့" ဟု ဘိက္ခုနီမတို့ကို ပြောဆိုအပ်ကုန်၏။

၄၂၆။ ထိုအခါ ဘိက္ခုနီမတို့သည် ဆွမ်းစားကျောင်း၌ နေရာပြောင်းရွှေ့ကုန်စဉ် အချိန်ကို လွန်စေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမ ရှစ်ယောက်တို့အား သီတင်းကြီး အစဉ်အတိုင်း ကြွင်းသော ဘိက္ခုနီမတို့အား ရောက်စဉ်အတိုင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ "မြတ်စွာဘုရားသည် ဘိက္ခုနီမ ရှစ်ယောက်တို့အား သီတင်းကြီး အစဉ်အတိုင်းရှင်းကြွင်းသော ဘိက္ခုနီမတို့အား ရောက်စဉ်အတိုင်းရှင်း ခွင့်ပြု၏" ဟု ဘိက္ခုနီမတို့သည် အလုံးစုံသော နေရာတို့၌ ဘိက္ခုနီမရှစ်ယောက်တို့သည် သီတင်းကြီးအစဉ်အတိုင်းရှင်း ကြွင်းသော ဘိက္ခုနီမတို့သည် ရောက်စဉ်အတိုင်းရှင်း တားမြစ်ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဆွမ်းစားကျောင်း၌ ဘိက္ခုနီမရှစ်ယောက်တို့အား သီတင်းကြီးအစဉ်အတိုင်းရှင်း ကြွင်းသော ဘိက္ခုနီမတို့အား ရောက်စဉ်အတိုင်းရှင်း ခွင့်ပြု၏၊ အခြားနေရာအလုံးစုံတို့၌ သီတင်းကြီး အစဉ်အတိုင်း မတားမြစ်အပ်၊ တားမြစ်သော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

၄၂၇။ ထိုအခါ ဘိက္ခုနီမတို့သည် ပဝါရဏာ မပြုကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် ပဝါရဏာ ပြုအပ်၏၊ ပဝါရဏာမပြုသော ဘိက္ခုနီမအား တရားအားလျော်စွာ ဆုံးဖြတ်အပ်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် မိမိတို့သည် ပဝါရဏာ ပြုပြီးလျှင် ရဟန်းယောကျ်ား သံဃာကို ပဝါရဏာမပြုကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် မိမိတို့ ပဝါရဏာ ပြုပြီးလျှင် ရဟန်းယောကျ်ား သံဃာကို ပဝါရဏာ ပြုအပ်၏၊ ပဝါရဏာ မပြုသော ဘိက္ခုနီမအား တရားအားလျော်စွာ ဆုံးဖြတ်အပ်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် ရဟန်းတို့နှင့်အတူ တပေါင်းတည်း ပဝါရဏာ ပြုကုန်သော် ဆူညံခြင်းကို ပြုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် ရဟန်းယောကျ်ားတို့နှင့် အတူ တပေါင်းတည်း ပဝါရဏာ မပြုအပ်၊ ပဝါရဏာပြုသော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် ဆွမ်းမစားမီ ပဝါရဏာပြုကုန်သော် အချိန်ကို လွန်စေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဆွမ်းစားပြီးနောက်မှ ပဝါရဏာ ပြုရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဆွမ်းစားပြီးနောက်မှ ပဝါရဏာပြုကုန်သော် အချိန်အခါမဲ့ ဖြစ်စေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ယနေ့ပဝါရဏာပြုပြီးလျှင် နက်ဖြန် (အထွက်တရက်နေ့)၌ ရဟန်းယောကျ်ား သံဃာကို ပဝါရဏာ ပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ အလုံးစုံသော ဘိက္ခုနီမသံဃာသည် ပဝါရဏာ ပြုလတ်သော် ဆူညံခြင်းကို ပြု၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမတယောက်ကို ဘိက္ခုနီသံဃာအတွက် ဘိက္ခုသံဃာကို ပဝါရဏာပြုရန် သမုတ်ခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ သမုတ်အပ်၏၊ ရှေးဦးစွာ ဘိက္ခုနီမကို တောင်းပန်အပ်၏၊ တောင်းပန်ပြီးလျှင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေအပ်၏။

"အချင်းမတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ဘိက္ခုနီသံဃာအတွက် ဘိက္ခုသံဃာကို ပဝါရဏာပြုရန် သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

http://www.dhammadownload.com



အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမကို ဘိက္ခုနီသံဃာအတွက် ဘိက္ခုသံဃာကို ပဝါရဏာပြုရန် သမုတ်၏၊ ဤမည်သော ဘိက္ခုနီမကို ဘိက္ခုနီသံဃာအတွက် ဘိက္ခုသံဃာကို ပဝါရဏာပြုရန် သမုတ်ခြင်းကို အကြင် အသျှင်မအား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ဘိက္ခုနီမကို ဘိက္ခုနီသံဃာအတွက် ဘိက္ခုသံဃာကို ပဝါရဏာပြုရန် သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

သမုတ်အပ်ပြီးသော ထိုဘိက္ခုနီမသည် ဘိက္ခုနီသံဃာကို ခေါ်၍ ဘိက္ခုသံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်၍ ရဟန်းယောကျ်ားတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီကာ—

"အသျှင်ဘုရားတို့ ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာကို ပဝါရဏာပြုပါ၏၊ အသျှင်ဘုရားတို့ ဘိက္ခုသံဃာသည် ဘိက္ခုနီသံဃာကို မြင်ခြင်းဖြင့်ရင်း ကြားခြင်းဖြင့်ရင်း ယုံမှားခြင်းဖြင့်ရင်း အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုပါလော့၊ (အပြစ်ကို)တွေ့မြင်ပါမူ ကုစားပါလတ္တံ့။ အသျှင်ဘုရားတို့ နှစ်ကြိမ်မြောက်လည်း။ပ။ အသျှင်ဘုရားတို့ သုံးကြိမ်မြောက်လည်း ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာကို ပဝါရဏာပြုပါ၏၊ အသျှင်ဘုရားတို့ ဘိက္ခုသံဃာသည် ဘိက္ခုနီသံဃာကို မြင်ခြင်းဖြင့်ရင်း ကြားခြင်းဖြင့်ရင်း ယုံမှားခြင်းဖြင့်ရင်း အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုပါလော့၊ (အပြစ်ကို)တွေ့မြင်ပါမူ ကုစားပါလတ္တံ့" ဟု ပြောဆိုအပ်၏။

၄၂၈။ ထိုအခါ ဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား ဥပုသ်ကို တန့်ထားကုန်၏၊ ပဝါရဏာကို တန့်ထားကုန်၏၊ ဆုံးမခြင်းရှိသည်ကိုပြုကုန်၏။ အကြီးအမှူးကို ဖြစ်စေကုန်၏၊ အခွင့်ကို ပြုစေကုန်၏၊ စောဒနာကုန်၏၊ အောက်မေ့စေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် ရဟန်းယောကျ်ားအား ဥပုသ်ကို မတန့်ထားအပ်၊ တန့်ထားသော်လည်း တန့်ထားသည်မမည်၊ တန့်ထားသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ် သင့်၏။**

ပဝါရဏာကို တန့်မထားအပ်၊ တန့်ထားသော်လည်း တန့်ထားသည် မမည်၊ တန့်ထားသော ဘိက္ခုနီမအား **ဒုက္ကဋ် အာပတ် သင့်၏။**

ဆုံးမခြင်း ရှိသည်ကို မပြုအပ်၊ ပြုသော်လည်း ပြုသည်မမည်၊ ပြုသော ဘိက္ခုနီမအား **ဒုက္ကဋ် အာပတ် သင့်၏။**

အကြီးအမှူးကို မဖြစ်စေအပ်၊ ဖြစ်စေသော်လည်း ဖြစ်စေသည်မမည်၊ ဖြစ်စေသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ် သင့်၏။**

အခွင့်ကို မပြုစေအပ်၊ ပြုစေသော်လည်း ပြုစေသည်မမည်၊ ပြုစေသော ဘိက္ခုနီမအား **ဒုက္ကဋ် အာပတ် သင့်၏။**

**မစောဒနာအပ်၊ စောဒနာသော်လည်း စောဒနာသည် မမည်၊ စောဒနာသော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ် သင့်၏။**

မအောက်မေ့စေအပ်၊ အောက်မေ့စေသော်လည်း အောက်မေ့စေသည်မမည်၊ အောက်မေ့စေသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ရဟန်းယောကျ်ားတို့သည် ဘိက္ခုနီမတို့အား ဥပုသ်ကို တန့်ထားကုန်၏၊ ပဝါရဏာကို တန့်ထားကုန်၏၊ ဆုံးမခြင်း ရှိသည်ကို ပြုကုန်၏၊ အကြီးအမှူးကို ဖြစ်စေကုန်၏၊ အခွင့်ကို ပြုစေကုန်၏၊ စောဒနာကုန်၏၊ အောက်မေ့စေကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ရဟန်းယောကျ်ားတို့သည် ဘိက္ခုနီမအား ဥပုသ်ကို တန့်ထားရန် ခွင့်ပြု၏၊ တန့်ထားခြင်းသည်လည်း ကောင်းသော တန့်ထားခြင်းတည်း၊ တန့်ထားသော ရဟန်းအား အာပတ်မသင့်။

ပဝါရဏာကို တန့်ထားရန် ခွင့်ပြု၏၊ တန့်ထားခြင်းသည်လည်း ကောင်းသော တန့်ထားခြင်းတည်း၊ တန့်ထားသော ရဟန်းအား အာပတ်မသင့်။

ဆုံးမခြင်းရှိသည်ကို ပြုရန် ခွင့်ပြု၏၊ ပြုခြင်းသည်လည်း ကောင်းသော ပြုခြင်းတည်း၊ ပြုသော ရဟန်းအား အာပတ်မသင့်။

အကြီးအမှူးကို ဖြစ်စေရန် ခွင့်ပြု၏၊ ဖြစ်စေခြင်းသည်လည်း ကောင်းသော ဖြစ်စေခြင်းတည်း၊ ဖြစ်စေသော ရဟန်းအား အာပတ်မသင့်။

အခွင့်ကို ပြုစေရန် ခွင့်ပြု၏၊ ပြုစေခြင်းသည်လည်း ကောင်းသော ပြုစေခြင်းတည်း၊ ပြုစေသော ရဟန်းအား အာပတ်မသင့်။

**စောဒနာရန် ခွင့်ပြု၏၊ စောဒနာခြင်းသည်လည်း ကောင်းသော စောဒနာခြင်းတည်း၊ စောဒနာသော ရဟန်းအား အာပတ်မသင့်။**

**အောက်မေ့စေရန် ခွင့်ပြု၏၊ အောက်မေ့စေခြင်းသည်လည်း ကောင်းသော အောက်မေ့စေခြင်းတည်း။ အောက်မေ့စေသော ရဟန်းအား အာပတ်မသင့် ဟု (မိန့်တော်မူ၏)။**

၄၂၉။ ထိုအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အမ ကၡ အဖိုမောင်းနှင်သော ယာဉ်ဖြင့်၎င်း အဖို ကၡ အမမောင်းနှင်သော ယာဉ်ဖြင့်၎င်း သွားကုန်၏။ လူတို့သည် "ဂင်္ဂါပွဲ မဟိပွဲ သွားသူတို့ကဲ့သို့တည်း"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် ယာဉ်ဖြင့် မသွားအပ်၊ ယာဉ်ဖြင့် သွားသော ဘိက္ခုနီအား တရားအားလျော်စွာ ဆုံးဖြတ်အပ်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ တပါးသော ဘိက္ခုနီမသည် ဖျားနာ၏၊ ခြေဖြင့် မသွားနိုင်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဖျားနာသော ဘိက္ခုနီမအား ယာဉ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ဘိက္ခုနီမတို့အား "အမ ကသော ယာဉ်လော၊ အဖိုကသော ယာဉ်လော" ဟူ၍ အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမ ကသော ယာဉ်ကို ၎င်း အဖို ကသောယာဉ်ကို၎င်း လက်ဆွဲယာဉ်ကို၎င်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ တပါးသော ဘိက္ခုနီမအား ယာဉ်တောက်သဖြင့် အလွန်အမင်း မချမ်းသာခြင်း ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ထန်းစင်ကို၎င်း သန်လျင်းကို ၎င်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၄၃၀။ ထိုအခါ အစုကာသိ ပြည့်တန်ဆာမသည် ဘိက္ခုနီမတို့ထံ၌ ရှင်ပြု၏၊ ထိုပြည့်တန်ဆာမ သည် "မြတ်စွာဘုရားထံ၌ ပဥ္စင်းပြုအံ့" ဟု သာဝတ္ထိပြည်သို့ သွားလို၏။ "အစုကာသိ ပြည့်တန်ဆာမ သည် သာဝတ္ထိပြည်သို့ သွားလိုသတတ်" ဟု သေသောက်ကြူးတို့သည် ကြားကုန်၏။ ထိုသေသောက် ကြူးတို့သည် လမ်း၌ ထကြွကုန်၏။ ထိုသေသောက်ကြူးတို့သည် လမ်း၌ ထကြွကုန်သတတ်" ဟု အစုကာသိ ပြည့်တန်ဆာမသည် ကြား၏။ "အကျွန်ုပ်ပဥ္စင်းပြုလိုပါ၍ အဘယ်သို့လျှင် အကျွန်ုပ်သည် ကျင့်ရပါအံ့နည်း" ဟု မြတ်စွာဘုရား၏ အထံသို့တမန်ကို စေလွှတ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ တမန်ဖြင့်လည်း ပဥ္စင်းပြုခြင်းငှါ ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။

ရဟန်းယောကျ်ားတမန်ဖြင့် ပဥ္စင်းပြုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက် ကြကုန်၏။ ရဟန်းတို့ ရဟန်းယောကျ်ားတမန်ဖြင့် ပဥ္စင်းမပြုအပ်၊ ပဥ္စင်းပြုသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။ သိက္ခမာန် **တမန်ဖြင့် ပဥ္စင်းပြုကုန်၏**။ပ။ သာမဏေ တမန်ဖြင့် ပဥ္စင်းပြုကုန်၏။ပ။ သာမဏေမတမန်ဖြင့် ပဥ္စင်းပြုကုန်၏။ပ။ မကျွမ်းကျင်သော မလိမ္မာ သော တမန်ဖြင့် ပဥ္စင်းပြုကုန်၏၊ ရဟန်းတို့ မကျွမ်းကျင်သော မလိမ္မာသော တမန်ဖြင့် ပဥ္စင်းမပြုအပ်၊ ပဥ္စင်းပြုသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ် သင့်၏**။ ရဟန်းတို့ လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမ တမန်ဖြင့် ပဥ္စင်းပြုခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုတမန်ဘိက္ခုနီမသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ် တင်၍ ရဟန်းယောကျ်ားတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီကာ—

"အသျှင်ဘုရားတို့ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဥ္စင်းအဖြစ်ကို ငဲ့၏၊ တဖက်၌ ပဥ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်ပါ၏၊ ထိုအသျှင်မသည် တစုံတခုသော အန္တရာယ်ကြောင့် မလာနိုင်ပါ၊ အသျှင်ဘုရားတို့ ဤမည်သော အသျှင်မသည် သံဃာကို ပဥ္စင်း ပြုခြင်းကို တောင်းပန်၏၊ အသျှင်ဘုရားတို့ သံဃာသည် ထိုအသျှင်မကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ထုတ်ဆောင်ပါလော့။ အသျှင်ဘုရားတို့ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဥ္စင်းအဖြစ်ကို ငဲ့၏၊ တဖက်၌ ပဥ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်၏၊ ထိုအသျှင်မသည် တစုံတခုသော အန္တရာယ်ကြောင့် မလာနိုင်ပါ၊ အသျှင်ဘုရားတို့ နှစ်ကြိမ်မြောက် လည်း ဤမည်သော အသျှင်မသည် သံဃာကို ပဥ္စင်းပြုခြင်းကို တောင်းပန်၏၊ အသျှင်ဘုရားတို့ သံဃာသည် ထိုအသျှင်မကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ထုတ်ဆောင်ပါလော့၊ အသျှင်ဘုရား တို့ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဥ္စင်းအဖြစ်ကို ငဲ့၏၊ တဖက်၌ ပဥ္စင်းခံခြင်း ဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်ပါ၏၊ ထိုအသျှင်မသည် တစုံတခုသော အန္တရာယ်ကြောင့်

http://www.dhammadownload.com



မလာနိုင်ပါ၊ အသျှင်ဘုရားတို့ သုံးကြိမ်မြောက်လည်း ဤမည်သော အသျှင်မသည် သံဃာကို ပဉ္စင်းပြုခြင်းကို တောင်းပန်၏၊ အသျှင်ဘုရားတို့ သံဃာသည် ထိုအသျှင်မကို အစဉ်သနားခြင်းကို အကြောင်းပြု၍ ထုတ်ဆောင်ပါလော့” ဟု လျှောက်အပ်၏။

ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေအပ်၏။

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငဲ့၏၊ တဖက်၌ ပဉ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်၏၊ ထိုအသျှင်မသည် တစုံတခုသော အန္တရာယ်ကြောင့် မလာနိုင်ပါ၊ ဤမည်သောအသျှင်မသည် ဤမည်သောဥပဇ္ဈာယ်မဖြင့် သံဃာကို ပဉ္စင်းပြုခြင်းကို တောင်းပန်၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော အသျှင်မကို ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဉ္စင်းပြုရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငဲ့၏၊ တဖက်၌ ပဉ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်ပါ၏၊ ထိုအသျှင်မသည် တစုံတခုသောအန္တရာယ်ကြောင့် မလာနိုင်ပါ၊ ဤမည်သော အသျှင်မသည် ဤမည်သော ဥပဇ္ဈာယ်မဖြင့် သံဃာကို ပဉ္စင်းပြုခြင်းကို တောင်းပန်၏၊ သံဃာသည် ဤမည်သော အသျှင်မကို ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဉ္စင်းပြု၏၊ဤမည်သော အသျှင်မကို ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဉ္စင်းပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောကြားပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော အသျှင်မသည် ဤမည်သော အသျှင်မ၏ ပဉ္စင်းအဖြစ်ကို ငဲ့၏၊တဖက်၌ ပဉ္စင်းခံခြင်းဖြင့် ဘိက္ခုနီသံဃာ၌ စင်ကြယ်ပြီး ဖြစ်ပါ၏၊ ထိုအသျှင်မသည်တစုံတခုသော အန္တရာယ်ကြောင့် မလာနိုင်ပါ၊ ဤမည်သောအသျှင်မသည် ဤမည်သော ဥပဇ္ဈာယ်မဖြင့် သံဃာကို ပဉ္စင်းပြုခြင်းကို တောင်းပန်၏၊ သံဃာသည် ဤမည်သော အသျှင်မကို ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဉ္စင်းပြု၏၊ ဤမည်သော အသျှင်မကို ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဉ္စင်းပြုခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော အသျှင်မကို ဤမည်သော ဥပဇ္ဈာယ်မဖြင့် ပဉ္စင်းပြုအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်” ဟု (သိစေရမည်)။

ထို(ဘိက္ခုသံဃာမှ ပဉ္စင်းပြုပြီးသော) ခဏ၌ အရိပ်ကို တိုင်းတာအပ်၏၊ ဥတုအတိုင်းအရှည်ကို ပြောကြားအပ်၏၊ နေ့အဖို့ကို ပြောကြားအပ်၏၊ သုံးမျိုးပေါင်း၍ကို ပြောကြားအပ်၏၊ ထိုပဉ္စင်းမအား

http://www.dhammadownload.com



မိုရာ သုံးမျိုးတို့ကိုလည်း မပြုအပ်သော အကျင့်မှုစ်မျိုးတို့ကိုလည်း ပြောကြားကုန်လော့" ဟု ဘိက္ခုနီမ တို့ကို ပြောဆိုအပ်၏။

၄၃၁။ ထိုအခါ ဘိက္ခုနီမတို့သည် တောဌ် နေကုန်၏၊ သေသောက်ကြူးသူတို့သည် ဖျက်ဆီး ကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘိက္ခုနီမသည် တောဌ် မနေအပ်၊ နေသော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ တယောက်သော ဥပါသကာသည် ဘိက္ခုနီသံဃာအား ဘဏ္ဍာတိုက်ကို လှူ၏၊ မြတ်စွာ ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ ဘဏ္ဍာတိုက်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ဘဏ္ဍာတိုက်သည် မလောက်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ကျောင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ ကျောင်းသည် မလောက်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမှုသစ်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။ အမှုသစ် သည် မလောက်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ပုဂ္ဂလိက ကျောင်းကိုလည်း ပြုရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၄၃၂။ ထိုအခါ တယောက်သော မိန်းမသည် တည်သော ကိုယ်ဝန်ရှိလျက် ဘိက္ခုနီမတို့ဌ် ရဟန်းပြု၏၊ ထိုမိန်းမအား ရဟန်းပြုပြီးသော် ကိုယ်ဝန်သည် ဖွားမြင်၏။ ထိုအခါ ထိုဘိက္ခုနီမအား "ငါသည် ဤသူငယ်၌ အဘယ်သို့ ကျင့်ရအံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်း ကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဤသူငယ် သိကြားလိမ္မာချိန် ရောက်သည့်တိုင်အောင် မွေးမြူရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုဘိက္ခုနီမအား "ငါသည်လည်း တယောက်ထီးတည်းနေခြင်းငှါ မရအပ်၊ အခြား ဘိက္ခုနီမသည်လည်း သူငယ်နှင့် အတူနေခြင်းငှါ မရအပ်၊ ငါသည် အဘယ်သို့ ကျင့်ရအံ့နည်း" ဟု အကြံဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမ တယောက်ကိုသမုတ်၍ ထိုဘိက္ခုနီမအား အဖော်ပေးခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့ ဤသို့ သမုတ်အပ်၏။

ရှေးဦးစွာ ဘိက္ခုနီမကို တောင်းပန်အပ်၏၊ တောင်းပန်ပြီးလျှင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည် ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေအပ်၏။

"အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျှောက် ပတ်သော အခါရှိသော ကာသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤမည်သော ဘိက္ခုနီမကို ဤမည်သော ဘိက္ခုနီမ၏ အဖော် ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤ မည်သော ဘိက္ခုနီမကို ဤမည်သော ဘိက္ခုနီမ၏ အဖော် ဟု သမုတ်၏။

ဤမည်သော ဘိက္ခုနီမကို ဤမည်သော ဘိက္ခုနီမ၏ အဖော် ဟု သမုတ်ခြင်းကို အကြင်အသျှင်မအား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင် မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

http://www.dhammadownload.com



သံဃာသည် ဤမည်သော ဘိက္ခုနီမကို ဤမည်သော ဘိက္ခုနီမ၏ အဖော်ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုအခါ ထိုအဖော်ဘိက္ခုနီမအား "ငါသည် ဤသူငယ်၌ အဘယ်သို့ ကျင့်ရအံ့နည်း" ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ အမိုး အရိတူ ကျောင်းနေခြင်းကို ချန်ထား၍ အခြားယောကျ်ား၌ ကျင့်ကုန်သကဲ့သို့ ဤအတူ ထိုသူငယ်၌ ကျင့်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၄၃၃။ ထိုအခါ တပါးသော ဘိက္ခုနီမသည် သံဃာဒိသိသ်အာပတ်သို့ ရောက်၍ မာနတ်ကျင့်နေ၏။ ထိုအခါ ထိုဘိက္ခုနီမအား "ငါသည်လည်း တယောက်ထီးတည်းနေခြင်းငှါ မရအပ်၊ အခြားဘိက္ခုနီမသည်လည်း ငါနှင့်အတူနေခြင်းငှါ မရအပ်၊ ငါသည် အဘယ်သို့ ကျင့်ရအံ့နည်း" ဟု အကြံ ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမတယောက်ကို သမုတ်၍ ထိုဘိက္ခုနီမအား အဖော်ပေးခြင်းငှါ ခွင့်ပြု၏။

ရဟန်းတို့ ဤသို့ သမုတ်အပ်၏၊ ရှေးဦးစွာ ဘိက္ခုနီမကို တောင်းပန်အပ်၏၊ တောင်းပန်ပြီးလျှင် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေအပ်၏။

"အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် ဤမည်သော ဘိက္ခုနီမကို ဤမည်သော ဘိက္ခုနီမ၏ အဖော်ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ဤမည်သော ဘိက္ခုနီမ၏ အဖော် ဟု သမုတ်၏၊ ဤမည်သော ဘိက္ခုနီမကို ဤမည်သော ဘိက္ခုနီမ၏ အဖော်ဟု သမုတ်ခြင်းကို အကြင်အသျှင်မအား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ဘိက္ခုနီမကို ဤမည်သော ဘိက္ခုနီမ၏ အဖော် ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၄၃၄။ ထိုအခါ တပါးသော ဘိက္ခုနီမသည် သိက္ခာချပြီး၍ လူထွက်၏၊ ထိုဘိက္ခုနီမသည် တဖန် လာ၍ ဘိက္ခုနီမတို့ကို ပဉ္စင်းပြုခြင်းကို တောင်းပန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမအား သိက္ခာချခြင်းသည် မဖြစ်၊ အကြင် အကြောင်းကြောင့် ထိုဘိက္ခုနီမသည် လူထွက်၏၊ ထိုအကြောင်းကြောင့် ထိုဘိက္ခုနီမသည် ဘိက္ခုနီမ မဟုတ် ဟု (မိန့်တော်မူ၏)။

ထိုအခါ တပါးသော ဘိက္ခုနီမသည် မိမိနေရာကျောင်းမှ တိတ္ထိကျောင်းသို့ ပြောင်းရွှေ၏၊ ထိုဘိက္ခုနီမသည် တဖန် ပြန်လာ၍ ဘိက္ခုနီမတို့ကို ပဉ္စင်းပြုခြင်းကို တောင်းပန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ မိမိနေရာကျောင်းမှ တိတ္ထိကျောင်းသို့ ပြောင်းရွှေ့သော ဘိက္ခုနီမသည် ပြန်လာသော် ပဉ္စင်းမပြုအပ် ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် ယောကျ်ားတို့၏ ရှိခိုးခြင်းကိုရင်း ဆံဖြတ်ခြင်းကိုရင်း လက်သည်းခြေသည်း ဖြတ်ခြင်းကိုရင်း အနာဆေးကုခြင်းကိုရင်း မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိကုန်သည်ဖြစ်၍ လက်မခံကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ လက်ခံခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၄၃၅။ ထိုအခါ ဘိက္ခုနီမတို့သည် ထက်ဝယ်ဖွဲ့ခွေ ထိုင်ကုန်လျက် ဖနောင့်အတွေ့ကို သာယာကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် ထက်ဝယ်ဖွဲ့၍ မထိုင်အပ်၊ ထိုင်သော ဘိက္ခုနီအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ တပါးသော ဘိက္ခုနီမသည် ဖျားနာ၏၊ ထိုဘိက္ခုနီမအား ထက်ဝယ်ဖွဲ့ခြင်းနှင့် ကင်း၍ မချမ်းသာ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမအား ထက်ဝက်သော ထက်ဝယ်ဖွဲ့ခြင်းကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် ကျင်ကြီးအိမ်၌ ကျင်ကြီးကို စွန့်ကုန်၏၊ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ထိုကျင်ကြီးအိမ်၌ပင် ကိုယ်ဝန်ကို ချကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ရဟန်းတို့ ဘိက္ခုနီမတို့သည် ကျင်ကြီးအိမ်၌ ကျင်ကြီးကို မစွန့်အပ်၊ စွန့်သော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ်သင့်၏**။ ရဟန်းတို့ အောက်၌ ဟင်းလင်းပွင့်သော အထက်၌ အမိုးရှိသော ကျင်ကြီးအိမ်၌ ကျင်ကြီးကို စွန့်ခြင်းငှါ ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

၄၃၆။ ထိုအခါ ဘိက္ခုနီမတို့သည် ကသယ်မှုန့်ဖြင့် ရေချိုးကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ မိန်းမတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် ကသယ်မှုန့်ဖြင့် ရေမချိုးအပ်၊ ရေချိုးသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ် သင့်၏**။ ရဟန်းတို့ ဆန်ကွဲမှုန့် ဖွဲညက်ကိုရင်း မြေညက်ကိုရင်း ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် နံ့သာထုံသော မြေညက်ဖြင့် ရေချိုးကုန်၏။ လူတို့သည် "ကာမဂုဏ်ခံစားသူ မိန်းမတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် နံ့သာထုံသော မြေညက်ဖြင့် ရေမချိုးအပ်၊ ရေချိုးသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ် သင့်၏**။ ရဟန်းတို့ ပြကတေ့သော မြေညက်ကို ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် ဇရုံးအိမ်၌ ရေချိုးကုန်သော် ဆူညံခြင်းကို ပြုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် ဇရုံးအိမ်၌ ရေမချိုးအပ်၊ ရေချိုးသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် ရေစီး၏ မျက်နှာချင်းဆိုင်၌ ရေချိုးကုန်သော် ရေအယဉ်အတွေ့ကို သာယာကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် ရေစီး၏ မျက်နှာချင်းဆိုင်၌ ရေမချိုးအပ်၊ ရေချိုးသော ဘိက္ခုနီမအား **ဒုက္ကဋ်အာပတ် သင့်၏** ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ဘိက္ခုနီမတို့သည် ရေဆိပ်မဟုတ်ရာ၌ ရေချိုးကုန်သော် သေသောက်ကြူးတို့သည် ဖျက်ဆီးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် ရေဆိပ်မဟုတ်ရာ၌ ရေမချိုးအပ်၊ ရေချိုးသော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဘိက္ခုနီမတို့သည် ယောကျ်ားချိုးရာ ရေဆိပ်၌ ရေချိုးကုန်၏။ လူတို့သည် "ကာမဂုဏ် ခံစားသူ မိန်းမတို့ကဲ့သို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ ဘိက္ခုနီမသည် ယောကျ်ားချိုးရာ ရေဆိပ်၌ ရေမချိုးအပ်၊ ရေချိုးသော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းတို့ မိန်းမ ရေချိုးဆိပ်၌ ချိုးရန် ခွင့်ပြု၏ ဟု (မိန့်တော်မူ၏)။

တတိယအခန်း ပြီး၏။

ဒသမဘိက္ခုနီက္ခန္ဓက ပြီး၏။

ဤခန္ဓက၌ ဝတ္ထုတရာတည်း။

---

ထိုဘိက္ခုနီက္ခန္ဓက၏ အကျဉ်းချုပ်—

ဂေါတမီသည် ပဉ္စင်းအဖြစ်ကို တောင်းပန်၏၊ ကပိလဝတ်ပြည်၌ မြတ်စွာဘုရားသည် ခွင့်မပြု၊ မြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ကြွတော်မူ၏။

မှုန့်ပွမ်းသော ကိုယ်ရှိလျက် တံခါးမုခ်၌ အာနန္ဒာအား လျှောက်၏၊ ထိုက်တန်ပါ၏လော ဟူ၍ရင်း မိခင်ဟူ၍ရင်း မွေးမြူသူ ဟူ၍ရင်း နည်းပရိယာယ်ဖြင့် တောင်းပန်၏။

နှစ်ပေါင်းတရာရင်း ထိုနေ့ရင်း ရဟန်းမရှိသော ကျောင်းရင်း လိုလားတောင့်တခြင်းရင်း ပဝါရဏာပြုခြင်းရင်း သံဃာဒိသိသ်အာပတ်ရင်း နှစ်နှစ်တို့ပတ်လုံးရင်း မဆဲရေးခြင်းရင်း။

ပိတ်ပင်ခြင်းရင်း အသက်ရှင်သမျှ လိုက်နာရသော တရားရှစ်မျိုး 'ဂရုဓံ'တို့ရင်း ဂရုဓံကို ဝန်ခံခြင်းရင်း ထိုဝန်ခံခြင်းသည်ပင် ထိုဂေါတမီအား ပဉ္စင်းဖြစ်ခြင်းရင်း။

နှစ်ပေါင်းတထောင်ရင်း နှစ်ပေါင်းငါးရာရင်း မီးအိုးကိုင်သူခိုး ဖလံဖြူနာ အူနီနာဥပမာ တို့ဖြင့် ဤနည်း ဤပုံအတိုင်း သူတော်ကောင်းတရား ဆုတ်ယုတ်ခြင်း။

စောစောကပင် ကန်ပေါင်ကို ဖွဲ့ခြင်း တဖန် သူတော်ကောင်းတရား တည်ခြင်း ပဉ္စင်းပြုရန် ခွင့်ပြုခြင်း အသျှင် အသျှင်မတို့၏ သိတင်းကြီးအစဉ်အတိုင်း ရှိခိုးခြင်း။

မပြုလုပ်ကုန် အဘယ်မှာ ခွင့်ပြုအံ့နည်း၊ ဆက်ဆံသော သိက္ခာပုဒ် မဆက်ဆံသော သိက္ခာပုဒ် ရင်း အဆုံးအမခံခြင်းရင်း ပါတိမောက်ရင်း အသို့ ပြုရမည်နည်း ဘိက္ခုနီမကျောင်းရင်း။

မသိခြင်းရင်း ပြောကြားခြင်းရင်း မကုစားခြင်းရင်း ရဟန်းတို့သည် ပြောကြားခြင်းရင်း ရဟန်းတို့သည် ခံယူခြင်းရင်း ဘိက္ခုနီမတို့သည် ခံယူခြင်းရင်း။

http://www.dhammadownload.com



ပြောကြားခြင်းငှင်း ကံငှင်း ရဟန်းတို့သည် ကံပြုခြင်းငှင်း ကဲ့ရဲ့ခြင်းငှင်း ဘိက္ခုနီမတို့သည် ကံပြုခြင်း ပြောကြားခြင်းငှင်း ငြင်းခုံခြင်း (ကံသို့) တင်ခြင်းငှင်း ဥပ္ပလဝဏ်၏ အနီးနေ ဘိက္ခုနီမငှင်း သာဝတ္ထိပြည်၌ ညှန့်ရေငှင်း ရှိမခိုးရခြင်းငှင်း ကိုယ်ကိုဖွင့်ပြခြင်းငှင်း ပေါင်ငှင်း အင်္ဂါဇာတ်ငှင်း ပြောင်လှောင်ခြင်းငှင်း ရောယှက်ခြင်းငှင်း ဆဗ္ဗဂ္ဂီတို့ငှင်း။

ရှိမခိုးရခြင်းငှင်း ဒဏ်အမှုငှင်း တဖန် ဘိက္ခုနီမတို့သည် ထိုအတူငှင်း ပိတ်ပင်တားမြစ်ခြင်းငှင်း အဆုံးအမခံခြင်းငှင်း အပ်သလော ဖဲသွားခြင်းငှင်း။

ရဟန်းမိန်းမမိုက်တို့ငှင်း အမှုမဟုတ်ခြင်းငှင်း မဆုံးဖြတ်ခြင်းငှင်း ဩဝါဒငှင်း ဘိက္ခုနီသံဃာငှင်း ဘိက္ခုနီမငါးဦးတို့ငှင်း ဘိက္ခုနီမ နှစ်ဦး သုံးဦးတို့ငှင်း မယူခြင်းငှင်း ရဟန်းမိုက် ဖျားနာသောရဟန်း ခရီးသွားရဟန်း။

တောနေရဟန်းတို့ငှင်း မပြောကြားခြင်းငှင်း တဖန် မဆောင်ခြင်းငှင်း မသွားခြင်းငှင်း ခါးပန်းကြိုးရှည်ငှင်း နှီးပြားငှင်း သားရေပြားငှင်း ပုဆိုးထုံး ပုဆိုးကျစ်ငှင်း သက်န်းထုံး သက်န်းကျစ်ဖြင့်ငှင်း ချက်ိုမျှင်ထုံး ချည်မျှင်ကျစ်ငှင်း။

နွားဒူးရိုးငှင်း နွားမေးရိုးငှင်း လက်ဖဝါးငှင်း လက်ဖမိုးငှင်း ခြေဘဝါးငှင်း ခြေဖမိုး 'ခြေသလုံး'ငှင်း ပေါင်ငှင်း မျက်နှာငှင်း သွားဖုံးငှင်း လိမ်းကျံခြင်းငှင်း နှိပ်နယ်ခြင်းငှင်း နံ့သာမှုန့်ချေခြင်းငှင်း။

မျက်ရေးကွက် 'အပြောက်အစက်' ချခြင်းငှင်း အင်္ဂါကြီးငယ်ကို ဆိုးခြင်းငှင်း မျက်နှာကို ဆိုးခြင်းငှင်း ထိုအတူ နှစ်မျိုး ဆိုးခြင်းငှင်း သက်တင်ရေးပုံ မျက်ကွင်းဆွဲခြင်း ပါးကွက်ကွက်ခြင်းငှင်း ပြူတင်းပေါက်ငှင်း အလင်းရောင်ငှင်း ကခြင်းငှင်း။

ပြည့်တန်ဆာမငှင်း သေတင်းကုပ်ငှင်း သားစိမ်းငါးစိမ်းငှင်း ဈေးခင်းခြင်းငှင်း အတိုးပေးခြင်းငှင်း ကုန်သွယ်ခြင်း ကျွန်ယောကျ်ား ကျွန်မိန်းမကိုငှင်း အမှုလုပ်ယောကျ်ား အမှုလုပ်မိန်းမကိုငှင်း လုပ်ကျွေးစေခြင်းငှင်း။

တိရစ္ဆာန် အသီးအရွက်စိမ်း နံရိုးစည်းအဖွဲ့ကို ဆောင်ကုန်၏၊ သက်န်းညို သက်န်းဝါ သက်န်းမောင်း သက်န်းနက်ငှင်း။

သက်န်းအနီရင့်ငှင်း သက်န်းအနီနုငှင်း အဆာမဖြတ်သော သက်န်း အဆာရှည်သော သက်န်းအပွင့်ပုံ အသီးပုံ အဆာရှိသက်န်း သင်တိုင်းလျှော်တေကိုငှင်း ဆောင်ကုန်၏။

ဘိက္ခုနီမ သိက္ခမာန် သာမဏေမတို့ ကွယ်လွန်ရာ၌ ပရိက္ခရာ လွှဲအပ်သော် ဘိက္ခုနီမတို့သည် သာလျှင် ပိုင်ဆိုင်ကုန်၏။

ရဟန်းယောကျ်ား သာမဏေ ဥပါသကာ ဥပါသိကာမ အခြားသူတို့၏ ပရိက္ခရာကို လွှဲအပ်သော် ရဟန်းပိုင်ဆိုင်၏။

လက်ပန်းလုံး 'ကိုယ်လုံးတိုက်'ခြင်းငှင်း ကိုယ်ဝန်သည်ယော်ကိုငှင်း သပိတ်ဖင်ငှင်း ယောကျ်ားနိမိတ်ငှင်း စားသောက်ဖွယ်ငှင်း များပြားခြင်း အလွန်အမင်း များခြင်းငှင်း စားသောက်ဖွယ်ကို သိမ်းဆည်းခြင်းငှင်း။

http://www.dhammadownload.com



ရဟန်းယောကျ်ားတို့ သုံးဆောင်ကောင်းရာမျိုးကို ဘိက္ခုနီမသည် ထို့အတူ ပြုရာ၏၊ ကျောင်းရင်း ဥတုလာသူ ဘိက္ခုနီမများရင်း သွေးလိမ်းကျံခြင်းရင်း ဥတုသွေးခံ 'ဥတုထိန်း' အဝတ်ဆိုခြင်းရင်း။

ပြတ်ခြင်းရင်း အခါခပ်သိမ်းရင်း နိမိတ်မရှိသူ စသည်ကို တွေ့မြင်ခြင်းရင်း နိမိတ်ရာမျှရှိသူ သွေးမယိုသူ ထို့အတူ သွေးအမြဲယိုသူရင်း။

ဥတုသွေးခံ အမြဲ သုံးရသူ သွေးယိုစီးသူ အစွန်းရှည်သူ ပဏ္ဍုက်မိန်းမရင်း ယောကျ်ားရှာ ဖြစ်သူ ဗျည်းနိမိတ် စပ်သူ ဥဘတောဗျည်း ဖြစ်သူ ဘိက္ခုနီမရင်း။

နိမိတ် မရှိသူကို အစပြု၍ ဥဘတောဗျည်း ဖြစ်သူတိုင်အောင် ဤအလုံးစုံကို ပေယျာလ အားဖြင့် သိအပ်၏၊ နူနာရင်း အိုင်းအနာရင်း ဝဲကြီးနာရင်း။

ချောင်းဆိုးနာရင်း ဝက်ရူးနာရင်း လူမ ဖြစ်ခြင်းရင်း မိန်းမဖြစ်ခြင်းရင်း တော်လှန်သူ မဖြစ် ခြင်းရင်း ကြွေးမြီကင်းသူရင်း မင်းခစားမဟုတ်သူရင်း ပြုခွင့်ရသူရင်း (အသက်) နှစ်ဆယ် ပြည့်ခြင်းရင်း။

သက်န်း ပြည့်စုံသူရင်း အဘယ်အမည်ရှိသနည်း (ဟု အမည်ကို မေးခြင်း)ရင်း သင်၏ ဥပဇ္ဈာယ်မသည် အဘယ်အမည်ရှိသနည်း အန္တရာယ် နှစ်ဆယ့်လေးမျိုးတို့ကို မေး၍ ပဉ္စင်း ပြုခြင်းရင်း။

နှုံခြင်းရင်း ဆုံးမခြင်းရင်း ထို့အတူ သံဃာအလယ်၌ ဆုံးမခြင်းရင်း ဥပဇ္ဈာယ်ယူစေခြင်းရင်း ဒုကုဋ်ရင်း ကိုယ်ရုံကိုရင်း သင်းပိုင်ကိုရင်း။

ရင်လွှမ်းတဘက်ကိုရင်း ရေသနုပ်ကိုရင်း ပြောကြား၍ လွှတ်ရာ၏၊ မိုက်သူ မသမုတ်အပ်သူ အတူလာခြင်း တောင်းပန်ခြင်း အန္တရာယ်ပြုတတ်သော အကြောင်းတို့ကို မေးခြင်းရင်း။

တဖက်မှ ပဉ္စင်းပြုခြင်းရင်း ရဟန်းယောကျ်ား သံဃာ၌ ထို့အတူရင်း တဖန် အရိပ် ဥတု နေ့ကိုရင်း သုံးမျိုးအပေါင်းရင်း မှီရာသုံးမျိုးတို့ရင်း။

မပြုကျင့်အပ်သော အကျင့်ရှစ်မျိုးရင်း အချိန်ရင်း အလုံးစုံသော နေရာတို့၌ ရှစ်ယောက်တို့ ရင်း ဘိက္ခုနီမတို့သည် ပဝါရဏာမပြုခြင်း ထို့အတူ ဘိက္ခုသံဃာကို ပဝါရဏာ မပြုခြင်း။

ဆုံည်ခြင်းရင်း နံနက်အချိန်ရင်း မွန်းလွဲချိန်ရင်း ဆုံည်ခြင်းရင်း ဥပုသ်ရင်း ပဝါရဏာရင်း ဆုံးမမှု ရှိခြင်းရင်း အကြီးအမှူးရင်း။

အခွင့်ရင်း စောဒနာခြင်းရင်း အောက်မေ့စေခြင်းရင်း မြတ်စွာဘုရားသည် ဘိက္ခုနီအတွက် ပယ်တော်မူ၏၊ ထိုမှတပါး မြတ်စွာဘုရားသည် ရဟန်းတို့အတွက် ခွင့်ပြုတော်မူ၏။

ယာဉ်ရင်း ဖျားနာသူအား (အဖို အမ ကသော)ယာဉ်ရင်း ယာဉ်တောက်ခြင်းရင်း အစုကာသိ ပြည့်တန်ဆာမရင်း ရဟန်းတမန် သိက္ခမာန်တမန် သာမဏေတမန် သာမဏေမ တမန် မိုက်သူတမန်ရင်း။

တော၌ ဥပါသကာရင်း ဘဏ္ဍာတိုက်ရင်း ကျောင်းရင်း လက်မှုမလောက်ခြင်းရင်း ကိုယ်ဝန် တည်ခြင်းရင်း တယောက်ထီးတည်းရင်း။

http://www.dhammadownload.com



အမှိုး အကာတူ ကျောင်း၌ နေခြင်းငှင်း သံဃာဒိသိသ် အာပတ်ငှင်း သိက္ခာချခြင်းငှင်း ပြောင်းရွှေ့ခြင်းငှင်း ရှိခိုးခြင်း ဆံပင်ရိတ်ခြင်း လက်သည်း ခြေသည်း ဖြတ်ခြင်း အနာဆေးကု ခြင်းငှင်း။

ထက်ဝယ် ဖွဲ့ခွေ နေခြင်းငှင်း ဖျားနာသူငှင်း ကျင်ကြီးအိမ် ကသယ်ပူနံ့ငှင်း နံ့သာဖြင့် ထုံခြင်းငှင်း ဇရုံးအိမ်ငှင်း ရေညာ ရေဆန်ငှင်း ရေဆိပ်မဟုတ်ခြင်းငှင်း ယောကျ်ားရေချိုးဆိပ် ငှင်း။

မဟာဂေါတမီသည် တောင်းပန်၏၊ အာနန္ဒာသည်လည်း အသင့်အားဖြင့် တောင်းပန်၏။ (ဘိက္ခုနီများ)ရှင်ရဟန်းပြုသောကြောင့် မြတ်စွာဘုရား သာသနာတော်၌ ပရိသတ် လေးမျိုး ဖြစ်ကုန်၏။

ကျင်နာသော သူအား ဆေးကုသကဲ့သို့ ထိတ်လန့်ခြင်း ဖြစ်စေခြင်းငှါငှင်း သူတော်ကောင်း တရား တိုးပွါးခြင်းငှါငှင်း မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူ၏။

ဤသို့ သူတော်ကောင်းတရားကို သိကြသူ အခြား မာတုဂါမတို့သည်လည်း အကြင် အရပ်သို့ သွား၍ မစိုးရိမ်ကုန်၊ စုတိခြင်း မရှိသော ထိုမစိုးရိမ်ရာ အရပ် 'နိဗ္ဗာန်'သို့ သွားရောက်ကုန်၏။

**ဘိက္ခုနိက္ခန္ဓက၏ အကျဉ်းချုပ် ပြီး၏။**

**ဘိက္ခုနိက္ခန္ဓက ပြီးပြီ။**

http://www.dhammadownload.com

# ၁၁—ပဉ္စသတိကက္ခန္ဓက

## ၁–သင်္ဂါယနာ နိဒါန်း

၄၃၇။ ထိုအခါ အသျှင်မဟာကဿပသည် ရဟန်းတို့ကို ငါ့သျှင်တို့ ငါသည် အခါတပါး၌ ငါးရာမျှသော ရဟန်းသံဃာဘို့နှင့် အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ခရီးရှည်သွား၏။ ငါ့သျှင်တို့ ထိုအခါ ငါသည် လမ်းမှ ဖဲ၍ တခုသော သစ်ပင်ရင်း၌ ထိုင်၏။

ထိုအခါ တယောက်သော တက္ကတွန်းသည် ကုသိနာရုံပြည်မှ မန္ဒာရဝမည်သော နတ်ပန်း 'ထင်ရှားပန်း'ကို ယူ၍ ပါဝါပြည်သို့ ခရီးရှည်သွား၏။ ငါ့သျှင်တို့ ငါသည် အဝေးမှ လာသော ထိုတက္ကတွန်းကို မြင်၍ "ငါ့သျှင် ငါတို့၏ ဆရာဘုရားကို သိပါ၏လော" ဟု မေး၏။ ငါ့သျှင် အိမ်း သိပါ၏၊ ရဟန်းဂေါတမသည် ယနေ့ ပရိနိဗ္ဗာန် စံ၍ ခုနစ်ရက် ရှိပြီ၊ ထိုအရပ်မှ အကျွန်ုပ်သည် ဤမန္ဒာရဝ မည်သော နတ်ပန်း 'ထင်ရှားပန်း'ကို ယူခဲ့ပါ၏ဟု ပြော၏။

ငါ့သျှင်တို့ ထိုသို့ ပြောရာ၌ တဏှာ မကင်းသေးသည့် အချို့ရဟန်းတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန် လျင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန် လျင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ လောက၌ (ပညာ)မျက်စိသည် အလွန်လျင်မြန်စွာ ကွယ်ခဲ့လေပြီ" ဟု (ဆိုကာ)လက်မောင်းတို့ကို မြှောက်ချီ၍ ငိုကြွေးမြည်တမ်းကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေးရှုလူးလှိမ့်ကုန်၏၊ ထိုထို ဤဤ လူးလှိမ့်ကုန်၏။

ရာဂ ကင်းပြီးသော ရဟန်းတို့သည်ကား "ပြုပြင်ရသော 'သင်္ခါရ'ဝရားတို့သည် မမြဲသော သဘောရှိကုန်၏၊ ဤ(သင်္ခါရတရားတို့)၌ ထို(မြဲခြင်း)ကို အဘယ်မှာ ရနိုင်ပါအံ့နည်း" ဟု အောက်မေ့ ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏။

ငါ့သျှင်တို့ ထိုအခါ ငါသည် ထိုရဟန်းတို့ကို—

"ငါ့သျှင်တို့ တန်ကြလော့၊ မစိုးရိမ် မပူဆွေးကြလင့်၊ မငိုကြွေးကြလင့်၊ ချစ်ခင်မြတ်နိုးသော သူအားလုံးတို့နှင့် ရှင်လျက် ကွဲကွာခြင်း သေ၍ ကွဲကွာခြင်း ဘဝခြားလျက် ကွဲကွာခြင်း ဤသို့(ကွဲကွာခြင်းများ)ကို ရှေးမဆွကပင် မြတ်စွာဘုရား ဟောကြားခဲ့ပြီ မဟုတ်ပါလော၊ ငါ့သျှင်တို့ ဤအရာ၌ 'အသစ် ဖြစ်ပေါ်လာခြင်း ထင်ရှားဖြစ်ပေါ်လာခြင်း ပြုပြင်ပေးရခြင်း ပျက်စီးခြင်း သဘောရှိသော အရာဝတ္ထုကို မပျက်စီးပါစေလင့်' ဟု လိုလားတောင့်တချက် အတိုင်း အဘယ်မှာ ရနိုင်ပါအံ့နည်း၊ ဤသို့ ရနိုင်ရန် အကြောင်းမရှိချေ" ဟု ဆိုခဲ့၏။

ငါ့သျှင်တို့ ထိုအခါ သုဘဒ်မည်သော တောထွက်ရဟန်းကြီးသည် ထိုပရိသတ်၌ ထိုင်နေ၏။ ငါ့သျှင်တို့ ထိုအခါ သုဘဒ်မည်သော တောထွက် ရဟန်းကြီးသည် ထိုရဟန်းတို့အား—

"ငါ့သျှင်တို့ မသင့်၊ မစိုးရိမ်ကြကုန်လင့်၊ မငိုကြွေးကြကုန်လင့်၊ ငါတို့သည် ထိုရဟန်းကြီးမှ ကောင်းစွာ လွတ်ခဲ့ကုန်ပြီ၊ 'ဤအမှုသည် သင်တို့အား အပ်၏၊ ဤအမှုသည် သင်တို့အား မအပ်' ဟု ငါတို့သည် နှိပ်စက်ခံရကုန်၏၊ ယခုမူကား ငါတို့ ပြုလုပ်လိုရာကို ပြုလုပ်ကုန်အံ့၊ မပြုလုပ်လိုရာကို မပြုလုပ်ကုန်အံ့" ဟု ပြောဆို၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ငါတို့သည် မသူတော်တရား မထွန်းကားမီ၊ သူတော်တရား မကွယ်ပမီ၊ ဝိနည်းမဟုတ်သောတရား မထွန်းကားမီ၊ ဝိနည်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ အားမရှိမီ၊ ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ အားမနည်းမီ၊ အဝိနယဝါဒီ ပုဂ္ဂိုလ်တို့ အားမရှိမီ၊ ဝိနယဝါဒီ ပုဂ္ဂိုလ်တို့ အားမနည်းမီ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ကုန်အံ့ (စုပေါင်းရွတ်ဆိုကုန်အံ့) ဟု ပြောဆို၏။

အသျှင်ဘုရား သို့ဖြစ်လျှင် အသျှင်မဟာကဿပမထေရ်သည် ရဟန်းတို့ကို ရွေးကောက်တော်မူပါလော့ ဟု လျှောက်ကုန်၏။

ထိုအခါ အသျှင်မဟာကဿပသည် တပါးယုတ်သော ရဟန္တာငါးရာတို့ကို ရွေးကောက်တော်မူ၏။ ရဟန်းတို့သည် အသျှင်မဟာကဿပအား ဤသို့ လျှောက်ကုန်၏။ "အသျှင်ဘုရား ဤအာနန္ဒာသည် ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိသို့ လိုက်ခြင်းငှါ မထိုက်သော သေက္ခမျှ ဖြစ်သော်လည်း မြတ်စွာဘုရားထံ၌ ဓမ္မနှင့် ဝိနယကို များစွာ သင်ယူခဲ့ပါ၏၊ အသျှင်ဘုရား ထို့ကြောင့်ပင် အသျှင်မဟာကဿပမထေရ်သည် အသျှင်အာနန္ဒာကိုလည်း ရွေးကောက်တော်မူပါလော့" ဟု လျှောက်ကုန်၏။ ထိုအခါ အသျှင်မဟာကဿပသည် အသျှင်အာနန္ဒာကိုလည်း ရွေးကောက်တော်မူ၏။

ထိုအခါ မထေရ်ကြီး ရဟန်းတို့အား "ငါတို့သည် အဘယ်အရပ်၌ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ကုန်ရာသနည်း" ဟု အကြံဖြစ်၏။

ထိုအခါ မထေရ်ကြီး ရဟန်းတို့အား "ရာဇဂြိုဟ်ပြည်သည် များသော ဆွမ်းခံရွာရှိ၏၊ ကျောင်းပေါများ၏၊ ငါတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်လျက် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ရမူ ကောင်း၏၊ အခြား ရဟန်းတို့သည်လည်း ရာဇဂြိုဟ်ပြည်၌ ဝါမဆိုကုန်မူ ကောင်း၏" ဟု အကြံ ဖြစ်၏။ ထိုအခါ အသျှင်မဟာကဿပသည် သံဃာကို—

၄၃၇။ "ငါ့သျှင်တို့ သံဃာသည် ငါ၏ (စကားကို)နာတော်မူလော့၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤရဟန်းငါးရာတို့ကို 'ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်သည်ဖြစ်၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ခြင်းငှါ အခြားရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုအပ်' ဟု သမုတ်ရာ၏။ ဤအား သိစေခြင်းတည်း။

ငါ့သျှင်တို့ သံဃာသည် ငါ၏ (စကားကို)နာတော်မူလော့၊ သံဃာသည် ဤရဟန်းငါးရာတို့ကို 'ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်သည်ဖြစ်၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ခြင်းငှါ အခြားရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုအပ်' ဟု သမုတ်၏၊ ဤရဟန်း ငါးရာတို့အား 'ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်သည်ဖြစ်၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ခြင်းငှါ အခြား ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုအပ်' ဟု သမုတ်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤရဟန်းငါးရာတို့ကို 'ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်သည်ဖြစ်၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ခြင်းငှါ အခြား ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုအပ်' ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေ၏)။

ထိုနောက် မထေရ်ကြီး ရဟန်းတို့သည် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်ခြင်းငှါ ရာဇဂြိုဟ်ပြည်သို့ သွားကုန်၏။ ထိုနောက် မထေရ်ကြီး ရဟန်းတို့အား ဤသို့ အကြံ ဖြစ်၏။

"ငါ့သျှင်တို့ မြတ်စွာဘုရားသည် အကျိုးအပျက် ပြုပြင်ခြင်းကို ချီးမွမ်းတော်မူ၏၊ ငါ့သျှင်တို့ ယခု ငါတို့သည် ပဌမလပတ်လုံး အကျိုးအပျက်ကို ပြုပြင်ကုန်အံ့၊ အလယ်မဇ္ဈိမလပတ်လုံး စည်းဝေး၍ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ကုန်အံ့" ဟု အကြံ ဖြစ်၏။

ထိုနောက် မထေရ်ကြီး ရဟန်းတို့သည် ပဌမလပတ်လုံး အကျိုးအပျက်ကို ပြုပြင်ကုန်၏။ ထိုအခါ အသျှင်အာနန္ဒာသည် "နက်ဖြန် အစည်းအဝေးတည်း၊ ငါသည် သေက္ခဖြစ်လျက် အစည်းအဝေးသို့ သွားခြင်းသည် မသင့်မလျော်" ဟု များစွာသော ညဉ့်ပတ်လုံးသာလျှင် ကာယဂတာသတိဖြင့် လွန်စေ၍ ညဉ့်မိုးသောက်ယာမ်၌ "လျောင်းအံ့" ဟု ကိုယ်ကို လှည်း၏။ ဦးခေါင်းသည် ခေါင်းအုံးသို့ မရောက်မီ၊ ခြေတို့သည် မြေမှ လွတ်သွားစဉ်၊ ဤအကြား၌ စိတ်သည် မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်လေ၏။

၄၃၉။ ထိုနောက် အသျှင်အာနန္ဒာသည် ရဟန္တာဖြစ်၍ အစည်းအဝေးသို့ သွားလေ၏။

ထိုအခါ အသျှင်မဟာကဿပသည် သံဃာကို—

"ငါ့သျှင်တို့ သံဃာသည် ငါ၏ (စကားကို)နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ ငါသည် ဥပါလိအား ဝိနည်းကို မေးအံ့" ဟု သိစေ၏။

အသျှင်ဥပါလိကလည်း သံဃာကို—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ အသျှင်မဟာကဿပသည် ဝိနည်းကို မေးလတ်သော် အကျွန်ုပ်သည် ဖြေဆိုပါအံ့" ဟု သိစေ၏။

ထိုနောက် အသျှင်မဟာကဿပသည် အသျှင်ဥပါလိအား "ငါ့သျှင် ဥပါလိ ပဌမပါရာဇိကကို အဘယ်အရပ်၌ ပညတ်တော်မူသနည်း" ဟု မေး၏။

အသျှင်ဘုရား ဝေသာလီပြည်၌ ပညတ်တော်မူပါ၏ ဟု လျှောက်၏။

အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူသနည်း ဟု (မေး၏)။

ကလန္ဒ သူဌေးသား သုဒိန်ကို အကြောင်းပြု၍ ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူသနည်း ဟု (မေး၏)။

မေထုန် လွန်ကျူးမှုကြောင့် ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

ထိုအခါ အသျှင်မဟာကဿပသည် အသျှင်ဥပါလိကို ပဌမပါရာဇိက၏ အကြောင်းဝတ္ထုကိုလည်း မေး၏၊ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏။ ပညတ်ကိုလည်း မေး၏၊ အနုပညတ်ကိုလည်း မေး၏၊ အာပတ်သင့်ခြင်းကိုလည်း မေး၏၊ အာပတ်မသင့်ခြင်းကိုလည်း မေး၏။

ငါ့သျှင် ဥပါလိ ဒုတိယပါရာဇိကကို အဘယ်အရပ်၌ ပညတ်တော်မူသနည်း ဟု (မေး၏)။

အသျှင်ဘုရား ရာဇဂြိုဟ်ပြည်၌ ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူသနည်း ဟု (မေး၏)။

အိုးထိန်းသည်၏သား ဓနိယမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူသနည်း ဟု (မေး၏)။

အသျှင်မပေးသော ပစ္စည်းကို ခိုးယူခြင်းကြောင့် ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

ထိုအခါ အသျှင်မဟာကဿပသည် အသျှင်ဥပါလိကို ဒုတိယပါရာဇိကာ၏ အကြောင်းဝတ္ထုကိုလည်း မေး၏၊ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏၊ ပညတ်ကိုလည်း မေး၏၊ အနုပညတ်ကိုလည်း မေး၏၊ အာပတ်သင့်ခြင်းကိုလည်း မေး၏၊ အာပတ်မသင့်ခြင်းကိုလည်း မေး၏။

ငါ့သျှင် ဥပါလိ တတိယပါရာဇိကကို အဘယ်အရပ်၌ ပညတ်တော်မူသနည်း ဟု (မေး၏)။

အသျှင်ဘုရား ဝေသာလီပြည်၌ ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူသနည်း ဟု (မေး၏)။

များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူသနည်း ဟု (မေး၏)။

လူဇာတ်ဖြစ်သော သူ၏ ကိုယ်ကို သတ်ခြင်း ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

ထိုအခါ အသျှင်မဟာကဿပသည် အသျှင်ဥပါလိကို တတိယပါရာဇိကာ၏ အကြောင်းဝတ္ထုကိုလည်း မေး၏၊ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏၊ ပညတ်ကိုလည်း မေး၏၊ အနုပညတ်ကိုလည်း မေး၏၊ အာပတ်သင့်ခြင်းကိုလည်း မေး၏၊ အာပတ်မသင့်ခြင်းကိုလည်း မေး၏၊

ငါ့သျှင်ဥပါလိ စတုတ္ထပါရာဇိကကို အဘယ်အရပ်၌ ပညတ်တော်မူသနည်း ဟု (မေး၏)။

အသျှင်ဘုရား ဝေသာလီပြည်၌ ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူသနည်း ဟု (မေး၏)။

ဝဂ္ဂုမုဒါ မြစ်ကမ်းနား၌ နေသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

အဘယ်အကြောင်းကြောင့် ပညတ်တော်မူသနည်း ဟု (မေး၏)။

ချွန်မင်ဖိုလ်ကို ရ၏ ဟု ပြောဟောခြင်း အကြောင်းကြောင့် ပညတ်တော်မူပါ၏ ဟု (လျှောက်၏)။

ထိုအခါ အသျှင်မဟာကဿပသည် အသျှင်ဥပါလိကို စတုတ္ထပါရာဇိကာ၏ အကြောင်းဝတ္ထုကိုလည်း မေး၏၊ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏၊ ပညတ်ကိုလည်းမေး၏၊ အနုပညတ်ကိုလည်း မေး၏၊ အာပတ်သင့်ခြင်းကိုလည်း မေး၏၊ အာပတ်မသင့်ခြင်းကိုလည်း မေး၏။ ဤနည်းဖြင့် ပင် ဝိဘင်းနှစ်မျိုးတို့ကို မေး၏၊ မေးတိုင်း မေးတိုင်း အသျှင်ဥပါလိသည် ဖြေဆို၏။

http://www.dhammadownload.com



၄၄၀။ ထို့နောက် အသျှင်မဟာကဿပသည် သံဃာကို—

"ငါ့သျှင်တို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ ငါသည် အာနန္ဒာအား ဓမ္မကို မေးအံ့" ဟု သိစေ၏။

အသျှင်အာနန္ဒာသည်လည်း သံဃာကို—

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ အသျှင်မဟာကဿပသည် ဓမ္မကို မေးလတ်သော် အကျွန်ုပ်သည် ဖြေဆိုပါအံ့" ဟု သိစေ၏။

ထို့နောက် အသျှင်မဟာကဿပသည် အသျှင်အာနန္ဒာအား—

"ငါ့သျှင် အာနန္ဒာ ဗြဟ္မဇာလသုတ်ကို အဘယ်အရပ်၌ ဟောတော်မူသနည်း" ဟု (မေး၏)။

အသျှင်ဘုရား ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့အကြား အမ္ဗလဋ္ဌိကာရာဇ်ဥယျာဉ် မင်းကွန်း၌ ဟောတော်မူပါ၏ ဟု (လျှောက်၏)။

အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောတော်မူသနည်း ဟု (မေး၏)။

သုပ္ပိယပရိဗိုဇ်ကိုရင်း ဗြဟ္မဒတ်လုလင်ကိုရင်း အကြောင်းပြု၍ ဟောတော်မူပါ၏ ဟု (လျှောက်၏)။

ထိုအခါ အသျှင်မဟာကဿပသည် အသျှင်အာနန္ဒာကို ဗြဟ္မဇာလသုတ်၏ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏။

ငါ့သျှင် အာနန္ဒာ သာမညဖလသုတ်ကို အဘယ်အရပ်၌ ဟောတော်မူသနည်း ဟု (မေး၏)။

အသျှင်ဘုရား ရာဇဂြိုဟ်ပြည် ဇီဝကာ၏ သရက် ဥယျာဉ်၌ ဟောတော်မူပါ၏ ဟု (လျှောက်၏)။

အဘယ်သူနှင့်အတူ ဟောတော်မူသနည်း ဟု (မေး၏)။

ဝေဒေဟီမိဖုရား၏သား အဇာတသတ်နှင့်အတူ ဟောတော်မူပါ၏ ဟု (လျှောက်၏)။

ထိုအခါ အသျှင်မဟာကဿပသည် အသျှင်အာနန္ဒာအား သာမညဖလသုတ်၏ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်း မေး၏။ ဤနည်းဖြင့်ပင် နိကာယ်ငါးပျိုးလုံးတို့ကို မေး၏၊ မေးတိုင်း မေးတိုင်း အသျှင်အာနန္ဒာသည် ဖြေဆို၏။

## ၂-ခုဒ္ဒါနုခုဒ္ဒကသိက္ခာပဒကထာ

၄၄၁။ ထို့နောက် အသျှင်အာနန္ဒာသည် မထေရ်ကြီး ရဟန်းတို့အား "အသျှင်ဘုရားတို့ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ပရိနိဗ္ဗာန်စံခါနီးအချိန်၌ အာနန္ဒာ ငါဘုရား ကွယ်လွန်ပြီးသောအခါ သံဃာသည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို နုတ်လိုက နုတ်လော့" ဟု မိန့်တော်မူပါ၏ ဟု လျှောက်၏။

ငါ့သျှင် အာနန္ဒာ သင်သည် မြတ်စွာဘုရားအား "မြတ်စွာဘုရား ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကား အဘယ်တို့ပါနည်း" ဟု မေးလျှောက်လိုက်၏လော ဟု (မေးကြကုန်၏)။

၊ ၈ မြန် ၄-၃၂ ၊

http://www.dhammadownload.com



အသျှင်ဘုရားတို့ အကျွန်ုပ်သည် မြတ်စွာဘုရားကို "မြတ်စွာဘုရား ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကား အဘယ်တို့ပါနည်း" ဟု မမေးလျှောက်မိပါ ဟု (လျှောက်၏)။

အချို့သော မထေရ်တို့က "ပါရာဇိက လေးမျိုးတို့ကို ချန်လှပ်၍ ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့တည်း" ဟု (ဆိုကုန်၏)။

အချို့သော မထေရ်တို့က ပါရာဇိကလေးမျိုးတို့ကို ချန်လှပ်၍ငြင်း သံဃာဒိသိသ် တဆယ့်သုံးမျိုးတို့ကို ချန်လှပ်၍ငြင်း ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့တည်း" ဟု (ဆိုကုန်၏)။

အချို့သော မထေရ်တို့က "ပါရာဇိကလေးမျိုးတို့ကို ချန်လှပ်၍ငြင်း သံဃာဒိသိသ် တဆယ့်သုံးမျိုးတို့ကို ချန်လှပ်၍ငြင်း အနိယတနှစ်မျိုးတို့ကို ချန်လှပ်၍ငြင်း ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့တည်း" ဟု (ဆိုကုန်၏)။

အချို့သော မထေရ်တို့က "ပါရာဇိကလေးမျိုးတို့ကို ချန်လှပ်၍ငြင်း သံဃာဒိသိသ် တဆယ့်သုံးမျိုးတို့ကို ချန်လှပ်၍ငြင်း အနိယတနှစ်မျိုးတို့ကို ချန်လှပ်၍ငြင်း နိဿဂ္ဂိယပါစိတ်မျိုး သုံးဆယ်တို့ကို ချန်လှပ်၍ငြင်း ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့တည်း" ဟု (ဆိုကုန်၏)။

အချို့သော မထေရ်တို့က "ပါရာဇိက လေးမျိုးတို့ကို ချန်လှပ်၍ငြင်း သံဃာဒိသိသ် တဆယ့်သုံးမျိုးတို့ကို ချန်လှပ်၍ငြင်း အနိယတနှစ်မျိုးတို့ကို ချန်လှပ်၍ငြင်း နိဿဂ္ဂိယပါစိတ်မျိုး သုံးဆယ်တို့ကို ချန်လှပ်၍ငြင်း သုဒ္ဓပါစိတ်မျိုး ကိုးဆယ့်နှစ်ပါးတို့ကို ချန်လှပ်၍ငြင်း ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့တည်း" ဟု (ဆိုကုန်၏)။

အချို့သော မထေရ်တို့က "ပါရာဇိကလေးမျိုးတို့ကို ချန်လှပ်၍ငြင်း သံဃာဒိသိသ် တဆယ့်သုံးမျိုးတို့ကို ချန်လှပ်၍ငြင်း အနိယတနှစ်မျိုးတို့ကို ချန်လှပ်၍ငြင်း နိဿဂ္ဂိယပါစိတ်မျိုး သုံးဆယ်တို့ကို ချန်လှပ်၍ငြင်း သုဒ္ဓပါစိတ်မျိုး ကိုးဆယ့်နှစ်ပါးတို့ကို ချန်လှပ်၍ငြင်း ပါဋိဒေသနီ လေးမျိုးတို့ကို ချန်လှပ်၍ငြင်း ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့တည်း" ဟု (ဆိုကုန်၏)။

၄၄၂။ ထိုအခါ အသျှင်မဟာကဿပသည် သံဃာကို—

"ငါ့သျှင်တို့ သံဃာသည် ငါ၏ (စကားကို)နာတော်မူလော့၊ ငါတို့အား လူတို့နှင့် စပ်သော သိက္ခာပုဒ်တို့လည်း ရှိကုန်၏၊ 'ဤကား သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား အပ်၏၊ ဤကား မအပ်' ဟု လူတို့လည်း သိကုန်၏။ ငါတို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို အကယ်၍ နုတ်ကုန်အံ့၊ 'ရဟန်းဂေါတမသည် တပည့်တို့အား အခိုက်အတန့် မီးခိုးငြိမ်းချိန်တိုင်ရှိသော သိက္ခာပုဒ်ကို ပညတ်၏၊ ဤရဟန်းတို့၏ ဆရာဘုရား တည်နေချိန်မျှလောက် ဤရဟန်းတို့သည် သိက္ခာပုဒ်တို့၌ ကျင့်ကုန်၏၊ ဤရဟန်းတို့၏ ဆရာဘုရား ပရိနိဗ္ဗာန်စံသောကြောင့် ယခု ဤရဟန်းတို့သည် သိက္ခာပုဒ်တို့၌ မကျင့်ကုန်' ဟု ပြောသူများ ရှိကုန်လတ္တံ့၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် မပညတ်သေးသည်ကို မပညတ်ရာ၊ ပညတ်ပြီးသည်ကို မဖြတ်တောက်ရာ၊ ပညတ်ပြီး အတိုင်း သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရာ၏၊ ဤကား သိစေခြင်းတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ သံဃာသည် ငါ၏ (စကားကို)နာတော်မူလော့၊ ငါတို့အား လူတို့နှင့်စပ်သော သိက္ခာပုဒ်တို့လည်း ရှိကုန်၏၊ 'ဤကား သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား အပ်၏၊ ဤကား မအပ်' ဟု လူတို့လည်း သိကုန်၏။ ငါတို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို အကယ်၍ နုတ်ကုန်အံ့၊ 'ရဟန်းဂေါတမသည် တပည့်တို့အား အခိုက်အတန့် မီးခိုးငြိမ်းချိန်တိုင်ရှိသာ သိက္ခာပုဒ်ကို ပညတ်၏၊ ဤရဟန်းတို့၏ ဆရာဘုရား တည်နေချိန်မျှ လောက် ဤရဟန်းတို့သည် သိက္ခာပုဒ်တို့၌ ကျင့်ကုန်၏၊ ဤရဟန်းတို့၏ ဆရာဘုရား ပရိနိဗ္ဗာန် စံသောကြောင့် ယခု ဤရဟန်းတို့သည် သိက္ခာပုဒ်တို့၌ မကျင့်ကုန်' ဟု ပြောသူများ ရှိကုန် လတ္တံ့၊ သံဃာသည် မပညတ်သေးသည်ကို မပညတ်၊ ပညတ်ပြီးသည်ကို မဖြတ်တောက်၊ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရာ၏။

မပညတ်သေးသည်ကို မပညတ်ခြင်း၊ ပညတ်ပြီးသည်ကို မဖြတ်တောက်ခြင်း၊ ပညတ်ပြီး အတိုင်း သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် မပညတ်သေးသည်ကို မပညတ်၊ ပညတ်ပြီးသည်ကို မဖြတ်တောက်၊ ပညတ်ပြီး အတိုင်း သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု သိစေ၏။

၄၄၃။ ထိုအခါ မထေရ်ကြီး ရဟန်းတို့သည် အသျှင်အာနန္ဒာအား—

"ငါ့သျှင် အာနန္ဒာ သင်သည် 'အသျှင်ဘုရား ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့သည် အဘယ်သိက္ခာပုဒ်တို့ ပါနည်း' ဟု မြတ်စွာဘုရားကို မမေးလျှောက်လိုက်၊ ဤကား သင်၏ မကောင်းသော အပြုအမူတည်း၊ ထိုမကောင်းသော အပြုအမူကို ဒေသနာ ကြားလော့" ဟု (ဆိုကုန်၏)။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် သတိမေ့သဖြင့် မြတ်စွာဘုရားကို "အသျှင်ဘုရား ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကား အဘယ်သိက္ခာပုဒ်တို့ပါနည်း" ဟု မလျှောက်မိပါ။ အကျွန်ုပ်သည် ထိုအမှုကို မကောင်းသော အပြုအမူ ဟု မမြင်ပါ၊ သို့သော်လည်း အသျှင်တို့အား ယုံကြည်သဖြင့် ထိုမကောင်း သော အပြုအမူ ဟူသည်ကို ဒေသနာ ကြားပါ၏ ဟု (လျှောက်၏)။

ငါ့သျှင် အာနန္ဒာ သင်သည် မြတ်စွာဘုရား၏ မိုးရေခံသင်္ကန်းကို နင်း၍ ချုပ်၏၊ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း၊ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့ ဟု (ဆိုကုန်၏)။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် မရိုသေသဖြင့် မြတ်စွာဘုရား၏ မိုးရေခံ သင်္ကန်းကို နင်း၍ ချုပ်သည် မဟုတ်ပါ၊ အကျွန်ုပ်သည် ထိုအမှုကို မကောင်းသော အပြုအမူ ဟု မမြင်ပါ၊ သို့သော်လည်း အသျှင်တို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူ ဟူသည်ကို ဒေသနာ ကြားပါ၏ ဟု (လျှောက်၏)။

ငါ့သျှင် အာနန္ဒာ သင်သည် မာတုဂါမတို့ကို မြတ်စွာဘုရား၏ ကိုယ်တော်ကို ရှေးဦးစွာ ရှိခိုး စေ၏၊ ငိုသော ထိုမာတုဂါမတို့၏ မျက်ရည်သည် မြတ်စွာဘုရား၏ ကိုယ်တော်ကို လိမ်းကျံ၏၊ ဤ

http://www.dhammadownload.com



သည်လည်း သင်၏ မကောင်းသော အပြုအမူတည်း၊ ထိုမကောင်းသော အပြုအမူကို ဒေသနာ ကြားလော့ ဟု (ဆိုကြကုန်၏)။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် "ဤမာတုဂါမတို့အား အချိန်မဲ့၌ (သွားခြင်းသည်)မဖြစ်ပါစေကုန်လင့်" ဟု (အောက်မေ့လျက်) မာတုဂါမတို့အား မြတ်စွာဘုရား၏ ကိုယ်တော်ကို ရှေးဦးစွာ ရှိခိုးစေပါ၏၊ အကျွန်ုပ်သည် ထိုအမှုကို မကောင်းသော အပြုအမူ ဟု မမြင်ပါ၊ သို့သော်လည်း အသျှင်တို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူ ဟူသည်ကို ဒေသနာ ကြားပါ၏ ဟု (လျှောက်၏)။

ငါ့သျှင် အာနန္ဒာ မြတ်စွာဘုရားသည် ရှုန့်ရင်းသော နိမိတ်ကို ပြုပါလျက် ရှုန့်ရင်းသော အရိပ်အရောင်ကို ပြုပါလျက် "လူအများ အစီးအပွါး ဖြစ်ရန်ရင်း လူအများ ချမ်းသာရန်ရင်း လောကကို စောင့်ရှောက်ရန်ရင်း လူနတ်တို့၏ အကျိုးဖြစ်ရန်ရင်း အစီးအပွါး ဖြစ်ရန်ရင်း ချမ်းသာရန်ရင်း ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ် ပတ်လုံး တည်တော်မူပါ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ" ဟု မြတ်စွာဘုရားကို သင်သည် မတောင်းပန်ပိုက်၊ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း၊ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့ ဟု (ဆိုကြကုန်၏)။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် မာရ်မင်း နှိပ်စက်အပ်သော စိတ်ရှိသောကြောင့် "လူအများ အစီးအပွါးဖြစ်ရန်ရင်း လူအများချမ်းသာရန်ရင်း လောကကို စောင့်ရှောက်ရန်ရင်း လူနတ်တို့၏ အကျိုးဖြစ်ရန်ရင်း အစီးအပွါးဖြစ်ရန်ရင်း ချမ်းသာရန်ရင်း ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ" ဟု မြတ်စွာဘုရားကို အကျွန်ုပ်သည် မတောင်းပန်မိပါ၊ အကျွန်ုပ်သည် ထိုအမှုကို မကောင်းသော အပြုအမူ ဟု မမြင်ပါ၊ သို့သော်လည်း အသျှင်တို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူ ဟူသည်ကို ဒေသနာကြားပါ၏ ဟု (လျှောက်၏)။

ငါ့သျှင် အာနန္ဒာ သင်သည် မြတ်စွာဘုရား ဟောတော်မူသော သာသနာတော် 'ဓမ္မဝိနယ'၌ မာတုဂါမ၏ ရှင်ရဟန်း အဖြစ်ကို လုံ့လပြု၏၊ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း၊ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့ ဟု (ဆိုကြကုန်၏)။

အသျှင်ဘုရားတို့ "ဤမဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရား၏ မိထွေးတော်တည်း၊ ကြီးပွါးအောင် ပြုစုသူတည်း၊ မွေးမြူသူတည်း၊ နို့ရည်ပေးသော သူတည်း၊ မယ်တော်နတ်ရွာစံပြီးသော် မြတ်စွာဘုရားကို နို့တိုက်၏" ဟု အောက်မေ့လျက် အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူသော သာသနာတော် 'ဓမ္မဝိနယ'၌ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို လုံ့လပြုမိပါ၏၊ အကျွန်ုပ်သည် ထိုအမှုကို မကောင်းသော အပြုအမူ ဟု မမြင်ပါ၊ သို့သော်လည်း အသျှင်တို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူ ဟူသည်ကို ဒေသနာကြားပါ၏ ဟု (လျှောက်၏)။

၄၄၄။ ထိုအခါ အသျှင်ပုရာဏသည် ဒက္ခိဏာဂိရိဇနပုဒ်၌ များစွာသော ရဟန်းသံဃာ ငါးရာတို့နှင့်အတူ ဒေသစာရီ လှည့်လည်၏။ ထိုအခါ အသျှင်ပုရာဏသည် ဒက္ခိဏာဂိရိဇနပုဒ်၌ မွေ့လျော်သရွေ့ နေပြီးသော် မထေရ်ကြီး ရဟန်းတို့သည် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်စဉ် ရာဇဂြိုဟ်ပြည်

http://www.dhammadownload.com



ရှဥ်နက်တို့အား အစာကြေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ မထေရ်ကြီး ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးနောက် မထေရ်ကြီး ရဟန်းတို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နုတ်ဆက်ပြီးလျှင် တခုသော နေရာ၌ ထိုင်၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်ပုရာဏအား မထေရ်ကြီး ရဟန်းတို့သည်။

"ငါ့သျှင် ပုရာဏ မထေရ်ကြီးတို့သည် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ကုန်၏၊ ထိုသင်္ဂါယနာ တင်ရာသို့ ချဉ်းကပ်လော့" ဟု ပြောဆိုကုန်၏။

ငါ့သျှင်တို့ မထေရ်ကြီးတို့သည် ဓမ္မနှင့် ဝိနယကို ကောင်းစွာ သင်္ဂါယနာ တင်အပ်၏၊ သို့သော်လည်း ငါသည် မြတ်စွာဘုရား၏ မျက်မှောက်၌ ကြားနာပြီးသည့် အတိုင်းသာလျှင် သင်ယူပြီးသည့် အတိုင်းသာလျှင် ဆောင်အံ့ ဟု (ပြောဆို၏)။

## ၃-မြဟ္မဒဏ်

၄၄၅။ ထိုအခါ အသျှင်အာနန္ဒာသည် မထေရ်ကြီး ရဟန်းတို့အား—

"အသျှင်ဘုရားတို့ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံခါနီး၌ အာနန္ဒာ ငါကွယ်လွန်ပြီးနောက် သံဃာသည် ဆန္နရဟန်းအား ဗြဟ္မဒဏ်ကို ထားစေလော့" ဟု အကျွန်ုပ်ကို မိန့်တော်မူပါ၏ ဟု လျှောက်၏။

ငါ့သျှင် အာနန္ဒာ သင်သည် "အသျှင်ဘုရား ဗြဟ္မဒဏ် ဟူသည် အဘယ်ပါနည်း" ဟု မြတ်စွာဘုရားကို မေးလျှောက်လိုက်၏လော" ဟု (မေးကြကုန်၏)။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် "အသျှင်ဘုရား ဗြဟ္မဒဏ် ဟူသည် အဘယ်ပါနည်း" ဟု မြတ်စွာဘုရားကို မေးလျှောက်လိုက်ပါ၏" ဟု (လျှောက်၏)။

အာနန္ဒာ ဆန္နရဟန်းသည် ပြောလိုရာကို ပြောစေ၊ ရဟန်းတို့သည် ဆန္နရဟန်းကို မပြောဆိုအပ်၊ မဆုံးမအပ်၊ မက်မြစ်အပ်၊ ဤကား ဗြဟ္မဒဏ်တည်း ဟု (မြတ်စွာဘုရား မိန့်ခဲ့ပါ၏ ဟု လျှောက်၏)။

ငါ့သျှင် အာနန္ဒာ သို့ဖြစ်လျှင် သင်သည်ပင် ဆန္နရဟန်းအား ဗြဟ္မဒဏ်ကို ထားစေလော့ ဟု (ပြောကုန်၏)။

အသျှင်ဘုရားတို့ အဘယ်သို့လျှင် အကျွန်ုပ်သည် ဆန္နရဟန်းအား ဗြဟ္မဒဏ်ကို ထားစေအံ့နည်း၊ ထိုရဟန်းသည် ကြမ်းတမ်း၏၊ ကြမ်းကြုတ်၏ ဟု (လျှောက်၏)။

ငါ့သျှင် အာနန္ဒာ သို့ဖြစ်လျှင် များစွာသော ရဟန်းတို့နှင့်အတူ သွားလေလော့ ဟု (ပြောကုန်၏)။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု အသျှင်အာနန္ဒာသည် မထေရ်ကြီး ရဟန်းတို့အား ဝန်ခံပြီးလျှင် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ အထက်အညာသို့ ဆန်တက်သော လှေဖြင့် ကောသမ္ဗီပြည်သို့ ဆန်တက်၏၊ လှေမှ သက်ဆင်း၍ ဥတေနမင်း ဥယျာဉ်၏ အနီး တခုသော သစ်ပင်ရင်း၌ ထိုင်နေ၏။

ထိုအခါ ဥတေနမင်းသည် မောင်းမမိဿံနှင့်အတူ ဥယျာဉ်၌ ကစားစံပျော်နေ၏။ "ငါတို့၏ ဆရာ အသျှင်အာနန္ဒာသည် ဥယျာဉ်၏အနီး တခုသောသစ်ပင်ရင်း၌ ထိုင်နေသတတ်" ဟု ဥတေန

http://www.dhammadownload.com



မင်း၏ မောင်းမ မိဿံသည် ကြား၏။ ထိုအခါ ဥတေနမင်း၏ မောင်းမမိဿံသည် ဥတေနမင်းအား "အသျှင်မင်းကြီး အကျွန်ုပ်တို့၏ဆရာ အသျှင်အာနန္ဒာသည် ဥယျာဉ်၏ အနီး တခုသော သစ်ပင်ရင်း၌ ထိုင်နေသတတ်၊ အရှင်မင်းကြီး အကျွန်ုပ်တို့သည် အသျှင်အာနန္ဒာကို ဖူးမြော်လိုပါကုန်၏" ဟု လျှောက်ကုန်၏။

သို့ဖြစ်လျှင် သင်တို့သည် အာနန္ဒာ ရဟန်းကို ဖူးမြော်ကုန်လော့ ဟု (မိန့်ဆို၏)။

ထိုအခါ ဥတေနမင်း၏ မောင်းမမိဿံသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ဥတေနမင်း၏ မောင်းမမိဿံကို အသျှင်အာနန္ဒာသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၏။

ထိုအခါ ဥတေနမင်း၏ မောင်းမမိဿံသည် အသျှင်အာနန္ဒာက တရားစကားဖြင့်(အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေတော်မူပြီးလတ်သော် အသျှင်အာနန္ဒာအား အပေါ်ရုံတဘက် ငါးရာတို့ကို ပေးလှူ၏။ ထို့နောက် ဥတေနမင်း၏ မောင်းမမိဿံသည် အသျှင်အာနန္ဒာ၏ ပြောဟောအပ်သော စကားကို အလွန်နှစ်သက်၍ အလွန်ဝမ်းမြောက်၍ နေရာမှ ထပြီးလျှင် အသျှင်အာနန္ဒာကို ရှိခိုး၍ အရိုအသေပြုကာ ဥတေနမင်းထံသို့ ချဉ်းကပ်၏၊ အဝေးမှ လာသော မောင်းမမိဿံကို ဥတေနမင်းသည် မြင်လျှင် မောင်းမမိဿံကို "သင်တို့သည် ရဟန်းအာနန္ဒာကို တွေ့ကုန်၏လော" ဟု မေးမြန်း၏။ အသျှင်မင်းကြီး အကျွန်ုပ်တို့သည် အသျှင်အာနန္ဒာကို တွေ့ခဲ့ပါကုန်၏ ဟု (လျှောက်တင်၏)။ သင်တို့သည် ရဟန်းအာနန္ဒာအား တစုံတခုကို ပေးလှူခဲ့ကုန်၏လော ဟု (မေးမြန်း၏)။ အရှင် မင်းကြီး အကျွန်ုပ်တို့သည် အသျှင်အာနန္ဒာအား အပေါ်ရုံတဘက် ငါးရာတို့ကို ပေးလှူခဲ့ပါကုန်၏ ဟု (လျှောက်တင်၏)။

ဥတေနမင်းသည် "အဘယ့်ကြောင့် ရဟန်းအာနန္ဒာသည် ထိုမျှလောက် သင်္ကန်းများစွာကို ခံယူဘိသနည်း၊ ရဟန်းအာနန္ဒာသည် အထည်ကုန်သွယ်ခြင်းကိုမူလည်း ပြုအံ့လော၊ အထည်ဆိုင်ကိုမူလည်း ခင်းကျင်းအံ့လော" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြု ပြောဆို၏။

ထို့နောက် ဥတေနမင်းသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေလျက် အသျှင်အာနန္ဒာအား—

"အသျှင် အာနန္ဒာ ဤအရပ်သို့ အကျွန်ုပ်တို့၏ မောင်းမမိဿံသည် လာပါသလော" ဟု လျှောက်၏။

မင်းကြီး သင်၏ မောင်းမမိဿံသည် ဤအရပ်သို့ လာ၏ ဟု (ဆို၏)။

အသျှင်အာနန္ဒာအား တစုံတခုကို ပေးလှူပါသလော ဟု (လျှောက်၏)။

မင်းကြီး အပေါ်ရုံတဘက် ငါးရာတို့ကို ငါ့အား လှူ၏ ဟု (ဆို၏)။

အသျှင်အာနန္ဒာသည် ဤမျှလောက် သင်္ကန်းများစွာကို အသို့ ပြုအံ့နည်း ဟု (လျှောက်၏)။

မင်းကြီး အားနည်းသော သင်္ကန်းရှိသော ရဟန်းတို့နှင့် အတူ ခွဲဝေအံ့ ဟု (ဆို၏)။

http://www.dhammadownload.com



အသျှင် အာနန္ဒာ အားနည်းသော သက်နံးဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း ဟု (လျှောက်၏)။

မင်းကြီး ထိုသက်န်းဟောင်းတို့ကို အပေါ်ခင်း ပြုကုန်အံ့ ဟု (ဆို၏)။

အသျှင်အာနန္ဒာ အပေါ်ခင်း အဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း ဟု (လျှောက်၏)။

မင်းကြီး ထိုအပေါ်ခင်း အဟောင်းတို့ကို ဘုံလျှိုစွပ် ပြုကုန်အံ့ ဟု (ဆို၏)။

အသျှင်အာနန္ဒာ ဘုံလျှိုစွပ်အဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း ဟု (လျှောက်၏)။

မင်းကြီး ထိုဘုံလျှိုစွပ် အဟောင်းတို့ကို မြေအခင်း ပြုကုန်အံ့ ဟု (ဆို၏)။

အသျှင်အာနန္ဒာ မြေအခင်းဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း ဟု (လျှောက်၏)။

မင်းကြီး ထိုမြေအခင်းဟောင်းတို့ကို ခြေသုတ်ကြိုးဝန်း ပြုကုန်အံ့ ဟု (ဆို၏)။

အသျှင်အာနန္ဒာ ခြေသုတ် ကြိုးဝန်းအဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း ဟု (လျှောက်၏)။

မင်းကြီး ထိုခြေသုတ် ကြိုးဝန်းအဟောင်းတို့ကို ဖုံသုတ် ဖုံခါ ပြုကုန်အံ့ ဟု (ဆို၏)။

အသျှင်အာနန္ဒာ ဖုံသုတ် ဖုံခါ အဟောင်းတို့ကို အဘယ်သို့ ပြုကုန်အံ့နည်း ဟု (လျှောက်၏)။

မင်းကြီး ထိုဖုံသုတ်ဖုံခါအဟောင်းတို့ကို နုပ်နုပ်စဉ်းထောင်း၍ ညွန်ဖြင့် နယ်ပြီးလျှင် အင်္ဂတေကို လိမ်းကျံကုန်အံ့ ဟု (ဆို၏)။

ထိုအခါ ဥတေနမင်းသည် "အားလုံးသော ဤသာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် သင့်လျော်အောင် ဆောင်ရွက်ကုန်၏၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ မရောက်စေကုန်" ဟု အသျှင်အာနန္ဒာအား အခြား အထည် ငါးရာတို့ကိုလည်း ပေးလှူ၏။ အသျှင်အာနန္ဒာအား သင်္ကန်း တထောင် ဟူသော ရှေးဦးစွာသော ဤသင်္ကန်း ဆွမ်း ဖြစ်လေသတည်း။

ထိုအခါ အသျှင်အာနန္ဒာသည် ဃောသိတာရုံကျောင်းသို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေ၏၊ ထိုအခါ အသျှင်ဆန္နသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်ဆန္နကို အသျှင်အာနန္ဒာက—

"ငါ့သျှင် ဆန္န သံဃာသည် သင့်အား ဗြဟ္မဒဏ်ကို ထားစေ၏" ဟု ဆို၏။

အသျှင်အာနန္ဒာ အဘယ်ဗြဟ္မဒဏ်ကို ထားစေပါသနည်း ဟု (လျှောက်၏)။

ငါ့သျှင် ဆန္န သင်သည် ရဟန်းတို့ကို ပြောလိုရာပြောလေ၊ ရဟန်းတို့သည် သင့်ကို မပြောအပ်၊ မဆုံးမအပ်၊ မဂ်မြစ်အပ်၊ (ဤကား ဗြဟ္မဒဏ်တည်း ဟု ဆို၏)။

"အသျှင်အာနန္ဒာ ရဟန်းတို့သည် အကျွန်ုပ်ကို မပြောဆို မဆုံးမ မဂ်မြစ်အပ်သော အခါမှစ၍ အကျွန်ုပ်ကို သတ်သည်ပင် မည်သည် မဟုတ်ပါလော" ဟု ထိုအရပ်၌ပင်လျှင် မိန်းမောလျက် လဲကျ၏၊

http://www.dhammadownload.com



ထိုအခါ အသျှင်ဆန္နသည် ဗြဟ္မဒဏ် နှိပ်စက်သောကြောင့်ရင်း ရှက်သောကြောင့်ရင်း စက်ဆုပ်သောကြောင့်ရင်း တယောက်ထီးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့လျော့သည် ဖြစ်၍ ပြင်းစွာ အားထုတ်သည်ဖြစ်၍ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားများ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ မျက်မှောက်ဘဝ၌ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏။ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏၊ အသျှင်ဆန္နသည် ရဟန္တာတို့တွင် တပါး အပါအဝင် ဖြစ်၏။ ထိုအခါ အသျှင်ဆန္နသည် အရဟတ္တဖိုလ်သို့ ရောက်၍ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးနောက် အသျှင်အာနန္ဒာကို "အသျှင် အာနန္ဒာ ယခုအခါ၌ အကျွန်ုပ်အား ဗြဟ္မဒဏ်ကို ငြိမ်းစေပါလော့" ဟု လျှောက်၏။ ငါ့သျှင် ဆန္နသင်သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသော နေ့မှစ၍ပင် သင့်အား ဗြဟ္မဒဏ်သည် ငြိမ်းပြီ ဟု ပြောဆို၏။

ဤဝိနယသင်္ဂီတိ၌ ရဟန်းငါးရာ အလျော့အပို မရှိသောကြောင့် ဤဝိနယသင်္ဂီတိကို "ပဉ္စသတိကာ သင်္ဂါယနာ" ဟု ဆိုအပ်၏။

ကောဒသမပဉ္စသတိကက္ခန္ဓက ပြီး၏။

ဤခန္ဓက၌ ဝတ္ထုသည် နှစ်ဆယ့်သုံးခုတည်း။

---

ထိုပဉ္စသတိကက္ခန္ဓက၏ အကျဉ်းချုပ်—

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံပြီးသော် သူတော်ကောင်းတရားကို အစဉ်စောင့်ရှောက်သော ကဿပအမည်ရှိသော မထေရ်သည် ရဟန်းအပေါင်းကို မိန့်တော်မူ၏။

ပါဝါပြည်မှ (ကုသိနာရုံသွား)အခရီးရှည်သော ခရီး၌ သုဘဒ်သည် ပြောကြား၏၊ မသူတော်တရား မထွန်းကားမီ သူတော်ကောင်းတရားကို သင်္ဂါယနာ တင်ကုန်အံ့။

ငါးပါးယုတ်သော ရဟန္တာငါးရာကိုရင်း အာနန္ဒာကိုရင်း ရွေးကောက်၏၊လိုဏ်မြတ်၌ နေလျက် သုတ် အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာတင်ခြင်း။

ဥပါလိအား ဝိနည်းကို မေး၏၊ပညာရှိသော အာနန္ဒာအား သုတ္တန်ကို မေး၏၊မြတ်စွာဘုရား တပည့်သားတို့သည် ပိဋကတ်သုံးပုံကို သင်္ဂါယနာ တင်ခြင်းကို ပြုကုန်၏။

ခုဒ္ဒါနုခုဒ္ဒက၌ အထူးပညတ်တော်မူတိုင်း ကျင့်ခြင်း မမေးလျှောက်လိုက်ခြင်း နင်း၍ ရှိခိုးစေခြင်း မတောင်းပန်ခြင်း မာတုဂါမ၏ ရဟန်းပြုခြင်း ယုံကြည်ခြင်း ဤသည်တို့ကား မကောင်းသော အပြုအမူတို့တည်း။

အသျှင်ပုရာဏရင်း ဗြဟ္မဒဏ်ရင်း ဥတေနနှင့်အတူ မောင်းမမိဿံရင်း ထိုမျှလောက်သော သင်္ကန်းရင်း အားနည်းသော သင်္ကန်းရင်း အပေါ်လွှမ်းရင်း ဘုံလျှိုရင်း။

http://www.dhammadownload.com



မြေအခင်းရှင်း ခြေသုတ် ကြိုးဝန်းရှင်း ဖုံသုတ် ဖုံခါရှင်း ညွှန်ဖြင့် နယ်ခြင်းရှင်း အာနန္ဒာ အမည်ရှိသော ရဟန်းအား ရှေးဦးစွာ သက်နှီးတထောင် ဖြစ်ခြင်း။

ဖြဟ္မဒဏ်ဖြင့် ခြိမ်းခြောက်အပ်သော ဆန္နထေရ်သည် သဗ္ဗာလေးပါးသို့ ရောက်၏၊ လေ့လာခြင်းသို့ ရောက်ပြီးသော ရဟန္တာ ငါးရာတို့သည် ပြုကုန်၏၊ ထို့ကြောင့် "ပဉ္စသတိကာသင်္ဂါယနာ" ဟု ဆိုအပ်၏။

ဤတွင် ပဉ္စသတိကက္ခန္ဓက အကျဉ်းချုပ် ပြီး၏။

**ပဉ္စသတိကက္ခန္ဓက ပြီးပြီ။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၁၂-သတ္တသတိကက္ခန္ဓက

## ၁-ပဌမအခန်း

၄၄၆။ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံ၍ နှစ်တရာရှိသောအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်၌ ဝတ္ထုဆယ်ပါးတို့ကို ပြကုန်၏။ "သိင်္ဂိလောဏကပ္ပ[1]သည် အပ်၏၊ ဒွင်္ဂုလကပ္ပသည် အပ်၏၊ ဂါမန္တရကပ္ပသည် အပ်၏၊ အာဝါသကပ္ပသည် အပ်၏၊ အနုမတိကပ္ပသည် အပ်၏၊ အာစိဏ္ဏကပ္ပသည် အပ်၏၊ အမထိတကပ္ပသည် အပ်၏၊ ဇဠောဂီကို သောက်ခြင်းသည် အပ်၏၊ အဆာမရှိသော နိသီဒိုင်သည် အပ်၏၊ ရွှေ ငွေသည် အပ်၏" ဟု (ပြကုန်၏)။

ထိုအခါ ကာကဏ္ဍကပုဏ္ဏားဏ်သားဖြစ်သော အသျှင်ယသသည် ဝဇ္ဇီတိုင်း၌ ဒေသစာရီ လှည့်လည်လတ်သော် ဝေသာလီပြည်သို့ ရောက်၏၊ ကာကဏ္ဍက ပုဏ္ဏားဏ်သား အသျှင်ယသသည် ထို ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဥပုသ်နေ့၌ ကြေးခွက်ကို ရေဖြင့် ပြည့်စေကာ ရဟန်းသံဃာ၏ အလယ်၌ထား၍ လာတိုင်း လာတိုင်းသော ဝေသာလီပြည်နေ ဥပါသကာတို့ကို "ဒါယကာတို့ သံဃာအား ကျပ်ဒင်္ဂါးကိုရင်း ကျပ်ဒင်္ဂါးပက်ကိုရင်း မတ်ကိုရင်း ပဲကိုရင်း လှူကုန်လော့၊ သံဃာအား ပရိက္ခရာဖြင့် ပြုဖွယ်ကိစ္စသည် ဖြစ်လတ္တံ့" ဟု ဆိုကုန်၏။

ဤသို့ ပြောသော် ကာကဏ္ဍက ပုဏ္ဏားဏ်သား အသျှင်ယသသည် ဝေသာလီပြည်နေ ဥပါသကာတို့အား "ဒါယကာတို့ သံဃာအား ကျပ်ဒင်္ဂါးကိုရင်း ကျပ်ဒင်္ဂါးဝက်ကိုရင်း မတ်ကိုရင်း ပဲကိုရင်း မလှူကုန်လင့်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ပတ္တမြားရွှေကို စွန့်ပစ်ချထားကုန်၏၊ ရွှေငွေ မှ ကင်းကုန်၏" ဟု ပြော၏။

ကာကဏ္ဍကပုဏ္ဏားဏ်သား အသျှင်ယသသည် ဤသို့ ပြောဆိုသော်လည်း ဝေသာလီပြည်နေ ဥပါသကာတို့သည် သံဃာအား ကျပ်ဒင်္ဂါးကိုရင်း ကျပ်ဒင်္ဂါးဝက်ကိုရင်း မတ်ကိုရင်း ပဲကိုရင်း လှူကုန်သည်သာတည်း။

ထို့နောက် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ထိုညဉ့်လွန်သောအခါ၌ ထိုရွှေငွေကို ရဟန်းအရေအတွက်ဖြင့် အဖို့ထား၍ ခွဲဝေကုန်၏။

ထို့နောက် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ကာကဏ္ဍကပုဏ္ဏားဏ်သား အသျှင်ယသအား "ငါ့သျှင်ယသ ဤကား သင်၏ အဖို့အစုငွေတည်း" ဟု ပြောဆိုကုန်၏။

ငါ့သျှင်တို့ ငါ၏အဖို့ အစုငွေမရှိ၊ ငါသည် ငွေကို မသာယာ ဟု (ဆို၏)။

---

၁-သိင်္ဂီလောဏကပ္ပစသည်တို့ကို အကျယ်ပြဆိုရာ စကားရပ်အသည် အပိုဒ်နံပါတ် ၄၅၂-၌ ထင်စွာဖြစ်လတ္တံ့။

http://www.dhammadownload.com



ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် "ငါ့သျှင်တို့ ကာကဏ္ဍကပုတ္တအား၏သား ဤယသသည် သဒ္ဓါရှိသော ကြည်ညိုသော ဥပါသကာတို့ကို ဆဲရေး၏၊ ရေရွတ်၏၊ မကြည်ညိုမှုကို ပြု၏၊ ယခု ဤယသအား ငါတို့သည် ပဋိသာရဏီယကံကို ပြုကုန်အံ့" ဟု ထိုယသအား ပဋိသာရဏီယကံကို ပြုကုန်၏၊ ထိုအခါ ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသသည် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့ကို "ငါ့သျှင်တို့ 'ပဋိသာရဏီယ ကံပြုခံရသော ရဟန်းအား နောက်လိုက်တမန် ရဟန်းကို ပေးရမည်' ဟု မြတ်စွာဘုရား ပညတ်တော်မူ၏၊ ငါ့သျှင်တို့ ငါ့အား နောက်လိုက်တမန် ရဟန်းကို ပေးကုန်လော့" ဟု ပြော၏။ ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ရဟန်းတပါးကို သမုတ်၍ ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသအား နောက်လိုက်တမန် ရဟန်းကို ပေးကုန်၏။ ထို့နောက် ကာကဏ္ဍကပုတ္တအား၏သား အသျှင်ယသသည် ကိုယ်စားတမန် နောက်လိုက် ရဟန်းနှင့် အတူ ဝေသာလီပြည်သို့ ဝင်၍ ဝေသာလီပြည်သား ဥပါသကာတို့အား—

ငါသည် သဒ္ဓါရှိသော ကြည်ညိုသော အသျှင်ဥပါသကာတို့ကို ဆဲရေးသတတ် ရေရွတ်သတတ်၊ မကြည်ညိုမှုကို ပြုလုပ်သတတ်၊ ငါသည် မတရားကို မတရား ဟု ပြော၏၊ တရားကို တရား ဟု ပြော၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်း မဟုတ် ဟု ပြော၏၊ ဝိနည်းကို ဝိနည်း ဟု ပြော၏။

၄၄၇။ ဒါယကာတို့ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ဒါယကာတို့ ထိုကျောင်း၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို—

## လနေတို့၏ အညစ်အကြေး ၄-ပါး

ရဟန်းတို့ လနေတို့၏ အညစ်အကြေးတို့သည် လေးမျိုးတို့တည်း၊ ယင်းအညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် လနေတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။ လေးမျိုးတို့ကား အဘယ်တို့နည်းဟူမူ—

ရဟန်းတို့ တိမ်တိုက်သည် လနေတို့၏ အညစ်အကြေးတည်း၊ ယင်း တိမ်တိုက် အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် လ နေ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ ဆီးနှင်းသည် လနေတို့၏ အညစ်အကြေးတည်း၊ ယင်း ဆီးနှင်း အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် လ နေ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ မြူခိုးသည် လနေတို့၏ အညစ်အကြေးတည်း၊ ယင်း မြူခိုး အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် လနေတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ ရာဟုအသုရိန်သည် လ နေ တို့၏ အညစ်အကြေးတည်း၊ ယင်း ရာဟု အသုရိန် အညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် လ နေ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ ဤလေးမျိုးတို့ကား လ နေ တို့၏ အညစ်အကြေးတို့တည်း၊ ယင်း အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် လ နေ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

http://www.dhammadownload.com



## ရဟန်းတို့၏ အညစ်အကြေး ၄-ပါး

ရဟန်းတို့ ဤအတိုင်းပင် သမဏဗြာဟ္မဏတို့၏ အညစ်အကြေးတို့သည် လေးမျိုးတို့တည်း၊ ယင်းအညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏဗြာဟ္မဏတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။ လေးမျိုးဘို့ကား အဘယ်တို့နည်း။

ရဟန်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည် သေရည်ကို သောက်ကုန်၏၊ အရက်ကို သောက်ကုန်၏၊ သေရည်အရက်ကို သောက်ခြင်းမှ မရှောင်ကြဉ်ကုန်၊ ရဟန်းတို့ ဤကား သမဏဗြာဟ္မဏတို့၏ ရှေးဦးစွာသော အညစ်အကြေးတည်း၊ ယင်းအညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏဗြာဟ္မဏတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ နောက်တမျိုးကား အချို့သော သမဏဗြာဟ္မဏတို့သည် မေထုန်အကျင့်ကို မှီဝဲကုန်၏၊ မေထုန်အကျင့်မှ မရှောင်ကြဉ်ကုန်။ ရဟန်းတို့ ဤကား သမဏဗြာဟ္မဏတို့၏ နှစ်ခုမြောက် အညစ်အကြေးတည်း၊ ယင်းအညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏဗြာဟ္မဏတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ နောက်တမျိုးကား အချို့သော သမဏဗြာဟ္မဏတို့သည် ရွှေ ငွေကို သာယာကုန်၏၊ ရွှေ ငွေကိုခံယူခြင်းမှ မရှောင်ကြဉ်ကုန်၊ ရဟန်းတို့ ဤကား သုံးခုမြောက် ရဟန်းတို့၏ အညစ်အကြေးတည်း၊ ယင်းအညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏ ဗြာဟ္မဏတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ နောက်တမျိုးကား အချို့သော သမဏဗြာဟ္မဏတို့သည် မှားသော အသက်မွေးမှုဖြင့် အသက်မွေးကုန်၏၊ မှားသောအသက်မွေးမှုမှ မရှောင်ကြဉ်ကုန်။ ရဟန်းတို့ ဤကား သမဏဗြာဟ္မဏတို့၏ လေးခုမြောက် အညစ်အကြေးတည်း၊ ယင်းအညစ်အကြေးဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏဗြာဟ္မဏတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ ဤသည်တို့ကား သမဏဗြာဟ္မဏတို့၏ အညစ်အကြေးလေးမျိုးတို့တည်း၊ယင်းအညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် အချို့သော သမဏဗြာဟ္မဏတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ဒါယကာတို့ မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏၊ ဤစကားကို ဟောတော်မူပြီး နောက် ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ထိုမှ နောက်၌ ဤ (ဂါထာ)စကားကို ဟောတော်မူ၏။

ရာဂ ဒေါသဖြင့် ညစ်နွမ်းသော အဝိဇ္ဇာဖုံးလွှမ်းသော ပိယရုပ်သာတမှုပ်ကို နှစ်သက်သော ပေါသ မည်သော အချို့သော သမဏဗြာဟ္မဏတို့သည်။

သေရည်ကို သောက်ကုန်၏၊ အရက်ကို သောက်ကုန်၏၊ မေထုန်ကို မှီဝဲကုန်၏၊ မသိသော ပုဂ္ဂိုလ်တို့သည် ငွေကိုရင်း ရွှေကိုရင်း သာယာကုန်၏။

http://www.dhammadownload.com



အချို့သော သမဏဗြာဟ္မဏတို့သည် မှားသော အသက်မွေးမှုဖြင့် အသက်မွေးကုန်၏၊ ဤအညစ်အကြေးတို့ကို နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောထားတော်မူ၏။

ယင်း အညစ်အကြေးတို့ဖြင့် ညစ်နွမ်းကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မစင်ကြယ်သော ကိလေသာမြူရှိသော သားကောင်နှင့် တူသော။

အမိုက်တိုက်ဖြင့် ဖုံးလွှမ်းသော တဏှာ၏ကျွန်ဖြစ်သော တဏှာနှင့်တကွဖြစ်သော အချို့သော သမဏဗြာဟ္မဏတို့သည် ကြမ်းတမ်းသော သင်းချိုင်းမြေကို ပွါးစေကုန်၏၊ ဘဝသစ်ကို ယူကုန်၏ ဟု (ဟောတော်မူ၏)။

ဤသို့ အယူရှိသော ငါသည် သဒ္ဓါတရားရှိသော ကြည်ညိုသော အသျှင်ဥပါသကာတို့ကို ဆဲရေးသတတ်၊ ရေရွတ်သတတ်၊ မကြည်ညိုမှုကို ပြုလုပ်သတတ်။

ငါသည် မတရားသည်ကို မတရား ဟု ပြော၏၊ တရားကို တရား ဟု ပြော၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်း မဟုတ် ဟု ပြော၏၊ ဝိနည်းကို ဝိနည်း ဟု ပြော၏။

၄၄၈။ ဒါယကာတို့ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်တွင် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ နန်းတော်တွင်း မင်းပရိသတ်၌ ပေါင်းစု စည်းဝေး နေထိုင်ကုန်သော မင်းပရိသတ်တို့အား ဤအကြား စကားသည် ထင်ရှားဖြစ်၏၊ "သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့အား ရွှေငွေသည် အပ်၏၊ သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို သာယာကုန်၏၊ သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို ခံယူကုန်၏" ဟု (ထင်ရှားဖြစ်၏)။

ဒါယကာတို့ ထိုအခါ မဏိစူဠကရွာသူကြီးသည် ထိုပရိသတ်၌ ထိုင်နေ၏။ ဒါယကာတို့ ထိုအခါ မဏိစူဠက ရွာသူကြီးသည် ထိုပရိသတ်အား—

"အသျှင်တို့ ဤသို့ မပြောကုန်လင့်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည် မအပ်၊သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ပတ္တမြားရွှေကို စွန့်ပစ်ချထားကုန်၏၊ ရွှေငွေမှကင်းကုန်၏" ဟု ပြော၏။

ဒါယကာတို့ မဏိစူဠကရွာသူကြီးသည် ထိုပရိသတ်ကို နားလည်စေခြင်းငှါ မတတ်နိုင်။ ဒါယကာတို့ ထိုအခါ မဏိစူဠက ရွာသူကြီးသည် ထိုပရိသတ်ကို သိစေပြီးနောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဤမင်းနန်းတော်တွင်း မင်းပရိသတ်၌ ပေါင်းစု စည်းဝေး နေထိုင်ကုန်သော မင်းပရိသတ်တို့အား 'သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည်

http://www.dhammadownload.com



အပ်၏၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို သာယာကုန်၏၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို ခံယူကုန်၏’ ဟု ဤအကြားစကားသည် ထင်ရှားဖြစ်ပါ၏။ အသျှင်ဘုရား ဤသို့ ပြောသော် အကျွန်ုပ်သည် ထိုပရိသတ်အား ‘အသျှင်တို့ ဤသို့ မပြောကုန်လင့်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ပတ္တမြားရွှေကို စွန့်ပစ်ချထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏’ ဟု ပြောပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ထိုပရိသတ်ကို နားလည်စေခြင်းငှါမတတ်နိုင်ပါ။

အသျှင်ဘုရား အသို့ပါနည်း၊ ပြောသော အကျွန်ုပ်သည် မြတ်စွာဘုရား ပြောဟောသော စကားကို ပြောသူ ဟုတ်ပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲခြင်း မည်ပါ၏လော၊ တရားတော်အား လျော်သော တရားကိုလည်း ပြောခြင်း မည်ပါ၏လော၊ ဝါဒတော်အား လျော်အောင် ပြောဆိုမှုအချို့သည် အကြောင်းလုံလောက်လျက် ကဲ့ရဲ့ဖွယ်ရာသို့ မရောက်ပဲ ရှိပါ၏လော” ဟု လျှောက်၏။

ရွာသူကြီး သင်သည် ဤသို့ ပြောမှု အမှန်ပင် ငါပြောဟောသော စကားကို ပြောသူတည်း၊ မဟုတ်မမှန်သော စကားဖြင့် ငါ့ကိုလည်း စွပ်စွဲသည်မမည်၊ တရားတော်အား လျော်ကပ်သော စကားကိုလည်း ပြောခြင်းမည်၏၊ ဝါဒတော်အား လျော်အောင် ပြောဆိုမှုအချို့သည် အကြောင်းလုံလောက်လျက် ကဲ့ရဲ့ဖွယ်ရာသို့ မရောက်၊ ရွာသူကြီး သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသားဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ပတ္တမြားရွှေကို စွန့်ပစ်ချထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏။

ရွာသူကြီး ရွှေငွေအပ်သူအား ကာမဂုဏ် ငါးပါးတို့လည်း အပ်ကုန်၏။ ရွာသူကြီး ကာမဂုဏ် ငါးပါးအပ်သူကို “ရဟန်းတရားမရှိသူ သာကီဝင်မင်းသား ဘုရားအနွယ်တော်တို့၏ တရားမရှိသူ” ဟု ကေန်မှတ်လေလော့။

ရွာသူကြီး စင်စစ်ကား ငါသည် ဤသို့ ဟော၏၊ “မြက်ကို အလိုရှိသူသည် မြက်ကို ရှာအပ်၏၊ သစ်သားကို အလိုရှိသူသည် သစ်သားကို ရှာအပ်၏၊ လှည်းကို အလိုရှိသူသည် လှည်းကို ရှာအပ်၏၊ အမှုလုပ် ယောကျ်ားကို အလိုရှိသူသည် အမှုလုပ်ယောကျ်ားကို ရှာအပ်၏၊ ရွာသူကြီး မည်သည့် အကြောင်းနှင့်မျှ ရွှေငွေကို ‘သာယာအပ်၏ ရှာမှီးအပ်၏’ ဟု ငါမဟော” ဟု မိန့်တော်မူပါ၏။

ဤသို့ ပြောဆိုလေ့ရှိသော ငါသည် သဒ္ဓါတရားရှိသော ကြည်ညိုသော အသျှင်ဥပါသကာတို့ကို ဆဲရေးသတတ်၊ ရေရွတ်သတတ်၊ မကြည်ညိုမှုကို ပြုလုပ်သတတ်၊ ငါသည် မတရားသည်ကို မတရား ဟု ပြော၏၊ တရားသည်ကို တရား ဟု ပြော၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်း မဟုတ် ဟု ပြော၏၊ ဝိနည်းကို ဝိနည်း ဟု ပြော၏။

http://www.dhammadownload.com



၄၄၉။ ဒါယကာတို့ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ရွှေငွေကို ပယ်၏၊ သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူ၏။ ဤသို့ အယူရှိသော ငါသည် သဒ္ဒါတရားရှိသော ကြည်ညိုသော အသျှင်ဥပါသကာတို့ကို ဆဲရေးသတတ်၊ ရေရွတ်သတတ်၊ မကြည်ညိုမှုကို ပြုလုပ်သတတ်၊ ငါသည် မတရားကို မတရား ဟု ပြော၏၊ တရားကို တရား ဟု ပြော၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်း မဟုတ် ဟု ပြော၏၊ ဝိနည်းကို ဝိနည်း ဟု ပြော၏ ဟု (ပြောဆို၏)။

ဤသို့ ပြောလတ်သော် ဝေသာလီပြည်သား ဥပါသကာတို့သည် ကာကဏ္ဍကပုတ္တားအ၏သား အသျှင်ယသအား "အသျှင်ဘုရား ကာကဏ္ဍကပုတ္တား၏သား အသျှင်ယသတပါးသည် သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတည်း၊ ဤသူ အားလုံးတို့သည် ရဟန်း မဟုတ်ကုန်၊ သာကီဝင် မင်းသား ဘုရားအနွယ်တော် မဟုတ်ကုန်၊ အသျှင်ဘုရား ကာကဏ္ဍကပုတ္တား၏သား အသျှင်ယသသည် ဝေသာလီပြည်၌ နေတော်မူပါ၊ အကျွန်ုပ်တို့သည် သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ ဆေးပစ္စည်းတို့အတွက် ကြောင့်ကြစိုက်ပါကုန်အံ့" ဟု လျှောက်ကုန်၏။

ထို့နောက် ကာကဏ္ဍကပုတ္တား၏သား အသျှင်ယသသည် ဝေသာလီပြည်သား ဥပါသကာတို့ကို သိစေပြီးလျှင် နောက်လိုက် တမန် ရဟန်းနှင့်အတူ ကျောင်းအရံသို့ သွား၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် နောက်လိုက်တမန် ရဟန်းကို "ငါ့သျှင် ကာကဏ္ဍက ပုတ္တား၏သား ယသသည် ဝေသာလီပြည်နေ ဥပါသကာတို့ကို တောင်းပန်အပ်ပြီလော" ဟု မေးကုန်၏။

ငါ့သျှင်တို့ ဥပါသကာတို့သည် ငါတို့ကို ယုတ်မာသူ အဖြစ်ကို ပြုကုန်၏၊ ကာကဏ္ဍက ပုတ္တား၏ သား အသျှင်ယသတဦးကိုသာ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းအဖြစ်ကို ပြုကုန်၏၊ ငါတို့အားလုံးကို သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့ မဟုတ်သည့် အဖြစ်ကို ပြုကုန်၏ ဟု (ပြော၏)။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် "ငါ့သျှင်တို့ ကာကဏ္ဍကပုတ္တား၏သား ဤယသသည် ငါတို့ မသမုတ်အပ်ပဲ လူတို့အား ပြ၏၊ ယခု ငါတို့သည် ထိုရဟန်းအား ဥက္ခေပနီယကံကို ပြုကုန်အံ့" ဟု ထိုရဟန်းတို့သည် ထိုယသအား ဥက္ခေပနီယကံ ပြုလိုကုန်၍ စည်းဝေးကုန်၏။

ထိုအခါ ကာကဏ္ဍကပုတ္တား၏သား အသျှင်ယသသည် ကောင်းကင်သို့ ပျံတက်၍ ကောသမ္ဗီပြည်၌ တည်၏။

၄၅၀။ ထိုအခါ ကာကဏ္ဍက ပုတ္တား၏သား အသျှင်ယသသည် ပါဝါပြည်သား ရဟန်းတို့၏ ထံသို့ရင်း အဝန္တိဒက္ခိဏာပထတိုင်းသား ရဟန်းတို့၏ထံသို့ရင်း "အသျှင်တို့ လာကုန်လော့၊ မသူတော် တရားမထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပမီ၊ ဝိနည်းမဟုတ်သော တရားမထွန်းကားမီ၊ ဝိနည်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ၊ အဝိနယဝါဒီ ပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဝိနယဝါဒီ ပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ ဤအဓိကရုဏ်းကို ယူကုန်အံ့" ဟု တမန်စေလွှတ်၏။

ထိုအခါ သောဏအရပ်၌ နေသော အသျှင်သမ္ဘူတသည် အဟောဂင်္ဂ မည်သော တောင်၌ နေ၏။ ထိုအခါ ကာကဏ္ဍကပုတ္တား၏သား အသျှင်ယသသည် အဟောဂင်္ဂမည်သောတောင် သောဏအရပ်၌ နေသော အသျှင်သမ္ဘူတထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက်—

http://www.dhammadownload.com



"အသျှင်ဘုရား ဝေသာလီပြည်နေ ဤဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်၌ ဝတ္ထု ဆယ်မျိုးတို့ကို ပြုပါကုန်၏။

'သားချိုဖူးဖြင့် ဆောင်ထားသော ဆားသည် အပ်၏။

နေရိပ် လက်နှစ်သစ် လွန်ချိန်၌ စားသောက်ခြင်းသည် အပ်၏။

ရွာတပါးသို့ သွားမည့် ရဟန်းအား အတိရိက်ဝိနည်းကံ မပြုပဲ စားသောက်ခြင်းသည် အပ်၏။

တသိမ်တည်း၌ သံဃာ့ကံကို အသီးအသီး ပြုခြင်းသည် အပ်၏။

ဆန္ဒ ပေးခြင်းသည် အပ်၏။

ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျက်သည် အပ်၏။

အတိရိက် ဝိနည်းကံ မပြုပဲ နို့ ဓမ်း မဖြစ်မီ နို့ ရည်ကို သုံးဆောင်ခြင်းသည် အပ်၏။

သေနကို သောက်ခြင်းသည် အပ်၏။

အဆာ (အမြိတ်)မပါသော နိသီဒိုင်သည် အပ်၏။

ရွှေငွေသည် အပ်၏' ဟု (ပြုပါကုန်၏)။

အသျှင်ဘုရား ယခု အကျွန်ုပ်တို့သည် မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပမီ၊ ဝိနည်းမဟုတ်သော တရားမထွန်းကားမီ၊ ဝိနည်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ၊ အဝိနယဝါဒီ ပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဝိနယ ဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ၊ ဤအဓိကရုဏ်းကို ယူပါကုန်အံ့" ဟု လျှောက်၏။

"ငါ့သျှင် ကောင်းပြီ" ဟု သာဏ အရပ်၌နေသော အသျှင်သမ္ဘူတသည် ကာကဏ္ဍကပုတ္တအား၏ သား အသျှင်ယသအား ဝန်ခံ၏။ ထိုအခါ ခြောက်ကျိပ် အတိုင်းအရှည်ရှိကုန်သော ပါဝေယျက တိုင်းသား ဖြစ်ကုန်သော အားလုံးတောနေရဟန်း ဖြစ်ကုန်သော အားလုံး ပိဏ္ဍပါတ်ဓုတင်ဆောင် ဖြစ်ကုန်သော အားလုံး ပံသုကူ ဓုတင်ဆောင် ဖြစ်ကုန်သော အားလုံး တိစီဝရိက်ဓုတင်ဆောင် ဖြစ် ကုန်သော အားလုံး ရဟန္တာချည်း ဖြစ်ကုန်သော ရဟန်းတို့သည် အဟောဂင်္ဂ မည်သော တောင်၌ စည်းဝေးကုန်၏။

ရှစ်ကျိပ် ရှစ်ပါး အတိုင်းအရှည်ရှိကုန်သော အဝန္တိဒက္ခိဏာပထတိုင်းသား ဖြစ်ကုန်သော အချို့ တော၌ နေကုန်သော အချို့ပိဏ္ဍပါတ်ဓုတင် ဆောင်ကုန်သော အချို့ပံသုကူဓုတင် ဆောင်ကုန်သော အချို့ တိစီဝရိက်ဓုတင်ဆောင်ကုန်သော အားလုံး ရဟန္တာချည်း ဖြစ်ကုန်သော ရဟန်းတို့သည် အဟောဂင်္ဂ မည်သော တောင်၌ စည်းဝေးကုန်၏။

ထိုအခါ မထေရ်ကြီး ရဟန်းတို့သည် တိုင်ပင်ကုန်လတ်သော် "ဤအဓိကရုဏ်းသည် ကြမ်းလည်း ကြမ်းတမ်း၏၊ ရဲလည်း ရဲတင်း၏၊ ငါတို့သည် အဘယ်အသင်းအပင်းကို ရကုန်အံ့နည်း၊ ယင်းအသင်း အပင်းဖြင့် ငါတို့သည် ဤအဓိကရုဏ်း၌ အလွန်အားရှိကုန်အံ့" ဟု အကြံ ဖြစ်ကုန်၏။

၄၅၁။ ထိုအခါ အသျှင်ရေဝတသည် သောရေယျမြို့၌ နေ၏၊ အကြားအမြင်များ၍ ပါဠိတော် ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကို ဆောင်၏၊ ကျမ်းကျင်လိမ္မာ၍ နက်နဲသော ဉာဏ်ပညာရှိ၏၊ ရှက်တတ်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ'ရှိတတ်၏၊ အကျင့်သိက္ခာကို လိုလား၏။

8 မြန် ၄-၃၃

http://www.dhammadownload.com



ထိုအခါ မထေရ်ကြီး ရဟန်းတို့အား “ဤအသျှင်ရေဝတသည် သောရေယျမြို့၌ နေ၏၊ အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကို ဆောင်၏၊ ကျွမ်းကျင် လိမ္မာ၍ နက်နဲသော ဉာဏ်ပညာရှိ၏၊ ရှက်တတ်၏၊ တွေးတောမှု ‘သံသယကုက္ကုစ္စ’ရှိတတ်၏၊ အကျင့်သိက္ခာကို လိုလား၏။

ငါတို့သည် အသျှင်ရေဝတကို အသင်းအပင်း ဖြစ်ရမူ ဤသို့ ရခြင်းဖြင့် ငါတို့သည် ဤအဓိကရုဏ်း၌အလွန်အားရှိသူတို့ ဖြစ်လတ္တံ့” ဟု အကြံဖြစ်၏။

မထေရ်ကြီး ရဟန်းတို့ တိုင်ပင်ကုန်စဉ် အသျှင်ရေဝတသည် စင်ကြယ်သော လူတို့နား၌ ကြားခြင်းထက် လွန်သော ဒိဗ္ဗသောတအဘိညာဏ်ဖြင့် ကြား၍ “ဤအဓိကရုဏ်းသည် ကြမ်းလည်း ကြမ်းတမ်း၏၊ ရဲလည်း ရဲတင်း၏။ ငါသည် ဤသို့သော အဓိကရုဏ်း၌ ဆုတ်နစ်မှု ဤဆုတ်နစ်ခြင်းသည် မသင့်မလျော်၊ ထိုရဟန်းတို့သည်လည်း ယခု လာကုန်လတ္တံ့၊ ထိုငါသည် ထိုရဟန်းတို့နှင့် ရောပြွမ်းသော် ချမ်းသာစွာ သွားရမည် မဟုတ်၊ ငါသည် စောစောသွားရမှု ကောင်း၏” ဟု အကြံ ဖြစ်၏။

ထိုနောက် အသျှင်ရေဝတသည် သောရေယျမြို့မှ သင်္ကဿမြို့သို့ သွား၏။

ထိုအခါ မထေရ်ရဟန်းတို့သည် “အသျှင်ရေဝတ အဘယ်မှာနည်း” ဟု သောရေယျမြို့သို့ သွား၍ မေးကုန်၏။

“ထိုအသျှင်ရေဝတသည် သင်္ကဿမြို့သို့ သွား၏” ဟု ထိုရဟန်းတို့သည် ပြောကုန်၏။

ထိုအခါ မထေရ်ရဟန်းတို့သည် “အသျှင်ရေဝတ အဘယ်မှာနည်း” ဟု သင်္ကဿမြို့သို့ သွား၍ မေးကုန်၏။

“ထိုအသျှင်ရေဝတသည် ကဏ္ဏကုဇ္ဇမြို့သို့ သွား၏” ဟု ထိုရဟန်းတို့သည် ပြောကုန်၏။
ထိုအခါ အသျှင်ရေဝတသည် ကဏ္ဏကုဇ္ဇမြို့မှ ဥဒုမ္ဗရမြို့သို့ သွား၏။

ထိုအခါ မထေရ် ရဟန်းတို့သည် “အသျှင် ရေဝတ အဘယ်မှာနည်း” ဟု ကဏ္ဏကုဇ္ဇမြို့သို့ သွား၍ မေးကုန်၏။

“ထိုအသျှင်ရေဝတသည် ဥဒုမ္ဗရမြို့သို့ သွား၏” ဟု ထိုရဟန်းတို့သည် ပြောကုန်၏။

ထိုအခါ အသျှင်ရေဝတသည် ဥဒုမ္ဗရမြို့မှ အဂ္ဂဠမြို့သို့ သွား၏။

ထိုအခါ မထေရ် ရဟန်းတို့သည် “အသျှင်ရေဝတ အဘယ်မှာနည်း” ဟု ဥဒုမ္ဗရမြို့သို့ သွား၍ မေးကုန်၏။

“ထိုအသျှင် ရေဝတသည် အဂ္ဂဠမြို့သို့ သွား၏” ဟု ထိုရဟန်းတို့သည် ပြောကုန်၏။
ထိုအခါ အသျှင်ရေဝတသည် အဂ္ဂဠမြို့မှ သဟဇာတိမြို့သို့ သွား၏။

ထိုအခါ မထေရ်ရဟန်းတို့သည် “အသျှင်ရေဝတ အဘယ်မှာနည်း” ဟု အဂ္ဂဠမြို့သို့ သွား၍ မေးကုန်၏။

“ထိုအသျှင်ရေဝတသည် သဟဇာတိမြို့သို့ သွား၏” ဟု ထိုရဟန်းတို့သည် ပြောကုန်၏။

ထိုအခါ မထေရ်ရဟန်းတို့သည် အသျှင်ရေဝတကို သဟဇာတိမြို့၌ မှီကုန်၏။

http://www.dhammadownload.com



၄၅၂။ ထိုအခါ သာဏအရပ်၌ နေသော အသျှင်သမ္ဘူတသည် **ကာကဏ္ဍကပုဏ္ဏားအ်သား** အသျှင်ယသအား "ငါ့သျှင် ဤအသျှင်ရေဝတသည် အကြားအမြင်များ၍ ပါဠိတော်ကို နှုတ်တက် ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကို ဆောင်၏၊ ကျွမ်းကျင်လိမ္မာ၍ နက်နဲသော ပညာရှိ၏၊ ရှက် တတ်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိ၏၊ အကျင့်သိက္ခာကို လိုလား၏၊ ငါတို့သည် အသျှင်ရေဝတ အား အမေးပုစ္ဆာကို မေးကုန်အံ့၊အသျှင်ရေဝတသည် အမေးပုစ္ဆာတခုတည်းဖြင့်ပင် တညဥ့်ပတ်လုံးကို လွန်စေနိုင်၏၊ ယခု အသျှင်ရေဝတသည် အသံဖြင့် ရွတ်တတ်သော အနီးနေ တပည့်ရဟန်းတို့ကို တိုက်တွန်းလတ္တံ့။

ထိုသင်သည် ထိုအနီးနေ တပည့်ရဟန်း၏ အသံဖြင့် ရွတ်ဆိုမှု ပြီးဆုံးသောအခါ၌ အသျှင်ရေဝတ သို့ ချဉ်းကပ်၍ ဤဝတ္ထုဆယ်မျိုးတို့ကို မေးလျှောက်လော့" ဟု ပြောဆို၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ကာကဏ္ဍက ပုဏ္ဏား၏သား ယသသည် **သာဏအရပ်၌ နေ သော အသျှင်သမ္ဘူတအား ဝန်ခံ၏**။

ထိုအခါ အသျှင်ရေဝတသည် အသံဖြင့် ရွတ်တတ်သော အနီးနေတပည့်ရဟန်းကို တိုက်တွန်း၏။ ထိုအခါ ကာကဏ္ဍကပုဏ္ဏား၏သား အသျှင်ယသသည် ထိုအနီးနေ တပည့်ရဟန်း၏ အသံဖြင့် ရွတ်ဆိုမှု ပြီးဆုံးသောအခါ၌ အသျှင်ရေဝတထံသို့ ချဉ်းကပ်ပြီးနောက် အသျှင်ရေဝတကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ကာ—

**"အသျှင်ဘုရား သိင်္ဂီလောဏကပ္ပသည် အပ်ပါ၏လော" ဟု လျှောက်၏။**

**ငါ့သျှင် သိင်္ဂီလောဏကပ္ပဟူသည်ကား အဘယ်နည်း ဟု (မေး၏)။**

**အသျှင်ဘုရား "ဆားမရှိသော နေရာ၌ သုံးဆောင်အံ့" ဟု သားချိုဗူးဖြင့် ဆားကို ဆောင်ထား ရန် အပ်ပါ၏လော ဟု (လျှောက်၏)။**

**ငါ့သျှင် မအပ် ဟု (ဆို၏)။**

**အသျှင်ဘုရား ဒွင်္ဂုလကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။**

**ငါ့သျှင် ဒွင်္ဂုလကပ္ပ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။**

**အသျှင်ဘုရား အရိပ်လက်နှစ်သစ် လွန်ပြီးနောက် မွန်းလွဲချိန်၌ ဘောဇဉ်ကို သုံးဆောင်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။**

**ငါ့သျှင် မအပ် ဟု (ဆို၏)။**

**အသျှင်ဘုရား ဂါမန္တရကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။**

**ငါ့သျှင် ဂါမန္တရကပ္ပ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။**

"အသျှင်ဘုရား ယခု ရွာတပါးသို့ သွားအံ့" ဟု ဆွမ်းစားစဉ် ပဝါရိတ်သင့်သော ရဟန်းသည် အတိရိက်ဝိနည်းကံ မပြုသော ဘောဇဉ်ကို သုံးဆောင်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

**ငါ့သျှင် မအပ် ဟု (ဆို၏)။**

**အသျှင်ဘုရား အာဝါသကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။**

http://www.dhammadownload.com



ငါ့သျှင် အာဝါသကပ္ပဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား ကျောင်းအများတို့သည် တသိမ်တည်း ဖြစ်ကုန်၏၊ အသီးအသီး ဥပုသ်ပြုရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အသျှင်ဘုရား အနုမတိကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် အနုမတိကပ္ပ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား "လာသော ရဟန်းတို့ကို ခွင့်ပြုစေကုန်အံ့" ဟု ဝဂ်ဖြစ်သော သံဃာသည် ကံပြုရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အသျှင်ဘုရား အာစိဏ္ဏကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် အာစိဏ္ဏကပ္ပ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား ဤအမှုကို ငါ၏ ဥပဇ္ဈာယ်ဆရာသည် လေ့ကျက်၏၊ ဤအမှုကို ငါ၏ဆရာသည် လေ့ကျက်၏၊ ထိုအမှုကို လေ့ကျက်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် အချို့ အလေ့အကျက်သည် အပ်၏၊ အချို့အလေ့အကျက်သည် မအပ် ဟု (ဆို၏)။

အသျှင်ဘုရား အမထိတကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် အမထိတကပ္ပ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

ပြကတေ့ နို့သဘောလည်း ကင်း၍ နို့ဓမ်းလည်း မဖြစ်သေးသော နို့ရည်ကို ဆွမ်းစားစဉ် ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ် ဝိနည်းကံ မပြုပဲ သောက်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အသျှင်ဘုရား ဇဠောဂီကို သောက်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် ဇဠောဂီ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား အဆောက်အဦ အားလုံးဖြင့် စီရင်ပြီးသော်လည်း သေရည်မဖြစ်သေးသော သေရည်နုကို သောက်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အသျှင်ဘုရား အဆာအမြိတ် မရှိသော နိသီဒိုင်သည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အသျှင်ဘုရား ရွှေ ငွေသည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အသျှင်ဘုရား ဝေသာလီပြည်နေ ဤဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်၌ ဤဝတ္ထု ဆယ်မျိုးတို့ကို ပြုပါကုန်၏။ မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပမီ၊ ဝိနည်း မဟုတ်သော တရား မထွန်းကားမီ၊ ဝိနည်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့

အားမရှိကုန်မီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ၊ အဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ၊ ယခုအခါ အကျွန်ုပ်တို့သည် ဤအဓိကရဏ်းကို ယူပါကုန်အံ့ ဟု လျှောက်၏။

"ငါ့သျှင် ကောင်းပါပြီ" ဟု အသျှင်ရေဝတသည် ကာကဏ္ဍကပုတ္တ၏ သား အသျှင်ယသအား ဝန်ခံ၏။

ပဌမအခဏ်း ပြီး၏။

---

## ၂-ဒုတိယ အခဏ်း

၄၅၃။ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် "ကာကဏ္ဍကပုတ္တ၏သား ယသ ရဟန်းသည် ဤအဓိကရဏ်းကို ယူလို၍ အပေါင်းအသင်းကို ရှာသတတ်၊ အပေါင်းအသင်းကိုလည်း ရသတတ်" ဟု ကြားကုန်၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့အား "ဤအဓိကရဏ်းသည် ကြမ်းလည်း ကြမ်းတမ်း၏၊ ရဲလည်း ရဲတင်း၏၊ ငါတို့သည် ဤအဓိကရဏ်း၌ အဘယ်အသင်းအပင်းကို ရကုန်အံ့နည်း၊ ယင်းအသင်းအပင်းဖြင့် ဤအဓိကရဏ်း၌ ငါတို့သည် အလွန်အားရှိကုန်အံ့" ဟု အကြံဖြစ်၏။

ထိုနောက် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့အား "ဤအသျှင်ရေဝတသည် အကြား အမြင်များ၍ ပါဠိတော်ကို နှုတ်တက်ရသည့်ပြင် ဓမ္မဝိနယနှင့် မာတိကာကိုလည်း ဆောင်၏၊ ကျွမ်းကျင် လိမ္မာ ဤနက်နဲသော ပညာရှိ၏၊ ရှက်တတ်၏၊ တွေးတောမှု သံသယကုက္ကုစ္စ ရှိတတ်၏၊ အကျင့်သိက္ခာကို လိုလား၏၊ ငါတို့သည် အသျှင်ရေဝတကို အသင်းအပင်း အဖြစ်ရမူ ဤအဓိကရဏ်း၌ အလွန်အားရှိကုန်အံ့" ဟု အကြံဖြစ်၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် သပိတ် သင်္ကန်း နိသီဒိုင် အပ်ဗူး ခါးပန်းကြိုး ရေစစ်ပုဝါ ဓမ္မကရိုဏ် ရေစစ် ဟူသော များစွာသော ရဟန်းအသုံးအဆောင် ပရိက္ခရာကို စီရင်ကုန်၏၊ ထို့နောက် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ထိုရဟန်းအသုံးအဆောင် ပရိက္ခရာတို့ကို ယူ၍ လှေဖြင့် သဟဇာတိမြို့သို့ ဆန်တက်ကုန်၏၊ လှေမှ ဆင်းကြ၍ တခုသော သစ်ပင်ရင်း၌ ဆွမ်းစားကုန်၏။

ထိုအခါ အသျှင်သာဠှသည် ဆိတ်ငြိမ်ရာသို့ ကပ်၍ တယောက်ထီး ကိန်းအောင်းစဉ် "အဘယ်သူတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ ဖြစ်ကုန်သနည်း၊ ပါစီနတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ ဖြစ်ကုန်သလော၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့ ဖြစ်ကုန်သလော" ဟု စိတ်အကြံ ဖြစ်၏။

ထိုနောက် ဓမ္မနှင့် ဝိနယကို စိတ်ဖြင့် ဆင်ခြင်သော အသျှင်သာဠှအား "ပါစီနတိုင်းသား ရဟန်းတို့သည် အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း" ဟု အကြံဖြစ်၏။

ထိုအခါ သုဒ္ဓါဝါသဘုံ၌ နေသော တဦးသော ဗြဟ္မာသည် မိမိစိတ်ဖြင့် အသျှင်သာဠှ၏ စိတ်အကြံကို သိ၍ အားရှိသန်စွမ်းသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း

http://www.dhammadownload.com



ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့၎င်း ဤအတူပင် သုဒ္ဓါဝါသပြဟ္မာပြည်တို့၌ ကွယ်ပျောက်ခဲ့၍ အသျှင်သာဠှ၏ မျက်မှောက်၌ ထင်ရှား ဖြစ်လေ၏။

ထိုအခါ ထိုပြဟ္မာသည် အသျှင်သာဠှအား—

"အသျှင်ဘုရား သာဠှ တောင်းပန်ပါ၏၊ ပါစိနတိုင်းသား ရဟန်းတို့သည် အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ ပါတည်း၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ပါတည်း။

အသျှင်ဘုရားသာဠှ ထို့ကြောင့် အသျှင်သည် တရားအတိုင်း တည်တော်မူပါလော့" ဟု လျှောက်၏။

ပြဟ္မာ ရှေးအခါ၌၎င်း ယခုအခါ၌၎င်း ငါသည် တရားအတိုင်း တည်၏။

သို့သော်လည်း ငါသည် ရှေးဦးစွာ အယူကို ထင်စွာ မပြုသေး၊ ဤအဓိကရုဏ်း၌ ငါ့ကို သမုတ် တန်ကောင်းရာ၏ ဟု (ပြော၏)။

၄၅၄။ ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ထိုရဟန်းအသုံးအဆောင် ပရိက္ခရာကို ယူ၍ အသျှင်ရေဝတထံသို့ ချဉ်းကပ်ပြီးနောက်—

"အသျှင်ဘုရား မထေရ်သည် သပိတ် သင်္ကန်း နိသီဒိုင် အပ်ဖူး ခါးပန်းကြိုး ရေစစ်ပုဝါ ဓမ္မကရိုဏ် ရေစစ် ဟူသော ရဟန်းအသုံးအဆောင် ပရိက္ခရာတို့ကို ခံယူတော်မူပါလော့" ဟု လျှောက်ကုန်၏။

"ငါ့သျှင်တို့ တန်ပြီ၊ ငါ့အား တိစီဝရိက်သည် ပြည့်စုံ၏" ဟု (ဆို၍) ခံယူခြင်း ငှါ အလိုမရှိ။

ထိုအခါ ဝါနှစ်ဆယ် ရှိပြီးသော ဥတ္တရအမည်ရှိသော ရဟန်းသည် အသျှင်ရေဝတ၏ အလုပ် အကျွေး ဖြစ်၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အသျှင်ဥတ္တရထံသို့ ချဉ်းကပ်၍ "အသျှင်ဥတ္တရသည် သပိတ် သင်္ကန်း နိသီဒိုင် အပ်ဖူး ခါးပန်းကြိုး ရေစစ်ပုဝါ ဓမ္မကရိုဏ် ရေစစ် ဟူသော ရဟန်းအသုံးအဆောင် ပရိက္ခရာတို့ကို ခံယူတော်မူပါလော့" ဟု လျှောက်ကုန်၏။

"ငါ့သျှင် တန်ပြီ၊ ငါ့အား သပိတ် တိစီဝရိက်သည် ပြည့်စုံ၏" ဟု (ဆို၍)ခံယူခြင်းငှါ အလိုမရှိ။

ငါ့သျှင် ဥတ္တရ လူတို့သည် မြတ်စွာဘုရားအား ရဟန်းအသုံးအဆောင် ပရိက္ခရာကို ကပ်လှူကုန်၏၊ မြတ်စွာဘုရား ခံယူမူ ထိုခံယူခြင်းဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၏။ မြတ်စွာဘုရား မခံယူမူ အသျှင်အာနန္ဒာအား "အသျှင်ဘုရား မထေရ်သည် မြတ်စွာဘုရား ခံယူတော်မူသကဲ့သို့ ခံယူတော်မူ ပါလော့၊ ထိုခံယူခြင်းသည် မြတ်စွာဘုရား ခံယူတော်မူသကဲ့သို့ ဖြစ်ပါလိမ့်မည်" ဟု ကပ်လှူကုန်၏။

အသျှင်ဥတ္တရသည် ရဟန်းအသုံးအဆောင်ပရိက္ခရာကို အသျှင်ရေဝတမထေရ်ခံယူသကဲ့သို့ ခံယူတော်မူပါလော့၊ ထိုခံယူခြင်းသည် အသျှင်ရေဝတ မထေရ်ခံယူတော်မူသကဲ့သို့ ဖြစ်ပါလိမ့်မည် ဟု (လျှောက်ကုန်၏)။ ထိုအခါ အသျှင်ဥတ္တရသည် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့က (စကားဖြင့်) နှိပ်စက်(အတင်းအကြပ်ပြော)သောကြောင့် ငါ့သျှင်တို့ လိုရာကို ပြောဆိုကုန်လော့ ဟု ပြော၍ သင်္ကန်းတထည်ကို ခံယူလေ၏။

http://www.dhammadownload.com



အသျှင်ဥတ္တရသည် အသျှင်ရေဝတမထေရ်ကို—

“အသျှင်ဘုရား အသျှင်ရေဝတမထေရ်သည် သံဃာ့အလယ်၌ အရှေ့ဇနပုဒ်တို့၌ ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ပွင့်ပါကုန်၏၊ ပါစိနတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သား ရဟန်းတို့သည် အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း” ဟု ဤသို့လျှောက်သော စကားသာ ပြောတော်မူပါလော့ ဟု လျှောက်၏။

“ငါ့သျှင်တို့ ကောင်းပြီ” ဟု အသျှင်ဥတ္တရသည် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့အား ဝန်ခံပြီးလျှင် အသျှင်ရေဝတထံသို့ ချဉ်းကပ်ပြီးနောက် အသျှင်ရေဝတအား—

“အသျှင်ဘုရား အရှေ့ဇနပုဒ်တို့၌ ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ပွင့်ပါကုန်၏၊ ပါစိနတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သား ရဟန်းတို့သည် အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း ဟု အသျှင်ရေဝတမထေရ်သည် သံဃာ့အလယ်၌ ဤသို့လျှောက်သော စကားကိုသာ ပြောတော်မူပါလော့” ဟု လျှောက်၏။

“ရဟန်း သင်သည် ငါ့ကို မတရားသည်၌ တိုက်တွန်း၏” ဟု အသျှင်ရေဝတမထေရ်သည် အသျှင်ဥတ္တရကို နှင်ထုတ်၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အသျှင်ဥတ္တရကို “ငါ့သျှင်ဥတ္တရ အသျှင်ရေဝတမထေရ်ကြီးသည် အဘယ်ကို ပြောဆိုသနည်း” ဟု မေးမြန်းကုန်၏။

ငါ့သျှင်တို့ ငါတို့သည် ယုတ်ညံ့သော အမှုကို ပြုမိကုန်၏၊ “ရဟန်း သင်သည် ငါ့ကို မတရားသည်၌ တိုက်တွန်း၏” ဟု အသျှင်ရေဝတမထေရ်သည် ငါ့ကို နှင်ထုတ်ပါသည် ဟု (ပြော၏)။

ငါ့သျှင် သင်သည် ဝါနှစ်ဆယ်ရှိ၍ ကြီးပြီ မဟုတ်လော ဟု (မေးကုန်၏)။

ငါ့သျှင်တို့ မှန်၏။

သို့ဖြစ်သော်လည်း အကျွန်ုပ်တို့သည် လေးစားစွာ နိဿရည်းဆရာကို ယူရပါကုန်သေး၏ ဟု (လျှောက်၏)။

၄၅၅။ ထိုအခါ သံဃာသည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုသောကြောင့် စည်းဝေး၏၊ ထိုနောက် အသျှင်ရေဝတသည် သံဃာကို သိစေ၏။

“ငါ့သျှင်တို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ငါတို့သည် ဤအဓိကရုဏ်းကို ဤအရပ်၌ ငြိမ်းစေကုန်မူ အကြောင်းရင်း အဓိကရုဏ်းကို ယူသော ရဟန်းတို့သည် တဖန် ကံဖြစ်ရန် လှုံ့ဆော်ကုန်ရာ၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤအဓိကရုဏ်းကို ဖြစ်ရင်း အရပ်၌သာ ငြိမ်းစေရာ၏” ဟု (သိစေ၏)။

ထို့နောက် မထေရ်ကြီး ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုကုန်၍ ဝေသာလီပြည်သို့ သွားကုန်၏။

ထိုအခါ သဗ္ဗကာမိ မည်သော မြေတပြင်လုံးဝယ် သံဃာ့ထေရ်ဖြစ်သော ပဉ္စင်းဖြစ်သည်မှစ၍ ဝါတရာ့နှစ်ဆယ်ရှိပြီးသော အသျှင်အာနန္ဒာ၏ အတူနေတပည့်သည် ဝေသာလီပြည်၌ သီတင်းသုံးနေ၏။

http://www.dhammadownload.com



သောဘိတကိုရင်း အသျှင်ဝါသဘဂါမိကိုရင်း ရွေးကောက်၏။ ပါဝါပြည်သား ရဟန်းတို့တွင် အသျှင်ရေဝတကိုရင်း သာဏအရပ်၌ နေသော အသျှင်သမ္ဘူတကိုရင်း ကာကဏ္ဍကပုဏ္ဏား၏ သား အသျှင်ယသကိုရင်း အသျှင်သုမနကိုရင်း ရွေးကောက်၏" ဟု (သိစေ၏)။

ထို့နောက် အသျှင်ရေဝတသည် သံဃာကို သိစေ၏။

"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် အပိုင်းအခြားမရှိသော စကားတို့သည် ဖြစ်ကုန်၏။ စကားတခုမျှ၏ အနက်ကိုလည်း မသိရ၊ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤအဓိကရုဏ်းကို ငြိမ်းစေရန် ပါစိနတိုင်းသား ရဟန်း လေးပါးတို့ကိုရင်း ပါဝါပြည်သား ရဟန်းလေးပါးတို့ကိုရင်း ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ် ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် အပိုင်းအခြားမရှိသော စကားတို့သည် ဖြစ်ကုန်၏၊ စကားတခုမျှ၏ အနက်ကိုလည်း မသိရ၊ သံဃာသည် ဤအဓိကရုဏ်းကို ငြိမ်းစေရန် ပါစိန တိုင်းသား ရဟန်းလေးပါးတို့ကိုရင်း ပါဝါပြည်သား ရဟန်းလေးပါးတို့ကိုရင်း ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် သမုတ်၏။

ပါစိနတိုင်းသား ရဟန်းလေးပါးတို့ကိုရင်း ပါဝါပြည်သား ရဟန်းလေးပါးတို့ကိုရင်း ဤ အဓိကရုဏ်းကို ငြိမ်းစေရန် ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ပါစိနတိုင်းသား ရဟန်းလေးပါးတို့ကိုရင်း ပါဝါပြည်သား ရဟန်းလေးပါးတို့ကို ရင်း ဤအဓိကရုဏ်းကို ငြိမ်းစေရန် ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေ၏)။

ထိုအခါ အဇိတ မည်သော ဆယ်ဝါရသော ရဟန်းသည် သံဃာ၏ ပါတိမောက်ပြ ရဟန်း ဖြစ်၏။ ထိုအခါ သံဃာသည် အသျှင်အဇိတကိုလည်း မထေရ်ရဟန်းတို့၏ နေရာခင်းသူ ဟု သမုတ်၏။

ထိုအခါ မထေရ် ရဟန်းတို့အား "ငါတို့သည် ဤအဓိကရုဏ်းကို အဘယ်အရပ်၌ ငြိမ်းစေကုန်ရာ သနည်း" ဟု အကြံ ဖြစ်၏။ ထိုအခါ မထေရ် ရဟန်းတို့အား "ဤဝါလိကာရုံကျောင်းသည် မွေ့လျော် ဖွယ်ရှိ၏၊ အသံနည်း၏၊ မြို့ရွာတွန်သံ နည်း၏၊ ငါတို့သည် ဝါလိကာရုံကျောင်း၌ ဤအဓိကရုဏ်းကို ငြိမ်းစေရမူ ကောင်း၏" ဟု အကြံဖြစ်၏။

၄၅၇။ ထို့နောက် မထေရ်ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုကုန်၍ ဝါလိကာရုံ ကျောင်းသို့ သွားကုန်၏။

ထို့နောက် အသျှင်ရေဝတသည် သံဃာကို သိစေ၏။

http://www.dhammadownload.com



အသျှင်ဥတ္တရသည် အသျှင်ရေဝတမထေရ်ကို—

"အသျှင်ဘုရား အသျှင်ရေဝတမထေရ်သည် သံဃာ့အလယ်၌ အရှေ့ဇနပုဒ်တို့၌ ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ပွင့်ပါကုန်၏၊ ပါစိနတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သား ရဟန်းတို့သည် အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း" ဟု ဤပြောလောက်သော စကားသာ ပြောတော်မူပါလော့ ဟု လျှောက်၏။

"ငါ့သျှင်တို့ ကောင်းပြီ" ဟု အသျှင်ဥတ္တရသည် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့အား ဝန်ခံပြီးလျှင် အသျှင်ရေဝတထံသို့ ချဉ်းကပ်ပြီးနောက် အသျှင်ရေဝတအား—

"အသျှင်ဘုရား အရှေ့ဇနပုဒ်တို့၌ ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ပွင့်ပါကုန်၏၊ ပါစိနတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သား ရဟန်းတို့သည် အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း ဟု အသျှင်ရေဝတမထေရ်သည် သံဃာ့အလယ်၌ ဤပြောလောက်သော စကားကိုသာ ပြောတော်မူပါလော့" ဟု လျှောက်၏။

"ရဟန်း သင်သည် ငါ့ကို မတရားသည်၌ တိုက်တွန်း၏" ဟု အသျှင်ရေဝတမထေရ်သည် အသျှင်ဥတ္တရကို နှင်ထုတ်၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အသျှင်ဥတ္တရကို "ငါ့သျှင်ဥတ္တရ အသျှင်ရေဝတမထေရ်ကြီးသည် အဘယ်ကို ပြောဆိုသနည်း" ဟု မေးမြန်းကုန်၏။

ငါ့သျှင်တို့ ငါတို့သည် ယုတ်ညံ့သော အမှုကို ပြုမိကုန်၏၊ "ရဟန်း သင်သည် ငါ့ကို မတရားသည်၌ တိုက်တွန်း၏" ဟု အသျှင်ရေဝတမထေရ်သည် ငါ့ကို နှင်ထုတ်ပါသည် ဟု (ပြော၏)။

ငါ့သျှင် သင်သည် ဝါနှစ်ဆယ်ရှိ၍ ကြီးပြီ မဟုတ်လော ဟု (မေးကုန်၏)။

ငါ့သျှင်တို့ မှန်၏။

သို့ဖြစ်သော်လည်း အကျွန်ုပ်တို့သည် လေးစားစွာ နိဿရည်းဆရာကို ယူရပါကုန်သေး၏ ဟု (လျှောက်၏)။

၄၅၅။ ထိုအခါ သံဃာသည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုသောကြောင့် စည်းဝေး၏၊ ထို့နောက် အသျှင်ရေဝတသည် သံဃာကို သိစေ၏။

"ငါ့သျှင်တို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ငါတို့သည် ဤအဓိကရုဏ်းကို ဤအရပ်၌ ငြိမ်းစေကုန်မူ အကြောင်းရင်း အဓိကရုဏ်းကို ယူသော ရဟန်းတို့သည် တဖန် ကံဖြစ်ရန် လှုံ့ဆော်ကုန်ရာ၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤအဓိကရုဏ်းကို ဖြစ်ရင်း အရပ်၌သာ ငြိမ်းစေရာ၏" ဟု (သိစေ၏)။

ထို့နောက် မထေရ်ကြီး ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုကုန်၍ ဝေသာလီပြည်သို့ သွားကုန်၏။

ထိုအခါ သဗ္ဗကာမီ မည်သော မြေတပြင်လုံးဝယ် သံဃာ့ထေရ်ဖြစ်သော ပဉ္စင်းဖြစ်သည်မှစ၍ ဝါတရာ့နှစ်ဆယ်ရရှိပြီးသော အသျှင်အာနန္ဒာ၏ အတူနေတပည့်သည် ဝေသာလီပြည်၌ သီတင်းသုံးနေ၏။

http://www.dhammadownload.com



ထိုအခါ အသျှင်ရေဝတသည် သာဏအရပ်၌ နေသော အသျှင်သမ္ဘူတအား—

"ငါ့သျှင် ငါသည် သဗ္ဗကာမိထေရ်နေရာကျောင်းသို့ ချဉ်းကပ်အံ့၊ ထိုသင်သည် စောစောကပင် လျှင် အသျှင်သဗ္ဗကာမိသို့ ချဉ်းကပ်၍ ဤဝတ္ထုဆယ်မျိုးတို့ကို မေးလျှောက်လော့" ဟု မိန့်ဆို၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု သာဏအရပ်၌ နေသော အသျှင်သမ္ဘူတသည် အသျှင် ရေဝတအား ဝန်ခံ၏။

ထို့နောက် အသျှင်ရေဝတသည် သဗ္ဗကာမိထေရ်နေရာ ကျောင်းသို့ ချဉ်းကပ်၏၊ အသျှင်သဗ္ဗ ကာမိ၏ အိပ်ရာ နေရာကို အခန်း၌ ခင်းထား၏၊ အသျှင်ရေဝတ၏ အိပ်ရာ နေရာကို အခန်းဝ၌ ခင်းထား၏။

ထိုအခါ အသျှင်ရေဝတသည် "ဤမထေရ်သည် ကြီးရင့်လျက် မအိပ် မလျောင်း" ဟု (နှလုံး ပိုက်လျက်)မအိပ်၊ အသျှင်သဗ္ဗကာမိသည် "ဤအာဂန္တုက ရဟန်းသည် ပင်ပန်းလျက် မအိပ် မလျောင်း" ဟု (နှလုံးပိုက်လျက်)မအိပ်။

ထိုအခါ အသျှင်သဗ္ဗကာမိသည် ညဉ့်၏ မိုးသောက်ယံ အချိန်၌ ထ၍ အသျှင်ရေဝတကို "အသျှင် သင်သည် ယခု အဘယ်နေခြင်းဖြင့် များစွာနေသနည်း" ဟု မေး၏။

အသျှင်ဘုရား အကျွန်ုပ်သည် ယခု မေတ္တာဈာန်ဝင်စားသဖြင့် များစွာ နေပါသည် ဟု (လျှောက်၏)။

အသျှင် သင်သည် ယခု ပေါ်လွင်သော နေရခြင်းဖြင့် များစွာ နေ၏၊ အသျှင် ဤမေတ္တာကား ပေါ်လွင်သော နေခြင်းတည်း ဟု (မိန့်ဆို၏)။ အသျှင်ဘုရား အကျွန်ုပ်သည် လူဖြစ်စဉ် ရှေးအခါ၌ လည်း မေတ္တာကို လေ့ကျင့်ပါ၏၊ ထို့ကြောင့် အကျွန်ုပ်သည် ယခုအခါ၌လည်း မေတ္တာဈာန်ဝင်စား သဖြင့် များစွာ နေပါ၏၊ သို့သော်လည်း အကျွန်ုပ်သည် အရဟတ္တဖိုလ်ကို ကြာမြင့်စွာက ရောက်ပြီး ပါတည်း ဟု (လျှောက်၏)။

အသျှင်ဘုရား မထေရ်သည် ယခု အဘယ်နေခြင်းဖြင့် များစွာနေပါသနည်း ဟု (မေးလျှောက် ၏)။

အသျှင် ငါသည် ယခု သုညတဖိုလ်ကို ဝင်စား၍ နေခြင်းဖြင့် များစွာ နေပါသည် ဟု (မိန့်ဆို၏)။

အသျှင်ဘုရား မထေရ်သည် ယခု မြတ်သော ယောကျ်ားတို့ နေခြင်းဖြင့် များစွာ နေပါပေ၏၊ အသျှင်ဘုရား ဤသုညတဖိုလ်သည် ယောကျ်ားမြတ်တို့ နေခြင်းပါတည်း ဟု (လျှောက်၏)။

အသျှင် ငါသည် လူဖြစ်စဉ် ရှေးအခါ၌လည်း သုညတဖိုလ်ကို လေ့ကျင့်၏၊ ထို့ကြောင့် ငါသည် ယခု သုညတဖိုလ်ကို ဝင်စား၍ နေခြင်းဖြင့် များစွာ နေ၏၊ စင်စစ်လည်း ငါသည် အရဟတ္တဖိုလ်သို့ ကြာမြင့်စွာကပင် ရောက်ပြီးတည်း ဟု (မိန့်ဆို၏)။

ဤကား မထေရ် ရဟန်းတို့၏ မပြတ်သေးသော အကြားစကားတည်း။

http://www.dhammadownload.com



ထိုစကား မပြဘ်သေးမီ သာဏအရပ်၌ နေသော အသျှင်သမ္ဘူတသည် ထိုအရပ်သို့ ရောက်လာပြီးလျှင် အသျှင်သဗ္ဗကာမိထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် အသျှင်သဗ္ဗကာမိအား—

“အသျှင်ဘုရား ဝေသာလီပြည်နေ ဤဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်၌—

‘သိင်္ဂီလောဏကပ္ပသည် အပ်၏၊ ဒွင်္ဂုလကပ္ပသည် အပ်၏၊ ဂါမန္တရကပ္ပသည် အပ်၏၊ အာဝါသကပ္ပသည် အပ်၏၊ အနုမတိကပ္ပသည် အပ်၏၊ အာစိဏ္ဏကပ္ပသည် အပ်၏၊ အမထိတကပ္ပသည် အပ်၏၊ ဇဠောဂီကို မသောက်ခြင်းသည် အပ်၏၊ အဆာမရှိသော နိသီဒိုင်သည် အပ်၏၊ ရွှေငွေသည် အပ်၏’ ဟု ဝတ္ထုဆယ်မျိုးတို့ကို ပြပါကုန်၏”။

အသျှင်ဘုရား မထေရ်သည် ဥပဇ္ဈာယ်ဆရာ၏ ခြေတော်ရင်း၌ ဓမ္မနှင့် ဝိနယကို သင်ယူခဲ့ပါ၏၊ အသျှင်ဘုရား မထေရ်သည် ဓမ္မနှင့် ဝိနယကို ဆင်ခြင်စဉ် အဘယ်သို့ ဖြစ်ပါသနည်း၊ “အဘယ်သူတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့ပါနည်း၊ ပါစီနတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ပါလော၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ပါလော” ဟု (လျှောက်၏)။

ငါ့သျှင် သင်သည်လည်း ဥပဇ္ဈာယ်ဆရာ၏ ခြေတော်ရင်း၌ ဓမ္မနှင့် ဝိနယကို သင်ယူခဲ့၏၊ ငါ့သျှင် သင်သည် ဓမ္မနှင့် ဝိနယကို ဆင်ခြင်စဉ် အဘယ်သို့ ဖြစ်သနည်း၊ “အဘယ်သူတို့သည် ဓမ္မဝါဒီပုဂ္ဂိုလ်တို့နည်း၊ ပါစီနတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့လော၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့လော” ဟု (မေး၏)။

အသျှင်ဘုရား အကျွန်ုပ်သည် ဓမ္မနှင့် ဝိနယကို ဆင်ခြင်စဉ် “ပါစီနတိုင်းသား ရဟန်းတို့သည် အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း” ဟု အကြံ ဖြစ်ပါ၏။ သို့သော်လည်း စောစောက အယူကို ထင်ရှားမပြုပါ၊ ဤအဓိကရုဏ်း၌ အကျွန်ုပ်ကို သမုတ်သော် သမုတ်တန်ရာပါသောကြောင့်တည်း ဟု (လျှောက်၏)။

ငါ့သျှင် ငါသည်လည်း ဓမ္မနှင့် ဝိနယကို ဆင်ခြင်စဉ် “ပါစီနတိုင်းသား ရဟန်းတို့သည် အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း၊ ပါဝါပြည်သား ရဟန်းတို့သည် ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့တည်း” ဟု ဆင်ခြင်ခြင်း ဖြစ်၏။ သို့သော်လည်း ငါသည် စောစောကပင် အယူကို ထင်ရှားမပြု၊ ဤအဓိကရုဏ်း၌ ငါကို သမုတ်သော် သမုတ်ဟန်ရာသောကြောင့်တည်း ဟု (မိန့်ဆို၏)။

၄၅၆။ ထို့နောက် သံဃာသည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုသောကြောင့် စည်းဝေး၏။

ထိုအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် အပိုင်းအခြား မရှိသော စကားတို့သည် ဖြစ်ကုန်၏၊ စကားတခုမျှ၏ အနက်ကိုလည်း မသိရ၊ ထိုအခါ အသျှင်ရေဝတသည် သံဃာကို သိစေ၏။

“အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် အပိုင်းအခြားမရှိသော စကားတို့သည် ဖြစ်ကုန်၏၊ စကားတခုမျှ၏ အနက်ကိုလည်း မသိရ၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤအဓိကရုဏ်းကို ဥဗ္ဗာဟိကကမ္မဝါစာဖြင့် ငြိမ်းရာ၏။ ပါစီနတိုင်းသား ရဟန်းလေးပါးတို့ကိုရင်း ပါဝေယျကတိုင်းသား ရဟန်းလေးပါးတို့ကိုရင်း ရွေးကောက်၏။ ပါစီနတိုင်းသား ရဟန်းတို့တွင် အသျှင်သဗ္ဗကာမိကိုရင်း အသျှင်သာဠှကိုရင်း အသျှင်ခုဇ္ဇ

http://www.dhammadownload.com



သောဘိတကိုရင်း အသျှင်ဝါသဘဂါမိကိုရင်း ရွေးကောက်၏။ ပါဝါပြည်သား ရဟန်းတို့တွင် အသျှင်ရေဝတကိုရင်း သာဏအရပ်၌ နေသော အသျှင်သမ္ဘူတကိုရင်း ကာကဏ္ဍကပုဏ္ဏား၏ သား အသျှင်ယသကိုရင်း အသျှင်သုမနကိုရင်း ရွေးကောက်၏'' ဟု (သိစေ၏)။

ထို့နောက် အသျှင်ရေဝတသည် သံဃာကို သိစေ၏။

''အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် အပိုင်းအခြားမရှိသော စကားတို့သည် ဖြစ်ကုန်၏။ စကားတခုမျှ၏ အနက်ကိုလည်း မသိရ၊ သံဃာအား လျော်ကပ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤအဓိကရုဏ်းကို ငြိမ်းစေရန် ပါစီနတိုင်းသား ရဟန်း လေးပါးတို့ကိုရင်း ပါဝါပြည်သား ရဟန်းလေးပါးတို့ကိုရင်း ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ် ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ဆုံးဖြတ်လတ်သော် အပိုင်းအခြားမရှိသော စကားတို့သည် ဖြစ်ကုန်၏၊ စကားတခုမျှ၏ အနက်ကိုလည်း မသိရ၊ သံဃာသည် ဤအဓိကရုဏ်းကို ငြိမ်းစေရန် ပါစီန တိုင်းသား ရဟန်းလေးပါးတို့ကိုရင်း ပါဝါပြည်သား ရဟန်းလေးပါးတို့ကိုရင်း ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် သမုတ်၏။

ပါစီနတိုင်းသား ရဟန်းလေးပါးတို့ကိုရင်း ပါဝါပြည်သား ရဟန်းလေးပါးတို့ကိုရင်း ဤ အဓိကရုဏ်းကို ငြိမ်းစေရန် ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ပါစီနတိုင်းသား ရဟန်းလေးပါးတို့ကိုရင်း ပါဝါပြည်သား ရဟန်းလေးပါးတို့ကို ရင်း ဤအဓိကရုဏ်းကို ငြိမ်းစေရန် ဥဗ္ဗာဟိကကမ္မဝါစာဖြင့် သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်'' ဟု (သိစေ၏)။

ထိုအခါ အဇိတ မည်သော ဆယ်ဝါရသော ရဟန်းသည် သံဃာ၏ ပါတိမောက်ပြ ရဟန်း ဖြစ်၏။ ထိုအခါ သံဃာသည် အသျှင်အဇိတကိုလည်း မထေရ်ရဟန်းတို့၏ နေရာခင်းသူ ဟု သမုတ်၏။

ထိုအခါ မထေရ် ရဟန်းတို့အား ''ငါတို့သည် ဤအဓိကရုဏ်းကို အဘယ်အရပ်၌ ငြိမ်းစေကုန်ရာ သနည်း'' ဟု အကြံ ဖြစ်၏။ ထိုအခါ မထေရ် ရဟန်းတို့အား ''ဤဝါလိကာရုံကျောင်းသည် မွေ့လျော် ဖွယ်ရှိ၏၊ အသံနည်း၏၊ မြို့ရွာသံ နည်း၏၊ ငါတို့သည် ဝါလိကာရုံကျောင်း၌ ဤအဓိကရုဏ်းကို ငြိမ်းစေရမူ ကောင်း၏'' ဟု အကြံဖြစ်၏။

၄၅၇။ ထို့နောက် မထေရ်ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်လိုကုန်၍ ဝါလိကာရုံ ကျောင်းသို့ သွားကုန်၏။

ထို့နောက် အသျှင်ရေဝတသည် သံဃာကို သိစေ၏။

http://www.dhammadownload.com



"အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ အကျွန်ုပ်သည် သဗ္ဗကာမိ မထေရ်အား ဝိနည်းကို မေးပါအံ့" ဟု (သိစေ၏)။

အသျှင်သဗ္ဗကာမိသည်လည်း သံဃာကို သိစေ၏။

"ငါ့သျှင်တို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ ရေဝတသည် ဝိနည်းကို မေးလတ်သော် အကျွန်ုပ်သည် ဖြေဆိုအံ့" ဟု (သိစေ၏)။

ထို့နောက် အသျှင်ရေဝတသည် အသျှင်သဗ္ဗကာမိအား—

"အသျှင်ဘုရား သိင်္ဂီလောဏကပ္ပသည် အပ်ပါ၏လော" ဟု လျှောက်၏။

ငါ့သျှင် သိင်္ဂီလောဏကပ္ပ ဟူသည် အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား "ဆားမရှိရာအရပ် (ဆားမပါသော ဘောဇဉ်)၌ သုံးဆောင်ကုန်အံ့" ဟု သားချိုဗူးဖြင့် ဆားကို ဆောင်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်း ဟု (လျှောက်၏)။

သာဝတ္ထိပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏ ဟု (ဆို၏)။
အဘယ်အာပတ်သို့ ရောက်သနည်း ဟု (လျှောက်၏)။

သိုမှီးခြင်းပြု၍ သုံးဆောင်ခြင်းကြောင့် (သင့်သော)ပါစိတ်အာပတ်သို့ ရောက်၏ ဟု (ဆို၏)။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤရှေးဦးစွာသော ဝတ္ထုကို သံဃာသည် ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ရှေးဦးစွာ ဤစာရေးတံမဲကို ချပါ၏။ (၁)

အသျှင်ဘုရား ဒွင်္ဂုလကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် ဒွင်္ဂုလကပ္ပ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား မွန်းလွဲအရိပ်လက်နှစ်သစ် လွန်ချိန်၌ ဘောဇဉ်ကို သုံးဆောင်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်း ဟု (လျှောက်၏)။

ရာဇဂြိုဟ်ပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏ ဟု (ဆို၏)။

အဘယ် အာပတ်သို့ ရောက်ပါသနည်း ဟု (လျှောက်၏)။

မွန်းလွဲချိန်၌ သုံးဆောင်ခြင်းကြောင့် (သင့်သော)ပါစိတ် အာပတ်သို့ ရောက်၏ ဟု (ဆို၏)။

http://www.dhammadownload.com



အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ သံဃာသည် နှစ်ခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ နှစ်ခုမြောက် ဤစာရေးတံမဲကို ချပါ၏။ (၂)

အသျှင်ဘုရား ဂါမန္တရကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် ဂါမန္တရကပ္ပဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား "ယခု ရွာတပါးသို့ သွားအံ့" ဟု ဆွမ်းစားစဉ် ပဝါရိတ် သင့်သော ရဟန်းသည် အတိရိက် ဝိနည်းကံ မပြုပဲ ဘောဇဉ်ကို သုံးဆောင်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်း ဟု (လျှောက်၏)။

သာဝတ္ထိပြည်ဝယ် ပါတိမောက်ကို ဝေဘင်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏ ဟု (ဆို၏)။

အဘယ်အာပတ်သို့ ရောက်ပါသနည်း ဟု (လျှောက်၏)။

အတိရိက်ဝိနည်းကံ မပြုပဲ သုံးဆောင်ခြင်းကြောင့် (သင့်သော)ပါစိတ်အာပတ်သို့ ရောက်၏ ဟု (ဆို၏)။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ သံဃာသည် သုံးခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ သုံးခုမြောက် ဤစာရေးတံမဲကို ချပါ၏။ (၃)

အသျှင်ဘုရား အာဝါသကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် အာဝါသကပ္ပဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား ကျောင်းများစွာတို့သည် တသိမ်ထည်း ဖြစ်ကုန်၏၊ အသီးအသီး ဥပုသ်ပြုရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်း ဟု (လျှောက်၏)။

ရာဇဂြိုဟ်ပြည်ဝယ် ဥပေါသထက္ခန္ဓက၌ ပယ်တော်မူ၏ ဟု (ဆို၏)။

အဘယ်အာပတ်သို့ ရောက်ပါသနည်း ဟု (လျှောက်၏)။

ဝိနည်းကို လွန်ကျူးခြင်းကြောင့် (သင့်သော)ဒုက္ကဋ် အာပတ်သို့ ရောက်၏ ဟု (ဆို၏)။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ လေးခုမြောက် ဤဝတ္ထုကို သံဃာသည် ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ လေးခုမြောက် ဤစာရေးတံမဲကို ချပါ၏။ (၄)

အသျှင်ဘုရား အနုမတိကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။

http://www.dhammadownload.com



ငါ့သျှင် အနုမတိကပ္ပ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား "ကြွလာသော ရဟန်းတို့ကို ခွင့်ပြုစေကုန်အံ့" ဟု ဝဂ်ဖြစ်သော သံဃာသည် ကံပြုရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်း ဟု (လျှောက်၏)။

စမ္ပေယျက္ခန္ဓက ဝိနယဝတ္ထု၌ ပယ်တော်မူ၏ ဟု (ဆို၏)။

အဘယ်အာပတ်သို့ ရောက်ပါသနည်း ဟု (လျှောက်၏)။

ဝိနည်းကို လွန်ကျူးခြင်းကြောင့် (သင့်သော)ဒုက္ကဋ အာပတ်သို့ ရောက်၏ ဟု (ဆို၏)။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ငါးခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ငါးခုမြောက် ဤစာရေးတံမဲကို ချပါ၏။ (၅)

အသျှင်ဘုရား အာစိဏ္ဏကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် အာစိဏ္ဏကပ္ပ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား ငါ၏ ဥပဇ္ဈာယ်သည် ဤအမှုကို လေ့ကျက်၏၊ ငါ၏ ဆရာသည် ဤအမှုကို လေ့ကျက်၏ ဟု ထိုအမှုကို လေ့ကျက်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် အချို့ အာစိဏ္ဏကပ္ပသည် အပ်၏၊ အချို့ အာစိဏ္ဏကပ္ပသည် မအပ် ဟု (ဆို၏)။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာသည် ခြောက်ခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ခြောက်ခုမြောက် ဤစာရေးတံမဲကို ချပါ၏။ (၆)

အသျှင်ဘုရား အမထိတကပ္ပသည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် အမထိတကပ္ပ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား နို့ရည်သဘောကိုလည်း စွန့်၊ နို့ဓမ်းသဘောသို့လည်း မရောက်သော နို့ရည်ကို ဆွမ်းစားစဉ် ပဝါရိတ် သင့်သော ရဟန်းသည် အတိရိက် ဝိနည်းကံ မပြုပဲ သောက်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်း ဟု (လျှောက်၏)။

သာဝတ္ထိပြည်ဝယ် ပါဝိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏ ဟု (ဆို၏)။

အဘယ်အာပတ်သို့ ရောက်ပါသနည်း ဟု (လျှောက်၏)။

အတိရိတ် ဝိနည်းကံ မပြုပဲ သုံးဆောင်ခြင်းကြောင့် (သင့်သော)ပါစိတ် အာပတ်သို့ ရောက်၏ ဟု (ဆို၏)။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာသည် ခုနစ်ခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ခုနစ်ခုမြောက် ဤစာရေးတံမဲကို ချပါ၏။ (၇)

http://www.dhammadownload.com



အသျှင်ဘုရား ဇဠောဂီကို သောက်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် ဇဠောဂီ ဟူသည်ကား အဘယ်နည်း ဟု (မေး၏)။

အသျှင်ဘုရား အဆောက်အဦဖြင့် စီရင်ထားသော အရက်အဖြစ်သို့ မရောက်သေးသော သေရည်နုကို သောက်ရန် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်း ဟု (လျှောက်၏)။

ကောသမ္ဗီပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏ ဟု (ဆို၏)။

အဘယ်အာပတ်သို့ ရောက်ပါသနည်း ဟု (လျှောက်၏)။

သေရည်အရက်ကို သောက်သောကြောင့် (သင့်သော)ပါစိတ် အာပတ်သို့ ရောက်၏ ဟု (ဆို၏)။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ရှစ်ခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ရှစ်ခုမြောက် ဤစာရေးတံမဲကို ချပါ၏။ (၈)

အသျှင်ဘုရား အဆာအမြိတ် မရှိသော နိသီဒိုင်သည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်း ဟု (လျှောက်၏)။

သာဝတ္ထိပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏ ဟု (ဆို၏)။

အဘယ် အာပတ်သို့ ရောက်ပါသနည်း ဟု (လျှောက်၏)။

ဆေဒနက ပါစိတ် အာပတ်သို့ ရောက်၏ ဟု (ဆို၏)။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာသည် ကိုးခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်ပြီ၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်းမဟုတ် မြတ်စွာဘုရား အဆုံးအမမှ ကင်း၏၊ ကိုးခုမြောက် ဤစာရေးတံမဲကို ချပါ၏။ (၉)

အသျှင်ဘုရား ရွှေငွေသည် အပ်ပါ၏လော ဟု (လျှောက်၏)။

ငါ့သျှင် မအပ် ဟု (ဆို၏)။

အဘယ်အရပ် အဘယ်သိက္ခာပုဒ်၌ ပယ်တော်မူပါသနည်း ဟု (လျှောက်၏)။

ရာဇဂြိုဟ်ပြည်ဝယ် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏ ဟု (ဆို၏)။

အဘယ် အာပတ်သို့ ရောက်ပါသနည်း ဟု (လျှောက်၏)။

ရွှေငွေကို ခံယူသောကြောင့် (သင့်သော) ပါစိတ်အာပတ်သို့ ရောက်၏ ဟု (ဆို၏)။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ သံဃာသည် ဆယ်ခုမြောက် ဤဝတ္ထုကို ဆုံးဖြတ်အပ်၏၊ ဤအကြောင်းကြောင့်လည်း ဤဝတ္ထုသည် တရားမဟုတ်၊ ဝိနည်း မဟုတ်၊ မြတ်စွာဘုရားအဆုံးအမမှ ကင်း၏၊ ဆယ်ခုမြောက် ဤစာရေးတံမဲကို ချပါ၏။ (၁၀)

http://www.dhammadownload.com



အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ သံဃာသည် ဤဝတ္ထုဆယ်မျိုးတို့ကို ဆုံးဖြတ်အပ်ပြီ၊ "ဤအကြောင်းကြောင့်လည်း ဤဝတ္ထုတို့သည် တရားမဟုတ်ကုန်၊ ဝိနည်း မဟုတ်ကုန်၊ မြတ်စွာဘုရား အဆုံးအမမှ ကင်းကုန်၏" ဟု သိစေ၏။

၄၅၈။ ငါ့သျှင်တို့ ဤအဓိကရုဏ်းကို နုတ်အပ်ပြီ၊ ငြိမ်းစေအပ်ပြီ၊ အထူး ငြိမ်းစေအပ်ပြီ၊ ကောင်းစွာ အထူးငြိမ်းစေအပ်ပြီ၊ သို့ဖြစ်သော်လည်း ငါ့သျှင် သင်သည် ငါ့ကို သံဃာ့ အလယ်၌လည်း ဤဝတ္ထုဆယ်မျိုးတို့ကို ထိုရဟန်းတို့ကို သိစေခြင်းငှါ မေးဦးလော့ ဟု မိန့်ဆို၏။ ထိုအခါ အသျှင်ရေဝတသည် အသျှင်သဗ္ဗကာမီကို သံဃာ့အလယ်၌လည်း ဤဝတ္ထုဆယ်မျိုးတို့ကို မေးလျှောက်၏၊ မေးတိုင်း မေးတိုင်း အသျှင်သဗ္ဗကာမီသည် ဖြေဆို၏။ ဤဝိနယသင်္ဂါယနာတင်ရာ၌ အလျော့အပိုအလွန်မရှိကုန်သော ရဟန်း ခုနစ်ရာတို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် ဤဝိနယသင်္ဂါယနာကို "သတ္တသတိကသင်္ဂါယနာ" ဟူ၍ ဆိုအပ်၏။

ဒွါဒသမသတ္တသတိကက္ခန္ဓကပြီး၏။

ဤခန္ဓက၌ ဝတ္ထုတို့သည် နှစ်ဆယ့်ငါးခုတို့တည်း။

---

**ထိုခန္ဓက၏ အကျဉ်းချုပ်——**

ဝတ္ထုဆယ်မျိုးတို့ရင်း ရေဖြင့် ပြည့်စေခြင်းရင်း ပဋိသာရဏီယကံရင်း နောက်လိုက်တမန် ရဟန်းနှင့်အတူ ဝင်ခြင်းရင်း အညစ်အကြေးလေးမျိုးရင်း တဖန် အညစ်အကြေးလေးမျိုးရင်း ရွှေငွေရင်း ဘောသမ္မိပြည်နေ ရဟန်းရင်း ပါဝါပြည်နေ ရဟန်းရင်း။

လမ်းခရီးရင်း သောရေယျမြို့ရင်း သင်္ကဿမြို့ရင်း ကဏ္ဏကုဇ္ဇမြို့ရင်း ဥဒုမ္ဗရမြို့ရင်း သဟဇာတိမြို့ရင်း တိုက်တွန်းခြင်းရင်း ကြားခြင်းရင်း အဘယ်သို့လျှင် ငါတို့ အလွန်အားရှိကုန်မည်နည်း။

သပိတ်ရင်း လှေဖြင့် ဆန်တက်ခြင်းရင်း ရဟန်းအား အဝေးမှ ထင်ရှားဖြစ်ခြင်းရင်း ကြမ်းတမ်းခြင်းရင်း သံဃာရင်း ဝေသာလီပြည်ရင်း မေတ္တာစျာန်ရင်း သံဃာရင်း ဥဗ္ဗာဟိကကမ္မဝါစာရင်း ဤကား အကျဉ်းချုပ်တည်း။

**သတ္တသတိကက္ခန္ဓက ပြီး၏။**

**စူဠဝဂ် ပြီး၏။**

# ရှုဋ္ဌဝဂ်ပါဠိတော်မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

## စူဠဝဂ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အကွဲရာစဉ်


| အကွဲရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကာသုံးမျိုးတို့ကိုကာရံခြင်းငှါ | ၂၈၆ |
| အကုသိုလ်စိတ်ရှိလျက်ငြင်းခုံခြင်း | ၂၁၂ |
| အကွဲရာဝှက်ခြင်း | ၂၂ |
| အကျင့်ပျက်စီးခြင်းဖြင့် | ၄၂၆ |
| အကျင့်အရာ၌ အကျင့်ပျက်ခြင်း | ၉ |
| အကျင့်သိက္ခာကိုလိုလား၏ | ၁၉ |
| အကျိုးထူးသုံးမျိုးတို့ကို | ၃၆၃ |
| အကျိုးမဲ့မပျက်စီးကုန်မီ | ၃၆၇ |
| အကျုံးဝင်သတတ် | ၁၆၆ |
| အကြား၌ရောက်အပ်သော | ၁၇၂ |
| အကြီးအမှူးအရာ၌မထားရ | ၁၀ |
| အကြွင်းရှိသောအာပတ် | ၃၇၄ |
| အခင်းသုံးမျိုးတို့ကို | ၂၆၁ |
| အချင်းချင်းကုစားစေကုန်မှု | ၂၃၄ |
| အခြားလမ်းဖြင့်လွှတ်လိုက်၏ | ၃၅၈ |
| အခြေအမြစ်မရှိသော | ၁၉၁ |
| အပ်ချုပ်သမားသူဆင်းရဲ | ၃၁၂ |
| အဂ္ဂဠမြို့မှ | ၅၀၂ |
| အဂ္ဂသမေဓာခနပရိဝါသ | ၁၁၁ |
| အင်္ဂါဇာတ်မပါသော | ၃၆၃ |
| အင်္ဂါဇာတ်ကိုပြသကဲ့သို့ | ၂၄၆ |
| အင်္ဂါဇာတ်ကိုဖွင့်၍ | ၄၅၃ |
| အငှါးပစ္စည်းနှင့်တူ၏ | ၆၄ |
| အငြိမ်းဓာတ်လျော့ခြင်း၊ပြည့်ခြင်း | ၄၂၃ |
| အစာခ ့ ပါး၏ | ၃၃၃ |
| န်းသုံးပါးမှစင်ကြယ်၏ | ၃၆၅ |
| ာတလျင်ဝင်၏ | ၃၇၉ |
| တကေသကမ္ဗလသည် | ၂၄၅ |
| ဉ်အကြေးတို့တည်း | ၄၉၆ |

| အကွဲရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အတုလိုက်၍ပြုသောဒေဝဒတ် | ၃၇၀ |
| အတ္တဘောကြီးမားသော | ၄၂၁ |
| အတွင်းနံရံအကျည်စွန်း | ၂၄၈ |
| အတွန့်များစွာချ၍ဝတ်ဆင်ခြင်း | ၂၈၁ |
| အတိုင်းအရှည်ရှိသော | ၁၆၇ |
| အတိုးပေးကုန်၏ | ၄၅၉ |
| အထူးယုတ်မာသော | ၂၀၁ |
| အဓိကရုဏ်းတို့သည်လေးမျိုးရှိကုန်၏ | ၂၀၇ |
| အဓမ္မစောဒကရဟန်း | ၄၃၈ |
| အဓမ္မဝါဒီပုဂ္ဂိုလ် | ၁၈၁ |
| အဓမ္မဝါဒီသံဃာ | ၁၈၁ |
| အနာထပိဏ်သူဌေး | ၃၇ |
| အနာဝသေသအာပတ် | ၂၀၈ |
| အနုပိယမည်သော | ၃၄၁ |
| အနုမောဒနာပြုခြင်းငှါ | ၃၈၄ |
| အနုဝါဒါဓိကရုဏ်း | ၂၀၈ |
| အနုဿဝိယကာံကိုဆည်းပူး၏ | ၃၅၉ |
| အန္တရာယ်မရှိပဲ | ၈၄ |
| အန္တရာယ်ဆယ်ပါးတို့တွင် | ၄၃၀ |
| အပွင့်ဆွနွမာနတ် | ၉၉ |
| အပိုင်းအခြားမရှိခြင်း | ၉ |
| အဖကိုသတ်၍မင်းဖြစ်လော့ | ၃၅၅ |
| အဖွားသေခြင်းကြောင့် | ၃၂၄ |
| အဖျင်းဖျင်းပြောဆို၏ | ၂၀၁ |
| အဖိုးထိုက်သောကမ္ဗလာ | ၃၃၁ |
| အမ္ဗာန်သွင်းလျက် | ၁၃ |
| အဘယမင်းသားမွေးစားသော | ၂၅၆ |
| အမှုသစ်ကိုပေးကုန်၏ | ၃၂၈ |
| အမှုဋ္ဌဝိနည်း | ၂၂၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အမည်တူအာပတ်တို့ကို | ၁၆၄ |
| အမည်သဘောတူသော | ၁၆၇ |
| အမိုက်ကဲ့သို့ဖြစ်သော | ၄၁၉ |
| အမိုးငါးမျိုးကို | ၃၀၆ |
| အမျိုးချွေးမ | [illegible] |
| အယူဝါဒပျက်စီးခြင်း | [illegible] |
| အယူပျက်စီးခြင်းကြောင့် | ၄၂၇ |
| အရံ အရံရှာ | ၃၂၅ |
| အရံအတွင်းသို့ဝင်ကုန်၏ | ၃၇၉ |
| အရည်ကင်ခုတင် | ၈၇ |
| အရသာကြောတို့မစင်ကြယ် | ၂၈၂ |
| အရိဋ္ဌအမည်ရှိသောရဟန်း | ၆၃ |
| အရိအရွဲယို၏ | ၂၁၂ |
| အရေပါးကိုတပ်စွန်းစေလျက် | ၂၃၇ |
| အရင်းသို့င်ထိုက်သော | ၈၃ |
| အရင်းသို့င်လျက် | ၁၃ |
| အရှက်တက်သောအာပတ် | ၁၆၆ |
| အရိုးတပ်ဒသာခေါးငယ် | ၂၅၀ |
| အရှုံးမပေးလင့် | ၄ |
| အလဇ္ဇီရဟန်းယုတ် | ၂၀ |
| အလေ့အထပင် | ၂၅ |
| အလွန်အားရှိသူ | ၂ |
| အလွန်တွေဝေသော | ၁၉၄ |
| အလွန်ယုတ်မာ၏ | ၃၆၃ |
| အဝတ်မပါသောရဟန်းကို | ၂၅၉ |
| အဝတ်မပါပဲပက်လက်အိပ်နေ၏ | ၃၈၇ |
| အဝန္တိဒက္ခိဏပထတိုင်းသား | ၅၀၀ |
| အဝတ်ကြွက်သောရေစစ် | ၂၅၅ |
| အဝတ်ကြမ်းဖြင့်သုတ်ရမည် | ၃၈၀ |
| အဝန်းသုံးပါးကို | ၃၉၀ |
| အသပြာစွန်းချင်းထိအောင် | ၃၁၁ |
| အသက်မွေးမှုပျက်စီးခြင်း | ၄၂၇ |
| အဿဇိပုနဗ္ဗသုကရဟန်း | ၃၃ |
| အသျှင်ဥဒါယီ | ၉၉ |
| [ အ ] | |
| အသျှင်ဥပနန္ဒသည် | ၃၂၂ |
| အသျှင်ဒဗ္ဗသည် | ၁၈၅ |
| အသျှင်ပိဏ္ဍောလဘာရဒွါဇသည် | ၂၄၅ |
| အသျှင်သာဠှ၏ | ၅၀၅ |
| အသျှင်သုဓမ္မ | ၃၇ |
| အဟောဂင်္ဂါမည်သောတောင်၌ | ၅၀၁ |
| အိတ်တို့ကိုဆွဲချိတ်ကုန်၏ | ၃၀၃ |
| အိပ်မက်နှင့်တူကုန်၏ | ၆၄ |
| အိပ်ရာနေရာခင်းသူ | ၁၈၆ |
| အိပ်ရာအပိုင်းအခြားဖြင့် | ၃၂၀ |
| အိမ်တို့၌တောင်း၍တောင်း၍စား၏ | ၃၆၃ |
| အိမ်ဝန်းကြီးကိုပေးရမည် | ၃၃၅ |
| အုတ်အုတ်ကျက်ကျက်ဖြစ်၏ | ၃၁၈ |
| အိုးကင်းဖြင့်ဆွမ်းခံကုန်၏ | ၂၅၀ |
| အိုး၌မီးထွန်း၍ခိုးတတ်သော | ၄၄၇ |
| အုံးနှီနှစ်ဖက်ရှိနေရာ | ၃၂၄ |
| အူနီမည်သောရောဂါမျိုး | ၄၄၈ |
| အင်းပျဉ်ခုံရှည်တည်း | ၁၈၇ |
| အောက်မေ့စေရမည် | ၃ |
| [ အာ ] | |
| အာဂန္တုကဘတ် | ၃၆ |
| အာဂန္တုရဟန်းတို့နှင့် | ၂၅ |
| အာဇီဝကတပည့် | ၂၇၂ |
| အာဏာဖောက်ပျက်ခြင်းကို | ၃၆၄ |
| အာပတ်ကိုမဂရုစားပဲ | ၄၅၁ |
| အာပတ်အချို့ကိုသိ၏ | ၁၆၁ |
| အာပတ္တာဓိကရုဏ်း | ၂၃၁ |
| အာယုကပ်ပတ်လုံး | ၄၈၈ |
| အာယုကပ်ပတ်လုံးတည်လတ္တံ့ | |
| အာယောဂပတ်ဖွဲ၍ | |
| အာဝါသကပွဲသည်၌ | |
| အာသဝေါတရားမရှိပဲ | |

http://www.dhammadownload.com




| အကွရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဋ ]** | |
| ဋစ္ဆာတရားတို့၏အလိုသို့ | ၃၂၆ |
| ဋရိယာပုထ်နှင့် | ၂၂ |
| ဋရိယာပုထ်နှင့်ပြည့်စုံစွာ | ၂၉၅ |
| ဋသိဂိလိတောင်နံပါး | ၁၈၇ |
| **[ ဣ ]** | |
| ဣအကပ္ပိယဘဏ္ဍာကား | ၃၂၄ |
| ဣအကြောင်းရင်းသုံးမျိုး | ၂၁၀ |
| ဣစကားကိုစောင့်စည်းလော့ | ၃၈၄ |
| ဣစိတ္တသူကြွယ် | ၆၃ |
| ဣမြေမင်းလေးမျိုးတို့ကို | ၂၄၃ |
| ဣသာသနာတော်၌ | ၁၄၆ |
| ဣသိက္ခာစဉ်ရှိခြင်း | ၄၂၂ |
| ဣသို့မဖြေရှင်းကြကုန် | ၂၆၅ |
| **[ ဥ ]** | |
| ဥကွေပနီယကံ | ၄၅ |
| ဥတုနှီးသက်နှံးကို | ၄၆၃ |
| ဥတေနမင်း၏မောင်းမ | ၄၉၀ |
| ဥဒုမ္ဗရမြို့သို့ | ၅၀၂ |
| ဥဒ္ဒေသဘတ်ကိုရင်း | ၃၃၃ |
| ဥဒေါင်းမြီးဖြင့် ပြီးသောယပ် | ၂၇၂ |
| ဥပစာမရှိဖြစ်၏ | ၃၀၃ |
| ဥပစာသိမ်ပ၌ | ၃၂၂ |
| ဥပဇ္ဈာယ်ဆရာတို့၌ | ၃၉၆ |
| ဥပဇ္ဈာယ်တို့အဘို့ | ၃၁၃ |
| ဥပဓိကိလေသာမရှိသော | ၃၀၈ |
| ဥပပတ်သတ္တဝါအား | ၂၄၄ |
| ဥပဝါဋ္ဋရဟန်းသည် | ၂၀၁ |
| ဥပါလိကိုခေါ်၍ | ၃၄၅ |
| ဥပါသကာတို့ဟူ၍ | ၃၅၈ |
| ဥပါသကာသည်သံဃာကိုမခွဲနိုင် | ၃၇၄ |
| ဥပေါသထိကဘတ်ကိုရင်း | ၃၃၃ |
| ဥပုသ်အိမ်သို့ရင်း | ၃၃၁ |
| **[ ဥ ]** | |
| ဥပုသ်ကိုဆိုင်းငံ့၍မထားရ | ၁၀ |
| ဥပုသ်မပြုတော့အံ့ | ၄၂၄ |
| ဥဗ္ဗာဟိကကမ္မဝါစာ | ၂၁၉-၅၀၉ |
| ဥဘတောဗျည်း | ၄၆၃ |
| ဥဘတောဝိဘင်း | ၂၂၁ |
| ဥယျာဉ်ကိုအရံပြုလုပ်ရန် | ၃၁၁ |
| ဥရုဝေလကဿပသည် | ၂၈၉ |
| **[ ဦး ]** | |
| ဦးကင်းကိုပွတ်သပ်တော်မူလျက် | ၃၆၂ |
| ဦးခေါင်းခြုံလျက်လည်း | ၃၇၉ |
| ဦးခေါင်းဆေးလျော်ပြီးသော | ၄၄၇ |
| ဦးခေါင်းထက်၌ဖြန့်ကြပြီးလျှင် | ၃၆၃ |
| ဦးချိကမှတ်သားကိုရင်း | ၂၈၁ |
| ဦးချိခေါးရိုး | ၂၅၁ |
| ဦးစွာဆိုလေ့ရှိကုန်၏ | ၂၃ |
| ဦးဆောက်ပန်းကိုပြုကုန်၏ | ၂၁ |
| **[ ေ ]** | |
| ကေသိကိုစမ္မယ်တင်၍ | ၁၂၆ |
| ငြိမ်းနေသောရဟန္တာပုဂ္ဂိုလ် | ၃၀၈ |
| ရေပထမြေမင်းမျိုး | ၂၄၃ |
| ဓေသာအခါဖြစ်မှု | ၃၈၁ |
| **[ ဩ ]** | |
| ဩဇာညောင်းသူဖြစ်၏ | ၃၁၀ |
| ဩဝါဒကိုတန့်ထားရန် | ၅၅၄ |
| ဩဝါဒမပေးရ | ၁၈ |
| **[ ဪ ]** | |
| ဪချမ်းသာလေစွ | ၁၄၅ |
| **[ က ]** | |
| ကကုဓနတ်သားအား | ၃၄၇ |
| ကဏှပက္ခနဝက | ၁၈၂ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကဏှာဂေါတမမြေမင်း | ၂၄၃ |
| ကတိကဝတ်ကိုပြောရမည် | ၃၈၃ |
| ကနုတ်မရှိ | ၂၈၇ |
| ကနုတ်ဖြင့်မသုတ်အပ် | ၃၉၅ |
| ကမ္မဝါစာကံဖြင့် | ၁၆၇ |
| ကလျာဏဘတ္တိကဒါယကာ | ၁၈၈ |
| ကပ္ပိခြင်းငါးမျိုး | ၂၄၃ |
| ကပေါတခြောက် | ၁၈၇ |
| ကမ္ဗတ်သီးကိုင်း | ၂၈၁ |
| ကသယ်မှုန့်ကိုပေးရမည် | ၄၀၂ |
| ကာကဏ္ဍကပုဏ္ဏား၏သား | ၄၉၅ |
| ကာယဂတာသတိဖြင့် | ၄၈၃ |
| ကိစ္စာဓိကရုဏ်း | ၂၃၆ |
| ကိလေသာမိုးစွတ်သော | ၄၁၉ |
| ကိဋ္ဌာဂိရိမှနှင်ထုတ်မှု | ၃၃ |
| ကိဋ္ဌာဂိရိဇနပုဒ် | ၂၁ |
| ကုစား၍မရနိုင် | ၃၇၀ |
| ကုဋ္ဌမည်သောပုဏ္ဏားမျိုးရဟန်းညီနောင် | ၂၈၄ |
| ကုသိုလ်စိတ်ရှိလျက်ငြင်းခုံကုန်၏ | ၂၁၂ |
| ကောကနဒမည်သောပြာသာဒ် | ၂၆၈ |
| ကောသမ္ဗီပြည်သို့ | ၃၄၆ |
| ကောဋ္ဌိယမင်းသား | ၃၄၇ |
| ကံမှထွက်မြောက်ကြောင်း | ၁၀ |
| ကားပေါင်၏အတွင်းဘက် | ၂၅၂ |
| ကင်းသန်းမြေ | ၂၄၄ |
| ကတ်ကျေးဖြင့်ဆံပင်တို့ကိုမဖြတ်အပ် | ၂၇၈ |
| ကန်သင်းဖွဲ့သကဲ့သို့ | ၄၄၈ |
| ကမ်းကိုမလွန်ခြင်း | ၄၂၀ |
| ကိန်းအောင်းခြင်းငါးရင်း | ၂၉၇ |
| ကောက်မှော်သဲ့ခြင်း | ၃၇၈ |
| ကောက်ရိုးအင်းပျဉ် | ၂၉၉ |
| ကောင်းရာဂတိရှိကုန်၏ | ၃၁၅ |
| ကိုယ်ခာ်တရော်ရှိခြင်း | ၃၀၇ |
| ကိုယ်ချင်းပွတ်တိုက်၍ | ၂၃၉ |
| ကိုယ်တိုင်ကောက်ယူ၍စားခြင်းငှါ | ၂၇၆ |
| ကိုယ်တိုင်ယူသောအဓိကရုဏ်း | ၄၃၅ |
| ကိုးပါးထက်လွန်သောရဟန်း | ၃၇၃ |
| ကိုယ်ဝန်ကိုကျစေ၏ | ၄၆၀ |
| ကျိသို့ဆောင်ခြင်း | ၃၇၈ |
| ကျူဓားရိုး | ၂၅၁ |
| ကျူသီးသည်ကျူပင်ကို | ၃၅၁ |
| ကျေးဇူးကိုချေဖျက်တတ်၏ | ၂၁၀ |
| ကျားကွက်ဖော်ထားသော | ၂၃၈ |
| ကျင်ငယ်စွန့်ရန်ခြေနင်းခုံ | ၂၈၆ |
| ကျင့်စဉ်ပဋိပဒါရှိခြင်း | ၄၂၂ |
| ကျဉ်းမြောင်းရာ၌အနာဖြစ်၏ | ၂၇၇ |
| ကျည်းသားရိုက်ခြင်း | ၂၂ |
| ကျပ်ဒင်္ဂါးကိုရင်း | ၄၉၅ |
| ကျောက်ခဲလေးလုံးတို့၌ | ၃၈၄ |
| ကျောက်နက်ဂူ | ၁၈၇ |
| ကျောက်မျက်သပိတ် | ၂၄၆ |
| ကျောင်းအပိုင်းအခြားဖြင့် | ၃၂၁ |
| ကျောင်းဦးဆင်ဝင်နှင့်တကွ | ၃၂၄ |
| ကျောင်းကိုပညတ်တော်မမူရသေး | ၂၉၅ |
| ကျောင်းယူစေသောရဟန်း | ၃၂၁ |
| ကျိုးနွံတုပ်ဝပ်မှုမရှိပဲ | ၂၀၈ |
| ကျိုးယောင်ကန်းယောင် | ၂၂ |
| ကြာမြင့်စွာမတည်တန့်နိုင် | ၄၄၇ |
| ကြာချပ်သင်္ကန်းဆူးထသော | ၂၇၀ |
| ကြိုးပွါးကြောင်းသာဖြစ်၏ | ၂၆၆ |
| ကြေးနီသပိတ်ကိုမဆောင်အပ် | ၂၄၇ |
| ကြေးသံဓားရိုး | ၂၅၁ |
| ကြေးအိုးစရည်း | ၃၂၆ |
| ကြက်သွန်ဖြူကိုစားခဲ့၏ | ၂၈၆ |
| ကြမ်းတမ်းပါကုန်၏ | ၂၈ |
| ကြွေးကြော်ကုန်၏ | ၄၆၁ |
| ကြိမ်ခက်သောညောင်စောင်း | ၂၉၈ |
| ကြောင်လည်ခန်းကိုရင်း | ၃၀၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ခ ] | |
| ခရီးဦးမကြိုဆို | ၅၉ |
| ခရီးသွားအံ့ဆဲဆဲဖြစ်သော | ၄၅၇ |
| ခရှသင်းဓားရိုး | ၂၅၁ |
| ခါ့မျောက့်ဆင်ဟူသော | ၃၁၄ |
| ခုဒ္ဒကဝတ္ထုမျာ: | ၂၃၄ |
| ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ် | ၄၈၅ |
| ခုနစ်လတိုင်အောင်ဆိုင်းငံ့လော့ | ၃၄၃ |
| ခဲပုပ်သပိတ်ကိုမဆောင်အပ် | ၂၄၇ |
| ခဲမဖြူသပိတ် | ၂၄၇ |
| ခါးစည်းကြိုးကိုဆောင်ကုန်၏ | ၂၃၉ |
| ခါးတောင်းကျိုက်၍ | ၂၈၂ |
| ခါးထောက်၍မသွားအပ် | ၃၈၆ |
| ခါး၌မြွေကိုပတ်၍ | ၃၄၇ |
| ခါးပန်းကြိုး၏အမြိတ်အဆာ | ၂၈၀ |
| ခွေး၏နှာခေါင်း၌ | ၃၅၀ |
| ခက်ထန်ပါကုန်၏ | ၂၈ |
| ခွင့်မတောင်းရ | ၁၀ |
| ခေါင်းပါးမှုကိုကြည်ညိုကြစမြဲ | ၃၆၄ |
| ခေါက်ရိုးမကျိုးပါစေလင့် | ၃၉၇ |
| ခိုင်မြဲစွာယူတတ်သော | ၂၀၉ |
| ခိုနန်းထားကာမျှဖြင့် | ၃၂၈ |
| ခိုးသူအန္တရာယ်ကြောင့် | ၄၃၀ |
| ခိုးသူပစ်ချရာချောက် | ၁၈၇ |
| ချေဖျက်ခြင်းသဘော | ၁၆၆ |
| ချက်ထားတိုင်းသောပအုံးရည် | ၁၈၈ |
| ချမ်းသာခြင်းငှါရင်း | ၂၉၇ |
| ချွင်းချက်ရှိသောအာပတ် | ၃၇၄ |
| ချိတ်ဓားရိုး | ၂၅၁ |
| ချုပ်ခြင်းသဘောရှိ၏ | ၃၆၉ |
| ချောက်ချားဖြောင်းအံ့ | ၂၃၁ |
| ချောင်းဟန့်တော်မူ၏ | ၃၁၃ |
| ခြူးပန်းခြယ်လှယ်ခြင်း | ၂၆၁ |
| ခြေပွတ်အိုးခြမ်းကို | ၃၉၇ |
| ခြေပွတ်သုံးမျိုး | ၂၇၁ |
| ခြေသုတ်ကြိုးဝန်း | ၄၉၁ |
| ခြင်နှင်ယပ် | ၂၇၁ |
| ခြိမ်းခြောက်မှု 'တဇ္ဇနိယ' ကံ | ၄ |
| ခြောက်ဆယ်သောကျောင်းတို့ကို | ၂၉၆ |
| ခြောက်ညဥ့်ပတ်လုံး | ၁၀၀ |
| [ ဂ ] | |
| ဂဂ္ဂရဟန်းသည်ရှုးသွပ်၏ | ၁၉၃ |
| ဂယာသီသအရပ်သို့ | ၃၆၇ |
| ဂရုကအာပတ်သို့ | ၂၂၉ |
| ဂရုခံရှစ်ပါးတို့ကို | ၄၄၅ |
| ဂါမခေတ်နှစ်ခုသုံးခုလောက် | ၃၄၇ |
| ဂါမန္တရကပ္ပသည် | ၅၀၃ |
| ဂိဇ္ဈကုဋ်တောင်၌ | ၁၈၇ |
| ဂေါမိအမျိုးသားသည် | ၃၅၃ |
| ဂေါ်လီကစားခြင်း | ၂၂ |
| ဂွေနီချယ်ခြင်းတို့ကို | ၃၀၁ |
| ဂွေးဖြင့်အချောကိုင်ခြင်း | ၂၅၃ |
| ဂုဏ်တုဂုဏ်ပြိုင်ပြုတတ်၏ | ၂၀၉ |
| ဂျမ်းထိုးခြင်း | ၂၂ |
| [ င ] | |
| ငါ၏သီလသည်စင်ကြယ်၏ | ၃၆၀ |
| ငါဒေဝဒတ်တည်း | ၃၄၇ |
| ငါပညတ်ထားသောသိက္ခာပုဒ် | ၄၂၂ |
| ငါဘုရားအားသေးကိုဖြစ်စေ၏ | ၄၅၉ |
| ငါးအမဲကိုမစားပါစေကုန်လင့် | ၃၆၄ |
| ငါ့ကိုမသိပါစေလင့် | ၈၄ |
| ငါးပါးသီလ၌တည်စေ၏ | ၃၁၅ |
| ငါးမြီးကဲ့သို့ချ၍ | ၂၈၁ |
| ငါးမျိုးသောဘဏ္ဍာ | ၃၂၅ |
| ငွေကိုဆောင်ကုန်လော့ | ၃၁၁ |
| ငွေသပိတ်ကိုမဆောင်အပ် | ၂၄၆ |
| ငန်သောအရသာတပျိုးတည်းသာ | ၄၂၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ င ] | |
| ငိုကြွေးလျက် | ၄၄၃ |
| ငိုလျက်ရပ်၏ | ၃၆၈ |
| ငိုသောထိုမာတုဂါမတို့၏ | ၄၈၇ |
| ငှက်ပျော့ပင်သည်မိမိကိုယ်ကို | ၃၅၁ |
| ငြင်းခုံခြင်းအကြောင်းရင်း | ၂၀၉ |
| [ စ ] | |
| စက်သီးကိုရှင်း | ၂၆၀ |
| စင်ကြယ်ခြင်းအဆုံးရှိသော | ၁၄၉ |
| စကြံ့မလျှောက်ရ | ၉၃ |
| စကြံ့ဝရံတာကိုခွင့်ပြု၏ | ၂၅၆ |
| စကြောခြင်ပိတ်တပ်သော | ၂၆၂ |
| စတုက္ကဘတ်ကို | ၁၈၈ |
| စတုဝဂ်သံဃာ | ၈၁ |
| စန္ဒကူးနံ့သာတုံးကိုရ၏ | ၂၄၄ |
| စမွယ်သောမိန်းမ | ၂၂ |
| စမြို့ပြန်တတ်၏ | ၂၇၅ |
| စလွယ်ကိုဆောင်ကုန်၏ | ၂၃၉ |
| စဉ္စသပိတ်ကိုမဆောင်အပ် | ၂၄၇ |
| စာရေးတံမဲယူပြီး | ၂၀၀ |
| စာရင်းစစ်အမတ်ကြီးများကဲ့သို့ | ၂၇၂ |
| စာမရှိသားမြီးယပ်ကို | ၂၇၁ |
| စီခြင်းသုံးမျိုးဘိုကို | ၂၅၃ |
| စုဆောင်းပါ၏လော | ၄၃၇ |
| စုတေခါနီးသော် | ၄၅၉ |
| စားဖတ်အရိုးလုဘ်ဆေးရေ | ၂၅၀ |
| စားသောက်ဖွယ်ကို | ၄၆၂ |
| စေ့စပ်စွာရှုစေကုန်၏ | ၁၈၂ |
| စေတနာနှင့်စေ့ဆော်၍ | ၉၉ |
| စောဒကရဟန်းသည် | ၄၃၆ |
| စွဲလမ်းမှုကင်းခြင်းငှါ | ၄၅၀ |
| စွန့်သော်လည်း စွန့်ရာမရောက် | ၃၂၅ |
| စွမ်းရည်မရှိသောရဟန်း | ၄၅၇ |
| စစ်သိမ်ပန်း(လန်ဘူးပန်း) | ၄၄၇ |
| [ စ ] | |
| စဉ်းတီတုံးနှင့်တူကုန်၏ | ၆၄ |
| စည်းဝေးရာသို့ရှင်း | ၃၃၁ |
| စိတ်ပျံ့လွင့်သူဖြစ်၏ | ၁၆၄ |
| စိတ်ဖောက်ပြန်၏ | ၂၂၇ |
| စုဘ်ခတ်ရေးခြင်း | ၂၂ |
| စိုးရိမ်ခြင်းမရှိသောထိုပုဂ္ဂိုလ် | ၃၄၆ |
| [ ဆ ] | |
| ဆံပင်ဖြူကိုမနုတ်အပ် | ၂၇၈ |
| ဆတ္တာသည်ဥပါလိလျှင် | ၃၄၄ |
| ဆန္ဒပေးသောရဟန်း | ၂၁၇ |
| ဆန္ဒရဟန်းအား | ၄၅ |
| ဆရာငါးဦးတို့ | ၃၄၈ |
| ဆရာတို့အဖို့ဖြစ်လတ္တံ့ | ၃၁၃ |
| ဆေးရောင်စုံအရေးအကြောင်း | ၃၀၁ |
| ဆဗ္ဗာပတ္တာမြွေမင်းမျိုး | ၂၄၃ |
| ဆင်စွယ်ဥ္စရှင်း | ၂၄၉ |
| ဆင်တို့သည်လိုက်ကုန်၏ | ၂၈၃ |
| ဆင်နှာမောင်းကဲ့သို့ချ၍ | ၂၈၁ |
| ဆင်သည်ညှဉ်းဆဲအပ်လတ္တံ့ | ၃၆၂ |
| ဆင်းရဲများကုန်၏ | ၆၅ |
| ဆန်ကွဲထမင်းဖြင့် | ၁၈၉ |
| ဆန့်ကျင်ဖက်ပြောကြားခြင်း | ၄၃၆ |
| ဆယ်ရက်ဖုံးလွှမ်းအပ်သော | ၁၃၁ |
| ဆွဲကိုင်ရာလက်တန်း | ၂၅၃ |
| ဆွမ်းကိုလှူလိုသလော | ၃၈၈ |
| ဆွမ်းခံရွာကိုမေးရမည် | ၃၈၀ |
| ဆွမ်းအုပ်ငါးရာတို့ကို | ၃၅၀ |
| ဆွမ်းစားစရပ်၌ကျင့်ဝတ် | ၃၈၅ |
| ဆွမ်းညွှန်းရဟန်း | ၃၃၃ |
| ဆိတ်ငြိမ်ရာ၌မွေ့လျော်ကုန်၏ | ၃၁၀ |
| ဆောက်လုံးသဏ္ဌာန် | ၂၈၀ |
| ဆောင်လည်း ဆောင်တတ်၏ | ၃၇၀ |
| ဆောင့်ကြောင့်ထိုင်ကာ | ၁၂ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဆ ] | |
| ဆောင်းဥတု နွေဥတုကာလ၌ | ၃၃၀ |
| ဆိုင်း၌သပိတ်ကိုထည့်၍ | ၂၇၂ |
| ဆုံးဖြတ်အပ်ပြီးသော | ၄၂၈ |
| ဆုံးမခြင်းကိုမပြုရ | ၁၀ |
| ဆိုးရည်ပေါက်မပြတ်စဲမီ | ၄၁၀ |
| [ ဇ ] | |
| ဇနပုဒ်တွင်း၌လည်း | ၃၄၆ |
| ဇရုံးအိမ်၏နံရံခြေ | ၂၅၇ |
| ဇဋ္ဌောဂီကို | ၅၀၄ |
| ဇီဝက၏သရက်ဥယျာဉ် | ၁၀၇ |
| ဇေတမင်းသားထံသို့ | ၃၁၁ |
| [ ဈ ] | |
| ဈာန်ဝင်စားခြင်းငါ့ရှင်း | ၂၉၇ |
| ဈေးခင်းကျင်းကုန်၏ | ၄၅၉ |
| [ ည ] | |
| ညီညွတ်ခြင်းကိုတဖန်ယူ၏ | ၄၂၉ |
| ညီညွတ်သဖြင့် ပြုလုပ်ခြင်း | ၁၇ |
| ညဥ့်အပိုင်းအခြား | ၁၄၈ |
| ညဥ့်ပြတ်ခြင်း | ၉၃ |
| ညည်းတွားကုန်လျက်လည်း | ၃၉၅ |
| ညွှန်ရေဖြင့်လောင်းကုန်၏ | ၄၅၃ |
| ညွှန်ပြကုန်၏ | ၁၈၂ |
| ညောင်စောင်းအင်းပျဉ် | ၃၂၆ |
| ညောင်စောင်းခရှင် | ၁၈၇ |
| [ တ ] | |
| တံခါးမုခ်၌ | ၁၈၈ |
| တံခါးရွက်ကိုမတွန်းအပ် | ၂၄၉ |
| တံထွေး ထွေးသဖြင့် | ၃၃၂ |
| တံထွေးနှင့်တူသောပစ္စည်းများကို | ၃၅၂ |
| တံတိုင်းသုံးမျိုးကာရံခြင်း | ၂၅၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ တ ] | |
| တကွဲတပြားစီဖြစ်လျက် | ၂၀၂ |
| တက္ကတွန်းကို | ၄၈၁ |
| တကပ်လုံးငရဲ၌ခံရ၏ | ၃၆၆ |
| တခွက်ထည်း၌မသောက်အပ် | ၂၆၃ |
| တစိမ်းစိမ်းကြည့်ရှုကုန်၏ | ၄၆၁ |
| တဆေးမှုန့်၌လည်း | ၂၅၁ |
| တဇ္ဇနီယကံကိုမငြိမ်းစေရ | ၁၁ |
| တတိယယာမ်ပတ်လုံး | ၁၆၆ |
| တပေါင်းတည်းခံအပ်သောဘောဇဉ် | ၃၆၄ |
| တဖက်မိုးကျောင်း | ၂၉၅ |
| တမုဟုတ်ချင်းဖြင့်ပင် | ၃၆၈ |
| တမင်သက်သက် | ၁၈၇ |
| တမန်ဖြင့်သွားခြင်းငှါ | ၃၇၀ |
| တမိုးထည်းသောကျောင်း | ၄၉ |
| တရား၏မျက်မှောက် | ၂၁၇ |
| တရားကိုရှိသေသဖြင့် | ၃၂၃ |
| တရားဆုံးဖြတ်သူအမတ်ကြီး | ၃၁၁ |
| တရားတော်၏ကျေးဇူးမဲ့ | ၉ |
| တရားလမ်းကျသောကြောင့် | ၁၄၀ |
| ဘရားသဖြင့်ပြုလုပ်ခြင်း | ၁၇ |
| တရားသောက်တဆယ့်နှစ်ပါး | ၇ |
| တရက်ဖုံးလွှမ်းသော | ၁၀၅ |
| တသူမျှတက်ခြင်းငှါ | ၂၈၃ |
| တဿပါပိယသိကာဝိနည်း | ၂၂၉ |
| တိဏဝတ္ထာရကဝိနည်းကံ | ၂၃၁ |
| တိတ္ထိတို့ကို | ၅၁ |
| တိတ္ထိတို့စင်လျက်လည်း | ၄၄၉ |
| တိတ္ထိဘောင်သို့ပြေးဝင်သူ | ၃၃၀ |
| တူမျှသောသိမ်၌ | ၃၇၄ |
| တေဇောကသိဏ်းလျှင် | ၁၈၇ |
| တောကိုမီးတိုက်ကုန်၏ | ၂၈၃ |
| တောနေရဟန်းသည် | ၄၅၇ |
| တွေဝေလျက်လဲကျ၏ | ၃၈၅ |
| တည်ပင်ရောက်သောချောက် | ၁၈၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ တ ] | |
| တပ်မက်သောစိတ်ရှိ၏ | ၂၁၁ |
| တုတ်ဆောင်နိုင်ခွင့်သမ္မုတိ | ၂၇၄ |
| တောင့်တင်းသောကိုယ်ဖြင့် | ၃၅၇ |
| တောင်ထိပ်ပွဲသည်ဖြစ်၏ | ၃၀၀ |
| တောင်ဝေ့းကိုပြောကြားရမည် | ၃၈၃ |
| [ ထ ] | |
| ထမင်းကိုမြွေးရှက်ကုန်၏ | ၂၀၂ |
| ထိနမိဒ္ဓကင်း၏ | ၃၆၈-၃၆၉ |
| ထီးကိုမဆောင်းအပ် | ၂၇၂ |
| ထုလ္လစ္စဥ်းသို့ | ၁၉၀ |
| ထက်ဝက်သောနံရံကို | ၃၀၂ |
| ထက်ဝန်းကျင်ပြည့်စုံလျက် | ၄၃၇ |
| ထင်ရှားသောလူပေတည်း | ၃၁၁ |
| ထန်းရွက်ယပ်ကိုင်း | ၂၇၁ |
| ထပ်ကာထပ်ကာရှုဆင်ခြင် | ၁၈၂ |
| ထွက်သက်ဝင်သက်ရှိသောသတ္တဝါ | ၂၄၄ |
| ထွန်ယေ်ဖြင့်လည်း | ၂၂ |
| ထုတ်ချင်းပေါက်လမ်းညွှ | ၄၅၁ |
| ထိုအာပတ်ကိုစွဲ၍ | ၁၃၉ |
| ထိုကျောက်ကုန်းကိုဆန့်ဦးမှဲ့ | ၃၆၀ |
| ထိုတရားကိုသိမှု | ၂၉၇ |
| ထိုဟိရစ္စာနံဖြစ်သော | ၃၁၅ |
| ထိုလှူတွက်သူသည် | ၁၅၁ |
| ထိုသူသည်ယမင်း… | ၂၀၂ |
| [ ဒ ] | |
| ဒက္ခိဏာဂိရိဇနပုဒ် | ၄၈၈ |
| ဒိဗ္ဗစက္ခုဉာဏ်ကိုဖြစ်…၏ | ၃၄၅ |
| ဒုက္ကဋ်အာပတ်ကို | ၁၆၅ |
| ဒုဂ္ဂုဋ်တို့ကိုတပ်၍ | ၃၃၆ |
| ဒုတိယယာမ်ပတ်လုံး | ၁၆၆ |
| ဒုဋ္ဌာသိသို့ရောက်၏ | ၁၉၀ |
| ဒေသနာခံရဟန်း | ၂၃၁ |
| [ ဒ ] | |
| ဒေသနာဂါမ်မဟုတ် | ၅ |
| ဒေသနာကြားစေရမည် | ၁၆၅ |
| ဒေါသစိတ်ထားလျက် | ၄၃၀ |
| ဒဏ်ပေးရန်ခွင့်ပြု၏ | ၄၅၄ |
| ဒန်ပူခဲကုန်လျက်လည်း | ၃၉၅ |
| ဒွဂုလကပွသည် | ၅၀၃ |
| [ ဓ ] | |
| ဓမကာရိဏ်လောဟုတ်ပေစစ် | ၂၅၄ |
| ဓမ္မဝါဒီပုဂ္ဂိုလ် | ၄၀၂ |
| ဓမ္မဝါဒီရဟန်း…ို | ၂၂၅ |
| ဓမ္မဝိနယနှင့် မဟာဟိကာ | ၁၃၉ |
| [ န ] | |
| နံရံကိုမမှိုအပ် | ၃၃၂ |
| နံရံငုတ်ချိုင်း | ၂၄၉ |
| နံရံ၌မပွတ်တိုက်အပ် | ၂၃၀ |
| နံရံသည်မှီတက်အံ့ | ၃၉၂ |
| နန္ဒင်းရောသောမှုံမှုန့် | ၂၅၁ |
| နာနာသံဝါသကရဟန်း | ၀၅ |
| နာဠာဂိရိမည်သောဆင် | ၃၆၁ |
| နိဂဏ္ဌနာဋပုတ္တသည် | ၂၄၅ |
| နိဂြောဓာရုံကျောင်း၌ | ၄၄၃ |
| နိဒါန်းကိုလည်းမေး၏ | ၄၀၃ |
| နိမန္တနဘတ်ကိုင်း | ၃၃၃ |
| နိယသကံ | ၁၆ |
| နိဿရည်းမပေးရ | ၄၉ |
| နိသိဒိုင်အိပ်ရာခင်းကို | ၄၀၅ |
| နေရာဦးရေဦး | ၃၁၄ |
| နေရာကျောင်းကိုခွင့်ပြုတော်မူ၏ | ၂၉၅ |
| နေ့ပူ၌သက်နံးကို | ၄၀၃ |
| နေရာဖြင့်တားမြစ်ကုန်၏ | ၁၀၅ |
| နားဆွဲကိုဆောင်ကုန်၏ | ၂၇၉ |
| နားဖာကော်တို့ကိုမဆောင်အပ် | ၂၇၉ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နွားဒူးရိုးဖြင့် | ၄၅၈ |
| နွားဘဝမှစုတေ၍ရွှေလျှောသည်မှာ | ၂၇၆ |
| နွယ်ဝါးဖြူဆံမြက် | ၃၂၆ |
| နတ်လူသို့အစီးအပွါးမဲ့ခြင်းငှါ | ၂၁၁ |
| နှမ ဤနေရာ၌ကလေး | ၂၂ |
| နှလုံးမသာယာကုန် | ၃၂၀ |
| နှာခေါင်းမွှေးတို့ကိုမဆောင်အပ် | ၂၇၈ |
| နှစ်ဖက်မိုးကျောင်း | ၂၉၅ |
| နှစ်ဖက်ဝန်ရှိသောထမ်းပိုး | ၂၀၂ |
| နှစ်လပရိဝါသ် | ၁၃၄ |
| နှစ်သက်ဖွယ်မျက်နှာရှိပါပြီ | ၄၁၉ |
| နှုတ်ခမ်းနီဆိုးခြင်း | ၄၅၈ |
| နှုတ်ချိုကုန်၏ | ၂၃ |
| နောက်ထပ်ဝေစုယူပြီးသော် | ၃၂၀ |
| နောက်လိုက်ရဟန်းမပြုအပ် | ၄၀၇ |
| နောင်အခါစောင့်ရှောက်လေ၍ | ၂၃၂ |
| နို့ ဓမ်းလည်းမဖြစ်သေး | ၅၀၄ |
| နို့ ရည်ပေးသောသူတည်း | ၄၈၈ |
| **[ ပ ]** | |
| ပအုံးရှည်လျှင်နှစ်ခုမြောက် | ၁၈၉ |
| ပကတိခွေးသွားဟူသော | ၂၄၇ |
| ပကတိအတိုင်းဖြစ်သော | ၁၈၈ |
| ပကတတ်ရဟန်းနှင့် | ၃၄ |
| ပကာသနီယကံကို | ၃၅၂ |
| ပကုဓကစ္စာယနသည် | ၂၄၅ |
| ပံသုကူစုတင်ဆောင်ဖြစ်ပါစေ | ၃၆၄ |
| ပက္ကမာနတ်ကို | ၄၄၆ |
| ပက္ကဘတ်ကိုရင်း | ၃၃၃ |
| ပစ္ဆိမဝါဆ္ဆကျောင်းခံယူခြင်း | ၃၂၂ |
| ပဋ္ဌင်းခံမပေးရ | ၁၀ |
| ပညတ်ကိုလည်းမေး၏ | ၄၀၃ |
| ပညောင်ပင်၏အညွန့်များ | ၃၁၅ |
| ပဋိညာတကရဏနည်း | ၂၃၁ |
| **[ ပ ]** | |
| ပဋိသာရဏီယကံ | ၃၈ |
| ပဌမယာမ်ပတ်လုံး | ၁၆၆ |
| ပဏ္ဍုကလောဟိတကရဟန်း | ၁ |
| ပဏ္ဍုက်မ ဖြစ်သော | ၄၆၃ |
| ပတ္တမြားသပိတ်ကို | ၂၄၆ |
| ပဗ္ဗာဇနီယကံ | ၂၈ |
| ပရိက္ခရာအနည်းငယ်မျှ | ၃၃၅ |
| ပရိနိဗ္ဗာန်စံခါနီး | ၄၈၅ |
| ပရိမာဏစသောပါဠိ | ၁၇၉ |
| ပရိဝါသ်ပေးလျက် | ၁၃ |
| ပရိဝုဏ်ကျောင်းပိုင်း | ၂၅၉ |
| ပရိသတ်သည်ထအံ့ | ၄၃၁ |
| ပါဋိဒေသနီသို့ | ၁၉၈ |
| ပါဋိပဒိကဘတ်ကိုရင်း | ၃၃၃ |
| ပါတိမောက်ကိုယ်ရန် | ၄၂၅ |
| ပါရာဇိကဒသာပတ်ဖြင့် | ၁၉၁ |
| ပါဝါပြည်သားရဟန်း | ၅၀၀ |
| ပိယရုပ်သာတရုပ်ကို | ၄၉၇ |
| ပိပိမှတ်သဖြင့် | ၂၂ |
| ပုဂ္ဂလိကအလှူကို | ၄၆၂ |
| ပုဆိုးအနီးကိုခွင့်ပြု၏ | ၂၄၈ |
| ပုဆိုးဖြူတို့ဖြင့်ခင်းစေပြီးလျှင် | ၂၆၈ |
| ပုဇ္ဇန်သဏ္ဍာန်ခြေရှိသော | ၂၉၈ |
| ပုရာဏမထေရ်ကြီး | ၄၀၉ |
| ပုရိမဝါဆ္ဆကျောင်းခံယူခြင်း | ၃၂၂ |
| ပုဂ္ဂိုလ်၏မျက်မှောက် | ၂၀၇ |
| ပူအိုက်သောအခါဖြစ်၍ | ၃၀၂ |
| ပူရဏကဿပသည် | ၂၄၅ |
| ပဲဟင်း၌သရက်သီးမြင်း | ၂၄၃ |
| ပေါ့ပါးသောသင်္ကန်းကြီးတို့ကို | ၂၈၈ |
| ပင်လယ်ရေမြှုပ်ခြေပွတ် | ၂၇၁ |
| ပင့်ကူအိမ်မြှောင် | ၂၄၄ |
| ပန်းချီဆေးရေးမှုကို | ၃၀၂ |
| ပန်းပွင့်တို့ဖြင့်ပြီးသော | ၂၆၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပန်းရင်းမြက်ဖြင့်ပြီးသော | ၂၇၂ |
| ပွင့်ညှာတဖက်ဆိုင်ပန်းကုံး | ၂၁ |
| ပွင့်လင်းသောစာရေးတံမဲ | ၂၂၄ |
| ပေါင်ကိုဖွင့်၍ | ၄၅၃ |
| ပေါင်၌ခါးမြှောင်ကိုဖွဲ့၍ | ၃၅၅ |
| ပုံးသုံးမျိုးတို့ကို | ၂၆၁ |
| ပျားဖယောင်းဖြင့်လမ်းကျံခြင်း | ၂၅၁ |
| ပျင်းရိရန်မဖြစ်ကုန် | ၄၅၀ |
| ပျောက်ငြိမ်းစေရမည် | ၄၁၀ |
| ပြာသာဒ်ဦးပြည်း | ၂၉၅ |
| ပြာသာဒ်ရှည် | ၂၉၅ |
| ပြင်းပြကျယ်လောင်သောအသံ | ၃၆၀ |
| ပြန်လည်ပြောတတ်၏ | ၃၇၀ |
| ပြောင်းပြန်လှန်၍ | ၄၆၁ |
| **[ ဖ ]** | |
| ဖယောင်းဆီဖြင့်ဖြီးကုန်၏ | ၂၄၀ |
| ဖလံဖြူမည်သောရောဂါမျိုး | ၄၄၇ |
| ဖဝါးစွန်ဖြင့်နင်း၍ | ၃၈၆ |
| ဖိ၍ရွာတွင်း၌ထိုင်ကုန်၏ | ၃၈၅ |
| ဖီလာဖြစ်သောအတတ်ကို | ၂၈၅ |
| ဖီလာဖြစ်သောစကား | ၁၈၆ |
| ဖူးမြှော်ရန်အလို့ငှါ | ၂၅ |
| ဖူးဖူးရောင်သောခြေတို့ဖြင့် | ၄၄၄ |
| ဖော်ရွှေစွာကြိုဆို | ၂၃ |
| ဖက်သကတ်နာလည်းစွဲ၏ | ၂၁၁ |
| ဖန်ရည်ဆိုးသောအဝတ် | ၄၄၃ |
| ဖမ်း၍ရိုက်နှက်၏ | ၃၈၈ |
| ဖလ်ခါးရိုး | ၂၅၁ |
| ဖလ်သပိတ်ကိုမဆောင်အပ် | ၂၄၆ |
| ဖို့မြေသည်ပြိုကျ၏ | ၂၅၆ |
| ဖုံးလွှမ်းခြင်းသုံးမျိုး | ၂၆၀ |
| ဖုံးလွှမ်းပြီးသောအာပတ် | ၄၂၄ |
| ဖျက်ဆီးလိုသောစိတ် | ၃၅၉ |
| ဖြူစင်သောရဟန်းတို့အား | ၄၂၅ |
| ဖြစ်တိုင်းဆိုအံ့ | ၁၈၉ |
| ဖြစ်ပြီးသောငြင်းခုံမှု | ၂ |
| ဖွဲ့မြေသရွှတ်လိမ်းကျံ၍ | ၃၀၁ |
| ဖွတ်မြီးထိုးချုပ်ခြင်းကိုရင်း | ၂၈၀ |
| ဖွယ်လျော်သင့်သည်ဖြစ်အံ့ | ၄၁၀ |
| **[ ဗ ]** | |
| ဗိတာန်မျက်နှာကြက် | ၃၂၁ |
| ဗူးတောင်းဖြင့်ဆွမ်းခံကုန်၏ | ၂၄၉ |
| ဗွက်ပေါက်၏ | ၃၀၅ |
| ဗြဟ္မဒဏ်ကိုထားစေလော့ | ၄၈၉ |
| **[ ဘ ]** | |
| ဘဂ္ဂတိုင်းသို့ | ၂၆၇ |
| ဘဒ္ဒိယမည်သောသာကီဝင်မင်း | ၃၄၂ |
| ဘယာဂတိသို့မလိုက် | ၁၉၉ |
| ဘိက္ခုနီမသည်သံဃာကိုမခွဲနိုင် | ၃၇၃ |
| ဘိနပ်စီးလျက်လည်း | ၃၇၉ |
| ဘိလူးအန္တရာယ်ကြောင့်ဖြစ်စေ | ၄၃၀ |
| ဘုရားဘုရားဟူသောအသံ | ၃၀၇ |
| ဘေးရှိပါသည် | ၁၉၀ |
| ဘေသကဋမည်သောသမင်တော | ၂၆၇ |
| ဘုန်းကံလည်းနည်းကုန်၏ | ၁၈၇ |
| ဘုံလျှိုခေါင်းအုံးကို | ၃၈၁ |
| **[ မ ]** | |
| မအောက်မေ့နိုင်ပါ | ၁၉၃ |
| မက္ခလိဂေါသာလသည် | ၂၄၅ |
| မခရီးသွားဖော်ခြင်းကို | ၂၅၁ |
| မကုစားခြင်းကြောင့် | ၁၅၂ |
| မကောင်းသဖြင့်ပြေငြိမ်းသောကံ | ၅ |
| မကောင်းသောမဲယူခြင်း | ၂၂၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မကိုင်းညွှတ်ကုန်ပဲ | ၃၁၅ |
| မချုတ်ချယ်ရ | ၄၉ |
| မင်္ဂလာကိုအလိုရှိကုန်၏ | ၂၇၀ |
| မစင်ကြယ်သောတရားဟောခြင်း | ၃၄၉ |
| မညီမညွတ်သောစင်္ကြံ | ၂၅၆ |
| မဏ္ဍပ်အခင်းနေရာတို့ကို | ၃၁၆ |
| မတရားသောကံ | ၃၉ |
| မဒ္ဒကုစ္ဆိတော | ၁၀၇ |
| မဖြစ်ဘူးမြဲဖြစ်သော | ၄၂၀ |
| မရေမတွက်နိုင်သောရတနာ | ၄၂၄ |
| မရောင့်ရဲမကျေနပ်ကုန် | ၂၂၄ |
| မလ္လမင်း၏သား | ၁၀၅ |
| မဟာဝိဟာရကျောင်းနေ | ၁၇၉ |
| မာတုဂါမကိုရှိမခိုးအပ် | ၃၁၆ |
| မာနတ်ကျင့်ထိုက်သော | ၈၁ |
| မိဂါရသူဌေး၏အမိသဖွယ် | ၂၇၁ |
| မိမိနားရင်း၌ကပ်၍ပေးသော | ၂၂၄ |
| မိုးအန္တရာယ်ကြောင့်ဖြစ်စေ | ၄၃၀ |
| မိုးကြိုကိုပေးရန်ရင်း | ၂၀၃ |
| မိုးခိုးဆုံးချိန်တိုင်အောင် | ၃၂၉ |
| မိုးပွတ်ခုံပွတ်ကျေ | ၃၀၉ |
| မုရိုးစည်သဏ္ဍာန်ပြုအပ်သော | ၂၀၀ |
| မေတ္တာစိတ်နှင့်တွေ့ထိသောကြောင့် | ၃၆၂ |
| မေတ္တာဈာန်ဝင်စားသဖြင့် | ၅၀၀ |
| မေတ္တိယဘူမဇကရဟန်း | ၁၀၇ |
| မေထုန်အကျင့်ကို | ၄၉၇ |
| မဂ်နှစ်ခုစပ်နေသော | ၄၆၃ |
| မင်းကျွမ်းဝင်သောသူတို့ပေတည်း | ၃၆၁ |
| မစ္ဆိကာသဏ္ဍာနေပဒ် | ၃၅ |
| မင်းတုပ်ကျည်ငယ်ကို | ၂၅၇ |
| မင်းသားနှင့်ဒေဝဒတ်ကို | ၃၅၆ |
| မန်းစွဲ၏ | ၂၁၂ |
| မာန်တည်းဟူသောအမွေးကိုမချ | ၁၀ |
| မန္တာရဝမည်သောနတ်ပန်း | ၄၀၁ |
| မိတ်ဆွေယုတ်ပြုမှု | ၃၇၁ |
| မိန်းမ၏မျက်နှာကို | ၃၀၉ |
| မောင်းလက်ကိုင်ရင်း | ၂၆၀ |
| မိုက်မဲ၍မလိမ္မာသူ | ၁၃ |
| မိုးရေခံသင်္ကန်းကိုနှင့်၍ | ၄၀၇ |
| မျက်စိမကြည်လင် | ၂၀၂ |
| မျက်စဉ်းကျည်တောက်ကိုရင်း | ၂၇၉ |
| မျက်နှာကိုကျုံကုန်၏ | ၄၅၀ |
| မြူပြွမ်းသောကိုယ်ဖြင့် | ၄၄၃ |
| မြေညက်ကိုပေးရမည် | ၃၉၇ |
| မြေဘဏ္ဍာကိုခွင့်ပြုသလော | ၂၀၉ |
| မြေဘုတ်ဘိလူးကြီးပါဘဲ | ၂၅၀ |
| မြေမှုလွှတ်သွားစဉ် | ၄၀၃ |
| မြှက်ဖြင့်ဖုံးဖိခြင်း | ၂၀၅ |
| မြင်းကြန်အတတ် | ၂၂ |
| မြင်းသိလာဖြင့်မျက်နှာကို | ၂၄၁ |
| မြစ်ကြီးအားလုံးတို့သည် | ၄၂၁ |
| မြတ်စွာဘုရားကိုသတ်နိုင်ရာသော အကြောင်း | ၃၆၀ |
| မြေဦးခေါင်းနှင့်တူကုန်၏ | ၆၄ |
| မှီရာတံကဲပျဉ်ကို | ၃၀၁ |
| မှားသောအသက်မွေးမှု | ၄၉၇ |
| မှန်သောစကားဖြင့်ပြောဆိုအံ့ | ၄၃၀ |
| မွေးသည့်အခါမှစ၍ | ၁၉၁ |
| **[ ယ ]** | |
| ယနေ့ပင်ရောက်နိုင်၏ | ၈၁ |
| ယာဂုကျိုကုန်လော | ၃၀၆ |
| ယာဂုကိုပေးရမည် | ၄၀၀ |
| ယောဘုယျသိကာဝိနည်း | ၂၂၂ |
| ယောဂကုန်ရာနိဗ္ဗာန်မှ | ၃၇၅ |
| ယောကျ်ားအင်္ဂါကို | ၄၆၁ |
| ယင်းအနာမျိုးဖြင့် | ၂၁၁ |
| ယင်းဝိုက်တောသို့ချဉ်းကပ်၏ | ၃၀၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ယ ]** | |
| ယင်ကြီးကိုပင်ဆောက်တည်သလော | ၃၀၆ |
| ယုတ်မာသောစကား | ၄၁ |
| ယုတ်မာသောမိစ္ဆာအယူ | ၆၃ |
| ယုံမှားတွေးတောဖွယ် | ၄၂၂ |
| **[ ရ ]** | |
| ရံခါအဗျာကတတည်း | ၂၁၂ |
| ရထားငါးရာတို့ဖြင့် | ၃၅၀ |
| ရဟန်းဂေါတမကိုသတ်အံ့ | ၃၅၉ |
| ရဟန်းတို့၏အညစ်အကြေး | ၄၉၇ |
| ရာဇဂြိုဟ်သူဌေးနှမ | ၃၀၆ |
| ရှူးကျွန်ယောင်ပြု၏ | ၁၉၆ |
| ရှူးသွပ်၏ | ၂၂၇ |
| ရေအန္တရာယ်ကြောင့်ဖြစ်စေ | ၄၃၀ |
| ရေကန်ကိုခွင့်ပြု၏ | ၂၆၂ |
| ရေငတ်ခြင်းနှိပ်စက်သောကြောင့် | ၂၅၄ |
| ရေစစ်ကိုတောင်းလျှင်ပေးရမည် | ၂၅၅ |
| ရေစုတ်စက်ကိုရှင်း | ၂၆၀ |
| ရေထုတ်ပြွန်ကို | ၃၀၅ |
| ရေမြှုပ်ဦးခေါင်းသဏ္ဌာန် | ၂၈၀ |
| ရဲရဲဝင့်ဝင့်ပွင့်ပွင့်လင်းလင်း | ၂၂၅ |
| ရက်ကန်းစင်လက်ခတ်ချပ် | ၂၇၉ |
| ရင်ခွင်၌သပိတ်ကိုမထားအပ် | ၂၄၉ |
| ရှုံ့ရင်းသောအပြစ်ရှိသော | ၂၃၅ |
| ရောင့်ရဲသည့်တိုင်အောင် | ၂၆၉ |
| ရှာဘွင်းဆွမ်းစားကျောင်း | ၃၁၇ |
| ရှိမခိုးထိုက်သောပုဂ္ဂိုလ် | ၃၁၆ |
| ရွှေအာပတ်နှင့်ပေါင်း၍ | ၁၂၃ |
| ရှေးဦးစွာရသောဆွမ်းကို | ၄၆၀ |
| ရှေး၌ဖြစ်သောအမည်အနွယ် | ၄၂၃ |
| ရှေးရှုဆောင်ခြင်း | ၅၉ |
| ရှစ်သျှားသီးသဏ္ဌာန် | ၂၉၉ |
| ရှဉ့်နက်တို့အားအစာကျွေးရာ | ၁၈၅ |
| ရှည်သောတုတ်နှင့်ကင်း၍ | ၂၇၃ |
| **[ ရ ]** | |
| ရွှေငွေသည်မအပ် | ၄၉၅ |
| ရွှေသပိတ်ကိုမဆောင်အပ် | ၂၄၆ |
| **[ လ ]** | |
| လခွဲဖုံးလွှမ်းအပ်သော | ၁၁၉ |
| လဟုကအာပတ်သက်သက် | ၁၆၅ |
| လူအန္တရာယ်ကြောင့်ဖြစ်စေ | ၄၃၀ |
| လူဦးခေါင်းခွံသပိတ် | ၂၅၀ |
| လူစော်မနံရ | ၃၁၁ |
| လူတို့၏တံခွန်ဖြစ်သော | ၅၃ |
| လူလူချင်းကဲ့ပြားစေ၏ | ၄၀ |
| လေတိုက်ခတ်ခြင်းရှိခဲ့ပါသည် | ၁၉၀ |
| လေသာပြူတင်းသုံးမျိုး | ၂၉၈ |
| လေးတိုင်စင်စိုက်၍ | ၂၅၅ |
| လေးထောင့်ယပ်ကို | ၂၈၁ |
| လေးနှင့်တောင့်ကိုချ၍ | ၃၅၇ |
| လေးပါးမြောက်ရဟန်း | ၃၇၃ |
| လဲမွေ့ရာသည်ဖြစ်ပေါ်လာ၏ | ၃၀၀ |
| လဲဖြင့်မြေးရှက်သောညောင်စောင်း | ၃၁၇ |
| လောကာယတကျမ်း၌ | ၂၈၄ |
| လက်အုပ်ချီခြင်း | ၄၄၅ |
| လက်ကောက်ကိုဆောင်ကုန်၏ | ၂၄၀ |
| လက်ခုလက်ခံတို့ကို | ၂၅၂ |
| လက်ဝှေ့သမားများကဲ့သို့ | ၂၃၇ |
| လက်သည်းခြေသည်းဆိုးခြင်း | ၂၄၁ |
| လက်သည်းတို့ဖြင့်ကိုယ်ကို | ၂၇၆ |
| လင်္ဂီသဘောသက်ဝင်၏ | ၁၄၃ |
| လည်ရွှတန်ဆာကိုဆောင်ကုန်၏ | ၂၃၉ |
| လာဘ်သပ်ပကာကို | ၃၄၆ |
| လယ်ထွန်စေရမည် | ၃၄၁ |
| လုပ်ငန်းစဉ်ရှိခြင်း | ၄၂၂ |
| လုပ်ဖော်ကိုင်ဖက်ကိုပေးအံ့ | ၃၁၀ |
| လှုံ့လမပြုရပဲ ပရိနိဗ္ဗာန်ပြုကုန်၏ | ၃၆၁ |
| လျော့မှု ပြည့်မှုမထင်ရှားခြင်း | ၄၂၁ |

http://www.dhammadownload.com




| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ ]** | |
| လျှော်အဆာသွတ်မွေ့ရာ | ၃၀၁ |
| လျှော်ဖြင့်ပြီးသောယပ် | ၂၇၂ |
| လျှို့ဝှက်သောစာရေးတံမဲ | ၂၂၄ |
| လုံတံကျင်နှင့်တူကုန်၏ | ၆၄ |
| လုံဘံမပါပဲ | ၃၆၃ |
| လေကာသုံးမျိုးတို့ကို | ၂၅၃ |
| လွင်တီးခေါင်း၌ | ၃၈၄ |
| လွင်ပွန်ဖြင့်ချေကုန်၏ | ၂၄၁ |
| **[ ဝ ]** | |
| ဝံစသောတိရစ္ဆာန်သည်းခြေကို | ၃၅၀ |
| ဝံပိုင့်ဂရအခင်း | ၃၁၇ |
| ဝါနုသောဆင်ငယ်တို့သည် | ၃၇၀ |
| ဝါပြဲ၌ကျောင်းခံယူခြင်း | ၃၂၂ |
| ဝါမှထပြီး၍ | ၂၂ |
| ဝါးလုံးဖျား၌ဆွဲလျက် | ၂၄၄ |
| ဝါးလုံးလုံတံကို | ၂၅၄ |
| ဝိနယဝါဒီပုဂ္ဂိုလ် | ၄၈၂ |
| ဝိနယသင်္ဂါယနာတင်ရာ၌ | ၅၁၅ |
| ဝိနည်း၏မျက်မှောက် | ၂၁၇ |
| ဝိပဿနာရှုခြင်းငှါရင်း | ၂၉၇ |
| ဝိရူပက္ခမြွေမင်းမျိုး | ၂၄၃ |
| ဝိသတိဝဂ်သံဃာ | ၉၀ |
| ဝေဒနာနှိပ်စက်မခံရသူ | ၁၅၂ |
| ဝက်မင်ဘီးဖြင့် | ၂၄၀ |
| ဝစ္စကုဋိ၌မြက်မှုန့်သည်ကျ၏ | ၂၈၇ |
| ဝဇ္ဇီတိုင်းသားရဟန်းတို့သည် | ၃၆၇ |
| ဝဋ္ဋိ၌ယှဉ်ရန်သာ | ၄၅၀ |
| ဝစုလိစ္ဆဝီမင်းသား | ၂၆၃ |
| ဝတ်အတွင်း၌ | ၁၁၂ |
| ဝဏ္ဏငါးမျိုးတို့ဖြင့် | ၃၆၅ |
| ဝတ္ထုဆယ်ပါးတို့ကို | ၄၉၅ |
| ဝန်ခံတိုင်းပြုခြင်းဖြစ်၏ | ၁၉၉ |
| ဝန်ခံသဖြင့်ပြုလုပ်ခြင်း | ၁၇ |

| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝမ်းပိုက်ကိုထိ၏ | ၃၁၅ |
| ဝိဇ္ဇာသုံးပါးရသောရဟန္တာ | ၃၁၄ |
| **[ သ ]** | |
| သံကြေးဘဏ္ဍာကို | ၂၈၉ |
| သံကွင်းမျောက်လက်ကို | ၂၅၇ |
| သံဃာအားဖြစ်ပါစေ | ၄၆၀ |
| သံဃာ၏ကတိကဝတ်တည်း | ၁၈၇ |
| သံဃာ၏မျက်မှောက် | ၂၁၇ |
| သံဃာကွဲခြင်းကိုမနှစ်သက်လင့် | ၃၆၆ |
| သံဃာကိုမခွဲဝေကုန်လင့် | ၃၆၃ |
| သံဃာဒိသိသ်အာပတ် | ၁၃၁ |
| သံဃာ၌အဓိကရုဏ်း | ၁ |
| သံဃိကကျောင်းမှနှင်ထုတ် | ၃၂၀ |
| သပိတ်မှောက်အင်္ဂါ | ၂၆၅ |
| သမီးပေးမင်္ဂလာပွဲ | ၃၀၆ |
| သလာကဘတ်ကိုရင်း | ၃၃၃ |
| သတိပြန်ပြောခြင်းသို့ | ၁၉၁ |
| သဘိဝိနည်း | ၂၂၆ |
| သပိတ်ကိုချုယူ၏ | ၂၄၆ |
| သပိတ်နှီးဝန်းတို့ကို | ၂၄၇ |
| သပိတ်ပွတ်စေရမှု | ၂၄၄ |
| သမ္ဗကာမိမည်သော | ၅၀၇ |
| သမာနသံဝါသကရဟန်း | ၈၅ |
| သမောဓာနပရိဝါသ် | ၁၂၂ |
| သယောက်လင်ဖြင့် | ၄၆၀ |
| သရက်သီးနုကိုပင် | ၂၄၂ |
| သရဏ္ဍာယ်ခြင်းကိုပြုကုန်လျက် | ၃၆၀ |
| သလိပ်သည်းခြေပြောသောကိုယ် | ၂၅၆ |
| သဟဇာတိမြို့သို့ | ၅၀၂ |
| သက္ကတဘာသာဖြင့်တင်ပါကုန်အံ့ | ၂၈၄ |
| သင်္ကာသမြို့သို့ | ၅၀၂ |
| သင်္ဂါယနာတင်ရပုံ | ၄၈၂ |
| သစ်ပင်၌ကိုယ်ကိုပွတ်တိုက် | ၂၃၇ |

| အကွရာစဉ် | စာမျက်နှာ |
|---|---|
| သဋ္ဌယဗေလင္ဒပုတ္တာသည် | ၂၄၅ |
| သဋ္ဌိကာပုဏ္ဏေးမ၏သား[illegible]သော | ၂၈၆ |
| သင်ဘာဏ္ဍာမြေဘဏ္ဍာ | ၃၇၃ |
| သတ္တရသဝဂ္ဂိရဟန်း | ၃၂၀ |
| သဒ္ဒါရိပ်ဖြင့်အနက်ကိုတား[illegible]၏ | ၂၂၁ |
| သန့်သက်ရေအိုး၌ | ၃၉၆ |
| သပ္ပသောဏ္ဍိကချိုင့်ဝှမ်း | ၁၇၇ |
| သဗ္ဗစိရပ္ပဋိစ္ဆန္န | ၁၃၂ |
| သမ္မုခါဝိနည်းဖြင့် | ၂၁၆ |
| သမ္မုတိရ၍လည်း | ၃၄ |
| သမ္မုခါဝိနယ | ၁၈၁ |
| သာကီဝင်မင်းသားအနုရုဒ္ဓါ | ၂၄၁ |
| သာမဏေကိုစေခိုင်းသော | ၂၂၆ |
| သာမဏေသည်သံဃာကံမခွဲနိုင် | ၂၇၂ |
| သာမုက္ကံသိကတရားဒေသနာ | ၂၀၈ |
| သာယာဖွယ်နည်းကုန်၏ | ၆၅ |
| သာရဏီယဝတ်ကို | ၄၆၀ |
| သာဝသေသအာပတ် | ၂၀၈ |
| သာဏအရပ်၌နေသော | ၅၀၉ |
| သွားဖုံးကိုမခြစ်စေအပ် | ၄၅၈ |
| သိဝကာကံခါးသို့ | ၂၀၇ |
| သိဝကနတ်သည် | ၂၀၈ |
| သိက္ခာချသောစကား | ၄၂၉ |
| သိင်္ဂီလောဏကပ္ပ | ၅၀၂ |
| သိမ်မွေ့သောစကားဖြင့် | ၄၂၉ |
| သိချင်းသံဖြင့်တရားကိုသိဆို | ၂၄၁ |
| သိတင်းကြီးစဉ်အတိုင်း | ၈၂ |

| အကွရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သိတင်းငယ်ရဟန်းသည် | ၃၂၃ |
| သီလအရာ၌သီလပျက်စီးခြင်း | ၉ |
| သီလကိုချစ်မြတ်နိုးသော | ၄၂၅ |
| သုညတဖိုလ်ကို | ၅၀၈ |
| သုတ္တန်ကိုဆောင်ကုန်၏ | ၁၈၆ |
| သုဒတ္တလာလော့ | ၂၀၈ |
| သုဒ္ဓန္တပရိဝါသ် | ၁၄၈ |
| သုဘာဒ်မည်သောတောထွက်ရဟန်း | ၄၈၁ |
| သုသုမာရဂိရိမြို့ | ၂၆၇ |
| သုသာန်သို့မသွားအပ် | ၄၀၈ |
| သူ့ထက်အကြားအမြင်ရှိသူ | ၁ |
| သေက္ခဟုသမုတ်အပ်ကုန်သော | ၂၈၀ |
| သေတင်းကုပ်ကိုထားကုန်၏ | ၄၅၉ |
| သေးနုတ်သောပိုက်ဆံတပဲအတွက် | ၂၄၆ |
| သေယျသကရဟန်း | ၁၈ |
| သေရည်ကိုသောက်ကုန်၏ | ၄၉၇ |
| သောရေယျမြို့၌ | ၅၀၁ |
| သားရဲအန္တရာယ်ကြောင့်ဖြစ်စေ | ၄၃၀ |
| [ ဟ ] | |
| ဟိမဝန္တာအရပ်၌ | ၂၁၄ |
| ဟင်းအတွက်နေ့ရာထားရမည် | ၂၈၆ |
| ဟင်းတို့ကိုပြည့်စုံစေကုန်လော့ | ၂၈၆ |
| ဟင်းလျာဖြင့်မေးကုန်လတ္တံ့ | ၁၈၈ |
| ဟတ်ချိုးဟုအသံ၏ | ၂၈၅ |
| ဟယ်ကျွန်မနက်ဖြန်ဆွမ်းစားလာသော | ၁၈၈ |

http://www.dhammadownload.com

မ.မ.သ.စ – ၃၆/၁၃.၁၀.၉၈.(၃၀၀၀)လစ်ဆို။

http://www.dhammadownload.com